သဒ္ဒတ္ထပကာသကျမ်း

ကျမ်းပြုဆရာ

မဟာ(ရှိ)ဗီ ဆွာမိဒယာနန်(ဒ်) ဆာရာဆွတီ

ရှိ

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၅ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၂၅၀၃ ၁၃၂၀-ခု။ ၁၉၅၉

बर्मी

1271

စာအုပ်ရေ စာရင်း

ဓမ္မအလင်းရောင် ပိဋကစာအုပ်ကြီးကို အောက်ပါဘာသာများဖြင့် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့လေသည်။

အရိယဘာသာ	(Hindi)	၄၈၉၅၀၀
အူရ်ဒူ (မူစလင်) ဘာသာ		၁၀၉၀၀၀
ပန်ချာဘီ (ဂူရုမုခီ) ဘာသာ		၄၅၀၀
ဘင်္ဂါလီ ဘာသာ		၇၅၀၀
မဟာရာဋ္ဌ ဘာသာ		၂၂၅၀၀
ဂူဂျာရာတီ ဘာသာ		၄၁၀၀၀
ကနေဒီ ဘာသာ		၂၀၀၀
မလိယာလီ ဘာသာ		၂၀၀၀
တမိလ် ဘာသာ		၄၀၀၀
တေလဂူ ဘာသာ		၇၀၀၀
အူရိယ ဘာသာ		၄၀၀၀
ဆင်ဓီ ဘာသာ		၅၀၀၀
နေပါလီ (ဂေါ်ရ်ခါ) ဘာသာ		၁၅၀၀
ဟိန္ဒီ ဘာသာ (ကဗျာ)		၁၀၀၀၀

နိုင်ငံခြား ဘာသာနှင့် ပြန်ဆိုထားသော **စာအုပ်များ**

(က)	အင်္ဂလိပ်ဘာသာ	၁၉၈၀၀
(ခ)	ပြင်သစ်ဘာသာ	၂၀၀၀
(ဂ)	ဂျာမဏီဘာသာ	၂၀၀၀
(ဃ)	တရုပ်ဘာသာ	၂၀၀၀
(င)	မြန်မာဘာသာ	၁၅၀၀
	စုစုပေါင်းစာအုပ်	၇၃၆၀၀၀

ပုံ နှိပ် ဖြန့် ချိ ခဲ့ ပြီး။

ဘာသာပြန်ခြင်းနှင့် အလှူငွေစာရင်း

ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ဖြင့် ကျွန်ုပ်တို့သည် ဤသစ္စတ္ထပကာသကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်နိုင်ကြရပေပြီ။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် ဤကျမ်းကို မြန်မာဘာသာသို့ စတင်ပြန်ဆိုခြင်း ပြုလုပ်ခဲ့ပါသော်လည်း ပြည့်စုံပြီးစီးခြင်း မဖြစ်ခဲ့ပါ။ စစ်ကြီး၏ ဘေးအန္တရာယ်များကြောင့် ကျမ်းစာပေမူများ ပျောက်ပျက် ဆုံးပါးသွားခဲ့ပါသည်။ ၁၉၅၆–ခုနှစ်တွင် စတင်လျက် ဤကျမ်းတစောင်လုံးကို ထပ်မံစီစဉ်ရာတွင် တိကျမှန်ကန်သည်ဟု ယုံကြည်စိတ်ချလောက်အောင် မြန်မာဘာသာသို့ပြန်ဆိုတော်မူကြသော ပဏ္ဍစ်ဂံဂါပရာဆာ(ဒ်)ဥပါဓယာ၊ အမ်၊ အေ၊ နှင့် ဗာရာဏသီမြို့ ဆရာတော် ဦးကိတ္တိမတို့အား များစွာပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။ ဤကျမ်းကို ပုံနှိပ်ထုတ်ဝေသော မြင့်မြတ်သည့် ဆောင်ရွက်မှုတွင် အလှူတော်ငွေများ ပါဝင်လှူဒါန်းကြကုန်သော အောက်ပါ အလှူရှင်များအားလည်း ကျေးဇူးဥပကာရ တင်လျက်ရှိကြပါသည်။

အလှူရှင်များ

(၁) အိန္ဒိယပြည် ဆွာမိဂိုဗင်ဒရမ်း .... ၁၃၀၀ိ။
(၂) ဆဗ္ဗာဒေရှိ(က်)အရိယာပရစ်တိနိဓိဆဘာ၊ အိန္ဒိယပြည်နယူးဒေလီမြို့ ၇၀၀ိ။
(၃) အရိယာဆမာဂျ်–ရန်ကုန်မြို့ .... ၂၀၀၀ိ။
(၄) အရိယာဆမာဂျ်–မန္တလေးမြို့ .... ၁၀၀၀ိ။
(၅) အရိယာဆမာဂျ်-မြစ်ကြီးနားမြို့ .... ၂၀ိ။
(၆) ဟိန္ဒူစင်ထရယ်ဘုဒ်၊ ရန်ကုန်မြို့ .... ၂၀၀၀ိ။
(၇) ဒေါက်တာ အိုးမ်-ပရာကာရှ်၊ ရန်ကုန်မြို့ .... ၂၀၀၀ိ။
(၈) အရိယာ ဆမာဂျ်–အမျိုးသမီးအသင်း ရန်ကုန်မြို့ .... ၁၀၀၀ိ။

ထိုပြင်တဝ ဆွာမိဒယာနန္ဒ၏ အဋ္ဌုပ္ပတ္တိစာတမ်းနှင့် အရိယဆမာဂျ်အသင်း၏ နည်းနိယာမ ဥပဒေများကို စီစဉ်ရေးသား ဘာသာပြန်၍ ကူညီသော သျှား(မ်)လာ(လ်)ဘာရသီ ခေါ် မောင်ဘသိကိုရင်း၊ ဤကျမ်းစာကို ပုံနှိပ်ရာ၌ စာသား စကားလုံးများ အမှားအမှန်ပြင်ဆင်ခြင်း၊ စက်တင်ပုံနှိပ် ပေးခြင်းများအတွက် သုဓမ္မဝတီစာပုံနှိပ်တိုက်ရှင် ဦးတင်ထူးအားလည်း ကျေးဇူးဥပကာရ တင်လျက်ရှိပါသည်။

ရဃုဗီ(ရ်)ဆင် သျှာစတြီ

အတွင်းရေးမှူး ဆဗ္ဗဒေပါက

အရိယာ ပရတ္တိနိဓိဆဘာ

ဒယာနန္ဒဘဝန

နယူးဒေလီမြို့။

ကျမ်းပြုဆရာ၏ နိဒါန်း

သဗ္ဗဒါနန္တေ သ္မရာယ နမော နမး။

ပထမအကြိမ် ကျွန်ုပ်သည် ဤသစ္စတ္ထပကာသကျမ်းကို စီရင်ရေးသားစဉ်ကရင်းမရေးသားခင်ကရင်း သင်သကရိုက်ဘာသာကိုသာ ပြောဆိုခြင်း စာသင် စာချရာ၌လည်း ၎င်းဘာသာကိုသာသုံးစွဲခြင်း အမိဘာသာစကားမှာလည်း ဂုဂျရာတီဘာသာစကားဖြစ်ခြင်းတို့ကြောင့် ဤဟိန္ဒီဘာသာ အလေ့အထမရှိသဖြင့် ဘာသာစကားအမှားများ ပါသွားလေသည်။ ယခုအခါမှာမူ ဟိန္ဒီဘာသာကို ပြောဆို ရေးသားခြင်း အလေ့အကျင့် ရှိလာပြီဖြစ်သဖြင့် ရှေးက အမှားများကို သဒ္ဒါကျမ်းအရ သုတ်သင်ပြင်ဆင်ပြီးလျှင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေစေပါသည်။ အချို့အချို့သော နေရာ၌ သဒ္ဒါ ပုဒ် ဝါကျ အစီအကုံး အနှုန်းအဖွဲ့ ခြားနားနေသည်မှာ ဘာသာကို ပြင်ဆင်ရာ၌ မလွှဲမရှောင်သာသော အကြောင်းကြောင့် ဖြစ်ရသော်ငြားလည်း အနက်အဓိပ္ပါယ်ကား မပြောင်းလဲပေ။ ပထမအကြိမ် ပုံနှိပ်ရာတွင် ပါသွားသော အမှားတို့ကို သုတ်သင်ပြင်ဆင်လိုက်ပါပြီ။

ဤကျမ်းကို အခဏ်းကြီး ၁၄-ခဏ်းဖြင့် စီရင်ရေးသားထားအပ်၏။ ဤ ၁၄-ခဏ်းတွင် ၁၀-ခဏ်းသည် ပထမပိုင်းဖြစ်၍ ကျန် ၄-ခဏ်းသည်ကား ဒုတိယပိုင်းဖြစ်၏။ သို့သော် အဆုံး ၂-ခဏ်းနှင့် မိမိ၏ဝါဒကို အကြောင်းတစုံတခုကြောင့် ပထမအကြိမ် ပုံမနှိပ်နိုင်ခဲ့ပေ။ ယခုအကြိမ်တွင် ထိုအခဏ်းတို့ကိုပါ ရိုက်နှိပ်လိုက်ပါသည်။

ပထမ အခဏ်းကဏ္ဍ၌ ဣဿရဘုရား၏ ဉုံမ်ကာရစသော အမည်တို့၏ အဖွင့်။

ဒုတိယ အခဏ်းတွင် ကလေးသူငယ်တို့အား ပညာသင်ကြားပေးနည်း။

တတိယ အခဏ်းတွင် ဗြဟ္မစရိယ၊ ပညာသင်ယူ သင်ကြားပေးနည်းများ ကျမ်းမှန်ကျမ်းမှားတို့၏ အမည် သင်ယူပို့ချနည်း။

စတုတ္ထ အခဏ်းတွင် ထိမ်းမြားမင်္ဂလာ ဆောင်ခြင်းနှင့် အိမ်ရာထောင်သောလူ့ဘောင် ကိစ္စ အထွေထွေ။

ပဉ္စမ အခဏ်းတွင် တောထွက်ခြင်း (ဥပုသ်ဆောင်ဝင်ခြင်း) နှင့် ရသေ့ဝတ်ခြင်း။

ဆဋ္ဌ အခဏ်းတွင် မင်းကျင့်တရား။

သတ္တမ အခဏ်းတွင် ဝေဒ၌ပါသော ထာဝရဘုရားအကြောင်း။

အဋ္ဌမ အခဏ်းတွင် ကမ္ဘာဖန်ဆင်းပုံ၊ တည်နေပုံ၊ ပျက်စီး (ကမ္ဘာမီးလောင်ပုံ)။

နဝမ အခဏ်းတွင် ဝိဇ္ဇာ၊ အဝိဇ္ဇာ၊ ဗန္ဓန၊ မောက္ခ၏ အဖွင့်။

ဒသမ အခဏ်းတွင် အာစာရ၊ အနာစာရ၊ စားအပ် မစားအပ်သော အစာ အာဟာရ အဖွင့်။

ဧကာဒသမအခဏ်းတွင် အိန္ဒိယတိုင်းပြည်ရှိ အယူဝါဒတို့ကို ပယ်ခြင်းနှင့် ယူခြင်း။

ဒွါဒသမ အခဏ်းတွင် စာရဝါက၊ ဗုဒ္ဓဘာသာ ဂျိုင်းန်ဘာသာဝါဒနှင့် စပ်လျဉ်းသော အကြောင်းအရာ။

တေရသမ အခဏ်းတွင် ခရစ်ယန်ဘာသာ အကြောင်းအရာ။

စတုဒ္ဒသ အခဏ်းတွင် မိုဆလင်တို့၏ ဘာသာအကြောင်းအရာ။ ၎င်းအဆုံးတွင် ဆက်လျက် အရိယတို့၏ အစဉ်အဆက် ဆင်းသက်လာသောဝေဒကျမ်းလာ အယူဝါဒတို့ကို အကျယ်တဝင့် ရေးသားထားပေသည်။ ဤဝေဒကျမ်းဆို ဝါဒကို ကျွန်ုပ်ကိုယ်တိုင်လည်း ကောင်းစွာ ယုံကြည် လိုက်နာပါသည်။

ဤကျမ်းစာကို ရေးသားစီရင်ခြင်း၌ ကျွန်ုပ်၏ ပဓာနရည်ရွယ်ချက်မှာ အမှားနှင့် အမှန်ကို ဖော်ပြရန်ဖြစ်၏။ ဆိုဦးအံ့၊ အမှန်ကိုအမှန် အမှားကိုအမှားဟူ၍ မှတ်သား ပြဆိုခြင်းသည်ပင် အမှန်ကို ပြရာရောက်သည်ဟု ယူဆပါ၏။ အမှန်ကို အမှား အမှားကို အမှန် ပြဆိုခြင်းသည်ကား အမှန်တရားမဟုတ်ပေ။ သို့သော် အရာဝတ္ထုတစုံတခု၏ မူရင်းသဘာဝကို ဟုတ်တိုင်းမှန်ရာ ပြဆိုခြင်း ရေးသားခြင်း မှတ်ယူခြင်းသည်သာလျှင် အမှန် (သစ္စာ) ဖြစ်ပေသည်။ ကိုယ့်ဘက်ကို မျက်နှာလိုက်တတ်သော သူသည် မိမိ၏ အမှားကို အမှန် တဘက်သားတို့ အမှန်ကို အမှား ပြဆိုဆုံးဖြတ်ရန် မသင့်ရှိတတ်ကြသောကြောင့် ထိုသူသည် အမှန်သို့ မရောက်နိုင်ချေ။ သို့ဖြစ်သောကြောင့် ပညာရှိ သူတော်ကောင်းတို့ ဝတ္တရားမှာ ဟောပြောခြင်း ရေးသားခြင်းဖြင့် လူထုတို့ရှေ့တွင် အမှားနှင့် အမှန်ကို သရုပ်ဖော်ပြပြီးလျှင်၊ ၎င်းတို့သည် မိမိတို့အကျိုးနှင့် အပြစ်ကို ရှေ့ရှုဆင်ခြင်ခါ၊ အမှန်ကိုယူ၍ အမှားကို ပစ်ပယ်ပြီးလျှင် ရွှင်လန်းဝမ်းမြောက်စွာ နေကြရသည်။ လူ၏ အတ္တဝိညာဉ်သည် အမှားနှင့် အမှန်ကို သိတတ်သော အရာတပါး ဖြစ်သော်လည်း၊ မိမိအကျိုးကိုလိုလားမှု ဆိုဆုမှုခက်မှု အသိဉာဏ်ချို့တဲ့မှု စသော အပြစ်အနာအဆာတို့ကြောင့် အမှန်ကို ပယ်ခါ အမှား

ဘက်သို့ ကိုင်းညွတ်လာတတ်လေသည်။ သို့သော် ဤကျမ်းတွင် ထိုကဲ့သို့ မဟုတ်ဘဲ တစုံတယောက်အား ထိခိုက်နစ်နာစေခြင်းမရှိပေ။ လူမျိုးအားလုံး တိုးပွားအကျိုးများစေလို၍ လူတို့သည် အမှားနှင့် အမှန်ကို သိကြသည်ဖြစ်၍ အမှန်ကိုယူခါ အမှားကို ပယ်ရာသည် အကြောင်းသော်ကား မှန်သော တရားဥပဒေသမှ ကင်း၍ လူတို့ တိုးပွား အကျိုးများစေနိုင်သော အခြားအကြောင်း ယုတ္တိ မရှိချေ။

ဤကျမ်းစာ၌ ပမာဒလေခ၊ သို့မဟုတ် စာပြင်ရာ ပုံနှိပ်ရာ၌ အကယ်၍ အမှားများရှိနေပါလျှင် သတိပေးမည်ဆိုက၊ အမှန်အတိုင်းဖြစ်အောင် သုမ်သင် ပြင်ဆင်ရန် အသင့်ရှိပါကြောင်း၊ သို့သော် ကိုယ့်ဘက်ကိုင်၍ခါ၊ သို့မဟုတ် သံသယဖြင့် အပြစ်ရှာခြင်း ပယ်ခြင်းပြုသည်ကိုကား၊ ဂရုစိုက်မည် မဟုတ်ပေ။ မှန်၏၊ လူဟူသရွေ့၏ အကျိုးကို ဆောင်သူဖြစ်၍ သတိပေးပါမူကား အမှားနှင့် အမှန်ကို ဝေဘန်ပြီးလျှင် သူ၏ ဝါဒကို ထည့်ပေးပါလိမ့်မည်။ ယခုကာလ ဝါဒအားလုံးတို့၌ ပညာရှိအများ ရှိကြ၏။ ထိုပညာရှိအားလုံးတို့သည် ကိုယ့်ဘက်ကို မျက်နှာလိုက်ခြင်း အဂတိတရားတို့ကို ပယ်စွန့်လျက်၊ အားလုံးသော သူတို့နှင့်သင့်လျော်သော ဝါဒအစစ်အမှန်ကို ယူခါ၊ တဦးနှင့် တဦးဆန့်ကျင်သော ဝါဒတို့ကို ပယ်စွန့်ပြီးနောက် မေတ္တာတရားနှင့် ပေါင်းသင်း ဆက်ဆံကြမည်ဆိုပါက၊ လောကကြီး အကျိုးရှိပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ပညာရှိတို့ အချင်းချင်း ဆန့်ကျင်ခြင်းကြောင့် ပညာမရှိသူတို့ အချင်းချင်း ပိုမို ဆန့်ကျင်ခြင်းဖြစ်ပြီးလျှင် အမျိုးမျိုးသော ဒုက္ခဆင်းရဲများ တိုးပွားလာတတ်လေသည်။ ဤအကျိုးဆုတ်ယုတ်ခြင်းကို တကိုယ်ကျိုးရှာသူတို့ လိုလားနှစ်သက်တတ်သောကြောင့် အခြား လူအားလုံးတို့ကို ဒုက္ခဆင်းရဲတည်းဟူသော သမုဒ္ဒရာထဲသို့ တွန်းချနစ်မြှုပ်စေလေသည်။ ဤပညာရှိတို့တွင် အများလူထု၏ အကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်သော သူတို့အား၊ တကိုယ်ကျိုးရှာသူတို့က အမြဲတန်း ဆန့်ကျင်ဘက် လုပ်ရန် အသင့်ရှိကြလေသည်။ သို့သော် သစ္စမေဝ ဇယတေ နာနြိတံ သတျနပန္ထာ ဝိတတော ဒေဝယာနး။ အဓိပ္ပါယ်ကား၊ အခါခပ်သိမ်း အမှန် (သစ္စာ)သည် အောင်မြင်၍၊ အမှားသည် ရှုံး၏။ အမှန်တရားဖြင့် သာလျှင် ပညာရှိတို့၏ လမ်းခရီးသည် ကျယ်ပြန့် ဖြောင့်တန်း၏။ ဤသို့ စွဲမှတ်ယုံကြည်မှုကြောင့် ပညာရှိ သူတော်ကောင်းတို့သည် ပရဟိတအလုပ်မှ ငြီးငွေ့လျက် အမှန်တရားကို ပြဆိုခြင်းမှ နောက်မဆုတ်ကြချေ။ ဤကြီးမြတ်သော စွဲမှတ်ယုံကြည်ချက်ကား—

ယတ္ထဒဇ္ဇေ ဝိသမိဝ ပရိဏာမေ အမြိတောပမမ်။

ဤကား ဂီတာကျမ်းလာ စကားဖြစ်၏။ ဆိုလိုရင်းမှာ၊ အကြင်အကြင် အတတ်ပညာနှင့် တရားရစေနိုင်သော နည်းလမ်းကိုစွဲ့ဟူသရွေ့သည် အစပထမ လုပ်ရာ၌ အဆိပ်ကဲ့သို့ဖြစ်၍ နောက်၌ကား အမြိတ်သုဒ္ဓါဘုတ်ကဲ့သို့ ဖြစ်လေသည်။ ဤစကားတော်ကို စိတ်ဝယ်ထားခါ၊ကျွန်ုပ်သည် ဤကျမ်းစာကို စီရင်ရေးသားပါသည်။ စာဘတ်သူ အပေါင်းတို့သည်လည်း ပထမအစ စေတနာထားခါ ဘတ်ရှုကြသည်ဖြစ်၍ ကျမ်းပါ အမှားနှင့် အမှန်၏ ဆိုလိုရင်းကို သိကြပြီးလျှင် အသင့် နှလုံးသွင်းကြစေလိုပါသည်။ အားလုံးသော ဝါဒတို့၌ မှန်သော အယူအဆတို့သည် တခုနှင့် တခု ဆန့်ကျင်ဘက်မရှိလျှင် အမှန်ဟုယူလျက်၊ အသီးသီးသောဝါဒတို့၌ မှားယွင်းပလွှားသော အယူအဆတို့ကို ပယ်ထားလေသည်။ ဝါဒအမျိုးမျိုးတို့၌ အထင်အရှား သို့မဟုတ် လျှို့ဝှက်သော မကောင်းသော အယူအဆတို့ကို လူအားလုံးတို့ ရှေ့တွင် ဖွင့်ပြထားရာ လူအားလုံးတို့သည် တသဘောတည်းဖြစ်ကြပြီးလျှင် ဝါဒမှန်တခုတည်းကို ယူဆလိုက်နာသော သူများဖြစ်ကြစေရန်လည်း ရည်ရွယ်ချက် ထားပေသည်။

ကျွန်ုပ်သည် အိန္ဒိယတွင် မွေးဘွားနေထိုင်သည်မှန်ပါသော်လည်း ဤတိုင်းပြည်ရှိ မှားသော အယူအဆတို့ကို မျက်နှာမလိုက်ဘဲ၊ ထုတ်ဖေါ်ပြဘိသကဲ့သို့ပင် အခြားသော တိုင်းပြည်သားတို့၏ ဘာသာဝါဒကိုလည်း ထုတ်ဖေါ်ပြပါသည်။ ကိုယ့်တိုင်းပြည်သားတို့၏ တိုးတက်ကြီးပွားရေး၌ ပြုမူဆောင်ရွက်သလိုပင် တိုင်းတပါးသားတို့ကိုလည်း ဆောင်ရွက် ပြုမူပါသည်။ ထိုနည်းတူစွာ လူအားလုံးတို့ ပြုမူသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ကျွန်ုပ်ကိုယ်တိုင် ကိုယ့်ဘိုကိုသာ ငဲ့ကွက်မည်ဆိုပါက အခြားသူတို့ ကိုယ့်ဝါဒကို ချီးကျူး လိုက်နာ ဖြန့်ဖြူးပြီးလျှင် အခြားဝါဒတို့ကို ကဲ့ရဲ့ ရှုပ်ချ တားဆီးပိတ်ပင်သလိုပင် ပြုမူပေလိမ့်မည်။ သို့သော် ဤသို့ပြုမူခြင်းသည်ကား လူ့ဝတ္တရားမှ အပသာ ဖြစ်ပေသည်။

ဥပမာ တိရစ္ဆာန်သည် အားကြီးလာလျှင် အားနည်းသော တိရစ္ဆာန်တို့ကို ညှဉ်းပန်းနှိပ်စက်၍ သတ်လည်း သတ်ပစ်တတ်၏၊ ထို့အတူ လူ့ဘဝကိုရပါလျက် ထိုကဲ့သို့ ပြုမူမည်ဆိုပါက၊ လူ့သဘောမဟုတ်ဘဲ၊ တိရစ္ဆာန်သဘွယ်သာ ဖြစ်ပေလိမ့်မည်။ အားကြီးသောသူဖြစ်၍ အားနည်းသော သူအား စောင့်ရှောက်တတ်သူကိုသာ လူဟုခေါ် လေသည်။ ကိုယ့်အကျိုးအတွက် သူတပါးအား အကျိုးဆုတ်ယုတ်စေတတ်သော သူသည်ကား တိရစ္ဆာန်၏ အစ်ကိုကြီး ဖြစ်လေသည်။ အိန္ဒိယသားတို့၏

ဘာသာဝါဒနှင့်ပတ်သက်၍ အထူးအားဖြင့် ၁၁-အခဏ်း အထိ ရေးသားခဲ့၏။ ဤအခဏ်းတို့တွင် ပြဆိုထားသော ဝါဒမှန်တို့သည် ဝေဒကျမ်းလာဖြစ်သောကြောင့် ကျွန်ုပ် အမှန်ယူဆပါသည်။ သည့်ပြင် အသစ်ဖြစ်သော ပုရာဏ်ကျမ်း တန္တြကျမ်းလာ စကားတို့ကို ပယ်ထားရာ၊ ထိုစကားတို့သည် ပစ်ပယ်အပ်သည်ဟု မှတ်ရာသည်။ ၁၂-မြောက် အခဏ်းတွင် ပြထားသော စာရဝါက ဝါဒသည် ယခုခေတ်တွင် အားနည်း ညှိုးမှိန်နေသည် မှန်သော်လည်း ထာဝရဘုရားမရှိဟူသော အယူအဆ၌ ဂျိုင်းန်နှင့် ဗုဒ္ဓဘာသာတို့နှင့် အထူး ဆက်သွယ် တူမျှခြင်း ရှိလေသည်။ ဤစာရဝါက သည် အားလုံးထက်ကြီးသော နတ္ထိကဖြစ်၏။ ထိုသူ၏ အားထုတ်မှုကို တားဆီးဘို့ ရန် အလွန်အရေးကြီးလေသည်။ အကြောင်းကား၊ မမှန်သော စကား (အယူဝါဒ) ကို မတားဆီးပါက၊ လောက၌ အထူး ပျက်စီး နစ်နာခြင်း ဖြစ်နိုင်လေသည်။ စာရဝါ ကနှင့် ဗုဒ္ဓဘာသာ ဂျိုင်းန်ဘာသာဝါဒတို့ကို ၁၂-မြောက် အခဏ်းတွင် အကျဉ်း သခ်ေပ ပြထားပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာ ဂျိုင်းန်ဘာသာတို့လည်း စာရဝါကဝါဒ နှင့် တူလေသည်။ ဂျိုင်းန်သည်လည်း ဗုဒ္ဓနှင့်စာရဝါကဝါဒနှင့် များစွာတူသည် ဖြစ်၍၊ အနည်းငယ်သာ ကွဲပြား ခြားနားလေသည်။ သို့ဖြစ်၍ ဂျိုင်းန်တို့၏ ဂိုဏ်းတမျိုးဟု ယူဆကြသည်။ ထိုခြားနားချက်ကို ၁၂-မြောက် အခဏ်းတွင် ပြထားပြီးဖြစ်သော ကြောင့် ကြည့်ကြပါလေ။ ဂျိုင်းန်နှင့် ဗုဒ္ဓဝါဒကိုလည်း ရေးသားထား၏။ ထိုရေးသား ချက်တို့တွင် ဗုဒ္ဓဘာသာတို့၏ ဒီပဝင်စသော ရှေးဟောင်းကျမ်းစာတို့တွင် ဗုဒ္ဓဝါဒ သင်္ဂဟ၊ သဗ္ဗဒဿန သင်္ဂဟကျမ်းတို့ကို ကိုးကား ပြထားလေသည်။ ဂျိုင်းန်တို့၏ ဝါဒဆိုင်ရာ ကျမ်းစာတို့တွင် မူလသုတ္တ ၄-ကျမ်းကား—

အာဝသျကသူတြ၊ ဝိသေသအာဝသျကသူတြ၊ ဒသဝဲကာလိကသူတြ၊ ပါက်ဳိက သူတြ။ ။၁၁-အင်္ဂါတို့သည်ကား—

အာစာရာံဂသူတြ၊ သုဂဍာံဂသူတြ၊ ထာဏာံဂသူတြ၊ သမဝါယာံဂသူတြ၊ ဘဂဝတီသူတြ၊ ဉာတာဓမ္မကထာသူတြ၊ ဥပါသကဒသာသူတြ၊ အန္တဂဍဒသာ သူတြ၊ အနုတ္တရောဝဝါ ဤသူတြ၊ ဝိပါကသူတြ၊ ပြဿနဗျာကရဏ သူတြ။ ၁၂-ဥပါင်္ဂတို့ကား—

ဥပဝါဤသူတြ၊ ရာယပသေနီသူတြ၊ ဇီဝဘိဂမသူတြ၊ ပန္နဝဏာသူတြ၊ ဇံဗုဒွီပ ပန္နတီသူတြ၊ စန္ဒပန္နတီသူတြ၊ သူရပန္နတီသူတြ၊ နိရိယာဗလီသူတြ၊ ကပ္ပိယာ

သုတ္တ၊ကပဗဒ္ဓိသယာသုတ္တ၊ ပုသိဝ္ဂယာသုတ္တ၊ပုပ္ပစူလိယာသုတ္တ။ ။၅-ကလွ သုတ္တ(ကပ္ပသုတ္တ)တို့ကား–

ဥတ္တရာချယနသုတ္တ၊ နိသိထိသုတ္တ၊ ကလွသုတ္တ၊ ဗျဝဟာရသုတ္တ၊ ဇီတကလွ သုတ္တ။ ။၆–ဆေဒတို့သည်ကား–

မဟာနိသီတဗြိဟဒ္ဒါစနာသုတ္တ၊ မဟာနိဆီထလဃုဝါစနာသုတ္တ၊ မဓျမဝါစနာ သုတ္တ၊ ဝိက္ကာနိရုတ္တ်သုတ္တ၊ အောဃနိရုတ္တ်သုတ္တ၊ ပယျုသနာသုတ္တ။ ။၁၀– ပယန္နာသုတ္တတို့သည်ကား–

စတုဿရဏသုတ္တ၊ ပစ္စခါဏသုတ္တ၊ တဒုလဝဲယာလိကသုတ္တ၊ ဘတ္တပရိဉာန သုတ္တ၊ မဟာပြတျာချာနသုတ္တ၊ စံဒါဝိဇယသုတ္တ၊ ဂဏီဝိဇယသုတ္တ၊ မရဏသမာဓိသုတ္တ၊ ဒေဝေန္ဒြသ္တမနသုတ္တ။

ထို့ပြင် ၁၀-ပါးသော သံသာရာသုတ္တ၊ နန္ဒီသုတ္တ၊ ယောဂေါဒ္ဒါရသုတ္တ၊ တို့သည် လည်း ခိုင်မာကိုးကားထိုက်သည်ဟု ယုံကြည်ကြလေသည်။ ငါးပါးသော ပဉ္စင်္ဂဆို သည်ကား ဋီကာ၊ နိရုတ္တိ၊ စရဏီ၊ ဘာသျ၊ စသောလေးပါးသော အင်္ဂါတို့နှင့် မူလ ကျမ်းများကိုပေါင်း၍ ပဉ္စင်္ဂဟုခေါ်သည်။ ဤကျမ်းတို့တွင် ဓူပိယာတို့သည်ကား ဋီကာတို့ကို ကျမ်းရင်းကဲ့သို့ အမှန်ဟုမယူကြချေ။ ဤမှတပါးလည်း ဂျိုင်းန်ဘာသာ ဝင်တို့ ကျမ်းများစွာ ရှိပေသေး၏။ ဤဘာသာဝင်တို့နှင့်စပ်လျဉ်းသော ဝါဒဆိုင်ရာ စေဘန်ချက်ကို ၁၂–မြောက် အခဏ်းတွင် ကြည့်ယူပါလေ။ ဂျိုင်းန်ဘာသာကျမ်းစာ တို့၌ အသိန်းမကသော ပုနရုတ္တိဒေါသများ ပါရှိလေသည်။ ထို့ပြင် ဤဘာသာဝင် တို့သည် အခြားဘာသာဝင်တို့လက်ထဲတွင် ရှိသောကျမ်းစာတို့ကို အမှန်ဟု မယူဆ ကြချေ။ ဤသည်ကား အမှားပင်။ ကျမ်းစာတစုံတရာကို၊ တချို့ကယူ၍ တချို့က မယူရုံနှင့် ထိုကျမ်းစာသည် ဂျိုင်းန်ဘာသာဝင်တို့နှင့် မဆိုင်ဟု မဆိုနိုင်ပေ။ဟုတ်၏။ ဂျိုင်းန်ဘာသာဝင်ဖြစ်စေ၊ အခြားတစုံတယောက်ဖြစ်စေ မည်သူမျှ မယုံကြည် မလိုက် နာ မကိုးကားဘူးဆိုပါလျှင် ဟုတ်နိုင်ပါ၏။ သို့သော် ဂျိုင်းန်ဘာသာဝင် တစုံတ ယောက်မျှ မကိုးကားဘူးသော ကျမ်းဟူ၍ မရှိသောကြောင့် ထိုကျမ်းစာနှင့်ပတ်သက် ၍ အမှားနှင့် အမှန် ဝေဘန်ဆုံးဖြတ်ချက်တို့သည်လည်း ထိုထိုကျမ်းစာတို့နှင့် ဆိုင်လေ သည်။ သို့သော်လည်း ထိုထိုကျမ်းစာတို့ကို လိုက်နာ ကိုးကားကြသော်လည်း တရား ပွဲ၊ စကားရည်လုပွဲ (တရားဝါဒယှဉ်ပြိုင်ပွဲ) တို့၌ ငြင်းပယ်တတ်သော သူများလည်း

ရှိလေသည်။ သို့ဖြစ်၍ ဂျိုင်းန်ဘာသာတို့သည် မိမိတို့၏ ကျမ်းစာများကို ဝှက်ထားခါ အခြားဘာသာဝင်တို့အား မပေး၊ မကြားနာစေ၊ မသင်ယူစေကြပေ။ သို့ပြုရခြင်း အကြောင်းရင်းမှာ၊ ၎င်းတို့၏ ကျမ်းစာတို့၌ မဖြစ်နိုင်သော စကားများစွာ ပါရှိနေ၍ ၎င်း၏ အဖြေသည် ဂျိုင်းန်ဘာသာဝင်တို့မှာ မရှိချေ။ မမှန်သော မဖြစ်နိုင်သော စကားတို့ကို စွန့်လွှတ်လိုက်ခြင်းသည်ပင် အဖြေမှန်ဖြစ်၏။

၁၃–ခုမြောက် အခဏ်းတွင် ခရစ်ယန်တို့၏ အယူဝါဒကို ရေးထားလေသည်။ ဤသူတို့သည် ဗိုက်ဗိလ်ကို ၎င်းတို့၏ ကျမ်းစာဟုယုံကြည်ကြ၏။ ဤဝိသေသ မိန့်ခွန်းတော်များကို ထို ၁၃–ခုမြောက် အခဏ်းတွင် ကြည့်ပါ။ ထို့ပြင် ၁၄–ခုမြောက် အခဏ်းတွင် မိုဆလင်တို့၏ အယူဝါဒကို ရေးထားလေသည်။ ဤသူတို့သည် ကိုရာန်ကိုပင် ၎င်းတို့၏တရားကျမ်းစာဟု ယုံကြည်ကြ၏။ဤကျမ်းအဆိုကိုလည်း ၁၄-ခုမြောက် အခဏ်းတွင် ကြည့်ယူကြပါ။ ဤမှရှေ့၌ ဝေဒဝါဒနှင့်ဆိုင်ရာကို ရေးထားလေသည်။ ဤနေရာ၌ ကျမ်းပြုဆရာ၏ ရည်သန်ချက်နှင့် ဆန့်ကျင်ဘက် သဘောထားခါ ကြည့်သော သူ တစုံတယောက်သည် ဆိုလိုရင်းအဓိပ္ပါယ်ကို လုံးဝသိနိုင်မည်မဟုတ်ပေ၊ အကြောင်းသော်ကား ဝါကျသဘောအဓိပ္ပါယ်ကို သိရာ၌ အကြောင်းလေးပါး ရှိလေသည်။ လိုအပ်ခြင်း၊ ဖြစ်နိုင်ခြင်း၊ နီးကပ်စပ်ဟပ်ခြင်း၊ဆိုလိုခြင်း၊ စသော အကြောင်းလေးပါးကို နှလုံးသွင်းခါ ဘတ်ရှုပါမူကား ကျမ်းစာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ဟုတ်တိုင်းမှန်ရာ သိရှိနိုင်ပေလိမ့်မည်။

အာကာံက္ခာ။ ။အကြောင်းအရာ တခုခု၌ ပြောဆိုသူနှင့် ဝါကျပါ ပါဒ်တို့ အချင်းချင်း နီးစပ်သော အဆက်အသွယ်ရှိခြင်း။

ယောဂျတာ။ ။အကြင်အရာဖြင့် အကြင်အမှုသည် ဖြစ်နိုင်၏ ဥဒါဟရဏ်ကား ရေဖြင့် သွန်းလောင်းဖြန်းပက်ခြင်း။

အာသတ္တိ။ ။ဝါကျ၌ ပါဒ်အချင်းချင်း နီးစပ်သလို ပြောခြင်း ရေးခြင်း။

တာတပယ်။ ။အကြင်အကြောင်းအရာဇလို့ငှါ ဟောပြောသူသည် ပုဒ်များကို ရွတ်ဆို၏၊ ရေး၏။ ထိုအကြောင်းအရာနှင့် ထိုပုဒ်ပါဌ်ကို စပ်ဟပ်အပ်၏။ များစွာသော ဆိုဆုမ္မခက်သော သူတို့သည် ဟောပြောရေးသားသူ၏ ဆိုလိုရင်းနှင့် ဆန့်ကျင်ဘက် အဓိပ္ပါယ်ကောက်ယူလေ့ရှိကြလေသည်။ အထူးအားဖြင့် ဝါဒဆရာတို့သည် မိမိတို့ဝါဒ၏ စေ့ဆော်ခြင်းကြောင့် အသိဉာဏ်ကင်းမဲ့ခါ၊ ဤသို့ ပြုမူတတ်ကြလေ

သည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ပုရာဏ်ကျမ်း၊ ဂျိုင်းနိ်ဘာသာကျမ်း ဗိုက်ဗိုလ်နှင့် ကိုရာန်ကျမ်းတို့ကို ပထမအစ၊ မကောင်းသော စိတ်ဖြင့် မကြည့်မူ၍ ထိုကျမ်းစာပါ ကောင်းသော ဂုဏ်တို့ကို လက်ခံလိုက်နာခြင်း၊ မကောင်းသော အပြစ်တို့ကို ပယ်ခြင်း၊ ထို့အတူ အခြားလူတို့အကျိုးကို ရွက်ဆောင်အားထုတ်သလို အခြားပုဂ္ဂိုလ်တို့လည်း ပြုအပ် ပြုသင့်ပေသည်။ ပြခဲ့သော ဝါဒတို့၏ အနည်းငယ် မျှသော အပြစ်တို့ကိုသာ ထုတ်ဖေါ်ပြခဲ့ပါသည်။ ထိုအမှားတို့ကို ကြည့်၍ လူအပေါင်း တို့သည် အမှားနှင့် အမှန်ကို ဝေဘန်ပိုင်းခြားခါ၊ အမှားကို ပယ်၍ အမှန်ကို ယူနိုင် သော စွမ်းရည် ရှိကြပါစေ။ အဘယ့်ကြောင့်ဆိုသော် လူအပေါင်းတို့ကို လှည့်ဖြား လျက် ဆန့်ကျင်ဘက် အသိဉာဏ်ဖြစ်စေပြီးလျှင် တမျိုးနှင့် တမျိုးကို ခိုက်ရန်ဖြစ် စေခြင်းသည် ပညာရှိသူတော်ကောင်းတို့နှင့် မထိုက်တန်သော ကိစ္စဖြစ်ပေသည်။ ဤကျမ်းကိုကြည့်၍ မသူတော်တို့သည် တလွဲမှတ် ယူကြမည်ဖြစ်သော်လည်း သူတော် ကောင်းပညာရှိတို့ကား အသင့် နှလုံးသွင်းခါ ယူဆကြပေလိမ့်မည်။ ဤသို့ ယူဆပါမူ ကျွန်ုပ်သည် မိမိ၏ ပင်ပန်းကျိုးနပ်သည်ဟု ယူဆပါမည်။ ဤသို့ ရည်သန်ချက်ဖြင့် မိမိ၏ ဆိုလိုရင်းကို အားလုံးသော ပညာရှင်တို့ ရှေ့မှောက်၌ တင်ပြလိုက်ရပါသည်။ ဤထင်ပြချက်ကို ကြည့်၍ ကြည့်စေ၍ ကျွန်ုပ်ပင်ပန်းကျိုးနပ်အောင် ပြုစေလိုပါ၏။ ဤနည်းဖြင့် မျက်နှာမလိုက်ဘဲ၊ အမှန်ကို ပြခြင်းသည် ကျွန်ုပ်နှင့် အားလုံးသော သူတော်ကောင်းတို့၏ ပဓာနဝတ္တရား ဖြစ်ပေသည်။ အားလုံးသော သတ္တဝါတို့၏ စိတ်အကြံကို သိတော်မူတတ်သော အစစ်အမှန်ဖြစ်သော သဗ္ဗညုခနှင့်ပြည့်စုံတော် မူသော ဘုရားသခင်သည် မိမိ၏ မေတ္တာတော် အာနုဘော်တို့ဖြင့် ဤရည်သန်ချက်ကို ဖြန့်ဖြူးတော်မူပါ၊ တည်မြဲအောင်ပြုတော်မူပါ။

အလမတိဝိဿရေဏ ဗုဒ္ဓိမဒ္ဒရ သိရောမဏိသု

ဣတိ ဘူမိကာ

ဌာန၊ မဟာရာဏ၏ ဥဒယပူရ

တော်သလင်းလဆန်း၊ ဝိကြမသက္ကရာဇ်

၁၉၃၆–ခု။

(သွာမိ) ဒယာနန္ဒသရသွတီ။



ဆွာမိဒယာနန်(ဒ်)ဆာရာဆွတိ

၁၈၂၄ ၃၀ · ၁၀ · ၁၈၈၃

ဘာသာပြန်ဆိုသူ၏ အမှာစကား

အိန္ဒိယနိုင်ငံတွင် အရိယဆမာဂျ် (အရိယသမဇ္ဇ) မည်သော အသင်းကို စ၍တည် ထောင်ခဲ့သော ဆွာမိဒယာနန္ဒဆရဆွတီ (သွာမိဒယာနန္ဒသရသွတီ) မည်သော ပညာရှိ ရသေ့ကြီးသည်၊ ဗြာဟ္မဏဘာသာဝင် ဘိုးဘေးစည်ဆက်မှ ဆင်းသက် ပေါက်ဖွား လာသူ ဖြစ်သော်လည်း လက်ရှိ ဗြာဟ္မဏဘာသာ အယူဝါဒကို ကျပ်ပြည့် ဒင်ပြည့် ယုံကြည်သူ မဟုတ်သဖြင့်၊ မူလဝေဒ (ဗေဒင်) ကျမ်းမှတပါး ကြွင်းသော ပူရာဏ ၁၈-ကျမ်းနှင့်တကွသော အခြားကျမ်းစာတို့ကို ပယ်ပြီးလျှင် အထက်ပါ အသင်းကို တည်ထောင်ခဲ့လေသည်။ မူလ ဝေဒကျမ်းဂန်တို့၌လည်း အနက်အဓိပ္ပါယ် ကောက်ယူ ရာတို့၌ အခြား ဟိန္ဒူပညာရှိတို့၊ အာစရိယပရမ္ပရ၊ ဆရာ့ဆရာ အစဉ်အဆက် ယူဆ အနက်ပေးသလို မဟုတ်မူ၍ ၎င်း၏ ထင်မြင်ယူဆချက်အရသာလျှင် အနက်ပေးလေ သည်။ ရာဇဝင်ဆရာတို့ အလိုအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ လောက်ကစ၍ ဆရာရသေ့များစွာတို့က ခေတ်ကာလအားလျော်စွာ စီကုံးရေးသားထားခဲ့ကြသော ဝေဒသုတ်များကို၊ မူလသုတ်ကိုမူ မပြောင်းလွှဲဘဲ၊ မိမိလိုရာသို့ ဆွဲ၍ အနက်ပေးခြင်း သည် တချို့နေရာတွင် အခြားပညာရှိများက အပြစ်ဆိုစရာ ဖြစ်နေသည်ကို တွေ့ရ ကြောင်း။

ဤပုဂ္ဂိုလ်၏ အာသီသမှာ၊ ဟိန္ဒူတို့၏ ဘာသာရေး၊ အမျိုးဇာတ်ခွဲခြားရေးတို့၌ အယူသည်းခြင်းကို ပြောင်းလဲပြင်ဆင်လိုသဖြင့်၊ အစွမ်းကုန် ကြိုးစားအားထုတ်ခဲ့ ပေသည်။

ဤကဲ့သို့ ဟိန္ဒူလူမျိုး အသင်းအပင်း၏ ရှေးဟောင်း ဓလေ့ထုံးစံ အချို့ကိုမူ အတော်အသင့် ပြုပြင်ပေးနိုင်ခဲ့သဖြင့်၊ လူအများတို့ လေးစားခြင်းကို ခံယူရသည်ကို တွေ့ရပေသည်။ နောက်ဆုံးတနေ့တွင် အစာတွင် အဆိပ်ခတ်ခြင်းကြောင့် အသက်စွန့် သွားရသည်ဟု ၎င်း၏ ထေရုပ္ပတ္တိတွင် ဘတ်ရှုရသောကြောင့်၊ ဘာသာရေး လူမျိုး ရေးကြောင့် အသက် ပေးသွားရသော ပုဂ္ဂိုလ်ကြီးတပါးဟု ချီးကျူးမိပေ၏။

ဤကျမ်းစာကို မြန်မာဘာသာသို့ ပြန်ဆိုပေးရန် ခရာင် ၁၉၃၈-ခုနှစ်ကပင် ရန်ကုန်မြို့ အရိယအသင်းလူကြီးများက၊ တောင်းပန် တိုက်တွန်းသူ၏၊ သို့သော် ဤအမှာရေးသူမှာ၊ နိုင်ငံခြားသာသနာ ပြန်လည်ထူထောင်ရေး ကိစ္စများကြောင့်

အားလပ်ခွင့် မရခဲ့ပေ။ ယခုတဖန် ခရာဇ် ၁၉၅၇—ခုနှစ်က၊ ထပ်မံ တိုက်တွန်းကြပြန်သဖြင့်၊ မိမိကိုယ်တိုင်ကလည်း ခေတ်မမှီသော ရှေးဟောင်း အယူသည်းမှုတို့ကို ပြောင်းလဲ ပြုပြင်ပေးသော ပုဂ္ဂိုလ်တို့အား၊ နှစ်သက် လေးစားတတ်သော ဝါသနာပါရှိသည့်အလျောက် ဗာရာဏသီမြို့တွင်း၌ ကျောင်းကန် အဆောက်အဦးများ ဆောက်လုပ် စီမံနေရသည့်အထဲမှ၊ အချိန်ကို လုခါ၊ အမြန်ဆုံးနည်းနှင့် ပြန်ဆိုပေးလိုက်ရသည့်ပြင်၊ စက်တင်ပုံနှိပ်ရာ၌လည်း မိမိကိုယ်တိုင် အမှားအမှန်ကို သုဓ်သင်ပြင်ဆင်သင့်သည်ကိုပင်၊ မပြင်နိုင်ဘဲ၊ ပုံနှိပ်တိုက်ကိုသာ မျက်နှာ လွှဲခဲ့ရကြောင်း။ အချိန်ကိုလု၍ ပြန်ဆိုရေးသားရသော အကြမ်း လက်ရေးစာမူကိုပင် ဒုတိယမှီ ထပ်မံ ကြည့်ရှုခြင်း မပြုနိုင်ခဲ့သောကြောင့်၎င်း၊ ဘာသာတခုမှ အခြားဘာသာတခုသို့ မူမပျက်အောင် လုံးစေ့ ပတ်စေ့ ပြန်ဆိုရသောကြောင့်၎င်း၊ ပုဒ်ပါဌ် အထားအသို၊ ဝါကျ အသွားအလာ အစီအကုံးတို့မှာ၊ မပြေပြစ်ဘဲ၊ အချို့နေရာ၌ ထစ်ငေါ့နေလိမ့်မည်ဟု ယုံကြည်ပါ၏။ အထူးအားဖြင့် သက္ကတဘာသာ မူလသုတ်နှင့် ဂါထာတို့ကို အင်္ဂါမစုံသော မြန်မာအက္ခရာဖြင့် ရှေးဆရာတော်တို့၏ ကလာပ်ပြန်နည်းဖြင့် ပြန်ဆိုရေးသားထားသော စာသားတို့မှာ ပုံနှိပ်ရာ၌ အမှား များစွာ ပါလိမ့်မည်ဆိုသည်ကိုလည်း ဝန်ခံပါ၏။ ဤနေရာ၌ သုဓမ္မဝတီတိုက်အုပ် **ဦးပန်းမောင်**၏ မြန်မာပြည်လက်ရှိ ခဲစာလုံးတို့ကို၊ ကလာပ်ပြန် စာလုံး ဖြစ်အောင် ချိုးဖဲ့လှီးဖြတ်ခါ၊ ဖြစ်နိုင်တဲ့နည်းနှင့် စာလုံးစီနိုင်အောင်၊ သည်းခံ စီစဉ်ပေးခြင်းကို ကျေးဇူး မတင်ဘဲ မနေနိုင်ကြောင်း။ ထို့ပြင် မူလကျမ်းပြုဆရာ၏ နိဒါန်းတွင် ပါသည့်အတိုင်း ၎င်းမှာ ဟိန္ဒီဘာသာကို ကောင်းစွာကျွမ်းကျင်သူ မဟုတ်ဘဲ ရေးသားစီရင်သော စာပေဖြစ်သဖြင့်လည်း တချို့ အဘိဓမ္မာနှင့်ဆိုင်ရာ၌ မူလဟိန္ဒီဘာသာ ဝါကျများကိုပင် သဘောအဓိပ္ပါယ် သိအောင် အတော် ကြိုးစားခဲ့ရရာ၊ ဤကိစ္စ၌ ပြခဲ့သော အသင်းကြီး၏ ခေါင်းဆောင်ကြီးတဦးဖြစ်သော အလ္လဟာဗာဒ်မြို့နေ၊ ဂင်္ဂါပြဆာဒ် ဥပါဓယာယ၏ အကူအညီပေးမှုကို မမေ့နိုင်ကြောင်း။

ကျမ်းပြုဆရာ၏ နိဒါန်းတွင်ပါသည့်အတိုင်း မူလကျမ်းတွင် အခဏ်းကဏ္ဍ ၁၄-ခဏ်းရှိရာ၊ ဒုတိယပိုင်းဖြစ်သော အဆုံး ၄-ပိုင်းမှာ၊ အခြားသော ဝါဒများကို အမှား အမှန်ဝေဘန်ထားသောကြောင့် ဘာသာပြန်ဆိုရန် မလိုကြောင်း။ ပထမပိုင်းဖြစ်သော ၁၀-ခုမြောက် အခဏ်းအထိသာ မိမိ၏ဝါဒများကို ပြထားသော ကဏ္ဍဖြစ်၍ ပြန်ဆို

ပေးရန် တိုက်တွန်းချက်အရ ပြန်ဆိုလိုက်ပါသည်။ ဤအမှာရေးသူ၏ သဘောအရဆို ရလျှင် ကျန်နေသော အခဏ်း ၄-ခဏ်းပါမှသာ ကျမ်းပြုဆရာ၏ အရည်အချင်းနှင့် ဝါဒကို စုံလင်စွာ သိနိုင်မည်ဖြစ်ကြောင်း။ ၎င်းဝေဘန်ချက်တို့တွင် မူလဗြာဟ္မဏ (ဟိန္ဒူ)ဘာသာဝါဒဆိုင်ရာကို အများဆုံး ဝေဘန်ထား၍ အခြားဘာသာဝါဒတို့ကို ကား သာမန်မျှသာ ဝေဘန်သည်ကို တွေ့ရပေသည်။

ဘာသန္တရ၊ ဂန္ထန္တရ စာပေပညာများကို မြန်မာဘာသာဖြင့် ပြန်ဆိုထုတ်ဝေခြင်း သည် ဒို့မြန်မာစာပေလောကကြီး တိုးတက် ကျယ်ဝန်းမှုကို အားပေးရာရောက်သော ကြောင့် ပုံနှိပ်ထုတ်ဝေသူ ကမ္ဘာလုံးဆိုင်ရာ အရိယအသင်းကြီး အသင်းသားတို့ အားလည်း ကျေးဇူး တင်ရှိပါသည်။

အထက်တွင် ဖေါ်ပြခဲ့သော အကြောင်းများကြောင့် ရေးသား စီကုံးရာ၌၎င်း စက်တင်ပုံနှိပ်ရာ၌၎င်း ဖြစ်ပေါ်တတ်သော ချို့ယွင်းမှုတို့ကို စာဘတ်သူများ ဥပေက္ခာ ရှုကာ၊ ကျမ်းပြုဆရာ၏ ရည်ရွယ်ချက်ဖြစ်သော ဘာသာဝါဒနှင့်ဆိုင်ရာ ဘာသန္တရ ဗဟုသုတတို့ကိုသာ၊ မှတ်သားကြစေရန် တိုက်တွန်းရပါပေသတည်း။

အရှင်ကိတ္တိမ

ဘာသာပြန်ဆရာ

ဗာရာဏသီ။

၁၇၂၁–ခု၊ ဝါခေါင်လပြည့်နေ့။



သီရိဂိုဗင်ဒရမ်ဆွာမိ

ဒေလီမြို့

၁၈၉၀ — ၂၄ · ၁၀ · ၁၉၅၇

မာတိကာ

ပိုင်းရေ		စာမျက်နှာ
	ပထမအခန်း	
၁	အုမ်	၁
	သစ္စဒါနန္ဒသွာမိရာယ နမောနမး	
	အထာသတျာထ်ပြကာသ	
	ဒုတိယအခန်း	
၂	အကျင့်သိက္ခာကိုပြဆိုခြင်း	၃၁
	တတိယအခန်း	
၃	ပညာသင်ခြင်း သင်ပေးခြင်း နည်းနာကိုပြဆိုခြင်း	၄၅
	စတုတ္ထအခန်း	
၄	ကျောင်းတော်ပြန် မင်္ဂလာဆောင် အိမ်ရာထောင်သူတို့ နည်းနာကိုပြဆိုခြင်း	၁၁၁
၅	အိမ်ထောင်ပြုခြင်း လက္ခဏာ	၁၃၅
၆	ကျိုငါးပါးသော ယာဇ်တို့၏ အကျိုးပြခြင်း	၁၅၁
	ပဉ္စမအခန်း	
၇	တောထွက်ရသေ့ ရဟန်းပြုပုံနည်းနာကို ပြဆိုခြင်း....	၁၈၅
	ဆဋ္ဌအခန်း	
၈	ရာဇဓမ္မ မင်းကျင့်တရားကို ပြဆိုခြင်း	၂၀၇
	သတ္တမအခန်း	
၉	ဤမှနောက် ဣသရ ဘုရားနှင့် ဝေဒကျမ်းနှင့် ဆိုင်ရာတို့ကို ပြဆိုခြင်း	၃၆၂

သုစနွဝတီ-၈၂၈-၈

ဦးရေ   စာမျက်နှာ

အဋ္ဌမအခန်း

၁၀ ဤမှနောက် ကမ္ဘာကို ဖန်ဆင်း တည်နေပျက်စီးစေပုံ
အကြောင်းအရာတို့ကို ပြဆိုခြင်း ၃၂၃

နဝမအခန်း

၁၁ ထိုမှတပါး ဝိဇ္ဇာနှင့် အဝိဇ္ဇာပန္နနှင့်မောက္ခအခြင်းရာကို ပြဆိုခြင်း....၃၆၉

ဒသမအခန်း

၁၂ ထိုမှတပါး ကောင်းသောအကျင့် မကောင်းသောအကျင့် အာစာရ
နှင့် စားအပ် မစားအပ်သော အကြောင်းအရာကို ပြဆိုခြင်း ၄၁၅
၁၃ ကျမ်းပြုဆရာ၏ ဝါဒ ၄၄၁

ဆွာမိ ဒယာနန္ဒ အတ္ထုပ္ပတ္တိ

ဂုဂျရား(ဋ္ဌ)နယ် တန်ကာမြို့၌ ၁၈၂၄-ခု နှစ်တွင် ဆွာမိဒယာနန္ဒ ဆရာသခင်ကို ဖွားမြင်သည်၊ ဆွာမိဒယာနန္ဒ၏ ငယ်မည်မှာ မူးလ်ရှန်ကရ် ဖြစ်လေသည် မူးလ်ရှန်ကရ၏ မိဘများသည် ထာဝရဘုရားသိဝအား ကိုးကွယ်ပူဇော်သူများ ဖြစ်ကြသည့် အလျောက် ဖလ္ဂုန (ဘရဂုဏီ) မာသ လဆုတ် ၁၄-ရက် "ရှိဝရာတြိ" အခါတော်နေ့တွင် ဥပုသ်စောင့်ကြလေသည်။ သားတော် မူးလ်ရှန်ကရ် အားလည်း အတင်း ဥပုသ်စောင့်ခိုင်းလေသည်သာမက သည်နေ့ သည်ရက်တွင် သိဝထာဝရဘုရားအား တညလုံးနိုးကာ ဥပုသ်စောင့်လျက် ပူဇော်ပသသူအား သိဝထာဝရဘုရားသည် ကိုယ်ထင်ပြ အဖူးအမျှော် ခံသည်ဟု မူးလ်ရှန်ကရ်အား ပြောပြလေသည် ၁၄-နှစ် အရွယ်သာရှိသော မူးလ်ရှန်ကရ်သည် သိဝထာဝရဘုရားကို ဖူးလိုသည့်ဆန္ဒ ပြင်းထန်သည့် အလျောက် ဥပုသ်စောင့်လျက် မပျင်းမရိဘဲ စောင့်မျှော်လေသည်။ သို့သော် သိဝထာဝရဘုရားသည် ကိုယ်ထင်မပြချေ မူးလ်ရှန်ကရ်သည် သိဝဘုရားကို မဖူးမမြင်ရရုံမက သိဝထာဝရဘုရား ပါသာဏပိဏ္ဍိ (ဝါ)လိင်္ဂကို ကြည်ညိုသူများက လှူဒါန်းဆက်ကပ်ထားသော ဆန်စေ့ပန်းစသည် ပစ္စည်းများကို စားနေသော ကြွက်တကောင်ကို မြင်လေသည်။ သည်အဖြစ်အပျက် ကလေးသည် သာမည ဖြစ်သော်လည်း မူးလ်ရှန်ကရ် အဘို့မှာ ဉာဏ်ပွင့်ပါဒ အကြောင်းရင်း ဖြစ်လေသည် မူးလ်ရှန်ကရသည် သိဝထာဝရဘုရား၏ ပါသာဏပိဏ္ဍိ (ကျောက်တုံး)ပေါ် သံသယဖြစ်လေသည်။ ဤသိဝဘုရား၏ ပါသာဏလိင်္ဂသည် ကျောက်တုံးသာဖြစ်၏ သိဝထာဝရဘုရား မဟုတ်ဟု ယုံကြည်လေ၏။ အိပ်ပျော်နေသော မိဘကိုနိုးပြီး မိမိ၏ သံသယများကို ဖြေရှင်းခိုင်းသော်လည်း မိဘ၏ ဖြေရှင်းချက်များသည် မူးလ်ရှန်ကရ်၏ သံသယသည် မပြေလည်ချေ ဘုရားစစ် ဘုရားမှန်ကိုသာလျှင် မြင်လို သိလို စိတ်ဓာတ် ပြင်းထန်လေသည်။ ဗုဒ္ဓမြတ်စွာ ဘုရားကဲ့သို့ပင် မူးလ်ရှန်ကရ်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကို မြင်လေသည် မူးလ်ရှန်ကရ်သည် အမနှင့် ဦးလေးတို့ သေဆုံးရာတွင် အခြား ဆွေမျိုး ဉာတိများ ငိုင်းငိုသလို မငိုဘဲ သေခြင်းတရားကို ဉာဏ်ဖြင့် တွေးလေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကဲ့သို့ သေခြင်းတရားသည် ဘဝတပါးသို့ ပြောင်းခြင်းသာလျှင် ဖြစ်သည်ဟု ယုံကြည်လေ၏။ မူးလ်ရှန်ကရ်သည် သေခြင်းတရား၏ သံသရာစက်ကြာနှင့် ပတ်သက်သည့် အကြောင်းအရာ

ဟူသမျှ ရှာဖွေလေ့လာရန် အခိုင်အမာ ပြုလေသည့် မိဘများသည် မူးလ်ရှန်ကရ်၏ အမူအရာ စိတ်နေစိတ်ထားကို မြင်၍ ဗုဒ္ဓမြတ်စွာဘုရားကဲ့သို့ တောထွက်မည်ကို စိုးရိမ်ပူပန်လေတော့၏။ မူးလ်ရှန်ကရ်အား ဘဝသံသရာ ဝဲဩဃထဲ ပျော်မွေ့စေလျက် လက်ထပ်ထိမ်းမြား ပေးစားရန် မိဘများက ကြိုးစားလေသည် သို့သော် တရားမြတ် တရားမှန်ဖြစ်သော ဝေဒဓမ္မ တရားတော်ကြီးကို ဆည်းပူးလေ့လာရန် အိမ်ကို စွန့်ခွါထွက်ပြီး ဂေရု သင်္ကန်းဝတ်ပြီး ရဟန်းပြုလေသည် ဗုဒ္ဓမြတ်စွာ ဘုရားကဲ့သို့ပင် တရားမှန် တရားမြတ်ကို ရှာဖွေရန် ပဏ္ဍိတပညာရှိ ယောဂီ ရသေ့များထံ တပည့်ခံလေသည် သို့သော် မည်သူ့ထံမှ ကျေနပ်ဘွယ် တရားတော်ကို မရရှိ၍ ၁၆–နှစ် တိတိ ဆရာ အာစရိယကောင်း ရှာဖွေလေသည် အန္တိမ နောက်ဆုံးတွင် မျက်စေ့မမြင် ဒုက္ခိတ ဝေဒလေးပုံကို တတ်ကျွမ်းအပ်သော ဟိန္ဒူရဟန်းတော်ကြီး ဝိရ်ဂျာနန္ဒထံ မထုရာမြို့ ယမုနာမြစ် ညာဘက်ကမ်းတွင် တည်ရှိသည့်၌ တပည့်ခံပြီး သုံးနှစ်လုံးလုံး အာဒိကပ္ပ ကမ္ဘာဦးကထဲက တရားမှန် တရားမြတ်ဖြစ်သော ဝေဒကျမ်းများကို ဆည်းပူးလေ့လာသည် ဤကဲ့သို့ တရားမှန် တရားမြတ်နှင့် ပညာရှိရည်ကို သောက်သုံးပြီး သကာလ မူးလ်ရှန်ကရ်သည် ဆွာမီဒယာနန္ဒ ဆရဆွတီ ဂုဏ်အမည်ဖြင့် ကျော်ကြားလေသည် ပညာများကို လိုလေသေးမရှိ ပြည့်စုံစွာ ဆည်းပူးပြီး ဆွာမီဒယာနန္ဒ ဆရဆွတီသည် မိမိဆရာ အာစရိယ ဝိရ်ဂျာနန္ဒအား လေးညွှင်းပွင့်များ အပြည့် ထည့်ထားသော ပုဂံပျားတချပ် ဆက်ကပ်ပြီး ကန်တော့လျက် ခွင့်ပန်လေသည် ဤကဲ့သို့ ကန်တော့ချိန်တွင် ဆွာမီဝိရ်ဂျာနန္ဒက ပြောသည်မှာ အို ငါ့တပည့် ငါ့ကို ကန်တော့ရုံလေးနှင့် ကိစ္စမပြီး ငါ၏ အလိုဆန္ဒ ပြည့်မြောက်မည်မဟုတ် ဝေဒကျမ်းဂန်၏ ယဉ်ကျေးမှု တရားမှန် ဓမ္မမှန်ကို ပြန်လည် တိုးတက် ပြန့်ပွား ဖွံ့ဖြိုးအောင် လုပ်မှသာလျှင် ငါ၏ အလိုဆန္ဒ ပြည့်မြောက်လိမ့်မည် ဆရာအာစရိယ၏ ဤမြွက်ဟချက်ကို ကြားလျှင် ဆွာမီဒယာနန္ဒ ဆရဆွတီသည် ဆရာ့ရှေ့ လက်အုပ်ချီ ဦးညွှတ်ပြီး ဆရာအာစရိယ၏ အလိုဆန္ဒအတိုင်း တပည့်တော် ဆောင်ရွက်ပါမည်ဟု သစ္စာဆိုလေ၏။ ဤကဲ့သို့ အခိုင်အမာပြုပြီး ထိုနေ့ကစ၍ ဆွာမီဒယာနန္ဒ ဆရဆွတီသည် အမျိုးမျိုး အနှောက်အယှက် ဆူးငြောင့်ခလုပ်များဖြင့် ရင်ဆိုင်ရသော်လည်း မတုန်လှုပ် မချောက်ချား မကြောက်မရွံ့ ရဲရဲတောက်တောက် အရိယဓမ္မ ဝေဒတရားမှန် တရားမှန် တရားမြတ်ကို မနုဿလူသားတိုင်း နားလည်သိရှိပြီး ကိုးကွယ် ပူဇော် ပသရန် ဟောပြောလေတော့၏။

ဆွာမိဒယာနန္ဒ ဆရာဆွသီ လှည့်လည်ပြီး ဝေဒတရား မြတ်တရားမှန် ဟောပြော ချိန်တွင် ဝေဒအရိယ တရားနှင့် အရိယယဉ်ကျေးမှု ပြောက်ကွယ်ပြီး မဇ္ဈိမဒေသ ဘာရတဝဿခေါ် အိန္ဒိယပြည်ကြီးတွင် မိစ္ဆာဝါဒီ တရားပျက်တွေ လွှမ်းမိုးလျက်ရှိ သည်။ ထိုအချိန်တွင် ဟိန္ဒူဘာသာရေး ဂိုဏ်းဂဏတွေလည်း ရာပေါင်းမက ပြန့်ပွား လျက်ရှိသည်။ ကျောင်းထိုင်ပုဂ္ဂိုလ်တွေ ပုရောဟိတ်တွေ ဤတရားပျက် ဘာသာရေး ဂိုဏ်းဂဏတွေကို ဦးစီးပြီး နိဗ္ဗာန်လမ်းညွှန် ဆရာ ဓမ္မကထိကလိုလို၊ သူတို့သာလျှင် နိဗ္ဗာန်သို့ပို့နိုင်စွမ်းရှိသလိုလို လူထုကို အယုံအကြည်သွင်းပြီး ပစ္စည်းဥစ္စာ အမျိုးမျိုးလှူ ခိုင်း၏။လောကီ လောကုတ္တရာအတွက် ရည်စူး၍ လုပ်သည့် လုပ်ငန်း၍ဟူသသော်ငြင်း လောကီမင်္ဂလာ အဖြာဖြာ ဆောင်ရွက်ရာတွင်ငင်း သူတို့ကို လှူရမှုဟု ပညတ်လေ သည်။ ဤကဲ့သို့ အများလှူဒါန်းသော ပစ္စည်းဥစ္စာဓနဖြင့် လောကီသုခစည်းစိမ်ကို ကျူးရင့် ယစ်မူးလေသည်။ဤကဲ့သို့ မိစ္ဆာအာဇီဝက ကျောင်းထိုင်ပုဂ္ဂိုလ် ပုရောဟိတ် တို့သည် ဆွာမိဒယာနန္ဒ ဆရာဆွသီ၏ ဝေဒအရိယဓမ္မတရားမှန် တရားမြတ်ကို မိမိတို့ မိစ္ဆာ အာဇီဝကဖြင့် မှန်နေသော ဝင်ငွေ ပိတ်ပင်ပြတ်တောက် သွားမည်စိုး၍ အမျိုးမျိုး နှောက်ရှက်လေသည်။ ဆွာမိဒယာနန္ဒ ဆရာဆွသီ၏ အသက်ဘေးကို ရန်ရှာလေသည်။ သို့သော် ဆွာမိဒယာနန္ဒသည် အာဒိကပ္ပကမ္ဘာ တည်ကထဲက တည်ရှိနေသော ဝေဒဓမ္မတရားတော်ကို ဗြဟ္မစာရီ ရသေ့ ရဟန်းပီပီ မကြောက်မရွံ့ လူတိုင်း လူတိုင်း သိရှိနားလည်အောင် ပူဇော်ပသအောင် မြောက်ဟိမဝန္တာမှ တောင်ကုမာရီအငူ၊ အရှေ့ ဘင်္ဂလားမှ အနောက် ပန်ဂျပ်နယ်အထိ လှည့်လည် တရားဟောပြောလေသည်။

ဆွာမိဒယာနန္ဒ ဆရာဆွသီသည် ဝေဒတရားတော်၊ အရိယတရားတော်ကြီး ထာဝစဉ် တည်မြဲရန် "အရိယဆမာဂျ်" တည်းဟူသော ဘာသာရေး အသင်းကျောင်းကို ဘုံဘေမြို့၌ ၁၈၇၅–ခုနှစ်တွင် တည်ထောင်လိုက်၏။ ၎င်းပြင် ဆွာမိကြီးကိုယ်တိုင် ဝေဒလေးပုံ ကျမ်းဂန်၏ အဆီအနှစ်ဖြစ်သော "စတျာရ်ထ-ပရကာသ" (သစ္စတ္ထ ပကာသ) ဓမ္မသတ်ကျမ်းကြီးကို စီရင်ရေးသား အပ်လေသည်။

ဆွာမိဒယာနန္ဒ ဆရာဆွသီသည် သက္ကဋ ပကတိစာ ဘာသာကြီး၏ အထွတ် အမြတ် ပါရဂူ ပညာရှိဖြစ်သည့်အပြင် ဝေဒလေးပုံနှင့် သုတ္တရကျမ်းဂန်ခြောက်ပုံကို ပိုင်ပိုင်နိုင်နိုင် သိကျွမ်းတတ်မြောက်သည့် ပုဂ္ဂိုလ်မြတ်လည်းဖြစ်သည်၊ ကိုယ်ကာယ

အကျင့်စာရိတ္တ၊ ဝိနည်းစသည်တို့နှင့် ပြည့်စုံပြီး ဘာသာပြု မေ့ကတိက၊ အဘိဓမ္မာ ဆရာဂုဏ်တော်များနှင့်လည်း လိုလေသေးမရှိ ပြည်စုံလေ၏။

ဆွာမိဒယာနန္ဒ ဆရာဆွသီသည် ၁၈၇၅-ခုနှစ်မှစ၍ နိဗ္ဗာန်စံတော်မူသည့် အချိန် ၁၈၈၃-ခု အောက်တိုဘာလ ၃၀–ရက်နေ့ (ကတ္တိကအမာဝဿ လကွယ်) အထိမနေ မနား တသွေမတိမ်း အရိယဆမာဂျ်၏ ဝေဒတရားမှန်၊ တရားတော်မြတ်များကို၊ မနုဿလူသားတိုင်း သိနားလည်အောင် ကိုးကွယ် ပူဇော် လိုက်နာအောင် ဟောပြော ဆုံးမခဲ့လေသည်။

ဆွာမိဒယာနန္ဒ ဆရာဆွသီသည် ၁၈၈၃-ခု အောက်တိုဘာလ ၃၀-ရက်နေ့ ကတ္တိက အမာဝဿလကွယ်နေ့တွင် နိဗ္ဗာန်ဝင်တော်မူသောကြောင့် အရိယဆမာဂျ် (သမာဇ) အသင်းသူ အသင်းသားများသည် နှစ်စဉ်နှစ်တိုင်း ကတ္တိကအမာဝဿ လကွယ်နေ့ ဒေဝါလီခေါ် ဒီပါဝလီ မီးထွန်းပွဲနေ့တွင် နိရ်ဝါဏဒိဝဆ နိဗ္ဗာန် ဒိဝသ အထိမ်းအမှတ် အခါတော်နေ့ကြီးကို ကျင်းပကြလေသည်။

ရေးသူ သျှားမ် (လားလ်) ဘာရသီ

ဆွာမိဒယာနန္ဒ ဆရာဆွသီသည် ဘုံဘေမြို့၌ ၁၈၇၅-ခုနှစ်တွင် အောက်ပါ နည်း နိယာမ စည်းကမ်းဥပဒေနှင့် အတူတကွ "အရိယဆမာဂျ်" (သမာဇ) အသင်း ကျောင်းကြီးကို တည်ထောင်လိုက်သည်။

အရိယဆမာဂျ် (သမာဇ)အသင်း၏ နည်းနိယာမနှင့် ရည်ရွယ်ချက်များ။

၁ အလုံးစုံသော သစ္စာ ဝိဇ္ဇာ ပညာမှန်သည်ရင်း ဝိဇ္ဇာ (ဝိဒျာ) ပညာဖြင့် သိအပ်သော အရာဝတ္ထု ပစ္စည်းဟူသ၍သော်ရင်း၊ ထိုထိုသော ခပ်သိမ်းတို့၏ အစအရင်းမူလသည် ပရမေဿရ (ပရမ+ဣသရ=ထာဝရဘုရား) သာလျှင် ဖြစ်၏။

၂ ဤသွရ (ဣသရ)ဘုရားသည် သစ္စဒါနန္ဒ (သတ+စိတ+အာနန္ဒနှင့် ပြည့်စုံ) သရူပ ဖြစ်၏၊ နိရာကာရ၊ အာကာရရုပ်သွင် မရှိ၏၊ သဗ္ဗသတ္တိမာန၊ ခပ်သိမ်း သော သတ္တိအစွမ်းနှင့် ပြည်စုံ၏၊ နျာယကာရီ၊ တရားနှင့် လျော်ညီစွာစောင့်

အပ်၏၊ ဒယာလု၊ သနားကြင်နာတတ်၏၊ အဇန္မာ၊မမွေးမဖွားအပ်၏၊ အနန္တ အစဆုံးမရှိ၏၊ နိဝိကာရ၊ ဝိကာရမရှိ မဖေါက်မပြန်၏၊ အနာဒိ၊ အစမရှိ၏။ အနုပမ၊ နှိုင်းရှဉ့်စရာမရှိ၏၊ သဗ္ဗာဓာရ၊ ခပ်သိမ်းသော တည်ရာမှီရာဖြစ်၏ သဗ္ဗေသာရ၊ အလုံးစုံ၏ အရှင်သခင်ဖြစ်၏၊ သဗ္ဗဗျာပက၊ အနှံ့အပြား နေရာ တကာ ပြန့်နှံ့တည်ရှိ၏၊ သဗ္ဗညူ၊ အလုံးစုံတို့ကိုသိ၏။ အဇရာ၊ မအို၏။အမရာ၊ မသေ၏။ အဘယ၊ ဘေးကြောက်မရှိ၏ ၊နိစ္စ၊ မြဲ၏၊ ပဝိတ္တ၊ သန့်ရှင်းစင်ကြယ် ၏။ သမ္ဗိကတ္တာ၊ ဖန်တီးသူဖြစ်၏။ ဤကဲ့သို့ ဂုဏ်တော်အဖြာဖြာများနှင့် ပြည့်စုံတော်မူသော ဤသွရ ဘုရားကိုသာလျှင်၊ ဥပါသနာ ဥပါသိတဗ္ဗ၊ ဆည်းကပ်ထိုက်၏။

၃ ဝေဒကျမ်းဂန်သည် ခပ်သိမ်းသော သစ္စာ ဝိဇ္ဇာ (စဘျ+ဝိဒျာ) ပညာမှန် များ၏ စာအုပ်ဖြစ်၏။ ဝေဒကျမ်းဂန်ကို ဘတ်ခြင်း ဘတ်စေခြင်း သင်ပြခြင်း ဝေဒတရားကိုနာခြင်းနှင့် နာစေရန် ဟောပြောပြခြင်းသည် ခပ်သိမ်းသော အရိယ လူမျိုးများ၏ ပရမဓမ္မ အဓိကတာဝန် ဝတ္တရားဖြစ်၏။

၄ သစ္စာ၊အမှန်ကို မှိဝဲမှီအပ်လျှက်။အသစ္စာ၊ အမှားမမှန်ကို စွန့်လွှတ်ပစ်ပယ်ရန် အမြဲထာဝစဉ် အစဉ်သင့်ရှိရာ၏။

၅ ခပ်သိမ်းသော ကာယိက အလုပ်ဟူသမျှကို ဓမ္မာနုသာရတရားနှင့် လျှော်ညီ စွာ ဆောင်ရွက်သင့်၏၊ အတ္ထာသ အဓိပ္ပါယ်သည်ကား အဘယ်အလုပ်မျိုး မဆို အမှားအမှန်ကို ဆင်ခြင်သုံးသပ်ပြီးမှ ဆောင်ရွက်လုပ်သင့်၏။

၆ ဤသံသာရ လောကကြီးအား ဥပကာရ အကျိုးပြုခြင်းသည် ဤသမာဂျ် “အရိယဆမာဂျ်” အသင်း၏ အဓိကနဒ္ဒေသ၊ ရည်ရွယ်ချက်ဖြစ်၏၊ အတ္ထာသ အဓိပ္ပါယ်သည်ကား သာရိရိက ကိုယ်ခန္ဓာနှင့်ဆိုင်ရာ၊ အတ္တမိက၊ အတ္တဝိညာဏ် လိပ်ပြာနှင့်ဆိုင်ရာ၊ သမာဇိက လူမှုသင်းရေးရာနှင့် ဆိုင်ရာအမှုအရာဟူသမျှ ကို တိုးတက်ရာ တိုးတက်ကြောင်းအတွက် ဆောင်ရွက်ခြင်းသည် ဤ“အရိယ ဆမာဂျ်” အသင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်၏။

၇ လူတိုင်း လူတိုင်းနှင့် နှစ်သက်သိမ်မွေ့စွာနှင့် တရားနှင့် လျော်ညီစွာ သင့်တော် သလို ဆက်ဆံရာ၏။

၈ အဝိဇ္ဇာ (အဝိဒ္ယာ) မမှန်သောပညာကို ဖျက်စီးပယ်ဖျောက်ရာ၏၊ ဝိဇ္ဇာ ပညာမှန်ကို တိုးတက်ရာ တိုးတက်ကြောင်းအတွက် ဆောင်ရွက်ရာ၏။

၉ လူတိုင်း လူတိုင်းသည် မိမိတကိုယ်တည်း တိုးတက်ခြင်းဖြင့် မတင်းတိမ်ရာ၏။ ကိန္တု၊ သို့သော် အများတိုးတက်ရာတွင် မိမိ၏ တိုးတက်မှုတည်းဟု ယူဆသင့်၏။

၁၀ ခပ်သိမ်းသော လူတို့သည် သမာဇိက သမ္ဗန္ဓိတကာရီ၊ အများလူစုကို အကျိုးဖြစ်စေသောနည်း နိယာမစည်းကမ်း ဥပဒေများကို စောင့်ရှောက်လိုက်နာရာတွင် မလွတ်လပ်ရာ၏၊ ပုဂ္ဂလိက အကျိုးအတွက်ဖြစ်သော စည်းကမ်းတိုင်းကို စောင့်ရှောက်လိုက်နာရာတွင် လူတိုင်းလူတိုင်း လွတ်လပ်စေရာ၏။

ဘာသာပြန်သူ ဘျားမ် (လားလ်) ဘာရသီ

ओ३म्

သစ္စတ္ထပကာသသကျမ်း

အုမ်

သစ္စိဒါနန္ဒေသွရာယ နမော နမး

အထ သတျာထ် ပြကာသး

အုမ် သန္နောမိတြး သံဝရုဏး သန္နော ဘဝတွဃျမာ သန္နဣန္ဒြော ဗြိဟသ္ပတိး သန္နော ဝိသျုဏုရု ရုကြမး။ နမော ဗြဟ္မဏေ နမသ္တေဝါယော တွမေဝ ပြတျက္ခံ ဗြဟ္မာသိ တွာမေဝ ပြတျက္ခံ ဗြဟ္မဝဒိသျာမိ ရိတံ ဝဒိသျာမိ သတျံ ဝဒိသျာမိ တန္မာ မဝတု တဒွက္တာရ မဝတု အဝတု မာမဝတု ဝက္တာရမ် အုံ သာန္တိး သာန္တိး သာန္တိး။

အနက်။ ။(အုမ်) ဤအုမ်ကာရ သဒ္ဒါပုဒ်သည်၊ ပရမိဿရ၊ (ထာဝရဘုရား)၏ အားလုံးထက်မြတ်သော အမည် နာမ တပါးဖြစ်၏။ အကြောင်းကိုဆိုသော် ဤသဒ္ဒါပုဒ်၌ အကြွင် အ ဥ မ တည်းဟူသော အက္ခရာ သုံးလုံး ပေါင်းစပ်ခြင်းဖြင့် (အုမ်) ပုဒ်ဖြစ်လာ၏၊ ဤအမည် တပုဒ်တည်း၌ ပရမိဿရ ဘုရား၏ များစွာသော အမည်ပညတ်များ ဖြစ်လာ၏၊ ဥဒါဟရဏ်ကား 'အ' အက္ခရာဖြင့် ဝိရာဋ္ (=ဖြန့်ဖြောကျယ်ဝန်းခြင်း) အဂ္ဂိ (=မီး) နှင့် ဝိဿွာလောက စသည်တည်း၊ 'ဥ' အက္ခရာဖြင့် ဟိရညဂဗ္ဘ (=ရွှေဥမှ ပေါက်ဘွားလာသော ဗြဟ္မာမင်း) လေနှင့် တန်ခိုးတေဇော် အာနုဘော်၊ 'မ' အက္ခရာဖြင့် အာဒိစ္စ (=နေမင်း) နှင့်

ပညာစသည်ကိုဟော၏၊ ဝေဒစသော မှန်ကန်သော ကျမ်းဂန်စာပေတို့၌ အရောင်ခွာန အားလျော်စွာ ဤအားလုံးသော အမည်ပညတ်တို့သည် ဘုရားသခင်၏ အမည်နာမများပင် ဖြစ်သည်ဟု အထင်အရှား ပြဆိုထားပေ၏။

အမေး။ ။ဘုရားသခင်နှင့် ကွဲပြားခြားနားသော အနက် အဓိပ္ပါယ်ရှိသည့် 'ဝိရာဋ္' စသော အမည်ပညတ်ဘယ့်ကြောင့် မရှိပါသလဲ? ကမ္ဘာလောကဓာတ် စသော မဟာဘုတ်, သိကြား (ဣန္ဒ) စသောနတ်, ဆေးကျမ်းတို့၌ ပါသော ချင်းစိမ်းစသည်တို့၏ အမည်သည်လည်း မဟုတ်ပါလော?

အဖြေ။ ။ဟုတ်ပါ၏, သို့သော် ဘုရားသခင်၏ အမည် ပရိယာယ်ပုဒ်လည်း ဖြစ်၏။

အမေး။ ။သက်သက်နတ်များကိုသာ ဤအမည်ပညတ်ဖြင့် ခေါ်ဝေါ်သမုတ်အပ်သည် မဟုတ်ပါလော?

အမေး။ ။ခင်ဗျားက ခေါ်ဝေါ်သမုတ်သည့် သက်သေသာဓက ဘာလဲ?

အဖြေ။ ။ဒေဝ=နတ်များ အားလုံးသည် ထင်ရှား၍ မြင့်မြတ်သောကြောင့် ခေါ်ဝေါ် သမုတ်ပါသည်။

အဖြေ။ ။ပရမိဿရ ဘုရားသည် မထင်မရှားဘဲ ထိုဘုရားထက် ပိုမိုမြင့်မြတ်သော သူကော ရှိပါသေးသလော? သို့ဖြစ်ပါလျှင် ဤအမည် ပညတ်များကို ဘုရားသခင်အား ဘာ့ကြောင့် ခေါ်ဝေါ်သမုတ်ခြင်း မပြုပါသလဲ? အကယ်တန္တိ ဘုရားသခင်သည် ထင်လည်း မထင်ရှား ထိုဘုရားနှင့် တူမျှသူလည်း တရုံတယောက် မရှိခဲ့လျှင် ခင်ဗျား၏ပြောစကားဟာ မမှန်နိုင်။ အကြောင်းကား ခင်ဗျား၏ စကားတွင် အပြစ်အနာအဆာများစွာပါနေပါသည်။ ဥဒါဟရဏ်ကား ဥပဋ္ဌိတံ ပရိတျဇျ ါနုပဋ္ဌိတံ ယာစတေ ဣတိ ဗာဓိတံ နယာယး။ ရှေ့မှောက်၌ ရောက်လာသော အောဇဉ် အစာအာဟာရကို မသုံးဆောင်မူ၍ ထင်ရှားမရှိသော အစာအာဟာရကို လိုက်ထံရှာဖွေသောသူကို ပညာရှိဟု မယူဆရာ ထိုနည်းတူစွာ ခင်ဗျား၏စကားလည်း ယုတ္တိမရှိပါ။ အကြောင်းကား- ခင်ဗျားဟာ ယုတ္တိ

သာခကောဖြင့် ထင်ရှားသော ပရမိဿရနှင့် ဖြာပဋ္ဌာစသော ထင်ရှားရှိသော အနက်အဓိပ္ပါယ်ကို မယူဘဲ ယုတ္တိသာခကာဖြင့် ထင်ရှားမရှိသော နတ်စသည်ကို ယူဆရန်အားထုတ်ခြင်းသည် မှားပါသည်။ အကယ်တန္တိ ခင်ဗျားက အရေဋ္ဌာနအားလျော်စွာ ယူဆ သင့်သည်ဟု ဆိုပါချင်လည်း ဥပမာ- သခင်က ကျွေးကျွန် တယောက်အား-ဟောကြိုတေ့! ဝံ သိန္ဓဝမာနယ။ (အနက်) ဟဲ့ကျွန် သင်သိန္ဓောကို ယူလာခဲ့ဟု ဆိုခဲ့ပါချင် ထိုကျွန်သည် အရေဋ္ဌာန ကာလဒေသကို စဉ်းစားသင့်၏။ အကြောင်းကိုဆိုသော် သိန္ဓောသည် မြင်းကိုရင်း ဆားကိုရင်း ခေါ်သောကြောင့်တည်း။ သခင်သည် ခရီးသွားမည့်ဆဲဆဲ ဆိုပါက သိန္ဓောမြင်းကို၊ စားသောက်ဆဲဆိုပါက ဆားကို၊ ယူလာသင့်၏။ ထိုသို့မဟုတ်ပါက သခင်လုပ်သူက ၎င်း၏ ကျွန်အား မင်းဟာ ဉာဏ်မဲ့တဲ့အကောင်ဘဲ'ဟု ကြိမ်းမောင်း ပြောဆိုပေလိမ့်မည်။ ဤပုံ ဥပမာကိုထောက်ဆ၍ အရေဋ္ဌာန အားလျော်စွာ ယူဆသင့်ကြပါသည်၊

မဏ္ဍာန်အနက်ကား

အုမ် ခမ် ဗြဟ္မ။ ၁။ ယဇုး၊ အ၊ ၄၀၊ မံ-၁၇။

ဝေဒကျမ်းဂန်တို့၌ 'အုမ်' စသော ဘုရားသခင်၏ အမည်များလာရှိသည်ကို ကြည့်ပါ။

အောမိတျေဒ တဒက္ခရ မုဒ်ဂီထ မုပါသိတ။ ၂။ ဆန္ဒောဂျ ဥပနိသျဒ်။ မံ-၁။ အောမိတျေဒ တဒက္ခရမိဒ သဗ်ဗတဿျော ပဗျာချာနာမ်။ ၃။ မာဏ္ဍူကျ· မံ-၁။ သဗေ် ဝေဒါယ တ္ပဒ မာမနန္တိ တပါံသိ သဗ်ာဏိစ ယဒ္ဝဒန္တိ၊ ယဒိစ္ဆန္တော ဗြဟ္မစရယံ စရန္တိ တတ္တေပဒံ သံဂြဟေဏ ဗြဝိမျော မိတျေတတ်။ ၄။ ကဌော ပနိသျတ်၊ ဝလ္လီ-၂။ မံ-၁၅။ ပြသာဘိတာရံ သဗေ် သာမဏီယာံ သမဏောရဝိ၊ ရုက္ခာဘံ သွပ္နဓီ ဂမျံ ဝိဒျာတ္တံ ပုရုသံပရမ်။ ၅။ ဇာမေကော ဝဒန္တျဂ္ဂိ မနုမနျေ ပြဇာပတိ၊ ဣန္ဒြမေကေ ပရေ ပြာဏမ ပရေ ဗြဟ္မ သာသွတမ်။ ၆။ မနု အ-၁၂ ဂါထာ- ၁၂၂-၁၂၃။ သဗြဟ္မာသမိသျဂုဏး သရုပြဿ ထိဝသော

အချရသျု ပရမး သွရာင်၊ သဏ္ဍုန္တြသာ ကာလာင္ဂိသာ စန္ဒြမား။ ၇။ ကောဝထျု ဥပနိသျုတ်။ ဏ္ဍုန္တြိ မိတြံ ဝရုဏာ မင္ဂိမာဟု ရထောဒိဗျသာ သုပ ဏော်ာ ဂရုတ္မာန်၊ ဧကံ သဒွိပြာ ဗဟုဓာ ဝဒန္တျဂ္နိံ ယမံမာတြိသွာ နမာဟုး။ ဂ။ ရိ. မံ-၁။ အနု-၂၂။ သူ-၁၆၄။ မံ-၄၆။ ဘူရသိ ဘူမိရသျု ဒိတိ ရသိ ဝိသွခါယာ ဝိသွသျု ဘုဝနသျု ဓ႑ြိ ပြိထိဝိံ ယစ္ဆ ပြိထိဝိံဒြိမံဟ ပြိထိဝိံမာဟိံသိ။ ၉။ယဇု-အ-၁၃၊မံ-၁ဂ။ ဏ္ဍုန္ဒြောမပြာ ရောဒသိပြထ စ္တိဝဏ္ဍုန္တြိး သုရယ မရောစယတ်၊ ဏ္ဍုန္ဒြေဟဝိသွာ ဘုဝနာနိ ယေမိရ ဏ္ဍုန္ဒြေ သွာနာသ ဏ္ဍုန္တြဝး။ ၁၀။ သာမဝေဒ-၇၊ ပြ-၃၊ အ-ဂ၊သူ ၁၆၊ အ-၂၊ခံ-၃၊ သူ-၂၊ မံ-ဂ။ ပြာဏာယ နမော ယသျု သဗ်မိဒံ ဝသေ၊ ယောဘူတး သဗ် သေျသွရော ယသ္မိန္တ္ သဗ် ပြတိသျုဋ္ဌိတမ်။ ၁၁။ အထဝဝေဒေ၊ ကာဏ္ဍ- ၁၁၊ အ-၂၊ သူ-၄၊ မံ-၁။

အနက်ကား။ ။ဤနေရာ၌ ဤအထောက်သာဓကတို့ကို ရေးပြရခြင်း အကြောင်းရင်းကား ဤကဲ့သို့သောဥဒါဟရဏ်တို့၌။ ။အရှမ်စသောအမည် နာမတို့ဖြင့် ဘုရားသခင်ကို ဆိုလို၏၊ ထိုအမည်တို့၌ အနက်အဓိပ္ပါယ်နှင့် ကင်းသော အမည်ဟူ၍ မရှိချေ။ ဥပမာ လူလောက၌ ဆင်းရဲသော သူကိုလည်း မောင်ဘဌေးစသော အမည်ဖြင့် မှည့်ခေါ်ကြသည့်အတိုင်း အချို့နေရာ၌ တင်စားသောအမည် အချို့အမှုကိစ္စအားလျော်စွာ မှည့် ခေါ်သောအမည်, အချို့နေရာ၌ မူလသဘောတရားကို ဖော်ပြသော အမည်များဖြစ်ကြ၏။ "အရှမ်" စသော အမည်သည် အနက်အဓိပ္ပါယ်နှင့် ပြည့်စုံသောအမည်နာမဖြစ်၏၊ (အရှမ်-ခံ.) "အဝတိဗျောမ် အာကာသ မိဝ ဗျာပကတွာတ်ခမ်, သဗ်ဗော်ဗျာဖြိဟတွာဒ်ဖြဟ္မ"၊ စောင့်ရှောက် သောကြောင့် (အရှမ်) အာကာသ ကောင်းကင်ကဲ့သို့ ပြန့်နှံ့၍တည်သော ကြောင့် (ခမ်) အားလုံးတို့ထက် ကြီးမြတ်သောကြောင့် (ဗြဟ္မ) ဟု ခေါ်ဆိုကြ၏။၁။(အရှမ်)သည် အကြွင်ပုဂ္ဂိုလ်၏ အမည်ဖြစ်၍ ဘယ်တော့မှ မပျက်စီးသောဘုရားကိုသာ ဆည်းကပ်ပူဇော်အပ်၏။ တခြားသူကို မပူ ဇော်အပ်။ ၂။ (အောမိတျေတ))အားလုံးသော ဝေဒစသော ကျမ်းဂန်တို့၌ ဘုရားသခင်၏ ပဓာနနာမည်ရင်းသည် (အရှမ်) ဖြစ်၍ အခြားသော အမည်ပရိယာယ်တို့မှာ တင်စားသောအမည်များသာ ဖြစ်ကုန်၏။ ၃။ (သဗ်ေဝေဒါ) အဘယ့်ကြောင့်ဆိုသော် ဝေဒကျမ်းဂန် အားလုံးက

အကြြင်ဘုရား၏ ဩဝါဒအကျင့် အာစာရအားလုံးကို လိုက်နာ၍ အကြွင် ဘုရားသခင်၏ ဘုံမ်သို့ရောက်နိုင်ရန် အကျင့်တို့ကို ကျင့်ကြံကြ၏၊ ထို ဘုရား၏ အမည်သည် (အရဟံ) ပင်တည်း။ ၄။ (ပြသာဝိတာ) အကြွင် ဘုရားသည် အားလုံးသောသူတို့အား ဆုမ္မတတ်၏၊ သမာဓိန္ဓတည်သော ဉာဏ်ဖြင့်သာသိနိုင်သော အလွန်သိမ်မွေ့သောဓိဓိ၏အဆင်းအရောင်ရှိ၏၊ ထိုဘုရားကို 'ပရမပုရိသ' ဟု မှတ်အပ်၏။ ၅။ ပင်ကိုယ်အဆင်းအရောင် ရှိခြင်းကြောင့် 'အင္ဂိ–မီး,' ဝိညာဉ်သရုပ်ကြောင့် 'မနု,' အားလုံးသော သတ္တဝါတို့ကို မွေးမြူစောင့်ရှောက်တတ်၍ အပိုးရသောကြောင့် 'ဈာန်္ဂ (=သိကြား),' အားလုံးသော သတ္တဝါတို့၏ အသက်ဝိညာဉ်သဘွယ် ဖြစ်သောကြောင့် 'ပြာဏ' ထို့ပြင် အမြဲတမ်း ပြန့်နှံ့ထွန်းလင်းနေသော ကြောင့် ဘုရားသခင်၏ အမည်သည် 'ဗြဟ္မ' ဖြစ်၏၊ ၆။ (သဗြဟ္မာ သမိသျုဏှ) ကမ္ဘာလောကအားလုံးကို ဘန်ဆင်းသောကြောင့် 'ဗြဟ္မာ' အားလုံးသော နေရာဌာနတို့၌ ပြန့်နှံ့၍တည်သောကြောင့် 'ဗိသျုဏု (=ဗိဿဏိုး)' သူယုတ်မာတို့အား အပြစ်ဒဏ်ပေး၍ ပိုစေတတ် သောကြောင့် 'ရုဒြ,' ကြက်သရေမင်္ဂလာရှိ၍ အားလုံးသော သတ္တဝါ တို့၏ ကောင်းကျိုးချမ်းသာကို ဆောင်တတ်သောကြောင့် 'ဒိဝ,' '' ယး သဗ်မသ္မုတော နချရတိ နဗိနသျတိ တဒချရမ်,'' ''ယးသွယံ ရာဇတေ သသ္ဝရာဋ်,'' ယော္ဂိရိဝ ကာလး ကာလယိတာ ပြလယကၡ္ဘ် သကာ လာဂ္နိရိသ္ဝရး'' (အချရ) အားလုံးသော နေရာတို့၌ ပြန့်နှံ့၍တည်သော မဒိုမသေ အမြဲတည်သောဘုရား။ (သွရာဋ်) မိမိကိုယ်တိုင် ထွန်းလင်း သော ဘုရား။ (ကာလာဂ္ဂိ) ကမ္ဘာမီးလောင်သောအခါ၌ အားလုံးသော သတ္တဝါတို့၏ သေမင်းသဘွယ် ဖြစ်သောဘုရား။ ၇။ (ဈာန်္ဂမိတြံ) အကြြင်ဖြိုင်ဘက်မရှိသော သတ္တဝါဖြစ်သောကြောင့် ဈာန်္ဂစသော အမည် များဖြစ်ကုန်၏ ''ချုသုသုဒ္ဓေသု ပဒါထေ်သု ဘဝေါ ဓိဗျး'' ''သောဘဏာနိ ပဏ်ာနိ ပါလနာနိ ပုဏ်ာနိ ကမ်ာဏိ ဝါယသျသး'' ယော ဂုရုဝါတ္မာ သ ဂရုတ္မာန်'' ယောမာတရိသွာ ဝါယုရိဝ ဗလဝါန် သမာတရိသွာ'' (ဒိဗျ) အကြြင်ပကတိသဘာဝစသော ခုတ်ခွဲဖြစ်သော အရာဝတ္ထုတို့၌ ပြန့်နှံ့၍တည်သောဘုရား၊ (သုပဏ်) အကြြင်ကောင်းစွာ စောင့်ရှောက် မွေးမြူခြင်းနှင့် ပြည့်စုံသော ကိစ္စရှိတော်မူသောဘုရား။(ဂရုတ္မာန်) အကြြင် ကြီးမြတ်သော အတ္တနှင့် သရုပ်ရှိတော်မူသောဘုရား(မာတရိသွာ)အကြြင်

လေကဲ့သို့ အားတော် အနန္တနှင့် ပြည့်စုံသော ဘုရားဖြစ်သောကြောင့် ဒိဗျ, သုပဏ်, ဂရုဍာန်, မာတရိသွာ စသောအမည်တော်များ ဖြစ်ကုန်၏။ ကြွင်းသောအမည်များ၏ အနက်ကို ရှေ့၌ဖေါ် ပြပါတော့အံ့။ ၈။ (ဘူမိရသိ .....) "ဘ၀န္တိဘူတာနိ ယသ္မာ့ံသာဘူမိး" အကြင် ဘုရား၌ အားလုံးသော ဘူတရုပ်သတ္တ၀ါတို့သည်တည်နေကုန်၏ ထို့ကြောင့်'ဘူမိ' ဟု ခေါ်ဝေါ်အပ်၏။ ကြွင်းသောအမည်တို့၏ အနက်ကို ရှေ့တွင်ပြပါအံ့။ ၉။ (ဣန္ဒြောမဟြာ) ဤမန္တာန်၌ ဣန္ဒြ' သည်ဘုရားသခင်၏ အမည်သာ ဖြစ်သောကြောင့် ဤသာဓကကို ပြဆိုထားအပ်၏။ ၁၀။ (ပြာဏာယ) ဥပမာ ကိုယ်နှင့် ဣန္ဒြေတို့သည် အသက်ဝိညာဉ်သာ ထောက်တည်ရာ ရှိသကဲ့သို့ အားလုံးသော လောကဓာတ်သည်လည်း ဘုရားသခင်သာလျှင် ထောက်တည်ရာရှိ၏။ ၁၁။ ဤ ပြခဲ့သော သာဓကတို့၏အနက် အဓိပ္ပါယ် ကို ကောင်းစွာသိခြင်းကြောင့် ဤအမည်နာမတို့သည် ဘုရားသခင်၏ အမည်နာမတို့သာလျှင် ဖြစ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် အုမ်, အဂ္ဂိ စသော အမည်တို့၏ ပဓာနအနက်ဖြင့် ဘုရားသခင်ကိုသာလျှင် ယူအပ်၏။ ဗျာကရုဏ်း, နိရုတ္တ, ဗြာဟ္မဏ, သုတ္တစသော ရှေးဆရာရသေ့ကြီးတို့၏ အလိုအားဖြင့် ဘုရားသခင်ကိုသာ ယူအပ်၏၊ ဤအတိုင်းပင် အားလုံးက ယူဆအပ်၏။ သို့သော် 'အုမ်' သည်ကား သက်သက် ဘုရားသခင်၏ နာမည်ရင်းသာ ဖြစ်၏၊ ထိုမှတပါး အဂ္ဂိ (=အဂ္ဂိ) စသော အမည်တို့ဖြင့် ဘုရားသခင်ကို ယူရာ၌ ဗျုပ္ပတ်အစီအရင်နှင့် ဝိသေသန နည်းအား လျော်စွာဖြစ်၏၊ သို့ဖြစ်သောကြောင့် အကြင်ဗျုတိ, ပဏ္ဏနာ, ဥပါသနာ, သမ္ဗုဒ္ဓ, ဗျာပက, သုဒ္ဓ, သနာတန, စသော ဝိသေသန ပုဒ်တို့ဖြင့် ဘုရားသခင်၏ အမည်ကိုသာ ယူအပ်၏။ အကြင်အခဏ်း ကဏ္ဍတို့၌ ထတော ဝိရောဒ္ဓဇာယတ ဝိရာဇော အဓိပုရုသး ဩြာဗြဋ္ဌါယုသ္မ ဗြာဏာဘူရခါဒဋ္ဌိရာဇာယတ၊ တေန ဒေဝါ အယဇန္တ၊ ပသ္တာဒဘူမိမထော ပုရး။ ယဇု·အ-၃၁။

တသ္မာခ္ခါ တေသ္မာဒိတတ္တာန် အာကာသး သမ္ဘူတး၊ အာကာသာ ဒ္ဒါယုး၊ ဝါယောရဂ္ဂိး၊ အဂ္ဂေရာပး၊ အဒ္ဘ္ယး ပြိထိဝီ ပြိထိဗျာအော သဓယး၊ အောသဓိဘျောအန္နမ်၊ အန္နာဒြေတး၊ ရေတသး ပုရုသး၊ သဝါ ဧသပုရုသော အန္နရသ မယး။

ဤသည်ကား ဘေတိရိယ ဥပနိသျှဒ် ဖြပ္ပခုန္ဓဝလ္လိပထ မာနုဝါက၏ အဆိုဖြစ်ပေသည်။ ဤကဲ့သို့သော သက်သေတို့၌ ဗြဟ္မ, ပုရုသ, ဒေဝ, အာကာသ ဝါယု, အဂ္ဂိ=အဂ္ဂိ, ဇလ, ဘူမိစသော အမည်တို့သည် လောက၌ အရာဝတ္ထုတို့၏ အမည်ပညတ်များ ဖြစ်ကုန်၏။ အကြောင်းကား—အကြင်နေရာ၌ ဥပါဒ်, ဋ္ဌီ, ဘင်, နည်းပါး ချို့တဲ့သော အသိဉာဏ်, စိတ် (ဝိညာဉ်) မှ ကင်းသော ဝိသေသနများ ပါဝင်ခဲ့လျှင် ဘုရားသခင်၏ အမည်ကို မယူအပ်ပေ။ ဘုရားသခင်သည် ဥပါဒ်(ဖြစ်ပေါ်ခြင်း) မှကင်း၍ အဆိုပါ မဏ္ဍာန်၌ ဥပါဒ်စသော အကြောင်းတရားများ ပါနေသောကြောင့် ဤနေရာတွင် ဗြဟ္မစသောအမည်တို့ကို ဘုရားသခင်အတွက် မသုံးစွဲမူ၍ လောက အရာဝတ္ထုများ အတွက်သာ သုံးစွဲအပ်၏။ သို့သော်, သဗ္ဗညုစသော ဝိသေသန ပါသောနေရာ၌ ဘုရားသခင်ကိုယူ၍ ဆန္ဒ, ဓေါသ, ပယတ္တ, သုခ, ဒုက္ခ, အပ္ပညော စသော ဝိသေသနပါသော နေရာတို့၌သက်ရှိသတ္တဝါတို့ကိုသာယူအပ်၏။ အကြောင်းသော်ကား, ဘုရားသခင်သည် မွေးဖွားခြင်း, သေခြင်းတရား ဘယ်တော့ခါမှ မရှိချေသောကြောင့် ဗြဟ္မစသော အမည်နှင့် ဇာတိစသော ဝိသေသနတို့ဖြင့် လောက၏ သက်ရှိသက်မဲ့သတ္တဝါတို့ကို သာယူအပ်၏။ဘုရားကိုမယူအပ်ချေ။ ဗြဟ္မ စသော အမည်တို့ဖြင့် ဘုရားသခင်ကို ယူအပ်သော အောက်ပါသာဓကတို့ဖြင့် သိအပ်၏။

အထအောကာရေထ်း (ရာဇ်ဗြိဒ်ဋ္ဌော) ဓာတ်ဖြင့် ကွိစ်ပစ္စည်းသက်လျှင် "ဗြဟ္မ" သဒ္ဒါပုဒ်ပြီး၏။ "ယော ဗိဗိခံနာမ စရာစရံ ဇဂဒြာဇယတိ ပြာကာသယတိ သဗြဟ္မ" အထူးထူးအပြားပြားဖြင့် လောကဓာတ်တခုလုံးကို ထွန်းလင်းစေတတ်သောကြောင့် ဘုရားသခင်အား 'ဗြဟ္မ' ဟူသော အမည်နာမဖြင့် ခေါ်ဆိုအပ်၏။ (အဥ္စုဂတိပူဇနယော:) အဂ, အဂိ, ဍုဏ်ဓာတ်ဖြစ်၏၊ ဤဓာတ်ဖြင့် 'အဂ္ဂိ=အဂ္ဂိ' သဒ္ဒါပြီး၏ "ဂတေသတြယောထ်း=ဉာဏံဂမနံပြာပ္တိသ္စေတိ,ပူဇနံနာမ သတ္ကာရး""ယောဥ္စတိ အစ္စတေဂစျာ်တျေတိ သောယမဂ္ဂိး" အကြင် ဉာဏ်တည်းဟူသော သဗ္ဗညု, သိအပ်, ရယူအပ် ပူဇော်အပ်သောကြောင့် ဘုရားသခင်၏ အမည်သည် "အဂ္ဂိ=အဂ္ဂိ=မီး" ဖြစ်၏။ (ဝိသပြဝေသနေ) ဤဓာတ်ဖြင့် "ဝိဿု" သဒ္ဒါပြီး၏၊ 'ဝိသန္တိ ပြဗိဋ္ဌာနိ သဗ္ဗာနိ ဋ္ဌာကာသာဗိနိ ဘူတာနိ

ယသ္မိန် ယော၀ကာသာဒိသု သဗ္ဗေသု ဘူတေသု ပြဝိသ္စူး သး ဝိသ္ထု ဣသ္သွရး''အကြင်ဘုရားသခင်၌ အာကာသ=ကောင်းကင်စသည်အားလုံး သော မဟာဘုတ်တို့သည် သက်ဝင်နေသောကြောင့် ဘုရားကို 'ဝိသ္ထု' ဟုခေါ်အပ်၏။ ဤကဲ့သို့သော အမည်နာမတို့ကို 'အ' အက္ခရာမှဖြင့် ယူအပ်၏။ ဇယောတိဝေ် ဟိရဏျံတေဇော ဝေ ဟိရဏျမိတျေ တရေယေ သတပထေ စ ဗြာဟ္မဏေ ယော ဟိရဏျာနာံ သူရျာဒီနာံတေဇသာ ဂဘ် ဥတ္ပတ္တိနိမိတ္တမဓိကရဏံ သ ဟိရဏျဂဘ်း''။ အကြင်ဘုရား၌ နေစသော တန်ခိုးအရှိန်ကြီးမားသော လောကဓာတ်တို့သည် ဖြစ်ပေါ်ခါ အမှီသဟဲ ပြု၍ တည်နေကုန်၏, တနည်းကား, နေစသော တန်ခိုးကြီးသော အရာဝတ္ထုတို့၏ ပေါက်ပွားဖြစ်ပေါ်ရာ (အမိ၏ ဝမ်းတိုက်သဘွယ်) တည်ရာဌာန တပါးဖြစ်သောကြောင့် ဘုရားသခင်ကို ''ဟိရဏျဂဘ်= ဟိရညဂဗ္ဘ'' ဟု ခေါ်အပ်၏။ ဤနေရာ၌ ယဇုဝေဒ၏ မန္တာန် သာဓကကား—

ဟိရဏျဂဘ်း သမာဝတ္တတာဂြေ ဘူတသျဇာတး ပတိရေက အာသိတ်၊ သ ဒါဓာရ ပြိထိဝိံ ဒျာမုတေမာံ ကသ္မဲ ဒေဝါယ ဟဝိသာ ဝိဓေမ။ ယဇု·အ-၁၃၊ မံ–၄။

ဤနေရာတို့၌ ''ဟိရဏျဂဘ်'' ဘုရားကိုသာ ယူအပ်၏။ (ဝါဂတိ ဂန္ဓနယော:) ဓာတ်ဖြင့် ''ဝါယု'' သဒ္ဒါပြီး၏။ (ဂန္ဓနံ့ဟိံသနာမ်) ''ယော ဝါတိစရာ စရဉ္စဂန္ဓရတိ ဗလိနာံ ဗလိဋ္ဌး သ ဝါယုး'' အကြင် သက်ရှိ-သက်မဲ့လောကကို ထမ်းဆောင်, တည်နေ, ပျက်စီးစေတတ်၍ အားလုံးတို့ထက် ခွန်အားအကြီးဆုံးဖြစ်သောကြောင့် ဘုရားသခင်ကို ''ဝါယု (=ဗလ)'' ဟု ခေါ်ဆိုအပ်၏။ (တိဇနိသာနေ) ဓာတ်ဖြင့် ''တေဇး (=တေဇော)'' သဒ္ဒါပုဒ်ဖြစ်၍ တဒ္ဓိတ်ပြုလျှင် ''တေဇသ'' သဒ္ဒါပြီး၏။ အကြင်ဘုရားသည် ကိုယ်တော်တိုင် ထွန်းလင်းတော်မူ၍ နေစသော အလင်းရောင်ရှိသော လောကဘုံတို့ကို ထွန်းလင်း စေတတ်သောကြောင့် ''တေဇသ'' ဟူ၍လည်း ခေါ်ဆိုအပ်၏။ ဤအမည်တို့သည် ''ဥ'' အက္ခရာဖြင့်သာ ယူအပ်၏။ (ဤ ဆ ဣသွယေ်) ဓာတ်ဖြင့် ''ဤသွရ= ဣဿရ'' ပုဒ်ပြီး၏။ ''ယ ဤသေ္ဌ သဗေ် သဗေ်သွယ်ဝါနိဝတ္တ်တေ သ ဤသွရး'' အကြင်ဘုရား၏ အမှန်ကို စည်းစားတတ်သော ဉာဏ်

တော်နှင့် အဆုံးမရှိသော အစိုးရခြင်းသည် ရှိတော်မူသောကြောင့် "ဤသွရ" ဟု ခေါ်ဆိုအပ်၏။ (ဒေါ်အဝခဏ္ဍာနေ) ဓာတ်ဖြင့် "အဒိတိ" တဒ္ဓိတ်ပြုလျှင် "အာဒိတျ = (အာဒိစ္စ)" သဒ္ဒါပုဒ်ပြီး၏။ "နဝိချတေ ဝိနာသော ယသျ သောယမဒိတိး+အဒိတိရေဝ အာဒိတျး"ဘယ်တော့မှ မပျက်စီးသောကြောင့် ဘုရားကို "အာဒိတျ" ဟူ၍လည်း ခေါ်ဆိုအပ်၏။ (ဉ အဝဗောဓနေ) "ပြ" ရှေ့ရှိသော ဤဓာတ်ဖြင့် "ပြဉ" ဖြစ်၍ တဒ္ဓိတ်ပြုလျှင် "ပြာဉ" သဒ္ဒါပြီး၏။ "ယးပြကြိဿဲ့ တယာ စရာစရသျ ဇဂတော ဗျဝဟာရံ ဇာနာတိ သပြဉး+ပြဉဧဝ ပြာဉး" အကြွင်းမဖေါက်မပြန် သယမ္ဘူဉာဏ်တော်ဖြင့် သက်ရှိသက်မဲ့ လောကကြီး၏ အဖြစ်အပျက်ကို အမှန်သိတတ်သောကြောင့် "ပြာဉ" ဟု ခေါ်အပ်၏။ ဤအမည်တို့သည် 'မ' အက္ခရာဖြင့် ယူအပ်၏။ တခုတခုသော မတြာဖြင့် သုံးပါး သုံးပါးသော အနက်တို့ကို ဤနေရာ၌ ပြဆိုအပ်သကဲ့သို့ပင် အခြားသော အမည်နာမတို့၏ အနက်တို့ကိုလည်း ဒုမ် အက္ခရာဖြင့် သိအပ်၏။ (သဗ္ဗော မိတြး သံ ဝ......) ဤမန္တြာန်၌ မိတြာစသော ပုဒ်တို့သည်လည်း ဘုရားသခင်၏အမည်ပင် ဖြစ်ကုန်၏။ အကြောင်းကား— ဩုတိ, ပဏ္ဏနာ, ဆည်းကပ်ခြင်းတို့သည် မြင့်မြတ်သောပုဂ္ဂိုလ်တို့ကိုသာ ပြုအပ်သောကြောင့်ဖြစ်၏။ မြင့်မြတ်သော ပုဂ္ဂိုလ်ဆိုသည်မှာ ဂုဏ်, ကိစ္စ, သဘောတရားနှင့် မှန်ကန်သော အပြုအမူတို့၌ အားလုံးတို့ထက် သာလွန်မြင့်မြတ် ရပေလိမ့်မည်။ ထိုမြင့်မြတ်ပြုစင်သော ပုဂ္ဂိုလ်တို့ထက် လည်း လွန်မြတ်သော ပုဂ္ဂိုလ်ထူးကို ဘုရားဟုခေါ်ဆိုအပ်၏။ထိုဘုရားနှင့် တူမျှသောသူသည် ရှေးကလဲ မပေါ်ဘူးသေး ယခုလည်း မပေါ်ပေါက် နောင်အနာဂတ်တွင်လည်း ပေါ်ပေါက်မည်မဟုတ်ပေ။ တူသူမရှိလျှင် သူ့ထက် ဘယ်လိုပိုမိုနိုင်မလဲ။ ဥဒါဟရဏ်ကား ဘုရားသခင်၏ သစ္စာ မှန်ကန်သော တရားနည်းလမ်း, သနားခြင်းမေတ္တာ, အားလုံးသော ခွန်အား, အားလုံးကို သိတတ်ခြင်း (=သဗ္ဗညုတဉာဏ်) စသော အတိုင်း မသိသော ဂုဏ်တော်များနှင့် အလားတူ အခြားသတ္တဝါတို့၌ မရှိနိုင်ချေ။ အကြင်အရာဝတ္ထုသည် အစစ်အမှန်ဖြစ်၏ ထိုအရာဝတ္ထု၏ ဂုဏ်, ကိစ္စ, သဘောတရားသည်လည်း မှန်ကန်၏။ ထိုကြောင့် ဘုရားသခင်မှ တပါး အခြားတစုံတယောက်အား မပူဇော်မဆည်းကပ်အပ်။ အဘယ့် ကြောင့်ဆိုသော် ဖြဟ္မာ, ဝိဿဏိုး, မဟာဒေဝမည်သော ရှေးလူကြီး

လူကောင်း ပညာရှင်များ သူရဲ,သဘာက်စသော ယုတ်ညံ့သော လူများနှင့် သာမန်သူများတို့ကလည်း ဘုရားသခင်ကိုသာလျှင် ယုံမှတ်ကိုးစားလျက် ဆည်းကပ်ကိုးကွယ် လာခဲ့ကြ၏။ ကျွန်ုပ်တို့လည်း ဤအတိုင်းပင် ပြုသင့်ကြ၏။ ဤအကြောင်းနှင့် ပတ်သက်၍ ဝိမုတ္တိနှင့် ဥပါသနာ အခဏ်း တို့တွင် အကျယ်ပြဆိုပေအံ့။

(**အမေး**) မိတြာစသော အမည်တို့ဖြင့် မိတ်ဆွေနှင့်ရာန္ဒ=သိကြား မင်းစသော နတ်ဒေဝါတို့၏ ထင်ရှားသောအပြုအမူတို့ကို တွေ့မြင်ရသဖြင့် ၎င်းတို့ကိုပင် ယူအပ်သည် မဟုတ်ပါလော?

(**အဖြေ**) ဤနေရာ၌ ထိုမိတ်ဆွေနှင့် သိကြားစသော နတ်တို့ကို မယူ သင့်ပေ။ အကြောင်းကိုဆိုသော်, အကြင်တဦးတယောက်၏ မိတ်ဆွေ သည်အခြားတယောက်၏ ရာန်သူဖြစ်၍ မလိုလားသည်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် ပဓာနအနက်အဓိပ္ပါယ်ဖြင့် မိတ်ဆွေကို မယူအပ်ပေ။ သို့သော် ဘုရားသခင်သည် တလောကလုံး၏ မိတ်ဆွေစစ်ဖြစ်၍ တစုံတယောက် နှင့်မှ ရာန်သူမဟုတ် မလိုလားခြင်းသဘော မရှိချေ။ ထို့ကြောင့် ဘုရား ကိုသာ ယူအပ်၏ ဟုတ်၏။ တင်စားသော အနက်သဘောဖြင့် ချစ် မိတ်ဆွေစသည်တို့၌ ယူအပ်၏။ (ညိ မိဒါ သနေ္တာနေ) ဤဓာတ်ဖြင့် အောဏာစသော "တြ" ပစ္စည်းသက်လျှင် "မိတြ" သဒ္ဒါပြီး၏။ 'မေဒျတိ သို့ဟျတိ သို့ဟျတေ ဝါသမိတြး' အကြင်ဘုရားသည် အားလုံးသော သတ္တဝါတို့ကို ချစ်ခင်ကြင်နာ၍ အားလုံးတို့က ၎င်းအား ချစ်ခင်ကြင်နာ သင့်၏။ထို့ကြောင့် ထိုဘုရား၏ အမည်သည် 'မိတြ' ဖြစ်၏။(ဖြိညဝရဏော, ဝရဤပ္သာယာမ်) ဤဓာတ်ဖြင့် 'ဥဏာဒိ' ဥန္ဒ ပစ္စည်းသက်ခြင်း ကြောင့် "ဝရုဏ" သဒ္ဒါပြီး၏။ "ယး သဗ်ာန် ဘိသ္မာန် မုမုချုန္တမ်ာတ္တ နော ဖြိဏောတျထဝါယး ဘိသ္မေမ်ုရချုဘိမ်ာတ္တဘိဖြိ်ယတေဝါသ ဝရုဏး ပရမေသွရး" အကြင်အတ္တ ယောဂီ ပညာရှိ, ဝိမုတ္တိကို လိုလားသူ၊ ၎င်းမြင် သီလရှိသော ပညာရှိ မဂ်ဖိုလ်ကို လိုလားသူတို့ ယူဆအပ်သော ဘုရားကို 'ဝရုဏ'ဟု ခေါ်ဆိုအပ်၏ "တနည်း "ဝရု 'ဏော နာမ ဝရးဩေ့ညွှး' အားလုံးတို့ထက် မြင့်မြတ် သောကြောင့် 'ဝရုဏ'။ (မိုဂတိပြောပဏယော်း) ဓာတ်ဖြင့် "ယတ်" ပစ္စည်းသက် သောကြောင့် "အာယျ" သဒ္ဒါပြီး၏။ ထို့ဖြင့် "အာယျ" လျှင်ရှေးရှိသော

(မာင်မာနေ) ဓာတ်ဖြင့် 'ကနိန်' ပစ္စည်းသက်လေသောကြောင့် "အာယျံမာ" သဉ္ဇါပြီး၏။ "ယောအာယာံန် သွာမိနော နယာယာ ဝိသာန် ဗိဗိတေမာချာန် ကရောတိသော အာယံမာ"အကြင် မှန်ကန်သော တရားဆုံးဖြတ်ခြင်းကို ပြုတတ်သောလူတို့၏လေးမြတ်ရာဖြစ်၍ ကုသိုလ်အကုသိုလ်ပြုသူတို့အား ကောင်းကျိုး မကောင်းကျိုးကို အထိုက် အလျောက် ပေးတတ်သော ဂုဏ်ကြောင့် ဘုရားအား 'အာယံမာ' ဟု ခေါ်ဆိုအပ်၏။ (ဗ္ဗုဒိပရမဲသွ ယော်) ဓာတ်ဖြင့် 'ရန်' ပစ္စည်းသက်သောကြောင့် "ဗုဒ္ဓြ" ပုဒ်ပြီး၏၊ "ယဗုဒ္ဓိတိ ပရမဲသွယ်ဝါန် ဘဝတိ သဗုဒ္ဓြး ပရမေသွရး" အကြင် အလုံးစုံသော အစိုးရခြင်းနှင့် ပြည့်စုံတော် မူသောကြောင့် ဘုရားအား 'ဗုဒ္ဓြ=ဗုဒ္ဓ' ခေါ်၏၊ 'ဗြိဟတ်' သဉ္ဇါလျှင် ရှေ့ရှိသော (ပါရကျဲဏော) ဓာတ်ဖြင့် 'ဍုတိ ပစ္စည်း' ဗြိဟတ် ပုဒ်၏ တ-အက္ခရာကြေသဖြင့် သုဋ္ ါ အာဂမ လာသောကြောင့် 'ဗြိဟသ္ပတိ' သဉ္ဇါပြီး၏၊ "ယောဗြိဟတာမာကာသာဒိနံ ပတိး သွာမိ ပါလယိတာသ ဗြိဟတ္တတိး" အကြင် ကြီးမြတ်သူတို့ထက်လည်းကြီးမြတ်တော်မူ၍ ပြန့်ပြော ကျယ်ဝန်းသော အာကာသ စသော လောကဓာတ်ကြီး၏ အသျှင်သခင် ဖြစ်တော်မူသောကြောင့် ဘုရားသခင်ကို "ဗြိဟသ္ပတိ"ဟု ခေါ်ဆိုအပ်၏၊ (ဝိသဉ္ဇိ ဗျာဌ္ဌေါ) ဓာတ်ဖြင့် "နု" ပစ္စည်းသက်သောကြောင့် "ဝိသျှဏု" သဉ္ဇါပုဒ်ပြီး၏၊ "ဝေဝေဋိ ဗျာပ္နောတိ စရာစရံ ဇဂတ သ ဝိသျှဏု" သက်ရှိ သက်မဲ့ လောကကြီး၌ ပြန့်နှံ့၍ တည်သောကြောင့် ဘုရားသခင်၏ အမည်သည် "ဝိသျှဏု" ဖြစ်၏၊ "ဥရုမ်ဟာန် ကြမး ပရာကြမော ယသျ သ ဥရုကြမး" အဆုံးမရှိသော တန်ခိုးတော်နှင့် ပြည့်စုံသောကြောင့် ဘုရားသခင်၏ အမည်သည် "ဥရုကြမ"ဖြစ်၏၊ အကြင် ဘုရားသခင်သည် (ဥရုကြမး) ကြီးမားသော တန်ခိုးတော်နှင့် ပြည့်စုံ၍ (မိတြး) အားလုံးသော သတ္တဝါတို့၏ အဆွေခင်ပွန်းဖြစ်၍ (သမ်) ချမ်းသာကို ပေးတတ်သော (ဝရုဏး) အားလုံးထက် မြတ်သော (သမ်) ချမ်းသာ၏ သရုပ်ဖြစ်သော (အယံမာ) တရားသဖြင့် စီရင်တတ်သော တရားသူကြီး ဖြစ်သော (သမ်) ချမ်းသာကို ဖြန့်ဖြူးတတ်သော (ဗုဒ္ဓြး) အားလုံးသော ဗ္ဗုဿရိယ ဂုဏ်နှင့်ပြည့်စုံသော (သမ်) အားလုံးသော အစိုးရခြင်းကို ပေးတော် မူတတ်သော (ဗြိဟသ္ပတိ) အားလုံးကို အစိုးရသော (သမ်) အတတ်ပညာကို ပေးတတ်သော (ဝိသျှဏု) အားလုံး

၌ ဖြန့်နှံ့၍ တည်သော ဘုရားသခင်သည် (နး) ငါတို့၏ ကောင်းကျိုးကို ပေးတတ်သည်၊ (ဘဝတု) ဖြစ်ပါစေသတည်း။

(ဝါယော တေဖြပဿ ဏော နမော အသ္မ၊) (ဗြဟ္မဗြိဘိ ဗြိဓ္ဓေါ) ဤခေတ်တို့ဖြင့် "ဖြပဿ" သဒ္ဒါပုဒ်ပြီး၏၊ အကြင် ဘုရားသခင်သည် အားလုံးတို့၏ အသက်၌ စံပျော်နေ၏၊ အားလုံးထက် ကြီးမြတ်၍ အဆုံး မရှိသော အားခွန် ဗလနှင့် ပြည့်စုံတော်မူ၏၊ ထိုဘုရားသခင်ကို ကျွန်ုပ်ရှိခိုး ပူဇော်ပါ၏။ အိုဘုရားသခင်(တွမေဝ ဖြတျက္ခံ ဖြပဿာသိ) သင်ဘုရားသည်ပင် အားလုံးသော သတ္တဝါတို့၏ စိတ်အလိုကို သိတတ်သော ပကတိဖြဗ္ဗ ဖြစ်တော်မူ၏(တွာမေဝ ဖြတျက္ခံဖြပဿ ဝဒိဿျာမိ)ကျွန်ုပ်သည် သင်ဘုရားကို ပင်ပကတိ ဖြပဿခေါ်ပါမည်၊အဘယ့်ကြောင့်ဆိုသော် အချင်ဘုရားသည် အားလုံးသော နေရာတို့၌ ဖြန့်နှံ့၍ တည်သဖြင့် အားလုံးသော သတ္တဝါတို့သည် အချင်ဘုရားကို ရယူအပ်ပါသည်၊ (ရိတံ ဝဒိဿျာမိ) သင်ဘုရားသခင်၏ ဝေဒကျမ်းပါ အမိန့်အာဏာတော်တို့ကို အားလုံးသော သတ္တဝါတို့ အလို့ငှါ ဟောပြော ကျင့်ဆောင်ပါမည်။ (သတျံ ဝဒိဿျာမိ) မှန်သော စကားကို ဆိုပါအံ့၊ အမှန်ကို ယူပါအံ့၊ အမှန်ကို ပြုပါအံ့။ (တန္မာမဝတု) ထို့ကြောင့် သင်ဘုရားသည် ကျွန်ုပ်အား စောင့်ရှောက်တော်မူပါဘုရား၊ (တဒွက္တာရမဝတု) သင်ဘုရားသခင်သည် အမှန်ကို သိပြီးဖြစ်သော မှန်သော စကားကို ဆိုတတ်သူ ကျွန်ုပ်အား စောင့်ရှောက်တော်မူပါဘုရား၊ အကြောင်းသော်ကား ဤသို့ စောင့်ရှောက်တော်မူမှ သာလျှင် ရှင်တော်ဘုရား၏ အာဏာတော်၌ ကျွန်ုပ်၏ အသိဉာဏ်သည် တည်လျက် ပေါက်ပြန် ဆန့်ကျင်ခြင်း မဖြစ်ပါအံ့၊ သင်ဘုရား၏ အာဏာတော်သည်ပင် မှန်သောတရားဖြစ်၍ ထိုတရားနှင့် ဆန့်ကျင်သော အရာသည် မတရားဖြစ်ပါသည်၊ (အဝတုမာမဝတု ဝတ္တာရမ်) ဤကား ရတိယ္ပ ထပ်ခါဆိုသော အဓိကာရိယ ဝါကျမျိုးသာဖြစ်၏၊ ဥဒါဟရဏ်ကား "ကာသ္မိတ် ကဒွိတ်ဖြတိ ဝဒတိတွံ ဂြာမံ ဂစ္ဆ ဂစ္ဆ" ဤနေရာတွင် ကြိယာပုဒ်ကို ၂=ကြိမ်ထပ်ခါ ဆိုသောကြောင့် "သင်သည် ရွာသို့ မြန်မြန် သွားချေ" ဟု ဆိုရာ ရောက်သကဲ့သို့ ဤပုဒ်ပါဌ်၌လည်း သင်ဘုရားသည် ကျွန်ုပ်အား မချ စောင့်ရှောက်တော်မူပါ ဟု ဆိုလို၏၊ အဓိပ္ပါယ်ကား တရား၌ ကောင်းစွာ စွဲမြဲ၍ မတရား၌ အမြဲ ရှုံ့မုန်းခြင်းကို

ပြုပါအံ့၊ ဤသနားခြင်းကို ပြုတော်မူပါ သင်ဘုရား၏ ကျေးဇူးကို သိပါအံ့၊ (အုံသာန္တိး သာန္တိး သာန္တိး) ဤသို့ သုံးကြိမ် သန္တိပါဌ်ကို ဆိုလိုရင်း အဓိပ္ပါယ်မှာ တိဝိဓ တာပ=ဤသံသရာကြီး၌ ဆင်းရဲ ဒုက္ခသုံးမျိုး ရှိရာတွင် တမျိုးကား အဓျာတ္တိက အဝိဇ္ဇာ, ရာဂ, ဒေါသ, အသိဉာဏ်နဲ့ခြင်းနှင့် အဖျား နာကျင် ကိုက်ခဲခြင်း စသော ရောဂါအနာ, ဒုတိယ အာဓိဘူတိက, ရန်သူ, ကျား စသော သားရဲ တိရစ္ဆာန်နှင့် မြွေ စသည်ကြောင့်ဖြစ်သောဒုက္ခ၊ တတိယ အာဓိဒေဝိက, မိုးလုံး အားကြီးခြင်း, အအေးလွန်ခြင်း, အပူလွန်ခြင်း, စိတ်နှင့် ဣန္ဒြေတို့ မငြိမ်သက်ခြင်း ဒုက္ခမျိုးဖြစ်ကုန်၏။ ဤသုံးပါးသော ဆင်းရဲဒုက္ခတို့မှ ကျွန်ုပ်တို့အား ကင်းလွတ်စေပြီးလျှင် ကောင်းကျိုးကို ပေးတတ်သော ကုသိုလ် မှုတို့၌ တည်မြဲအောင် ပြုတော်မူပါ၊ အဘယ့်ကြောင့် ဆိုသော်, သင်ဘုရား သည်ပင်လျှင် ကောင်းကျိုး ချမ်းသာ၏ သရုပ် လောကသံသရာ ကြီး၏ ကောင်းကျိုး ချမ်းသာကို ပြုတတ်သူ၊ တရားကို ကျင့်ဆောင်သော သူတော်ကောင်းတို့အား ကောင်းကျိုး ချမ်းသာကို ပေးတော်မူတတ်သော ဘုရားဖြစ်တော်မူ၏။ သို့ဖြစ်သောကြောင့် သင်ဘုရားရှင်သည် မိမိ၏ ကရုဏာတော်ဖြင့် အားလုံးသော သတ္တဝါတို့၏ စိတ်နှလုံး၌ ဖြန့်နှံ့ထွန်းလင်းတော်မူပါ၊သို့မှ အားလုံးသောသတ္တဝါတို့သည် တရားကို ကျင့်ဆောင်ခါမတရား (အကုသိုလ်) ကို စွန့်လျက် အဆုံးမရှိသော ဝိမုတ္တိရသကို ရယူကြပါအံ့ ဆင်းရဲဒုက္ခတို့မှ ကင်းဝေးပါအံ့။ "သူယ်အာတ္မာ ဇဂတး တဿုသ္တ" ဤယဇုဝေဒကျမ်းပါ ပါဌ်အရ အားလုံးသော သက်ရှိသတ္တဝါနှင့် သက်မဲ့ကမ္ဘာလောက၏ အတ္တ (ဝိညာဉ်တော်) ဖြစ်၍ မိမိ၏ ရောင်ခြည်တော်ဖြင့် အားလုံးကို ထွန်းလင်းစေတတ်သောကြောင့် ဘုရားသခင်၏ အမည်သည် "သူယ် (=သူရိယ)" ဖြစ်၏။ (အတ သာတတျ ဂမနေ) ဓာတ်ဖြင့် "အာတ္မာ=အတ္တ" သဒ္ဒါပုဒ်ပြီး၏။ "ယော အတတိ ဗျာပ္နောတိ သ အာတ္မာ" အကြင်လောကကြီး တခုလုံး၌ အမြဲနိစ္စ ဖြန့်နှံ့ ထွန်းတောက်နေတော်မူ၏။ "ပရာတ္မာ သာဝါတ္မာ စ ယ အာတ္မတော့ဇီဝေဘျးသူချမေဘျး ပရောအတိသူချမး သ ပရမာတ္မာ" အကြင်ဘုရားသည် အားလုံးသော သတ္တဝါတို့ထက် မြင့်မြတ်တော်မူ၏။ အသက်ဝိညာဉ် မဟာဘုတ်နှင့် အာကာသဓာတ်ထက်လည်း ပိုမိုသိမ်မွေ့တော်မူ၍ အားလုံးသော သက်ရှိသတ္တဝါတို့၏ စိတ်အလိုကို

သိတတ်တော်မူသော အတ္တတော်ကြောင့် ဘုရားကို ''ပရမာတ္ထာ'' ဟု ခေါ်အပ်၏။ ခွန်အားဗလနှင့် ပြည့်စုံသူကို ''ဣသရ''ဟု ခေါ်အပ်၏။ ''ယ ဤသွရေသု သမထေိသု ပရမး ဩြည့္ဃုး‌သ ပရမေသ္သရး'' အကြင် ဘုရားသည် အစိုးရသူ ခွန်အားကြီးသူတို့ထက်လည်း ပိုမိုကြီးမားတော်မူ၍ တုဘက်မရှိသောကြောင့် 'ပရမေသ္သရ' ဟုခေါ်အပ်၏။ (ပုဉ်အဘိ သဝေ, သုင် ပြာဏိဂဘ် ဝိမောစနေ ဣန) ဓာတ်ဖြင့် ''သဝိတာ'' သဒ္ဒါပြီး၏။''အဘိသဝး ပြာဏိ ဂဘ် ဝိမစနံ စောတ္တာဒနမ် ယသ္သရာ စရံ ဇဂတ သုနောတိ သူတေ ဝေါက္ကာဒယတိ သ သဝိတာ ပရမေသ္သရး'' ကမ္ဘာလောကကြီး တခုလုံးကို ပြုပြင်ဘန်ဆင်းတော် မူသောကြောင့် ဘုရားသခင်၏ အမည်တော်ကို ''သဝိတာ'' ဟုခေါ်တော်မူ၏။ (ဒိဝု ကြီဍု)ဝိဇိဂိသာ ဗျဝဟာရဒျု တိဿုတိ မောဒမဒသွပ္န ကာန္တိဂတိသု) ဤဓာတ်ဖြင့် 'ဒေဝ' သဒ္ဒါပြီး၏။ (ကြီဍု) အကြင်သူဒ္ဒဖြစ်သော ကမ္ဘာ လောကကြီးကို ပျော်ပါးကစားစေခြင်း (ဝိဇိဂိသာ) တရားကိုလိုလား သူတို့အား အောင်မြင်စေလိုသော ဆန္ဒရှိသော (ဗျဝဟာရ) အားလုံး သောသူတို့အား စေ့ဆော်အားထုတ်ရန် နည်းလမ်းကို ပေးတတ်သော (ဒျုတိ) ပင်ကိုယ်အလင်းရောင်ဖြင့် အားလုံးကို ထွန်းလင်းစေတတ်သော (ဿုတိ) ဋ္ဌုတိသြဘာ ပေးထိုက်သော (မောဒ) ကိုယ်တော်တိုင် နှစ်လို ဝမ်းမြောက် ၍အခြားသောသူတို့အားလည်း နှစ်လိုဝမ်းမြောက်စေတော် မူတတ်သော (မဒ) မာန်မူယစ် သူတို့အား နှိမ်နှင်းဆုမ္မတော်မူတတ်သော (သွပ္န) အားလုံးသူတို့ အိပ်စက်ရန် ညည့်နှင့် ကမ္ဘာမီးလောင်စေတတ် သော(ကာန္တိ)နှစ်လိုဘွယ်သော(ဂတိ)ဉာဏ်နှင့်တူသောကြောင့်ဘုရားကို 'ဒေဝ' ဟု ခေါ်အပ်၏၊ တနည်း ''ယော ဒိဗျတိ ကြီဍတိ သဒေဝး'' အကြင်ဘုရားသည် မိမိအလိုလို နှစ်လိုဝမ်းမြောက်စွာ ကိုယ်တော်တိုင် ရွှင်ပျော် ကစားတော် မူ၏၊ တနည်း' အခြား တစုံ တယောက်၏ အကူအညီကို မယူဘဲ ရွှင်ပျော်စွာ ကစားဘိ သကဲ့သို့ ကမ္ဘာ ကြီး တခုလုံးကို ဘန်ဆင်းတော် မူခြင်း (ဝါ) ကစားခြင်း အမျိုး မျိုး၏ တည်ရာ ဖြစ်တော်မူခြင်း၊ ''ဝိဇိဂိသတေ သ ဒေဝး'' အား လုံးကို အောင်နိုင်၍ မည်သူမျှ အောင်နိုင်ခြင်း၄ါ မတတ်ကောင်းသော၊ ''ဗျဝဒေါရယတိ သဒေဝေ'' အမှားနှင့်အမှန်ကို သိ၍ ဆိုဆုမ္မတော်မူ [illegible] ''ယသ္သရာစရံ ဇဂတ ဓျောတယတိ'' အကြင် အားလုံးတို့

ကို ထွန်းလင်းအောင် ပြုတော်မူတတ်သော၊ ''ယး သွာ့ယတေ သဒေဝး'' လူအပေါင်းတို့ အုံ့ချီးထိုက်သော၊ ''ယော မောဒယတိ သဒေဝး'' နှစ်လို ဝမ်းမြောက်တတ်၍ သူတပါးတို့အားလည်း ဝမ်းမြောက် ရွှင်လန်းစေတတ်သော၊ ''ယောမာဒယတိ သဒေဝး'' အကြင် စိုးရိမ် ပူဆွေးခြင်းမှ ကင်း၍ အခါခပ်သိမ်း ရွှင်လန်း ဝမ်းမြောက်တော် မူတတ်၍ သူတပါးတို့အားလည်း ဆင်းရဲဒုက္ခတို့မှ ကင်းဝေး စေတတ်၍ ရွှင်းလန်း ဝမ်းမြောက်ခြင်းကို ပေးတော်မူတတ်သော၊ ''ယး သွာပယတိ သ ဒေဝး'' အကြင် ကမ္ဘာမီး လောင်သော အခါ၌ မထင်ရှားဘဲ အားလုံးသော သတ္တဝါတို့ကို သိပ် (အိပ်စေ) ၏။ ''ယကာမယတေ ကာမျတေဝါ သဒေဝး'' အကြင်ဘုရား၏ ကောင်းမြတ် မှန်ကန်သော ကိစ္စနှင့် ထိုဘုရားသခင်ကို သူတော်ကောင်း မှန်သမျှ ရရှိဘို့ရန် လိုလားတောင့်တကြကုန်၏။ ထိုနည်းအတူ၊ ''ယော ဂစ္ဆတိ ဂမျတေဝါ သ ဒေဝး'' အကြင်ဘုရားသည် အားလုံး၌ပြန့်နှံ့နေ၍ သိထိုက် သိအပ်သောကြောင့် ဘုရားသခင်၏ အမည်သည် 'ဒေဝ' ဖြစ်၏။ (ကုဝိ အာစ္ဆာဒနေ) ဓာတ်ဖြင့် 'ကုဝေရ' သဒ္ဒါပြီး၏။ ''ယး သဗ် ကုဝတိ သွဗျာပ္တျာ စ္ဆာဒယတိ သကုဝေရော ဇဂတိသွရး'' အကြင်ဘုရားသည် မိမိ၏ တန်ခိုးတော် ရောင်ခြည်ဖြင့် အားလုံးကို ဖုံးလွှမ်း၍ တည်သောကြောင့် 'ကုဝေရ' ဟု ခေါ်ဝေါ်အပ်၏။ (ပြထ ဝိဿာရေ) ဓာတ်ဖြင့် 'ပြိထိဝိ' သဒ္ဒါပြီး၏။ ''ယးပြထတေ သဗ် ဇဂဒ္ဒိးတြိဏာတိး သ ပြိထိဝိ'' အကြင်ဘုရားသည် ဖြန့်ဖြောကျယ်ဝန်းသော ကမ္ဘာတခုလုံးကို ကျယ်ဝန်းအောင် ပြုတတ်သောကြောင့် 'ပြိထိဝိ' ဟု ခေါ်အပ်၏။ (ဇလဃာတနေ) ဓာတ်ဖြင့် 'ဇဂလ' သဒ္ဒါပြီး၏။ ''ဇလတိ ဃာတယတိ ဒုသ္ဌာန်, သံဃာတယတိ အဗျတ္တပရမာဏွာဒိန် တဒ် ဖြပှ္မ ဇလမ်'' အကြင် ဘုရားသည် လူမိုက် တို့အား နှိမ်နင်း၍ အလွန် သိမ်မွေ့သော ပရမာဏုမြူတို့ကို အချင်းချင်း ပေါင်းစပ်ခြင်း ခွဲခြမ်းခြင်းကို ပြုတော် မူတတ်သောကြောင့် 'ဇလ' ဟု ခေါ်ဝေါ်အပ်၏။ (ကာသြိ ဒိပ္တော) ဤဓာတ်ဖြင့် 'အာကာသ' သဒ္ဒါပုဒ် ပြီး၏။ ''ယး သဗ်တး သဗ်ဇဂတ ပြကာသယတိ သအာကာသး,'' အကြင်ဘုရားသည် အရပ် လေးမျက်နှာမှ ကမ္ဘာတခုလုံးကို ထွန်းလင်း စေတတ် သောကြောင့် 'အာကာသ' ဟု ခေါ်ဝေါ်အပ်၏။ (အဒ ဘက္ခဏေ) ဓာတ်ဖြင့် 'အန္န' သဒ္ဒါပြီး၏။

အဒ္ဓါထေတတိစ ဘူတာနိ တသ္မာဒဒ္ဒွံ တဒုစ္စတေ။ ၁။ အဟာမန္တ မဟာမန္တ မဟာမန္တံ၊ အဟာမန္တာ ဒေါဟာမန္တာ ဒေါဟာမန္တာဒ။ ၂။ တေတိ· ဥပနိ·၊ အနုဝါက- ၂၊ ၁၀။ အတ္တာစရာစရ ပြြဟာဏာဘ်၊ ဝေဒတ္တ ဒသ်နေ- အ· ၁၊ ပါ· ၂၊ သူ· ၉။

အကြင်ဘုရားသည် အားလုံးသော သတ္တဝါတို့အား (ဝိညဉ်တော်) အတွင်း၌ သွတ်သွင်းထားခြင်း အားလုံးသော သတ္တဝါတို့အား ဆောင် ကြဉ်းယူနိုင်သော ဂုဏ်တန်ခိုးတော်ရှိ၍ သက်ရှိသက်မဲ့ သတ္တဝါ တော တောင်အနန္တတို့ကို ကိုင်ယူထားတော် မူတတ်သောကြောင့် "အနွ," "အန္တာဒ," "အတ္တာ" မည်တော်မူ၏။ ဤနေရာ၌ သုံးကြိမ်ဆိုသောပါဌ်ရှိရာ ရှိသေသဖြင့် ဂုဏ်ပြုဆိုသော ပါဌ်သာဖြစ်၏။ ဥပမာ–သဖန်းသီး၌ ဖြစ်ပေါ် ပေါက်ပွားလာသော ပိုးကောင်တို့သည် ထိုအသီး၌နေခါ ထို အသီး၌ပင် ပျက်စီးသေကြေ သွားဘိသကဲ့သို့ ဘုရားသခင်၏ ကိုယ်တော် အတွင်း၌ပင် ကမ္ဘာ လောက ဓာတ်ကြီး ဖြစ်ပေါ် တည်နေ, ပျက်စီးရလေသည်။ (ဝသနိဝါသေ) ဤဓာတ်ဖြင့် "ဝသု" သဒ္ဒါပုဒ် ပြီး၏။ "ဝသန္တိဘူတာနိ ယသ္မိန္နထဝါ ယး သဗေ်သု ဝသတိ သ ဝ သုရိသွရး," အကြင်ဘုရား၌ အာကာသစသော မဟာဘုတ်တို့သည် တည်နေကုန်၏။ တနည်း အကြင်ဘုရားသည် အလုံးစုံသော မဟာဘုတ် တို့၌ တည်နေတော်မူ၏ ထိုထိုသောဂုဏ်ကြောင့် "ဝသု" ဟုခေါ်ဝေါ် အပ်၏၊ (ရုဒိရ အသြုဝိမောစနေ) ဤဓာတ်ဖြင့် "ဏိစ်" ပစ္စည်းသက် သောကြောင့် "ရုဒြ" သဒ္ဒါပြီး၏။ "ယော ရောဒယ တျုန္တာယကာရိဏော ဇနာန် သ ရုဒြး," အကြင်မကောင်းမှုပြုသော သူတို့အား ငိုရိုစေတတ် သောကြောင့် "ရုဒြ" ဟု ခေါ်အပ်၏။

ယန္တနသာ ချာယတိ တဒ္ဓါစာ ဝဒတိ ယဒ္ဓါစာ ဝဒတိ တတ် ကမ်ဏာ ကရောတိ ယတ် ကမ်ဏာ ကရောတိ တဒဘိ သမ္ပဒျတေ။

ဤသည်ကား ယဇုဝေဒ၏ ဗြာဟ္မဏ ဝစနဖြစ်၏။ သတ္တဝါသည် အကြင်အခြင်းအရာကို စိတ်ကူး၏, နှုတ်ဖြင့်ပြောဆို၏, ကာယဖြင့်လုပ်၏, ကာယဖြင့်လုပ်သည်ကိုရ၏၊ ဆိုလိုရင်းမှာ ပြုသောအကျိုးကို ခံစားရ၏။ မကောင်းမှု ပြုသော သူသည် ဘုရားသခင်၏ အစီအရင် နည်းနာ အားဖြင့်စွာ ဒုက္ခတည်းဟူသော မကောင်းကျိုးကို ခံစားရ၍ ငိုရို

မြည်တမ်း၏။ တနည်း ဘုရားသည်ငင်း သတ္တဝါအား ငိုစေ၏ ထိုကြောင့် ဘုရားကို "ရုဒြ" ဟုခေါ်ဝေါ်အပ်၏။

အာပေါနာရာဣတိ ပြောက္တာ အာပေါဝဲနရသုနဝး တာယဒသျာယ နံပူဗ်ံတေန နာရာယဏား သမြိတား။ မနု-အ-၁။ ၅၁-၁၀ ရေနှင့် သတ္တဝါတို့ အမည်သည် 'နာရာ' ဖြစ်၍ ထိုသတ္တဝါတို့သည် ဘုရားသခင်၏ တည်နေရာ 'အယန်' ဖြစ်သောကြောင့် ဘုရားကို "နာရာယဏ" ဟူ၍လည်း ခေါ်၏။ (စဒိအာဟ္လာဒေ) ဓာတ်ဖြင့် "စန္ဒြ" သဒ္ဒါပုဒ်ပြီး၏။ "ယာဟ္လာန္ဒတိ စန္ဒယတိဝါ သစန္ဒြး," အကြင်ဘုရားသည် ဝမ်းမြောက်ကြည် သာသလို၊ အခြားသတ္တဝါ တို့ကိုလည်းဝမ်းမြောက်ကြည်သာ စေတတ်သောကြောင့် "စန္ဒြ" ဟုခေါ် ဝေါ်အပ်၏။ (မဂိဂတျာထ်က) ဓာတ်, "မင်္ဂေရလစ်" သုတ်ဖြင့် "မင်္ဂလ" သဒ္ဒါပြီး၏။ "ယောမင်္ဂတိ မင်္ဂယတိ ဝါ သမင်္ဂလ," အကြင်ဘုရားသည် ကိုယ်တော်တိုင် မင်္ဂလာရှိ၍ အခြား သတ္တဝါအားလုံးတို့၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာ၏ အကြောင်းရင်း တပါး ဖြစ်တော်မူသောကြောင့် "မင်္ဂလ" ဟု ခေါ်ဝေါ် အပ်၏။ (ဗုဓ အဝဂမနေ) ဓာတ်ဖြင့် "ဗုဓ" သဒ္ဒါပြီး၏။ "ယောဗုဓျတေ ဗောဓယတိဝါ သဗုဓး," အကြင်ဘုရားသည် ကိုယ်တော်တိုင် သိတော်မူတတ်၍ သတ္တဝါ အားလုံး၏ အသိဉာဏ်၏ တည်ရာတပါးလည်း ဖြစ်တော် မူတတ်သော ကြောင့်"ဗုဓ"ဟု ခေါ်အပ်၏။ "ဗြိဟသ္ပတိ" ပုဒ်၏ အနက်ကို ပြခဲ့ပြီ။ (ဤသုစိရ် ပူတီဘာဝေ) ဓာတ်ဖြင့် "သုကြ" သဒ္ဒါပြီး၏။ "ယး သုစ္စတိ သောစယတိ ဝါ သ သုကြး," အကြင် ဘုရားသည် အထူးဖြူစင် မြင့် မြတ်တော်မူ၍ ထိုဘုရားနှင့် ဆက်ဆံသော သတ္တဝါတို့သည်လည်း ဖြူစင် တတ်ကြသောကြောင့် "သုကြ" မည်တော်မူ၏။ (စရဂတိဘက္ခဏ ယော:)ဓာတ်ဖြင့်"သနေသ်"အဗျပုဒ်ရှေ့၌လာသောကြောင့်"သနေသ္စရ" သဒ္ဒါပုဒ်ပြီး၏။ "ယး သနေသ္စရတိ သ သနေသ္စရး" အကြင်ဘုရားသည် အားလုံး၌ လွယ်သင့်တကူ ပေါက်ရောက်တော်မူ၍ ဓိတိ=တည်ကြည် သောဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် "သနေသ္စရ" မည်တော်မူ၏။ (ရဟ တျာဂေ) ဓာတ်ဖြင့် "ရာဟု" သဒ္ဒါပြီး၏။ "ယောရဟတိ ပရိတျဇ တိ ဒုသ္ဌါန် ရာဟယတိ တျဇယတိ ဝါ သ ရာဟုရိသ္စရး" အကြင်ဘုရား သည် အခြား အရာဝတ္ထုတို့နှင့် ရောနှောပြွမ်းတီးခြင်း မရှိဘဲ၊ လူရိုက်တို့

ကို စွန့်ပစ်၍အခြားသူတို့အားလည်းစွန့်ခွါစေတတ်သောကြောင့်"ရဟ" မည်တော်မူ၏။(ကိဘ နိဝါသေ ရောဂါပနယနေစ) ဓာတ်ဖြင့် "ကေတု" သဒ္ဒါပုဒ်ပြီး၏။ "ယေး ကေတယတိ ဗိတိစ္ဆတိ ဝါ သ ကေတုရိသွရး," အကြင်ဘုရားသည်ကမ္ဘာတခုလုံး၏ တည်ရာဌာန,ရောဂါ အပေါင်းတို့မှ ကင်းစင်၍ သူတော်ကောင်း (ယောဂီ) တို့ကို ဝိမုတ္တိ-အခါ၌ အားလုံးသော ရောဂါတို့မှ ကင်းလွတ်စေတတ် သောကြောင့် "ကေတု"မည်တော်မူ၏။ (ယဇ ဒေဝပူဇာ သင်္ဂတိ ကရဏဒါနေသု) ဓာတ်ဖြင့် "ယည" သဒ္ဒါ ပြီး၏။ "ယညော စေ ဇိသျကာ" ဤကား ဖြပ္ပတ္တ-ကျမ်းလာစကားဖြစ်၏။ "ယောယဇတိ ဝိဓူမ္ဘိရိဖ္ယ တေ ဝါ သ ယညး," အကြင်ဘုရားသည် ကမ္ဘာတခုလုံး၏ အရာဝတ္ထုတို့ကို ပေါင်းဆုံစေ၍ အားလုံးသောပညာရှိတို့၏ပူဇော်ထိုက်သူဖြစ်သည့်ဖြင့်ဖြပ္ပဒ္မာမင်းမှအစပြု၍ အားလုံးသော ရသေ့ ရဟန်းတို့ ပူဇော်အည်းကပ်ရာဖြစ်၍ နောင်ကိုလည်းဖြစ်လတ့်ဖြစ်သောကြောင့် "ယည" ဟု ခေါ်ဝေါ်အပ်၏။ အကြောင်းကိုဆိုသော်, ထိုဘုရားသည် အားလုံးသော အရပ်တို့၌ ပြန့်နှံ့၍ တည်တော်မူ၏။ (ဟု ဒါနာဒနယေား, အာဒါနေ စေတျကေ) ဓာတ်ဖြင့် "ဟောတာ" သဒ္ဒါပြီး၏။ "ယော ဇုဟောတိ သ ဟောတာ," သတ္တဝါတို့အား ပေးအပ်ပေးထိုက်သော အရာဝတ္ထုတို့ကို ပေးတတ်သူ, ခံယူအပ်သော အရာတို့ကို ခံယူတတ်သူဖြစ်တော်မူသောကြောင့်"ဟောတာ"မည်တော်မူ၏(ဗန္ဓဗန္ဓနေ)ဓာတ်ဖြင့်"ဗန္ဓု" သဒ္ဒါပြီး၏။" ယေး သွသ္မိန် စရာစရံ ဇဂဒိဗန္ဓါတိ ဗန္ဓုဝဒ္ဓမ်ာတျွနဉ် သုခါယ သဟာယော ဝါ ဝတ္တတေ သ ဗန္ဓုး," အကြင်ဘုရားသည် မိမိ၌ လောကကြီးကို နည်းလမ်းအား လျော်စွာ (နိယာမ အားလျော်စွာ) နှောင်ဖွဲ့ထား၏၊ ညီအစ်ကို အရင်းအချာကဲ့သို့ ကူညီတတ်သူဖြစ်၏၊ ထို့ဖြစ်၍ မိမိတို့ စည်းမျဉ်းကို မကျူးကျော်နိုင်ကြချေ။ ဥပမာ — အစ်ကိုကြီးသည် ညီတို့၏ အကူအညီပေးသူ ဖြစ်ဘိသကဲ့သို့၊ ဘုရားသခင်သည်လည်း ပထဝီ — မြေကြီး စသည်တို့ကို ဆောင်ကြဉ်း, စောင့်ရှောက်ခါ ချမ်းသာကို ပေးတော်မူတတ်သောကြောင့်" ဗန္ဓု " ခေါ်တွင်၏။ (ပါရက္ခဏေ) ဓာတ်ဖြင့် "ပိတာ" သဒ္ဒါပြီး၏။ "ယ း ပါတိ သဗ္ဗာန် သ ပိတာ " ဘခင်သည် မိမိ၏ သားသမီးတို့ကို အမြဲချစ်ခင်ကြင်နာ၍ ထိုသားသမီးတို့၏ ကြီးပွားချမ်းသာခြင်းကို လိုလားဘိသကဲ့သို့၊ ဘုရားသခင်သည်လည်း အားလုံးသော သတ္တဝါ

တို့၏ ကြီးပွားချမ်းသာခြင်းကို လိုလားတော် မူသောကြောင့် "ပိတာ" ဟု ခေါ် ဝေါ် အပ်၏။ "ယ း ပိတြိဿော် ပိတာ သ ပိတာမဟာ း," အကြွင် ဘုရားသည် ဘခင်ထက်ကြီးမြတ်သူ (အဖေ-အဖ) ဖြစ်သောကြောင့် "ပိတာမဟ" (=အဖိုး) မည်တော်မူ၏။ "ယ း ပိတာမဟာနာံ ပိတာ သ ပြပိတာမဟာ း," အကြွင်ဘုရားသည် ဘခင်တို့၏ ကွယ်လွန်လေပြီးသော ဘိုးဘေးတို့၏ ဘခင်ဖြစ်တော်မူသောကြောင့် "ပြပိတာမဟာ" (=ဘေး) မည်တော်မူ၏။ "ယော မိမိတေ မာနုယတိ သဗ္ဗာဂ္ဂိဝါနံ သ မာတာ," မွေးမိခင်သည် အသူး ကြင်နာသနားစွာဖြင့် မိမိ၏ သားသမီးတို့အား ကြီးပွားချမ်းသာစေလို ဘိသကဲ့သို့ပင် ဘုရားသခင်သည်လည်း အားလုံးသော သတ္တဝါတို့၏ ကြီးပွားချမ်းသာခြင်းကို လိုလားတော်မူသောကြောင့် "မာတာ" ဟု ခေါ်ဝေါ်အပ်၏။(စရ ဂတိဘက္ခု ဏယောဿ) 'အာင်' ရှေ့ရှိသော ဓာတ်ဖြင့် "အာစာယျ" (=အာစရိယ) သဒ္ဒါပြီး၏။ "ယ း အာစာရံ ဂြါဟယတိ သဗ္ဗာဝိဒျ ဝါ ဗောဓယတိ သ အာစာယ် ဤသွရး," အကြွင်ဘုရားသည် မှန်ကန် ကောင်းမြတ်သော အကျင့်သိလကိုယူစေ၍ အားလုံးသော အတတ်ပညာရယူရေး၏ အကြောင်းရင်း အဖြစ်ဖြင့် ပညာအားလုံးကို ရယူစေတတ်သောကြောင့် "အာစာယ်" (=အာစရိယ=ဆရာ) မည်တော်မူ၏။ (ဂြိသဗ္ဗေ) ဓာတ်ဖြင့် "ဂုရု" သဒ္ဒါပြီး၏။ "ယော ဓမျာနိ သဗ္ဗာနိဂြိဏာတျုပဒိသတိ သ ဂုရု"၊

သ ပူဗ္ဗေသာမပိ ဂုရုး ကာလေနာန ဝစ္ဆေဒါတ်။ ယောဂသူ၊ သမာဓိပါဒေ သူ. ၂၆။

အကြွင်ဘုရားသည် တရားမှန်ဖြင့် သတ်မှတ်အပ်သော အားလုံးသော အတတ်ပညာနှင့် ပြည့်စုံသော ဝေဒကျမ်းပါ တရားတို့ကို ဟောတော်မူတတ်၏၊ ကမ္ဘာစ၍ ဖြစ်ပေါ်လာစဉ်က အဂ္ဂိ, ဝါယု, အာဒိစ္စ, အင်္ဂိရာ, နှင့် ဗြဟ္မာစသော ဆရာတို့၏ ဆရာကြီးဖြစ်သည့်ပြင်, ဘယ်တော့ခါမှ မပျက်မစီး (ထာဝရတည်) သောကြောင့် "ဂုရု" မည်တော်မူ၏။

(အဇ ဂတိချေပ ဏယော, ဓနိုဗြာရဘာဝေ) ဓာတ်တို့ဖြင့် 'အဇ' သဒ္ဒါ ပြီး၏။ 'ယော ဇတိ ဖြိတိသို့ ပြတိသဗ္ဗာန် ဖြတြဲဗျာဒိန် ပဒါတ်ာန် ဖြဉ်ပတိ ဇာနာတိဝါ ကဒါစိတ် န ဇာယတေ သောအဇး) အကြွင် ဘုရားသည် ပကတိ သဘာဝ တရား၏ အစိတ်အပိုင်း ဖြစ်သော

အာကာသ စသော မဟာဘုတ် - ပရမာဏုတို့ကို ထိုက်သင့်သလို ပေါင်းစပ်ခြင်း၊ ခန္ဓာကိုယ် (ရုပ်) နှင့် အသက်ဝိညာဉ် (နာမ်) ကို ပေါင်းစပ်၍ မွေးဘွားစေခြင်း၊ မိမိကိုယ်တော်တိုင်ကား၊ မည်သည့်အခါမှ မွေးဘွားသည် မရှိခြင်းတို့ကြောင့် "အဇ"မည်တော်မူ၏။ (ဗြဟိ ဗြိဒ္ဓေါ) ဓာတ်ဖြင့် "ဗြဟ္မာ" သဒ္ဒါပြီး၏။ "ယော အခိလံ ဇဂန္တိမ်ာဏေန ဗြိံဟတိ ဝဍ္ဎယတိ သဗြဟ္မာ," အကြင် ဘုရားသည် အားလုံးသော လောကကို ဘန်ဆင်းလျက် တိုးပွားစေတတ်သောကြောင့် "ဗြဟ္မာ" မည်တော်မူ၏။ "သတျံ ဉာဏမနန္တံ ဗြဟ္မ," ဤသည်ကား တေတ္တိရိယောပနိသဒ် ကျမ်းလာပါဌ်ဖြစ်၏။ "သန္တီတိ သန္တော ဒွေသု သတ္တု၊ သာရ သတ္တုတျမ်၊ ယစ္ဆာနာတိ စရာစရံ ဇဂတ္တဇ္ဇ ဉာနမ်၊ နဝိဒျတေ အန္တော အဝဓိမ်ယ်ာဒါ ယသျ တဒနန္တမ်၊ သဗေ်ဘျော ဗြိဟတွာဒ်ဗြဟ္မ," အကြင် 'ပဒတ္ထ' (=နာမ်,ရုပ်) ကို၊ 'သတ်' ဓာတ်စစ်ခေါ်၏။ ထို ဓာတ်စစ်၌ သာရ= သူတော်ကောင်းဖြစ်သောကြောင့် "သတျ=သစ္စ" မည်တော်မူ၏။ အကြင် သက်ရှိ သက်မဲ့ လောကကြီးကို သိတော်မူတတ်သောကြောင့် "ဉာဏ" မည်တော်မူ၏။ အကြင်ဘုရား၏ အဆုံးအစ, အတိုင်းအရှည် ပမာဏ မရှိသောကြောင့် "အနန္တ" မည်တော်တော်မူ၏။ (ဒုဒါဉ် ဒါနေ) 'အာင်' ရှေ့ရှိသော ဤဓာတ်ဖြင့် "အာဒိ" သဒ္ဒါ၊ ထို့ပြင် 'နဉ်' ရှေ့ရှိသော "အနာဒိ" သဒ္ဒါပြီး၏။ "ယသ္မာတ်ပူဗ် နာသ္တိ ပရံ စာသ္တိ သ အာဒိရိတျုစျတေ, န ဝိဒျတေ အာဒိး ကာရဏံ ယသျသော အနာဒိရိသျရး," အကြင် ဘုရားထက် ပုဗ္ဗ ရှေးကျသူ မရှိသောကြောင့် 'အာဒိ' မည်၏။ အကြင် ဘုရား၏ ပုဗ္ဗ အကြောင်း တစုံတရာမရှိသောကြောင့် 'အနာဒိ' မည်၏။ (ဋုနဒိ သမြိဒ္ဓေါ) 'အာင်' ရှေ့ရှိသော ဤဓာတ်ဖြင့် "အာနန္ဒ" သဒ္ဒါ ပြီး၏။ "အာနန္ဒန္တိ သဗေ်မုက္တာ ယသ္မိံ ယန္ဒါယး သဗေ်ဓိဝါနာနန္ဒယတိ သ အာနန္ဒး," အကြင် ဘုရားသည် နှစ်လို ရွှင်ပျော်သောသရုပ်ဖြစ်၍ ဤသံသရာမှ ထွက်မြောက်ပြီးသော မုတ္တိုလ် ဟူသမျှ ထိုဘုရား၌ ရွှင်ပျော် မွေ့လျော် ကြကုန်၏။ အကြင်ဘုရားသည် သူတော်ကောင်းတို့အား၊ ဓိမုတ္တိ—သုခချမ်းသာဖြင့် ပြည့်စေ (ချမ်းသာစေ)တတ် သောကြောင့် "အာနန္ဒ" မည်တော်မူ၏။ (အသဘုဝိ) ဤဓာတ်ဖြင့် "သတ်" သဒ္ဒါပြီး၏။ "ယဒသ္တိတြိသု ကာလေသု န ဗာဓျတေ သဒ္ဒ္ဒ်ဗြဟ္မ," အကြင် ဘုရားသည် အမြဲ တည်နေတော်မူ၏။ ထနည်း, အတိတ်, အနာဂတ်, ပစ္စုပ္ပန် တည်းဟူသော ကာလ

သုံးပါးတွင်၊ အတားအဆီး–အပိုင်းအခြားမရှိ ပကတိ တည်မြဲနေတော်မူသောကြောင့် "သတ်"မည်တော်မူ၏။ (စိတီသဉ္ဇာနေ)ဓာတ်ဖြင့် 'စိတ်' သဒ္ဒါပြီး၏။ "ယသ္မာတတိ စေတယတိ သံတာပယတိ သဗ္ဗာနံ သတ္တာနံ ယောဂိနံ ဥဒ္ဒိတပရံ ဗြဟ္မ" အကြင်စိတ် တည်းဟူသော သတ္တဝါတို့အား၊ စေတနာဖြစ်စေ၍ အမှားနှင့်အမှန်ကို သိစေတတ် သောကြောင့် "စိတ်" မည်တော် မူ၏။ ဤသုံးပါးသော သဒ္ဒါပုဒ် တို့၏ ပေါင်းစပ်ခြင်းကြောင့် "သစ္စိဒါနန္ဒသွရူပ" မည်တော်မူ၏။ "ယောနိတျ ဗြုဝေါ အစလော အဝိနာသိသနိတျး," အကြင် ဘုရားသည် မဘောက် မပြန် နိစ္စရူဝ တည်တော် မူသောကြောင့် "နိတျ = နိစ္စ" မည်တော်မူ၏။ (သုန္ဓ သုဒ္ဓေါ) ဓာတ်ဖြင့် "သုဒ္ဓ" သဒ္ဒါပြီး၏။ "ယး သုန္ဓတိ သဗ္ဗာနံ သောဓယတိ ဝါ သသုဒ္ဓ ဤသွရး," အကြင်ဘုရားသည် ကိုယ်တော်တိုင် ဖြူစင်၍ မကောင်းမှု အညစ်အကြေး အားလုံးမှ ကင်းလွတ်ခါ အားလုံး သတ္တဝါတို့အား ဖြူစင်အောင် ပြုတော်မူတတ်သောကြောင့် "သုဒ္ဓ" မည်တော်မူ၏။ (ဗုဓ အဝဂမနေ) ဓာတ်ဖြင့် "ဗ္ဓ" ပစ္စည်း သက်သောကြောင့် "ဗုဒ္ဓ" သဒ္ဒါပြီး၏။ "ယော ဗုဒ္ဓဝါန် သဗေဓ ဉာတာသ္တိ သ ဗုဒ္ဓေါ ဇဂဒီသွရး" အကြင်ဘုရားသည် အခါခပ်သိမ်း အားလုံးသော တရားကို သိတော်မူတတ်သောကြောင့် "ဗုဒ္ဓ" မည်တော်မူ၏။ (မုစ လြိ မောစနေ) ဓာတ်ဖြင့် "မုက္တ" သဒ္ဒါပြီး၏။ "ယော =မုဥ္စတိ မောစယတိ ဝါ မုမုက္ခုန် သမုက္တော ဇဂဒီသွရး," အကြင်ဘုရားသည် အခါခပ်သိမ်း (မကောင်းမှု) အညစ်အကြေးတို့မှ ကင်းလွတ်၍ အားလုံးသော နိဗ္ဗာန်မဂ်ဖိုလ်ကို လိုလားသော သူတော်ကောင်းတို့အား ကိလေသာ–ဆင်းရဲမှ လွတ်မြောက်စေတတ်သောကြောင့် "မုက္တ =မုတ္တ" မည်တော်မူ၏။ "အတ ဧဝ နိတျ သုဒ္ဓ ဗုဒ္ဓ မုက္တ သဘာဝေါ ဇဂဒီသွရး," သို့ဖြစ်သောကြောင့် ဘုရားသခင်၏ စိတ်နှလုံးသည် အမြဲ သုဒ္ဓ= စင်ကြယ်, ဗုဒ္ဓ=တရားမှန်ကို သိ၍, မုက္တ=ထွက်မြောက်ပြီး ဖြစ်၏။ 'နိရ်, အင်' ရှေ့ရှိသော (ဍုကြိည် ကရဏေ) ဓာတ်ဖြင့် "နိရာကာရ" သဒ္ဒါပြီး၏။ "နိဂ်တ အာကာရာဒ္ဓ နိရာကာရး," အကြင်ဘုရား၏ အခြင်းအရာ ပုံသဏ္ဍာန် တရုံတရာမရှိ၊ မည်သည့်အခါမှ ခန္ဓာကိုယ်ကို မဆောင်သောကြောင့် "နိရာကာရ" မည်တော်မူ၏။ (အဥ္စု ဗျက္တိ မြက္ခဏ ကာန္တိ ဂတိသု) ဓာတ်ဖြင့် 'အဥ္စု' သဒ္ဒါ

တို့ဖြင့် 'နိရ်' အဖျားပုဒ်နှင့် ပေါင်းစပ်၍ "နိရဉ္ဇန" သဒ္ဒါပြီး၏။ "အဉ္ဇ နံ ဗျတ္တိမြိက္လေသော ကုကာမ ရာဂ္ဂိယေး ဖြာတ္တိ သေ္တာ့တျသွာဧျာ နိဂ်တ်း ဖြိဆက်ဘူတး သ နိရဉ္ဇနး," အကြောင်းပုဂ္ဂိုလ်သည် ပုံသဏ္ဌာန်, မလိမ္မာသူ လူရိုက်ဘို့၏အကျင့်, ယုတ်မာသော အလိုဆန္ဒ, စက္ခုစသော ရာဂ တို့၏ အာရုံတို့မှ ကင်းလွတ်တော်မူသောကြောင့် "နိရဉ္ဇန" မည်တော် မူ၏။ (ဂဏ သံချာနေ) ဓာတ်ဖြင့် "ဂဏ" သဒ္ဒါပြီး၏။ ဤသဒ္ဒါ ရှေ့၌ 'ဤသ' ဝါ 'ပတိ' ပုဒ်ထည့်လျှင် ဂဏေသ" နှင့် ဂဏပတိ" သဒ္ဒါ ပြီး၏။ "ယေ ဖြကြိတျာဒယော ဇဍ၊ ဇီဝါသ္တ ဂဏ္ဍနေ့ သံချာ ယန္တေ့ တေ သာမီသး သွာမီပတိး ပါလကောဝါ" အကြောင်း ပကတိ သဘာဝ တည်းဟူသော သက်မဲ့, သက်ရှိတို့၏ အသျှင်သခင် (ဝါ) မွေးမြူစောင့် ရှောက်တော်မူသော ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသောကြောင့် ဂဏေသ" ဝါ "ဂဏပတိ" မည်တော်မူ၏။ "ယော ဝိသွမီသွေ့ သ ဝိသ္သွသွရး" သံသရာ လောကကြီး၏ အရှင်သခင် ဖြစ်သောကြောင့် "ဝိသ္သွသွရ" မည်တော်မူ၏။ "ယး ကူဋေ့ အနေက ဝိဓ ဗျဝဟာရေ သွသွရူပေ ဏော ဝတိဋ္ဌတိ သ ကူဋသ္ထး ပရမေသွရး," အကြောင်း ဘုရားသည် အားလုံးသော ဖြူဖြင်ခြင်း (=သဗ်ဗိရဓမ္မ) တို့၌ ပြန့်နှံ့နေ၍ အားလုံး သော သဗ်ဗိရ တရားတို့၏ ဆောက်တည်ရာ ဖြစ်သော်လည်း မိမိ မူကား မပေါက်မပြန် တတ်သောကြောင့် "ကူဋသ္ထ" မည်တော်မူ၏။ ရှေ့၌ 'ဒေဝ' သဒ္ဒါပုဒ်များ၏ အနက် အဓိပ္ပါယ် ရေးပြခဲ့ သလောက်ပင် 'ဒေဝီ' ပုဒ်များကိုလည်း သိကြပါ။ ဘုရားသခင်၏ အမည် နာမများမှာ လိင်သုံးပါး၌ပင် ဖြစ်ကြ၏။ ဥပမာ "ဖြဟ္မ စိတိရိသွရသ္တေတိ" ဟူသော ပါဌ်၌ ဝိသေသနပါလျှင် "ဒေဝ" ဟု ယူရာ၏။ (သက်ကြီ သတ္တော) ဓာတ်ဖြင့် "သတ္တိ" သဒ္ဒါပြီး၏။ "ယး သဗ် ဇဂတ် ကပ်ုံ သက္ကောတိ သ သတ္တိး," ကမ္ဘာ တခုလုံးကို ပြုလုပ်ဘန်ဆင်းရန် စွမ်းနိုင် သောကြောင့် "သတ္တိ" မည်တော်မူ၏။ (ဩိဉ သေဝါယာမဏ္ဍသ) ဓာတ်ဖြင့် "ဩိ" သဒ္ဒါပြီး၏။ "ယးဩိ ယတေ သေဗျတေ သဗ်ေဏ ဇဂတာ ဝိဒ္ဒဒ္ဒိ ယောဂိ ဘိသ္သွ သ ဩိရိသွရး," အကြောင်းဘုရားအား တလောကလုံးရှိ ပညာရှင် တို့နှင့် ယောဂီပုဂ္ဂိုလ်တို့ ဆည်းကပ် ပူဇော်ကြကုန်သောကြောင့် "ဩိ (=သိရိ)" မည်တော်မူ၏။ (လက္ခ ဒဿနာင်္ကနယေား) ဓာတ်ဖြင့် "လက္ခမီ" သဒ္ဒါပြီး၏။ "ယော လက္ခယတိ ပသျတျက်တေ ဓိတျယတိ စရာစရံ

ဇဂဒဿဝါ ဝေဒေရာန္တွေ ယောဂိဘိဿ ယော လက္ချ ယတော သ လက္ချမီး သဗ် ပြိယေသွရး," အကြွင်ဘုရားသည် တလောကလုံးကို ကြည့်ရှုခါ အမှတ်အသား ပြုတော်မူ၏။ ဥပမာ-ခန္ဓာကိုယ်၏ မျက်စေ့ နှာခေါင်းနှင့် သစ်ပင်၏ သစ်ရွက်, အပွင့်, အသီး, အမြစ်၊ ပထဝီ မြေကြီးနှင့် ရေ၏ အမဲ, အနီ, အဖြူ, အပြာ, ကျောက်,လ,နေ စသော အမှတ်အသားကိုပြု၍ အားလုံး အရာဝတ္ထု, အဆင်း အရောင်ကို ကြည့်ရှုတော်မူ၏။ တင့်တယ် လှပခြင်း အားလုံးတို့ထက်၊ တင့်တယ် လှပ၍ ဝေဒစသော ကျမ်းဂန် စာပေ (တနည်းကား) ဘုရားတော်ကောင်း ပညာရှိ ယောဂီပုဂ္ဂိုလ်တို့ ရည်ရွယ်ချက်(ဝါ,ရှုမြင်ထိုက်၊ ရှုမြင်အပ်သောကြောင့်"လက္ချမီ" မည်တော်မူ၏။ (သြီ ဂတော) ဓာတ်ဖြင့် "သရသ" မတုပ,ဝိပ-ပစ္စည်း သက်သော ကြောင့် "သရသွတိ," သဒ္ဒါပြီး၏။"သရော ဝိဝိဓံ ဉာဏံ ဝိဇ္ဇတေ ယသျာံ စိတော သာ သရသွတိ" အကြွင်ဘုရားအား အထူးထူး အပြားပြားသော ပညာဉာဏ်သည်ရှိ၏၊ တနည်း-သဒ္ဒါ,အနက်,ပုဒ်ပါဠိ ယှဉ်လုံ ခြင်းစသော သဒ္ဒါ-ဉာဏ်သည် ရှိ၏၊ ထို့ကြောင့် ဘုရားသခင်သည် "သရ သွတိ" မည်တော်မူ၏။ "သဗ်ါးသတ္တယော ဝိဇ္ဇန္တေ ယသ္မိန် သသဗ် သတ္တိမာန် သွရး," မိမိ၏ ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ရာ၌ အခြားတစုံတယောက် သောသူ၏အကူအညီကို လိုလားတော်မမူဘဲ၊ မိမိ၏ စွမ်းအားဖြင့်သာ မိမိ၏ကိစ္စအားလုံးကို ပြီးမြောက်အောင် လုပ်တော် မူတတ်သောကြောင့် "သဗ်သတ္တိမာန်" (=သဗ္ဗသတ္တိမာ) မည်တော်မူ၏။ (ဏီဉ် ပြာပဏေ) ဓာတ်ဖြင့်"ဈာယ" သဒ္ဒါပြီး၏။ "ပြမာဏေ ရယံ ပရိက္ချဏံ ဈာယး," ဤ ပါဠိကား ဝါဿယာယန ရသေ့စီရင်ခဲ့သော ဈာယသုတ် အဖွင့် ဖြစ်၏။ "ပက္ချပါတရောဟိတျာ စရဏံ ဈာယး" အကြွင်မျက်မြင်သာဓက တို့ဖြင့် စစ်ဆေးဝေဘန်၍ အမှန်သို့ရောက်သော (ဝါ) ကိုယ့်ဘက်သူ့ ဘက် မငဲ့မူ၍ တရားမှန်ကို ကျင့်ကြံလိုက်နာခြင်းသည်ပင်"ဈာယ"ဖြစ်၏။ "ဈာယံ ကာဝိ" သိလမသျ သ ဈာယကာရိသွရး," တရားမှန်ကို ကျင့်ကြံ လိုသော သဘောတော် ရှိသောကြောင့် "ဈာယကာရိ" မည်တော်မူ၏။ (ဒယ ဒါန ဂတိ ရက္ခဏာ ဟိံသာ ဒါနေသု) ဓာတ်ဖြင့် "ဒယာ" သဒ္ဒါ ပုဒ်ပြီး၏။ "ဒယတေ ဒဒါတိ ဇာနာတိ ဂစ္ဆတိ ရက္ခတိ ဟိနသ္တိ ယယာ သာ ဒယာ ဗဟွီဒယာ ဝိဇ္ဇတေ ယသျ သ ဒယာလုး ပရမေသွရး," အကြွင်ဘုရားသည် အဘယ (=မကြောက် မရွံ့ခြင်းကို) ပေးတတ်၏။

အမှား- အမှန် အားလုံးသော အတတ်ပညာကို တတ်မြောက်၍, အားလုံးသော သူတော်ကောင်းတို့အား စောင့်ရှောက်ခြင်း မသူတော်တို့အား ထိုက်သင့်သော အပြစ်ဒဏ်ကို ပေးတော်မူတတ်သောကြောင့် "ဒသာလု" မည်တော်မူ၏။ "ဒွယောဘာဝေါ ဒွိတာ ဒွါဘျာဒိတံ ဒွိတံ ဝါ သေဝ တဒေဝ ဝါ ဒွေတမ၊ န ဝိဇ္ဇတေ ဒွေတံ ဒွိတိယေသွရ ဘာဝေါ ယသ္မိ တဒ္ဒွ ဝေဘမ်၊ (တနည်း) "သဇာတိယ ဝိဇာတိယ သွဂတဘေဒ သုညံ့ ဖြဟ္မ," နှစ်ခုဖြစ်ခြင်း (ဝါ) နှစ်ခုပေါင်းစပ်ခြင်းကို ဒွိတာ, ဒွိတ, ဒွေဘ ခေါ်၍၊ ထို နှစ်ခုပေါင်းစပ်ခြင်းမှ ကင်း၏။ သ ဇာတိယ=မိမိ၏ အမျိုး၌ အခြားလူတဦး ရှိသကဲ့သို့ရင်း၊ ဝိဇာတိယ=လူမျိုးတို့မှ ခြားနားသော အခြားအမျိုး–သစ်ပင်, ကျောက်ဖျာ စသည်တို့ရင်း၊ သွဂတ=ခန္ဓာကိုယ်တွင် မျက်စေ့, နား, နှာခေါင်း စသည့် အင်္ဂါအစိပ်အပိုင်းများ ကွဲပြားခြားနား ရှိသကဲ့သို့ရင်း၊ ဘုရားတွင် သဇာတိယ ဝိဇာတိယ စသည်ဖြင့် ကွဲပြားခြားနားသော သဘောတရားများမှ ကင်းလေသောကြောင့် "အဒွေတ" မည်တော်မူ၏။ "ဂုဏ္ယန္တေ ယေ တေ ဂုဏာ ဝါ ယေဂ်ဏ္ဏာယန္တိ တေ ဂုဏား, ယော ဂုဏေဘျော နိဂ်တး သ နိဂ္ဂုဏ ဣသွရး," အကြင်မျှလောက် သတ, ရဇသ, တမ် ရူပ, ရသ, ဖဿ, ဂန္ဓ စသော အာရုံငါးပါး, ကာမဂုဏ်တရားများ၊ အဝိဇ္ဇာ, နည်းသောပညာ, ရာဂ, ဒေါသနှင့် အဝိဇ္ဇာစသော ကိလေသာတို့သည် ရှိကုန်၏။ ထိုတရားအပေါင်းတို့မှ ကင်းလွတ်တော်မူ၏။ "အသဒ္ဒမဿသ် မရူပ မဗျယမ်" စသော ဥပနိသျှဒကျမ်းလာ သာဓကများဖြစ်၏။ အကြင် ဘုရားသည် သဒ္ဒ, ဖဿ, ရူပ စသော ဂုဏ်တို့မှ ကင်းစင်တော်မူသောကြောင့် "နိဂ္ဂုဏ (=နိဂုဏ)" မည်တော်မူ၏။ "ယော ဂုဏေး သဟ ဝတ္တတေ သ သဂုဏး" အားလုံးသော ဉာဏ်ပညာ, ချမ်းသာသုခ, စင်ကြယ်ခြင်း အားတော်အနန္တ စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသောကြောင့် "သဂုဏ" မည်တော်မူ၏။ ဥပမာကား–ပထဝီ, ဂန္ဓ =အနံ့ စသော ဂုဏ်တို့ကြောင့် "သဂုဏ" ရင်းဖြင့် ဣစ္ဆာ=အလိုဆန္ဒ စသောဂုဏ်တို့မှ ကင်းသောကြောင့် "နိဂုဏ" ခေါ်တွင်၏။ ထို့အတူ ကမ္ဘာလောကနှင့် အသက်ဝိညာဉ်၏ ဂုဏ်တို့မှ ကင်းလွတ်သောကြောင့် "နိဂုဏ" ဖြစ်၍ သဗ္ဗညုတစသော ဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် "သဂုဏ" ဖြစ်၏။

၁–ဝိသုဒ္ဓိမဂ်ကို ကြည့်ပါ

တနည်း ဆိုရသော်, လောကတွင် 'သဂုဏ' 'နိဂုဏ'မှ ကင်းသော အရာဝတ္ထု တရုံတရာမရှိချေ။ ဥပမာ ဆိုရသော်, စေတနာမှ ကင်းသော ကြောင့် သက်မဲ့ အရာဝတ္ထုတို့သည် နိဂုဏဖြစ်၍ မိမိ၏ ဂုဏ်တို့ဖြင့် ပြည့်ဝုံသောကြောင့် သဂုဏဖြစ်၏။ ထို့အတူ သက်မဲ့ အရာဝတ္ထုတို့၏ ဂုဏ်မှကင်းသောကြောင့် သက်ရှိသတ္တဝါသည် နိဂုဏဖြစ်၍ ဓာတ္တုံ= အလိုဆန္ဒစသော မိမိ၏ ဂုဏ်တို့နှင့် ပြည့်ဝုံသောကြောင့် သဂုဏဖြစ်၏။ ဤနည်း အတိုင်းပင် ဘုရားသခင်နှင့် စပ်လျဉ်း၍ သိရာ၏။ "အန္တယာမ္ယံ နိယန္တုံ သီလံ ယသျသော အယမန္တယာမီ," အကြင်သက်ရှိ သက်မဲ့ လောက တခုလုံး၌ ပြန့်နှံ့ တည်နေတော်မူ၍ အားလုံးကို နည်းလမ်းအရ စီမံခန့်ခွဲတော်မူသောကြောင့်"အန္တယာမီ" မည်တော်မူ၏။ "ယော ဓမ္မေ ရာဇတေ သ ဓမ်ရာဇး," အကြင်ဘုရားသည် မတရားမှ ဖယ်ရှောင်၍ တရား၌သာ ထွန်းလင်းနေတော်မူလျက် ကောင်းသောတရားကို ထင်း လင်းစွာ ပြတော်မူသောကြောင့် "ဓမ်ရာဇ" (=ဓမ္မရာဇ=တရားမင်းကြီး) မည်တော် မူ၏။ (ယမုဉပရမေ) ဓာတ်ဖြင့် "ယမ" သဒ္ဒါပြီး၏။ "ယး သဗ္ဗါန် ပြာဏိနော နိယစ္ဆတိ သ ယမး," အကြင်ဘုရားသည် အားလုံး သော သတ္တဝါတို့၏ ကောင်းကျိုး, မကောင်းကျိုးကို စီမံပေးထတ်၍ မတရားမှုတို့မှ ကင်းဝေးစွာ နေတော် မူတတ်သော ကြောင့် "ယမ" (=ဒသမင်း) မည်တော်မူ၏။ (ဘဇသေဝါယာမ်) ဓာတ်ဖြင့် "ဘဂ" မတုဝ် ပုဒ်နှင့် ပေါင်းစပ်လျှင် "ဘဂဝါန်"သဒ္ဒါပြီး၏။ "ဘဂး သကလ သွဲယျိုသေဝန့် ဝါ ဝိဒျတေ ယသျ သဘဂဝါန်" အကြင် ဘုရားသည် အားလုံးသော အစိုးရခြင်းနှင့်,ပြည့်ဝုံ၍ပူဇော်အသူးကို ခံတော်မူထိုက်၏။ ထို့ကြောင့်"ဘဂဝါန်"မည်တော်မူ၏။ (မနုညာနေ) ဓာတ်ဖြင့် "မနု" သဒ္ဒါ ပြီး၏။ "ယောမန္နုတေ သ မနုး," အကြင်ဘုရားသည် မနု,တနည်း ကား, ဝိညဉ်တော်သာရှိ၍ ရှိသေ မြတ်နိုးအပ်သောကြောင့် "မနု" မည် တော်မူ၏။ (ပြိပါလနပူရဏယော:) ဓာတ်ဖြင့် "ပုရုသ"သဒ္ဒါပြီး၏။"ယး သွဗျာပ္တျာ စရာစရံ ဇဂတ် ပြိဏာတိ ပူရယတိ ဝါ သ ပုရုသး," အကြင် ဘုရားသည် လောကတခုလုံး၌ ပြည့်နေတော် မူသောကြောင့် "ပုရုသ (=ပုရိသ)"မည်တော်မူ၏။(ဍုဘြဉ် ဓာရဏ ပေါသဏ ယော:) "ဝိသွ" ရှေ့ရှိသော၌ဓာတ်ဖြင့်"ဝိသွမ္ဘရ"သဒ္ဒါပြီး၏။"ယောဝိသွံဝိဘတိ ဓရတိ ပုဿာတိ ဝါသဝိသွမ္ဘရော ဇဂဒီသွရး," အကြင်ဘုရားသည်လောကကြီး

ကို ဆောင်တတ်, မွေးမြူတတ်သောကြောင့် "ဝိဿမ္ဘရ" မည်တော်မူ၏။ (ကလသံချာနေ) ဓာတ်ဖြင့် "ကာလ" သဒ္ဒါဖြစ်၏။ "ကလယတိ သံချာတိ သဗ္ဗေ ပဒတ္ထေ သ ကာလော," အကြင်ဘုရားသည် ကမ္ဘာ့လောက၏ အရာဝတ္ထုနှင့် သက်ရှိသတ္တဝါ အားလုံးတို့ကို ရေတွက်ပိုင်းခြား တတ်သောကြောင့် "ကာလ" မည်တော်မူ၏။ (သိသလ္လိပိသေသကော) ဓာတ်ဖြင့် "သေသ" သဒ္ဒါပြီး၏။ "ယော သိဿတေ သ သေသော," အကြင်ဘုရားသည် ကမ္ဘာ၏ ဖြစ်ခြင်း ပျက်ခြင်းမှ ကြွင်းကျန်နေတော် မူသောကြောင့် "သေသ" မည်တော်မူ၏။ (အာပလ္လိ ဗျာပ္တော) ဓာတ်ဖြင့် "အာပ္တ" သဒ္ဒါပြီး၏။ "ယော သဗ္ဗေ ဓမ္မတ္ထေ အာပ္ပေါတိ ဝါ သဗ္ဗေ ဓမ္မာ ဉာဏ်ရာပျတေ ဆသာဒိရပတိတ သ အာပ္တော," အကြင် တရားမှန်ကို ဟောပြောပြသသူ, အလုံးစုံသော အတတ်ပညာကို တတ်သိသူ သူတော်ကောင်း အပေါင်းတို့ကို ရယူ၍, ထိုသူတော်ကောင်းတို့ ရယူအပ်၏။ ထို့ပြင် လိမ်လည်ကောက်ကျစ်ခြင်းမှ ကင်းတော် မူသောကြောင့် "အာပ္တ" မည်တော်မူ၏။ (ဒုကြိဉ်ကရဏေ) 'သမ်' ရှေ့ရှိသော ဤဓာတ်ဖြင့် "သက်ရ" သဒ္ဒါပြီး၏။ "ယော သက္ကာရံ သုခံ ကရောတိ သ သက်ရ:," ကောင်းကျိုးချမ်းသာကို ပြုတော်မူတတ်သောကြောင့် "သက်ရ[၁]" မည်တော်မူ၏။ "မဟတ်" ပုဒ်ရှေ့ရှိသော "ဒေဝ" သဒ္ဒါဖြင့် "မဟာဒေဝ" သဒ္ဒါပြီး၏။ "ယော မဟတာံ ဒေဝ: သ မဟာဒေဝ:" နတ်အပေါင်းတို့ထက် ကြီးမြတ်သောနတ်ကြီး၊ အဓိပ္ပါယ်ကား ပညာရှိတို့ထက်လည်း ကြီးမြတ်သော ပညာရှိကြီး၊ နေစသော အရာဝတ္ထုတို့ကို ထွန်းလင်း စေတတ်သောကြောင့် "မဟာဒေဝ[၂]" မည်တော်မူ၏။ (ပြိဉ်တပ္ပဏေ ကာန္တော စ) ဓာတ်ဖြင့် "ပြိယ" သဒ္ဒါပြီး၏။ "ယော ပြိဏာတိ ပြိယတေ ဝါ သ ပြိယ:," ယဉ်ကျေး သိမ်မွေ့သော သူတော်ကောင်း ယောဂီတို့ကို နှစ်သက်စေတတ်၊ နှစ်လိုအပ်သောကြောင့် "ပြိယ" မည်တော်၏။ (ဘူသတ္တာယာမ်) 'သွယံ' ရှေ့ရှိသော ဤဓာတ်ဖြင့် "သွယမ္ဘူ (=သယမ္ဘူ)" သဒ္ဒါပြီး၏။ "ယော သွယံ ဘဝတိ သ သွယမ္ဘူ ရိသွရ:," တစုံတယောက်မှ မွေးဖွားလာသည်မဟုတ်ဘဲ၊ မိမိအလိုလိုသာချွင် တည်ရှိနေတော်မူသောကြောင့် "သွယမ္ဘူ" မည်တော်မူ၏။ (ကုသဗ္ဗေ) ဓာတ်ဖြင့် "ကဝိ" သဒ္ဒါ ပြီး၏။ "ယ: ကောတိ သဗ္ဗယတိ သဗ္ဗ ဝိဒျာသ ကဝိရိသွရ:" အကြင်ဘုရားသည်

၁–မဟာဒေဝ၊ ၂–မဟာဒေဝ၊

ဝေဒကျမ်းစာဖြင့် အားလုံးသော အတတ် ပညာတို့ကို သွန်သင်ပြသသူ တတ်သိလိမ္မာသူ ပုဂ္ဂိုလ်ထူး ဖြစ်သောကြောင့် "ကဝိ" မည်တော်မူ၏။ (သိဝ ကလျာဏော ခါတ်ဖြင့် "သိဝ[1]" သဒ္ဒါပြီး၏။ "ဗဟုလမေတန္နိ ဒဿနံ," ပါဌ်ဖြင့် သိဝခါတ် မှတ်ယူအပ်၏။ ကောင်းကျိုးချမ်းသာကို ပြုတော်မူတတ်သောကြောင့် "သိဝ[2]" မည်တော်မူ၏။

ဤဘုရားသခင်၏ အမည်နာမပေါင်းတရာကို ရေးခဲ့ပါပြီ။ ထိုသော် ဤအမည်တို့မှတပါး အခြားသော မရေတွက်နိုင်သော အမည် နာမတို့ လည်းရှိပေသေး၏။ အဘယ့်ကြောင့် ဆိုသော်, ဘုရားသခင်၏ အဆုံး မရှိသော ဂုဏ်တော်, ကိစ္စတော်, သဘောတရားတော်များ ရှိသကဲ့သို့၊ မရေမတွက်နိုင်သော အမည်နာမ များလည်း ရှိလေသည်။ ထိုအမည် တို့တွင် အသီးသီးသော ဂုဏ်,ကမ္မ,သဘာဝအားလျော်စွာ အမည်နာမ များလည်း တခုစီတခုစီ ရှိလေသည်။ ထို့ကြောင့် ယခုကျွန်ုပ် ရေးသား ဖေါ်ပြခဲ့ပြီးသော အမည်များသည်ကား၊ သမုဒ္ဒရာရှိရေထုတွင် ရေစက် တစက်မျှသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်, ဝေဒစသော ကျမ်းဂန် တို့၌ ဘုရားသခင်၏ မရေတွက်နိုင်သော ဂုဏ်, ကိစ္စ, သဘာဝတို့ကို ပြဆိုထားရှိခြင်းကြောင့် ဖြစ်၏။ ထိုထို စာပေတို့ကို သင်ယူမှီချခြင်းဖြင့် သိနိုင်ပေသည်။ သည့်ပြင်အရာဝတ္ထုအကြောင်းအရာတို့ကိုလည်း အဆိုပါ ကျမ်းဂန်တို့ကို သင်ယူဘတ်ရှုသောသူသာ သိနိုင်ပေလိမ့်မည်။

(**အမေး**) အခြားသော ကျမ်းပြု ဆရာတို့သည် မိမိတို့ ပြုရစီရင်သော ကျမ်းစာတို့၏ ကျမ်းအစ, အလယ်, အဆုံးတွင် ပဏာမ, ဆုတောင်း မင်္ဂလာဂါထာဗန္ဓ စသည် ရေးသားကြသလို၊ ခင်ဗျား ဘာ့ကြောင့် မရေး ပါသလဲ ?

(**အဖြေ**) ဒီလို မပြုအပ် မပြုထိုက်ပါ။ အဘယ့်ကြောင့် ဆိုသော်, အကယ်၍ ကျမ်း၏ အစ, အလယ်, အဆုံးတွင် မင်္ဂလာပြုလျှင်, အစ, အလယ်, အဆုံးမှတပါး၊ အကြား အကြားတို့၌ အမင်္ဂလာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် "မင်္ဂလာစရဏံ သိဋ္ဌာစာရာတ် ဖလ ဒဿနာဉ္စ၊ တိတသ္တေ တိ" ဤကားသံချသတ္တ ကျမ်းလာ (အ·၅၊ သု·၁) စကားဖြစ်၏။ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ နည်းမှန်၍ မျက်နှာမလိုက်သော မှန်ကန်သော

ဝေဒကျမ်းလာ ဘုရားသခင်၏ အာဏာတော်နှင့်အညီ၊ အခါခမ်ိဘိမ်း နေရာတိုင်းတွင် ကျင့်ဆောင်ခြင်းသည်ပင် မင်္ဂလာဖြစ်သည်ဟု ဆိုအပ်၏။ ကျမ်းအစမှ အဆုံးထိ၊မှန်သော အကျင့်သီလကို ရေးသားစီရင်ခြင်းသည်ပင် မင်္ဂလာစရဏ ဖြစ်၍၊ တချို့နေရာ၌ မင်္ဂလာ တချို့နေရာ၌ အမင်္ဂလာ မပြုအပ်ပေ။ ရှေးရသေ့ ဆရာကြီးတို့ အဆိုကိုကြည့်ပါ။

ယာဗ္ဗနုဝဇ္ဇာနိ ကမ္မာဏိ တာနိ သေဝိတဗ္ဗာနိ နော ဣတရာဏိ။ ဤကား–တေတ္တိရိယောပနိသဒ် [ပြပါဌက–၇၊ အနု–၁၁။]၌လာသော စကားဖြစ်၏။ သားတို့ ! အကြင်“အနဝဇ္ဇ” မကဲ့ရဲ့ထိုက်သော တရားနှင့် လျော်သော ကုသိုလ်မှုတို့ကိုသာ၊ သင်တို့ပြုသင့်၏။ ထို့ကြောင့် ယခုကာလ ပြုရေးသားကြသော စာပေကျမ်းဂန်တို့၌၊ “ဩဇိဂဏေးသာ ယနမး”, “သိတာရာမာဘျာံ နမး”, “ရာဓါကြိဿျဏာဘျာံ နမး”, ဩဇိဂု ရုစရဏာရဝိန္ဒာဘျာံ နမး”, “ဟနုမတေ နမး”, “ဒုဂ်ာယေ နမး”, “ဗဋုကာယ နမး”, “ဘေရဝါယ နမး”, “သိဝါယ နမး”, “သရသွ တျေ နမး”, “နာရာယဏာယ နမး”, စသည့် ပဏာမ အချိုးတို့ကိုတွေ့ မြင်ရ၏။ ဤပဏာမတို့ကို ပညာရှိတို့သည် ဝေဒစသော ကျမ်းတို့နှင့် ဆန့်ကျင်သောကြောင့် အချည်းနှီးဟု မှတ်ယူကြ၏။ အဘယ့်ကြောင့် ဆိုသော် ဝေဒနှင့် ရှေးရသေ့ကြီးများ စီရင်ခဲ့သော ကျမ်းဂန်တို့၌ ဤကဲ့သို့သော ဓုတိ–မင်္ဂလာများ မတွေ့ရဘဲ၊ ‘အုမ်’နှင့်‘အထ’ သဒ္ဒါ ပုဒ်များသာ တွေ့ရသည်။ ကြည့်ပါ–

“အထ သဗ္ဗ’ါနုသာသနမ်” အထေတျယံ သဗ္ဗောဓိ ကာရာဒး ပြယုယီးတေ၊ (ဗျာကရဏ–မဟာဘာသျ)။

“အထာတော ဓမ်ဇိဉါသာ” အထေတျာနန္တရျေ ဝေဒါဓျယနာ နန္တရမ်၊ (ပူဗ်မီမံသာ)။

“အထာတော ဓမ်ဗျာချာသျာမး”, အထေတိ ဓမ်ကထနာ နန္တရံ ဓမ်လက္ခဏံ ဝိသေသေဏ ဗျာချာသျာမး,” (ဝဲသေသိကဒဿန်)။

“အထယောဂါနုသာသနမ်” အထေတျယမဓိကာရာထ်း။ (ယောဂ သာသ္တြ)။

“အထ တြိဝိဓဒုခါတျန္တ နိဗြိတိရတျန္တ ပုရုသာထး,” သာံသာရိက ဝိသယ ဘောဂါနန္တရံ တြိဝိဓ ဒုခါတျန္တ နိဗြိတျထံ ပြယတ္တး ကတ္တဗျး၊(သာံချသာရ)။
“အထတော ဗြဟ္မဇိဉာသာ”၊ စတုသ္တယ သာဓန သမ္ပတ္တျနန္တရံ ဗြဟ္မဇိဉာသျမ်”၊ (ဝေဒန္တသူတြ)။
“အောမိတျေတဒက္ခရ မုဒဂီထမုပါသီတ”၊ (ဆန္ဒေါဂျဉပနိသဒ်)။
“အောမိတျေတဒက္ခရ မိဒံ သဗံ တသျောပဗျာချာနမ်”၊ (မာဏ္ဍုကျ ဥပနိသဒ်၏ အစ စကားဖြစ်၏)။

ဤနည်းအတိုင်းပင် အခြားသော ရသေ့ ရဟန်းတို့၏ ကျမ်းစာတို့တွင်လည်း ‘အုမ်’နှင့်‘အထ’ ပုဒ်များ ရေးထားကြ၏။ ထို့အတူပင် (အဂ္ဂိ,ဣရှ်, အဂ္ဂိဧယဗြိသပ္ပး ပရိယန္တိ) ပါဝင်သည့် ဝေဒကျမ်းလေးကျမ်းလုံး၌ အစတွင် ရေးသားထားလေသည်။ ‘အုမ်ဘြိဂဏေသာယ နမး’ စသောပုဒ်များ ဘယ်မှာမှမရှိပေ။ ထိုပြင် ဝေဒကျမ်းဆရာအချို့က၊ ဝေဒကျမ်းအစ၌ “ဟရိးအုမ်” ဟု ရေးကြ ဘတ်ရွတ်ကြခြင်းမှာ မန္တာန် ဆရာတို့၏ အချည်းနှီးဖိတ်ကူးပေါက်သည်ကို တုပ ရွတ်ဆိုကြခြင်းသာ ဖြစ်၏။ ဝေဒစသော ကျမ်းဟောင်းတို့၌ ‘ဟရိ’ သဒ္ဒါကို အစ၌ မတွေ့ဘူးပေ။ ထို့ကြောင့် ‘အုမ်’နှင့်‘အထ’ ပုဒ်ကိုသာ ကျမ်းဦးအစ၌ ရေးသင့်၏။ ဤကား ဘုရားသခင်နှင့် စပ်လျဉ်း၍ အနည်းငယ်သာ ရေးသားခြင်းဖြစ်၍ ရှေ့၌ အဆုမ္ဘ ဩဝါဒနှင့် ပတ်သက်၍ ရေးသား ပေအံ့။

ဤသည်ကား သိရိမဒ် ဒယာနန္ဒ သရသွတီ သာမိ ရေးသားစီရင်အပ်သော သတျာထ်ပြကာသ(=သစ္စတ္ထပကာသ) ကျမ်း၏ ကောင်းမြတ်သော ဘာသာဖြင့် တန်းဆာဆင်အပ်သော ရုသရမည်သော ပထမအခန်းကဏ္ဍ ပြီးပြည့်စုံ၏။

ဒုတိယ-အခန်း

အကျင့်သိက္ခာကို ဖြစ်စေသောအံ့

မာတြိမာန် ပိတြိမာနာစာယ်ဝါန် ပုရှသော ဝေဒ။

ဤကား သတပထ ဗြာဟ္မဏ ကျမ်းလာစကား ဖြစ်၏။ စင်စစ်မှာ မြတ်သောဆရာ ၁-မိခင်, ၂-ဘခင်, ၃-ဆရာ၊ ဤသုံးပါးသော ဆရာ ရှိမှသာလျှင် လူသည် ပညာရှိ ဖြစ်နိုင်ရာသည်။ ပညာရှိသော မိဘ နှစ်ပါးရှိသော အမျိုးနှင့် သားသမီးသည် ကုသိုလ် ကောင်းသည်ဟု ဆိုအပ်၏။ မွေးမိခင်ထံမှ အဆုံးမ ဩဝါဒနှင့် အကျိုးကျေးဇူး ရသ လောက် အခြားတစုံတယောက်ထံမှ မရနိုင်ချေ။ မိခင်သည် သားသမီး ၏ အကျိုး ကျေးဇူးကို လိုလားသလောက် ချစ်ခင် ကြင်နာသလောက် အခြား မည်သူမှ မလိုလား မချစ်ခင်ချေ။ ထို့ကြောင့် (မာတြိမာန်) အနက်ကား–"ပြသဿ ဝ°မိကိ မာတာ ပိဗ္ဗတေ ယဿ သ မာတြိမာန်," ပဋိသန္ဓေ တည်နေသည်က အစပြု၍ အတတ်ပညာ ပြည့်စုံသည်အထိ ကောင်းမြတ်သော အကျင့်အာစာရကို သွန်သင်တတ်သော အမိသည် ကောင်းပေစွ။

မိ-ဘတို့သည် ပဋိသန္ဓေ မရမှီရှင်း, ရပြီးအကြားနှင့်ရှင်း, မွေးမြင်ပြီး နောက်၌ရှင်း၊ မူးယစ်စေတတ်သော အစာအာဟာရ, သေရည်သေရက်၊ အနံ့မကောင်း, အလွန်စပ်သော အစာနှင့် ညဏ် (ဦးနှောက်) ကို ပျက်စီးစေတတ်သော အစာအာဟာရတို့ကို ရှောင်ကြဉ်ခါ ငြိမ်းသက် ၍ ကျန်းမာရေး, ခွန်အားဗလ, ညဏ် (ဦးနှောက်) အစွမ်း သတ္တိနှင့် သဘောထား ကောင်းစေတတ်သော ထောပတ်, ဆီဦ, နို့, အချိုစသော မြတ်သော ဘောဇဉ်တို့ကိုသာ သုံးဆောင်ရာသည်၊ ဤသို့ ပြုခြင်းဖြင့် ယုတ်ညံ့ ကြမ်းတမ်းသော သုက်သွေးတို့သည် ပြုစင်ကောင်းမြတ်၍ မြတ်သောဂုဏ်နှင့် ပြည့်စုံရာသည်။ ဥပမာ–ရာသီ (ဥတု) သွေးရောက် သည်မှ ငါးရက်မြောက်သော နေ့ကစ၍ တဆယ့်ခြောက်ရက်မြောက် သောနေ့အထိ ပဋိသန္ဓေ ရနိုင်သော အချိန်ကာလဖြစ်၍ ထိုတွင် ပဌမ လေးရက်ကို စွန့်လွှတ်၍ ကျန် ၁၂-ရက်တို့တွင်၊ ဆွန်း ဆွေတ် ၁၁-ရက်

နှင့် ၁၃-ရက်ကိုချန်ခါ၊ ကျန် ၁၀-ရက် ညဥ့်တို့၌ ပဋိသန္ဓေ ပေးအပ် ၍။ ဥတုရာသီ လာသည့်ကာလ၌ ၁၆-ရက်မြောက် ည ကုန်ဆုံးပြီးနောက်၊ မေထုန်သံဝါသ မပြုအပ်ချေ။ ထိုအချိန်ကာလ၌ နောက်ဥတု မလာမခြင်း၊ ထို့ပြင် ပဋိသန္ဓေ တည်နေသည့်ကာလ၌ တနှစ်ပတ်လုံး ကာမသံဝါသ ပေါင်းဖေါ်ခြင်းကို မပြုအပ်ချေ။ လင်မယား နှစ်ဦးစလုံး၌ ကျန်းမာခြင်း, တဦးနှင့်တဦး ချစ်ခင်နှစ်သက်ခြင်း, သောကမှ ကင်းခြင်း ဖြစ်ရာသည်။ ဥပမာ—စရကနှင့် သုသုကကျမ်းတို့၌ အစာအာဟာရ အစီအစဥ်တို့ပြင် မနု ဓမ္မသတ်၌ လင်မယားချင်း ချစ်ခင် နှစ်သက်မှု အစီ အစဥ် နည်းနာ နိသျှည်းများ ပြထားသလို ဖနထိုင် ဆက်ဆံကြရာသည်။ ပဋိသန္ဓေ ရယူပြီးသည့်နောက် မိန်းမသည် အစား အသောက် အနေ အထိုင်တို့ကို၊ အထူး ဆင်ခြင်နေထိုင် စားသောက်ရာသည်။ ထိုနောက် တနှစ်တိုင် မေထုန်သံဝါသ အကျင့်ကို ရှောင်ကြဉ် ရာသည်။ ခလေး မွေးသည်အထိ၊ ကာယဗလ, ဉာဏဗလ, ရုပ်ရေရူပ, ကျန်းမာသန်စွမ်း ခြင်း, ရဲရင့်ခြင်း, သဘောထား ဖြေမြခြင်းစသော ဂုဏ်ကို ဖြစ်စေတတ် သော အရာတို့ကိုသာ သုံးဆောင်မှီဝဲရာသည်။

ခလေးမွေးသောအခါ၊ သန့်ပြန့်မွေးကြိုင်သော ရေဖြင့် ရေချိုးခြင်း၊ ချက်ကြိုး......ကို ဖြတ်ခြင်းကို ပြုပြီးနောက်၊ မွေးကြိုင်သော ထောပတ် စသည်တို့ဖြင့် "ဟောမ*" (=မီးနတ်ပူဇော်ခြင်း)ပြုလျက်၊ မိခင်ဖြစ်သူ ကိုလည်း ရေချိုးခြင်းနှင့် အစား အစာတို့ကို၊ လျောက်ပတ် သင့်တော် အောင် စီမံပေးရာသည်။ ဤသို့ ပြုခြင်းကြောင့် ခလေးနှင့်မိခင်၏ ကိုယ် ခန္ဓာသည် ရောဂါကင်းလျက် ထွားကြိုင်း လာရာသည်။ မိခင်နှင့် နို့ထိန်း သည် မိမိတို့၏နို့ရည်ကို ကောင်းမြတ် ပြုစင်စေတတ်သော အစာတို့ကို သာ စားသုံးရာသည်။ မိခင်၏ နို့ရည်ကို ခလေးအား ၆-ရက် တိုင် တိုက်ကျွေးပြီးမှ နို့ထိမ်းကို ပေးအပ် ရာသည်။ သို့သော် နို့ထိန်းအား ကောင်းမြတ်သော အစာရေစာတို့ကို မိဘတို့က စီမံပေးရာသည်။ ဆင်း ရဲ၍ နို့ထိန်းမထားနိုင်သော သူတို့သည် နွားနို့ သို့မဟုတ် ဆိတ်နို့တွင်

*ဟုန်းနတ်ပူဇော်ခြင်း၌၊ ထင်းတို့ဖြင့်မီးမွေးခါ၊ ထောပတ်ရည်၊ နံ့သာ ထင်းမှုန့်စသော အမွှေးနံ့များ လောင်းထည့်ခါ၊ ဘုရားအား ရွတ်ဘတ်ပူဇော်ခြင်းကို ခေါ်သည်။ မီးနတ် ပူဇော်သည်ဟုလည်း ခေါ်ကြသည်။

ဦးချောက်နှင့်သတ္တိကိုတိုးပွားစေ၍ ကျန်းမာစေ တတ်သော ဆေးတို့ကို ရေတွင်ရောနှောချက်ပြုတ်ခါ၊ နို့တဆ၊ဆေးရည်တဆ နှောကျက်ခလေးကို တိုက်ကျွေးရသည်။ မွေးဘွားပြီးနောက် ခလေးနှင့်မိခင်ကို လေကောင်း လေသန့်ရသော အခြားနေရာ တခုခုတွင် ထား၍ မွှေးကြိုင်၍ မျက်စေ့ ပသာဒ ဖြစ်စေတတ်သော အရောင်ဝတ္ထု အသုံးအဆောင် တို့ကိုလည်း ထားပေးရသည်။ လေသန့်ပြန့်သောနေရာ၌ လှည့်လည်လမ်းလျှောက် ရသည်။ နို့ထိန်း, နွားမ, ဆိတ်မ,မရနိုင်လျှင်၊ အခြား သင့်တော်သလို စီစဉ်ပေးရသည်။ အကြောင်းသော်ကား— ခလေးသည် မိခင်၏ ခန္ဓာ ကိုယ် တစိတ်တဒေသမှ ဖြစ်ပွား လာသောကြောင့်၊ ခလေးမွေးထုတ် လိုက်ပြီးသည့်နောက် မိခင်သည်၊ အားနည်းပိန်ချုံးသွားသောကြောင့် မိခင် ကိုယ်တိုင် နို့မတိုက်ကျွေးသင့်ပေ။ နို့ဝိတ်စေတတ်သောဆေးကို သားမြတ် (နို့စီးထွက်သောနေရာ)၌ လိမ်းကျံခါ၊ နို့ယိုစီးခြင်းကို ပိတ်ဆို့ရသည်။ ဤသို့ပြုခြင်းဖြင့်၊နောက်တလတွင် မိခင်သည် တဖန်ပြန်၍ ပျိုရွယ်လာပေ လိမ့်မည်။ ထိုအတော အတွင်း၌ ယောကျ်ားဖြစ်သူသည် ဗြဟ္မစရိယာ သိက္ခာပုဒ် (အဗြဟ္မစရိယာ)ကို စောင့်ထိန်းလျက် မိမိ၏ သုက်ဓာတ်ကို တားဆီး စောင့်ထိန်းထားရသည်။ ဤသို့ စောင့်စည်းကျင့်ဆောင်လျှင် မိမိတို့ ကိုယ်တိုင်လည်း ကျန်းမာသန်စွမ်းခြင်း, အသက်ရှည်ခြင်း, စိတ် သဘော တည်ကြည်ရဲရင့်ခြင်း အကျိုးကို ရ၍ နောင် မွေးဘွားလတ္တံ့ သော သားသမီးတို့မှာလည်း အဆိုပါဂုဏ်တို့နှင့် ပြည့်စုံ၍ အကျင့်တရား ကောင်းမြတ်သော သားကောင်း, သမီးကောင်း ဖြစ်ပေါ်လာရသည်။ မိန်းမသည် မိမိ၏အင်္ဂါဓာတ်ကို၊ ကျဉ်းမြောင်းအောင်, သန့်ပြန့်အောင် လုပ်၍၊ယောကျ်ားသည်သုက်ခိုင်အောင်လုပ်ရသည်။ နောက် ပေါက်ဖွား လာလတ္တံ့သော သားသမီးတို့သည်လည်း၊ သားကောင်း, သမီးကောင်းပင် မွေးဘွားလာပေလိမ့်မည်။

မိခင်သည် ကလေးတို့အား ကောင်းမြတ်သော အဆုံးမ ဩဝါဒကို ပေးရသည်။ ဤသို့ပြုခြင်းကြောင့် ကလေးသည် ယဉ်ကျေး သိမ်မွေ့ခါ စိတ်ဖြင့်ဖြစ်စေ ကိုယ်ဖြင့်ဖြစ်စေ မကောင်းမှုကိုပြုရန် အားထုတ်မည် မဟုတ် ချေ။ ကလေးစကား ပြောတတ်လာသောအခါ မိခင်သည် ကလေး၏ လျှာကို ပြောင်းပျောင်းစေ၍ ဗျည်း သရ အက္ခရာတို့ကို ဌာန်အားရော်စွာ ပီသအောင် ရွတ်ဆိုနိုင်စေရန် နည်းလမ်း ပြသပေးရသည်။ ဥပမာ—

'ပ' အက္ခရာသည် ဩဋ္ဌ (နှုတ်ခမ်းသံ) ဖြစ်သဖြင့် နှုတ်ခမ်း နှစ်ခုကို ထိ၍ ရွတ်ဆိုရသလို ရဿ, ဒီဃ, ပလုတ အက္ခရာတို့ကို အသံထွက် မှန် အောင်ရွတ်ဆိုနိုင်ရန် သင်ပေးရာသည်။ ချိုပြင်း၊ အသံမှန်ခြင်း၊ အက္ခရာ၊ မတြာ၊ ပါဌ်၊ ဝါကျ စသည် အသီးသီး မှန်ကန်စွာ ပြောဆိုနိုင်အောင် ပြုရာ သည်။ စကား အတော် အသင့် ပြောတတ်၍ စကားကို နားလည် လာသော အခါ ပြေပြစ်သောစကားကို ပြောဆိုခြင်းနှင့် လူကြီး လူငယ်ရှိသေထိုက် သော မိဘ၊ မင်းစိုးရာဇာ၊ ပညာရှိတို့နှင့် စကားပြောနည်း၊ တွေ့ဆုံ ဆက် ဆံနည်းတို့ကိုပါ သင်ပေးခါ၊ မကော်မလျော်သော ဆက်ဆံမှု မဖြစ်စေဘဲ၊ ဘယ်နေရာမှာမဆို၊ ဂုဏ်ခံယူနိုင်အောင် ပြုရာသည်။ ရှုစွန်တို့ကို စောင့် စည်းနိုင်၍ အတတ်ပညာနှင့် လူကြီး လူကောင်းတို့နှင့် ပေါင်းသင်း ဆက် ဆံခြင်းကို လိုလားနှစ်သက်လာအောင် ပြုရာသည်။ အကျိုး မများသော ကစားခုံစားခြင်း၊ ရယ်ခြင်း၊ ငိုခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ရွှင်ပျော်အားကြီးခြင်း၊ စိတ်ညစ်ခြင်း၊ အရာဝတ္ထုတို့ကို တပ်မက်ခြင်း ရာဂ၊ မနောရ အားကြီး ခြင်းတို့ကို မပြုစေရာ။ အင်္ဂါဇာတ်ကိုထိခြင်း, ပွတ်သပ် ခြင်းကြောင့် သုက်သွေးကုန်ခန်းခြင်း၊ နပုံးပဏ္ဍုက်ဖြစ်ခြင်းသာ မဟုတ်ဘဲ လက်လည်း နံစေ် ညစ်ပေတတ်သောကြောင့် ကလေးတို့အား၊ မထိမကိုင် မပွတ် မသပ်စေရာ၊ အခါခပ်သိမ်း မှန်သော စကားကိုဆိုခြင်း၊ ရဲရင့်ခြင်း၊ တည် ကြည်ခြင်း၊ မျက်နှာ ချိုခြင်းစသော ဂုဏ်တို့နှင့် ပြည့်စုံစေရာသည်။ အသက်ငါးနှစ် အရွယ် ရှိသောအခါ ဒေဝနာဂရီ အက္ခရာတို့ကို သင်ပေး ရာသည်။ အခြားတိုင်းတပါး ဘာသာအက္ခရာ တို့ကိုလည်း သင်ပေးရာ သည်။ ထိုမှနောက် ကောင်းသော အကျင့် သီလ ပညာ ဘာသာတရား၊ ဘုရား၊ မိခင်၊ ဘခင်၊ ဆရာသွား၊ ပညာရှိ၊ ဧည့်သည် မင်းစိုး ရာဇာ၊ ပြည်သူ ရဟု ဆွေမျိုး၊ ညာတိ မိတ်သင်္ဂဟ၊ ညီအစ်ကို မောင်နှမ၊ အစေအပါး စသည်တို့နှင့် ပေါင်းသင်း ဆက်ဆံနည်းဖြစ်သော မန္တာန် ဂါထာ သုတ် စကားပြေ ကဗျာဗန္ဓ တို့ကို အနက်နှင့် တကွ အရကျက်စေရာသည်။ ထိုသို့ ပြုခြင်းကြောင့် ကလေးသည် လူလိမ် လူကောက်တို့ လိမ်ဖျည့်ခြင်း မှ ကင်းလွတ်၍ ဘုတ် ပြိတ် တစ္ဆေ စသည်မှ ကြောက်လန့် ယုံကြည်ခြင်း စသော မှန်သောပညာ ဘာသာ တရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည့် [illegible] ရှည်စားသော ဝါဒတို့ကို၊ ယုံကြည်မှုမှ ကင်းလွတ်စေရာ သည်။

ဂုရေး ပြေတသျ ဘိသျဇ္ဇ၊ ပိတြိမေဓံ သမာစရန်၊ ပြေတဟာရေး သမံ တတြ ဒသရာတြေဏ သုဓျတိ။ မနု.[အ.၅၊ ဖ၅]။

အနက်ကား.....ဆရာသေလွန်သောအခါ၊ ပြေတ(=ဗြိတ္တာ)ခေါ် သော လူသေကောင်ကို သင်္ဂြိုဟ်သောတပည့်၊ (ပြေတဟာရ) လူသေကောင် ကို ထမ်းဆောင်ပို့သူတို့နှင့် တကွ၊ ဆယ်ရက်မြောက်တွင် ဖြူစင်သန့်ရှင်း၊ (သုဒ္ဓဖြစ်)သည်- ၊လူသေကောင်ကို ဖုတ်ကြည်း သင်္ဂြိုဟ်ပြီးသောအခါ ‘ဘူတံ’(=ဖုတ်ပြိတ်တစ္ဆေ)ခေါ်သည်၊ အကြောင်းကား ‘ဘူတ’ လွန်လေ ပြီးသောသူဟု ဆိုလိုသည်။ ပေါက်ပွားလာသော သူသည် ယခုပစ္စုပ္ပန်၌ မရှိသောသူဟူသမျှကို၊ ဘူတဿ ဖြစ်သောကြောင့် ‘ဘူတ’ ခေါ်သည်၊ ဤအတိုင်းပင် ဖြပ်ဗ္ဗာကြီးကအစပြု၍ ယနေ့ထက်တိုင် ဖြစ်ထွန်းပေါ်ပေါက် လာခဲ့သော ပညာရှိဟူသမျှတို့၏ အယူအဆဖြစ်သည်။ ထိုသော် အကြွင် သူတို့အား၊ယုံမှားသကဲ့သို့၊ အယူလွဲမှားသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ နည်းလမ်းမှန်အောင် ပြုပြင်ပေးမှု မရှိခြင်းတို့ကြောင့်၊ ကြောက်ခြင်းနှင့် ယုံမှားခြင်းကြောင့် ဖြစ်ပေါ် လာသော ဘုတ် (ဖုတ်) ပြိတ် တစ္ဆေ၊ ရှန်း၊ နတ်၊ သူရဲ၊ သဘက်စသော များစွာသော ယုံမှားမှုတို့သည် ရင်းပုဂ္ဂိုလ် အား ဒုက္ခဆင်းရဲကို ပေးတတ်လေသည်။ ကြည့်ပါ၊ သက်ရှိ သတ္တဝါ တဦးသေလွန်သောအခါ၊ သူ၏ အသက်ဝိညဉ် (ဇီဝ) သည်၊ ကောင်းမှု, မကောင်းမှု၏ အနှောင်အဖွဲ့တွင် ငြိတွယ်လျက်၊ ဘုရားသခင်၏ စီရင်မှု အားလျော်စွာ၊ ချမ်းသာဆင်းရဲကို ခံစား စံစားရန်အလို့ငှါ တမလွန် ဘဝတခုခုကို ရလေသည်။ စဉ်းစားပါ၊ ဤမဒိုမသေ အမြဲ တည်တော် မူသော ဘုရား၏အစီအရင်ကို မည်သူ ပယ်ဖျက်နိုင်အံ့နည်း၊ပညာဉာဏ် မရှိသော သူတို့သည်၊ ဆေးကျမ်းဗေဒင်ကျမ်းတို့ကို ဘတ်ရှု သင်ကြား စဉ်းစားခြင်းမပြုဘဲ၊ သန္နိပါတ် အဖျားစသော ကိုယ်ခန္ဓာနှင့်ဆိုင်သော ရောဂါနှင့်ရူးသွပ်ခြင်းစသော စိတ်နှင့်ဆိုင်သောရောဂါတို့ကို ဘုတ် ပြိတ် တစ္ဆေကြောင့်ဟုယူဆကြ၏။ ဆေးစားခြင်း ဓာတ်စာစားခြင်းစသည်ကို မပြုမူ၍ ထိုလူလိမ်လူကောက် အယူမှားသူ၊တကယ့်လူမိုက်၊အကျင့်တရား ဆိုးဝါးယုတ်မာသူ၊ ကိုယ့်တကိုယ်ချမ်းသာရေးကို လိုလားသော မစင် ကျုံး၊ သားရေနယ်၊ ဓာတ်ညှဲ့ တောင်သူ မိလက္ခုတို့ကိုပင်ယုံကြည်ခဲ့ အထူးထူးအပြားပြား၊ဟန်ဆောင်လှည့်စားလျက်ပေးသောစက်ဆုပ်ဖွယ်

အစားအစာ မန္တာန်ချည်မျှင်စသော မဟုတ်မမှန်သော မန္တာန်အင်းအိုင် လက်ဖွဲ့စသည်ကို ဆောင်ကြဝတ်ဆင်ကြလေသည်။ မိမိ၏ ဥစ္စာပစ္စည်း ဆုံးရှုံးခြင်း, သားသမီးတို့ ဆင်းရဲ ဒုက္ခရောက်ခြင်း, ဖြစ်ပေါ်ဆဲ ဖြစ်သော ရောဂါအနာတို့ကို ပွားစေခါ၊ အတိဒုက္ခ ခံစားနေတတ် ကြလေသည်။ ပညာမျက်စိကန်း၍ စီးပွားရှာသမား လူယုတ်မာများထံ သွားရောက် ခါ၊ "ဆရာကြီး !ဒီကလေး, ကလေးမ, မိန်းမ, ယောကျ်ားကို ဘာဖြစ်မှန်း မသိဘူး ကြည့်ပါအုန်း "ဟု ပြောလျှင်၊ ဆရာက "ဒီလူခန္ဓာကိုယ်မှာ အတော်ကြမ်းတန်းဆိုးဝါးတဲ့ တစ္ဆေသူရဲကြီးဝင်ပူးနေတယ်၊ ခင်ဗျားတို့ ဒါကို မကုစားရင်၊ ထွက်မှာမဟုတ်ဘူး၊ အသက်သေအောင်အထိ၊ ညှဉ်း နေလိမ့်မည်။ ဟောငွေ (စရိတ်စက) ဒီလောက်အကုန်ခံရင် (ပေးရင်) ကျုပ်က မန္တာန်ရွတ်ဘတ် သရဏ္ဍာယ်ပြီး၊ နှင်ထုတ်လိုက်မည်။" ပြော သောအခါ ထိုညဏ်မဲ့သောဆွေမျိုးညာတိတို့က "ဆရာရယ်၊ ပိုက်ဆံ ဘယ်လောက်ကုန်ကုန်၊ ကောင်းအောင်သာကုပါ၊"ဆရာကြီးမှာမူ လိုအင် ဆန္ဒ ပြည့်ဝအောင်မြင်ပြီဖြစ်၍–"နတ်တင်စရာ မုံ့ပဲကြက်ငှက် အသီးအနှံ က ဒီလောက်၊ ငွေစကာဒီလောက်၊ နတ်တင်စရာ အပြင် ဂြိုဟ်မင်း တို့ကို လည်း ပူဇော်အုံး၊" အိုးစည်ဗုံမောင်း စသည်တီးမှုတ်ခါ၊ ၎င်းတို့အထဲမှ နတ်ကတော် အခေါ်ခံသူ လူလိမ်တဦးက၊ အရူးသဘွယ် ကခုန်သီဆို လျက်၊ "ငါက၊ ဒီလူအသက်ကို နှုတ်ယူပြီးမှ၊ သွားမှာသိလား၊ သတိ ထား၊" စသည့် ကြိမ်းမောင်းလိုက်သည်နှင့် တပြိုင်နက်၊ ညဏ်မျက်စိ ကန်းသော ထိုသူတို့သည်၊ ယုတ်ညံ့သောတမြက်လျှည်းမစင်ကျုံးသားရေ နယ် နတ်ဆရာနတ်ကတော်တို့ စကားကိုယုံကြည်ထိတ်လန့်လျက်၊ "နတ် မင်းကြီး၊ အလိုရှိတာကို တင်သပူဇော်ပါမည်၊ ဒီလူကိုသာ၊ ချမ်းသာ ပေးတော်မူပါ။ "ထိုအခါထိုလူလိမ်က ပြောပြန်သည်မှာ–"ငါဟာ ဟာနု မာန်ဖြစ်တယ်၊ မုံ့ချို၊ ဆီ, ဆုံးမုံ့၊ မုံ့ကဆီယာ ၅၀-လန်ကွတ်တီး အနှိ က တခုယူခဲ့၊" "ငါဟာ ဒေဝီ (နတ်သမီး) ဘေရဝနတ်ဖြစ်တယ်၊ အရက် ငါးမှုလင်း၊ ကြက်ကောင်နှစ်ဆယ်၊ ဆိတ်ငါးကောင် မုံ့ချိုနှင့် အဝတ် များယူခဲ့–ဟု ဆိုသောအခါ သူတို့က၊ နတ်မင်း အလိုရှိတာ ယူပါ" ဟု ပြောဆိုဝန်ခံသည့် နောက်၌ကား ထိုနတ်ကတော် အရူးသည် တအား ဆက်ခါ၊ မိုရိ ကရုန်လာလေတော့သည်။ထိုသော် အကြင် တရုံတယောက် ... ပြောမှိုသည်၊ ငါးချက်လောက် ခတ်နှာနှာ ဘိနပ်နှင့်ပေါက်

ဒုတ်နှင့်ရိုက်၊ ပါးချခါ နတ်တင် ပူဇော်လိုက်လျှင်၊ထိုဟာနုမာန်နတ်၊ နတ်ဘီလူးနှင့် ဘေရဝ နတ်ကြမ်းတို့သည်၊ ချက်ခြင်းပင် ကြေနပ်ထွက်သွားကြလေသည်။ အဘယ်ကြောင့်ဆိုသော်, ထိုသို့နတ်ပူးပြခြင်းကား စင်စစ်အားဖြင့် ပိုက်ဆံကိုလို၍ ဟန်လုပ်ခြင်းမျှသာ ဖြစ်သောကြောင့်တည်း။

ဗေဒင်ဆရာ၊ ဂြိုဟ်ဆရာတို့ထံသွားရောက်၍"ဆရာ ဒီလူဘာဖြစ်မှန်းမသိဘူး၊တွက်ချက်ကြည့်ပါခုံးဆရာ ဟုပြောသောအခါ၊ ဗေဒင်ဆရာက၊ သူရိယာစသော ကြမ်းတန်းသောဂြိုဟ်များ ဝင်နေတယ်။ ခင်ဗျားတို့က သူ့အတွက်၊ ဂြိုဟ်မင်းတို့ကို ပူဇော်ပသပြီး၊ ငြိမ်းအောင်လုပ်မှ ချမ်းသာမယ်၊ နို့မို့ရင် အသက်ပင် ဆုံးရှုံးနိုင်ပါတယ်။ (အဖြေ) ပြောစမ်းပါ ဗေဒင်ဆရာကြီး! ဒီကမ္ဘာမြေကြီး သက်မဲ့ဖြစ်သလိုပင်၊ နေစသော ကမ္ဘာတွေဖြစ်သဖြင့် ပူစေခြင်း ထွန်းလင်းစေခြင်းထက်ပို၍ ဒီကမ္ဘာတွေက ဘာမှ မပြုနိုင်ပါ ဒီကမ္ဘာတွေဟာ စိတ်စေတနာရှိပြီး၊ ဒေါသအမျက်ထွက်လျှင် ဒုက္ခပေး၊ ရွှင်ပျော် နှစ်သက်လျှင် ချမ်းသာကို ပေးတတ်ပါသလား? (အမေး) ဤကမ္ဘာ လောကရှိ ဘုရင်နှင့် ပြည်သူတို့ လူထုတို့ ဆင်းရဲခြင်း ချမ်းသာခြင်း တို့ကို တွေ့ကြုံ ခံစားနေကြ တာဟာ ဂြိုဟ်စီး ဂြိုဟ်နင်း၏ အကျိုး မဟုတ်ပါလော? (အဖြေ) မဟုတ်ဘူး၊ ဒါက ကုသိုလ် အကုသိုလ် အကျိုးတရားသာဖြစ်ပါတယ်။(အမေး) ဒီလိုဆိုရင် ဗေဒင်ကျမ်းဂန်များဟာ၊ အလကား အမှားတွေ ချည်းဘဲလား? (အဖြေ) မမှားဘူး။ ဒီဗေဒင်ကျမ်းတွေထဲမှာ၊ ဂဏန်းသင်္ချာ အတွက်အချက်နှင့် ဆိုင်ရာဟူသမျှသည် မှန်ကန်၍ အကျိုး အပြစ်ကို ဆိုထားသမျှသည် အမှားတွေဖြစ်၏။ (အမေး) ဒီလိုဆိုရင် ဒီဖွဲ့ထားတဲ့ ဇာတာဟာ အလကားဘဲလား? (အဖြေ) ဒါဟာ ဇာတာမဟုတ်ဘူး၊ "သောကစာရင်း"လို့ အမည်ပေးသင့်တယ်၊ ဘာကြောင့်လဲဆိုရင်၊ ကလေးမွေးဘွားလာသောအခါ အားလုံး ရွှင်ပျော် ဝမ်းမြောက်ကြပါတယ်၊ ဇာတာဖွဲ့ပြီးလို့၊ ဘယ်အရွယ် ဘယ်ဂြိုဟ်ရောက်ရင် ဘယ်လို အန္တရာယ် ရှိနေတယ်ဆိုတာ ကြားရတဲ့အခါမှာ ရွှင်ပျော်ဝမ်းသာခြင်းအားလုံး ကုန်ဆုံးပြီး၊ စိုးရိမ်ပူဆွေးခြင်းဖြစ်လာကြရပါတယ်။ ဗေဒင်ဆရာကြီးက ဇာတာဖွဲ့ထားဘို့ရန်ပြောသောအခါ မိဘတို့က၊ ဆရာကြီးရေ၊ ဇာတာ ကောင်းကောင်းဖွဲ့ပေးပါနော် ဟု ပြောလျှင် မိဘပိုက်ဆံရှိသူဆိုလျှင်၊ အင်းတွေ

ဓယားတွေ အကွက် အမျိုးမျိုးချကာ၊ အကျယ်တဝင့်ရေးခြစ်လုပ်ပေး၍ ဆင်းရဲသားဆိုလျှင် သာမန်တကြောင်းနှစ်ကြောင်းရေးခြစ်ခါ လုပ်ပေးလိုက်လေသည်။ ဇာတာဖွဲ့ပြီးနောက်၊ အကျိုးအပြစ်ကို ဘတ်ပြောပြရန် ဆရာကြီးလာသောအခါ မိဘတို့သည် ရှေ့တွင်ထိုင်ခါ နားစိုက်ထောင်နေကြ၏။ ထိုအခါဆရာက၊ ဒီကလေးမွေးနေ့ဂြိုဟ်သည် အလွန် ကောင်း၍ ပစ္စည်းဥစ္စာကြွယ်ဝသူ၊ ဂုဏ်ကြက်သရေကြီးသူ၊ လူအပေါင်း လေးစားရိုသေခံရသူဖြစ်ပြီး၊ မင်းစိုးရာဇာများ မြှောက်စားခံရမည့်ပြင်၊ ကျန်းမာပြီး အသက်ရှည်မည့်ခလေးဖြစ်ကြောင်း ဘတ် ပြော တွက်ချက်ပြသောအခါ မိဘတို့မှာဝမ်းသာ၍မဆုံး တပြုံးပြုံး ဖြစ်နေကြသည့်ပြင်၊ "ဆရာရေ၊ သိပ်တော်တဲ့ ဗိုဒ်ဆရာဘဲ"ဟု ချီးကျူး ထောမနာ ပြုကြသောအခါ၊ ထိုဆရာက ဒီနည်းနှင့်တော့၊ စားလမ်းမပွင့်သေးဘူးဟု ကြံစည်ခါ၊ "ဒီဂြိုဟ်ကတော့ သိပ်ကောင်းတာမှန်ပါတယ်၊ နို့ပေတဲ့၊ ဟောဒီဂြိုဟ်တခုကတော့ အတော်ဆိုးနေပါတယ်၊ ဟောဒီဂြိုဟ်နှင့် ပေါင်းဆုံမိရင်၊ ကလေးအသက် ၈-နှစ်မှာ မြိတ္တုယောဂဖြစ်ပြီး၊ အသက်သေဘေး တွေ့နေပါတယ်"။ ဤစကားကိုကြား၍ မိဘနှစ်ပါးတို့မှာ၊ ကလေးမွေးဘွားလာခြင်းကြောင့် ရရှိအပ်သော နှစ်လိုဝမ်းမြောက်ခြင်းကို စွန့်လွှတ်လျက်၊ ပူဆွေး ပိုးရိမ်ခြင်း တည်းဟူသော သမုဒ္ဒရာရေပြင်ကြီးထဲတွင် နစ်မွန်း သွားကြရှာလေတော့သည်။ "ဆရာရေ! ကျွန်တော်တို့ ဘယ်လို လုပ်ရပါ့မလဲ"ဟု ဆရာကြီးအား ပြောသောအခါ ဗေဒင်ဆရာက- "နည်းလမ်း ရှာတာပေါ့ဗျာ"၊ "ဘယ်လိုနည်းလမ်း ရှာရပါ့မလဲဆရာ"ဟု ဆိုသောအခါ၊ ဆရာက"ဒီလို ဒီလို အလှူဒါနကိုပြုပါ၊ ဂြိုဟ်မင်းကိုပူဇော်ပါ၊ နေ့စဉ်ဖြဟ္မဏ (ပုဏ္ဏား) တို့ကို ဆွမ်းကျွေးရင်၊ ဂြိုဟ် ၉-လုံး၏ အနှောက်အယှက်တွေ၊ ပျောက်ကင်း သွားလိမ့်မယ်လို့၊ မျှော်လင့် ပါတယ်။ ပျောက်စေမယ်လို့ တထစ်ချ ဝန်မခံဘဲ၊ "မျှော်လင့်ပါတယ်" ဆိုသော စကားလုံးကို သုံးထားခြင်းမှာ၊ ဗေဒင်ဆရာ,ဆေးဆရာတို့၏ ပရိယာယ်စကားလုံးဖြစ်၍၊ အကယ်၍သေသွားခဲ့လျှင်၊ "ကျုပ်ကတော့ အစွမ်းကုန်ကြိုးစားတာပါဘဲ၊ နို့ပေတဲ့ ဘုရားထက်ပို၍ကြီးသူ၊ ဘယ်မှာရှိမလဲဗျာ၊ (သူ့အပိုအရင်ကို ဘလူက ဖျက်နိုင် ခုံးမှာလဲ)၊ ခင်ဗျားတို့လဲ ကြိုးစားကြတာဘဲမဟုတ်လား၊ ဒါပေတဲ့ ဒီကလေးရဲ့၊ ကံတရားကိုက၊ ဒီလိုဖြစ်တို့ ရှိလာတော့၊ ဘယ်တတ်နိုင်မလဲ၊"အကယ်၍ ရောဂါအနာ ပျောက်ကင်း

ချမ်းသာသွားမည်ဆိုပါက''ကြည့်စမ်း! ငါ့လက်ဖွဲ့၊ အင်းအိုင် မန္တာန်နှင့် နတ်များ၊ ပုဏ္ဏားများ တန်ခိုးသတ္တိကို ကြည့်စမ်း၊ ခင်ဗျားတို့ ကလေး အသက်ကို ကယ်တင်လိုက်ထယ်မဟုတ်လား'' ဤနေရာ၌၊ ၎င်းဆရာတို့ ပူဇော်ပသခြင်းကြောင့် တစုံတရာအကျိုးမထူးလျှင်၊ ၎င်းလူလိမ်ဆရာတို့ ထံက၊ လျော်ကြေး နှစ်ဆ သုံးဆ ယူရာသည်။ အကယ်၍ အကျိုးတရား ဖြစ်လာလျှင်လည်း၊ ၎င်းတို့ပြော စကားအရ– ''ထာဝရ ဘုရားထက် ပိုကြီးသူမရှိ၊ ၎င်းဘုရား၏ အစီအရင်ကို မည်သူမျှ မဖျက်နိုင်၊ ကံတရား အတိုင်းပင် ဖြစ်ရသည်'' ဆိုသည့်အတိုင်း၊ ကံအားလျော်စွာ၊ အသက် ရှင်လာခြင်းကြောင့်၊ ၎င်းလူလိမ် ဗေဒင်ဆရာတို့ကို ဘာမျှပေးစရာမလို၊ ၎င်းတို့ထံမှသာ၊ ကုန်စရိတ်ကို ယူသင့်ပေသည်။ အကယ်တန္တိ ဆရာ သမားတို့က၊ အလှူဒါနစီရင် ပေးကမ်းစေပြီးလျှင်၊ ၎င်းအလှူ ဝတ္ထုကို ၎င်းကိုယ်တိုင်ယူလျှင်လည်း၊ ဗေဒင်ဆရာတို့ကို၊ ပြောကြား ဖြေဆိုသကဲ့ သို့ပင် ဖြေသင့်၏။

ယခုကျောက်ရောဂါကို ဖြစ်စေတတ်သော (သီတလာ)ခေါ် နတ်မိန်းမ နှင့် ဂါထာမန္တာန် လက်ဖွဲ့များ ကျန်ရှိနေသေး၏။ ဒါတွေလဲ အလိမ် ချည်းဘဲ။ တချို့ဆရာက''ငါဂါထာမန္တာန်ရွတ်ဘတ်မန်းမှုတ်ပြီး၊ လက်ဖွဲ့၊ အင်းအိုင်ချည်မျှင် စီမံပေးထားရင်၊ ငါ့နတ်သူရဲ တွေဟာ ဒီအင်းအိုင် လက်ဖွဲ့တန်းခိုးကြောင့်၊ခင်ဗျားကို၊ဘာမှအနှောင့်အရှက် ပေးမည်မဟုတ် ဘူး''ဒီဆရာတွေကို–''ခင်ဗျားဟာ၊ ဘုရားသခင်၏ အစီအရင်,ကံအကျိုး နှင့် သေခြင်းတရားကို တားဆီး နိုင်မလား?''ဟု မေးသင့်၏။ ''ခင်ဗျား ဒီလိုပြုပေတဲ့၊ ကလေးတွေအများကြီး သေကြတယ်၊ ခင်ဗျားတို့ အိမ်မှာ လည်း ကလေးသေတာဘဲ၊ ပြီးတော့ ခင်ဗျား ကိုယ်တိုင်ကော၊ သေ ဘေးကလွတ်အုံးမှာလား?'' ဤသို့မေးခဲ့လျှင် ၎င်းတို့သည်ဘာမှပြန်မပြော နိုင်ဘဲ၊ ''ဒီနေရာမှာတော့၊ ငါထင်တိုင်း မပေါက်ပါဘူး''ဟု သိခါ၊ ဤမှား သောအယူကိုစွန့်ခါ၊ တပြည်လုံး၏ အကျိုး ကျေးဇူးကို ဆောင်ခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်းမပြုဘဲ၊အားလုံးသော သူတို့အား၊ ပညာသင် ကြားပေးခြင်း၊ မြင့်မြတ်သော ပညာရှိသူတော်ကောင်းတို့အား၊ ကျေးဇူး ဆပ်ခြင်း တည်းဟူသော အလုပ်ကောင်းတို့ဖြင့် ကမ္ဘာလောက ကြီး၏ အကျိုး ကျေးဇူးကို ဆောင်ကြရာသည်၊ ဤကောင်းမြတ်သောကိစ္စတို့ကို

ဘယ်ခါမှမစွန့်ရာ။ ထို့ပြင် အင်္ဂယတ်၊ ဣတ္ထိသျှို ပုရိသသျှို (မိန်းမ ယောက်ျားများကို ဆေးဝါးမန္တာန်ဖြင့် မိမိအလိုသို့ဆွဲဆောင်ခြင်း ချစ်ကြိုက်အောင်ပြုခြင်း) တဦးနှင့် တဦးကို မုန်းတီးကွဲပြားအောင် ပြုခြင်း စသည်တို့လည်း၊ အလွန်ယုတ်ညံ့ရိုက်မဲ့သော သူတို့၏အပြုအမူဖြစ်သည် ဟု မှတ်ရာသည်။ ဤကဲ့သို့သော လိမ်လည် လှည့်ဖြားနည်းတို့ကို၊ သားသွီး ငယ်ရွယ်စဉ်ကပင် ပြောပြ သွန်သင်ထားရာသည်၊ သို့မှသာ ဤအလိမ်တည်းဟူသော ပိုက်ကွန်ထဲမှ လွတ်၍ ဒုက္ခဆင်းရဲ ကင်းဝေးရာသည်။ ထို့ပြင် သုက်သွေးကိုထိန်းသိမ်း စောင့်စည်းထားရာ၌ ချမ်းသာစည်းစိမ် ခံစား စံစားရခြင်းနှင့် သုက်သွေးတို့ကို အချည်းနှီး ဖြုန်းတီးပျက်စီးစေရာ၌ ဒုက္ခဆင်းရဲကို ရရှိခံစားရခြင်းကိုလည်း သွန်သင်ထားရာသည်။ ဥပမာ— သုက်သွေးအားကောင်းပြည့်ဖြိုးသောသူသာလျှင်ကျန်းမာခြင်း၊ဦးနှောက်=ဉာဏ် ထက်ခြင်း၊ ခွန်အားဗလရှိခြင်း၊ အစွမ်းသတ္တိရှိခြင်း အကျိုး တရားနှင့် ပြည့်စုံ၍ ချမ်းသာသုခများစွာ ခံစားရသည်။ သုက်သွေးကို ထိန်းသိမ်း စောင့်ရှောက်ရန် နည်းလမ်းမှာ—ကာမဂုဏ်နှင့် ပတ်သက်သော ဝတ္ထုစာပေ၊ ကာမအားကြီး (တဏှာကြီး)သူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ကာမသံဝါသကို စိတ်ကူးခြင်း၊ (ပျိုရွယ်သူ) မိန်းမတို့ကို၊ ကြည့်ရှုခြင်း၊ ဆိတ်ငြိမ်ရာ၌ ကာမဂုဏ်ကို အာရုံပြုခြင်း၊ မိန်းမတို့နှင့် ချစ်တင်းဆိုခြင်း၊ တွေ့ထိ ပွတ်သပ်ခြင်းတို့ကို ရှောင်ကြဉ်၍၊ ဗြဟ္မစာရီသည်၊ ကောင်းမြတ်သော အတတ်ပညာတို့ကို ဆုံးခန်းတိုင်ရောက်အောင် သင်ယူရာသည်။ သုက်သွေးခန်းခြောက်သော သူတို့သည် နပုံသက၊ မင်္ဂလာမရှိသူဖြစ်၍ ရိုပြု ရိနိ စသော သုက်လွတ်ရောဂါရှိသူတို့သည်၊အားနဲခြင်း အရောင်အဆင်း ဖြူရော်ညှိုးနွမ်းခြင်း၊ ဦးနှောက်အားနည်းခြင်း၊ ထကြွလုလ္လ ဝိရိယ၊ရဲရင့်တည်ကြည်ခြင်းမှကင်းမဲ့၍သေကြေပျက်စီးသွားရလေသည်။ "အကယ်၍မောင်တို့ဟာ၊ကောင်းသောအဆုံးမ ဩဝါဒနှင့်အတတ်ပညာ သုက်သွေးကို စောင့်စည်းထိန်းသိမ်းခြင်းကို၊ ယခု အချိန်အခါမှာ မရယူလိုက်ဘူးဆိုရင်၊ ဒီဘဝမှာ နောင်ကိုဒီလို အဘိုးမဖြတ်နိုင်သော အခါကောင်းမျိုး၊ဘယ်တော့မှရနိုင်တော့မည် မဟုတ်တော့ဘူး။ ဒို့အိမ်မှ တို့အပေါ်ကို ပြုလုပ်ဆောင်ရွက်နေသော ဒို့(မိဘ) အသက် ရှင်နေစဉ် အခါအတွင်း မင်းတို့သည် ပညာသင်ယူခြင်း၊ ခွန်အားဗလကို တိုးပွားစေခြင်းပြုရာသည်။ ဤကဲ့သို့သော အခြားသော အဆုံးမ ဩဝါဒတို့ကိုလည်း

မိဘတို့က ပေးရသည်။ ထို့ကြောင့်“မာတြိမာန် ပိတြိမာန်” ဆိုသော ပုဒ်ကို အဆိုပါစကား၌ သုံးစွဲထားလေသည်။ အဓိပ္ပါယ်ကား–မွေးသည်မှ အသက် ၅–နှစ်မြောက်အထိ ကလေးတို့ကို မိခင်ဖြစ်သူကငင်း၊ မြောက်နှစ် အရွယ်မှသည် ၈စ်နှစ်အရွယ်ထိ ဘခင်ဖြစ်သူကငင်း၊ သွန်သင် ဆုံးမ၍၊ ကိုးနှစ်အရွယ်တွင် ပုဏ္ဏားတို့သည် မိမိတို့သားတို့ကို၊ စလွယ် တင်ခါ၊ ‘အာစရိယကုလ’ အနက်ကား–အတတ်ပညာ ပြည့်ရုံစွာ တတ်သော ဆရာ သို့မဟုတ် ဆရာမ ရှိရာသို့ ကလေး ကလေးမတို့ကို ပို့ရသည်။ ထို့ပြင် ဇာတ်ညံ့တို့မူကား၊ ကလေးကို စလွယ်မတင်ဘဲ၊ ကျောင်းသို့ ပို့ရသည်။ ကလေးများကို ပညာသင်ပေးရာ၌ အလိုမလိုက်ဘဲ၊ ကြိမ်း မောင်းရိုက်နှက်ဆိုဆုံးမတတ်သော သူတို့၏သားသမီးတို့ သာလျှင်၊ ပညာ တတ်၊ ယဉ်ကျေးသူများဖြစ်ကြကုန်၏။ဤနေရာတွင် ဗျာကရဏ်းကျမ်း၏ အဖွင့်ကျမ်း၌ဆိုထားသော သာဓကကား–

သာမြိတေး ပါဏိဘိ ဃ္နန္တိ၊ ဂုရဝေါ န ဝိသောဒိတေး။
လာလနာ ဩယိဏော ဒေါသာ၊ တ္တာဍနာ ယိဏော ဂုဏား။

[အ·ဂ၊ ၁၊ ၈]

အနက်ကား–အကြင်မိဘနှင့် ဆရာသမားတို့သည် မိမိ၏သားသမီးနှင့် တပည့်တို့အား၊ ကြိမ်းမောင်းရိုက်နှက် ဆိုဆုံးမ၏၊ ထိုသူတို့သည် မိမိ၏ သားသမီး,တပည့်တပန်းတို့အား မိမိတို့လက်ဖြင့် အမြိတ် သုဓါဆုတ်ကို တိုက်ကျွေးသည်မည်၏။ အကြင်သူတို့သည် မိမိတို့သားသမီး, တပည့် တပန်းတို့ကို အထူးယုယ အလိုလိုက်ကြ၏၊ ထိုသူတို့သည် မိမိတို့ သား သမီး တပည့်တို့ကို အဆိပ်ကျွေး၍ သေကြေ ပျက်စီးစေသည် မည်၏၊ အဘယ်ကြောင့်ဆိုသော် အလိုလိုက်ခြင်းကြောင့် သားသမီး တပည့် တို့ သည်၊ အပြစ်ဒေါသဖြင့်ပြည့်၍ အလိုမလိုက်ခြင်းကြောင့် ကောင်းသော ဂုဏ်နှင့် ပြည့်စုံကုန်၏။ သားသမီးနှင့် တပည့်တို့ သည်လည်း ဆိုဆုံးမ သည်ကို နှစ်သက်သည် ဖြစ်ကြ၍ အလိုလိုက်သည်ကို ဘယ်တော့မှ မနှစ်သက်ရာ။ သို့သော် မိဘ ဆရာသမားတို့သည်၊ ရုဒ္ဒသာမန္တွေ့ရ၊ ဒေါသတရားရှေ့ထားလျက် ဆိုဆုံးမခြင်းမပြုရာ။ အပြင်ဘန်း၌ ခြောက် လှန့်ခါ၊ စိတ်ထဲတွင် ကရုဏာတရား ရှေ့ထားရာသည်။ ဥပမာ, နိုးခြင်း, ကာမေသုမိစ္ဆာစာရ(=ကာမဂုဏ်တို့၌ မှားသောအပြုအမူ) ပျင်းရိခြင်း၊

ပေါ့လျော့ခြင်း၊ သေရည်သေရက် သောက်စားခြင်း၊ မုသားပြောခြင်း၊ ညှည်းဆဲသတ်ဖြတ်ခြင်း၊ ကြမ်းကြုတ် ခက်ထန်ခြင်း၊ မနာလို ဝန်တိုခြင်း၊ အမျက်ဒေါသအားကြီးခြင်း၊ တွေဝေမိန်းမောခြင်း(မောဟ)စသော အပြစ်ဒေါသတို့ကို ဖယ်ရှောင်ခါ၊ကောင်းမြတ်သောအကျင့်သီလအာစာရတို့ကို ခံယူဆောက်တည်ရန် ဆုမ္မသွန်သင်ပေးရာသည်။ အကြောင်းကိုဆိုသော် အကြင် ယောကျ်ားတယောက်သည် အကြင် တစုံတယောက်၏ မျက်မှောက်တွင် ခိုးခြင်း၊ သူ့အိမ်ယာကို လွန်ကြူးခြင်း၊ မုသားပြောခြင်းကို ပြု၏။ ထိုသူ၏ဂုဏ်ကြက်သရေသည် ထိုလူ၏မျက်မှောက်တွင် သေသည်တိုင်အောင် မရှိနိုင်တော့ပေ။ မုသားပြောသူ၏ အကျိုးယုတ်သလောက် အခြားတစုံတရာ မရှိနိုင်တော့ပေ။ သို့ဖြစ်၍မိမိ၏ ပဋိညာဉ်ကို ပြည့်စုံအောင် ပြုရာသည်။ ဥပမာ–''ကျွန်ုပ်သည် ခင်ဗျားနှင့် ဤမည်သော အချိန်မှာတွေ့ပါမည်, သို့မဟုတ် ဤမည်သော အရာဝတ္ထုကို ဤမည်သော အချိန်မှာပေးပါမည်,''ဤသို့သော ကတိကဝတ်(ပဋိညာဉ်)ကို၊ ဝန်ခံသည့်အတိုင်း၊ ပြည့်စုံအောင်ပြုရာသည်၊ ထိုသို့မဟုတ်ပါမူ ထိုသူအားမည်သူမှ ယုံကြည် လေးစားတော့မည် မဟုတ်ချေ။ ထိုကြောင့် အခါခပ်သိမ်း စကားမှန်၍ ကတိတည်စေရာသည်။ မည်သူမှ မာန်မာနမကြီးရာ။ လိမ်လည်ကောက်ကျစ်ခြင်း၊ ကျေးဇူး ကန်းခြင်းကြောင့်၊ မိမိကိုယ်တိုင်က စိတ် ဆင်းရဲ ညစ်ညူးရလျှင် အခြားသူ အဘို့ အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း။ ''လိမ်လည်ကောက်ကျစ်ခြင်း'' ဆိုသည်မှာ၊ အတွင်းအပြင်(ကိုယ်စိတ်)ဖြင့် သူတပါးကို အယုံသွင်းကာ ဖြားယောင်းလှည့်စားလျက် သူတပါးအကျိုးယုတ်မည်ကို နှလုံးမသွင်းမူ၍ မိမိအကျိုးများရာကိုပြုခြင်းဖြစ်၏။ ''ကျေးဇူးကန်းခြင်း''ဆိုသည်မှာ၊ တစုံတယောက်က ပြုဘူးသော ကျေးဇူးသစ္စာကို မသိခြင်းဖြစ်၏။ကောဓအမျက် စသောအပြစ်ဒေါသနှင့် ရှုန့်ရင်း ကြမ်းတန်းသော စကား ဆိုခြင်းတို့ကို စွန့်လွှတ်လျက်၊ စိတ်သဘော မြေကောင်းမွန်စွာဖြင့် ချိုသာသော စကားကိုသာ ဆိုရာသည်။ အလွန်စကားများခြင်းကိုလည်း မလိုအပ်ရာ။ ပြောသင့်သလောက်ထက် အနည်းငယ် လျော့၍သော်ရင်း၊ အတိအကျသော်ရင်း ပြောဆိုရာသည်။ ကိုယ်ထက် ကြီးမြတ်သူတို့အား လေးစားခါ ထိုင်ရာမှထ၍ ရှေ့သို့ သွားရောက် ခရီးဦးကြိုပြုလျက် မြင့်မြတ်သော နေရာထိုင်ခင်း၌ ထိုင်နိုင်း ပြီးနောက် ပထမဆုံး ''ရှိခိုးပါ၏'' ဆိုခါ ရှိခိုးရာသည်။ ထိုသူ့ရှေ့တွင်

မြင့်မြတ်သောနေရာ၌ မထိုင်ရာ။လူရှိလူဝေး (သဘာ) တွင် မိမိနှင့်ထိုက်တန်သော နေရာ၌သာ ထိုင်ရာသည်။ သို့မဟုတ်က တစုံတယောက်က ဖယ်ခိုင်းတတ်သည်။ ဥစ္စာပညာနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းမြတ်သော ဂုဏ်တို့ကိုယူ၍ အပြစ်ဒေါသတို့ကို ပယ်စွန့်ရာသည်။ သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်း၊ သူယုတ်မာတို့ကို ရှောင်ကြဉ်ခြင်း။ မိမိ၏ မိဘဆရာသမားတို့အား ကိုယ်, စိတ်, ဥစ္စာ စသော မြတ်သော ဝတ္ထုပစ္စည်းတို့ဖြင့် ချစ်ကြည် လေးမြတ်စွာ ပူဇော်ဆည်းကပ်ရာသည်။

> ယာန္ယသ္မာကမံ သုစရိတာနိ တာနိ တွယောပါသျာနိ နော ဣတရာဏိ။

(တေတ္တိရိယ-ဥပ-ရ၊ အနု-၁၁)။

ဆိုလိုရင်းအဓိပ္ပါယ်မှာ— မိဘ ဆရာတို့သည် မိမိတို့သားသမီးတပည့်တို့အား အခါခပ်သိမ်း မှန်ကန်ကောင်းမြတ်သောနည်းနာဥပဒေသကိုညွှန်ကြားပြသရမည်၊ ထိုပြင် ငါတို့၏ တရားနှင့်ညီမျှသော အမှုတို့ကို အတုခိုးကာ လိုက်နာ ကျင့်ကြံလျက်၊ တရားနှင့် မလျော်သော အမှု (အပြုအမူ)တို့ကို စွန့်ပယ်ရမည်ဟု ညွှန်ကြားရာသည်။ မှန်သည်ထင်သော အကျင့် အာစာရတို့ကို ဖော်ပြခြင်း, ဖြန့်ဖြူးခြင်း ပြုရာသည်။ လူပိမ်လူဆိုးတို့ကို ယုံကြည် အားကိုးခြင်း မပြုရာ။ မိဘ ဆရာတို့က ညွှန်ကြား အပ်သော ကောင်းမြတ်သော အမှုဟူသမျှတို့ကို ထိုက်သင့်သလောက် လိုက်နာ ကျင့်ကြံရာသည်။ ဥပမာ— မိဘတို့က ဘာသာတရား၊ စာပေပညာ၊အကျင့်သီလနှင့် ပတ်သက်သောဂါထာ "နီတိသတ္တ" "နီရုတ္တိ" သဒ္ဒါသုတ်စဉ် (အဿဓ္ယာယီ) သို့မဟုတ် အခြားသုတ်များ၊ ဝေဒမန္တာန်များ နှုတ်တက် အကျက်ခိုင်းထားပြီးသား ဖြစ်ပါမူ၊ ထိုထိုသုတ်မန္တာန်တို့၏ အနက် အဓိပ္ပါယ်ကို စာသင်သားတို့အား တဖန်ပြန်၍ ပြောဟောပြရာသည်။ ဥပမာ— ပထမအခဏ်း၌ ဘုရားသခင်၏ အမည်နာမတို့ကို ဖွင့်ပြခဲ့သည့်အတိုင်း၊ မှတ်သား လိုက်နာကာ ပူဇော်ဆည်းကပ်ရာသည်။ ကျန်းမာရေး၊ ပညာဉာဏ် ခွန်အားကို ရယူစေနိုင်မည့် အစားအသောက် အနေအထိုင်တို့ကို ရယူရာသည်၊ ရယူစေရာသည်။ တနည်းအားဖြင့် ဆာမွတ်သည်ထက် အနည်းငယ် လျှော့စားရာသည်။ သေရည်သေရက်နှင့် အသားအသွေးတို့ ရှောင်ကြဉ်ရာသည်။ အလွန်

နက်လှသော ရေထဲသို့ မဆင်းရာ၊ အဘယ့်ကြောင့် ဆိုသော်, တရံ တခုသော ရေသတ္တဝါကြောင့် ဒုက္ခတွေ့နိုင်သည့်ပြင်၊ ရေကူးမတတ်က ရေနစ်သေဆုံးတတ်လေသည်။ "နာဝိဉာတေ ဇလာသယေ" မနုကျမ်းဆို အရ ရေ အနက်အတိမ်ကို မသိသော ရေကန်ရေအင်း၌ ဆင်းခါ ရေ မချိုးအပ်။

ဒိဋ္ဌိပူတံ နျသေတ္ပါဒံ၊ ဝတ္ထပူတံ ဇလံပိဝေတ်၊ သတျပူတံ ဝဒေ ဒွါစံ၊ မနးပူတံ သမာစရေတ်။

မနု·[အ·၆၊၄၆]

အောက်ကိုကြည့်ခါ၊ မြေအနိမ့်အမြင့်ကိုကြည့်၍ သွားရာသည်။အဝတ် နှင့်စစ်၍ ရေကိုသောက်ရာသည်။ မှန်ခြင်း(သစ္စာ) ဖြင့် ဖြူစင်အောင်ပြု၍ စကားဆိုရာသည်၊ စိတ်ဖြင့် စဉ်းစား ဆင်ခြင်လျက် ကျင့်ကြံ နေထိုင် ရာသည်။

မာတာ သတြူ ပိတာ ဝေရီ၊ ယေန ဗာလော န ပါဋ္ဌိတး။

နသောဘတေ သဘာ မဇ္ဈေ၊ ဟံသမဇ္ဈေ ဗကောယထာ။

(စာနကျနီတိ၊ အ· ၂၊ ဂါ·၁၁)။

ကလေးတို့အား အတတ်ပညာသင်မပေးသော မိဘတို့သည် ရန်သူ ဖြစ်၏။ ဟင်္သာတို့အလယ်၌ ဗျိုင်းသည်မတင့်တယ်ဘိသကဲ့သို့၊ ထိုပညာ မဲ့သောကလေးတို့သည်၊ ပညာရှိတို့ အစုအဝေး၌ မတင့်တယ်ချေ။ ။ မိမိတို့သားသမီးတို့အား ကိုယ်, စိတ်, ဉစ္စာဖြင့် အတတ်ပညာ၊ ဘာသာ တရား၊ ယဉ်ကျေးမှု၊ ကောင်းမြတ်သော သီလသိက္ခာဖြင့် ပြည့်စုံစေ ခြင်းသည်ပင် မိဘတို့၏ ပြုအပ်သော ဝတ္တရား မြတ်သော တရားနှင့် ကျော်စောကိတ္တိကို ပေးတတ်သော အမှုဖြစ်ပေသည်၊ ဤကားကလေး သူငယ်တို့အား ဆုံးမသွန်သင်ခြင်းနှင့် စပ်ဘျဉ်း၍ အနည်းငယ်မျှရေးပြ ခြင်းဖြစ်ရာ ဤမျှဖြင့် ပညာရှိပုဂ္ဂိုလ်တို့ အကျယ်ကို သိကြပေလိမ့်မည်။

ဤသည်ကား ဆိမိုမန် ဒယာနန္ဒ သရဿွတီသာမိသည် စီရင်အပ်သော သစ္စဿဓပကာသကျမ်း၌ ကောင်းမြတ်သော ဘာသာဖြင့် တန်းဆာဆင် အပ်သောဗာလ-သိက္ခာခေါ်၊ ဒုတိယအခန်း ပြီးပြည့်စုံ၏။ ၂။

တတိယ အခန်း

ပညာသင်ခြင်း သင်ပေးခြင်း နည်းနာတို့ကို ပြဆိုပေအံ့

ယခုတတိယအခန်းတွင် ပညာသင်ယူခြင်းနှင့် သင်ပေးခြင်း နည်းနာတို့ကို ရေးပါမည်။ သားသမီးတို့အား မြင့်မြတ်သော အတတ်ပညာ, အဆုံးအမ, ဂုဏ်, ကောင်းသောအမှုနှင့် ကောင်းမြတ်ဖြူစင်သော သဘောထားတည်းဟူသော တန်းဆာတို့ကိုဆင်ပေးခြင်းသည်ပင် မိဘဆရာ ဆွေမျိုးညာတိတို့၏ ပဓာနဝတ္တရားတပါး ဖြစ်ပေသည်။ ရွှေ ငွေ စိန် ကျောက် ပုလဲ ပတ္တမြား စသော တန်းဆာများ ဝတ်ဆင်ခြင်းကြောင့် လူတို့၏ အတွင်းသန္တာန်သည် လှပတင့်တယ်ခြင်း မဖြစ်နိုင်ရာ၊ အဘယ်ကြောင့်ဆိုသော်၊ လက်ဝတ်တန်းဆာများ ဝတ်ဆင်ခြင်းကြောင့် သက်သက်ခန္ဓာကိုယ် အဆင်းအရောင် တည်းဟူသော မာနတက်ခြင်း၊ အာရုံကာမဂုဏ်တရားပွားများခြင်းနှင့် သူခိုး ထားပြတို့မှ ကြောက်လန့်ရခြင်း သေဘေးတွေ့ရခြင်းမျှသာ ရှိလေသည်။ လောကတွင် ရွှေ ငွေ စသော တန်းဆာတို့ကြောင့် ကလေးစသည်တို့မှာ လူဆိုးတို့ လက်ချက်မြင့် သေကြေပျက်စီးရသည်ကို ဒိဋ္ဌ တွေ့မြင်ရလေသည်။

ဝိဇ္ဇာ ဝိလာသ မနသော ဓြိတ သီလ သိက္ခား,
သတျဖြတာ ရဟိတ မာနမလာ ပဟာရုး၊
သံသာရ ဒုခ ဒလနေန သဘူသိတာ ယေ,
ဓညာနရာ ဝိဟိတကမ်ပရော ပကာရုး။

အကြင် ယောကျ်ားတို့၏ စိတ်သည် အတတ်ပညာ၌ ပွဲလမ်းသက်ဝင်နေ၏၊ ဖြူစင်ကောင်းမြတ်သော အကျင့်အာစာရ သဘာဝနှင့် ယှဉ်၏၊ မှန်သောစကားကိုဆိုခြင်းစသော စည်းကမ်းနည်းလမ်းတို့ကို စောင့်စည်းလိုက်နာခြင်းနှင့် ယှဉ်၏။ မာန်မာနကြီးခြင်း စိတ်ညစ်ညူးခြင်းမှ ကင်း၍ အခြားသောသူတို့၏ စိတ်ညစ်ညူးခြင်းတို့ကို ပယ်ဖျက်သုတ်သင်တတ်သူ၊ တရားကောင်း တရားမှန်ကို သွန်သင်ဟောပြောခြင်း၊ အတတ်ပညာကို သင်ကြားပေးခြင်းဖြင့်၊ လောကလူတို့၏ ဒုက္ခဆင်းရဲတို့ကို ပယ်ဖျောက်ခါ တင့်တယ်သည်ဖြစ်၍ ဝေဒကျမ်းလာ မွန်မြတ်သောကံ (အမှု) တို့ဖြင့် သူတပါးတို့အား ကျေးဇူးပြုနေသော ယောကျ်ား မိန်းမတို့သည်၊ ဖုံမြီး

ဘွယ် ကောင်းပေစွ။ သို့ဖြစ်သောကြောင့် အသက်ရှစ်နှစ် ပြည့်သည်နှင့် တပြိုင်နက် ယောကျ်ားကလေးတို့ကို ယောကျ်ားကလေးကျောင်းသို့၎င်း၊ မိန်းကလေးတို့ကို မိန်းကလေးကျောင်းသို့၎င်း ပို့ပေးရသည်။ အကျင့်စာရိတ္တ ဆိုးဝါးသော ယောကျ်ား မိန်းမ (ဆရာ) တို့ထံမှာ၊ ပညာသင်မခိုင်းအပ်။ သို့သော်,အတတ်ပညာပြည့်စုံ၍ တရားရှိသော သူသည်သာ ပညာသင်ပေးထိုက်၏။ ဗြာဟ္မဏ ပုဏ္ဏားတို့သည့် မိမိတို့၏ သားကို အိမ်တွင် စလွယ်တင်၍ မိန်းကလေးတို့ကိုလည်း ထိုက်သင့်သလို (နားထွင်းခြင်းစသည်) ထုံးစံအတိုင်းပြုပြင်စီရင်၍ ပြခဲ့သော စာသင်ကျောင်း (=အာစရိယကုလ)သို့ ပို့ရသည်။ အတတ်ပညာသင်ယူသော ကျောင်းသည် ဆိတ်ငြိမ်သော နေရာ၌ ရှိအပ်သည်၊ မိန်းကလေး ကျောင်းနှင့် ယောကျ်ားကလေးကျောင်းသည် တခုနှင့်တခု နှစ်ကောသ (=၄ မိုင်) အကွာတွင် ရှိအပ်၏။ ဆရာ, ဆရာမ, အသိန်း, အစောင့်, ဒရဝန်တို့မှာလည်း၊ မိန်းကလေး ကျောင်းတွင် သက်သက် မိန်းမများသာ ရှိအပ်၍ ယောကျ်ားကလေးကျောင်းတွင် ယောကျ်ားများသာ ရှိအပ် ရှိသင့်၏။ မိန်းကလေးကျောင်းတွင် ငါးနှစ်သား ယောကျ်ားကလေးပင် ဖြစ်စေ၊ ယောကျ်ားကလေးကျောင်းတွင်၊ ငါးနှစ်သမီး မိန်းကလေးပင် ဖြစ်စေ၊ မသွားမလာစေအပ်ပေ။ အမိပ္ပါယ်မှာ ဗြဟ္မစာရီ (မေထုန်မှ ရှောင်ကြဉ်သောသူ) အဖြစ်ဖြင့် နေသရွေ့ ကာလပတ်လုံး၊ မိန်းမနှင့် ယောကျ်ား အချင်းချင်း မြင်တွေ့ခြင်း၊ တွေ့ထိခြင်း၊ လျှို့ဝှက် ဆိတ်ငြိမ်ရာ၌ တွေ့ဆုံခြင်း၊ စကားစမြည်ပြောခြင်း၊ ကာမသံဝါသနှင့် စပ်လျဉ်းသော စကားပြောဆို နားထောင်ခြင်း၊ တဦးနှင့်တဦး ကစားခုံစားခြင်း၊ ကာမဂုဏ်ကို စိတ်ကူးခြင်းနှင့် တွေ့ဆုံပေါင်းဖေါ် ခြင်းတည်းဟူသော ၈ါမေထုန်ရှစ်ပါးတို့မှ ဝေးစွာရှောင်ကြဉ်နေရာသည်။ ဆရာ ဆရာမ တို့သည် ကလေးတို့အား၊ အဆိုပါအမှုတို့မှ လွတ်ကင်းအောင် စောင့်ရှောက်ထားရသည်။ သို့ပြုခြင်းကြောင့် မှန်မြတ်သောပညာ၊ သိက္ခာ၊ သီလ၊ စိတ်သဘောထား ကိုယ်နှင့်စိတ်အားကို ပြည့်ထင်းစေ၍ အမြဲနှစ်လို ဝမ်းမြောက် ခြင်းကို တိုးတက်အောင်ပြုနိုင်ရာသည်။ ကျောင်းမှ မြို့ရွာများသည် တယူဇနာ (=၈ မိုင်) ဝေးကွာရမည်။ ကျောင်းသား ကျောင်းသူအားလုံးကို တူညီသော အဝတ်,အစား,အခင်းစသည်ပေးရမည်၊ မင်းမိုးရာဇာ၏ သားသမီး ဖြစ်စေ၊ ဆင်းရဲသား၏ သားသမီးဖြစ်စေ၊ (ပညာသင်ချိန်တွင်) အားလုံး

တာပသ (=ပြင်းပြကျင့်ဆောင်သူ) များ ဖြစ်ရာသည်။ ထိုသူတို့၏မိဘတို့သည် သားသမီးတို့နှင့် သားသမီးသည် မိဘတို့နှင့် တွေ့ဆုံခြင်း၊ စာပေးစာယူလုပ်ခြင်းကိုမပြုရ၊ သို့ပြုခြင်းကြောင့် အိမ်မှုကိစ္စနှင့်ပတ်သက်သော ကြောင့်ကြစိုးရိမ်ခြင်းတို့မှ ကင်းလွတ်သည်ဖြစ်၍ သက်သက် အတတ်ပညာ တိုးတက်အောင် ပြုတို့ရန်သာ တွေးတောစိုးရိမ်ရာသည်။ အခြားနေရာတို့သို့ ကျောင်းသားများခရီးထွက်သောအခါ၊ ၎င်းတို့ မကောင်းသောအမှုကို မပြုနိုင်စေရန် ပျင်းရိထိုင်းမှိုင်းခြင်း မဖြစ်စေရန် ဆရာကိုယ်တိုင် အတူပါစေရာသည်။

ကဋ္ဌာနဉ် သမြဒါနံ စ ကုမာရဏာဉ် စ ရက္ခဏာမ်။
မ·နု [အ· ၇၊ ဂါထာ-၅၂]

ဤဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ကလေးငါးနှစ်မြောက် သို့မဟုတ် ၅စ်နှစ် ပြည့်ပြီးသည်နောက် မည်သူမျှ မိမိ၏ သားသမီးတို့ကို အိမ်၌ မထားနိုင်အောင် အစိုးရဥပဒေသို့မဟုတ် လူမျိုးဇာတ်ဥပဒေလုပ်ထားရာသည်။ * စာမသင်မနေရ-ဥပဒေ၊စာသင်ကျောင်းသို့ဆက်ဆက်ပို့ရမည် ဖြစ်၍ မပို့သူတို့အား အပြစ်ဒဏ်ပေးအပ်၏။ ပထမအကြိမ် ယောကျ်ားကလေးတို့ကို အိမ်တွင် စလွယ်တင်၍ ဒုတိယအကြိမ် ဆရာ့ကျောင်းတွင် တင်ရမည်။

မိဘဆရာတို့သည် ကလေးတို့အား၊ ဂါယတြီ- မန္တာန်ကို အနက်နှင့် တကွ၊ ပြောဆိုဆုံးမရာသည်။ မန္တာန်ကား ဤသို့တည်း--

ဒုမ် ဘူဘုံဝး သွး၊ တတ္တဝိ တုဝ်ရေဏျံ ဘဂေါ်ဒေဝသျ
ဓိမဟိ၊ ဓိယော ယော နး ပြစောဒယာတ်။ (ယဇု·အ·၃၆၊မ·၃)

ဤမန္တာန်၌ ပဌမပုဒ် "ဒုမ်"၏ အနက်မှာ ပဌမ အခဏ်းတွင် ပြဆိုခဲ့သည့်အတိုင်း သိပါလေ။ ကြွင်းသော သုံးပါးသော "မဟာဗျာဟြိတိ"*၏ အနက်ကို အောက်တွင် အကျဉ်း သင်္ခေပ ရေးပြပါအံ့။ "ဘူရိတိဝေပြာဏး", "ယး ပြာဏယတိ စရာစရံ ဇဂတ သဘူး သွယမ္ဘူရိသွရး," အကြင် ဘုရားသည် အားလုံးသော လောက၏ အသက်၏ တည်ရာဖြစ်၍ အသက်ထက်လည်း ပို၍ ချစ်ခင်မြတ်နိုးအပ်

* စာမသင်မနေရ- ဥပဒေ

သော ဗိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ဖြစ်ပေါ် ပေါက်ဘွားလာခဲ့သော 'သယမ္ဘူ' ဘုရားဖြစ်တော်မူ၏။ ထိုပြာဏ (အသက်) ကို ဟောသောကြောင့် ''ဘူး'' ဟု မည်တော်မူ၏။ ''ဘုဝရိတြပါနး,'' ''ယးသဗ်ဒုခမ ပါနယတိ သောပါနး,'' အကြင်ဘုရားသည် အားလုံးသော ဒုက္ခဆင်းရဲမှ ကင်းလွတ်၍, အကြင်ဘုရားနှင့် ပေါင်းသင်းဆက်ဆံခြင်းကြောင့် သတ္တဝါတို့သည် ဆင်းရဲအားလုံးမှ လွတ်ကင်းကြကုန်သောကြောင့် ''ဘုဝး'' မည်တော်မူ၏။ ''သွရိတိဗျာနး,'' ''ယော ဝိဝိဓံဇဂဒ် ဗျာနယတိ ဗျာပ္ဘေါတိ သ ဗျာနး,'' အထူးထူးအပြားပြားသော ကမ္ဘာလောကကြီး၌ ဖြန့်နှံ့ခါ အားလုံးကို ဆောင်တော်မူသောကြောင့် ''သွး'' မည်တော်မူ၏။ ဤ အဆိုသုံးပါးသည်၊ တောတိရိယ အာရညက [ပြပါ·ရ၊ အနု·၅] လာ စကားဖြစ်၏။ (သဝိတုး) ''ယး သုနောတျုတ္ပာဒယတိ သဗ်ဇဂတ် သ သဝိတာ တသျ,''အကြင်ဘုရားသည် အားလုံးသော လောကကြီးကို ဖြစ်ထွန်း ပေါ်ပေါက်စေ၍ အားလုံးသော အစိုးရခြင်းကို ပေးတော်မူတတ်၏။ (ဒေဝသျ) ''ယော ဒိဗျတိ ဒိဗျတေ ဝါ သဒေဝး,'' အကြင်ဘုရားသည် ချမ်းသာအားလုံးကို ပေးတတ်၍ အားလုံးသူတို့သည် ထိုဘုရားကို ရယူလိုကြ၏။ အကြင်ဘုရားသည် (ဝရေဏျယမ်) ''ဝတ္တုံမဟာ်မ်'' ပူဇော်အထူးကို ခံတော်မူထိုက်သော (ဘဂ်း) ''သုဒ္ဓသွရူပမ်'' စင်ကြယ်သော ဖြူစင်အောင်ပြုတတ်သော ဗိတ်ဗိညာဉ်တော် ဖြဟ္မသရုပ် ဖြစ်တော်မူသော (တတ်) ထိုဘုရား၏သရုပ်ကို၊ ကျွန်ုပ်တို့သည်။ (ဓိမဟိ) ''ဓရေမဟိ,'' ဆောင်ရာ၏။ ဘယ်အတွက်ကြောင့်နည်း ဆိုသော်, (ယး) ''ဇဂဒိသွရး'' အကြင် ကမ္ဘာကို ဘန်ဆင်းတော်မူသော ဘုရားသခင်သည်၊ (နး) ''အသ္မာကမ်'' ကျွန်ုပ်တို့၏ (ဓိယး) ''ဗုဒ္ဓိး'' ဉာဏ်တို့ကို၊ (ပြစောဒယာတ်) ''ပြေရယေတ်'' စေ့ဆော်ပေးရာ၏, တနည်း၊ မကောင်းမှုတို့မှ ကင်းလွတ်စေ၍ ကောင်းမှုတို့၌ သက်ဝင်အောင် ပြုတော်မူပါစေသတည်း။ ဒိုဘုရား ဟေ သစ္စိဒါနန္ဒာနန္တသွရူပ ဟေ နိတျသုဒ္ဓဗုဒ္ဓမုက္တသွဘာဝ၊ ဟေ အဇနိရဉ္ဇန နိဝိကာရ ဟေ သဗ်ါန္တယာ်မိ ဟေ သဗ်ါဓာရဇဂတ်ပတေ သကလဇဂ ဒုတ္ပာဒက ဟေ အနာဒေ ဝိသွမ္ဘရ သဗ်ာဗျာပိန် ဟော ကရုဏာ မြိတဝါရိဓေ ''သဝိတုဒေ်ဝသျ တဝ ယဒေါ် ဘူဘုံဝး သွပ်ရေဏျံ ဘဂေါ်အသ္တိ တန္ဒယံ ဓိမဟိ ဒဓိမဟိ ဓရေမဟိ

ယိဿယေမ ဝါ ကသ္မေ ပြယောဇနာ ယေတုတြဘာ၊ ယော ဘဂဝန် ! ယး သဝိတာဒေဝး ပရမေသွရော ဘဂဝါနသ္မာကံ ဓိယး ပြစောဒယာတ် သ ဝေါသ္မာကံ ပူဇ္ယဥပါသနီယ ဣဿ္ဒေဝေါ ဘဝတု နာတော အသ္မံ ဘဝတ္တုလျံ ဘဝတောဓိကံ စ ကိဉ္စိတ် ကဒါစိန္မန္ယာမဟေ” အို လူ့အပေါင်းတို့ ! အားလုံးတို့ထက် ကြီးမြတ်သော စွမ်းအား ရှိတော်မူသော သစ္စိဒါနန္ဒာနန္တသရူပ, နိစ္စ သုဒ္ဓ, နိစ္စ ဗုဒ္ဓ, အမြဲ သံသရာမှ ထွက်မြောက်တော်မူသော, မဟာကရုဏာတော်ရှင်, တရားမှန်စွာ စီရင်တတ်သော, ဇာတိမရဏ တည်းဟူသော ဆင်းရဲမှ ကင်းဝေးတော်မူသော, ပုံသဏ္ဍာန် အခြင်းအရာမှ ကင်းတော်မူသော, အားလုံးသော သူတို့ အလိုကို သိတော်မူတတ်သော, အားလုံးကို ဆောင်တော်မူတတ်၍ ဘခင်နှင့် တူတော်မူသော, ဖြစ်ထွန်း ပေါ်ပေါက် စေတတ်သော, ကောက်ပဲသီးနှံတို့ဖြင့် ကမ္ဘာကို မွေးမြူတော်မူတတ်သော, အားလုံးသော အစိုးရခြင်းနှင့် ပြည့်စုံတော်မူသော, ကမ္ဘာကို ဖန်ဆင်းတော်မူတတ်သော, စင်ကြယ်သောရုပ်တော် ရှိတော်မူသော, ထို့ပြင် ရယူရန် လိုလားအပ်သော, စင်ကြယ်သော စိတ်စေတနာရှိသော ဘုရားကိုသာ ငါတို့ ဆောင်အပ်ကုန်၏။ ဤအတွက်ကြောင့် ဆောင်အပ်ကုန်၏။ ထိုဘုရားရှင်သည် ငါတို့၏အတ္တ=ဝိညာဉ်နှင့် အသိဉာဏ်တို့ကို သိတော်မူတတ်သောကြောင့် ငါတို့အား ဒုစရိတဖြစ်သော မတရားသောလမ်းတို့မှ ဖဲခွါစေ၍ သုစရိတဖြစ်သော တရားလမ်းကောင်းကို ပြပါစေသတည်း။ ထိုဘုရားမှတပါး အခြားတပုံတယောက်အား ငါတို့ အာရုံမပြုရာ။ အဘယ်ကြောင့်ဆိုသော်, ထိုဘုရားနှင့် တူမျှသူရှင်း ပိုမိုကြီးမြတ်သူရှင်း၊ တပုံတယောက် မရှိချေ။ ထို ဘုရားသည်ပင် ငါတို့၏ ဘခင်, မင်း, တရားသူကြီးနှင့် အားလုံးသော ချမ်းသာသုခကို ပေးတော်မူတတ်သူ ဖြစ်တော်မူပေ၏။

ဤနည်းဖြင့် ‘‘ဂါယတြီ– မန္တြာန်’’ကို သင်ကြားပေးပြီးလျှင် ဘုရားဝတ်ပြုရာနှင့် ပတ်သက်သော ရေချိုးခြင်း, ရေသောက်ခြင်း, အာနာပါန ကမ္မဋ္ဌာန်း စသည်ကိုလည်း သင်ပေးရာသည်။ ပဌမအစ, ရေချိုးခြင်းကိစ္စကို ဆိုခြင်းမှာ, ရေချိုးခြင်းကြောင့် ခန္ဓာကိုယ်–ဗာဟိရ အစိတ်အပိုင်းများ သန့်ပြန့်၍ ကျန်းမာခြင်း ဖြစ်လေသည်။ ဤအချက်၌ သာဓကကား

အဋ္ဌိင်္ဂါကြာနိ သုယုတ္တော, မနး သတောနု သုယိတိ၊
ဝိဗ္ဗာတပေါဘုဉ် ဘူတာတွာ, ဇုဋ္ဌိညာနေန သုစတိ။

(မနူ·အ·၅၊ ဂါထာ·၁၀၉)

ဤသည်ကား—မနုသမုတိကျမ်းလာ ဂါထာဖြစ်၏။ ရေဖြင့် ခန္ဓာကိုယ်၏ ဗဟိဒ္ဓအစိတ်အပိုင်းများ ဖြူစင်ကုန်၏။ သစ္စာတရားမှန်ဖြင့် စိတ်သည် ဖြူစင်၏၊ အတတ်ပညာနှင့် မြိုးမြံကျင့်ဆောင်ခြင်းကြောင့် အတ္တ-ဝိညာဉ်သည် ဖြူစင်၏။ အလုံးစုံကိုတတ်သိ နားလည်ခြင်းကြောင့် ဉာဏ်ပညာ (ဗုဒ္ဓိ) သည် ဖြူစင်၏။ သို့ဖြစ်ပါ၍ အစာမစားမီ ရေချိုးသင့်၏။ သည့်ပြင် အာနာပါနနှင့် သာဓကသည်ကား—

ယောဂါင်္ဂါနုဿနာ ဒသုဒ္ဓိက္ခယေ ဉာနဒိတ္တိရာ ဝိဝေကချာတေး။ (ယောဂ·သာဓနပါဒေ သု·၂၈)။ဤကား ယောဂသုတ္တကျမ်းလာ သုတ်ဖြစ်သည်။

အကြင်အခါ လူသည် အာနာပါနကို ဆောက်တည်၏၊ ထိုသို့ဆောက်တည်စဉ်ခနခနှ မစင်ကြယ်ခြင်း ကုန်ခန်းလာပြီးလျှင် ဉာဏ်အလင်းကို ရလာပေသည်။ ဝိမုတ္တိမရမချင်း သူ့ဝိညာဉ်၌ အသိဉာဏ်သည် အစဉ်အတိုင်း တိုးတက်မြဲ တိုးတက်နေ၏။

ဒဟျန္တေ့ဓ္မာယိယ မာနာနံ့ ဓာတူနာံဟိ ယထာမလား၊ တထေန္ဒြိယာဏာံ ဒဟျန္တေ့ ဒေါသား ပြာဏသျ နိဂြဟာတ်။

(မနူ·အ·၆၊ ၇၁) ဤကား မနုသမုတိလာ ဂါထာဖြစ်၏။

မီးတွင်ဖုတ်လျှင် ရွှေစသော ဓာတ်သတ္တုတို့၏ အညစ်အကြေးသည် စင်ကြယ်ဘိသကဲ့သို့၊ အာနာပါန ဆောက်တည်လျှင် စိတ်စသောဣန္ဒြေတို့၏အညစ်အကြေးတို့သည်လည်း စင်ကြယ်သွားကုန်၏။ အာနာပါန၏ နည်းလမ်းကား—

ပြစ္ဆဒ်နဝိဓာရဏာဘျာံ ဝါ ပြာဏသျ။

(ယောဂ·သမာဓိပါဒေ သု·၃၄)။

ပြင်းထန်သောအဟုန်ဖြင့် အော့အန်ခြင်းကြောင့် အစာရေစာတို့သည် အမြန်ထိုးထွက်လေဘိသကဲ့သို့၊ ထွက်သက်ဝင်သက်ကို အားပြု၍ အပြင်

သို့ကန်ထုတ်ပြီးလျှင်၊ အပြင်၌ပင် တားဆီးပိတ်ဆို့ထားရာ၏။ အပြင်သို့ ထွက်ချင်သော အခါ၊ (မူလဗန္ဓယ) ကို အထက်သို့ ဆွဲတင်ထားက အသက်သည် အပြင်ဘက်တွင် တည်နေ၏။ ဤနည်းဖြင့် (အလေ့အလာ) လုပ်လျှင် အသက်သည် ပြင်ပတွင် ကြာရှည်စွာ နေနိုင်သည် အကယ်၍ အနေကြပ်လာလျှင် လေကိုတဖြေးဖြေး အတွင်းသို့ရှိုက်ယူခါ အထက်အတိုင်း အပြင်သို့ထုတ်လျက် အောင့်နိုင်သမျှ အောင့်ထားရာ၏။ စိတ်ထဲတွင်"အုမ်"ကို၊ သရဇ္ဈာယ်ရာ၏။ ဤအတိုင်းလေ့လာလျှင် အသက်နှင့်စိတ်သည် ဖြူစင်တည်တန့်လာ၏။ တခုကား "ဗာဟျဝိသယ"=အပြင်ဘက်၌ ကြာကြာရပ်ထားခြင်း၊အခြားတခုကား"အာဘျာန္တရ"=အတွင်းဘက်၌ တတ်စွမ်းသရွေ့ အသက်ကိုရပ်ထားခြင်း၊ တတိယမြောက်ကား "ဿမ္ဘဝြိတ္တိ" အသက်ကို ရောက်ရာနေရာ၌ တမြိုင်တည်း တတ်စွမ်းသလောက် ရပ်ထားခြင်း၊စတုတ္ထမြောက်ကား"ဗာဟျာဘျန္တရာက္ခေပိ" =အသက်သည် အတွင်းမှ အပြင်သို့ထွက်လာသောအခါ၊ ထိုထွက်သက်နှင့်ဆန့်ကျင်ဘက် အတွင်းသို့ အောင့်၍ တားဆီးပေးခြင်း၊ ထို့ပြင် အပြင်မှ အတွင်းသို့ဝင်လာသော (ဝင်သက်လေ) ကို၊ ဆန့်ကျင်ဘက် အောင့်၍ အပြင်သို့ကန်ထုတ်တားဆီးခြင်း။ ဤနည်းဖြင့် တခုသည်တခုနှင့် ဆန့်ကျင်ဘက် (ထွက်သက်-ဝင်သက်လေ)ကို၊တားဆီးပေးခြင်းဖြင့် ထိုလေနှစ်ပါး၏ (ဂတိ) အသွားအလာသည် ရပ်တန့်သွား၍ အသက်သည် မိမိ၏ အလိုသို့ လိုက်လာလေသောကြောင့်၊ (မနော)= စိတ်နှင့် ဣန္ဒြေတို့သည်လည်း လွတ်လပ်ခွင့်ကို ရလေသည်။ စွမ်းအားဗလ တိုးတက်လာ၍ အသိဉာဏ် ထက်ခြင်း။ သိမ်မွေ့ခြင်း ဖြစ်လာသောကြောင့်၊ ခဲယဉ်းသိမ်မွေ့နက်နဲသော ပညာတို့ကိုလည်း၊ ပေါက်ရောက် သိမြင်နိုင်လာလေသည်။ ဤသို့ လေ့လာခြင်းကြောင့် လူ (ယောဂီ)သည်၊ ခန္ဓာကိုယ်၌ သုက်သွေးတိုးပွါးခြင်းကို ရယူပြီးလျှင် တည်တန့်သောခွန်အား, ရဲစွမ်းသတ္တိ, ဣန္ဒြေတို့ကို စောင့်စည်းနိုင်ခြင်း ဂုဏ်နှင့်ပြည့်စုံ၍ ကျွမ်းကျင်စာပေအားလုံးကို၊ အချိန်ကာလ အနည်းငယ်အတွင်း၌ပင် သင်ယူတတ်မြောက်နိုင်လာပေလိမ့်မည်။မိန်းမတို့သည်လည်း ဤနည်းအတိုင်း ယောဂီအကျင့် အာနာပါနကို ကျင့်ဆောင်လေ့လာရာသည်။ အစားအသောက်၊ အနေအထိုင်၊ အပြောအဆို၊ လူကြီးလူငယ်တို့နှင့် ဆက်ဆံ ပေါင်းသင်းနည်းတို့ကို သင်ကြားပေးရာသည်။ (သံဓျောပါသန)=ဘုရားဝတ်ပြုခြင်း

ကိုပင် "ဖြပဋ္ဌယတိ" ဟူ၍လည်း ခေါ်ဝေါ်အပ်၏။ "အာစမန" ရေ အနည်းငယ်ကို လက်ဝါးပေါ်တွင်ထည့်၍ခါ၊ နှုတ်လုံးအထိရောက်ရုံမျှ တကြိမ် သောက်ချရသည်။ သို့သောက်ခြင်းကြောင့် လည်ချောင်းထဲရှိ သလိပ် နှင့် သည်းခြေ၏ စင်ကြယ်ငြိမ်သက်ခြင်းကို အနည်းငယ်ရ၏။ ထိုမှနောက်၊ "မာဇ်န်" လက်လယ်နှင့် လက်သူကြွယ်အဖျားဖြင့် မျက်စေ့ စသော ကိုယ်အင်္ဂါတို့၌ ရေစက်ဖြန်းပက်ရသည်။ ဤသို့ ပြုခြင်းကြောင့် ပျင်းရိ ထိုင်းမှိုင်းခြင်း ပြေပျောက်၏။ ပျင်းရိ ထိုင်းမှိုင်းခြင်းလည်း မရှိ၊ ရေ လည်း မရသာလျှင် ဤသို့ ပြုစရာမလိုချေ။ တဖန် "သမန္တြကပြာဏာယာ မ, မနသာ ပရိကြမ, ဥပဋ္ဌာန, ထိုမှနောက် ဘုရားအား ရှိခိုးခြင်း ဆည်းကပ်ခြင်းတို့ကို သင်ကြား ပေးရသည်။ ထိုမှ နောက်

"အဃမသ်ဏ" = အကုသိုလ်ကိုပြုရန် ဘယ်တော့မှ စိတ်မကူးရာ။ ဤဘုရားဝတ်ပြုခြင်းကိစ္စကို ဆိတ်ငြိမ်သောနေရာ၌ တည်ကြည်သောစိတ် (ဧကဂ္ဂတာ)ဖြင့် ပြုရသည်။

အပါံသမီပေ နိယတော နေတျိကံ ဝိဓိမာဋ္ဌိတး၊
သာဝိတြီမပျဓီယီတ ဂတွာရဏ္ဍုံ သမာဟိတး။ (မနု·အ·၂၊၁ဝ၄)

တောသို့ရင်း၊ တနည်း ဆိတ်ငြိမ်သောအရပ်သို့သွား၍၊ သတင်ဝိရိယနှင့် ရေအနီး၌နေလျက်, ကိုယ်လက် သုမ်သင်ခြင်းကိုပြုလျက်, "သာဝိတြီ" သို့ မဟုတ်"ဂါယတြီ"မန္တာန်ကိုရွတ်ခြင်း,အနက် အဓိပ္ပါယ်ကို သိနားလည် ခြင်း၊ ထို့ပြင်ထိုမန္တာန် အလိုနှင့်အညီ ဝိဓိ၏အကျင့်အာစာရကို ပြုဖြင့်ရ သည်၊ သို့သော် ဤအကျင့်မျိုးကို စိတ်ဖြင့်ပြုရသည်။ ဒုတိယမြောက်မှာ "ဒေဝယဇ်"ဖြစ်၍ မီးနတ်ပူဇော်ခြင်းနှင့် ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းပေါ်ဆည်းကပ်ခြင်းဖြင့် ပြုအပ်၏။ ဘုရားပူဇော် အာရုံပြုခြင်းနှင့် မီးနတ်ပူဇော်ခြင်းကိစ္စတို့ကို နံက် ညနေ ၂ ချိန်တွင် ပြုသင့်၏။ ဤနှစ်ချိန် သည့်သာ နေ့နှင့်ည ပေါင်းဆုံသောအခါ "သန္ဓိဝေလာ"ဖြစ်၏။ အယုတ် ဆုံး တနာရီခန့် ကမ္ဘဋ္ဌာန်းထိုင်ရသည်။ ယောဂီပုဂ္ဂိုလ်တို့သည် သမာဓိ၌ တည်သည်ဖြစ်၍ ဘုရားကို အာရုံပြုသကဲ့သို့ပင်၊ ဘုရားကို ဝတ်ပြုခြင်း ပြုရသည်။ တနည်း နေထွက်ပြီးနောက်နှင့် နေမဝင်မီအချိန်တွင် မီးနတ် ပူဇော်ရသည်။ မီးနတ်ပူဇော်ရန် သင်္ကုံ သို့မဟုတ် မြေကြီးအပေါ် က ကျင်းတူးထားမှ ၁၈-လက်မ အထိ၊ လေးဒေါင့်စပ်စပ်၊ အနက် (အမြင့်)

လည်း ၁၂-မှ ၁၆-လက်မအထိ၊ အောက်အိုးဖင်မှာ ၃-မှ ၄-လက်မထိ အကျယ်၊ တနည်းကား-အပေါ် ထိပ်ဝအကျယ်၏ လေးပုံတပုံအောက်ကထားရမည်။ ထိုမီးအိုးတွင် နံ့သာထင်း, ပေါက်သားထင်း, သရက်သားစသော ရရာမြတ်သော ထင်းတို့ကို



ထို မီးအိုးအရှည် ခွဲအတိုင်းအရှည်နှင့်လျော်အောင် အတိုစိပ်ပိုင်းဖြတ်ထည့်ထားပြီးနောက် မီးမွှေး ခါ၊ တဖန် မီးပေါ် ကထင်းများကို ထင်ထည့်ပေးရာသည်။



ဤ ပုံမျိုး ရေထည့်ရန် ဇွန်းကြီး တချောင်း၊ တတိယမြောက်



ဤ ပုံမျိုး ရေထည့်ရန် လက်ကိုင်နှင့် တကွ ရေခွက်တခွက်



နှင့် ဤပုံအတိုင်း ထောပတ်ခွက် တခွက် အဖြင့်

ဤ ပုံအတိုင်း ဇွန်းကလေးသေးသေး တချောင်း ဖွဲ့-ငွေ, သို့မဟုတ် သစ်သားကို လုပ်ထားပြီးလျှင် ရေခွက်တို့တွင် ရေထည့်၍ ထောပတ်ခွက်တွင် ထောပတ်ထည့်လျက် ထောပတ်ကို အရည်ပျော်လာအောင် မီးနှင့်နွေးပါ၊ ရေခွက် ၂-ခွက်ထားခြင်းမှာ တခွက်တွင်မီးပူဇော်ရာ၌ သုံးရေ၊ အခြားတခွက်တွင် လက်ဆေးရန်ရေ၊ လွယ်ကူစွာရစေရန်ဖြစ်သည်။ ထို့နောက် ထောပတ်ကို သတိထားကြည့်ရှုပြီးနောက် အောက်ပါမန္တာန်ဖြင့် ဟုမ်းနတ် ပူဇော်ရမည်။

> အုမ် ဘူရဝ္ဒယေ ပြာဏာယ သွာဟာ၊ ဘုဝဝ်ါယဝေ အပါနာယ သွာဟာ၊ သွရာဒိတျာယ ဗျာနာယ သွာဟာ၊ ဘုဘိုဝးသွရဗွိဝါယွာဒိတေျဘျး၊ ပြာဏာပါနဗျာနေဘျး သွာဟာ။

ဤသို့အစရှိသော အဂ္ဂိဟောတြ (=မီးနတ်ပူဇော်ခြင်း)နှင့် ဆိုင်ရာအသီးသီးသော မန္တာန်တို့ကို ဘတ်ရွတ်၍၊ မန္တာန်တပုဒ်ပြီးလျှင် တကြိမ်စီ

မီးထဲသို့ထောပတ်လောင်းထည့်ရမည်။ သို့မဟုတ် မျှားများလောင်းထည့်လိုလျှင်—

ဝိဿဝါနိဒေဝ သဝိတဒ် ရိတာနိ ပရာသုဝ၊ ယဒ္ဘြဒ္ဒြံ တန္နအာသုဝ။ (ယဇု. အ. ၃၀၊ ၃)။

ဤမန္တာန်နှင့် အထက်တွင်ဆိုခဲ့သော ဂါယတြီ မန္တာန်ဖြင့် ထောပတ်နံ့သာထင်းတို့ကို လောင်းထည့်ရမည်။ "အုမ်,ဘူး" နှင့် "ပြာဏား" စသော ဤအမည်တို့သည် အားလုံးပင်ဘုရားသခင်၏ အမည်နာမများ ဖြစ်ကုန်၏။ အနက်အဓိပ္ပါယ်တို့ကို အထက်တွင် ပြခဲ့ပါပြီ။ "သွာဟာ" သဒ္ဒါပုဒ်၏ အနက်မှာ "မိမိ၏ အသိဉာဏ်တွင် ပေါ်ပေါက်လာသည့်အတိုင်းလျှာဖြင့် ရွတ်ဆိုရာ၏, ဆန့်ကျင်ဘက် မရွတ်ဆိုရာ။" အကြင်ကဲ့သို့ ဘုရားသခင်သည် အားလုံးသောသက်ရှိသတ္တဝါတို့ အကျိုးငှါ လောကကြီး၏ အရာဝတ္ထုအားလုံးကို ဖန်ဆင်းပေးတော်မူခဲ့၏၊ ထိုကဲ့သို့ လူသတ္တဝါတို့သည်လည်း သူတပါးတို့အကျိုး(=ပရဟိတ)ကို ဆောင်ရွက်ရာသည်။

အမေး။ ။ဟုမ်းနတ် (=မီးပူဇော်ခြင်း) ပူဇော်ခြင်းကြောင့် ဘာအကျိုးဖြစ်ထွန်းဘာသလဲ?

အဖြေ။ ။ပုပ်သိုးနံစော်သော လေရေကြောင့် ရောဂါအနာ, ရောဂါကြောင့် သတ္တဝါတို့အား ဒုက္ခဆင်းရဲဖြစ်၍ သန့်ပြန့်သော လေရေကြောင့် ကျန်းမာခြင်း, ကျန်းမာခြင်းကြောင့် ချမ်းသာကို ရသည်ကို လူတိုင်း လူတိုင်း သိကြ၏။

အမေး။ ။နံ့သာစသည်ကို သွေး၍ လိမ်းကျံခြင်း၊ ထောပတ်ကို စားရန်ပေးခြင်းကြောင့် ကျေးဇူးအထူး ဖြစ်ထွန်းနိုင်သည်။ မီးထဲထည့်ပြီး၊လောင်ကျွမ်းစေခြင်းသည် ပညာရှိတို့အလုပ်မဟုတ်ဟု မဆိုနိုင်ဘူးလား?

အဖြေ။ ။အကယ်၍ ခင်ဗျားသည် လောကဓာတ်ပညာကို တတ်ကျွမ်းသည်မှန်က၊ ဒီလိုစကားမျိုးကို ဘယ်တော့ခါမှ ပြောမည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် အရာဝတ္ထု ဟူသမျှသည် မိမိတို့ဓာတ်မှ ကင်းသည်ဟူ၍ မရှိပေ။ ကြည့်ပါ၊ မီးနတ်ပူဇော်ခြင်းကြောင့် အဝေးအရပ်၌နေသောလူ၏နှာခေါင်းတွင်

အမွှေးနံ့ ရလေသည်။ ထို့အတူ အပုပ်နံ့သည်လည်း ဖြစ်၏။ ဤမျှဖြင့် မီးခိုးထည့်အပ်သော အရာဝတ္ထုသည် လောင်ကျွမ်း သိမ်မွေ့သော အဖြစ်သို့ ရောက်ရှိ ဖြန့်နှံ့ခါ၊ လေနှင့် တကွ ဝေးသောအရပ်သို့ ပေါက်ရောက်လျက် မကောင်းသောအနံ့ တို့ကို ပြေပျောက်စေတတ်သည်ကို သိသင့်၏။

အမေး။ ။ဤအတိုင်းသာဆိုလျှင် ကုံကုမံ၊ကတိုး၊မွှေးသောပန်းများနှင့် ရေမွှေးစသည်ကို အိမ်တွင် ထားပေးလျှင် လေကောင်း လေသန့်ရ၍ ချမ်းသာစေမည် မဟုတ်ပါလော။

အဖြေ။ ။ဤအနံ့တို့တွင်၊ အိမ်တွင်းရှိလေတို့ကို အပြင်သို့ ထုတ်ခါ၊ အပြင်ပမှ လေကောင်းလေသန့်ကို အိမ်တွင်းသို့ သွင်းပေးနိုင် သော အစွမ်းသတ္တိမရှိချေ။အဘယ့်ကြောင့်ဆိုသော်, ထိုအမွှေး နံ့တို့တွင်၊ မူလဓာတ်ကိုခွဲခြမ်း ပြောင်းလွဲစေနိုင်သော သတ္တိ မရှိချေ။မီးမှာသာလျှင် ထိုမကောင်းသောအနံ့တို့ကို ပြောင်း လွဲ သိမ်မွေ့စေခါ အပြင်သို့ထုတ်လျက်၊ သန့်ပြန့်သောလေကို အတွင်းသို့ဝင်စေနိုင်သော သတ္တိရှိပေသည်။

အမေး။ ။ဒီလိုဆိုရင်၊ မန္တာန်ရွတ်ပြီး မီးပူဇော်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ?

အဖြေ။ ။မန္တာန်တို့တွင် မီးပူဇော်ရခြင်း၏ အကျိုးတရားကို ပြဆို ထား၍ မန္တာန်ရွတ်သော နည်းနာကြောင့် အရကျက်မှတ် ထားရှိသော ဝေဒကျမ်းလာ မန္တာန်တို့ကို ရွတ်ဘတ်, မှီချ, စောင့်ရှောက်ထားရာလည်း ရောက်လေသည်။

အမေး။ ။မီးမပူဇော်လျှင် အပြစ်ဖြစ်အုံးမှာလား?

အဖြေ။ ။ဟုတ်ကဲ့! အဘယ့်ကြောင့် ဆိုသော်,အကြင် လူတယောက်၏ ခန္ဓာကိုယ်မှ မကောင်းသော အနံ့အသက် ထွက်ခါ လေနှင့် ရေကို ပုတ်ဟောင်ညှီဟွောင်စေလျက် ရောဂါအနာဖြစ်ပေါ် ခြင်း အကြောင်းရင်းကြောင့် သတ္တဝါတို့အား ဒုက္ခ များစေ သလောက် အပြစ်ကြီးလေသည်။ ထို့ကြောင့် ထိုအပြစ်မှ ကင်းလွတ်စေခြင်းငှါ လေနှင့်ရေကို သန့်ပြန့်မွှေးကြိုင်အောင်

လုပ်ပေးရာသည်။ အစာရေစာ ရှောင်ကြဉ်ခြင်းကြောင့် လူတဦး တယောက်ကိုသာ ချမ်းသာသုခရစေ၏။ လူတဦးစားသုံးသော ထောပတ် အငွေ့အကြိုင်တို့ကို မီးပူဇော်ခြင်းဖြင့် သိန်းပေါင်း များစွာသော လူသတ္တဝါတို့အား အကျိုးကျေးဇူး များစေ နိုင်သည်။ သို့သော်, လူတို့သည် ထောပတ်စသော မွှန်မြတ် သော အစာအာဟာရတို့ကို စားသုံးခြင်းမပြုက၊ ၎င်းတို့၏ ခန္ဓာကိုယ်နှင့် ဦးနှောက်၏ ထွားကြိုင်းသန်မာခြင်း မဖြစ် နိုင်သောကြောင့် မွှန်မြတ်သော အစား အစာ တို့ကိုလည်း ကျွေးမွေးအပ်သည်မှန်၏၊ သို့သော်, ထို့ထက် ပိုမို၍ ဟုမ်း ပူဇော်အပ်သောကြောင့် ဟုမ်းပူဇော်ခြင်းသည် အသုံးအရေး ကြီး၏။

အမေး။ ။လူအသီးသီးတို့သည် မည်မျှ မီးပူဇော်ရမလဲ၊ တခါ တခါ ပူဇော်လျှင် ဘယ်လောက် ပူဇော်ရမလဲ?

အဖြေ။ ။တယောက် တယောက်လျှင် တဆယ့်ခြောက်ကြိမ်စီ အာဟု တိ (=မီးစာထည့်ခြင်း) ပြုအပ်၏။ တကြိမ် တကြိမ်လျှင် ထောပတ် စသည့် မီးစာမှာ ခြောက်မာသ (=၅စ်ရတိ) အတိုင်း အရှည် ပမာဏ ရှိသင့်၍၊ သည့်ထက် ပိုမိုထည့်နိုင် လျှင် သာ၍ကောင်းမြတ်၏။ သို့ဖြစ်သောကြောင့် အရိယာတို့ ၏ အထွဋ် အထိပ် မကိုဋ်သရဖူ ဖြစ်တော်မူသော ရသေ့ကြီး များ၊ ဘုရင်မင်းများတို့သည် ကြီးကျယ် များမြောင်သော ဟုမ်းပူဇော်ခြင်းကို ပြုခဲ့၊ ပြုစေခဲ့ကြကုန်၏။ ဤဟုမ်းပူဇော် ခြင်း အလေ့အထ ရှိခဲ့သရွေ့ ကာလပတ်လုံး၊ မဇ္ဈိမဒေသ (အိန္ဒိယနိုင်ငံတော်) သည် ရောဂါအပေါင်းမှ ကင်းရှင်းသည် ဖြစ်၍ ချမ်းသာသုခဖြင့် ပြည့်သည် ဖြစ်ခဲ့ဘူး၏။ ယခုလည်း ဤအလေ့အထသာ ပြန့်နှံ့လာမည်ဆိုပါက၊ ရှေးနည်းအတိုင်း ပင် ဖြစ်လာရာသည်။ ဤနှစ်ပါးသောယဇ်—အဂ္ဂိဟုတ္တယဇ်ကာ,း ဗြဟ္မယဇ်—အတတ်ပညာ သင်ယူခြင်း, သင်ပေးခြင်း, ကမ္ဘ ဋ္ဌာန်း ဘာဝနာပွားခြင်း, ဘုရားအား ချီးကျူးပူဇော်, အာရုံ ပြုခြင်း, ဒုတိယ ဒေဝယဇ် — မီးပူဇော်သည်က အစပြု၍

အသာမေဓ အင်ဟိယာ၏, ၎င်းပြင် ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဖေါ် ဆည်းကပ်ခြင်းပေတည်း။ ထို့သော်, ဗြဟ္မစရိယ (=ပညာသင် ကျောင်းသားအရွယ်) ၌မူ၊ ဗြဟ္မယဇ်နှင့် မီးပူဇော်ခြင်း နှစ်ပါးကိုသာ ပြုရမည်။

ဗြဟ္မဏာ ဒြိယာဏာံ ဝဇ္ဇာမုပနယနံ ကတ္ဝုံမဟံတိ၊ ရာဇနေ္တ္ယာ ဒွိယသျ၊ ဝေသျော ဝေသျသျဝေတိ၊ သူဒြမပိ ကုလဂုဏာ သမ္ပန္နံ မန္တြဝဇ္ဇံ မနုပနီတ မဓျာပယေဒိတျေကေ။

ဤသည်ကား သုသုတကျမ်း သုတ္တဋ္ဌာန ဒုတိယကဏ္ဍလာ စကားဖြစ်၏။

ပုဏ္ဏားသည် အမျိုးသုံးပါးလုံးကို (=ဗြာဟ္မဏာ, ခတ္တိယ, ဝေသကို) ခတ္တိယသည် ခတ္တိယနှင့် ဝေသ နှစ်မျိုးကို, ဝေသသည် ဝေသတမျိုးတည်းကို၊ စလွယ်တင်ပေးလျက် ပညာသင်ပေးရာ၏။ ထို့ပြင်, အမျိုးအနွယ်ရုပ်ရေအင်္ဂါလက္ခဏာကောင်းသော သုဒ္ဒ (=ဇာတ်ညှံ့)ဖြစ်ခဲ့ပါမူကား၊မန္တြသံဟိတာ(=မန္တာန်ကဏ္ဍ)မှတပါး၊အခြားကျမ်းစာအားလုံးကို သင်ပေးရာ၏။ သုဒ္ဒ(=ဇာတ်ညှံ့)သည် စာသင်ရာ၏။ သို့သော်စလွယ်မတင်ရာ။ ဤသည်ကား အားလုံးသော ဆရာကြီးတို့၏ [အာစရိယ] ဝါဒဖြစ်၏။ ထိုမှနောက်, ငါးနှစ်မြောက် သို့မဟုတ် ရှစ်နှစ်မြောက်က စ၍ ယောကျ်ားကလေးသည် ယောကျ်ားကလေးကျောင်းသို့, မိန်းမကလေးသည် မိန်းမကလေး ကျောင်းသို့ သွားရမည်။ ၎င်းပြင် အောက်ပါ စည်းကမ်း နည်းလမ်း အားလျော်စွာ ပညာ သင်ယူရာသည်။

သင်္ဒြိသဒါမ္ဗိကံ စယ်ုံ ဂုရော ဗြေဝေဒိကံ ဖြတမ်၊
တဒ္ဒိကံ ပါဒိကံ ဝါ ဗြဟ္မဏာ ဒ္ဒိကမေဝဝါ၊ (မနု.အ.၃၊၁)။

အနက်ကား, ရှစ်နှစ်အရွယ်မှ နောက် သုံးဆယ့်ခြောက်နှစ်မြောက်သည်တိုင်အောင်, အဓိပ္ပါယ်ကား, ဝေဒတကျမ်းစီ အင်္ဂါနှင့်တကွ၊ သင်ယူရာ၌ တဆယ့်နှစ်နှစ်စီ ပေါင်း၍ သုံးဆယ့်ခြောက်နှစ်နှင့် ရှစ်နှစ် ပေါင်းလျှင် လေးဆယ့်လေးနှစ်၊ တနည်း တဆယ့်ရှစ်နှစ် ဗြဟ္မစရိယနှင့် ပထမရှစ်နှစ်ပေါင်း၍ နှစ်ဆယ့် ခြောက်နှစ်, တနည်း၊ ကိုးနှစ်နှင့် ပညာမတတ်မချင်း ဗြဟ္မစရိယ * ကျင့်နေရမည်။

* မေထုန်သံဝါသမှ လုံးဝရှောင်ကြည်နေထိုင်ရမည်။

ပုရုသော ဝါဝ ယဉ္ဇဿသျ ယာနိ စတုဝိံသတိ ဝသ်ာဏိ တတ်ပြာတး သဝနံ, စတုဝိံသတျက္ခရာ ဂါယတြီ ဂါယတြံ ပြာတး သဝနံ, တဒသျ ဝသဝေါ အန္ဝာယတ္တား ပြာဏာ ဝါဝ ဝသဝ ဧတေ ဟီဒံ သဗ်ံ ဝါသယန္တိ။ ၁။

တဉ္စေဒေတသ္မိန် ဝယသိ ကိဉ္စိဒုပတ ပေဒ္ဒ ဗြူယာတ်ပြာဏာ ဝသဝ ဣဒံ မေ ပြာတး သဝနံ မာဓျန္ဒိနံ သဝန မနုသံ တနုတေတိ မာဟံ ပြာဏာနာံ ဝသူနာံ မဓျေ ယဇ္ဉော ဝိလောပ္သီယေ တျုဒ္ဓဲဝ တတ ဧတျဂဒေါ ဟ ဘဝတိ။ ၂။

အထ ယာနိ စတုဿတ္တာရိံ ဝသ်ာဏိ တန္မာဓျန္ဒိနံ သဝနံ စတုဿတ္တာရိံ သဒက္ခရာ တြိဋ္ဌုပ် တြဲဋ္ဌုဘံ မာဓျန္ဒိနံ သဝနံ တဒသျ ရုဒြာ အန္ဝာယတ္တား ပြာဏာ ဝါဝ ရုဒြာဧတေ ဟီဒံ သဗ်ံ ရောဒယန္တိ။ ၃။

တံ စေဒေတသ္မိန္ဝယသိ ကိဉ္စိဒုပတပေဒ္ဒဗြူယာတ်ပြာဏာ ရုဒြာ ဣဒံ မေမာဓျန္ဒိနံ သဝနံ တြိတီယ သဝနမနုသန္တနုတေတိ မာဟံ ပြာဏာနာံ ရုဒြာဏာံ မဓျေ ယဇ္ဉော ဝိလောပ္သီတျုဒ္ဓဲဝ တတ ဧတျဂဒေါ ဟ ဘဝတိ။ ၄။

အထ ယာနျဋ္ဌာစတွာရိံ ဝသ်ာဏိ တတ္တြိတီယ သဝနမဋ္ဌာစတွာရိံ သဒက္ခရာ ဇဂတီ ဇာဂတံ တြိတီယ သဝနံ တဒသျာ ဒိတျာ အန္ဝာယတ္တား ပြာဏာ ဝါဝါဒိတျာ ဧတေ ဟီဒံ သဗ်မာဒဒတေ။ ၅။

တံ စေဒေတသ္မိန် ဝယသိ ကိဉ္စိဒုပတပေဒ္ဒဗြူယာတ် ပြာဏာ အာဒိတျာ ဣဒံ မေ တြိတီယ သဝန မာယုရနုသန္တနုတေတိ မာဟံ ပြာဏာ နာမာဒိတျာနာံ မဓျေ ယဇ္ဉော ဝိလောပ္သီယေ တျုဒ္ဓဲဝ တတ ဧတျဂဒေါ ဟဲဝ ဘဝတိ။ ၆။

ဤကား ဆန္ဒောဂျဥပနိသျှဒ် [ပြာပါဌက-၃၊ ခဏ္ဍ-၁၆]လာ စကား ဖြစ်၏။ ဗြဟ္မစရိယသည် သုံးပါးအပြားရှိ၏။ ၁-ကနိဋ္ဌ=အငယ်, ၂-မဇ္ဈိမ=အလတ်, ၃-ဥတ္တမ=အကြီးစားတည်း။ ထိုသုံးပါးတွင် အငယ်စား ဖြစ်သည်မှာ အစာရေစာဖြင့်ပြီးသော ခန္ဓာကိုယ်နှင့် အသက်ဝိညာဉ်၏

ယဇ်၊ အမိပ္ပါယ်ကား၊ အလွန်လျှင်မြတ်လှသော ဂုဏ် အပေါင်းတို့နှင့် ယှဉ်သည်ဖြစ်၍ မှန်ကန်ကောင်းမြတ်သော ကုသိုလ်မှုတို့ကို ပြုခြင်းပင်ဖြစ်၏၊ ထိုကဲ့သို့သောသူသည် ၂၄-နှစ်တိုင်တိုင် ဇူနေ့ခြေတို့ကို ထုံရှိအောင် စောင့်ထိန်းလျက် ဝေဒစသော ကျမ်းဂန်စာပေနှင့်ကောင်းသော အကျင့်အာစာရတို့ကို သင်ယူရသည်။ အိမ်ရာထောင်ပြီးသည့် နောက်၌လည်း ကာမဂုဏ်၌ မောက်မှားသောအမှုတို့ကို မပြုပါမူကား၊ ထိုသူ၏ အသက် ဝိညာဉ်*သည် သန်စွမ်းတိုးတက်ခါ အားလုံးသောဂုဏ်ကြွက်သရေများ သက်ဝင်တည်နေလေရသည်၊ ဤပထမအရွယ်တွင်သူသည်အတတ်ပညာ လေ့လာသင်ယူရာ၌သာ စိတ်ဝင်စားရသည်၊ ဆရာကလည်း ထို့အတူ ပင်၊ဩဝါဒပေးရသည်။ ထိုဗြဟ္မစာရီ ကျောင်းတော်သား သည်လည်း ''ကျွန်ုပ်သည်ပထမအရွယ်၌ ဗြဟ္မစရိယ အကျင့်ကို ကောင်းစွာကျင့်ခဲ့လျှင် ကျွန်ုပ်၏ကိုယ်ခန္ဓာနှင့် အသက်ဝိညာဉ်သည် တိုးပွါးသန်စွမ်းလျက် ကောင်းမြတ်သောဂုဏ်အပေါင်းကို သက်ဝင်တည်စေနိုင်သော ကျွန်ုပ်၏ အသက်ဖြစ်ပေမည်,'' ဟု သန္နိဋ္ဌာန်ပြုရသည်။ အို.....လူအပေါင်းတို့! သင်တို့သည် ဤနည်းဖြင့် ချမ်းသာသုခတို့ကို ဖြန့်ဖြူးပေးကြပါ, ကျွန်ုပ်သည် ဗြဟ္မစရိယအကျင့်မှ မပျက်ပြား မချွတ်ချော်အောင် (ဆုတောင်းကြပါ)။အသက် ၂၄-နှစ်နောက် ကျွန်ုပ်အိမ်ရာထောင်သောအခါ အနာရောဂါကင်းရှင်း၍ အသက် ၇၀-သို့မဟုတ် ၈၀-ရှည်မည်မှာ ထင်ရှားပေသည်။

မဇ္ဈိမ ဗြဟ္မစရိယဆိုသည်မှာ လူတဦးတယောက်သည် အသက် ၄၄-နှစ်တိုင်အောင် ဗြဟ္မစရိယ အကျင့်ကို ကျင့်ဆောင်လျက် ဝေဒကျမ်းစာများကို လေ့လာ သင်ယူ၏။ ထိုသူ၏ အသက်, ဇူနေ့ခြေ, စိတ်ဓာတ်နှင့် အတ္တသည် သန်စွမ်း အားရှိသည်ဖြစ်၍ မသူတော်လူမိုက် အားလုံးကို ငိုစေလျက် သူတော်ကောင်းအားလုံးကို စောင့်ရှောက်ကယ်တင်နိုင်သော ပုဂ္ဂိုလ်ထူး ဖြစ်လေသည်။သင်ပြောသည့်အတိုင်း အကယ်၍ ကျွန်ုပ်သည် ပထမအရွယ်တွင် ကျင့်ဆောင်ပါမူ ကျွန်ုပ်၏ ဤရုဒြနှင့်တူသော အသက်နှင့်တကွသော ဗြဟ္မစရိယအကျင့်သည် ပြီးမြောက်အောင်မြင်ရသည်၊ (ရုဒြ-ဆိုသည်မှာ အခြားသူတို့အား ငိုစေတတ်သူကို ဆိုသည်။ မကောင်းသူပါယ် ကောင်းသူကိုကယ်တတ်သူ)။

---

* ပုဒ္ဓ ဝါဒအားဖြင့် စိတ်ဟုခေါ်မည်။

အို ဖြဟ္မစာရီ အနေပါင်းတို့! ကျွန်ုပ်သည် ဤဗြဟ္မစရိယ အကျင့်မှ မတိမ်းစောင်း မဖောက်ပြန်စေမူ၍ ယဖ်ံ သရုပ် သဏ္ဌာန် ပေါ် ပေါက် ဖြစ်ပွားလာအောင် ဖြဟ္မစရိယကို တိုးပွားအောင်ပြုကြပါ။ ထိုကျောင်း တော်မှလာ၍ ရောဂါမှကင်းသည်ဖြစ်၍ နေပါအံ့၊ဤဖြဟ္မစာရီ (ကျောင်း တော်သား)သည် ကောင်းသောအမှုတို့ကို ပြုဘိသကဲ့သို့၊ သင်တို့လည်း ပြုကြပါ။

ဥတ္တမ–ဖြဟ္မစရိယသည် အသက် ၄၈–နှစ်အဆုံးထိ တတိယမြောက် ဖြစ်သည်။ ဥပမာ–ဇဂတီလင်္ကာပိုဒ်တွင် အက္ခရာ ၄၈–လုံးရှိဘိသကဲ့သို့၊ အသက် ၄၈-နှစ်တိုင် ဖြဟ္မစရိယအကျင့်ကို ကောင်းစွာ ကျင့်သောသူ၏ အသက်သည် ကောင်းမြတ်ဖြူစင်သည်ဖြစ်၍ အားလုံးသော အတတ်ပညာ တို့ကို ရယူနိုင်သော အစွမ်းသတ္တိ ရှိလေသည်။

အကြင် ဆရာနှင့်မိဘတို့သည် မိမိတို့၏ သားသမီးတို့ကို ပထမအရွယ် တွင် အတတ်ပညာနှင့် ကောင်းသော ဂုဏ်တို့ကို ရယူရန် ခဲယဉ်းစွာ ကျင့်ဆောင်အားထုတ်ရန် ဆုမ္ဗြာဝါဒပေး၏၊ ထိုသားသမီးတို့သည် မိမိ အလိုလိုသာလျှင် မဖေါက်မပြန်သော ဖြဟ္မစရိယအကျင့်ကို ကျင့်ဆောင် မှိဝဲခြင်းဖြင့် သုံးခုမြောက် ဖြစ်သော ဥတ္တမ–ဖြဟ္မစရိယ အကျင့်ကို ကျင့်ဆောင်မှိဝဲခြင်းပြု၍ နှစ်ပေါင်း ၄၀၀–အသက်ရှည်အောင် ပြုရာ၏။ ဤနည်းအတိုင်း သင်လည်းပြုပါ။ အဘယ့်ကြောင့် ဆိုသော်, အကြင် သူသည် ဤအကျင့်ကိုရ၍ မတိမ်းမစောင်းမပျက်ပြားစေပါမူ ထိုသူသည် အားလုံးသော ရောဂါအနာတို့မှ ကင်းသည်ဖြစ်၍ ကုသိုလ် တရား, စည်းစိမ်ချမ်းသာ, ပျော်ရွှင်ခြင်းနှင့် နိဗ္ဗာန်(မောက္ခ)ကို ရရှိခံစားရ၏။

စတဩြောအဝဍ္ဍား သရီရဿူ ဖြိဋ္ဌိယော်ဝန် သမ္ပုဏ်ဏာ ကိဋ္ဌိတွမျ ဟာဏ် သေ္တာတိ၊ အာသောခုသာဒဖြိဋ္ဌိး၊ အာပဥ္စိ သတေယော် ဝနမ်၊ အာစတ္တာရိ သတား သမ္ပုဏ်ဏာ၊ တတား ကိဋ္ဌိ တွရိဟာဏ်သေ္တာတိ။

ပဥ္စိသေ တတောဝသော် ပုမာန် နာရိတု သောခုသေ၊ သမတ္တာ ဂတဝီယော် တော စာနီယာတ် ကုသလော ဘိသက်။

ဤကား ဓုသုတကျမ်း၏ သုတ္တမ္ဘာခ ၃၅- ကဏ္ဍလာ စကားဖြစ်၏။ ဤဓမ္မာကိုယ်တွင် လေးပါးသောအရှုပ် (အပိုင်း အခြား) ရှိလေသည်၊

တပါးကား — (ဗြဟ္မ) ၁၆–နှစ်ရွယ်မှ ၂၅–နှစ်ရွယ်အထိ၊ ဓာတ်အားလုံး တိုးပွား ထွားကြိုင်း၍၊ ဒုတိယကား — (ယောဝန) ၂၅–နှစ်ကုန်မှ ၂၆–နှစ် အထက်၌ ပျိုရွယ်ခြင်း အစဖြစ်၍၊ တတိယမြောက်ကား — (သမ္ပူဏ်တာ) ၂၅–နှစ်မှ အသက် ၄၀–အထိ၊ ဓာတ်အားလုံး အပြည့် အဝ ပြည့်ဖြိုး ထွားကြိုင်းလာ၍၊ စတုတ္ထမြောက် —(ကိဉ္စိတပရိဟာဏိ) ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်း အားလုံး၏၊ ဓာတ်တို့သည် အဆုံးစွန် ထွားကြိုင်း ပြည့်ဖြိုးလာပြီးနောက်၊ ပိုရှိလာသောဓာတ်တို့သည် ခန္ဓာ ကိုယ်တွင်း၌ မတည်နေနိုင်တော့ဘဲ၊ အိပ်မက်ဖြင့်၎င်း၊ ချွေးဖြင့်၎င်း၊ အပြင်သို့ ယိုထွက်လာလေသည်။ ထို အသက် ၄၀- မြောက်သည် အိမ်ထောင်ပြုရန် အကောင်းဆုံးသော အရွယ်ဖြစ်၍၊ တနည်း ၄၈-နှစ် မြောက်တွင် အိမ်ထောင်ပြုရန် ကောင်းသထက် ကောင်းသော အရွယ် ဖြစ်လေသည်။

အမေး။ ။ဗြိဟ္မစရိယ (မေထုန်မှိုဝဲခြင်းမှ ရှောင်ကြဉ်ခြင်း) အကျင့် တရားဟာ မိန်းမနှင့်ယောကျ်ား အတူအမျှဘဲလား?

အဖြေ။ ။မတူဘူး၊ ယောကျ်ား အသက် ၂၅-နှစ်ထိ ကျင့်လျှင် မိန်းခလေး ၁၆-နှစ်ထိ။

ယောကျ်ား	။	၃၀	။	ကျင့်လျှင်	။	၁၇	။
။	။	၃၆	။	။	။	၁၈	။
။	။	၄၀	။	။	။	၂၀	။
။	။	၄၄	။	။	။	၂၂	။
။	။	၄၈	။	။	။	၂၄	။

ဆိုလိုရင်းမှာ ယောကျ်ားသည် အသက် ၄၈-နှစ်ထက် မို၍၎င်း၊ မိန်းမသည် အသက် ၂၄-နှစ်ထက်ပို၍ ဗြဟ္မစရိယအကျင့်ကို မကျင့် အပ်ပေ။ သို့သော် ဤစည်းမျဉ်းကား အိမ်ရာထောင်သူတို့ အတွက်သာ ဖြစ်၍ အိမ်ရာမထောင်သောသူတို့အတွက်မှာ၊ တသက်လုံးကျင့်နိုင်ပေသည်။ သို့ပင်ဖြစ်ငြားသော်လည်း၊ ဤနည်းလမ်းကား အတတ်ပညာ ပြည့်ဝ်ပြီး သော သီလ သိက္ခာရှိသူ ယောဂီနှင့် မိန်းမ ယောကျ်ားများ အတွက်သာ ဖြစ်ပေသည်။ ကာမတဏှာကို ချုပ်တည်းစောင့်စည်းလျက် ဣန္ဒြေတို့ကို နိုင်နင်းအောင် ထိန်းသိမ်းခြင်းအလုပ်သည် အလွန်ခဲယဉ်းသော အလုပ် တခု ဖြစ်လေသည်။

ရိတံစ သွာဓျာယ ပြဝစနေစ သတျံစ သွာဓျာယ ပြဝစနေစ၊ တပသ္စ သွာဓျာယ ပြဝစနေစ၊ ဒမသ္စ သွာဓျာယ ပြဝစနေစ၊ သမသ္စ သွာဓျာယ ပြဝစနေစ၊ အဂ္နယသ္စ သွာဓျာယပြဝစနေစ၊ အဂ္ဂိဟောတြသ္စ သွာဓျာယ ပြဝစနေစ၊ အတိထယသ္စ သွာဓျာယ ပြဝစနေစ၊ မာနုသာစ သွာဓျာယ ပြဝစနေစ၊ ပြဇာစ သွာဓျာယ ပြဝစနေစ၊ ပြဇနသ္စ သွာဓျာယ ပြဝစနေစ၊ ပြဇာတိသ္စ သွာဓျာယ ပြဝစနေစ။

ဤသည်ကား တေတ္တိရိယောပနိသျှဒ် (ပြပါ. ၇၊ အနု. ၉)လာ စကား ဖြစ်၏။ ပညာသင်သူနှင့် ပညာသင်ပေးသူတို့၏ စည်းမျဉ်း ဥပဒေဖြစ်၏။ (ရိတံ-)ဘြောက်ပတ် ကောင်းမြတ်သော အကျင့်အာစာရဖြင့် သင်ယူ ပို့ချအပ်၏။ (သတျံ.) မှန်ကန်သောအကျင့်တရားဖြင့် မှန်ကန်သော ပညာတို့ကိုသင်ယူ,ပို့ချအပ်၏။(တပး)ငြိုးငြင်စွာကျင့်ခြင်းဖြင့် ဝေဒစသောကျမ်းဂန်တို့ကို သင်ယူ ပို့ချအပ်၏။ (ဒမး.) ဗဟိဒ္ဓဣန္ဒြေတို့ကို ဆိုးယုတ်သော အကျင့် အာစာရတို့မှ စောင့်စည်း ထိန်းသိမ်းလျက် သင်ယူ, ပို့ချအပ်၏။ (သမး.)အတွင်းစိတ်ဓာတ်ကို အားလုံးသော အပြစ်တို့မှ ကင်းဝေးစေလျက် သင်ယူ,ပို့ချအပ်၏။ (အဂ္နယး.) ယဇ်-မီးနတ်ပူဇော်ခြင်းစသော မီးဓာတ် နှင့် လျှပ်စစ်ဓာတ်တို့ကို သိရှိနားလည်မှုကိုယူ၍ သင်ယူ, ပို့ချအပ်၏။ (အဂ္ဂိဟောတြံ.) မီးနတ် ပူဇော်ခြင်းကိုပြုလျက် သင်ယူ, ပို့ချအပ်၏။ (အတိထယး၊) ဧည့်သည်ဝတ်ကိုပြုလျက် သင်ယူ, ပို့ချအပ်၏။ (မာနုသံ.) လူတို့နှင့်ဆက်ဆံပေါင်းသင်းမှုကို ပြုလျက်သင်ယူ, ပို့ချအပ်၏။ (ပြဇာ.) သားသမီးနှင့် တိုင်းပြည်ကို စောင့်ရှောက်လျက် သင်ယူ, ပို့ချအပ်၏၊ (ပြဇနး)သုက်သွေးကို စောင့်စည်းတိုးပွားစေခြင်းကို ပြုလျက် သင်ယူ, ပို့ချရာ၏။ (ပြဇာတိး.) မိမိ၏သားသမီးနှင့် တပည့်တို့ကို စောင့်ရှောက် မွေးမြူလျက် သင်ယူ, ပို့ချရာ၏။

ယမာန် သေဝေတ သတတံ န နိယမာန် ကေဝလံဗုဓး၊ ယမာန် ပတတျ ကုဝ်ါဏော နိယမာန် ကေဝလံ ဘဇန်။

(မနု. အ.၄၊ ၂၀၄)။

ယမ(=စည်းမျဉ်းသီလ) သည် ငါးပါးအပြားရှိ၏။

အဟိံသာ သတျာ သ္တေယ ဗြဟ္မစယျာ ပရိဂြဟာ ယမား။

(ယောဂ. သာဓနပါဒ-သုတ်-၃၀)။

အနက်ကား–(အဟိံသာ) ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (သစ္စ) မှန်သောစကားကို ပြောဆိုကျင့်ကြံခြင်း။

(အသ္တေယ) ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ခိုးဝှက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (ဗြဟ္မစရိယ) မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ (အပရိဂြဟ) အလွန်လောဘကြီးခြင်း မာနကြီးခြင်းမှ ရှောင်ကြဉ်ခြင်း စသော ငါးပါးသော သီလတို့ကို လိုက်နာကျင့်ဆောင်အပ်၏၊ အကျင့်သီလမှ ကင်း၍ သက်သက်(နိယမ) စည်းမျဉ်းဥပဒေကို လိုက်နာခြင်း ဆိုသည်မှာ–

သောစ သန္တောသ တပး သွာဓျာယေဿွရပြဏိဓာနာနိ နိယမား။
(ယောဂ· သာဓနပါဒေ–သုတ်· ၃၂)။

(သောစ) ကိုယ်လက် အင်္ဂါတို့ကို ဆေးကြောရေချိုးခြင်းဖြင့် သန့်စင်စေခြင်း (သန္တောသ) အားထုတ် လုပ်ကိုင်၍ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း၊ (တပ) ပြင်းပြစွာ တရား အားထုတ်ခြင်း၊ (သွာဓျာယ) ပညာသင်ယူ, ပို့ချခြင်း၊ (ဤသွရပြဏိဓာန) ထာဝရဘုရားအား လေးမြတ်ရှိသေခြင်းဖြင့် မိမိ၏ စိတ်နှလုံးကို ထိုဘုရားအား ပုံအပ်ထားခြင်း၊ ဤသည်တို့ကို ငါးပါးသော စည်းကမ်းဥပဒေ (=နိယမ) ခေါ်သည်၊ အထက်တွင် ဆိုခဲ့သော (ယမ) သီလမှ ကင်း၍ ဤ စည်းမျဉ်းတို့ကို မကျင့်အပ်ပေ၊ သို့သော် ၂-ပါးလုံးကို ကျင့်ဆောင်အပ်၏၊ သီလအကျင့်ကို ပယ်ထားလျက် ကိုယ်လက် သုစ်သင်ခြင်း စသော စည်းကမ်းသက်သက်ကိုသာ လိုက်နာ ကျင့်ဆောင်သော သူတို့သည် ကြီးပွားတိုးတက်ခြင်း မဖြစ်နိုင်ဘဲ ယုတ်နိမ့်ခြင်းသို့သာ ကျရောက်ရသည် (ဘဝသံသရာ၌ ကျင်လည်နေရာ၏)။

ကာမာတ္မတာ န ပြသဿာ န စေဝေဟာ ဿျ ကာမတာ၊
ကာမျောဟိ ဝေဒါဓိဂမး ကမ်ယောဂသ္စ ဝေဒိကား။
(မနု· အ· ၂၊ ၂၈)။

အလွန် အလိုအားကြီးခြင်း၊ အလိုဆန္ဒ လုံးဝကင်းခြင်း နှစ်ပါးစလုံး ပင်၊ မည်သူ့အတွက်မှ မကောင်းမြတ်ချေ၊ အကြောင်းကိုဆိုသော်, အလိုဆန္ဒမှ ကင်းသည် ဖြစ်ပါမူ ဝေဒကျမ်းလာ ဉာဏ်ပညာနှင့် ကုသိုလ်မှုတို့ကို မည်သူမျှ ပြုစွမ်းနိုင်တော့မည် မဟုတ်ပေ၊ ထို့ကြောင့်,

သွာဓျာယေန ဝြတဲဟော်မေ တြေဝိဒျေနေဇျယာ သုတေး၊
မဟာယဇ္ဉဲ့သ္စ ယဇ္ဉဲ့သ္စ ဗြာဟ္မီယံ ကြိယတေ တနုး။
(မနု· အ· ၂၊ ၂၈)။

အနက်–(သွာဓျာယ) အားလုံးသော ပညာစာပေကို သင်ယူခြင်း, သင်ပေးခြင်း။ (ဝြတ) ဗြဟ္မစရိယ စသော အကျင့် သီလတို့ကို ကျင့်ဆောင်ခြင်း၊ (ဟောမ) မီးပူဇော်ခြင်း, အမှန်ကိုယူ၍ အမှားကိုပယ်ခြင်း, မှန်ကန်သော ပညာကိုပေးခြင်း၊ (တြေဝိဒျေန) ဝေဒကျမ်းလာ ဘုရားကို ပူဇော်ခြင်း, အသိဉာဏ်ကိုဂုဏ်း၊ ပညာကိုဂုဏ်း ရယူခြင်း၊ (ဣဇျယာ) လဝက် (လဆန်းပက္ခ, လဆုတ်ပက္ခ) ဆောက်တည် ကျင့်ဆောင်ခြင်း၊ (သုတေး) သားကောင်း သမီးကောင်း မွေးဖွါးအောင် ပြုခြင်း၊ (မဟာယဇ္ဉဲး) ဗြဟ္မ, ဒေဝ, ပိတ, ဝေဿဒေဝ, ဧည့်သည်တို့အား ဆည်းကပ်ခြင်း စသော ငါးပါးသော မဟာယဇ်ကြီး။ (ယဇ္ဉဲး) မီးပူဇော်ခြင်း စသော လက်မှုပညာ လောကဓာတ် ပညာတို့ကို သင်ယူခြင်း တည်းဟူသော ယဇ်တို့ကို ပူဇော်ခြင်းဖြင့် ဤခန္ဓာကိုယ်ကို ဗြာဟ္မီ (အဓိပ္ပါယ်ကား–ဝေဒနှင့် ထာဝရ ဘုရားအား ရှိသေကိုင်းညွတ်ခြင်း တည်ရာဖြင့် ဗြဟ္မဏ) ပုဏ္ဏားကိုယ် ဖြစ်စေအပ်၏။ ဤမှုသော အကျင့်တရားမှ ကင်း၍ ပုဏ္ဏား–ကိုယ် မဖြစ်နိုင်ချေ။

ဣန္ဒြိယာဏာံ ဝိစရတာံ ဝိသယေဿွပဟာရိသု၊
သံယမေ ယတ္နမာတိဋ္ဌေဒွိဒွါန် ယန္တေဝ ဝါဇိနမ်။
(မနု· အ· ၂၊ ၈၈)။

အနက်ကား– ဥပမာ လိမ်မာသော ရထားထိန်း (မြင်းထိန်း) သည်၊ မြင်းတို့ကို နိုင်နင်းစွာ ထိန်းကျောင်း မောင်းနှင် ဘိသကဲ့သို့၊ စိတ်နှင့် အတ္တကို မကောင်းမှုတို့သို့ ဆွဲဆောင်တတ်သော တဏှာ အာရုံ ကာမဂုဏ်တို့၌ ကျင်လည် ကျက်စား နေသော စက္ခု စသော ဣန္ဒြေတို့ကို ချုပ်တီး ထိန်းသိမ်းရန် အစွမ်းကုန် ကြိုးစားအပ်၏။ အဘယ့်ကြောင့် ဆိုသော်,

ဣန္ဒြိယာဏာံ ပြသင်္ဂေန ဒေါသမြိစ္ဆတျသံသယမ်၊
သန္နိယမျတု တာန္ယေဝ တတး သိဒ္ဓိံ နိယစ္ဆတိ။
(မနု· အ· ၂၊ ၉၂)။

အနက်–အသက်=ဇီဝသည် ရှုခြေတို့ အလိုသို့လိုက်၍ စင်စစ်အား ဖြင့် ကြီးလေးသော အပြစ်ဒေါသတို့သို့ ကျရောက်၏။ ရှုခြေတို့ကို မိမိ အလိုသို့ လိုက်အောင် (ဝါ) ထိန်းသိမ်းနိုင်အောင် ပြုမှသာ၊ ပြီးစီးအောင် မြင်၏။

ဝေဒႆ တျာဂသ္စ ယဉ္ဉာသ္စ နိယမာသ္စ တပါံသိစ၊ န ဝိပြဒုဋ္ဌဘာဝ သျ သိဒ္ဓိံ ဂစ္ဆန္တိ ကဟိစိတ်။ (မနု· ၂၊ ၉၇)။

အကြင် ယုတ်မာသောအကျင့် အာစာရရှိသူအား၊ ဝေဒ,စာဂ,ယဇ်, နိယမ, တပ (မြိုးခြံသောအကျင့်) နှင့် အခြားကောင်းမှုတို့သည်၊ ဘယ် တော့မှ မပြီးစီး မအောင်မြင်နိုင်ချေ။

ဝေဒေါပကရဏေ စေဝ သွာဓျာယေ စေဝ နေတျိကေ၊ နာနုရောဓေါ အသတျနဓျာယေ ဟောမ မန္တြေသု စေဝဟိ။ ၁။ နေတျိကေ နာသတျာ နဓျာယော ဗြဟ္မသတြံဟိ တတ္သ္မြိတမ်၊ ဗြဟ္မာ ဟုတိဟုတံ ပုဏျမနဓျာယ ဝသင္ကြိတမ်။ ၂။ (မနု· ၂၊ ၁၀၅၊ ၁၀၆)။

ဝေဒကိုသင်ယူ, ပို့ချခြင်း၊ ဘုရားဝတ်တက်ခြင်း စသော ငါးပါးသော မဟာယဇ်တို့ကို ပူဇော်ခြင်း၊ မီးပူဇော်သော မန္တာန်တို့၌ ဖြတ်လပ်ခြင်း မရှိအပ်ပေ၊ အဘယ့်ကြောင့်ဆိုသော်။ ၁။ နေ့စဉ်နေ့တိုင်း ပြုအပ်သော ဝတ္တရားတို့၌၊ ကြားဖြတ် လစ်လပ်ခြင်းမရှိအပ်၊ ဥပမာ, ထွက်သက် ဝင်သက်သည်အမြဲမပြတ် ရှုနေဘိသကဲ့သို့၊ နေ့စဉ်ဝတ်ကိုလည်း အမြဲ မပြတ် (အချိန်မှန်မှန်) ပြုအပ်၏။ တနေ့မှ ဖြတ်မထားအပ်ပေ။ အကြောင်း ကား၊ မပြတ်မလပ် ပြုအပ်သော မီးပူဇော်ခြင်း စသော မြင့်မြတ်သော အမှုတို့သည် ကုသိုလ်မှုပင်ဖြစ်၏။ တနည်း ဥပမာ, မုသားပြောဆိုခြင်း သည် အမြဲတန်း အပြစ်ဖြစ်၍ မှန်စွာပြောခြင်းသည် အမြဲတန်း ကုသိုလ် ဖြစ်ဘိသကဲ့သို့၊ မကောင်းမှုပြုရာ၌ အခါခပ်သိမ်း အပြစ်, ကောင်းမှုပြုရာ၌ အခါခပ်သိမ်း အကျိုးတရားသည်ပင် ဖြစ်၏။

အဘိဝါဒန သီလသျ နိတျံ ဗြဒ္ဓေါပ သေဝိနး၊ စတွာရိ တသျ ဝဒ္ဓန္တေ အာယုဝိဒျာ ယသော ဗလမ်*။ (မနု· ၂၊ ၁၂၁)။

* ပါဠိ—အဘိဝါဒန သီလိဿ, နိစ္စံ ဝုဍ္ဎါပစာယိနော၊ စတ္တာရော ဓမ္မာဝဍ္ဎန္တိ အာယု ဝဏ္ဏော သုခံဗလံ။—ကိုနှိုင်းယှဉ်ကြည့်၊ အလွန်က အတူနီးထားသည်။

ယဉ်ကျေးသိမ်မွေ့၍ အသိ အလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော လူကြီးတို့အား အမြဲဆည်းကပ်တတ်သော သူတို့အား၊ အသက်ရှည်ခြင်း ဉာဏ်ပညာကြီးခြင်း, အကျော်အစော,နှင့် ခွန်အားဗလ ပြည့်စုံ တိုးတက်ခြင်း အကျိုးကိုရ၍ ခံစားရ၏။ ဤသို့ မပြုသူအား အသက်ရှည်ခြင်းစသော အကျိုးတရား မပွားများနိုင်ပေ။

အဟိံသယေ၀ ဘူတာနံ ကာယံ သြေယောနုသာသနံ၊
ဝါကစေဝ မဓုရာ သ္လက္ချဏာ ပြယောဇျာ ဓမ္မိစ္ဆတာ။ ၁။
ယဿျ ဝါမ်နသေ သုဒ္ဓေ သမျဂ္ဂုတ္တေ စ သဗ်ဒါ၊
သဝေ သဗ်မဝါပ္နောတိ ဝေဒါန္တောပဂတံဖလမ်။ ၂။
(မနု· ၂၊ ၁၅၉၊ ၁၆၀)။

အနက်–ပညာရှိနှင့် ကျောင်းတော်သားတို့သည် ရန်ငြိုးမထားမူ၍ အားလုံးသော လူတို့အား ကောင်းကျိုးကို ပေးတတ်သော လမ်းကို ညွှန်ကြားဆုံးမရသည်။ ဆုံးမသွန်သင်တတ်သောပုဂ္ဂိုလ် (ဓမ္မကထိက) သည်၊ အမြဲချိုမြိန် ကောင်းမြတ်သော စကားကို ဆိုရာ၏။ တရား၏ တိုးတက်ကြီးပွားခြင်းကို လိုလားသူသည် ဖြောင့်မှန်သော နည်းလမ်းကို လိုက်နာကျင့်ကြံ၍ မှန်ကန်သော တရားကိုသာ ဟောပြောပြသရာ၏။ ၁။ နှုတ်နှင့်နှလုံး ဖြူစင်တည်ကြည်သော သူသာလျှင် အားလုံးသော ဝေဒနှင့် ဝေဒကျမ်းလာ အကျိုးတရား အားလုံးကို ရယူအပ်၏။

သံမာနာဒ် ဗြာဟ္မဏော နိတျမုဒွိဇေတ ဝိသာဒိဝ၊ အမြိတဿေဝ စာကာင်္ကျေဒဝ မာနဿျ သဗ်ဒါ။
(မနု· ၂၊ ၁၆၂)။

အနက်—အကျော်အစောကို အဆိပ်သဘွယ် ကြောက်ရွံ့၍, ကဲ့ရဲ့ ရှုတ်ချခြင်းကို အမြိတ်သုဓါဘုတ်သဘွယ် လိုလား တောင့်တသော ပုဏ္ဏားသာလျှင် အားလုံးသော ဝေဒကျမ်းစာနှင့် ဘုရားသခင်ကို သိမြင်နိုင်၏။

အနေန ကြမယောဂေန သံသ္ကြိတာ တ္မာ ဒွိဇး သနေး၊ ဂုရော ဝသံ သံစိနုယာဒ် ဗြဟ္မာဓိဂမိကံ တပး။
(မနု· ၂၊ ၁၆၄)။

အနက်—ဤနည်းဖြင့် စလွယ်တင်အပ်ပြီးသော ပုဏ္ဏားဖြဟ္မစာရီလုလင်ပျိုသည်၎င်း ပုဏ္ဏားပျိုမကလေးသည်၎င်း တဖြေးဖြေး ဝေဒကျမ်းလာပညာဉာဏ်တည်းဟူသော အကျင့်ကို တိုးတက်အောင် ပြုရာသည်။

ယောအနဓီတျ ဒွိဇော ဝေဒမန္တြ ကုရုတေဩမမ်၊ သ ဇီဝန္နေဝ
သူဒြတွ မာသုဂစ္ဆတိ သာန္ဝယး။
(မနု- ၂၊ ၁၆၈)။

အနက်—အကြွင်သူသည် ဝေဒကျမ်းစာကို မသင်ဘဲနှင့် အခြားပညာစာပေတို့ကို အားထုတ်ကြိုးစား သင်ကြား၏။ ထိုသူသည် မိမိ၏သားမြေးနှင့်တကွ၊ ယုတ်ညံ့သောလူမျိုး (ဇာတ်ညံ့) ဘဝသို့ အမြန်ကပ်ရောက်ရ၏။

ဝဇ္ဇယေ န္မဓုရ မာံသဉ္စ ဂန္ဓံ မာလျံ ရသာန်သြိယး၊ သုက္တာနိ
ယာနိ သဗ္ဗာဏိ ပြာဏိနာံ စေဝ ဟိံသနမ်။ ၁။

အဘျင်္ဂ မဉ္ဇနံ စာက္ချောဏော ရူပါနစ္ဆတြ ဓာရဏမ်၊ ကာမံ
ကြောဓံ စ လောဘံ စ နတ္တနံ ဂီတ ဝါဒနမ်*။ ၂။

ဒျူတံ စ ဇနဝါဒံ စ ပရိဝါဒံ တထာနြိတမ်၊ သြီဏာံ စ ပြေက္ခ
ဏာ လမ္ဘမုပဃာတံ ပရသျစ။ ၃။

ဧကး သယီတ သဗ္ဗတြ နရေတး သ္ကန္ဒယေတ်ကွစိတ်၊ ကာမာဒ္ဓိ
သ္ကန္ဒယ န္ရေတော ဟိနသ္တိ ဝြတမာတ္မနး။ ၄။
(မနု- ၂၊ ၁၇၇၊ ၁၈၀)။

အနက်—ဗြဟ္မစာရီ (=စာသင်ပျို) မိန်းခလေး ယောကျ်ားကလေးတို့သည်, သေရည်သေရက်, အသား, အမွှေးနံ့သာ, ပန်း, ရသာ, မေထုန်မှီဝဲခြင်း, အချဉ်အားလုံး, သူတပါးအသက်ကို သတ်ခြင်း။ ၁။ ကိုယ်လက်အင်္ဂါတို့ကို ဆုပ်နယ်ခြင်း, အကြောင်းမရှိဘဲ အင်္ဂါဇာတ်တို့ကို ထိကိုင်ခြင်း, မျက်စိတို့၌ မျက်စဉ်းဆေး လိမ်းကျံခြင်း, ဘိနပ်နှင့်ထီးကို ဆောင်ခြင်း, ကာမ, ကောဓ, လောဘ, မောဟ, ဘယ, သောက, ဗျာပါဒ, ဒေါသ, နစ္စ=ကခြင်း, ဂါန=သီဆိုခြင်း, တီးမှုတ်ခြင်း။ ၂။ လောင်းတန်း

* ဗုဒ္ဓဘာသာတို့၏ ရှစ်ပါးသီလနှင့် နှိုင်းယှဉ်ကြည့်ပါ။

ကစားခြင်း, အကျိုးမများသော ဝတ္ထုကထာတို့ကို ပြောဆိုနားထောင်ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, မုသားပြောခြင်း, မိန်းမတို့ကို ကြည့်ရှုခြင်း, အကူအညီပေးခြင်း, သူတပါး အကျိုးယုတ်အောင်ပြုခြင်း စသော အကုသိုလ်မှုတို့ကို အမြဲတန်း စွန့်လွှတ်အပ်၏။ ၃။ တယောက်တည်း အိပ်ရမည်, သုက်ကို ဘယ်တော့မှ မလွှတ်စေရ, ကာမစ္ဆန္ဒအရ သုတ်သွေးကို လွှတ်စေခဲ့လျှင် ဗြဟ္မစရိယအကျင့် ပျက်ပြားပြီဟုမှတ်လေ။ ၄။

ဝေဒမနူစျာ စာယော် အန္တေဝါသိန မနုသာသ္တိ၊ သတျံဝဒ ဓမ်ံ စရ၊ သွာဓျာယာန္မာပြမဒး၊ အာစာယျာ်ယ ပြိယံ ဓနမာဟြိတျ ပြဇာတန္တုံ မာဗျဝစ္ဆေတ်သီး၊ သတျာန္န ပြမဒိတဗျမ်၊ ဓမ်ာန္န ပြမဒိတဗျမ်၊ ကုသလာန္န ပြမဒိတဗျမ်၊ ဘြိတျဲန ပြမဒိတဗျမ်၊ သွာဓျာယ ပြဝစနာဘျာံန ပြမဒိတဗျမ်၊ ဒေဝပိတြိကာယျာ်ဘျာံန ပြမတဗျမ်၊ မာတြိဒေဝေါ ဘဝ၊ ပိတြိဒေဝေါ ဘဝ၊ အာစာယျာ် ဒေဝေါ ဘဝ၊ အတိထိဒေဝေါ ဘဝ၊ ယာနျနဝဒျာနိ ကာမ်ာဏိ တာနိ သေဝိတဗျာနိ နောဣတရာနိ၊ ယာနျသ္မာကံ သုစရိတာနိ တာနိတွယော ပါသျာနိ နောဣတရာနိ၊ ယေကေ စာသ္မစ္ဆြေယာံ သောဗြာဟ္မဏာ တေ္တသာံ တွယာသနေန ပြသွသိတဗျမ်၊ သြဒ္ဓယာ ဒေယမ်၊ အသြဒ္ဓယာ ဒေယမ်၊ သြိယာ ဒေယမ်၊ ဟြိယာ ဒေယမ်၊ ဘိယာ ဒေယမ်၊ သံဝိဒါ ဒေယမ်၊ အထ ယဒိတေ ကမ်ဝိစိကိတ္သာ ဝါ ဝြိတ္တဝိစိကိတ္သာ ဝါ သျာတ်၊ ယေတတြဗြာဟ္မဏား သမ္မသိနော ယုက္တာ အယုက္တာ အလူက္ချာ ဓမ်ကာမား သျုယ်ထာ တေတတြ ဝတ္တေ်ရန် တထာ တတြ ဝတ္တေ်ထား၊ ဧသ အာဒေသ ဧသ ဥပဒေသ ဧသာ ဝေဒေါပနိသတ်၊ ဧတဒနုသာသနမ်၊ ဧဝမုပါသိတဗျမ်၊ ဧဝမုစေတ ဒုပါသျမ်၊

(တေတ္တိရိယ• ပြပါ•၇၊ အနု• ၁၁၊ ကံ• ၁၊ ၂၊ ၃၊ ၄)။

အနက်–အာစရိယ= ဆရာသည် မိမိ၏ အန္တေဝါသိက= တပည့် တပည့်မတို့ကို ဤသို့ ဆုံးမရာ၏–သင်သည် မှန်ကန်သော စကားကို ပြောပါ၊ တရားကိုကျင့်ပါ၊ မေ့လျော့ခြင်းမှ ကင်းသည်ဖြစ်၍ သင်ယူ မှီချပါ၊ ဗြဟ္မစရိယအကျင့်ကို ပြည့်စုံစွာကျင့်လျက် ပညာအားလုံးကို တတ်အောင် သင်ယူပြီးလျှင် ဆရာအား နှစ်လိုအပ်သော ဥစ္စာကို

(ဆရာကန်တော့ခ) ပေးပြီးမှ ဇာတိမြေသို့ ပြန်ရောက်လာ၍ ဇနီးကို ထိမ်းမြားရလေ၏။ ထိုဇနီးသည်ကား မိမိနှင့် အမျိုးဇာတ်တူ၍ (ဇာတ်မှ) ဖြစ်စေ၊ အထူးပြုလျှင်၊ ဆရာ ကန်တော့ရာ၌ ဆရာကန်တော့ခကို ပေးပြီးသည့်နောက် ဇနီးသည်နှင့်အတူ အိမ်ထောင်သားမွေး ဖြစ်လေ၏။

(ဆရာကန်တော့ခ) ပေးပြီးမှ အိမ်ရာထောင်ခါ သားသမီး မွေးထုတ်ပါ။ မေ့လျော့ခြင်းဖြင့် တရားမှန်ကို ဘယ်တော့မှ မစွန့်လေနှင့်၊ မေ့လျော့ခြင်းဖြင့် တရားကို မစွန့်လေနှင့်၊ မေ့လျော့ခြင်းဖြင့် ကျန်းမာရေးနှင့် လိမ္မာရေးကို မစွန့်လေနှင့်၊ မေ့လျော့ခြင်းဖြင့် မြတ်သောအစိုးရခြင်း၏ တိုးတက်မှုကို မစွန့်လေနှင့်၊ မေ့လျော့ခြင်းဖြင့် ပညာသင်ယူ, ပို့ချခြင်းကို ဘယ်တော့မှ မစွန့်လေနှင့်၊ သူတော်ကောင်း ပညာရှိနှင့် မိဘစသော သူတို့အား ဆည်းကပ်ဖို့ရန် မမေ့လေနှင့်၊ ပညာရှိတို့အား ပူဇော်သက္ကာ ပြုဘိသကဲ့သို့ပင် မိဘဆရာ ဧည့်သည်အာဂန္တုကတို့ကို အမြဲပြုပါ။ သူတော်ကောင်းတို့ မကဲ့ရဲ့အပ်သော တရားနှင့်ညီသော အမှုတို့ကိုပြုပါ၊ မှားသောစသော မတရားမှုတို့ကို မပြုလုပ်ရ၊ တရားနှင့်ညီသော ကောင်းမြတ်သော အကျင့်သီလ သမာစာရတို့ကို ယူ၍ မကောင်းသော အကျင့်အာစာရတို့ကို မယူရ၊ ငါတို့ အလယ်၌ အကြင်တစုံတယောက်သော ပညာရှိဗြာဟ္မဏ (ပုဏ္ဏား) သည် ရှိအံ့၊ ထိုသူ၏ အနီးအပါးတွင် နေလျက်၊ ထိုသူအား ယုံကြည်လေးစားရမည်။ သဒ္ဓါတရားနှင့်ပေးပါ၊ မသဒ္ဓါနှင့်လည်းပေးပါ၊ တင့်တယ်စွာ ပေးပါ၊ ရှက်ရှက်နှင့်လည်း ပေးပါ၊ ကြောက်ရွံ့ခြင်းဖြင့် ပေးပါ၊ ပဋိညာဉ်ဖြင့်လည်း ပေးပါ၊ အကြင်အခါ သင်သည် မိမိပြုသော အမှု, အကျင့်သီလ,ဘုရားအား ရိုသေလေးမြတ်မှုတို့၌ တစုံတရာ သံသယကုက္ကုစ္စ ဖြစ်ခဲ့ပါမူ စဉ်းစားညာဏ်နှင့်ပြည့်စုံ၍ မျက်နှာမလိုက်တတ်သော ယောဂီဟုတ်သူ, မဟုတ်သူ ကရုဏာရှိ၍ တရားကို လိုလားသူ သူတော်ကောင်းတို့၊ တရားနည်းလမ်း၌ ကျင့်ဆောင်ပြုမူသည့်အတိုင်း သင်လည်း ကျင့်ဆောင်လေ။ ဤသည်ပင် အာဏာတော်, ဤသည်ပင် အဆုံးအဖြတ်ဝါဒ, ဤသည်ပင် ဝေဒကျမ်း၏ ဥပနိသတ်၊ ဤသည်ပင် ထိုကျွာပုဒ်ဖြစ်၏။ ဤနည်းအတိုင်း ကျင့်ကြံ၍ မိမိ၏ အကျင့်အာစာရကို ပြုပြင်ပေးရာ၏။

> အကာမဿျ ကြိယာ ကာစိဒ် ဒြိဿျတေ နေဟ ကဟ်ိစိဒ်၊
> ယဒျဒ္ဓိ ကုရုတေ ကိဉ္စိတ် တတ္တတ္ကာမဿျ စေဋ္ဌိတမ်။
> (မနု· ၂၊ ၄)။

အနက်–အလိုနည်းသူတို့ မျက်စိအမြင်၌ အနည်းငယ်သော ထွန်းကားခြင်း ဖြစ်လာဖို့ရန် အလွန်ခဲယဉ်းလေသည်။ ထို့ကြောင့် ပြုပြုသမျှ အမှုတို့သည် အလိုဆန္ဒ စေ့ဆော်အားထုတ်ခြင်းမှ ကင်း၍ မဖြစ်နိုင်ချေ။

အာစာရး ပရမော ဓမ် ဩုတျုက္တား သ္မာရ္တ ဧဝစ၊ တသ္မာ
ဒသ္မိံ သဒါယုက္တော နိတျံ သျာဒါတ္မဝါန် ဒွိဇး။ ၁။

အာစာရာဒွိစျုတော ဝိပြော န ဝေဒဖလ မသ္နုတေ၊ အာစာ
ရေနတု သံယုက္တား သမ္ပူဏ္ဏ ဖလဘာဂ ဘဝေတ်။ ၂။
(မနု· ၁၊ ၁၀၈၊ ၁၀၉)။

အနက်—ပြောဆို, နားထောင်, ပြောပြခြင်း, သင်ယူ, ပို့ချပေးခြင်းတို့၏ အကျိုးတရားသည်ကား, ဝေဒနှင့် လျော်ညီသော သုတိ သမုတိကျမ်းဆို တရားတို့ကို စောင့်ထိန်း ကျင့်ဆောင်ခြင်း ဖြစ်သောကြောင့် တရားကို အမြဲကျင့်ဆောင်နေရာသည်။ ၁။ အဘယ့်ကြောင့်ဆိုသော် အကျင့်တရားမှ ကင်းသူသည် ဝေဒကျမ်းလာ အကျင့်တရားမှ ဖြစ်ပေါ်လာသော ချမ်းသာသုခ အကျိုးကို မရရှိ မခံစားနိုင်ချေ။ အတတ်ပညာ သင်ယူလျက် တရားကျင့်သူသာလျှင် အလုံးစုံသော ချမ်းသာကို ရရှိခံစားနိုင်သည်။

ယောဝ မနျေတ တေ မူလေ ဟေတု သာဿြ သြယာဒ် ဒွိဇး၊
သသာဓုဘိဗ ဟိဿျာ ယော် နာသ္တိကော ဝေဒနိန္ဒကး။
(မနု· ၂၊ ၁၁)။

အနက်—အကြွင်းသူသည် ဝေဒနှင့် ဝေဒကျမ်းလာ ဉာဏ်ပညာ ရှိသူတို့ အလို့ငှါ ကျမ်းဂန်တို့ကို မရိုမသေပြု၏၊ ထိုဝေဒကျမ်းစာကို ကဲ့ရဲ့ သွမ်းတည်းသော နတ္ထိက အယူရှိသူ*အား အမျိုးဇာတ်မှဥင်း, လူအစည်း (အတန်းအဆင့်) မှဥင်း, တိုင်းပြည်မှဥင်း နှင်ထုတ်ပစ်အပ်၏။ အဘယ့်ကြောင့်ဆိုသော်,

ဝေဒး သြိတိး သဒါစာရး, သွသျစ ပြိယမာတ္မနး ၊ဧတစ္စတုဝိ ဓ
ပြာဟုး သာက္ချာ ဓမ်သျ လက္ချဏမ်။
(မနု· ၂၊ ၁၂)။

---

* မြန်မာဘာသာ ကျမ်းစာအလိုဖြင့် ဝေဒကျမ်းစာကို ကဲ့ရဲ့သူသည် "နတ္ထိက" ဆိုသောကြောင့် ဗုဒ္ဓဘာသာတို့သည် နတ္ထိက မိစ္ဆာဒိဋ္ဌိဖြစ်၏။ ဗုဒ္ဓဘာသာ အလိုအရ၊ ကံ-ကံ၏အကျိုးကို မယုံကြည်မှ နတ္ထိက ဖြစ်သောကြောင့်၊ မြန်မာဘာသာဝင်တို့သည် ကံ-ကံ၏အကျိုးကို ယုံကြည်ရကား နတ္ထိကဟု မဆိုနိုင်။

အနက်-ဝေဒ, သမုတိကျမ်း (ဝေဒနှင့်ညီသော မနုသမုတိစသော ကျမ်းစာ), ကောင်းမြတ်မှန်ကန်သော အကျင့်သီလ, မိမိ၏စိတ်နှလုံးတွင် နှစ်သက်အပ်သော ဝေဒကျမ်းစာဖြင့် ဘုရားသခင်က သတ်မှတ်ပေးအပ်သော အကျင့်အာစာရ, ဤလေးပါးသည်ပင် တရား၏လက္ခဏာ-အင်္ဂါ ဖြစ်သည်၊ အဓိပ္ပါယ်မှာ, ဤလေးပါးသော လက္ခဏာဖြင့်ပင်လျှင် တရားမှန်မမှန်ကို ဝေဘန်ဆုံးဖြတ်အပ်၏။ အကြင်မျက်နှာမလိုက်ဘဲ တရားမှန်ကိုယူခါ၊ မတရားကိုပယ်သော အာစာရ အကျင့်တရားကိုပင် တရား (ဓမ္မ) ဟု ခေါ်ဆိုအပ်၏၊ ဤတရားနှင့် ဆန့်ကျင်သော မျက်နှာလိုက်၍ မတရားကိုယူခါ၊ တရားမှန်ကို ပယ်သောအမှုသည် အဓမ္မ (=မတရား) ဟု ခေါ်ဆိုအပ်၏။

အထ်ကာမေသွ သက္တာနံ ဓမ်ညနံ ဝိဓိယတေ၊
ဓမ် ဇိညသမာနာနံ ပြမာဏံ ပရမံ ဩုတိ။
(မနု• ၂၊ ၁၃)။

အနက်—အကြင်ယောက်ျားသည် (အထ=အတ္တ) ဓနဥစ္စာစသော ရတနာနှင့် (ကာမ) မိန်းမနှင့် ဆက်ဆံပေါင်းဖော်ခြင်းတို့၌ မကပ်ငြိ၊ ထိုသူအားသာလျှင် တရားဉာဏ်အမြင်ကို ရနိုင်သည်။ အကြင်သူသည် တရားဉာဏ်ကို လိုလားတောင့်တ၏, ထိုသူသည် ဝေဒကျမ်းဖြင့် တရားကိုဆုံးဖြတ်ဝေဘန်အပ်၏၊ အဘယ့်ကြောင့်ဆိုသော်, တရားသည်, မတရားကို ဝေဒမှကင်း၍ ကောင်းစွာမဆုံးဖြတ်နိုင်ချေ။

ဤနည်းဖြင့် ဆရာသည် မိမိ၏ တပည့်ကို ဆုမွန်ဩဝါဒ ပေးရမည်။ ခတ္တိယမင်းမျိုး, ကုန်သည်,နှင့် ဇာတ်ညံ့ (သုဒ္ဒ) တို့ကိုလည်း ပညာသင်ကြား လေ့လာစေရသည်။ အဘယ့်ကြောင့်ဆိုသော်, ပုဏ္ဏားမှတပါး အခြားခတ္တိယ စသည်တို့ ပညာမသင်ကြားခဲ့လျှင်၊ ဘာသာတရား, နိုင်ငံတော်နှင့် စီးပွားဥစ္စာများ၊ မတိုးတက်နိုင်ရာ။ အကြောင်းတပါးမှာလည်း၊ ပုဏ္ဏားသည် စာပေအတတ်ပညာ သင်ယူခြင်း၊ သင်ပေးခြင်းကို မြှုလျက် ခတ္တိယစသော သူတို့ဖြင့် အသက်မွေးမှုကို ရနိုင်သောကြောင့် ဖြစ်ပေသည်။ အသက်မွေးမှု အနှောင်အဖွဲ့တွင်နေခြင်း, ခတ္တိယစသည်တို့အား အမိန့်အာဏာပေးသူ၊ ဝေျာက်ပတ်စွာ စစ်ဆေးအဖြစ်ဒဏ်ပေးသူ မဖြစ်

ပါမူ၊ ပုဏ္ဏားစသော အမျိုးအားလုံးသည် မတရားသော လိမ်လည်ကောက်ကျစ်မှု၌ ကျရောက်ကြရလေသည်။ ခတ္တိယစသူတို့ ပညာရှိလာလျှင် ပုဏ္ဏားသည်လည်း ပညာသင်ယူလျက် အထူးတရားကျင့်သူ ဖြစ်လာရလေသည်။ ခတ္တိယစသော ပညာရှိတို့ရှေ့တွင် လူလိမ်သည် လိမ်လှည့်ခြင်း အမှုကို မပြုနိုင်ပေ။ ခတ္တိယစသူတို့ မလိမ္မာလျှင် ပုဏ္ဏားဆရာတို့သည်၊ မိမိတို့ ထင်သလို၊ လိမ်လည်လှည့်စားတတ်ကြသည်။ သို့ဖြစ်ပါသောကြောင့် ပုဏ္ဏားတို့သည် အကယ်တန္တိ ကောင်းကျိုးကို လိုလားသည် ဆိုပါမူ၊ ခတ္တိယစသူတို့အား ဝေဒစသော ကျမ်းကောင်းကျမ်းမှန် စာပေပညာကို အထူးကြိုးစား သင်ကြားပေးရာသည်။ အကြောင်းသော်ကား, ခတ္တိယစသူတို့သာလျှင် ပညာ, ဘာသာတရား, တိုင်းပြည်နှင့် စီးပွားဥစ္စာကို တိုးတက်အောင် ပြုသူများ ဖြစ်ကြ၏။ ထိုသူတို့သည် မည်သည့်အခါမှ အလျှုခံစားသည် မရှိသောကြောင့်၊ ပညာကို အသုံးပြုရာ၌ မျက်နှာလိုက်ခြင်းလည်း မဖြစ်နိုင်ပေ။ အားလုံးသော အမျိုးဇာတ်တို့၌ အသိပညာ တိုးပွားပြန့်နှံ့လာသောအခါ၊ မည်သူမျှ အလိမ်ဖြစ်သော မတရားကျင့်ကြံ ပြုမူခြင်းကို မပြုနိုင်ပေ။ ထို့ကြောင့် ခတ္တိယစသူတို့အား နည်းလမ်းအမှန် ပြသူသည် ရဟန်းပုဏ္ဏားများ ဖြစ်၍ ရဟန်းပုဏ္ဏားတို့အား၊ လမ်းမှန်ကို လိုက်စေသူမှာ ခတ္တိယစသူတို့ ဖြစ်ကုန်၏။ သို့ဖြစ်၍ အားလုံးသော အမျိုးဇာတ် မိန်းမ ယောကျ်ားတို့၌ အတတ်ပညာနှင့် ဘာသာတရားသည် မချပြန့်နှံ့စေရာသည်။

သင်ယူ, ပို့ချပေးသင့်သော အတတ်ပညာ စာပေကျမ်းဂန်တို့ကို ကောင်းစွာ စစ်ဆေးကြည့်ရာသည်။ စစ်ဆေးခြင်းငါးပါး ရှိပေသည်။

(၁) အကြွင်းဣသရ (ဘုရားသခင်) ၏ဂုဏ, ကမ္မ, သဘာဝ, ဝေဒကျမ်းတို့နှင့် လျော်ကန်သော ပညာသည် ပညာမှန်ဖြစ်၍, ထိုအချက်တို့နှင့် ဆန့်ကျင်သော ပညာတို့သည်ကား ပညာမှားဖြစ်ကုန်၏။

(၂) အကြွင်းတမ္ဗာကို ဘန်ဆင်းသောနည်းလမ်းနှင့် လျော်ကန်သော ပညာသည် ပညာမှန်ဖြစ်၍, ၎င်းနှင့် ဆန့်ကျင်လျှင် ပညာမှားဖြစ်၏။ ဥပမာ—တစုံတယောက်က—အမိနှင့်အဘ မပေါင်းဖေါ်ဘဲနှင့် သားမွေးလာသည်—ဟုဆိုအံ့၊ ထိုစကားသည် ထုံးဝမှား၏။

(၃) ပညာရှိ သူတော်ကောင်းတို့အား ပေါင်းဖော် ဆည်းကပ်ခြင်းသည် မှန်သောအဆုမ္မ ဩဝါဒဖြစ်၍ ယုံကြည်လိုက်နာအပ်၏၊ ၎င်းနှင့်ဆန့်ကျင်လျှင် မမှန်သော ဩဝါဒဖြစ်၍ မလိုက်နာအပ်ပေ။

(၄) မိမိ၏ အတ္တပြုစင်ခြင်းသည် ပညာနှင့် ထျော်ကန်၏။ တနည်းချဲ့ဆိုရသော်, မိမိသည် ချမ်းသာကို လိုလားနှစ်သက်၍ ဆင်းရဲကို မလိုလား မနှစ်သက်ဘိသကဲ့သို့၊ ငါသည် တစုံတယောက်အား ဆင်းရဲ (ဝါ) ချမ်းသာကို ပေးခဲ့လျှင် ထိုသူအား မနှစ်သက်ခြင်းနှင့် နှစ်သက်ခြင်း ဖြစ်မည်ဟု သိရှိယုံကြည်ခြင်းပေတည်း။

(၅) ရှစ်ပါးသော အထောက်အထား သာဓကနည်းနာများ ဖြစ်ကုန်၏။ ၁—ပစ္စက္ခ-မျက်မြင်ပမာဏ။ ၂—ယန်းဆ၍ သိရသော (အနုမာန) ပမာဏ။ ၃—နှိုင်းယှဉ်၍သိသော (ဥပမာန) ပမာဏ။ ၄—အသံ၏ အထောက်အထားဖြင့် သိသော (သဒ္ဒ) ပမာဏ။ ၅—ရှေးအစဉ်အလာ ဖြစ်သော ပမာဏ။ ၆—အကျိုးအကြောင်း ဆင်ခြင်ပုံ ပညာဖြင့် ဆုံးဖြတ်အပ်သော ပမာဏ။ ၇—ဖြစ်နိုင်သော အကြောင်းတရားကို ထောက်ဆ၍ ဆုံးဖြတ်အပ်သော (သမ္ဘဝ)ပမာဏ။ ၈—(နယာယ)=အကျိုးအကြောင်း ဆင်ခြင် ဆုံးဖြတ်သောကျမ်း (Logic)၌ ယူအပ်သော အဘာဝ ပမာဏ။ ဤသည်တို့တွင် ပစ္စက္ခ-လက္ခဏာတို့နှင့် ပတ်သက်သော အောက်ပါ သုတ်တို့သည်ကား၊ ဉာယသုတ္တကျမ်း၏ ပထမနှင့် ဒုတိယကဏ္ဍပါ သုတ်များ ဖြစ်ပေသည်။

> ဣန္ဒြိယာဿ သန္နိကသော်ာတ္ပန္နံ ဉာနမဗျပဒေသျ မဗျဘိစာရိဗျဝ သာယာတ္မကံ ပြတျက္ခကျမ်။
>
> (ဉာယသုတ္တံ၊ အ. ၁၊ အာဟြိက ၁၊ သု. ၄)။

အနက်—အကြင် သောတ, ကာယ*, စက္ခု, ဇိဝှါ, ဃာဏနှင့် သဒ္ဒ, ဖဿ, ရူပ, ရသ, ဂန္ဓသည် အကာအဆီးမရှိ ပေါင်းဆုံ တွေ့ထိကြ၏။ ဣန္ဒြေတို့နှင့်စိတ်၊ စိတ်နှင့်အတ္တ ပေါင်းဆုံ တွေ့ထိကြခြင်းကြောင့် အသိဉာဏ်ဖြစ်လာသည်ကို၊ ပစ္စက္ခ-ပမာဏခေါ်၏။ သို့သော် ဤနေရာ၌ ဗျပဒေသျ, တနည်း သညာသညီ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော

* မူတွင် ''တစော=အရေ''ဟု ရေးထား၏။ ချော်သည်ပင်ဖြစ်၏။

ဆုစမ္ဘဝတီ—၈၂၈—၁၀

သညာသည့် အသိဉာဏ် မဖြစ်ရာ။ ဥပမာ—တယောက်သည် အခြားတယောက်အား– ''သင်ရေယူလာခဲ့'' ဟု ဆိုလျှင် ရေကိုယူလာပြီး– ''ရေဒ္ဒရေ''ဟု ဆိုအံ့၊=ထိုနေရာ၌ ''ရေ'' ဟူသော သဒ္ဒါပုဒ်၏ အက္ခရာနှစ်လုံး၏ အသံကို ယူလာသူနှင့် ခိုင်းစေသူသည် မမြင်နိုင်ပေ။ သို့သော် ''ရေ''ခေါ်သော အရာသည်ကား မျက်မြင်ထင်ရှား၏။ အကြင်အသံဖြင့် သိရခြင်းကို သဒ္ဒ–ပမာဏ–ဟု ခေါ်အပ်၏။ ''အဗျဘိစာရိ''နည်း ဆိုသည်ကား, အကြင် တစုံတယောက်သည်၊ ညဉ့်အမိုက်မှောင်တွင် တိုင်ကိုပင် လူဟုထင်မှတ် ယုံကြည်ထား၏၊ မိုးလင်းလာသောအခါ ထိုလူ အမှတ်ထားသောတိုင်ကို၊ 'လူမဟုတ် တိုင်ပါဘဲလား'ဟု ညဉ့်အခါက လူအမှတ်ပျောက်သွားပြီး တိုင်အမှတ်ပေါ်လာသော ပျက်စီးပြောင်းလွဲတတ်သော အသိဉာဏ်မျိုးကို ဗျဘိစာရိ–ပမာဏခေါ်၍ ပစ္စက္ခဟု မခေါ်နိုင်ချေ။ ဗျဝသာယာတ္မက–နည်း ဆိုသည်မှာ၊ တစုံတယောက်သည် အဝေးမှနေ၍ မြစ်၏ သဲသောင်ကိုကြည့်လျက် ''ဟိုမှာ အဝတ်လှမ်းထားသလား, ရေလား သို့မဟုတ် အခြား တစုံတယောက်လား ? ဟိုလူဟာ ဒေဝဒတ္တ ရပ်နေသလား, သို့မဟုတ် ယညဒတ္တ ရပ်နေသလား ? ဟူ၍ တခုခုကို ထထစ်ချ မဆုံးဖြတ်နိုင်သရွေ့ ကာလပတ်လုံး ပစ္စက္ခဉာဏ် မဖြစ်နိုင်ချေ။ သို့သော်, အကြင် အဗျပဒေသျ, အဗျဘိစာရိနှင့် နိသ္စယာတ္မက–ဉာဏ်ကို သာလျှင် ပစ္စက္ခဟု ခေါ်နိုင်၏။

အခြားတနည်းကား အနုမာနဖြစ်၏–

အထ တတ္ပုဗ္ဗကံ တြိဝိဓမနုမာနံ ပုဗ္ဗဝန္တေသဝတ္သာ မာန္ယတော ဒြိသ္ဋဥ္စ။
(ဉျာယ· အ· ၁၊ သူ· ၅)။

အကြင်ပစ္စက္ခပုဗ္ဗက, အဓိပ္ပါယ်ကား — တစုံတခုသော အရပ်ဒေသ (ဝါ) အလုံးရုံသော အရာဝတ္ထုသည် တစုံတခုသောဌာန (ဝါ) ကာလ၌ ထထစ်ချ (မျက်မြင်) ဖြစ်ဘူး၏၊ ထိုဖြစ်ဘူးသောအရာကို၊ မြင်ဘူးသူက၊ ဒေသတပါးမှနေ၍ ထိုယခုလက်ငင်း ချက်ခြင်း မမြင်ရသော အရာကို၊ သိခြင်းကိုပင် 'အနုမာန' = ယမ်းဆ တွေးတော၍ သိခြင်းဟု ခေါ်၏။ တနည်း ဥဒါဟာရဏ်ကား — သားကိုမြင်သဖြင့် အဖေကိုရင်း, တောတောင်ထို့၌ မီးခိုးကိုမြင်သဖြင့် မီးကိုရင်း, လောက၌ ချမ်းသာဆင်းရဲကို

မြင်ရခြင်းဖြင့် ရှေးဘဝက အဖြစ်ကို သိကြ၏။ ထိုအနုမာန – နည်းသည် သုံးပါးအပြားရှိ၏။ ပထမ –"ပုဗ္ဗဝတ,"– မိုးစင်းတိမ်ကို မြင်၍ မိုးစင်းကိုရင်း, ထိမ်းမြားမင်္ဂလာကိုမြင်၍ မွေးဖွားအံ့သော သားသမီးကိုရင်း, စာပေသင်ကြားနေသူကိုမြင်၍ ပညာရှိအံ့သည်ကိုရင်း တတ်အပ်သိရှိကြ ဘိသကဲ့သို့ အကြောင်းကိုမြင်သိသဖြင့် အကျိုးကို သိကြသည်ကို "ပုဗ္ဗဝတ" နည်းခေါ် ၏။

ဒုတိယ– "သေသဝတ" ဆိုသည်ကား, အကျိုးကို မြင်သဖြင့် အကြောင်းကို သိခြင်းဖြစ်၏၊ ဥဒါဟရဏ်မှာ မြစ်ရေလျှံသည်ကို မြင်သဖြင့် မိုးစင်းအားကြီးခြင်းကိုရင်း, သားကိုမြင်သဖြင့် အဖေကိုရင်း, ကမ္ဘာ၏ ဘန်ဆင်းမှုကို မြင်သဖြင့် အစမရှိ အနာဒိဖြစ်သော အကြောင်း (ဝါ) ထာဝရဘုရားကိုရင်း, ထို့ပြင် ကုသိုလ်, အကုသိုလ်၏ အပြုအမူကို မြင်ခြင်းဖြင့် ချမ်းသာဆင်းရဲကိုရင်း၊ သိခြင်းကိုပင်* "သေသဝတ" နည်းဟုခေါ် ၏။

တတိယ–"သာမညတောဒိဋ္ဌ" ဆိုသည်ကား, တရုံတခု၏ အကျိုးနှင့် အကြောင်းကားမရှိ, သို့သော်, တပါးပါးသော တူမျှဆက်သွယ်မှုသည် တခုနှင့်တခု တွဲဘက်နေခြင်း၊ ဥဒါဟရဏ်ကား, မည်သူပင်ဖြစ်စေ, မသွားဘဲနှင့် အခြား နေရာသို့ မရောက်နိုင်ဘိ သကဲ့သို့ အခြား တရုံ တယောက်သည် အရပ်တပါးသို့ ပေါက်ရောက်သွားခြင်း၌လည်း မသွားဘဲနှင့် မပေါက်ရောက်နိုင်သည်ကို သိခြင်းဖြစ်၏။ အနုမာန သဒ္ဒါပုဒ်၏ အနက် အဓိပ္ပါယ်မှာ," အနု (ဝါ) ပြတျက္ချသျ ပသ္စန္မိယတေ ဉယတေ ယေန တဒနုမာနမ်၊," အကြင်အရာသည် မျက်မြင်ပစ္စက္ခမှ နောက်၌ ဖြစ်ပေါ်လာတတ်၏, ဥပမာ, မီးခိုးကို အထင်အရှား မမြင်ရဘဲနှင့် မီးကို မသိနိုင် မထင်နိုင်ချေ။

သုံးခုမြောက်နည်း–ဥပမာန–

ပြသိဒ္ဓသာဓမျာ္ဘာဒ္ဓ သာဓနမုပမာနမ်။
(ဍျာယ· အ· ၁၊ အာ· ၁၊ သူ· ၆)။

---

* သုခဒုက္ခကို မြင်သဖြင့် ကုသိုလ် အကုသိုလ်၏ အခြေအနေကို သိနိုင်သည်။

အကြြင်မျက်ဝါးထင်ထင်, ထင်ရှားသိသာသော သဘောတူ အရာတခုဖြင့် အခြားတခုကို သိနိုင်အောင် အထောက်အပံ့ပေးသော နည်းနာသာကေကိုခေါ်၏၊ ''ဥပမိယတေ ယေန တဒုပမာနမ်,'' ဥပမာကား, တရုံတယောက်က မိမိ၏လက်ပါးစေ (ကျေးကျွန်) အား၊ မင်းဗိသျှကာ မိတ္တကို ခေါ်လာခဲ့ဟုဆိုရာ၊ ထိုကျွန်လုပ်သူက– ''ကျွန်တော်ဟာ သူ့ကို တခါဘူးမှ မတွေ့မမြင်ဘူးပါ, မသိပါ'' ဟုဆိုအံ့။ သခင်လုပ်သူက– ''ဗိသျှကာမိတ္တဟာ၊ မင်းသိတဲ့ ဒေဝဒတ္တနှင့် တထေရာတည်းဘဲ,'' တနည်း''တောသွားမလဲ၊ အိမ်သွားမလိုပါဘဲ,''ဟုဆိုသည်ကို မှတ်သားပြီးသွားသောအခါ၊ ဒေဝဒတ္တနှင့် ရုပ်ရေသဏ္ဍာန် တထေရာတည်းတူသော သူကိုမြင်၍ ''ဒီလူဟာ ဗိသျှကာမိတ္တပါဘဲ'' ဟု တထစ်ချ ဆုံးဖြတ်ခါ ခေါ်လာခဲ့၏။ တနည်း, အကြြင်တောတခု၌ သားတိရစ္ဆာန် တကောင်ကို မြင်၍ ''ဒါ တောသွားမဘာဘဲ''ဟု တထစ်ချသိရှိ ဆုံးဖြတ်သကဲ့သို့ဖြစ်၏။

လေးခုမြောက်နည်း–သဒ္ဒပ္ပမာဏ,

အာပ္တောပဒေသး သဗ္ဗး။
(နျာယ· အ· ၁၊ အာ· ၁၊ သု· ၇)။

အကြြင်ပညာရှိ,သူတော်ကောင်း, သူတပါး အကျိုးကို ဆောင်ခြင်းကို လိုလားသော, သစ္စာတရားရှိသူ, လုလ္လဥဿာဟရှိ၍ ဣန္ဒြေတို့ကို စောင့်ထိန်းနိုင်သူ ယောဂျှားမြတ်သည် မိမိ၏ဉာဏ်၌ ထင်မြင်သိရှိ၏, အကြြင်အသိဉာဏ်ဖြင့် ချမ်းသာကိုရ၏, ထိုအသိဉာဏ်ကို လိုလားတောင့်တကုန်သော လူအပေါင်းတို့အား အဆုမ္ပြဲဝါဒကို ပေးတတ်သူ ဖြစ်၏။ တနည်း, ပထဝီမြေကြီးမှ အစပြု၍ ဘုရားသခင်တိုင်အောင်သော အားလုံးသော အရာဝတ္ထုတို့နှင့် ဆိုင်ရာ ဉာဏ်ပညာတို့ကို၊ ကောင်းစွာတတ်သိ၍ သွန်သင်ဆုမ္မတတ်သူ ဖြစ်၏။ ထိုယောဂျှားမြတ် (ဝါ) အမြတ်ဆုံးဖြစ်သော ဘုရား၏ အဆုမ္ပြဲဝါဒ ဖြစ်သော ဝေဒသည်ရှိ၏, ထိုဝေဒကျမ်းလာ စကားတော်တို့ကိုပင် ''သဒ္ဒပမာဏ''ဟု သိအပ်၏။

ငါးခုမြောက်–ဧတိဟျ–

န စတုဒ္ဓ္ဓ ဧတိဟျာထာပတ္တိ သမ္ဘဝါဘာဝ ပြာမာဏျာတ်။
(နျာ· အ· ၂၊ အာ· ၂၊ သု· ၁)။

အကြင် 'ဣတိဟ' ဤသို့ဖြစ်ဘူးပြီ၊ သူသည် ဤသို့ပြုဘူး၏၊ ထနည်း, တရုံတယောက်သောသူ၏ ထေရူပတ္တိသည်ပင် "ဇေတိဟ"ဖြစ်၏။

ခြောက်ခုမြောက်—အတ္ထာပတ္တိ (=အတ္ထာပတ္တိ)—

"အတ္ထာဒါ ပဇ္ဇတေ သာ အတ္ထာပတ္တိ," ကေနစိ ဗုတ္တေ, "သတ္တ ဃနေသု ဝြဂိသို့ သတိ ကာရဏော ကာယံ့ ဘဝတိတိ ကိမတြ ပြသုတ္တတေ," အသတ္တ ဃနေသု ဝြဂိသို့ရသတိ ကာရဏော စ ကာယ်ံ န ဘဝတိ"။

ဥပမာ, တယောက်က အခြားတယောက်အား "မိုးသားတိမ်တိုက် ဖြစ်ပေါ်ခြင်းကြောင့်မိုးရွာ၏ ထို့ပြင် အကြောင်း (ကာရဏ)ကြောင့် အကျိုးဖြစ်ပေါ်၏," ဤသို့မပြောဘြားသော်လည်း, "မိုးတိမ်မှုကင်း၍ မိုးရွာခြင်း ၎င်းပြင် အကြောင်းမှုကင်း၍ အကျိုးတရား ဘယ်တော့မှ မဖြစ်နိုင်" ဆိုသောစကားလည်း အလိုအလျောက် ပြီးသည်သာဖြစ်၏။

ခုနစ်ခုမြောက်—သမ္ဘဝ—

"သမ္ဘဝတိ ယသ္မိန် သ သမ္ဘဝး"။

မိဘမှုကင်း၍ သားသွီး မွေးဖွားသည်၊ တရုံတယောက်သည် သေပြီးသူကို ပြန်ရှင်အောင် ပြုသည်၊ တောင်ကိုထမ်းဆောင်သည်၊ သမုဒြာ ရေပြင်၌ ကျောက်တုံး ကျောက်ဖျာကြီး ကူးခတ်သည်၊ လက်ို အမှာမှာ ထုခွဲပစ်သည်၊ ထာဝရဘုရားသည် လူ့ဘဝ၌မွေးသည်၊ လူသတ္တဝါ၏ ဦးချိုကို မြင်ခဲ့သည်၊ အမြုံမ၏ သားသွီး မင်္ဂလာဆောင်သည်၊ စသော စကား အားလုံးတို့မှာ၊ အသမ္ဘဝ (=မဖြစ်နိုင်) ခြင်းများ ဖြစ်ကြ၏ အကြောင်းကို ဆိုသော်, ဤစကားတို့သည် ကမ္ဘာကို ဖန်ဆင်းသော နိယာမ တရားနည်းလမ်းနှင့် ဆန့်ကျင်သောကြောင့်ပေတည်း။ ကမ္ဘာ နိယာမတရားနှင့် လျော်သော စကားတို့သာလျှင် မုချဖြစ်နိုင်သောကြောင့် "သမ္ဘဝ"နည်း ဖြစ်ပေသည်။

ရှစ်ခုမြောက်—အဘာဝ—

"န ဘဝန္တိ ယသ္မိန် သော အဘာဝး"။

"ဆင်ကိုယူလာခဲ့ပါ" ဟု တယောက်က အခြားတယောက်ကို ပြော၏၊ ထိုနေရာ၌ ဆင်မရှိသည်ကို မြင်၍ အခြားရှိသော နေရာမှ ဆင်ကို ယူလာခဲ့၏။ ဤရှစ်ပါးသော နည်းတို့တွင် သဒ္ဒနှင့် ဖောဒိဟျ၊ အနုမာနနှင့် အတ္ထာပတ္တိ၊ သမ္ဘဝနှင့် အဘာဝကို ပေါင်းစပ် ရေတွက်လိုက်လျှင် ပမာဏလေးပါး လေးဂုဏ်၏။ ဤလေးဂုဏ်လေးပါးသော ပမာဏ– အထောက် အထားဖြင့် လူတို့သည် မှန်မမှန်၊ ဟုတ်မဟုတ်ကို ဝေဘန်ဆုံးဖြတ်နိုင်၏၊ အခြားနည်းဖြင့် မဆုံးဖြတ်နိုင်ချေ။

> ဓမ် ဝိသေသ ပြသူတာဒ် ဒြဗျ ဂုဏ ကမ် သာမာန္ယ ဝိသေသ သမဝါယာနာံ ပဒါထာနာံ သာဓမျ် ဝေဓမျ်ာဘျာံ တတ္တွဉာနာန္နိး ဿြေယသမ်။
> (ဝဲသေသိက၊ အ· ၁၊ အာ· ၁၊ သု· ၄)။

အကြွင်အခါ လူသည် တရားကို ထိုက်သင့်သည်အား လျော်စွာ ကျင့် ဆောင်ခြင်းဖြင့် စင်ကြယ်သည်ဖြစ်၍ "သာဓမျ်" သဘောတရားခြင်း တူမျှခြင်း, ဥပမာ, ပထဝီလည်း သက်မဲ့မဟာဘုတ်, ရေလည်း သက်မဲ့ မဟာဘုတ် ဖြစ်ကြသည် ဟူ၍၎င်း၊ "ဝေဓမျ်," ဥပမာ, ပထဝီသည် မာကြော၍ ရေသည် နူးညံ့ပျော့ပြောင်းသောကြောင့် မတူမျှခြင်းကို၎င်း၊ ဤနည်းဖြင့် ဒဗ္ဗ, ဂုဏ, ကမ္မ, သာမည, ဝိသေသ, သမဝါယ တည်းဟူ သော အရာခြောက်ပါးတို့၏ ဓာတ်သဘောတရားဉာဏ်ဖြင့် "နိဿြေယ သမ်" မောက္ခ (နိဗ္ဗာန်)ကို ရ၏။

> ပြိဘိဗျာအပသ္တေဇော ဝါယုရာကာသံ ကာလောဒိဂါတ္မာ မန ဣတိဒြဗျာဏိ။
> (ဝေသေသိက· အ· ၁၊ အာ· ၁၊ သု· ၅)။

ပထဝီ၊ ရေ၊ တေဇ (တေဇောဓာတ်)၊ ဝါယု (လေ)၊ အာကာသ၊ ကာလ၊ ဒိသာ (မျက်နှာ)၊ အတ္တ၊ မနော (စိတ်)၊ ဤကိုး ကိုးပါးသော ဒြဗျ (=ဒဗ္ဗ) ပင်တည်း။

> ကြိယာဂုဏ ဝတ္တ မဝါယိ ကာရဏမိတိ ဒြဗျလက္ခဏမ်။
> (ဝေ· အ· ၁၊ အာ· ၁၊ သု· ၁၅)။

"ကြိယာဝန္တု ဂုဏဝန္တု ဝိဓျနန္တေ့ ယသ္မိဉ္စတ် ကြိယာဂုဏဝတ်," အကြောင်းအရာဝတ္ထုနှင့် ကြိယာနှင့် ဂုဏ်သဘောချင်းရှိ၍၊ ထိုအရာဝတ္ထုကို 'ဒြဗျ' ခေါ်သည်။ ထိုဒဗ္ဗတို့တွင် ပထဝီ, အာပေါ, တေဇော, ဝါယော, မနနှင့် အတ္တ ဤခြောက်ပါးသော အရာဝတ္ထုနှင့် ကြိယာနှင့် ဂုဏ်ရှိကုန်၏။ ထိုမှ တပါး အာကာသ, ကာလ, ဒိသာ ဤသုံးပါးမှကား ကြိယာမှကင်း၍ ဂုဏ်သဘောချင်း ရှိကုန်၏။ (သမဝါယိ) "သမဝေတံ သိလံ ယသျတတ် သမဝါယိ, ပြာဂ်ဗြိတ္တိ တွံ ကာရဏံ သမဝါယိစ တတ္တႃရဏံ စ သမဝါယိ ကာရဏံ," "လက္ချယတေ ယေန တလ္လက္ချဏမ်" အကြောင်း အရာဝတ္ထုသည် ပေါင်းဆုံရောနှောသော သဘောတရားနှင့် ယှဉ်သော ကာရိယဖြင့် ကာရဏ (ကရိုဏ်း)သည် အတိတ်ကာလ၌ ဖြစ်ခဲ့အံ့၊ ထို အရာဝတ္ထုကို ဒြဗျဟုခေါ်သည်။ အကြောင်း အမှတ်လက္ခဏာကို သိစေ တတ်၏, ဥပမာ, မျက်စေ့ဖြင့် ရုပ်ကို မြင်အပ်၏, ထိုသိစေတတ်သော အရာကို လက္ခဏာခေါ်သည်။

ရူပ ရသ ဂန္ဓ သ္ပရ်ဝတီ ပြိထိဝီ။
(ဝေ· အ· ၂၊ အာ· ၁၊ သု· ၁)။

ရူပ, ရသ, ဂန္ဓ, ဖေါဋ္ဌဗ္ဗ သဘောရှိသော ပထဝီဖြစ်၏။ ထိုသဘော တရားတို့၌ ရူပ, ရသ, ဖေါဋ္ဌဗ္ဗသည် တေဇော, အာပေါ, ဝါယောဓာတ် နှင့် ယှဉ်သည်။

ဗျဝဋ္ဌိတး ပြိထိဗျာံ ဂန္ဓး။
(ဝေ·၊ အ· ၂၊ အာ· ၂၊ သု· ၂)။

ပထဝီ၌ အနံ့ (ဂန္ဓ) ဂုဏ်သည် သဘောတရားအတိုင်း ဖြစ်ရှိပါဝင် နေဘိသကဲ့သို့၊ ရေ၌ ရသာ, မီး=အပူ၌ ရုပ်, လေ၌ အတွေ့အထိ, အာကာ သ၌ အသံသည် သဘာဝမွေ့ ဖြစ်သည်။

ရူပ ရသ သ္ပရ်ဝတျ အာပေါဒြဝါး သ္နိဂ္ဓါး။
(ဝေ· အ· ၂၊ အာ· ၁၊ သု· ၂)။

ရုပ်, အရည်, ဖေါဋ္ဌဗ္ဗ, ကိုယ်, ယိုစီးပျော့ပြောင်းသော ရေဓာတ်ဟု ခေါ်သည်။ သို့သော်, ဤဓာတ်တို့တွင် ရေသည် ပကတိ သဘာဝဂုဏ်

ဖြစ်၍ ရုပ်နှင့် တွေ့ထိခြင်း (ဖေါဋ္ဌဗ္ဗ)သည် မီးနှင့်လေ ပေါင်းယှဉ်ခြင်းဖြင့် ဖြစ်ရှိနေသည်။

အဿု သိတတာ။
(ဝေ၊ အ. ၂၊ အာ. ၂၊ သု. ၅)။

ရေ၌အေးခြင်း ဂုဏ်သည်လည်း ပကတိ သဘောတရားပင် ဖြစ်သည်။

တေဇော ရူပသ္ပဿဝတ်။
(ဝေ၊ အ. ၂၊ အာ. ၁၊ သု. ၃)။

အကြင် ရုပ်နှင့် ဖဿသည် တေဇော ဖြစ်၏။ သို့သော်, ရုပ်သည် သဘာဝတရားဖြစ်၍ ဖဿသည်ကား ဝါယောဓာတ်နှင့် ပေါင်းယှဉ်ခြင်းကြောင့် ဖြစ်၏။

သ္ပဿဝါန် ဝါယုး။
(ဝေ၊ အ. ၂၊ အာ. ၁၊ သု. ၄)။

တွေ့ထိခြင်း (ဖဿ)ဂုဏ်သည် ဝါယော(လေ)ဓာတ် ဖြစ်၏။ သို့သော် ဤဖဿ၌လည်း ပူခြင်း, အေးခြင်း, တေဇောနှင့် ရေဓာတ် ပေါင်းယှဉ်ခြင်းဖြင့် ရှိနေ၏။

တ အာကာသေ န ပိဿန္တေ။
(ဝေ. အ. ၂၊ အာ. ၁၊ သု. ၅)။

ရူပ, ရသ, ဂန္ဓ, ဖဿသည် အာကာသ၌ မရှိပေ။ သို့သော်, သဒ္ဒ (အသံ)သည်ပင်လျှင် အာကာသ၏ ဂုဏ်ဖြစ်၏။

နိဿ် ကြမဏံ ပြဝေသနမိတျာကာသသျ လိင်္ဂမ်။
(ဝေ၊ အ. ၂၊ အာ. ၁၊ သု. ၂၀)။

ဝင်ခြင်း, ထွက်ခြင်း, သဘောတရားသည်ပင် အာကာသ၏ လိင် (အသွင်) ဖြစ်၏။

ကာယဏ္ဍိုဇရာ ပြာဒုဘာဝါဝ္ဂ သမ္ဗား သွဿဝတာမဂုဏား။
(ဝေ. အ. ၂၊ အာ. ၁၊ သု. ၂၅)။

အခြားသော ပထဝီ စသည်တို့၏ ကာရိယ (အပြုအမူ) တို့ဖြင့် မထင်ရှားသောကြောင့် သဒ္ဒ, ဖဿ ဂုဏ်ရှိသော မြေကြီးစသည်တို့မှာ ဂုဏ်မရှိပေ၊ သို့သော်, သဒ္ဒသည် အာကာသ၏ ဂုဏ်သာတည်း။

အပရသ္မိန္နပရံ ယုဂပစ္စိရံ က္ဿိပြမိတိ ကာလလိင်္ဂါနိ။

(ဝေ၊ အ. ၂၊ အာ. ၂၊ သု. ၆)။

အကြင် သဘောတရား၌ အတူတကွ၊ တကြိမ်တည်း၊ နှေးခြင်း မြန်ခြင်း စသည်ဖြစ်၏၊ ထိုသဘောတရားကို 'ကာလ' ဟုခေါ်သည်။

နိတျေသွ ဘာဝါဒနိတျေသု ဘာဝါတ္တာရဏေ ကာလာချေတိ။

(ဝေ၊ အ. ၂၊ အာ. ၂၊ သု. ၉)။

အကြင်အရာသည် အမြဲနိစ္စတည်သော အရာဝတ္ထုတို့၌ မဖြစ်မူ၍၊ အနိစ္စ=အမြဲမတည်သော အရာဝတ္ထုတို့၌ ဖြစ်၏၊ ထို့ကြောင့် ကာရဏ (ကရိုဏ်း)၌သာ 'ကာလ' ခေါ်တွင်၏။

ဣတ ဣဒမိတိ ယတဒ္ဒိသျံ လိင်္ဂမ်။

(ဝေ၊ အ. ၂၊ အာ. ၂၊ သု. ၁၀)။

ဤအရပ်မှသည် အရှေ့၊ တောင်၊ အနောက်၊ မြောက်၊ အထက်၊ အောက်ဟု သုံးစွဲခေါ်ဝေါ်အပ်သည်ကိုပင် 'ဒိသာ' (=အရက်မျက်နှာ)ဟု ခေါ်သည်။

အာဒိတျ သံယောဂါဒ် ဘူတပူဗ်ါဒ် ဘဝိသျတော ဘူတာစ္စပြာစီ။

(ဝေ၊ အ. ၂၊ အာ. ၂၊ သု. ၁၄)။

အကြင် အရပ်မျက်နှာ၌ ပထမအစ နေနှင့်ယှဉ်၏ (နေထွက်၏)၊ ယှဉ်လတ္တံ့၊ ထိုအရပ်မျက်နှာကို အရှေ့ဟူ၍၎င်း၊ ဝင်သော အရပ်မျက်နှာကို အနောက်ဟူ၍၎င်း ခေါ်အပ်၏။ အရှေ့ဘက်ကို မျက်နှာမူနေသော သူ၏ လက်ျာဘက်သည် တောင်မျက်နှာ၊ လက်ဝဲဘက်သည် မြောက်မျက်နှာ ခေါ်ဆိုအပ်၏။

ဧတေန ဒိဂန္တရာလာနိ ဗျာချာတာနိ။

(ဝေ၊ အ. ၂၊ အာ. ၂၊ သု. ၁၆)။

ဤမှ အရှေ့နှင့် တောင်အကြားကို အရှေ့တောင်ထောင့်၊ တောင်နှင့် အနောက် အကြားကို အနောက်တောင်ထောင့်၊ အနောက်နှင့် မြောက် အကြားကို အနောက်မြောက်ထောင့်၊ မြောက်နှင့် အရှေ့အကြားကို အရှေ့ မြောက်ထောင့်ခေါ်သည်။

ရူပ္ပဿာဒသြပယတ္ထ သုခဒုးခ ဉာနာနုဿာတမ္ဗနော လိင်္ဂမိတိ။
(ဈာယ·၊ အ· ၁၊ သု· ၁၀)။

အကြင်တရား၌ အလိုဆန္ဒ=ရာဂ၊ ဒွေသ (ဒေါသ)= ရန်ငြိုးထားခြင်း၊ (ပြယတ္တ) အားထုတ် စေ့ဆော်ခြင်း၊ ချမ်းသာ၊ ဆင်းရဲ၊ သိမှတ်ခြင်း (=ဉာဏ) ဂုဏ်တို့သည်ရှိအံ့၊ ထိုတရားကို “ဇီဝါတ္တာ” (=ဇီဝအတ္တ) ခေါ်၏။ ဝေသေသိကကျမ်း၌ ဤကား အထူးတည်း။

ပြာဏာအပါန နိမေသောန္မေသ ဇီဝနမနော ဂတိန္ဒြိယာန္တ ဝိ ကာရား သုခဒုးခေစ္ဆာဒွေသ ပြယတ္နာသ္စာတမ္ဗနော လိင်္ဂါနိ။
(ဝေ·၊ အ· ၃၊ အာ· ၂၊ သု· ၄)။

အပြင်မှ အတွင်းသို့ ငင်သော ဝင်သက်ကို (ပြာဏ=ပါဏ)၊ ထွက် သက်ကို (အပါန)၊ မျက်လွှာချခြင်း =မျက်စိအောက်သို့ ကြည့်ခြင်းကို (နိမေသ)၊ အပေါ်သို့ ကြည့်ခြင်းကို (ဥန္မေသ)၊ အသက် (ထွက်သက် ဝင်သက်)ကို ဆောင်ခြင်းကို (ဇီဝန)၊ စဉ်းစားဆင်ခြင်ခြင်း သိမှတ်ခြင်း ကို (မနး)၊ ထိုက်သင့်သည်အား လျော်စွာ လှုပ်ရှားသွားလာခြင်းကို (ဂတိ)၊ စက္ခုစသော ဣန္ဒြေတို့ကို၊ အာရုံတရားတို့သို့ ပေါက်ရောက်စေ၍ ထိုအာရုံတို့ကို ယူခြင်းကို (ဣန္ဒြိယ)၊ မွတ်သိပ်ဆာလောင်ခြင်း၊ ဖျားနာ ခြင်း၊ နာကျင်ခြင်း စသော ဓာတ်သဘာဝ ဖေါက်ပြန်ခြင်းတို့ကို၊ (အန္တရ ဝိကာရ)၊ ချမ်းသာ၊ ဆင်းရဲ၊ အလိုဆန္ဒ၊ ရန်ငြိုးဖွဲ့ခြင်း၊ အားထုတ်စေ့ ဆော်ခြင်း အားလုံးတို့သည် “အတ္တ”၏ အသွင် (ဝါ) ကမ္မနှင့် ဂုဏ် ဖြစ်ကုန်၏။

ယုဂပဇ္ဇဉာနာနုတ္ပတ္တိမ်နသော လိင်္ဂမ်။
(ဈာယ·၊ အ· ၁၊ အာ· ၁၊ သု· ၁၆)။

တချိန်တည်းတွင် အရာဝတ္ထု နှစ်ခုကို မသိမယူနိုင်သည်ကို (မန)= စိတ်ဟုခေါ်သည်။ ဤသည်ကား အရာဝတ္ထု (ဒြဗ္ဗ) ၏ သရုပ်နှင့် လက္ခ ဏာကို ပြအစ်ပြီး၍ ဂုဏ်တို့ကို ဆက်လက် ပြဆိုပေအံ့။

ရူပရသဂန္ဓသဒ္ဒဖဿာ သင်္ချာပရိမာဏာနိ ပြုထက တ္တံ သံယောဂ
ဝိဘာဂေါ ပရတ္တာ အပရတ္တေ ဗုဒ္ဓယး သုခဒုးခေ ဣစ္ဆာဒွေသော
ပြယတ္နာသ္စ ဂုဏား။

(ဝေ၊ အ· ၁၊ အာ· ၁၊ သု· ၆)။

ရူပ၊ ရသ၊ ဂန္ဓ၊ ဖဿ၊ သင်္ချာ၊ ပရိမာဏ (အတိုင်းအရှည် ပမာဏ)၊ အသီးအခြား ဖြစ်နေခြင်း၊ ပေါင်းရှည်ခြင်း၊ ဝေဘန်ခြင်း၊ စောခြင်း၊ နောက်ကျခြင်း၊ သိခြင်း၊ ချမ်းသာ၊ ဆင်းရဲ၊ အလိုဆန္ဒ၊ ရန်ငြိုးဖွဲ့ခြင်း၊ အားထုတ်စေ့ဆော်ခြင်း၊ လေးလံခြင်း၊ အရည်ပျော်ခြင်း၊ စေးထန်းခြင်း၊ ပြုပြင်နိုင်သောသတ္တိ၊ ကောင်းကျိုး၊ မကောင်းကျိုး၊ အသံ–ဤကား ဂုဏ် ၂၄–ပါးတည်း။

ဒြဗ္ယာဒြယျ ဂုဏဝါန် သံယောဂ ဝိဘာဂေသွ ကာရဏမနပေက္ဆ ဣတိ ဂုဏ လက္ခဏာမ်။

(ဝေ၊ အ· ၁၊ အာ· ၂၊ သု· ၁၆)။

ဂုဏ်ဆိုသည်မှာ၊ အရာဝတ္ထု (ဒဗ္ဗ) တခုခု၌သာ တည်နေ၍၊ အခြား ဂုဏ်ကို မဆောင်ရာ။ ပေါင်းယှဉ်ခြင်း၊ ကွဲပြားခြင်း၌ အကြောင်း*တပါး မဖြစ်ရာ။ အခြားတပါးသော ဂုဏ်မှလုံးဝ လွတ်လပ်ရာသည်။

ဒြောတြော ပလဗ္ဓိဗုဒ္ဓိနိဂြာဟျး ပြယောဂေဏာ အဘိဇွလိတ အာကာသ ဒေသး သဒ္ဒ။

(မဟာဘာသျ)။

သောတ=နားဖြင့် ရအပ်၍, အသိဉာဏ်ဖြင့် ယူအပ်၍, စမ်းသပ်ခြင်းဖြင့် ထင်ရှားသော၊ အာကာသ ကောင်းကင်သာလျှင် တည်ရာရှိသော အရာကို အသံ (သဒ္ဒ) ဟု ခေါ်ဆိုအပ်၏။ မျက်စိဖြင့် ရအပ်မြင်အပ်သည်ကို ရုပ်၊ လျှာဖြင့် ရယူအပ်သည်ကို ရသ (အရသာ)၊ နှာခေါင်းဖြင့် ရယူအပ်သည်ကို အနံ့ (ဂန္ဓ)။ အရေဖြင့် ရအပ် သိအပ်သည်ကို အတွေ့ (ဖဿ)၊ တစ်နှစ်စသည် ရေတွက်အပ်သည်ကို သင်္ချာ၊ အပေါ့အလေးကို ချိန်တွယ်သိအပ်သည်ကို အတိုင်းအရှည် အချိန်ပမာဏ၊ တခုသည် တခုမှ တခြားဖြစ်သည်ကို သီးခြားဖြစ်ခြင်း (ပြုထကတ္တ)၊

* Cause

တခုသည် တခုနှင့် ပေါင်းယှဉ်ခြင်းကို အပေါင်း (သံယောဂ)၊ တခုနှင့် တခု ပေါင်းယှဉ်ပြီး အရာဝတ္ထု၏ အစိပ်စိပ် အမွှာမွှာ ဖြစ်ခြင်းကို ဝိဘာဂ၊ ဤကား ရှေ့၊ ဤကား နောက်၊ ဤကား အထက်၊ ဤကား အောက်၊ ဆိုးခြင်း ကောင်းခြင်း စသည်ကို ပိုင်းခြားသိရှိ ခြင်းသည် ဉာဏ်ပညာ (ဗုဒ္ဓိ)၊ ရွှင်ပျော် ဝမ်းမြောက်ခြင်းကို သုခ၊ စိတ်ဆင်းရဲ ခြင်းကို ဒုက္ခ၊ အလိုဆန္ဒ ကပ်ငြိခြင်းကို—ရာဂ၊ ရန်ငြိုးဖွဲ့ခြင်းကို—ဝိရောဓ၊ အမျိုးမျိုးသော အားထုတ် စေ့ဆော်ခြင်းကို— ပယတ္တ၊ လေးလံခြင်းကို— ဂရုတ္တ၊ အရည်ပျော်ခြင်းကို—ဒြဝတ္တ၊ ချစ်ခင်ခြင်းနှင့် စေးထန်းခြင်းကို သိနေ္ဟ၊ အခြားတခုနှင့် ပေါင်းယှဉ်ခြင်းဖြင့် ဆန္ဒရမက် ဖြစ်ခြင်းကို— သင်္ခါရ၊ ကောင်းသောအကျင့် အာစာရနှင့် ခဲယဉ်းမှုကို— ဓမ္မ၊ မကောင်း သောအကျင့်နှင့် လွယ်ကူနူးညံ့သည်ကို— အဓမ္မ၊ ဤကား ၂၄-ပါးသော ဂုဏ်တို့ပေတည်း။

ဥတ္တက္ခေပဏာမဝက္ခေပဏာ မာကုဉ္စနံ ပြသာရဏံ ဂမနမိတိ ကမ္မာဏိ။

(ဝေ၊ အ· ၁၊ အာ· ၁၊ သု·၇)။

“ဥတ္တက္ခေပဏ” (=ဥက္ခေပဏ) အထက်သို့ ကြိုးစားခြင်း၊ “အဝက္ခေပဏ” အောက်သို့ ကြိုးစားခြင်း၊ “အာကုဉ္စန၊” ချဉ်းကပ် ခြင်း၊ ချုံ့ခြင်း ကွေးခြင်း၊ “ပြသာရဏ” (=ပသာရဏ) ဖြန့်ခြင်း၊ ဆန့်ခြင်း၊ “ဂမန” သွားလာခြင်းတို့ကို၊ ကမ္မ=အလုပ်ဟု ခေါ်အပ်၏။ ကမ္မ=ကံ၏ လက္ခဏာကို ပြပေအံ့။

ဧကဒြဗျမဂုဏံ သံယောဂ ဝိဘာဂေသွနပေက္ခ ကာရဏမိတိ ကမ္မလက္ခဏမ်။

(ဝေ၊ အ·၁၊ အာ·၁၊ သု·၁၇)။

“ဧကဒြဗျမာဒြဗျ အာဓာရော ယသျတဒေကဒြဗျံ နဝိဒျတေ ဂုဏော ယသျ ယသ္မိန် ဝါ တဒဂုဏံ သံယောဂေသု ဝိဘာဂေသုဝါ အပေက္ခာ ရဟိတံ ကာရဏံ တတ္တမ်လက္ခဏမ်” အထဝါ ယတ် ကြိယာတေ တတ္ကမ်, လက္ချယတေ ယေန တလ္လက္ခဏမ်, ကမ်ဏော လက္ခဏံ ကမ်လက္ခဏမ်,” ဒြဗျ=အရာဝတ္ထု တခုတည်းကိုမှီ၍ ဂုဏ်တို့မှ ကင်း၍

ပေါင်းယှဉ်ခြင်း၊ ခွဲခြမ်းခြင်းတို့၌ အကြောင်းတရားမှ လုံးဝလွတ်ကင်းသည်ကို ကမ္မ=ကံဟု ခေါ်၏။

ဒြဗျဂုဏ ကမ်ဏာံ ဒြဗျံ ကာရဏံ သာမာနျမ်။

(ဝေ၊ အ-၁၊ အာ-၁၊ သု-၁၈)။

အကြွင်ကာရိယ (=အလုပ်) ဖြစ်သော ဒဗ္ဗသည်၊ ဂုဏ်နှင့် ကံ၏ အကြောင်းတရားဖြစ်သော ဒဗ္ဗဖြစ်၏၊ ၎င်းကို သာမညဒဗ္ဗဟု ခေါ်၏။

ဒြဗျာဏာံ ဒြဗျံ ကာယျံ သာမာနျမ်။

(ဝေ၊ အ-၁၊ အာ-၁၊ သု-၂၃)။

အကြွင်အရာဝတ္ထု-ဒဗ္ဗတို့၏ ကာရိယ ဒဗ္ဗဖြစ်၏။ ထိုဒဗ္ဗသည် ကာရိယ သဘောတရားကြောင့် အားလုံးသော အလုပ်တို့၌ သာမညဖြစ်၏။

ဒြဗျတွံ ဂုဏတွံ ကမ်တွဉ္စ သာမာနျာနိ ဝိသေသာသ္စ။

(ဝေ၊ အ-၁၊ အာ-၂၊ သု-၅)။

အရာဝတ္ထု (ဒဗ္ဗ)တို့၌ အရာဝတ္ထု- သဘောတရား၊ ဂုဏ်တို့၌ ဂုဏသဘောတရား၊ ကံတို့၌ ကံ=အလုပ် သဘောတရားတို့သည် သာမညဟူ၍၎င်း၊ ဝိသေသ=အထူး ဟူ၍၎င်း ခေါ်ဆိုအပ်၏။ အဘယ့်ကြောင့် ဆိုသော်၊ အရာဝတ္ထု (=ဒဗ္ဗ) တို့၌ ထိုမူလ သဘောတရားသည် သာမညဖြစ်၍ ဂုဏ်သဘောတရားနှင့် ကံသဘောတရားထက် အရာဝတ္ထု မူလ သဘောတရားသည် အထူးဝိသေသ ဖြစ်ဘိသကဲ့သို့ အားလုံးသော အရာတို့၌ ယူဆအပ်၏။

သာမာနျံ ဝိသေသ ဣတိ ဗုဒ္ဓျပေက္ခမ်။

(ဝေ၊ အ-၁၊ အာ-၂၊ သု-၃)။

သာမန်နှင့် အထူးသည် အသိဉာဏ်နှင့် မကင်းရာ မကင်းကြောင်း (ဆက်စပ်နေသည်) ဖြစ်၏။ ဥပမာ—လူသတ္တဝါ အပေါင်းတို့၌ လူ့ဘာဝသည် သာမန်ဖြစ်၏၊ သို့သော် တိရစ္ဆာန် ဘာဝထက်ကား ထူးကဲသည်။ ထို့အတူ မိန်းမဘာဝ, ယောကျ်ားဘာဝ, တို့တွင် ဗြာဟ္မဏ ဘာဝ, ခတ္တိယဘာဝ, ဝေဿဘာဝ, သုဒ္ဒဘာဝသည်လည်း အထူးဝိသေသ ဖြစ်၏။ ဗြာဟ္မဏ (ပုဏ္ဏား) လူမျိုးတို့၌ ပုဏ္ဏားဘာဝသည် သာမည ဖြစ်၍ ခတ္တိယစသည်တို့ထက်ကား ထူးကဲ၏။ ဤနည်းအတိုင်း သိပါလေ။

ဣမဿာတိ ယထား ကာယ်ကာရဏာ ယော သ သမဝါယး။
(ဝေ၊ အ·၇၊ အာ·၂၊ သု·၂၆)။

အကြောင်းတရား, တနည်းသော်ကား၊ အင်္ဂါ အစိတ်အပိုင်းတို့၌ ခန္ဓာကိုယ်သည်ရင်း၊ အမှုကိစ္စတို့၌ ပြုသူရင်း၊ ဂုဏ်တို့၌ ဂုဏ်ရှိသူရင်း၊ အမျိုးဇာတ်တို့၌ ပုဂ္ဂိုလ်သည်ရင်း၊ အကျိုးနှင့် အကြောင်း၊ အင်္ဂါနှင့် ခန္ဓာကိုယ်တို့သည် အမြဲနိစ္စ ဆက်သွယ်နေသောကြောင့် "သမဝါယ"ဟု ခေါ်၏။ ၎င်းပြင် အခြားအရာဝတ္ထုများ အချင်းချင်း ဆက်သွယ် ပေါင်းယှဉ်ခြင်းကို "သံယောဂ" (ဝါ) မမြဲသော ပေါင်းစပ်ခြင်းဟု ခေါ်၏။

ဒြဗျ ဂုဏာဿ သဇာတိယာရမ္ဘကတွံ သာဓမျံ။
(ဝေ၊ အ·၁၊ အာ·၁၊ သု·၉)။

အကြောင်းဒြဗျနှင့် ဂုဏ၏တူသော အမျိုးဇာတ်အမှု (အပြုအမူ) စ၍ ဖြစ်သည်ကို "သာဓမျံ" (=သာဓမ္မ)ဟု ခေါ်၏။ ဥပမာ–ပထဝီ မြေကြီး၌ သက်မဲ့သဘောတရားနှင့် မိုးသား စသည်ကို ဖြစ်စေတတ်သော သဘောတရားသည် မိမိ၏ (ပင်ကိုယ်) တူမျှသော တရားဖြစ်သကဲ့သို့၊ ရေ၌လည်း သက်မဲ့သဘောတရားနှင့် နှင်းစသော ပင်ကိုယ်အမှု၏ စ၍ ဖြစ်ခြင်းသည် ပထဝီမြေကြီးနှင့် သဘာဝချင်းတူသော သဘောတရား ရှိနေလေသည်။ တနည်းဆိုရသော်– "ဒြဗျဂုဏာ ယော ဝိဇာတိယာ ရမ္ဘကတွံ ဝေဓမျံ"။ အကြောင်း ဒြဗျ အရာဝတ္ထုနှင့် ဂုဏ်တို့၌ ဆန့်ကျင်၍ ဖြစ်သည်ကို "ဝေဓမျံ"ဟု ခေါ်သည်။ ဥပမာ–မြေကြီး၌ မာကြောခြင်း, ခြောက်သွေ့ခြင်း၊ အနံ့သဘောတရားသည် ရေနှင့် ဆန့်ကျင်၍ ရေ၏ အရည်ပျော်ခြင်း၊ နူးညံ့ခြင်း၊ အရသာနှင့် ပြည့်စုံခြင်း သဘောတရားသည် မြေကြီးနှင့် ဆန့်ကျင်၏။

ကာရဏာဘာဝါတ္ကာယ်ဘာဝး။
(ဝေ၊ အ· ၄၊ အာ· ၁၊ သု· ၃)။

အကြောင်းတရား ဖြစ်ပေါ်ခြင်းကြောင့်သာ အကျိုးတရား ဖြစ်ပေါ်၏။

နတု ကာယာ ဘာဝါတ္ကာရဏာဘာဝး။
(ဝေ၊ အ· ၁၊ အာ· ၂၊ သု· ၂)။

အကျိုးတရား မဖြစ်ပေါ်ခြင်းကြောင့် အကြောင်းတရား မဖြစ်သည်

ကာရဏာ အဘာဝါဂ္ဂါယ် အဘာဝေါ။
(ဝေ၊ အ· ၁၊ အာ· ၂၊ သု· ၁)။

အကြောင်းတရား မဖြစ်ပေါ်ခြင်းကြောင့် အကျိုးတရား ဘယ်တော့မှ မဖြစ်နိုင်ချေ။

ကာရဏဂုဏာ ပုဗ္ဗကား ကာယ်ဂုဏော ဒြိဿ။
(ဝေ၊ အ· ၂၊ အာ· ၁၊ သု· ၂၄)။

အကြောင်း တရား၌ ဂုဏ်များ ရှိသလိုပင် အကျိုးတရား၌လည်း ရှိချေသည်။ အတိုင်းအထွာ ပမာဏ နှစ်မျိုးရှိ၏—

အဏုမဟာဒိတိ တသ္မိန္နိသေသဘာဝါ နိသေသဘာဝါစ္စ။
(ဝေ၊ အ· ၇၊ အာ· ၁၊ သု· ၁၁)။

(အဏု) သေးငယ်သိမ်မွေ့သော အဏုမြူ၊ (မဟတ်) အကြီး၊ ဥပမာ, (တြသရေဏု) နေရောင်ခြည်ပေါက်မှ မြင်ရသော မြူမှုန်သည်၊ (လိက္ခာ) သန်းဥထက်ကား ငယ်၏။ (ဒွယဏုက) အမှုန့်ထက်ကြီး၏။ တနည်း, တောင်သည် ပထဝီမြေကြီးထက် ငယ်၏၊ သစ်ပင်တို့ထက်ကား ကြီး၏။

သဒိတိ ယတော ဒြဗျဂုဏ ကမ်သု သာ သတ္တာ။
(ဝေ၊ အ· ၁၊ အာ· ၂၊ သု· ၇)။

အကြင် ဒဗ္ဗ, ဂုဏ, ကမ္မတို့၌ "သတ်*" သဒ္ဒါပုဒ်သည် တွဲနေ၏၊ အနက်ကား— "သဒ် ဒြဗျမ်— သဒ် ဂုဏး—သတ္တမ်"= သတ်ဒြဗျ, သတ်ဂုဏ, သတ်ကမ္မ, တနည်း ဝတ္တမာန်=ပစ္စုပ္ပန် ကာလကို ဟော သော သဒ္ဒါပုဒ်၏ အနွယသည် အားလုံးသော ပုဒ်တို့နှင့် တွဲနေ၏။

ဘာဝေါနုဗြိတေရေဝ ဟေတုတွာဒ္ဒာမာညမေဝ။
(ဝေ၊ အ· ၁၊ အာ· ၂၊ သု· ၄)။

အားလုံးသော ပုဒ်တို့နှင့် အစဉ်တွဲနေသောကြောင့် သတ္တရုပ်— ဘာဝ ဖြစ်သည်ကိုပင် "မဟာသာမည" ဟု ခေါ်ဆိုအပ်၏။ ဤနည်းအစဉ်ကား၊

---

* "သတ်" အထင်အရှားရှိခြင်း၊ မူလဓာတ်၊ အမြဲတည်သော အနှစ်သာရ၊ သာရ၊ စသည်ဟော၏။

ဘာဝရုပ်ဖြစ်သော အရာဝတ္ထုနှင့်သာ ဆိုင်၏။ အကြောင်းအဘာဝ ရုပ်တို့ကား ငါးပါးအပြားရှိကုန်၏။

ကြိယာဂုဏ ဗျပဒေသော ဘာဝါတ်ပြာဂသတ်။

(ဝေ၊ အ· ၉၊ အာ- ၁၊ သု· ၁)။

ကြိယာနှင့်ဂုဏ်၏ ဗိသေသနိမိတ်၏ (အဘာဝ) မရှိခြင်းကြောင့် ရှေ့(ပုဗ္ဗ) "အသတ်*" မရှိလေ၊ ဥပမာ, အိုး, အဝတ် စသည် မလုပ်မီ ရှေ့အဘို့၌ မရှိခဲ့လေ၊ ဤကို "ပြာဂဘာဝ" ခေါ်သည်၊ ဒုတိယကား—

သဒသတ်။ (ဝေ၊ အ· ၉၊ အာ· ၁၊ သု· ၂)။

အကြောင်းအရာဝတ္ထု တစုသည် ဖြစ်ပြီးနောက် ပျက်သွား၏၊ ဥပမာ, အိုးသည် ဖြစ်ပေါ်ပြီးနောက် ပျက်စီးသွားရာ၏၊ ၎င်းကို "ပြဓွံသာဘာဝ"ဟု ခေါ်သည်၊ တတိယကား—

သစ္စာသတ်။ (ဝေ၊ အ· ၉၊ အာ· ၁၊ သု· ၄)။

အကြောင်း တစုံတရာသည် ဖြစ်သည် ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ၊ ဥဒါဟာရဏ်ကား, "အဂေါရဿော အနဿောဂေါ," ဤမြင်းသည် နွားမ မဟုတ်၊ နွားမသည် မြင်းမဟုတ်၊ တနည်းအားဖြင့်, မြင်း၌နွားမ၊ နွားမ၌ မြင်း၏ အဘာဝ၊ နွားမ၌နွားမ၊ မြင်း၌ မြင်းသည် ဘာဝဖြစ်၍၊ ဤကို "အနျောနျာဘာဝ" (အညောညာဘာဝ) ခေါ်သည်၊ စတုတ္ထကား—

ယစ္စာနျ ဒသဒတသ္တဒသတ်။ (ဝေ၊ အ· ၉၊ အာ· ၁၊ သု· ၅)။

အကြောင်း အထက်၌ ပြခဲ့သော သုံးပါးသော "အဘာဝ"မှ ခြားနားသော အရာကို "အတျန္တာဘာဝ"ဟု ခေါ်သည်၊ ဥပမာ' "နရသိင်္ဂ"= လူဦးချို၊ "ခပုပ္ဖ"=ကောင်းကင်ပန်း၊ "ဗန္ဓျာပုတြ"=အမြုံမ၏သား စသည်တည်း။ ပဉ္စမမြောက်ကား—

နာသ္တိ ဃဋော ဂေဟာဣတိ သတော ဃဋသျ ဂေဟာသံသင်္ဂ ပြတိသေဓး။ (ဝေ၊ အ· ၉၊ အာ· ၁၊ သု· ၁၀)။

အိမ်၌ အိုးမရှိ၊ အဓိပ္ပါယ်ကား, တခြားမှာ ရှိနေ၏။ အိမ်နှင့်အိုး ဆက်သွယ်ခြင်းမရှိ။ ဤငါးပါးကို "အဘာဝ" ခေါ်ကုန်၏။

---

* "အသတ်" ဆိုသည်ကား, မမှန်မမြဲသော၊ မူလဓာတ်မရှိသော။ အသာရုပ်တည်း။

ကုဋ္ဌိယာ ဝေါဿာတ် သံသ္ကာရဝေါသာန္တာပိဗျာ။
(ဝေ•၊ အ• ၉၊ အာ• ၂၊ သု• ၁၀)။

ကုန္ဒြေနှင့် သဒ်ိရ (=အပေါင်း အသင်း) အဖြစ်ဒေါသကြောင့် ''အဝိဇ္ဇာ'' ဖြစ်ပေါ်လာ၏။

တဒ္ဒြုသ္ဒူညနမ်။ (ဝေ•၊ အ• ၉၊ အာ• ၂၊ သု• ၁၁)။

အကြွင် (ဒုဗ္ဘ) ယုတ်မာသော (ဝါ) ဖေါက်ပြန်ဆန့်ကျင်သောညဏ်ကို အဝိဇ္ဇာခေါ်သည်။

အဒုသ္ဒူပိဗျာ။ (ဝေ•၊ အ• ၉၊ အာ• ၂၊ သု• ၁၂)။

အကြွင် (အဒုဗ္ဘ) မယုတ်မာသော မဖေါက်ပြန် မဆန့်ကျင်သောညဏ် ကို ဝိဇ္ဇာဟုခေါ်သည်။

ပြိထိဗျာဒိ ရူပရသ ဂန္ဓသ္ပသ်ာ ဖြယ္ဃိ နိတျတွာဒနိတျာသ္စ။
(ဝေ•၊ အ• ၇၊ အာ• ၁၊ သု• ၂)။

ဇတေနနိဟေျသု နိတျတွမဏ္ဍာမ်။
(ဝေ•၊ အ•၇၊ အာ• ၁၊ သု• ၃)။

အကြွင်ကာရိယတည်းဟူသော ပထဝီစသော အရာဝတ္ထု (=ပဒတ္ထ) တို့နှင့် ထိုအရာဝတ္ထုတို့၏ ရူပ၊ ရသ၊ ဂန္ဓ၊ ဖဿဂုဏ် အားလုံးတို့သည် ဒဗ္ဗ-ဝတ္ထုများ အနိစ္စဖြစ်ခြင်းကြောင့် အနိစ္စ- အမြဲမတည်သော ဂုဏ်များပင် ဖြစ်၏။ ၎င်းမြင် အကြောင်းတရား တည်းဟူသာ ပထဝီစသော နိစ္စ=မြဲသော အရာဝတ္ထုတို့၌ အနံ့စသော ဂုဏ်တို့သည် နိစ္စ=မြဲသော သဘောတရား ဖြစ်ကုန်၏။

သဒကာရဏာဝန္နိတျမ်။
(ဝေ•၊ အ•၄၊ အာ•၁၊ သု•၁)။

အကြွင် အရာသည် ထင်ရှားရှိ၍ အကြောင်းတရားသည် မရှိ။ ထိုအရာ သည် မြဲ၏။ ဥဒါဟရဏ်ကား– ''သတ္တာရဏာ ဝဒနိတျမ်း,'' အကြွင် အကြောင်းတရား ဖြစ်သော အကျိုးတရား တည်းဟူသော ဂုဏ်သည် မမြဲချေ။

ဆုစဥ္စဝတ်—၈၂၈—၁၂

အသေျဒံ ကာယံ ကာရဏံ သံယောဂိ ဝိရောဓိ သမဝါယိ စေတိ
လိင်္ဂိကမ်။
(ဝေ၊ အ-၉၊ အာ-၂၊ သူ-၁)။

ဤအရာ၏ ဤကား အကြောင်း ဤကားအကျိုး စသော သမဝါယိ သံယောဂိ၊ ဧကတ္ထ သမဝါယိ၊ ဝိရောဓိ တည်းဟူသော လေးပါးသော လိင်္ဂိက (ဝါ) လိင်-လိင်္ဂီ အသွင်နှင့် အသွင်ကို ဆောင်သူ ဆောင်သော အရာ- ဆက်စပ်နည်းဖြင့် သိရ၏။ ''သမဝါယိ,'' အာကာသသည် အတိုင်းအရှည် ပရိမာဏနှင့် ယှဉ်၏။ ''သံယောဂိ'' ခန္ဓာကိုယ်သည် အရေဖြင့် ပြီး၏ အရေဖြင့် ဖုံးလွှမ်း၍ တည်၏၊ စသည်ဖြင့် အမြဲယှဉ်တွဲနေ၏။ ''ဧကတ္ထသမဝါယိ,'' အနက်သဘော တခုတည်း၌ ၂-ပါးတည်နေခြင်း၊ ဥပမာ, ကာရိယ တည်းဟူသော ဖဿသည် ကာရိယ၏ အသွင်၊ တနည်းဆိုသော်, သိသူဖြစ်၏။ ''ဝိရောဓိ'' ရွာပြီးဖြစ်သော မိုးသည် ရွာလတ့်သော မိုး၏ ဆန့်ကျင်ဘက်ဖြစ်သော လိင်-အသွင်ဖြစ်သကဲ့သို့တည်း။ ''ဗျာပ္တိး''—

နိယတ ဓမ်သာဟိတျ မုဘယေါရေက တရသျ ဝါ ဝျာပ္တိး။
နိဇသတ္တျုတ္တ ဗမိတျာ စာယိဝ်ာ။
အာဓေယ သတ္တိယောဂ ဣတိ ပဉ္စသိခး။
(သချာ်သူတြ၊ အ-၅၊ ၂၉၊ ၃၁၊ ၃၂)။

အကြောင်းနှစ်ပါးသော (သာဓ္ယ-သာဓန)=ပေါက် မြောက် အောင်မြင်အောင် ပြုထိုက် ပြုအပ်၍ အောင်မြင်အောင် ပြုတတ်သော အရာ ၂-ပါးလုံး၊ တနည်း, တပါးကား, ပြုနည်း၏ သတ်မှတ်အပ်သော တရားနှင့် အတူတကွ ဖြစ်ခြင်းကိုပင် ''ဗျာပ္တိ'' ခေါ်သည်။ ဥပမာ, မီးခိုးသည် မီး၏ အပေါင်းအသင်း (သဟစာရ) ဖြစ်သကဲ့သို့တည်း။ ၂၉။ ထို့အတူ ''ဗျာပျ'' အကြောင်မီးခိုးသည် မိမိ၏ တန်ခိုးသတ္တိမှ ဖြစ်ပေါ်လာသည်။ တနည်းဆိုရသော်, တခြားတပါးသို့ မီးခိုးသည် ဝေးလံစွာ သွားရောက်သောအခါ၊ မီးမှကင်း၍လည်း တည်နေနိုင်လေသည်။ ဤကိုပင် ''ဗျာပ္တိ''ခေါ်သည်။ တနည်း, မီး၏ ဖေါက်ခွဲ ဖိတ်ဖြာအောင် ပြုနိုင်သော အစွမ်းသတ္တိကြောင့် ရေစသော အရာဝတ္ထုတို့သည် မီးခိုးကဲ့သို့ အငွေ့ထွက်သည်ကို မြင်ရလေသည်။ ၃၁။ ဥပမာ, ရှစ်ခါတ်နှ

* မဟာဘုတ်စသည် (စိမ့်ဝင်) ပြန့်နှံ့၍ တည်ဘိသကဲ့သို့၊ ချစ်ခေတ်သည် (ဖုဋ္ဌိ) ညကော်၏ နှံ့ပြားစေတတ်သူဖြစ်၏။ ဥပမာ, သဏ္ဌာသည် မှီမိုအပ်သူ၊ သဏ္ဌာရှိသူသည် မှီမိုရာတည်ရာ ဖြစ်၏။ ၃၂။

ဤသို့ စသည်ဖြင့်, ကျမ်းဂန်စာပေလာ အထောက်သာဓကတို့ဖြင့် **စစ်ဆေး** ဝေဘန်ပြီးနောက်မှ သင်ယူ, ပို့ချရာသည်။ ထိုသို့မဟုတ်ပါမူကား၊ ကျောင်းတော်သားတို့သည်၊ ပညာမှန်ကို ဘယ်တော့မှ ထက်သိနိုင်ကြမည် မဟုတ်ပေ။ သင်ပြလိုသော ကျမ်းဂန်စာပေကို အထက်ပါ နည်းအတိုင်း စစ်ဆေးဝေဘန်ပြီးမှ၊ အမှန်ကိုပြဆိုသော ကျမ်းဂန်တို့ကို သင်ပြပေး၍ ဤနည်းနှင့် ဆန့်ကျင်သော စာပေတို့ကို သင်ယူပို့ချခြင်း မပြုရာ။ အဘယ့်ကြောင့်ဆိုသော်,—

လက္ခဏာ ပြမာဏာဘျာံ ဝတ္ထုသိဒ္ဓိး။

လက္ခဏာကို ဆိုရသော်, ဥဒါဟာရဏ်အားဖြင့်, "ဂန္ဓဝတီ, ပြိထိဝီ," အနံ့ရှိသော ပထဝီမြေကြီး, ဟူသော လက္ခဏာနှင့် ပစ္စက္ခစသော အထောက်အထား ပမာဏာတို့ဖြင့် မှန်မမှန်ကိုဝင်း အရာဝတ္ထုတို့ကို ဆုံးဖြတ်ခြင်းသည်ဝင်း ဖြစ်၏။ ဤမှကင်း၍ အဘာမှမဖြစ်နိုင်ချေ။

အထ ပဌန ပါဌနဝိဓိး။

ယခု ပညာစာပေ သင်ယူပို့ချခြင်း နည်းနာကို ရေးသားပေအံ့။ ပထမအစ ပါဏိနိမုနိ—ရသေ့ စီရင်အပ်သော သုတ်စဉ်၏ နည်းနာတို့ကို၊ ထိုအက္ခရာ၏ ဤဌာန်, ဤပယတ်, ဤကရိုဏ်း စသည်ကို ပြအပ်သင်အပ်၏။ ဥပမာ— "ပ" အက္ခရာသည်၊ ဩဋ္ဌဌာန်, ဩဋ္ဌ-ပယတ်, ထွက်သက်လေ, လျှာ၏ကရိုဏ်းဟု ခေါ်ဆိုအပ်၏။ ဤနည်းဖြင့် အားလုံးသော အက္ခရာတို့၏ ရွတ်ဘတ်သံကို စနစ်တကျ မိဘဆရာတို့က သင်ကြားပေရာသည်။ ထို့နောက် ဗျာကရဏ်း (သဒ္ဒါ)ကျမ်း "ဝြိဒ္ဓမ အဿဝသ္ထယီ" ခေါ် သုတ်စဉ်ကို သင်ပေးရာသည်။ ဥပမာ—ဝြိဒ္ဓိရာဒေစ" သုတ်, တဖန် ပဒစ္ဆေဒ— "ဝြိဒ္ဓိး, အာတ်, ဧဇ်, (ဝါ)

* မဟာဘုတ် (ပကတိသဘာဝ) သည် ပြန့်နှံ့၍ တည်တတ်သူဖြစ်၍ချစ်ခေတ်သည် ပြန့်နှံ့တည်အပ်သူ ဖြစ်သည်။ မှီမိုအပ်သူနှင့် မှီမိုရာဖြစ်သည် (=မျာပျ—ဗျာပ္ပိ)။

အာဒေစ်,'' ထဖန် သမာသ်တွဲပုံ ''အာဒ္ဓ အေဒ္ဓ အာဒေဒ္ဓ'' ထဖန်အနက် အားဖြင့် ''အာဒေစာ ဝုဒ္ဓိသံဉာ ကြိယတေ'' အနက်—အာအေအောအ၏ ဝုဒ္ဓိသညာ ပြုအပ်၏။ ''တး ပရော ယသ္မာ တ္တ တပရ ညှာဒပိ ပရဿ ပရး'' ထအက္ခရာ နောင်းသော အက္ခရာသည် ထအက္ခရာမှလည်း နောင်းသည်ဖြစ်အံ့ ထိုအက္ခရာကို ''တပရ''ဟု ခေါ်အပ်၏။ ထို့ကြောင့် အကြင် အအက္ခရာမှ နောင်းသော ''တ်'' ထို ''တ်''မှ နောင်းသော ''အေစ်'' အက္ခရာနှစ်ခုလုံးပင် ''တပရ''ဖြစ်၏။ တပရ၏ သဘောမှာ ရသနှင့် ပလုတ၏ ဝုဒ္ဓိသညာ မဖြစ်။ ဥဒါဟရဏ်ကား— (ဘာဂး) ၌ ''ဘဇ်'' ဓာတ်ဖြင့် ''ဃဉ်'' ပစ္စည်း နောင်းသော ''ဃ;ဉ်,''၏ ဣတ-သညာ ဖြစ်ပြီး၊ ကြေခြင်းသို့ ရောက်လေ၏။ ထိုမှနောက် ''ဘဇ် အ'' သွား၍ ပထမ၊ အကာရရှေ့ အကာရသည် ဝုဒ္ဓိသညာက အာကာရ ဖြစ်သွားသည့်ရှိသော်, ဘာဇ်။ ထဖန် ''ဇ''သည် ''ဂ''ဖြစ်၍ အာကာ ရနှင့် ပေါင်းစပ်ခါ၊ ''ဘာဂး''ဟု ဖြစ်လာ၏။ ''အဿာယး''၌ အ,မိ ရှေ့ရှိသော ''ဿင်''ဓာတ်ဖြင့် ရသဖြစ်သော 'ဿ'၌ ''ဃဉ်'' ပစ္စည်း မှ နောင်းသော ''ဖ်'' ဝုဒ္ဓိပြု။ ''အာယ်'' ဖြစ်၍ ပေါင်းလိုက်လျှင် ''အဿာယး''။ ။''နာယကး''၌ ''နီဉ်''ဓာတ်၏ ဣဃဖြစ်သော ဤကာ ရနေရာ၌ ''ကာဝုလ်'' ပစ္စည်းမှ နောင်းသော ''ဧ'' ဝုဒ္ဓိပြု၍ အာယူ ဖြစ်၍ ပေါင်းပြီးလျှင် ''နာယကး''ဖြစ်၏။ ။''သ္တာဝကး''၌''သ္တု''ဓာတ် ဖြင့် ''ကာဝုလ်''ပစ္စည်းသက်၍ ရသဥကာရနေရာ၌ ''အော'' ဝုဒ္ဓိ၊ အာဝ အာဒေသဖြစ်၍ အကာရ၌ ပေါင်းသွားလျှင်''သ္တာဝကး''ဖြစ်၏။ ။ (ကြိဉ်) ဓာတ်မှရှေ့၊ ''ဏွုလ်'' ပစ္စည်း'လ'၏ ကြေခြင်းကြောင့် 'ဂု'၏ နေရာ၌ 'အက' အာဒေသ၊ ထိုနောက် 'ရိ' ကာရ၌= 'အာရ်' ဝုဒ္ဓိဖြစ်၍ ''ကာရကး'' ပုဒ်ပြီး၏။ အကြွင်းသုတ်တို့သည် ရှေ့နောက်တို့၌ ယှဉ်၏၊ ထိုယှဉ်ပုံ အလုံးစုံကို သင်မြရာသည်။ ကျောက်သင်ပုံး ပျဉ်သင်ပုံး ပေါ်တွင်ပြခါ၊ ဥဒါဟရဏ်အားဖြင့်— ''ဘဇ်-ဃဉ်-သု'' ရေးလျက် ပထမ ဃကာရ၏ 'ဉ်'ကြေ၍ ''ဘဇ်-အ-သု'' ဖြစ်လာပုံ၊ ထဖန် အးကို အာကာရဝုဒ္ဓိ၊ ထို့ပြင် 'ဇ်' နေရာတွင် ''ဂ'' ဖြစ်လာခြင်းကြောင့် ''ဘာဂ်-အ-သု''၊ ထဖန် အကာရ၌ ရောနှော ပေါင်းယှဉ်သွားသော ကြောင့် ''ဘာဂ+သု'' ဖြစ်လာပုံ။ ယခု ဥကာရ၏ ဣတသညာ ''သ'' ၏ နေရာ၌ ''ႏ''ဖြစ်၍, ထဖန် ဥကာရ၏ ဣတသညာ ကြေခြင်းသို့

ရောက်ပြီးသည့်နောက်၊ "ဘာဂဂ်" ဖြစ်လာပုံ။ တဖန် ရေဖ၏ နေရာ၌ (း)ဧ်သို့ ဝိသဇ္ဇနီ ဖြစ်လာ၍ "ဘာဂး" ဟူသော ရုပ်ပြီး၏။ သုတ်၏ အနက်အဓိပ္ပါယ် (ကိစ္စ)တို့ကို အစဉ်အတိုင်း ပြသရေးသား (ရုပ်ထွက်) စေ၏၊ သင်ကြားပေးပါက အမြန်သိမြင်လာ ပေလိမ့်မည်။ တကြိမ် ဤနည်းအတိုင်း အသ္ဋာဓျာယီကိုပြ၍ ဓာတ်အစဉ်ကို အနက်နှင့်တကွ၊ ရင်းဆယ်ပါးသော လကာရ၏ရုပ်၊ သာမညသုတ်များ— ဥပမာ,— "ကမ်ကျျမ်" ကမ္မ ဥပပဒ ရှိလျှင် ဓာတ်သက်သက်ဖြင့် "အဏ်" ပစ္စည်းသက်၏။ ဥပမာ, "ကုမ္ဘကာရး" နောက် အပဝါဒသုတ်၊ ဥပမာ, "အာတော အနုပသဂ်ကား" အဗျတမျိုး ကမ္မဥပပဒ သက်ခဲ့လျှင် အာကာရန္တ ဓာတ်ဖြင့် "က" ပစ္စည်းသက်ရာ၏။ တနည်း, အထူးတွင် ကျယ်သော ကမ္မောပပဒ တွဲနေလျှင် အားလုံးသော ဓာတ်တို့မှ "အဏ်" ရ၏။ တနည်း, ထိုရှေ့သုတ်လာ အာကာရန္တ ဓာတ်ကို "က" ပစ္စည်း ကယူလေပြီ။ ဥပမာ, ဥဿဂ်နေရာ၌ အပဝါဒသုတ္တ ဖြစ်သလို၊ အပဝါဒသုတ္တ အရာ၌ ဥဿဂ်သုတ္တ မဖြစ်ပေ။ တနည်း ဥဒါဟရဏ်မှာ, စကြာဝတေးမင်း၏ နိုင်ငံတော်အတွင်း၌ ပဒေသရာဇ်မင်း, မြို့စား ရွာစား မြေပိုင်ရှင်များ ရှိသော်လည်း၊ ထိုပဒေသရာဇ်မင်းတို့၏ ပိုင်ရာ နယ်ပယ် အတွင်း၌ စကြာဝတေးမင်း မရှိနိုင်ချေ။ ဤနည်းအတိုင်းပင် ပါဏိနိ ရသေ့ကြီးသည် ထောင်ပေါင်း များစွာသော ဂါထာတို့၏ အလယ်တွင် သဒ္ဒ, အနက်နှင့် သမ္ဗန္ဓ (ပုဒ်ဆက်)တို့၏ နည်းနာကို စီရင်ခဲ့လေသည်။ ဓာတုပါဌ်မှနောက် ဥဏာဒိဂိုဏ်းကို သင်ပြရာ၌၊ အားလုံးသော ပထမမှ သတ္တမိ ဝိဘတ်တိုင်အောင်သော ဝိဘတ်ခုနစ်သွယ်ကို ကောင်းစွာ သင်ပေးပြီးနောက် တဖန် ဒုတိယ အကြိမ် သက်ဘ၊ သမာသ၊ ဝဏ္ဏိက၊ ကာရိကာ၊ သဘောတူပုဒ် ပရိယာယ်တို့ ဖြစ်ပုံကို ထပ်မံပြသရာသည်။ ထို့နောက် ပါဏိနိသုတ် အဖွင့်ကျယ် "မဟာဘာသျ" သဒ္ဒါကျမ်းကြီးကို သင်ပေးရာသည်။ ပညာရှိ, လုံ့လရှင်, ဖြောင့်မတ်သူ, စာပေပညာ တိုးတက်မှုကို လိုလားသူတို့သာ၊ နေ့စဉ်နေ့တိုင်း သင်ယူမှုရှိချမည် ဆိုပါက၊ တနှစ်ခွဲတွင် အသ္ဋာဓျာယီ (ပါဏိနိ—သုတ်စည်)၊ တနှစ်ခွဲတွင် မဟာဘာသျအားဖြင့် သုံးနှစ်တွင် သဒ္ဒါဗျာကရဏ်း ပညာရှိ ပါရဂူ (ဝေယျာကရဏ) တဆူဖြစ်၍ ဝေဒနှင့် လောကီသဒ္ဒါပုဒ် ပါဌ်တို့ကို သဒ္ဒါနည်းဖြင့် သိသည်ဖြစ်၍ တဖန်

အခြားသော ကျမ်းစာတို့ကို လွယ်လင့်တကူ သင်ယူ, ပို့ချနိုင်သည်။ သို့ဂါသော်လည်း သဒ္ဒါကိုသင်ရာ၌ အထူးအားထုတ် ပင်ပန်းခံရသလို၊ အခြားစာပေ၌ မပင်ပန်းချေ။ ထိုမှတပါးလည်း၊ ဤပါဏိနိ သဒ္ဒါကျမ်းကို သုံးနှစ်အတွင်း သင်ယူ နားလည်သလောက်၊ အခြားအသုံးမကျသော သာရဿတ၊ စန္ဒြိကာ၊ ကောမုဒီ၊ မနောရမာ စသော သဒ္ဒါစာပေများကို သင်ယူရာ၌ အနှစ်ငါးဆယ်၌လည်း ဤမျှအသိဉာဏ်ကို မရနိုင်ချေ။ အဘယ့်ကြောင့် ဆိုသော်, ဉာဏ်ပညာ ကြီးမားသော ရသေ့ကြီးတို့လည်း နက်နဲသော အကြောင်းအရာ ပညာတို့ကို မိမိတို့၏ ကျမ်းဂန်၌ လွယ်ကူစွာ ပြနိုင်သကဲ့သို့၊ ပညာဉာဏ် နဲပါးသောလူတို့ပြုရ ရေးသားသော စာပေတို့၌ အသို့ဖြစ်နိုင် ပါအံ့နည်း။ ရှေးရသေ့ဆရာကြီးတို့၏ ရည်ရွယ်ချက်မှာ, တတ်အားသမျှ လွယ်လွယ်ကူကူနှင့် နားလည် တတ်မြောက်နိုင်စေရန်ဖြစ်၍၊ သာမန်ကျမ်းတတ်အခေါ် ခံသူတို့၏ရည် ရွယ်ချက်မှာ, တတ်အားသရွေ့ ခက်ခက်ခဲခဲ စီကုံးရေးသားပြီးလျှင် အလွန့်အလွန် အပင်ပန်းခံကာ သင်ပါမှ၊ အကျိုးအနည်းငယ် ခံစားနိုင်စေရန် ဖြစ်၏။ ဥပမာဆိုရလျှင်, တောင်ကြီးတတောင်ကို ထုခွဲတူးဆွပါမှ ကြွက်စုတ်စုတ်ခနဲ ရသလိုပင်တည်း။ စာကောင်း ပေကောင်းတို့ကို သင်ယူရာ၌ကား, တချက်ငုတ်ရုံနှင့် အဘိုးတန် ပုလဲလုံးများ ရသလိုဖြစ်၏။ ဗျာကရဏ်းကို သင်ယူပြီးနောက်၊ ယာဿ္ကရိနိရသေ့ကြီး စီရင်ခဲ့သော နိဃဏ္ဍုနှင့် နိရုတ္တိကျမ်းကို (၆) လ သို့မဟုတ် (၇) လ အတွင်း သင်ယူ, ပို့ချရာသည်။ တခြားသော နဂ္ဂိကဝါဒီတို့ စီရင်သော အမရကောသ စသော စာပေတို့၌ နှစ်ပေါင်းများစွာ အချိန်ကိုမဖြုန်းရာ။ ထိုမှနောက်, ပိင်္ဂလာစရိယ စီရင်ခဲ့သော ဆန်းကျမ်း၊ အကြောင်ကျမ်းဖြင့် ဝေဒနှင့်လောကီဆန်းတို့၏ နည်းနာကို ရသည်ဖြစ်၍ အသစ်စီကုံးခြင်း၊ ဂါထာဗန္ဓစီကုံးခြင်းတို့ကိုလည်း သင်ယူလေ့လာရာသည်။ ။ဤကျမ်းနှင့် ဂါထာစီကုံးခြင်းနည်းနာကို လေးလအတွင်း သင်ယူ, ပို့ချနိုင်သည်။ ဝုင်းပြင် ဗြိတ္တရတနာကရ စသော ဉာဏ်နည်းသူတို့ ပြုစီရင်သော စာပေတို့၌၊ နှစ်ပေါင်းများစွာ အချိန်ကိုမဖြုန်းရာ။ ထိုမှနောက်, မနုသမုတိကျမ်း၊ ဝါလမိကိရသေ့ရေးခဲ့သော ရာမာယဏကျမ်း၊ မဟာဘာရတ (ရာဇဝင်ကျမ်းကြီး၏) ဥဒျောဂပဗ္ဗ-အဝင်အပါ၊ ဝိဒုရနီတိစသော ကောင်းမြတ်သော အပိုင်းတို့ကို သင်ယူ ပို့ချရာသည်။ ထိုသို့ သင်ယူခြင်းဖြင့် မကောင်းသော အပြု

အမူ အကျင့်အာစာရ ကင်းကွာလျက်၊ ကောင်းမြတ်သော ယဉ်ကျေးခြင်းကို ရယူရာသည်။ ဤအခဏ်းတို့ကို၊ ကာဗျနည်းဖြင့်၊ တနည်းဆိုရသျှင် ပုဒ်ဖြတ်ခြင်း၊ ပုဒ်အနက်၊ ဝိသေသန၊ ဝိသေသယ၊ အဓိပ္ပါယ် သဘောသွားတို့နှင့်တကွ၊ ဆရာလုပ်သူတို့က၊ ပြသ၍ တပည့်တို့က၊ မှတ်သားသွားရာသည်။ ဤသင်္ခမ်းစာကို တနှစ်အတွင်း သင်ရာသည်။ ထိုနောက်, ပုဗ္ဗမီမံသာ၊ ဝေသေသိက၊ ဉာယ၊ ယောဂ၊ သံချ၊ ဝေဒါန္တ ကျမ်းတို့ကို၊ ရှေးရသေ့ကြီးတို့ စီရင်ခဲ့သော အဘွင့်ဋီကာ ကျမ်းဆိုအရ၊ တတ်အားသမျှ ပူးတွဲသင်ပြရာသည်။ သို့သော် ဝေဒါန္တ သုတ်တို့ကို မသင်ကြားမှီ၊ ဤသ၊ ကေန၊ ကဌ၊ ပြသန၊ မုဏ္ဍက၊ မာဏ္ဍူကျ၊ ဧတရေယ၊ တဲတ္တိရိယ၊ ဆာန္ဒောဂျ၊ ဗြိဟာဒါရဏျက၊ ဤဆယ်ပါးသော ဥပနိသျှဒ ကျမ်းတို့ကို၊ သင်ယူ၍၊ ၆-ပါးသော ကျမ်းတို့၏အဘွင့် (ဘာသျှ) အစီရင်နှင့်တကွသော သုတ်တို့ကို၊ နှစ်နှစ်အတွင်း သင်ယူ, ပို့ချရာသည်။ ဤမှနောက်, ၆-နှစ်အတွင်း၊ ၄-ပါးလုံးသော ဗြာဟ္မဏကျမ်း၊ အဓိပ္ပါယ်ကား — ဧတရေယ၊ သတပထ၊ သာမ၊ ဂေါပထ၊ ဗြာဟ္မဏ ကျမ်းများနှင့်တကွ၊ လေးပါးလုံးသော ဝေဒကျမ်းတို့ကို၊ သွရ (=အသံ)၊ သန္ဓိ=ပုဒ်၊ အနက်၊ သမ္ဗန္ဓ၊ ကြိယာနှင့်တကွ၊ သင်ယူသင့်ပေသည်။ ဤနေရာ၌ သာဓကမှာ—

> ဌာဏုရယံ ဘာ'ရဟာရေး ကိလာဘူဒ္ဓမီတျ ဝေဒံ န ဝိ'ဇာနာတိ ယောအတ္ထံ၊ ယောအတ္ထညူ ဣတ္သကလံ ဘဒြမသ္နုတေ နာကံ မေတိ ဉာနဝိဓူတပါပ္မါ။
> [နိရုတ္တ ၁၊ ၁၈]။

ဤကား နိရုတ္တိကျမ်း၏မန္တြာန်ဖြစ်၏။ အကြွင်သူသည်ဝေဒကို အသံနှင့် ပါဌ်ကိုသာသင်၍ အနက်ကိုမသိ။ သစ်ပင်သစ်ကိုင်းအရွက်အသီး အပွင့်နှင့် အခြားသော တိရစ္ဆာန် စပါးဆန်ရေစသော ဝန်ထုပ် ဝန်ပိုးကို ထမ်းပိုးသူသာ ဖြစ်၏။ အကြွင်သူသည် ဝေဒကိုသင်၍ သင့်လျော်သော အနက်အဓိပ္ပါယ်ကိုသိ၏၊ ထိုသူသာလျှင် အလုံးစုံသော နှစ်လိုဝမ်းမြောက်ခြင်း အကျိုးကိုခံစားရ၍ သေလွန်ပြီးသည့်နောက်၌ ဉာဏ်ပညာဖြင့် မကောင်းမှုတို့ကို စွန့်ပယ်ခါ၊ ဖြူစင်သောအကျင့်တရား၏ တန်းခိုး (အကျိုးဆက်) ကြောင့် အားသုံးသော ချမ်းသာသုခနှင့် ပြည့်စုံရာ နိဗ္ဗာန်ကိုရ၏။

ဥတတ္တူး ပသ္သျူန္တ ဒိဒသိ ဝါ စံမုတ တွံ ဩဋ္ဌိကူဩဋ္ဌိန္တ ဓောတေျနာမိ၊
ဥဓောာ တွံ သွေ့ ဏူန္တ့ ဝိသဩြ ဓာယေဥ ပတျံ ဥညူတိ သုဝါ
သာ်း။ (ရှိ။ မံ· ၁၀၊ သူ့ ၇၁၊ မံ· ၄)။

အကြွင်သူသည် ပညာမဲ့၏၊ ထိုသူသည် ကြားသော်လည်း မကြား။ မြင်သော်လည်း မမြင်၊ စကားပြောသော်လည်း မပြော။ အဓိပ္ပါယ်မှာ, ဉာဏ်ပညာမဲ့သောသူတို့သည် ဤအတတ်ပညာတည်းဟူသော စကား၏ သဘော အဓိပ္ပါယ်ကို နားမလည်နိုင်။ သို့သော်, အကြွင်သူသည် ပုဒ်, အနက်, သမ္ဗန္ဓ=အဆက်အစပ်ကို သိ၏။ ထိုသူ့အတွက်မှာ၊ အတတ်ပညာ သည်, ဥပမာအားဖြင့် လှပသော အဝတ်တန်းဆာကို ဝတ်ဆင်လျက် လင်ယောကျ်ား၏အလိုကိုဖြည့်တတ်သော မိန်းမဖြတ်သည် မိမိ၏ ကိုယ် ခန္ဓာနှင့် ရုပ်ရေအဆင်း အရောင်အလင်းကို လင်ယောကျ်ား၏ ရှေ့တွင် ပြသတိသကဲ့သို့ ပညာသည်လည်း ပညာရှိအလို့ငှါ မိမိ၏အရောင်အဆင်း ကို ပြတတ်၏။ ပညာမဲ့သူတို့အတွက် မဟုတ်ပေ။

မြီစော အကျ္ရရေ ပရမေ ဖျော်မန် ယဝ်ပ္ပိန္ဓေ့ဝါ အဓိဝိသွေ
နိဿွေဒုး၊ ယညူနွဝေဒ ကိမြိစ ကံရိသျုတိ ယ ဏ္ဍိဒုဏ္ဍ ဂုမေဏျ
သမာသတော။ (ရှိ။ မံ· ၁၊ သူ· ၁၆၄၊ မံ· ၃၉)။

အကြွင် ဖြန့်နှံ့၍တည်သော မဒိုမသေ အမြဲတည်သော အမြတ်ဆုံး ဖြစ်တော်မူသော ဘုရားသခင်၌ ပညာရှိအားလုံး၊ ပထဝီနေလ စသည်တို့ တည်နေကြ၏။ အကြွင်ဘုရား၌ ဝေဒတရား အားလုံး၏ အနှစ်သာရ အားလုံး သက်ဝင်တည်နေ၏၊ ထိုဖြဗ္ဗာ(ဘုရား)ကို မသိသူသည် ရိဂွေဒ ကျမ်းဖြင့် ချမ်းသာ တစုံတရာကို ရနိုင်အံ့လော? မရနိုင်! မရနိုင်!! သို့သော်, ဝေဒကျမ်းဂန်တို့ကို သင်ယူလျက် သူတော်ကောင်းယောဂီ ဖြစ်ခါ ထိုဘုရားကိုသိသူသာလျှင်ဘုရား၌ တည်သည်ဖြစ်၍ ဝိမုတ္တိရသ တည်းဟူသော အမြတ်ဆုံးသော နိဗ္ဗာန် ချမ်းသာကို ရကြ ကုန်၏။ ထိုဖြစ်သောကြောင့် သင်ယူ, ပို့ချလိုသော စာပေ ကျမ်းဂန် တို့ကို၊ အနက်ဉာဏ်နှင့်တကွ၊ သင်အံပို့ချရာသည်။ ဤနည်းဖြင့် အားလုံးသော ဝေဒကျမ်းတို့ကို သင်ယူပြီးနောက်၊ အာယုဝေဒ-ဆေးကျမ်းဖြစ်ကုန်သော စရက, သုတြုတစသော ရှေး ရသေ့ကြီးတို့ စီရင်ခဲ့သော ဆေးကျမ်း တို့ကို အနက်အဓိပ္ပါယ်, ကုသပုံနည်းနာ, ခွဲစိတ်သော တန်ဆာပလာ,

ခွဲစိပ်ခြင်း, ထိုးဖြတ်ခြင်း, ဆေးလိမ်းခြင်း, ရောဂါလက္ခဏာ, ဆေးနည်း, ဓာတ်စာ, ကိုယ်ခန္ဓာ ဒေသ၊ ကာလ၊ အရာဝတ္ထုတို့၏ ဂုဏ်စသည်တို့ကို၊ ၄-နှစ်အတွင်း သင်ယူ, မှတ်ချရသည်။ ထိုမှနောက်, ဓနုဝေဒ-တိုင်းပြည်နိုင်ငံရေး (ရာဇနီတိ အတတ်ပညာ) တို့တွင် နှစ်ပါးအပြားရှိ၏။ တရကား—မိမိ၏ မင်းမှုထမ်းတို့နှင့် ဆိုင်ရာပညာ၊ အခြားတရကား—တိုင်းသူပြည်သားတို့နှင့်ဆိုင်ရာ အတတ်ပညာ ဖြစ်၏။ ။ဘုရင်မင်း (အစိုးရ) ကိစ္စတို့၌၊ မင်းတိုင်ပင်အဖွဲ့ (ညီလာခံသဘင်)၊ စစ်သေနာပတိ၊ လက်နက် အတတ်ပညာ၊ အထူးထူး အပြားပြားသော မြူဟာအတတ် (=စစ်ရေးပညာ) တို့ကို စစ်ပွဲ၌ ရန်သူစစ်သည်တော်များနှင့် တိုက်ခိုက်ရန် ရည်ရွယ်သင်ယူရသည်။ တိုင်းသူပြည်သားတို့ကို စောင့်ရှောက်ခြင်း၊ တိုးတက်စေခြင်း နည်းနာတို့ကို သင်ယူလေ့လာရ၏၊ တရားသဖြင့် ပြည်သူတို့အား နှစ်သက်ကြည်ဖြူစွာ အုပ်ချုပ်ထားရသည်။ မသူတော်တို့အား ထိုက်သင့်သည်အား လျော်စွာ အပြစ်ဒဏ်ပေး၍ သူတော်ကောင်းတို့အား စောင့်ရှောက်ကယ်တင်ခြင်း ပညာတို့ကို၊ ရှုလင်စွာ သင်ယူရသည်။ ဤတိုင်းပြည်နိုင်ငံရေးပညာကို နှစ်နှစ်စီ သင်ယူပြီးနောက်၊ ဂန္ဓဗ္ဗဝေဒ-ခေါ် သီဆိုကခုန်ခြင်း သဘင်ပညာကို သံနေသံထား၊ စည်းဝါးစသည်ကို နည်းလမ်းတကျ သင်ယူရသည်။ သို့သော် သာမဝေဒ၏ ကဗျာတို့ကို ဝါဒိတဝါဒန နည်းအတိုင်း သင်ယူရသည်။ ရင်းမြစ်နာရဒသံဟိတာ စသော မြင့်မြတ်မှန်ကန်သော ကျမ်းစာတို့ကို သင်ယူရသည်။ သို့သော်, လူပျက်, ကချေသည် (အငြိမ့်သမ) တို့နှင့် ကာမဂုဏ်ကို ပွားတိုထန်ဖြင်းးစေတတ်သော ပျက်ချော်သွမ်းတီးသော နားရှက်စရာ ပျက်လုံး၊ သီချင်းတို့ကို မသီဆိုအပ်ချေ။

အထဝေဒ (=အတ္ထဝေဒ) လက်မှုအတတ်ပညာခေါ် သည်။ ထိုကျမ်းဂန်ပါသော အရာဝတ္ထုတို့၏ဂုဏ် (ဓာတ်သဘာဝ) ဓာတုဗေဒ၊ မြေမြင်စီမံနည်း၊ အထူးထူးသော အရာဝတ္ထုတို့ကို စီမံလုပ်ကိုင်နည်း၊ ပထဝီ မြေကြီးမှ အစပြု၍ အာကာသကောင်းကင် အဆုံးရှိသော အတတ်ပညာ တို့ကို သင့်တော် လျောက်ပတ်စွာ သင်ယူ၍, အတ္ထ-အကျိုးစီးပွားကို ပွားတိုးစေတတ်သော အတတ်ပညာတို့ကို နှစ်နှစ်အတွင်း သင်ယူပြီး နောက် ဇောတိသသတ္ထ (ဗေဒင်ကျမ်း)ဖြစ်သော သူရိယသိဒ္ဓါန္တကျမ်းတို့

ကို၊ ဂဏာန်းသင်္ချာတွက်ချက်နည်း၊ ပထဝီဝင်၊ မြေပုံ၊ နေလ နက္ခတ်တာရာ တို့နှင့်ဆိုင်ရာပညာ၊ ဘူဂဗ္ဘဝိဇ္ဇာ (မြေထဲရှိဓာတ်သဘာဝ) နှင့် ဆိုင်ရာ ပညာတို့ကို အထိုက်အလျောက် သင်ယူရသည်။ ထိုမှနောက် အားလုံး သော လက်မှု စက်မှု ပညာတို့ကို သင်ယူရသည်။ သို့သော် ဂြိုဟ်၊ နက္ခတ်၊ ဓာတ၊ ရာသီ၊ အခါ (မုဟုတ) စသည်တို့၏ အကျိုးအပြစ်တို့ကိုပြသော ကျမ်းစာတို့ကို၊ အမှားစာတွေဘဲဟု မှတ်ယူခါ၊ ဘယ်တော့မှ ဘတ်ရှု သင်အံခြင်း မပြုအပ်၊ သင်ပေးခြင်းကိုလည်း မပြုအပ်။ ပညာစာပေသင်ယူ မှီချသော သူတို့သည် အသက်နှစ်ဆယ် နှစ်ဆယ့်တစ်နှစ်အတွင်း၊ အား လုံးသောပညာ၊ မြင့်မြတ်သောသိလသိက္ခာတို့ကို ရယူလျက်၊ လူတို့သည်၊ ပြုအပ်သောကိစ္စကို ကောင်းစွာ ပြုပြီးသည် ဖြစ်လျက် အခါခပ်သိမ်း ရွှင် ပျော် ဝမ်းမြောက်စွာ နေရအောင် ကြိုးစားရာသည်။ အကြင်မျှလောက် သော အတတ်ပညာတို့ကို ဤနည်းလမ်းဖြင့် နှစ်ပေါင်းနှစ်ဆယ် နှစ် ဆယ့်တနှစ်တွင် တတ်မြောက်နိုင်၏၊ ထိုမျှလောက် အခြားနည်းလမ်းဖြင့် နှစ်ပေါင်း တရာအတွင်း၌လည်း မတတ်မြောက်နိုင်ရာ။

ရသေ့ဆရာကြီးများ စီရင်ခဲ့သော ကျမ်းစာတို့ကို သင်သင့် သင် ထိုက်ခြင်း အကြောင်းရင်းမှာ၊ ထိုရသေ့ကြီးတို့သည် ပညာရှိကြီးများ ဖြစ်၍ အားလုံးသော ကျမ်းစာတို့ကို တတ်ကျွမ်းလိမ္မာပြီးလျှင် အကျင့် တရားရှိသူများ ဖြစ်လေသည်၊ အခြားကျမ်းမန္တ ပညာမရှိသောသူတို့ မှာ၊ ကိုယ့်ဘက် သူ့ဘက် (မျက်နှာလိုက်တတ်သူ) များဖြစ်၍ ၎င်းတို့ ပြုရသော ကျမ်းစာတို့မှာလည်း ဤအတိုင်းပင် ဖြစ်လေသည်။

ပုဗ္ဗမီမံသာကျမ်း၌ ဗျာသရသေ့ ရေးသော အဘွင့်ကျမ်း၊ ဝေသေသိက ကျမ်း၌ ဂေါတမရှိရေးသော ဋီကာ၊ ချာယသုတ္တကျမ်း၌၊ ဝါတသျာ ယနရှိ ရေးသော ဘာသျ (အဘွင့်ဋီကာ)၊ ပတဥ္စလိရှိ ရေးသော သုတ်၌ ဗျာသရသေ့ ရေးသော အဘွင့်ဋီကာ (ဘာသျ)၊ ကပိလရှိ ရေးသော သာံချာသုတ္တကျမ်း၌ ဘာဂုရိရှိ ရေးသော အဘွင့်ဋီကာ (ဘာသျ)၊ ဗျာသရှိရေးသော ဝေဒါန္တသုတ္တကျမ်း၌ ဝါတသျာယန ရှိ ရေးသော အဘွင့် (ဘာသျ)၊ ထနည်း ဗောဓာယနရှိ ရေးသော ဘာသာဋီကာတို့နှင့်တွဲ၍ သင်ယူမှီချရာသည် ဖြစ်ခဲ့သောသုတ်တို့ကို ကမ္ဘာ ပေါ်တွင်လည်း ရေတွက်အပ်၏၊ ဥဝမာ, ရိဂျဖ္၊ သာမ၊ အထဝ် စသော

ဝေဒလေးကျမ်းလုံးပင် ထာဝရဘုရား ဟော်တော်မူခဲ့သော ဒေသနာများဖြစ်သည်။ ထို့အတူ, ဥပဒေလေယ၊ သတပထ၊ သာမနှင့် ဂေါပထ၊ လေးပါးလုံး၊ ဖြာဟ္မဏ၊ သိက္ခာ၊ ကပ္ပ၊ ဗျာကရဏ၊ နိဿတ္တု၊ နိရုတ္တ၊ ဆန္ဒနှင့် ဇောတိသ ခြောက်ကျမ်းသည် ဝေဒင်္ဂ၊ (ဝေဒ၏ အင်္ဂါအစိတ်အပိုင်း)။ မိမံသာ စသော ခြောက်ကျမ်းသည် ဝေဒ၏ ဥပင်္ဂခေါ်သည်။ ဝေဒကျမ်းတို့၏ အာယုဝေဒ၊ ဓနုဝေဒ၊ ဂန္ဓဗ္ဗဝေဒနှင့် အတ္ထဝေဒ–ဤဝေဒ လေးကျမ်းသည် ဥပဝေဒခေါ်၍ အားလုံးပင် ရသေ့တို့ပြုစီရင် အပ်သော ကျမ်းစာများ ဖြစ်ကုန်၏။

ဖေါ်ပြခဲ့သော ကျမ်းစာတို့တွင်လည်း၊ ဝေဒနှင့် ဆန့်ကျင်သည့်ထင်သော ကျမ်းစာတို့ကို ပယ်ပစ်ရသည်။ အကြောင်းကား ဝေဒသည် ဘုရားဟောဖြစ်၍ မလွဲမမှား နိုင်သော၊ သူ့အလိုအလျောက်မှန်ကန်သော ကျမ်းစာ ဖြစ်ပေရာ၊ အခြားဖြာဟ္မဏ စသော ကျမ်းစာတို့မှာ ဝေဒ၏ ယုတ္တိသာမကဖြင့်သာ ဆုံးဖြတ်ရသောကြောင့် ''ပရတးပြမာဏ'' စာပေများဟု ခေါ်ဆိုအပ်၏။ ဝေဒ၏ အထူးအမိပ္ပါယ်အဘွင့်ကို ရိဂွေဒါဒိ ဘာသျ ဘူမိကာခေါ် ကျမ်းစာ၌ ကြည့်ပါလေ။ ဤကျမ်းတွင်လည်း ရှေ့၌ရေးပေအံ့။

ယခုတဖန် စွန့်ပယ်အပ်သော ကျမ်းစာတို့ကို အကျဉ်း အားဖြင့်ရေတွက်ပြပါမည်။ ဆိုလိုရင်းကား, ဤပြဆို အပ်သော စာပေတို့ကိုကျမ်းလိမ်ဟု မှတ်ယူရသည်။

ကျမ်းလိမ်များ

ဗျာကရဏ်း၌	......	ကာတန္တြ၊ သာရသွတ၊ စန္ဒြိကာ၊ ရုဂဗောဓ၊ ကောမုဒိ၊ ဆေခရ၊ မနောရမာစသည်။
ကောသ၌......	......	အမရကောသစသည်။
ဆန်းကျမ်း၌	......	ဗြိတ္တရတနာကရစသည်။
သိက္ခာ၌......	......	အထ သိက္ချာံ ပြဝက္ချာမိ ပါဏိနိယံ မတံယထာ စသည်။
ဇောတိသ၌	......	သိဃြဗောဓ၊ မုဟုတ္တစိန္တာမဏိစသည်။

ကာဗျ၌	နာယိကာဘေဒ၊ ကုဝလယာနန္ဒ၊ ရဃုဝံသ၊ မာဃ၊ ကိရာတာဇ္ဇုနီယစသည်။
ဓမ္မသာ၌	ဓမ္မသိန္ဓု၊ ဖြတာကာစသည်။
ဝေသေသိက၌	တက္ကသင်္ဂဟစသည်။
ဉာယ၌	ဓာဂဒီသိစသည်။
ယောဂ၌	ဟဋ္ဌပဒီပိကာစသည်။
သင်္ချ၌	သင်္ချတတ္တကောမုဒီစသည်။
ဝေဒါန္တ၌	ယောဂဝါသိဋ္ဌ ပဉ္စဒသာစသည်။
ဘိသဇ္ဇက(ဆေးကျမ်း၌)	သာရင်္ဂဓရစသည်။
သမုတိကျမ်းတို့၌......	မနု သမုတိ ကျမ်း၌၊ ပယ်ထား အပ်သော ဂါထာများနှင့် အခြား သမုတိ ကျမ်းများ။ အားလုံးသော တန္တြ (မန္တာန် ကျမ်းများ)၊ အားလုံးသောပုရာဏ်ကျမ်းများ၊ ဥပပုရာဏ် ကျမ်းများ၊ တုလသီဒါသရေးသော ရာမာ ယဏကျမ်း၊ ရုက္ခဒိဏ်မင်္ဂလကျမ်းနှင့် အား လုံးသော ဟိန္ဒီဘာသာဖြင့် ရေးထားသော စာပေ များသည် ရမ်းဆ ရေးထားသော မိစ္ဆာ (ကျမ်းမှား ကျမ်းလိမ်) များသာ ဖြစ်ကုန်၏။

အမေး။ ။ဘယ့်နှယ်လဲ၊ ဒီ—ခင်ဗျားပြောတဲ့ ကျမ်းတွေထဲမှာ ဘာမှ မှန်တာ မပါဘူးလား?

အဖြေ။ ။အမှန် နဲနဲပါးပါးရှိပါတယ်၊ နို့ပေမဲ့ အမှားတွေက များနေပါ တယ်၊ ဒါကြောင့် "ဝိသသံပြုက္တာန္နဝတ် တျာဇျား" အလွန် မွန်မြတ်သောအဆိပ်နှင့် ရောနှောနေသော အစာအာဟာရကို စွန့်ပယ်အပ်သကဲ့သို့ ဖြစ်ပါတယ်။

အမေး။ ။ခင်ဗျားဟာ၊ပုရာဏ်နှင့် ဇာတိဟာသ (ရာဇဝင်)ကျမ်းတို့ကို၊ မယုံကြည်ဘူးလား?

အဖြေ။ ။ယုံကြည် ပါတယ်၊ နှိုပေမဲ့ မှန်တာကို ယုံပြီး၊ မှားတာကို မယုံပါ။

အမေး။ ။ဘာမှားလို့ ဘာမှန်သလဲ ?

အဖြေ။ ။ဗြာဟ္မဏာနီတိဟာသန် ပုရာဏာနိ ကလ္ပာန်ဂါထာ နာရာသံ သိရိတိ။

ဤကား ဗြိဟျသုတ်စသည့် စကားဖြစ်သည်။ အကြွင် ဘေရေယ၊ သတပထာစသည့် ဗြာဟ္မဏကျမ်းတို့ကို ပြဆိုခဲ့၏၊ ထိုကျမ်းတို့၏ ဣတိဟာသ (ရာဇဝင်)၊ ပုရာဏ်၊ ကပ္ပ၊ ဂါထာနှင့် နာရာသံသီ တည်းဟူသော အမည်ငါးမျိုး ဖြစ်ကုန်၏။ သိရိမဒ်ဘာဂဝတကျမ်းသည် ပုရာဏ် မဟုတ်ပေ။

အမေး။ ။အကြွင် ပယ်အပ်သော ကျမ်းစာတို့၌ ပါရှိသော အမှန်စကားကို ဘယ့်ကြောင့် မယူပါသလဲ ?

အဖြေ။ ။ထိုကျမ်းစာတို့၌ မှန်သော စကားတို့သည် ဝေဒစသော ကျမ်းကောင်း ကျမ်းမှန်တို့၌လာသော စကားများဖြစ်ကုန်၏။ မမှန်သော စကားတို့ကား ထိုကျမ်းပြုဆရာတို့၏ အိမ်တွင်းမှ ဖြစ်သော စကားများဖြစ်ကုန်၏။ ဝေဒစသော ကျမ်းကောင်း ကျမ်းမှန်တို့ကို လက်ခံခြင်းဖြင့် အားလုံးသော အမှန်တရားတို့ကို လက်ခံရာ ရောက်၏။ ဤကျမ်းလိမ် ကျမ်းမှား တို့၌ ပါသောစကားမှန်တို့ကို လက်ခံလိုသောပုဂ္ဂိုလ်၏ လည်ပင်း၌ ထိုကျမ်းပါ မမှန်သောစကားတို့လည်း၊ချည်နှောင်လျက်ပါနေ၏၊ ထို့ကြောင့် “အသတျမိဿံ သတျံ ဒုရတသ္တျာဇယမိတိ,” အမှားနှင့် ရောနှောနေသော ကျမ်းစာပါ အမှန်တရားတို့ ကိုလည်း, အဆိပ်နှင့် ရောနှောနေသော အစာအာဟာရကိုကဲ့သို့ စွန့်ပစ်ရာသည်။

အမေး။ ။သင့် အယူအဆ ဘာလဲ?

အဖြေ။ ။ဝေဒကျမ်းတနည်းကား ဝေဒကျမ်း၌ ပြဆိုထားသောယူအပ် ပယ်အပ်သော အရာတို့နှင့်အညီ၊ယူခြင်းပယ်ခြင်းကို ယုံကြည်

ပါသဖြင့်၊ ကျွန်ုပ်သည် ဝေဒကိုပင်ယုံကြည်လိုက်နာပါသည်။ ဝေဒသည် ကျွန်ုပ်၏ ဘာသာဝါဒ ဖြစ်ပါသည်။ ထို့ကြောင့် အထူးအားဖြင့် အရိယာတို့သည် အယူအဆတခု (တသဘော တည်း)သည်ဖြစ်၍ နေထိုင်ကျင့်ဆောင်ရသည်။

အမေး။ ။အများအမှန်မှာ အခြား ကျမ်းဂန်တို့၌လည်း တကျမ်းနှင့် တကျမ်း ဆန့်ကျင်နေကြသည် မဟုတ်ပါလော? ဥပမာ, ကမ္ဘာကိုဖန်ဆင်းရာ၌ ကျမ်းခြောက်ကျမ်းတို့၌ အဆိုတမျိုးစီ ရှိနေကြပါသည်။ မီမံသာကျမ်း၌ကံ (ကံ၏အကျိုး) ဝေသေ သိကကျမ်း၌ ကာလ၊ နယာယ(နည်းလမ်း)၊ပရမာဏု၊ယောဂ ကျမ်း၌ ပုရုသာထ် (အတ္တတမျိုး)။ သံချကျမ်း၌မဟာဘုတ် (=ပကတိ သဘာဝတရား)၊ ဝေဒါန္တကျမ်း၌ ဗြဟ္မ (=အတ္တ= ဝိညဉ်)ဖြင့် ကမ္ဘာဖြစ်လာပုံကို ယူထားပါသည်။ ဘယ့်နှယ်လဲ၊ ဒါတွေဟာ ဆန့်ကျင်ဘက်တွေ မဟုတ်ဘူးလား?

အဖြေ။ ။ပထမအချက်က၊ သံချနှင့်ဝေဒါန္တမှတပါး အခြားလေးကျမ်း တို့မှာ၊ ကမ္ဘာစဖြစ်လာပုံကို အထင် အရှား ရေးထားသည် မရှိချေ။ ဤကျမ်းတို့၌ ဆန့်ကျင်ခြင်း (ဝါဒကွဲခြင်း) မရှိပါ။ ဘာ့ကြောင့်လဲဆိုရင် သင်ဟာ "ဝိရောဓ ဝိရောဓ"ဆိုတာကို သဘောမပေါက်သေးပါဘူး။ ဆန့်ကျင်ခြင်း ဘယ်လိုနေရာမျိုး မှာ ဖြစ်သလဲဆိုတာ၊ ကျုပ်က ခင်ဗျားကို မေးလို ပါတယ်, တနေရာတည်းမှာလား၊ အခြား အခြားသော အရာဌာနတွေ မှာလား?

အမေး။ ။အကြောင်းတခု၌ အဆိုအမျိုးမျိုး ကွဲပြားနေခြင်းကို "ဝိရော ဓ" ="ဆန့်ကျင်" တယ်လို့ ဆိုလိုပါတယ်။ ဤနေရာမှာ လည်း၊ ကမ္ဘာစ၍ ဖြစ်ပေါ်လာပုံသည်၊ တခုတည်းသော အကြောင်းခြင်းရာ ဖြစ်ပါတယ်။

အဖြေ။ ။အတတ် ပညာဟာ၊ တပါးတည်းသော အကြောင်းလား၊ အများလား။ တပါးတည်းဆိုခဲ့လျှင်၊ သဒ္ဒါ၊ ဆေးဘက်ဆိုင် ရာ၊ ဗေဒင်ဘက်ဆိုင်ရာ အားဖြင့် အထူးထူး အပြားပြား

ဘာ့ကြောင့် ရှိနေပါသလဲ? ပညာတရပ်တည်း၌ ပညာအမျိုးမျိုး တည်းဟူသော အင်္ဂါအစိတ်အပိုင်းများသည်၊ တနည်းစီပြဆိုသွားကြသကဲ့သို့၊ ကမ္ဘာစ၍ ဖြစ်ပေါ်လာပုံ (ဖန်ဆင်းပုံ)၌လည်း ခြောက်ပါးသော အင်္ဂါတည်းဟူသော ခြောက်ကျမ်းတို့က၊ အသီးသီး တနည်းစီ ပြဆိုသွားရာ၌ ဘာမျှ ဆန့်ကျင်သည်မရှိပေ။ ဥပမာ, အိုးကိုလုပ်ရာ၌၊ လုပ်မှု၊ အခါကာလ၊ မြေကြီး၊ စဉ်းစားမှု၊ သံယောဂ ဝိယောဂ(=ပေါင်းရှည်ခြင်း၊ ကွဲပြားခြင်းအမှု)၊ ပကတိ သဘာဝ၏ ဂုဏ်နှင့် အိုးထိန်းသည် တည်းဟူသော အကြောင်းများ ပါဝင် ဆက်စပ်နေဘိသကဲ့သို့ပင်၊ ကမ္ဘာဖန်ဆင်း ဖြစ်ပေါ်လာပုံ အကျိုးနှင့် အကြောင်းတို့၌လည်း၊ မိမံသာ၌ရှင်း၊ ဝေသေသိကာ၌ ကာလကိုရှင်း၊ နျာယ၌ ဥပါဒါန ကာရဏကိုရှင်း၊ ယောဂကျမ်း၌ (=ဇီဝ ပုရုသာထ် တမျိုး)ကိုရှင်း၊ ခတ်သဘာဝမွေ၏ အစဉ်အားဖြင့် ရေတွက်ခြင်းကို သင်္ချာကျမ်း၌ရှင်း၊ နိမိတ္တ ကာရဏ ဖြစ်သော ထာဝရဘုရားကို ဝေဒါန္တကျမ်း၌ရှင်း၊ ပြဆိုထားကြခြင်းမှာ၊ ဘာမျှ ဆန့်ကျင်သည်ဟု မဆိုနိုင်ချေ။ ဥပမာ အားဖြင့်, ဆေးကျမ်း၌ ရောဂါ၏ လက္ခဏာ၊ ကုသနည်း၊ ဆေးနည်း၊ ခတ်စာ ပေးနည်းတို့ကို တမျိုးစီ တမျိုးစီ ပြထားသည် မှန်သော်လည်း၊ မူလရည်ရွယ်ချက်မှာ၊ ရောဂါ ပျောက်ကင်းစေခြင်းပင် ဖြစ်သကဲ့သို့၊ ကမ္ဘာအစ ဖြစ်ပေါ်လာပုံမှာလည်း အကြောင်း ခြောက်ပါးရှိ၍၊ အကြောင်းတပါးတပါးကို ကျမ်းဆရာ တဦးစီက၊ တမျိုးစီ ပြဆိုထားခြင်းမျှသာ ဖြစ်သောကြောင့် ဘာမျှ ဆန့်ကျင်ခြင်း မရှိချေ။ ဤအကြောင်း ခြင်းရာနှင့် ပတ်သက်၍ ကမ္ဘာ ဖန်ဆင်းပုံ အခဏ်းတွင် ပြပေအံ့။

အတတ်ပညာ သင်ယူမှုချရာ၌ ဖြစ်ပေါ်တတ်သော အနှောင့်အရှက်တို့ကို ဗွန့်ဗွါ ရှောင်ကြဉ်ရသည်။ ဥပမာ–မကောင်းသော အပေါင်းအသင်း၊ တနည်း လူမိုက်နှင့် ကာမဂုဏ်ကြွေးသူတို့နှင့် ပေါင်းသင်းခြင်း၊ ဗျသန (=မကောင်းသော အပြုအမူ အလေ့အလာ) ဥပမာ– အရက်

သေက်ခြင်း၊ မကောင်းသော မိန်းမတို့ကို လိုက်စား ပျော်မွေ့ခြင်း၊ အရွယ် မရောက်မီကပင် ထိမ်းမြားခြင်း၊ ဥပမာ— ယောကျ်ားကလေးမှာ အသက် ၂၅-နှစ် မပြည့်မီ၊ မိန်းခလေးမှာ၊ အသက် ၁၆-နှစ် မပြည့်မီ၊ ထိမ်းမြားခြင်း။ သုတ်သွေးကို ကျပ်ပြည့် ဒင်ပြည့် မထိန်းသိမ်းခြင်း၊ မိဘ ဆရာသမား တိုင်းပြည်ရှင်မင်းတို့ကို၊ မရိုသေခြင်း၊ ဝေဒစသော ကျမ်း ဂန်စာပေတို့ကို ပြန့်နှံ့အောင် မပြုခြင်း အလွန့်အလွန် စားခြင်း။ အလွန့် အလွန် အိပ်ခြင်း၊ ပညာစာပေ သင်ယူမှုချရာ၌ ပျင်းရိ ထိုင်းမှိုင်းခြင်း (ဝါ) လိမ်လည်ခြင်း၊ မြင့်မြတ်သော ပညာ၏အကျိုး အာနိသင်ကို မသိ ခြင်း၊ ဗြဟ္မစရိယ အကျင့်ဖြင့် ခွန်အား၊ ဉာဏ်အစွမ်းသတ္တိ၊ ရောဂါ ကင်းခြင်း၊ တိုင်းပြည်နိုင်ငံနှင့် ပစ္စည်းဥစ္စာ တိုးတက်ခြင်း ဖြစ်သည် ဆို သော အချက်ကို မယုံကြည်ခြင်း။ ဣသရဘုရားကို အာရုံပြုခြင်းကို စွန့်လျက် အခြားသော ကျောက်ဆင်းတု စသော အသက်ဝိညာဉ် မရှိသော အရာတို့ကို ဖူးမျှော် ပူဇော်ရာ၌ အချည်းနှီး အချိန်ဖြုန်းတီးခြင်း။ မိဘဆရာ ဧည့်သည် ပညာရှိတို့ကို မှန်ကန်မြင့်မြတ်သော နတ်တပါး အနေနှင့် ယူဆလျက် ဆည်းကပ်မှီဝဲမှုကို မပြုခြင်း။ ဝဏ်ာသြမဓမ် (=အမျိုးဇာတ် အားလျော်စွာ ကျင့်အပ်သော အကျင့်တရား)ကို မကျင့် မူ၍၊ ဥဒ္ဓပုဏ္ဍ—ခေါ် နဖူးပေါ်တွင် မတ်တတ်အဖြောင့် မှန်ကူခြင်း၊ သုံး ကြောင်းမှန်ကူခြင်း၊ ရှိုးရှိုးမှန်ကူခြင်း၊ ပုတီးလည်ပင်း ဆွဲခြင်း၊ စိပ်ပုတီး ဆောင်ခြင်း၊ လဆန်းလဆုတ် ၁၁-ရက် ၁၃-ရက် စသော ဥပုသ် ဆောက်တည်ခြင်း၊ ကာသိ (ဗာရာဏသီ) စသော ဖူးမျှော်ရာဌာနကို သွားရောက်ဖူးမျှော် ရေချိုးခြင်းနှင့် ရာမ၊ ကြိသျှဏာ၊ နာရာယဏာ၊ သိဝ၊ ဘဂဝတီ (နတ်သမီး)၊ ဂဏေသ (လူကိုယ်—ဆင်ခေါင်းရှိသော မဟာဒေဝ- ပဗ္ဗတီ နတ်သမီးတို့မှ မွေးဖွားသော သားတော်)တို့၏ အမည်ကို အောင့်မေ့ ရွတ်ဆိုရုံမျှနှင့် မကောင်းမှု အကုသိုလ်များ၊ ကင်းစင်သွားသည်ဟု ယုံ ကြည်မှု၊ အလိမ်ဆရာတို့ ဟောပြောမှုကြောင့် အတတ်ပညာသင်ယူရာ ၌ သဒ္ဓါတရား နည်းပါးခြင်း၊ အတတ်ပညာ၊ ကောင်းမှုကုသိုလ် ယော ဂအကျင့်၊ ဘုရားကို ပူဇော်ဆည်းကပ်ခြင်းမှ ကင်း၍ မှားယွင်းသော ပုရာဏ်မည်သော ဘာဂဝတ စသော ကျမ်းစာတို့ကို ဘတ်ရွတ် နာယူ ခြင်းကြောင့် နတ်ရွာနိဗ္ဗာန် ရောက်သည်ဟု ယုံကြည်မှု၊ လောဘကြောင့် ဥစ္စာစု ရအောင်းရာ၌ သာတ်ဝင်လျက် ပညာကို မထိုလားမှု၊ ဟိုဟိုဒီဒီ

အချည်းနှီး လည်ပတ်မှု စသော မကောင်းသော အလေ့အလာတို့၌ သက်ဝင် စွဲလမ်း၍၊ ဖြဟ္မစရိယ အကျင့်နှင့် အတတ်ပညာမှ ကင်းသည် ဖြစ်၍ ပျင်းရိသူ ရောဂါသည် ဖြစ်နေကြရလေသည်။

ယခုခေတ် ဂိုဏ်းဂဏပါတီဝင် တကိုယ်ကျိုးကို လိုလားသော ဖြာဟ္မဏပုဏ္ဏား စသူတို့သည်၊ အခြားသူတို့အား၊ အတတ်ပညာ သင်ယူ တတ်မြောက်ခြင်းမှ ကင်းမဲ့စေ၍၊ မိမိ၏ ကျော့ကွင်း၌ မိစေလျက် ထိုသူတို့၏ ကိုယ်၊ စိတ်၊ ဉစ္စာတို့ကို ဆုံးရှုံးပျက်စီးစေလေသည်၊ ခတ္တိယ စသော ဇာတ်ဝင်တို့ ပညာတတ်လာလျှင် ငါတို့၏အလိမ်ဉာဏ် ပိုက်ကွန်မှ လွတ်မြောက်လျက်၊ ငါတို့၏ အလိမ်ကို သိသည်ဖြစ်၍ ငါတို့ကို မရှိမသေ ပြုကြပေလိမ့်မည်။ ဤသို့သော အနှောင့်အရှက်တို့ကို မင်းနှင့် ပြည်သူတို့က၊ ကင်းဝေးအောင် ပြုပြီးလျှင်၊ မိမိတို့၏ သားသမီးတို့ကို၊ ပညာရှိ ဖြစ်လေအောင် ကိုယ်စိတ် ဉစ္စာဖြင့် အားထုတ် ကြိုးစားအပ်သည်။

အမေး။ ။မိန်းမနှင့် ဇာတ်ညံ့တို့လည်း ဝေဒကို သင်ရမလား ? သူတို့လည်း သင်ယူကြမည်ဆိုလျှင် ငါ (ပုဏ္ဏား) တို့၊ ဘာလုပ်ရမလဲ ? သူတို့ သင်ယူဘို့ရန် အထောက်အထားလဲ မရှိပါ။

အတားအဆီးသာ အောက်ပါအတိုင်း ရှိနေပါသည်။

ဩိသူဖြော နာဓီယာတာမိတိ ဩုတေး။

"မိန်းမနှင့် ဇာတ်ညံ့တို့ စာမသင်ရာ၊ ဤကား သုတိကျမ်းလာ ဖြစ်၏"။

အဖြေ။ ။အားလုံးသော မိန်းမယောကျ်ား—လူဟူသရွေ့ကို စာသင်ခွင့် ရှိပါသည်။ ခင်ဗျား ရေတွင်းထဲ ဆင်းသေပါ။ ဒါဟာ ခင်ဗျားတို့ နှုတ်ထွက် ကျမ်းစကားပါ။ တရုံတရာ ယုတ္တိရှိသော ကျမ်းစကား မဟုတ်ပါ။ လူဟူသရွေ့ ဝေဒစသော ကျမ်းစာတို့ကို သင်ယူနားထောင်ရန် အခွင့်အရေးရှိကြောင်း သက်သေကို ယဇုဝေဒ၏ အခဏ်း ၂၆–တွင် ဒုတိယမန္တာန် အဆိုမှာ—

ယထေမာံ ဝါစံ' ကလျာဏီမာဝဒါနိ ဇနေဘျး၊ ဖြဟ္မရာဇ နျာဘျာံ သူဒြါယ စာယ်ါယ စ သွာယ စာရဏာယ၊
[ယဇု၊ အ. ၂၆၊ ၂]။

ဘုရားသခင် ဟောကြားတော်မူသည်မှာ (ယထာ) အကြင်ကဲ့သို့ (မဲ) ငါဘုရားသည်။ ဇနေဘျး၊ လူအပေါင်းတို့ အလို့ငှါ။ (ဣမာမ်ကလျာဏိမ်) ဤကောင်းကျိုးချမ်းသာကို ပေးတတ်သော၊ (ဝါစမ်) ရိဂွေဒစသော ဗေဒင်လေးပုံ စကားတော်အစုံကို။ (အာ၊ ဝဒါနိ) ဟောတော်မူပေ၏။ သင်တို့လည်း ဤအတိုင်းပြုကြ။

ဤနေရာ၌ "ဇန" သဒ္ဒါပုဒ်ဖြင့် ဒွိဇ=ပုဏ္ဏားတို့ကိုသာ ယူအပ်သည် အဘယ့်ကြောင့်ဆိုသော်၊ သမုတိစသော ကျမ်းဂန်တို့၌၊ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿတို့သာလျှင် ဝေဒကျမ်းကို သင်ခွင့်ပြုထားသည်၊ မိန်းမနှင့် ဓာတ်ညံ့ (=သုဒ္ဒ) တို့ကို ခွင့်မပြုဟု တစုံတယောက်က မေးအံ့။

အဖြေ။ ။"ဗြဟ္မရာဇနျာဘျာမ်" စသည်ဖြင့် ဘုရားသခင်ကိုယ်တော်တိုင်က ဆိုသည်မှာ၊ ငါဘုရားသည်၊ ဗြာဟ္မဏ၊ ခတ္တိယ (အာယျာယ) ဝေဿ၊ (သူဒြါယ) သုဒ္ဒ=ဓာတ်ညံ့၊ (သွာယ) မိမိ၏ ကျေးကျွန် ဓနီး စသူတို့။ (အရဏာယ) အလွန်ယုတ်နိမ့်သော ဓာတ်ညံ့တို့ အလို့ငှါလည်း၊ ဝေဒစာပေတို့ကို ပြတော်မူပြီ။ အဓိပ္ပါယ်မှာ၊ လူအားလုံးသည် ဝေဒစာပေတို့ကို သင်ယူပို့ချ၊ ဟောပြော-နာယူလျက်၊ အသိဉာဏ်ကို တိုးတက်စေပြီးလျှင်၊ အကောင်းကိုယူ၊မကောင်းသည်ကိုပယ်ခါ၊ ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်သည်ဖြစ်၍ နှစ်လိုဝမ်းမြောက်ခြင်းကို ရယူရာသည်။ ဆိုစမ်းပါ။ ခင်ဗျားစကားနှင့် ဘုရားစကားတွင် ဘယ်လူ့စကားကို လိုက်နာရမလဲ။ ဘုရားစကားကို မုချလိုက်နာအပ်ပါတယ်။ ဒီလောက် အထောက်အထားတွေကို ပြလို့မှ မလိုက်နာရင် ဒီလူက နတ္ထိကလို့ဆိုရမည်။ ဘာ့ကြောင့်လဲဆိုရင်၊ "နာတ္ထိကော ဝေဒနိန္ဒကး" လို့ ဆိုထားပါတယ်။ ဝေဒကျမ်းကို ကဲ့ရဲ့ရှုတ်ချသူ၊ မလိုက်နာသူကို နတ္ထိကဟုခေါ်၏။ ဘုရားသခင်ဟာ ဓာတ်ညံ့တို့၊ ကောင်းကျိုးကို မဆောင်လိုဘူးလား ? ဘုရားဟာ မျက်နှာလိုက်တတ်လို့၊ ဝေဒကျမ်းကို သင်ကြားနာယူခြင်းမှ၊ ဓာတ်ညံ့တို့ကို ပိတ်ပင်ခါ၊ ပုဏ္ဏားတို့ကို အခွင့်အရေး ပေးထားမှာလား ? အကယ်၍ ဓာတ်ညံ့တို့ကို မသင်မနာစေလိုခဲ့လျှင် ထိုသူတို့၏ ခန္ဓာကိုယ်မှာ၊ ပါးစပ်နှင့်

နားကို၊ ဘာ့ကြောင့် ဖန်ဆင်းပေးထားသလဲ ? ဥဒါဟရုဏ်အားဖြင့် ဘုရားသခင်သည် ကမ္ဘာမြေကြီး၊ ရေ၊ မီး၊ လေ၊ နေလနှင့် အစာအာဟာရ ကောက်ပဲသီးနှံတို့ကို အားလုံးသော သတ္တဝါတို့ အလို့ငှါ ဖန်ဆင်းထားဘိသကဲ့သို့ပင်၊ ဝေဒကိုလည်း အားလုံးအလို့ငှါ ထင်စွာပြတော်မူခဲ့သည်။ တချို့နေရာ၌ တားမြစ်ခြင်းမှာ၊ သင်ယူဖို့ချပါလျက် မတတ်နိုင် နားမလည်နိုင်သော သူသည် ယုတ်ညံ့သောသူဟု ဆိုခြင်းမျှသာ ဖြစ်သည်။ ဒိလိုညဏ်နဲ (ဦးဏှောက်နဲ့)သော သူတို့ သင်ကြားခြင်းသည် အချည်းနှီးသာဖြစ်၏။ မိန်းမတို့အား စာပေပညာ သင်ကြားခြင်းမှ တားဆီးခြင်းသည် သင်၏ အမြင်မကျယ်မှု၊ တကိုယ်ကျိုးကို လိုလားမှုနှင့် အသိညဏ် မရှိမှုသာ ဖြစ်သည်။ ဝေဒကျမ်း၌ ကညာ (=ခလေးမ) များ၊ စာသင်ရန် နည်းလမ်းကို ပြဆိုထားသည်ကို အောက်တွင်ကြည့်ပါ။

ဗြဟ္မစရျေဏ ကညာ် ယုဝါနံ ဝိန္ဒတေ ပတိံ။

(အထဝ်ံ၊ ကာံ· ၁၁၊ ပြာ· ၂၄၊ အ· ၃၊ မံ· ၁၈)။

ယောက်ျားကလေးတို့သည် ဗြဟ္မစရိယအကျင့်ကို ကျင့်ဆောင်ခြင်းဖြင့် အတတ်ပညာနှင့် ကောင်းသော အဆုမ္ဘ ဩဝါဒကို ရသည်ဖြစ်၍ မိမိနှင့် သဘောတူသော ပျိုရွယ်,ပညာတတ်သော မိန်းမနှင့် အိမ်ထောင်ပြုသကဲ့သို့ပင် (ကညာ) မိန်းခလေးသည် (ဗြဟ္မစရျေဏ) ဗြဟ္မစရိယအကျင့်ဖြင့် ဝေဒစသော ကျမ်းစာတို့ကို သင်ယူခါ ပြည့်ရုံသော ပညာနှင့် မြတ်သော အဆုမ္ဘ ဩဝါဒကို ရပြီးသော မိန်းမပျိုသည်၊ အရွယ်ရောက်ပြီးသည်နောက် မိမိနှင့် တူမျှသော ပညာရှိ (ယုဝါနမ်) ယောက်ျားပျိုကို၊ (ဝိန္ဒတေ) ရယူရာ၏။ ထို့ကြောင့် မိန်းမတို့သည်လည်း ဗြဟ္မစရိယအကျင့်သီလနှင့် အတတ်ပညာကို မုချရယူရာသည်။

အမေး။ ။မိန်းမတို့လည်း ဝေဒကို သင်ရမလား ?

အဖြေ။ ။မုချသင်ရမည်။ သုတ်, သုတ္တကျမ်းစကားတို့ကို ကြည့်ပါ။

ဣမံ မန္တြံ ပတ္နီပဌေတ်။

"အိမ်သူဇနီးသည်ယဇ်ပူဇော်ရာ၌ ဤမန္တန်ကို ရွတ်ဆိုရာ၏"။ ကျမ်းဂန်တို့ကို မသင်ခဲ့ပါမူ၊ ယဇ်၌ အသံထွက်နှင့် တကွသော မန္တန်တို့ကို

ရွတ်ဆိုခြင်း၊ သံသကြိုက်ဘာသာကို ဥာန်ကရိုဏ်းမှန်မှန် ရွတ်ဆိုခြင်း အသုံးပြုနိုင်ပါအံ့နည်း။ ဗိန္ဒိယသူတို့တွင် စံပြဖြစ်သော 'ဂါရဂီ' စသော မိန်းမတို့သည် ဝေဒစသော ကျမ်းဂန်တို့ကို သင်ယူခါ၊ တဘက်ကမ်းခတ် တတ်မြောက်သော မိန်းမပညာရှိ ဖြစ်ဘူးသည်ကို သတပထဗြာဟ္မဏ ကျမ်းတွင် အထင်အရှား ပြထားသည်။ ယောကျ်ားက ပညာရှိ၊ မိန်းမက ပညာမဲ့၊ မိန်းမက ပညာရှိ ယောကျ်ားက ပညာမဲ့ ဆိုလျှင်၊ အိမ်တွင် နေ့စဉ် နေ့တိုင်း နတ်နှင့် အသူရာ စစ်ပွဲကြီး ဖြစ်ခါ၊ ချမ်းသာကို ဘယ်က ရတော့မှာလဲ၊ မိန်းမ စာမသင်ရဆိုလျှင် မိန်းခလေးကျောင်း တို့မှာ၊ ဆရာမ ဘယ်လို ဖြစ်နိုင်မလဲ။ အပိုးရ အရာရှိတရားသူကြီး အလုပ်စသည့် လူ့ရွာလူ့ဘောင် များမြောင်သော ကိစ္စ၊ မိန်းမသည် ယောကျ်ားကို၊ ယောကျ်ားသည် မိန်းမကို၊ စိတ်ချမ်းသာအောင် ပြုရ လုပ်ကျွေးခြင်း၊ အိမ်မှုကိစ္စ အားလုံးကို မိန်းမက အုပ်ထိန်းစီမံခြင်းစသည် တို့သည်၊ မိန်းမ ပညာမတတ်ဘဲနှင့် မပြီးစီးနိုင်ပေ။

ကြည့်ပါအုံး၊ ဗိန္ဒိယအမျိုးသမီး မင်းစိုးရာဇာတို့၏ ဇနီးတို့သည် ဓနု ဝေဒ= စစ်ပညာကိုလည်း ကောင်းစွာ တတ်ကျွမ်းခဲ့ကြ ဘူးသည်။ အကယ်၍သာ မတတ်ကျွမ်းခဲ့ပါလျှင် ကေကယီ စသောမိဖုရားတို့သည် ဒသရထ စသောမင်းတို့နှင့် အတူ၊ စစ်ပွဲသို့ အသို့လိုက်နိုင်အံ့နည်း။ စစ်ထိုးနိုင်အံ့နည်း။ သို့ဖြစ်သောကြောင့် ဗြာဟ္မဏနှင့် ခတ္တိယ မိန်းမတို့သည် အားလုံးသော ပညာကိုရင်း၊ ဝေဿ (ကုန်သည်မျိုး) မိန်းမတို့သည်၊ ရောင်းရေး ဝယ်ရေး ပေါင်းသင်း ဆက်ဆံရေး စသော ပညာတို့ကို ရင်း၊ ဇာတ်ညံ့ မိန်းမတို့သည် အစာအာဟာရ ချက်ပြုတ် ဆည်းကပ် သော ပညာကိုရင်း၊ မချသင်ယူရာသည်။ ဥပမာ, ယောကျ်ားတို့သည် သဒ္ဒါကျမ်း၊ တရားကျမ်းစာနှင့် မိမိ၏ အလုပ်အကိုင် သက်မွေးဝမ်း ကြောင်းနှင့် ဆိုင်ရာပညာ စာပေတို့ကို၊ အနည်းနှင့် အများ သင်ကြား ထားသင့်သလို၊ မိန်းမတို့သည်လည်း၊ သဒ္ဒါကျမ်း၊ ဘာသာတရား ကျမ်းစာ၊ ဆေးကျမ်း၊ သင်္ချာကျမ်း၊ လက်မှုပညာ ကျမ်းစာများကို မချသင်ယူရာသည်။ အဘယ့်ကြောင့် ဆိုသော်, အဆိုပါ စာပေပညာ တို့ကို မသင်ကြားဘဲနှင့်၊ အမှားနှင့် အမှန်ကို ဝေဘန်ဆုံးဖြတ်ခြင်း၊ ပေါင်းလုပ်သူနှင့် ထျော်ကန် သင့်မြတ်အောင် ပြုမူခြင်း၊ ထျော်ပတ်

ကောင်းမြတ်သော သားသမီးကို ဖွားမြင်ခြင်း၊ ထိုသားသမီးတို့အား မွေးမြူ, ဆုမ္မခြင်း၊ အိမ်တွင်းကိစ္စတို့ကို၊ ထိုက်သင့်သလို စီမံခိုင်းစေခြင်း၊ ဆေးပညာဖြင့် အစာရေစာတို့ကို ဆေးကောင်း ဝါးကောင်းသဘွယ် ဖြစ်အောင် ချက်ပြုတ်ခြင်း၊ အချက်ခိုင်းခြင်း၊ ဤသို့မပြုနိုင်ခဲ့လျှင် အိမ်တွင်းရောဂါဘယ ထူထပ်ပြီး၊ အိမ်သား အားလုံး ကိုယ်စိတ် ချမ်းသာခြင်းကို မရနိုင်ရာ။ လက်မှုပညာကို မတတ်ဘဲနှင့် အိမ်ရာဆောက်လုပ်တည်ထောင်ခြင်း၊ အဆောက်ခိုင်းခြင်း၊ အဝတ်အထည် လက်ဝတ် တန်ဆာ လုပ်ခြင်း၊ လုပ်စေခြင်း၊ ဂဏန်းသင်္ချာပညာ မတတ်ဘဲ၊ စာရင်းအင်းလုပ်ခြင်း၊ လုပ်စေခြင်း။ ဝေဒစသော ဘာသာရေး ကျမ်းစာကို မတတ်ဘဲနှင့် ဘုရားမှန် တရားမှန်ကို မသိဘဲ၊ မတရားအကုသိုလ်တို့မှ မလွတ်ကင်းနိုင်ရာ။ ထို့ကြောင့်, အကြင်မိဘတို့သည် မိမိတို့၏ သားသမီးတို့အား၊ ဗြဟ္မစရိယ အကျင့်နှင့် မြတ်သော အဆုမ္မ ဩဝါဒ၊ အတတ်ပညာဖြင့် ကိုယ်–စိတ် ခွန်အားကို ပြည့်တင်းစေလျက်၊ ထိုသားသမီးတို့သည် မိဘ၊ လင်ယောကျ်ား၊ ယောက္ခမ ဖို–မ၊ ပြည်ပိုင်မင်း၊ တိုင်းသူပြည်သား၊ အိမ်နီးခြင်း၊ မိတ်သင်္ဂဟနှင့် သားသမီးတို့အား သင့်လျော်လျောက်ပတ်စွာ တရားသဖြင့် ပေါင်းသင်း ဆက်ဆံနိုင်သော အမျိုးကောင်းသားသမီး ဖြစ်ရာသည်၊ ထိုကဲ့သို့သော မိဘတို့သာလျှင်၊ ချီးမွမ်းသာရခေါ်ခံထိုက်ကုန်၏။ ဤဘဏ္ဍာထိုက်သာလျှင် သုံး၍မကုန်နိုင်ဘဲ၊ သုံးလေ တိုးလေ ဖြစ်၏။ အခြားဘဏ္ဍာထိုက်တို့ကား သုံးသလောက် ကုန်ခမ်းသွားသည့်ပြင် အမွေဆိုင်တို့ကလည်း မိမိတို့ ရထိုက်သော အမွေကို ခွဲယူကြကုန်၏။ သို့သော် အတတ်ပညာ တည်းဟူသော ဘဏ္ဍာကိုကား၊ သူခိုးခားပြနှင့် အမွေဆိုင်တို့ကလည်း ခွဲမယူနိုင်ပေ။ ဤဘဏ္ဍာတော်ကို စောင့်ရှောက် တိုးပွားအောင် လုပ်သူမှာ၊ ထူးသော ဘုရင်မင်းနှင့် ပြည်သူလူထုများ ဖြစ်ကြ၏။

ကန္ယာနံ သမ္ပြဒါနံစ ကုမာရာဏာံစ ရက္ခဏာမ်။
(မနု. ၇၊ ၁၅၂)။

တိုင်းပြည်ရှင် မင်းတို့ဝတ္တရားမှာ၊ အားလုံးသော မိန်းခလေးယောကျ်ား ကလေးတို့ကို၊ ပြခဲ့သော အချိန်ကာလ တိုင်အောင် ဗြဟ္မစရိယ အကျင့်ကို ကျင့်ဆောင်စေလျက် ပညာရှိ ဖြစ်စေရာသည်။

ဤစည်းမျဉ်း ဥပဒေကို မလိုက်နာသူ၏ မိဘတို့ကို ဒဏ်ပေးရာသည်။ တနည်း, မင်း၏အမိန့်ဖြင့် ကလေးအသက် ရှစ်နှစ်ပြည့်ပြီးနောက် အိမ်တွင် မနေစေရဘဲ၊ စာသင်ကျောင်းသို့ ပို့ရာသည်၊ ပညာရုံ၌ ကျောင်းတော်မှ မပြန်မချင်း၊ မထိမ်းမြားရာ။

သဗ္ဗေသာမေဝ ဒါနာနံ ဗြဟ္မဒါနံ ဝိသိဿတေ။
ဝါယ်န္န ဂေါမဟီဝါ သဣိလကာဥ္စန သပိသာမ်။
(မနု· ၄၊ ၂၃၃)။

လောက၌ ဒါနအားလုံးတို့တွင် ဝေဒ–ပညာဒါနသည် အမြတ်ဆုံးဖြစ်၏။ သို့ဖြစ်သောကြောင့် တတ်စွမ်းသရွေ့၊ ကိုယ်စိတ် ဥဿာဖြင့် အတတ်ပညာ တိုးပွားအောင် အားထုတ်ရာသည်။ သင့်တော်လျောက်ပတ်သော ဗြဟ္မစရိယ ပညာနှင့် ဝေဒကျမ်းလာ ဘာသာတရား ပြန့်နှံ့၍ တည့်သော တိုင်းပြည်သာလျှင် ကံကောင်းသော တိုင်းပြည်ဖြစ်၏။ ဤကား ဗြဟ္မစရိယ အကျင့်ဆိုင်ရာ အကျဉ်းဖြစ်သော ဥပဒေသဖြစ်၍ လာမည့်အခဏ်း ကဏ္ဍ လေးခုမြောက်တွင် ကျောင်းတော်ပြန်နှင့် အိမ်ရာထောင်သူ လူ့ဘဝနှင့် ဆိုင်ရာ ဩဝါဒတို့ကို ရေးသားပေအံ့။

ဤကား သိရိမဒ်ဒယာနန္ဒ သရဿတိ သာမိ ရေးပြု စီရင်အပ်သော သစ္စဿပကာသကျမ်း၌ ကောင်းသော ဘာသာဖြင့် တန်ဆာ ဆင်အပ်သော အကျင့်သိက္ခာနှင့် ဆိုင်ရာ သုံးခုမြောက် အခဏ်းကဏ္ဍ ပြီးပြည့်ရုံသတည်း။ ၃။

စတုတ္ထ အခန်း

ကျောင်းတော်ပြန် မင်္ဂလာဆောင် အိမ်ရာထောင်သူတို့ နည်းနာကို ပြပေအံ့

ဝေဒါနဓီတျ ဝေဒေါ ဝါ ဝေဒံဝါပိ ယထာကြမံ၊ အဝိပ္လုတ
ဗြဟ္မစရျော ဂြိဟသ္ထာ သြမမာဝိသေတ်။
(မနု· ၃၊ ၂)။

ဆရာနည်းနာအရ ဗြဟ္မစရိယ အကျင့်ကို ကျင့်သည်ဖြစ်၍, တရားနည်းလမ်းအတိုင်း ဝေဒလေးပုံ, သို့မဟုတ် သုံးပုံ၊ သို့မဟုတ် နှစ်ပုံ၊ သို့တည်းမဟုတ် တပုံကို အဋ္ဌကထာဋီကာနှင့်တကွ သင်ယူပြီး၍ ဗြဟ္မစရိယ အကျင့်သီလ မကျိုးမပေါက်သော ယောကျ်ားပျို မိန်းမပျိုတို့သာလျှင် အိမ်ရာထောင်သူ လူတို့ဘောင်သို့ ဝင်ရသည်*။

တံပြတီတံ သွဓမ္မေဏ ဗြဟ္မဒါယ ဟရံ ပိတုး၊
သြဂွိဏံ တလ္ပ အာသိနမဟယေတ် ပြထမံ ဂဝါ။
(မနု· ၃၊ ၃)။

တပည့်က ဆရာအား ပူဇော်သော ဝတ္တရားအတိုင်း၊ မိဘသဖွယ်ဖြစ်သော ဆရာထံမှ အတတ်ပညာ တည်းဟူသော အမွေအနှစ်တို့ကို ရယူသည် ဖြစ်၍ ပန်းကုံးဝတ်ထားပြီးလျှင် ထိုင်ခုံ ရုတင်ပေါ်တွင် ထိုင်နေသော ဆရာအား၊ ပထမ နွားအလှူဖြင့် ပေးလှူပူဇော်ရသည်။ ၎င်းသို့ လက္ခဏာနှင့် ပြည့်စုံသော ကျောင်းတော်ပြန် ယောကျ်ားပျိုအား၊ မိန်းခလေး၏ ဘခင်က နွားအလှူ (လက်ဆောင်) ဖြင့် ဧည့်ခံ ဝတ်ပြုရသည်။

ဂုရုဏာနုမတး သွာတွာ သမာဗြိတ္တော ယထာဝိဓိ၊
ဥဒွဟေတ ဒွိဇော ဘာယျံ သဝဏ္ဏံ လက္ခဏာနွိတာမ်။
(မနု· ၃၊ ၄)။

ဆရာ့ထံ ခွင့်ပန် ရေချိုးပြီးနောက် ကျောင်းတော်မှ အစဉ်အတိုင်း လာ၍ ဗြာဟ္မဏ ခတ္တိယ ဝေဿ သတို့သားတို့သည် အမျိုးဇာတ်တူ

ကောင်းမြတ်သော ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော ကညာ (သတို့သမီး)နှင့် မင်္ဂလာဆောင်ရသည်။

အသပိဏ္ဍာစ ယာ မာတုရသဂေါတြာ စ ယာ ပိတုး၊
သာ ပြသဿ္တာ ဒွိဇာတီနာံ ဒါရ ကမ်ဏိ မေထုနေ။
(မနူ· ၃၊ ၅)။

သတို့သမီးသည် အမိမျိုးဘက်မှ ခြောက်ဆက်အတွင်း မဖြစ်စေရ၊ အဖ၏ အနွယ်မဟုတ်စေရ၊ ထိုကဲ့သို့သော သတို့သမီးနှင့်သာ ထိမ်းမြားလက်ထပ်ရမည်။ ဤသို့ ပြုခြင်း၏ အကျိုးမှာ—

ပရောက္ခပြိယာ ဣဝ ဟိ ဒေဝါး ပြတျက္ခ ဒွိသး။
(သတပထ·)။

မမြင်မတွေ့ရသော အရာ၌ နှစ်သက်သလောက်၊ တွေ့မြင်နေရသော အရာ၌ နှစ်သက် မက်မောခြင်း မဖြစ်သည်မှာ ထင်ရှား၏။ ဥပမာ, တရံ တခေါက်သည် သကြားခဲ၏ ဂုဏ်သတင်းကိုသာ ကြားဘူး၍ စားကား မစားဘူးခဲ့လျှင်၊ ထိုသူ၏ စားလိုသော ဆန္ဒသည် ထိုသကြားခဲ၌ အမြဲကပ်ငြိနေ၏။ တနည်း, မမြင်ရသေးသော အရာဝတ္ထုတခု၏ ဂုဏ်သတင်းကို ကြားရ၍ တွေ့မြင် ရယူလိုသော အာသာဆန္ဒ ပြင်းပြနေသလို၊ မိမျိုးဘမျိုးမှ ဝေးကွာသော သတို့သမီးကို ပို၍တောင့် တပေလိမ့်မည်။ ထို့ကြောင့် ဆွေမျိုးမတော်သော သမီးကညာနှင့် လက်ထပ်ရသည်။ ဝေးသော နီးသော မိန်းခလေးနှင့် လက်ထပ်ရာ၌ အကျိုး အပြစ်တို့မှာ—

(၁) အကြွင် ခလေးတို့သည် ငယ်ရွယ်စဉ်ကပင် အတူတကွ နီးကပ်စွာနေလျက် အချင်းချင်း ကစားခုန်စားခြင်း, ချစ်ခင်ရည်မောခြင်း၊ ရန်တွေ့ခြင်း၊ တဦးသည်တဦး၏ အဆိုးအကောင်း အကျိုး အပြစ်ကို သိကြ၏။ သဘောချင်း မတိုက်ဆိုင်သော အချက် အချာတို့ကိုလည်း သိကြ၏။ တဦးကိုတဦး ဝတ်လစ်စလစ် (=ကိုယ်တုံးလုံး)လဲ တွေ့ကြ, မြင်ကြ, ကြည့်ရှုကြရ၏၊ ထိုသူတို့ အချင်းချင်း ထိမ်းမြားခြင်းကြောင့် ချစ်ကြည် နှစ်သက်ခြင်း ဘယ်တော့မှ မဖြစ်နိုင်ရာ။

(၂) တနည်း, ရေတွင် ရေကို ရောခြင်းကြောင့် တစုံတရာ ထူးခြားခြင်း မဖြစ်သလို၊ အနွယ်တနွယ်တည်း၌ မိဘ၏ အမျိုးထဲတွင် အိမ်ထောင်ပြုခြင်းဖြင့်၊ သုတ်သွေးဗီဇ ပြောင်းလွဲခြင်း မဖြစ်နိုင်လေသောကြောင့် ပြောင်းလဲတိုးတက်ခြင်း မဖြစ်နိုင်ချေ။

(၃) နွားနို့တွင် သကြား သို့မဟုတ် ချင်းခြောက်စသည် ရောနှောခြင်းဖြင့် ထိုနို့၏ တန်ခိုးသတ္တိ ပိုမိုတိုးတက်လာဘိ သကဲ့သို့၊ အခြားသော အနွယ်ဝင် မိဘအမျိုးမှ ခြားနားသော မိန်းခလေးယောက်ျားကလေးတို့၊ အိမ်ထောင်ဘက်ခြင်းကြောင့် မြင့်မြတ်နိုင်သည်။

(၄) တိုင်းပြည်တပြည်၏ ရေ လေ ဥတုကြောင့် ရောဂါရောက်သောသူသည် အခြားတပြည်၏ ရေ လေ ဥတု အစာအာဟာရ ပြောင်းပေးခြင်းကြောင့်. ရောဂါကင်းသည့် နည်းတူ၊ ရပ်ဝေးနေသူတို့နှင့် ပေါင်းဘက်ခြင်းသည် မြတ်၏။

(၅) ရပ်နီး ရွာနီးချင်း ဆက်သွယ်ရာ၌ တဦးနှင့်တဦး၏ ချမ်းသာဆင်းရဲကို ချက်ခြင်း တွေ့မြင် ကြားသိရသဖြင့် စိတ်ကို ထိခိုက်ပူပင်ရတတ်၏၊ မသင့်မတင့်လည်း၊ ချက်ခြင်း ဖြစ်တတ်၏။ ဝေးလံသော အရပ်၏ အဖြစ်အပျက်ကိုကား ရုတ်တရက် မတွေ့မသိနိုင်ရာ။ ရပ်ဝေးနေသူတို့နှင့် ပေါင်းသင်းခြင်း၌ ဝေးသလောက်ပင် ချစ်ကြိုးလည်း ရှည်လျား၍ အိမ်နီးချင်း၌ကား၊ မရှည်နိုင်ချေ။

(၆) ရပ်ဝေးနှင့် ဆက်သွယ်ခြင်း၌ ထိုထိုအရပ်ဒေသ၏ အလေ့အလာဝတ္ထုပစ္စည်းများ၊ တပြည်နှင့်တပြည် ဖလှယ်ခြင်း လွယ်လင့်တကူ ဖြစ်နိုင်လေရာ၊ ရပ်နီးချင်း၌ မဖြစ်နိုင်ချေ။ ထို့ကြောင့်—

ဒုဟိတာ ဒူဟိတာ ဒူရေဟိတာ ဘဝတီတိ။
(နိရု. ၃၊ ၄)။

သတ္တိုဘ်မီးကို "ဒုဟိတာ" ဟု ခေါ်တွင်ခြင်းမှာ၊ သူမသည် ဝေးကံသောအရပ်၌ ထိမ်းမြားမင်္ဂလာဆောင်ခြင်းကြောင့် အကျိုးထရေး တိုးပွား၏၊ အနီး၌ကား မတိုးပွားနိုင်ချေ။

(၇) သတို့သမီး၏ မိဘတို့သည် ဆင်းရဲနွမ်းပါးသည်လည်း ဖြစ်နိုင်ရာ၏။ အကြောင်းကား, နီးသောကြောင့် သတို့သမီး ခနခန အလည်လာတိုင်း၊ ပေးရကမ်းရ၏။

(၈) ရပ်နီး ရွာနီးစပ်ဆိုလျှင် အချို့သည် မိဘ၏ မာနလည်း ထားရှိတတ်ကြလေရာ၊ လင်မယားချင်း အနည်းငယ် ရန်ဖြစ်ရုံနှင့်၊ သတို့သမီးသည် ချက်ခြင်း မိဘအိမ်သို့ ထွက်သွားတတ်၏။ တဦးနှင့်တဦးကို အပြစ်များများ ပြောတတ်၏။ ရန်လည်း ခနခန တွေ့တတ်၏။ အဘယ့်ကြောင့်ဆိုသော်, မိန်းမတို့ စိတ်သဘောထားသည် နူးညံ့သလောက်၊ ထက်လဲထက်တတ်၏။ (စိတ်ထွက်လွယ်၏—ချော့လျှင်လည်း ပါလွယ်၏)။ ထိုဖြစ်ပါသောကြောင့် အဖနှင့်အနွယ်တူ၊ အမိ၏ အမျိုးဘက်မှ ခြောက်ဆက်အတွင်း၊ ရင်းခြင်း ရပ်နီးချင်း အိမ်ထောင်ပြုခြင်းသည် မကောင်းပေ*။

မဟာန္တျပိ သမြိဒ္ဓါနိ ဂေါဇာဝိဓနဓာန္ယတး၊
ဿြီသမ္ဗန္ဓေ ဒၑဲတာနိ ကုလာနိ ပရိဝဇ္ဇယေတ်။
(မနု· ၃၊ ၆)။

ရွှေငွေဥစ္စာ၊ ဆံရေစပါး၊ နွား၊ ဆိတ်၊ ဆင်၊ မြင်း၊ လယ်ယာနယ်မြေနှင့် ပြည့်စုံကုံလုံသော အမျိုးအနွယ် ဖြစ်စေကာမူ၊ အောက်ပါ အမျိုးဆယ်ပါးကို ကြဉ်ရှောင်အပ်၏။

ဟီနကြိယံ နိသ္ပုရုသံ နိစ္ဆန္ဒော ရောမသာသ်သမ်၊
ကျယျာမယာဝျ ပသ္မာရိသွိတြိကုဋ္ဌိ ကုလာနိစ။

(မနု· ၃၊ ၇)။

ကောင်းမြတ်သော အမှုကိစ္စမှကင်းသော၊ သူတော်ကောင်းမှကင်းသော၊ ဝေဒကျမ်းဂန်ကို မသင်ကြားသော၊ ကိုယ်ခန္ဓာ၌ ရှည်လျားကြမ်းကြုတ်သော၊ အမွေးရှိသော၊ ဒုလာရောဂါ အဆုတ်ရောဂါ ခြောင်းဆိုးရောဂါ၊ အစာမကြေရောဂါ၊ ဝက်ရူးကြက်ရူးရောဂါ၊ သမင်ပြူနူနာ၊ အရည်ပျော်ကျသောနူနာ၊ ရှိသော အမျိုး၏ သတို့သား သတို့သမီးတို့နှင့်

---

* ယခုကာလ မြန်မာလူမျိုးတို့အဘို့မှာ၊ မဖြစ်နိုင်တော့ပြီ။ စာရေးသူ၏အသိလူကြီးတယောက်မှာ၊ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကို ရွေးချယ်စီစစ်နေရင်း၊ ခေတ်ပညာတတ်သမီးသည်၊ ဦးထုပ်နီမိုဆလင်ကုလားနှင့် လိုက်ပြေးသွားသောကြောင့်၊ ဘခင်လုပ်သူမှာ ရင်ကွဲကျန်ရစ်ခဲ့ရှာ၏။

လက်မထပ်အပ်ပေ။ အဘယ့်ကြောင့်ဆိုသော်, ဤရောဂါဆိုးတို့သည် ပေါင်းသင်းသော အမျိုးသို့ သက်ရောက် ကူးစက်တတ်သောကြောင့် အဆိုပါ ရောဂါမှကင်း၍ ကျန်မာမြင့်မြတ်သော အမျိုး၌သာ အိမ်ထောင်ပြုအပ်၏။

နောဒွဟေတ္တုပိလာံ ကဏျာံ နာဓိကာင်္ဂီ န ရောဂိဏိံ၊
နာလောမိကာံ နာတိလောမာံ နဝါစာဋာံ န ပိင်္ဂလာံ။
(မနု· ၃၊ ၈)။

ဝါသော အဆင်းအရောင်ရှိသူ၊ အလွန်ရှည်သူ၊ အလွန်ဝ၍ အားကြီးသူ၊ ရောဂါရှိသူ၊ အမွေးမရှိသူ၊ အမွေးများလွန်းသူ၊ စကားများလွန်းသူ၊ မျက်လုံးပြာသူတို့နှင့် လက်မထပ်အပ်ပေ။

နက္ချ ဗြိက္ခ နဒီနာမ္နိံ နာန္တျ ပဗ္ဗတနာမိကာံ။
နပက္ချဟိ ပြေသျနာမ္နိံ နစဘီသဏာ နာမိကာံ။
(မနု· ၃၊ ၉)။

နက္ခတ်အမည်၊ ဥပမာ, အဿဝဏီ၊ ဘရဏီ၊ ရောဟိဏီ၊ ရေဝတီ၊ စိတြာစသော နက္ခတ်အမည် မှည့်ခေါ်ထားသူ၊ ပင်စိမ်း၊ ရှတ်တာရော၊ နှင်းဆီ၊ စပယ်၊ စကာဝါစသော သစ်ပင်အမည် မှည့်ထားသူ၊ ဂင်္ဂါ၊ ယမုနာစသော မြစ်အမည် မှည့်ထားသူ၊ စဏ္ဍာလီစသော ယုတ်ညံ့သော အမျိုးနာမည် မှည့်ထားသူ၊ ဝိန္ဓျာ၊ ဟိမာလယာ၊ ပါဗ္ဗတီစသော တောင်အမည် မှည့်ထားသူ၊ ကောကိလာ၊ (=ဥဩ)၊ မိုင်နာ (=သာလိကာ) စသော ငှက်အမည် မှည့်ထားသူ၊ နာဂီ (နဂါးမ)၊ ဘုဇင်္ဂါ (=မြွေမ) စသော မြွေအမည် မှည့်ထားသူ၊ မာဓောဒါသီ၊ မီရာဒါသီ စသော အစေအပါး ကျေးကျွန်မအမည် မှည့်ထားသူ၊ ဘိမကုံဝရီ၊ စဏ္ဍိကာ၊ ကာလီ စသော ကြောက်ဘွယ်ကောင်းသော အမည်မှည့်ထားသူ၊ မိန်းမပျိုတို့နှင့် လက်မထပ်အပ်။ အဘယ့်ကြောင့်ဆိုသော် ဤအမည်တို့သည်၊ ရှုံ့ချယုတ်ညံ့ ပယ်စွန့်အပ်သော အမည်များ ဖြစ်သည့်ပြင် အခြားသတ္တဝါ တောတောင် သစ်ပင်တို့အမည်များ ဖြစ်သောကြောင့်ပေတည်း။

အဗျင်္ဂါင်္ဂီ သောမျနာမ္နိံ ဟံသဝါရဏဂါမိနိံ၊
တနုလောမကေသဒသနာံ မြိဒွင်္ဂီမုဒွဟေတ် ဗြိယမ်။
(မနု· ၃၊ ၁၀)။

ဖြောင့်တန်း ကျော့ရှင်းသောကိုယ်၊ လှပသောအမည်–ယသောဒါ, သုခဒါစသော အမည်နာမ၊ ဟသ်ာနှင့် ဆင်ကဲ့သို့ သွားတတ်သော၊ နူးညံ့သော အမွေးအမှင်၊ လှပစွာေသောသွား၊ နူးညံ့ပျော့ပြောင်းသော ကိုယ်ခန္ဓာရှိသူ သတို့သမီးတို့နှင့် လက်ထပ်အပ်၏။

အမေး။ ။မင်္ဂလာဆောင်ရန် ကောင်းမြတ်သော အချိန်နှင့် နည်းနာ ဘာလဲ ?

အဖြေ။ ။အသက် ၁၆-နှစ်မှ ၂၄-နှစ်အထိ၊ မိန်းခလေး၊ အသက် ၂၅-နှစ်မှ ၄၈-နှစ်အထိ၊ ယောက်ျားကလေးတို့ အိမ်ထောင်ပြုရန် ကောင်းမြတ်သော အချိန်ဖြစ်သည်။ ဤနေရာ၌–

မိန်းကလေး အသက် ၁၆-နှစ်၊ ယောက်ျားကလေး အသက် ၂၅-နှစ်တွင် ပြုသော အိမ်ထောင်ကို အယုတ်။

မိန်းကလေး အသက် ၁၈- သို့မဟုတ် ၂၀-၊ ယောက်ျားကလေး အသက် ၃၀- ၃၅- ၄၀-တွင် အိမ်ထောင်ပြုခြင်းကို၊ အလယ်။

မိန်းကလေး အသက် ၂၄-နှစ်၊ ယောက်ျားကလေး အသက် ၄၈-နှစ်တွင် ပြုသော အိမ်ထောင်ကို အမြတ်ဟုခေါ်သည်။

အကြင် တိုင်းပြည်တွင် အိမ်ထောင်ပြုသော နည်းနာကောင်းမြတ်၍ သုက်သွေးကို ထိန်းသိမ်းသော ဗြဟ္မစရိယအကျင့်နှင့် အတတ်ပညာကို ကြိုးစား လေ့လာခြင်း များသလောက် ထိုတိုင်းပြည်သည် တိုးတက်ချမ်းသာသလို၊ အဆိုပါ ဗြဟ္မစရိယ အကျင့်တရားပျက်၍ ပညာမှ ကင်းခါ၊ အရွယ်ကောင်းစွာ မရောက်မီ ကိုယ် စိတ် အရည်အချင်းမှ ကင်းသော သူတို့နှင့် အိမ်ထောင်ပြုခြင်းဖြင့် အမျိုးမျိုးသော ဒုက္ခဆင်းရဲတို့၌ နစ်မွမ်းခံစံကြရလေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဗြဟ္မစရိယ၊ ပညာဆည်းပူးခြင်းနှင့်တကွ အိမ်ထောင်ပြုခါ၊ ပြုပြင်ပေးမှသာ အခြားသော အရာတို့လည်း ပြောင်းလွဲတိုးတက်နိုင်သဖြင့်၊ ဤသို့မဟုတ်ပါက, အရာရာ ဆုတ်ယုတ် ပျက်ပြားရလေသည်။

အမေး။ ။အဋ္ဌဝဿာ ဘဝေဒ် ဂေါရီ, နဝ ဝဿာ စ ရောဟိဏီ။
ဒသ ဝဿာ ဘဝေတ္ကညာ, တတော ဥဒ္ဓံ ရဇဿလာ။ ၁။
မာတာ စေဝ ပိတာ တဿျာ, ဇျေဋ္ဌော ဘြာတာ တထေဝ စ။
တြယဿ္တေ နရကံ ယာန္တိ၊ ဒြိဋ္ဌွာ ကညံ ရဇဿလာမ်။ ၂။

ဤကား ပါရာသရီနှင့် ဘိဉ္စာဗောဓ ကျမ်းလာ စကားဖြစ်သည်။ အဓိပ္ပါယ်ကား, မိန်းခလေး၏ ရှစ်နှစ်မြောက် မင်္ဂလာဆောင်ခြင်း၌ ဂေါရီ၊ ကိုးနှစ်မြောက်မှာ ရောဟိဏီ၊ ဆယ်နှစ်မြောက်မှာ ကညာ၊ ထိုမှ နောက်ကို''ရဇသလာ'' (ဥတုရာသီ ရောက်ပြီး မိန်းမ) ခေါ်တွင်သည်။ ၁။ အသက် ဆယ်နှစ်မြောက်သည် တိုင်အောင် မထိမ်းမြားမူ၍, ရာသီ ရောက်သော သတို့သမီးကို မြင်ကြည့်သော မိဘ အစ်ကိုကြီးသည် ငရဲ ရောက်ကြကုန်ရာ၏။

အဖြေ။ ။ပြုပဗ္ဗာဝါစ။

ဧကဗ္ဗာဗာ ဘဝေဒ် ဂေါရီ၊ ဒွိကျွာဗော ယန္တု ရောဟိဏီ။
ဒြိ ကျွာဗာ သာ ဘဝေတ် ကန္ဒျာ ဟုတ ဉ္ဓုင္ဒ ရဇသွလာ။ ၁။
မာတာ ပိတာ တထာ ဘြာတာ၊ မာတုလော ဘဂိနီ သွကာ။
သဗေ်တေ နရကံ ယန္တိ၊ ဒြိဋ္ဌာ ကန္ဒျံ ရဇသွလာမ်။ ၂။

ဤကား ပြုပဗ္ဗပုရာဏ်ကျမ်း စကားဖြစ်သည်။ အဓိပ္ပါယ်ကား ပရမာဏုမှ တပြန်ပြန်သော အချိန်အပိုင်း အခြားကို ''ခဏ'' ဟု ခေါ်သည်။ မိန်းခလေး မွေးဘွားသော အခါ၌ တခဏ၌ ဂေါရီ၊ အခြား တခဏ၌ ရောဟိဏီ၊ သုံးခဏ၌ ကညာ၊ လေးခဏ၌ ရဇသလာ ဖြစ်သွားသည်။ ၁။ ထိုရဇသလာကို မြင်၍ သူ၏မိဘ၊ အစ်ကို၊ ဦးလေး နှင့် ညီမတို့သည် ငရဲသို့ ရောက်ကြကုန်၏။ ၂။

အမေး။ ။ဤဂါထာများမှာ ယုတ္တိသာဓက မရှိ။

အဖြေ။ ။ဘာ့ကြောင့် သာဓက မရှိသလဲ? ပြုပဗ္ဗာကြီး၏ ဂါထာမှာ အထောက်အထား မရှိခဲ့လျှင် ခင်ဗျား၏ ဂါထာမှာလည်း ယုတ္တိသာဓက မရှိနိုင်ရာ။

အမေး။ ။အောင်မယ် ပရာသရနှင့် ကာသိနာထ စကားကိုတောင် အထောက် သာဓက မရှိဆိုနိုင်မလား။

အဖြေ။ ။အောင်မယ်လေး ဆရာကြီးရဲ့ ပြုပဗ္ဗာကြီးကိုတောင် ယုတ္တိ မရှိလို့ ခင်ဗျားဆိုရင်၊ ပြုပဗ္ဗာကြီးဟာ ပရာသရ၊ ကာသိ နာထတို့ထက် မကြီးမြတ်ဘူးလား။ ခင်ဗျားက ပြုပဗ္ဗာကြီးရဲ့ ဂါထာကို မယုံဘူးဆိုရင်၊ ကျုပ်ကလည်း ပရာသရ၊ ကာသိ နာထတို့ ဂါထာကို မယုံနိုင်ဘူး။

အမေး။ ။သင့်ဂါထာဟာ မဖြစ်နိုင်သော စကားဖြစ်လို့ ယူတ္တိမရှိဘူး။ ဘာ့ကြောင့်လဲဆိုရင်၊ ခဏပေါင်း ထောင်သောင်းမက၊ မွေးဘွားစဉ်ပင် ကုန်လွန်သွားလို့ရှိရင် ဘယ်လို မင်္ဂလာဆောင်နိုင်တော့မလဲ။ ထိုအချိန်မှာ မင်္ဂလာဆောင်ရခြင်း အကျိုးကျေးဇူးလဲ မမြင်မတွေ့ရဘူး။

အဖြေ။ ။ဘျုပ် ဂါထာဟာ မဖြစ်နိုင်ဘူး ဆိုရင်၊ ခင်ဗျားရဲ့ ဂါထာလဲ မဖြစ်နိုင်ဘူး။ ဘာ့ကြောင့်လဲ ဆိုရင်၊ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် အရွယ်မှာ ထိမ်းမြားရင်လဲ ဘာမှအကျိုး မများဘူး။ ဘာ့ကြောင့်လဲဆိုရင်, ၁၆-နှစ်မှ နောက်၊ ၂၄-နှစ် အထိ ထိမ်းမြားရင်, ယောကျ်ားဓါတ်သုက်သွေး ခိုင်မာဖြည့်တင်း၊ မိန်းခလေးရဲ့၊ သားအိမ်လည်းပြည့်ပြီး၊ ခန္ဓာလည်း ခွန်အားဗလနှင့်ပြည့်စုံလို့၊ မွန်မြတ်သန်မာတဲ့ သားသမီး ဖွားမြင်နိုင်ပါတယ်*။ ရှစ်နှစ်ရွယ် ခလေးမဟာ၊ သားဖွားခြင်း မပြုနိုင်သေး

* သင့်လျော်သော အရွယ်ထက်ငယ်သော (အရွယ်ကောင်းစွာ မရောက်သေးသော) မိန်းမတို့ကို ပဋိသန္ဓေပေးခြင်းကို မနုဂန္ထရှိ ဆရာက သုသုတကျမ်းမှာ တားမြစ်ထားပေသည်။

ဦနသောဍသဝ သ်ာယာမ ပြာပ္တား ပဉ္စဝိံသတိမ်။
ယဒျာဓတ္တေ ပုမာန် ဂဘ်ံ ကုက္ကိုျသ္တား သဝိပဒျတေ။
ဇာတောဝါ နစိရဉ္ဇီဝေတ္တိုဝေဒွါ ဒုဗ်လေန္ဒြိယး။
တသ္မာဒတျန္တဗာလာယာ ဂဘ်ာဓာနံ နကာရယေတ်။
(သုသြုတသာရီရည္ဿာနေ-အ• ၁၀၊၈ ါထာ• ၄၇၊၄၈)။

အနက်ကား — ၁၆-နှစ်ထက် ငယ်သော မိန်းကလေး၌ ၂၅-နှစ်ထက် ငယ်သော ယောကျ်ားကလေးက ပဋိသန္ဓေပေးခဲ့သော်၊ ထိုဝမ်းတွင်း၌ ရအပ်သော ပဋိသန္ဓေသည် ဖျက်စီးခြင်းသို့ရောက်၍– တနည်းကား, ဆယ်လစေ့သည့်တိုင်အောင် ဝမ်းတွင်းပဋိသန္ဓေတည်နေမွေးဖွားခြင်း မဖြစ်နိုင်ချေ။ တနည်း မွေးခဲ့ပြန်လျှင်လည်း ခလေးအသက် မရှည်ရာ။ အသက်ရှည်သော်လည်း၊ ခွန်အားနည်းသူ ဖြစ်ရာသည်။ ထို့ကြောင့် အရွယ်ကောင်းစွာ မရောက်သေးသော မိန်းကလေး၌ ပဋိသန္ဓေ မပေးရာ။ ၂။

ဤကဲ့သို့သော ကျမ်းလာနည်းနာနှင့် ကမ္ဘာလောက၏ သဘာဝတရားတို့ကို ကြည့်ခြင်း စဉ်းစားခြင်းဖြင့် ၁၆-နှစ်ထက် ငယ်သော မိန်းကလေးနှင့် ၂၅-နှစ်ထက် ငယ်သော ယောကျ်ားကလေးတို့သည် ဘယ်တော့မှ ပဋိသန္ဓေ ပေးထိုက်သည် မဟုတ်ချေ၊ ဤနည်းနာနှင့် ဆန့်ကျင်ဘက် ကျင့်ကြံအားထုတ်သူတို့သည် ဒုက္ခဆင်းရဲတို့ကို ခံစားကြရကုန်၏။ (သ•ဓါ•)။

သလို၊ ကိုးနှစ် ဆယ်နှစ် အရွယ်လည်း ဒီအတိုင်းပင် ဖြစ်ပါတယ်။ ဒါ့ကြောင့် ဂေါရီ ရောဟိဏီဆိုတဲ့ အမည်ပေးခြင်းဟာလဲ၊ ယုတ္တိမရှိပါ။ တကယ်လို့ မိန်းခလေးဟာ အသားမဖြူဘဲ မဲနေပြန်ရင်လဲ၊ ဂေါရီ (=မယ်ဖြူ)လို့ နာမည်တပ်ထားအလဟဿဖြစ်ပါတယ်။ ဂေါရီဟာ မဟာဒေဝီ၏ဇနီး၊ ရောဟိဏီဟာ ဝါသုဒေဝ၏ဇနီးဖြစ်လို့၊ ခင်ဗျားတို့ ပုရာဏ်ကျမ်းကို ယုံကြည်သူတွေက၊ အမေလို ယူဆရိုသေကြတယ် မဟုတ်ဘူးလား။ မိန်းခလေးတိုင်းကို ဂေါရီလို့ မှတ်သားထားကြမည်ဆိုရင် ထိုသူနှင့် ဘယ်လိုမင်္ဂလာဆောင်လို့ တော်မှာလဲ။ တရေးနည်းလမ်းကျမှာလဲ။ ဒါ့ကြောင့် ခင်ဗျားနှင့် ကျုပ်ရဲ့ ဂါထာအားလုံး အမှားတွေ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ကျုပ်ကလဲ ''ဗြဟ္မောဝါစ'' (=ဗြဟ္မာကြီးတယောက်ဟောတော်မူသည်ကား) ဆိုခါ ဂါထာ စီကုံးလိုက်တယ်။ ဒီအတိုင်းပင် သူတို့ကလည်း ပရာသရစတဲ့ ရသေ့ကြီးတွေရဲ့ နာမည်ကိုယူပြီး စီကုံးထားခဲ့ကြတယ်။ ဒါကြောင့် ဒီလိုယုတ္တိသာဓက အားလုံးကို စွန့်ပြီး ဝေဒကျမ်းလာ ယုတ္တိသာဓက အတိုင်း၊ ဘာမဆို လုပ်သင့်ကြပါတယ်။ မနုကျမ်းမှာ ကြည့်ပါ။

တြီဏိ ဝသ်ာဏျုဒိက္ခေတ ကုမာရျ်ိတုမတီ သတီ၊
ဦရ္ဓွံတု ကာလာဒေတသ္မာဒွိံဒေတ သဒြိသံ ပတိံ။
(မနု· ၉၊ ၉၀)။

(ကညာ) သတ္တုတွေ့သည့် ဥတုရာသီ ရောက်ပြီးနောက်၊ သုံးနှစ်တိုင် လင်ရှာပြီးလျှင် မိမိနှင့်တူသော လင်ကို ရယူရာ၏။ တလတကြိမ် ရာသီလာခဲ့လျှင် သုံးနှစ်တွင် သုံးဆယ့်ခြောက်ကြိမ် လာပြီးမှ အိမ်ထောင်ပြုရာသည်။ သည့်ထက်စော၍ မပြုသင့်ပေ။

ကာမမာမရဏာတ္တိဋ္ဌေဒ္ ဂြိဟေ ကန္ယတ္တုမတျပိ၊
နစဝေနာံ ပြယစ္ဆေတ္တု ဂုဏဟီနာယ ကရှိစိတ်။
(မနု· ၉၊ ၈၉)။

မိန်းကလေး ယောကျ်ားကလေးသည် တသက်လုံး အပျိုလူပျို အဖြစ်ဖြင့် နေလိုက နေပါစေ, သို့သော် မိမိနှင့် ဂုဏ်, သဘာဝ မတူသောသူနှင့် ဘယ်တော့မှ အိမ်ထောင်မပြုရာ။ ဤစကား အစဉ်ဖြင့်လည်း ပြခဲ့သော အရွယ်ထက်စောချိုင်း၊ စိတ်သဘောထားခြင်း မတူသော သူနှင့်ရင်း အိမ်ထောင်ပြုခြင်း မပြုအပ်ဟု ဆိုရာရောက်၏။

အမေး။ ။အိမ်ထောင် ပြုခြင်းသည် မိဘ၏ သဘောအတိုင်း ဖြစ်ရမလား၊ သို့မဟုတ် သတို့သား သတို့သမီး သဘောအတိုင်း ဖြစ်ရမလား။

အဖြေ။ ။သတို့သားသတို့သမီး သဘောအတိုင်းပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။ မိဘ၏ ဆန္ဒအတိုင်း ပြုခဲ့လျှင်လည်း၊ သားသမီးတို့ သဘောတူညီခြင်းကို ကြည့်ပြီးမှ ပြုသင့်သည်။ အကြောင်းကား, နှစ်ဦးသဘောတူ အိမ်ထောင်ဖက်ရာ၌ ခိုက်ရန်နဲ၍၊ သားကောင်း သမီးကောင်း ရတတ်လေသည်။ သဘောမတူ-အိမ်ထောင်ဘက်ရာ၌ နေ့စဉ်နေ့တိုင်း ခိုက်ရန်ဖြစ်တတ်သည်။ အိမ်ထောင်ဘက်ရာတွင် လိုရင်းပဓာန ရည်ရွယ်ချက်သည်၊ မိန်းကလေး-ယောကျ်ားကလေးတို့သာဖြစ်၍၊ မိဘမဟုတ်ပေ။ မလို-လင်မယား၌ ဒုက္ခသာ ပွားတတ်၍၊ လို-လင်မယား၌ စည်းစိမ်ချမ်းသာ ပွားတတ်သည်၊

သန္တုဋ္ဌော ဘာယျာ ဘတ္တျာ ဘတြာ ဘာယျာ တထေဝ စ။
ယသ္မိန္နေဝကုလေ နိတျံ ကလျာဏံ တတြဝေ ဓြုဝံ။
(မနု· ၃၊ ၆၀)။

လင်နှင့် မယား အခါခပ်သိမ်း ကြည်သာ ရွှင်ပြ နေကြသော အမျိုး၌ ရွှင်ပျော်ဝမ်းမြောက်ခြင်း၊ ပစ္စည်းဥစ္စာနှင့် အကျော်အစောသည် တည်နေ၏။ တဦးနှင့်တဦး ဆန့်ကျင်ခြင်း၊ ခိုက်ရန်များခြင်း ဖြစ်နေသော အမျိုး၌၊ ဆင်းရဲဒုက္ခများခြင်း၊ ဥစ္စာချို့တဲ့ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းတရားများ တည်နေ၏။ ဤသို့ဖြစ်သောကြောင့် ပန်းကုံးစွပ်၍ အိမ်ထောင်ပြုသော ဓလေ့ထုံးစံသည် အိန္ဒိယ၌ ရှေးပဝေသဏီကပင် ဆင်းသက်လာခဲ့၏။ ဤလက်ထပ်နည်းသည်ပင် အကောင်းဆုံးနည်း တခုဖြစ်၏။ မိမ္မ ယောကျ်ားတို့ အိမ်

ထောင် ပြုလိုသောအခါ၊ အတတ်ပညာ၊ ယဥ်ကျေးမှု၊ အကျင့်သီလ၊ ရုပ်ရေအဆင်း၊ အသက်အရွယ်၊ ကာယဗလ၊ အမျိုးအနွယ်၊ ခန္ဓာကိုယ် ပမာဏ စသည် တူညီမျှတရာသည်။ ဤသို့ မတူညီဘဲ ကွဲပြား ခြား နားနေမည်ဆိုလျှင် အိမ်ထောင်ပြုခြင်း၌ ဘာမှ စည်းစိမ်ချမ်းသာမရှိရာ။ ငယ်ရွယ်စဉ်၌ အိမ်ထောင် ပြုရာတွင်လည်း၊ စည်းစိမ်ချမ်းသာကို မရ နိုင်ရာ။

ယုဝါ သုဝါ သားပရိဝိတ္တ အာဂါ္ဂ ဥ ဩြယာ်န္တဝတိ စာယ် မာနး၊ တံဝိရေ်သး ကာ၀ယ ဥန္နံ့ယန္တိ သွာေယ္ရွိ မနံသာ ဓေဝ ယန္တုံး။

(၁။ ရိ၊ မံ- ၃။ သူ- ၈၊ မံ- ၄)။

အာဓြေနဝေါ် ရုနယန္တာမထိ၊ ည္ဗိး သဗဒိုဃား သသုယာ အပြေ ဒ ဂါး၊

နဗျာ်နဗျာ ယုဝတယော ဘဝ်န္တိမ်ဟာ ဓွေဝါနှာ်မ သုရတွမေ ကာ်မ်။

(၂။ ရိ၊ မံ- ၃၊ သူ- ၅၅၊ မံ-၁၆)။

ပူဝိ‌ဳရဟံ သုရဒ်း သဩြ မာဏာ ဓေါသာ ဝဇ္ဇော်ာ ရှုသသော ဇုရယံန္တိး၊ မိနာတိ ဩြိယံ ဇရိမာ ဘနူနာမပျူ နှဲ ပဏ္ဍိဩြိ‌ဳသ် ဏော ဇဂမျူး။

(၃။ ရိ၊ မံ-၁၊ သူ-၁၇၉၊ မံ-၁)။

အကြင်ယောကျ်ားသည် (ပရိဝိတား) အပေါက်ဖက်မှ စလွယ်ထင်ခြင်း၊ ဗြဟ္မစရိယ အကျင့်ကို ကျင့်ခြင်းဖြင့် မြတ်သော အသရမှုနှင့် အတတ် ပညာဖြင့် ပြည့်စုံသော၊ (သုဝါသား) ပြုစင်လှပသော အဝတ်ကို ဝတ် ဆင်လျက် ဗြဟ္မစရိယ အကျင့်တရားနှင့် ပြည့်စုံသော (ယုဝါ) အရွယ် ကောင်းစွာ ရောက်၍ အတတ်ပညာ သင်ယူ တတ်မြောက်ပြီးနောက် အိမ်ယာထောင်သော လူ့ဘောင်သို့ (အာဂါတ်) လာ၏။ (သာ, ဥ) ထိုသူသာလျှင် အခြား အတတ်ပညာသည်ဘဝ၌၊ (ဇာယမာနး) ထင်ရှား သည်ဖြစ်၍ (ဩြယာန်) မြင့်မြတ်သည်၊ (ဘဝတိ) ဖြစ်၏။ (သွာဓျိး) ကောင်းစွာ နှလုံးသွင်းခြင်းနှင့်တကွ၊ (မနသာ) စိတ်ဖြင့် (ဓေဝယန္တုး)

ပညာတိုးတက်ခြင်းကို လိုလားခြင်းနှင့်တကွ၊ (ဝီရာသး) တည်ကြည်ခြင်းနှင့်တကွ (ကဝယး) ပညာရှိတို့သည် (တမ်) ထိုယောကျ်ားကို (ဥန္နယန္တိ) တိုးတက်ကြီးပွားစေကုန်၏။ အကြင်သူသည် ဖြပဉ္စရိယ အကျင့်၊ အတတ်ပညာနှင့်၊ မြတ်သော အဆုံးအမတို့ကို မခံယူ မဆောက်တည်ဘဲ၊ (တနည်း) ငယ်ရွယ်စဉ်က အိမ်ထောင်ပြုသူတို့သည်၊ ပျက်စီးဆင်းရဲသည်ဖြစ်၍ ပညာရှိ သူတော်ကောင်းတို့အလယ်၌ ဂုဏ် ကြွက်သရေကို မရနိုင်ရာ။ ၁။

အကြင်သူသည် (အပြဒုဋ္ဌါး) တစုံ တာယာက်သော သူသည်နို့မညှစ်သေးသော (ဓေနဝး) နွားမကဲ့သို့၊ (အသိသွီး) သူငယ်အဖြစ်မှကင်းသည်ဖြစ်၍ (ဝါ) အရွယ်ရောက်သည်ဖြစ်၍၊ (သဗဒိုဃား) အားလုံးသော ကောင်းမြတ်သော ပြုမှုဆောင်ရွက်ခြင်းကို ပြီးမြောက်ပြည့်စုံစေပြီးဖြစ်သော၊ (သသယား) လူပျိုအဖြစ်မှ လွန်မြောက်ပြီးသော (နဗျာနဗျား) အသစ်အသစ်ဖြစ်သော ဆုမ္မာြဝါဒ၊ အသက်အရွယ်နှင့် ပြည့်စုံသော (ဘဝန္တီး) ယခုပစ္စုပ္ပန်ကာလ၊ (ယုဝတယး) အရွယ်ကောင်းစွာရောက်ပြီးသော မိန်းမပျိုးသည်၊ (ဒေဝါနာမ်) ဖြပဉ္စရိယ အကျင့်တရားတို့နှင့် ပြည့်စုံသော ပညာရှိတို့၏၊ (ဧကမ်) ပြိုင်ဘက်မရှိ တဦးတည်းသာဖြစ်သော၊ (မဟာတ်) ကြီးမြတ်သော (အသုရတွမ်) ပညာကျမ်းဂန်ပါ အဆုံးအမ ဩဝါဒနှင့် ယှဉ်သည် ဖြစ်၍ ပညာ၌ မွေ့လျော်သော အနက်အဓိပ္ပါယ်ကို ရပြီးလျှင် ပျိုရွယ်သော လင်ယောကျ်ားတို့ကို ရလျက်၊ (အာရနယန္တ္တာမ်) ပဋိသန္ဓေကို ဆောင်ရာ၏။

အရွယ်မရောက်မှီက၊ ယောကျ်ားကို ဘယ်တော့အခါမှ မိတ်မကူးရာ။ အဘယ့်ကြောင့်ဆိုသော်, ဤ (တရားသဖြင့်) အိမ်ထောင်ဖက်ခြင်းသည် ပင် ပစ္စုပ္ပန် တမလွန် နှစ်တန်သော ချမ်းသာသုခကိုရရန်၊ နည်းလမ်းဖြစ်သောကြောင့်ပေတည်း။ အရွယ်မရောက်ခင်က၊ အိမ်ထောင်ပြုရာ၌ ယောကျ်ားထက်ပို၍ မိန်းကလေးကို၊ ဆုတ်ယုတ်ပျက်စီးခြင်း ဖြစ်စေတတ်သည်။ ၂။

ဥပမာ (နူ) အမြန် (သဩမာဏား) အလျှင်အမြန် အားထုတ်တတ်သော၊ (ဗြိသဏး) သုက်ကိုသွတ်ထုတ် သွန်းလောင်းခြင်း၌ တတ်စွမ်း၍ အရွယ်ကောင်းစွာ ရောက်ပြီးဖြစ်သော ယောကျ်ားသည်။ (ပတ္တီး) ဇနီးကို၊

(ဇဂမျူး) ရသည်ဖြစ်၍ အသက်ရာပြည့်၊ ရွှင်ပျော်ချမ်းသာစွာ နေရ ထိုင်ရသည့်ပြင် သား မြေး အခြွေအရံတို့နှင့် ပြည့်စုံသည် ဖြစ်ရာ၏။ ဥပမာ–(ပုဗ္ဗိုး) အတိတ်ပစ္စုပ္ပန်ကာလ (သရဒး) သရဒ ဥတုများတို့ဖြင့် (ဇရယန္တိုး) အိုမင်းစေတတ်သော (ဥသသး) နံနက်အချိန်ကာလတို့ကို (ဒေါသာ) ညဉ့် (ဝဌေ္တာ) နေ့၊ (တန္ဓနာမ်) ခန္ဓာကိုယ်တို့၏ (ဘြိယမ်) တင့်တယ်ခြင်းကို (ဇရိမာ) ဆွေးမြေ့ အိုမင်းစေ၏။ ထို့အတူ (အဟာမ်) ငါတို့–ယောကျာ်းမိန်းမတို့သည်၊ (ဥ) ကောင်းစွာ (အဝိ) စိတ်ဆုံးဖြတ် ချက်ချလျက်၊ ဗြဟ္မစရိယ အကျင့်ဖြင့် အတတ်ပညာ ဝိဇ္ဇာဝိလ ကိုယ် စိတ်တိုးပွား ထွားကြိုင်းလျက် ပျိုရွယ်သော အခါကျမှသာလျှင် ထိမ်း မြားမင်္ဂလာ ပြုပါတော့အံ့၊ ဤနည်းနှင့် ဆန့်ကျင်ဘက် ပြုခဲ့ပါမူ၊ ဝေဒ ကျမ်းလာ နည်းနာနှင့် ဆန့်ကျင်သည်ဖြစ်၍ ချမ်းသာကို ပေးတတ်သော ထိမ်းမြားခြင်း ဘယ်တော့မှ မဖြစ်နိုင်ရာ။ ၃။

အားလုံးသော ရသေ့ ရဟန်း မင်းဗိုးရာဇာ အရိယာလူမျိုးတို့၊ ပညာ သင်ယူ တတ်မြောက်ပြီးမှသာ မင်္ဂလာဆောင်ခြင်း ပန်းကုံးစွပ်ခြင်းကို ပြုသခဲ့ရှု ကာလပတ်လုံး၊ ဤအိန္ဒိယနိုင်ငံကြီးသည် တိုးတက်ချမ်းသာ ခဲ့လေသည်။ ဗြဟ္မစရိယအကျင့် အခြေခံဖြင့် အတတ်ပညာကို မသင်ခြင်း၊ မိဘတို့ဆန္ဒအတိုင်းသာ အရွယ်မရောက်မီ၊ အိမ်ထောင်ဖက်ခြင်း ပြုလာခဲ့ သည်ကစ၍၊ တိုင်းပြည်ကြီး ဆုတ်ယုတ် သို့ဖြစ်၍ ဤဆိုးဝါးသော အမှု တို့ကို စွန့်ပယ်ခါ၊ သူတော်ကောင်းတို့သည် ပြုခဲ့သော နည်းအတိုင်း ပန်းကုံးစွပ်ခြင်း၊ အိမ်ထောင်ပြုခြင်းတို့ကို ပြုရသည်။ ထိုအိမ်ထောင်ပြု ခြင်းအမှုကို အမျိုးဇာတ်အားလျော်စွာ ပြုရသည်။ ထိုအမျိုးဇာတ် သတ် မှတ်ခြင်းကိုလည်း၊ ဂုဏ်, အမှု, သဘောတရားအား လျော်စွာ သတ်မှတ် ရသည်။

အမေး။ ။မိဘဗြဟ္မဏာ=ပုဏ္ဏားမျိုး ဖြစ်လျှင် သားသမီးလည်း ပုဏ္ဏား ဖြစ်သည် မဟုတ်ပါလား။ တခြားအမျိုးဇာတ်ဝင် မိဘ၏ သားသမီးတို့သည် ပုဏ္ဏားဖြစ်နိုင်ပါ့မလား ?

အဖြေ။ ။ဖြစ်နိုင်ပါသည်။ အများအပြားပင် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဖြစ်ပါသည်။ ဆန္ဒောဂျဥပနိသျှဒ်ကျမ်းပါ ဇာဗာလရသေ့ သည် အမျိုးအမည် မထင်ရှားသူဖြစ်၍, မဟာဘာရတ

ကျမ်းလာ ဝိသွာမိတြ ရသေ့ကြီးသည် ခတ္တိယမျိုးဖြစ်၍၊ မာတင်္ဂရသေ့သည် စဏ္ဍာလမျိုးမှ ဗြဟ္မဏ=ပုဏ္ဏားဖြစ်သွားဘူးလေပြီ။ ယခုလည်း မြတ်သော အတတ်ပညာ သဘောတရားနှင့် ပြည့်စုံသော သူသည် ဗြာဟ္မဏ ဖြစ်ထိုက်၍၊ ပညာမဲ့သော သူသည် ဓာတ်ညံ့ (=သုဒ္ဒ) ဖြစ်ထိုက်ပေသည်။ ဤနည်းအတိုင်း ရှေ့ကိုလည်း ဖြစ်ပေလိမ့်မည်။

အမေး။ ။မိဘ၏ သုက်သွေးဖြင့် ကိုယ်ခန္ဓာ ဖြစ်လာပါလျက်၊ ထိုခန္ဓာ ပြောင်းလွဲပြီးချွင် တခြား အမျိုးဓာတ် ဘယ်လို ဖြစ်နိုင်မှာလဲ ?

အဖြေ။ ။သုက်သွေးကြောင့် ပုဏ္ဏားဖြစ်သည် မဟုတ်ပါ။ ထို့သော်—

သွာဓျာယေန ဗြတဲဟောမဲသ္တြဲဝိဒျေနေဇျယာ သုတဲး။
မဟာယဉ်ဲ့သ္စ ယဉ်ဲ့သ္စ ဗြာဟ္မီယံ ကြိယတေ တနူး။
(မနု· ၂၊ ၂၈)။

ဤဂါထာ၏ အနက်ကို ပြခဲ့ပြီးပါပြီ၊ ထို့သော် ဤနေရာ၌ အကျဉ်းသဘောပမျှ ပြဆိုပေအံ့။ (သွာဓျာယေန) စာပေသင်ယူ ပို့ချခြင်း၊ (ဗြတဲ) တရားသဘောကို နှလုံးသွင်းခြင်း နှလုံးသွင်းစေခြင်း၊ အထူးထူး အပြားပြားသော မီးပူဇော်ခြင်းတို့ကို စီရင်ပြုလုပ်ခြင်း၊ ဝေဒသုံးပုံကို၊ သဒ္ဒါပုဒ်၊ အနက်အဓိပ္ပါယ်၊ သမ္ဗန္ဓ၊ သရနှင့်အညီ ရွတ်ဘတ်ခြင်းနှင့်တကွ သင်ယူ ပို့ချခြင်း၊ (ဣဇျယာ) လပြည့်ဥပုဒ် စသည်စောင့်ခြင်း၊ (သုတဲး) ပြခဲ့သော နည်းနာအားလျော်စွာ သားသွီး မွေးဘွားအောင် ပြုခြင်း၊ (မဟာယဉ်ဲ့သ္စ) ပြခဲ့သော ဗြဟ္မယဇ်၊ ဒေဝယဇ်၊ ပိတြိယဇ်၊ ဝိသွဒေဝယဇ်နှင့် အတိထိယဇ်၊ (ယဉ်ဲ့သ္စ) မီးနတ်ပူဇော်သောယဇ်၊ ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းဖေါ် ဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သော ပုဂ္ဂိုလ်မြတ်တို့အား ပူဇော်သက္ကာရအမှုပြုခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ ပရဟိတစသော ကောင်းမြတ်သော အမှုကိုပြုခြင်း၊ အားလုံးသော လက်မှုပညာ စသည်ကို သင်ယူခါ၊ မကောင်းမှုတို့မှ ရှောင်ကြဉ်လျက်၊ ကောင်းမှုတို့ကို ပြုခြင်းဖြင့်၊ (ဣယံတနူး) ဤခန္ဓာကိုယ်သည်၊ (ဗြာဟ္မီ) ဗြာဟ္မဏ၏ (ကြိယတေ) ပြုအပ်၏။

ဘယ်နှယ်လဲ ? ဒီဂါထာကို ခင်ဗျား မယုံဘူးလား၊ ယုံပါတယ်။ ဒီလို ဆိုရင် သုက်သွေးဖြင့် အမျိုးဇာတ် အစီအရင်ကို ဘာ့ကြောင့် ယုံကြည် (ယူဆ) ပါသလဲ။ ကျွန်တော် တယောက်တည်း အယူရှိတာ မဟုတ်ဘူး။ သို့သော် များစွာသော သူတို့သည် ဘိုးစဉ်ဘောင်ဆက်ကစပြီး၊ ဒီလိုဘဲ အယူရှိလာကြပါတယ်။

အမေး။ ။ခင်ဗျားက ရှေးဘိုးဘေးစဉ်လာကို ပါယ်မှာလား?

အဖြေ။ ။မပါယ်ပါဘူး၊ သို့သော် ခင်ဗျား၏ အလွဲအမှား ယူဆချက် ကို ပါယ်ပါတယ်။

အမေး။ ။ကျုပ်အယူက အလွဲ၊ ခင်ဗျားအယူက အမှန်ဆိုတာ၊ ဘာ အထောက်အထား ရှိလို့လဲ?

အဖြေ။ ။အထောက် အထားကတော့၊ ခင်ဗျားဟာ မျိုးငါးဆက် ခုနစ်ဆက်လောက်ကဟာကို၊ အစဉ်အလာလို့ ယူဆတယ်။ ကျုပ်က ဝေဒခေတ် (ဝါ) ကမ္ဘာတည်စကစပြီး၊ ယနေ့ အထိဖြစ်တဲ့ အစဉ်အလာကို ယူဆပါတယ်။

ကြည့်ပါ တချို့ အဖေလုပ်သူက ကောင်းပြီး၊ သားလုပ်သူက ဆိုး တယ်။ သားကကောင်းပြီး၊ အဖေလုပ်သူက ဆိုးတယ်။ အချို့မှာ၊ ၂-ဦး စလုံးကောင်းပြီး၊ ၂-ဦးစလုံး ဆိုးတာလဲတွေ့ရတယ်။ ဒါတွေကြောင့် ခင်ဗျားတို့ အထင်မှားနေကြတယ်။ မနုရသေ့ကြီး အဆိုကိုကြည့်ပါဦး—

> ယေနာသျ ပိတရော ယာတာ ယေန ယာတား ပိတာမဟား။
> တေန ယာယာတ္သတာံ မာဂ်ံ တေန ဂစ္ဆန္နံ ရိသျတေ။
> (မနု•၄၊ ၁၇၈)။

အကြင်လမ်းဖြင့်. အဖ, အဖိုးတို့ သွားကြ၏၊ ထိုလမ်းဖြင့် သားမြေးတို့ လည်း သွားရာသည်။ သို့သော် (သတာမ်) သပ္ပုရိသ သူတော်ကောင်း အဖ, အဖိုးများဖြစ်မှသာ၊ ထိုသူတို့လမ်းကို လိုက်ရာ၏။ အဖ, အဖိုးတို့ လူမိုက်ဖြစ်ခဲ့သော်, သူတို့လမ်းအတိုင်း ဘယ်တော့မှ မလိုက်ရာ။ အဘယ့် ကြောင့် ဆိုသော်, မြင့်မြတ်သော သူတော်ကောင်း သူမြတ်လောင်း

တို့ လမ်းကို လိုက်ရာ၌ ဒုက္ခဆင်းရဲ ဘယ်တော့မှ မဖြစ် ဆိုတာကို ခင်ဗျားယုံသလား, မယုံဘူးလား? ယုံပါတယ်။ ဒီပြင်ကြည့်ပါ။ ဘုရားသခင် ဟောကြားသော ဝေဒကျမ်းလာ စကားတို့သည် အစဉ်အလာ (သနာတန) ဖြစ်၍ ဝေဒနှင့် ဆန့်ကျင်သော စကားတို့သည် အစဉ်အလာ ဘယ်တော့မှ မဖြစ်နိုင်ချေ။ ဒီအတိုင်း အားလုံးက ယုံကြည်ရမည် ဟုတ်မဟုတ်? မုချယုံကြည်ထိုက်၏။ ဒီလိုမယုံကြည်တဲ့ လူကို ပြောပြရမည်မှာ— တရုတ်ယောက်သောသူ၏ အဖေဖြစ်သူက ဆင်းရဲပွဲတော၏ သားလုပ်သူက ပိုက်ဆံဝါလားကြီး ဖြစ်ခဲ့လျှင် အစဉ်အလာလိုက်ပြီး၊ အဖေ၏ ပွဲတော်ခြင်း တည်းဟူသော ဇာတိမာန်ကြောင့် ပစ္စည်းဥစ္စာကို စွန့်ပစ်ရမှာလား? အဖေလုပ်သူက မျက်စိကာန်းနေလျှင် သားကလည်း ကိုယ့်မျက်စိကို ပေါက်ပစ်ရမှာလား? အဖေလုပ်သူက မကောင်းတာတွေကို လုပ်လျှင် သားကလဲ မကောင်းလုပ်ရမှာလား? မလုပ်ရဘူး။ သူတော်ကောင်းတို့၏ အလုပ်ကောင်းများကို လုပ်၍ အလုပ်ဆိုးတို့ကို စွန့်ပါယ်ဘို့ရန် အလွန်အရေးကြီးသည်။ အကြင် တရုတ်ယောက်သည် သုက်သွေးဖြင့် အမျိုးဇာတ်ကို ယူဆ၍ ဂုဏ်, အမှုသဘောတရား အားလျော်စွာ မယူဆဘူး ဆိုခဲ့လျှင်၊ တရုတ်ယောက်သည် မိမိ၏ ဇာတ်တရားကိုစွန့်လျက်၊ ဇာတ်ညှံ့ သို့မဟုတ် ခရာဇ်ယာန်, မိုဆလင် အယူကို ယူသွားမည်ဆိုက၊ ထိုသူ့ကို ဘာ့ကြောင့် ဗြာဟ္မဏ မယူဆသလဲ? ဤနေရာ၌ ထိုသူဟာ၊ ဗြာဟ္မဏ အယူကို စွန့်ပစ်သောကြောင့် ဗြာဟ္မဏ ဟုတ်မတော့ဘူးလို့ ဆိုလိမ့်မည်။ ဤအချက်တို့ကို ထောက်ထားလျက်၊ ဗြာဟ္မဏ စသောသူတို့ မြင့်မြတ်သော ဗြာဟ္မဏတရားကို ကျင့်ဆောင်လျှင် ဗြာဟ္မဏဖြစ်၍၊ အမျိုးညှံ့သော သူတို့လည်း အမျိုးမြတ်သူတို့၏ မြတ်သောတရား သဘောအတိုင်း ကျင့်ကြံ နေထိုင်လျှင် အမျိုးမြတ်ဖြစ်၍၊ အမျိုးမြတ်သူ ဖြစ်စေကာ ယုတ်ညှံ့သော အကျင့်ကို ကျင့်ကြံလျှင် အမျိုးညှံ့၍ပင် မုချရေတွက်အပ်လေသည်။

အမေး။ ။ဗြာဟ္မဏောသျ မုခံမာသိဒ်ဗာဟူ ရာဇန္ယး ကြိတး။
ဦရူ တဒ်သျ ယဒွဲသျး ပဒ္ဘျာ သူဒြော အဇာယတ။

ဤသည်ကား၊ ယဇုဝေဒ၏ ၃၁-ခုမြောက် ကဏ္ဍ၊ ၁၁-ခု မြောက် မန္တာန်ဖြစ်သည်။ အဓိပ္ပါယ်မှာ — ဗြာဟ္မဏသည်

ထာဝရဘုရား၏ ပါးစပ်၊ ခတ္တိယသည် လက်မောင်း၊ ဝေဿ (ကုန်သည်) သည် ဝမ်း၊ ဓာတ်ညံ့သည် ခြေထောက်မှ မွေးဘွား၏။ ထို့ကြောင့် ပါးစပ်သည် လက်မောင်းကဲ့သို့၊ လက်မောင်းစသည် ပါးစပ်ကဲ့သို့ မဖြစ်နိုင်သလို၊ ဗြာဟ္မဏ သည် ခတ္တိယစသူတို့ကဲ့သို့၊ ခတ္တိယစသူတို့သည် ဗြဟ္မဏကဲ့ သို့ မဖြစ်နိုင်ချေ။

အဖြေ။ ။ဤနေရာ၌ မန္တာန်ကို ခင်ဗျား အနက်ပေးတာ၊ မမှန်ပါ။ ဘယ့်ကြောင့်ဆိုသော် ဤနေရာ၌ ပုရိသ (ဝါ) ဘုရားသည်၊ ရုပ်–ပုံသဏ္ဌာန်မရှိ (နိရာကာရ=အရူပ) ပကတိ ပြန့်နှံ့၍တည် သော ဘုရားကိုသာ ဆိုလိုသည်။ အရူပ=ရုပ်ဟန်ပုံပန်း မရှိ ခဲ့လျှင် ပါးစပ်စသည်လည်း မရှိနိုင်ချေ။ အကယ်တန္တိ ပါးစပ် စသည့် အင်္ဂါရှိသော ပုဂ္ဂိုလ်ဆိုလျှင်လည်း၊ အားလုံးသော နေရာတို့၌ ပြန့်နှံ့၍ မတည်နေနိုင်။ ဤသို့ ပြန့်နှံ့၍ မတည် သော ပုဂ္ဂိုလ်သည်၊ သဗ္ဗသတ္တိယာ=အားလုံးသော စွမ်းအား သတ္တိနှင့် ပြည့်စုံသောသူ၊ ကမ္ဘာကို ဖန်ဆင်းသူ၊ ဆောင်သူ၊ ဖျက်ဆီးသူ (=ကမ္ဘာမီးလောင်စေသူ)၊ သက်ရှိသတ္တဝါတို့၏ ကုသိုလ်, အကုသိုလ် အကျိုးစက်ကိုသိ၍ အကျိုးစက်အား လျော်စွာ ကံတရားကို စီမံခန့်ခွဲတတ်သူ၊ အားလုံးသော တရား ကိုသိသူ=သဗ္ဗညူ၊ မည်သည့်အခါမှ မွေးဘွားခြင်း၊ သေခြင်း တရား မရှိသူ စသော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တပါး မဖြစ်နိုင်ရာ။ ဤသို့ ဖြစ်သောကြောင့်, အနက် မှန်ကား– (အဿ) အလုံးစုံ၌ ပြန့်နှံ့၍ တည်တော်မူသော ဘုရားသခင်၏ ဖန်ဆင်းတည်ထောင်သော လောကကြီး၌ ပါးစပ်နှင့်တူ၍ အားလုံးတို့ထက် မြင့်မြတ်သော ပုဂ္ဂိုလ်ကို (ဗြဟ္မဏား) ဗြာဟ္မဏ ဟူ၍ရင်း (ဗာဟူ) "ဗာဟုဝ်ဗလ် ဗာဟုဝ် ဝိယျံမ်" [သတပထဗြာဟ္မဏ] ဗလ–ဝီရိယကိုပင် ဗာဟုခေါ်၍ ဤတရားများ အများအပြားရှိသော (ရာဇနျား) ခတ္တိယ ဟူ၍ရင်း၊ (ဥရူ) ခါးမှအောက်,ဒူး မှအထက်ဖြစ်သော အင်္ဂါအစိတ်အပိုင်းကို "ဥရူ" ခေါ်၍ အားသုံးသော အရာ

ဝတ္ထု၊ အရပ်ဒေသတို့၌ ထိုဥရု တည်းဟူသော အင်္ဂါ၏ အစွမ်းဖြင့် သွားလာခြင်း ထွက်ဝင်ခြင်း ပြုခြင်းကို ရည်၍ (ဝဲသျှ) ဝေသ=ကုန်သည်မျိုး ဟူ၍ငင်း၊ (ပဒ်ဘျာမ်) ခြေထောက် (ဝါ) ယုတ်နိမ့်သော အင်္ဂါ အစိတ်အပိုင်း သဘွယ် အသိညဏ်နည်းပါး မိုက်မဲသောဂုဏ်တို့ကြောင့် သုဒ္ဒ= ဇာတ်ညံ့ဟူ၍ငင်း ခေါ်ဝေါ်သမုတ်ကြကုန်၏။ အခြား သတပထ ဗြာဟ္မဏစသော ဝေဒကျမ်းတို့၌လည်း ဤမန္တာန်ကို ဤအနက် အတိုင်းပင် အနက်သမ္ဗာန်ကြ၏။

ယသ္မာဒေဝေ မရချာဗြဟ္မာနဉ္စ ခဓောပဟူညြိဗီယိန္တိ ဗုဒ္ဓါဒိ။

အကြင် အခြင်းအရာဖြင့် ဤသူတို့သည် (မုခ) ပဓာန ဖြစ်ကုန်သောကြောင့် ပါးစပ်မှ ပေါက်ဖွားလာသည်ဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။ တနည်း, ပါးစပ် မျက်နှာသည် ကိုယ်အင်္ဂါတို့တွင် အထွဋ် အမြတ်ဆုံး ဖြစ်ဘိသကဲ့သို့၊ ပြည့်စုံကုံလုံသော အတတ်ပညာ၊ မြင့်မြတ်သော ဂုဏ်, အမှု, သဘောတရားနှင့် ပြည့်စုံသောကြောင့် လူ့ဇာတ်တွင် ဗြာဟ္မဏဟု ခေါ်တွင်လေသည်။ ထာဝရဘုရားသည် အရူပ- ဖြစ်သောကြောင့် မျက်နှာ ပါးစပ်စသည် မရှိခဲ့သော်, ပါးစပ်စသည်မှ မွေးဖွားခြင်းသည် မဖြစ်နိုင်ရာ။ "အမြုံမ၏သား မင်္ဂလာဆောင်" ဆိုသော စကားပုံကိုမှတ်ပါ။ ထို့ပြင် တရပ်မှာလည်း၊ ပါးစပ် မျက်နှာစသည်မှ ပုဏ္ဏားစသူတို့ မွေးဘွားလာသည်ဟု ယူဆပါလျှင်၊ ဥပါဒါန-ကာရဏ အားလျော်စွာ၊ ပုဏ္ဏားစသူတို့၏ ရုပ်ရေလည်း ဖြစ်ရာသည်။ ဥပမာ—မျက်နှာသည် ဝိုင်းသဖြင့် ထိုပုဏ္ဏားတို့ ကိုယ်ခန္ဓာပုံပန်းလည်း ဝိုင်းဝိုင်းစက်စက်ကြီး ဖြစ်ရာသည်။ ခတ္တိယတို့ ကိုယ်ခန္ဓာသည် လက်မောင်းကဲ့သို့၊ ကုန်သည်မျိုးတို့ကိုယ် ခန္ဓာသည် ဝမ်းဗိုက်ကဲ့သို့၊ ဇာတ်ညံ့တို့၏ ကိုယ်သည် ခြေဖဝါးကဲ့သို့ ဖြစ်ရာသည်။ ဒီလိုမဖြစ်။ မျက်နှာ ပါးစပ်မှ မွေးဘွားလာသူတို့ကို ဗြာဟ္မဏဟု ခေါ်ရမည်—ဟု တစုံတယောက်က မေးမြန်းခဲ့သော်, ခင်ဗျားတို့ မဟုတ်နိုင်ဘူး။ ဘာ့ကြောင့်လဲဆိုရင်၊ လူသတ္တဝါအားလုံးသည် ဝမ်းဗိုက်ထဲမှ မွေးဖွားလာသလို ခင်ဗျားလဲ မွေးဖွားလာခြင်း ဖြစ်သည်။ ခင်ဗျားသည် မျက်နှာ ပါးစပ်မှ မွေးလာသည် မဟုတ်ပါဘဲလျက်၊ ဗြာဟ္မဏ ဟူသော ဘွဲ့ထူးကို ခံယူလိုခြင်းသည် အချည်းနှီး

သာ ဖြစ်သဖြင့်၊ ခင်ဗျားပေးသော အနက်သည် မမှန်၊ ကျုပ်ပေးသော အနက်သာ မှန်ပါသည်။ အခြားစာပေတို့မှာလည်း ဤအတိုင်းသာ ပြဆိုထားပါသည်။

သူဒြော ဗြာဟ္မဏာ တာမေတိ၊ ဗြာဟ္မဏာ ဿေတိ သူဒြတာမ်။
က္ရှတြိယာဇ္ဇာတ မေဝန္တု၊ ဝိဒျာဒွဲသျာ တထဲဝစ။
(မနု-၁၀၊ ၆၅)။

အကြင်သူသည် အမျိုးညံ့၌ မွေးဖွားလာ၍ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ ကဲ့သို့သော ဂုဏ်, အမှု, သဘောတရားနှင့် ပြည့်စုံခဲ့မည်ဆိုပါလျှင်၊ ၎င်းသည် ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ (ကုန်သည်မျိုး)ပင် ဖြစ်သွားရာသည်။ ထို့အတူ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿမျိုး၌ မွေးဖွား၍ ဇာတ်ညံ့၏ ဂုဏ်၊ အလုပ်၊ သဘောတရားနှင့် ယှဉ်မည် ဆိုပါက၊ ထိုပုဂ္ဂိုလ်များစသူတို့သည် သုဒ္ဒ=ဇာတ်ညံ့ပင် ဖြစ်သွားရာသည်။ တနည်း ခတ္တိယ ဝေဿမျိုး၌ မွေးဖွားခါ၊ ဗြာဟ္မဏ ဗြာဟ္မဏီလည်း ဖြစ်နိုင်သည်။ ဇာတ်ညံ့ ဂုဏ်နှင့် ပြည့်စုံသည်၊ ဇာတ်ညံ့ဖြစ်ရာသည်။ ။အမျိုးဇာတ် လေးပါးတို့တွင် အကြင်အမျိုးနှင့် တူသော ဂုဏ်အင်္ဂါ ရှိသူသည် ထိုအမျိုးသို့ ပြောင်းလွှဲ ရေတွက်ရာသည်။

ဓမ်မစယျာယာ ဇဃန္ယော ဝဏ်း ပူဝံ ပူဝံ ဝဏ်မာပဒျတေ။ ဇာတိပရိဗြိတ္တော။ ၁။
အဓမ် စယျာယာ ပူဝေါ ဝဏော ဇဃန္ယံ ဇဃန္ယံ ဝဏ်မာပဒျတေ ဇာတိပရိဗြိတ္တော။ ၂။

ဤကား အာပဿမ္ဗသုတ္တကျမ်းလာသုတ်ဖြစ်သည်။ အနက်အဓိပ္ပါယ်ကား—တရားကို ကျင့်ခြင်းကြောင့် ယုတ်ညံ့သော အမျိုးဇာတ်သည် ဒိဒိထက်မြတ်သော အမျိုးကို ရယူလေသည်။ ထိုက်တန်သော အမျိုးဇာတ်၌ပင် ရေတွက်အပ်သည်။ ၁။

ထို့အတူ၊ မတရားကို ကျင့်ခြင်းကြောင့်၊ ရှေးက မြင့်မြတ်သော အမျိုး၌ ဖြစ်သာသူသည် ကိုယ့်ထက် နိမ့်ကျသော အမျိုး၌ ဖြစ်လာရလေသည်။ ထိုနိမ့်သော အမျိုး၌ပင် ရေတွက်အပ်၏။ ၂။ ယောကျာ်းများ အမျိုးဇာတ်အလိုက် ဖြစ်ရသကဲ့သို့ မိန်းမတို့ကိုလည်း မှတ်ယူပါ။ ဤနည်း

ဖြင့် အမျိုးလေးပါးတို့သည်၊ မိမိတို့ မျိုးရိုးစဉ်လာ ဂုဏ်အင်္ဂါအလိုက်၊ သန့်ရှင်းစွာ နေကြ၏။ ဥပမာ, ပုဏ္ဏားမျိုးသည်၊ မင်းမျိုး ကုန်သည်မျိုး ဓာတ်ညံ့မျိုးကဲ့သို့ မနေရာ၊ ထို့အတူပင် ကျန်အမျိုး သုံးပါးလည်း၊ ဓာတ်မပျက်အောင်၊ မျိုးရိုးစဉ်လာ ဂုဏ်အင်္ဂါအလိုက် သန့်သန့်နေထိုင်ကျင့်ကြံကြလေသည်။ ဤသို့နေခြင်းကြောင့် တရုံတရုံ အမျိုးဓာတ်အား ရှုံ့ချကဲ့ရဲ့ခြင်း အရည်အချင်း မပြည့်ဝခြင်းလည်း မဖြစ်ပေရာ။

အမေး။ ။လူတဦး တယောက်မှာ သားတယောက်သာရှိ၍ ထိုသားသည် အခြားဓာတ်သို့ ကူးပြောင်းသွားမည်ဆိုက၊ ထိုမိဘကို ဘယ်လူက လုပ်ကျွေးမလဲ။ ဒိပြင် အမျိုးတုံးခြင်း (အမျိုးအနွယ်ပြတ်စဲခြင်း) မဖြစ်ပေဘူးလား။ ဒိလိုဆိုရင် ဘယ်လိုစီမံရမလဲ ?

အဖြေ။ ။ပြုစုလုပ်ကျွေးခြင်းလဲ မပျက်နိုင်၊ အမျိုးအနွယ် ဆုံးတုံးခြင်းလဲ မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော်၊ ထိုသူအား မိမိ၏ သားသမီးအစား၊ မိမိ၏ အမျိုးဓာတ်ထဲမှ၊ အရည်အချင်းရှိသော သားသမီးကို၊ ပညာရေးနှင့် နိုင်ငံရေးဌာနတို့မှ ရနိုင်သည်။ ထို့ဖြစ်၍ ဘာမှ အစီအစဉ် မပျက်နိုင်ပါ။ ဤပြဆိုသော ဂုဏ်, အကျင့်အာစာရအား လျော်စွာ ဓာတ်ဝေဘန်ခြင်းကို၊ မိန်းခလေး ၁၆-နှစ်ရွယ်၊ ယောက်ျားကလေး ၂၅-နှစ်ရွယ်တွင် စီစစ် သတ်မှတ်ရသည်။ ဤနည်း အတိုင်း ပုဏ္ဏားသည် ပုဏ္ဏေးမနှင့် ခတ္တိယသည် ခတ္တိယမနှင့်၊ ကုန်သည်သည် ကုန်သည်မျိုး မိန်းခလေးနှင့်၊ ဓာတ်ညံ့သည် ဓာတ်ညံ့မိန်းခလေးနှင့် အိမ်ထောင်ဖက်ရသည်။ သို့မှသာ မိမိတို့၏ ဓာတ်နှင့် လျော်သော ဝတ္တရားအပြင် တဦးနှင့်တဦး ချစ်ကြည်လေးမြတ်ကြပေလိမ့်မည်။ ဤအမျိုးလေးပါးတို့၏ ပြဆိုသော ဝတ္တရားနှင့် ဂုဏ်တို့သည်ကား-

အဓျာပန မဓျာယနံ ယဇနံ ယာဇနံ တထာ။
ဒါနံ ပြတိဂြဟဉ္စဲဝ ဗြာဟ္မဏာနာမ ကလ္ပယတ်။ ၁။
(မနု- ၁၊ ၈၈)။

သမော ဒမဥ္စပး သောစံ ဣျာန္တိရာဇ်ဝ မေဝစ။
ဉ္စနံ ဝိဉ္စနမာဇ္ဇိကျံ, ဖြပဉ္စကမ် သွဘာဝဇမ်။ ၂။
(ဘ· ဂီ· အ· ၁၈၊ ဂါထာ· ၄၂)။

ပုဏ္ဏားတို့မှာ ပညာသင်ခြင်း, သင်ပေးခြင်း, ယဇ်ပူဇော်ခြင်း, ပူဇော်စေခြင်း, အလှူပေးခြင်း, အလှူခံခြင်း, ဝတ္တရား ခြောက်ပါးရှိ၏။ ထိုသော်, "ပြတိဂြဟး ပြတျဝရး" ဟု မြစ်တားပြန်သဖြင့် အလှူခံယူခြင်းသည် ယုတ်ညံ့သော ဝတ္တရားတပါးဖြစ်၏။ ၃။

(သမး) မကောင်းမှုကို စိတ်ဖြင့်သော်လည်း အလိုမရှိအပ်။ အကုသိုလ်၌ စိတ်မဝင်စားအပ်။ (ဒမး) သောတစက္ခုစသော ဣန္ဒြေတို့ကို မကောင်းသော အကျင့်အာစာရတို့မှ တားဆီးထိန်းသိမ်းလျက် ကောင်းမှုတို့၌သာ သက်ဝင်စေခြင်း။ (တပး) ဖြပဉ္စစရိယာသီလကို စောင့်ထိန်း၍၊ ကောင်းမြတ်သော အကျင့်တို့ကို မြိုးမြီစွာ ကျင့်ရမည်။ (သောစ)—

အဒ္ဘိဂ်ါတြာဏိ သုဇ္ဈန္တိ မနး သတျေန သုဇ္ဈတိ။
ဝိဒျာတပေါဘျာံ ဘူတာတ္မာ ဗုဒ္ဓိဉာနေန သုဇ္ဈတိ။
(မနု· ၅၊ ၁၀၉)။

ရေဖြင့် ဗဟိဒ္ဓကိုယ်ခန္ဓာ, အကျင့်သီလဖြင့်စိတ်, ပညာနှင့် တရားကျင့်ခြင်းဖြင့် ဇီဝါတ္မာ (=အသက်ဝိညဉ်), ဉာဏ်ပညာဖြင့် ဗုဒ္ဓိ (အသိဉာဏ်) သည် စင်ကြယ်၏။ အဇ္ဈတ္တသန္တာန်၌ ရာဂဒေါသစသော အညစ်အကြေးနှင့် ပြင်ပဖြစ်သော အညစ်အကြေးတို့ကို စင်ကြယ်အောင်ပြုနေရာသည်။ တနည်း, အမှားနှင့်အမှန်ကို ဝေဘန်စစ်ဆေးလျက်၊ အမှားကိုပယ်၊ အမှန်ကိုယူ၍ ကျင့်ကြံနေထိုင်မည်ဆိုက၊ ရချစင်ကြယ်ရာသည်။(ဣျာန္တိ) ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း, ချမ်းသာ, ဆင်းရဲ, အပူ, အအေး, ဆာလောင်မွတ်သိပ်ခြင်း, ချမ်းသာစည်းစိမ် တိုးတက်ခြင်း, ဆုတ်ယုတ်ခြင်း, ဂုဏ်ရှိခြင်း, ဂုဏ်ယုတ်ခြင်းစသော ရွှင်ပျော်ဝမ်းမြောက်ခြင်းနှင့် စိတ်ညစ်ခြင်းကို စွန့်ပယ်၍ တရား၌ မြဲစွာနှလုံးသွင်းနေခြင်း။ (အဇ်ဝ) နူးညံ့သိမ်မွေ့ခြင်း၊ မာနမရှိခြင်း၊ စိတ်သဘော ဖြောင့်မတ် ရိုးသားခြင်း၊ ကောက်ကျစ်ခြင်း စသော အပြစ်ဒေါသတို့ကို စွန့်ပယ်နေထိုင်ခြင်း။ (ဉာန) အားလုံးသော ဝေဒ, ဝေဒင်ကျမ်းစာတို့ကို သင်ယူပို့ချနိုင်သော အစွမ်း

အားရှိသည်ဖြစ်၍ အသေကို အသေ၊ အရှင်ကို အရှင်ဟု ဝေဘန် ပိုင်းခြား သိရှိ ယုံကြည်သော ဉာဏ်ပညာ။ (ဝိညုနံ) ပထဝီ မြေကြီးမှသည် ထာဝရ ဘုရားသခင်အထိ သံသရာတရလုံး၏ အရာဝတ္ထုတို့၏ သဘောတရားကို ကောင်းစွာ သိသည်ဖြစ်၍ ထိုထိုအရာဝတ္ထုတို့ကို၊ ထိုက်သင့်သည် အားလျော်စွာ အသုံးချခြင်း။ (အတ္တိကျ) ဘယ်တော့မှ ဝေဒ, ထာဝရဘုရား, ဝိမုတ္တိရသ, ဘဝပြောင်းခြင်း, တရား, ပညာ, သူတော်ကောင်းနှင့် ပေါင်းဖေါ်ခြင်း, မိဘ, ဆရာ, ဧည့်သည်တို့အား ဆည်းကပ်ခြင်းတို့ကို မစွန့်ခြင်း မကဲ့ရဲ့ခြင်း။ ၂။ ဤ၁၅-ပါးသော ဝတ္တရား ဂုဏ်အင်္ဂါတို့သည် ဗြာဟ္မဏ=ပုဏ္ဏား အခေါ်ခံသော သူတို့၌ မုချရှိအပ်သည်။

ပြဇာနံ ရက္ခဏံ ဒါနမိဇ္ဇာ ဓျယန မေဝစ။
ဝိသယေသွ ပြသက္တိသ္စ ကျတြိယသျ သမာသတး။ ၁။
(မနု· ၁၊ ၈၉)။

သောယံ တေဇော ဓြိတိဒ်ါက္ဍျယံ ယုဒ္ဓေစာပြ ပလာယနမ်။
ဒါန မီသွရဘာဝသ္စ ကျာတြံကမ် သွဘာဝဇမ်။ ၂။
(ဘ·ဂီ·အ·၁၈၊ ဂါထာ·၄၃)၊

တရားသဖြင့် တိုင်းသူပြည်သားတို့အား စောင့်ရှောက်ခြင်း၊ တနည်း, မျက်နှာလိုက်ခြင်းကို စွန့်ပါယ်၍ သူတော်ကောင်းတို့အား ရိုသေခြင်း၊ မသူတော်တို့အား ရှုတ်ချခြင်း၊ အားလုံးသော နည်းနာတို့ဖြင့် ပြည်သူအားလုံးတို့အား စောင့်ရှောက်ခြင်း။ (ဒါန) ပညာတရားတို့၌ သက်ဝင်၍ အလှူခံထိုက်သော ပုဂ္ဂိုလ်မြတ်တို့အား ရိုသေ ဆည်းကပ်ရာတို့၌ ပစ္စည်းဥစ္စာတို့ကို သုံးစွဲခြင်း။ (ဣဇ္ဇာ) အဂ္ဂိဟောတ မည်သော မီးနတ်ပူဇော်ခြင်း, ပူဇော်စေခြင်း။ (အဓျယန) ဝေဒစသော ကျမ်းစာတို့ကို သင်ယူခြင်း၊ သင်စေခြင်း။ (ဝိသယေသု·) တဏှာအာရုံ ကာမဂုဏ်တို့၌ မကပ်ငြိမူ၍ အခါခပ်သိမ်း၊ ကိုယ်စိတ် သန့်စွမ်းသည်ဖြစ်၍ နေထိုင်ခြင်း။ ၁။

(သောယံ) အရာအထောင် မကသော ရန်သူတို့နှင့် စစ်ထိုးရာ၌ မထိတ်လန့် မကြောက်ရွံ့ခြင်း။ (တေဇ) အမြဲတန်း တန်ခိုးတောခော်

အာနုဘော်နှင့် ပြည့်စုံခြင်း။ (ဓြိတိ) မြဲမြံတည်ကြည်သော စိတ်ရှိခြင်း။ (ဒါက္ချယ) မင်းနှင့် ပြည်သူတို့ ဆက်ဆံပေါင်းသင်းရေး နည်းနာတို့၌ လိမ္မာ ကျွမ်းကျင်ခြင်း။ (ယုဒ္ဓေ) စစ်ပွဲ၌ ရှုံကြောက်ခြင်းမရှိဘဲ၊ ဘယ်တော့မှ နောက်မဆုတ်ခြင်း။ ကောန်အောင်နိုင်သောနည်းဖြင့်(ဝါ)ပရိယာယ် ဝေဇစ်ဖြင့် လှည့်စား၍ အောင်နိုင်လျှင်လည်း အောင်နိုင်သော နည်းဖြင့် တိုက်ခိုက်ခြင်း။ (ဒါန) လှူဒါန်းလိုသော သဘောတရားထားခြင်း။(ဤဿွရ ဘာဝ) မျက်နှာမလိုက်ဘဲ၊ အားလုံးသော သူတို့နှင့် ညီတူညီမျှ အဆိုက် အလျောက် ပေါင်းသင်း ဆက်ဆံခြင်း၊ စည်းစားဆင်မြင်ခါ ပေးကမ်းခြင်း၊ ဂတိသစ္စာတည်ခြင်း၊ ဘယ်တော့မှ ဂတိမပျက်ခြင်း။ ဤကား ခတ္တိယ (=မင်းမျိုး)တို့၏ တဆယ့်တပါးသော ဝတ္တရား ဂုဏ်အင်္ဂါတို့ ပေတည်း။ ၂။ ဝေသ—

ပသူနာံ ရက္ခဏံ ဒါနမိဇ္ဈာဓျယနမေဝစ။
ဝဏိက္ပထံ ကုသိဒံစ ဝဲသျသျ ကြိသိမေဝစ။
(မနု. ၁၊ ၉၀)။

(ပသုရက္ခါ) နွားစသော တိရစ္ဆာန်တို့ကို မွေးမြူ တိုးပွားစေခြင်း။ (ဒါန) ပညာတရား တိုးပွားစည်ပင်ရေး အတွက် ပေးလှူခြင်း။ (ဣဇ္ဇာ) မီးနတ်ပူဇော်ခြင်း။ (အဓ္ဈယန) ဝေဒစသော ကျမ်းစာတို့ကို သင်ကြားခြင်း။(ဝဏိက္ပထ) ကုန်ရောင်းဝယ်ခြင်း။ (ကုသိဒ) ရာခိုင်နှုန်း ၄-ဝဲ ၆-ဝဲ ၈-ဝဲ ၁၂-ဝဲ ၁၆-ဝဲ ၂၀-ဝဲ ထက် ပိုသောအတိုး၊ အရင်းငွေထက် နှစ်ဆ၊ တနည်း, ငွေတကျပ်ချေးခဲ့လျှင် အနှစ်တရာ ကုန်လွန်သော် ငြားလည်း ငွေ ၂-ကျပ်ထက် ပို၍မယူ မပေးရ။ (ကြိသိ) လယ်လုပ်ခြင်း။ ဤကား ဝေသ(=ကုန်သည်မျိုး)တို့၏ ဂုဏ်အင်္ဂါဝတ္တရားတို့ပေတည်း။ သုဒ္ဒ—

ဧကမေဝ တု သူဒြသျ ပြဘု ကမ် သမာဒိသတ်။
ဧတေသာ မေဝ ဝဏ်ာနံာ သုသြူသာ မနသူ ယယာ။
(မနု. ၁၊ ၉၁)။

သုဒ္ဒ(=ဓာတ်ညံ့)တို့သည်၊ ကဲ့ရဲ့ရှုတ်ချခြင်း, မနာလို ဝန်တိုခြင်း, မာန ကြီးခြင်း စသော အပြစ်ဒေါသတို့ကို ပွန့်ပါယ်ခါ၊ ဗြာဟ္မဏ၊ ခတ္တိယ၊

ဝေဿတို့အား အထိုက် အလျောက် ဆည်းကပ်ပြုရလျက် အသက်မွေးရမည်။ ဤကား ဓာတ်ညံ့၏ တရတည်းသော ဝတ္တရား ဂုဏ်အင်္ဂါဖြစ်၏။ ဤနည်းဖြင့် အမျိုးဓာတ် လေးပါးတို့၏ ဂုဏ်အင်္ဂါတို့ကို အကျဉ်းမျှ ဖော်ပြခဲ့ပေပြီ။ အကြင်အကြင် ယောက်ျားတွင် အကြင်အကြင် အမျိုး၏ ဂုဏ်အင်္ဂါရှိ၏၊ ထိုထို အမျိုးဓာတ်၏ အခွင့်အရေးကို ပေးရာသည်။ ဤအတိုင်း စီရင်ထားလျှင် အားလုံးသော သူတို့ တိုးတက် ကြီးပွားနိုင်လေသည်။ အဘယ့်ကြောင့် ဆိုသော်, ဓာတ်ကြီးသူတို့ကလည်း၊ ငါတို့ သားသမီးများ ပညာမဲ့ခြင်း စသော အပြစ်ဒေါသ ရှိနေလျှင် ယုတ်ညံ့သော ဓာတ်ဝင် ဖြစ်သွားလိမ့်မည်ဟု တွေးတော ထိတ်လန့်ပေလိမ့်မည်။ သားသမီးတို့ကလည်း၊ ထို့အတူ တွေးတော ကြောက်လန့်ကြပေလိမ့်မည်။ ထို့ပြင် ဓာတ်ညံ့သော သူတို့ကလည်း ဓာတ်မြင့်သူ ဖြစ်လာအောင် လုလ္လ အားထုတ်ခြင်း ပြုလာပေလိမ့်မည်။ အတတ်ပညာနှင့် တရားဓမ္မ တိုးပွားပြန့်နှံ့အောင် ပြုရေး အခွင့်အရေးကို ဗြာဟ္မဏ=ပုဏ္ဏားတို့အား ပေးရာသည်။ အကြောင်းကား ထိုပုဏ္ဏားတို့သည် ပညာရှိ၍ ဘာသာတရား သက်ဝင်သူများ ဖြစ်ကြ၍ အဆိုပါ ကိစ္စတို့ကို စည်းကမ်းတကျ ပြုနိုင်လေသည်။ ခတ္တိယတို့အား၊ တိုင်းပြည် အုပ်ချုပ်ရေး အခွင့်အရေးကို ပေးထားလျှင် ဘယ်တော့မှ တိုင်းပြည်နိုင်ငံ ဆုတ်ယုတ် ပျက်စီးခြင်းနှင့် အနှောင့်အရှက်များ မဖြစ်နိုင်ချေ။ ကုန်သွား စသော တိရစ္ဆာန် မွေးမြူခြင်းစသော အလုပ်ဝတ္တရားတို့ကို ဝေဿ (=ကုန်သည် လယ်လုပ်) တို့အား ပေးအပ်ရာသည်။ အကြောင်းကား, ၎င်းတို့သည် အဆိုပါ အလုပ်တို့ကို၊ ကောင်းမွန်စွာ လုပ်ဆောင်နိုင်လေသည်။ သုဒ္ဒ=ဓာတ်ညံ့တို့ကို၊ ဓာတ်ကြီးသူတို့အား၊ သက်သက် ဆည်းကပ် ပြုရခြင်း အလုပ်ကို ပေးရခြင်း အကြောင်းရင်းမှာ၊ ၎င်းတို့သည် အတတ်ပညာမှ ကင်းမဲ့ မိုက်မဲသူများ ဖြစ်၍ လောကဓာတ် ဓာတုဗေဒစသော ပညာဉာဏ်အရ၊ ဘာမျှမလုပ်နိုင်ပေ။ သို့သော်, ကိုယ်လက်အင်္ဂါနှင့် အားထုတ်လုပ်ရသော (ကျေးကျွန်) အလုပ်ကိုကား၊ အားလုံးလုပ်ကိုင်နိုင်သည်။ ဤနည်းဖြင့် အမျိုးဓာတ် အသီးသီးတို့အား၊ မိမိတို့နှင့် ဆိုင်ရာဝတ္တရားတို့၌ သက်ဝင်အောင် စီစဉ်ပြုလုပ်ခြင်းသည်ကား၊ မင်းစိုးရာဇာ စသူတို့၏ ဝတ္တရားပင်ဖြစ်၏။

အိမ်ထောင်ပြုခြင်း—လက္ခဏာ။

ဗြဟ္မာ ဒဲဝသ္တထဲဝါသီး ပြာဇာပတျသ္တထာသုရး၊
ဂါန္ဓဝေါ ရာက္ခသသ္စဲဝ ပဲသာစသ္စာသ္တမောဓမး။
(မနူ· ၆၊ ၂၁)။

အိမ်ထောင်ဘက်ခြင်း ရှစ်မျိုးရှိသည်။ ၁–ဗြာဟ္မ၊ ၂–ဒေဝ၊ ၃–အာသီ*၊ ၄–ပြာဇာပတျ၊ ၅–အာသုရ၊ ၆–ဂါန္ဓဗ္ဗ၊ ၇–ရက္ခသ၊ ၈–ပိသာစ၊ ဤရှစ်ပါးတို့တွင် သတို့သားနှင့် သတို့သမီးတို့သည်၊ ဗြာဟ္မစရိယ အကျင့်ဖြင့် ကောင်းစွာပညာဘတ်၍ အကျင့်သီလနှင့် ပြည့်စုံသည်ဖြစ်၍ နှစ်ဦးစလုံး သဘောတူညီခါပြုသော မင်္ဂလာဆောင်ခြင်းကို "ဗြာဟ္မ" ဟုခေါ်သည်။ ကြီးကျယ်သော ယဇ်ပူဇော်ခြင်းကို ပြုနေသော သားမက်အား တန်ဆာဆင်အပ်သော သမီးကညာကို ပေးလှူခြင်းကို "ဒေဝ" ဟုခေါ်သည်။ သတို့သားထံမှ ပစ္စည်းတစုံတရာကို ယူ၍ သမီးပေးခြင်းကို "အာသီ" ခေါ်သည်။ ဘာသာတရား ကြီးပွားစည်ပင်ရေး အလို့ငှါ နှစ်ဦးအိမ်ထောင်ပြုခြင်းကို "ပြာဇာပတျ" ဟု ခေါ်သည်။ သတို့သားနှင့် သတို့သမီးအား တစုံတရာ ပေးကမ်း အိမ်ထောင်ပြုခြင်းကို "အာသုရ" ခေါ်သည်။ စည်းကမ်းမရှိ၊ အချိန်အခါ မဟုတ်ဘဲ၊ နှစ်ဦးမေတ္တာသက်ခါ ပေါင်းဖက်ခြင်းကို "ဂါန္ဓဗ္ဗ" ခေါ်သည်။ အတင်းအဓမ္မ ဗလက္ကာရပြု၍ မိန်းခလေးကိုယူ၍ ပေါင်းသင်းခြင်းကို "ရက္ခသ" ခေါ်သည်။ အိပ်ပျော်နေသူ သို့မဟုတ် သေအရက် သောက်စားမူးယစ်နေသော မိန်းခလေးအား ဗလက္ကာရပြုခြင်းကို "ပိသာစ" ခေါ်သည်။

ဤအိမ်ထောင်ပြုခြင်းတို့တွင် "ဗြာဟ္မ–ဝိဝါဟ" သည် အမြတ်ဆုံး၊ ဒေဝနှင့် ပြာဇာပတျသည်၊ အလယ်အလတ်၊ အာသီ, အာသုရ, ဂါန္ဓဗ္ဗသည်၊ အောက်တန်းစား၊ ရက္ခသသည် အယုတ်ဆုံး၊ ပိသာစသည်၊ အယုတ်တကာ အယုတ်ဆုံးဖြစ်၏။ သို့ဖြစ်၍ သတို့သားနှင့် သတို့သမီးကို လက်မထပ်မီ ဆိတ်ငြိမ်သော နေရာ၌ အချင်းချင်း တွေ့ဆုံခွင့် မပေးရာ။ အဘယ့်ကြောင့်ဆိုသော်, ပျိုရွယ်သော မိန်းမယောက်ျားတို့ အချင်းချင်း တွေ့ဆုံခြင်းသည်၊ အပြစ်ဖြစ်တတ်၏။ သို့သော်, မင်္ဂလာဆောင်ရန် အချိန်ရောက်သောအခါ၊ တနည်း, ဗြဟ္မစရိယကျင့်၍ အတတ်ပညာ ပြည့်စုံခါနီး၊ ခြောက်လတနှစ်ခန့် လိုသောအခါ၌၊ သတို့သား၏ ဓာတ်ပုံကို

သတို့သွီး၏ ဆရာမထံသို့၊ သတို့သွီး၏ ဓာတ်ပုံကို သတို့သား၏ ဆရာထံသို့ ပေးပို့ရသည်။ ချပ်ပုံခြင်း တူမျှခြင်းကို ရသောအခါ၊ ထိုသတို့သား သတို့သွီးတို့၏ အဋ္ဌုပ္ပတ္တိစာတမ်းကို ဆရာလုပ်သူတို့က၊ မှာယူဘတ်ရှုရသည်။ ဤဘတ်ရှု စစ်ဆေး၍ မင်္ဂလာဆောင်ထိုက်ပြီဟု ထင်မြင်သဘောရလျှင်၊ ဓာတ်ပုံနှင့် အဋ္ဌုပ္ပတ္တိစာတမ်းတို့ကို သတို့သား သတို့သွီးတို့အား ပေးအပ်ခါ၊ ၎င်းတို့၏ ဆန္ဒကိုပြောရန် အခွင့်ပေးရမည်။ နှစ်ဦးလုံးက မင်္ဂလာဆောင်ရန် သဘောတူကြသောအခါ၊ ဆရာတို့ရှေ့တွင် သို့မဟုတ် မိဘတို့ရှေ့တွင် စေ့စပ်ကြောင်းလမ်းရသည်။ ဤသို့ စေ့စပ်ကြောင်းလမ်းပြီးနောက် မိဘလူကြီး လူကောင်းတို့ ရှေ့တွင်၊ တဦးနှင့်တဦး အတတ်ပညာနှင့်စပ်သော အမေး—အဖြေ၊ စကားအချေအတင် ပြောဆို နှီးနှောစေရမည်။ သို့မဟုတ် နှုတ်နှင့် တိုက်ရိုက် မပြောလိုလျှင် စာဖြင့်ရေး၍မေးဖြေစေရသည်။ ထိုသို့အချင်းချင်း ရင်းနှီးလာသောအခါ၊ နှစ်ပေါင်းအတော်ကြာကပင် ဗြဟ္မစရိယအကျင့် ပညာကြိုးစားသင်ကြားခြင်းကြောင့်ပင်ပန်းနွမ်းရိ လာခဲ့သော ခန္ဓာကိုယ်ကို ဆန်းသစ်စ လကဲ့သို့၊ ရက်ပေါင်းအနည်းငယ်အတွင်း အားအင်ပြည့်တင်းလာအောင် ကောင်းမွန်သောအစာရေစာတို့ကို စီမံကျွေးမွေးရသည်။ ထိုမှနောက် သတို့သွီးသည် ဥတုရာသီရောက်၍ စင်ကြယ်သောနေ့၌၊ မဏ္ဍပ်ကန္နားထိုးလျက် မွှေးကြိုင်သော နံ့သာထင်း ထောပတ်စသည့် အရာဝတ္ထုတို့ဖြင့် မီးပူဇော်လျက်၊ ပညာရှိ သူတော်ကောင်း ဖြစ်ကုန်သော ယောကျ်ား မိန်းမတို့အား အထိုက်အလျောက် ပူဇော်သက္ကာပြုရသည်။ ထိုမှနောက်၊ ပဋိသန္ဓေ ပေးရန် သင့်လျော် လျောက်ပတ်သောနေ့တွင်၊ "သံသ္ကာရဝိဓိ" ခေါ် ကျမ်းစာအဆိုနှင့် လျော်စွာ အစစ အရာရာ စီစဉ်ဆောင်ရွက်ပြီးလျှင် ညဉ့်သန်းခေါင် သို့မဟုတ် ညဉ့်ဆယ်နာရီအချိန် အထူး ရွှင်လမ်းဝမ်းမြောက်စွာ၊ လက်ထပ်မင်္ဂလာ ပြုပြီးနောက်၊ နှစ်ဦးသည် ဆိတ်ငြိမ်သော နေရာတွင်၊ နေထိုင်အိပ်စက်ရသည်၊ ယောကျ်ားသည် သုက်လွှတ်ခြင်း၊ မိန်းမသည် သုက်ကိုခံယူခြင်း နည်းအတိုင်း ကာမသံဝါသ ပေါင်းဖော်ရသည်။ တတ်စွမ်းသရွေ့ ဗြဟ္မစရိယအကျင့်ဖြင့် ရဆောင်းရရှိထားသော သုက်ကို အချည်းနှီး မကုန်စေရ။ အကြောင်းကား၊ ထိုသုက်နှင့်သွေး ပေါင်းစပ်၍ ပေါက်ဖွားဖြစ်ပေါ်လာသော ကိုယ်ခန္ဓာသည် မြင့်မြတ်သော သားသွီး ဖြစ်သောကြောင့်ပေတည်း ယောကျ်ား၏သုက်သည် မိန်းမ၏

သားအိမ်အတွင်းသို့ ကျမည့်အချိန် ကျသောအခါ မိန်းမယောကျ်ား ၂-ဦး စလုံး၊ တည်ကြည်စွာ နှာခေါင်းသည် နှာခေါင်းနှင့်၊ မျက်စိသည် မျက်စိနှင့် တည့်စွာကာလျက်၊ မတိမ်းမစောင်းဘဲ၊ တည်ကြည် ဖြောင့်တန်းသော ကိုယ်ဖြင့် ယောကျ်ားသည် မိမိကိုယ်ကို အနည်းငယ် လျော့ချပေးရမည်။ မိန်းမကလည်း ယောကျ်ား၏သုက် လွတ်ကျသော အချိန်တွင် ပင့်သက်ရှူခါ၊ အပေါ်သို့ ဆွဲတင်ရသည်။ ထို့ပြင် အင်္ဂါဇာတ်ကို အပေါ်သို့ ရှုံ့စေလျက် သုက်ကို အထက်သို့ ပင့်သက်ဖြင့် ဆွဲဆောင်ခါ သားအိမ်သို့ ဝင်ရောက် တည်နေအောင် အားထုတ်ရသည်။* ထိုမှနောက် နှစ်ဦးစလုံး၊ စင်ကြယ်သောရေဖြင့် ရေချိုးရသည်။ ပဋိသန္ဓေ ရ-မရကို လိမ္မာသော မိန်းမတို့ကား၊ ချက်ခြင်းပင် သိကြ၍၊ သာမန် မိန်းမတို့သည် တလကြာလွန်ပြီးနောက် ဥတုသွေး မလာသောအခါ အားလုံးပင် သိကြလေသည်။ ချင်းချောက်၊ ကုံကုမံ၊ မြင်းနားရွက်ပင်၊ ဖာလာဖြူစေ့. သကြားခဲနှောအပ်သော ချက်ပြီးသော နွားနို့ကို သောက်လျက်၊ အသီးသီး မိမိ၏ အိပ်ရာ၌ အိပ်စက်ရသည်။ ပဋိသန္ဓေပေးသည့် အခါတိုင်း ဤပြအပ်သော နည်းအတိုင်း ပြုရသည်။ တလကုန်လွန်၍ ဥတုမလာသောကြောင့် ပဋိသန္ဓေရပြီဟု သိသောနေ့ကစ၍ တနှစ်ပတ်လုံး၊ မေထုန်သံဝါသ မပြုအပ်ပေ၊ ဤသို့ကျင့်ခြင်းကြောင့် ဒုတိယမြောက် သားဦးသည်လည်း၊ မွန်မြတ်သော သားဦး မွေးဖွားရသည်။ ထိုသို့ မဟုတ်ခဲ့လျှင် သုက်သည် အချည်းနှီး ကုန်ခန်း၍၊ နှစ်ယောက်စလုံး အသက်တိုခါ၊ ရောဂါအမျိုးမျိုး ဖြစ်ပေါ်ခံစား ရရသည်။ သို့သော် ပါးစပ်ဖြင့် ချစ်ကြည်လေးမြတ်သော ပိယဝါစာတို့ကိုကား၊ ပြောဟော ပေးရသည်။ ယောကျ်ားသည် သုက်မြဲမြံအောင်၊ မိန်းမသည် ပဋိသန္ဓေကို စောင့်ထိန်းခြင်းကိုပြုလျက်၊ အစားအစာတို့မှာလည်း သုက်မလွတ် စေတတ်သော အစာအာဟာရကို စီမံစားသောက်လျက် အမိဝမ်းတွင်းရှိ ခလေးမှာလည်း၊ အဆင်းလှခြင်း၊ သန့်စွမ်းခြင်း၊ ရဲစွမ်းသတ္တိ ရှိခြင်း ဖြစ်စေ၍ ဆယ်လမြောက်တွင် ကောင်းစွာ မွေးဖွားအောင် စီမံစား သောက်ရသည်။ ပဋိသန္ဓေကို လေးလမြောက်မှစ၍ ဂရုဗိုက်ထုတ် စောင့်ရှောက်၍ ရှစ်လမြောက် နောက်၌ကား၊ အထူးပင် ဂရုဗိုက်ထုတ်

---

* ဤကား လျှော့ဝှက်သော အခြင်းအရာ ဖြစ်သောကြောင့် ဤမျှဖြင့် အကျယ်ကို သိသင့်ပြီ။ သည့်ထက်ချဲ့၍ ရေးသားဖေါ်ပြရန် မသင့်တော့ပြီ။

စောင့်ရှောက်ပေးရာသည်။ ကိုယ်ဝန်ဆောင် မိန်းမသည်၊ အလွန်ပူစပ်ထက်မြက် မူးယစ်စေတတ်သော အစာရေစာနှင့် ညှော်ခွန်အားကို ဆုတ်ယုတ်စေတတ်သော အစာရေစာကို ဘယ်တော့ခါမှ မစားသုံးရာ။ သို့သော် နွားနို့၊ ထောပတ်ဆီဉ၊ ဆံ၊ ဂျုံ၊ မုတ်ပဲ အကောင်းစားတို့ကို စားသုံး၍ ဒေသ, ကာလ အလိုက်လည်း နေထိုင်ကျင့်သုံးရာသည်။ ပဋိသန္ဓေ၌ ပြုအပ်သောနည်းလမ်း ၂-ပါးရှိရာ၊ လေးလမြောက်၌ "ပုံသဝန" နည်း၊ ရှစ်လမြောက်၌ "သိမန္တောန္နယန" နည်းအတိုင်း ပြုရာသည်။ ခလေးမွေးပြီးသော အခါ၌ကား၊ အထူး သတိဝိရိယဖြင့် ခလေးနှင့် မိခင်အား ပြုစုစောင့်ရှောက် ပေးရာသည်။ အာယုဗေဒ ဆေးနည်းအတိုင်း ဖော်စပ်အပ်သော "သုဏ္ဍိပါက" (ဝါ) "သုဘာဂျ-သုဏ္ဍိပါက" ဆေးကို၊ ရှေးမဆွကပင် ဖော်စပ်ထားရာသည်။ ခလေးမွေးသော အချိန်၌ အမွှေးနံ့တို့ဖြင့် ထုံအပ်သော အနည်းငယ်နွေးသော ရေနွေးဖြင့် မိခင်သည် ရေချိုး၍ မွေးခါစ ခလေးကိုလည်း ချိုးပေးရာသည်။ ထို့နောက် ချက်ကြိုး လေးလက်မလောက် အပေါ်က အပ်ချည်ကြိုးဖြင့် ချည်ခါ၊ ဖြတ်ရာသည်။ ဖြတ်ပြီးသော ချက်ကြိုးကို သွေးတစက်မှ မထွက်လာနိုင် အောင် ကြိုးဖြင့် ကောင်းစွာ ချည်ထားရာသည်။

ထိုမှနောက် မီးဖွားရာ နေရာကို ဆေးကြော သုတ်သင်လျက်၊ အခန်းတွင်း၌ အမွှေးနံ့သာဖြင့် နှော၍အပ်သော ထောပတ်ဖြင့် ဟုန်း (မီး) ပူဖော်ရာသည်။ ဤသို့ မီးပူဖော်ပြီးနောက်၊ ဘခင်လုပ်သူက သားငယ်၏နား၌ "ဝေဒေါသိတိ" (=သင့်အမည်သည် ဝေဒဖြစ်သည်) ဟု ပြောကြား၍ ထောပတ်နှင့် ပျားရည်ကို ရွှေကလောင်တန်ဖြင့် တို့၍ သူငယ်၏လျှာတွင် "ဩမ်" ပုဒ်ကိုရေးခါ၊ ပျားရည် ထောပတ်ကို ထိုမှင်တန်ဖြင့် လျက်စေ ရာသည်။ ပြီးနောက် မိခင်အား ပေးရာသည်။ နို့ရှိလျှင် မိခင်က တိုက်ကျွေး၍ နို့မထွက်ခဲ့သော်, အခြားနို့ထိမ်းမိန်းမ တယောက်ယောက် အား စစ်ဆေးလျက် တိုက်ကျွေးစေရာသည်။ သို့စီရင်ပြီးနောက် အခြား လေကောင်း လေသန့်ရသော အခန်းတခန်းတွင်၊ မိခင်နှင့် ကလေးကို ထားခါ၊ အမွှေးနံ့ဖြင့် ထုံအပ်သော ထောပတ်ဖြင့် နံနက်-ညနေတိုင်း ဟုမ်းပူဖော်ရာသည်။ မြောက်ရက်တိုင်အောင် အမိ၏နို့ကို တိုက်ရာသည်။ မိခင်သည် အားခွန်ဗလ ပြည့်တင်းလာအောင် မွန်မြတ်သော အစာ

အာဟာရတို့ကို စားသုံး၍ အင်္ဂါဇာတ် ကျဉ်းလာအောင်လည်း ဆေးဝါး စီမံ ကုသရသည်။ ခြောက်ရက်စေ့သောအခါ မိခင်သည် အပြင်သို့ ထွက်၍ ကလေးကို နို့တိုက်ရန် နို့ထိမ်းတယောက်ကို ခန့်အပ်ထားရ သည်။ ထိုနို့ထိမ်းအား သင့်လျော်ကောင်းမြတ်သော အစာအာဟာရကို ကျွေးမွေးရသည်။ ထိုနို့ထိမ်းသည် ကလေးအား နို့တိုက်ခါ ပြုစုမွေးမြူ ရသည်။ သို့သော် မိခင်သည် အမြဲဂရုတစိုက် ကြည့်ရှုလျက်၊ မတော် မလျော်သော အပြုအမူကို မပြုစေရ။ မိခင်သည် နို့မယိုစီးရအောင် မိမိ၏ နို့သီးတွင် နို့ရည်ကို ပိတ်စေတတ်သော ဆေးဝါးကို လိမ်းပေးရသည်၊ ထို့အတူ အစာအာဟာရတို့ကိုလည်း ဆင်ခြင်စားသောက်ရသည်။ ထို့နောက် အမည်မှည့်ခြင်း စသည်တို့ကို၊ သံသ္ကာရဝိဓိ - ကျမ်းစာအား လျော်စွာ၊ အစဉ်အတိုင်း စီစဉ်ပြုလုပ်သွားရသည်။ ထို့နောက် မိန်းမမှာ ဥတုလာ၍ စင်ကြယ်သော အချိန်တွင် အထက်နည်းအတိုင်း ပဋိသန္ဓေ ပေးရသည်။

ရိတုကာလာဘိဂါမီ သျာတ်သွဒါရနိရတး သဒါ။
ဗြဟ္မစာယျေဝ ဘဝတိ ယတြ တတြာဿမေ ဝသန်။
(မနု·၃၊ ၅၀)။

အကြင်သူသည် မိမိ၏ အိမ်သူဇနီးနှင့်သာ နှစ်သက်မြတ်နိုး၍ ဥတု ရောက်သော အချိန်၌သာ ကာမစပ်ယှက်ခဲ့လျှင် ထိုအိမ်ရာထောင်သူ သည်လည်း၊ ဗြဟ္မစာရီ (လူပျို) သဘွယ်ပင် ဖြစ်၏။

သန္တုဋ္ဌော ဘာယျယာ ဘရ္တာ ဘရ္တြာ ဘာယျာ တထဲဝစ။
ယသ္မိန္နေဝ ကုလေ နိတျံ ကလျာဏံ တတြ ဝဲ ဓြုဝမ်။ ၁။
ယဒိ ဟိ သ္တြီန ရောစေတ ပုမာံသန္န ပြမောဒယေတ်။
အပြမောဒါတ္ပုနး ပုံသး ပြဇနံ န ပြဝရ္တတေ။ ၂။
သ္တြိယာံတု ရောစမာနာယာံ သရွံ တဒြောစတေ ကုလမ်။
တသျာံတွ ရောစမာနာယာံ သရွမေဝ နရောစတေ။ ၃။
(မနု· ၃၊ ၆၀–၆၂)။

အကြင်အမျိုး၌ ယောကျ်ားသည် မိန်းမ၊ မိန်းမသည် ယောကျ်ားနှင့် အချင်းချင်း နှစ်သက် မြတ်နိုးကြ၏။ ထိုအမျိုး၌ အားလုံးသော ကောင်း ကျိုးချမ်းသာ မင်္ဂလာနှင့် အပိုးရခြင်းသည် တည်နေ၏၊ အကြင်အမျိုး၌

လင်မယားချင်း မသင့်မတင့် ခိုက်ရန်ဖြစ်ပွား၏၊ ထိုအမျိုး၌၊ ဒုက္ခဆင်းရဲ ဖြစ်ပွားနေတတ်၏။ ၁။ မိန်းမသည် ယောက်ျားအား မဖြတ်နိုးဘဲ၊ ယောက်ျားစိတ် ရွှင်လမ်းအောင် မပြုခဲ့လျှင်၊ ကာမဂုဏ်လည်း မဖြစ်ပွားနိုင်ပေ။ ၂။ မိန်းမလုပ်သူ စိတ်နှလုံး ရွှင်လမ်းရာ၌ တမျိုးလုံး (တအိမ်သားလုံး) ရွှင်လမ်း ဝမ်းမြောက်ကြ၏။ ၎င်း၏စိတ်ညစ်ညူးရာ၌ တအိမ်သားလုံး စိတ်ဆင်းရဲ ညစ်ညူးကြရ၏။ ၃။

ဝိ တြွိ ဘိတြဲ့ါတြိဘိ သဲ့တား ပတိဘိဒေါ်ဝရဲ ဿူထာ။
ပူယ်ိဇာ ဘူသယိ တဗျာသွ ဗဟုကလျောဏမိ ပသုဘိး။ ၁။
ယတြ္ဂနာ ယ်ိသ္တု၊ ပူယ်ိဇ္ဇေ့ ရမဇ္ဇေ့ တတြ ဒေဝတား။
ယတြိ တာသ္တု၊ နဲ ပူယ်ိဇ္ဇေ့ သဗ်ာသ္တုတြာ ဗလား ကြိယား။ ၂။
သောစန္တိ ဇာမယော ယတြ ဝိနသျု တ္ယာသု တတ္တုလမ်။
နဲ သောစန္တိတု ယတြိဘာ ဝဒ္ဓတေ တဒ္ဓိ သဗ်ဒါ။ ၃။
တသ္မာဒေတား သဒါ ပူယ်ိဇာ ဘူသဏာစ္ဆာဒနာ သနဲ့း။
ဘူတိကာ မဲန်ရဲ နိတျံ သတ္တာရေသူတ္သဝေသု စ။ ၄။
(မနု·၃၊ ၅၅–၅၇–၅၉)။

ဖခင်, အစ်ကို, လင်နှင့်, မတ်တို့အား၊ ရှိသေလေးစားခြင်းနှင့်တကွ အဝတ်တန်းဆာတို့ဖြင့် ရွှင်လမ်း ဝမ်းမြောက်စေရာသည်။ ကောင်းကျိုး ချမ်းသာ မင်္ဂလာတရားကို လိုလားသူတို့၊ ဤသို့ပြုရာသည်။ ၁။ အိမ်သူဇနီးအား လေးစားရှိသေသောအိမ်၌ ပညာဉာဏ်နှင့် ပြည့်စုံသော ယောက်ျားဖြစ်၍ နတ်သားအမည်ကို ခံယူကာ၊ ရွှင်ပျော်စွာခံစားစံစားရ လေသည်။ ဇနီးကို မရှိသေသော အိမ်၌ အားလုံးသော အမှုကိစ္စတို့သည် အကျိုးမဲ့ ဖြစ်ကုန်၏။ ၂။ အကြင်အမျိုး (ဝါ) အိမ်၌ မိန်းမတို့သည် သောကဗျာပါဒဖြင့် ဆင်းရဲဒုက္ခ ခံစားနေကြရ၏၊ ထိုအိမ်၌ (ဝါ) အမျိုးအနွယ်သည် မကြာမီ ပျက်စီးရ၏။ မိန်းမများ ရွှင်လန်း ဝမ်းမြောက်စွာ နေသော အမျိုး (ဝါ) အိမ်သည် အမြဲတန်း စည်ပင် တိုးတက်၏။ ၃။ ထို့ကြောင့် စည်းစိမ်ချမ်းသာ အစိုးရခြင်းကို လိုလားသော ယောက်ျားတို့သည်၊ အခွင့်အခါသင့်တိုင်း မိန်းမတို့အား အဝတ်အစား လက်ဝတ် တံဆာတို့ဖြင့် ရှိုးမြောက် လေးစားခြင်းကို ပြုရာသည်။ ၄။ ဤနေရာ၌ "ပူဇာ"ပုဒ်၏ အဓိပ္ပါယ်ကား ရှိသေသက္ကာရ

ပြုခြင်းကို ဆိုလို၍၊ နေ့ညဉ့်တိုင်း စ၍ တွေ့စဉ်၊ စ၍ခွဲခွာစဉ် အခါတိုင်း၌ ချစ်ကြည်စွာ "နမဿ္တေ" (=နမော=နမာမိ=ရှိခိုးပါ၏)ဟု ဆို၍ တဦးကို တဦးက အလေးအမြတ် ပြုရသည်။

သဒါ ပြဟြိဋ္ဌယာ ဘာဗျံ ဂြိဟ ကာယေ်သု ဒက္ချယာ။
သုသံသ္ကြိ တောပသ္ကရယာ ဗျယေ စာမုက္တ ဟသ္တယာ။
(မနု·၅၊ ၁၅၀)။

မိန်းမသည် ဝမ်းမြောက် ရွှင်လန်းစွာဖြင့် အိမ်မှုကိစ္စတို့တွင် လိမ္မာရေးခြား ရှိသည်ဖြစ်၍ အားလုံးသော ပစ္စည်း ဝန်ဆံတို့ကို နေရာတကျ သိပ်သိုခြင်း၊ အိမ်တွင်း အိမ်ပြင်ကို သန့်ပြန့်စွာ ထားခြင်းကို ပြုရသည် စရိတ်ကြေးငွေ သုံးစွဲရာ၌ အထူးကပ်စီးနဲခြင်း မပြုမူ၍ သင့်တော်သလို သုံးစွဲရသည်။ အစားအစာ ပစ္စည်း ဝန်ဆံတို့ကို ရောက်လာလတ္တံ့သော ရောဂါအနာကို ကာကွယ်နိုင်သော ဆေးဝါးသဘွယ် ဖြစ်အောင် သန့်ပြန့်စွာ ထားရသည်။ သုံးစွဲသော စရိတ်ကြေးငွေ စာရင်းကို ကောင်းစွာထားရှိ၍ လင်ယောကျ်ား စသော သူတို့အား၊ ပြရသည်။ အိမ်ရှိ အစေအပါးတို့ကို၊ သင့်သလို ခိုင်းစေလျက်၊ အိမ်မှုကိစ္စတို့ကို မပျက်စီးအောင် စီမံ စောင့်ထိန်းရသည်၊

သ္တြိယော ရတ္နာန္ယထော ဝိဒျာ သတျံ သောစံ သုဘာသိတမ်။
ဝိဝိဓါနိစ သိလ္ပာနိ သမာဒေယာနိ သဗ္ဗတး။
(မနု·၂၊ ၂၄၀)၊

မြတ်သော မိန်းမ၊ အထူးထူး အပြားအပြားသော ရတနာ၊ အတတ်ပညာ၊ သစ္စာ၊ သန့်ရှင်းခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ အထူးထူးသော လက်မှု စက်မှု ပညာတို့ကို၊ ရရာဒေသ၊ ရရာပုဂ္ဂိုလ်တို့ထံမှ ယူရသည်။

သတျံ ဗြူယာတ် ပြိယံ ဗြူယန္န ဗြူယာတ် သတျမပြိယမ်။
ပြိယံစ နာနြိတံ ဗြူယာ ဧသ ဓမ္မး သနာတနး။ ၁။
ဘဒြံ ဘဒြ မိတိ ဗြူယာဒ္ဘ ဒြမိတျေဝ ဝါ ဝဒေတ်။
သုဿ္က ဝဲရံ ဝိဝါဒံစ န ကုယျာတ ကေန စိတ္သဟ။ ၂။
(မနု·၄၊ ၁၃၈–၁၃၉)။

အခါခပ်သိမ်း ချိုသာ မှန်ကန်သော စကားကို ပြောဆိုရာသည်။ မနှစ်လိုဘွယ်သော မှန်ကန်သော စကားကို မဆိုရာ (ဝါ) အကာန်းကို အကန်းဟု မပြောဆိုရာ။ သူတပါး အကြိုက်ကို လိုက်၍ မုသား မဆိုရာ၊ ၁။ အခါခပ်သိမ်း ယဉ်ကျေးသော အားလုံးသော သူတို့ ကျေးဇူးများစေတတ်သော စကားကို ဆိုရာသည်၊ အပြစ်မရှိဘဲလျက် ထရုံထယောက်သော သူနှင့်မှ ငြင်းခုံခြင်း မပြုရာ၊ အခြားသူတို့ ကျေးဇူး များမည်ဆိုက မနှစ်လိုစေကာမူလည်း မပြောဘဲမနေရာ။ ၂။

ပုရှသာ ဗဟာဝါ ရာဇန် သသတံ ပြီယဝါဒိန်း။
အပြီယဿ ဗ ပထျဿ ဝတ္တာ ဩောတာစ ဒုလ္လဘား။
(ဥဒျောဂပဗ္ဗ၊ ဝိဒုရနီတိ)။

အို မိတ္တရာဇ္ဇမင်း ! ဤလောကၡ အခြားသူတို့ သဘောကျအောင် စကားချိုပြောခါ ချီးမွမ်းတတ်သူ အများအပြားပင် ရှိကြသည်၊ သို့သော်, နားထောင်ရာ၌ နားဝင်မချိုသော်လည်း၊ အကျိုးတရားကို ဖြစ်ပွားစေ တတ်သော စကားကို ဆိုသူနှင့် ကြားနာသူကား အလွန်ပင် ရှားပါးပေ သည်၊ စင်စစ် သူတော်ကောင်းတို့ သဘောမှာ၊ ရှေ့တွင် သူတပါး၏ အပြစ်ကို ပေါ်ပြောပြ၍ မိမိ၏ အပြစ်ကို နာယူပြီးလျှင် မျက်ကွယ်တွင် သူတပါး၏ဂုဏ်ကို အမြဲချီးကျူး ပြောဆိုလေ့ ရှိကြ၏၊ မသူတော်တို့ သဘောတရားမှာ၊ ရှေ့တွင် ချီးမွမ်း၍ မျက်ကွယ်တွင် အပြစ်ပြောဆိုလေ့ ရှိကြ၏၊ သူတပါးတို့ ရှေ့တွင် မိမိ၏ အပြစ်အနာအဆာကို မပြောသရွေ့ ကာလပတ်လုံး၊ လူတို့သည် အပြစ်တို့မှ ကင်းသည်ဖြစ်၍ သူတော် ကောင်း မဖြစ်နိုင်ရာ၊ ဘယ်တော့မှ သူတထူးကို မကဲ့ရဲ့အပ်၊ ဥဒါ ဟရုဏ်ကား—

"ဂုဏောသု ဒေါသာရောပဏာမသူယာ" "ဒေါသေသု ဂုဏာရော ပဏာမ ပျသူယာ" "ဂုဏောသု ဂုဏာရောပဏံ ဒေါသေသု ဒေါသာ ရောပဏံ စတ္တုတိ" ဂုဏ်၌အပြစ်၊ အပြစ်၌ဂုဏ်ပြုခြင်းသည် ကဲ့ရဲ့ခြင်း ဖြစ်၍၊ ဂုဏ်တို့၌ဂုဏ်, အပြစ်၌ အပြစ်ကို ပြုခြင်းသည်၊ ချီးမွမ်းခြင်း (ဿုတိ) ဖြစ်၏၊ တနည်း, အမှားဆိုခြင်းသည် ကဲ့ရဲ့ခြင်းဖြစ်၍ အမှန်ဆို ခြင်းသည် ချီးမွမ်းခြင်းဖြစ်၏။

ဗုဒ္ဓိဝြဒ္ဓိကရာဏျာသု ဓနျာနိစ ဟိတာနိစ၊
နိတျံ သာသ္တြာဏျဝေက္ခေတ နိဂမာံသ္စဲဝ ဝဲဒိကာန်။ ၁။
ယထာ ယထာဟိ ပုရုသး သာသ္တြံ သမဓိဂစ္ဆတိ၊
တထာ တထာ ဝိဇာနာတိ ဝိဥ္ဉာနံ စာသျ ရောစတေ။ ၂။
(မနူ· ၄၊ ၁၉၊ ၂၀)။

အကြွင်ဉာဏ်ပညာ ဥစ္စာဓနနှင့် အကျိုးတရားကို တိုးတက်စေတတ်သော ကျမ်းဂန်စာပေ = ဗေဒင်တို့ကို အမြဲနာကြား ဟောပြောရာသည်။ ဗြဟ္မစရိယ–ကျောင်းတော်သား ဘဝ၌ သင်ယူတတ်မြောက်ခဲ့ပြီး ဖြစ်ခဲ့လျှင်၊ မိန်းမ ယောကျ်ားတို့သည် နေ့စဉ် နှုလုံးသွင်းခြင်း သင်ကြားပေးခြင်းကို ပြုရာသည်။ ၁။ အဘယ့်ကြောင့်ဆိုသော်၊ လူသည် ကျမ်းစာ၏ ဆိုလိုရင်း သဘောကို ကောင်းစွာ သိလာသလောက်၊ ထိုစာပေ၏ အသိဉာဏ်သည် တဖြေးဖြေး တိုးတက်လာပြီးလျှင် ထိုစာပေ၌ စိတ်ဝင်စားလာလေ့ရှိ၏။ ၂။

ရိသိယဇ္ဉံ ဒေဝယဇ္ဉံ ဘူတယဇ္ဉံ စ သဗ်ဒါ၊
နြိယဇ္ဉံ ပိတြိယဇ္ဉ် စ ယထာသက္တိ န ဟာပယေတ်။ ၁။
(မနူ· ၄၊ ၂၁)။

အဂ္နိဟောတြံ ဗြာဟ္မယဇ္ဉး ပိတြိယဇ္ဉ သ္တု တပ္ပဏမ်၊
ဟောမော ဒဲဝေါ ဗလိဘော်တော နြိယဇ္ဉော အတိထိပူဇနမ်။ ၂။
(မနူ· ၃၊ ၇၀)။

သွာဓျာယေနာ ဇ်ယေဟြိသိန် ဟောမဲဒေ်ဝါန် ယထာဝိဓိ၊
ပိတြိန် ဉြာဒ္ဓဲသ္စန္ဒြိနန္နဲ ဘူတာနိ ဗလိကမ်ဏာ။ ၃။
(မနူ· ၃၊ ၈၁)။

ဗြဟ္မစရိယ အခါတ်းတွင် ပြုခဲ့သော ယဇ်နှစ်ပါး ထနည်း, ဝေဒစသော ကျမ်းဂန်တို့ကို သင်ယူပို့ချခြင်း, ဘုရားဝတ်ပြုခြင်း, ယောဂအကျင့်ကို လေ့လာကျင့်ဆောင်ခြင်း၊ ဒေဝယဇ်–ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဖေါ် ဆည်းကပ်ခြင်း၊ သန့်ပြန့်ခြင်း၊ နတ်ကဲ့သို့ မြင့်မြတ်စွာ ကျင့်ကြံနေထိုင်ခြင်း၊ ပညာကို တိုးတက်အောင်ပြုခြင်း စသော ယဇ်တို့ကို နံနက်–ညနေ ပြုကျင့်ရာသည်။

သာယံ သာ်ယံ ဂြိဟပ်ပတိနော် အဂ္ဂိပြာတား ပြာ်တား သောမန
သသျုဒ္ဒါတာ။ ၁။ ပြာတား ပြာ်တဂြိ်ဟ ပ်တိနော် အဂ္ဂိ သာယံ
သာယံ သောမနသသျုဒါတာ။ ၂။
(အ· ကာ· ၁၉၊ အနု· ၇၊ မံ· ၃၊ ၄)။
တသ္မာဒဟောရာတြသျ သံယောဂေ ဗြာဟ္မဏား သန္ဓျာမုပါ
သီတ၊ ဥဒျန္တမသ္တံ ယာန္တမာဒိတျမဘိဓျာယန်။ ၃။
(သဍ္ဝိံသ ဗြာဟ္မဏေပြ· ၄၊ ခံ· ၅)။
နတိဋ္ဌတိ တု ယး ပူဝ်ါ နောပါသ္တေ ယသ္တု ပသ္စိမာမ်။
သသူဒြဝဒ် ဗဟိဿ္ကာယီး သဗ်သ္မာဒ် ဒွိဇကမ်ဏး။ ၄။
(မနု· ၂၊ ၁၀၃)။

အကြင် ညနေချိန်၌ ဟုမ်းပူဇော်ရာ၌ ထိုမီးပူဇော်သော အရာဝတ္ထု (မီးစာ) တို့သည်၊ နံနက်အချိန်တိုင်အောင် လေကို သန့်ရှင်းစေခြင်းဖြင့် ချမ်းသာကို ပေးတတ်သည်။ ၁။ အကြင်နံနက် အချိန်တွင် မီးပူဇော်ခြင်းဖြင့် ထိုမီးပူဇော်သော မီးစာအရာဝတ္ထုတို့သည် ညနေတိုင်အောင် လေကို သန့်ရှင်းစေခြင်းဖြင့် ခွန်အားဉာဏ်ပညာနှင့် အနာကင်းခြင်းကို ဖြစ်စေတတ်၏။ ၂။ ထို့ကြောင့် နေ့နှင့်ည၌အကြား, တနည်းဆိုရလျှင် နေထွက်နှင့် နေဝင်အချိန်တွင် ဘုရားကို အာရုံပြု၍ အမွှေးနံ့သာတို့ဖြင့် မီးပူဇော်ရသည်။ ၃။ အထက်ပါ ဝတ္တရားနှစ်ပါးကို၊ နံနက်–ညနေ မပြုသောသူအား သူတော်ကောင်းတို့သည် ဗြာဟ္မ = ပုဏ္ဏားတို့၏ အလုပ်မှ ထုတ်ပယ်ပစ်ရသည်၊ တနည်း, ၎င်းအား ဓာတ်ညံ့သဘွယ် ယူဆရသည်။ ၄။

အမေး။ ။ဘာ့ကြောင့် သုံးချိန် (သုံးကြိမ်) ဝတ်မပြုသလဲ?

အဖြေ။ ။သုံးချိန်၌ ပေါင်းဆုံခြင်း မဖြစ်ပါ။ အလင်းနှင့် အမှောင် ပေါင်းဆုံခြင်းသည် နံနက်-ညနေ၌သာ နှစ်ကြိမ် ဖြစ်ပါသည်။ ဤနှစ်ကြိမ်ကို မနာယူဘဲ၊ နေ့လည် နေမွန်းတည့်၌ ဝတ်ပြုချိန်ဟု ယူဆမည်ဆိုပါက၊ ညဉ့်သန်းခေါင်၌လည်း ပြုသင့်သည် မဟုတ်ပါလော? အကယ်တန္တိ သန်းခေါင်ယံ၌လည်း ပြုသင့်သည်ဟု ယူဆခဲ့လျှင်၊ ၂–ပဟိုရ်၊ ၂–နာရီ ၂–ဗိုဇ်၊ ၂–ခဏ၌လည်း ပေါင်းဆုံခြင်း ဖြစ်၍ ဝတ်ပြုသင့်ပါသည်။ ဤသို့

ပြုလိုလျှင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပေ၊ ဘယ်ကျမ်းဂန်မှာမှ နေ့လည် ဝတ်ပြုတို့ရန် အဆိုမရှိပါ။ ထို့ကြောင့် နံနက်-ညနေ ၂-ချိန်သာ ပြုသင့်ပါသည်၊ ကာလသုံးပါး အချိန်နေ့ရာနဲ့ ပြဆိုခြင်းမှာလည်း၊ အတိတ်– အနာဂတ်–ပစ္စုပ္ပန်ကို ပြလိုခြင်းသာ ဖြစ်၍၊ ဘုရားဝတ်ပြုသော ကာလကို ပြလိုခြင်း မဟုတ်ပေ။

တတိယမြောက် ''ပိတြိယဇ်'' ဒေဝနတ် မည်သော ပညာရှိ သူတော်ကောင်း၊ စာပေ သင်ကြားပေးသော ရသေ့ရဟန်းများ၊ ပိတရမည်ခေါ် မိဘစသော ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ=သက်ကြီး ပညာရှိ သူတော်ကောင်း ယောဂီပုဂ္ဂိုလ်တို့အား၊ ဆည်းကပ်ခြင်း။ ပိတြိယဇ် နှစ်ပါးရှိသည်၊ တရကား–သဒ္ဓ, ဒုတိယ တရကား–တပ်ဏ်။ သာဒ္ဓ (=ဩာဒ္ဓ) အနက်–''ဩတ်'' သဒ္ဒါ၏ အမည်ဖြစ်သည်၊ ''ဩဒ္ဓတျံ ဒဓါတိ ယယာ ကြိယယာ သာဩဒ္ဓါ ဩဒ္ဓယာ ယတ် ကြိယတေ တဒြာဒ္ဓမ်'' အကြင်အမှုဖြင့် သစ္စာကို ရယူရာ၏ ထိုအမှုကို ဩဒ္ဓါ (=သဒ္ဓါ) ခေါ်၏၊ အကြင်သဒ္ဓါဖြင့် ပြုအပ်သော အမှုကို ဩာဒ္ဓ (=သာဒ္ဓ) ခေါ်၏၊ ထို့ပြင် ''တြိပျန္တိ တပ်ယန္တိ ယေန ပိတြိန် တတ္တပ်ဏမ်,'' အကြင်အမှုဖြင့် ထင်ရှားရှိသော မိဘစသော ပိတရတို့ နှစ်လို ဝမ်းမြောက်ကြ၏၊ ရောင့်ရဲကြ၏၊ ထိုအမှုကို ''တပ်ဏ''ဟု ခေါ်၏။ သို့သော်, ဤအမှုသည် အသက်ရှင်နေသော မိဘတို့အတွက်သာ ဖြစ်၍ သေပြီးသူများ အတွက်ကား မဟုတ်ပေ*။

အံ့ ဖြဟ္မာဒယော ဒေဝါဩ္တိ ပျန္တာမ်၊ ဖြဟ္မာဒိ ဒေဝပတ်နျဩ္တိ ပျန္တာမ်။ ဖြဟ္မာဒိ ဒေဝ သုတာဩ္တိ ပျန္တာမ်။ ဖြဟ္မာဒိ ဒေဝဂဏာဩ္တိ ပျန္တာမ်။ ဣတိ ဒေဝ တပ်ဏမ်။
''ဝိဗျာံ သောယိ ဒေဝါ။'' ဤကား သတပထ ဖြဟ္မဏ ကျမ်းလာ စကားဖြစ်သည်။—

ပညာရှိကိုပင် ဒေဝဟု ခေါ်သည်၊ ဗေဒင် လေးပုံကို အတွင့်ငိကာနှင့်တကွ ထတ်သိသူကို ဖြဟ္မာခေါ်၍ ထို့ထက် အောက် တတ်သူကို ဒေဝ သို့မဟုတ် ပညာရှိဟု ခေါ်သည်၊ ထိုသူနှင့် တူမျှသော အမိသူ

* သေလွန်ပြီးသူများကို ရည်စူး၍ သပိတ်သွတ်၊ သဒ္ဓါခွမ်းကျွေး အမျှဝေခြင်းဖြင့် သေပြီးသူများ၊ မကောင်းသော ဘဝမှ ကျွတ်လွတ်သည်ဟု၊ သာမိဒယာနန္ဒ မယုံကြည်ချေ။

ဇနီး ပုဏ္ဏေးမအား ဒေဝိခေါ်၍ သူနှင့်တူမျှသော သား တပည့် အခြံအရံ ဂိုဏ်း ဂဏဝင် ပညာရှိတို့အား ဆည်းကပ်ခြင်း ကိုပင် သာဋ္ဌ (=သပိတ်သွတ်ခြင်း) တပ်ဏ် (=ရေစက်ချ အမျှဝေခြင်း)မည်၏။

ခုံ မရိတ္ထာဒယ ရိသယး တြိပျန္တာမ်၊ မရိတ္ထာဒ် ရိသိပတ်ချုး တြိပျန္တာမ်၊ မရိတ္ထာဒ် ရိသိသုတား တြိပျန္တာမ်၊ မရိတ္ထာဒ် ရိသိဂဏား တြိပျန္တာမ်၊ ဣတိ ရိသိ တပ်ဏမ်။

အကြောင်း ဗြဟ္မာမင်း၏မြစ် မရိစိကဲ့သို့ ပညာရှိတဆူ ဖြစ်ခါ သင်ကြားပေး၏။ ထိုသူကဲ့သို့ ပညာနှင့် ပြည့်ရုံသော မိန်းမတို့သည် မိန်းကလေးတို့အား၊ ပညာကို သင်ပေးကြကုန်၏။ ထိုသူနှင့် တူသော သား, တပည့်, အစေအပါးတို့အား၊ ဆည်းကပ်ရိုသေခြင်းကိုပင် “ရိသိ တပ်ဏာ” (=ဣသိတပ္ပဏာ)ဟု ခေါ်သည်။

အထ ပိတရိ တပ်ဏာ။

ခုံ သောမသဒး ပိတရး တြိပျန္တာမ်၊ အဂ္နိသွာတ္တား ပိတရး တြိပျန္တာမ်၊ ဗဟိသဒး ပိတရး တြိပျန္တာမ်၊ သောမပး ပိတရး တြိပျန္တာမ်၊ ဟဝိဘုဇး ပိတရး တြိပျန္တာမ်၊ အာဇ္ယပး ပိတရး တြိပျန္တာမ်၊ (သုကာလိနး ပိတရး တြိပျန္တာမ်၊) ယမာဒိ ဘျော နမး ယမာဒိံ တပ်ယာမိ၊ ပိတရေ သွဓာ နမး ပိတရံ တပ်ယာမိ၊ ပိတာမဟာယ၊ သွဓာ နမး ပိတာ မဟံ တပ်ယာမိ၊ (ပြပိတာ မဟာယ သွဓာ နမး ပြပိတာ မဟံ တပ္ပ်ယာမိ၊) မာတြေ သွဓာ နမော မာတရံ တပ္ပ်ယာမိ၊ ပိတာ မဟျဲ သွဓာ နမး ပိတာမဟိံ တပ္ပ်ယာမိ၊ (ပြပိတာ မဟျဲ သွဓာ နမး ပြပိတား မဟိံ တပ္ပ်ယာမိ၊) သွပတ္နျဲ သွဓာ နမး သွ ပတ္နိံ တပ္ပ်ယာမိ၊ သမ္ဗန္ဓိဘျး သွဓာ နမး သမ္ဗန္ဓိနး တပ္ပ်ယာမိ၊ သဂေါတြေဘျး သွဓာ နမး သဂေါတြာံ တပ္ပ်ယာမိ၊ ဣတိ ပိတြိ တပ္ပ်ဏမ်။

“ယေ သောမေ ဇဂဒီသွရေ ပဒါထ် ပိဒျာယာံ စ သိဒ္ဓါ တေ သောမသဒး” အကြောင်း ပရမိဿရ ဘုရားနှင့် အားလုံးသော အရာဝတ္ထု ဆိုင်ရာ ပညာ၌ လိမ္မာသူကို “သောမသဒး”ခေါ်သည်။ “ယဲရဂ္နေ ပိဒျု တော ပိဒျာ ပြိဟိတာ တေ အဂ္နိသွာတ္တား” အကြောင်းမီး သို့မဟုတ်

လျှပ်စစ် ဓာတ်ပညာကို တတ်သိသူအား "အပ္ပိသွာဂတ္တား"ဟု ခေါ်သည်။ "ယောဗဟိဿိ ဥတ္တမေ ဗျဝဟာရေ သိဒ္ဓန္တိ တော ဗဟိဿဒး" အကြောင်း မြင့်မြတ်သော အတတ်ပညာနှင့် ယှဉ်သူအား "ဗဟိဿဒ"ဟု ခေါ်သည်။ "ယော သောမမဲသွယ မောသမိရသံ ဝါ ပါန္တိ ပိဝန္တိဝါ တော သော မပါး" အကြောင်းအမိုးရခြင်းကို စောင့်ရှောက် တတ်သူ၊ ဆေးကောင်း ဆေးမြတ်ကို သောက်သုံးခါ အနာမှကင်းသူ၊ ၎င်းပြင် အခြားသူတို့ အမိုးရခြင်းကို စောင့်ရှောက် ကာကွယ်ခါ၊ ဆေးဝါးကို ပေးလျက် အနာရောဂါကို ပါယ်ဖျောက် တတ်သူအား "သောမပါ" ဟု ခေါ်သည်။ "ယောဟာဝိး ဟောတု မတ္တုမဟံ ဘုဉ္ဇတေ ဘောဇယန္တိဝါ တေ ဟာဝိဘုဇး" အကြောင်းမှုးယစ်စေတတ်သော အသက်ဘေး အန္တရာယ်ကို ပြုတတ်သော အာဟာရကို ပယ်လျက် (မွန်မြတ်သော) ဘောဇဉ်ကို စားသုံးသူအား "ဟဝိဘုဇ" ဟုခေါ်သည်။ "ယ အာဖ္ဖိညတုံ ပြာပ္တုံဝါ ယောဂျံ ရက္ခန္တိ ဝါ ပိဝန္တိ အာဖ္ဖပါး" အကြောင်း သိသင့် သိထိုက်သော အရာဝတ္ထုတို့ကို စောင့်ရှောက်တတ်သူနှင့် နို့ ထောပတ် စသည်တို့ကို စားသောက်သူအား "အာဖ္ဖပါ"ဟုခေါ်သည်။ "သောဘနး ကာလော ဝိဒျတေ ယေသာန္တေ သုကာလိနး" အကြောင်း သူအား ကောင်းမြတ်သော ကုသိုလ်ကိုပြုရန် ကောင်းသော အခွင့်အခါကိုရ၏, ထိုသူအား "သုကာလိန်" ခေါ်သည်။ "ယေဒုသ္သာန် ယန္တြန္တိ နိဂြဟာဏန္တိ တေ ယမာ နျာယာဓိသား" အကြောင်းလူမိုက်တို့အား အပြစ်ဒါဏ်ပေးခြင်း၊ သူတော်ကောင်းတို့အား ကယ်တင် စောင့်ရှောက်ခြင်း ပြုသော တရားသဖြင့် စီမံအုပ်ချုပ်သူအား "ယမ" ဟုခေါ်သည်။ "ယး ပါတိ သ ပိတာ" အကြောင်းသူသည် သားသမီးတို့အား အစာရေစာဖြင့် ပြုရစောင့်ရှောက်တတ်၏ ထိုသူအား "ပိတာ" ခေါ်သည်။ "ပိတုး ပိတာ ပိတာမဟး ပိတာမဟာသျ ပိတာပြပိတာမဟး" အကြောင်းအဖေ၏ အဖေသည် အဘိုး၊ အဘိုး၏ အဖေသည် ဘေးဖြစ်၏။ "ယာ မာနယတိ သာ မာတာ" အစာရေစာဖြင့် လေးစား မွေးမြူတတ်သူကို "မာတာ" ခေါ်၍ "ယာ ပိတုမ်ာတာ သာ ပိတာမဟီ ပိတာမဟာသျ မာတာပြ ပိတာမဟီ" အဖေ၏ မိခင်ကို အဖွား၊ အဘိုး၏ မိခင်ကို ဘေးမ ခေါ်သည်။ မိမိ၏ အိမ်သူဇနီး၊ နှမ၊ ဆွေမျိုး၊ မိမိ၏အခွယ် သို့မဟုတ် အခြားသော သူတော်ကောင်း ယောကျ်ား မိန်းမတို့အား၊ သဒ္ဒါတရားထူးဖြင့် အစာ

ရေစာ အဝတ်တန်ဆာကောင်းသောယာဉ်တို့ကို ပေးကမ်းလျက်၊ ၎င်းတို့ ရောင့်ရဲတင်းတိမ်သော နည်းအတိုင်း ပြုရဆည်းကပ်ခြင်းကိုပင် "သာဒ္ဓ၊ တပ္ပဏာ" ဟုခေါ်သည်။

လေးခုမြောက် – ဝဲသွဒေဝ, ထမင်း ဟင်း ချက်ပြုတ်ပြီးသော အခါ ထိုအစာအာဟာရတို့တွင် အငံ၊ အစပ်၊ အခါးကိုပယ်၍ ထောပတ် သကြားတို့ဖြင့် စိမ့်အပ်သော ထမင်းဟင်းတို့မှ အနည်းငယ်စီယူပြီးလျှင် မီးဖိုထဲမှ မီးခဲအချို့ကို အပြင်ထုတ်ခါ၊ ထိုမီးခဲပေါ်သို့ အဆိုပါ ထမင်း ဟင်းတို့ကို ထည့်ခါ အောက်ပါမန္တာန်ဖြင့် ဟုမ်းပူဇော်ရသည်။

> ဝဲသွဒေဝသျ သိဒ္ဓသျ ဂြိဟျေဂ္နော ဝိဓိပူဇ်ကမ်၊
> အာဘျး ကုယျာ်ဒ္ဒေဝတာဘျော ဗြာဟ္မဏော ဟောမ မန္ဝဟမ်။
> (မနု- ၃၊ ၈၄)။

စဖိုဆောင်တွင် စားသောက်ရန်အတွက် စိမ့်ချက်ပြုတ်အပ်သော အစားအစာတို့ကို နတ်၌ဖြစ်သော ဂုဏ်ကြွက်သရေ(=ဒိဗ္ဗဂုဏ)အလို့ငှါ ထိုမီးဖို၌ပင် နေ့စဉ်နေ့တိုင်း အောက်ပါမန္တာန်ဖြင့် ဟုမ်းပူဇော်ရသည်။

> ဒုံ အဂ္ဂယေ သွာဟာ၊ သောမာယ သွာဟာ၊ အဂ္ဂီသောမာဘျာံ သွာဟာ၊ ဝိသွေဘျော ဒေဝေဘျး သွာဟာ၊ ဓန္ဝန္တရယေ သွာဟာ၊ ကုဟွဲ သွာဟာ၊ အနုမတျဲ သွာဟာ၊ ပြဇာပတယေ သွာဟာ၊ သဟာဒျာဝါ ပြိထိဝီဘျာံ သွာဟာ၊ သွိဋ္ဌကြိတေ သွာဟာ။

ဤအသီးသီးသော မန္တာန်ဖြင့် တောက်လောင်နေသော မီးတွင်၊ အစားအစာကို တကြိမ်စီ ထည့်ရမည်။ ထိုမှနောက် လင်ပန်း သို့မဟုတ် မြေကြီးပေါ်၌ ဖက်ရွက်ခင်းခါ အရှေ့မျက်နှာစသည် အစဉ်အတိုင်း ဤမန္တာန်တို့ဖြင့် တစုစီ တစုစီ ဝေခြမ်းထားပေးရမည်။

> ဒုံ သာနုဂါယေန္ဒြာယ နမး၊ သာနုဂါယ ယမာယ နမး၊ သာနုဂါယ ဝရုဏာယ နမး၊ သာနုဂါယ သောမာယ နမး၊ မရုဒ်ဘျော နမး၊ အဒ်ဘျော နမး၊ ဝနသ္ပတိဘျော နမး၊ ဤြိယဲ နမး၊ ဘဒြကာလျဲ နမး၊ ဗြဟ္မပတယေ နမး၊ ဝါသ္တုပတယေ နမး၊ ဝိသွေဘျော ဒေဝေဘျော နမး၊ ဒိဝါစရေဘျော ဘူတေဘျော နမး၊ နက္တဉ္စာရိဘျော ဘူတေဘျော နမး၊ သဗ်ာတ္မဘူတယေနမး။

ပြုခဲ့သော ဟုမ်းပူဇော်ပြီးသော ဖက်ခွက်ပေါ်၌ အစားအစာတို့ကို ဧည့်သည်ရှိက ကျွေးရမည်။ မရှိက မီးဖိုထဲသို့ ထည့်ပစ်ရမည်။ ဤမှ နောက်လဝဏာန္န (ငါ) ဟင်းရည်၊ ထမင်း၊ ဟင်း၊ မုံ့စသည်ပူဇော်၍ ခြောက်ဖို့ ခြောက်ပုံ မြေကြီးပေါ်တွင် ပုံထားရမည်။

သုနာံ စ ပတိတာနာံ စ သွပစာံ ပါပရောဂိဏာမ်၊
ဝါယသာနာံ ကြိမီဏာံ စ သနကဲ့ နိုင်ပေဒ်ဘုဝိ။
(မနု· ၃၊ ၉၃)။

ဤနည်းဖြင့်, “သွဘျော နမး, ပတိသေဘျော နမး, သွပဂ်ဘျော နမး, ပါပရောဂိဘျော နမး, ဝါယသေဘျော နမး, ကြိမိဘျော နမး၊” ဟု ရွတ်ခါထားပြီးနောက်၊ ဆင်းရဲနွမ်းပါး ဆာလောင်မွတ်သိပ်သူ သို့မဟုတ် ခွေး ကျီးကန်း စသည်ကို ကျွေးရမည်။ ဤနေရာ၌ နမး–သဒ္ဒါပုဒ်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ ကောက်ပဲ သို့မဟုတ် ခွေး, သူယုတ်မာ, စဏ္ဍာလ, အဘုသိုလ်နာရှိသူ, ကျီးကန်းနှင့် ပိုးမွှားတို့ကို အစာကျွေးခြင်းသည် အနုသမုတိစသော ကျမ်းစာတို့၏ အစီအရင်ဖြစ်၏။ ဟုမ်းပူဇော်ခြင်း အကျိုးတရားမှာကား စားဖိုဆောင်တွင်း လေသည်သန့်ပြန့်၍ မျက်စိဖြင့် မမြင်နိုင် မသိနိုင်သော ပိုးမွှားစသော သတ္တဝါတို့၏ သေကြေပျက်စီးခြင်းကို၊ အစားထိုးခြင်းဖြစ်သည်။

ငါးခုမြောက် ဧည့်ဝတ်–အတိထိ (ဧည့်သယ်) ဆိုသည်မှာ၊ နေ့ရက် (တိထိ) အသေအချာ မရှိသူ, တနည်း, သူတော်ကောင်း, မွေကထိက, အားလုံးသော ပရဟိတ အလို့ငှါ အရပ်တကာ လှည့်လည်သွားလာနေသော ပညာရှိယောဂီ ရသေ့ ရဟန်း တပါးပါး၊ ရုတ်တရက် ဆိုက်ရောက်လာခဲ့သော် ပထမခြေဆေးရည်၊ လက်ဆေးရည်၊ မျက်နှာသစ်ရေပေးပြီးနောက်၊ နေရာထိုင်ခုံပေးခါ ရိုသေစွာထားပြီးလျှင် မွန်မြတ်သော ဘောဇဉ် အစာအာဟာရတို့ဖြင့် ကျွေးမွေးလျက် စိတ်ချမ်းသာအောင် ထားရာသည်။ ထို့နောက် အလ္လာပ သလ္လာပ စကားစမြည် ပြောဆိုလျက် လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာကို ပွားများစေတတ်သော ပညာဗဟုသုတဆိုင်ရာ အဆုံးအဖြတ်ဝါဒတို့ကို နာခံမှတ်သားရာသည်။ မိမိ၏ အကျင့်အာစာရကိုလည်း၊ ထိုပုဂ္ဂိုလ်မြတ်တို့၏ ဥပဒေသအား

လျော်စွာ ပြုပြင်နေထိုင်ရာသည်။ အခါအားလျော်စွာ အိမ်ရာထောင်သူ လူတို့နှင့် ဘုရင်မင်းများသည်လည်း ဉဩသယ်ကဲ့သို့ပင် ပူဇော်သက္ကာ ပြုထိုက်လေသည်။ သို့သော်,—

ပါသဏ္ဍိနော ဝိကမ္မဋ္ဌာန် ဗဲဍာလဗြိတ္တိကာန် သဌာန်၊
ဟဲတုကာန် ဝကဗြိတ္တိံသ္စ ဝါင်မာတြေဏာပိ နာစ်ယေတ်။
(မနူ. ၄၊ ၃၀)။

(ပါသဏ္ဍိ)ဝေဒကိုကဲ့ရဲ့၍ ဝေဒနှင့်ဆန့်ကျင်ဘက် ကျင့်ကြံနေထိုင်သူ၊ (ဝိကမ်ဋ္ဌ) ဝေဒနှင့် ဆန့်ကျင်ဘက် အမှုကိုပြုသူ၊ (ဗဲဍာလဗြိတ္တိက) ကြောင်သည်ပုံးကွယ်၍ငြိမ်သက်စွာ ချောင်းမြောင်းခါ ကြွက်စသည်ကို၊ အရပ်ဖမ်း စားသောက်ဘိသကဲ့သို့၊ သူတော်ကောင်းယောင် ဆောင်လျက် မိစ္ဆာအယူဝါဒကို ဖြန့်ဖြူးခါ၊ တဝမ်းတခါးကိုကြည့်၍ အသက်မွေးသူ။ (သဌ)ဆိုခဲနက်၊ ဆုမွသွန်သင်ရန် ခဲခက်သောသူ၊ မာန မောဟတရား ဖုံးလွှမ်းနေသူ၊ ကိုယ်တိုင်လည်းမသိ၊ သူတပါးတို့ ပြောစကားကိုလည်း မနာယူဘဲ ဆိုဆုမ္မခက်သူ၊ (ဟဲတုက) မဟုတ်သည်ကို အဟုတ်၊ အဖြူကို အမဲဖြစ်အောင်၊ ယုတ္တိရှာခါ၊ စကားများသူ၊ တနည်း, ယခုကာလ ဝေဒန္တီတို့လို—"ငါသည်ပင်ဗြဟ္မ၊လောကကြီးသည်အမှား၊ ဝေဒစသော ကျမ်းနှင့် ဗုဒ္ဓသရဘုရားလည်း အတွေးမှုသာ......" စသည်ဖြင့် အမျိုးမျိုး ဆင်ခြေပြ၊ စကားများသူ။ (ဗကဗြိတ္တိ)မျိုင်းငှက်သည် ခြေတဖက်ကို မြှောက်ခါ သမာဓိဝင်စားနေသောသူကဲ့သို့ ငြိမ်သက်စွာနေလျက်၊ ရုတ်တရက် ငါးကိုဖမ်းစားခါ၊ မိမိ၏တဝမ်းတခါးကို ဖြည့်တတ်သကဲ့သို့ပင်၊ ယခုကာလဝိရာဂီ (=ရာဂကင်းသော ရသေ့ရဟန်း) ခါကီ (=မီးဖို ဖြာ ရှုးသော ရသေ့ရဟန်း) စသော ဆိုဆုမ္မခက်သော ဝေဒဆန့်ကျင်သူ တို့ကို နှုတ်ဖြင့်သော်လည်း အရိုအသေမပြုအပ်၊အဘယ့်ကြောင့်ဆိုသော်, ၎င်းသူတို့အား အရိုအသေ ပြုခြင်းကြောင့် အားရှိတိုးတက်လာပြီးလျှင် လောကကြီးကိုလည်း မတရား တိုးပွားအောင် ပြုတတ်လေသည်။ မိမိ ကိုယ်တိုင်ကား မတရားမှုကိုပြုသည့်ပင်ဖြစ်၍ တပည့်တကာ တကာမ တို့ကိုလည်း၊ အဝိဇ္ဇာတည်းဟူသော မဟာသမုဒ္ဒရာထဲတွင် နစ်မြုပ်စေ တတ်လေသည်။

ဤငါးပါးသော ယဇ်တို့၏အကျိုးကား

၁။ ဗြဟ္မယဇ်ကြောင့် အတတ်ပညာ၊ အသေ့ပူဇော်ဝိဇ္ဇာ၊ တရားဓမ္မ၊ ယဉ်ကျေးခြင်းစသော မွန်မြတ်သောဂုဏ်တော်များ တိုးပွားခြင်း။

၂။ မီးနတ်ပူဇော်ခြင်းကြောင့်၊ လေ, မိုးစင်, ရေသည် စင်ကြယ်သည် စင်ကြယ်သည်ဖြစ်၍ မိုးစင်းဖြင့် လောကကြီး တိုးပွား ချမ်းသာခြင်း။ တနည်း,သန့်ရှင်းစင်ကြယ်သော လေကောင်းလေသန့်ကို တွေ့ထိရှူရှိုက်ရခြင်းကြောင့် ကျန်းမာခြင်း, ဉာဏ်, ခွန်အား, သတ္တိ ပြည့်ဝပြီးလျှင်၊ တရား,ချမ်းသာစီးပွား၊ စည်းစိမ်နှင့်နိဗ္ဗာန်ကို ရရှိ ခံစားရခြင်းကြောင့် ဤယဇ်ကိုပင် "ဒေဝယဇ်"ဟု ခေါ်အပ်၏။

၃။ ပိတြိယဇ်ကြောင့်၊ မိဘဆရာ သူတော်ကောင်း ပညာရှိတို့အား ဆည်းကပ် ပူဇော်ခြင်းကြောင့် အသိဉာဏ် တိုးပွားလာပေလိမ့်မည်။ ထိုအသိဉာဏ်ဖြင့် ဟုတ်-မဟုတ်, မှန်-မမှန်ကို ဝေဘန် စဉ်းစားခါ၊ အမှန်အတိုင်း ကျင့်ကြံနေထိုင်ခြင်းကြောင့် ချမ်းသာသုခကို ရပေလိမ့်မည်။ ဒုတိယအချက်ကား ကတညုတာ= မိဘဆရာတို့ ပြုအပ်သော ကျေးဇူးတရားကို သိအပ်၍ ကျေးဇူးဆပ်အပ်သည်သာတည်း။

၄။ ဗလိဝဲသွဒေဝယဇ် အကျိုးကို အထက်တွင် ပြခဲ့သည့်အတိုင်း သိပါလေ။

၅။ အတိထိ (ဧည့်သယ်ဝတ်)- လောက၌ မြတ်သော ဧည့်သယ်များ မရှိသရွေ့ ကာလပတ်လုံး၊ လောကကြီး မတိုးတက်နိုင်ချေ။ ထိုပညာရှိ သူတော်ကောင်းဧည့်သယ်တို့၊ အတိုင်းတိုင်း အပြည်ပြည်ကို လှည့်လည်ဟောပြောခြင်းကြောင့် မသူတော်တရားများ တိုးပွားခြင်း မဖြစ်နိုင် တော့ဘဲ တပြည်လုံးရှိ အိမ်ရာထောင်သူအားလုံးတို့အား မှန်သောအသိဉာဏ်ကို လွယ်လင့်တကူရရှိနိုင်၍ လူအားလုံးတို့၌ ဘာသာတရား တပါးတည်းသာ တည့်နေနိုင်လေသည်။ ဧည့်သယ်ကောင်းမှကင်း၍ ဖွံ့ဟသိသယ ကင်းရှင်းခြင်း

မဖြစ်နိုင်ရာ၊ သံသယကုက္ကုစ္စ မကင်းဘဲလျက် ခိုင်မာသော ဆုံးဖြတ်ချက်ကိုလည်း မချနိုင်ရာ။ ဆုံးဖြတ်ချက်မချဘဲ၊ အဘယ်မှာ လျှင် ချမ်းသာကို ရနိုင်ပါအံ့နည်း?

ဖြာဟေ့ မုဟုတ္တော် ဗုဒ္ဓေတ ဓမ္မာ ထော စာနုစိန္တယေတ်၊ ကာယ
က္လေသံသ္စ တန္ထု္လာန် ဝေဒ တတ္တွာထိမေဝစ။ (မနု· ၄၊ ၉၂)။

ညဥ့်လေးဗဟိုရ် (၄-နာရီ)တွင် အိပ်ရာမှထ၍ အရေးကြီးသော ကိုယ်လက်သုမ်သင်မှုကို ပြုပြီးနောက် တရားနှင့် စီးပွားချမ်းသာ အနာရောဂါ၏ လက္ခဏာနှင့်ဘုရားကို အာရုံပြုရသည်။ ဘယ်တော့ခါမှ မတရားမှုကို မပြုလေနှင့်။ အကြောင်းကား-

နာဓမ္မ်း စရိတော လောကေ သဒျး ဖလတိ ဂေါရိဝ၊
သနဲရာ ဝတ္တမာနသ္တု ကတ္တုံး မူလာနိ ကြိန္တတိ။(မနု· ၄၊ ၁၇၂)။

ပြုအပ်ပြီးသော မကောင်းမှုသည် အကျိုးမပေးဘဲ ဘယ်တော့မှ မနေရာ။ သို့သော်, မကောင်းမှုပြုဆဲခဏ၌ အကျိုးမပေးတတ်လေသောကြောင့် ရိုက်မဲသောသူတို့သည် မကောင်းမှုပြုခြင်းမှ မကြောက်လန့်ကြချေ။ သို့ဖြစ်စေကာမူ၊ ထိုမကောင်းမှုသည် တဖြည်းဖြည်း သင်၏ ကောင်းကျိုးချမ်းသာ၏ အမြစ်ရင်းကို ဖြတ်တောက်နေပြီဟု တထစ်ချ မှတ်သားထားရာသည်။ ဤနည်းအတိုင်း-

အဓမ္မေဏဲဓတေ တာဝတ္တတော ဘဒြာဏိ ပဿတိ၊
တတး သပတ္နာဉ္ဇယတိ သမူလတ္တု ဝိနဿတိ။ (မနု· ၄၊၁၇၄)။

အကြင်အခါ မသူတော်သည် သူတော်ကောင်းတရား၏ စည်းမျဉ်းကို ပေါက်ဖျက်လျက် (ရေအိုင် ရေကန်ကြီး၏ ကံဘောင်ရိုးကို ဖေါက်ဖျက်ခါ ရေသည် အရပ်လေးမျက်နှာသို့ စီးထွက်သွားဘိသကဲ့သို့) မဟုတ်မမှန် ပြောဟောခြင်း၊ လိမ်လည်ခြင်း၊ အယောင်ဆောင်ခြင်း အမိပ္ပါယ်ကား, စောင့်ရှောက်တတ်သော ဝေဒတရားကို ပယ်လျက် အယုံသွင်း၍ လိမ်လည် ဖှည့်ဖြားခြင်းဖြင့် သူတပါးတို့ ပစ္စည်းဥစ္စာကိုရယူလျက် ပထမ တိုးပွားလာတတ်၏။ ထို့နောက် ဥစ္စာကို ရခြင်းကြောင့် အစား အစာ၊ အဝတ်အထည်၊ လက်ဝတ်တန်ဆာ၊ ယာဉ်ရထား၊ အိမ်ယာ မြေ၊ အကျော်အစောကို ရသည့်ဖြင့်၊ မတရားနည်းဖြင့် ရန်သူ တို့ကိုလည်း

အောင်နိုင်ရာသည်။ ထိုမှနောက် မကြာမီပင် ပျက်စီးရလေသည်။ ဥပမာ ပုံကား–အမြစ်ပြတ်ပြီးသော သစ်ပင်သည် ပျက်စီးဘိသကဲ့သို့၊ မသူတော်သည်လည်း ပျက်စီးရလေသည်။

သတျမော်ယံဗြိတ္တေသု သောစေ ဝဲဝါရမေတ္တုဒါ။
သိသျွံသ္တ သံသျာခမော်ဏာ ဝါဂ္ဗါဟု ဒရသံယတား။(မနု·၄၊၁၇၅)။

အကြင်ပညာရှိသည် ဝေဒကျမ်းလာတရား၊ တနည်းဆိုရသော်, မျက်နှာမလိုက်ဘဲ၊ အမှားကိုပယ် အမှန်ကိုယူ၍ တရားနည်းလမ်း မှန်သော ဝေဒကျမ်းလာ တရားစသော သူတော်ကောင်း တရားအတိုင်း ကျင့်ကြံလျက် ထိုတူမျှသောတရားဖြင့် တပည့်တို့အား သွန်သင်ပြသပေးရာသည်။

ရိတွိက် ပုရောဟိတာ စာယ်မ်ာတုလာ တိထိသံဪိတဲး၊
ဗာလဗြိဒ္ဓါတုရဲဝဲ်ဒျဲညာတိ သမ္ဗန္ဓိ ဗာန္ဓဝဲး။ ၁။
မာတာပိတြိဘျာံ ယာမိဘိဘြာ်တြာ ပုတြေဏ ဘာယ်ယာ၊
ဒုဟိတြာ ဒါသဝဂ်ေဏ ဝိဝါဒံ န သမာစရေတ်။ ၂။
(မနု· ၄၊၁၇၉၊ ၁၈၀)။

(ရိတွိက်) ယဇ်ပူဇော်သူ (ပုရောဟိတ)အခါခပ်သိမ်း ဆိုဆုမ္ဗတတ်သူ၊ (အာစာယ်) ပညာ စာပေသင်ပေးသောဆရာ၊ (မာတုလ) ဦးရီး-ဦးလေး (အတိထိ) ဧည့်သည်၊ (သံဪိတ) မိမိအားမှီခိုနေသူ၊ (ဗာလ) သူငယ်၊ (ဗြိဒ္ဓ) လူအို၊ (အာတုရ) အတိဒုက္ခ ရောက်နေသူ၊ (ဝဲဒျ) ဆေးသမား၊ (ညာတိ) သွေးစပ်သော ဆွေမျိုးညာတိ၊ (သမ္ဗန္ဓိ) ယောက္ခမစသော သွေးမစပ်သောဆွေမျိုး၊ (ဗာန္ဓဝ) မိတ်ဆွေ၊ ၁။ (မာတာ) အမိ၊ (ပိတာ) အဖ၊ (ယာမိ) နှမ၊ (ဘြာတာ) ညီအစ်ကို၊ (ဘာယ်ာ)မယား၊ (ဒုဟိတာ) သမီး၊ အစေခံတို့နှင့် ခိုက်ရန်တွေ့ခြင်း မပြုအပ်။ ၂။

အတပါတွိသ္န ဓိယာနး ဖြတိဂြဟာရုစ်ဒွိဇး၊
အမ္ဘသျ သ္မပ္လဝေနဲဝ သဟ တေနဲဝ မဇ္ဇတိ။ (မနု· ၄၊ ၁၉၀)။

တခုကား (အတပါး) ဖြဟ္မစရိယ မှန်သောစကားကိုသာ ဆိုခြင်းစသော အကျင့်တရားမှကင်းသောသူ၊ ဒုတိယကား (အနဓိယာနး) စာမတတ်သောသူ၊ သုံးခုမြောက်ကား (ဖြတိဂြဟာရုစိး) သူတပါးထံမှ အလှူကို အလွန် ထိုလား မက်မောသောသူ၊ ဤသုံးယောက်သော သူတို့သည်

ကျောက်လှေဖြင့် သမုဒ္ဒရာကိုကူးသောသူအလား၊ မိမိ၏ အကုသိုလ်တို့နှင့် အတူတကွ ဆင်းရဲခြင်းတည်းဟူသော သမုဒ္ဒရာရေပြင်၌ နစ်မွန်းရကုန်၏၊ ၎င်းတို့သာ နစ်မြုပ်သည် မဟုတ်သေးတဲ့ အလှူရှင် တို့ကိုလည်း မိမိနှင့်အတူ နစ်မြုပ်စေတတ်သေး၏။

ကြိသွပျေတော့သို့ ဒုတ္တံပတိ ဝိမိနာ ပျံ့ဖိတံ ခနမ်၊
ဒါယု ဘိဝတျနာထိယ ပရကြာဒါတုရေဝစ။ (မန္ဒ. ၄၊ ၁၉၃)။

အကြွင်းထရားသဖြင့် ရှာမှီးရရှိအပ်သောဥစ္စာကို အဆိုပါ သုံးယောက်အား ပေးလှူမည်ဆိုလျှင်၊ ထိုပေးလှူသော ဥစ္စာခနသည် အလှူရှင်အား ယခုပစ္စုပ္ပန်ဘဝ၌ ပျက်စီးဆုံးရှုံးစေ၍ အလှူခံပုဂ္ဂိုလ်အား၊ နောင်တမလွန်ဘဝ၌ ပျက်စီးစေတတ်သည်။ ဤသို့ဆိုလျှင် ဘယ်လိုပျက်စီးကြသလဲ—

ယထာ ပ္လဝေနောပလေန နိမဇ္ဇတျုဒကေ တရန်၊
တထာ နိမဇ္ဇတော ဓေဿာဒဉ္စေါ ဒါတြိပြတိဂ္ဂကော။
(မန္ဒ. ၄၊ ၁၉၄)။

ကျောက်ဖောင်၌စီး၍ ရေပြင်၌ ဖော်ခတ်သူသည် နစ်မြုပ်ဘိသကဲ့သို့ မိုက်မဲသော အလှူ့ရှင်နှင့် အလှူခံပုဂ္ဂိုလ်တို့သည်၊ ဒုဂ္ဂတိဘုံမ်သို့ရောက်၍ ဆင်းရဲခံကြရကုန်၏။

လူလိမ် လူညာတို့ လက္ခဏာကား

ဓမ်ဓွဇီ သဒါလုဗ္ဓဿာဒ္မိကော လောကဒမ္ဘကား၊
ဗဲဍိုလဗြတ္တိကော ဇ္ဇေယော ဟိံသြး သဗ်ာဘိသန္ဓကား။ ၁။
အဓောဒြိဘ္ဘိနိ်သ်ကြိတိကား သွာထ်သာခနတတ္ပရး၊
သဌော မိထျာ ဝိနိတသ္စ ဗကဗြတစရော။ ဒွိဇး။ ၂။
(မန္ဒ. ၄၊ ၁၉၅၊ ၁၉၆)။

(ဓမ်ဓွဇီ) ဘာသာရေးကို ဘန်းပြခါ လိမ်လည်သူ၊ (သဒါလုဗ္ဓး) အမြဲတန်း လောဘကြီးသူ၊ (ဆာဒ္မိကား) ကောက်ကျစ်သူ၊ (လောကဒမ္ဘကား) လူအပေါင်းတို့ ရှေ့၌ ကြွားဝါညာဖြန်းတတ်သူ၊ (ဟိံသြး) သူတပါးအား ညှင်းဆဲသတ်ဖြတ်တတ်သူ၊ (သဗ်ာဘိသန္ဓကား) လူဆိုးလူကောင်းမရွေး ပေါင်းသင်းဆက်ဆံခါ၊ ကြောင်သူတော်လို ကျင့်ကြံ

စားသောက်တတ်သူ၊ ၁။ (အခေါ့ဗြိဘွိုး) သူတပါး အထင်ကြီးအောင် မျက်လှာချလျက် စကျွဲခြေနှင့် နေတတ်သော ကုတ်ကမြင်းလူမျိုး၊ (နှံသ်ကြိတိကား) သူတပါးက အပြစ်အနည်းငယ် ပြုမိသည်ကို၊ အသက် သေစေအောင် ဂလေ့စား ချေတတ်သောသူ၊ (သွာထိသာခနေး) မည်မျှ ပင် ကြီးလေးသော အပြစ်ဖြစ်စေ ပြု၍ မိမိ၏ အကျိုးကို ရှာတတ်သူ၊ (သဌ္ဌး) ဆိုဆုမ္မခက်သူ၊ (မိထျ ာဝိနိတး) အပြင်ပန်းက ယဉ်ကျေးသိမ်မွေ့ ယောင် ဆောင်တတ်သူ၊ (ဗကဗြတ) ဗျိုင်းငှက် အကျင့်မျိုး ကျင့်သူ၊ ဤသို့သော လက္ခဏာရှိသော ဆရာလိမ် ဆရာကောက်တို့အား၊ ယုံကြည် ခြင်း ဆည်းကပ်ခြင်း ဘယ်တော့မှ မပြုအပ်။ ၂။

ဓမ်ဴသနဲး သဠ္ဌိနူယာဒ် ဝလို့ကမိဝ ပုတ္တိကား၊
ပရလောက သဟာယာထ်ံ သဗ်ဘူတာနျပိဍယန်။ ၁။
နာမုတြဟိ သဟာယာထ်ံ ပိတာ မာတာစ တိဋ္ဌတး၊
န ပုတြဒါရံ န ဉာတိဓ်မ်ဿိဋ္ဌတိ ကေဝလး။ ၂။
ဧကး ပြဇာယတေ ဇန္တုရေက ဧဝ ပြလီယတေ၊
ဧကောနုဘုံက္တေ သုကြိတမေက ဧဝ စ ဒုသ်ကြိတမ်။ ၃။
(မနု· ၄၊ ၂၃၈၊ ၂၄၀)။
ဧကး ပါပါနိ ကုရုတေ ဖလံ ဘုံက္တေ မဟာဇနး၊
ဘောက္တာရော ဝိပြမုစ္စန္တေ ကတ္တာ ဒေါသေဏ လိပျတေ။ ၄။
(မဟာဘာရတေ၊ ဥဒျောဂပ·၊ ပြဇာဂရပ·၊ အ· ၃၂)။
မြိတံ သရီရမုတ်ဆြိုယီ ကာဋ္ဌလောဋ္ဌ သမံက္ဍိတော၊
ဝိမုခါ ဗာန္ဓဝါ ယာန္တိ ဓမ်ဿနုဂစ္ဆတိ။ ၅။
(မနု· ၅၊ ၂၄၁)။

ယောကျ်ားမိန်းမတို့သည်,ခြကောင်သည် ခြတောင်ပို့လုပ်ဆိသကဲ့သို့, သက်ရှိသက်မဲ့သတ္တဝါတို့အား မနှိပ်စက်ဘဲ၊ နောင်ထမလွှန်ဘဝအလို့ငှါ ကုသိုလ်တရားကို ရဆောင်းရာသည်။ ၁။

အဘယ့်ကြောင့်ဆိုသော်, တမလွှန်ဘဝ၌ မိဘ,ဇနီး,သားသွီး,ဆွေညာ စသော တစုံတယောက်သောသူသည်ကူညီနိုင်သည်မဟုတ်ချေ၊ ကုသိုလ် တရား တပါးသာအကူအညီ ပေးနိုင်သည်။ ၂။

မိမိတကိုယ်တည်းသာ၊ မွေးဖွားသေဆုံးခြင်းဖြစ်၍၊ ကုသိုလ်တရား၏ ချမ်းသာနှင့် အကုသိုလ်တရား၏ ဆင်းရဲကို တဦးတည်းသာ ခံစားရ၏။ ၃။

လောက၌ တယောက်တည်းသာ မတရားမှုဖြင့် ပစ္စည်းဥစ္စာကို ရယူလာ၍ တဆွေတမျိုးလုံး စားသုံးကြ၏။ သို့သော်၊ စားသုံးသူတို့ ငရဲမခံရဘဲ၊ မတရားပြုသူသာလျှင် ငရဲကျခံရ၏။ ၄။

တရံတယောက် သေလွန်သွားသောအခါ၊ ၎င်း၏ ဆွေမျိုးတို့သည်၊ မြေစိုင်မြေခဲသဘွယ် စွန့်ပစ်ထားခဲ့ပြီး၊ ကျောပေးပြန်သွားကြ၏။ သို့သော် ကုသိုလ် သို့မဟုတ် အကုသိုလ်တရား တပါးသာ ထိုသူ၏ အပေါ်အဖြစ် လိုက်ပါသွားတတ်၏။ ၅။

တသ္မာဒ္ဓမ်ံ သဟာယာထံ နိတျံ သဉ္စိနုယာစ္ဆနဲး၊
ဓမ်ေဏဟိ သဟာယေန တမသ္တရတိ ဒုသ္တရမ်။ ၁။
ဓမ်ပြဓာနံ ပုရုသံ တပသာ ဟတကိလ္ဗိသမ်၊
ပရလောကံ နယတျာသု ဘာသွန္တံ ခသရီရိဏမ်။ ၂။
(မနု- ၄၊ ၂၄၂၊ ၂၄၃)။

သို့ဖြစ်သောကြောင့် နောင်တမလွန်ဘဝ၌ ချမ်းသာရစေခြင်းငှါ အမြဲမပြတ် ကုသိုလ်တရားကို တဖြေးဖြေးရဆောင်းရာသည်။ အကြောင်းကား လူတို့သည် ကုသိုလ်တရား၏ အထောက်အပင့်ဖြင့်သာ၊ အလွန်ခဲယဉ်းသော ဒုက္ခဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကူးခတ် ပေါက်ရောက်နိုင်၏။ ၁။

သို့သော် အကြင်ယောကျ်ားသည် ကုသိုလ်တရားကိုသာလျှင် ပဓာန (လိုရင်းအချက်) ဟု ယုံကြည်၍ တရားတည်းဟူသော ကျင့်ဝတ်ဖြင့် မကောင်းမှု အကုသိုလ်တို့သည် စင်ကြယ်ပြီးဖြစ်၏။ ထိုသူအား ဉာဏ်အလင်း (ဝါ) ကျယ်ဝန်းသောအာကာသ- ကောင်းကင်သာလျှင် ကိုယ်ရှိသော ထူးမြတ်သော ဗြဟ္မာဘုံမ်သို့ ကုသိုလ်တရားကပင် ပို့ဆောင်ပေးတတ်၏။ ၂။

ဒြိဎကာရီ မြဒုရ္ဒါန္တး ကြူရာစာရဲရသံဝသန်၊
အဟိံသြော ဒမဒါနာဘျာံ ဇယေတ် သွဂ်ံ တထာဝြတး။ ၁။
ဝါစျရ္ထာ နိယတား သဝေ် ဝါင်မူလာ ဝါဂွိနိသြိတား။
တာံသ္တု ယး သ္တေနယေဒွါစံ သ သဝ်သ္တေယ ကြိန္နရး။ ၂။
အာစာရာလ္လဘတေ ဟျာယုရာစာရာ ဒီပ္သိတား ပြဇား။
အာစာရာဒ္ဓနမက္ချယျ မာစာရော ဟန္တျ လက္ခဏမ်။ ၃။
(မနု· ၄၊ ၂၄၆၊ ၁၅၆)။

အခါခပ်သိမ်း မြဲမြံတည်ကြည်သော နူးညံ့သောစိတ်သဘောရှိသော ရှုခြေတို့ကို စောင့်စည်းတတ်သော ကြမ်းကြုတ် သတ်ဖြတ်တတ်သော သူယုတ်မာတို့နှင့် ဝေးစွာနေတတ်သော သူတော်ကောင်းသည်၊ စိတ်ကို နိုင်နင်းသည်ဖြစ်၍ အတတ်ပညာစသော ဒါနကုသိုလ်ကြောင့် ချမ်းသာကိုရ၏။ ၁။ သို့သော် အကြောင်းစကားတော်၌ အားလုံးသော အနက် အဓိပ္ပါယ် ဝတ္ထုရားတို့သည် အရုံအလင်္ကာရှိ၏။ ထိုစကားတော်ဖြင့်သော အားလုံးသောကျင့်ဝတ်တို့သည် ပြီးပြည့်စုံ၏။ ထိုမှန်သော သစ္စာစကား တော်ကို ဖယ်ရှောင်လျက် မှသားပြောဆိုသောသူသည် ခိုးခြင်းစသော အကုသိုလ်တို့ကို ပြုကျင့်သည်မည်၏။ ၂။ ထို့ကြောင့် မှသားပြောခြင်း စသော အကုသိုလ်တရားတို့ကိုပယ်စွန့်လျက် ကုသိုလ်တရားဖြင့်။ အသက်ရှည်ခြင်း, အမြဲအရံ မိတ်ကောင်းဆွေကောင်းနှင့် မကုန်ခန်းနိုင်သော ဥစ္စာရတနာတို့ကိုရအပ်၏။ တနည်း တရားကိုကျင့်လျက် မကောင်းသော အင်္ဂါလက္ခဏာတို့ကို ဖျောက်ဖျက်တတ်၏။ ထိုကဲ့သို့သော အကျင့်တရား တို့ကို အမြဲကျင့်ဆောင်အပ်၏။ ၃။ အဘယ့်ကြောင့်နည်း—

ဒုရာစာရောဟိ ပုရုသော လောကေ ဘဝတိ နိန္ဒိတား၊
ဒုခ ဘာဂီစ သတတံ ဗျာဓိတော အလ္ပာယုရေဝ စ။ (မနု·၄၊၁၅၇)။

မကောင်းမှုဒုစရိုက်ပြုသူ ယောကျ်ားသည် လောက၌ လူအပေါင်းတို့ ကဲ့ရဲ့ခြင်းကိုခံရ၍ ဆင်းရဲလျက် အမြဲတမ်း ရောဂါနှိပ်စက်သည် ဖြစ်၍ အသက်တိုတတ်ပေသည်။ သို့ဖြစ်၍—

ယဒ္ဓျတွ္ဝရဝသံ ကမ် တဣ္ဘဒ္ဓျတွေ့န ဝဇ္ဇ်ယေတ်၊
ယဒ္ဓျ ဒ္ဓါတွဝသံတု သျှာတ္တတ္တဘ္ဘေဝတ ယတ္တတး။ ၁။
သဗ္ဗံ ပရဝသံ ဒုခံ သဗ္ဗမာတ္တဝသံ သုခမ်၊
ဧတဒ္ဓိဒျှာတ္တမာသေန လက္ခဏံ သုခ ဒုခယော း။ ၂။
(မနု• ၄၊ ၁၅၉၊ ၁၆၀)။

သူတထူးအောက်ခံ အမှုကိစ္စဟူသမျှကို အားထုတ်စွန့်ပယ်လျက်၊ မိမိ မိုင် အမှုကိစ္စတို့ကို အားထုတ် လုပ်ကိုင်ရာသည်။ ၁။ အကြောင်းသော် ကား– သူတထူးအောက်ခံအမှုတို့သည် ဆင်းရဲဒုက္ခဖြစ်၍ မိမိပိုင်ကိစ္စတို့ သည် ချမ်းသာသုခဖြစ်၏။ ဤကိုပင် အကျဉ်းအားဖြင့် ဆင်းရဲနှင့် ချမ်း သာခြင်း၏ လက္ခဏာဟု သိသင့်သိအပ်၏။ ၂။ သို့သော် တဦးနှင့်တဦး ဆက်စပ်သော ကိစ္စတို့ကို အချင်းချင်း ဆက်စပ် ဆောင်ရွက်တတ်၏။ ဥပမာ- လင်နှင့်မယား အချင်းချင်း ဆက်သွယ်ဆက်စပ်သော ကိစ္စများ ဖြစ်ကြ၏။ တနည်းဆိုရသော်, မယားသည် လင်အား၊ လင်သည်မယား အား အချင်းချင်း ချစ်ကြည်လေးမြတ်သော အကျင့်တရား၊ ကာမဂုဏ်၌ ဖေါက်လွှဲဖေါက်ပြန်မကျင့်ဘဲ၊ မဆန့်ကျင်မူ၍ သင့်မြတ်စွာ ပေါင်းသင်း ဆက်ဆံခြင်း။ ယောကျ်ားလုပ်သူ၏အမိန့်အားလျော်စွာ အိမ်မှုကိစ္စတို့ကို မိန်းမကဆောင်ရွက်ခြင်းနှင့် ပြင်ပအလုပ်တို့ကို ယောကျ်ားက ဆောင် ရွက်ခြင်း။ မကောင်းသော အကျင့်တရားတို့၌ သက်ဝင်ခြင်းမှ တဦးကို တဦးက တားဆီးခြင်း။ တနည်းကား မင်္ဂလာဆောင်ပြီးသည့် အချိန်က စ၍၊ မိန်းမသည် ယောကျ်ားလက်သို့၊ ယောကျ်ားသည် မိန်းမလက်သို့ ရောင်းချပြီး ဖြစ်သည်ဟု တထစ်ချ မှတ်သားထားအပ်၏။ အချင်းချင်း အမှုအရာ၊ လက်သည်း ခြေသည်း, သုက်သွေးကစ၍ တဦးကို တဦးက ပိုင်စိုးပြီးဖြစ်၏။ နှစ်ဦးလုံးကသဘောမတူဘဲ၊ ဘာတခုမှ မပြုမလုပ်ရာ။ ဤတို့တွင်၊ အဆိုးဆုံး မနှစ်သက်ဖွယ်ရာ အမှုတို့သည်ကား မိန်းမလိုက် စားခြင်း၊ ပြည့်တံဆာမထံသွားလာခြင်း၊ မိန်းမ လင်ငယ်ထားခြင်းများ ဖြစ်ကုန်၏။ ဤအကျင့်ဆိုးများကိုစွန့်လျက် လင်နှင့်မယား၊ ချစ်ကြည်စွာ ပေါင်းသင်းနေထိုင်ရာသည်။ အကယ်၍ ဖြဟ္မဏ–ပုဏ္ဏားမျိုးဖြစ်ခဲ့မူ၊ လင် သည် ယောကျ်ားကလေးတို့ကို စာပေ သင်ပေးလျက် စာတတ်သော မယားသည် မိန်းခလေးတို့ကို စာပေသင်ကြားပေးရာသည်။ အထူးထူး

အပြားပြားသော အဆုံးမဩဝါဒပေးခြင်း၊ တရားဟောခြင်းဖြင့် မိန်းကလေး ယောကျ်ားကလေးတို့အား ပညာရှိဖြစ်လာအောင် ပြုပေးရာသည့် မယား၏ပူဇော်အပ်သောနတ်ကား လင်ပင်ဖြစ်၍ လင်၏ပူဇော်အပ်သော နတ်ဘွိုးကား မယားပင်တည်း။ ကျောင်းတော်၌ နေသရွေ့ကာလပတ်လုံး ဆရာအား မိဘသဘွယ် မှတ်သားရိုသေရမည်၊ ဆရာကလည်း တပည့်အား မိမိ၏သားဘွိုးကဲ့သို့ မှတ်သားချစ်ခင်ရမည်။ စာပေသင်ကြားပေးသော ဆရာနှင့် ဆရာမတို့အင်္ဂါကား–

အာတပ္ပညနံ သမာရမ္ဘး တိတိက္ခာ ခမ်နိတုတာ၊
ယမတ္ထာ နာပကာသိန္တိ သဝဲ ပဏ္ဍိတဥယ္ယတေ။ ၁။
နိသေဝတေ ပြသည္ဘာနိ နိန္ဒိတာနိ နသေဝတေ၊
အနာသ္တိကား သြဒ္ဓခါန ဧတတ် ပဏ္ဍိတ လက္ခဏာမ်။ ၂။
က္ရိုပြံ့ ဝိဇာနာတိ စိရံ သြိဏောတိ, ဝိညာယ စာဘ်* ဘဇတေန ကာမာတ်။
နာသမြွှသော ဟျုပယုင်ကွေ့ ပရာထေ်, တတ်ပြညနံ့ ပြထမံ ပဏ္ဍိတသျ။ ၃။
နာပြာပျမဘိ ဝါဥ္ဆန္တိ နဿ္ဋံ နေသ္တန္တိ သောစိတုမ်။
အာပတ္သု စ နမုဟျန္တိ နရား ပဏ္ဍိတ ဗုဒ္ဓယား။ ၄။
ပြဗြိတ္တဝါက စိတြကထ ဥဟဝါန် ပြတိဘာနဝါန်၊
အာသု ဂြန္ထသျ ဝက္တာ စယးသ ပဏ္ဍိတ ဥဃိတေ။ ၅။
သြုတံ ပြညာနုဂံ ယသျ ပြညာစဲဝ သြုတာနုဂါ၊
အသံဘိန္နာ ယ်မယ်ာဒး ပဏ္ဍိတာချံ လဘေတသး။ ၆။

ဤသည်တို့ကား မဟာဘာရတ–ဥဒျောဂပဗ္ဗ–ဝိဒုရပြဇာဂရ(အခန်းကဏ္ဍ -၃၂-)လာ ဂါထာများဖြစ်၏။

(အနက်ကား) အကြွင်ပုဂ္ဂိုလ်အား၊ အတ္တ-ဉာဏ (အဇ္ဈတ္တသဘာဝ်ကို ဝေဘန်ပိုင်းခြား၍ သိသောဉာဏ်၊ (သမျက်-အာရမ္ဘ) ပျင်းရိထိုင်းမှိုင်းခြင်း မရှိမှု၍ လောကဓမ်တရား ရှစ်ပါးတို့၌ ဝမ်းနဲ့ခြင်း ဝမ်းသာခြင်း မဖြစ်ဘဲ၊ ကုသိုလ်တရား၌သာ စွဲမြဲသက်ဝင်နေလျက်၊ ကောင်းမြတ်သော အရာဝတ္ထုပစ္စည်းဥစ္စာနှင့် အာရုံငါးပါးနှင့် စပ်ဆိုင်သောအရာတို့၌ တပ်

နှစ်သက်ခြင်း မရှိသော ဗုဂ္ဂိုလ်ကို သာလျှင် ပညာရှိဟု ခေါ်ဝေါ်အပ်၏။ ၁။

အခါခပ်သိမ်း တရားနှင့်စပ်သောအမှုတို့ကိုပြု၍ မတရားမှုတို့ကို စွန့်ပါယ်ခါ၊ ထာဝရဘုရား, ဝေဒကျမ်းစာ, ကောင်းမြတ်သော အကျင့်အာစာရတို့ကို မကဲ့ရဲ့တတ်သော၊ ထာဝရဘုရားစသည်တို့၌ ကြည်ညိုသဒ္ဓါရှိခြင်းသည်ပင် ပညာရှိ၏ ပြုအပ် မပြုအပ်သော ဝတ္တရားများဖြစ်ကုန်၏။ ၂။

ခက်ခဲနက်နဲသော အကြောင်းစာပေကို အလျှင်အမြန် သဘောပေါက်သိရှိတတ်ခြင်း၊ ရှည်မြင့်သော ကာလတိုင်အောင် ကျမ်းဂန်စာပေတို့ကို သင်ယူ,နားထောင် စဉ်းစားဝေဘန်ခြင်း၊ မိမိတတ်သိသော ပညာတို့ကို ပရဟိတအကျိုး၌ အသုံးချခြင်း၊ တကိုယ်ကျိုးအတွက် ဘာ-တစုံတခုမျှ မပြုလုပ်ခြင်း၊ မမေးဘဲနှင့် အခါမဟုတ်ဘဲနှင့် သူတပါးတို့ အရေးအရာတို့၌ အကြံဉာဏ် မပေးခြင်းတို့သည်ပင် ပညာရှိ၏ ပထမလက္ခဏာဖြစ်၏။ ၃။

မလျှောက်ပတ် မထိုက်တန်သောအရာကို မည်သည့်အခါမှ မလိုလားသူ၊ ပျက်စီးဆုံးရှုံးပြီးသောပစ္စည်းဥစ္စာအတွက်စိုးရိမ်ပူဆွေးခြင်းမဖြစ်သူ၊ ကြီးလေးသောဘေးအန္တရာယ် ဆိုက်ရောက်သောအခါ၌လည်း၊ တွေဝေမက်မောခြင်းမရှိသော သူသည်ပင် ပညာရှိဖြစ်၏။ ၄။

အလုံးစုံသော အတတ်ပညာ၊ အမေး အဖြေတို့၌ လိမ်မာဖြေဖြစ်သော နှုတ် (စကား)ရှိသူ၊ ကျမ်းစာအခဏ်း ကဏ္ဍ အပိုင်းအခြားတို့ကို အစီအစဉ်အတိုင်း ပြဆိုတတ်သူ၊ အကြောင်းယုတ္တိနှင့်တကွ၊ ဝေဘန်တတ်၍ အမှတ်သညာကောင်းသူ၊ ကျမ်းဂန်စာပေ၏ လျှောက်ပတ်မှန်ကန်သော အနက်အဓိပ္ပါယ်ကို၊ တခဏချင်း ဘွင့်ဆိုပြတတ်သူတို့ကိုပင် ပညာရှိဟု ခေါ်ဝေါ်အပ်၏။ ၅။

ကြားအပ်သော မှန်သော အနက်သဘောနှင့် လျော်ကန်သော အသိပညာရှိသူ၊ ဉာဏ်အားလျော်စွာ ကြားသိသူ၊ မြင့်မြတ်သော ပညာရှိသူတော်ကောင်းတို့၏စည်းမျဉ်းကို ဘယ်တော့မှမဖေါက်ဖျက်တတ်သူတို့ကိုပင် ပညာရှိဟု ခေါ်ဝေါ် သမုတ်အပ်၏။ ၆။

အဆိုပါ အရည်ချင်းနှင့်ပြည့်စုံသော ဆရာ–ဆရာမတို့ရှိသော နေရာ အရပ်တို့၌ အတတ်ပညာ၊ တရားဓမ္မ၊ ကောင်းမြတ်သော အကျင့်အာစာရ တိုးတက်၍ နေ့စဉ်နေ့တိုင်း ရွှင်ပျော် ဝမ်းမြောက်ခြင်း တိုးပွားနေရာ သည်။ အတတ်ပညာ သင်ယူရာ၌ အရည်အချင်း မရှိ၊ ညံ့ဖျင်းသောသူ တို့၏ လက္ခဏာကား–

အသြုတဿ သမုန္နဒ္ဓေါ ဒရိဒရဿ မဟာမနား၊
အထိဝ်ဿာအကမ်ဏာ ပြေဆွံ့မူိုစ ရှုတျုလ္လတေ ဗုမ်း။ ၁။
အနာဟူတး ပြဝိသတိ ဟျပြိသွေ့ာ ဗဟု ဘာသတေ၊
အဝိသွဿေ ဝိသွသိတိ မူဎ စေတာ နရောဓမး။ ၂။

အထက်ပါ ဂါထာတို့သည်လည်း၊ မဟာဘာရတ–ဥဒျောဂပဗ္ဗ–ဝိဒုရ ပြဇာဂရ–ကဏ္ဍ ၃၂–လာဖြစ်၏။

အနက်ကား–အကြွင်သူသည် ကျမ်းဂန်စာပေ တရုံတရာ မသင်ဘူး, မကြားဘူး, အထူးမာနကြီး၊ ဆင်းရဲမွဲပြာ၍ အကြီးအကျယ် ဖြစ်လို၏။ အလုပ်မလုပ်ဘဲ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို ရလို၏၊ ထိုသူအား ပညာရှိတို့က·လူမိုက်ဟုခေါ်ကြ၏။ ၁။

ဖိတ်မခေါ်ဘဲနှင့် လူရုလူဝေးနှင့် သူတပါးအိမ်သို့ဝင်လာသူ၊ မြင့် မြတ်သော နေရာထိုင်ခင်းပေါ်၌ ထိုင်လိုသူ၊ မမေး မမြှောက် ဘဲနှင့် ပရိသာဒ်အလယ်၌ အလွန်စကားပြောသူ၊ မယုံကြည့်ထိုက်သေးသူကို ယုံကြည်သူတို့ကိုပင် လူတို့တွင် အမိုက်ဆုံး အယုတ်ဆုံးဟု ခေါ်ဝေါ် အပ်၏။ ၂။

ဖြစ်ခဲ့သောလူစားမျိုးက ကျောင်းဆရာ၊ ဓမ္မကထိက၊ ဆရာ၊ လူကြီး ဖြစ်သော အရပ်ဒေသ၌ အတတ်ပညာမဲ့ခြင်း၊ မသူတော်တရားအားကြီး ခြင်း၊ မယဉ်ကျေးမှု တိုးတက်ခြင်း၊ ခိုက်ရန်ပွားခြင်း၊ သင်းကွဲခြင်းများ တိုးတက်လျက် ဒုက္ခဆင်းရဲပွားများလာတတ်၏။ စာသင်သား(ကျောင်း တော်သား)တို့ လက္ခဏာကား–

အာလသျံ မဒမောဟောစ စာပလံ ဂေါဋ္ဌိရေဝစ၊
ထဒ္ဓတာ စာဘိမာနိတ္တံ တထာ တျာဂိတ္တမေဝစ။
ဧတေဝဲ သတ် ဒေါသား သျုး သဒါ ဝိဇ္ဇာဝ်ဝိနဲ့ မတား။ ၁။
သုခါဝ်ဝိန်း ကုတော ဝိဇ္ဇာ ကုတော ဝိဇ္ဇာဝ်ဝိန်း သုခမ်၊
သုခါဝ်ဝိဝါ တျဇေဒ္ဒိဇ္ဇာံ ဝိဇ္ဇာဝ်ဝိဝါ တျဇေတ်သုခမ်။ ၂။

ဤဂါထာတို့သည်လည်း ဝိဒုရပြဓာဂရ-ကဏ္ဍ ၃၉-၏ ဂါထာများ ဖြစ်သည်။

အနက်ကား—ပျင်းရိခြင်း, မာန်မူယစ်၍ မူးမေ့တွေဝေခြင်း၊ မောဟ အားကြီးခြင်း၊ လျှပ်ပေါ်လော်လီ မတည်ကြည်ခြင်း၊ ဟိုကဒီက အဖျင်း စကားတို့ကို ပြောဆိုနားထောင်ခြင်း၊ စာဘတ် စာပြရာ၌ ရပ်တန့် တိတ်ဆိတ်နေတတ်ခြင်း၊ မာနထောင်လွှားတတ်ခြင်း၊ စွန့်ခြင်းမှကင်းခြင်း ဤခုနစ်ပါးသော အပြစ်တို့သည် စာသင်ပျို့တို့၌ရှိကုန်၏။ ၁။

အထက်ပါ အပြစ်ဒေါသ ရှိသောသူသည် ဘယ်တော့မှ ပညာမတတ် နိုင်ချေ။ ချမ်းသာကိုလိုသူအား ပညာဘယ်ကရမလဲ ပညာလိုသူအား ချမ်းသာဘယ်ကရမလဲ။ စည်းစိမ်ခံလိုသူသည် ပညာကို၊ ပညာကိုလိုသူ သည် စည်းစိမ်ကိုစွန့်ပစ်ရာသည်။ ၂။

ဤသို့မပြုဘဲ ပညာမတတ်နိုင်ရာ၊ အောက်ပါ အင်္ဂါနှင့် ပြည့်စုံသော သူတို့သည် အတတ်ပညာကိုရရာသည်—

သဓော ရတာနဲ့ သတတံ ဒါန္တာနာမူဋ္ဌ်ရေတသာမ်၊
ဖြပဟ္မစယံ ဒဟောဒြာဇန် သဗ်ပါပါဈုပါသိတမ်။ ။

အကြင်သူသည် ကောင်းသော အကျင့်အာစာရ၌ သက်ဝင်၍, ဣန္ဒြေ တို့ကို စောင့်စည်းနိုင်နင်းလျက် ဘယ်တော့မှ သုက်မလွှတ်ပေ၊ ထိုကဲ့သို့ သောသူ၏ အကျင့်သည်သာမှန်သော ဗြဟ္မစရိယဖြစ်၍ ပညာရှိဖြစ်၏။ ထို့ကြောင့် ကောင်းသောလက္ခဏာနှင့်ပြည့်စုံသော ဆရာနှင့်တပည့်များ ဖြစ်ရာသည်။ စာသင်ပျို့များသည် မှန်သောစကားကိုဆိုတတ်သူ (သစ္စာ ဝါဒီ) ကောင်းမြတ်သော သဘောထားရှိသူ၊ မှန်သောအလုပ်ကို ထုဝ်ကိုင် ဆောင်ရွက်တတ်သူ၊ ယဉ်ကျေးခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းထိမ်းသိမ်း နိုင်ခြင်း၊ အကျင့်သီလနှင့်ပြည့်စုံခြင်းစသော မြတ်သောဂုဏ်အပေါင်းနှင့်

ပြည့်စုံ ကုံလုံသော ကိုယ်စိတ် နှစ်ပါး၏ စွမ်းအားကို ပြည့်စုံစေလျက် အားလုံးသော ဝေဒစသော ကျမ်းဂန် စာပေတို့၌ ပညာရှိ တဆု ဖြစ်လာအောင် ဆရာလုပ်သူတို့က ကြိုးပမ်းအားထုတ်ရသည်။ အခါခပ်သိမ်း ထိုကျောင်းတော်သားတို့၏ မတော်သောကိစ္စတို့၌ စွဲဆော်အားထုတ်ခြင်းကို တားဆီးပိတ်ပင်လျက် ပညာသင်ရာ၌ ကြိုးပမ်းရသည်။ ထို့ပြင် စာသင်ပျို့တို့သည် အခါခပ်သိမ်း ဣန္ဒြေတို့ကို စောင့်စည်းနိုင်ခြင်း ငြိမ်သက်တည်ကြည်ခြင်း, ပညာကို လိုလားသူတို့အား ချစ်ကြည်လေးမြတ်ခြင်း, ဆင်ခြင်တုံတရားရှိခြင်းနှင့် လုလ္လဝိရိယရှိသူများ ဖြစ်ကြသည်ဖြစ်၍ အတတ်ပညာပြည့်စုံကုန်လုံခြင်း အသက်ရှည်ခြင်း အကျင့်တရားနှင့်ပြည့်စုံခြင်း, ကြိုးပမ်းအားထုတ်ခြင်း ဂုဏ်တို့နှင့် ပြည့်စုံအောင် ကြိုးစားရသည်။ ဤကား ဗြဟ္မဏဇာတ်ဝင်တို့၏ ကျင့်ဝတ်တရားဖြစ်ကုန်၏။ ခတ္တိယ (မင်းမျိုး)တို့၏ ဝတ္တရားကို ရာဇသတ်အခဏ်းတွင်ပြပေအံ့။ ကုန်သည်မျိုးတို့၏ ဝတ္တရားမှာ-ဗြဟ္မစရိယစသော အကျင့်တို့ကို ကျင့်လျက် ဝေဒစသော စာပေကျမ်းဂန်တို့ကို သင်ယူခါ အိမ်ထောင်ပြုပြီးလျှင်၊ အတိုင်းတိုင်းအပြည်ပြည်၏ ဘာသာစကား၊ ကုန်ကူးသန်းရောင်းဝယ်ခြင်း၊ နည်းအမျိုးမျိုး၊ အတိုးရေးနှုန်းကိုသိခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ ဟိုကျွန်းဒီကျွန်းတို့သို့ သွားလာခြင်း၊ အမြတ်အစွန်း ရနိုင်စေသောလုပ်ငန်းတို့ကို စတွင်တည်ထောင်ခြင်း၊ ကျွဲနွားစသည် မွေးမြူခြင်း၊ လယ်ယာအလုပ်ကို တိုးတက်အောင် လုပ်ကိုင်စေခိုင်းခြင်း၊ ဉစ္စာဓနကို တိုးပွားအောင်ပြုလျက်၊ ပညာနှင့် ဘာသာတရား ရေးရာတို့၌ သုံးစွဲခြင်း၊ အကျင့်တရားဖြောင့်မတ်၍ သစ္စာစကားကို ဆိုတတ်သူဖြစ်၍ ကောင်းစွာဆက်ဆံပြုမူခြင်း၊ အလဟဿ ပျက်စီးဆုံးရှုံးခြင်း မဖြစ်အောင် ပစ္စည်းပစ္စယ ဟူသမျှကို ကောင်းစွာ စောင့်ထိမ်းခြင်းတို့ ဖြစ်ကုန်၏။

ဇာတ်ညံ့ (သုဒ္ဒ) သည် ဆည်းကပ်ခစားသော အမှုဟူသရွေ့၌ လိမ္မာသည်ဖြစ်၍ ချက်ပြုတ်ရေး၌ တတ်ကျွမ်းလိမ္မာခြင်း၊ အထူးရိုသေစွာဖြင့် ပုဏ္ဏားတို့အား ဆည်းကပ်ခါ၊ ၎င်းတို့၏ အကူအညီဖြင့် အသက်မွေးရသည်။ ပုဏ္ဏားတို့သည်လည်း၊ ထိုဇာတ်နိမ့်သူ ကျေးကျွန်တို့အား၊ အစာအာဟာရ၊ အဝတ်အထည်၊ နေရာထိုင်ခင်းပေးလျက် ၎င်းတို့၏ ထိမ်းမြားမင်္ဂလာတို့၌ ကုန်ကျသော စရိတ်တို့ကို ပေးကမ်း ချီးမြှင့်ရသည်။

တနည်း လခပေးရသည်။ ဤအမျိုးလေးပါးတို့သည်၊ အချင်းချင်း ချစ်ကြည်လေးမြတ်ကြသည်ဖြစ်၍ အကျိုးဆောင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ချမ်းသာဆင်းရဲ အကျိုးယုတ်ခြင်း၊ အကျိုးများခြင်းတို့၌ စိတ်သဘောချင်း တူမျှညီညွတ်သည် ဖြစ်လျက် တိုင်းပြည်နှင့် လူ့ထု၏ တိုးတက်စည်ပင်ရေးတွင် ကိုယ်, စိတ်, ဉစ္စာတို့ကို အသုံးပြုနေကြရသည်။ မိန်းမနှင့်ယောကျ်ား (လင်မယား) တို့သည် ဘယ်တော့ခါမှ ကွဲကွာခြင်း မဖြစ်သင့်ချေ။

ပါနံ ဒုဇ္ဇနသံသဂ်ံ ပတ္ယာစ ဝိရဟောအဋနမ်၊
သွပ္နောန္ယဂေဟဝါသသ္စ နာရိသန္ဒူသဏာနိသင်၊
(မနု· ၉၊ ၁၃)။

အရက်, ဘင်းစသော မူးယစ်စေတတ်သော အရာဝတ္ထုတို့ကို မှီဝဲ သောက်စားခြင်း၊ မကောင်းသော ယောကျ်ားတို့နှင့် ပေါင်းသင်းခြင်း၊ လင်နှင့်ကွဲကွာနေရခြင်း၊ တကိုယ်တည်း ဟိုဟိုဒီဒီ လည်ပတ်နေခြင်း၊ ထို့ပြင် သူတပါးတို့အိမ်တွင် နေထိုင်အိပ်စက်ခြင်း၊ ဤကား မိန်းမတို့ အား ပျက်စီးစေတတ်သော အပြစ်ခြောက်ပါး ဖြစ်ကုန်၏။ ဤနည်း အတိုင်းပင် လင်လုစ်သူတို့ အတွက်လည်း ဖြစ်ကုန်၏။ လင်နှင့်မယား ကွဲကွာခြင်း နှစ်မျိုးရှိရာ – အလုပ်ကိစ္စနှင့် ပတ်သက်၍ တိုင်းတပါးသို့ သွားခြင်း၊ သေလွန်သဖြင့် ကွဲကွာရခြင်း။ ဤနှစ်မျိုးတွင် တခြားတပါးသို့ သွားလာရလျှင်၊ လပေါင်းနှစ်ပေါင်းများစွာ တကွဲတပြား မနေရစေခြင်း ငှါ ခရီးဝေးသွားရာ၌ မိန်းမကိုလည်း အတူယူသွားရသည်။

အမေး။ ။မိန်းမနှင့်ယောကျ်ားတို့သည်၊ အကြိမ်များစွာ မင်္ဂလာဆောင် ခြင်းသည် သင့်တော်ပါမည်လား ?

အဖြေ။ ။တကြိမ်တည်းတွင် နှစ်ယောက်မထိမ်းမြားသင့်ပါ။

အမေး။ ။ဒီပြင် အခါတို့မှာကား၊ အများလက်ထပ်နိုင်ပါသလား ?

အဖြေ။ ။ဟုတ်ကဲ့–ဒီလိုပါ–

သာ စေဒက္ဂူတယောနိး သျာဒ်ဂတပြတျာဂတာပိဝါ၊
ပေါနဘ်ဝေန ဘတြာသာ ပုနး သံသ္ကာရမဟ်တိ။
(မနု· ၉၊ ၁၇၆)။

အကြင်ယောက်ျား၊ မိန်းမတို့သည် လက်ထပ်ရုံသာ ထပ်ရ၍ မေထုန် သံဝါသ မပြုရသေး (တနည်းကား) အင်္ဂါဇာတ်ကို အသုံးမပြုရသေးသော မိန်းမ၊ သုက်ကို မလွှတ်သေးသော ယောက်ျားတို့သည် တခြားသော ယောက်ျား – မိန်းမတို့နှင့် တဖန် ထိမ်းမြား လက်ထပ်အပ်၏။ သို့သော်, ဗြာဟ္မဏ, ခတ္တိယ, ဝဿဇာတ်ဝင်၊ ကာမသံဝါသ ပြုပြီးသော ယောက်ျား-မိန်းမတို့ကား၊ နောက်ထပ် အိမ်ထောင်ပြုခြင်းကို မပြုအပ်ချေ။

အမေး။ ။နောက်ထပ် အိမ်ထောင်ပြုရာ၌ ဘာအပြစ်ရှိပါသလဲ ?

အဖြေ။ ။ပထမ အချက်ကား–ယောက်ျား-မိန်းမတို့၌ ချစ်ခြင်းမေတ္တာစိတ် နည်းပါးသဖြင့် တဦးကိုတဦးက ပစ်ပယ်၍ အခြားယောက်ျား-မိန်းမနှင့် မေတ္တာဆက်သွယ်တတ်ခြင်း။

ဒုတိယ အချက်ကား–ပထမလင် သို့မဟုတ် မယားသေဆုံးပြီးနောက် အခြားတယောက်နှင့် ပေါင်းဘက်လိုခဲ့လျှင် ပထမလင်-မယားပိုင် ပစ္စည်းဥစ္စာတို့ကို ယူသွားတတ်သဖြင့် ဆွေမျိုးညာတိတို့နှင့် ခိုက်ရန်ဖြစ်ပွားရခြင်း။

တတိယ အချက်ကား – ပထမအိမ်ထောင်၏ အမျိုးအနွယ်ဂုဏ်ကြက်သရေ ပျက်ပြားတိမ်ကော၍ ပစ္စည်းဥစ္စာ ပြုံးတီးသွားရခြင်း။

စတုတ္ထ အချက်ကား–လင်၌ပြုအပ်သော မယား၏ ကျင့်ဝတ်တရား၊ မယား၌ ပြုအပ်သော လင်၏ ကျင့်ဝတ်တရားများ ပျက်ပြားရသော အပြစ်ဒေါသတို့ကြောင့် အယုတ်ဆုံးအားဖြင့် ဗြာဟ္မဏပုဏ္ဏားတို့၌ နောက်ထပ် အိမ်ထောင်ပြုခြင်းကို မည်သည့်အခါမျှ မပြုအပ်ချေ။

အမေး။ ။လက်မထပ်ရ၍ အမျိုးအဆက်ပြတ်သွားလျှင် အဆက်အနွယ်ဆုံးတုံးသွားပေလိမ့်မည်။ ထို့ပြင် ယောက်ျား မိန်းမတို့သည် တိတ်တိတ်ပုံး ပေါင်းသင်း ဆက်ဆံခြင်း၊ ဧသည်ပြုလျက် ကိုယ်ဝန်ချခြင်းစသော မကောင်းမှုဒုစရိုက်များကို ပြုကြပေလိမ့်မည်။ ထို့ကြောင့် နောက်ထပ် အိမ်ထောင်ပြုသင့်သည် မဟုတ်ပါလော ?

အမေး။ ။မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော်, ဖြဟ္မစရိယအကျင့်ကို ကျင့်လိုသော မိန်းမယောက်ျားတို့၌ ဘာအပြစ်မှ မဖြစ်နိုင်ပါ။ မိမိတို့၏ အမျိုးအနွယ် မတိမ်ကောအောင် အမျိုးဇာတ်တူသော ကလေးတယောက်ကို မွေးစားလျှင် အမျိုးဆက်နိုင်ပါသည်။ မှားသောမေထုန်အကျင့်၏ (ကာမေသုမိစ္ဆာစာရ၏) အပြစ်လည်း မဖြစ်နိုင်ပါ။ အကယ်တန္တိ၊ ဖြဟ္မစရိယအကျင့်ကို မကျင့်နိုင်ပါဆိုလျှင် အမျှောင်မယားထားခါ၊ သားသ္မီး မွေးနိုင်ပါသည်။

အမေး။ ။နောက်ထပ် လက်ထပ်ခြင်းနှင့် အငှါးမယား (အမျှောင်မယားထားခြင်း)တို့၌ ဘယ်လိုခြားနားပါသလဲ?

အဖြေ။ ။ပထမအချက်......လက်ထပ်သော မိန်းမသည် မိဘအိမ်ကို စွန့်၍ လင့်အိမ်သို့ လိုက်နေရသည်။ မိဘနှင့် အထူးအဆက်အသွယ် မရှိတော့ပြီ။ လင်သေ၍ မုဆိုးမဘဝ ရောက်သော်လည်း လင့်အိမ်၌ပင် တသက်လုံး နေရသည်။

ဒုတိယအချက်—လက်ထပ်သော မိန်းမ၏သားသည် လက်ထပ်သောဘခင်၏ အမွေဆိုင်ဖြစ်သည်။ သို့သော်, အိမ်ထောင်ကြီး (နောက်ထပ်ပေါင်းသင်းသော မိန်းမ)၏ သားသည်၊ သုက်သွေးပေးသော နောက်လင်၏သားစစ် မဖြစ်နိုင်၊ ထိုဘခင်၏ အနွယ်လည်းမဖြစ်နိုင်။ထိုဘခင်ကလည်းထိုသားအပေါ်တွင် အခွင့်အရေး ဩဇာအာဏာ မရှိနိုင်။သို့သော်, ပထမလင်၏သား, အနွယ်ဖြစ်၍ ထိုပထမလင်ယောက်ျား၏ အမွေအနှစ်ကိုသာ ပိုင်ဆိုင်သော သားဖြစ်ခါ၊ ပထမ အိမ်ထောင်၏ ဘခင်-အိမ်၌သာ နေကြရလေသည်။

တတိယအချက်—ပထမ အိမ်ထောင်ဘက်မိန်းမ- ယောက်ျားတို့သည် တယောက်နှင့် တယောက် ဆည်းကပ် လုပ်ကျွေးရသည်။ အမျှောင်မယားနှင့် လင်တို့မှာကား ထိုကဲ့သို့သော အဆက်အသွယ် ဝတ္တရားမရှိကြချေ။

စတုတ္ထအချက်—ပထမ အိမ်ထောင်ပြု လင်နှင့် မယားတို့၏ အဆက်အသွယ်မှာ သေသည့် တိုင်အောင်ဖြစ်၍၊ အမျှောင်မယားနှင့် လင်တို့

မှာကား၊ မိမိတို့ ရည်ရွယ်ချက် (သားသ္မီး မွေးထုတ်ခြင်းကိစ္စ) ပြီးစီးသည်နောက် မရှိတော့ချေ။

ပဌမအချက်– လက်ထပ်လင်မယားတို့သည်။ အိမ်မှုရေးရာကို အသီးသီး တာဝန်ယူကာ ကြိုးစားဆောင်ရွက်ရသည်။ နောက်မယား-နောက်လင်တို့မှာကား၊ ကိုယ့်အိမ်၏ တာဝန်ကို ကိုယ်ပြုကြသည်။

အမေး။ ။ပထမ အိမ်ထောင်ပြုခြင်းနှင့် ဒုတိယ အိမ်ထောင်ပြုခြင်း နည်းနာတို့သည် အတူတူဘဲလား၊ သို့မဟုတ် တမျိုးစီလား?

အဖြေ။ ။အထက်၌ ပြခဲ့သော အချို့သော ကွဲပြားချက်များ ရှိပါသည်။ ပထမ လက်ထပ်သောမယား လင်တို့သည် သားသ္မီး ဆယ်ယောက် ပေါက်ပွားစေနိုင်၏၊ ဒုတိယ (အိမ်ထောင်ကြီး) မယားနှင့်ကား၊ နှစ်ယောက် သို့မဟုတ် လေးယောက်အထိသာ မွေးထုတ်နိုင်သည်။ ဥပမာ–အပျိုနှင့် လူပျိုတို့သာ တရားဝင် လက်ထပ် ထိမ်းမြားနိုင်သလို၊ အိမ်ထောင်ကြီးတို့မှာလည်း၊ မုဆိုးဖို–မုဆိုးမတို့သာ ပေါင်းသင်း ဆက်ဆံနိုင်သည်။အပျို–လူပျိုတို့ကို မဆက်ဆံနိုင်။တရားဝင်လက်ထပ် မိန်းမ ယောကျ်ားတို့သည် အမြဲတန်း အတူတကွ နေထိုင်ကြသလို၊ ဒုတိယ မယားမနေနိုင်ပေ။ ကာမသံဝါသပြုသော အခါမှတပါး၊အခြားအခါကာလတို့၌ အတူတကွမနေအပ်ချေ။ မိန်းမသည် မိမိ၏ အဆက်အနွယ်အတွက် ကာမ စပ်ယှက်ခဲ့လျှင်၊ အခြားဒုတိယ ပဋိသန္ဓေရသည်နှင့်တပြိုင်နက် ထိုပထမ ယောကျ်ားနှင့် အဆက်အသွယ်ပြတ်သွားရသည်။ယောကျ်ားအဘို့မှာလည်း ထို့အတူပင် မှတ်အပ်သည်။ သို့သော် ထိုခေတ္တမယားကပင် မွေးဘွားလာသော ကလေးကို နှစ်နှစ် သုံးနှစ် မွေးမြူ စောင့်ရှောက် ပြီးလျှင် ထိုသုက်ပေးသော ယောကျ်ားအား ပေးအပ်ရသည်။ ဤနည်းဖြင့် မုဆိုးမတယောက်သည် မိမိအတွက် ကလေးနှစ်ယောက်အပြင် အခြား မုဆိုးဖို လေးယောက် အတွက် တယောက်လျှင် ကလေးနှစ်ယောက်ကျစီ မွေးပေးနိုင်သည်၊ ထို့အတူ မုဆိုးဖိုကလည်း သားဆု ပေးနိုင်လေရာ ဤနည်းဖြင့် ရုရုပေါင်း သားသ္မီး

ဆယ်ယောက် အထိ သားဆု ပေးနိုင်သည်ဟု ဝေဒကျမ်း၌ အမိန့်ပေးထားလေသည်။

ဧဟိ တွမိ'န္ဒြ မီဎ်ဝး သုပုတြံ သုဘဂံ'၊ ကြိဏုံ ဒသာံသျံ ပုတြာ နာဓေဟိ ပတိ'မေကာဒသံ ကြိမိ။ (ရိ. မံ. ၁၀၊ သူ. ၈၅၊ မံ. ၄၅။)

ဟော(မီဎဝ,ဣန္ဒြ)သုက်ဖြန့်ဖြူးပေးကမ်းရာ၌ စွမ်းဆောင်နိုင်သော အစိုးရခြင်း ဂုဏ်နှင့်ပြည့်စုံသော ဟဲ့ယောကျ်ား! သင်သည် ဤလက်ထပ်အပ်သော မယားနှင့် မှဆိုးမကို့အား၊ မြတ်သောသားနှင့် ကောင်းမြတ်သော ကံကုသိုလ်တရားနှင့် ပြည့်စုံအောင်ပြုလော့။ လက်ထပ်သော မယား၌ သားဆယ်ယောက် မွေးထုတ်ပေးလော့။ ထဆယ့်တယောက်မြောက်ကား မယားကိုမှတ်ယူပါ။ ဟဲ့မိန်းမ! သင်သည်လည်း လက်ထပ်လင်နှင့် မုဆိုးဖိုတို့နှင့် သားသွီးဆယ်ယောက်မွေးပေးလော့! ထဆယ့်တယောက်မြောက်ကား လင်သယ်ကိုပင် မှတ်ယူပါလော့။ ဤဝေဒကျမ်း၏ အာဏာတော်အားလျော်စွာ ဖြပ္ပတ္တာ, ခတ္တိယ, ဝေဿဇာတ်ဝင် မိန်းမယောကျ်ားတို့သည်၊ သားသွီး ဆယ်ယောက်စီထက်ပို၍ မွေးထုတ်ခြင်း မပြုရာ။ အကြောင်းသော်ကား, သည့်ထက် ပိုမိုမွေးဘွားခဲ့လျှင် ကလေးတို့သည်၊ ကိုယ်အား စိတ်အားနည်း၍ အသက်တိုတတ်လေသည်။ ထို့ပြင် မိန်းမယောကျ်ားတို့သည်လည်း၊ ခွန်အားဆုတ်ယုတ်ခါ အသက်တိုရောဂါများလျက် ဒိုမင်းသောအရွယ်၌ ဒုက္ခအမျိုးမျိုးကို ခံစားရလေသည်။

အမေး။ ။ဤသားဆုပေးရန်မှုသော ရည်ရွယ်ချက်ဖြင့် ဆက်ဆံပေါင်းသင်းခြင်း(နိယောဂ)သည် ယုတ်ညံ့သော အကျင့်ကဲ့သို့ထင်ရပါသည်။

အဖြေ။ ။လက်မထပ်သောသူများ အကျင့်မှား ကျင့်သကဲ့သို့ပင် သားဆုပေးခြင်းမှ ကင်းသောသူတို့၌လည်း အကျင့်မှားဟု ဆိုကြသည်ကို ထောက်ဆကြည့်လျှင် စည်းကမ်း ထုံးတမ်း အရ လက်ထပ်ယူခြင်းကိုမတရားဟု မခေါ်ဆိုနိုင်ခဲ့လျှင် စည်းကမ်း အရ သားဆုပေးရာ၌လည်းမတရားဟု မဆိုနိုင်ပေ။ တနည်း, ဥဒါဟရဏ်ဆိုရလျှင်, တခြားသူ၏ သွီးကညာကို အခြားသူတယောက်၏ သတ္တိသားက၊ ကျမ်းဂန်အရ နည်းနာဥပဒေအတိုင်း လက်ထပ်ခါ ကာမသံဝါသ ပေါင်းပေါ်သည်ကို

ကာမေသုမိစ္ဆာစာရဟု မဆိုနိုင်၊ အကုသိုလ်, ရှက်ကြောက်ခြင်းလည်း မဖြစ်ဘိသကဲ့သို့၊ ဝေဒကျမ်းလာ နည်းနာအရ သားဆုပေးရန် ရည်ရွယ်ခါ နိယောဂ–နည်းဖြင့် မေထုံသံဝါသပြုရာ၌ အကျင့်မှားအပြစ်ကြီး၍ ရှက်စရာအချက်ဟု မယူဆနိုင်ရာ။

အမေး။ ။ဟုတ်ပေတဲ့၊ တနည်းအားဖြင့် ပြည့်တန်ဆာတို့ အကျင့်လို့ ထင်ရပါသည်။

အဖြေ။ ။မတူပါဘူး။ အဘယ့်ကြောင့် ဆိုသော်, ပြည့်တန်ဆာမနှင့် ပေါင်းဖေါ်ရာ၌ ယောကျ်ား တရံတယောက်၏ နည်းနာ ထုံးတရာ မထားရှိပါ။ သားဆု ပေးရာ၌ကား၊ မင်္ဂလာဆောင်သကဲ့သို့၊ နည်းနာထားရှိပါသည်။ ဥပမာ–တခြားယောကျ်ား သားသွီးကိုပေးခြင်း၊ အခြား ယောကျ်ားမိန်းမနှင့် ကာမစပ်ရှက်ခြင်း၌ မင်္ဂလာဆောင်နည်းနာထုံးတမ်းအရ၊ မရှက်သလို သားဆုပေးရာ၌လည်းမရှက်ရာ။အကျင့်ဆိုးသော ယောကျ်ား မိန်းမတို့သည်။ လက်ထပ် ထားသော်လည်း၊ မှားယွင်းသော အကျင့်မှ လွတ်မြောက်ပါသလား?

အမေး။ ။ကျွန်တော်အထင်မှာ၊ ဒီလိုသားဆုပေးရာမှာ၊ အပြစ်ရှိတယ်လို့၊ ယူဆပါတယ်။

အဖြေ။ ။သားဆုပေးရာမှာ အပြစ်ရှိတယ် ထင်ရင်၊ လက်ထပ်ရာမှာ ဘာ့ကြောင့် အပြစ်ရှိတယ်လို့ မထင်သလဲ? သားဆုပေးခြင်းကို အတင်းထားဆီးထားရာမှာ အပြစ်ရှိပါတယ်။ အကြောင်းကိုဆိုသော်, ထာဝရဘုရား၏ ဖန်ဆင်းခြင်း နည်းလမ်းအား ချော်စွာ ယောကျ်ားနှင့် မိန်းမတို့၏ သဘာဝ–ဆက်ဆံခြင်း (မေထုံပြုလိုသောဆန္ဒ)သည် တားဆီးပိတ်ပင်၍ရသောတရား မဟုတ်ချေ။ ပညာရှိသူတော်ကောင်း ရာဂကင်းသောယောဂီ ပုဂ္ဂိုလ်တို့မှ တပါး၊ အခြားသူတို့ လက်မလွှတ်နိုင်ချေ။ တိတ်

တိတ်ပုံး ပျော်ပါးခါရသောကိုယ်ဝန်ကို၊ လူမသိအောင် ခလေး ဖျက်ချခါ အသက်သတ်ခြင်း၊ အရွယ် ကောင်းသော မုဆိုးဖို မုဆိုးမတို့၏ ရာဂနှိပ်စက်သော ဒုက္ခဆင်းရဲတို့ကို အကုသိုလ် ဟု မယူဆသင့်ဘူးလား။ အဘယ့်ကြောင့်ဆိုသော်, အရွယ်ရှိ သရွေ့ ကာလပတ်လုံး လူတို့၏စိတ်၌ သားမွား လိုခြင်းနှင့် ကာမသံဝါသ ပြုလိုသော စိတ်ဆန္ဒ ရှိကြသည် သာတည်း။ သူတို့သည် မင်းစိုးရာဇာတို့၏ အာဏာဥပဒေနှင့် လူမျိုးတို့၏ စည်းမျဉ်းဥပဒေက တားဆီးထားခြင်းကြောင့် လွတ်လပ်စွာ ကာမစပ်ရှက်ခြင်း မပြုရလျှင် တိတ်တိတ်ပုံး မကောင်းသော နည်းလမ်းဖြင့် ပြုနေကြသည်သာ ဖြစ်၏။ ဤမတရားသော အပြုအမူကို ကာကွယ်ရန် နည်းကောင်းလမ်းမှန် တခုသည် ကား၊ မိမိတို့၏ ဆန္ဒကို စောင့်ထိန်းနိုင်သော သူတို့သည် နောက်ထပ် လက်ဆက်ခြင်း သားဆုပေးခြင်း (နိယောဂ) တို့ကို မပြုဘဲနေလျှင် ကောင်းမြတ်သည်သာ ဖြစ်၏။ သို့သော် ကာမဆန္ဒကို မတားဆီးနိုင်သော ယောကျ်ား-မိန်းမတို့သည်၊ နောက်ထပ် အိမ်ထောင်ပြုခြင်း သို့မဟုတ် အရေးကြီးသော အခါ၌ သားဆုပေးခြင်း သားဆုတောင်းခြင်းကို မုချပြုရာ သည်။ ဤနည်းဖြင့် မကောင်းသော အကျင့်တရားများ နည်း ပါး၍ တရားသဖြင့် မေတ္တာဖြင့် ကောင်းမြတ်သော သားသွီးကို ပေါက်ပွားစေလျက် လူများတိုးပွားနိုင်လေသည်။ ထို့ပြင် ကိုယ်ဝန်ချခြင်းခလေ့ လုံးဝပပျောက်သွားပေလိမ့်မည်။ ယုတ် ညံ့သော ယောကျ်ားနှင့် မြင့်မြတ်သော မိန်းမရင်း ပြည့်တံဆာ စသော ယုတ်ညံ့သော မိန်းမတို့နှင့် မြတ်သောယောကျ်ား များ ပေါင်းသင်းခြင်းအမှု၊ မြတ်သောအမျိုးအနွယ်၌ နာမည် ပျက်ခြင်း၊ အမျိုးပျက်ခြင်း၊ အမျိုးအနွယ် တုံးဆုံးသွားခြင်း၊ ကာမဆန္ဒကို အတင်းအကြပ် တားဆီးထားရခြင်း ဒုက္ခ၊ ကိုယ်ဝန်ချရခြင်း တည်းဟူသော အပြစ်တို့သည် နောက်ထပ် အိမ်ထောင်ပြုခြင်းနှင့် သားဆုပေး - သားဆုတောင်းခြင်း နည်းဖြင့်သာ ပပျောက်ငြိမ်းအေးနိုင်လေသောကြောင့် သား ဆုတောင်း သားဆုပေးခြင်းကို ပြုရာသည်။

အမေး။ ။နိယောဂ၌ ဘာတွေလုပ်ရမလဲ ?

အဖြေ။ ။မင်္ဂလာဆောင်ရာ၌ အထင်အရှားလုပ်ရသလိုပင် နိယောဂ၌လည်း အထင်အရှားလုပ်ရမည်။ မင်္ဂလာဆောင်ရာ၌ လူကြီးလူကောင်းတို့က ခွင့်ပြုသလို သတို့သား သတို့သမီးတို့ အချင်းချင်း သဘောတူသလိုပင် နိယောဂ၌လည်း ပြုရသည်။ အမိပ္ပါယ်မှာ နိယောဂ ပြုလိုသောအခါ မိမိတို့၏ ဆွေမျိုးသားချင်းတို့ ရှေ့တွင် ''ငါတို့သည် သားသမီးရယူရန် အလို့ငှါ နိယောဂ ပြုကြပါမည်'' နိယောဂပြီးဆုံးသည့်နောက် ငါတို့သည် အချင်းချင်း မပေါင်းသင်းတော့ပါ။ အကယ်၍ ပေါင်းသင်းဆက်ဆံခဲ့ပါမူ၊ ငရဲကြီး၍ အမျိုးဇာတ်နှင့် အစိုးရဥပဒေအရ အပြစ်ခံယူပါမည်''ဟု အဘည့်အလင်း ဖွင့်ဟပြောကြားရသည်။ ၎င်းတို့သည် တလလျှင် တကြိမ်စီ မေထုန်မှီဝဲရမည်။ ကိုယ်ဝန်ရပြီးသည့်နောက် တနှစ်တိုင်အောင် တခြားစီနေရမည်။

အမေး။ ။နိယောဂသည် ဇာတ်တူခြင်း ပြုရမလား။ အခြားအမျိုးဇာတ်နှင့်လည်း ပြုရမလား ?

အဖြေ။ ။ဇာတ်တူခြင်းဖြစ်စေ မိမိအမျိုးဇာတ်ထက်မြတ်သော အမျိုးဇာတ်ဝင် ယောက်ျားနှင့်ဖြစ်စေ ပြုရမည်။ အကျယ်ဆိုသော်, ဝေသ=ကုန်သည်မျိုး မိန်းမသည် ကုန်သည်, ခတ္တိယ, ဗြာဟ္မဏ ယောက်ျားနှင့်၎င်း၊ ခတ္တိယမိန်းမသည် ခတ္တိယနှင့် ဗြာဟ္မဏ ယောက်ျားနှင့်၎င်း ဗြာဟ္မဏမိန်းမသည် ဗြာဟ္မဏ ယောက်ျားနှင့်၎င်း နိယောဂ (=သားဆုပန်ခြင်း) ပြုနိုင်သည်။ ဆိုလိုရင်းမှာ၊ ဗီဇ=သုက်သွေး=မျိုးစေ့သည်၊ အတန်းအဆင့်တူညီခြင်း ပို၍မြင့်မြတ်ခြင်း ဖြစ်ရမည်။ ကိုယ့်ထက်ယုတ်နိမ့်သောမျိုးစေ့ မဖြစ်စေရ။ ကမ္ဘာ့ထုံးတမ်းစဉ်လာနည်းနာမှာ၊ ယောက်ျား - မိန်းမတို့သည် တရားသဖြင့် (ဝါ) ဝေဒကျမ်းလာနည်းနာအရ လက်ထပ်ခြင်း သားဆုတောင်းခြင်း သားဆုပေးခြင်းကို ပြုရသည်။

အမေး။ ။ယောကျ်ားသည် နောက်ထပ် အိမ်ထောင်ပြုနိုင်ခွင့် ရှိသည် မှန်က၊ ဘာ နိယောဂ ပြုစရာ လိုတော့မှာလဲ ?

အဖြေ။ ။ကျွန်ုပ် အထက်တွင် ပြခဲ့ပြီးဖြစ်သည့်အတိုင်း၊ ဖြာပွားအား= ပုဏ္ဏားတို့၌ မိန်းမနှင့် ယောကျ်ား နှစ်ဦးစလုံး တသက်လျှင် တကြိမ်သာ လက်ထပ်နိုင်သည်။ နှစ်ကြိမ်မထပ်နိုင်ချေ၊ အပျို လူပျိုခြင်း လက်ထပ်ခြင်းသာ တရားသော လက်ထပ်ခြင်း ဖြစ်၍ မုဆိုးမနှင့် လူပျိုရင်း၊ မုဆိုးဖိုနှင့် အပျိုရင်း လက်ထပ် လျှင် တရားသော လက်ထပ်ခြင်း မဖြစ်နိုင်ပေ။ တနည်း ဥဒါ ဟရဏ်မှာ၊ တခြားယောကျ်ား တဦးနှင့် မေထုန်သံဝါသ ပြုပြီးဖြစ်သော မုဆိုးမကို၊ လူပျိုယောကျ်ားက လက်ထပ်ယူ လိုသောဆန္ဒ မရှိသလိုပင်၊ အခြားမိန်းမနှင့် ကာမသံဝါသ ပေါင်းဖေါ်ပြီးသော ယောကျ်ားနှင့် လက်ထပ်ခြင်း အမှုကို မိန်းမပျိုက လိုလားသည် မဟုတ်ပေ။ ဤကဲ့သို့ မုဆိုးဖိုအား အပျိုက၊ မုဆိုးမအား လူပျိုက မယူလိုခဲ့လျှင် နိယောဂပြုရန် လိုအပ်ပေလိမ့်မည်၊ အတန်းအဆင့် တူမျှသောသူချင်း လက် ဆက်ခြင်းကိုသာ ပြုသင့်ပြု အပ်လေသည်။

အမေး။ ။မဂ်လာဆောင်ရာ၌ ဝေဒစသော ကျမ်းစာ၊ အကိုးအကား ရှိသလို နိယောဂ ပြုရာ၌လည်း အကိုးအကား ရှိပါသလား ?

အဖြေ။ ။ဤအရာနှင့် ပတ်သက်၍ အကိုးအကား များစွာပင်ရှိ၏၊ ကြည့်ပါ၊ နားထောင်ပါ။

ကုဟံသွိဒ္ဒေါသာ ကုဟ္ဟ ဒွေဿံရသွိန္ဒာ ကုဟာံဘိဝ္ဂိတွံ ကံရဏား ကုပေ့ာသတုး၊ ကော ဝါ' သယ္ယုတြာ ဝိဓ္ဓဝေ'ဝ ဒေဝရံ မယ်ံ န ယောသာ ကြိဏုတေ သဓ္ဍဿအာ။
(ရိ၊။ မံ· ၁၀၊ သူ· ၄၀၊ မံ· ၂)။

ဥဒိ'သွံ နာယ်ဘိ ဇီ'ဝလောကံ ဂတာသုံမေတမုပ' သေသ ဧဟိ'၊ ဟသ္တဂြာဘသျံ ဒိဓိသောသ္တဝေဒံ ပတျုံဇနိ့တွမဘိ သံ ဗဘူထ။
(ရိ·။ မံ· ၁၀၊ သူ· ၁၈၊ မံ· ၈)။

အနက်ကား–ဟေ (အဿိနာ) ယောကျ်ား–မိန်းမတို့ ! ဥပမာကား၊ (ဒေဝရံ ဝိဓဝေဝ)မတ်အား မုဆိုးမက၊ (ယောသာမယ်္ယ) လက်ထပ်ပြီးသော မိန်းမသည် မိမိ၏ လင်အား၊ (ဓေသ္တ) တူသောအိပ်ရာ ကုတင်၌ အတူတကွ အိပ်ခါ သားသ္မီးမွေးထုတ်ဘို့ရန် (အာကြီကုတေ) အနည်းနည်းဖြင့် ဖြစ်ပွားစေဘိသကဲ့သို့ သင်ယောကျ်ား မိန်းနှစ်ဦးသည်လည်း၊ (ကုဟသ္ဒိဒ္ဓေါသာ) အဘယ်ညဉ့်၊ (ကုဟဝသ္တုး) အဘယ်သောနေ့တွင် နေကြသနည်း။ (ကုဟာဘိပိတွမ်) အဘယ်မှာလျှင် အရာဝတ္ထုတို့ကို ရအောင် (ကရတး) ပြုခဲ့သနည်း။ (ကုဟောသတုး) အဘယ်အချိန်တွင် အဘယ်အရပ်မှာ နေခဲ့လေသနည်း။ (ကောဝါ သယုတြာ) သင်၏ အိပ်ရာသည် ဘယ်မှာပါလဲ။ တနည်းကား, အဘယ်အရပ်သား, အဘယ်မည်သောသူ ဖြစ်ပါသလဲ။

ဤအထက်ပါ စကားဖြင့် မိမိတို့ပြည်ရွာ၌ရှင်း တိုင်းတပါး၌ရှင်း မိန်းမနှင့် ယောကျ်ားသည် အတူတကွ နေသင့်ကြောင်း ပြဆိုထားလေသည်။ လက်ထပ်အပ်သော လင်ကဲ့သို့ သဘောထား၍ သားဆုပေးသော ယောကျ်ားကိုယူ၍ မုဆိုးမလည်း သားမွေးရာသည်။

အမေး။ ။အကယ်၍ ညီတော်သူ မရှိခဲ့လျှင် မုဆိုးမသည် ဘယ်သူနှင့် သားဆုပန်ရမလဲ ?

အဖြေ။ ။မက်နှင့် ပြုနိုင်သည်။ မတ်ဆိုသည်မှာ ခင်ပွန်းတို့ ယူအပ်သော မတ်မျိုးမဟုတ်ကြောင်းကို နိရုတ္တိကျမ်းမှာ ကြည့်ပါ–

ဒေဝရး ကသ္မာဒ် ဒွိတိယော ဝရး ဥစျတေ။
(နိရု·အ·၃၊ ခံ·၁၅)။

မတ်ဆိုသည်ကား၊ မုဆိုးမ၏ ဒုတိယလင်ကို ခေါ်သည်။ လင်၏ညီဖြစ်ဖြစ်၊ အစ်ကိုဖြစ်ဖြစ်၊ မျိုးတူခြင်းဖြစ်ဖြစ်၊ ကိုယ့်ထက် အမျိုးမြတ်သူဖြစ်ဖြစ်၊ သားဘွဲး ရယူရန် ကာမစပ်ရှက်သော ယောကျ်ားသည်ပင် (ဒေဝရ) မတ်ဖြစ်သည်။

ဟော(နာရိ) အိုမုဆိုးမ ! သင်သည် (ဖုတ် ဂတာသုမ) ဤသေလွန်ပြီးသော လင်အား မျှော်လင့်ချက်ကို စွန့်၍၊ (သေသော) ကြွင်းသောယောကျ်ားတို့တွင်၊ (အဘိ,ဇီဝလောကမ်) အသက်ရှင်နေသော အခြား

လင်ယောကျ်ားကို၊ (ဥပဲပတိ) ရယူလော့။ (ဥဒိသွ်) ဤသို့စိတ်၌ မှတ်သားထားလျက်၊ (ဟဿုဂြာဘသျ ဒိမိသော) သင်မုဆိုးမအား၊ နောက်ထပ် ပေါင်းသင်းသော ယောကျ်ားနှင့် နိယောဂ=သားဆုယူခြင်းကို ပြုခဲ့သည့်ရှိသော်၊ (ဗှုဒမ်ဇနိတွမ်) ဤမွေးလတ့်သော သားသည် ထိုပေါင်းသင်းသော (ပတျုး) ဒုတိယလင်၏သား ဖြစ်ပေမည်။ အကယ်၍ မိမိအလိုရှိ၍ ပေါင်းဖေါ်သည် ဖြစ်အံ့၊ ထိုသားသည်၊ (တဝ) သင်၏သား ဖြစ်ခပလိမ့်မည်။ ဤသို့ စိတ်ဆုံးဖြတ်သည်၊ (အဘိ,သမ,ဗဘူဝ) ဖြစ်စေလော့။ သားဆုပေးသော ယောကျ်ားလည်း ဤနည်းနာကို လိုက်နာရာသည်။

အဒေဲဖြိုစလ္လ ပဋိဟိုဲ ဟဲ မိ၊ သိဝါ ပသုဘျုး သုယမာံး သုဝစာ်း၊
ဖြဇာဝတီ ဝိရုသုဒ္ဒေ ဖြိကာံမာ သ္ဘျေနေမ မ္ဂုဲ ဂါဟာ် ပတို
သပယ်။

(အထဝ•။ ကာံ။ ၁၄၊ အနု• ၂၊ မံ• ၁၈။)

ဟေ (အပတိစလ္လ ဒေဖြိုဃ္လိ) လင်နှင့်မတ်ကို ဒုက္ခပေးတတ်သော ဟာယ်မိန်းမ! သင်သည်။ (ဗှုဟာ) ဤအိမ်ရာထောင်သူ လူ့ဘောင်လောက၌၊ (ပသုဘျုး) တိရစ္ဆာန်တို့အလို့ငှါ၊ (သိဝါ) ကောင်းကျိုးချမ်းသာကို ပေးထတ် ပြုတတ်သော။ (သုယမား) ကောင်းမြတ်သော တရားနည်းလမ်းဖြင့် ကျင့်ကြံနေထိုင်တတ်သော။ (သုဝစ်ား) ရုပ်ရေပညာ အရာရာနှင့် ပြည့်စုံသော။ (ပြဇာဝတီ) မြတ်သော သား,မြေးတို့နှင့် တကွသော။ (ဝိရသူး) ရဲရင့်သောသားကို မွေးတတ်သော။ (ဒေဖြိကာမာ) မတ်ကို ထိုလားထောင့်ထသော။ (သျောနာ) ချမ်းသာကို ပေးတတ်သောလင်သို့မဟုတ် မတ်ကို။ (ဇမိ) ရယူလျက်။ (ဗှုမမ်) ဤ။ (ဂါဟ်ပတျမ်) အိမ်ရာထောင်သူလူတို့နှင့် စပ်လျဉ်းသော။ (အဂ္ဂိမ်) မီးယဇ်ကို။ (သပယ်) ဆည်းကပ်ပူဇော်လော့။ (ဝါ) လင်ယူသားမွေးသောဝတ္တရားကို ကျေပွန်အောင် ပြုလေလော့။

ထာမနေနဲ ပိဓာနေနဲ နိဇော ပိန္ဒေတ ဒေဝရး၊
(မနု• ၉၊ ၆၉)။

အဓိပ္ပါယ်ကား— အခတယောနိ = မရုတ် မပြတ် မပွန်း မပဲ့သော အင်္ဂါဇာတ်ရှိသော (ဝါ) အပျိုအစစ်ကဲ့သို့သော မိန်းမသည် မုဆိုးမ

ဖြစ်သွားခဲ့သော် ကွယ်လွန်ပြီးသော လင်၏ညီအငယ်သည် ထိုမုဆိုးမနှင့် တရားသော လက်ထပ်ခြင်းကို ပြုနိုင်သည်။

အမေး။ ။မိန်းမ သို့မဟုတ် ယောက်ျား တယောက်သည် သားဆုတောင်းခြင်း သားဆုပေးခြင်း ဘယ်နှစ်ကြိမ်ပြုနိုင်ပါသလဲ။ သားဆုပေးသော အိမ်ထောင်ပျက်လင်ကို ဘယ်လို ခေါ်ပါသလဲ ?

အဖြေ။ ။သောမ်း ပြထမော ဝိ' ဝိဒေ ဂန္ဓဗော ဝိ' ဝိဒ ဥတ္တရး။ တြိတီယော အဂ်ိသ္တေ ပတိ'ဿူ ရိယသ္တေ မနုသျစား။ (ရိ•။ မံ•၁၀၊ သူ•၈၅၊ မံ•၄၀။)

ဟေဩ္ဘို! အိုမိန်းမ! (တေ) သင်၏၊ (ပြထမး) ပထမ လက်ထပ်အပ်သော၊ (ပတိး) လင်သည်၊ (ဝိဝိဒေ) ရယူအပ်၏၊ ထိုလင်၏အမည်ကား (သောမး) နူးညံ့ပျော့ပျောင်းသော ဂုဏ်တို့ကြောင့်၊ သောမ မည်၏။ (ဝိဝိဒေ) ဒုတိယရအပ်သော သားဆုပေးသောလင်ကား၊ (ဂန္ဓဝ်း) ဂန္ဓဗ္ဗ မည်၏။ (တြိတီယဥတ္တရး) သုံးယောက်မြောက်သောလင်ကား၊ (အဂ္ဂိး၊) အလွန်ပူသောဂုဏ်ကြောင့် မီးမည်၏။ (တေ) သင်၏၊ (တုရိယး) လေးယောက်မြောက်မှသည် တဆယ့် တယောက်အထိသော သားဆုပေးလင်သည်ကား၊ (မနုသျဇး) မနုသ= လူမည်ကုန်၏။ ဥဒါဟာရဏ်အားဖြင့် (ဣမာံတွမိန္ဒြ) တဆယ့် တယောက်အထိ သားဆုပန်နိုင်သည်ဆိုသောကြောင့် ယောက်ျားတို့မှာလည်း မိန်းမ တဆယ့်တယောက်အထိ၊ သားဆုပေးနိုင်လေသည်။

အမေး။ ။"ဧကာဒသ" သဒ္ဒါဖြင့် သားဆယ်ယောက်နှင့် တဆယ့်တယောက်မြောက် လင်ကို ဘာ့ကြောင့်မရေတွက်ပါသလဲ?

အဖြေ။ ။ဒီလို အနက်ပေးမည်ဆိုက၊ "ဝိဓဝေဝဒေဝရမ်" "ဒေဝရးကသ္မာဒ် ဒွိ'တိယောဝရ ဥဟ္ယတေ" "အဒေဗြိဃ္ဃိ"နှင့် "ဂန္ဓဗ်ေါ ဝိဝိဒ ဥတ္တရး" စသော ဝေဒသာခကတို့နှင့် ဆန့်ကျင်နေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်, ခင်ဗျား၏အနက်ဖြင့်

သည့်ဖြင်လင် (ဒုတိယလင်)လည်း မရနိုင်တော့ပေ
ဧဝရာစ္စ ၊ သပိဏ္ဍာနွ ၊ ဩယာ သမျှင် နိယုတ္တယာ၊ ပြဇေတ္တိတာမိ
ဂန္တဗ္ဗာ သန္တာနသျ ပရိက္ခယေ။ ၁။
ဖြေသွေ့ာ ယဝိယသော ဘာယျံ ယဝိယာ န္တောဂြဇဩ္ဇိယမ်၊
ပတိတော ဘဝတော ဂတွာ နိယုတ္တာဝပျနာပဒိ။ ၂။
အောရသး ကျွေတြဇသွဲ့ဝ။ ၃။ (မနု• ၉၊ ၅၉၊ ၅၇၊ ၁၅၉)။

ဤသို့စသည့်ဖြင့် မနုက ရေးသားထားခဲ့ ပါသည်။ (သပိဏ္ဍာ) လင်၏ အမျိုးခြောက်ဆက်တွင် လင်၏ညီ သို့မဟုတ် အစ်ကိုသော်၎င်း၊ တနည်းသော်ကား မိမိနှင့်အမျိုးတူ, တနည်း မိမိထက် အမျိုးမြတ်သူယောကျ်ားနှင့် မုဆိုးမသည် သားဆုပန်ရာသည်။ သို့သော် ထိုမယားသေပြီးသော မုဆိုးဖိုနှင့် လင်သေပြီးဖြစ်သော မုဆိုးမတို့ သားမွေးလိုလျှင် ပေါင်းသင်းဆက်ဆံရာသည်။ သားဘွားလုံးဝမရှိမှ ပေါင်းသင်းရာသည်။ ဘေးဥပါဒ်ဆိုက်ရောက်သောအခါ သို့မဟုတ် သားဘွား မလိုလားသော အခါ အစ်ကိုမိန်းမ(မရိး)နှင့် ညီ(မတ်)သော်၎င်း ညီ၏မယားနှင့် အစ်ကိုဖြစ်သူသည်၎င်း သားဆုပန်၍ သားဘွားမွေးလာပြီးသည့်နောက်၌လည်း၊ တဖန်ဖြန်၍ မေထုန်သံဝါသ ပြုခဲ့သော် အပြစ်ကြီးရာသည်။ အကြောင်းကို ဆိုသော်၊ တကြိမ်သားဆုပန်ရာ၌ အခြားဒုတိယ သားတယောက် ပဋိသန္ဓေတည်နေသည့်အထိသာ၊ ပေါင်းသင်းခွင့်ရှိလေသောကြောင့်၊ ဆက်လက်၍ ပေါင်းဖေါ်ခြင်းမပြုအပ်ချေ။ အကယ်တန္တိ နှစ်ဦးအတွက် ပေါင်းသင်းကြသည့်မှန်ပါက စတုတ္ထမြောက် ပဋိသန္ဓေအထိ (ဝါ) သားဘွား ဆယ်ယောက်အထိ ဖြစ်နိုင်လေသည်။ ဤမှ နောက်အဘို့၌ကား၊ ကာမလိုက်စားရာရောက်သဖြင့် အပြစ်ရှိလေသည်။ တရားဝင် (လက်ထပ်) မိန်းမယောကျ်ားတို့သည်လည်း ပဋိသန္ဓေ ဆယ်ကြိမ် ရပြီးသည့်နောက် ကာမသံဝါသစပ်ရှက်ခဲ့လျှင် တဏှာရာဂကြီးသူဟု ရှုံ့ချခြင်း ခံရလေသည်။ အဓိပ္ပါယ်ဆိုရလျှင် လက်ထပ်မင်္ဂလာဆောင်ခြင်းနှင့် (နိယောဂ) ယာယီသားဆုပန်ခြင်းတို့သည် သားဘွားရရှိရေး အတွက်သာ ပြုခြင်းဖြစ်သည်။ တိရစ္ဆာန်ကဲ့သို့ သက်သက် ကာမချမ်းသာအတွက် ပြုခြင်းမဟုတ်ချေ။

အမေး။ ။သားဆုပန်ခြင်းကို လင်သေမှ ပြုရမလား။ လင်ရှိတုံးလဲ ပြုနိုင်ပါသလား?

အမေး။ ။လင်ရှိတုံးလဲဖြစ်နိုင်သည်။

ဒုက္ခမိ ¹ န္တသွ သုဘဂေ ပတိ ² မတ။ (ရိ.၊ မံ.၁၀၊ သူ. ၁၀)။

လင်သည် သားသမီးမွေးဖွားအောင် မပြုစွမ်းနိုင်သောအခါ ဇနီးဖြစ်သူအား အခွင့်ပေးရမည်မှာ—ဟေသုဘဂေ! ဟဲ့ ကောင်းကျိုးချမ်းသာကို လိုလားသောမိန်းမ၊ သင်သည် (မတ်) ငါမှတပါး၊ (အနျမ်) အခြားသော လင်ယောကျ်ားကို၊ (ဣန္တသွ) အလိုရှိတော့။ ယခုငါသည် သားသမီးမွေးဖွားအောင် ပြုစွမ်းနိုင်သော စွမ်းအားမရှိတော့ပြီ။ ထိုသို့ မိန့်ကြားခွင့်ပြုသောအခါ မိန်းမသည် တခြားသောယောကျ်ားနှင့် သားဆုပန်ရာသည်။ သို့သော် ထိုပထမလက်ထပ်ယောကျ်ားအား ရှေးနည်းအတူ ဆည်းကပ်လုပ်ကျွေးနေရာသည်။ ထိုနည်းအတူ မိန်းမသည်လည်း ရောဂါစသည်ကြောင့် သားသမီး မွေးဖွားခြင်း၌ မစွမ်းနိုင်သောအခါ မိမိ၏ လင်အား မိန့်ကြားခွင့်ပြုရာသည်။ အသျှင်! ကျွန်မမှ သားသမီးမွေးထုတ်ရန် အလိုဆန္ဒကိုစွန့်ပယ်ခါ အခြား မုဆိုးမတယောက်ဖြင့် သားသမီး မွေးအောင်ပြုပါ။ ဥပမာကား—ပဏ္ဍုမင်း၏ မိဖုယားကုန္တီနှင့် မာဒြီတို့ ပြုသကဲ့သို့တည်း။ ဗျာသရသေ့သည် (ညီတော်သူ) စိတြာင်္ဂဒနှင့် ဝိစိတြဝီရိယ မင်းသားတို့ သေလွန်သွားပြီးသည်နောက် မိဒီညီများဖြစ်ကုန်သော မင်းသားတို့၏ မိန်းမများနှင့် သံဝါသပြုခါ အမ္ဗိကာမှ ဓိတ္တရဋ္ဌ၊ အမ္ဗာလိကာမှ ပါဏ္ဍုအပြင် ကျွန်မမှ ဝိဒုရကို မွေးဖွားစေခဲ့လေသည် ဤကား ရာဇဝင်အထောက်အထားများဖြစ်ပေသည်။

ပြောသိတော ဓမ်ကာယ်ာထ်ံ ပြတိကျော အသ္တောနရး သမား၊
ဝိဒျာထ်ံ သဒ ယသောထ်ံ ဝါ ကာမာထ်ံ တြိ ²ဘ္တု ဝတ္သရာန်။ ၁။
ဗန္ဓျာသ္ဋမေ အဓိဝေဒျာဗ္ဗေ ဒသမေတု မြိတပြဇာ၊ ဧကာဒသေ
ဩတြီဇနနီ သဒျာဘွဲပြိယဝါဒိနီ။ ၂။ (မနု. ၉၊ ၇၆၊ ၈၁)။

တရားသဖြင့် လက်ထပ်ပြီးမိန်းမသည် မိမိလင်ယောကျ်ား ကုသိုလ်ရေးအတွက် တိုင်းတပါးသွားခဲ့သော် ရှစ်နှစ်အထိ၊ ပညာနှင့် အကျော်အစောအတွက် သွားခဲ့သော် ခြောက်နှစ်အထိ၊ စီးပွားရှာရာသွားခဲ့သော် သုံးနှစ်အထိ စောင့်ဆိုင်းပြီးနောက်၊ တခြားယောကျ်ားနှင့် သားဆုပန်

ယူရာသည်။ လက်ထပ်လင် ပြန်ရောက် လာသော အခါ၊ သားဆုပန် (တခြား)ယောက်ျားကို စွန့်ပစ်ရာသည်။ ၁။

ထို့အတူ လင်ဖြစ်သူ အတွက်လည်း နည်းနာ ဥပဒေ ရှိသည်ကား မိန်းမသည် အမြုံမဖြစ်၍ သားသွီး မရခဲ့လျှင်၊ လက်ထပ် ပြီးနောက် ရှစ်နှစ်မြောက်တွင် သားသွီးမွေးပြီး သေသွားခဲ့လျှင်၊ ဆယ်နှစ်မြောက်၌ရင်း၊ မွေးတိုင်းမွေးတိုင်း သွီးမိန်းမသာမွေးခဲ့သော်ရင်း။ တဆယ့်တနှစ်မြောက်၌ရင်း၊ ထို့ပြင် ရုံ့ရင်းကြမ်းတမ်းသောစကားကို ဆိုတတ်သော မိန်းမဖြစ်မူ၊ အခြားမိန်းမနှင့် သားဆုပေးနိုင်သည်။ ၂။

ထို့အတူပင် လင်သည် အလွန် ဒုက္ခပေးတတ်သူ ဖြစ်က၊ အခြားယောက်ျားထံ သားဆုပန်ခါ၊ ထိုပထမလက်ထပ်ယောက်ျား၏ အမွေဆိုင်ဖြစ်အောင် ပြုရာသည်။ ဤသို့အစရှိသော အထောက် အထား သာဓကတို့ဖြင့် ပန်းကုံးစွပ်ခြင်း၊ မင်္ဂလာဆောင်ခြင်းနှင့် သားဆုပန်ခြင်းတို့ဖြင့် မိမိတို့၏ အမျိုးအနွယ်ကို တိုးတက်အောင်ပြုရာသည်။ လက်ထပ်သော လင်ယောက်ျားဖြင့် မွေးလာသောသြရသ–သားသည်၊ ဘခင်၏ ပစ္စည်းဥစ္စာ၏ ပိုင်ရှင်ဖြစ်ဘိသကဲ့သို့ပင်၊ "ချေတြဇ"= သားဆုပန်၍ ရအပ်သောသားသည်လည်း၊ ပထမလက်ထပ်ယောက်ျား၏ အမွေဆိုင်သားပင်ဖြစ်လေသည်။ ဤနေရာ၌ မိန်းမယောက်ျားတို့သည် မိမိတို့၏သုက်သွေးကို အဘိုးအနဂ္ဃ ထိုက်တန်သည်ဟု မှတ်သားထားရာသည်။ တရုံတယောက်သည် ဤအဘိုးမဖြတ်နိုင်လောက်သော ပစ္စည်းကို တခြားလင်ရှိမိန်းမ၊ ပြည့်တန်ဆာမ၊ (ဝါ) လူဆိုးလူမိုက်တို့၌ ဖြုန်းတီးပစ်မည်ဆိုလျှင် ထိုသူတို့သည် ထကဲ့လူမိုက်ကြီး မိန်းမဆိုးကြီး ဖြစ်ရာသည်။ အဘယ့်ကြောင့်ဆိုသော်, လယ်ယာလုပ်ကိုင်စားသူသည်၊ မည်သို့ပင် ဉာဏ်ထွဲစေကာမူ၊ မိမိလယ်ယာခင်းမှတပါး အခြားနေရာ၌ မျိုးစေ့ကိုမစိုက်ပျိုးချေ။ သာမန်လယ်သမားနှင့် သာမန်ဖြစ်သော ကောက်ပဲမျိုးစေ့တို့၊ ဤသို့ဖြစ်ခဲ့လျှင် အမြတ်ဆုံးသော ရသတ္တဝါတည်း ဟူသော သစ်ပင်ကြီး၏ မျိုးစေ့ကို မကောင်းသောမြေ၌ စိုက်ပျိုးဆုံးရှုံးစေခဲ့ပါလျှင် ထိုသူအား တကဲ့အမိုက်ကောင်ကြီးဟု ခေါ်ဝေါ်ရပေလိမ့်မည်။ အကြောင်းကား– ထိုသူ့မျိုးစေ့မှပေါက်ပွားလာသော အသီး(အကျိုး)ကို ထိုသူမစားသုံးရခြင်းကြောင့်

ဖြစ်၏။ တနည်း "အာတ္မာ ဝဲ ဇာယတေ ပုတြး"ဟု ဖြာထွက်သော ကျမ်းစာ တို့က ဆိုထား၏။

အင်္ဂါ' ဒင်္ဂါ သမ္ဘ'ဝသိ ဟြိဒယာဒဓိ'ဇာယ သေ၊
အာ'တ္မာ ဝဲ ပုတြနာမာသိ သ ဇီ' ဝ သရဒး သတမ်။
(နိရု· ၃၊ ၄။)

အိုသားမောင်! သင်သည် တကိုယ်လုံးမှ ဖြစ်ပွားလာသော သုတ်မှ ၎င်း နှလုံးမှ၎င်း ပေါက်ဖွားလာသောကြောင့် သင်သည် ငါ၏ဝိညာဉ် (အတ္တ)ပင် ဖြစ်ပေ၏။ ငါ့ထက်အသျှင်မသေနှင့်၊ အနှစ်တရာတိုင် အသက် ရှင်ပါ။ ။အကြင်သုတ်ဖြင့် မြင့်မြတ်သော သူတော်ကောင်းနှင့် လူကြီး လူကောင်းများ ဖြစ်ပွားလာကြ၏၊ ထိုသုတ် (ဗီဇ)ကို ပြည့်ဖံဆာ စသော ယုတ်မာသော လယ်မြေ၌ စိုက်ပျိုးခြင်း၊ သို့မဟုတ် ယုတ်ညံ့ သော မျိုးစေ့ကို လယ်ကောင်း မြေယာ၌ စိုက်ပျိုးခြင်းသည် အလွန် အပြစ်ကြီးပေ၏။

အမေး။ ။ဘာ့ကြောင့် မင်္ဂလာဆောင်မလဲ? အကြောင်းကား မိန်းမ ယောက်ျားတို့သည် လက်ထပ်ခြင်း တည်းဟူသော အနှောင် အဖွဲ့တွင် ငြိတွယ်လျက် တွန့်တိုခြင်းနှင့် ဆင်းရဲဒုက္ခများကို ခံစားရတတ်သည်။ ထို့ကြောင့် မိမိနှစ်သက်သူနှင့် အလိုရှိ သရွေ့ ပေါင်းသင်း နေထိုင်ပြီးလျှင် အလိုမရှိသောအခါ ခွဲ နေလိုက်လျှင် ကိစ္စပြီးသည် မဟုတ်ပါလော။

အဖြေ။ ။ဤသည်ကား သားငှက် တိရစ္ဆာန်တို့ အလေ့သာဖြစ်၍ လူတို့အလေ့ အလာ မဟုတ်ချေ၊ အကယ်၍ လူတို့၌ ထိမ်း မြားမင်္ဂလာ ပြုခြင်း ထုံးစံသာမရှိခဲ့သျှင် အိမ်ရာထောင်သူ လူတို့၏ မြင့်မြတ်သော ဆက်ဆံပြုမှုမှုတွေ အားလုံး ပျက်စီး သွားပေလိမ့်မည်။ တဦးသည်တဦးအား ပြုရ ဆည်းကပ်ခြင်း မပြုတော့ဘဲ၊ ကြီးလေးသော အကျင့်ဆိုးတွေ တိုးပွားလာ ပြီးလျှင် လူအားလုံး ရောဂါသည်, ခွန်အားနည်းသူနှင့် အသက်တိုသူများ ဖြစ်ပြီး၊ အမြန်သေကြေ ပျက်စီးကြပေ လိမ့်မည်။ တဦးသည် တဦးအား ရှက်ကြောက်ခြင်း မရှိ

တော့ဘဲ၊ အိုမင်းမစွမ်းရှိသော အရွယ်၌ မည်သူမှ ဆည်းကပ်ကူညီခြင်း ပြုမည်မဟုတ်။ အကျင့်ဆိုးတွေ တိုးပွားခါ၊ လူအားလုံးသည် ရောဂါသည်၊ ခွန်အားနည်းသူနှင့် အသက်တိုသူတွေ ဖြစ်ပြီးလျှင် လူ့တမျိုးလုံး ပျက်စီး ဆုံးတိုးသွားရာသည်။ တရုံတယောက်သည် တရုံတခုသော ဥစ္စာပစ္စည်း၏ ပိုင်ဆိုင်သူ(ဝါ) အမွေခံလည်း မဖြစ်တော့ဘဲ၊ တရုံတယောက်သည် ပစ္စည်း တရုံတခုကို တာရှည် လေးမြင့်စွာ ပိုင်ရိုးနိုင်ခြင်း မရှိခြင်း စသော အပြစ်တို့ကို ကာကွယ်ရန် အလို့ငှါ ထိမ်းမြားခြင်းကို အခါခပ်သိမ်း ပြုအပ်ပြုသင့်သည်။

အမေး။ ။တကြိမ်သာ လက်ထပ်၍ လင်တယောက် မယားတယောက်သာ ထားရှိနိုင်မည် ဆိုပါက၊ မိန်းမသည် ကိုယ်ဝန်ဆောင်ခြင်း၊ အမြဲတန်း နာမကျန်းရှိနေမည်။ သည့်ပြင် လင်လုပ်သူလည်း ရောဂါရှည် ဖြစ်ပွားနေမည် ဆိုက၊ အရွယ်လည်း ကောင်းတုံးဖြစ်၍ ကာမသံဝါသ မစပ်ရှက်ဘဲ မနေနိုင်ဖြစ်ပါက၊ ဘယ်လိုလုပ်ရမလဲ?

အဖြေ။ ။ဤမေးခွန်း၏ အဖြေကို "နိယောဂ" (သားဆုပန်ခြင်း) တခန်းတွင် ပေးခဲ့ပါပြီ။ ထို့ပြင် ကိုယ်ဝန်ဆောင် မိန်းမနှင့် တနှစ်တိုင်တိုင် ကာမစပ်ရှက်ခြင်း မပြုဘဲ မနေနိုင်သော လင်ယောကျ်ားနှင့် ကြာရှည်စွာ ရောဂါ စွဲကပ်နေသူ လင်နှင့် ကာမစပ်ရှက်ခြင်း မပြုဘဲ မနေနိုင်သော မယားတို့သည်၊ သားဆုပေးခြင်း သားဆုပန်ခြင်းနည်းဖြင့် ပေါင်းဖော်ရာသည်။ သို့သော် အပျော်လိုက်ခြင်း ပြည့်တန်ဆာမထံ သွားလာခြင်းကိုကား ဘယ်တော့ခါမှ မပြုအပ်ပေ။ တတ်အားသရွေ့၊ မရသေးသော အရာဝတ္ထုကို လိုလားခြင်း၊ ရပြီးသော အရာဝတ္ထုကို စောင့်ရှောက်ထားခြင်း၊ စောင့်ရှောက် ထားအပ်သော အရာဝတ္ထုကို တိုးပွားအောင် ပြုခြင်း၊ တိုးပွားပြီးသော ပစ္စည်းကို တိုင်းပြည်အကျိုးငှါ အသုံးပြုရာသည်။ အားလုံးသော နည်းတို့ဖြင့် အထက်တွင် ပြခဲ့သော နည်းနာတို့ဖြင့် မိမိတို့၏ အမျိုးအနွယ်နှင့် ဆိုင်ရာဝတ္ထုရေးတို့ကို ဌာ

ကောင်းကောင်းဖြင့်၊ ကိုယ်စိတ်ဥစ္စာဖြင့် တိုးတက် ကြီးပွား အကျိုးများအောင် ပြုရသည်။ မိမိ၏ မိဘ၊ ယောက္ခမတို့ကို အထူးပြုရ လုပ်ကျွေးရသည်။ မိတ်ဆွေ၊ အိမ်နီးချင်း၊ မင်းစိုးရာဇာ၊ ပညာရှိ၊ ဆေးဆရာနှင့် သူတော်ကောင်းတို့အား၊ ချစ်ကြည်လေးစားခြင်းနှင့် မသူတော် လူယုတ်မာတို့အား ဥပေက္ခာပြုခါ၊ ပြုပြင်ပေးရန် ကြိုးစားရသည်။ တတ်စွမ်းသရွေ့ မေတ္တာထားခါ သားသမီးတို့အား၊ ပညာတတ်လာအောင် စရိတ်ကြေးငွေ အကုန်ခံလျက်၊ ပညာရှိတဆူ ဖြစ်အောင် ပြုရသည်။ ထို့ပြင် ကောင်းမှုကုသိုလ် မှုတို့ကိုပြုခါ သံသရာမှ ထွက်မြောက်ရာလမ်းကိုလည်း ညွှန်ကြားပေးလျက် နိဗ္ဗာန်ချမ်းသာကို ခံစားစံစား စေရသည်။ ထို့ပြင် အောက်ပါ ဂါထာတို့ကို လိုက်နာယုံကြည်ခြင်း မပြုအပ်ပေ ဥပမာ—

ပတိတောပိ ဒွိဇး သြေဿ နစ သူဒြော ဇိတေန္ဒြိယး၊ နိဒိုဂ္ဂါ
စာပိဂေါး ပူဇျာ နစ ဒုဂ္ဂဝတိ ခရိ၊ ၁။

အသွာလမ္ဘံ ဂဝါလမ္ဘံ သံနျာသံ ဖလပဲတြိကမ်၊ ဒေဝရာစ္စ
သုတော တ္ပတ္တိံ ကလော ပဉ္စ ဝိဝဇ်ယေတ်။ ၂။

နသွေ့ မြိတေ ပြဗြဇိတေ က္လီဝေစ ပတိတေ ပတော၊ ပဉ္စသွာ
ပဒ္ဒ၊ နာရိဏာံ ပတိရနျော ဝိဓိယတေ။ ၃။

ဤကား ရုခမတ္တဒိပဏီ ပါရာသရိ ဂါထာများသာ ဖြစ်သည်။ အကြင်ယုတ်မာသော ပုဏ္ဏားကို အမြတ်ဟူ၍၎င်း၊ မြတ်သော အကျင့်တရားရှိသူ ဇာတ်ညံ့ကို ယုတ်ညံ့သူ ဟူ၍၎င်း၊ မှတ်ယူမည် ဆိုပါက၊ သည့်ထက်ပို၍ မျက်နှာလိုက်ခြင်း မတရားခြင်းသည် ဒိပြင်ရှိနိုင်ပါဦးတော့မလား။ နို့ထွက်သော မထွက်သော နွားမကို နွားမွေးသူတို့ မွေးမြူထိုက်သလို၊ ဒိုးထိမ်းသည် ခဝါသည် စသည်တို့အား၊ လားမြေးများ မမွေးမြူထိုက် ပါလော။ ဤဥပမာလည်း ယုတ္တိမရှိပေ။ ဘယ့်ကြောင့်ဆိုသော်, ပုဏ္ဏားနှင့် ဇာတ်ညံ့သည် လူဇာတ်ဖြစ်၍ နွားမနှင့် မြည်းသည် သားတိရစ္ဆာန် ဖြစ်၍ ဥပမာပြု နေရာမကျ၊ အဓိပ္ပါယ်မရှိပေ။ ဒါ့ကြောင့် ပညာရှိများ ယုံကြည်လိုက်နာအပ်သော ဂါထာ မဟုတ်ပေ။ ၁။

မြင်းနှင့် နွားကိုသတ်၍ ယဇ်ပူဇော်ခြင်းသည် ဝေဒကျမ်းဆို မဟုတ်ခဲ့သော်, ထိုအမှုကို ကလိယုဂ်၌ တားမြစ်ခြင်းသည် ဝေဒနှင့်ဆန့်ကျင်ခြင်း မဖြစ်ဘဲနေပါမလား ? အကယ်၍ ကလိယုတ်၌ ဤယုတ်ညံ့သော အလုပ်ကို မအပ်ပါဟုဆိုလျှင် ကြေတာစသော ယုတ်တို့၌ အပ်သည်ဟု ဆိုရာရောက်ပေလိမ့်မည်။ ဤသို့ဆိုလျှင် ဤဆိုးဝါးသော အလုပ်သည်၊ ခေတ်ကောင်း၌ ဘယ်နည်းနှင့်မှ ဖြစ်နိုင်မည်မဟုတ်။ ရသေ့ရဟန်း ပြုခြင်းသည် ဝေဒစသော ကျမ်းဂန်တို့၌ နည်းနာလာရှိ၏။ ထိုနည်းနာကို တားဆီး ပယ်ဖျက်ခြင်းသည် အခြေအမြစ် မရှိပေ။ အသားကို ပယ်ခဲ့လျှင် အခါခပ်သိမ်းပင် ပယ်အပ်သည်ဟု သိရာသည်။ မတ်နှင့်သား ဆုပန်ခြင်း နည်းနာကို ဝေဒကျမ်းတို့က ဆိုထားပါလျှင်၊ ဤဂါထာ စီသူသည် ဘာ့ကြောင့် ပေါင်ပါသလဲ ?။ ၂။

အကယ်တန္တိ (နသေ္တ) လင်သည် တိုင်းတပါးသို့ သွားခဲ့သော်, မိန်းမသည် အိမ်တွင် သားဆုပန်သော အခိုက်အတန့်၌၊ ပထမလင် ရောက်လာခဲ့ပါမူ၊ ထိုမိန်းမသည် ဘယ်သူ့မယား ဖြစ်မလဲ ? ထချိုက လက်ထပ်လင်၏ မယားဟုဆိုအံ့၊ ကျွန်ုပ်လိုက်နာပါ၏။ သို့သော်, ဤကဲ့သို့သော အစီအရင်သည် ပါရာသရီကျမ်း၌ ရေးထားခြင်း မရှိပေ။ မိန်းမမှာ ဘေးငါးပါးသော ရှိပါသလား။ ရောဂါစွဲကပ်ခြင်း၊ မသင့်မတင့် ဖြစ်ခြင်းစသော ဘေးအန္တရာယ်မှာ ငါးပါးမက များပြားလှသောကြောင့် ဤကဲ့သို့သော ဂါထာတို့ကို မည်သည့်ခါမျှ မလိုက်နာ မယုံကြည်ရာ။ ၃။

အမေး။ ။ဘယ့်နှယ်လဲ ? ခင်ဗျားဟာ ပရာသရ ရသေ့ဆရာကြီး စကားကိုတောင် မယုံဘူးတဲ့လား။

အဖြေ။ ။ဘာလို့ စကားပင်ဖြစ်ဖြစ်၊ ဝေဒနှင့်ဆန့်ကျင်နေလို့၊ မယုံနိုင်ပါ။ ဒီဂါထာဟာ ပရာသရဆရာရဲ့ စကားလဲ မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုရင်၊ ဥဒါဟရုဏ် — "ဗြဟ္မောဝါစ၊ ဝသိဋ္ဌ ဥဝါစ၊ ရာမဥဝါစ၊ သိဝဥဝါစ၊ ဗိသျှကာရုဝါစ၊ ဒေဗျူဝါစ" စသော ရှေးနာမည်ကြီး ဆရာများ၏ အမည်ကိုရေးခါ၊ ကျမ်းပြုကြခြင်းမှာ၊ လူအများ ကြည်ညိုလေးစားသော ဘုရားစသော ပုဂ္ဂိုလ်ကြီးများ အမည်ပါလျှင် တလောကလုံး ယုံကြည် လိုက်နာကြလိမ့်မည် ဟူသော ရည်ရွယ်ချက်နှင့်

ပြုကြ၏၊ ငါတို့လည်း စားလမ်းဖြောင့်အောင်ဆိုခါ၊ အဓိပ္ပါယ်မရှိသော ဂါထာဗန္ဓတို့ကို စီကုံးကျမ်းပြုကြသည်။ ဗိဒအတိုင်းပင် အခြားကျမ်းစာ အလိမ်တွေကိုလည်း သိကြပါလေ၊ အချို့အချို့သော ပယ်အပ်သော ဂါထာတို့ကိုပယ်လျှင် မနုသမုတိ ကျမ်းသာလျှင် ဝေဒနှင့် ကိုက်ညီသည်။ တခြားသမုတိကျမ်းများ မညီညွတ်ပေ။

အမေး။ ။အိမ်ယာထောင်သော ဘဝသည် အားလုံးထက် အတန်းအဆင့် မြင့်သလား နိမ့်သလား ?

အဖြေ။ ။ဒိမိတို့နှင့်ဆိုင်ရာ ပြုအပ်သော ဝတ္တရေးတို့၌၊ အကြီးအမြတ်ချည်းသာ ဖြစ်သည်။ သို့သော်,–

ယထာ နဒီနဒါး သဗ္ဗေ သာဂရေယာန္တိ သံဋ္ဌိတိမ်၊
တထဲဝါ ဩမိဏား သဗ္ဗေ ဂြိဟာဿ ယာန္တိ သံဋ္ဌိတိမ်။ ၁။
(မနု· ၆၊ ၉၀)
ယထာဝါယုံ သမာဩိတျ ဝတ္တန္တေ သဗ္ဗ ဇန္တဝး၊
တထာ ဂြိဟသ္ထ မာဩိတျ ဝတ္တန္တေ သဗ္ဗ အာဩမား။ ၂။
ယသ္မာတြယော ပျာဩမိဏော ဒါနေနာန္နေန စာန္ဝဟမ်၊
ဂြိဟသ္ထေနဲဝ ဓာယျန္တေ တသ္မာတ် ဇျေဋ္ဌာဩမော ဂြိဟီ။ ၃။
သသံဓာယျ်း ပြယတ္တေန သွဂ်္ဂမက္ချယ မိစ္ဆတာ၊
သုခံစေဟေစ္ဆတာ နိတျံ ယောဓာယော် ဒုဗ္ဗလေန္ဒြိယဲး။ ၄။
(မနု· ၃၊ ၇၇-၇၉)။

အနက်ကား — မြစ်ကြီးမြစ်ငယ်တို့သည်၊ မဟာသမုဒ္ဒရာသို့ မရောက်မချင်း၊ လှည့်ပတ် နေရဘိသကဲ့သို့၊ အိမ်ယာထောင်သော လူတို့၏ အမှီသဟဲကြောင့်သာ အားလုံးသော ဘဝတို့သည် တည်မြဲနေကြကုန်၏။ ဤလူ့ဘဝမှကင်း၍ မည်သည့်ဘဝ၏ ဝတ္တရား (အမှု) သည် မပြီးစီးနိုင်ချေ။ အိမ်ယာထောင်သူ လူတို့သာလျှင် ဖြဟ္မစာရီ၊ ဥပုသ်ဆောင်ဝင်သူ (=တောခိုသူ) နှင့် ရသေ့ရဟန်းစသော သုံးပါးသော လူ့ဘဝတို့အား၊

အလှူနှင့် ဆွမ်းဘောဇဉ်စသည် ပေးကမ်းလှူဒါန်းခါ၊ နေ့စဉ်ဆောင်နေပေသောကြောင့် ဣမိယာထောင်သူ လူ့ဘဝသာလျှင် အမြတ်ဆုံးဖြစ်၏။ အဓိပ္ပါယ်ကား, အားလုံးသော အပြုအမူ (ဆက်ဆံမှု) တို့၌ လိမ္မာကျွမ်းကျင်သူမည်၏။ သို့ဖြစ်ပါ၍ လောကီသုခနှင့် နိဗ္ဗာန်သုခကို လိုလားတောင့်တသူတို့သည် လူ့ဘောင်ကိုပင် ကြိုးစားထန်းဆောင်ရာသည်။ စိတ်သဘောထား အားနည်း ကြောက်ရွံ့တတ်သော ယောကျ်ားတို့ မထမ်းဆောင်အပ်သော ဤလူ့ဘဝကို ကောင်းစွာထန်းဆောင်ရာသည်။ သို့ဖြစ်၍ လူ့လောက မှုခင်းရေးရာ ဟူသမျှ ဤလူ့ဘဝ၌ပင် အခြေတည်နေ၏။ အကယ်၍ ဤလူ့ဘဝသာ မရှိပါက၊ သားသွီးမွေးဘွားခြင်း မရှိခဲ့သော်, ဖြပဋ္ဌစရိယ၊ တောခိုမှုနှင့် ရသေ့ရဟန်းဘဝ ဘယ်ကဖြစ်လာတော့မလဲ ? လူ့ဘဝကို ကဲ့ရဲ့သူသည် မိမိကိုယ်သာ ကဲ့ရဲ့ရှုံ့ချရာ ရောက်၏။ ချီးမွမ်းသူသည် မိမိကိုယ်ကို ချီးမွမ်းရာရောက်၏။ သို့သော်, ယောကျ်ားနှင့် မိန်းမတို့သည် တဦးကိုတဦး ချစ်ကြည်လေးစားခြင်း၊ ပညာညဏ်ကြီးခြင်း၊ လုံ့လဝီရိယရှိခြင်း၊ အားလုံးသော အမှု၌ လိမ္မာခြင်းရှိမှသာ ဣမိယာထောင်သူ လူ့ဘဝ၌ ချမ်းသာအစစ်ကို ရနိုင်ရာသည်။ သို့ဖြစ်၍ လူ့ဘဝ၏ ပဓာန အကြောင်းရင်းမှာ ဖြပဋ္ဌစရိယနှင့် အထက်တွင် ပြခဲ့သော မင်္ဂလာဆောင်ခြင်းပင်ဖြစ်၏။ ဤကား, ကျောင်းသားဝတ္တရား လက်ထပ်မင်္ဂလာနှင့် ဣမိရာထောင်သူ လူတို့အကြောင်းကို အကျဉ်းသခေ်ပ ရေးသားချက်တည်း။ ဤမှနောက် စိပ်ပုတီးနှင့် ရိပ်ကြီးဒို (=တောထွက်ခန်း) နှင့် ရသေ့ရဟန်းဘဝ အကြောင်းအရာကို ရေးသားပေအံ့။

ဤကား သိရီမဒ ဒယာနန္ဒ သရဿတီသာမီသည် ရေးစီရင်အပ်သော သစ္စဏ္ဏ ပကာသကျမ်း၌ ကောင်းမြတ်သောဘာသာဖြင့် တန်းဆာဆင်အပ်သော ကျောင်းသားဘဝ၊ ထိမ်းမြားမင်္ဂလာ လူ့ဘဝအခြင်းအရာ စတုဏ္ဏမြောက်အခန်းသည် ပြီးပြည့်စုံသတည်း။

ပဉ္စမခဏ်း

တောထွက်ရသေ့ ရဟန်းပြုပုံနည်းနာကိုပြဆိုပေအံ့။

ဗြဟ္မစယျာဩြမံ သမာပျ ဂြိဟီ ဘဝေတ် ဂြိဟီ ဘူတွာ ဝနီ ဘဝေဒ္ဝနီဘူတွာ ပြဗြဇေတ်။ (သတ· ကံ· ၁၄။)

လူတို့သည် ဗြဟ္မစရိယကျင့်ပြီးနောက် အိမ်ရာထောင်ပြီးလျှင် တောထွက်ရာသည်၊ တောထွက်ပြီးနောက် ရသေ့ရဟန်းပြုရာသည်၊ ဤနည်းလမ်း အစီအစဉ်အားလျော်စွာ ဘဝ(အဖြစ်) နည်းနာများဖြစ်သည်။

ဧဝံ ဂြိဟာဩြမေ သ္ထိတွာ ဝိဓိဝတ္သ္နာတကော ဒွိဇး၊ ဝနေ ဝသေတ္တု နိယတော ယထာဝဒွိဇိတေန္ဒြိယး။ ၁။

ဂြိဟသ္ထသ္တု ယဒါပသျေဒွ လီပလိတမာတ္မနး၊ အပတျသျဲဝ စာပတျံ တဒါရဏျံ သမာဩြယေတ်။ ၂။

သံတျဇျ ဂြာမျ မာဟာရံ သ႟္ဝံ စဲဝ ပရိစ္ဆဒမ်၊ ပုတြေသု ဘာယျာံ နိက္ခိပျ ဝနံ ဂစ္ဆေတ သဟဲဝဝါ။ ၃။

အဂ္နိ ဟောတြံ သမာဒါယ ဂြိဟျံ စာဂ္နိပရိစ္ဆဒမ်၊ ဂြာမာဒရဏျံ နိသ္သြိတျ နိဝသေန္နိယတေန္ဒြိယး။ ၄။

မုန္နျဲ႟္ဝိဝိဓဲမေဓျဲး သာကမူလဖလေနဝါ ဧတာနေဝ မဟာယဇ္ဉာန္နိ႟္ဝပေဒွိဓိပူ႟္ဝကမ်။ ၅။ (မနု· ၆၊ ၁–၅)။

ဤနည်းအတိုင်း ဆရာ(ဝါ) ဗြဟ္မစရိယ အကျင့်အားလျော်စွာ အိမ်ရာထောင်သောပုဏ္ဏား,ခတ္တိယ,ဝေဿ တို့သည် အိမ်ရာထောင်သောဘဝ၌ တည်ပြီးနောက် စိတ်ကိုတည်ကြည်စေလျက် ဣန္ဒြေတို့ကို နိုင်နင်းအောင် ထိန်းသိမ်းခါ တော၌နေရာ၏။ ၁။

သို့သော်, အိမ်ရာထောင်သူ လူတို့သည် ဆံပင်ဖြူ၍ အရေတွန့်လိမ် လာပြီးလျှင် သား၏သား (မြေး) မွေးဖွား ပြီးမှသာ တောထွက်ရာသည်။ ၂။

အားလုံးသော ရွာသူတို့၏ မွန်မြတ်သော အစားအစာ၊ အဝတ်တန်ဆာ ဟူသမျှတို့ကိုစွန့်လျက်၊ သားတို့ထံ၌ အိမ်သူဇနီးကိုထားခါ၊ (တနည်း) အတူခေါ်လျက် တောမှာနေရာသည်။ ၃။

အင်္ဂါပြည့်စုံသော အဂ္ဂိဟောတ (မီးပူဇော်သောအမှု)ကို ကျင့်ဆောင်ခါ၊ ရွာမှထွက်လျက်၊ ဣန္ဒြေတို့ကို ကောင်းစွာစောင့်စည်းပြီးလျှင် တောမှာသွားနေရာသည်။ ၄။

အထူးထူး အပြားပြားသော သလေးစပါးစသော ကောက်ပဲ, ဖြူစင်ကောင်းမြတ်သော သစ်ရွက်,သစ်ဥ,သစ်သီး,သစ်ပွင့်,သစ်မြစ် စသည်တို့ဖြင့် အထက်တွင်ပြခဲ့သော ငါးပါးသော ယဇ်တို့ကို စီရင်ပူဇော်ပြီးလျှင် ထိုအာဟာရတို့ဖြင့် ဧည့်ဝတ်ကိုပြုခါ၊ မိမိလည်း မှီဝဲသုံးဆောင်ရာသည်။ ၅။

> သွာဓျာယေ နိတျယုက္တား သျာဒ္ဒါန္တော မဲတြး သမာဟိတး၊
> ဒါတာနိတျမနာဒါတာ သဗ်ဘူတာနုကမ္ပကား။ ၁။
>
> အပြယတ္နး သုခါဓေ်သု ဖြဟ္မစာရီဓရာသယး၊ သရဏေသွမမ
> သ္စဲဝ ဗြိက္ခမူလနိကေတနး။ ၂။ (မနု· ၆၊၈၊၂၆။)

စာပေကျမ်းဂန် သင်ယူခြင်း ပို့ချခြင်း၌ အမြဲသက်ဝင်နေတတ်သော, စိတ်နှလုံးကို ထိန်းသိမ်း တတ်သော, အားလုံးတို့နှင့် ခင်မင်တတ်သော, ဣန္ဒြေတို့ကို စောင့်စည်းတတ်သော, အထက်ပညာကို ပေးတတ်သော, အားလုံးသောသတ္တဝါတို့အား သနားကြင်နာတတ်သော, တစုံတယောက်ထံမှ တစုံတခုကိုမျှ မယူတတ်သောသူ အဖြစ်ဖြင့် အခါခပ်သိမ်း ကျင့်ဆောင်နေထိုင်ရာသည်။ ၁။

ခန္ဓာကိုယ် ချမ်းသာရေး အတွက် အထူး အားမထုတ်ရာ။ ထိုသော် ဖြဟ္မစရိယအကျင့်ကို ကျင့်ဆောင်ရာသည်။ မိမိ၏ဇနီး အတူနေသော်လည်း ၎င်းနှင့်ကာမဆက်ဆံမှုကိုမပြုရာ။ မြေကြီးပေါ်တွင် အိပ်ရာသည်။ မိမိဝဆောင်းသိပ်သိထားအပ်သော ပစ္စည်းတို့၌ စွဲလမ်းကပ်ငြိခြင်းမပြုရာ။ သစ်ပင်ရင်း၌နေရာသည်။ ၂။

> တပး ဩဒ္ဓေ ယေဟျုပဝသန္တျရဏျေ သာန္တာ ဝိဒွါံသော ဘဲက္ချ
> စယျာံ စရန္တး၊ သူယ်ဒွါရေဏ တေဝိရဇား ပြယာန္တိ ယတြာမြိတး
> သပုရုသော ဟျဗျ ယာတ္မာ။ ၁။ (·မုဏ္ဍ·။ ခံ·၂။ မံ·၁၁။)

အကြင် ကိုယ်နှုတ်နှလုံး မြေတည်ကြည်သော ပညာရှိတို့သည် တောဥ္စအကျင့် (တပ) ကုသိုလ်ရေးကို ပြုရလျက် မှန်ကန် ကောင်းမြတ်သော သစ္စာတရားကို သဒ္ဓါရှေ့ရှု အရှိအသေပြုခါ အလှူခံ၍ တောဥ္စနေထိုင်ကြ၏။ ထိုသူတို့သည် မပျက်မစီး အမြဲတည်တော်မူသော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော ယောကျ်ားမြတ် ဖြစ်သော လာဘော–အလာဘော လောကဓံတရားမှ ကင်းစင်တော်မူသော ထာဝရ ဘုရားရှိရာဘုံဆီသို့ စင်ကြယ်သည်ဖြစ်၍ အသက်ဝိညာဉ်တည်းဟူသော တံခါးပေါက်မှ ရောက်သည်ဖြစ်၍ ဝမ်းမြောက် ဝှင်လန်းကြကုန်၏။

> အဘျာဒ်ခါမိ ထမိဝမင္ဂေ ပြိတပတေ ထွယိ၊ ပြိတဥ္စ် ဩဒ္ဓိါ စောဟဲ၊ မိန္ဒေတွာ ဗိကျွိတော အဟာမ်၊ ၁။
> (ယဇု၊ အဍျာ. ၂၀။ မံ. ၂၄၊)

စိပ်ပုတီးနှင့် ရိပ်ကြီးခိုသော သူတော်ကောင်း တို့သည်၊......“ငါသည် မီးပူဇော်၍ ဥပုသ်ကိုခံယူလျက် ကောင်းသောအကျင့်နှင့် သဒ္ဓါတရားကို ရစေမည်....” ဟူသော အဓိဋ္ဌာန်ဖြင့် တောထွက်ရာသည်။ အထူးထူး အပြားပြားသော အကျင့်များ, သူတော်ကောင်းတို့နှင့် ပေါင်းပေါ် နှီးနှော ခြင်း, ယောဂအကျင့်များ ကောင်းမြတ်သော စိတ်ကူးတို့ဖြင့် မြင့်မြတ်ဖြူစင်သောအပြစ်ကို ရယူရာသည်။ ထို့မှနောက် ရသေ့ရဟန်းပြုလိုသော အခါ၊ ဇနီးဖြစ်သူအား၊ သားတို့အထံသို့ ပို့ပြီးနောက် ရဟန်းပြုရာသည်။ ဤကား အကျဉ်းသဒ္ဓေပဖြစ်သော တောထွက်ခဏ်းနည်းလမ်းပေတည်း။

ရသေ့ရဟန်းပြုပုံကဏ္ဍ

> ဝနေသုစ ဝိဟြိတွဲ့ဝံ တြိတိယံ ဘာဂမာယုသး၊ စတုထ်မာယု သောဘာဂံ တျတွာ သင်္ဂါန် ပရိဗြဇေတ်။ (မနု. ၆၊၃၃၊)

ဤနည်းအတိုင်း တောထဲတွင် အသက်၏သုံးခုမြောက်အတွဲ၊ တနည်း သော်ကား၊ အသက်ငါးဆယ်မှသည် ခုနှစ်ဆယ့်ငါးနှစ်အထိ၊ တောထွက် ကျင့်ဆောင်ပြီးနောက်၊ အသက်၏လေးခုမြောက်အတွဲ (စတုထ္ထ အရွယ်) တွင် အပေါင်းအဖော် များကို ပယ်စွန့်ခါ၊ ရဟန်းပြုရာသည်။

အမေး။ ။အိမ်ရာထောင်သောဘဝနှင့် တောထွက်သောဘဝဖြင့် မနေမူ၍၊ တခါတည်းရဟန်းပြုခဲ့သော် အပြစ် ဖြစ်ဖွယ်မလား?

အဖြေ။ ။ဖြစ်သည်လည်းရှိ၏၊ မဖြစ်သည်လည်းရှိ၏။

အမေး။ ။စကားနှစ်ခွ ဘာ့ကြောင့်ပြောရသလဲ?

အဖြေ။ ။စကားနှစ်ခွမဟုတ်ဘူး။ငယ်ငယ်က၊ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ရှုံမုန်းပြီးမှ၊ ကြီးဖြင်းလာသောအခါ၊ ထိုတရားတို့၌ ကပ်ငြိလာမည်ဆိုပါက၊တကယ် လူမိုက်ကြီးတယောက် ဖြစ်၍၊ မကပ်ငြိပါမူကား တကယ် သူတော်ကောင်း သူမြတ်လောင်းကြီးတယောက် ဖြစ်ပါသည်။

ယဒဟာရေဝ ဝိရဇေတ္တဒဟာရေဝ ပြဗ္ဗဇေနွနာဒ္ဒါ ဂြဟာဒ္ဒါ
ပြဗ္ဗဇယ်ဒ္ဒေဝ ပြဗြဇေတ်။

ဤကား ပြဗ္ဗဏကျမ်းလာ စကားဖြစ်၏။ ရာဂကင်းသောနေ့တွင် အိမ်ရာထောင်သူ လူအဖြစ်မှရင်း၊ တောနေ အဖြစ်မှရင်း၊ ရဟန်းပြုရာသည်၊ တဖက်ကပြခဲ့သော အစဉ်အတိုင်းသာ တဆင့်ပြီးတဆင့် တက်ရမည်ဟုဆို၏။ တဖက်က လူ့ဘောင်မှ ရဟန်းပြုရမည်ဆို၏။ တတိယအဆိုက ပညာဉာဏ်ပြည့်ဝ၍ ရှုမြွေတို့ကို နိုင်နင်းပြီးသော ကာမဂုဏ်မှ လုံးဝငြီးငွေ့ပြီးလျှင် ပရမတ်ကို ဆောင်ရွက်လိုသော ယောကျ်ားမြတ်သည် ပြဗ္ဗစရိယာဘဝ (လူပျိုဘဝ) မှ ရဟန်းပြုရမည်ဟု ဆိုထား၏။ ဝေဒကျမ်းဂန်တို့၌လည်း (ယတယး ပြာပ္ပဏာသူ, ဝိဇာနတး) စသော ပါဌ်တို့ဖြင့် ရဟန်းပြုသောနည်းနာတို့ကို ပြဆိုထားသည်။ သို့သော်,

နာဝိရတော ဒုသ္စရိတာန္နာသာန္တော နာသမာဟိတး၊
နာသာန္တမာနသောဝါပိ ပြဉာနေနဲ့နဲ့ မာပ္နုယာတ်။
(ကဌ•၊ ဝလ္လီ ၂၊ မံ• ၂၃။)

အကြွင်သူသည် မသူတော်တို့ တရားနှင့်မကင်း၊ ကိုယ်စိတ်မအေးမြ၊ ယောဂီစိတ်လည်းမရှိ၊ စိတ်မတည်တံ့သူသည် ရဟန်းပြုခြားသော်လည်း ထာဝရဘုရားကို မရနိုင်။ ထို့ကြောင့်—

ယစ္ဆေဒွါင်မနသီ ပြာဉ္ဇသ္တဒျစ္ဆေဒ ဉာန အာတ္မနိ၊
ဉာနမာတ္မနိ မဟတိ နိယစ္ဆေတ္တဒ် ယစ္ဆေစ္ဆာန္တ အာတ္မနိ။
(ကဋ္ဌ၊ ဝလ္လိ-၃၊ မံ-၁၃။)

ပညာရှိရဟန်းသည် နှုတ်နှင့် နှလုံးကို အကုသိုလ်တရားမှ ဖယ်ရှောင်ခါ ဉာဏ်နှင့် အတ္တ၌ တည်စေရာသည်၊ ထိုဉာဏ်တည်းဟူသော အတ္တကို ဘုရားသခင်၌ တည်စေရာသည်။ ထိုဝိဉာဏ်ကို တည်ကြည်သော အတ္တ၌ စွဲမြဲစေရာသည်။

ပရိက္ချျယ လောကာန် ကမ်မစိတာန် ဗြာဟ္မဏော နိဝေဒ်ဒ
မာယာန္နာ႒္ယကြိတး ကြိတေန၊ တဒွိဉာနာထံ သဂုရုမေဝါဘိ
ဂစ္ဆေတ် သမိတ္ပါဏိး ၐြောတြိယံ ဗြဟ္မနိဋ္ဌမ်။

(မုဏ္ဍဝ၊ ခံ. ၂၊ မံ. ၁၂။)

အားလုံးသော လောကီစည်းစိမ် ချမ်းသာတို့ကို ကံဖြင့် ရဆောင်းရယူအပ်သည်ဟု သိမြင်လျက် ဗြာဟ္မဏ သို့မဟုတ် ရဟန်းသည် ရာဂ (ဝိရာဂ)မှ ကင်းရာသည်။ အဘယ့်ကြောင့်ဆိုသော်, အကတ (=အကြိတ) မည်သူမျှ မပြုမပြင်ဘဲ အလိုအလျောက် ဖြစ်ပေါ်နေတော်မူသော ဘုရားသခင်အား ပူဇော်ရန် အလို့ငှါ တစုံတခုကို လက်၌စွဲကိုင်လျက် ဝေဒကိုတတ်ကျွမ်း၍ ဘုရားကိုကောင်းစွာသိသူ ဆရာ့ထံ၊ လောကုတ္တရာ ပညာဉာဏ် (ဝိဉာန) အလို့ငှါ သွားရာသည်။ သွား၍ စိတ်တွင်ရှိနေသော ဒွိဟာသံသယတို့ကို ရှင်းစေပြီးလျှင်၊ ထိုဆရာကို အမြဲတမ်း အလို့ငှါ ခွန့်သွားရာသည်။ အကြောင်းကား—

အဝိဇ္ဇာယာ မန္တရေ ဝတ္တ်မာနား သွယံဓီရား ပဏ္ဍိတမ္မန္နမာနား၊
ဇင် ဃနျမာနား ပရိယန္တိမူဠာ အန္ဓေနဲဝ နီယမာနာ
ယထာန္ဓါး။ ၁။

အဝိဇ္ဇာယံ ဗဟုဓာ ဝတ္တ်မာနာ ဝယံ ကြိတာထာ ဣတျဘိ
မန္နျန္တိဗာလား။ ယတ္ကရ်မိဏော နပြဝေဒယန္တိ ရာဂါတ် တေနာ
တုရား က္ချီဏလောကာသ္စျဝန္တေ။ ၂။
(မုဏ္ဍဝ၊ ခံ. ၂၊ မံ. ၈၊ ၉။)

အဝိဇ္ဇာမှောင်အတွင်း၌ မြူးထူးပျော်ပါး ကစားနေသော လူမိုက်သည်၊ မိမိကိုယ်ကို တည်ကြည်ပညာရှိ တဦးဟု မှတ်ထင်နေသောသူ အောက်လမ်းသွားမည့် လူမိုက်သည် အကာန်းနောက်လိုက်သူ အကာန်းသဘွယ် ဆင်းရဲဒုက္ခ တွေ့ကြုံခံစားရကုန်၏။ ၁။

များသောအားဖြင့် အဝိဇ္ဇာ မှောင်အတွင်း၌ မွေ့လျော်နေသော လူမိုက်တို့သည် မိမိကို ပြုအပ်သောအမှု ပြုပြီးပြီဟု ထင်မှတ်ကြ၏၊ ၎င်းတို့အား၊ လူ့ဘောင် နှောင်အိမ်အတွင်းနေသော သူတို့သာလျှင် ရာဂတန်ခိုး လွှမ်းမိုးထားခြင်းကြောင့် အစစ်အမှန်ကို မသိနိုင်ကြချေ၊ ထိုကဲ့သို့သော သူတို့သာလျှင် အလွန်ကြင်နာခံခက် နှိပ်စက်အပ်သည် ဖြစ်၍ ဇာတိ-မရဏ တည်းဟူသော ဒုက္ခဆင်းရဲသို့ ကျရောက်ကြရကုန်၏။ ၂။ ထို့ကြောင့်—

ဝေဒါန္တ ဝိညာန သုနိဋ္ဌိတာတ်ား သန္နျာသယောဂါဒ္ယတျး သုဒ္ဓသတွား၊ တေ ဗြဟ္မလောကေသု ပရာန္တကာလေ ပရာမြိတား ပရိမုစ္စန္တိသဗ်ေ။

(မုဏ္ဍ-၊ ခံ- ၂၊ မံ- ၆။)

အကြင်သူသည် ပရမိဿရဘုရား ဟောကြားတော်မူအပ်သော ဝေဒန္တမန္တာန်တို့၏ အနက်အဓိပ္ပါယ်ကို သိ၍ အကျင့်သီလ၌ ကောင်းစွာ တည်ပြီးလျှင် ရဟန်းတို့၏ ယောဂအကျင့်ဖြင့် စင်ကြယ်သော နှလုံးရှိသော ရဟန်းတို့သည် ဘုရား၌ ဝိမုတ္တိရသကို ရယူခံစားပြီးနောက် သက်တမ်းစေ့သောအခါ ဘုရားဘုံမှ ရတော၍ လူ့လောကသို့ လာကြကုန်၏၊ ဝိမုတ္တိမှကင်း၍ ဒုက္ခမငြိမ်းနိုင်, အကြောင်းကိုဆိုသော်,

နဝဲ သသရီရဿ သတး ပြိယာပြိယ ယောရပဟာတိရသ္တျ သရီရံဝါ ဝသန္တံ န ပြိယာပြိယေ ဿြုသ္တး။

(ဆာန္ဒော-၊ ပြ- ၈၊ ခံ- ၁၂။)

ခန္ဓာကိုယ် အတ္တဘောကို ဆောင်သောသူသည်၊ ချမ်းသာဆင်းရဲမှ မကင်းနိုင်ချေ။ ခန္ဓာကိုယ်မှကင်းသော အသက်ဝိညာဉ် (ဇီဝတ္တ) သည် ဝိမုတ္တိ၌ အားလုံး၌ ပြန့်နှံ့၍တည်သော ဘုရားနှင့်အတူ စင်ကြယ်စွာ

နေသော အခါ၌သာ လောကသံသရာ၏ ချမ်းသာဆင်းရဲသို့ မကာင်ရောက် နိုင်ချေ။ ထို့ကြောင့်,

> ပုတြိသဏာယာသ္စ ဝိတ္တဲသဏာယာသ္စ လောကဲသဏာယာသ္စ
> ဗျုတ္တာယာထဘိက္သျ စယ်ံ စရန္တိ။
> (သတ· ကာံ· ၁၄၊ ပြ· ၅၊ ဗြာ· ၂၊ ကံ· ၁။)

လောကတွင် ဂုဏ်ကြက်သရေ သို့မဟုတ် လာဘ်လာဘ၊ ဥစ္စာနေ ဖြင့် စည်းစိမ်ခံစားခြင်း သို့မဟုတ် အရိုအသေခံယူခြင်း၊ သား စသော ခင်မင်တွယ်တာခြင်းမှ ကင်းလွတ်သည် ဖြစ်၍ ရသေ့ ရဟန်းတို့သည် အလှူခံစားခါ နိဗ္ဗာန (မောက္ခ) သို့ ရောက်ရာရောက်ကြောင်း တရား ကောင်းကို အသင့်ကြိုးစားနေကြလေသည်။

> ပြာဇာပတျံ နိရူပျေသ္ဋိံ တသျာံ သဗ်ဝေဒသံ ဟုတွာ ပြာယ္မ
> ဏား ပြဗြဇတ်။ ၁။
> (ယဇုဝေဒ-ပြာယ္မဏော။)
> ပြာဇာပတျာံ နိရူပျေသ္ဋိံ သဗ်ဝေဒသဒက္ခိဏာမ်၊
> အာတ္မန္ယဂ္နီန္သမာရောပျ ဗြာယ္မဏား ပြဗြဇေဒ် ဂြိဟာတ်။ ၂။
> ယော ဒတွာ သဗ်ဘူတေဘျး ပြဗြဇတျဘယံ ဂြိဟာတ်၊
> တသျ တေဇောမယာ လောကာ ဘဝန္တိ ဗြဟ္မဝါဒိနး။ ၃။
> (မနု· ၆၊ ၃၈၊ ၃၉။)

ပရမိသာရာဘုရားသို့ ကပ်ရောက်ရန် အလို့ငှါ ယဇ်ကိုစီရင်လျက် ထို ယဇ်ကျင်း၌ စလွယ်, ဆံပင်စသော အသွင်တို့ကို စွန့်ပြီးလျှင် 'အာဟ ဝနီ' စသော မီးငါးပါးကို ရှိခိုးခါ၊ အပါန, ဗျာန, ဥဒါန, သမာနတည်း ဟူသော ငါးပါးသော အာဏာပါနတို့၌ တည်သည်ဖြစ် ဗြာယ္မဏ (ပုဏ္ဏား)သည် ပုဏ္ဏားတို့ အင်္ဂါနှင့်အညီ အိမ်ကိုစွန့်ခွါလျက် ရဟန်း ပြုရသည်။ ၁-၂။

ဘူတရှစ် - ဝါ - သတ္တဝါ အားလုံးကို၊ ဘေးမဲ့ပေးခါ အိမ်ကိုစွန့်၍ ရသေ့ရဟန်း ပြုသောသူသည် ဗြဟ္မဝါဒီ, တနည်းကား ပရမိသာရ ဘုရားသည် ပြဆိုအပ်သော ဝေဒကျမ်းလာ တရားကို ဟောပြော ရာ၌

တတ်သော ရသေ့ရဟန်းတို့သည် အလင်းရောင် - ဝါ - ဝိမုတ္တိ၏ ဖြေ ချမ်းသာသော လောက (ဘုံမ်) ကို ရရှိခံစားကြရကုန်၏။

အမေး။ ။ရသေ့တို့၏ တရားကား အဘယ်နည်း ?

အဖြေ။ ။တရားကား–မျက်နှာမလိုက်ဘဲ တရားသဖြင့် နေထိုင်ပြုမူခြင်း, အမှန်ကိုယူ၍ အမှားကို ပယ်ခြင်း, ဝေဒကျမ်းလာ ရှုသရဘုရား၏ အမိန့်အာဏာကို လိုက်နာခြင်း, ပရဟိတ, အမှန်ကို ပြောဆိုခြင်း, စသော လက္ခဏာတို့သည် အားလုံးသော သူတို့၏ တရားဖြစ်သော်ငြားလည်း, ရသေ့တို့၏ အထူးဝိသေသတရားသည်ကား–

ဣတ္ထိပုတ္တံ ရုသောတပါဒံ ဝစ္ဆပုတ္တံ ဇလံ ပိဝေတ်။
သတ္တုပုဘာဝံ ဝဒေန္တိစံ မနုပုတ္တံ သမာစရေတ်။ ၁။
ကြုဒ္ဓယန္တံ နဲ ပြတိကြုဒ္ဓေ ဒါ ကြုသ္မး ကုသလံ ဝဒေတ်။
သပ္တဒွါရာဝ ကီဏ်ံါစ နဲ ဝါစမန္ဒြိတာံ ဝဒေတ်။ ၂။
အာဒ္ဓ္ယ ဏ္မရတိရာ သိနော နိရပေက္ချာ နိရာမိသး။
အာတ္မနဲဝ သဟာယေန သုခါဪိ ဝိစရေဒိဟ။ ၃။
ကလြိပ္တ ကေသနခ သ္မဪြး ပါတြီ ဒံဍီ ကုသုမ္ဘဝါန်။
ဝိစရေ နိယတော နိတျံ သဗ်ံဘူတာန္ဒျ ပီဍယန်။ ၄။
ဣန္ဒြိယာဏာံ နိရောဓေန ရာဂဒွေသ က္ခယေဏ စ။
အဟိံသယာ စ ဘူတာနာမ မြိတ တွာယ ကလ္ပတေ။ ၅။
ဒူသိတောပိ စရေဒ္ဓမ်ံ ယတြ တတြာ ဩမေ ရတး။
သမး သဗေ်ဘု ဘူတေသု နလိင်ံ ဓမ္မ် ကာရဏာမ်။ ၆။
ဖလံ ကတကာ ဖြိက္ချာသျ ယဒျပျမ္ဗု ပြသာဒကမ်။
နဲ နာမ ဂြဟာဏာ ဒေဝ တသျဝါရိ ပြသီဒတိ။ ၇။
ပြာဏာ ယာမာ ဖြာပဋ္ဌာဏာသျ တြဲယောဝိ ဝိမိဝတ်ကြိတား။
ဗျာဟြိတိ ပြဏာ ဝဲယုံဋ္ဌာ ဝိဥ္စယံ ပရမန္တပး။ ၈။
ဒဟျန္တေ ဓ္မါယ မာနာနဲ ဓါတူနဲံဟိ ယထာ မလား။
တထေန္ဒြိယာဏာံ ဒဟျန္တေ ဒေါသား ပြာဏာသျ နိဂြဟာတ်။ ၉။

ပြာဏာ ယာမဲဒ် ဟောဠဒ္ဒါသာန် ခါရဏာ ဘိသ္မ ကိလ္လိသမ်။
ပြတျာ ဟာရေဏာ သံသဂ်ါန် ဣနွေနာနိ ဒွေရာန် ဂုဏာန်။ ၁၀။
ဥစ္စာဝစေသု ဘူယေသု ဒုဇ္ဇေယာမ ကြိတာတ္မဘိး။
ဓျာနယောဂေန သံပဿေဒ် ဂတိမဿျာန္တရာတ္မနး။ ၁၁။
အဟိံသ ယေန္ဒြိယာ သင်္ဂဲး ဝဲဒိကဲသ္စဲဝ ကမ္မဘိး။
တပသသ္စရဏဲ သ္စော်ဂြဲ သာဓယန္တီဟ တတ္ပဒမ်။ ၁၂။
ယဒါ ဘာဝေန ဘဝတိ သဗ်ဘာဝေသု နိဿ်ပြဟး။
တဒါ သုခမဝါ ပ္နောတိ ပြေတျစေဟာစ သာသွတမ်။ ၁၃။
စတုဘိဒိရပိ ဝဲဝဲတဲး နိတျမာဩဗိ ဘိဒွိဇဲး။
ဒသ လက္ခဏကော ဓမ္မး သေဝိတဗျး ပြယတ္နတး။ ၁၄။
ဓြိတိး က္ချမာ ဒမောသ္တေယံ သောစမိန္ဒြိယနိဂြဟး။
ဓီ ဝိဒျာ သတျမကြောဓော ဒသကံ ဓမ်လက္ခဏမ်။ ၁၅။
အနေန ဝိဓိနာ သဗ်ဗာံ သက္တ တျက္တွာ သံဂါန် သနဲး သနဲး။
သဗ်ဒွန္ဒွဝိနိမုက်တော ဗြဟ္မဏျေဝါဝ တိဋ္ဌတေ။ ၁၆။

(မနု· အ· ၆၊ ၄၆၊ ၄၇၊ ၄၉၊ ၅၂၊ ၆၀၊ ၆၆၊ ၆၇၊ ၇၀၊ ၇၃၊ ၇၅၊ ၈၀၊ ၈၁၊ ၉၁၊ ၉၂။)

ရသေ့သည် လမ်းခရီးသွားသော အခါ၊ မြေပေါ်သို့ ကြည့်လျက် (ဟိုဟိုဒီဒီမျက်စိမကစားဘဲ)သွားရာသည်။ အမြဲရေကို အဝတ်နှင့်စစ်၍ သောက်ရာသည်။ အမြဲမှန်သော စကားကို ပြောဆိုရာသည်။ စိတ်ဖြင့် စဉ်းစားချင့်ချိန်ခါ၊ အမှားကိုပယ်လျက် အမှန်ကိုသာ ယူရာသည်။ ၁။

တရားမွေ့ဟောပြောရာ၊ နှိုးနှောရာတို့၌ တဖက်သားက စိတ်ဆိုးခဲ့လျှင် ဝါ-ကဲ့ရဲ့ရှုံ့ချခဲ့လျှင် ရသေ့သည် ထိုသူ့အပေါ်၌ စိတ်မဆိုးမူ၍ အခါ ခပ်သိမ်း ထိုသူ၏အကျိုးကျေးဇူး အလို့ငှါ တရားဟောပြော ရာသည်။ ပါးစပ်တပေါက်, နှာခေါင်းနှစ်ပေါက်, မျက်စေ့နှစ်ပေါက်,နားနှစ်ပေါက် တို့၌ ဖြန့်နှံ့ထွက်ပေါ်လာသောစကားတို့ကို၊ ဘယ်တော့မှ အမှားမပြော ဟောရာ။ ၂။

မိမိ၏အတ္တနှင့် ဘုရား၏အတ္တ (ဝိညာဉ်)၌တည်ခါ အသားနှင့်သေရည် သေရက်တို့ကို အကြွင်းမရှိ ပယ်စွန့်လျက် အတ္တ၏ အကူအညီဖြင့်သာ

ချမ်းသာနွေးထွေးသည်ဖြစ်၍ ဤလောက၌ သူတော်ကောင်း တရားနှင့် အထက်ပညာကို တိုးပွားအောင်ဟောပြောရန် အခါခပ်သိမ်း အသင့်ရှိစေရာသည်။ ၃။

ဆံ, မုတ်ဆိတ်, နခမ်းမွေး, လက်သည်းခြေသည်းကို ဖြတ်ပယ်၍၊ ကောင်းမွန်လှပသောသပိတ်, တောင်ဝှေးနှင့် ပန်းရောင်ဆိုးသောသင်္ကန်းကို ဆောင်လျက်၊ တည်ကြည်သော စိတ်ဖြင့် သတ္တဝါဟူသမျှကို ဒုက္ခမပေးဘဲ၊ လှည့်လည်နေရာသည်။ ၄။

စက္ခုစသောဣန္ဒြေတို့ကို မကောင်းမှုဒုစရိုက်မှ တားဆီးလျက်၊ ရာဂဒေါသကိုစွန့်ခါ၊ အားလုံးသော သတ္တဝါတို့အား မေတ္တာတရားထားပြီးလျှင်၊ (မောက္ခ) သံသရာမှ ထွက်မြောက်ရေးကို အားထုတ် ကျင့်ဆောင်ရာသည်။ ၅။

ထရုံတယောက်က အကောင်းပြုသည်ဖြစ်စေ မကောင်းပြုသည်ဖြစ်စေ ဘဝတရုံတရာ၌ နေထိုင်ကျင့်ဆောင်သော ရသေ့သည် အားလုံးသော သတ္တဝါအပေါ်တွင် မျက်နှာမလိုက်ဘဲ၊ မိမိနှင့်သူတပါးတို့အား သူတော်ကောင်းဘဝ ရောက်အောင် ကြိုးစားရာသည်။ တောင်ဝှေး, သပိတ်, သစ်ခေါက်ဆိုးသောအဝတ်စသော အသွင် (အမှတ်အသား) တို့သည်၊ ထုံသိုလ်တရား၏အကြောင်းရင်း မဟုတ်ဘဲ၊ အားလုံးသော လူစသော သတ္တဝါတို့အား၊ တရားမှန်ပညာမှန်ဖြင့် တိုးတက် ကြီးပွားလာအောင် လုပ်ပေးခြင်းသာလျှင် ရသေ့၏ ပဓာနဝတ္တရားဖြစ်သည်ဟု စိတ်၌ထားရာသည်။ ၆။

အဘယ့်ကြောင့် ဆိုသော်၊ "နိမလီ"မည်သော သစ်ပင်၏အသီးကို ကြိတ်၍ မစင်ကြယ်သောရေထဲသို့ထည့်လျှင် ရေသည် သန့်ရှင်းကြည်လင်သွားသည်မှန်သော်လည်း ထိုအသီးကိုမထည့်ဘဲနှင့် အသီး၏ အမည်ကိုပြောရုံ၊ ကြားရုံကာမျှဖြင့် ရေသည် သန့်စင်ကြည်လင်ခြင်း မဖြစ်နိုင်ဘိသကဲ့သို့။ ၇။

ဖြာပမ္ဗအေပုဏ္ဏား ဝါ–ရသေ့သည် ဥမြအကွေရာကို ရွတ်ဘတ်ခြင်းနှင့် ထက္ကူ ခုနစ်ပါးသော ကမ္မဋ္ဌာန်းကို နည်းလမ်း အရ တတ်စွမ်းသရွေ့ အားထုတ်ရာသည်။ သုံးပါးထက်နည်း၍ကား မည်သည့်အခါမျှမပြုရာ။ ဤကား ရသေ့တို့၏ မှန်မြတ်သော အကျင့်ပေတည်း။ ၈။

တနည်း ဥပမာဆိုရသော်, မိုးရွာ၍ပူအောင် အရည်ပျော်အောင်ပြုလျှင် ခါတ်သတ္တုတို့သည် အညစ်အကြေး (ချေး)များ စင်ကြယ်ဘိသကဲ့သို့ ထွက်သက် ဝင်သက်ကို တားဆီးနှိမ်နင်းခြင်းဖြင့် မနေ့စသော ဣန္ဒြေတို့၏ အပြစ်ဒေါသတို့သည်၊ လောင်ကျွမ်းစင်ကြယ်သွားကုန်၏။ ၉။

ထို့ကြောင့် ရသေ့တို့သည်၊ အလွှ, အဖျားအားနှင့် ဣန္ဒြေတို့၏ ဒေါသတို့ကို အာနာပါနဖြင့်၎င်း၊ မကောင်းမှုတို့ကို သီလဖြင့်၎င်း၊ အပေါင်းအသင်း အတွေ့အထိကြောင့်ဖြစ်သော အပြစ်တို့ကို အာရုံတပါးသို့ သွားရောက်တတ်သောစိတ်ကို ချုပ်တည်းခြင်းဖြင့်၎င်း၊ ဝမ်းမြောက်ဝမ်းနဲ့ခြင်း၊ အဝိဇ္ဇာစသော ဒေါသတို့ကို ဈာန်ဝင်စားခြင်းဖြင့်၎င်း၊ လောင်ကျွမ်းစင်ကြယ်စေရာသည်။ ၁၀။

ဤဈာန်ဝင်စားသော ယောဂအကျင့်ဖြင့် ယောဂီမဟုတ်သူ, အသိဉာဏ်နည်းသူတို့ သိမြင်နိုင်ခဲသော ဝတ္ထုကြီးငယ်တို့၌ ဘုရား၏ပြန့်နှံ့တည်နေတော်မူပုံနှင့် မိမိ၏အတ္တနှင့် ပရမတ္တ ဝိဇာနန ဉာဏ်တော်ရှိသော ဘုရား၏ အသွားအလာကို မြင်သိရာသည်။ ၁၁။

အားလုံးသော သတ္တဝါတို့နှင့် ရန်မပြုခြင်း၊ အာရုံတရားတို့ကို စွန့်ပယ်ခြင်း၊ ဝေဒကျမ်းလာ အကျင့်တရားများနှင့် အထူး ခဲယဉ်းသော အကျင့် (ခြိုးခြံ၍ကျင့်ရသော ဗြဟ္မစရိယ အကျင့်)တို့ဖြင့် ဤလောက၌ သံသရာမှထွက်မြောက်ရာ(မောက္ခ)ကိုပြုခဲ့သော ရသေ့တို့သည်သာ ရယူနိုင်, ရယူစေနိုင်၍ အခြားသူတို့ မစွမ်းနိုင်ချေ။ ၁၂။

ရသေ့သည် အားလုံးသောအရာဝတ္ထုတို့၌ ကပ်ငြိတွယ်တာခြင်းမရှိဘဲ အဖျားအား-ဗဟိဒ္ဓ အပြုအမူအားလုံး၌ စင်ကြယ်သော အခါ၌သာ ပစ္စုပ္ပန် တမလွန်ဘဝတို့၌ မြဲသောချမ်းသာသုခကို ရနိုင်လေသည်။ ၁၃။

သို့ဖြစ်သောကြောင့် ဗြဟ္မစာရီ, အိမ်ရာထောင်သူ လူ, တောထွက်သူနှင့် ရသေ့တို့သည် မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် အောက်ပါ အင်္ဂါဆယ်ပါးနှင့်ပြည့်စုံသော အကျင့်တရားတို့ကို မှီဝဲကျင့်ဆောင်ရာသည်။ ၁၄။

၁—(ဓိတိ) တည်ကြည်ခြင်း။ (ခမာ) လောကဓံတရား ရှစ်ပါးတို့ကို သည်းခံနိုင်ခြင်း။ (ဒမ)စိတ်ကို နှိမ်နင်းစောင့်စည်းထားခြင်း။ (အသတေယျ) ပိုင်ရှင်က မပေးသောဥစ္စာကို ခိုးယူခြင်း မပြုခြင်း။ (အဝိန္ဒြိယ) (သောစ)

ရာဂ,ဒေါသ, မျက်နှာလိုက်ခြင်းစသော အတွင်းသဏ္ဍာန်၏ အပြစ်ဒေါသတို့ကို စင်ကြယ်စေလျက် ဗဟိဒ္ဓသဏ္ဍာန်ကိုလည်း ရေ,မြေမှုန့်ဖြင့် ပွတ်တိုက် ဆေးကြောခြင်းဖြင့် စင်ကြယ်စေခြင်း။ (ဣန္ဒြိယနိဂ္ဂဟ)စက္ခုစသော ဣန္ဒြေတို့ကို မကောင်းမှုတို့မှ ကာကွယ်တားဆီးခါ ကောင်းမှုတို့၌ သက်ဝင်စေခြင်း။ (ဝိ) ယစ်မူးစေထတ်သော သေရည် သေရက် စသည်နှင့် ဦးဏှောက်ကို ညစ်ညူးစေတတ်သော အရာဝတ္ထု၊ မသူတော်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ပျင်းရိခြင်း စသည်ကို စွန့်ပယ်ခါ၊ မွန်မြတ်သော အစားအစာ အရာဝတ္ထုတို့ကို စားသုံးခြင်း၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ယောဂအကျင့်ဖြင့် အသိဉာဏ်ကို တိုးပွားစေခြင်း။ (ဝိဇ္ဇာ) ပထဝီ လောကဓာတ်မှ အစပြု၍ ထာဝရဘုရားတိုင်အောင်သော ပညာဉာဏ်နှင့် ထိုဉာဏ်မှ အကျိုးကျေးဇူးကို ရယူခြင်း၊ သစ္စာ (အမှန်တရားသည်) အတွင်း၌ရှိသလို စိတ်၌ဖြင်း၊ စိတ်၌ရှိသလိုစကား၌ဖြင်း။ စကား၌ရှိသလို အလုပ်၌ဖြင်း ထားရှိပြုမူရသည်။ ဝိဇ္ဇာနှင့်ဆန့်ကျင်သော အရာကိုပင်အဝိဇ္ဇာခေါ်သည်။ (သစ္စ) ဘာမဆို ဖြစ်သလိုမှတ်ယူ, ပြောဆို, လုပ်ကိုင်ခြင်းကို သစ္စာခေါ်သည်။(အကောဓ) အမျက်ထွက်ခြင်း စသော အပြစ်တို့ကို ပယ်စွန့်ခါ၊ စိတ်အေးချမ်းခြင်းစသော ဂုဏ်တို့ကို ယူခြင်းသည် တရား၏လက္ခဏာတပါး ဖြစ်သည်။ ဤဆယ်ပါးသော လက္ခဏာတို့နှင့်ယှဉ်သော မျက်နှာ မလိုက်သော တရားကို ကျင့်ဆောင်ခြင်းကို ဘဝလေးပါး(ပညာသင်ဘဝ၊ အိမ်ရာထောင်သူဘဝ၊ တောထွက်သောဘဝ၊ ရသေ့ပြုသောဘဝ)နှင့် ဆိုင်ရာလူအားလုံးပင် လိုက်နာကျင့်ဆောင်ရသည် ထို့ပြင် ဤဝေဒကျမ်းလာ ကျင့်ဝတ်တရားတို့၌ ကိုယ်တိုင်ကျင့်ခြင်း၊ သူတပါးတို့အား ဟောပြောတိုက်တွန်း ကျင့်ဆောင်စေခြင်းသည်ပင် ရသေ့တို့၏ အထူးဝတ္တရားဖြစ်ချေသည်။ ၁၅။ ဤနည်းဖြင့် တဖြည်းဖြည်း အာရုံငါးပါး ကာမဂုဏ် တရားတို့ကြောင့် ဖြစ်ပေါ်တတ်သော အပြစ်တို့ကို စွန့်ပယ်လျက်၊ ဝမ်းမြောက်ဝမ်းနည်းခြင်းစသော အတိုက်အခံတရားတို့မှ ကင်းလွတ်သည်ဖြစ်၍၊ ရသေ့သည် ဘုရား၌သာ သက်ဝင်နေ၏။ ရသေ့တို့၏ ပဓာနဝတ္တရားမှာ အိမ်ရာထောင်သူ လူတို့အား၊ မကောင်းမှုမှဖယ်ခွါခါ ကောင်းမှု၌တည်စေ၍၊ရှိနေသောသံသယကုက္ကုစ္စတို့ကို ကင်းပျောက်စေလျက် မှန်သော အကျင့်တရားတို့၌ တည်စေရသည်။ ၁၆။

အမေး။ ။ရသေ့ပြုခြင်းကို ဗြာဟ္မဏ (ပုဏ္ဏား)သာ ပြုထိုက်သလော? အခြားသော ခတ္တိယ (မင်းမျိုး) စသည်ကော ပြုထိုက်ပါသလော?

အဖြေ။ ။ဗြာဟ္မဏသာ ပြုထိုက်ပါသည်။ အဘယ့်ကြောင့် ဆိုသော်, အားလုံးသော အမျိုးဇာတ်တွင် ပညာရှိ, ဘုရား တရားကို ကြည်ညိုသူ, ပရဟိတ အကျိုးကို ရွက်ဆောင်လိုသူကိုသာ ဗြာဟ္မဏ ခေါ်ပါသည်။ ပညာမပြည့်စုံဘဲနှင့် တရားမရှိဘဲ၊ ဘုရား၌ သက်ဝင်ကြည်ညိုခြင်း မရှိဘဲ၊ ရာဂ မကင်းဘဲနှင့် ရသေ့ပြုခဲ့သော်၊ လောကအကျိုး အထူးပွားတိုးခြင်းမဖြစ်နိုင်ရာ။ ထို့ကြောင့် လောကလူတို့ အမြင်မှာလည်း ဗြာဟ္မဏကိုသာ ရသေ့ပြုခွင့် ရှိသည်။ တခြား အမျိုးတို့အား အခွင့်အရေးမရှိကြောင်း မနု၏သာဓကလည်းရှိပါသည်—

ဧသ ဝေါဘိဟိတော ဓမ္မော ဗြာဟ္မဏဿ စတု ဝိဓး၊ ပုဏ္ဏောက္ခယဖလး ပြေတျရာဇဓမ္မာန် နိဗောဓတ။ (မနု. ၆၊ ၉၇။)

မနုဆရာကြီးက ဆိုသည်ကား—ဒိုရသေ့ဆရာတို့ ဤဗြာဟ္မစရိယ၊ အိမ်ရာထောင်သူ၊ တောထွက်သူ ရသေ့ဘဝ စသော လေးပါးသော အဖြစ်တို့သည် ဗြာဟ္မဏတို့၏ အလုပ်ဝတ္တရားသာ ဖြစ်၏။ ဤရသေ့ဘဝ၌ ပစ္စုပ္ပန်ကာလတွင် ကုသိုလ် (ပုညသင်္ချပ်)ဖြစ်၍ ခန္ဓာကိုယ်ကိုစွန့်ပြီးသည်နောက်၌ ပိမုတ္တိတည်းဟူသော (အခယ) မကုန်ခန်းသော သုခကို ပေးတတ်သော တရားသည်ကား ရသေ့—တရားပင် ဖြစ်၏။ ဤမှနောက် မင်းတို့၏ဝတ္တရားကို ငါ့ထံနာယူမှတ်သားကြလော့ ဤသာဓကကို ထောက်ဆလျက် ရသေ့ပြုခြင်းသည် ဗြာဟ္မဏတို့ ဝတ္တရားသာ ဖြစ်၍ ခတ္တိယ(မင်းမျိုး)တို့တရားကား ဗြာဟ္မစရိယသာဖြစ်၏။

အမေး။ ။ရသေ့ပြုရန် အထူးလိုလားအပ်ပါသလား?

အဖြေ။ ။ခန္ဓာကိုယ်တွင် ဦးခေါင်းသည် အရေးကြီးသလို၊ အမျိုးလေးပါး၊ ဘဝလေးပါးတွင် ရသေ့ဘဝ အရေးကြီးပါသည်။ အကြောင်းကား— ဤရသေ့ဘဝမှ ကင်း၍ တရားနှင့် ပညာ မတိုးတက်နိုင်ပါ။ ဒိုပြင် ဘဝတို့မှာ၊ အထတ်ပညာသင်ယူရေး အိမ်မှုကိစ္စ၊ တရားအားထုတ်ရေး စသည်တို့နှင့် ပတ်သက်၍

အားလစ်ခွင့် ကောင်းစွာမရနိုင်ပါ၊ မျက်နှာမလိုက်သဲ ကျင့် ဆောင်ပြုမူ၍လည်း အခြားဘာ၀တို့၌ ခဲယဉ်းပါသည်။ ရသေ့ တို့သည် အားလုံးသော အနှောင်အဖွဲ့ အဖိအနှိပ်မှ ကင်း၍ လောကကြီး တိုးတက်ရေးကို ဆောင်ရွက်နိုင်သလို တခြား သူတို့ မဆောင်ရွက်နိုင်ပါ၊ အကြောင်းကား– ရသေ့တို့အား ပညာစစ်ပညာမှန်ဖြင့် အရာဝတ္ထုအားလုံး တိုးတက်ကြီးပွား အောင် ပြုနိုင်သလို အခြားသူတို့ ပြုခွင့်မရနိုင်ပါ။ သို့သော်, ဖြုပ္ပစရိယအကျင့်မှ ရသေ့ပြု၍ လောကကြီးအား အဆုံး ဩဝါဒမှန်ကိုပေးနိုင်သလောက်၊ လူ့ဘ၀၊ တောထွက်ဘ၀မှ ရသေ့ပြုခါ၊ မပေးနိုင်ပါ။

အမေး။ ။ရသေ့ပြုခြင်းသည် ထာဝရဘုရားရှင်၏ အလိုနှင့် ဆန့်ကျင် သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဆိုသော်, ဘုရား သခင်၏ လိုအင်ဆန္ဒမှာ လူများ တိုးပွားရေး ဖြစ်သည်။ အိမ်ရာမထောင်ခဲ့လျှင် သားသမီး မွေးဖွားတော့မည် မဟုတ် အကယ်၍ ရသေ့ပြုခြင်းသည် ပဓာနဖြစ်၍ လူအားလုံး ရသေ့ ဝတ်ကြမည်ဆိုက၊ လူ့အဆက် ပြတ်သွားမည် မဟုတ်ပါ လော။

အဖြေ။ ။ကောင်းပြီ အိမ်ထောင်ပြုကြသော်လည်း၊ များစွာသူတို့မှာ၊ သားသမီးမမွေးကြပါ၊တချို့မှာ မွေးပြီးမကြာခင် သေကြေသွား ကြပါသည်။ ဒါလဲ ဘုရားသခင်၏ အလိုနှင့် ဆန့်ကျင်နေပါ ပေပြီ။ “ယန္ဒ္ဓာကြီတော ယဒိန သိဗ္ဗတိ ကော အတြ ဒေါသး” အားထုတ်ပါသော်လည်း မပြီးမြောက်လျှင် ဘာအပြစ် ရှိသ လဲ–ဟု ဆိုပါတော့။ အိမ်ထောင်ပြုခါ သားသမီးများစွာ မွေး ဖွား၍ တဦးနှင့်တဦး မသင့်မြတ်ဘဲ၊ သတ်ဖြတ် သေလွန် သွားမည်ဆိုက၊ ဘယ့်လောက် အကျိုးယုတ်မလဲ။ အသိ ဉာဏ်ချင်းမတူ (=ဆန့်ကျင်) ခြင်းကြောင့် ခိုက်ရန်ပွားများ တတ်ပါသည်။ ရသေ့သည် ဝေဒကျမ်းလာ တရားမမှ တခု တည်းကို ဟောပြော ပြသခြင်းကြောင့် လူအချင်းချင်း ချစ် ခင် လေးမြတ် သွားကြမည် ဆိုပါက၊ အထိန်းမက များလှ စွာသော လူမျိုးကို ကယ်ဆယ်ရာ ရောက်ပါမည်။ အထောင်

မကသော လူ့ဘောင်၌ တူမျှသော သဘာဝရှိသော လူတို့ကို တိုးပွားစေပါမည်။ လူမြင်သရွေ့ ရသေ့မပြုနိုင်ပါ။ အကြောင်းကား–လူအားလုံး ရောဂမကောင်းနိုင်ပါ။ ရသေ့ရဟန်းတို့၏ အလေ့မှ ဩဝါဒဖြင့် သူတော်ကောင်း ဖြစ်လာသူ ဟူသမျှသည် ထိုရသေ့ ဆရာတို့၏ သားသမီးသဘွယ်ပင် ဖြစ်ပါသည်။

၁၈မေး။ ။ရသေ့တို့ အပြောကား–ငါတို့မှာ ဘာမျှဝတ္ထုရား (ပြုစရာ) မရှိ။ အဝတ်အစားယူပြီး၊ ရှင်ပြုစွာ နေတို့ဘဲ။ အသိညဏ် ကင်းမဲ့သော လောကကြီး အတွက်၊ ဘာ့ကြောင့် ဦးချောက် အရှုတ်ခံမလဲ? မိမိကို ဖြုတ္တဟု မှတ်ခါ ဆောင့်ရဲ့စွာ နေရန်နှင့် တရုံတယောက်က လာမေးခဲ့လျှင် "သင်လည်း ဖြုတ္တဘဲ၊ သင့်အား ကုသိုလ် အကုသိုလ် ဘာမျှ မဖြစ်နိုင်၊ အကြောင်းကို ဆိုသော်, အပူ–အအေး၊ ခန္ဓာကိုယ်၊ မွတ်သိပ် ဆာလောင်ခြင်း၊ အသက်ဝိညာဉ်၊ ချမ်းသာ ဆင်းရဲတို့သည် စိတ်နှင့် ဆိုင်သော တရားသာ ဖြစ်ကြသည်။ လောကသည် အမြင်များ အထင်များ တံသွပ် ပမာသာဖြစ်၍ လောက၌ ဖြစ်ပျက်နေသော အရာဟူသမျှသည်း ထံလှုပ်ပမာ ဘာတရမျှ အစစ်အမှန် မဟုတ်လေသောကြောင့် ဤလောက သံသရာ သင်္ခါရတရားတို့၌ သက်ဝင်နေခြင်းသည် ပညာရှိတို့ ကိစ္စ မဟုတ်။ ကုသိုလ် အကုသိုလ် ဟူသမျှသည် ကိုယ်ခန္ဓာနှင့် ဆိုင်ခြံ တရားသာ ဖြစ်၍ အတ္တ၏ တရား မဟုတ်ပေ"၊ စသည်ဖြင့် ဟောပြောကြပါသည်။ ခင်ဗျားကတော့၊ နည်းနည်း ထူးဆန်းတဲ့ ရသေ့ တရားကို ပြုပါသည်။ ဒီလိုဆိုရင် ဘလူ့စကားကို အမှန်ယူရမလဲ ?

၁၈ဖြေ။ ။ဘယ့်နှယ် ! ဒီရသေ့တွေအတို့၊ ကောင်းတဲ့အသုဝ်လဲ ဝတ္တရား မဟုတ်ဘူးလား။ ကြည့်ပါ– "ဝဒိကဲသွေ့ဝ ကမ်ဘိ" မနူဆရာကြီးက၊ ဝေဒကျမ်းလာ မှန်သော တရားကောင်းကို ရသေ့များ ကျင့်ဆောင်ရာသည်ဟု ရေးခဲ့၏။ ဒီရသေ့တွေဟာ အစားနှင့် အဝတ်ကိုကော စွန့်ပယ်နိုင်မလား။ ဒီအလုပ်တွေ

ကို မစွန့်နိုင်ပါဘဲလျက်၊ ကောင်းမြတ်သော ကုသိုလ်မှုကို စွန့်ပစ်မည်ဆိုက၊ သူယုတ်မာ ငရဲကောင်ကြီး မဖြစ်ဘဲ နေပါ့မလား။ အိမ်ရာထောင်သူ ရဟန်းဆိုက၊ အဝတ် သင်္ကန်းနှင့် ဆွမ်းကိုယူပြီး၊ ထိုလူ့ဘို့အား ကျေးဇူးဆပ်ခဲ့လျှင် သူယုတ်မာ ဆကြီးစား မဖြစ်ဘဲ နေပါ့မလား မျက်စေ့နားနှင့် ကြည့်ခြင်း နားထောင်ခြင်း အလုပ်ကို မလုပ်ခဲ့သော်, မျက်စေ့နား ရှိခြင်းကြောင့် ဘာအကျိုး ရှိတော့မလဲ။ ထို့အတူ ရသေ့သည် မှန်သောတရားကို ဟောပြော သွန်သင်ခြင်းနှင့် ဝေဒစသော ကျမ်းဂန်စာပေ အမှန်တို့ကို စဉ်းစားခြင်း, ဖြန့်ဖြူးခြင်း မပြုပါက၊ ၎င်းတို့သည် လောကမှာ အချည်းနှီး ဝန်ထုပ်ဝန်လေးကြီး တခုသာ ဖြစ်ပါသည်။ သည့်ပြင် အဝိဇ္ဇာမှောင် ဖုံးလွှမ်းနေသော လောကကြီးအတွက် ဘာ့ကြောင့် ဦးဆောင်အရှုတ်ခံမလဲ – စသည့် ရေးသား ဟောပြောသော ရသေ့ကိုယ်တိုင် မိစ္ဆာဝါဒနှင့် မကောင်းမှုကို တိုးပွားအောင် ပြုသူဖြစ်သည်။ ကိုယ်လက် အင်္ဂါဖြင့် ပြုသမျှ အလုပ်တို့သည် အတ္တ၏ အလုပ်ပင်ဖြစ်၍၊ ထိုအလုပ်၏ အကျိုးအာနိသင်ကို ခံစားသူမှာလည်း အတ္တပင်ဖြစ်၏။ ဇီဝ (အသက်) ကို ဗြဟ္မ (အတ္တ) ပြောသူသည် အဝိဇ္ဇာ တည်းဟူသော အိပ်ပိုက်ခြင်း၌ အိပ်ပျော်နေ၏။ အဘယ့်ကြောင့်ဆိုသော်, "ဇီဝ" သည် တိုတောင်း, အသိဉာဏ်နည်း၍၊ "ဗြဟ္မ" သည်ကား အားလုံး၌ ပြန့်နှံ့တည်သော သဗ္ဗညုဖြစ်သည်။ တနည်း ဗြဟ္မသည် နိစ္စ၊ သုဒ္ဓ၊ ဗုဒ္ဓ၊ မုတ္တ သဘာဝနှင့် ယှဉ်သည်။ ဇီဝကား တခါတလေ (ဗဒ္ဓ) အနှောင်အဖွဲ့ခံရ၍ တခါတလေ လွတ်မြောက်သည်။ ဗြဟ္မသည် အားလုံး၌ ပြန့်နှံ့တည်ပြီးလျှင် သဗ္ဗညုဖြစ်၍ သံသယကုက္ကုစ္စနှင့် အဝိဇ္ဇာမှောင် ဖုံးလွှမ်းခြင်း မည်သည့် အခါမှ မဖြစ်နိုင်။ ဇီဝကိုကား တခါတလေဝိဇ္ဇာ၊ တခါတလေ အဝိဇ္ဇာဖြစ်သည်။ ဗြဟ္မသည် မွေးဖွားခြင်း သေလွန်ခြင်း (ဇာတိ-မရဏ) ဒုက္ခကို ဘယ်ခါမှ မရောက်နိုင်။ ဇီဝကား မွေးရသေရလေသည်။ ထို့ကြောင့် အဆိုပါ ရသေ့တို့ ဟောပြောချက်သည် အမှားဖြစ်၏။

အမေး။ ။ရသေ့တို့သည် အားလုံးသော အမှုမှ ကင်းပြီးသား ဖြစ်၍ မိန်းနှင့် ခါတ်သတ္တုကို မထိမကိုင် ဆိုသည်ကား မှန်ပါ သလား ?

အဖြေ။ ။မဟုတ်ပါ။ "သဗ္ဗင် နိုတ္တုမာဒွေဿ ယဿန် ယစ္ဆါ သဗ္ဗင် ရှုသျုန္တိ ဒုခါနိ ကမ်ာကံ ယေန သနျာသး သ ဖြသဒ္ဒေဿ ပိဒျတေ ယဿျ သ သံနျာသိ," အကြွင်းသူသည် ဖြမ္ပ ဘို့မဟုတ် မကောင်းမှုတို့ကို စွန့်ပယ်အပ်သည်ဖြစ်၍ ကောင်း မြတ်သော စိတ်သဘောရှိ၏၊ ထိုသူကိုပင် ရသေ့ခေါ်သည်။ ဤနေရာ၌ ကောင်းမှုကိုပြုသူ၊ မကောင်းမှုကို ပယ်ဖျက်သူကို ပင် ရသေ့ခေါ်သည်။

အမေး။ ။ပညာသင်ပေးခြင်းနှင့် တရားဓမ္မဟောပြောခြင်းကို လူတို့က ပြုကြပါလျှင် ရသေ့ ဘာလုပ်ဖို့မှာလဲ ?

အဖြေ။ ။တရားကောင်း တရားမှန်ကို အားလုံးကပင် ဟောပြောနိုင် ပါသည်။ နားထောင်နိုင်ပါသည်။ သို့သော်, အခွင့်အခါနှင့် ဖျက်နှာမလိုက်ခြင်းသည် ရသေ့ရဟန်းတို့ အားရသလောက် အခြားသူတို့ မရနိုင်ပါ။ မှန်၏။ဖြာပ္ပာဏတို့သည် ယောကျ်ား သည် ယောကျ်ားကို၊ မိန်းမသည် မိန်းမကို တရားဟောခြင်း ပညာသင်ပေးခြင်း ပြုရသည်။ ရသေ့ရဟန်းတို့ကို သွားလာ ဖှည့်လည်ခွင့် ရသလောက် အခြားပုဂ္ဂိုလ်ဖြစ်သော အိမ်ရာ ထောင်သူ လူတို့ကို မရနိုင်ပါ။ ပုဂ္ဂိုလ်သည် ဝေဒနှင့် ဆန့်ကျင် ဘက် ပြုမူသောအခါ၊ ထိုသူအား တားဆီးဆုံးမသောသူသည် ရသေ့ပင်ဖြစ်သည်၊ သို့ဖြစ်၍ ရသေ့တို့ရှိရန် အရေးကြီးသည်၊

အမေး။ ။"ဧကရာတြိ ဝသေဒ် ဂြာမေ" ဆိုသည့် အတိုင်း ရသေ့ သည် တရွာမှာ တညဉ့်သာ နားနေရမည် ဆိုသည် မဟုတ် ပါလော ?

အဖြေ။ ။ခင်ဗျားပြောတဲ့ စကားဟာ၊ တနည်းအားဖြင့်လည်း ကောင်း ပါသည်၊ တနေရာတည်းမှာ အတူနေလျှင် လောကကြီး အကျိုးများသင့်သလောက် မများနိုင်၊ နေရာထိုင်ခင်း ထပည့်

တကာစသော သံယောဇဉ်တွေလဲ များလာနိုင်ပါသည်။ ထိုသော်, တနေရာတည်းမှာ ကြာကြာနေခြင်းကြောင့် အကျိုးများမည်ဆိုက နေနိုင်ပါသည်။ ဥပမာဆိုရလျှင် ဇနကမင်းထံတော်၌ ပဉ္စသိခါစသော ရသေ့တို့၊ လေးလတိုင် နှစ်ပေါင်းများစွာတိုင် နေကြဘူးပါသည်။ တစုတရုံးတည်း မနေရဆိုသော စကားမှာ၊ ယခုကာလ လက်ဝဲလမ်းသွားတွေက ပြောခြင်းသာဖြစ်သည်။ အကြောင်းကား ရသေ့တို့ တနေရာတည်းမှာ ကြာကြာနေမည်ဆိုက၊ ၎င်းတို့အလိမ်ညာကွက်တွေ ပေါ်ကုန်ပြီး၊ လာဘ်တိတ်သွားမှာ စိုးရိမ်ကြလေသည်။

အမေး။ ။ယတိနဉ္စ ကာဠုန် ဒဗျာဣဘာမ္ဘူလံ ဖြပဋ္ဋစာရိဏာမ်၊ စောရာဏာမဘာယံ ဒဗျာတ် သနရော နရကံ ဖြဇေတ်။ ဤသို့စသော ပါဌ်၏အဓိပ္ပါယ်မှာ၊ ရသေ့တို့အား ငွေအလှူပေးသူ တကာသည် ငရဲရောက်အံ့—ဟု ဆိုလိုပါသည် ?

အဖြေ။ ။ဤစကားသည်လည်း အမျိုးဇာတ် ဘဝဝါဒနှင့် ဆန့်ကျင်သူ၊ လောဘပင်လယ်ကျယ်သူ၊ ဂိုဏ်းဆရာ၊ ပုရောဟိတ်ကျမ်းဝါဒီတို့ တည့်တွင်သော စကားသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်, ရသေ့တို့ ငွေငွေညစ္စာ ရခဲ့လျှင် ငါတို့အယူကို ဖိမိဝေဘန်နိုင်မည်၊ ကော်နိုင်လိမ့်မည်။ ငါတို့ အကျိုးစီးပွားယုတ်လျော့ နစ်နာလိမ့်မည်။ ၎င်းပြင် ထိုရသေ့တို့သည်၊ (အဝတ်အစား)ကြောင့် ငါတို့ကို အားကိုး နေတော့မည်မဟုတ်။ ဆွမ်းဘောဇဉ် တည်းဟူသော အကြောင်းကြောင့် ငါတို့ကို အမှီပြုနေကြမည် ဆိုက၊ ငါတို့ကို ကြောက်ရမည်။ တကိုယ်ကျိုးကို ငဲ့သူနှင့် ပညာဉာဏ်နဲ့သူတို့ကို လှူရာ၌ အဖြစ်မရှိခဲ့လျှင် ပညာရှိ သူတော်ကောင်း ရသေ့တို့ကို လှူရာ၌ ဘာအဖြစ်ရှိအံ့မှာလဲ။ မနုဆရာ အဆိုကို ကြည့်ပါ—

ဝိဝိဓာနိစ ရတ္တနာနိ ဝိဝိတ္တေ့ သုပ ပါဒယေတ်။

အထူးထူး အပြားပြားသော ရွှေငွေစသော ရတနာတို့ကို ရသေ့တို့အား လှူရာ၏။ ခင်ဗျား ပြောခဲ့တဲ့ ဂါထာလည်း အရာမရောက်ပါ။ အကြောင်းကတော့၊ ရသေ့ကို ရွှေလှူရင် တကာ အပါယ်ငရဲသွားတယ်

ဆိုထားတော့၊ ရွှေမလှူဘဲ၊ ငွေပုလဲ၊ စိန်ကျောက် ပတ္တမြားတွေ လှူရင်ကော၊ နတ်ပြည်သွားမည် မဟုတ်ဘူးလား။

အမေး။ ။ဒီပဏ္ဍိတ်ဟာ၊ အပြောများလှိုပါ၊ အမှန်ကတော့– "ယတိ ဟဒ္ဒေ ဓနံ ဒဇ္ဇာတိ" ရသော့လက်မှာ ရွှေငွေဥစ္စာကို ပေးလျှင်–ငရဲသွားသည်ဟု ဆိုလိုပါတယ်။

အဖြေ။ ။ဒီစကားလည်း ပညာမရှိသူ တဦးက၊ မုခမဏ္ဍဒီပဏီ(=ကိုယ်ထင်ရာ စီကုံးထားတာပါ။အကြောင်းပြုရလျှင်၊လက်မှာ ရွှေငွေကို လှူရင် ငရဲသွားတယ်ဆိုရင်၊ ခြေထောက်မှာ တင်လှူရင်၊ အဝတ် လက်ကိုင်ပုဝါနှင့် ထုတ်ပြီး လှူရင်ကော နတ်ပြည်သွားမလား။ ဒါ့ကြောင့် ယုံအပ်သော စကားမဟုတ်ပါ။ တနည်းကား- လိုအပ်သည်ထက် ပိုထားပါက သူခိုးထားပြတ္တိ အန္တရာယ်ကို ကြောက်ရပါသည်။ တပ်မက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော်, ပညာရှိ သူတော်ကောင်းတို့ကား၊ မတရား သုံးစွဲမည် မဟုတ်ချေ။ ဗြဟ္မစရိယဘဝ၊ (ကျောင်းသားဘဝ)၊ လူ့ဘဝတို့၌ ရရှိသုံးစွဲဘူးသူများ ဖြစ်သောကြောင့် ဒီဥစ္စာဓနတွေကို စွန့်လွှတ် ထွက်ခွါလာသူတွေ ဖြစ်သောကြောင့်၊ အထူးတပ်မက်ခြင်း မဖြစ်နိုင်တော့ပါ။

အမေး။ ။လူတို့အပြောမှာ၊ သေလွန်သူကို ရည်ရွယ်၍ လှူဒါန်းကျွေးမွေးသော သပိတ်သွတ်ရာသို့ ရသော့လာ၍ ဆွမ်းဘုဉ်းပေးလျှင် ထိုသေလွန်သူ၏ လိပ်ပြာ (ဝိဉာဏ်)သည် လွတ်မြောက်ပြီး၊ ငရဲသို့ ကျသွားမည် ဆိုကြပါသည်။

အဖြေ။ ။ပထမ အချက်က သေလွန်ပြီးသောသူ (ဝိဉာဏ်)တို့လာခြင်း၊ ကျွေးသော ဆွမ်းဟင်းစသည် ထိုပြိတ္တာတို့ တိုင်အောင်ရောက်ခြင်းသည် မဖြစ်နိုင်သော အချက်တခု ဖြစ်၏၊ ယုတ္တိကင်း၍ ဝေဒနှင့် ဆန့်ကျင်သဖြင့် မိစ္ဆာဝါဒပင် ဖြစ်သည်။ ဒီမြင် ဒီပြိတ္တာတွေ မလာနိုင်ရင်၊ ဘယ်သူလွတ်မြောက်ဆုံးမှာလဲ။ ရှေးဘဝက ပြုခဲ့သော ကုသိုလ်-အကုသိုလ် အားလျော်စွာ ဘုရားသခင်၏ အစီအရင်အတိုင်း ဆိုင်ရာဘဝ (ယောနိ)၌

ပဋိသန္ဓေ ယူပြီးဖြစ်နေသဖြင့် ဒီပြိတ္တာဟာ၊ ဘယ်လို လာနိုင်ခဲ့မှာလဲ။ ဒါ့ကြောင့် ဒီစကား ဒီအယူဟာလဲ အစားကြီးသူ၊ မှုရာထာဆရာ၊ ဝေရာဂီတို့ မိစ္ဆာဝါဒပင်တည်း။ ဟုတ်၏၊ ရသေ့ ရောက်သော နေရာအရပ်မှာ၊ ဝေဒနှင့် ဆန့်ကျင်သော သပိတ်သွတ် အလှူပျောက်၍ လူလိမ်ဆရာကြီးတွေ ထွက်ပြေးပြေးသွားကြပေလိမ့်မည်။

အမေး။ ။လူ့ပျိုဘဝက၊ ရသေ့ပြုမည်ဆိုက၊ တည်နေနိုင်မည် မဟုတ်ပါ။ ကာမရာဂကို ထားဆီးတို့ရန် အလွန် ခဲယဉ်းပါသည်။ ထို့ဖြစ်၍ လူပျိုဘဝကနေပြီး၊ အိမ်ရာထောင်ဘဝ၊ တောထွက်ဘဝရောက်ပြီးမှ၊ အဆင့်အတိုင်း၊ အိုမင်းလာသော အခါကျမှ ရသေ့ပြုခြင်းသည် ကောင်းပါလိမ့်မည်။

အဖြေ။ ။မနေနိုင်၊ ရှုခြေတို့ကို မစောင့်စည်း မထိန်းသိမ်းနိုင်သူတို့၊ လူပျိုဘဝမှ တိုက်ရိုက် ရသေ့မဝတ်သင့်ပါ။ သို့သော်, စောင့်စည်းနိုင်သူတို့၊ ဘာ့ကြောင့် ရသေ့မဝတ်အပ်ပါသလဲ။ အကြင်ယောက်ျားသည် ကာမစပ်ယှက်ခြင်း၏ ဒေါသနှင့် သုက်ကိုစောင့်ထိန်းခြင်း၏ အကျိုးကျေးဇူးကို သိ၏။ ထိုသူအား ကာမရာဂ မနှိပ်စက်နိုင်ပါ။ သူ၏သုက်သည် အကျိုးအဖြစ်ကို ဆင်ခြင်ခြင်း တည်းဟူသော မီး၌ပင် လောင်ကျွမ်း ကုန်ဆုံးသွားပါသည်။ ဥပမာ — ဆေးဆရာနှင့် ဆေးတို့သည် ရောဂါရှိသူ အတွက်သာ လိုအပ်၏၊ ရောဂါကင်းသူအတွက် မလိုအပ်ပေ။ ဤနည်းအတိုင်း အတတ်ပညာ၊ ဘာသာတရား တိုးပွားမှုနှင့် လောကအကျိုး ပွားတိုးမှုကို လိုလားသော ယောက်ျား - မိန်းမတို့သည်၊ အိမ်ထောင် မပြုသင့်ပေ။ ဥဒါဟရဏ်ကား — ပဥ္စသိခါစသော ယောက်ျားများနှင့် ဂါရဂီစသော မိန်းမများ ဖြစ်ပေါ်ဘူးလေသည်။ ထို့ကြောင့် ထိုက်တန်သောသူတို့ ရသေ့ပြုတို့ အရေးကြီး၏။ မထိုက်တန်သူတို့ ရသေ့ပြုခဲ့လျှင် မိမိကိုယ်တိုင်လည်း နစ်မြုပ်ပြီးလျှင် သူတပါးတို့အားလည်း နစ်မြုပ်စေလိမ့်မည်၊ ရသေ့ရဟန်းသည် စကြာဝတေးမင်းတို့ကဲ့သို့ပင် ဖြစ်ကုန်၏၊ သို့သော်,

မင်းသည် မိမိတိုင်းပြည်နှင့် မိမိ၏ ဆွေမျိုးအလယ်၌သာ အပူဇော် ခံရသော်လည်း၊ ရသေ့ ရဟန်းတို့မှာကား နေရာ မရွေး အပူဇော်ခံရလေသည်။

ဝိဒ္ဒတ္တဉ္စ နိပတ္တဉ္စ နေဝတုလျံ ကဒါစနံ။
သဒေသေ ပူဇိတော ရာဇာ ဝိဒ္ဒါ သဗ္ဗတ္ထ ပူဇိတော။ ၁။

ဤကား စာဏကျနီတိ ကျမ်းလာစကား ဖြစ်သည်။ “ပညာရှိနှင့် မင်းသည် ဘယ်တော့ခါမှ တူမျှခြင်း မဖြစ်နိုင်ပေ။ မင်းသည် မိမိတိုင်း ပြည်၌သာ ပူဇော်ခံရ၍ ပညာရှိမှာကား၊ အပြည်ပြည်၌ အပူဇော်ခံရလေ သည်။” ဆိုသည့်အတိုင်း အတတ်ပညာသင်ရေး၊ ကောင်းသောအဆုံးအမ ဩဝါဒခံယူရေး၊ စွမ်းအားဗလ ပြည့်စုံရေးအတွက် ဗြဟ္မစရိယအကျင့် ရင်း၊ အားလုံးသော ကောင်းမြတ်သော အမှုကိစ္စ ပြည့်စုံရေးအတွက် အိမ် ရာထောင်သူ လူ့ဘဝ၌၊ စဉ်းစားဝေဘန်ခြင်း၊ ဘုရားနှလုံးသွင်းခြင်း၊ စိတ်ပညာ တိုးပွားရေးနှင့် တရားကျင့်ရေး အတွက် တောထွက်သော ဘဝရင်း၊ ဝေဒစသော ကျမ်းစာမှန်တို့ကို ဖြန့်ဖြူးရေး၊ တရားအကျင့်ကို ခံယူရေး၊ မကောင်းသော အကျင့်ကို စွန့်ပယ်ရေး၊ ကောင်းမြတ် မှန်ကန် သော တရားကို ဟောပြောရေးနှင့် အားလုံးသော သူတို့၏ သံသယ ကုက္ကုစ္စကို ဖြေဖျောက်ရေးအတွက် ရသေ့ဘဝဖြစ်သည်။ သို့သော်, ဤရသေ့ဘဝ၏ တရားမှန်ကို ဟောပြောရေးဖြစ်သော ပဓာနလုပ်ငန်းကို မပြုသော ရသေ့သည် မိုက်မဲ ငရဲကြီးသောသူ ဖြစ်၏။ ထို့ကြောင့် ရသေ့ တို့သည်၊ တရားမှန်ကို ဟောပြောခြင်း၊ သံသယကို ဖြေဖျောက်ခြင်း၊ ဝေဒစသော စာကောင်း ပေကောင်းတို့ကို သင်ပေးခြင်း၊ ဝေဒကျမ်း လာတရားကို တိုးတက်အောင်ပြုခြင်း စသည်ကို အားထုတ်ရွက်ဆောင်ခါ တလောကလုံး ကြီးပွားရေးကို ပြုလုပ်အားထုတ်ရသည်။

အမေး။ ။ “သံနယာသီ”ခေါ် ရသေ့မှတပါး အခြားသော သာဓု, ဝေရာဂီ, ဂုသာဉ်, ခါဒိစသော ရသေ့တို့ကို၊ ရသေ့ဘဝ၏ အတန်းအဆင့်၌ မယူသင့်ပါလော ?

အဖြေ။ ။ မယူသင့်ပါ။ အဘယ့်ကြောင့်ဆိုသော်, ထိုသူတို့မှာ ရသေ့ တို့၏ အင်္ဂါလက္ခဏာ တစုမျှ မရှိပါ။ သူတို့သည် ဝေဒနှင့်

ဆန္ဒကျင်ဘက်ပြုခါ ဝေဒကျမ်းဆိုထက်ပို၍ ဗိမိတို့ ဂိုဏ်းဆရာတို့၏ ဝါဒကို လိုက်နာခါ ဗိမိတို့ အယူကိုသာ ချီးကျူးလျက် မိစ္ဆာလမ်းများကို လိုက်ပြီးလျှင် ဗိမိတို့ တကိုယ်ကျိုးအတွက် အခြားသူတို့အား၊ ဗိမိတို့ ဝါဒသို့ ဆွဲဆောင်ကြပါသည်။ ပြုမြင်တို့ ထားဦးတော့ မပြုပြင်ရုံမကသေးဘဲ တလောကလုံးကို ဖျည်းစားလျက် ဂျောက်ချ (ငရဲရောက်အောင်ပြု) သေးသည်။ ဗိမိတို့ အကျိုးကို ပြီးစေသည်။ သို့ကြောင့် ထိုသူတို့ကို ရသေ့အထန်းအဆင့်တွင် မရေတွက်နိုင်ပါ။ သို့သော်၊ ဤသူတို့သည် စားဖါးဘဝမှာကား စားဖါးအစစ်တွေ ဖြစ်ကြခြင်းမှာကား ယုံမှားမရှိရာ၊ ကိုယ်တိုင် တရားကျင့်၍ တလောကလုံးကို ကျင့်စေသူ၊ ထိုအကျင့်တရားဖြင့် ကိုယ်တိုင်ရင်းတလောကလုံးကိုရင်း ပစ္စုပ္ပန် တမလွန် နှစ်ရွာစသော ချမ်းသာကို ပေးတတ်သော သူတော်ကောင်းတို့သာလျှင် ရသေ့-ဝါ-သူတော်ကောင်းများ ဖြစ်ကြကုန်၏။ ဤကား ရသေ့ဘဝအကျင့်တရားကို အကျဉ်းမျှ ပြဆိုခဲ့ပေပြီ။ ဤမှနောက်မင်းနှင့် ပြည်သူတို့၏ ဝတ္တရားကို ရေးပေတော့အံ့။

ဤကား၊ ထိဒိုမဒ ဒယာနန္ဒ သူရထာတီသာမိသည် ရေးပြုစီရင်အပ်သော သစ္စာ ပကာသကျမ်း၌ ကောင်းသောဘာသာဖြင့် တန်းဆာဆင်အပ်သော တောထွက်ခဏ်းရသေ့ဝတ်ခဏ်း ဖြစ်သော ပဥ္စမကဏ္ဍ ပြီးပြည့်ရုံသတည်း။ ၅။

ဆဋ္ဌကဏ္ဍ—ခြောက်ခုမြောက်အခန်း

ရာဇဓမ္မ=မင်းကျင့်တရားကို ပြပေအံ့

ရာဇဓမ်ာန် ပြဝက္ချယာမိ ယထာဝြိတ္တော ဘဝေန္နြိပး၊ သံဘဝသ္စ ယထာ တသျ သိဒ္ဓိသ္စ ပရမာ ယထာ။ ၁။
ဗြာဟ္မံ ပြာပ္တေန သံသ္ကာရံ က္ၐတြိယေန ယထာဝိဓိ၊ သဝ်
သျာသျ ယထာနျာယံ ကတ္တဗျံ ပရိရက္ၐဏမ်။ ၂။
(မနု· ၇၊ ၁၊ ၂။)

မနုဆရာကြီးက ရသေ့တို့အား ဟောတော်မူသည်ကား — အမျိုးလေးပါးနှင့် ဘဝလေးပါး၏ ကျင့်ဝတ်တို့ကို ပြဆိုပြီးသည့်နောက်၊ မင်းကျင့်တရားတို့ကို ပြဆိုပါမည်။ မင်းသည် ဘယ်လို ဖြစ်သင့်၍ ထိုမင်းဖြစ်ခြင်းကြောင့် ဘယ်လို ဖြစ်ကျိုးနပ်မည် ဆိုသည်ကို အလုံးစုံ ပြပေအံ့။ ၁။

မြတ်သော ပညာရှိပုဏ္ဏားဖြစ်ဘိသကဲ့သို့၊ အတတ်ပညာ ထက်မြက်သော ပညာရှိတယောက် ဖြစ်၍ ခတ္တိယ (မင်းသည်) တိုင်းပြည်နိုင်ငံကို တရားနှင့်အညီ အုပ်ချုပ်စောင့်ထိန်းရသည်။ ၂။ စည်းမျဉ်း နည်းနာကား—

တြီဏိ' ရာဇာနာ ဝိဒထေ ပုရူဏိ ပရိ ဝိသွာနိ ဘူသထး သဒါံသိ။
(ရိ·၊ မံ· ၃၊ သူ· ၃၈၊ မံ· ၆။)

ဘုရားသခင် ဟောတော်မူသည်မှာ — (ရာဇာနာ) မင်းနှင့် ပြည်သူ ပူးပေါင်း၍၊ (ဝိဒထေ) ချမ်းသာကို ရစေသော၊ အထူးပညာဉာဏ်ကို တိုးပွားစေတတ်သော မင်းနှင့် ပြည်သူတို့ ဆက်ဆံမှု၌၊ (တြီဏိသဒါံသိ) မင်းတိုင်ပင် အဖွဲ့သုံးဖွဲ့ — ဝါ-ဝိဒ္ယာရိယသဘာ, ဓမ္မာရိယသဘာ, ရာဇာရိယသဘာ ဖွဲ့စည်းလျက်၊ (ပုရူဏိ) များစွာသော (ဝိသွာနိ) တိုင်းသူ ပြည်သား အားလုံးကို၊ (ပရိဘူသထ) အဖက်ဖက်မှ လွတ်လပ်စွာ အတတ်ပညာသင်ခွင့်၊ ဘာသာတရား သင်ကြားခွင့်နှင့် စီးပွားဉစ္စာတို့ဖြင့် တန်ဆာဆင်ပေးရသည်။

တံ သဘာ စ သမိတိသ္မ သေနာစ။ ၁။
(အထ-၊ ကာံ- ၁၅၊ အနု- ၂၊ ဝ- ၉၊ မံ- ၂။)
သဘျ သဘာံ မေ ပါဟိ ယေစ သဘျား သဘာသဒး။ ၂။
(အထ-၊ ကာံ- ၁၉၊ အနု- ၇၊ ဝ- ၅၅၊ မံ- ၆။)

(တမ်) ထိုမင်းကျင့်တရားကို၊ (သဘာစ) သုံးပါးသောအဖွဲ့၊ (သမိတိသ္မ) စစ်ဆင်ရေးအဖွဲ့၊ (သေနာစ) စစ်တပ်ပါသုံးပါးပေါင်း၍ စောင့်ရှောက်ရာသည်။ ၁။

အမတ်နှင့် မင်းတို့ပြုအပ်သည့်ကား—မင်းသည် အားလုံးသော အမတ်တို့ကို အမိန့်ပေးရမည့်ကား — (သဘျ) အမတ်မင်းတို့။ (မေ) ငါ၏၊ (သဘာမ်) မင်းတိုင်ပင်အဖွဲ့မှ ပြဋ္ဌာန်းသော တရားနှင့်လျော်သော အစီအရင် ဥပဒေတို့ကို၊ (ပါဟိ) လိုက်နာဆောင်ရွက်ကြပါလော့။ (ယေစ) အကြင်၊ (သဘျား) ယဉ်ကျေးသော - အရည်အချင်းရှိသော၊ (သဘာသဒး) အမတ်တို့သည်လည်း စည်းမျဉ်းဥပဒေကို လိုက်နာကြလော့။ ၂။

ဆိုလိုရင်းမှာ— တဦးတယောက်အား၊ အာဏာကုန် လွှဲအပ်အုပ်ချုပ်စေခြင်း မပြုသင့် ဆိုလိုသည်။ ရာဇာ-မင်းသည်။ သဘာပတိ၊ သဘာပတိ လက်အောက် မင်းတိုင်ပင်အဖွဲ့၊ မင်းတိုင်ပင်အဖွဲ့ လက်အောက် မင်း၊ မင်းနှင့် အဖွဲ့သည်တို့သည် ပြည်သူ့ လက်အောက် ပြည်သူတို့သည် မင်းတိုင်ပင်အဖွဲ့ လက်အောက်နေရာသည်။ ဤသို့မပြုခဲ့လျှင်—

ရာဋြှမေဝ ဝိသယာ ဟန္တိ တသ္မာဒြာဋြီ ဝိသံဃာတုကား
ဝိသမေဝ ရာဋြာ မာဒျာံ ကရောတိ တသ္မာ ဒြာဋြီ ဝိသမတ္တိ
န ပုဋ္ဌံ ပသုံ မနျတ ဣတိ။
(သတ-၊ ကာံ-၁၃၊ ပြ-၂၊ ပြာ-၃၊ ကံ-၇၊ ၈။)

ပြည်သူတို့မှ လုံးဝလွတ်လပ်သော မင်းတို့ ရှိနေခဲ့လျှင် (ရာဋြှမေဝ ဝိသျာဟန္တိ) တိုင်းပြည်ဝင်ပြီး၊ ပြည်သူတို့ကို ဖျက်ဆီးခြင်း ပြုပေလိမ့်မည်၊ ထို့ကြောင့် မင်းတပါးတည်းသည် အစူးလို ထင်သလိုကျင့်သည် ဖြစ်၍၊ (ရာဋြီ ဝိသံ ဃာတုကား) တိုင်းသူပြည်သားတို့ကို ဖျက်ဆီးသူ ဖြစ်လိမ့်မည်။ တနည်းဆိုသော်, (ဝိသမေဝ ရာဋြာ ယာဒျာံ ကရောတိ)

ထိုမင်းသည် ပြည်သူတို့ကို ဝါးစားရာသည့်—ဝါ—အလွန်နှိပ်စက်ရာသည်။ ထို့ဖြစ်၍ တဦးတယောက်အား၊ တိုင်းပြည်တွင် လုံးဝ လွတ်လပ်ခွင့် မပေးသင့်ပေ။ မြသော်ကဲ့သို့သော အသားစား တိရစ္ဆာန်သည် ချမ်းသာပသော သားကောင်ကို သတ်စားဘိသကဲ့သို့၊ (ရာဗြဲ့ ဗိသမတ္တိ) လွတ်လပ်သော မင်းသည် ပြည်သူတို့ကို ပျက်စီးစေလေသည်။ တနည်း ဆိုသော်, မည်သူကိုမျှ မိမိထက်သာအောင် မဖြစ်စေလိုဘဲ၊ သူတော်ကောင်း ဖြစ်သော ခနရှင်တို့ကိုပင် မတရားဒဏ်ပေး၍၊ ဥစ္စာပစ္စည်းတို့ကို၊ လုယူလျက် မိမိအလိုကို ပြည့်စေလိမ့်မည်။ ထို့ကြောင့်—

ကုန္ဒြေ ဇယာတိ နဲ ပရော် ဇယာတာ အဓိဗ္ဗာစော ရာဇ်သု ရာဇယာတဲ၊

စတြိ ထြူ ဤခုယော ဝန္တုံ သွောပ္ပသဈော် ခုမြသျော် ဘဝပ္ပာ။
(အထ· ကာဠ· ၆၊ အနု·၁၀၊ ဝံ·၉ဂ၊ မံ·၁။)

အို လူအပေါင်းတို့! အကြင် (ကုပဟ) ဤ လူ့အပေါင်း အစုတို့၌၊ (ဗုဒ္ဓြး) ထူးသော အစိုးရခြင်းကို ပြုတတ်သော သူသည် ရန်သူအပေါင်း တို့အား၊ (ဇယာတိ) အောင်စွမ်းရာ၏။ (နဲပရာ ဇယာတဲ) ရန်သူမှ မရှုံး စေရာ။ (ရာဇသု) မင်းတို့တွင်၊ (အဓိရာဇး) အားလုံးထက် မြတ်သောမင်း သည်၊ (ရာဇယာတဲ) ထွန်းလင်း တောက်ပရာသည်။ (စတြိ ထျွး) သဘာ ပတိ ဖြစ်ထိုက်သော၊ (ဤခုယး) ချီးကျူးလောက်သော ဂုဏ်, ကံ, သဘောတရားနှင့် ပြည့်စုံသော၊ (ဝန္တျ) ပူဇော်သက္ကာရ ပြုထိုက်သော၊ (စောပသျး) အနီးအပါးသို့ ဝင်ရောက် ခိုကိုးထိုက်သော၊ (ခုမသျး) ရှိခိုးထိုက်သော ပုဂ္ဂိုလ်သည်။ (ဘဝ) ဖြစ်ရာ၏။ ဤကဲ့သို့သော သူကို သာ ဥက္ကဋ္ဌ—သဘာပတိ မြှောက်ရာ၏။

ဘွမန္ဒေ့ဝါ အသပ္ပတ္ထု သုဝမ့် မဟာတေ ဣတြာယဲ မဟာတေ ဇဲတြုယာဲယ မဟာတေ ဇာနဲ ရာဇ္ဇိာယေန္ဒြ သျေန္ဒြိယာယဲ။
(ယဇု· အ· ၉၊ မံ· ၄၀။)

ဟေ (ဒေဝါး) အို—ပညာရှိတို့၊ သင်တို့သည် (ကုမမ်) ဤကဲ့သို့သော ယောကျ်ားကို၊ (မဟာတေကျြတြာယ) ကြောဝတေးမင်းအဖြစ်၊ (မဟာ

ဝေဠ္ဃသ္မာယာယ) အားလုံးထက် ကြီးမြတ်သော၊ (မဟာဝေဇ္ဇာနရာဇ္ဇာယ) ကြီးမြတ်သော ပညာရှိတို့ဖြင့် ပြည့်သော တိုင်းပြည်နိုင်ငံကို အုပ်ချုပ်ရန်၊ (ရှုဥ္စ္စသျှဥ္စိယာယ) မြတ်သော အမိုးရခြင်းနှင့် ပြည့်သော တိုင်းပြည်နှင့် ဥစ္စာပစ္စည်းတို့ကို စောင့်ရှောက်ရန် အလို့ငှါ၊ (အာသပတ္တ သုဝဏ္ဏမ်) နှိုးနှောတိုင်ပင်လျက် အားလုံးနှ့် မျက်နှာမလိုက်ဘဲ၊ ပြည့်ရုံသော အတတ်ပညာ ဘိက္ခာသီလနှင့် ပြည့်ရုံသော၊ အားလုံးတို့၏ အဆွေခင်ပွန်း သတ္တဝယ် ခင်မင်သနားတတ်သော၊ ဥက္ကမ္ဗ=မင်းကို အားလုံးကို စိုးပိုင်သူဟု ယူဆခါ၊ တလောကလုံးကို ရန်သူမှ ကင်းစင်အောင် ပြုကြလော့။ ထိုမှတပါးလည်း—

> ဤိုရာ ဝ်း သတ္တဴာယုံဓါ ပရာကာုဒ္ဒေ ဝိလူဥတ ပြ့တိဥ္စာဘော၊
> ယွသ္မာကံမဥ္စု တဝိ'ဿိ ပနီ'ယသိ မာ မစ္စျူသျ မာယိနှ်း။
> (မို·၊ မံ· ၁၊ သူ· ၃၉၊ မံ· ၂။)

ဘုရားသခင်က ဟောတော်မူသည်ကား၊ အို–မင်းအပေါင်းတို့ ! (ဝး) သင်တို့၏၊ (အာယုဓာ) ပိုးစသော လက်နက်နှင့် အမြောက် သေနပ် လေးမြှား သံလျက် စသည်တို့ကား ရန်သူတို့အား၊ (ပရာကာုဒေ) နိုင်နင်းရန်နှင့် (ဥတပြတိဥ္စာဘော) တားဆီးရန် အလို့ငှါ၊ (ဝိလူ) ချီးမွမ်းအပ်သည်၊ (ဤိုရာ) မြဲမြံသည်၊ (သန္တု) ဖြစ်စေရာ၏။ (ယုသ္မာကမ်) သင်တို့၏၊ (တဝိသိ) စစ်တပ်သည်၊ (ပနီယသိ) ချီးမွမ်းအပ် ချီးမွမ်းထိုက်သည်၊ (အသ္တု) ဖြစ်လော့။ အကြွင်စစ်တပ်ဖြင့် သင်သည် အမြဲအောင်နိုင်သူ ဖြစ်လော့။ သို့သော်, (မာ မစ္စျူသျ မာယိနး) အကြွင်သူသည် (မင်း ယောက်ျားသည်) ကဲ့ရဲ့ဘွယ်ရာ မတရားသော အမှုကို ပြုခဲ့သော်, ရှေး၌ ပြုခဲ့သည့်အတိုင်း မဖြစ်စေရာ။ အဓိပ္ပါယ်ကား, မင်းယောက်ျားသည် တရားရှိသရွေ့ ကာလပတ်လုံး နိုင်ငံတော် တိုးတက်၏။ မတရား ကျင့်သောအခါ ပျက်စီးဆုံးရှုံးခံရ၏။ တကဲ့ပညာရှိ ပုဂ္ဂိုလ်တို့အား၊ ပညာရေးဌာန အမတ်ကြီးများ၊ တရားရှိသူတို့အား ဘာသာသာသနာရေးဌာန အမတ်ကြီးများ ချီးမွမ်းထိုက်သော တရားရှိသူတို့အား အုပ်ချုပ်မှုဆိုင်ရာ ဌာန- အမတ်ကြီးများ ခန့်ပြီးနောက်၊ ဤအားလုံးတို့တွင် အတော်ဆုံးသော ပုဂ္ဂိုလ်အား၊ အုပ်ချုပ်မှုဆိုင်ရာ အကြီးအကဲခန့်အပ်ခါ၊ အားလုံးတိုးတက်အောင် ပြုရာသည်။ ဌာနသုံးခုက အကြံပေးသည့် အတိုင်းပင် ကောင်း

မြတ်သော စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းခါ၊ ထိုစည်းမျဉ်း ဥပဒေအရ အားလုံးက ပြုမူအုပ်ချုပ်ရသည်။ အများ အကျိုးများရာ များကြောင်း၌ အကြံဉာဏ် ပေးရသည်။ အများလူထု အကျိုးတရားကို ပြုရာ၌ မလွတ်လပ် (ဥပဒေစည်းမျဉ်း အတွင်းတွင်နေ၍) ဘာသာရေး (ဝါ) ပုဂ္ဂလိက ကိစ္စတို့၌ လွတ်လပ်စွာ ပြုမူနေထိုင်ရသည် ထိုဥက္ကဋ္ဌ=သမတ=မင်းတို့၏ ဂုဏ်အင်္ဂါကား အသို့နည်း—

> ဣန္ဒြာ အနိလ ယမာ ကာ်ဏာ မဂ္နေသ္စ ဝရုဏာသျစ၊ စန္ဒြဝိတ္တေ သယော သွဲ့ဝ မာတြာနိ တြံတျ သာသွတီး။ ၁။
> N·P·တပတျာ ဒိတျဝစ္စဲသ စက္ခုံဘိစ မနာံ သိစ၊ နှဲခံ့ တုဝိ သက္ကောတိ ကသ္စိဒပျ ဘိဝိက္ခိတမ်၊ ၂။
> သော အဂ္ဂိဘ်ဝတိ ဝါယုသ္စ သောကာံး သောမး သ ဓမ်ရာဋ်၊ သကုဝေရး သ ဝရုဏး၊ သမဟိန္ဒြး ပြဘာဝတး။ ၃။
> (မနု·၇။ ၄၊ ၆၊ ၇။)

ထိုအားလုံးတို့၏ အချုပ်သခင်ဖြစ်သော မင်းသည်။ ထိကြား (ဝါ) လျှပ်စစ်ကဲ့သို့ သောလျှင်စွာ စိုးပိုင်ခြင်းကို ပြုစွမ်းနိုင်သော၊ လေကဲ့သို့ အားလုံးသော သူတို့၏ အသက်သဘွယ် ချစ်ကြည် လေးမြတ်အပ်၍ စိတ်အလိုကို သိတတ်သော၊ ယမမင်းကဲ့သို့၊ မျက်နှာမလိုက်ဘဲ၊ တရားသဖြင့် စီရင်တတ်သော နေမင်းကဲ့သို့ ဥပဒေ, ဘာသာတရား, အတတ်ပညာကို ထင်လင်းစွာ ပြတတ်သော၊ အမိုက်မှောင်နှင့် တူသော အဝိဇ္ဇာ, မတရားမှုတို့ကို တားဆီးတတ်သော၊ မီးကဲ့သို့ မကောင်းသူတို့အား လောင်ကျွမ်း ဖျက်ဆီးတတ်သော၊ ဝရုဏ (နှောင်ဖွဲ့တတ်သူ) ကဲ့သို့ မကောင်းသူတို့အား ထနည်းနည်းဖြင့် ဘမ်းဆီး နှောင်ဖွဲ့တတ်သော၊ လကဲ့သို့ သူတော်ကောင်းတို့အား နှစ်သက် ရွှင်ပြုံးစေတတ်သော၊ သူဌေးကြီးကဲ့သို့ အဝိုးရဘဏ္ဍာတော်တိုက်ကို ပြည့်စေတတ်သော ဘုရင် (ဝါ) သဘာပတိ ဖြစ်ရာသည်။ ၁။

နေမင်းသဘွယ် ဘုန်းတန်ခိုးနှင့် ပြည့်စုံလျက် အားလုံးသော သူတို့၏ အတွင်းအပြင် စိတ်နှလုံးကို မိမိ၏ တန်ခိုးဖြင့် ပူလောင်စေလျက်၊ ကမ္ဘာ မြေပေါ်တွင် မကောင်းသော ကြည့်ခြင်းဖြင့် မည်သူမျှ မကြည့်နိုင်ရာ။ ၂။

မိမိ၏ ထန်ခိုးရှိန်စော် အာနုဘော်တို့ကြောင့် မီး, လေ, နေ, လ, တရား အလင်းရောင်ကို ပေးတတ်သူ၊ ဥစ္စာရတနာကို တိုးပွား စေတတ်သူ, မကောင်းသော သူတို့အား နှောင်ဖွဲ့တတ်သူ, ကြီးမြတ်သော (ရှုသာရ) အစိုးရခြင်း ဂုဏ်နှင့် ပြည့်စုံသူသာ သမတ=ဥက္ကဋ္ဌ ဖြစ်ထိုက်၏။

တရားသော မင်းကား မည်သူနည်း

သရာဇာ ပုရုသော ဒဏ္ဍော၊ သနေတာ သာသိတာ စသး။
စတုဏ္ဏာ မာသြမ မာဏာံစ၊ ဓမ္မသျ ပြတိဘူး သမြိတး။ ၁။
ဒဏ္ဍး သာသ္တိ ပြဇား သဗ္ဗါ၊ ဒဏ္ဍ ဧဝါဘိ ရက္ခတိ။
ဒဏ္ဍး သုပ္တေရှု ဇာဂရ္တိ၊ ဒဏ္ဍံ ဓမ္မံ ဝိဒုရ္ဗုဓား။ ၂။
သမိ က္ချ သ ဓြိတး သမျက်၊ သဗ္ဗါ ရဉ္ဇယတိ ပြဇား။
အသမိ က္ချ ပြဏီတသ္တု၊ ဝိနာသယတိ သဗ္ဗတး။ ၃။
ဒုသျေယုး သဗ္ဗဝဏ္ဏာသ္စ၊ ဘိဒျေ ရန္သဗ္ဗ သေတဝး။
သဗ္ဗ လောက ပြကောပသ္စ၊ ဘဝေဒ္ဒဏ္ဍသျ ဝိဗ္ဘြမာတ်။ ၄။
ယတြ သျာမော လောဟိတာက္ခော၊ ဒဏ္ဍ သ္စရတိ ပါပဟာ။
ပြဇာသ္တတြ န မုဟျန္တိ၊ နေတာ စေတ္သာဓု ပသျတိ။ ၅။
တသျာဟုး သံပြဏေတာရံ၊ ရာဇာနံ သတျဝါဒိနမ်။
သမိက္ချ ကာရိဏံ ပြာဇ္ဉံ၊ ဓမ္မ ကာမာတ္ထ ကောဝိဒမ်။ ၆။
တံရာဇာ ပြဏယံ သမျက်၊ တြိဝဂ္ဂေဏာ ဘိဝဒ္ဓတေ။
ကာမာတ္တာ ဝိသမး က္ခုဒြော၊ ဒဏ္ဍေနဲဝ နိဟန္နတေ။ ၇။
ဒဏ္ဍောဟိ သုမဟတ္တေဇော၊ ဒုဒ္ဓရသ္စာ ကြိတာ တ္တဘိး။
ဓမ္မာဒွိစလိတံ ဟန္တိ၊ နြိပမေဝ သဗန္ဓဝမ်။ ၈။
သော အသဟာယေန မူဠေန၊ လုဗ္ဗေနာ ကြိတဗုဒ္ဓိနာ။
န သက္ကျော နျာယတော နေတုံ၊ သက္တေန ဝိသယေသု စ။ ၉။
သုစိနာ သတျ သန္ဓေန၊ ယထာ သာသ္တြာနု သာရိဏာ။
ပြဏေတုံ သက္ကျတေ ဒဏ္ဍး၊ သု သဟာယေန ဓီမတာ။ ၁၀။
(မနု·၇။ ၁၇-၁၉၊ ၂၄-၂၈၊ ၃၀၊ ၃၁။)

အကြင် ရာဇဒဏ်သည်ပင် ဘုရင်မင်း, ဥပဒေကို ဖြန့်ဖြူးသူ၊ အားလုံးတို့အား စုစ်ချုပ်သူ, လူမျိုး လေးပါး, ဘဝလေးပါး၏ တာဝန်ခံ မှူးလည်ဖြစ်၏။ ၁။

ထိုသူသည်ပင် တိုင်းသူပြည်သားတို့အား စောင့်ရှောက်သူ, အားလုံးတို့အား စောင့်ရှောက်သူ, အိပ်မျည်းနေသော ပြည်သူပြည်သားတို့၌ နိုးကြားသူ ဖြစ်သောကြောင့် ပညာရှိတို့သည် ရာဇဒဏ်ကိုပင် တရားဟု ခေါ်ကြသည်။ ၂။

ကောင်းစွာ စဉ်းစား ဆင်ခြင်လျက် ကိုင်ဆောင်သော ရာဇဒဏ်သည် အားလုံးသော ပြည်သူတို့အား ရွှင်လန်း ဝမ်းမြောက်စေ၏၊ မစဉ်းမစားဘဲ အသုံးပြုခဲ့လျှင် အပေါက်ဖက်မှ မင်းအား ပျက်ဆီးတတ်၏။ ၃။

ရာဇဒဏ်မှ ကင်း၍ အမျိုးလေးပါးသည် အပြစ်မကင်း ဖြစ်ပြီးလျှင် စည်းကမ်း ပျက်စီးကုန်တော့၏။ ရာဇဒဏ်ပေး မတရားလျှင် လူအပေါင်းတို့ အမျက်ထွက်တတ်၏။ ၄။

အကြင် အရပ်၌ မဲနက်သော အဆင်း, နီသော မျက်စိ, ကြောက်မက်ဖွယ် ကောင်းသော ယောက်ျားသတ္တဝါ မကောင်းမှုတို့ကို ပယ်ရှင်းသုတ်သင်တတ်သော မင်းဒဏ်သည် လှည့်လည် ကျက်စား၏၊ ထိုအရပ်၌ ပြည်သူ လူအပေါင်းတို့သည် မတွေဝေ မမိန်းမောဘဲ၊ ရွှင်လန်း ဝမ်းမြောက်ကြရကုန်၏။ ထို့သော်, ရာဇဒဏ်ကို မျက်နှာမလိုက်ဘဲ၊ အသုံးပြုတတ်သော ပညာရှိ ဖြစ်မှသာလျှင် ရွှင်လန်းခြင်းကို ရပေအံ့။ ၅။

ရာဇဒဏ်ကို အသုံးပြုသူသည် မှန်သောစကားကို ဆိုတတ်သူ, စဉ်းစား ဆင်ခြင်၍ ပြုတတ်သူ, ပညာရှိသူ, ချမ်းသာ စည်းစိမ် ဘာသာတရားတို့ကို ပြည့်စုံအောင် ပြုတတ်သော ပညာရှိ မင်းယောက်ျားကိုသာလျှင် ပညာရှိတို့က ရာဇဒဏ်ကို ပေးတတ်သူဟု ခေါ်ဝေါ်သမုတ်ကြကုန်၏။ ၆။

ရာဇဒဏ်ကို ကောင်းစွာ ပေးတတ်သော မင်းသာလျှင် လူတို့၏ ချမ်းသာ စည်းစိမ် ကုသိုလ်တရားကို ပြည့်စေတတ်သူ မည်၏။ အပျော်ကြူး၍, စိတ်ကောက်, ဝန်တိုတတ်သော လုတ်ညွှန့်မျှင်းအိမ်သော မင်းသည်ကား၊ မိမိ၏ ရာဇဒဏ်ဖြင့် မိမိကိုယ်တိုင် သေကြေ ပျက်စီးတတ်၏။ ၇။

ရာဇဒဏ်သည် အလွန်တန်ခိုးတေဇော် ကြီးမား၍ ပညာမဲ့ တရားမဲ့သောသူများ မကိုင်ဆောင်နိုင်ရာ။ ထိုရာဇဒဏ်သည် တရားမဲ့သော မင်းအား၊ ဆွေမျိုးတို့နှင့် တကွသာလျှင် ပျက်စီးခြင်းသို့ ရောက်စေ၏။ ၈။

အကြောင်းကို ဆိုသော်, အကြင်လူမိုက်တယောက်သည် ပညာရှိသူတော်ကောင်းတို့၏ အကူအညီ အတတ်ပညာ၊ သိက္ခာသိလမှ ကင်း၍ အာရုံငါးပါး ကာမဂုဏ်တရားတို့၌သာ ကပ်ငြိ သက်ဝင်နေ၏။ ထိုသူသည် တရားနှင့်အညီ ရာဇဒဏ်ကို အသုံးချရန် ဘယ်တော့မှ မစွမ်းနိုင်ရာ။ ၉။

အကြင် ဖြူစင်သော နှလုံး, အကျင့်အာစာရနှင့် ပြည့်စုံသော သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံ၍, တရားဥပဒေ အားလျော်စွာ ကျင့်သုံးတတ်သော၊ မြတ်သော ပုဂ္ဂိုလ်တို့၏ အကူအညီကို ရသော ယောဂျားမြတ်သည်သာ၊ တရားတည်းဟူသော ရာဇဒဏ်ကို သုံးနိုင်သော စွမ်းရည်ရှိ၏။ ၁၀။ ထို့ကြောင့်—

သဲနာပတျံ စ ရာဇျံ စ၊ ဒဏ္ဍ နေတြိတွ မေဝစ၊
သဗ္ဗ လောကာ ဓိပတျံစ၊ ဝေဒ သာသြ ဝိဒဟ်တိ။ ၁။
ဒသာဝရာ ဝါ ပရိပဒျံ၊ ဓမ်ံပရိ ကလ္ပယေတ်။
တြဲယ ဝရာ ဝါပိ ဗြိတ္တသ္ထာ၊ တံ ဓမ်ံ န ဝိစာလယေတ်။ ၂။
တြဲ ဝိဒျော ဟဲတုကသ္တရ္ကီ၊ နဲရုက္တော ဓမ်ပါဌကား။
တြဲယာသ္စာ သြမိဏား ပူဗေ၊ ပရိသတ် သျာဒ္ဒသာ ဝရာ။ ၃။
ရိဂွေဒ ဝိဒျဇုဝိစ္စ၊ သာမဝေဒ ဝိဒေဝစ။
တြဲယ ဝရာ ပရိသဇ္ဇေယာ၊ ဓမ် သံသယ နိဏ်ယေ။ ၄။
ဧကောပိ ဝေဒဝိဒ္ဓမ်ံ၊ ယံ ဗျဝသျေဒ် ဒွိဇောတ္တမး။
သဝိဇ္ဇေယား ပရော ဓမ်ော၊ နာဉာနာမုဒိတော ယုတဲး။ ၅။
အဗြတာနာမ မန္တြာဏာံ၊ ဇာတိမာတြော ပဇီဝိနာမ်။
သဟ သြသး သမေတာနာံ၊ ပရိသတ်ဗတွံ န ဝိဒျတေ။ ၆။
ယံ ဝဒန္တိ တမော ဘူတာ၊ မူခ်ါ ဓမ်-မတဒွိဒး။
တတ္ပါပံ သတဓာ ဘူတွာ၊ တဒွက်ဗြိနနု ဂစ္ဆတိ။ ၇။
(မနု၊ ၁၂၊ ၁၀၀၊ ၁၁၀-၁၁၅။)

အားလုံးသော စစ်တပ်နှင့် စစ်ဗိုလ်များ အပေါ်က အကြီးအကဲ ဗိုလ်ချုပ်၊ အပြစ်ဒဏ်ပေးခြင်း အုပ်ချုပ်စီမံခြင်း အခွင့်အရေး အားလုံးကို ရထိုက်ပိုင်ဖိုးသူ ဂေါ်ဝါနာ၊ တရားဌာနချုပ် တရားဝန်ကြီးချုပ်။ အားလုံးသော ဌာနအပေါ်က လက်ရှိအကြီးအကဲဆုံး (ဝါ) သမထကြီး စသော လေးဌာနတို့၌ အားလုံးသော ဝေဒ ကျမ်းဂန်တို့ကို တတ်ကျွမ်းလိမ္မာ၍ သူတော်ကောင်း၊ ရှုခြေတို့ကို စောင့်စည်းနိုင်သူ သီလသိက္ခာနှင့် ပြည့်စုံသူတို့ကိုသာ တင်မြှောက် ခန့်အပ်ရာသည်။ တနည်းဆိုရသော်' စစ်ဗိုလ်ချုပ်ကြီး ဂေါ်ဝါနာ, တရားဝန်ကြီးချုပ်နှင့် ဘုရင် (ဝါ) သမထစသည့် အကြီးအကဲ လေးဦးတို့သည် အားလုံးသော အတတ်ပညာတို့၌ တဘက်ကမ်းခတ် တတ်ကျွမ်း လိမ္မာသူသာဖြစ်ရာသည်။ ၁။

အနည်းဆုံး ဆယ်ယောက် သို့မဟုတ် ထို့ထက် နည်းခဲ့လျှင် သုံးယောက် ပါဝင်သော မင်းတိုင်ပင် အဖွဲ့က၊ ဆုံးဖြတ် အတည်ပြုထားသော နည်းနာဥပဒေတို့ကို မည်သူမျှ ကျူးကျော် လွန်ဆန်ခြင်း မပြုရာ။ ၂။

ဤမင်းတိုင်ပင်အဖွဲ့၌ ဗေဒင်လေးပုံ၊ ဆင်ခြင်ထုံပညာ၊ ဘာသာစကား အရင်းအမြစ်ကို လိုက်စစ်သောပညာ (နိရုတ္တိ)၊ ဘာသာရေးပညာ စသည်ကို တတ်သိလိမ္မာသော ပုဂ္ဂိုလ်ဖြစ်ရာသည်။ သို့သော်, ထိုအမတ်တို့သည် ဗြဟ္မစာရီ၊ အိမ်ရာထောင်သူနှင့် ဥပုသ်စောင့်ဝင် (တောထွက်သူ) များ ပါဝင်ရမည်။ စည်းဝေးရာ၌ အမတ်ဆယ်ယောက်ထက် မနည်းရာ။ ၃။

ရိဂွေဒ၊ ယဇုဝေဒ၊ သာမဝေဒကို တတ်ကျွမ်းသော အမတ်ပညာရှိ သုံးယောက်က ဆုံးဖြတ်စီစဉ်ထားသော ဥပဒေစည်းမျဉ်းများကို မည်သူမျှ လွန်ကျူး၍ မကျင့်ရ။ ၄။

အကယ်တန္တိ=အားလုံးသော ဝေဒကို တတ်ကျွမ်းသော ထဦးထည်းသော ပုဏ္ဏားမှ ရသော့ဖြစ်လာသူ တဦးက ပြုပြင်စီမံသော တရားသည်ပင် အမြတ်ဆုံး တရားဖြစ်ပေ၏။ အကြောင်းကိုဆိုသော်, ထောင်ပေါင်း သိန်းပေါင်း ကုဋေပေါင်း များစွာသော ညာဏ်မဲ့သူတို့က ပြုပြင်စီမံထားသော တရားနည်းလမ်းကို ဘယ်တော့မှ လိုက်နာခြင်း မပြုရာ။ ၅။

အကြွင်မြဲပမ္ဘစရိယ မှန်သောစကားကိုဆိုခြင်း၊ ဝေဒပညာ (ဝါ) ဆင်ခြင်ထုံတရားနှင့် ကင်းသော လူ့ဘဝကိုရရှဲ ယုတ်ညံ့သော အမျိုး ကဲ့သို့သောလူများ အဆောင်မကာ ရပေါင်းထားပြောသော်လည်း မင်းတိုင် ပင်အဖွဲ့ဟု မခေါ်ဝေါ်အပ်ချေ။ ၆။

အမြင်မှား အသင်မှား ညတ်ပွဲသူ၊ ဝေဒကျမ်းစာကို ထိနားလည်ခြင်း မရှိသူတို့ ပြောဟောသော တရားကို ဘယ်တော့မှ မလိုက်နာအပ်ပေ။ အကြောင်းကား၊ လူမိုက်တို့ ပြသသောလမ်းကို လိုက်နာကျင့်ဆောင် ရာ၌ အကုသိုလ်များစွာ ဖြစ်လေသည်။ ၇။

ထိုဖြစ်သောကြောင့်၊ ပညာရေးဌာန၊ ဘာသာ (သာသနာ)ရေးဌာန၊ အုပ်ချုပ်ရေးဌာနတို့၌ လူမိုက်တို့အား၊ မည်သည့်အခါမျှ မခန့်အပ် မထင် မြှောက်ရာ။ သို့သော် အခါခပ်သိမ်း ပညာရှိနှင့် ဘာသာရေး၌ သက်ဝင် သူတို့ကိုသာ ထင်မြှောက်ရာသည်၊ အားလုံးသော သူတို့သည် အောက် ပါအတိုင်း—

ဩဝိဒေျာဘျဟြွယိ ဝိဇ္ဇာ ဒဏ္ဍနီတိ စ သာသွတိမ်၊
အန္ဝိက္ဌိကီ စာတ္မဝိဇ္ဇာံ ဝါတ္တာံရမ္ဘာံ သွ လောကတး။ ၁။
ဣန္ဒြိယာဏာံ ဇယေ ယောဂံ သမာတိဋ္ဌေဒ္ဒိဝါနိသမ်။
ဇိတေန္ဒြိယောဟိ သက္နောတိ ဝသေဋ္ဌာပယိတုံ ပြဇား။ ၂။
ဒသကာမ သမုတ္ထာနိ တထာဋ္ဌော ကြောဓဇာနိစ၊
ဗျသနာနိ ဒုရန္တာနိ ပြယတ္နေန ဝိဝဇ္ဇယေတ်။ ၃။
ကာမဇေသု ပြသက္တောဟိ ဗျသနေသု မဟီပတိး၊
ဝိယုဇျတေ အတ်ဓမ်ာဘျာံ ကြောဓဇေသွာတ္မနဲဝတု။ ၄။
မြဂယာက္ခော ဒိဝါသွပ္နး ပရိဝါဒး ဩိယောမဒး၊
တောယတြိကံ ဗြိထာဋ္ဋျာ စ ကာမဇော ဒသကော ဂဏး။ ၅။
ပဲသုန္ယံ သာဟသံ ဒြောဟ ဤသျာသူယာတ် ဒူသဏမ်၊
ဝါဂ္ဒဏ္ဍဇံ စ ပါရုသျံ ကြောဓဇောအပိ ဂဏောသ္ဋကား။ ၆။
ဒွယောရပျေ တယောမူလံ ယံ သဗ်ေ ကဝယော ဝိဒုး၊
တံ ယတ္နေန ဇယေလ္လောဘံ တဇ္ဇာဝေတာဝုဘော ဂဏော။ ၇။
ပါနမက္ခား ဩိယသ္ဆဝ မြဂယာစ ယထာကြမမ်၊
ဧတတ္ကဋ္ဌတမံ ဝိဇ္ဇာစ္စတုဋ္ဌံ ကာမဇေ ဂဏော။ ၈။

ဒဏ္ဍသျှ ပါတန့် စဝ ဝါကသာရုဿျာတံ ရှသကော။
ကြောဓဇေအသိ ဂဏော ဝိဇ္ဇာတ် ကာသူမေတာတြွိကံ သဒါ။ ၄၉။

သဗ္ဗကာသျှ-သျှ ဝေတ်သျှ သဗ်ပြံဝါခွ သင်္ဂကား။
ပူဗ် ပူဗ် ဂုရုတရံ ဝိဇ္ဇာဒ် ဝယသနမာတ္တဝါန်။ ၅၀။

ဗျသနသျှ စ မြိုးတျှာ ဗျသနံ ကသ္တမုဇ္ဇတေ။
ဗျသနျှ ဓောအဓော ဖြစ်တိ သွယ်ဟာတျှ ဗျသနီ မြိတး။ ၅၁။
(မနူ•။ ၇။ ၄၄-၅၃။)

ဗေဒင်လေးပုံ၌ ပါရှိသော စိတ်ပညာ၊ အမှုကိစ္စ ရွက်ဆောင်နည်း၊ ဆည်းကပ်နည်းတို့ကို တတ်ကျွမ်းသူ ပညာရှိတို့ ထံမှ နည်းဥပဒေ ဆင်ခြင်ထုံပညာ၊ စိတ်ပညာ သုံးပါးကို သင်ယူ တတ်မြောက်ပြီး သူများသာလျှင် ဘုရင်နှင့် အမတ်များ ဖြစ်ရာသည်။ ၁။

အားလုံးသော အမတ်များနှင့် ဘုရင်သည် ဣန္ဒြေတို့ကို နိုင်နင်းသည် ဖြစ်၍ တရားကျင့်ခါ၊ မတရားကို ပယ်ရှားရာသည်။ ထိုဖြစ်၍ နေ့ညဉ့် တို့၌ သတ်မှတ်ထားအပ်သော အချိန်တွင် ယောဂအကျင့်ကို မှန်မှန်ကျင့် ရာသည်။ အဘယ့်ကြောင့်ဆိုသော်, မိမိ၏ အတွင်းသဏ္ဌာန်ကို မနိုင်နင်း ဘဲနှင့် ပြင်ပဗဟိဒ္ဓ ဖြစ်သော တိုင်းသူ ပြည်သားတို့ကို နိုင်နင်းမည် မဟုတ်ပေ။ ၂။

လူ့အပေါင်းတို့ လွတ်မြောက်နိုင်ရန် အလွန်ခဲယဉ်းသော ကာမ တဏှာမှ ဖြစ်ပေါ်လာသော အပြစ်ဆယ်ပါးနှင့် ကောဓ=အမျက်ဒေါသမှ ဖြစ်ပေါ်သော အပြစ်ရှစ်ပါးတို့မှ ကင်းစင်လွတ်မြောက်အောင် အထူး အားထုတ်ရာသည်။ ၃။

အဘယ့်ကြောင့်ဆိုသော်, ကာမမှ ပေါက်ပွားလာသော အပြစ်ဆယ် ပါး၌ ကပ်ငြိသောမင်းသည် အကျိုးတရား (ဝါ) နိုင်ငံတော်၏ စီးပွား ရေးနှင့် ကိုယ်ကျင့်တရားတို့မှ ကင်းသည်ဖြစ်ရာ၏၊ အမျက်=ကောဓမှ ပေါက်ပွားလာသော အပြစ်ရှစ်ပါး၌ ကပ်ငြိသော မင်းသည် ခန္ဓာကိုယ် မှ ကင်းသည်ဖြစ်ရာ၏၊ (ပျက်စီးသေကြေရာ၏)။ ၄။

ကာမမှ ပေါက်ပွားသော အကျင့်ဆိုးတို့မှာ — အမဲလိုက်ခြင်း၊ ပဲရိုက်ခြင်း၊ (လောင်းတမ်း ကစားခြင်း)၊ နေ့ခင်း နေ့လည် အိပ်စက်ခြင်း၊ ကာမကို အားပေးတတ်သော ဝတ္ထုစာပေကို ဘတ်ရွတ်ခြင်း (ဝါ) သူတပါးတို့အား ကဲ့ရဲ့သဖြိုဟ် စကားတင်းဆိုခြင်း၊ မိန်းမလိုက်စားခြင်း၊ မူးယစ်စေတတ်သော ဘိန်းဘင်းကဆော် သေရည်သေရက် သောက်စားခြင်း၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း (တနည်း) ကစေခြင်း၊ ဓာတ်ပွဲကြည့်ခြင်း၊ နားထောင်ခြင်း၊ အချည်းနှီး လည်ပတ် သွားလာခြင်း စသော အကျင့်ဆိုး ဆယ်ပါးတို့သည် ကာမတဏှာမှ ပေါက်ပွားသော အကျင့်ဆယ်ပါး ဖြစ်ကုန်၏။ ၅။

ကောဓ=အမျက်မှ ပေါက်ပွားလာသော ရှစ်ပါးသော အကျင့်ဆိုးတို့ကား — ဂုံးချောခြင်း၊ သူတပါး မိန်းမတို့အား အတင်းအဓမ္မ ကာမဆက်ဆံခြင်း၊ ရန်ငြိုးထားခြင်း၊ သူတပါးတို့ ကြီးပွားသည်ကို မနာလိုဝန်တိုရှုသော ဖြစ်ခြင်း၊ "အသူယာ" အကျိုးကို အပြစ် အပြစ်ကို အကျိုး ဟုပြုခြင်း၊ "အတ္တနုသန" မကောင်းသော အမှုတို့၌ငွေကို အသုံးပြုခြင်း၊ ခက်ထန်ကြမ်းတန်းသော စကားကိုဆိုခြင်း၊ အပြစ်မရှိဘဲလျက် ခက်ထန်သော စကားကိုဆိုခြင်း, တနည်း ကြီးလေးသော အပြစ်ဒဏ်ကိုပေးခြင်း၊ ဤရှစ်ပါးသော အကျင့်ဆိုးတို့သည်ကား အမျက်ဒေါသမှ ပေါက်ပွားလာသော အကျင့်များ ဖြစ်ကုန်၏။ ၆။

ပညာရှိ အားလုံးတို့သည် ဤပြခဲ့သော ကာမနှင့် ကောဓမှ ပေါက်ပွားလာသော အကျင့်ဆိုးတို့၏ အပြစ်ကို သိနားလည်သည် ဖြစ်၍ ထိုအကျင့်ဆိုးတို့ကို အားထုတ်ခါ ဖယ်ခွါ သုတ်သင်ပစ်ရာသည်။ ၇။

ကာမနှင့် ပတ်သက်သော အကျင့်ဆိုးတို့တွင်၊ အဆိုးဆုံးသော အကျင့်တရားတို့ကား — သေအရက် သောက်စားခြင်း၊ လောင်းတမ်းကစားခြင်း၊ မိန်းမလိုက်စားခြင်း၊ အမဲလိုက်ခြင်း စသော လေးပါးသော အကျင့်သည် အဆိုးဝါးဆုံး ဖြစ်ကုန်၏။ ၈။

ကောဓ=အမျက်နှင့် ပတ်သက်သော အကျင့်တရားတို့တွင်— အပြစ်မရှိဘဲလျက် အပြစ်ဒဏ်ပေးခြင်း ရှုန့်ရင်း ကြမ်းတန်းသော စကားကို

ဆိုခြင်း၊ ဥစ္စာပစ္စည်းကို မတရားမှုဖြင့် သိုးဝှက်ခြင်း၊ အကျင့်ဆိုးဝါးသည် အလွန်ရကျဆင်းရဲကို ပေးတတ်သော အကြောင်းပေတည်း။ ၉။

ဤဖြစ်ခဲ့သော ကာမဂုဏ် ကောင်းမှု အကြောင်းကြီး ခုနစ်ပါးတို့တွင် ပထမ ဖြစ်သော ဥစ္စာကို အချည်းနှီး ဖြုန်းတီးခြင်းထက် ရှုပ်ရင်းကြမ်းတန်း သော စကားကိုဆိုခြင်း၊ ထို့ထက် မတရား အကြောင်းဒဏ် ခင်းခြင်း ထို့ထက် အမဲလိုက်ခြင်း၊ ထို့ထက် မိန်းမလိုက်စားခြင်း၊ ထို့ထက် လောင်းတမ်း ကစားခြင်း၊ ထို့ထက် အရက်သောက်စားခြင်းသည် သာ၍ ဆိုးဝါးလှ၏။ ၁၀။

ဤအကျင့်ဆိုးတို့၌ သက်ဝင်မည့်အစား၊ သေခြင်းက မြတ်သေး၏၊ အကြောင်းကိုဆိုသော်, သူယုတ်မာသည် အသက်များများ ရှည်သ လောက် မကောင်းမှု များများပြုခါ၊ ယုတ်ညံ့သော ဘဝသို့ ရောက်ပြီး လျှင် အတိုင်းမသိသော ဆင်းရဲဒုက္ခတို့ကို ခံစားရပေလိမ့်မည်၊ သူတော် ကောင်းတို့မူကား၊ သေလွန်သွားငြားသော်လည်း ချမ်းသာကိုရပေလိမ့် မည်။ ထို့ကြောင့် မင်းနှင့် ပြည်သူတို့သည် ဘယ်တော့မှ အမဲလိုက်ခြင်း၊ သေအရက် သောက်စားခြင်း၌ မသက်ဝင်ရာ။ ဤမကောင်းသော အကျင့် တရားတို့ကို ပယ်ခွါလျက် တရားနှင့်လျော်သော ဂုဏ်- အမှု- သဘော တရားတို့၌ အမြဲသက်ဝင်ခါ ကောင်းမှုကိုသာ ပြုကြရာသည်။ ၁၁။

မင်းတိုင်ပင် အဖွဲ့ဝင် အမတ်များ မည်သို့ ဖြစ်သင့်ပါသလဲ

မေဒ်လာန် သာဂြုပိဒး သုရုံလုဗ္ဗလကျ္ဍာန် ကုလောဗ်ဂတာန်။
သမိဝါန္တတိ စာသွော ဝါ ဖြကုဒိတ ပရိကျ္ဍိတာန်။ ၁။
အဝိယဿုကာရ် ကမ် တဒပျေကောန ဂုဏ္ဏရမ်။
ဝိသေသတော အသယာယေန တိဿုရာဿို မပောဒယာမ်။ ၂။
တဲ သာဒ္ဒိ ဝိန္တယေန္တိတျုံ သမာနျု သန္တိဝိဂြဟာမ်။
ညာာန် သမုဒယံ ဂုတ္တိံ လဗ္ဗပြသမနာနိ စ။ ၃။
တေသာံ သွံ သွမတိပြာယ မုပလဘျ ပြိထက် ပြိထက်။
သမဿာနာဥညာ ကာယေျာသု ဝိဒ္ဓဿျါဒ္ဓိတ မာတ္တန။ ၄။
အန္တာနုဝိ ဖြကုဒိတ သုစိန် ပြည္ဓဝဿိတာန်။

သမျဂထ် သမာဟာတြွ် နမာတျာန် သုပရိက္ခိတာန်။ ၅။
နိဝဝေတ္တေတာသျ ယာဝဒ္ဘိ ရိတိကတ်ဗျတာ နြဘိး၊
တာဝတော အတန္ဒြိတာန် ဒက္ချာန် ပြကုဗ္ဗီတ ဝိစက္ခဏာန်။ ၆။
တေသာ မထေ် နိယုဉ္ဇိတ သူရာန် ဒက္ချာန် ကုလောဂ္ဂတာန်။
သုစီနာကရ ကမ်ာန္တေ ဘီရူနန္တ နိဝေသနေ။ ၇။
ဒူတံ စဲဝ ပြကုဗ္ဗီတ သဗ်သာသ္တြ ဝိသာရဒမ်။
ဣင်္ဂိတာ ကာရစေဋ္ဌဉ္ဇံ သုစိ ဒက္ခံ ကုလောဒ္ဂတမ်။ ၈။
အနုရက္တး သုစိဒ္ဒက္ခး သမြိတိမာန် ဒေသ ကာလဝိတ်။
ဝပုသ္မာန် ဝီတ ဘီဝ်ာဂ္ဂီ ဒူတော ရာညး ပြသသျတေ။ ၉။
(မနု·၇၊ ၅၄-၅၇၊ ၆၀-၆၄။)

မိမိတို့၏ စိုးမိုးအုပ်ချုပ်ခြင်းသည် မိမိတို့ တိုင်းပြည်နှင့်ပင် ဖြစ်ပေါ်လာခဲ့၏၊ ဝေဒစသော ကျမ်းဂန်စာပေကို တတ်သိလိမ္မာသူ သူရဲကောင်းတို့၏ ရည်ရွယ်ချက် (ဝါ) ထင်မြင်ချက်သည် အချည်းနှီး မဖြစ်သင့်ရာ၊ အမျိုးကောင်း၌ ကောင်းစွာ စစ်ကြောပြီးသော ခုနစ်ယောက် သို့မဟုတ် ရှစ်ယောက်သော ဘိက္ခာ လိမ္မာရေးခြားရှိသူ အမတ်တို့ ကြီးမှူး အုပ်ချုပ်ရာသည်၊ ၁။

အကြောင်းကို ဆိုရသော်, လွယ်ကူသော အမှုကိစ္စပင်လျှင် တဦးတယောက်တည်း အလုံး အကူအညီကို မရဘဲ၊ ပြုရန် ခဲယဉ်းခဲ့သော်, ကြီးကျယ်သော တိုင်းပြည်နိုင်ငံ အုပ်ချုပ်စီမံမှုကို တဦးတယောက် အသို့ ပြုစွမ်းနိုင် ပါအံ့နည်း—သို့ဖြစ်၍ တဦးတယောက်တည်းကို ဘုရင် မြှောက်ခါ ထိုဘုရင်တပါးတည်း၏ အသိဉာဏ် အပေါ်၌ နိုင်ငံတော် စီမံမှုကို အားထားနေခြင်းသည် အလွန်ဆိုးဝါးလှ၏။ ၂။

ထို့ကြောင့် သမတ (ဝါ) ဘုရင်သည် အမြဲတန်း တိုင်းပြည်နိုင်ငံ အုပ်ချုပ်မှု ရေးရာ၌ လိမ္မာသော အမတ်ပညာရှိတို့နှင့် တိုင်ပင် နှီးနှောခါ (သန္ဓိ) ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုခြင်း၊ (ဝိဂ္ဂဟ) ဆန့်ကျင်ဘက် စစ်ကျေညာခြင်း (ဌာန) အခါကာလကို ကြည့်လျက် မိမိ၏ နိုင်ငံတော်ကို စောင့်ရှောက်ခါ ဧငြိမ်နှင့် ကြားနေခြင်း၊ (သမုဒယ်) မိမိ

အင်အား တိုးတက်လာသော အခါ ရန်သူတို့အား ချိုးထက် တိုက်ခိုက် ထွန်းလှန်ခြင်း၊ (ဂုတ္တိ) မူလစစ်တပ်နှင့် ဘဏ္ဍာတော် စသည့်ကို စောင့် ရှောက် လုံခြုံစေခြင်း၊ (လဒ္ဓပြသမနာခို) မိမိအောင်နိုင် သိမ်းပိုက်ပြီး သော တိုင်းပြည်တို့ကို ငြိမ်းအေးအောင် ပြုခြင်း၊ အနှောင့်အယှက်မှ ကင်းစင်အောင် ပြုခြင်းစသော အမှုရေးရာ ခြောက်ပါးတို့နှင့် ပတ်သက် ၍ အမြဲတိုင်ပင် နှီးနှောရသည်။ ၃။

ဤအမတ်ကြီးတို့၏ အသီးသီး ပေးကြသော အကြံဉာဏ်တို့ကို သုံး သပ် စစ်ဆေးပြီးနောက် ဆန္ဒများရာ၊ မိမိနှင့် သူတပါးတို့ အကျိုး ဖြစ်ထွန်းရာ ဖြစ်သော အကြံဉာဏ်အတိုင်း ပြုမူ ဆောင်ရွက် ရ သည်။ ၄။

ထို့မှတပါးလည်း စိတ်ထားဖြူစင်သူ၊ ပညာရှိ၊ တည်ကြည်သော စိတ်ထားရှိသူ၊ အရာဝတ္ထု ပစ္စည်းဥစ္စာ ရဆောင်းရာ၌ အထူးကျွမ်း ကျင် လိမ္မာသူ၊ ကောင်းစွာ စစ်ဆေးပြီးသူ (လက်ရွေးစင်) မုတ္တိုလ်တို့ ကို အမတ်ခန့်အပ်ရသည်။ ၅။

အခုပ်ချုပ် စီမံရာ၌ လိုအပ်သလောက် ပျင်းရိခြင်းမှ ကင်း၍ ကာယ ဗလ ဉာဏဗလနှင့် ပြည့်စုံသူတို့အား အမှုထမ်း အရာရှိကြီး ခန့်အပ် ရသည်။ ၆။

ဤအရာရှိကြီးတို့ လက်အောက်တွင် ရဲရင့်စွမ်းအားရှိ၍ အမျိုးကောင်း သူတို့အား၊ အရေးကြီးသော ဌာနတို့၌ ခန့်အပ်၍၊ သစ္စာရှိခြည်းသူတို့ အား၊ အတွင်းအလုပ်တို့၌ ခန့်အပ်ရသည်။ ၇။

အကြွင် ဂုဏ်ရှိသော အမျိုးမှ မွေးဖွားလာသူ၊ လိမ္မာစင်ကြယ်၍ အမှုအရာ အသွင်အပြင်ကို ကြည့်၍ အခြေအနေ အကျိုးအပြစ် ရှေ့ရေး နောက်ရေးကို သိတတ်သူ၊ အတတ်ပညာ အမျိုးမျိုးကို တဘက်ကမ်း ခတ် တတ်မြောက် ကျွမ်းကျင်သူကိုလည်း၊ သံအမတ် ခန့်အပ်ထားရ သည်။ ၈။

ထိုသံအမတ်သည်၊ မင်းမှုထမ်းရာ၌ လုံ့လဥဿာဟ ရှိ၍၊ လေးစား ကြည်ညိုသူ၊ ဖြောင့်မတ်သူ၊ သဘောထားဖြူစင်သူ၊ လိမ္မာပါးနပ်၍

အမှတ်သညာ ကောင်းသူ၊ ဒေသကာလ အားလျော်စွာ ယခုပစ္စုပ္ပန် အမှုကိစ္စတို့ကို ရွက်ဆောင်တတ်သူ၊ ရုပ်ရေအင်္ဂါ လှပသူ ရဲရင့်၍ စကားပြော ကောင်းသူတို့သည်သာ၊ မင်း၏သံတမန် ဖြစ်သင့်ပေသည်။ ၆၄။

မည်ကဲ့သို့သော သူအား မည်သည့် အခွင့်အရေးကို ပေးထိုက်ပါသလဲ ?—

အမာတျေ ဒဏ္ဍ အာယတ္တော ဒဏ္ဍေ ဝဲနယိကီ ကြိယာ။
နြိပတော ကောသရာဋြေ စ ဒူတေ သန္ဓိ ဝိပယျယော။ ၁။
ဒူတ ဧဝဟိ သံဓတ္တေ ဘိနတ္တျေဝစ သံဟတာန်။
ဒူတး တတ္ကုရုတေ ကမ် ဘိဒျန္တေ ယေန ဝါ န ဝါ။ ၂။
ဗုဒ္ဓွါစ သဝ်ံ တတွေန ပရရာဇစိကီ ဗိတမ်၊
တထာ ပြယတ္နမာတိဋ္ဌေဒ် ယထာတ္မာနံ နပီဍယေတ်။ ၃။
ဓနုဒုဂ်ံ မဟီဒုဂ်ံ မဗ္ဗုဒုဂ်ံ ဝါက္ခ်ံ မေဝ ဝါ။
နြိဒုဂ်ံ ဂိရိဒုဂ်ံဝါ သမာသြိတျ ဝသေတ် ပုရမ်။ ၄။
ဧကး သတံ ယောဓယတိ ပြာကာရသ္ထော ဓနုဒ်ရး။
သတံ ဒသ သဟသြာဏိ တသ္မာဒ် ဒုဂ်ံ ဝိဓိယတေ။ ၅။
တတ် သျာဒါ ယုဓ သမ္ပန္နံ ဓနဓာနျေန ဝါဟနဲး။
ဗြာဟ္မဏဲး ဘိလ္ပိ ဘိယန္တြဲ ယဝသေ နောဒကေန စ။ ၆။
တသျ မဓျေ သုပယာ္ပ္တံ ကာရယေဒ် ဂြိဟမာတ္မနး။
ဂုပ္တံ သဝ်ဏ္ဏုကံ သုဘြံ ဇလ ဝြိက္ခ သမန္ဝိတမ်။ ၇။
တဒဓျာသျောဒွဟေဒ် ဘာယျ်ာ သဝဏ်ာံ လက္ခဏာနွိတာမ်။
ကုလေ မဟာတိ သမ္ဘူတာံ ဟြိဒျာံ ရူပ ဂုဏာနွိတာမ်။ ၈။
ပုရောဟိတံ ပြကုဝ်ီတ ဝြိဏုယာဒေဝ စဂ်တွိဇမ်။
တေ အသျ ဂြိဟျာဏိ ကမ်ာဏိ ကုယျု ဝဲတာနိ ကာနိစ။ ၉။
(မနု-၇၊ ၆၅၊ ၆၆၊ ၆၈၊ ၇၄-၇၈။)

အမတ်အား တရားစီရင်ဆုံးဖြတ် (အပြစ်ဒဏ် ပေးနိုင်သော) အခွင့်အရေး၊ မင်းအား ဘဏ္ဍာတော်နှင့် အုပ်ချုပ်ရေး၊ မင်းတိုင်းအဖွဲ့အား

အားလုံးသော အခွင့်အရေး၊ သံအမတ်အား တိုင်းတပါးတို့နှင့် ဆက်သွယ်ရေး ခွဲရေး (စစ်ကျေညာရေး) ကို ပေးအပ်ရာသည်။ ၁။

သံအမတ် ဆိုသည်မှာ မစည်းလုံး မညီညွတ်သည်ကို စည်းလုံးညီညွတ်အောင်၊ စည်းလုံးညီညွတ်နေသော ရန်သူတို့ကို ပိတ်ဝမ်းကွဲအောင် ပြုရာသည်။ ရန်သူများ၌ သွေးခွဲနည်းကို သံအမတ်က ဆောင်ရွက်ရာသည်။ ၂။

ထိုဘုရင် – ဝါ – သမတ၊ ပါလီမန် အမတ်များနှင့် သံအမတ်စသော အရာရှိတို့သည်၊ အခြားအတိုက်အခံဖြစ်သော မင်း၏နိုင်ငံတော် အခြေအနေကို ကောင်းစွာ သိသည်ဖြစ်၍ မိမိတို့ တိုင်းပြည်နိုင်ငံ မနစ်နာရအောင် ကြိုဆောင် အားထုတ်ရာသည်။ ၃။

ထို့ဖြစ်၍ လှပထူထဲသော တောတောင်ဥစ္စာ စပါးဖြင့် ပြည့်သော နေရာ ပြည်နယ်တွင် (ဓနုဒုရဂမ်) လေးမြှား လက်နက်ကိုင် စစ်သားတို့ဖြင့် ကာကွယ်အပ်သော၊ (မဟီဒုရဂမ်) မြေထုံတိုင်းဖြင့် ရံအပ်သော၊ (အဗဒုရဂမ်) ရေ (ကျုံး) ဖြင့် ဝိုင်းရံအပ်သော၊ (ဝါရကျွမ်) လေးဘက်ပတ်လည် တောဖြင့် ခြံရံအပ်သော၊ (နရဒုရဂမ်) စစ်တပ်ဖြင့် ရံအပ်သော (ဂိရိဒုရဂမ်)တောင်တို့ဖြင့် ခြံရံအပ်သော ခံတပ်ကို တည်ထျက် ထိုခံတပ်အတွင်း၌ မြို့တည်၍ နေရာသည်။ ၄။

ထို့ပြင် မြို့ပတ်လည်တွင် အမြင် အရာမိတ်တိုင်းကာ လုပ်ရမည်။ အကြောင်းကား၊ ထိုအကာအရံ အတွင်း၌ နေသော ရဲရင့်သော လေးကိုင်သူရဲ တယောက်သည် ရန်သူတရာနှင့်ရင်း၊ သူရဲတရာသည် ရန်သူတသောင်းနှင့်ရင်း စစ်ထိုးနိုင်၏။ ထို့ဖြစ်၍ ခံတပ်ကို မချဆောက်လုပ်အပ်၏။ ၅။

ထိုခံတပ်သည် လက်နက်များ၊ ဥစ္စာဓန၊ ဆန်စပါး၊ ယဉ်ရထားများ၊ အတတ်ပညာသင်ပေး ဘောဖြောဆိုမှုရန် ပုဏ္ဏားပညာရှိ၊ လက်သမား၊ အမျိုးမျိုးသော စက်ယန္တရား အစာရေစာ၊ မြက်နှင့်ရေတို့ဖြင့် ပြည့်စုံနှက်နေရာသည်။ ၆။

ထိုခံတပ်အတွင်း အလယ်ဗဟိုတွင် ဗိမ်အလို့ငှါ ရေ, သစ်ပင်, ပန်းမာလ် စသည်တို့ဖြင့် ခြံရံအပ်သော၊ အားလုံးသော ဥတုတို့၌

ချမ်းသာမှုကို ပေးတတ်သော၊ မင်းမှုကိစ္စ အားလုံးကို စီမံဆောင်ရွက်နိုင်လောက်သော အိမ်ဖြူတော်ကို ဆောက်လုပ်ရာသည်။ ၇။

ဖြဟ္မစရိယကျင့်ခါ ပညာသင်ကြား၍ အထက်တွင် ပြခဲ့သော မင်းမှုတို့ကို ဆောင်ရွက်ပြီးနောက်၊ ရုပ်ရေလှပ၍ ဂုဏ်အပေါင်းနှင့် ပြည့်စုံသော၊ ယောကျ်ားတို့ နှလုံးကို ရွှင်ပြုံးနှစ်သက် စေတတ်သော၊ မြင့်မြတ်သော အမျိုးမှ ပေါက်ဖွားလာသော၊ ကောင်းမြတ်သော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော မိမိ၏ ခတ္တိယအနွယ်ဝင် အမျိုးစင်ဖြစ်၍ မိမိကဲ့သို့ အတတ်ပညာစသော ဂုဏ်, ကိစ္စ, သဘာဝ တူမျှသော မိန်းမနှင့် လက်ထပ်ထိမ်းမြားလျက်၊ အခြားမိန်းမတို့အား မသွားမလာအပ်သော မိန်းမဟု ယူဆခါ၊ မျက်စေ့ဖြင့်ပင် မကြည့်ရာ။ ၈။

ပုရောဟိတ်နှင့် ယဇ်ပုရောဟိတ်တို့ကို၊ နန်းတွင်း၌ မီးပူဇော်ခြင်းစသော ဘာသာရေး ပူဇော်ပသမှုတို့ကိုပြုရန် ခန့်အပ်ထားရာသည်။ မိမိမှုကား၊ အခါခပ်သိမ်း တိုင်းရေးပြည်မှုတို့ကို၊ လိုလေသေးမရှိအောင် ဆောင်ရွက်နေရာသည်။ တနည်းဆိုရသော်, ဤသို့ရွက်ဆောင်အားထုတ်ခြင်းသည်ပင် မင်းစိုးရာဇာတို့၏ နိစ္စဗဒ်– ကျင့်ဝတ်တရား ဖြစ်ပေ၏။ ၉။

သံဝဏ္ဏရိ ကမာဃွိသွ ရာသူရာ ဒါဟာရယေ ဓူလိမ်၊
သျာဂ္ဂွားမွာယပရော လောကေ ဝဋ္ဋေတ္တ ပိတြိဝန္ဒြေသု၊ ၁။
အဿုကျွာန် ဝိဝိဓာန် ကုယီဘတ် တတြတတြ ဝိပဿိတား၊
တေ အသျ သဗ္ဗဂါဏျ ဝေကျွေရန် ဒြိဏာဝ် ကာယီဘဏိ ကုဝ
တာမိ။ ၂။
အာပြိဏ္ဍာနာ် ဂုရုကုလာဒ္ဒိ ပြာဏာဝ် ပုဇကော ဘဝေတ်၊
ဒြိပါဏာမကျွယော ပျေသ နိမိဖြာပေဘ္ဗာ ဝိဓိယတေ။ ၃။
သမောဏ္ဍမာ ဓမဲ ရာဇာ တွာဟူတား ပါလယန် ပြဇား၊
နဒီဝတော်ထ သံဂြာမာတ် ကျွာတြဲ ဓမ် မနူသူရန်။ ၄။
အာဟာဝေသု မိထော အနျောနျံ ဇိဃာံသန္တော မဟီက္ခိတား၊
ယုဓျမာနား ပရံ သကျာ သွဂ်ံ ယာန္တျ ပရာင်မုခါး၊ ၅။

နှ့စ ဟာချာတ် ညူလာချုပ် နှ လွှိဂ် နှ ကြိုတာချွတ်ပိမ်၊
နှ မုတ္တ ကောသံ နှာသိန့် နှ တဝါဘ္ဘိတ် ဝါဒ်နှာမ်၊ ၆၊
နှ သုပ္ပံ နှ ဝိသန္နာဟ် နှ နှဝ္ဝံ နှ နိရာယပုခမ်၊
နှာ ယုမ္ဘမာန့် ပသူန္တံ နှ ပရေန သမာဂတမ်၊ ၇၊
နှာယုခဗျသန့် ဖြာပ္ပံ နှာဂ္ဂံ နှာတိပမိက္ခုထမ်၊
နှ ဘီတံ နှ ပရာဖြိတ္တံ သတာံ ခမ် မနုသ္သရန်၊ ၈၊
ယဿု ဘီတး ပရာဖြိတ္တး သဖြာမေ ဟာချတေ ပရဲး၊
ဘတ္တုံယိ်ဒ် ဒုဿြိတံ ကိဋ္ဌိတ္တတ္တဖ်ံ ဖြတ်ပချောတ၊ ၉၊
ယစ္စာသူ သုကြိတံ ကိံစိဒ် မုတြာထ်ရပါ ဖိတမ်၊
ဘတ္တ္တာတဿဖ်မာ ဒတ္တေ ပရာဖြိတ္တဟာ တသူ တုး ၁၀၊
ရထာ သ္ပံ ဟာဿိန့် ဆတြဲ ခနံ မာချံ ပသုန် ဩ်ယး၊
သဗ် ဖြဗျာဂ်ကိ ကုပ္ပံစ ယော ယစ္စယတိ တသူ တတ်၊ ၁၁၊
ရာဉသွ ဒချံု ရှဋ္ဌါရမိတျေသာ ဝဲဒိကိ ဩြုတိး၊
ရာဉစ သဗ်ယောခေဘျာ ဒါတဗျ မဖြိထဂ်ဖိထမ်၊ ၁၂၊
(မနု·၇၊ ၈၀–၈၂၊ ၈၇၊ ၈၉၊ ၉၁–၉၇၊)

နှစ်စဉ်ကြေး(အခွန်တော်)ကို သစ္စာရှိသူ (အရာရှိ) တို့ဖြင့် ကောက်ခံစေရာသည်၊ သမတဖြစ်သော ဘုရင်နှင့် အရာရှိကြီးတို့သည် ဝေဒကျမ်းဆိုနှင့် အညီ တိုင်းသူ ပြည်သားတို့အား၊ ဘခင်ကဲ့သို့ ပြုမူ ဆက်ဆံရာသည်၊ ၁၊

ထိုအုပ်ချုပ်မှု၌ ဌာန အသီးသီးတို့တွင် အကြီးအကဲတို့ကို ပါလီမန်အဖွဲ့က ခန့်အပ်၍ ဆိုင်ရာဌာန အမှုထမ်းတို့သည် စည်းမျဉ်း ဥပဒေနှင့်အညီ အမှုထမ်းရာ၌ အမှုထမ်း ကောင်း၊မကောင်းကို ကြည့်၍၊ အထိုက်အလျောက် ချီးမြှောက် ထောက်ပံ့ခြင်း၊ အပြစ်ဒဏ် ပေးခြင်းကို ပြုရာသည်၊ ၂၊

ဖြပဉ္စရိယ အကျင့်ကို ကျင့်၍ ဝေဒကျမ်းစာတို့ကို သင်ကြားတတ်မြောက်လာသူ၊ ထိုသူအား အဆိုပါကျမ်းစာတို့ကို ပို့ချ သင်ကြား

ပေးသူ ဆရာတို့အား၊ ဝေဒကျမ်းဂန် ပြန့်ပြောရေး အလို့ငှါ မင်းနှင့် ပါလီမန်က မူဇော်သက္ကာရ ပြုရာသည်။ ၃။

ဤသို့ ပြုခြင်းကြောင့် တိုင်းပြည်တွင် အတတ်ပညာ တိုးပွား၍ တိုင်းပြည်ကြီးပွား ချမ်းသာလေသည်။ ဘယ်ခါမဆို၊ မိမိငယ်သော၊ တန်းတူဖြစ်သော၊ သာလွန်အားရှိသော အခြားသော မင်းတို့က၊ စစ်ကျေညာခဲ့သော်၊ ခတ္တိယတို့ ကျင့်ဝတ်တရားကို နှလုံးသွင်းလျက် စစ်မြေပြင်သို့ သွားခြင်းမှ ရှောင်ဖယ်ခြင်း မပြုမူ၍၊ မိမိအောင်မြင်အောင် အလုံးလိုမှာ စွာဖြင့် စစ်ထိုးရာသည်။ ၄။

စစ်ပွဲ၌ ထဘက်သား ရန်သူတို့အား တိုက်ခိုက်သတ်ဖြတ်လိုသော ဆန္ဒဖြင့် မင်းတို့သည် စွမ်းအားရှိသလောက် ကြောက်ရွံ့ နောက်ဆုတ်ခြင်း မရှိဘဲ ရဲရင့်စွာ တိုက်ခိုက်သော မင်းတို့သည် ချမ်းသာကို ရကုန်၏။ ဤသို့ တိုက်ခိုက်ခြင်းမှ မျက်နှာမလွဲရာ။ သို့သော်, တခါတလေ ရန်သူကို အောင်မြင်ရန် အလို့ငှါ ရန်သူ့မျက်မှောက်မှ ရှောင်တိမ်း ပုံးလျှိုးခြင်း လည်း ပြုရာသည်။ အကြောင်းကား၊ ရန်သူအား အောင်မြင်သော နည်းကို အသုံးပြုရာသည်။ ဥပမာ–ကေသရာဇာ ခြင်္သေ့သည် ဒေါသ အမျက်ကြောင့် မီးလက်နက် ရှေ့မှောက်သို့ ဝင်ရောက်ခါ ချက်ခြင်း လောင်ကျွမ်း သေကြေသွားရဘိသကဲ့သို့၊ ဉာဏ်ပွဲခြင်းကြောင့် ပျက်စီး ခြင်းသို့ မရောက်စေရာ။ ၅။

စစ်ပွဲ၌ ဟိုဟိုဒီဒီ သွားလာနေသူ၊ နပုံးပဏ္ဍုက်၊ လက်အုပ်ချီနေသူ (လက်မြှောက်နေသူ)၊ ဆံပင်ယောင်ထုံးပြေနေသူ၊ ထိုင်နေသူ၊ "သင့်မြေ ဖဝါးအောက် ဝင်ရောက်နေပါသည်"ဟု ပြောဆိုတောင်းပန်သူ၊ အိပ် ပျော်နေသူ၊ သတိလစ်နေသူ၊ ဝတ်လစ်စလစ်ဖြစ်နေသူ၊ လက်နက်မှ ကင်းသူ၊ တိုက်ခိုက်ခြင်း မပြုသူ၊ ကြည့်နေသူ၊ ရန်သူ၏အပေါင်း ၆။

လက်နက်မှန်၍ နာကြွင်ခံစားနေရသူ (ဒဏ်ရာရပြီးသူ)၊ ဆင်းရဲ ဒုက္ခရောက်နေသူ၊ ဒဏ်ချာပြင်းထန်သူ၊ လန့်ဖြတ်ကြောက်လန့်နေသူ၊ ထွက်ပြေးနေသူတို့အား သူတော်ကောင်းတို့ တရားကိုသိသူ သူရဲကောင်း တို့၊ မည်သည့်အခါမျှ သတ်ဖြတ်ခြင်း မပြုရာ။ သို့သော်, ထိုသူတို့အား ဖမ်းဆီးလျက် ထောင်ချုပ်ထဲ၌ ချုပ်ထားပြီးလျှင် အဝတ်အစားကို

စည်းကမ်းအတိုင်းပေးခြင်း၊ ဒဏ်ရာရသူတို့အား၊ ဆေးဝါးကုသခြင်းကို နည်းလမ်းအတိုင်း ပြုရသည်၊ ၎င်းစစ်အကျဉ်းသားတို့အား၊ ရုက္ခပေးခြင်း၊ နောက်ပြောင်ခြင်း မပြုရ။ သူတို့နှင့် ထိုက်တန်သော အလုပ်ကို ခိုင်းရသည်၊ အထူးအားဖြင့် မိန်းမ, ခလေး, လူအို သေါကရောဂါရများသူတို့အား၊ ဘယ်တော့မှ မပစ်ခတ်ရ၊ ရန်သူစစ်သားတို့၏ သားသမီးနှင့် မိန်းမတို့ကို မိမိ၏ သားသမီးကဲ့သို့ မွေးမြူစောင့်ရှောက်ရသည်၊ မိန်းမတို့ကို မိမိ၏ ညီမ-အမ - သမီးရင်းကဲ့သို့ သဘောထား၍၊ ကာမစိတ်ဖြင့် ကြည့်ပင်မကြည့်အပ်ပေ။ တိုင်းပြည် ကောင်းစွာ အေးချမ်း၍ နောက်ထပ် စစ်ဖြစ်ရန် သံသယ ကင်းရှင်းသောအခါ ၎င်းတို့အား၊ လေးစားစွာဖြင့် လွှတ်ပစ်ပြီးလျှင် ၎င်းတို့ တိုင်းရင်းပြည်ရွာတို့သို့ ပို့ပေးရသည်၊ အနာဂတ်ကာလ၌ အနှောင့်အရှက်ပေးမည် ထင်ရသော သူတို့ကိုကား အမြဲတန်း အကျဉ်းချထားရသည်၊ ၈။

စစ်တိုက်ရင်း၊ ကြောက်လန့်၍ ထွက်ပြေးသူ၊ ကြောက်ရွံ့ တုန်လှုပ်သောသူ စစ်သားသည် ရန်သူ့လက်နက်ဖြင့် သေလွန်သွားအံ့၊ မိမိ၏ သခင်အား သစ္စာဖေါက်မှုဖြင့် (တမလွန် ဘဝတွင်) အပြစ်ဒဏ်ခံရမည်၊ ၉။

ထိုသစ္စာဖေါက်သော စစ်သားသည် ပစ္စုပ္ပန် တမလွန် ဘဝ၌ ရရှိခံစားရလတ့်သော ဂုဏ်ကျေးဇူးကိုလည်း သူ၏သခင်ကပင် ရယူရသည်။ ထွက်ပြေးရင်း အသတ်ခံရသော စစ်သားသည် ချမ်းသာသုခ တစုံတရာမရဘဲ၊ သူ၏ကုသိုလ် အကျိုးတရား ဆုံးထုံးသွားရရှာလေသည်၊ တရားသဖြင့် စစ်ထိုးသူသာလျှင်၊ ထိုသူရဲကောင်းတို့ ဂုဏ်ကျေးဇူးအထူးကို ရရှိခံစားရ၏။ ၁၀။

တိုင်းပြည်ရှင်ဘုရင်တို့၊ အထူးစောင့်ထိန်းအပ်သော ကျင့်ဝတ်-စည်းမျဉ်းတပါးသည်ကား - စစ်ပွဲတွင် အကြွင်စစ်သားနှင့် စစ်မှုထမ်းကြီးတို့သည် ရထား (ယဉ်)၊ မြင်း၊ ဆင်၊ ထီး၊ ဥစ္စာ၊ ဆန်စပါး၊ နို့ညှစ်နွားမ စသော တိရစ္ဆာန်နှင့် မိန်းမအပြင် အခြားသော အရာဝတ္ထုများ၊ ထောပတ်၊ ဆီစသည်ကို တိုက်ရာပါ ပစ္စည်းအဖြစ် ရခဲ့သော်၊ ထိုရသူသည်သာ၊ အဆိုပါပစ္စည်းတို့ကို ပိုင်ဆိုင်ရယူရာ၏။ ၁၁။

ထို့သော်, စစ်သားသူရဲတို့သည်လည်း၊ ထိုတိုက်ခိုက် ရယူအပ်သော ပစ္စည်းတို့တွင် ထဆယ့်ခြောက်ပုံ တပုံကို မင်းအား ပေးဆက်ရာသည်။ ထို့ပြင် စစ်တပ်က ရပေါင်းတိုက်ခိုက် ရရှိအပ်သော ပစ္စည်းတို့မှ ထဆယ့်ခြောက်ပုံတပုံကို စစ်သည်တော်တို့အား၊ ဝေခြမ်းပေးရာသည်။ အကယ်၍ စစ်သည်တော် စစ်ပွဲ၌ သေဆုံးသွားခဲ့လျှင်၊ ၎င်း၏ မယားနှင့် သားသမီးတို့အား၊ ထိုဝေရကို ပေးရာသည်။ သူ၏မသန်စွမ်းသော သား မယားတို့အား မွေးမြူစောင့်ရှောက်ရာသည်။ သားသမီးအရွယ်ရောက်လာ သောအခါ၊ ထိုက်တန်သော အလုပ်ကို ပေးအပ်ရာသည်။ မိမိတို့တိုင်းပြည် နိုင်ငံ တိုးတက်ရေး၊ ဂုဏ်ရှိရေး၊ အောင်မြင်ရေးနှင့် ချမ်းသာ ရွှင်ပြရေး ကို လိုလားသူ ဟူသမျှ ဤစည်းမျဉ်းကို ကြွေးကျော်ခြင်း ဘယ်တော့မှ မပြုရာ။ ၁၂။

အလဗ္ဘံ စဝ လိပ္ပေတ လဗ္ဘံ ရက္ခေတ ပြယတ္တတား။
ရက္ခိတံ ဝဍ္ဎယေတ္တေဝ ဖြဒ္ဓံ ပါဂြေဒသု နီးကျွဲပေတ်။ ၁။
အလဗ္ဗ မိဿေ္တဒ္ဒဿေန လဒ္ဓံရက္ခေဒဝေက္ခယာ။
ရက္ခိတံ ဝဍ္ဎယေဒ် ဖြဒ္ဓယာ ဖြဒ္ဓံဒါနေန နီးကျွဲပေတ်။ ၂။
အမာယယံဝ ဝတ္တေတ န ကတံစန မာယယာ။
ဗုဒ္ဓေါ ထာရိဖြယုက္တဉ်စ မာယာန္တိတျံ သုသံဖြတား။ ၃။
နာသျ ဆိဖြံ ပရော ဗိဒျာဒ္ဆိဖြံ ဗိဒျာတ္ပရသျတု။
ဂူဟေတ္ကူမ် ဣဝါင်္ဂါနိ ရက္ခေဒ္ဝိဝရမာတ္မနး။ ၄။
ဝကာဝစ္စိန္တယေ ဒထာံန် သိံဟာဝစ္စ ပရာကြမေတ်။
ဖြိကာဝစ္စာဝလုမ္ပေတ သသာဝစ္စ ဝိနိသ္ပတေတ်။ ၅။
ဧဝံ ဝိဇယမာနသျ ယေအသျ သျုးပရိပန္ထိနး။
တာနာနယေဒ္ဝသံ သဗ်ာန် သာမာဒိ ဘိရုပကြမဲး။ ၆။
ယထောဒ္ဓရတိ နိဒါတာ ကက္ခံ ဓာနျံစ ရက္ခတိ။
ထထာ ရက္ခေန္နိပေါ် ရာဇ္ဇံ ဟနျာစ္စ ပရိပန္ထိနး။ ၇။
မောဟာဒြာဇာ သွရာဇ္ဇံ ယး ကသ်ယတျနဝေက္ခယာ။
သော အစိရာဒ် ဘြဿတေ ရာဇ္ဇာဇ္ဇီဝိတာစ္စ သဗာန္ဓဝး။ ၈။

သဒ္ဓိရက္ခိ အာဇီဝါ‌ဘောဂါ ကျွဲယန္တော့ ဖြာဏိနှံ ယထာ၊
တထာ ရာဇုမဝိ ဖြာထား ကျွဲယန္တော့ ရာသူရ ကာယ်ထောင်၊ ၉၊
ရာသူရသူ၊ သံဂြဟော နိုတျံ ဝိဓာနံ မိဒ မာစရေတ်၊
သုသံဂြိဟိတ ရာသူရော်ဟိ ပါဒ်ဝိ သုခ မေဓတေ၊ ၁၀၊
နှယော ချုံယာထော် ပဋ္ဌာနှံ မလွှေဂူဌ မဓိဗ္ဗိထ်မ်၊
တထာ ဂြာမ သတာနှံစ ကုယျာ ဖြာသူ ရသူ သံဂြဟမ်၊ ၁၁၊
ဖြာမသျှာမိပတိ ကုယ်ာဒွါ ဂြာမပတိ တထာ၊
ဝိ°သတိသံ သတေသံစ သဟာဒြပတိ မေဝစ၊ ၁၂၊
ဖြာမေ ဒေါသာနှ် သမုတ္တုန္တာနှ် ဖြာမိကား သနုကဲ ဿုယာမ်၊
သံဒေဒ် ဖြာမဒသေ သာယ ဒသေသော ဝိ°သတိ ဘိနုမ်၊ ၁၃၊
ဝိ°သတိ သဒ္ဒ တဗ္ဗဖ် သတေသာယ နိဝေဒယေတ်၊
သံဒေဒ် ဂြာမသတေ သဒ္ဒု သဟာဒြ ပတယေ ဿုယာမ်၊ ၁၄၊
တေသာံ ဂြာမျာဏိ ကာယ်ာဏိ ပြိထက္ကာယ်ာဏိ ဝံဝပိ၊
ရာဇော‌အန္ယး သစိဝး သိဒ္ဓပဿ္ယာနိ ပဿေဒ ထန္တြိတး၊ ၁၅၊
နဂရေ နဂရေ စဲကံ ကုယ်ာတ် သဗ်ါထံ စိန္တကမ်၊
ဥစ္စဲဿ္ယာနံ ဃောရရူပံ နက္ခတြာဏာမိဝ ဖြဟမ်၊ ၁၆၊
သတာနုနှ် ပရိကြာ မေဝတ် သဗ်ါနေဝ သဒါ ဿုယာမ်၊
တေသာံ ဖြိတ္တံ ပရိဏာယေတ် သမျ ဖြာသူရေသု တစ္စရဲး၊ ၁၇၊
ရာဇ္ဇောဟိ ရက္ချာဓိကြိတား ပရဿွာ ဒါယိနး သဌား၊
ဘြိတျာ ဘဝန္တိ ဖြာယေဏ တေဘျော ရက္ခေ ဒိမား ဖြဇား၊ ၁၈၊
ယေကာ:ဖိ ကေဘျောထ်မေဝ ဖြိဟ္ဏီယုး ပါပ စေတသး၊
တေသာံ သဗ်သွမာ ဒါယ ရာဇာ ကုယ်ာတ် ဖြဝါသနမ်၊ ၁၉၊
(မနု·၇၊ ၉၉၊ ၁၀၁၊ ၁၀၄၊ ၁၀၇၊ ၁၁၀၊ ၁၁၇၊ ၁၂၀၊ ၁၂၄၊)

မင်းနှင့် မင်းတိုင်ပင် အဖွဲ့သည် မရသေးသော အရာကို ရလိုသော ဆန္ဒရှိရာသည်၊ ရပြီးသောအရာကို အားထုတ် စောင့်ရှောက် ထားရာသည်၊ စောင့်ရှောက်ထားသော အရာကို တိုးပွားအောင် ပြုရာသည်၊

တိုးပွားပြီးသော ပစ္စည်းဥစ္စာတို့ကို ဝေဒပညာ၊ ဘာသာတရား ဖြန့်ပွားရေး၊ စာသင်သား ဝေဒပညာကို ဖြန့်ဖြူးသူ၊ မသန်စွမ်းသူတို့အား မွေးမြူ စောင့်ရှောက်ရာ၌ သုံးစွဲရာသည်။ ၁။

ဤလေးပါးသော အားထုတ်မှုကို သိထားရာသည်၊ ပျင်းရိခြင်းကို စွန့်၍ အမြဲတန်း အားထုတ် ဆောင်ရွက်ရာသည်။ စွမ်းအားဖြင့် မရသေးသော အရာ (ဥစ္စာ)ကို ရလိုစေရာသည်၊ ရပြီးသည်ကို ကြိုးကြပ်စောင့်ထိန်း ထားရာသည်၊ စောင့်ထိန်း ထားအပ်သော ဥစ္စာကို အတိုးယူခါ တိုးပွားအောင် ပြုရာသည်၊ တိုးပွားပြီးသော ဥစ္စာကို ပြခဲ့သော နည်းလမ်း (ကိစ္စ) တို့တွင် အမြဲအသုံးပြုရာသည်။ ၂။

မည်သည့်အခါမျှ လိမ်လည်ခြင်း မပြုရာ၊ သို့သော်, ရိုးသားဖြောင့်မတ်စွာ အားလုံးသူတို့နှင့် ဆက်ဆံရာသည်၊ အခါခပ်သိမ်း မိမိကို ကာကွယ်လျက် ရာန်သူ၏ ပရိယာယ်ကိုသိခါ၊ ပြုမှုဆက်ဆံရာသည်။ ၃။

ရာန်သူ တစုံတယောက်သည် မိမိ၏ ချွတ်ယွင်းမှု -ဝါ-အားနည်းခြင်းကို မသိစေရာ၊ မိမိကိုယ်တိုင်ကား ရာန်သူ၏ ချွတ်ယွင်းမှုကို သိထားရာသည်။ လိပ်သည် မိမိ၏ ခန္ဓာကိုယ်ကို လျှို့ဝှက်ထားဘိသကဲ့သို့၊ ရာန်သူဝင်ရောက်နိုင်သော အပေါက် (အပြစ် အနာ အဆာ) တို့ကို၊ လျှို့ဝှက်ထားရာသည်။ ၄။

မျိုးငှက်သည် အာရုံရှုးမိုက်လျက် ငါးကိုဘမ်းယူ၍ မိုက်ကြည့်ဘိသကဲ့သို့၊ ဥစ္စာပစ္စည်း ရဆောင်းရန် ရှုးမိုက်စဉ်းစားရာသည်။ ဥစ္စာပစ္စည်းနှင့် စွမ်းအားကို တိုးပွားအောင်ပြုခါ ရာန်သူအား အောင်မြင်အောင် ခြင်္သေ့ကဲ့သို့ စွန့်စားအားထုတ်ရာသည်။ ကျားသစ်ကဲ့သို့ ပုံးလျှိုးခါ ရာန်သူကို ဘမ်းဆီးရာသည်၊ အနီးသို့ ရောက်လာသော စွမ်းအားကြီးမားသော ရာန်သူတို့မှ၊ ယုန်ကဲ့သို့ ထွက်ပြေးပြီးမှ၊ စစ်ပရိယာယ်မာယာဖြင့် ဘမ်းဆီးရာသည်။ ၅။

ဤနည်းဖြင့် အောင်နိုင်သော မင်း၏ တိုင်းပြည်နိုင်ငံတော်၌ရှိ သူခိုးဓားပြတို့ကို ဖွဲ့ဆောင်ပေါင်းသင်းခြင်းဖြင့်၎င်း၊ တစုံတရာ လာဘ်သပ္ပကာ ပေးကမ်းခြင်းဖြင့်၎င်း၊ သွေးခွဲသောနည်းဖြင့် သင်းကွဲစေ၍၎င်း၊

မိမိအလိုသို့ ပါစေရာသည်၊ ဤပြဲခဲ့သောနည်းဖြင့် အလိုသို့မလိုက်ခဲ့သော်၊ အသေးဖြင်းထန်သော အပြစ်ဒဏ်ကိုပေး၍ မိမိအလိုသို့ပါအောင် ဆွဲဆောင်ရာသည်၊ ၆၊

လယ်သမားသည် စပါးခွန်ကိုပယ်၍ ဆန်စေ့ကို စောင့်ရှောက်ထားဘိသကဲ့သို့ မင်းသည် သူခိုးထားပြတ်ကို သုတ်သင်ပယ်ရှားလျက် နိုင်ငံတော်ကို စောင့်ရှောက်ထားရာသည်၊ ၇၊

အကြင်မင်းတပါးသည် အဝိဇ္ဇာ=မောဟ ဖုံးလွှမ်း၍ မစဉ်းစားဘဲ မိမိ၏ တိုင်းပြည်ကို အားနည်းအောင်ပြု၏၊ ထိုတိုင်းပြည်နှင့် မင်းသည် ဆွေမျိုး ညာတိနှင့် တကွ သက်တမ်းမစေ့မီပင် ပျက်စီးခြင်းသို့ ရောက်ရ၏။ ၈။

ခန္ဓာကိုယ်ကို အားနည်းအောင် ပြုခြင်းကြောင့် အသက်တိုရဘိသကဲ့သို့ တိုင်းသူပြည်သားတို့အား အားနည်းအောင်ပြုလျှင် မင်းလည်း အားနည်းပျက်စီးခြင်းသို့ ဆွေမျိုးနှင့်တကွ ရောက်ရလေသည်၊ ၉၊

ထို့ကြောင့် မင်းနှင့် မင်းတိုင်ပင် အဖွဲ့သည်၊ အုပ်ချုပ်မှု ထမြောက်အောင်မြင်စေရန် အားထုတ်ကြိုးစားရာသည်၊ တိုင်းပြည်အုပ်ချုပ်စီမံမှု၌ အမြဲတန်း အသင့်ရှိနေသော မင်း၏ စည်းစိမ်သုခသည် အမြဲတိုးတက်နေလေသည်၊ ၁၀၊

သို့ဖြစ်၍ နှစ်ရွာ၊ သုံးရွာ၊ ငါးရွာ၊ ရွာတရာ အလယ်တွင် ရုံးတရုံးစီထားလျက် အရည်အချင်းရှိသော အရာရှိတို့ကို ခန့်အပ်၍၊ ပြည်တွင်းအုပ်ချုပ်စီမံမှုကို ပြီးစီးပြည့်စုံစေရာသည်၊ ၁၁၊

တရွာလျှင် ရွာသူကြီး တယောက်စီထား၍ ထိုဆယ်ရွာပေါ်တွင် အကြီးအကဲ တယောက်၊ ထို ရွာနှစ်ဆယ်ပေါ်တွင် အကြီးအကဲတယောက်၊ ထိုရွာတရာပေါ်တွင် တယောက်၊ ထိုရွာပေါင်း တထောင်ပေါ်တွင် အကြီးအကဲတယောက် ခန့်ထားရာသည်၊ တနည်း ဥပမာကား—ယခုကာလ ရွာတရွာလျှင် မြေတိုင်းစာရေး တယောက်စီ၊ ထိုရွာမျိုးဆယ်ရွာတွင် ဌာနာ (ဂါတ်တဲ) တခု၊ ကင်းဂိတ်နှစ်ခုပေါ်တွင် ကင်းဂိတ်ကြီးတခု၊ ထိုကင်းဂိတ်ကြီး ငါးခုပေါ်တွင်၊ အခွန်ဝန် ရုံးထမ်း၊ အခွန်ဝန်ရုံး

ဆယ်ရုံးပေါ်က၊ စီရင်ရုတခု သတ်မှတ်ထားခြင်းသည်လည်း၊ မနုဓမ္မ သတ် စသည့် စာပေလာ နည်းနာအရ စီစဉ် သတ်မှတ်ခြင်းသည်ပင် ဖြစ်၏။ ၁၂။

ဤနည်းအတိုင်း စီမံရာသည်၊ ထို့ပြင် အမိန့်ထုတ်ဆင့်ထားရမည် ကား–ရွာသူကြီး တယောက်သည် မိမိရွာ၌ ဖြစ်ပေါ်သောအဖြစ် မှုခင်း တို့ကို၊ ဆယ်ရွာပိုင် အရာရှိအား လျှို့ဝှက်စွာ သတင်းပေးပို့ (အစီရင်ခံ) ရမည်။ ထိုဆယ်ရွာပိုင်က၊ ရွာနှစ်ဆယ်ပိုင် အရာရှိအား၊ နေ့စဉ် အစီရင် ခံရမည်။ ၁၃။

ရွာနှစ်ဆယ်ပိုင်ကလည်း ရွာတရာပိုင် အရာရှိအား နေ့စဉ် အစီရင် ခံရမည်၊ ထို့အတူ ရွာတရာပိုင်ကလည်း ရွာတထောင်ပိုင် အရာရှိထံ၊ မိမိပိုင် ရွာများ၏ အစီရင်ခံစာကို ပေးပို့ရမည်။ ၎င်းပြင် ရွာနှစ်ဆယ်ပိုင် အရာရှိ ငါးယောက်က ရွာတရာပိုင် အရာရှိကြီးကိုၝင်း၊ ရွာတထောင်ပိုင်သော အရာရှိ ဆယ်ယောက်က၊ ရွာတသောင်းပိုင် အရာရှိကြီးကိုၝင်း ရွာတသိန်းပိုင် မင်းတိုင်ပင် အဖွဲ့ကိုၝင်း နေ့စဉ် အစီရင်ခံရမည်။ ပြည် နယ် မင်းတိုင်ပင် အဖွဲ့နှင့် ဗဟိုပါလီမန် အဖွဲ့ကြီးတို့သို့၊ တပြည်လုံး၏ အခြေအနေ အဖြစ်အပျက်ကို အစီရင်ခံရမည်။ ၁၄။

ရွာပေါင်း တသောင်းပေါ်တွင် အရာရှိကြီးနှစ်ယောက် ခန့်ပြီးလျှင် တယောက်သည် မင်းတိုင်ပင် အဖွဲ့၌ၝင်း၊ အခြားတယောက်သည် ဥက္ကဌ အဖြစ်ဖြင့်ၝင်း၊ တရားသူကြီးစသော အမှုထမ်း အရာထမ်းတို့၏ အခြေ အနေကို လိုက်လံစစ်ဆေးနေရမည်။ ၁၅။

မြို့ကြီးတို့၌ မြင့်မောက်ခန့်ညားၡ၍ နက္ခတ်တာရာတို့ အလယ်တွင် လမင်းကဲ့သို့ ဖွာပကြီးကျယ်သော ရုံးကြီးတဆောင်စီ ဆောက်ရာသည်၊ ထိုရုံးတော်တို့၌ အတတ်ပညာရင့်သော၊ အတတ်ပညာဖြင့် အမျိုးမျိုး စစ်ဆေး စမ်းသပ်ပြီးသော၊ ပညာရှိကြီးတို့သည် ရုံးထိုင်စစ်ဆေးရာ သည်။ မင်းနှင့်ပြည်သူတို့ အကျိုးများမည့် စည်းမျဉ်းဥပဒေတို့ကို ပြုဆို ရာသည်။ ၁၆။

နေ့စဉ် လှည့်လည်ရှုစမ်းရသော အရာရှိကြီးအောက်တွင် ရုံထောက် များကို ခန့်ထားရာသည်၊ ထိုအရာရှိတို့နှင့် လူအမျိုးမျိုးတို့ ပါဝင်သော

အဖွဲ့က၊ အရာရှိနှင့် လူထုတို့၏အကျိုး – အပြစ်တို့ကို လျှို့ဝှက်စုံစမ်း၍ သိထားသည်ဖြစ်၍ အကောင်း–အဆိုး နှစ်မျိုးအားလျော်စွာ အပြစ်ပေးခြင်း၊ ချီးမြှောက်ခြင်းကို အမြဲပြုရသည်။ ၁၇။

တိုင်းသူ ပြည်သားတို့အား ကာကွယ်စောင့်ရှောက်ရန် အလို့ငှါ မင်းကခန့်ထားခြင်း ခံရသော အရာရှိသည် တရားရှိ၍ ကောင်းစွာ စစ်ဆေး စမ်းသပ်ပြီးသော ပညာရှိ အမျိုးကောင်းသား ဖြစ်ရသည်။ ထို အရာရှိ လက်အောက်တွင် လူဆိုးလူမိုက် သူခိုးထားပြတို့အား၊ မကောင်းမှုမှ ကာကွယ်ပေးရန် အရာရှိ ခန့်ထားရသည်၊ ထိုအရာရှိတို့ကိုလည်း ဤကာကွယ်ရေး အရာရှိတို့ လက်အောက်တွင်ထား၍၊ ပြည်သူ ရှုထု တို့အား ကာကွယ်စောင့်ရှောက်ရသည်။ ၁၈။

တရားလို တရားခံတို့ထံမှ မတရားသဖြင့် လာဘ်ယူ၍ တဖက်သတ် မတရား ဆုံးဖြတ်စီရင်သော အရာရှိ၏ ဥစ္စာပစ္စည်း အားလုံးကို သိမ်းဆိုက်ပြီးလျှင်၊ တဖန် ပြန်မလာနိုင်သော အရပ်ထပါးသို့ (တကျွန်းသို့) ပို့ထားရသည်။ အကြောင်းကား အကယ်၍ ထိုသူအား အပြစ်မပေးခဲ့သော်၊ သူ၏အတုကိုယူ၍ အခြားအရာရှိတို့လည်း ဤသို့ယုတ်မာသော ပြစ်မှုတို့ကို ပြုပေလိမ့်မည်။ အပြစ်ပေးကဲ့မှုကား၊ ထိုမတရားမှုတို့မှ ကင်းလွတ်ကြပေလိမ့်မည်။ သို့သော်၊ ထိုပြည်နှင်ဒဏ် ခံရသော အရာရှိတို့ စားသောက် သုံးစွဲနိုင် လောက်သော၊ ဝပြိုးကြွယ်ဝ နိုင်စေလောက်သော၊ လစာကိုငွေသော်ရင်း၊ မြေသော်ရင်း၊ လစဉ်, နှစ်စဉ် သို့မဟုတ် တကြိမ်တခါတည်း ပေးကမ်းရသည်။ အိုမင်းပြီးသောသူ ဆိုပါက၊ တဝက်ပေးရသည် သို့သော် တသက်တာ အတွက်သာ ပေးရသည်။ သေပြီးနောက် မပေးရ။ ထိုသို့ပင် ဖြစ်သော်ငြားလည်း သူ၏သားသမီး အဆက်အနွယ်ကိုကား၊ အရည်အချင်း အားလျော်စွာ၊ အလုပ်တာဝန် ရချပေးအပ် ခန့်ထားရသည်။ ထို့ပြင် သူ၏သားသမီးများ အရွယ်ရောက်သည် တိုင်အောင်၊ မိန်းမဖြစ်သူ အသက်ရှင်နေသရွေ့ ကာလပတ်လုံး၊ သူတို့အား၊ အစိုးရက အထိုက်အလျောက် ထောက်ပံ့ ထားရသည်။ သို့သော် သူ၏မယားနှင့် သားသမီးတို့ ဆိုးမိုက်ခဲ့သော်၊ ဘာမျှ မထောက်ပံ့ရ။ ဤစည်းမျဉ်း ဥပဒေကို မင်းသည် အခါခပ်သိမ်း ကျင့်ဆောင်ရသည်။ ၁၉။

ယထာ ဖလေန ယုဇျေတ ရာဇာ ကတ္တာစ ကမ်္မဏာမ်၊
တထာ ဝေက္ချယ နြိပေါ ရာဋ္ဌြေ ကလ္ပယေတ် သတတံ
ကရာန်၊ ၁၊
ယထာလ္ပာအလ္ပ မဒန္တျာ အဒျံ ဝါယျော ကောဝတ္သသဋ္ပဒါး၊
တထာ အလ္ပော အလ္ပော ဂြဟီတဗျော ရာဋ္ဌြာဒ် ရာဇ္ဉာဗ္ဒိကး
ကရး၊ ၂၊
နောစ္ဆိန္ဒျာ ဒါတ္မနော မူလံ ပရေသံ စာတိ တြိဿ္ဏယာ၊
ဥစ္ဆိန္ဒန် ဟျာတ္မနော မူလမာတ္မာနံ တာံသ္စ ပီဍယေတ်၊ ၃၊
တိက္ချဏာ. သ္စဲဝ မြိဒုသ္စ သျာတ္ကာရျံ ဝိက္ချယ မဟီပတိး၊
တီက္ချဏာ သ္စဲဝ မြိဒုသ္စဲဝ ရာဇာ ဘဝတိ သမ္မတး၊ ၄၊
ကြိတွာ သရွံ ဝိဓာယေ ဒမိတိ ကတ္တဗျ မာတ္မနး၊
ယုက္တသ္စဲဝါ ပြမတ္တသ္စ ပရိရက္ခေ ဒိမား ပြဇား၊ ၅၊
ဝိကြောသန္တျော ယသျ ရာဋ္ဌြာ ဟြိယန္တေ ဒသျုဘိ ပြဇား၊
သမ္ပသျတး သဘြိတျသျ မြိတး သနတု ဇီဝတိ၊ ၆၊
က္ချတြိယသျ ပရော ဓမ်း ပြဇာနာ မေဝ ပါလနမ်၊
နိဒ္ဒိသ္ဋ ဖလ ဘောက္တာ ဟိ ရာဇာ ဓမ္မေဏ ယုဇျတေ၊ ၇၊
(မနု-၇၊ ၁၂၈၊ ၁၂၉၊ ၁၃၉၊ ၁၄၀၊ ၁၄၂—၁၄၄။)

မင်းနှင့် အရာရှိ တိုင်းသူပြည်သားတို့ ချမ်းသာခြင်း အကျိုးကို ရည်ရွယ်လျက် မင်းနှင့် မင်းတိုင်ပင် အဖွဲ့သည် အခွန်အတုတ်ကို စည်းကြပ်ရာသည်။ ၁၊

မျော့၊ နို့ရိုသွားကလေးနှင့် ပျားပိတုံးတို့သည် နို့စသော ရသာရည်ကို နည်းနည်းစီ ရယူသောက်သုံး ဘိသကဲ့သို့၊ မင်းသည် လူထုထံမှ နှစ်စဉ်ကြေး (အခွန်တော်) နည်းနည်းစီ ယူရာသည်။ ၂၊

လောဘ အားကြီးခါ မိမိနှင့် အခြားသူတို့၏ ချမ်းသာမှု၏ အမြစ်အရင်းကို မဖြတ်တောက်ရာ၊ ဖျက်ဆီးခြင်း မပြုရာ၊ အဘယ့်ကြောင့် ဆိုသော်, ဆက်ဆံမှုနှင့် ချမ်းသာကို ဖျက်ဆီးခဲ့လျှင် မိမိနှင့် သူတပါးတို့အား ဒုက္ခပေးရာ ရောက်၏။ ၃၊

တိုင်းပြည် ရှင်ဘုရင်သည် အမှုအခင်းကို ကြည့်ရှု၍ ရုံ့ရင်း ခက်ထန်ခြင်းနှင့် နူးညံ့ သိမ်မွေ့ခြင်း ဖြစ်ရာသည်၊ ထိုမင်းသည် ရန်သူ ရန်မိတ်တို့ အပေါ်တွင် ခက်ထန်၍ သူတော်ကောင်းတို့ အပေါ်တွင် နူးညံ့ သိမ်မွေ့စွာ ဆက်ဆံခြင်းကြောင့် အသရေအရှိအသေပြုခြင်းကိုခံရ၏။ ၄။

ဆိုခဲ့သော နည်းနာအတိုင်း တနိုင်ငံလုံးကို စီမံအုပ်ချုပ်၍၊ အခါခပ်သိမ်း ပေါ့လျော့ခြင်းမှ ကင်းသည်ဖြစ်၍ လူထုအား ကာကွယ်စောင့်ရှောက်ရာသည်။ ၅။

မင်းမှုထမ်းများနှင့် တကွသော မင်း၏တိုင်းပြည်၌ ငိုကြွေးအော်ဟစ်နေသော ပြည်သူလူထု၏ အသက်နှင့် စည်းစိမ်ကို သူခိုး ဓားပြတို့ တိုက်ခိုက် လုယက်နေကြမည် ဆိုပါက၊ ထိုအမှုထမ်း အရာရှိ မှူးမတ် သေနာပတိနှင့် တကွသော မင်းသည် အသေကောင် သာတွယ်သာဖြစ်၍ မဟာဒုက္ခ ဆင်းရဲကြီးကို ရရှိခံစားနေရသူဟုသာ၊ ခေါ်ဝေါ်အပ်၏။ ၆။

သို့ဖြစ်သောကြောင့် မင်းတို့၏ ပဓာန ဝတ္တရားသည်ကား၊ ပြည်သူလူထုကို စောင့်ရှောက်ခြင်းသည်ပင် ဖြစ်၏။ ထို့ပြင် မနုသရတိ (မနုဓမ္မသတ်)၏ ခုနစ်ခုမြောက် အခန်းတွင် အခွန်အတုပ်ယူရန် နည်းနာအတိုင်း ပါလီမန်က ဆုံးဖြတ်သည့်အတိုင်း ခံယူသုံးစားသော မင်းသည်၊ တရားနှင့်အညီ ကျင့်သည်ဖြစ်၍ ချမ်းသာကို ခံစားစံစားရ၏။ ဤနည်းနှင့် ဆန့်ကျင်ဘက် ကျင့်ပါမူကား၊ ဒုက္ခဆင်းရဲကို ခံစားရ၏။ ၇။

ဥဒ္ဓါယ ပတ္တိမေ ယာမေ ကြိတသောစး သမာဟိတး
ဟုတာဂ္နိဗြာဟ္မဏာံ့ သ္စာစ္စယ် ပြဝိသေတ္သ သုဘာံ သဘာမ်။ ၁။
တတြသ္တိတား ပြဇား သဗ်ား ပြတိနန္ဒျ ဝိသဇ်ယေတ်၊
ဝိသြိဇ်ယ စ ပြဇား သဗ်ား မန္တြယေတ္သဟ မန္တြိဘိး။ ၂။
ဂိရိပြိဿ္ဌ သမာရုဟျ ပြာသာဒံ ဝါ ရဟောဂတး၊
အရဏျေ နိး သလာကေ ဝါ မန္တြယေဒ ဝိဘာဝိတး။ ၃။
ယသျ မန္တြံ န ဇာနန္တိ သမာဂမျ ပြိထဂ္ဇနား၊
သ ကြိတ္သ္နာံ ပြိထိဝီံ ဘုင်္က္တေ ကောသဟီနောပိ ပါရ်ထိဝး။ ၄
(မနု• ၇ ။၁၄၅—၁၄၈။)

ညဉ့်နောက်ပိုင်း တပဟိုရ် ကျန်သောအခါ၌(အာရုံတက်ချိန်၌)ဖိပ်စက် ရာမှထ၍၊ ကျင်ကြီးကျင်ငယ် သွားခြင်းကိစ္စ ပြီးစီးသည်ဖြစ်၍၊ နှုတ်သုတ်သွင်းခါ ဘုရားအာရုံပြုခြင်း၊ မီးပူဇော်ခြင်း ဘာသာရေး ပညာရှိပုဂ္ဂိုလ်တို့အား ပူဇော်သက္ကာရ ပြုပြီးနောက်၊ ပွဲတော်တည်ပြီးလျှင် ညီလာခံသို့ ကြွရောက်ရာသည်။ ၁။

ထိုညီလာခံတွင် မတ်ထက်ရစ်၍ အသင့်ကြွရောက် နေကြသော ပရိသတ်တို့အား အချိအသေ ပေးပြီးနောက်၊ ထွက်ခွါခါ နန်းရင်းဝန်ကြီးနှင့်အတူ မင်းမှုရေးရာတို့ကို တိုင်ပင်နှီးနှောရာသည်။ ၂။

ထို့နောက် ၎င်းနှင့်အတူ လမ်းလျှောက်သွားခါ၊ တောင်ထိပ်၌၎င်း၊ အတွင်းဆောင်၌၎င်း၊ မြက်တပင်မျှ အနှောင့်အရှက်ပေးရန် မရှိသော ဆိတ်ငြိမ်သော တောသဲ၌၎င်း တိုင်လျက် ဆန့်ကျင်သောစိတ်ကို မထားဘဲ၊ အမတ်ကြီးနှင့် နှီးနှောတိုင်ပင်ရာသည်။ ၃။

အကြင်မင်း၏ လျှို့ဝှက်သော အကြံအစည်ကို အခြားလူဘို့ ရပေါင်းကြံဆသော်လည်း မသိနိုင်ရာ၊ တနည်းကား—အကြင်သူ၏ အကြံအစည်သည် နုတ်နှဲ့စင်ကြယ်၍ ပရဟိတ အကျိုး၌ လျှို့ဝှက်ထားအပ်၏၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် ဥစ္စာပစ္စည်းမှ ကင်းသော်ငြားလည်း၊ တကမ္ဘာလုံးကို အုပ်စိုးနိုင်သော စွမ်းရည်သတ္တိ ရှိပေ၏။ သို့ဖြစ်၍ မင်းတိုင်ပင် အမတ်များက ဆန္ဒမပေးဘဲ၊ မိမိအလိုအတိုင်း တရုံတရာ မပြုအပ်ချေ။ ၄။

အာသနံ စဝ ယာနံ စ သံဓိံ ဝိဂြဟမေဝစ။
ကာယံ ဝိကျယ ဖြယုဋ္ဌိတ ဒွဲဓံ သံဩယမေဝစ။ ၁။
သံဓိ တု ဒွိဝိဓံ ဝိဇ္ဇာဖြာဇာ ဝိဂြဟမေဝစ။
ဥဘော ယာနာသနေ စဝ ဒွိဝိဓး သံဩယး ဩ္မတး။ ၂။
သမာနယာန ကမ္မာ စ ဝိပရိတဿ္သထဲဝ စ။
ထဒါ တွာယတိ သံယုက္တး သံဓိဒွေဓယော ဒွိလက္ခဏး။ ၃။
သွယံ ကြိတသွ ကာယာတ်မကာလေကာလး ဧဝ ဝါ။
မိတြသျ စဝါပကြိတေ ဒွိဝိဓော ဝိဂြဟး ဩ္မတး။ ၄။
ကောကိနသွာတျယိကေ ကာယေပြာပ္တေ ယဒြိစ္ဆယာ။

သံဟာတထာဘူ စ မိတြေကာ ပ္ပိဝိဝံ ယထာနမုယ္ပတော။ ၅။
ကျှံ့ထာဘူ စဝ ကြမသော ဓံဝါပိုဇ်ကြိုတော့ ဝါ။
မိတြဘူ စာနုရောမေနာ ပ္ပိဝိဝံ ကြွတမာသနမ်။ ၆။
ဗလသျ သွာမိနဿျှဝ ည္ဆိတိး ကာယာ်ာဘိ ဘိဋ္ဌယေ။
ပ္ပိဝိဝံ ကိတျ်ထေ ဗွဓံ သာဒ္ဒိဂုဏျဂုဏဝေဒိဘိး။ ၇။
အဝဋ်သံပါဒနာဝဋ်ိ စ ဝိဒုယာမာနး သ သတြွုဘိး။
သာရုသု ဖျပဒေသာဝဋ် ပ္ပိဝိဝံး သံဖြဲယ ကြွိတး။ ၈။
ယဒါဝဂစ္ဆေဒါယတျာမာဝိကျံ ဓြုဝမာတ္မနး။
တဒါတွေ စာလ္ပိကာံ ဝိဒျါ တဒါ သံဓိံ သမာဖြယေတ်။ ၉။
ယဒါ ပြဟြဿွာ မနျေတ သဗ်ါဿျု ပြကြိတိံ ကြိုသမ်။
အတျုန္နိတံ တထာတ္မာနံ တဒါကုဝိတ ဝိဂြဟမ်။ ၁၀။
ယဒါ မနျေတ ဘာဝေန ဟြိဿ္ဌံ ပုဿ္ဌံ ဗလံ သွကမ်။
ပရသျ ဝိပရိတံ စ တဒါ ယာယာဒ္ဒြိပုံ ပြတိ။ ၁၁။
ယဒါတု သျာတ္ပရိက္ခိဏော ဝါဟနေန ဗလေန စ။
တဒါသိတ ပြယတ္နေန သနကဲး သာံတွယန္နရိန်။ ၁၂။
မနျေတာရိံ ယဒါ ရာဇာ သဗ်ထာ ဗလဝတ္တရမ်။
တဒါ ဒွိဓာ ဗလံ ကြိတွာ သာဓယေတ္ကာယျမာတ္မနး။ ၁၃။
ယဒါ ပရ ဗာလာနာံ တု ဂမနိယတထ မောဘာဝေတ်။
တဒါတု သံဖြယေတ် ကျိပြံ ဓာမိကံ ဗလိနံ နြိပမ်။ ၁၄။
နိဂြဟံ ပြကြိတိနာံ စ ကုယျာံ ဒျေ ဂရိဗလသျ စ။
ဥပသေဝေတ တံ နိတျံ သဗ်ယတ္နဲ ဂုရုံယထာ။ ၁၅။
ယဒိ တတြာပိ သံပသျေဒ္ဒေါသံ သံဖြယ ကာရိတမ်။
သုယုဒ္ဓမေဝ တတြာပိ နိုဝိသင်္ကး သမာစရေတ်။ ၁၆။
(မနု၊ ၁၆၀–၁၇၆၊)

မင်းစသော အားလုံးသော အမိုးရတို့ သတိထားအပ်သော အချက်ကား– (အာသန) လက်နက်များ အသင့်ထားရှိခြင်း၊ (ယာန) ရန်သူ အား တိုက်ခိုက်ရန် ချီတက်သွားခြင်း၊ (သံဓိ) စစ်မတိုက်ရန် စာချုပ်

ချုပ်ဆိုခြင်း၊ (ဝိဂြဟ) ဆိုးဝါးသော ရန်သူနှင့် စစ်ကျေညာခြင်း၊ (ဒွဲဓ) စစ်တပ်ကို နှစ်တပ်ခွဲခြမ်းခြင်း၊ (သံသြယ) မိမိတို့ အင်အားနည်းသည့် အခိုက်တွင် အခြားအင်အား ကောင်းသော မင်း၏အကူအညီကို ယူခြင်းစသော ခြောက်ပါးသော ကိစ္စတို့ကို သင့်တော်သလို စဉ်းစား ပြုလုပ်ရာသည်။ ၁။

မင်းသည် သံဓိ, ဝိဂြဟ, ယာန, အာသန, ဒွဲဓ, သံသြယတို့သည် တခုလျှင် နှစ်မျိုးစီ ရှိသည်ကို ကောင်းစွာ သိထားရာသည်။ ၂။

(သံဓိ) ရန်သူနှင့် စစ်မတိုက် စတမ်း စာချုပ်ခြင်း နှစ်မျိုးနှစ်စား ရှိရာ (သမာနယာန) ရန်သူတဦးကို အတူတကွ ပူးပေါင်း တိုက်ခိုက်ရန် အလို့ငှါ၊ မိမိ၏ရန်သူ တိုင်းပြည်နှင့် မဟာမိတ် စာချုပ် ချုပ်ဆိုခြင်း၊ အခြားတမျိုး(အသမာနယာန)ကား၊ သင်သည် ဟိုဘက်ကတိုက်ခိုက်ပါ၊ ငါကားဒီဘက်က တိုက်မည်ဟု မဟာမိတ် စာချုပ်ချုပ်ဆိုခြင်း။ မင်းသည် ဤနှစ်မျိုးကို ပစ္စုပ္ပန်နှင့် အနာဂတ်တွင် အကျိုးပြီးစီး အောင်မြင်ရေးကို ရှေ့ရှုလျက် ပြုရာသည်။ ၃။

(ဝိဂြဟ) ရန်သူ တိုင်းပြည်နှင့် စစ်ကျေညာခြင်းကိုလည်း အကျိုး ပြီးအောင် လျော်မလျော်သော ကာလကိုကြည့်၍ နှစ်မျိုး နှစ်နည်းဖြင့် ပြုရာသည်၊ တမျိုးကား– (သွယံကြိတ) မိမိကိုယ်တိုင် တိုက်ခိုက်ခြင်း၊ အခြားတမျိုးကား– မဟာမိတ် နိုင်ငံကို စော်ကားခြင်းကြောင့် ပါဝင် တိုက်ခိုက်ခြင်း ဖြစ်သည်။ ၄။

(ယာန) ရုတ်တရက် အရေးအကြောင်း ပေါ်ပေါက်လာသဖြင့် ချီတက် တိုက်ခိုက်ခြင်း၊ တနည်း– မဟာမိတ် တိုင်းပြည်နှင့် ပေါင်း၍ ပူးပေါင်း ချီတက်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ၅။

(အာသန) မတိုက်ခိုက်ဘဲ ကြားနေခြင်း နှစ်မျိုးရှိရာ– အကြောင်း တရံတခုကြောင့် အားနည်းသောကြောင့်ရင်း၊ မဟာမိတ် တိုင်းပြည် ကို ငဲ့ညှာသောကြောင့်ရင်း မတိုက်ဘဲ ဖြစ်စွာ နေခြင်း နှစ်မျိုးရှိ၏။ ၆။

(ဒွဲဓ) မိမိအကျိုးများစေရန် စစ်ဗိုလ်နှင့် စစ်တပ်တို့ကို နှစ်ခြမ်း ခွဲ၍ အောင်မြင်အောင် ပြုခြင်းကို ''ဒွေဓ'' ခေါ်သည်။ ၇။

(အာဩဗြယ) အကျိုးတရုံတရာကို ကြည့်၍ အင်အား ကြီးမားသော မင်းတပါးပါးကို မှီခိုခြင်း၊ တခုညီး, ရန်သူ, အနှိပ်အစက်မှ ကင်းလွတ်စေရန် သူတော်ကောင်း တပါးပါးကို မှီခိုခြင်းကို ဆိုသည်။ ၈။

ယခုချက်ခြင်း တိုက်ခိုက်လျှင် နစ်နာ၍ နောင်အတော်ကြာမှ တိုက်လျှင် မိမိအကျိုး ပွားတိုး အောင်မြင်မည်ကို သိပါက၊ ဖြုံးခနဲ မတိုက်ဘဲ အချိန်ကောင်း အခါကောင်းကို သည်းခံ စောင့်စားနေရသည်။ ၉။

မိမိ၏ ပြည်သူလူထုနှင့် စစ်တပ်ကို အထူး ကျေနပ်၍ ကိုးတက်မြန့်မြတ်လာပြီဟူ၍၎င်း၊ မိမိကိုယ်တိုင်လည်း ကျေနပ် တိုးတက် အားရှိပြီဟူ၍၎င်း သိရှိပြီးမှ ကျေညာတိုက်ခိုက်ရသည်။ ၁၀။

မိမိ၏ စစ်တပ်သည် ရွှင်ပြုံးအားရှိ၍ ရန်သူသည် အားနည်း စိတ်ပျက်သည်ဟု သိပြီးမှ၊ ချီတက်ရသည်။ ၁၁။

မိမိ၏ စစ်တပ်သည် အင်အားနည်း၍ သယ်ယူပို့ဆောင်ရေး အားနည်းလာခဲ့လျှင် ရန်သူတို့အား တဖြေးဖြေး စိတ်ကျေအောင် ပြုပြီးလျှင် အေးဆေးစွာ နေရသည်။ ၁၂။

ရန်သူသည် မိမိထက် ပိုမိုအင်အား ကောင်းကြောင်းကို သိသော အခါ စစ်တပ်ကို ခွဲဖျက်လျက် မိမိ၏ အသိုက်ကို ပြည့်အောင် ပြုရသည်။ ၁၃။

ရန်သူတို့သည် မိမိအား ချီတက်တိုက်ခိုက် တော့မည်ဟု သိသော အခါ တရားရှိ၍ စွမ်းအားရှိသော မင်းတပါးပါးအား ခိုလှုံရသည်။ ၁၄။

မိမိ၏ စစ်တပ်နှင့် လူရအား ချုပ်ကိုင်း၍ ရန်သူအား နှိမ်နင်းနိုင်သော (မဟာမိတ် ဖြစ်သော) မင်းအား၊ မိမိ၏ ဆရာရင်း သဘွယ် အမြဲရှိသေ ဆည်းကပ်ရသည်။ ၁၅။

မိမိ မှီခိုအားထားနေသော မင်းတပါး၌ အကာယ်၍ အဖြစ်ဖေါ်သကို တွေ့ရှိခဲ့လျှင်၊ တွန့်တိုခြင်း မရှိဘဲ အစွမ်းရှိသရွေ့ တိုက်ခိုက်ရသည်။ ၁၆။

တရားသော မင်းနှင့် မညီသည့်အခါမှ ဆန့်ကျင်ဘက် မပြုမူ၍ အမြဲပေါင်းသင်း ဆက်ဆံ နေရသည်။ ထို့သော်, မင်းဆိုး မင်းယုတ်

တို့အား ရှိလာခဲ့လျှင်ကား၊ ထိုအင်အားကို ဆုတ်ယုတ် ပျက်စီးအောင် ပြုခဲ့သော နည်းနာ ပရိယာယ်တို့ကို အသုံးပြုရာသည်။

သဗ္ဗောပါယဲသ္တထာ ကုယျာန္နီတိဉ္ဉး ပြိထိဝီ ပတိး။
ယထာသျာဘျဓိကာ န သျု မိတြောဒါသီနသတြဝး။ ၁။
အာယတိံ သဗ် ကာယျာဏာံ တဒါတွံ စ ဝိစာရယေတ်။
အတီတာနာံ စ သဗ္ဗေသာံ ဂုဏဒေါသော စ တတ္တွတး။ ၂။
အာယတျာံ ဂုဏဒေါသဉ္ဉ တဒါတွေ က္ၡိပြနိသ္စယး။
အတီတေ ကာယျ သေသဉ္ဉး သတြုဘိ နာဘိဘူယတေ။ ၃။
ယထဲနံ နာဘိသံဒဓျု မိ တြောဒါသီန သတြဝး။
တထာ သဗံ သံဝိဒဓျာဒေသ သာမာသိကော နယး။ ၄။
(မနု-၇၊ ၁၇၇-၁၈၀။)

နိုင်ငံရေး နီတိကို တတ်ကျွမ်းသော ပြည့်ရှင်မင်းသည်၊ သူ၏ ကြားနေ မဟာမိတ်နှင့် ရန်သူမင်းများ အလူးမများစေရန် နည်းအမျိုးမျိုးကို အသုံးပြု ဆက်ဆံရာသည်။ ၁။

ယခု မျက်မှောက်၌ ပြုအပ်သောကိစ္စ၊ အနာဂတ်တွင် ပြုရမည့်ကိစ္စနှင့် အတိတ် ကာလ၌ ပြုပြီးသော ကိစ္စများကို ကောင်းမကောင်း စဉ်းစား ဆုံးသပ်ရာသည်။ ၂။

ထို့နောက် အပြစ်တို့ကို ကာကွယ်၍ အကျိုးတို့ကို တည်မြဲစေရန် အားထုတ်ရာသည်။ အနာဂတ်တွင် ပြုရမည့်ကိစ္စတို့၌ အကျိုးအပြစ်ကို သိသူ၊ ပစ္စုပ္ပန်တွင် ရုတ်တရက် ဆုံးဖြတ် ဆောင်ရွက်တတ်သူ၊ ပြုအပ်ပြီးသော အလုပ်ကိစ္စတို့၌ ကြွင်းသောကိစ္စကို သိတတ်သူ မင်းသည် ရန်သူတို့မှ ရှုံးခြင်း မည်သည့်အခါမျှ မဖြစ်နိုင်ရာ။ ၃။

မင်းနှင့် အမတ်တို့သည် မိမိတို့၏ မဟာမိတ်, ကြားနေ တိုင်းပြည်နှင့် ရန်သူတိုင်းပြည်တို့သည် မိမိနှင့် စစ်ပြိုင်ဆဲ ဖြစ်သော တိုင်းပြည်နှင့် မဟာမိတ် စာချုပ်ချုပ်ဆိုခြင်း မပြုအောင် ကြိုးစားအားထုတ်ရာသည်။ ၄။

ကြိတ္တာ ဝိဓာန် မုသေတု ယာတြိက် စ ယထာဝိဓိ။
ဥပဂြိဟျာသွဒ် စဝ စာရာန်သမျဂ္ဂိဒါယစ။ ၁။
သံသောဓျ ကြိဒိမံ မာဂ်ဂ် သာဒု ဝိဓံ စ ဗလံ သွကမ်။
သမ္ပရာယိက ကလ္ပေန ယာယာဒမိုပုရံ သန်း။ ၂။
သတြူသေဝိနိ မိတြေစ ဂုဓေ ယုက္တတရော ဘဝေတ်။
ဂတပြတျာဂတေ စဝ သဟိကာသ္တတရော မိုပုး။ ၃။
ဒဏ္ဍဗျူဟေန တန္မာဂ် ယာယာဒ္တု သကဋေန ဝါ။
ဝရာဟမကရာဘျာံဝါ သူစျာ ဝါ ဂရုဍေန ဝါ။ ၄။
ယတဿ ဘယမာသံနကတ္တတော ဝိဿာရယေဒ်ဗလမ်။
ပဒ္မေန စဝ ဗျူဟေန နိဝိသေတ သဒါ သွယမ်။ ၅။
သေနာပတိ ဗလာဓျက္ကျော သဗ်ဒိက္ကျု နိဝေသယေတ်။
ယတဿ ဘယမာသင်္ကေတ် ပြာဉ္စိ တံ ကလ္ပယေဒ္ဒိသမ်။ ၆။
ဂုလ္မာံသ္စ ဿာပယေဒါပ္တာန် ကြိတသံညာန် သမန္တတး။
ဿာနေ ယုဒ္ဓေစ ကုသလာန် ဘိရူန်ဝိကာရိဏး။ ၇။
သံဟတာန် ယောဓယေဒလ္ပာန် ကာမံ ဝိဿာရယေဒ် ဗဟုန်။
သူစျာ ဝဇြေဏ စဝဲတာန် ဗျူဟေန ဗျူဟျ ယောဓယေတ်။ ၈။
သျန္ဒနာသွဲး သမေ ယုဒ္ဓေ ဒနူပေ နောဒွိပဲဿထာ။
ဗြိက္ခဂုလ္မာဝြိတေ စာပဲရသိ စာမ်ယုဓဲး ဿလေ။ ၉။
ပြဟာသေဒ် ယေဒ် ဗလံ ဗျူဟျ တာံသ္စ သမျက် ပရိက္ချယေတ်။
စေဿာသွံ စ ဝိဇာနီယာဒရိန် ယောဓယတာမပိ။ ၁၀။
ဥပရုဓျာရိမာသီတ ရာသ္ထြံ စာသျောပပီဍယေတ်။
ဒူသယေစ္စာသျ သတတံ ယဝသာန္နောဒကေန္ဓနမ်။ ၁၁။
ဘိန္ဒျာစ္စဝ တဍာဂါနိ ပြာကာရပရိခါသ္တထာ။
သမဝသ္ကန္ဒယေစ္စဲနံ ရာတြော ဝိတြာသယေတ္တထာ။ ၁၂။
ပြမာဏာနိ စ ကုဝီတ တေသာံ ဓမျာန်ယထောဒိတာန်။
ရတ္နဲသ္စ ပူဇယေဒေနံ ပြဓာနပုရုသဲး သဟ။ ၁၃။

အာဒါနမပြိယကရံ ဒါနဥ္စပြိယကာရကမ်။
အဘိဋ္ဌိတာနာမထိနံ ကာလေယု ဂွံ ပြသ သူတေ။ ၁၄။
(မနု. ၇။ ၁၈၄-၁၉၂။ ၁၉၄-၁၉၆။ ၂၀၃။ ၂၀၄။)

မင်းသည် ရန်သူနှင့် စစ်ပြိုင်၍ ချီတက်သွားသောအခါ မိမိတိုင်းပြည်ကို လုံခြုံအောင် စောင့်ရှောက်ရေးနှင့် ချီတက်သွားရာ၌ လိုအပ်သော အဆောင်အယောင် စားနပ်ရိက္ခာ စသည်ကို လုံလောက်စွာ စီမံပြီးမှ အားလုံးသော စစ်သည်တော်, ရထား ဆင်မြင်း, လက်နက်အစုံကိုယူ၍ အရပ်လေးမျက်နှာမှ သတင်းများကို ပေးပို့ရန် စေထမန်များကို လျှို့ဝှက်စွာ စီစဥ်ခန့်ထားပြီးမှ ရန်သူ့ရှိရာသို့ စစ်ချီသွားရာသည်။ ၁။

လမ်းသုံးသွယ်, တနည်း ကုန်းလမ်း, ရေလမ်း, ကောင်းကင်လမ်းတို့ကို စင်ကြယ်စွာပြု၍ ကုန်းလမ်း၌ ယာဥ်ရထားတပ်,မြင်းတပ်, ဆင်တပ်။ ရေလမ်း၌ လှေသင်္ဘောတပ်၊ ကောင်းကင်လမ်း၌ လေယာဥ် စသော တပ်တို့ဖြင့် သွားရာသည်။ ခြေလျင်တပ်၊ ရထား၊ ဆင် မြင်း လက်နက် ခဲယမ်းမီးကျောက် စားနပ်ရိက္ခာစသော ပစ္စည်း ၆-ပါးတို့ကို အသင့်ဆောင်ကြဥ်းလျက် အင်အားတောင့်တင်းသည် ဖြစ်၍ နေရာ တခုခုကို ရည်မှန်း၍ ရန်သူ့နေရာ မြို့ရွာသို့ ချဥ်းကပ်သွားရာသည်။ ၂။

အတွင်းက ရန်သူနှင့်ပေါင်း၍ အပြင်ဘမ်းအားဖြင့် မိမိနှင့် မိတ်ဆက်၍ ရန်သူ့အား လျှို့ဝှက်သတင်း ပေးနေသော သူတို့ သွားလာထွက်ဝင်ခြင်း စကားပြောခြင်းတို့၌ အထူးသတိထားရာသည်။ အကြောင်းကား- အတွင်းကရန်သူ အပြင်ကမိတ်ဆွေ ဖြစ်သူသည် အကြီးဆုံးသော ရန်သူကြီးဖြစ်၏။ ၃။

အားလုံးသော မင်းမှုထမ်း၊ ပြည်သူလူထုနှင့် မိမိကိုယ်တိုင် စစ်ပညာကို သင်ယူထားရာသည်။ ရှေးမဆွကပင် သင်ယူ တတ်မြောက်ပြီးသော စစ်သားတို့သည်သာ၊ ကောင်းစွာ တိုက်ခိုက်နိုင်သည် ဖြစ်ရာ၏။ သင်ကြားလေ့လာ စသောအခါ- (ဒဏ္ဍဗျူဟာ) ဒုတ်ချောင်းကဲ့သို့ ဖြောင့်တန်းစွာ စစ်တပ်ကို တန်းစီစေခြင်း၊ (သကဋဗျူဟာ) လှည်းကဲ့သို့၊ (ဝရာဟဗျူဟာ) ဝက်များသည် တကောင်နောက်သို့ တကောင်လိုက်ပြေးပြီး၊ တခါတရံ အစုအခုစ် ဖွဲ့သကဲ့သို့၊ (မကရဗျူဟာ) မိကြောင်း

သည့် ရေနွံသွားသကဲ့သို့၊ သွားစေခြင်း၊ (သုစိဗျူဟာ) အပ်အများသည် ညွှန့်ထက်၍ အောက်ပိုင်းသည့် ပို၍ကြီးပြီးလျှင် အပ်ချည်သည် ထို့ထက် ကြီးသကဲ့သို့ စစ်တပ်ကို စီထားခြင်း။ (နိုသကဗျူဟာ) ငှက်ခါးသည် အထက်မှအောက်၊ အောက်မှအထက်သို့၊ ချောင်စွာ ထိုးထက်တိုးဆင်းဘိ သကဲ့သို့ စစ်တပ်ကို စီရင်တိုက်ခိုက်စေရာသည်။ ၄။

အနန္တရာယ် ပိုများသော ဘက်သို့ စစ်တပ်ကို ဖြန့်ပေးခါ၊ စစ်မိုထ် အားလုံးတို့ကို လေးဘက်ပတ်လည် ထားလျက်၊ (ပဒ္မဗျူဟာ) ပဒုမာ ကြာပန်းပွင့်ကဲ့သို့ စစ်တပ်ကို လှည့်ပိုင်းစေပြီးလျှင် မိမိသည် အလယ်၌ နေရာ၏။ ၅။

မိုထ်ချုပ်ကြီးနှင့် ကိုယ်တိုင်အမိန့်ပေး တိုက်ခိုက်သော မိုထ်ကလေး တို့ကို အရပ်ရှစ်မျက်နှာတွင် ထား၍ တိုက်ခိုက်ဆဲဖြစ်သော ဘက်သို့ မျက်နှာပြုနေရာသည်။ ထိုသော် အခြားမျက်နှာတို့၌လည်း ကောင်းစွာ စီမံထားရာသည်၊ သို့မဟုတ်က နောက် (ကြော) ဘက် ဘေးဘက်တို့မှ ရန်သူဝင်တိုက်မည့် အန္တရာယ် ရှိတတ်၏။ ၆။

ခိုင်ခံ့မြဲမြံသော တိုင်သဘွယ် စစ်ပညာကို ကောင်းစွာထက်သော၊ တရား (သဗ္ဗာ) ရှိသော၊ ရပ်နားနေရေး၊ စစ်တိုက်ရေး၌ ပါးနပ်လိမ္မာ၍ ကြောက်ခြင်းမရှိ၊ စိတ်ချောက်ချားတုန်လှုပ်ခြင်း မရှိသော ပုဂ္ဂိုလ်တို့ကို စစ်တပ်လေးမျက်နှာတွင် ထားရာသည်။ ၇။

မိမိ၏ အနည်းငယ်သော သူရဲကောင်းတို့နှင့် အခြား ရန်သူစစ်သား အမြောက်အများနှင့် တိုက်ခိုက်ရသောအခါ၊ ရံပေါင်း၍ တိုက်ရာသည်။ ထို့ပြင် အရေးကြုံလာလျှင် ထိုတပ်ကလေးကို ရုတ်တရက် ဖြန့်ပေးရာ သည်။ ရန်သူ၏ ခံတပ်နှင့် စစ်တပ်အတွင်းသို့ ဝင်ရောက် တိုက်ခိုက်ရ သော အခါ၌၊ (သူစိဗျူဟာ) သို့မဟုတ် (ဝဇိရဗျူဟာ) နည်းဖြင့် ကျဉ်း မြောင်းသော ဝင်ပေါက်က ဝင်ပြီး၊ စစ်တပ်ကို တဖြေးဖြေး ဖြန့်ခါ၊ နှစ်ဘက်ဘေးကို ခုတ်ဖြတ်လျက် အတွင်းသို့ တိုးဝင် သွားခြင်းဖြင့် တိုက်ခိုက်ရာသည်။ ဤနည်းဖြင့် ဗျူဟာအမျိုးမျိုးကို ခင်းကျင်းခါ တိုက် ခိုက်စေရာသည်။ ရှေ့တည့်တည့်က၊ အမြောက်သေနတ်များ ပစ်ဖေါက် နေလျှင် (သပ္ပဗျူဟာ) မြွေကဲ့သို့ ဝမ်းလျားမှောက်ခါ သွား၍သွား၍

သွားပြီးလျှင် အမြောက်အနီးသို့ ရောက်သောအခါ၊ ထိုသူတို့အား တိုက်ခိုက် သတ်ဖြတ်လျက် အမြောက်တို့ကို ထိုရန်သူကို ဘက်သို့ လှည့်၍ ၎င်းတို့အား ပစ်ဖေါက် သတ်ဖြတ်ရသည်။ တနည်းမှာ၊ လူအိုတို့ကို မြင်းပေါ် တင်၍ အမြောက်ဝမ္မကြောက ပြေးစေလျက် ရန်သူ (သန်စွမ်းသော သူ)တို့ကို အလယ်မှ ချိုဖောက်စေရသည်။ အမှတ်တမဲ့ အထင်းဝင်တိုက်၍ ရန်သူတို့ကို ဖျိုသရ ဖြစ်စေပြီးလျှင် ဖမ်းသော်လည်း ဖမ်းရာ၏ ပြေးသော်လည်း ပြေးစေရာ၏။ ၈။

ညီညွတ် မြေပြစ်သော မြေပြင်တွင် စစ်တိုက်မည်ဆိုက၊ ရထား မြင်းနှင့် ခြေလျင်တပ်ကို အသုံးပြုရသည်။ သမုဒ္ဒရာ ဝင်လယ်တွင် သင်္ဘောလှေ ရေတပ်တွင် ဆင်ယှသင်သော တောတွင် လေးမြား သံကန့်တပ်တွင် ထားသံလျက်နှင့် ဒိုင်းဖြင့် တိုက်ခိုက်စေရသည်။ ၉။

တိုက်ခိုက်ဆဲဖြစ် စစ်သားတို့ကို စိတ်ထက်ကြွ ရွှင်လန်းအောင် ပြုရသည်။ အတိုက်အခိုက် ရပ်နားစဉ်တွင်၊ စိတ်ရွှင် ဘက်ကြွစေသော ဟောပြောမှု အစာရေစာ လက်ဆောင် ဆေးဝါးတို့ဖြင့် ချောင့်ရှဲစေရသည်။ ဗျူဟ (=စစ်ဆင်နည်း)တို့မှ တင်း၍ မတိုက်ခိုက်စေရ။ စည်းကမ်းထက်မှု တိုတ်သည် သို့မဟုတ် ညာဝါး၍ ဟန်ပြတိုက်နေသည်ကို အကဲခတ်၍ တိုက်ခိုက်နေသော စစ်သားတို့၏ အပြုအမူကို စောင့်ကြည့်နေရသည်။ ၁၀။

သင့်တော်သည့်ရေ ထင်သောအခါ ရန်သူတို့ကို ပတ်လည်ဝိုင်းဝန်း ထားပြီးလျှင် ရန်သူတိုင်းပြည်ကို အကျဉ်းအကြပ် တွေ့အောင် ၎င်းတို့၏ စားနပ်ရိက္ခာ ရေထင်းဒီးတို့ကို ဖျက်ဆီးပစ်ရသည်။ ၁၁။

ရန်သူ၏ ရေမြိုင်၊ မြို့အဆုစ်အထား ကျုံးမြောင်းတို့ကို ချိုးဖေါက်၍၊ ညည့်အမိုက်နက် ခြောက်လှန့် တုန်လှုပ်စေခြင်းဖြင့် အောင်မြင်အောင် နည်းလမ်း ရှာဖွေရသည်။ ၁၂။

အောင်မြင်ပြီးနောက် ၎င်းတို့နှင့် စာချုပ်ခြင်း သစ္စာရေ တိုက်ခြင်း
ဦ ပြုပြီးလျှင် အခါကာလကို ကြည့်၍ ရန်သူမင်း၏ အမွေခံဝင် ထရေး၌
သူ တယောက်ယောက်အား မင်းမြောက်လျက် "ငါ၏ အမိန့်အရ

ချို့မတုတ် မင်းကျင့်တရားနှင့် ထော်ရွာ ပြည်သူတရားအား စောင့်ရှောက်ရှင်ချုပ်ရမည်'' ဆိုသော ပန်ကြားချိ စာချုပ်ကို အရေးရှိနိုးရာသည်။ ထိုပြင် လူထုံ ကိုယ်စားလှယ် တယောက်အား ထခါ ထုန်ပြန် ထော်ထွန်ပြင်း မပြုနိုင်အောင် ခန့်အပ်ထားရာသည်။ စစ်ရှုံးသော မင်းစသော သူတို့အား ရထား ရွှေငွေ စသည် ပေးကမ်း ထောက်ပံ့ခြင်းခြင့် လေးစားခြင်း ပြုရာသည်။ ၎င်းတို့ အနေအထား ဆင်းရဲ ကြွင်တည်းအောင် မပြုရ။ အကယ်ထဲ့ အကျဉ်းထောင် ချထားခြင်း ပြုရခဲ့လျှင် ထိုသူတို့သည် စစ်ရှုံးခြင်း တည်းဟူသော သောကမှ ကင်း၍ ရွှင်ပြုံစွာ နေနိုင်အောင် အထိုက်အလျောက် ထောက်ပံ့ လေးစားရာသည်။ ၁၃။

အကြောင်းကြောင့် ဆိုသော်, လောကကြီး၌ သူတပါးတို့ ဥစ္စာကို ယူခြင်း၌ မနှစ်မြို့ခြင်း ဖြစ်တတ်၍ ပေးကမ်းခြင်း၌ နှစ်သက်ခြင်း ဖြစ်တတ်၏။ အထူးအားဖြင့် ထိုစစ်ရှုံးသော သူတို့အား အခါအားလျော်စွာ သူတို့လိုလားအပ်သော အရာတို့ကို ပေးကမ်းခြင်း ဝတ္ထုရေး ကျေပြီ အောင် ပြုခြင်းသည် အလွန်ကောင်းမြတ်သော တရားဖြစ်လေသည်။ ထိုသူတို့အား မည်သည့်အခါမှ ခြောက်လှန့် ပုတ်ခတ်ပြုခြင်း မလုပ်အပ်။ ငါသည် သင့်ကို အောင်နိုင်သည် ဟူ၍လည်း မပြောအပ်ချေ။ ထို့ကြောင့်, သင်သည် ငါ၏ညီအစ်ကိုဝင် ဖြစ်သည် စသော စကားကို ဆိုလျက် အရိုအသေ ပေးရာသည်။ ၁၄။

ဟိရဉ္ဉာ ဘုမိယံ ဗြာဟ္မဏာ ပါဝိဝေါ နှ ထဲထဲဝသော။
ယေထာ မိတ္တံ မြဲဝံ ဝေမ္ဘာ ကြံသမ ပျာသတိဂျွမ်း။ ၁။
ဝမ်ဥ ၀ ကြီးတခု ၀ တူသူ ပြုကြံဘိ မေဝ ၀။
အနုရဇ္ဇံ ဩီခုရန်း ထဗ္ဗ မိတြံ ပြုသဘူဝေး။ ၂။
ပြာဥ ကုလိန် သုရံ ၀ ဗဏ္ဏုံ ဓိတာရ မေဝေ။
ကြိုထဥ ငြိုတ်မနိုဉ္ဇ ကာသွမာတုရရို ဗုဒေ။ ၃။
အာယျိုတာ ပုရှသညာနံ သောသရိ ကရှူဏဝေဒိတာ။
ဌျာလလကျွယ် ၀ သထေတ ရဓါထိဂ ဂုဏောဝေသ။ ၄။
(မနု၊ ၂၀၀–၂၁၁။)

မြဲမြဲ တည်ကြည်သော ချစ်ကြည်မှုနှင့် ယှဉ်သော အနာဂတ်ကာလ နှင့် ဆိုင်ရာ အကြောင်းအရာ အခြေအနေတို့ကို စဉ်းစားတတ်၍ အမှု ကိစ္စကို ပြီးစီး အောင်မြင် စေတတ်သော စွမ်းအားရှိသော မိတ်ဆွေ သို့မဟုတ် အားနည်းသော မိတ်ဆွေကို ရသောကြောင့် တိုးတက် ကြီး ပွားသလောက် မင်းသည် ရွှေငွေဥစ္စာ ရတနာမိုးစင်း မြေကိုရသော ကြောင့် တိုးတက်ကြီးပွားခြင်း မဖြစ်နိုင်ချေ။ ၁။

တရားကိုသိ၍ သူ့ကျေးဇူးကို သိတတ်သူ၊ စိတ်ဖြူစင်၍ ခင်မင်တတ် သူ၊ အမှုကိစ္စ ဆောင်ရွက်ရာ၌ တည်ကြည်သူ မိတ်ဆွေသည် သေးငယ် သူပင် ဖြစ်ငြားသော်လည်း ချီးမွမ်းထိုက်၏။ ၂။

အမြဲတန်း မှတ်သား ထားသင့်သော အချက်ကား– ပညာရှိ၊ အမျိုး ကောင်းသား၊ ရဲရင့်သူ၊ လိမ္မာပါးနပ်သူ၊ သူ့ဒါန်း ပေးကမ်းတတ်သူ၊ ကျေးဇူး သိတတ်သူ၊ တည်ကြည်သူတို့ကို ရာနှံဘက်မပြုအပ်ပေ။ ဤကဲ့ သို့သော သူတို့ကို ရာန်ဘက်ပြုခဲ့သော် ဆင်းရဲဒုက္ခ ရောက်တတ်၏။ ၃။

အကြင်သူ၌ ချီးမွမ်းထိုက်သော ဂုဏ်အပေါင်းနှင့် ပြည့်စုံ၍ လူဆိုး လူကောင်းကို ခွဲခြမ်း သိတတ်သူ၊ ရဲရင့်ခြင်းနှင့် ကရုဏာတရားရှိသူ၊ ကောက်ကျစ် စဉ်းလဲခြင်း မရှိသူကိုပင် "ဥဒါသိန" ကြားနေသူ အဖြစ် ထားရာသည်။ ၄။

ဧဝံ သဇ္ဇီမိဒံ ရာဇာ သဟာ သံမန္တိယ သံမန္တိဘိး။
ဗျာလ မျာည္ပုတျ မယ္သာပေမွ ဘောဂ္ဂြမန္တ္တးပုရံ ဝိသေတ်။ ၁။
(မနု•၇၊ ၂၁၆။)

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း၊ နံနက် စောစော အိပ်ရာမှထ၍ ကိုယ်လက် သန့်စင်စေပြီးလျှင် ဘုရားဝတ်ပြုခြင်း မီးနတ်ပူဇော်ခြင်း ပြုလျက် ပြုစေလျက်၊ အမတ်များနှင့် နှီးနှော တိုင်ပင်ပြီးနောက် ညီလာ ခံသို့ သွားခါ၊ အမှုထမ်းများ စစ်သေနာပတိများနှင့် တွေ့ဆုံ နှုတ်လန်း စေလျက်၊ အမျိုးမျိုးသော စစ်ရေးပြခြင်းတို့ကို ပြုစေပြီးလျှင်၊ အား လုံးသော ဆင် မြင်း နွားမ စသော တိရစ္ဆာန်တို့ ထားရာနေရာ၊ ခဲယမ်း မီးကျောက် လက်နက် ကရိယာ၊ ဘဏ္ဍာတိုက်၊ ဆေးရုံတို့ကို စစ်ဆေး

ကြည့်ရှုလျက်၊ ဝတ္တရား မကျေပြွန်သော သူတို့ကို ထုတ်ပယ်၍၊ အား ကျင့်ရာနေရာသို့ သွားရောက် အားကျင့်လျက် နေ့လယ်တွင် ပွဲတော် တည်ရန် အတွင်းဆောင် —ဝါ—မိဖုရား အဆောင်တော်သို့ သွားရာ သည်။ ပွဲတော်=အစာအာဟာရတို့မှာ၊ ကောင်းစွာ စစ်ဆေးအပ်သော ပညာညွှတ် ခွန်အားဗလကို ဖြစ်ပွားစေနိုင်သော၊ ရောဂါဘယကို ပယ် ဖျောက်စေနိုင်သော၊ အထူးထူး အပြားပြားသော မွှန်မြတ်သော ထမင်း ဟင်း၊ အမွှေးအကြိုင် ချိုမြိန်ကောင်းမြတ်သော အရသာဖြင့် ပြည့်သော အမြဲချမ်းသာစေတတ်သော အစာအာဟာရများကို သုံးဆောင်ရာသည်။ ဤနည်းဖြင့် တနိုင်ငံလုံး၏ တိုးပွားစည်ပင်ရေးကို ပြုရာသည်။ ပြည်သူ တို့ထံမှ အခွန်အတုတ်ယူသော နည်းနာသည်ကား—

ပဉ္စာသဒ်ဘာဂ အာဒေယော ရာဉာ ပသုဟိရဏျယော။
ဓာန္နာနာမဋ္ဌမော ဘာဂး၊ ဆဋ္ဌော ဒွါဒသ ဧဝ ဝါ။

(မနု-၇။ ၁၃၀။)

ကုန်သည် သို့မဟုတ်လက်မှုပညာသည်တို့အားရသောအမြတ်အစွမ်း ရွှေငွေတို့မှ အပုံငါးဆယ်ပုံ၍ တပုံကိုရင်း၊ ဆန်စပါးစသော ကောက်ပဲမှ ခြောက်ပုံတပုံ၊ ရှစ်ပုံတပုံ၊ တဆယ့် နှစ်ပုံ တပုံကိုရင်း ယူရာသည်။ သို့ပင် ယူသော်လည်း လယ်ဘွားစသူတို့၊ ဥစ္စာမှကင်း၍ အတိရက္ခ ရောက်လောက်အောင် မကောက်ခံရာ။ ၁။

အကြောင်းသော်ကား၊ ပြည်သူတို့ ကြွယ်ဝချမ်းသာ ရောဂါကင်းရှင်း ၍ အစားအသောက် ပြည့်စုံခြင်းကြောင့် ပြည့်ရှင်မင်းတို့ အထူးတိုးတက် ကြီးပွားခြင်း ဖြစ်လေသည်။ ပြည်သူတို့အား မိမိ၏ သားသမီးများကဲ့သို့ မှတ်ယူလျက် ချမ်းသာကို ပေးရာသည်။ ပြည်သူတို့ကလည်း မိမိတို့၏ ဘခင်ကဲ့သို့ မင်းနှင့် မင်းမှုထမ်းတို့အား မှတ်ယူထားရာသည်။ ဤစကား မှန်၏။ မင်းတို့၏ မင်းကား လယ်သွားစသော အမှုထုပ်များပင်တည်း၊ မင်းကား ထိုသူတို့၏ အစောင့်အရှောက်ပေတည်း။ အကယ်၍ ပြည်သူ တို့ မရှိခဲ့လျှင် မင်းသည် ဘသူ့မင်း ဖြစ်တော့အံ့နည်း။ မင်းမရှိခဲ့သော် ပြည်သူသည် ဘသူ့ပြည်သူဟု ခေါ်နိုင်တော့အံ့နည်း။ ဤမင်းနှင့် ပြည်သူ နှစ်ဦးတို့သည် မိမိတို့ကိုယ်ပိုင် (ပုဂ္ဂလိက) ကိစ္စတို့၌ လွတ်လပ်ကြ၍၊

အများနှင့်ဆိုင်သော နှစ်လိုဘွယ်သော (သံဃိက) ကိစ္စတို့၌ မလွတ်လပ်ရာ:ပြည်သူတို့၏ သာမန်ဆန္ဒ –ဝါ– အကြံပေးခြင်းနှင့် ဆန့်ကျင်ဘက်မင်းကရင်း၊ မင်းမှုထမ်းတို့ကရင်း မပြုအပ်၊ မင်း၏အာဏာနှင့် ဆန့်ကျင်ဘက် မင်းမှုထမ်းနှင့် ပြည်သူတို့ မပြုအပ်၊ ဤကား တိုင်းပြည်ရှင်မင်းတို့၏ တိုင်းပြည်အုပ်ချုပ် စီမံမှု (နိုင်ငံရေး) ကို အကျဉ်းမျှ ပြခြင်းဖြစ်၍ အကျယ်ကိုလိုလျှင် ဇေဗဒင်လေးပုံ၊ မနုသရတိ (မနုဓမ္မသတ်)၊ သုကနီတိ၊ မဟာဘာရတစသော ကျမ်းစာတို့၌ကြည့်၍ ဆုံးဖြတ်ရာသည်၊ ပြည်သူတို့ အမှုအခင်း (ဝိဝါဒ) တို့ကို စီရင်ဆုံးဖြတ်နည်းကို မနုဓမ္မသတ်–အခထ်း ရှစ်နှင့်ကိုးအရ ပြုရာသည်၊ သို့သော် ဤနေရာ၌လည်း အကျဉ်းသဓေပမျှ ထုတ်ဆောင်ပြလိုက်ပါသည်။

ဝြတျာဟာ ဒေသဒ္ဒဿဉ္စ သာက္ခိဒြိဿဉ္စ ဟေတုဘိ၊
အဿွာဒသသု မာဂ္ဂေသု နိဗဒ္ဓါနိ ပြိထက် ပြိထက်။ ၁။
တေသံမာဒျ မဏာဒါနံ နိက္ခေပေါ သွာမိဝိကြယး။
သံဘူယ စ သမုဋ္ဌာနံ ဒတ္တဿျာနပကာမ စ၊ ၂။
ဝေတာနဿျ ဝ စါ ဒါနံ သံဝိဒဿ္စ ဗျတိကြမး၊
ကြယဝိကြယာနုသယော ဝိဝါဒး သွာမိပါလယော၊ ၃၊
သိမာဝိဝါဒ ဓမ္မေ ပါရုသျေ ဒဏ္ဍဝါစိကေ၊
ဿေယံ စ သာဟသံ စဝ ဒြြိသံဂြဟဏမေဝ စ၊ ၄၊
ဒြြိပုံဓမ္မော ဝိဘာဂဿ ဈူတမာဟွယ ဧဝ စ၊
ပဒါန္ဒျဿဒသဲတာနိ ဗျဝဟာရ ဋ္ဌိတာဝိဟ၊ ၅။
ဧသု ဌာနေသု ဘူယိဿ္ဌံ ဝိဝါဒံ စရတာံ နြိဏာမ်။
ဓမ္မံ သာသွတ မာဒြိတျ ကုယျာဒ္ဒယာဝိနိဏယမ်၊ ၆၊
ဓမ္မော ဝိဒ္ဓဟိဒ္ဒဓမ္မေဏ သဘာံ ယတြောပတိဋ္ဌတေ၊
သလျံ စာသျ န ကြိန္တန္တိ ဝိဒ္ဓါသ္တတြ သဘာသဒး၊ ၇၊
သဘာဝါ န ပြဝေဿဗျာ ဝက္တဗျံ ဝါသမံဇသမ်၊
အဗြု ဝန္ဒိဗြု ဝန္ဒာပိ နရော ဘဝတိ ကိလ္ဗိသိ၊ ၈၊
ယတြ ဓမ္မော ဟျဓမ္မေဏ သတျံ ယတြာန်ြိတေန စ၊

ဟနျတေ ပြေက္ချမာဏာနာံ ဟတာသ္တတြ သဘာသဒး၊ ၉၊
ဓမ် ဧဝ ဟတော ဟန္တိ ဓမ်ော ရက္ချတိ ရက္ချိတး၊
တသ္မာဒ္ဓမ်ော န ဟန္တဗျော မာနော ဓမ်ော ဟတောဝဓိတ်၊ ၁၀၊
ဗြိသော ဟိ ဘဂဝါန် ဓမ်ဿ္တသျယး ကုရုတေ ဟျလမ်၊
ဗြိသလံ တံ ဝိဒုဒေ်ဝါသ္တသ္မာ ဓမ်ံ န လောပယေတ်၊ ၁၁၊
ဧက ဧဝ သုဟြိဒ္ဓမ်ော နိဓနေပျနုယာတိ ယး၊
သရီရေဏ သမံ နာသံ သဗ်မနျဒ္ဓိ ဂစ္ဆတိ၊ ၁၂၊
ပါဒေါ ဓမ်သျ ကတ္တာရံ ပါဒး သာက္ချိဏ မြိစ္ဆတိ၊
ပါဒး သဘာသဒး သဗ်ါန် ပါဒေါ ရာဇာန မြိစ္ဆတိ၊ ၁၃၊
ရာဇာ ဘဝတျနေနာသ္တု မုစ္စန္တေ စ သဘာသဒး၊
ဧနော ဂစ္ဆတိ ကတ္တာရံ နိန္ဒာရဟော ယတြ နိန္ဒျတေ၊ ၁၄၊
(မနု- ၈။ ၃-၈။ ၁၂-၁၉။)

မင်းတိုင်ပင်အမတ်, မင်းနှင့်အရာရှိတို့သည် ဒေသထုံးစံ ကျွမ်းဝင်အသိ အားကောင်းစွာ အကြောင်းပုဒ်တို့ (အထောက်အထား)ဖြင့် အောက်ပါ တဆယ့်ရှစ်ပါးသော နည်းလမ်းအတိုင်း ဖြင်းခုံဖြစ်ပွားသော အမှုအခင်း တို့ကို နေ့စဉ် စီရင်ဆုံးဖြတ်ရာသည်၊ ရာဇသတ် (ဥပဒေစာအုပ်)၌ မပါ သော အဆုံးအဖြတ်သည့် လိုအပ်သည်ထင်က၊ ကောင်းမြတ်သော ဥပ ဒေပြု၍ မင်းနှင့်ပြည်သူတို့ အကျိုးတရား တိုးပွားအောင် ပြုရာသည်၊ ၁၊

အမှုအခင်း တဆယ့်ရှစ်မျိုး ဆိုသည်မှာ —၁- (ရှဏာဒါန) တစုံ တယောက်ထံမှ ချေးယူ ချေးပေးခြင်း အမှုအခင်း၊ ၂—(နိက္ခေပ)— တစုံတရာ ပေါင်နှံထား၍ ထိုဥစ္စာကို ပြန်မပေးခြင်း၊ ၃— (အသွာမိ ဝိကယ) အခြားသူ့ ဥစ္စာပစ္စည်းကို အခြားသူတဦးက ရောင်းစားပစ်ခြင်း၊ ၄—(သံဘူယ စ သမုတ္ထာန်) ရှုံး၍ တဦးတယောက်အား နှိပ်စက်ခြင်း၊ ၅—(ဒတ္တဿာနပကမ္မစ) ပေးအပ်ပြီးသော ဥစ္စာကို မပေးဘဲနေခြင်း၊ ၂၊

၆—(ဝေတနဿဝ စာဒါနမ်) တစုံတယောက်၏ လုပ်ခ, လခကို မထ ရား ယူထားခြင်း -ဝါ- လျော့ပေးခြင်း -ဝါ- မပေးဘဲထားခြင်း၊ ၇— (ပဋိညာ) ပဋိညာဉ်နှင့် ဆန့်ကျင်ဘက် ပြုမူခြင်း၊ ၈— (ကြယဝိကြယာ

နှသယ) အပေးအယူ – အရောင်းအဝယ်၌ စကားများခြင်း၊ ၉– သားတိရစ္ဆာန်၏ သခင်နှင့် ထိန်းကျောင်းသူတို့ ခိုက်ရန်။ ၃။

၁၀– နယ်ခြားသတ်မှတ်ရာ၌ ခိုက်ရန်။ ၁၁– တစုံတယောက်အား ကြီးလေးသော အပြစ်ဒဏ်ပေးခြင်း၊ ၁၂– ရုန့်ရင်းကြမ်းတမ်း ဆဲဆိုခြင်း၊ ၁၃– ခိုးဝှက် ထိုက်ခိုက် ယူခြင်း၊ ၁၄– အတင်းအဓမ္မ ပြုခြင်း၊ ၁၅– သူ့လင် သူ့မယားနှင့် မှောက်မှား ဖေါက်ပြန်ခြင်း။ ၄။

၁၆– မိန်းမနှင့် ယောကျ်ားတို့ ဝတ္တရား၌ လွန်ကဲ၍ကျင့်ခြင်း၊ ၁၇– အမွေအနှစ် ဝေဘန်ရာ၌ အငြင်းအခုံ၊ ၁၈– ပဲအံကစားခြင်း –ဝါ– သက်ရှိ သတ္တဝါကို တင်၍ လောင်းစားခြင်း၊ ဤတဆယ့်ရှစ်ပါးသော အမှုတို့သည်ကား၊ အချင်းချင်း ငြင်းခုံဖြစ်ပွားသော အမှုအခင်းများ ပေတည်း။ ၅။

ဤအမှုအခင်းတို့၌ များစွာသော အမှုသည်တို့ကို ရှေးအစဉ်အလာ ဓမ္မသတ်အရ စီရင်ဆုံးဖြတ်၍ ပျက်နှာလိုက်ခြင်း မပြုအပ်ချေ။ ၆။

အကြွင်းအဖွဲ့တွင် မတရားခြင်းဖြင့် ဒဏ်ရာရသည်ဖြစ်၍ တရားခြင်း ဆိုက်ရောက်လာ၏၊ တရား၏ နာမည် ပျက်ခြင်းကို ထုတ်ပယ်၍ မတရားခြင်းကို ခုတ်ဖြတ် သုတ်သင်ခြင်း မပြုအပ်၊ တနည်းကား–တရားကိုလိုက်နာခါ၊ မတရားမှုကို အပြစ်မရှုဆုံ၊ ထိုအဖွဲ့ (ပါလီမန်အဖွဲ့)ရှိ အမတ်အားလုံးသည် ဒဏ်ရာရပြီးသူများဟု မှတ်ယူအပ်လေသည်။ ၇။

တရားရှိသော သူတို့သည် ပါလီမန် အဖွဲ့တွင် မည်သည့် အခါမှ ပါဝင်ခြင်း မပြုအပ်ချေ။ အကယ်၍ ပါဝင်ခဲ့သော်၊ အမှန်ကိုသာ ပြောဆိုရသည်။ အဖွဲ့တွင် မတရားပြုနေသည်ကို မြင်လျက် ထိတ်ဆိတ်စွာ နေသူ၊ သို့မဟုတ် တရားနှင့် ဆန့်ကျင်ဘက် ပါဝင်ပြောဆိုသူသည် ထင်ကဲ့သူယုတ်မာကြီး တယောက် ဖြစ်ပေ၏။ ၈။

အကြွင်းအဖွဲ့၌ ရှုးမတ်တို့ မျက်မှောက်တွင် တရားမှုကို မတရားမှုကရှင်း၊ အမှန်ကို အမှားကရှင်း အောင်နိုင်၏၊ ထိုအဖွဲ့ပါ အမတ်အားလုံးသည် အသေကောင်ချည်းသာ ဖြစ်ကုန်၏။ ၉။

သေပြီးသော တရားသည် သတ်သောသူအား ပျက်စီးစေ၍ စောင့်ရှောက်အပ်သော တရားသည် တရားစောင့်သူအား စောင့်ရှောက် ကာကွယ်တတ်၏။ သို့ဖြစ်၍ သတ်အပ်ပြီးသော တရားသည် ငါ့အား မသတ်ပါစေနှင့်ဟု ကြောက်သော စိတ်ထားဖြင့် မှန်သောတရားဓမ္မကို မည်သည့်အခါမျှ မသတ်ဖြတ်အပ် (တရားကို မစွန့်အပ် ဆိုလိုသည်) ၁၀။

အားလုံးသော အလိုရခြင်းနှင့် ချမ်းသာကို ပေးတတ်သော တရားဓမ္မကို ဖျက်ဆီးသော သူကိုပင် ပညာရှိတို့က၊ ဝသလ=ယုတ်ညံ့သူဟု မှတ်ယူကြ၏။ သို့ဖြစ်၍ မည်သူမျှ တရားကို မဖျောက်ဖျက်အပ်ပေ။ ၁၁။

ဤလောက၌ ဤတရားတပါးသာ မိတ်ကောင်း ဆွေကောင်းဖြစ်၍ သေလွန်ပြီးသည့် နောက်၌လည်း အတူပါတတ်၏။ အခြားသော အပေါင်းအသင်းနှင့် အရာဝတ္ထုတို့သည်ကား၊ ခန္ဓာကိုယ် ပျက်စီး ဆွေးမြေ့သည်နှင့်အတူ ပျက်စီး ကွယ်ပ သွားကြရကုန်၏။ ၁၂။

ထိုသော် တရားသည်ကား ဘယ်တော့မှ မခွဲချေ။ အစွဲ၌ မတရား မျက်နှာလိုက်ခဲ့လျှင် မတရားသူ လေးပါးဖြစ်သွားလေသည်။ ၁—မတရား ပြုသူ (တရားခံ)၊ ၂—မတရား သက်သေ ထွက်ဆိုသူ၊ ၃—မတရား အရာရှိ၊ ၄—ထိုမတရားသော အစွဲ၏ ညွှန်ကြား=ပြစ်ဒဏ်=သမတကြီး= မင်းပင် ဖြစ်သည်။ ၁၃။

အကြောင်းအစွဲ၌ ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့ခြင်း၊ ကောင်းချီး ပေးသင့်သူအား ကောင်းချီးပေးခြင်း၊ အပြစ် ပေးထိုက်သူအား အပြစ် ပေးခြင်း၊ ရှိသေထိုက်သူအား အရိုအသေပေးခြင်းကို ခံရ၏။ ထိုအစွဲတွင် မင်းနှင့် မှူးမတ်တို့သည် အကုသိုလ်မှ ကင်းစင်၍ ဖြူစင်သော ဘဝသို့ ရောက်ကြရသည်၊ မကောင်းမှု ပြုသူကိုသာ မကောင်းမှု ဖြစ်၏။ ၁၄။
သက်သေပေးပုံနည်း—

အာပ္လွား သဗ္ဗေသု ဝဏ္ဏေသု ကာယဝ်ား ကာယေဝ်သု သာကျွိုထား။
သဗ္ဗမ်ဗ်ိဗိဒေါလဗ္ဗာ ဝိပရိတာဝ်ညွှ ဝဇေ်ယယ်။ ၁။
ဖြွိအာဝှ် သာကျွံ ဖြွိယား ဂုယ်ဝိမ္ဗိဓာနဝ် သမြိသာ ဗွိဓား။

သုမြာသု သင်္ကား သုမြာထာ မန္တျာနာ မတ္တိ ယောနယး။ ၂။
သာဟာသေသု စ သဗ္ဗေသု ခြွေ့သံဂြဟာ ထောသု စ။
ဝိဠူလ္လူ ယောသွ ပါဠူသော နံ ပရိကျေတ သာကျွိထား။ ၃။
ဗတ္ထုတွဲ ပရိဂြိတ္တိ ယာဘ္ဘာ ကျွိဒွမေ နရာမိပး။
သမေသု တု ဂုထောတ်ကြိသွာန် ဂုထာဒွမေ ဒွိဓောဘ္ဘမာန်။ ၄။
သမက္ခု ဒသံနာ ဖြာကျွံ ဒြဝထောစွဲဝ သိမ္လတိ။
တတြ သတုံ မြုဝန္တဲ့ာကျွိ မေဝါယာ ဘျာံ န ဟိယတေ။ ၅။
သာကျွိ မြိသူ ဩဝုတာ ဒနျ ဒွိမြုဝန္တာယျာ သံသဒိ။
အဝါန်ရကမ ဘေျတိ ဖြေတု သွက်ါဠူ ဟိယတေ။ ၆။
သွဘာဝေနဲ့ဝ ယဒ်မြုယုတ္တဒ် ဂြာဟျုံ ဗျာဝဟာရိကမ်။
အတော ယဒန္ဓမြုနူယုဓ်မ်ာသီ တဒပါဠ် ကမ်။ ၇။
သဘာဝ္တား သာကျွံထား မြာဖ္ဖာနံပြိတုတ် သန္ဓိမော။
မြာဍိုဝိပါကော နူယုဍ္ဍိတ ဝိမိနာနေန သာတ်ွယန်။ ၈။
ယဒ် ဒွယော ရနယော ဇော်ဖြ ကာယော်သွိနော် ဝေတ္တိတံ မိတး။
တဒ် မြုတ သဗ္ဗံ သတေျနဲ့ ယုသ္မာကံ တျဖြ သာကျွိတာ။ ၉။
သတုံ သာကျွေ မြုဝန္တဲ့ာကျွိ လောကာနာ ပေါ့ဝိ ပုဏ္ဏာလာန်။
ဏုဟာ စာနုတ္တမံ ကိဇ္ဇင်္ဂ ဝါဂေသာ ဖြပွ ပူဇိတာ။ ၁၀။
သတေျနဲ့ ပူယံတေ သာကျွိ မင်း သတေျနဲ့ ဝဋ္ဋိတေ။
တသ္မာဖ္ဖတုံပိ ဝဏ္ဏဈံ သဗ္ဗဝကော်သု သာကျွဘိး။ ၁၁။
အာတွဲဝဟျာ တွမ်နး သာကျွိ ဂတိရာ တွာ တထာ တွမ်နး။
မာဝမံသ္သား သွမာတွာန် ဒြိုထာံ သာကျွိထာ မုတ္တမံ။ ၁၂။
ယာဒျ ဝိနွာန်ပိ ဝဒတး ကျေဖြဲညေ နာဘိ သက်တော။
တသ္မာနွဲ ဒေဝါး ဩြယာံ သံလောကေနျုံ ပုဂ္ဂလံ ဝိဒုး။ ၁၃။
ဇေတော ပာမတ္တိ တျာ့တွာန် ယတ္တံ ကာလျာထာ မနျော။
နိတုံ ဤတဩြဲ ဖြိချေသု ပုဏ္ဏပါပေကျွိတာ ရနိုး။ ၁၄။
(မနု-၈၊ ၆၃၊ ၆၈၊ ၇၂-၇၅။ ၇၀-၈၁။ ၈၃၊ ၈၄၊ ၉၆၊ ၉၁။)

အားလုံးသော အမျိုးဇာတ်တို့၌ တရားရှိသော ပညာရှိ၊ ဖြောင့်မတ်သူ၊ အားလုံးသော တရားမှုကို တတ်ကျွမ်း လိမ္မာသူ၊ လောဘကင်းသော၊ မှန်သော စကားကို ဆိုတတ်သူကို တရားစီရင်ရာ၌ သက်သေ ပေးစေရာသည်၊ ဤအင်္ဂါနှင့် ဆန့်ကျင်သူတို့အား၊ မည်သည့်အခါမျှ မပေးစေရာ။ ၁။

မိန်းမတို့ အမှုတွင် မိန်းမသက်သေ၊ ပုဏ္ဏားတို့ အမှုတွင် ပုဏ္ဏား သက်သေ၊ ဇာတ်ညံ့တို့ အမှုတွင် ဇာတ်ညံ့ သက်သေ ပေးရာသည်။ ၂။

မုဒိန်းမှု၊ ခိုးမှု၊ တိင်တိက်ပုံး ကာမလွန်ကြူးမှု၊ ရိုင်းစိုင်းကြမ်းတမ်းသော စကားဆိုမှု စသည်တို့၌ သက်သေကို စစ်ဆေးရန် မလိုပေ။ အရေးကြီးသော ဖြစ်မှုမျိုး ဖြစ်သည့်ပြင် လျှို့ဝှက်စွာ ပြုကျင့်သော ဖြစ်မှုမျိုး ဖြစ်သည်ဟု မှတ်သားရာသည်။ ၃။

နှစ်ဘက်သော သက်သေတို့တွင်၊ အများဆန္ဒအတိုင်း၊ တူမျှသော သက်သေတို့ အထဲမှ မြင့်မြတ်ဂုဏ်ရှိသော ယောကျ်ားတို့၏ ထွက်ဆိုချက်နှင့် အညီ၊ ထို့ပြင် အကယ်၍ နှစ်ဘက် သက်သေများ၊ ဂုဏ်အရည် အချင်းချင်း တူမျှနေခဲ့သော်၊ ရသေ့ရဟန်းကြီးများ၏ ထွက်ဆိုချက်အား လျော်စွာ ဆုံးဖြတ်ရာသည်။ ၄။

မြင်သူ ကြားသူ ဟူ၍ သက်သေ နှစ်မျိုး ရှိသည်၊ တရားစီရင်သော ရုံး၌ မေး၍ အမှန်ကို ပြောသူအား အပြစ်မပေးရာ၊ လိမ်လည် ပြောဆိုသော သက်သေကိုသာ အပြစ်ပေးရာသည်။ ၅။

တရားရုံးတော်၌ မိမိ မြင်ခြင်း ကြားခြင်းနှင့် ဆန့်ကျင်ဘက် ထွက်ဆိုသော သူသည် ယခုဘဝ၌ လျှာဖေါက်ခံရသော ငရဲဒုက္ခကို ခံစားရ၍ ထမလွန် ဘဝ၌လည်း ချမ်းသာမှု ကင်းသည် ဖြစ်ရာ၏။ ၆။

သက်သေ၏ ပင်ကိုယ် သဘောအတိုင်း ထွက်ဆိုခြင်းကိုသာ ယုံရာသည်၊ တခြားသူတို့က သင်ပေး၍ ထွက်ဆိုသော စကားကို အချည်းနှီးဟု မှတ်ယူရာသည်။ ၇။

တရားလိုနှင့် တရားခံတို့၏ ရှေ့မှောက်တွင် ရရှိသော သက်သေတို့အား တရားသူကြီးတို့ကရင်း၊ ရှေ့နေတို့ကရင်း၊ ဖေးမြန်စွာ ဤသို့မေးရာသည်။ ၈။

အိုု သက်သေတို့ ! ဤအမှု၌ ဤတရားလို တရားခံ နှစ်ဦး၏ အမှုနှင့် ပတ်သက်၍ သင်တို့ မြင်ကြားသည်ကို မှန်စွာပြောပါ။ အကြောင်းကား သင်တို့သည် ဤအမှု၌ သက်သေ ဖြစ်ကြပါသည်။ ၉။

မှန်သောစကားကို ပြောသော သက်သေသည် တမလွန်ဘဝ၌ ကောင်းမြတ်သော ဘဝကိုရ၍ ချမ်းသာကို ခံစားရ၏။ ပစ္စုပ္ပန် ဘဝ၌လည်း အကျော်အစောကို ရ၏။ ဝေဒကျမ်းဆို အရလည်း၊ မှန်သော စကားကို ဆိုတတ်သူသည် အကျော်အစောကို ရ၍ မုသားပြောသူသည် ကဲ့ရဲ့ခြင်းကို ခံရသည်ဟု ဆိုထား၏။ ၁၀။

မှန်သောစကားကို ဆိုခြင်းကြောင့် သက်သေသည် ဖြူစင်၍ မှန်သောတရား တိုးပွားလေသည်၊ သို့ဖြစ်၍ အမျိုးလေးပါးတို့သည် သစ္စာစကားကိုသာ ဆိုရာသည်။ ၁၁။

အတ္တ၏ သက်သေသည် အတ္တပင်ဖြစ်၍ အတ္တ၏ ဂတိသည်လည်း အတ္တပင် ဖြစ်သောကြောင့် အို ယောက်ျားတို့ ! သင်တို့သည် အားလုံးသော သူတို့၏ မြတ်သော သက်သေ ဖြစ်သည်အား လျော်စွာ မိမိ၏ အတ္တကို အရှက်မခွဲကြပါနှင့်။ သင်၏အတ္တ၊ စိတ်၊ နှလုံးတွင်ရှိသော သစ္စာသည် အမှန်တရား ဖြစ်၍ ဤနှင့် ဆန့်ကျင်သော စကားသည် မုသား ဖြစ်ပေ၏။ ၁၂။

ပြောဆိုနေသော သက်သေ၏ ဩတ္တပ္ပစိတ် တည်းဟူသော အတ္တသည် ထိတ်လန့် ကြောက်ရွံ့ခြင်း မဖြစ်ခဲ့သော်၊ ထိုသူအား ပညာရှိတို့က မြတ်သော ယောက်ျားဟု မှတ်ယူကြချေ။ ၁၃။

အို ကောင်းကျိုးချမ်းသာကို လိုလားတတ်သော ယောက်ျားမြတ် ! "ငါ တကိုယ်တည်း" ဘဲဟု တွေးခါ မုသားပြောဆိုခြင်းသည် မသင့်လျော်ပါ။ သို့သော်, သင်၏ နှလုံးအိမ်၌ ခိုအောင်းခါ အမှားအမှန်ကို စောင့်ကြည့်နေသော ဘုရားကို ကြောက်သောအားဖြင့် အမြဲမှန်သော စကားကိုသာ ဆိုပါလေ။ ၁၄။

လောဘာန္မော ဟာဒ္ဘယာန္မိတြာတ္ကာမာတ် ကြောဓာတ္တထဲဝ စ၊
အဇ္ဉာနာဒ်ဗာလဘာဝါစ္စ သာက္ချံ ဝိတထမုစျတေ၊ ၁၊
ဧသာမန္ယတမေ သ္ထာနေ ယး သာက္ချမန္ရုတံ ဝဒေတ်၊
တသျ ဒဏ္ဍ ဝိသေသာံသ္တု ပြဝက္ချာမျနုပုဗ်သး၊ ၂၊
လောဘာတ္သဟသြံ ဒဏ္ဍျယသ္တု မောဟာတ္ပုဗ်န္တု သာဟသမ်၊
ဘယာဒ်ဒွေါ မဓျမော ဒဏ္ဍော မဲတြာတ္ပုဗ်ံ စတုရ်ဂုဏမ်၊ ၃၊
ကာမာဒ္ဒသ ဂုဏံ ပုဗ်ံ ကြောဓာတ္တု တြိဂုဏံ ပရမ်၊
အဇ္ဉာနာဒ္ဒွေ သတေ ပူဏ်ေ ဗာလိသျာစ္ဆတမေဝ တု၊ ၄၊
ဥပသ္ထမုဒရံ ဇိဟွာ ဟသ္တော ပါဒေါ စ ပဉ္စမမ်၊
စက္ချုရ္နာသာ စ ကဏ္ဏော် စ ဓနံ ဒေဟသ္တထဲဝ စ၊ ၅၊
အနုဗန္ဓံ ပရိဇ္ဉာယ ဒေသ ကာလော စ တတ္တွတး၊
သာရာပရာဓော စာလောကျ ဒဏ္ဍံ ဒဏ္ဍျေသု ပါတယေတ်၊ ၆၊
အဓမ်ံ ဒဏ္ဍနံ လောကေ ယသောဃ္နံ ကီတ္တိနာသနမ်၊
အသွဂ္ဂျဉ္စ ပါတြာပိ တသ္မာတ္တတ္ပရိဝဇ္ဇယေတ်၊ ၇၊
အဒဏ္ဍျာန္ဒဏ္ဍယန် ရာဇာ ဒဏ္ဍျာံသ္စဲဝါပျဒဏ္ဍယန်၊
အယသော မဟာဒါပ္နောတိ နရကံ စဲဝ ဂစ္ဆတိ၊ ၈၊
ဝါဂ္ဒဏ္ဍံ ပြထမံ ကုယျာဒ္ဓိဂ္ဒဏ္ဍံ တဒနန္တရမ်၊
တြိတီယံ ဓနဒဏ္ဍံတု ဝဓဒဏ္ဍမတး ပရမ်၊ ၉၊
(မနု-၈၊ ၁၁၈-၁၂၂၊ ၁၂၄-၁၂၉၊)

လောဘ၊ မောဟ၊ ဘယ၊ မေတ္တာ (ချစ်ခင်ခြင်း)၊ ကာမ၊ ကောဓ၊ မိုက်မဲခြင်း၊ ခလေးသဘွယ် မလိမ္မာခြင်းဖြင့် သက်သေ ထွက်ဆိုခြင်းကို၊ အချည်းနှီးဟု ယူဆရာသည်၊ ၁၊

အထက် အဆိုပါ အမှုအခင်း တခုခု၌ မှသား သက်သေ ထွက်ဆိုသော သူအား ဆိုလတ္တံ့သော အပြစ်ဒဏ်ကိုကို ပေးရာသည်၊ ၂၊

လောဘကြောင့် မှသားသက်သေ ထွက်ဆိုသောသူအား၊ ၁၅-ကျပ် ၁၀- ဒဏ်ရိုက်ရာသည်၊ မောဟကြောင့် မှသား ထွက်ဆို သူအား

၉-ကျပ် ၂-ပဲ ဒဏ်ရိုက်ရာသည်၊ ဘယ (ကြောက်ခြင်း)ကြောင့် မုသား ထွက်ဆိုသူအား၊ ၆-ကျပ် ၄-ပဲ ဒဏ်ရိုက်ရာသည်၊ မေတ္တာရှိခြင်း ကြောင့် မုသားထွက်ဆိုသူအား၊ ၁၂-ကျပ် ၈-ပဲ ဒဏ်ရိုက်ရာသည်။ ၃။

ကာမတဏှာ အစွမ်းဖြင့်၊ (ချစ်ကြိုက်ခြင်းကြောင့်) မုသား ထွက်ဆို သူအား၊ ၂၅-ကျပ်၊ အမျက်ဒေါသကြောင့် မုသား ထွက်ဆို သူအား၊ ၄၆-ကျပ် ၁၄-ပဲ၊ မသိမလိမ္မာခြင်းကြောင့် မုသားဆိုသူအား၊ ၆-ကျပ် ခလေးသဖွယ် မုသား ထွက်ဆိုသူအား၊ ၁-ကျပ် ၉-ပဲ၊ ဒဏ်ရိုက် ရာသည်။ ၄။

ဒဏ်ပေးအပ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကား — ဝမ်းဗိုက်၊ လျှာ၊ လက်၊ ခြေ၊ မျက်စေ့၊ နှာခေါင်း၊ နားရွက်၊ ဥစ္စာနှင့်ကိုယ် - ၁၀- ပါး ဖြစ်သည်။ ၅။

သို့သော်, ကာလဒေသကို ကြည့်၍ အမှုအခြေအနေအား လျော်စွာ၊ ကြွယ်ဝသူဖြစ်က ၂ဆ- ၃-ဆ ၄-ဆလည်း ယူရာ၏။ ဆင်းရဲသူဖြစ်က လျော့ပေါ့ယူရာ၏။ ၆။

အကြောင်းကိုဆိုသော်, လောက၌ မတရား အပြစ်ဒဏ် ပေးခဲ့သော်, အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော အကျော် အစောကို ပျက်စီးစေတတ်၏၊ တမလွန် ဘဝ၌လည်း၊ ဒုက္ခဆင်းရဲကို ခံရတတ်၏၊ သို့ဖြစ်၍ မတရားသဖြင့် မည်သူ့ကိုမှ အပြစ်မပေးရာ။ ၇။

အကြင်မင်းသည် အပြစ်ရှိသူကို လွှတ်၍ အပြစ်ကင်းသူကို အပြစ်ဒဏ် ပေး၏၊ ထိုမင်းသည် အသက်ရှင်စဉ်၌ အကဲ့ရဲ့ခံရ၍ သေလွန်ပြီးသည့် နောက်၌လည်း ကြီးလေးသော ဆင်းရဲကို ခံစားရတတ်၏၊ ထို့ကြောင့် ဖြစ်မှုကြီးလွန်သူအား အခါခပ်သိမ်း အပြစ်ဒဏ်ခပ်နှိပ်၍ အပြစ်ကင်း သူအား ဘယ်တော့မှ ဒဏ်မပေးရာ။ ၈။

ပထမနှုတ်ဖြင့် ဒဏ်ရိုက်ခြင်း (ကဲ့ရဲ့ရှုတ်ချခြင်း)၊ ဒုတိယ စက်ဆုပ် ရွံရှာသော စကားဖြင့် ကြိမ်းမောင်းခြင်း၊ တတိယ - ဥစ္စာကို သိမ်းယူ ခြင်း၊ စတုတ္ထ - သတ်ဖြတ်ခြင်း (ကြိမ်ဒဏ်-ကြိုးဒဏ်) ပေးခြင်း။ ၉။

ယေန ယေန ယထာဂေဟ္န ဒွေ့ရှနော ပြိသူ ဗိစေသွေတော။
တဗ္ဗုဒ္ဓေဝ ဟာရေဒသျှ မြတ္တျာဒေသာဘယ ပါပ်ဗ်ဝး။ ၁။
ပိတာစာယျ်ား သုတြ္တိဿတာ ဘာယျ်ာ ပုတြ္တား ပုရောဟိတား။
နာဒဏ္ဍယောနာမ ရာဇဉ္ဉိယား သွမေ် နဲ့ တိဿတိ။ ၂။
ကာသီ်ပဏံ ဘဝေဒ်ဒဏ္ဍယော ယတြ္တာန္ဒား ပြာကြ္တိတော ဇနး။
တတြ္တ ရာဇာ ဘဝေဒ္ဒဏ္ဍယး သဟာဿြမိတိ ဓာရဏာ။ ၃။
အသ္တ္တာပါဒျ္ဇနုံ သူဒြသျ္ ဒွေ့ရှယော ဘာဝတိ ကိလ္ဗိသမ်။
ဿောဍသဲဝ တု ဝဲသျသျ ဒွါတြိံ့သတ် ကျတြိယသျ စ။ ၄။
ဗြာဟ္မဏသျ စတုဿဿ္ဋိး ပူဏံဝါပိ သတံ ဘဝေတ်။
ဒွိဂုဏာဝါ စတုဿဿ္ဋိသ္တဒ် ဒေါသဂုဏဝိဒ္ဓိ သး။ ၅။
ဖဲန္ဒြံ ဿာနမဘိ ဖြော့ပျူယ်သဿွာကျျယာမဗျုယမ်။
နေ့ာပေက္ကျေတ က္ဗျဏမဝိ ရာဇာ ဿာဟာဿိကံ နရမ်။ ၆။
ဝါဂ္ဒုဿ္တ္တာတ္တသ္ကရာဒ္ဒ္ဍာ ဒဏ္ဍေနဲဝ စ ဟိံသတး။
ဿာဟာသသျ နရး ကတ္တာ ဝိဇ္ဉေယး ပါပကြ္တ္တမး။ ၇။
ဿာဟာသေ ဝတ္တ်မာနန္တု ယော မသ်ယတိ ပါဗ်ိဝး။
သဝိနာသံ ဗြဇတျာသု ဝိဒွေသံ စာဓိဂစ္ဆတိ။ ၈။
န မိတြ္တ ကာရဏာ ဒြာဇာ ဝိပုလာဒွါ ဓနာဂမာတ်။
သမုတ္သြိဇေတ် ဿာဟာသိကာန္ သဗ္ဗဘူတဘယာ ဝဟာန်။ ၉။
ဂုရုံဝါ ဗာလဗြိဒ္ဓေါ ဝါ ဗြာဟ္မဏံ ဝါ ဗဟုဿြုတမ်။
အာတတာယိနမာယာန္တံ ဟန္ယာဒေဝါ ဝိစာရယန်။ ၁၀။
နာတတာယိ ဝဓေ ဒေါသော ဟန္တုရ်ဘဝတိ ကသ္စန်။
ပြကာသံ ဝါ အပြကာသံ ဝါ မနျုသ္တံ မနျုမြိဆ္စတိ။ ၁၁။
ယာဒျုဒ္ဓေန ပုရေဏာဿ္တိ နာဿျူဒြော ဂေါ နဲ့ ဗြာဟ္မဏဘာ။
န ဿာဟာသိက ဒဏ္ဍဃ္နော သရာဇာ သကြလောကဘာက်။ ၁၂။
(မဇ္ဈ· ဂ။ ၃၃၄-၃၃၈။ ၃၄၄-၃၄၇။ ၃၅၀။ ၃၅၁။ ၃၈၉။)

သူခိုးသည်၊ အကြွင် လက်ခြေစသော အင်္ဂါဖြင့် လူတို့နှင့် ဆန့်ကျင်ဘက် အားထုတ်၏၊ ထိုအင်္ဂါကို လူအပေါင်းတို့ အဆုံးမှ ဖြဝါဒ ရစေရန် မင်းသည် ဖြတ်ပယ်ပစ်ရာသည်။ ၁။

မိဘ၊ ဆရာ၊ မိတ်ဆွေ၊ မယား၊ သားသမီး၊ ပုရောဟိတ်ပင် ဖြစ်လင့်ကစား၊ မိမိကျင့်ဝတ် တရားမှ ချွတ်ချော် ကျင့်ကြံခဲ့လျှင်၊ အပြစ်ဒဏ် မပေးထိုက်သည်မဟုတ်။ (အပြစ်ပေးရာသည်)။ ၂။

အကြွင်အပြစ်၌ သာမန် လူတယောက်အား ပိုက်ဆံတပြား ဒဏ်ထိုက်လျှင်၊ ထိုအပြစ်၌ မင်းအား အပြားတထောင် ဒဏ်ထိုက်၏။ (အဆပေါင်းတထောင်ကို ဆိုလိုသည်)။ အမတ်နှင့် မင်း၏ အတွင်းဝန်ကို အဆရှစ်ရာ၊ ထို့ထက်ငယ်သော အရာရှိကို အဆခုနစ်ရာ၊ ထို့ထက်ငယ်သော အမှုထမ်းကို အဆခြောက်ရာ၊ ဤနည်းဖြင့် အငယ်ဆုံးဖြစ်သော မင်းစေကို ရှစ်ဆထက်မနည်း ဒဏ်ရိုက်ရာသည်။ အဘယ့်ကြောင့်ဆိုသော်၊ ပြည်သူလူထုထက် အရာရှိတို့အား ပို၍ အပြစ် မပေးခဲ့ပါမူ၊ ပြည်သူတို့အား ဖျက်ဆီးပစ်ပေလိမ့်မည်။ တနည်း ဥပမာကား– ခြင်္သေ့ကို ကြီးလေးသော အပြစ်ဒဏ် ခပ်နှိပ်ခြင်းဖြင့်၎င်း ဆိတ်ငယ်ကို ငယ်သောအပြစ်ဒဏ် ခပ်နှိပ်ခြင်းဖြင့်၎င်း၊ အထိုသို့ ပါလာနိုင်စေလေသည့် ထုံးကို နှုလုံးပြု၍ မင်း၏ အမှုထမ်းတို့အား၊ ပြည်သူလူထုထက်ပို၍ အပြစ်ပေးရာသည်။ ၃။

ထို့အတူ စဉ်းစဉ်းစားစားနှင့် ခိုးသော ဓာတ်နိမ့်သူအား၊ ခိုးရာပါ ပစ္စည်း၏ ရှစ်ဆ၊ ကုန်သည်မျိုးအား တဆယ့်ခြောက်ဆ၊ ခတ္တိယ မင်းမျိုးအား အဆနှစ်ဆယ်။ ၄။

ဗြာဟ္မဏ (ပုဏ္ဏား)အား ခြောက်ဆယ့်လေးဆ –ဝါ–အဆတရာ –ဝါ– တရာ့နှစ်ဆယ့်ရှစ်ဆ ဒဏ်ပေးရာသည်။တနည်းကား–ပညာဉာဏ် ဂုဏ်ကြက်သရေ ကြီးသလောက် အပြစ်ဒဏ် ကြီးလေးစွာ ပေးရာသည်။ ၅။

တိုင်းပြည်ရှင် ဖြစ်သော တရားနှင့် အပိုးရခြင်းကို လိုလားသော မင်းသည် အတင်းအဓမ္မ ညှဉ်းပန်းနှိပ်စက်သော ထားပြလူဆိုးတို့အား၊ အပြစ်ပေးရာ၌ တခနမျှ မကြန့်ကြာစေရာ။ ၆။

အတင့်ရဲသော အမွေလူဆိုးတို့ လက္ခဏာကား—

မိုက်မိုက်ရှိုင်းသော စကားကို ပြောဆိုသူ၊ မိုးဂုဏ်တတ်သူ၊ အပြစ်မရှိဘဲ အပြစ်ဒဏ်ပေးသူတို့သည်၊ အထင်းဗလဖြစ္စာရ ပြုတတ်သူ ထားဖြတ်ကို သည် ဗိုမိုဆိုးဝါးသော တက်လူယုတ်မကြီးတွေ ဖြစ်၏။ ၇။

ဤသို့ နိုင်ထက်စီးနင်း ပြုတတ်သော လူဆိုးတို့အား၊ အပြစ်မပေးဘဲ သည်းခံသောမင်းသည် မကြာမီ ပျက်စီးတတ်၍ နိုင်ငံတော်၌ မကျေနပ်မှု ပေါ်ပေါက်လာတတ်လေသည်။ ၈။

မိတ်ဆွေအဖြစ်နှင့် များမြောင်သော ဥစ္စာကိုပင် ရစေကာမူ၊ အားလုံးသော သတ္တဝါတို့အား ရက္ခပေးတတ်သော လူစွာကြီးအား၊ ထောင်ချ ခြင်း ကြိုးပေးခြင်း မပြုဘဲ မနေရာ။ ၉။

ဆရာရင်းဖြစ်စေ၊ သားဦးဖြစ်စေ၊ အဖေဖဖစသော လူကိုဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ ပညာဗဟုသုတ များသူဖြစ်စေ၊ တရားကို ငွန်းပယ်ခါ အခြားသူတို့အား အပြစ်မရှိဘဲ သတ်ဖြတ်ခဲ့လျှင်၊ ထိုသူအား စဉ်းစား ခြင်း မပြုဘဲ သတ်ပစ်ရာသည်။ ၁၀။

လူဆိုးလူမိုက်တို့အား အထင်အရှားဖြစ်စေ၊ တိတ်တိတ်ပုန်းဖြစ်စေ၊ သတ်ဖြတ်ရာ၌ သတ်သူအား အပြစ်မဖြစ်ပေ။ ဒေါသကြီးသူအား အမျက်ဒေါသဖြင့် သတ်ခြင်းသည်၊ ဒေါသ-ဒေါသခြင်း စစ်ထိုးသကဲ့သို့ ပင် ဖြစ်၏။ ၁၁။

အကြင် မင်း၏ နိုင်ငံတော် အတွင်း၌၊ သူခိုး၊ သူ့မယားကို လွန်ကြူး သူ၊ ရိုင်းပြသော စကားကို ဆိုတတ်သူ၊ ရက်စက်သော ထားဖြင့် မင်း အာဏာကို ဖီဆန်သူတို့မှ ကင်းစင်၏၊ ထိုမင်းသည် အလွန်မြင့်မြတ်သော မင်းတပါး ဖြစ်ပေ၏။ ၁၂။

ဘဏ္ဍာရံ လံစာယေချော ဖြုံ့ သူညတိ ဂုဏ ဒါဝိတော၊
တော် သွားဘိ ခါဒယေခြာဇာ သံညာဒေ ဗဟုသိဥ္စိတော၊ ၁၊
ရမံသံ ဒါဟာယေတွော် သယဒေ တဏ္ဍ အာယသေ၊
အာချာဒယုမ္ဘိဿ ကာဉ္စာခန် တကြ ဒဟာယေတ် ပါပကြိတ်၊ ၂။

ဒိယံ့ကွန် ယထာဒေသံ ယထာ ကာလက်ရော ဘာဝေတ်။
နဒိတိရေသု ထမ္ပိရျာဌ္ဌမုပြေ နာဌ္ဌိ လကျျဏာမ်။ ၃။
အပာချပာချ ဝေကျျတာ ကမ်ာဏ္ဍာဋ္ဌာပာနာဒိ စ။
အာယမျယော စ နိယတာဝါ ကရာဏ္ဍော သမေဝ စ။ ၄။
ဗော် သဇ်ာဒိမာဋ္ဌိဇာ ဖျဝပာရာ ဏ္ဍမာ ပယန်။
ဖျခပါတျ တိလ္လိသံသဇ် ပြာဗ္ဗေါဟိ ပရမဉ့ ဂတိမ်။ ၅။
(မနု·ဂ၊ ၃၇၁–၃၇၂၊ ၄၀၆၊ ၄၁၉၊ ၄၂၀။)

အမျိုးဇာတ်၏ မာနဖြင့် မိမိ၏ လင်မှတပါး အခြားယောကျ်ားတပါး နှင့် ဖေါက်ပြားသော မိန်းမကို၊ များစွာသော မိန်းမယောကျ်ားတို့ ရှေ့မှောက်တွင် အရှင်လတ်လတ် ခွေးတို့ဖြင့် ကိုက်သတ်စေရာ၏။ ၁။

ထို့အတူ မိမိ၏ မယားမှတပါး အခြားမိန်းမတို့နှင့် ဖေါက်ပြား ကျင့်ကြံသော ယောကျ်ားအား၊ များစွာသော ယောကျ်ားတို့ ရှေ့မှောက်တွင် မီးဖြင့် ရဲရဲတောက် ပူအောင် ကင်အပ်ပြီးသော သံခုတင်ပေါ်၌ အရှင်လတ်လတ် အိပ်စေလျက် ပြာဖြစ်အောင် သတ်ပစ်ရာ သည်။ ၂။

အမေး။ ။မင်းမိဖုယား၊ တရားသူကြီးနှင့် တရားသူကြီး ကတော်တို့၊ ဖေါက်ပြန်ခဲ့လျှင် ဘယ်လူက အပြစ်ပေးမလဲ?

အဖြေ။ ။အစိုးရ အဖွဲ့က ပေးရမည်။ ထိုကဲ့သော သူတို့ကို သာမန် ပြည်သူတို့ထက် ပိုမို၍ ကြီးလေးသော အပြစ်ကို ပေးရမည်။

အမေး။ ။ဘုရင်မင်းတို့သည် ထိုပြည်သူ့ အဖွဲ့၏ အပြစ်ဒဏ်ကို ဘာ့ ကြောင့် ခံယူသလဲ?

အဖြေ။ ။ဘုရင်ဟာလဲ၊ ကုသိုလ် ကောင်းသော လူယောကျ်ား တယောက် ဖြစ်ပါတယ်။ သူ့ကို အပြစ်မပေး၊ အပြစ်ဒဏ်ကို မခံယူဘူးဆိုရင်၊ ဒီပြင် လူတွေက၊ ဘယ်လိုက်နာတော့မလဲ။ ဒီပြင် ထချက်ကလည်း၊ အားလုံးလူထု၊ အရေးပါ အရာ ရောက်သော အရာရှိကြီးများ ပါဝင်သော အစိုးရအဖွဲ့က

အပြစ် ပေးလိုခဲ့မည်ဆိုရင် ဘုရင်တပါးတည်း ဘာတတ်နိုင်အုံးမှာလဲ။ ဒီလိုသာ အစီအရင် စည်းမျဉ်း ဥပဒေ မသားမရှိဘူးဆိုရင်၊ ဘုရင်နှင့် အရည်အချင်း ရှိသော မှူးမတ် အားလုံး မဘာရေးတည်းဟူသော ရေယဲမှာ နစ်မွန်းပြီး၊ တရားကိုလည်း နစ်မွန်းစေပြီး၊ ပြည်သူအားလုံးကို ဖျက်ဆီးပစ်ပြီး ကိုယ်တိုင်လည်း ပျက်စီးသွားမှာ အမှန်ဘဲ၊ တနည်း– ယခင်က ပြခဲ့တဲ့ ဂါထာရဲ့ အနက်အဓိပ္ပါယ်– "တရားသဖြင့် ပြုမှု အုပ်စိုးခြင်းပင် ရာဇာ့မင်းဖြစ်၏၊–" ဆိုတာကိုလည်း အောင့်မေ့ပါ။ ပြီးတော့ ကောင်းမြတ် မှန်ကန်တဲ့ တရားနည်းလမ်းကို ကွယ်ပသွားအောင် ပြုသူလောက် ယုတ်ညံ့တဲ့လူ ဘယ်မှာ ရှိတော့မလဲ။

အမေး။ ။ဒီလို ကြီးလေးတဲ့ အပြစ်ကို ပေးတာ မသင့်တော်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုရင် လူဟာ၊ ကိုယ်အင်္ဂါ တခုခုကို လစ် မပေးနိုင်၊ အသက်ရှင်အောင် မပြုနိုင်ပါ။ ဒါကြောင့် ဒီလို ဒဏ်များ မပေးသင့်ပါ။

အဖြေ။ ။ဒီအပြစ်ကို အင်မတန် ကြီးလေး ပြင်းထန်တဲ့ အပြစ်ဒဏ်လို့ ထင်တဲ့လူဟာ နိုင်ငံရေးရာကို မသိတဲ့လူပါ။ ဘာ့ကြောင့်လဲဆိုရင်, လူတယောက်ကို ဒီလို အပြစ်ပေးလိုက်မည် ဆိုရင် ဒုပြင် လူအားလုံးဟာ ဒီလိုမကောင်းမှုကို ပယ်ရှားပြီး ကောင်းမှု ကုသိုလ်ကိုလိုက်နာ ကျင့်ကြံကြပါလိမ့်မည်။ အမှန်ကို ပြောရမည် ဆိုရင် အများအကျိုးကို ကြည့်ရင် ဒီအပြစ်ဒဏ်ဟာ မုံညင်းစေ့ တစေ့လောက် မရှိပါဘူး၊ အပြစ်ဒဏ် နည်းနည်းသာ ပေးမည်ဆိုရင်၊ မကောင်းမှု ဒုစရိုက်တွေ ပိုမိုများလာ ပါလိမ့်မည်။ ခင်ဗျားပြောတဲ့ သက်သာတဲ့ အပြစ်ဒဏ်ဟာ၊ ကုဋေမက များလာခဲ့ရင် ကုဋေ ကုဋာမက ခဲ့ခက် လာမှာဘဲ။ ဘာ့ကြောင့်လဲ ဆိုရင် လူပေါင်းများစွာ မကောင်းတာတွေ ပြုလာခဲ့ရင်၊ နည်းနည်းစီတော့ အပြစ် ပေးရမှာဘဲ မဟုတ်လား။ ဥပမာ–တယောက်ကို အပြစ်ဒဏ် တမောင်းပေးမည်၊ အခြားတယောက်ကို တပေါင်ပေးမည်

ဆိုရင်၊ တမောင်းနှင့် တပေါင်ဖြစ်မည်ဆိုရင် တယောက် လျှင် သိယ ၂၀-နှင့် ပေါင်ဝက်ကြမည်။ ဒီအဖြစ်မျိုးကို လူ ဆိုးတို့ အရေးပိုက်မှာ မဟုတ်တော့ဘူး။ ဒီပြင် ဥပမာတခု က- တယောက်ကို အဖြစ်ဒဏ် တမောင်း၊ အခြားလူ တယောက်ကို တပေါင်စီပေးမည် ဆိုရင်၊ ခြောက်မောင်း နှင့် ဆယ်ဆိယ ဒဏ်သည် လူများအတွက် များပြားတယ် ဆိုက၊ ဒီပြင်းထန် ကြီးလေးတဲ့ တမောင်းဒဏ်ပင် နည်း၍ ပေါ့ပါးတဲ့ ဒဏ်ဖြစ်နေတယ်။

ပင်လယ်အော် (=ပင်လယ်ဝ) မြစ်ချောင်း စသော ရှည်လျားသော နေရာ၌ မြို့ရွာတို့ အနေအထားကို ကြည့်၍ အကောက်ဖလွှန် စည်းကြပ်ရသည်။ မဟာသမုဒ္ဒရာကြီး၌ကား အတိအကျ အခွန်အတုတ်ကို သတ်မှတ်ရန် မဖြစ်နိုင်သော်ငြားလည်း၊ မင်းနှင့် သင်္ဘောသား ဟုန်သည်တို့ အကျိုးကျေးဇူးကို ကြည့်၍ အခွန် သတ်မှတ်ရသည်။ သို့သော် သတိပြုအပ်သော အချက်တခုကား၊ ရှေးအထက်ကျော် ကာလက၊ သင်္ဘော မရှိဘူးဟု ထင်မှတ်ခြင်းသည် မှား၏။ အတိုင်းတိုင်း အပြည်ပြည် ကျွန်းငယ် ကျွန်းကြီး အသီးသီးသို့ သွားလာကြသော သင်္ဘောသားတို့သည် ဗိမ်တို့တိုင်းပြည်သားတို့ကို အနှောင့်အယှက် မပေးမူ၍ အမြဲစောင့် ရှောက်ရသည်၊ ၃။

[မင်းသည် ပြီးစီးသော အမိုးရက်ကွတ်တို့ကိုငင်း၊ ဆင်မြင်းစသော ယာဉ်တို့၏ စရိတ်နှင့် အမြတ်အစွမ်းကိုငင်း၊ ကျောက်မျက် ရတနာ ထွက်သော ကျောက်တွင်းများနှင့် ဘဏ္ဍာတော်ကိုငင်း၊ ကြည့်ရှုရသည်။ ၄။]

မင်းသည် ဤနည်းဖြင့် မင်းမှုကိစ္စတို့ကို စည်းကမ်း အားထော်စွာ ပြီးစီးစေလျက် အဖြစ်ဒေါသ အားလုံးကို ကင်းစင်စေပြီးလျှင် မြတ်သော သူတို့ သွားရာ လမ်းဖြစ်သော မောက္ခ (နိဗ္ဗာန်)ကို ရောက်ရ၏။ ၅။

အမေး ။သံသက်ရိုက် (=သကတ) ဘာသာ ပညာစာပေတွင် နိုင်ငံရေး ပညာသည့် အမြှည့်အရုံ ပါသလော၊ ထပိုင်းတစသာ ပါပါသလော ?

အဖြေ။ ။အပြည့်အစုံ ရှိပါသည်။ ကမ္ဘာလောကကြီး၌ နိုင်ငံရေး ဖြစ်ပြီး၊ ဖြစ်လတံ့သော ပညာတို့ကို သာကထမှ ယူထားပါ သည်။ အထင်အရှား ပြမထားသော အချက်တို့ကို အောက် ပါ စကားဖြင့် သိရသည်–

ပြတ္တယံ လောကပြီသွဲ့သူ သာဒြမ့်ပြီသွဲ့သူ ယောတ္တသီး။
(မနူ-ဂ၊ ၃။)

မင်းနှင့် ပြည်သူကို ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်၍ တရား နှင့် လျော်သော နည်းနာ ဥပဒေတို့ကို ပညာရှိ မင်းတိုင်ပင် အဖွဲ့က စီစဉ်သတ်မှတ် ရသည်။ ထိုသော် အထူး သတိထား အပ်သော အချက် တို့ကား– ထတ်အားသင့်ရှု အရွယ်မရောက်တဲ့နှင့် အိမ်ထောင်ပြုခွင့် မပေးရ။ အရွယ်ရောက် သော်ငြားလည်း သဘောမတူတဲ့နှင့် အိမ်ထောင် ဘက် မပြုစေရ။ ဖြဟ္မစရိယ အကျင့်ကို စည်းကမ်းအရ ကျင့်ခြင်း ကျင့်စေခြင်း ပြုရသည်။ ကာမဂုဏ်ကို အလွန်အကဲ လိုက်စားခြင်း၊ ယောက်ျား မိန်းမ များများယူခြင်းကို ပိတ်ရသည်။ ထိုသို့ ပိတ်ပင် ခြင်းကြောင့် ကိုယ်ခန္ဓာနှင့် စိတ်၌ အခါခပ်သိမ်း စွမ်းအားဗလ ပြည့်ဝ နေရသည်။ အကြောင်းကို ဆိုသော်, သက်သက် ပညာဉာဏ်ကို တိုး ပွားအောင် ပြု၍ ကာယဗလ တိုးပွားအောင် မပြုခဲ့သျှင်၊ ကာယဗလ ရှိသော သူသည် ဉာဏ်ကြီးသူ ရာပေါင်းများကို နိုင်နင်း နိုင်လေသည်။

ကာယဗလကိုသာ တိုးပွားအောင်ပြု၍ ဉာဏဗလကို မပြုမြဲနေပါက၊ အုပ်ချုပ်စီမံမှုနှင့် ဆိုင်ရာ ကောင်းမြတ်သော အစီအရင်ကို ဉာဏ်ပညာ မှကင်း၍ မပြုစွမ်းနိုင်ရာ။ အစီအရင် မရှိက လူအပေါင်းတို့သည် အချင်း ချင်း စိတ်ဝမ်းကွဲခါ တိုက်ခိုက် သတ်ဖြတ် ပျက်စီးချေရသည်။ ထို့ဖြစ်၍ ကာယဗလနှင့် ဉာဏဗလ နှစ်ပါးလုံးကို အမြဲတစေ တိုးပွားအောင် ပြုနေ ရသည်။ ဤဗလနှစ်ပါးကို အများဆုံး ဖျက်ဆီးတတ်သော အလေ့ အကျင့်သည်ကား၊ ကာမဂုဏ် အားကြီးခြင်းနှင့် အပျော်လိုက်စားခြင်း ပင်တည်း။ အထူးအားဖြင့် မင်းမျိုးတို့အား ကာယဗလ တိုးတက် နိုင်မြဲစေရသည်။ ၎င်းတို့သာ ကာမဂုဏ် အားကြီးနေမည် ဆိုက၊

မင်းကျင့်တရား ပျက်ပြားသွားပေလိမ့်မည်။ "ယထာ ရာဇာ တထာ ပြဇာ" ဆိုသော စကားအတိုင်း မင်းကိုပင် ပြည်သူတို့လည်း ဖြစ်၏။ ထို့ဖြစ်၍ မင်းနှင့် မင်းမှုထမ်းတို့သည် မည်သည့်အခါမျှ အကျင့်ဆိုးတို့ကို မပြုမူ၍ အခါခပ်သိမ်း တရားသဖြင့်ပြုမူခါ အများပြည်သူ ကို စင်ကြယ်ရာ စင်ကြယ်ကြောင်း စံပြတရ ဖြစ်ကြရာသည်။

ဤနေရာ၌ မင်းကျင့်တရားကို အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။ အသွေးအကျယ်ကို လိုပါမူ၊ ဝေဒကျမ်း၊ မနုသမ္ဘတိကျမ်း၏ ၇၊ ဂ၊ ၉ အခဏ်း၌၎င်း၊ သုကနီတိ၊ ဝိဒုရဖြဇာဂရ၊ မဟာဘာရတ – သန္တိပဗ္ဗ၌ ပါသော ရာဇဓမ္မနှင့် အာပဒ္ဓမ္မ အခဏ်းစသော ကျမ်းစာတို့ကို ကြည့်ရှုခါ မင်းကျင့်တရားတို့ကို အပြည့်အစုံ ကျင့်ကြံဆောင်ရွက်လျက် စကြဝတေးဘုရင်တဆူအဖြစ် ဖိုးမိုးရာသည်။ အောက်ပါ စကားကိုလည်း မှတ်သားထားအပ်သည်ကား– "ပြဇာပတေး ပြဇာ အသွမ" ၁ဂ၊ ၂၉။ (ဤကား ယဇုဝေဒအဆို)။ ငါသည် ပဇာပတိ – တနည်း – ပရမိဿရဘုရား၏ တိုင်းသူပြည်သားဖြစ်၍ ဘုရားသည် ငါ၏ဘုရင်။ ထိုဘုရင်၏ ပြည်သူပြည်သားကား၊ ငါပင်ဖြစ်သောကြောင့် ထိုဘုရားသည် ငါ့အား သနားတော်မူသည်ဖြစ်၍ မိမိ၏ ဖန်ဆင်းအပ်သော ကမ္ဘာလောက၌ ငါ့အား ပြည်ရှင်မင်း ပြုပေးတော် မူပါလော့။ မိမိ၏ မှန်သော တရားကို ငါ၏လက်ဖြင့် ပြုစေတော်မူလော့၊ ဤမှနောက်, ဝေဒနှင့် ဗြာသဏဘုရား၏ အကြောင်းအရာကို ရေးသားပေတော့အံ့။

ဤသည်ကား ဆိဒ္ဓိမဒ ဒယာနန္ဒ သရုဿတိသာမိသည် ပြုစီရင်အပ်သော သဋ္ဌပကာသကျမ်း၌ ကောင်းသော ဘာသာဖြင့် တန်းဆာဆင်အပ်သော မင်းကျင့်တရားကို ပြဆိုဖြစ်သော ခြောက်ခုမြောက် အခဏ်းကဏ္ဍ ပြီးဆုံးခြင်းသို့ ရောက်သတည်း။ ၆။

သဒ္ဒမကာရွှဒ

ဤမှနောက် ရှုသရဘုရားနှင့် ဝေဒကျမ်းနှင့် ဆိုင်ရာတို့ကို ပြဆိုပေအံ့

ရိစော အက္ခရေ ပရမေ ဝျော်မန္ယသ္မိန် ဒေဝါ အဓိ ဝိသွေ
နိသေဒုး၊ ယသ္တန္နဝေဒ ကိမ္ရိစာ ကရိသျတိ ယ ဣတ္တဒွိဒုသ္တ ဣမေ
သမာသတေ။ ၁။

(ရိ.။ မံ. ၁။ သူ. ၁၆၄။ မံ. ၃၉။)

ဤသာ ဝါသျမိဒံ သဗ္ဗံ ယတ္ကိဉ္စ ဇဂတျာံဇဂတ်၊

တေန တျက္တေန ဘုဉ္ဇီထာ မာဂြိဓး ကသျ သွိဒ္ဓနမ်။ ၂။

(ယဇု.။ အ. ၄၀၊ မံ. ၁။)

အဟံ ဘုဝံ ဝသုနး ပူရွျသ္ပတိရဟံ ဓနာနိ သံဇယာမိ သသွတး၊
မာံ ဟဝန္တေ ပိတရံ န ဇန္တဝေါ ဟံ ဒါသုသေ ဝိဘဇာမိ
ဘောဇနမ်။ ၃။

အဟံ ဒါံ ဂြိဏတေ ပူရွျံ ဝသွဟံ ဗြဟ္မ ကြိဏဝံ မဟျံ ဝရ္ဓ
နမ်၊ အဟံ ဘုဝံ ယဇမာနသျ စောဒိတာ ယဇွနး သာက္ခိ
ဝိသွသ္မိန် ဘရေ။ ၄။

(ရိ.။ မံ. ၁၀။ သူ. ၄၈။ မံ. ၁၊ ၅။)

(ရိစော အက္ခရေ) ဟူသော မန္တာန်၏ အနက်ကို ပြယုဂ်ရှိယ အခန်းတွင် ရေးခဲ့ပေပြီ။ ဆိုလိုရင်းကား၊ အကြင် ဘုရားသခင်၌ အားလုံးသော နတ်၌ဖြစ်သော ဂုဏ်တော်, ကိစ္စတော်, သဘောတရား တော်တို့နှင့် ယှဉ်၍, အကြင်ဘုရား၌ ပထဝီမြေကြီး, နေစသော လောက သည် တည်နေ၏၊ အကြင်ဘုရားသည် အာကာသ ကောင်းကင်ကဲ့သို့ ပြန့်နှံ့တည်၍, အားလုံးသော နတ်အပေါင်းတို့ထက် မြတ်သော နတ်မင်း ကြီး ဖြစ်တော်မူသော ဘုရားသည် ရှိတော်မူ၏၊ ထိုရှင်တော်မြတ်ဘုရား အား မသိ, မယုံကြည်, အာရုံမပြုသော သူသည် နတ္ထိက, အောက်လမ်း သွား, ဆင်းရဲတည်းဟူသော မဟာသမုဒ္ဒရာ၌ အမြဲမပ်ဘိမ်း နစ်မြုပ်နေ

ရ၏၊ ထိုဘုရားအား သိရှိပူဇော်သော သူတို့သည် အခါခပ်သိမ်း ချမ်းသာကြကုန်၏။

အမေး။ ။ဝေဒကျမ်းမှာ ပရမေသွရဘုရား အများအပြားရှိသည် ဆိုတာကို သင် ယုံ-မယုံ သိလိုပါသည် ?

အဖြေ။ ။မယုံပါ။ ဘာ့ကြောင့်လဲဆိုရင် ဝေဒကျမ်းလေးစောင် စလုံး၌ ဘုရား အများအပြား ရှိသည်ဟု မဖော်ပြဘဲ၊ တဆူသာ ရှိကြောင်း ပြထားပါသည်။

အမေး။ ။ဝေဒကျမ်းတို့မှာ၊ နတ်များစွာ ရေးသားဖော်ပြ ထားခြင်းဟာ၊ ဘာအဓိပ္ပါယ်လဲ ?

အဖြေ။ ။နတ်သည် နတ်၌ဖြစ်သော "ဒိဗ္ဗဂုဏ်"တို့နှင့် ယှဉ်သောကြောင့် ပြောဆိုကြပါသည်။

ဥဒါဟရဏ်ပြရလျှင် ပထဝီဆိုပါတော့။ ဤမြေကြီးကို ဘုရားဟူ၍၎င်း၊ ပူဇော်ထိုက်သည် ဟူ၍၎င်း မယူဆပါ။ ကြည့်ပါ ! ဤမန္တြာန်မှာ —"အကြင်ဘုရား၌ အားလုံးသော နတ်တို့သည် တည်နေကြကုန်၏၊ ထိုနတ်သား အားလုံးတည်သော ဘုရားကို သိထိုက် ပူဇော်ထိုက်၏"။ဒေဝတာ (=နတ်) ဟူသော သဒ္ဒါပုဒ်ကို ဘုရားဟု ယူခြင်းသည် မှားခြင်း ဖြစ်ပါသည်။ ပရမေသွရ ဘုရားသည် နတ်အပေါင်းတို့ထက် မြတ်သောကြောင့် အားလုံးသော ကမ္ဘာကြီးကို ဖြစ်စေ, တည်စေ, ပျက်စေသောဘုရား၊ ထရေးသဖြင့် ပိုင်စိုးရင်တတ်၊ ကြီးမြတ်သော ဘုရား ဖြစ်ပေသောကြောင့် "မဟာဒေဝ" ဟူ၍လည်း ခေါ်ဝေါ်ကြသည်။ "တြယသြိံ သတြိံသတာ"။ စသော သာဓကများ ဝေဒကျမ်းဂန်တို့မှာ ရှိပါသည်။ ဤပုဒ်၏ အဘွင့်ကို သတပထကျမ်း၌ ပြဆိုထားပုံကား — သုံးဆယ့်သုံးပါးသော နတ်များ—တနည်းကား, ပထဝီမြေကြီး, ရေ, မီး, လေ, အာကာသ, လ, နေနှင့် နက္ခတ်တာရာများသည် အားလုံးသော ဖန်ဆင်းမှု၏ တည်ရာဌာန ဖြစ်သောကြောင့် ရှစ်ပါးသော "ဝသု" -ဝါ-နေရာဘုံ-ဝါ-အထင်။ ပါဏ, အပါန, ဗျာန,

ဥဒါန်, သမာဒ္, နာဂကုမ္ဘ, ကြိကလ, ဓေဝဓတ္တ, ဓနဥ္စယ, ဇီဝါတွာ စသော လေ-၁၁-ပါးသည်၊ ခန္ဓာကိုယ်ကို စွန့်သွားသောအခါ ပုံကြွေးစေတတ်သောကြောင့် "ရှုပြ"ဟု ခေါ်ဝေါ် သမုတ်အပ်၏၊ တနှစ်အတွင်း၌ တဆယ့်နှစ်လတို့ကို အာဒိစ္စ တဆယ့်နှစ်ပါးဟု ခေါ်ခြင်းမှာ၊ ဤလတို့သည် သတ္တဝါတို့၏ အသက်ကို ယူဆောင်သွားတတ်ခြင်းကြောင့် ဖြစ်၏၊ လျှပ်စစ်(မိုးကြိုး)သည် ကြီးမြတ်သောအမိုးရခြင်း အကြောင်းရင်း ဖြစ်သောကြောင့် "ရှဏ္ဍိ=ရှန္ဒ"ဟု ခေါ်၏၊ ယဇ်ကို "ပြဇာပတိ=ပဇာပတိ"ဟု ခေါ်ခြင်းမှာ ထိုယဇ်ပူဇော်ခြင်းကြောင့် လေ, မိုး, ရေ, ဆေးများစင်ကြယ်ခြင်း၊ ပညာရှိတို့အား ပူဇော်သက္ကာရပြုရခြင်း၊ အထူးထူး အပြားပြားသော လက်မှုစက်မှုပညာဖြင့် ပြည်သူတို့အား စောင့်ရှောက်မွေးမြူနိုင်ခြင်းတို့ကြောင့် ခေါ်ဝေါ်သမုတ်အပ်၏၊ ဤဖြဲခဲ့သော ၃၃-ပါးသော ဂုဏ်နှင့်ပြည့်စုံသောကြောင့် "ဒေဝ"ဟုခေါ်သည်၊ ဤနတ်အပေါင်းတို့၏ အရှင်သခင် အကြီးအမြတ်ဆုံး ဖြစ်သောကြောင့် ၃၄-ခုမြောက် ဖြစ်သောကြောင့် ဘုရားသခင်အား "ဥပါသျ-ဒေဝ"ဟု ခေါ်ဝေါ်ကြောင်းကို၊ သတပထကျမ်း၊ အခဏ်းကဏ္ဍ -၁၄- တွင် အထင်အရှား ရေးသားထားရှိ၏၊ ဤနည်းအတိုင်းပင် အခြားသော နေရာတို့၌လည်း ရေးသားထားရှိ၏၊ ဤကဲ့သို့သော ကျမ်းလာစကား တို့ကို ကြည့်ရှုမည် ဆိုပါက၊ ဝေဒ၌ ဘုရားပေါင်းများစွာ ရှိသည်ဟူသော ထင်မှားခြင်း တည်းဟူသော မိုက်ကျွန်အတွင်း၌ ကျရောက် ပြီးလွယ်ခြင်း ဖြစ်မည်မဟုတ်ချေ။ ၁။

အိုလူတို့ ! ဤသံသရာ၌ လောကကြီး၌ အားလုံးတို့၌ ပြန့်နှံ့တည်နေ၍၊ စိမ်ကြီးကိုင် နေသူကိုပင် ဘုရားသခင်ဟု ခေါ်ဝေါ်၍ ထိုဘုရားသခင်အား ကြောက်လန့်သည် ဖြစ်လျက် သင်သည် မတရားသဖြင့် သူတပါး၏ ဥစ္စာကို မလိုလား မခတောင့်တမူ၍ မတရားကို ပယ်စွါလျက် တရားခြင်းဖြင့် မိမိ၏ ဝိညာဉ်ဖြင့် ရွှင်လန်းဝမ်းမြောက်ခြင်းကို ခံစားစံစားပါလော့။ ၂။

ဘုရားသခင်က အားလုံးသော လူတို့အား ဟောကြားတော်မူသည်ကား– အို လူတို့ ! ငါဘုရားသည် အားလုံးတို့ထက် အလျှင်ကပင် ထင်ရှားရှိ၍ လောကကြီး တခုလုံး၏ အရှင်သခင် ဖြစ်တော်မူသည်။ ငါသည် အစဉ်အဆက် ဆင်းသက်လာ၍ လောကကြီး၏ အကြောင်းရင်း ဖြစ်သည့်ပြင် အားလုံးသော ဥစ္စာပစ္စည်းတို့ကို အောင်နိုင်သူ၊ ပေးကမ်းတတ်သူ ဖြစ်ပေသောကြောင့်၊ အားလုံးသော သက်ရှိသတ္တဝါတို့သည်၊ သားသမီးတို့သည် မိမိ၏ ဘခင်အား၊ တမ်းတ ခေါ်ဝေါ်ဘိသကဲ့သို့ ငါ့အား တမ်းတ ခေါ်ဝေါ်ကြလော့။ ငါသည် အားလုံးသော သူတို့အား ချမ်းသာကို ပေးတတ်သူ ဖြစ်၍ လောကကြီး အလို့ငှါ အထူးထူး အပြားပြားသော အစာအာဟာရတို့ကို ခွဲခြမ်းဝေဘန်လျက် မွေးမြူရန် ပြုလုပ်စီမံတော်မူပေသည်။ ၃။

ငါဘုရားသည် မြတ်သော အမိုးရခြင်းကြောင့် နေမင်းသကဲ့သို့ တလောကလုံးကို ထွန်းလင်းစေတော်မူတတ်သူ ဖြစ်၏။ ငါဘုရားသည် မည်သည့်အခါမှ ရှုံးခြင်းမရှိ၊ သေခြင်းလည်း မရှိဘဲ၊ ငါ ဘုရားသည်ပင် လောကတည်းဟူသော ဥစ္စာကို ဖန်ဆင်းသူဖြစ်၏။ တလောကလုံးကို ဖြစ်ပေါ် စေတတ်သူသည် ငါဘုရားပင်ဖြစ်သည်ဟု သိကြလော့။ အို သက်ရှိ သတ္တဝါတို့ ! အမိုးရခြင်းကို ရယူ၍ အားထုတ်ရင်း သင်တို့သည်၊ ပညာဉာဏ် တည်းဟူသော ဥစ္စာကို ငါဘုရားထံမှ တောင်းခံကြကုန်လော့။ သင်တို့သည် ငါဘုရားနှင့် မိတ်ဆက်ခြင်းကို မဖျက်ဆီးကြနှင့်။ အို လူတို့ ! ငါသည် ကောင်းစွာ ရှိခိုးတောင်းပန်သော သူတို့ကို မြင့်သော ဉာဏ်စသော ဥစ္စာကို ပေးတော်မူပေ၏။ ငါသည် ဝေဒကို အထင်အရှား ပေးတတ်သော ဖြေဟွှာပင်ဖြစ်၍ ထိုဝေဒသည် ငါ့အား လျှော်ကန် သင့်မြတ်စွာ ပြဆို၏။ ထိုဝေဒဖြင့် အားလုံးသော သူတို့၏ အသိဉာဏ်ကို တိုးပွားအောင် ပြုတော်မူ၏။ ငါသည် သူတော်ကောင်းတို့အား စေ့ဆော်အားပေးသူ၊ ယဇ်ပူဇော်သူတို့အား အကျိုးကိုပေးသူ၊ ဤလောက တခုလုံးရှိ ကိစ္စအားလုံးတို့ကို ပြုလုပ်၊ တည်မြဲအောင်ပြုသူ ဖြစ်တော်မူသောကြောင့် သင်တို့သည် ငါမှတပါး အခြားတရုံတယောက်အား ငါဘုရားကိုယ်စား မပူဇော်ကြလေနှင့် မယုံကြည်ကြလေနှင့်၊ မသိကြလေနှင့်။ ၄။

ဟိရညျဥ္ဆံ သမ္ပဇ္ဇတာဂြေ ဒွတသျှံဗ္ဗာသား ပတ္တိရေကာ်
အာသိတ်၊ သ ဒါ်ဓာရ ပြုံထဝိ ဗျာမှုတေမဝ် ကာသွဲ' ဗွေဝါယ်
တုပိသာဝ် ဝိဓေမ။

(အ· ၁၃၊ ၄။)

ဤကား ယဇုဝေဒ၏ မန္တြာန်ဖြစ်၏။—အို လူအပေါင်းတို့! ကမ္ဘာကို မဖန်ဆင်းမီ ရှေးအတုံ၌ အားလုံးသော နေစသော တန်ခိုးကြီးသော ကမ္ဘာ (အစပ်အပိုင်း) တို့၏ ပေါ်ပေါက်ရာ မူလတည်ရာဌာန၊ ဖြစ်ထွန်း ပေါ်ပေါက်ပြီး၊ ပေါ်ပေါက်ဆဲ, ပေါ်ပေါက်လတ္တံ့သော ကမ္ဘာလောက၏ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ္တံ့သော အသျှင်သခင်၊ ပထဝီ မြေကြီးကစ၍ နေလောကအထိ ကမ္ဘာကြီးကို ဖန်ဆင်း ဆောင်ယူထားသူ၊ ချမ်းသာ အပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်အား၊ငါသည် ရိုသေပူဇော် ဘိသကဲ့သို့ သင်တို့လည်း ရိုသေစွာ ပူဇော်ကြကုန်လော့။ ၁။

အမေး။ ။သင်သည် ထာဝရဘုရား ထာဝရဘုရားဟု ပြောနေ၏၊ ထို ဘုရားရှိကြောင်းကို ဘယ်လိုဆုံးဖြတ် ဖြင့်နိုင်မလဲ?

အဖြေ။ ။အားလုံးသော မျက်မြင် သက်သေ သာဓကတို့ဖြင့် ဆုံးဖြတ် ဖြင့်နိုင်ပါသည်။

အမေး။ ။ဣသာရ ဘုရား၌ ပစ္စက္ခ–ပမာဏ(=မျက်မြင် သာဓက) ဖြင့် ဘယ်တော့မှ မဆုံးဖြတ်နိုင်ပါ။

အဖြေ။ ။ဣန္ဒြိယာတ္ထ သန္နိကသော်တ္ပန္နံ ဉာနမဗျ ပဒေသျ မဗျ ဘိစာ ရိ ဗျဝသာ ယာတ္မကာံ ပြတ္ယက္ချမ်။

(အ·၁၊ သူ·၄)။

ဤကား ဂေါတမ ရသေ့ကြီး စီရင်ခဲ့သော နယာယ ဒဿနကျမ်း လာ သုတ္တန် ဖြစ်၏။—

သောတ (ကြားခြင်း), အရေ, မျက်စိ, လျှာ,နှာခေါင်း,မနော (စိတ်) ဖြင့် ကြားသိသော အသံ (သဒ္ဒ), ဖဿ (အတွေ့)၊ ရူပ, ရသ, ဂန္ဓ, သုခ, ဒုက္ခ, အမှား, အမှန်, အာရုံတရားတို့နှင့် တွေ့ထိ ဆက်ဆံခြင်းကိုပင်

"ပစ္စတ္တံ"ဟု ခေါ်၏။ သို့သော်, ထိုသိခြင်း၌ သံသယကုက္ကုစ္စ မရှိရာ၊ စဉ်းစားတတ်သော အချက်တရကား— ရုပ်နွားများနှင့် စိတ်ဖြင့် ဂုဏ်တို့ကို အထင်အရှား သိရ၏။ သို့သော်, ဂုဏ်၏ တည်ရာဝတ္ထု (ဖြစ်) မှုကိုယ်ကား မဟုတ်ပေ။ ဥပမာ— အရေစသော လေးပါးသော ရုပ်ခြေတို့ဖြင့် ဖဿ, ရူပ, ရသ, ဂန္ဓ,ကို သိရခြင်းကြောင့် စိတ်၏ အကူအညီဖြင့် အတ္တ (ဝိညာဉ်)သည် ပထဝီ စသော အထည်ဖြစ်တို့ကို သိ၏။ ထိုနည်းတူစွာ ဤထင်ရှားရှိနေသော ကမ္ဘာဖန်ဆင်းမှု၌ ထူးသောဉာဏ်စသော ဂုဏ်တို့သည် ထင်ရှားရှိနေသောကြောင့် ဖန်ဆင်းသူ ဣဿရဘုရားသည်လည်း ရှိကြောင်း ထင်ရှားသေသည်။ အကြင်အခါ ဝိညာဉ်သည် သူ့၏ စိတ်ကိုင်၊ စိတ်သည် ရုပ်ခြေတို့ကိုင်၊ ထရံတခုသော အာရုံ၌ တပ်စွဲစေ၏။ တနည်းအားဖြင့် ခိုးခြင်းစသော မကောင်းမှု၊ ပရဟိတ စသော ကောင်းမှုကို ပြုရန်စသော အချိန်တွင် သင်္ခါရ၏ အလိုဆန္ဒ အသိဉာဏ်တို့သည် ထိုထိုလားသော အာရုံ-ဝါ-အမှတ်စွဲသို့ ညွတ်လာလေသည်။ ထိုခဏ၌ အတ္တ (=ဝိညာဉ်) အတွင်းမှ မကောင်းမှုကို ပြုရာ၌ ကြောက်လန့်ခြင်း၊ ယုံမှားသံသယနှင့် ရှက်ခြင်းဖြစ်လာ၏။ ကောင်းမှုကို ပြုရာ၌ မကြောက်ခြင်း၊ ယုံမှားသံသယ မရှိခြင်း ဝမ်းသာအားရခြင်း ဖြစ်လာ၏။ ထိုသို့ဖြစ်ခြင်းသည် စင်စစ်မှာ၊ ဇီဝ=အတ္တ (ဝိညာဉ်)မှ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ၊ ဣဿရဘုရားမှ စေ့ဆော်ဖြစ်ပေါ်လာခြင်းသာလျှင် ဖြစ်ပေ၏။ ဇီဝ—အတ္တ- ဝိညာဉ်သည် စင်ကြယ်သည်ဖြစ်၍ ဘုရားကို စွဲမြဲစွာ အာရုံပြုသောအခါ၌ နှစ်ပါးစလုံးကို (မိမိနှင့် ဘုရားကို)သူသည် အထင်အရှား သိမြင်လာ၏။ ဤသို့ ဣဿရဘုရား အထင်အရှား ဖြစ်လာခဲ့လျှင် အနုမာန—မှန်းဆခြင်းဖြင့် ဘုရား၏ ဉာဏ်တော်ကိုလည်း ယုံမှားမရှိ သိရသည်။ အကြောင်းကို ဆိုသော်, အကျိုးကိုကြည့်၍ အကြောင်းကိုလည်း သိနိုင်လေသည်။

အမေး။ ။ဘုရားသည် ပြန့်နှံ့နေသလား၊ သို့မဟုတ် သီးသန့်သော နေရာဌာန တခုခုမှာ ရှိနေပါသလား?

အဖြေ။ ။ပြန့်နှံ့၍ တည်နေပါသည်။ အကယ်၍သာ ဌာန တခုတည်းမှာ နေမည် ဆိုပါက၊ အားလုံးသော သူတို့၏ စိတ်အသိ သိခြင်း (=ပရစိတ္တ ဝိဇာနနဉာဏ်)၊ အားလုံးကို သိခြင်း

(သဗ္ဗညု)၊ အားလုံးကို စိမ်ခြင်း (သဗ္ဗ-နိယန္တာ)၊ အားလုံးကို ဖန်ဆင်ခြင်း၊ အားလုံးကို ဆောင်ခြင်း၊ အားလုံးကို ဖျက်ဆီးပစ်ခြင်း (=ကမ္ဘာသိမ်းသောင်စေခြင်း) စသည်ကို မပြုနိုင် မဖြစ်နိုင်ရာ။ မရောက် မပေါက်သော အရပ်ဒေသတွင် ပြုသူ၏ အပြုအမူ အကျိုးရွများ မဖြစ်နိုင်ရာ။

အမေး။ ။ဘုရားသည် တရားဖြင့် စိမ်အုပ်ချုပ် တတ်သူနှင့် သနား တက်သူ ဟုတ်မဟုတ်။

အဖြေ။ ။ဟုတ်ပါသည်။

ဤဂုဏ်နှစ်ပါးသည် တခုနှင့်တခု ဆန့်ကျင်ဘက် ဖြစ်၍ တရားအတိုင်း ကျင့်ခဲ့လျှင် သနားခြင်းမှ ကင်းလွတ်၍ သနားခဲ့လျှင် တရားအတိုင်း ကျင့်ခြင်း ကင်းလွတ်သွား ရာသည်။ အကြောင်းကား- တရားသဖြင့် ဆိုသည်မှာ၊ ပြုအပ်သော အမှုအားလျော်စွာ မပိုမလိုသော ချမ်းသာ ဆင်းရဲ အကျိုးကို ပေးခြင်းဖြစ်သည့် သနားခြင်းဆိုသည်မှာ အပြစ်ပြုသူအား၊ အပြစ်ဒဏ် မပေးဘဲ၊ လွှတ်ပစ်ခြင်း ဖြစ် သည်။

အဖြေ။ ။တရားသဖြင့် ဆိုခြင်းနှင့် သနားခြင်း ဆိုသည်မှာ၊ အမည် နာမ မပြောပလောက်၊ ရိုးစည်းမျှသာ ကွာခြားသည် ဖြစ်၍ တရားသဖြင့် အကျိုးပြုသလိုပင် သနားခြင်း ဖြင့်လည်း အကျိုးပြုပါသည်။ အပြစ်ဒဏ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ၊ လူတို့သည် မကောင်းမှု ပြုခြင်းမှ ကင်းဝေးကြ၍ ဒုက္ခဆင်း ရဲ မရောက်စေရန် ဖြစ်၏။ သူတပါးတို့၏ ဆင်းရဲကို ပယ် ဖျောက်ခြင်းသည်ပင် သနားခြင်းတရား ဖြစ်၏။ သင်ပေးတဲ့ တရားနှင့် သနားခြင်း၏ အနက်အဓိပ္ပါယ်ဟာ မမှန်သေးပါ ဘူး။ အကြောင်းကား, ပြုသော အပြစ်အား လျော်သော ဒဏ်ကို ပေးခြင်းသည်ပင် တရားနည်းလမ်း ဖြစ်၏။ ပြစ်မှု ကြူးလွန်သူအား ဒဏ်မပေးပါက၊ သနားခြင်းတရား ပျက် စီး သွားရာသည်။ အကြောင်းကို ဆိုသော်, ပြစ်မှုကြူးလွန်

သူ ထားဖြတ်ယောက်ကို လွှတ်ပစ်ခြင်းကြောင့် အထောင်မကာသော သူတော်ကောင်းတို့ ဒုက္ခ ဖြစ်ရသည်။ ဤအတိုင်းဆိုလျှင် လွှတ်ပစ်ခြင်းသည် သနားခြင်း ဖြစ်နိုင်တော့မလား။ ထိုထားဖြတ်အား ထောင်ချပ်ထဲတွင် ထားခါ အပြစ်ပြုခြင်းမှ ထားဆီးထားခြင်းသည်ပင် သနားခြင်းတရား ဖြစ်ပါသည်။ ဤနည်းဖြင့် ထားဖြတ်အပေါ်၌ သနားရာ ရောက်၍ ထိုထားဖြတ်ကို သုတ်သင် ပစ်ခြင်းဖြင့် အထောင်မကာသော သူတော်ကောင်းတို့အားလည်း သနားရာ ရောက်၏။

အမေး ။ဒီလိုသာဆိုရင် တရားနည်းလမ်းနှင့် သနားခြင်း အနက် အဓိပ္ပါယ် အတူတူ ဆိုပါက၊ သီးခြား သဒ္ဒါပုဒ် နှစ်ပုဒ် ထားခြင်းသည် အချည်းနှီး ဖြစ်၏။ တပုဒ်တည်း ထားလျှင် ကောင်းမှာဘဲ။ နှစ်ပုဒ် ထားရှိခြင်းကြောင့် ဤနှစ်ပုဒ်၏ ရည်ရွယ်ချက် အဓိပ္ပါယ် မတူဟု ဆိုရာရောက်ပါသည်။

အမေး ။ဘယ့်နှယ်လဲ၊ "သဒ္ဒါတပုဒ်– အနက်ဆယ်မျိုး" ဆိုသလို၊ အနက် တခုမှာလည်း သဒ္ဒါပုဒ် များစွာရှိနိုင်သည် မဟုတ်ပါလော?

အဖြေ ။ရှိပါသည်။

အမေး ။ဒီလိုဆိုရင် ခင်ဗျား ဘာ့ကြောင့် ယုံမှားသံသယ ဖြစ်နေရတာလဲ?

အဖြေ ။လောကမှာ ကြားရလို့ ဖြစ်ပါတယ်။

အမေး ။လောကမှာ အမှား, အမှန် နှစ်မျိုးစလုံး ကြားရပါတယ်။ ဒါကိုမိမိဉာဏ်စွမ်းနှင့် ချင့်ချိန် ဆုံးဖြတ်ခြင်းဟာ မိမိ၏ဝတ္တရား ဖြစ်ပါတယ်။ ကြည့်ပါတော့၊ ဘုရားသခင်သည် ပြည့်ဝသော သနားခြင်း မေတ္တာတရားကြောင့် အားလုံးသော သတ္တဝါတို့အကျိုး ပြီးမြောက်စေရေး အတွက်၊ လောကတွင် ပစ္စည်း အရာဝတ္ထု မျိုးစုံကို ဖန်ဆင်းခါ အလှူပေးထားပါသည်။ ဒီယက်ပိုပြီး၊ မြင့် ဘာမေတ္တာတရား ရှိတော့မှာလဲ? ဆင်းရဲနှင့် ချမ်းသာ အနည်းအများ ဝီပ်ပေးထားခြင်း သည်လည်း

တရားနည်းလမ်း အကျိုးတရားကို ပြထားပါသည့် ဤတရားနှစ်ပါး ခြားနားပုံကို ပြရလျှင်၊ စိတ်၌ အားလုံးသော သတ္တဝါတို့အား ချမ်းသာစေလိုခြင်း၊ ဒုက္ခမှ ကင်းဝေးစေလိုခြင်း ကင်းဝေးအောင် ပြုခြင်းသည့် သနားခြင်း တရားဖြစ်၍၊ ဗောဓိ-ပြင်ပက အကျဉ်းချုံခြင်း သုမ်သင်ခြင်းသည်ကား တရားနည်းလမ်း ဖြစ်ပါသည်။ ဤတရား နှစ်ပါးစလုံး၏ မူလ ရည်ရွယ်ချက်ကား အားလုံးသော သတ္တဝါတို့အား မကောင်းမှုနှင့် ဆင်းရဲဒုက္ခမှ ကင်းလွတ်စေသိုခြင်းပင်တည်း။

အမေး။ ။ဘုရားသည် ရုပ်ရှိသလား၊ မရှိဘူးလား (=“သာကာရ” လော ? “နိရာကာရ” လော ?)။

အဖြေ။ ။နိရာကာရ = ရုပ်အဆင်း ပုံသဏ္ဌာန် မရှိပါ။ အကြောင်းကား၊ သာကာရ = ရုပ်အဆင်း ပုံသဏ္ဌာန်သာ ရှိမည်ဆိုပါက၊ ပြန့်နှံ့၍ မတည်နိုင်ရာ။ အကယ်၍ ပြန့်နှံ့၍ မတည်ပါက၊ သဗ္ဗညုစသော ဂုဏ်တို့သည် ဘုရား၌ မရှိနိုင်ရာ။ အကြောင်းကား၊ အတိုင်းအရှည် ပမာဏရှိသော အရာဝတ္ထု၌ ဂုဏ်၊ ကံ၊ သဘာဝတရားလည်း အတိုင်းအရှည် ရှိနေရာသည်။ တနည်းဆိုရသော်၊ ထိုဘုရားသည် အပူ-အအေး၊ ဆာလောင်မွတ်သိပ်ခြင်း၊ ရောဂါ၊ ဒေါသ၊ ပေါက်ကွဲ ပျက်စီးခြင်းစသော တရားတို့နှင့် မကင်းရာ။ ဤအကြောင်းများကို ထောက်ဆ၍၊ ထာဝရဘုရားသည် နိရာကာရ (=ရုပ်အဆင်း ပုံသဏ္ဌာန်) မရှိ ဖြစ်ထိုက်သည်။ အကယ်၍ သာကာရ (ရုပ်အဆင်း ပုံသဏ္ဌာန်) သာ ရှိသည်မှန်ပါက၊ နှာခေါင်း၊ နား၊ မျက်စေ့၊ စသော အင်္ဂါအစိတ်အပိုင်းတို့ကို ပြုလုပ်ဖန်ဆင်းပေးသူ အခြားပုဂ္ဂိုလ်တပါး ရှိရပေလိမ့်မည်။ စဉ်းစားစရာ အချက်တခုမှာလည်း၊ အကယ်၍ သံယောဂ (=ပေါင်းသွင်းဆက်စပ်မှု) ကြောင့် ပေါက်ပွားလာသည် ဆိုပါကလည်း၊ ပေါင်းစပ်ပေးသော ရုပ်မရှိသော ဗိညဉ်တော် ရချရှိရပေလိမ့်မည်။ ဘုရားသည် မိမိအလိုတော်အတိုင်း ကိုယ်တော်တိုင် ရုပ်ရေအင်္ဂါ ဖန်ဆင်းသည်ဟု တစ်ဦးတယောက်က ဆိုခဲ့လျှင်၊ ထိုထို ဖန်ဆင်းပြီ

ရှေးအတိုင်း ရှစ်မရှိ (နာမ်)သာ ရှိကြောင်း ထင်ရှားလေသည်။ သို့ဖြစ်၍ ထာဝရဘုရားသခင်သည် ဘယ်ခါမှ ရုပ်မရှိခဲ့ပါ။ ရုပ်မရှိသောကြောင့် လောက ထရုလုံးကို သိမ်မွေ့သော အကြောင်းတို့ဖြင့် ရှုနိုင်းရသောရုပ်ဆင်းအင်္ဂါကို ပြုလုပ်ဖန်ဆင်းပေးခဲ့လေသည်။

အမေး။ ။ထာဝရ (ရှာဿရ) ဘုရားသည် "သဗ္ဗသတ္တိမာ" (အားလုံးသော စွမ်းအားနှင့် ပြည့်စုံသည်) ဟုတ်-မဟုတ်။ ?

အဖြေ။ ။ဟုတ်ပါသည်။ သို့သော်, ခင်ဗျားတို့ "သဗ္ဗသတ္တိမာ" သဒ္ဒါပုဒ်၏ အနက်ကို သိသလိုကား မဟုတ်ပါ။ "သဗ္ဗသတ္တိမာ" ပုဒ်၏ အနက် အဓိပ္ပါယ်မှာ၊ ဘုရားသည် မိမိ၏ ကိစ္စတော်ဖြစ်သော ဖန်ဆင်းခြင်း၊ တည်တံ့အောင် စောင့်ရှောက်ခြင်း၊ ဖျက်သိမ်း ပစ်ခြင်း စသော ကိစ္စတော် အားလုံးကိုရင်း, အားလုံးသော သတ္တဝါတို့၏ ကောင်းမှု, မကောင်းမှုအားလျော်စွာ စီမံပေးခြင်းတို့၌ရင်း၊ မည်သူ့ထံမှ အကူအညီတစုံတရာမျှ မယူမူ၍၊ အတိုင်းအရှည် အကန့်အသတ် မရှိသောမိမိ၏ စွမ်းအားဖြင့်သာ၊ အားလုံးသော ကိစ္စတော်တို့ကို ပြီးစီးအောင် ပြုတော်မူသည်။

အမေး။ ။ကျွန်တော့ အယူကတော့၊ ထာဝရဘုရား ထင်သလို ပြုနိုင်တယ်၊ အဘယ့်ကြောင့်လဲဆိုရင်၊ သူ့အပေါ်က သူ့ထက်ကြီးတဲ့လူ တယောက်မှ မရှိတော့ဘူး။ ?

အဖြေ။ ။ထိုဘုရားဟာ ဘာလိုချင်သလဲ ? သင်ကဆိုပါတော့၊ ဒီဘုရားဟာ အားလုံးအလိုရှိတယ်၊ ဘာမဆို လုပ်နိုင်တယ်၊ ဆိုရင်၊ ဘုရားဟာ ကိုယ့်ကိုကိုယ်သတ်ပြီး၊ ဘုရားအသစ်ဆု ဖန်ဆင်းခါ၊ ကိုယ်တိုင် လူမိုက်၊ သူခိုး၊ အကျင့်ဆိုးတွေကို ကျင့်ပြီး၊ ငရဲဆင်းရဲကိုလည်း ရရှိခံစားနိုင်တယ် မဟုတ်ဘူလား ? ဒီအပြုအမူတွေဟာ၊ ဘုရားရဲ့ဂုဏ်တော်, ကိစ္စတော်, သဘာဝတော်နှင့် ဆန့်ကျင်တဲ့ဟာတွေ ဖြစ်နေလေတော့၊ ခင်ဗျားပြောသလို "ဘာမဆို လုပ်တော်မူနိုင်တယ်" ဆိုတာ ဘယ်

တော့မှ မဖြစ်နိုင်ဘူး။ ဒါကြောင့်"သဗ္ဗသတ္တမာ" ဆိုတဲ့ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ဟာ၊ ကျုပ်ပြောတဲ့အတိုင်းသာ ဖြစ်ပါတယ်။

အမေး။ ။ပရမိဿရဘုရားသည်၊ "သာဒိ"=အစရှိသလော၊ "အနာဒိ" အစမရှိဘူးလား။ ?

အဖြေ။ ။အနာဒိ (=အစမရှိ) ပါ။ တနည်း, အကြောင်းဘုရား၏ အစဖြစ်သော အကြောင်းတရား အခါသမယ တရုံတရာ မရှိခြင်းကိုပင် "အနာဒိ" ခေါ်ပါသည်။ ဤအနက် သဘောတို့ကို ပထမကဏ္ဍမှာ ပြခဲ့ပါပြီ။ ကြည့်ယူပါလေတော့။

အမေး။ ။ဘုရားသည် ဘာအလိုရှိပါသလဲ။ ?

အဖြေ။ ။အားလုံးသော သတ္တဝါတို့၏ ကောင်းကျိုး ချမ်းသာကို လိုလားပါသည်။ သို့သော် မိမိထင်တိုင်း၊ တရုံတယောက်အား အပြစ်မရှိတဲ့နှင့် မဖြေနိုင်ပါ။

အမေး။ ။ဘုရားအား ရှိခိုးပူဇော် ကိုးကွယ်ဆည်းကပ်ခြင်း ပြုသင့် မပြုသင့် ဖြေပါ။ ?

အဖြေ။ ။ပြုအပ် ပြုထိုက်ပါသည်။

အမေး။ ။ရှိခိုးပူဇော် တောင်းပန်ခြင်းဖြင့် ဘုရားသည် မိမိ၏ စည်းကမ်းကို ဖျက်ခါ၊ ပူဇော်သူ၏ အကုသိုလ် ဒုစရိုက်ကို ပယ်ဖျောက် ပေးမလား။ ?

အဖြေ။ ။မပေးပါ။

အမေး။ ။ဒီလိုသာဆိုရင်၊ ဒီဘုရားကို ဘာပူဇော်နေစရာ လိုတော့မလဲ။ ?

အဖြေ။ ။ဒီလို ပူဇော်ခြင်း၏ အကျိုးတရားကား၊ အခြားတမျိုး ဖြစ်ပါသည်။

အမေး။ ။ဘာလဲ။ ?

အဖြေ။ ။ပူဇော်ခြင်းကြောင့် ဘုရားနှင့် သက်ဝင်ခြင်း၊ ထိုဘုရား၏ဂုဏ်, ကိစ္စ, သဘောတရားဖြင့် မိမိ၏ဂုဏ်, ကိစ္စ, သဘောတရားတို့ကို ပြုပြင်ပေးနိုင်ခြင်း၊ ရှိခိုးပူဇော်ခြင်းကြောင့် မာနတရား

ပျော့ပေါ့သွားခြင်း၊ ဥဿာဟ တိုးပွားလာခြင်း၊ အကူအညီ ရယူခြင်း၊ ဆည်းကပ်အာရုံပြုခြင်းကြောင့် ပရမြဖ္ဖဘုရားနှင့် တွေ့ဆုံရခြင်း အကျိုးတရားကို ခံစားရပါသည်။

အမေး။ ။ပြခဲ့သော အချက်တို့ကို ထင်ရှားအောင် ပြပါအုံး။ ?

အဖြေ။ ။ဥဒါဟရဏ်ကား—

သပယ်ဂါန္တု ကြမ်ကာယမ်ဖြဏာ မ်သ္ဗာပိရံသုဒ္ဓမပါ'ပဝိဒ္ဓမ်၊ ကဝိ မ်နိုသိပ္ပ ရိဘူး သွံယဉ္စနှ့ယ်ာထာ တဉ္ဇုတောထံာန် ဍူဒ ဓာန္တာသွဲတိဘျး သမာဘျး။
(ယဇု။ အ. ၄၊ မံ. ၈။)

(ဣုထဿရ၏ထုတိ) ထိုဘုရားသခင်သည် အားလုံးတို့၌ ပြန့်နှံ့၍ တည်တော်မူ၏၊ ဆောလျင်စွာ ပြုတော်မူတတ်၏၊ အတိုင်းအရှည် မရှိသော် အားတော်နှင့် ပြည့်စုံတော်မူ၏၊ အကြွင်းစင်ကြယ်သော၊ သဗ္ဗညုဖြစ်တော်မူသော၊ သူတပါးတို့၏ စိတ်အလိုကို သိတော်မူတတ်သော၊ အားလုံးတို့ထက် အမြင့်ဆုံးဘုံမိ၌ နေတော်မူသော၊ အမြဲတည်သော၊ ကိုယ်တော်တိုင် ပြီးစီးအောင်မြင်တော်မူသော၊ ဘုရားရှင်ကိုယ်တော်မြတ်သည် မိမိ၏ အသက်သဏ္ဍာယ်ဖြစ်သော အစဉ်အဆက် ဆင်းသက်လာသော၊ အစမရှိသော သတ္တဝါတို့အား မိမိ၏ မြဲသော အတတ်ပညာဖြင့် ဆိုလျော်သော အနက်အဓိပ္ပါယ်တို့ကို ဝေဒကျမ်းဖြင့် သိနားလည်စေတော်မူ၏။ဤကား အထိုးထိုးသော ဂုဏ်တော် အားလျော်စွာ ရှိခိုးပူဇော်ခြင်း "သဂုဏ-ထုတိ"ခေါ်၍ (အကာယ) ထိုဘုရားသည် ဘယ်တော့မှ ဇာတိ(မွေးဖွားခြင်း) မရှိ၊ ခန္ဓာကိုယ်ကို မဆောင်၊ ထိုဘုရားကို ဖြတ်တောက်ခြင်း မပြုနိုင်၊ အကြော အခြင် အနှောင်အဖွဲ့၌ နှောင်ဖွဲ့ခြင်း မခံရ၊ မည်သည့် အခါမှ မကောင်းမှုကိုမပြု၊ ကိလေသာ ဆင်းရဲရိက်မဲခြင်း မည်သည့်အခါမျှ မဖြစ်စသော ရာဂဒေါသ စသောဂုဏ်တို့မှ သီးခြားပြု၍ ဘုရားအား ရှိခိုးပူဇော်ခြင်းကို၊ "နိဂုဏ-ထုတိ"ခေါ်သည်။ ဤသို့ပြုခြင်း၏ အကျိုးကား ဘုရားသခင်၏ ဂုဏ်အားလျော်စွာ၊ မိမိ၏ဂုဏ်, ကံ, သဘာဝကို ပြုပြင်ပေးခြင်း ပေတည်း။ ဘုရားသည် တရားသဖြင့် ပြုလုပ်တတ်သူ ဖြစ်သဖြင့် မိမိလည်း တရားသဖြင့် ကျင့်ကြံ နေထိုင်သောသူ ဖြစ်စေ

ရာသည်။ အဆိုတော်များကဲ့သို့ ဘုရား၏ ဂုဏ်တော် ဖွဲ့များကို ရွတ်ဆိုရုံသာ ရွတ်ဆို၍ မိမိ၏ စာရိတ္တကို မပြုပြင်ခဲ့သျှင် ထိုသို့ ဘုရားရှိခိုးခြင်းဖြင့် ဘာမျှ ကျေးဇူး မများပေ။

ဘုရားရှိခိုး–

ယဝ် မေ့ဓံ ဒေဝဂဏား ပိတရဲ့သွောပါသ်တေ၊ တယာ မာမဒျ မေ့ဓယာ ဋွေ မေ့ဓာဝိ'နံ ကုရု သွာဟာ၊ ၁။

(ယဒု•။ အ•၃၂၊ မံ•၁၄။)

တေဇော အသိ တေဇော မယိ' ဓေဟိ၊ ဝိုယျံမသိ ဝိယျံ မယိ' ဓေဟိ၊ ဗလမသိ ဗလံ မယိ' ဓေဟိ၊ အောဇော ဇောအသျောဇော မယိ' ဓေဟိ၊ မနျုရိုသိ' မနျုံ မယိ' ဓေဟိ၊ သဟော အသိ သဟော မယိ' ဓေဟိ။ ၂။

(ယဒု•။ အ•၁၉။ မံ•၉။)

ယဇ္ဇာ ဂြတော ဒူရမုဒဲတိ ဒဲဝန္တဒုံ သုပ္တသျ တထဲဝဲတိ'၊ ဒူရံ ဂမံ ဇျောတိ'သာံ ဇျောတိ ရေကန္တမ္မေ မနး သိဝသံကလ္ပမသ္တု။ ၃။

ယေန ကမ်ာဏျပသော မနီသိဏော ယဇ္ဇေ ကြိဏွန္တိ' ဝိဒထေ သု မိရျာ၊ ယဒ်ပူဗ် ယက္ခမန္တး ပြဇာနာံ တမ္မေ မနး သိဝသံကလ္ပမသ္တု။ ၄။

ယတ် ပြဇ္ဉာနံတမှ စေတော ဓြိတိ'သ္စ ယဇ္ဇျောတိ' ရန္တရမြိတံ' ပြဇာသုံ၊ ယသ္မာန္န ရိတေ ကိ'ဉ္စန ကမ်ံ ကြိယတေ တမ္မေ မနး သိဝသံကလ္ပမသ္တု။ ၅။

ယေနေဒံ ဘူတံ ဘုဝံနံ ဘဝိသျတ္ပရိ ဂြိဟိတမမြိတေန သဗ်ံ၊ ယေနယဇ္ဉ ဥတာယတေ သပ္တ ဟောတာ နမ္မေ မနး သိဝသံကလ္ပမသ္တု။ ၆။

ယသ္မိန္နြိဓး သာမ ယဇူံ သိယသ္မိန် ပြတိ'ဋ္ဌိတာ ရထနာ ဘာဝိ'ဝါရား၊ ယသ္မိံ စိတ္တံ သဗ်မောတံ ပြဇာနာံ တမ္မေ မနး သိဝသံကလ္ပမသ္တု။ ၇။

သုသာရထိရ သွာန်ဝ ယန္တုနွဗျာခွေ နိယာတေ ဘိသုဘိဝ်ဂါဖြိနှ
ဆုဝ၊ ဖြိုတြပ်တိသ္ဗ ယဒိဂ်ိဳ ဇဝိသ္ဗ တခေ္ဘ မနုး သိဝသကိ်ဿ
မည္ဆူ၊ ဂ၊
(ယာကုပ်၊ အ-၃၄၊ မ်၊ ၁-၂-၃-၄-၅-၆)။

ယောအရှင်! အိုမိုးတောက် မိုးလျှံသဘွယ် အရောင်အလင်းဖြင့် ထွန်းလင်း တောက်ပတော် မူသောဘုရား! သင်ဘုရား၏ ကရုဏာ မေတ္တာတော်ကြောင့် ပညာရှိ သူတော်ကောင်း ရသေ့ရဟန်းတို့သည် အကြင်ဉာဏ်ပညာကို ပုဓော်ဆည်းကပ်ခြင်းကို ပြုကြကုန်၏၊ ကျွန်ုပ်အား ယခုဘဝတွင် ထိုဉာဏ်ပညာနှင့် ယှဉ်သည်ဖြစ်၍ပညာ ရှိဖြစ်အောင် ပြုတော်မူပါလော့။ ၁။

သင်ဘုရားသည် အရောင်အလင်းနှင့် ပြည့်စုံတော် မူပေ၏၊ ကျွန်ုပ်အားလည်း သနားသဖြင့် အလင်းရောင်ကို ပေးသနားတော် မူပါလော့။ သင်ဘုရားသည် အဆုံးမရှိသော လုံ့လဖြင့် ပြည့်စုံတော် မူပေ၏၊ ကျွန်ုပ်အားလည်း သနားသဖြင့် လုံ့လကို ပေးတော်မူပါလော့။ သင်ဘုရားသည် အဆုံးမရှိသော ခွန်အားဗလနှင့် ပြည့်စုံတော် မူပါပေ၏၊ ကျွန်ုပ်အားလည်း ခွန်အားကို ပေးတော်မူပါလော့။......စွမ်းအား သတ္တိကို ပေးတော် မူပါလော့။ သင်ဘုရားသည် မကောင်းမှုနှင့် မကောင်းမှုပြုသူ လူမိုက်တို့ အပေါ်တွင် အမျက်ထွက်ထတော်သူ ဖြစ်တော် မူပေ၏၊ ကျွန်ုပ်အားလည်း ထိုသို့ ပြုတော်မူပါလော့။ သင်ဘုရားသည် ကဲ့ရဲ့ခြင်း၊ မရှုသေခြင်း၊ မိမိအား အပြစ်ပြုသူတို့အား သည်းခံတော် မူထတ်ပေ၏၊ ကျွန်ုပ်အားလည်း ထိုသို့ ပြုတော်မူပါလော့။ ၂။

အို မေတ္တာတရားတို့၏ တည်ရာ ဖြစ်တော်မူသော ဘုရားသခင်! သင်ဘုရား၏ မေတ္တာတော်ကြောင့် ကျွန်ုပ်၏ စိတ်အာရုံတို့သည် နိုးကြားသော ခဏ၌ အဝေးသို့သွား၏၊ (ဒိဗ္ဗဂုဏ) နတ်၌ဖြစ်သော ဂုဏ်နှင့်ယှဉ်၏၊ ထိုစိတ်သည်ပင် အိပ်မောကျ၍ အိပ်မက်ထဲတွင် အဝေးသို့ သွားတိသကဲ့သို့ ဖြစ်နေပါ၏၊ အားလုံးသော အလင်းရောင်တို့၏ အရှင်သခင် ဖြစ်တော်မူသော ဘုရားသခင်! ကျွန်ုပ်၏ စိတ်ဓာတ်သည် မိမိနှင့် သူတပါးတို့၏ အကျိုးတရားကို လိုလား တောင့်တသူ ဖြစ်စေ၍

သူတပါးတို့အား အကျိုးမဲ့ စေလိုသောဆန္ဒ ဘယ်တော့မှ မဖြစ်ပါစေနှင့်။ ၃။

အို အားလုံးသော သူတို့၏ စိတ်အကြံကို သိတော်မူထင်သော ဘုရားသခင်! ဒိဒိတို့၏ ကျင့်ဝတ်ကို ပြုတတ်သော တရားရှိသူ ပညာရှိတို့သည် ယဖ်နှင့် စစ်ထိုးခြင်း အမှုကိုဖြို ပြုအပ်သော ဂုဏ်ရည်တို့ကို ပြုကြကုန်ဘိသကဲ့သို့ ထူးကဲသော စွမ်းအား သဂ္ဂနှင့် ပြည့်စုံတော်မူ၍ ပုခော်အထူးကို ခံတော်မူထိုက်သော အားလုံးသော သတ္တဝါတို့အပေါ်တွင် ကိန်းအောင်းတော်မူသော ဘုရားသည် ကျွန်ုပ်၏ စိတ်နှလုံးကို ကောင်းသော တရားကို ကျင့်ဆောင်လိုသည် ဖြစ်၍ မကောင်းမှုတို့ကို လုံးဝ စွန့်ပစ်လိုသော ဆန္ဒရှိအောင် ပြုတော်မူပါလော့။ ၄။

အကြင် အလွှင့်အမြတ် ဖြစ်သောဉာဏ်—ငါ—သူတပါးတို့အား ထင်ရှားသိမြင် စေတတ်သောဉာဏ်— အကြင်ဉာဏ်သည် သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်တွင် ထင်လင်း၍ မပျက်စီးတတ်သည်ဖြစ် ထိုဉာဏ်မှ ကင်း၍ တပုံတယောက်သည် ထရုံတခုသော ကိစ္စကိုမျှ မပြုလုပ်နိုင်ချေ၊ ထိုဉာဏ်နှင့် ယှဉ်သော ကျွန်ုပ်၏ စိတ်ဓာတ်သည် စင်ကြယ် မြင့်မြတ်သော ဂုဏ်တို့ကို လိုလားသည်ဖြစ်၍ မကောင်းသော ဂုဏ်တို့မှ ပယ်ခွါနေပါစေလော့။ ၅။

အို လောကကြီး၏ အရှင်သခင် ဖြစ်တော်မူသောဘုရား! အကြင် ယောဂ၏ အကျင့်ဖြင့် ယောဂီ ပုဂ္ဂိုလ်တို့သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော ကာလနှင့်ဆိုင်ရာ အခြင်းအရာတို့ကို သိကြ၏၊ အကြင် အကျင့်သည် မအို မသေ မပျက်မစီးတတ်သော "ဗိဇ္ဇာ= ဝိညာဉ်"ကို "ပရမတ္ထ" ဘုရား၏ ဝိညာဉ်တော်နှင့် ပေါင်းဖွဲ့ ဆော နှောစေလျက် ကာလသုံးပါးကို သိတတ်သူ ဖြစ်စေ၏၊ အကြင်ယောဂ၌ ဉာဏ်နှင့် ကိစ္စရှိ၏၊ ငါးပါးသော ဉာဏ်ဗြို့နှင့် အတူသည် ယှဉ်၏၊ ထိုယောဂ တည်းဟူသော ယဇ်ကို တိုးတက်စေ၏၊ ကျွန်ုပ်၏ စိတ်သည် လည်း ထိုယောဂပညာနှင့် ယှဉ်သည် ဖြစ်၍ အဝိဇ္ဇာ စသော ကိလေသာတို့မှ ကင်းသည် ဖြစ်ပါစေသော့၊ ၆။

အို ပညာရှိ အထူးဖြစ်တော်မူသော ပရမိသရ ဘုရားရှင်! အကြင် ဖွည်းရထား၏ ဖွည်းနားဒေါင်းတွင် ကန့်ဆောက် (ဘီးဆောက်) ထပ်

ဆင်ထားဘိသကဲ့သို့၊ စိတ်၌ ရိဂ္ဝေဒ၊ ယဇုဝေဒ၊ သာမဝေဒ၊ အထဝ ရဝဝေဒသည် တည်နေပါစေသော့။ အကြင်စိတ်၌ အားလုံးသော သိတတ်ခြင်း သမ္ဗုဒ္ဓ၊ အားလုံး၌ ဖြန့်နှံ့တည်၍ သတ္တဝါ အပေါင်း၏ သက်သေသက္ကယ် စိတ်စေတနာသည် အဝိဇ္ဇာကို ပယ်ဖျောက်၍ အခါခပ်သိမ်း ဝိဇ္ဇာကို လိုလားပါစေသော့။ ၇။

ထို အားလုံးတို့အား စေခိုင်းတော်မူတတ်သောဘုရား! မြင်းတို့အား ဇက်ကြိုး ကဲ့သို့ရင်း၊ မြင်းတို့အား မောင်းနှင်သော မြင်းထိန်းကဲ့သို့ရင်း၊ အကြင်စိတ်သည် လူသတ္တဝါတို့အား၊ တခဲနက် ထိုမှဤမှ မောင်းနှင် သွားလာစေတတ်၏။ အကြင်ဟဒယ နှလုံးအိမ်၌ တည်၍ လျှပ်ရှား သွားလာတတ်သည့်ဖြင့် အလွန်လျှင်မြန် ထက်မြက်သော ကျွန်ုပ်၏ စိတ်သည် အားလုံးသော ကုခြိုက်ကို မကောင်းမှု ဒုစရိုက်တို့မှ ထားဆီး ပိတ်ပင်၍၊ ကောင်းမှု သုစရိုက် တည်းဟူသော လမ်းကြောင်း၌ အမြဲသွားစေရန် မေတ္တာတရား ကျွန်ုပ်အပေါ်၌ ထားတော်မူပါလော့။ ၈။

> အဂ္ဂေ နယ သုပထာ ရာယေ အသ္မာန် ဝိသွာနိ ဒေဝ ဝယုနာနိ ဝိဒွါန်၊
> ယုယောဓျသ္မဇ္ဇုဟုရာဏ မေနော ဘူယိဋ္ဌာံ တေ နမ ဥက္တိံ
> ဝိဓေမ။ (ယဇု။ အ-၄၀၊ မံ-၁၆။)

အိုချမ်းသာကို ပေးတော်မူတတ်သောဘုရား၊ မိမိ၏ အရောင်အလင်းဖြင့် ထွန်းလင်း တောက်ပတော်မူသောဘုရား၊ အားလုံးကို သိတော်မူတတ်သောဘုရား၊ သင်ဘုရားသည် ကျွန်ုပ်တို့အား ကောင်းမြတ်သော နည်းလမ်းဖြင့် ပညာဉာဏ်ကို ပေးတော်မူပါလော့၊ ထို့ဖြင့် ငါတို့၌ ရှိနေသော မကောင်းမှုတို့မှ ကင်းဝေးအောင် ပြုတော်မူပါလော့။ ထိုဖြစ်သောကြောင့် ငါတို့အား ဖြူစင် မြင့်မြတ်အောင် ပြုတော်မူစေရန် ကျွန်ုပ်တို့က သင်ဘုရားအား ရှိသေလေးမြတ်စွာ ရှိခိုးပူဇော်ကြပါကုန်၏။

> မာနော မဟာန္တမုတမာ နော အဘဘကံ မာန ဥက္ခန္တမုတ
> မာန ဥက္ခိတမ်၊ မာနော ဝဓီး ပိတရံ မောတ မာတရံ မာနဿ
> ပြိယာသ္တန္နော ရုဒြ ရီရိသး။
> (ယဇု။ အ-၁၆၊ မံ-၁၅။)

အို ရှင်ဖြူ! (မသူတော် လူမိုက်တို့အား မကောင်းမှု၏ အကျွတ်ခြင်းရဲ့ တည်းဟူသော အကျိုးကိုပေးခါ မိုးစေတတ်သော အိုဘုရား) သင်ဘုရားသည် ငါတို့၏ ငယ်သောကြီးသောသူများ၊ အမိဝမ်းတွင်း၌ ရှိသောသူ၊ မိဘ၊ ချစ်ခင်သူ၊ ဆွေမျိုးညာတိတို့နှင့် ခန္ဓာကိုယ်ကို ထိခိုက်ဖျက်ဆီးစေခြင်း ငှာ ခေါ်ခြင်းကို ပြုတော်မမူအံ၊ သင်ဘုရားက ပေးသောအပြစ်ဒဏ်ကို မခံရစေသော နည်းလမ်းကို လိုက်စေတော် မူပါလော့။

အသတော မာသဒ် ဂမယ တမသော မာဇျောတိဂ်မယ မြ ထျော်မ ဖြတ် ဂမယောတိ။

(သတပထဗြာ၊ ၁၄၊ ၃၊ ၁၊ ၃၀)။

အို မြတ်သော ဆရာဖြစ်တော် မူသောဘုရား! သင်ဘုရားသည် ကျွန်ုပ်အား လမ်းမှားမှ ဖြောင့်ကြည့် ဖယ်ခွါစေလျက် လမ်းမှန်သို့ လိုက်အောင် ပြုတော်မူပါလော့။ အဝိဇ္ဇာ တည်းဟူသော အမှောင်ကို ခွင်း၍ ဝိဇ္ဇာတည်းဟူသော နေမင်း (အရောင်အလင်း)ကို ပေးသနားတော်မူပါလော့။ သေခြင်း တည်းဟူသော ရောဂါ အနာဆိုးကို ပယ်ခွါ၍ မောက္ခတည်းဟူသော ကြည်သာ ရွှင်ပြစေတတ်သော အမြိုက်သုဓါဘုတ်ကို ပေးသနားတော် မူပါလော့။

တနည်းကား — အကြောင်း အကြောင်း အပြစ်ဒေါသတို့မှ ဘုရားနှင့် မိမိကိုယ်တိုင်အား သီးခြားမှတ်ယူလျက် ဘုရားအား တောင်းပန် (ဆုတောင်း) ခြင်း နည်းနာသည် ဖြစ်ခြင်းဖြစ်၍ သဂုဏ, နိဂုဏ ပဏ္ဏနာဟု ခေါ်၏။ (အသင့်, ပြောင်းပြန် ဆိုလိုသည်)။ မိမိတောင်းဆိုချက်အား လျှော်စွာ ပြုမူကျင့်ကြံရသည်။ ဥပမာ, အမြတ်ဆုံး ဉာဏ်ပညာအတွက် ဘုရားအား ဆုတောင်းခဲ့လျှင် ထိုဉာဏ်ကိုရအောင် စွမ်းအားရှိသလောက် ကြိုးစားအားထုတ်ရသည်၊ တနည်းဆိုရသော်, အားထုတ်ပြီးနောက်မှ ဆုတောင်းရသည်၊ အောက်ပါ ဆုတောင်းမျိုးကို မတောင်းဆိုအပ်ပေ၊ တောင်းဆိုသော်လည်း ဘုရားသည် လက်ခံပေးမည် မဟုတ်။ ဥပမာ — "အိုဘုရားသခင် ! သင်ဘုရားသည် ကျွန်ုပ်၏ ရန်သူတို့ကို ဖျက်ဆီး သုတ်သင်ပေးပါလော့။ ကျွန်ုပ်အား ခစ်သိမ်းသူတို့ထက် အကြီးဆုံး ပြုတော်မူ၍ ကျွန်ုပ်အား ဂုဏ်ကြက်သရေ အရှိဆုံး ဖြစ်စေလျက် အားလုံး

သော သူတို့ကို ကျွန်ုပ်၏ လက်အောက်ခံ ပြုပေးတော်မူပါလော့။'' ဤအတိုင်းသော ရာနှင့်သူ့နှစ်ဦးစလုံး ဆုတောင်းကြမည် ဆိုပါက၊ ဘုရားသည် ထိုနှစ်ဦးစလုံးကို ဖျက်ဆီး သုတ်သင် ပစ်မှာလား ? အကယ်ထင်္ကိ၊ မေတ္တာ ထရားများသော သူ၏ ဆုတောင်းပြည့်သည်ဟု တဖုံတယောက်က ဆိုခြားနှင့်၊ ဘုရားအား အချစ် (အရိုအသေ) နည်းသူ၏ ဆုတောင်းကိုလည်း ဘုရားက နည်းနည်းသာ ပေးမည်ဟု ကျွန်ုပ်တို့ ဆိုနိုင်၏။ ဤအတိုင်းသာ မဟုတ်မဟတ် ထင်ရာမြင်ရာ ဆုတောင်းကြမည် ဆိုပါက၊ တချို့ မလိမ္မာသူ လူမိုက်တို့က အောက်ပါအတိုင်း ဆုကိုပင် တောင်းလာကြ ပေလိမ့်မည် — ''အို ဘုရားသခင် ! သင်ဘုရားသည် ကျွန်ုပ်အား ထမင်းချက်၍ ကျွေးတော်မူပါလော့၊ ကျွန်ုပ်၏ နေအိမ်တွင် တံမြက်လှည်းပေးပါလော့။ အဝတ်လျှော်ပေးပါလော့၊ လယ်ထွန် ကောက်ရိတ် ပေးပါလော့။'' ဤနည်းဖြင့် ဘုရားကို အားကိုး၍၊ ဘာမှုမလုပ်ဘဲ ပျင်းရိစွာ ထိုင်နေကြသော သူတို့သည်ကား၊ တကယ့်လူမိုက် လူအကြီးတွေ ဖြစ်ကြလေန်၏။ အကြောင်းကိုဆိုသော်, ဘုရားသခင်က လုံ့လအားထုတ်ရန် ပေးထားသော အခွင့်ကို ချိုးဖေါက်သူသည်၊ ဘယ်တော့မှ ချမ်းသာကို ရမည် မဟုတ်ချေ။ — ဥဒါဟရဏ်ကား,

ဣုဝ်နွေဝေယ ကမ်ာ်ဏ် ဖိဖိဝိသေန္တတံ သမာ်း။

(ယဇု•။ အ• ၄၀၊ မံ• ၂။)

ဘုရားသခင်၏ အာဏာတော်ကား၊ လူသည် အနှစ်တရာတိုင်အောင် (အသက်ရှင်နေသရွေ့ ကာလပတ်လုံး) အမှုကိစ္စကို ရွက်ဆောင်လျက် နေရန် အလိုရှိရာ၏။ ပျင်းရိ ထိုင်းမှိုင်းခြင်း ဘယ်တော့မှ မဖြစ်စေရ။ ကမ္ဘာလောက အတွင်း၌ သက်ရှိသက်မဲ့ သတ္တဝါ ဟူသရွေ့ မိမိတို့၏ ကိစ္စကို ဆောင်ရွက်အားထုတ်ခြင်းကို ပြုမြဲပြုနေကြ၏။ ဥပမာ — ပရွက်ဆိပ် စသည့် အခါခပ်သိမ်း အားထုတ် လုပ်ကိုင် နေကြ၍, ပထဝီ မြေကြီးစသည့် အမြဲတန်း သွားလာနေကြ၏။ သစ်ပင်စသည့်လည်း အခါခပ်သိမ်း ကြီးခြင်း ငယ်ခြင်း ဖြစ်နေကြ၏။ ဤနည်းနာကို လူအပေါင်းတို့လည်း လိုက်နာအပ်သည်။ တနည်းဥပမာ — အားထုတ်ကြိုးစားသော ယောကျ်ားအား အခြားသော သူတို့ကလည်း အကူအညီ ပေးဘိသကဲ့သို့၊ ထရားသဖြင့် ကြိုးစား အားထုတ် သူအား ဘုရားသခင်ကလည်း ကူညီ

အားပေးတော်မူသည်။ ထနည်းဥပမာ ဆိုရလျှင် — အမှောင်ထုထဲ၌သူအား အစေခံဟုခေါ်၍ ပျင်းရိ ထိုင်းမှိုင်း သူအား မခေါ်သလို၊ မျက်စေ့ရှိ၍ မြင်လို ကြည့်လိုသော သူအား မြင်ရ၏၊ မျက်စေ့ မရှိသူ အကောင်းကား မမြင်ရသလို၊ ဘုရားသည်လည်း အများအကျိုးကို ဆောင်ရွက်ရန် တောင်းပန်ခြင်းရှိသော အကူအညီပေး၍ အကျိုးယုတ်စေတတ်သော အမှုတို့၌ မပေးချေ။ ကြီးသကာ ချိုသည် ဆိုရုံနှင့် ကြီးသကာကိုယ်တိုင်း ချိုသော အရသာကိုယ်တိုင်း မခံစားရချေ၊ ကြိုးစား အားထုတ်ပါက၊ အငွေးနှင့်အမြန် ရရှိခံစားရချေသည်။ တတိယ – ဘုရားအာရုံပြုခြင်းကား—

> သမာဓိရူတမလသျ စေတသော နိဝေသိတသျာတ္တနိယတ် သုခံ ဘဝေတ်၊ နသကျတေ ဝဏ်ယိတုံ ဂိရာ တဒါ သွယာန္တကရဏေန ဂြိဟျတေ။

ဤကား ဥပနိသျဒသော စကားဖြစ်၏။—အကြင်ယောဂီများ၏ အဝိဇ္ဇာ စသော အညစ်အကြေးသည် သမာဓိ – ယောဂအကျင့်ဖြင့် ကင်းစင်သွား၏၊ အတ္တ – ဝိညာဏ်၌ သက်ဝင်သည် ဖြစ်၍ ဘုရားသခင်၌ စိတ်ကိုစွဲစေ၏။ ထိုသို့ အကျင့်ဖြင့် ဘုရားသခင်ကို တွေ့ရသော ချမ်းသာကို ပြဆိုခြင်းငှါ မတတ်ကောင်းပေ။ အဘယ့်ကြောင့်ဆိုသော်, ထိုသုခကြီးကို အသက်ဇီဝသည် ရယူသောကြောင့် ဖြစ်၏။ ဘုရားရှိခိုးခြင်း (ဥပါသနာ) သဒ္ဒါပုဒ်၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကား "အနီးသို့ရောက်ခြင်း" ကို ဆိုလို၏။ အဋ္ဌင် – ယောဂအကျင့်ဖြင့် ဘုရားနှင့် နီးစေခြင်း ရင်းခြင် ထို ဘုရားအား အားလုံး၌ ပြန့်နှံ့တည်ခြင်းနှင့် သူတပါးတို့၏ စိတ်အကြံကို သိခြင်းကို အာရုံ၌ မြင်တွေ့အောင်ပြုရန် နည်းလမ်း ဟူသမျှကို ပြုအပ်ကျင့်အပ်၏။ ထနည်းကား—

> တတြာ အပတိ'သာ သတျာဋ္ဌေသွယ ဖြပသ္မ ဝယိာ ဝနိဂြဟာ ယမး။
>
> (သာခနပါဒေ၊ သု. ၃၀၊)

ဤသို့ အစရှိသော ဆုတ်တို့သည် "ပါတဉ္စလ ယောဂသုတ္တ" ကျမ်းပါဖြစ်၏။ ဘုရားကိုရှိခိုး အာရုံပြုလိုသော သူသည်၊ သူတပါးအား ရန်မမူရ၊ မေတ္တာပွားရမည်။ မုသားမပြောရ၊ သူတပါး ဥစ္စာကို မခိုးရ၊

မှန်စွာကျင့်ကြံရမည်၊ ရုပ်ခန္ဓာတို့ကို လုံခြုံစေရမည်၊ မာနမကြီးရ၊ ဤငါးပါးသော "ယမ" သည် ဘုရားအာရုံပြုရာ၌ ပထမအင်္ဂါတပါး ဖြစ်၏။

သေဝ် စ သံတောသ တပး သွာဓျာယေသွရ ပြဏိဓာနာနိ နိယမား။

(ယောဂ-သူ၊ သာဓနပါဒေ၊ သူ၊ ၃၂။)

အတွင်းသဏ္ဌာန်တွင် ရာဂ ဒေါသမှ စင်ကြယ်စေ၍ အပြင်ဗဟိဒ္ဓကို ရေစသည်ဖြင့် စင်ကြယ်စေရာသည်။ တရားသဖြင့် အားထုတ်ရာ၌ လာဘ်လာဘ ရရာ၌ ရွှင်ပျော်ခြင်းမရှိ၊ အကျိုးယုတ်ရာ၌ ပူဆွေးခြင်း မရှိစေရ။ ရွှင်လန်းသောစိတ်ဖြင့် ပျင်းရိ ထိုင်းမှိုင်းခြင်းကို စွန့်လျက် အခါခပ်သိမ်း အားထုတ်ရမည်။ အခါခပ်သိမ်း ဆင်းရဲနှင့်ချမ်းသာကို သည်းခံခါ၊ တရားကိုသာလျှင် ကျင့်ရာသည်၊ မတရားမှုကို မပြုရ။ အခါခပ်သိမ်း ကျမ်းကောင်း ကျမ်းမှန်တို့ကို သင်ကြား ပို့ချခြင်း ပြုရာသည်။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရာသည်၊ "အုမ်" တည်းဟူသော ဘုရားသခင်၏ တခုတည်းသော အမည်တော်၏ အနက် အဓိပ္ပါယ်ကို စဉ်းစားလျက် အမြဲတမ်း အချိန်မှန်မှန် "အနုဿတိကမ္မဋ္ဌာန်း" ကို ပွားများ စီးဖြန်းရာသည်။ မိမိ၏ အတ္တပိညဉ်ကို ဘုရားသခင်၏ အမိန့်အာဏာ တော်နှင့်အညီ အပ်နှင်းထားရာသည်။ ဤငါးပါးသော နည်းနာနိယမတို့ ပေါင်းစပ်၍ ဥပါသနာ- ယောဂ၏ ဒုတိယအင်္ဂါ ဟု ခေါ်ဆိုအပ်၏။ ဤမှနောက် အင်္ဂါခြောက်ပါးတို့ကို၊ ယောဂသစ္စာနှင့် ရိဂ္ဝေဒါဒိ ဘာသျ ဘူမိကာတွင် ကြည့်ယူပါလေ။

ဘုရားကို အာရုံပြုလိုလျှင်၊ ဆိတ်ငြိမ် သန့်ရှင်းသော နေရာသို့သွားလျက်၊ ထိုင်ပြီးနောက်၊ အာသနပါဏ * လုပ်၍ ပြင်ပအာရုံတို့မှ ရုပ်ခန္ဓာတို့ကို တားဆီးခါ စိတ် (မနော)ကို၊ ချက် သို့မဟုတ် နှလုံးအိမ်နေရာ, လည်ချောင်း, မျက်စေ့, ဦးခေါင်းထိပ် သို့မဟုတ် ကျောရိုး၌ တည်စေ၍ မိမိ

* အာသနပါန - ကမ္မဋ္ဌာန်းမှာ၊ ဗုဒ္ဓဘာသာတို့ အာနာပါနနှင့် မတူဘဲ၊ ထွက်သက်-ဝင်သက်ကို တားဆီးလျက် တနေရာရာ၌ တည်နေစေခြင်းဖြစ်သည်။ အများအားဖြင့် ဦးခေါင်းထိပ်၌ ချုပ်ထားလေ့ ရှိကြသည်။ မောဇ်ရာဇ ကုမာရသုတ်ကို ကြည့်လေ။ (ဘာသာပြန်သူ)

၏ အဗ္ဗုဝိဇ္ဇာနှင့် ဘုရားကို စဉ်းစားဆောင်ရွက် ဘုရား၌ စိတ်ဝင်စားထားခဲ့လျှင် ဈာန်တို့ကို စောင့်ထိန်းနိုင်သူ ဖြစ်ရာသည်။ လူသည် ဤယောဂ အကျင့်တို့ကို ကျင့်လျှင် သူ၏ အဗ္ဗုဝိဇ္ဇာနှင့် အတွင်းသဏ္ဍာန်သည် ပြုစင်ပြီးလျှင် အမှန်တရား၌ တည်လေတော့သည်။ ထိုသူသည် အမြတ်နန်း ဉာဏ် – ပရမတ်ဉာဏ်ကို ပွားစေလျက် "ဝိမုတ္တိ" အထိ ရောက်သွားလေသည်။ ရှစ်ပဟိုရ်တွင် တနာရီမျှစီ ကျင့်သော သူသည်လည်း အခါခပ်သိမ်း တိုးတက်ခြင်းကို ရရှိလေသည်။ ဤအကျင့်၌ သမ္ပဒ္ဒြစသော ဂုဏ်တို့နှင့်တကွ ဘုရားကို အာရုံပြု၍ စီးဖြန်းကျင့်ဆောင်ခြင်းကို "သဂုဏ" ခေါ်၍ ဒေါသ, ရူပ, ရသ, ဂန္ဓ, ဖဿ စသော ဂုဏ်တို့မှ တခြားစီပဲ့ အောင့်မေ့ခါ၊ အလွန်လျှင် သိမ်မွေ့သော အဗ္ဗုဝိဇ္ဇာ၏ အတွင်းအပြင်၌ ဖြန့်နှံ့၍တည်သော ဘုရားသခင်၌ စိတ်ကို တည်စေခွဲစေခြင်းကို "နိဂုဏောပါသနာ"ဟု ခေါ်သည်။ ဤသို့ကျင့်ခြင်း အကျိုးကား – အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်အပ်သော ယောက်ျားသည် မီးဖိုနားသို့ ရောက်လျှင် အအေးပျောက်သွား ဘိသကဲ့သို့ ဘုရားသခင် အနီးသို့ရောက်ခြင်းကြောင့် အားလုံးသော အပြစ်ဒေါသ ဒုက္ခဆင်းရဲများ ကင်းစင်သွား၍ ဘုရားသခင်၏ ဂုဏ်တော်၊ ကိစ္စတော်၊ သဘောတော်နှင့် အလားတူ မိမိ၏အသက် - ဇီဝ၏ဂုဏ်၊ ကိစ္စ၊ သဘာဝသည်လည်း ပြုစင်သွားလေတော့သည်။ သို့ဖြစ်သောကြောင့် ဘုရားအား ရှိခိုးပူဇော်ခြင်း၊ ဆုတောင်းခြင်း၊ အာရုံတင်၍ စီးဖြန်းခြင်းတို့ကို မချွတ်ပြုရသည်။ ရရှိလတ္တံ့သော အကျိုးအာနိသံသအပြင်၊ အဗ္ဗုဝိဇ္ဇာသည် ဒုက္ခဆင်းရဲ မည်မျှပင်ကြီးလေးသည်ဖြစ်စေ၊ တောင်ကြီးကဲ့သို့၊ သည်းခံနိုင်ရည် ရှိလာလေသည်။ ဒါဟာ သေးငယ်တဲ့ အကျိုးတရားလား ? ဘုရားအား ရှိခိုးပူဇော်ခြင်းစသည် မပြုသောသူသည်၊ အလွန်ကျေးဇူးကန်း၍ မိုက်မဲသူလည်း ဖြစ်ရာသည်။ အကြောင်းသော်ကား၊ အားလုံးသော သက်ရှိသတ္တဝါတို့ အကျိုး၌ အားလုံးသော အသုံးအဆောင် အရာဝတ္ထုတို့ကို ပေးတော်မူသော ဘုရားဂုဏ်ကို မေ့ပစ်ခြင်း၊ †ထာဝရဘုရားကိုမယုံခြင်းသည် ကျေးဇူးကန်းခြင်း မိုက်မဲခြင်းဖြစ်၏။

† ထာဝရဘုရားကို၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ သံချောအတိုင်းတော် စားဝါ ရပ်သွား၊ ယခုကာလ လောကဓာတ် ပညာဆရာကြီးတို့လည်း မယုံကြည်ကြချေ။ (ဘာသာပြန်သူ)

အမေး။ ။ထာဝရဘုရား၌ နား မျက်စေ့ စသော ရုပ်ခန္ဓာများ မရှိခဲ့လျှင် ထိုဘုရားသည် ထိုရုပ်ခန္ဓာ (အင်္ဂါအစိတ်အပိုင်း) နှင့် ဆိုင်သော ကိစ္စကို ဘယ်လိုလုပ်နိုင်မလဲ ?

အဖြေ။ ။အပါဏိပါဒေါ ဇဝနော ဂြဟီတာ ပဿျတျစက္ခုး သဿြိ ဏောတျကဏ်း၊ သဝေတ္တိ ဝေဒျံ န စ တဿျာဿ္တိ ဝေတ္တာ တမာဟုရဂ်ျံ ပုရုသံ ပုရာဏမ်။

(သွေတာသွတရ ဥပနိသျှဒ်၊ အ. ၃၊ မံ. ၁၉။)

ဤကား ဥပနိသျှဒ်လာ စကားဖြစ်သည်။ ထာဝရဘုရားမှာ လက်တော် မရှိသော်လည်း မိမိ၏ အစွမ်းသတ္တိ တည်းဟူသော လက်တော်ဖြင့် ဖန်ဆင်းခြင်း ခံယူခြင်းကိုပြု၏။ ခြေထောက် မရှိသော်လည်း အားလုံး၌ ပြန့်နှံ့တည်သောကြောင့် အားလုံးထက် လျှင်မြန်၏။ မျက်လုံးအိမ် မရှိသော်လည်း အားလုံးကို ကောင်းစွာ မြင်နိုင်၏။ နားရွက် မရှိသော်လည်း အားလုံးသူတို့၏ စကားကို ကြား၏၊ အတွင်းစိတ်ခါတ် မရှိသော်လည်း တလောကလုံးကို သိတတ်၏၊ ထိုဘုရားအား အပိုင်းအခြားနှင့်တကွ အသေအချာ မည်သူ့မျှ မရှိချေ။ ထိုဘုရားကိုပင် အစဉ်အဆက် ဆင်းသက်လာခြင်း၊ အားလုံးတို့ထက် မြတ်ခြင်း၊ အားလုံးတို့၌ ပြည့်နှက်နေခြင်းကြောင့် "ပုရုသ–ပုရိသ" ဟု ခေါ်၏။ ထိုဘုရားသည် အတွင်းစိတ်ခါတ် နှင့် ရုပ်ခန္ဓာ (ကိုယ်အင်္ဂါ အစိတ်အပိုင်း)ဖြင့် ပြုအပ်သော ကိစ္စဟူသမျှကို၊ စွမ်းအားသတ္တိဖြင့် ပြုတော်မူသည်။

အမေး။ ။ထိုဘုရားကို လူများစွာတို့က၊ ဘာမျှမလုပ်နိုင်သူ (နိသကြိယ) ဂုဏ်မရှိသူ (နိဂုဏ)ဟု ဆိုကြသည် မဟုတ်ပါလော ?

အဖြေ။ ။န တဿျ ကာယံ ကရဏံ စ ဝိဒျတေန တတ္သမမ္မာဘျဓိ ကဿ္စ ဒြိဿျတေ။ ပရာဿျ သတ္တိရွိဝိဓဲဝ ဿြူယတေ သွာဘာဝိကီ ဉာန ဗလကြိယာ စ။

(သွေတာသွတရ ဥပနိသျှဒ်၊ အ. ၆၊ မံ. ၈။)

ဤကား ဥပနိသျှဒ်လာ စကားဖြစ်သည်၊ ထာဝရဘုရားနှင့် တူသော ကာရိယ ကာရဏာ ဝါ၊ ထာဝရဘုရားမှ ကင်း၍ ဘာမျှ မဖြစ်နိုင်၊ ထာဝရ

ဘုရားနှင့် တူသောသူ၊ သူ့ထက် ကြီးမြတ်သူမရှိ၊ အကြီးအကျယ်ဆုံးသော စွမ်းအားသတ္တိ – အနန္တဉာဏ၊ အနန္တဗလ၊ အနန္တကြံသတ္တိသည် ထိုဘုရား၌ အလိုလို ဖြစ်ပေါ် တည်ရှိနေ၏၊ ထာဝရဘုရားသည် ဘာမှ လုပ်အား မရှိဘူးဆိုရင်၊ ကမ္ဘာကို ဖန်ဆင်းခြင်း၊ တည်စေခြင်း၊ ဖျက်သိမ်းခြင်းကိုလည်း မပြုနိုင်ပေရာ၊ ထို့ကြောင့် ဘုရားသည် ဂုဏ်တော် စွမ်းအားတော် အပေါင်းဖြင့် ပြည့်ဝကုံလုံ၍ ပညာဉာဏ်တော်ရှိသောကြောင့် ကမ္ဘာတို့ကို ပြုစွမ်းနိုင်လေသည်။

အမေး။   ။ကမ္ဘာတို့ကို ဆောင်ရွက် ပြုလုပ်သောအခါ, ထိုကမ္ဘာတို့သည် အဆုံးရှိသလား၊ အဆုံးမရှိသလား ထိုလိုပါသည် ?

အဖြေ။   ။ဒေသကာလ အလျောက် ကမ္ဘာများကို ပြုတတ်သည်၊ဗိုသည် လိုသည် ဟူ၍ မရှိပေ၊ အဘယ့်ကြောင့်ဆိုသော်၊ ထိုဘုရားသည် ပညာရှိကြီး တဆူဖြစ်သောကြောင့် ပေတည်း။

အမေး။   ။ဘုရားသည် မိမိ၏ အဆုံးကို သိ-မသိ ?

အဖြေ။   ။ဘုရားပြည့်စုံသော ဉာဏ်တော်ရှိသည်၊ ဉာဏ်ဆိုသည်မှာ၊ ဟုတ်မှန်ရာကို သိခြင်းဖြစ်၍ ဆိုင်ရာ ဆိုင်ရာ အသင့် သိခြင်းဖြစ်သည်၊ ဘုရားသည် အနန္တော အနန္တဖြစ်လျှင် အနန္တ (=အဆုံးမရှိ)ဟု သိခြင်းပင် ဉာဏ်ဖြစ်သည်၊ ဤသိခြင်းမျိုးနှင့် ဆန့်ကျင်လျက်၊ အနန္တကိုသာန္တ၊ သာန္တကို အနန္တဟု သိခြင်းကား မှားသောသိခြင်း ဖြစ်၏၊ "ယထာဝဒ် ဒသိန် ဉာနမိတိ" ဂုဏ်၊ ကမ္ဘာ သဘာဝကို မှန်သောအတိုင်း သိခြင်း ယုံမှတ်ခြင်းကိုပင် ဉာဏ်ခေါ်၍ ဤနည်းနှင့် ဆန့်ကျင်ခြင်း "အဉာန" မသိခြင်းခေါ်၏၊ ထို့ကြောင့်—

ဣေသကမ်ဝိပါကာသယဲရပရာမြဲသူး ပ႑ုသ ဝိသေသ ဤသွရး (ယောဂသူ-၊ သမာဓိပါဒေ၊ သူ· ၂၄၊)

အဝိဇ္ဇာ စသော ကိလေသာ, ကုသိုလ်, အကုသိုလ်, ရုပ္ပ, အနိစ္စ, ရောနှောပေါင်းစပ်သော အကျိုးကိုပေးတတ်သော အမှုကိုကိုတတ်စွမ်းခြင်းမှ ကင်းသောသူသည် အားလုံးသောသတ္တဝါတို့ထက် ထူးကဲလွန်မြတ်သော ဈာသရဘုရားမည်၏၊

အမေး။ ။ဤသွာချပ်ဋ္ဌေး။ ၁။ (သံ· အ· ၁၊ သု၊ ၁၂။) ဖြမာထာဘာဝါန္တ ထဇ္ဈိဋ္ဌိး။ ၂။ (သံ· အ· ၅၊ သု၊ ၁၀။) သမ္ဗန္ဓာ ဘာဝါန္တာခုမာနမ်။ ၃။ (သံ· သု· အ· ၅၊ သု· ၁၁။) ဒိဋ္ဌ= မျက်မြင်အားဖြင့် ဗုဒ္ဓသရဘုရားကို မဆုံးဖြတ်နိုင်။ ၁။ ဒိဋ္ဌ မျက်မြင်ဖြင့် မဆုံးဖြတ်နိုင်သောကြောင့် အနုမာန–ယန်းဆသော အထောက်အထားဖြင့်လည်း မဆုံးဖြတ်နိုင်။ ၂။ပြန်နှံ့နေခြင်း၌ အဆက်အသွယ်မရှိခြင်းကြောင့် မှန်းဆခြင်းလည်းမဖြစ်နိုင်ရာ။ တဖန် မျက်မြင်–မှန်းဆခြင်းမဖြစ်နိုင်သောကြောင့် သဒ္ဒပမာဏ=အသံ- သာဓကဖြင့်လည်း မဆုံးဖြတ် နိုင်သောကြောင့် ဗုဒ္ဓသရဘုရားကို ဆုံးဖြတ်မပြနိုင် မဟုတ်ပါလား။

အဖြေ။ ။ဤနေရာတွင် ဗုဒ္ဓသရဘုရားကို ဆုံးဖြတ်ရာ၌ ပစ္စက္ခ–ပမာဏ (=မျက်မြင်သာဓက) မရှိပါ။ ထို့ပြင် ဗုဒ္ဓသရသည် ကမ္ဘာလောက၏ ဥပါဒါန်လည်းမဟုတ်ပါ။ ၎င်းပြင် ပုရုသပုဒ်ဖြင့် ထူးကဲ ဆန်းပြားသော အနက်သဘောကို ရသောကြောင့်၊ အားလုံး၌ ပြန့်နှံ့ပြည့်နှက်နေသောကြောင့် ဘုရား၏ အမည်သည် "ပုရုသ"ဖြစ်၏ ခန္ဓာကိုယ်၌ အိပ်–နေသောကြောင့် ဇီဝ=အသက်ကိုလည်း၊ "ပုရုသ" ဟူ၍ပင် ခေါ်ဆိုအပ်၏၊ အဘယ့်ကြောင့်ဆိုသော်၊ ဤအခန်းတွင်ပြဆိုထားပုံမှာ–

ဖြခာနုသတ္တိယောဂါစ္စေဒ္ဒြက်ါပတ္တိး။ ၁။
သတ္တာမာတြာစ္စေဒ္ဒြဗ်ိသွယျ။ ၂။
ဩဖြတိရပိ ဖြခာနုကာယျိုးထွသျ။ ၃။
(သံ· သု· အ· ၅၊ သု၊ ၈၊ ၉၊ ၁၂။)

အကယ်၍ဖြခဲ့သော ပုရုသသည် ပခာနုသတ္တိနှင့် ပေါင်းစပ်ခဲ့မည်ဆိုပါက၊ ပုရုသနှင့် ပေါင်းစပ်ခြင်း (သင်္ဂါပတ္တိ) အဖြစ်ဖြစ်ရာသည်။ ထနည်း ဥပမာဖြရလျှင်၊ ပကတိသဘာဝဓာတ်တို့သည် သုခမဖြစ်သော အကျိုးတို့နှင့်ပေါင်းစပ်၍ အမှုတိုင်ဖြစ်မှုပြုမှု ဖြစ်လာသလို ဘုရားလည်း သိမ်မွေ့သောအဖြစ်မှ ကြမ်းတမ်းထူထဲသော အဖြစ်သို့ ရောက်လာပေလိမ့်မည်၊ သို့ဖြစ်၍ ဘုရားသည် ကမ္ဘာလောက၏ ဥပါဒါန်–ကာရဏ

မဟုတ်ဘဲ၊ နိမိတ္တ-ကာရဏသာလျှင် ဖြစ်ပေ၏။ ၁။ အကောင်းတင့်၊ စေတသိက်ဖြင့် ကမ္ဘာကြီးဖြစ်ပေါ်လာသည်ဆိုခဲ့လျှင်၊ ဘုရားသည် အားလုံးသော အစိုးရခြင်း ဂုဏ်ရှိပေသောကြောင့်၊ ဤ သံသရာကြီးတွင်လည်း အားလုံးသော အစိုးရခြင်းဂုဏ်နှင့် ပြည့်စုံရာသည်။ ထိုသို့ကားမဟုတ်ချေ။ သို့ဖြစ်၍ ဘုရားသည် ကမ္ဘာလောက၏ ဥပါဒါန်-ကာရဏ မဟုတ်မူ၍ နိမိတ္တကာရဏသာလျှင် ဖြစ်ပေ၏။ အဘယ့်ကြောင့်ဆိုသော် ဥပနိသျှဒ်ကလည်း "ပဓာန" (=ရုပ်ဓာတ်) သာလျှင်၊ ကမ္ဘာလောက၏ ဥပဒါန်-ကာရဏဟု ဆို၏။ ၃။ ဥဒါဟာရဏ်ကား—

> အဇာမေကာံ လောဟိတ သုက္လကြိသဏာံ ဗဟွီးပြဇားဍြိဇမာနာံ သွရူပါး။ (သွေတာ. အ. ၄။ မံ. ၅။)

အကြွင်းစာတိမှကင်းသော သတော, ရဇော, တမောဂုဏ်ရှိသော ပကတိ (ရုပ်) သည်ပင် သရုပ်ပြားခြင်းဖြင့် များစွာသောသတ္တဝါရုပ်ဖြစ်သွားကုန်၏။ တနည်းရုပ်ဓာတ်သည်၊ ပရိဏာမ=အတိုင်းအရှည် ပမာဏရှိသောကြောင့် အသွင်အခြေအနေ ပြောင်းလဲတတ်သည်၊ ဘုရား(=ဝိညဉ်တော်)ကား၊ အပရိဏာမ=အတိုင်းအရှည်ပမာဏမရှိသောကြောင့်၊ အသွင်ပြောင်းခါ တခြားသောရုပ်အသွင်၌ မည်သည့်အခါမျှမဖြစ်ပေါ်နိုင်ဘဲ၊ အခါခပ်သိမ်းမဖေါက်မပြန် တည်မြဲနေလေသည်။ ထို့ကြောင့် ကပိလဆရာကြီးအား၊ အနိဿရဝါဒီ(=ထာဝရကိုမယုံသူ)ဟု ဆိုသောသူသည်သာ၊ ထာဝရကို မယုံသူဖြစ်၏။ ကပိလဆရာကား မဟုတ်ပေ။ ထို့အတူပင် မီမံသာ ဆရာတို့ အထိအားဖြင့် ဓမ္မပင် ဤသရ၊ ဝိသေသိက၊ နယာယ ဆရာတို့လည်း "အတ္တ"သဒ္ဒါဖြင့် အနိဿရဝါဒီတွေ မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော်၊ သဗ္ဗညုတစသော တရားနှင့်ယှဉ်ခြင်း ရင်းမြစ်း "အထတ်ိသမ်ဗြဖျာမ္မေါတိတျာတွာ"အကြွင်ဘုရားသည် အားလုံး၌ ပြန့်နှံ့နေခြင်းသဗ္ဗညုတ စသောတရားနှင့် ယှဉ်၍ ထားသော သတ္တဝါတို့၏ အတ္တကိုပင် မီမံသာ,ဝိသေသိက,နယာယ ဆရာတို့က ဤသရဘုရားဟု ယူဆကြသောကြောင့်ပေတည်း။

အမေး။ ဤသရဘုရားသည်၊ အဝတာရ (=လူ့ပြည်ဝင်း၍ လူ့ဘဝဖြင့်မွေးဖွားသည်) ဟုတ်မဟုတ်။

အဖြေ။ ။မဟုတ်ပါ။ အကြောင်းကား "အစ ဧကပါတ်" (၃၄၊ ၅၃) "သပယို်ဂါန္တုကြမကာယမ်"(၄၀၊၈)၌ကား ယဇုဝေဒလာစကားဖြစ်၍ ၎င်းစကားတော်တို့ကိုထောက်ဆခြင်းဖြင့် ထာဝရဘုရားသည် မမွေးဖွားကြောင်းထင်ရှား၏။

အမေး။ ။ယဒါ ယဒါဟိ ဓမ်သျ ဂလာနိဘ်ဝတိ ဘာရတ၊ အဘျုဋ္ဌာနမဓမ်သျ တဒါတ္မာနံသြိဇာမျဟာမ်။ (ဘ·ဂီ·။ အ·၄၊ ဘျာ·ရ။)

ဆိုရိုကြိသျဏက ဟောတော်မူသည်ကား၊ သူတော်ကောင်း တရားကွယ်ပကွယ်ပသွားတိုင်း ငါဘုရားသည် မွေးဖွားတော်မူသည်။

အဖြေ။ ။၎င်းစကားတော်သည် ဝေဒနှင့် ဆန့်ကျင်သောကြောင့် ခိုင်မာသော သာဓကမဟုတ်ပေ။ အကယ်တန္တိ ကြိသျဏသည် တရားကိုမှီသလေးမြတ် စောင့်ရှောက်လိုသဖြင့် ကပ်တိုင်းကပ်တိုင်းမွေးဖွားပြီး သူတော်ကောင်းတို့အား ကယ်ဆယ်၍ မသူတော်တို့အား သုတ်သင် ပယ်ရှား ချင်သည်ဆိုက သင့်လျော်ပါသည်။ အကြောင်းကား–"ပရောပကာရာယ သတာံ ဝိဘူတယး"။ ပရဟိတ အလို့ငှါ သူတော်ကောင်းတို့၏ကိုယ်, စိတ်,ဥစ္စာဖြစ်ကုန်၏။ဆိုသောစကားအတိုင်းလည်း ကြိသျဏသည် ဣသရဘုရား မဖြစ်နိုင်ပါ။

အမေး။ ။ဒီအတိုင်းသာဆိုလျှင်၊ လောကတွင် ၂၄ ဆူသော လူ့ဘုံမ်ဆင်း၍ ပွင့်တော်မူသော အဝတာရ (=ဘုရား)များကို ဘုရားဟု မယုံရဘူးလား။

အဖြေ။ ။ဝေဒကျမ်း၏ အနက်အဓိပ္ပါယ်ကို မသိခြင်း၊ ဂိုဏ်းဆရာတို့၏ လှည့်စားခြင်း၊မိမိကိုယ်တိုင်အသိဉာဏ်ကင်းမဲ့ခြင်းတို့ကြောင့် ယုံမှားသံသယတည်းဟူသော ပိုက်ကွန်၌မိပြီးလျှင် ၎င်းကဲ့သို့သောယုတ္တိမရှိသော စကားတို့ကိုပြောဆိုယုံကြည်ခြင်း ဖြစ်၏။

အမေး။ ။ဣသရဘုရားသာ၊ လူ့ဘုံမ်ဆင်း၍ မမွေးဖွားခဲ့ပါမူ ကံသမင်း ရာဝဏ (=ခေါင်းဆယ်လုံးဘီလူး) တို့သည်မည်သို့ ပျက်စီးသွားမှာလဲ။

အဖြေ။ ။ပထမအချက်က--မွေးဖွားလျှင် သေလည်းသေရပေလိမ့်မည်။ (ဇာတိရှိလျှင် မရဏလည်း ရှိရမည်)။ အကြင် ထာဝရ ဘုရားသည် မမွေးဖွားဘဲနှင့် ကမ္ဘာကိုဖန်ဆင်းခြင်း၊ တည် စေခြင်း၊ ပျက်စီးစေခြင်းကို ပြုနိုင်ခဲ့လျှင်၊ ထိုဘုရားရှေ့မှာ၊ ကံသ၊ ရာဝဏတို့သည်၊ ပိုးမွှားကလေးတကောင်လောက်ပင် မဖြစ်တော့ပေ။ ထိုဘုရားသည် အားလုံးတို့၌ ပြန့်နှံ့၍ တည် သောကြောင့်၊ ကံသ၊ ရာဝဏတို့၏ ခန္ဓာကိုယ်မှာလည်း ပြန့် နှံ့နေလေတော့သည်။ အလိုရှိသောခဏ၌ ၎င်းတို့၏ အသဲ နှလုံးသားကိုပင် ချေမှုန်းပျက်ဆီးပစ်နိုင်သည်။ ဤအနန္တဂုဏ်၊ ကိစ္စ၊ သဘောတော်နှင့်ပြည့်စုံသော ဘုရားသခင်အား၊ သေး နုတ်သော သတ္တဝါကလေးတကောင်ကို သတ်ဖြတ်ရန်အတွက် ဇာတိ-မရဏ(=ဘွားခြင်း-သေခြင်း)တရားနှင့် ယှဉ်သည်ဟု ယူဆခြင်းထက်၊ ရိုက်မဲ့သော ဥပမာရှိနိုင် ဦးတော့မှာလား။ ဒိပြင်လည်း၊ ကြည်ညိုသူတို့အား ကယ်ဆယ်ရန် လူ့ဘဝ၌ မွေး ဖွားလာသည်ဟု တစုံတယောက်က ဆိုခဲ့ပါမူလည်း၊ မမှန်ပါ။ အကြောင်းကား၊ ကြည်ညိုသူတို့၊ ဘုရား၏ အဆုမ္မပြဲဝါဒ အတိုင်း ကျင့်ကြံနေထိုင်သွားမည်ဆိုက၊ ထိုကဲ့သို့သောသူတို့ အား ကယ်တင်ရန်ဘုရားမှာ၊ အစွမ်းသတ္တိ အပြည့်အစုံ ရှိပေ သည်။ ပထဝီ၊ နေလစသော ကမ္ဘာကြီးကို ဖန်ဆင်းခြင်း၊တည် နေစေခြင်း၊ပျက်ဆီးခြင်းထက်၊ကံသရာဝဏတို့အားသတ်ခြင်း၊ ဂေါဝဒ္ဓနတောင်ကိုထမ်းခြင်းကိစ္စတို့က၊ပို၍ကြီးကျယ်ပါသေး သလား။ ထာဝရဘုရား၏ ဤဖန်ဆင်းခြင်းကိစ္စတော်ကို စဉ်း စား ကြည့်မည်ဆိုက၊ “နဘူတော နဘဝိဿတိ”၊ ဘုရားနှင့် တူမျှသောသူ တစုံတယောက်မျှမရှိ၊ နောင်ကိုလည်း ရှိမည် မဟုတ်ချေ။ သည့်ပြင် ယုတ္တိသာဓကဖြင့်လည်း ထာဝရဘုရား မွေးဘွားခြင်းမဖြစ်နိုင်ချေ။ တနည်းဥပမာ ပြရသော်၊ တစုံ တယောက်က၊ အာကာသ- ကောင်းကင်သည်၊ ဝမ်းထဲသို့ ဝင်သည်၊ သို့မဟုတ် လက်ဖြင့် ဆုပ်ထားသည်-ဟု ဆိုပါက၊ မဟုတ်နိုင် မဖြစ်နိုင်ချေ။ အကြောင်းကား အာကာသ-ကောင်း ကင် ပြင်သည်၊ အဆုံး-အစမရှိ ကျယ်ဝန်း ပြန့်ပြောနေခြင်း

ကြောင့် ပေတည်း။ အာကာသ-ကောင်းကင်သည် အတွင်းသို့လည်းမဝင်၊ အပြင်သို့လည်း မထွက်ချေ။ ထို့အတူ အစ-အဆုံးမရှိသော အားလုံး၌ ပြန့်နှံ့ နေတော်မူသော ဘုရား၏ လာခြင်း-သွားခြင်းလည်း မဖြစ်နိုင်ချေ။ သွားခြင်း- လာခြင်း ဆိုသည်မှာ၊ မရှိသောနေရာသို့သာသွားလာခြင်းဖြစ်နိုင်သည်။ ဘုရားသည် သတ္တဝါတို့၏ ဝမ်းထဲတွင် ပြန့်နှံ့နေသည် မဟုတ်လား၊ ဘယ်က လာနေရအုံးမှာလဲ? ပြင်ပမှာကား မရှိဘူးလား? အတွင်းကထွက်လာရအုံးမှာလား? ပညာမဲ့သောသူမှတပါး အခြားမည်သူမျှ၊ ဘုရားနှင့်ပတ်သက်၍ ဤသို့ ပြောဆိုယုံမှတ်ခြင်းပြုမည်မဟုတ်ပေ။ သို့ဖြစ်သောကြောင့် ထာဝရဘုရား၏ သွားလာခြင်း၊ မွေးခြင်း-သေခြင်းမည်သည့်အခါမျှ မဖြစ်နိုင်ရာ။ ထို့အတူ "ယေရှု" စသည့်လည်း ထာဝရဘုရား၏ တမန်တော် ဖြစ်သည်ဟု မယူဆ လေနှင့်။ အကြောင်းကား၊ ထိုသူတို့သည်၊ ရာဂ၊ ဒေါသ၊ ဆာလောင်မွတ်သိပ်ခြင်း၊ ကြောက်ခြင်း၊ စိုးရိမ် ပူဆွေးခြင်း၊ ဆင်းရဲချမ်းသာ၊ မွေးဘွားခြင်း၊ သေခြင်းတရားတို့နှင့် ယှဉ်နေသောကြောင့် လူသာလျှင်ဖြစ်လေကုန်၏။

အမေး။ ။ထာဝရဘုရားသည် ရှိသေသောသူတို့၏ အပြစ်ကို သည်းခံခွင့်လွှတ် မလွှတ်ကို ဖြေပါ။

အဖြေ။ ။ခွင့်မလွှတ်ပါ။ အကြောင်းကား–အပြစ်ကိုခွင့်လွှတ် လိုက်မည်ဆိုပါက ဘုရား၏စည်းမျဉ်း ဥပဒေများ ပျက်စီးသွားပြီးလျှင် အားလုံးသော သတ္တဝါတို့၊ တရားလက်လွှတ် ဖြစ်သွားကြပေလိမ့်မည်။ အကြောင်းကိုဆိုရသော်၊ ဤသို့သနား ခွင့်လွှတ်ကြောင်းကို ကြားသိကြပါလျှင်၊မကောင်းမှုပြုရာ၌ မကြောက်ခြင်း၊ အားတတ်ခြင်း ဖြစ်လာပေလိမ့်မည်။ အကယ်တန္တိ ပြည့်ရှင်မင်းသည် အပြစ်ရှိသူတို့ကို အရေးမယူဘဲ၊ ခွင့်လွှတ်မည် ဆိုပါက၊ ၎င်းလူဆိုး သူဆိုးတို့သည် တအား တက်ခါ ဝိုမိုကြီးလေးသောအပြစ်တို့ကို ပြုလာကြပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော်၊ လတ်အရပ်ချီ၍ ထောင်းပန်ရုံနှင့် ဘုရင်က

ခွင့်လွှတ်လိမ့်မည်ဟူသော မြော်လင့်ချက် ရှိသောကြောင့်သာလျှင် အပြစ်မပြုဘူးသူတို့လည်း အပြစ်ပြုရမှာကိုမကြောက်တော့ဘဲ ပြုလာကြပေလိမ့်မည်။ ထို့ပြင်၍ ပြုသည့် ကံအားလျော်စွာ အကျိုးအပြစ်ကို ပေးခြင်းသာလျှင် ဘုရား၏ ဝတ္တရားဖြစ်၍ ခွင့်လွှတ်ခြင်းကား ဝတ္တရားမဟုတ်ပေ။

အမေး။ ။ဇီဝ=သက်ရှိသတ္တဝါတို့သည်လွတ်လပ်သလား၊မလွတ်လပ်ဘူးလား။

အဖြေ။ ။မိမိတို့၏ ပြုအပ်သော ဝတ္တရားကို ပြုရာတွင် လွတ်လပ်၍၊ ဘုရားသခင်၏ အစီအမံ၌ကား၊ မလွတ်လပ်ပေ။ ပါဏိနိ ဗျာကရဏ်း၌ "သွတန္တြားကတ္တာ"၊ လွတ်လပ် ခြင်းပင် ကတ္တား=ပြုသူ၊ ဟု ဆိုထား၏။

တမေး။ ။လွတ်လပ်ခြင်းဆိုတာ၊ ဘာကိုခေါ်ပါသလဲ?

အဖြေ။ ။အကြင်ပုဂ္ဂိုလ်၏ ပိုင်စိုးခြင်း၌ ခန္ဓာကိုယ်၊ အသက်၊ ဣန္ဒြေ ထရား၊ အစရှိသည်တို့ ရှိရာ၏။ အကယ်၍ မလွတ်လပ်ဘူး ဆိုရင်၊ ထိုသူအား၊ ကုသိုလ်- အကုသိုလ်၏ အကျိုး တစုံး လည်း မည်သည့်အခါမှ ဖြစ်ပေါ်ရရှိနိုင်တော့မည် မဟုတ်ရာ။ ဥပမာ—ကျွန်နှင့်သခင်၊ စစ်သားနှင့် စစ်ဗိုလ်တို့လို၊ စစ်ဗိုလ် ကြီး၏ အမိန့်ဖြင့် စစ်သားသည် စစ်မြေပြင်တွင်၊များစွာသော ယောကျ်ားတို့အား သတ်ဖြတ်စေကာ၊ အပြစ် မဖြစ်သလို၊ ထာဝရဘုရားသခင်၏ စေ့ဆော်မှု၊ ပိုင်စိုး မှုကြောင့်ပြုမည် ဆိုက၊သတ္တဝါတို့အားကုသိုလ် အကုသိုလ်၏အကျိုးကိုလည်း မရပေရာ။ ထိုအကျိုး အာနိသံသကို ခံစားရမည့်သူမှာ ဘုရား သာ ဖြစ်ပေရာသည်။ ငရဲပြည်၊ နတ်ပြည်၊ ဆင်းရဲ ချမ်းသာ ခြင်းလည်း ဘုရားသာရပေရာသည်၊ ထနည်း ဥပမာပြုရသော် တစုံတယောက်သည် လက်နက်အထူးဖြင့်တစုံတယောက်အား သတ်ဖြတ်မည်ဆိုပါလျှင်၊ ထိုသတ်သူသာလျှင် အဖမ်း ခံရ၏၊ အပြစ်ပေးခံရ၏။ လက်နက်ကား မခံရပေ၊ ထိုနည်းတူစွာ မလွတ်လပ်သူ-ဝါ-သူတပါး၏ လက်အောက်ခံ ဖြစ်စေသော သတ္တဝါ

သည့်၊ ကုသိုလ် အကုသိုလ် အကျိုးအပြစ်ကို မခံစားနိုင်ချေ။ သို့ဖြစ်လေသောကြောင့် မိမိစွမ်းအားလျော်စွာ အမှုကိစ္စကို ပြုရာ၌ သတ္တဝါသည် လွတ်လပ်၏၊ သို့သော် မကောင်းမှုကို ပြုပြီးသည့်နောက်တွင် ဘုရားသခင်၏အစီအရင်၌ သူတပါး လက်အောက်ခံ ဖြစ်ပြီးလျှင် မကောင်းမှု၏ အကျိုးကို ခံစားရ၏၊ ဆိုလိုရင်းမှာ၊ အမှုကိစ္စပြုရာတွင် သတ္တဝါသည် လွတ်လပ်၍ မကောင်းမှု၏ အကျိုးအပြစ်ကို ခံစားရာတွင် သူတပါး လက်အောက်ခံ ဖြစ်ပေသည်။

အမေး။ ။ဘုရားသခင်သည် အကယ်ထန္တိ သတ္တဝါတို့ကို မဖန်ဆင်းခဲ့လျှင်၊ စွမ်းအားကိုမပေးခဲ့လျှင်၊ သတ္တဝါသည် ဘာမှ ပြုစွမ်းနိုင်မည်မဟုတ်။ ဘုရား၏စေ့ဆော်မှုကြောင့်သာ သတ္တဝါသည် ကိစ္စများကို ပြုနိုင်သည်မဟုတ်ပါလော။

အဖြေ။ ။သတ္တဝါ၊ ဝါ-ဝိညာဉ်သည် မည်သည့်အခါမှမဖြစ်ပေါ်ခဲ့ပေ။ အနာဒိ(=အစမရှိ)ဖြစ်သည်။ ဥပမာ အုသာရဘုရားနှင့် ကမ္ဘာကြီး၏ဥပါဒါန-ကာရဏသည် နိမိတ္တဖြစ်ဘိသကဲ့သို့၊ သတ္တဝါ၏ ခန္ဓာကိုယ်နှင့် ဣန္ဒြေ(=အင်္ဂါရုပ်) များကို ဘုရားက လုပ်သည် မှန်သော်လည်း ထိုအင်္ဂါတို့ကို သတ္တဝါကပိုင်ဆိုင်လေသည်။ ထို့ကြောင့် ကာယ၊ မနော၊ ဝစီကံဖြင့် ကောင်းမှု မကောင်းမှုကိုပြုသော သူသည်သာ အကျိုးအပြစ်တို့ကို ခံစားစံစားရ၏။ ဘုရား သခင်ကား မခံစားရပါ။ တနည်း ဥဒါဟာရဏ် ပြရသော် တစုံတယောက်သည် ကျောက်တောင်မှ သံကိုထုတ်ယူခါ၊ သံကုန်သည်အား ရောင်းလိုက်၏။ ထိုကုန်သည်ထံမှ ပန်းဘဲဆရာ တယောက်သည် သံကိုဝယ်ယူပြီးလျှင် ဓါးသံလျက်လုပ်၍ ရဲတယောက်ကို ရောင်းလိုက်၏။ ထိုရဲသည် လူတယောက်အား ရုတ်သတ်လိုက်၏။ ဤအမှု၌ မင်းသည် သံထုတ်လုပ်သူ၊ ကုန်သည်၊ ပန်းဘဲနှင့် ဓါးသံလျက်ကို ဖမ်းဆီး၍အပြစ်မပေးဘဲ၊ ထိုသတ်ဖြတ်သူ ရဲသားအားသာ အပြစ် ပေးပေလိမ့်မည်။ ဤနည်း အတိုင်းပင် ခန္ဓာကိုယ်စသည်ကို လုပ်ပေးသောဘုရားသည်၊ ထိုကိုယ်ခန္ဓာကပြုသော

အမှု၏ အကျိုးအပြစ်ကို ခံစားရသူမဟုတ်ဘဲ၊ ပြုသောသတ္တဝါကိုသာ၊ ခံစား စံစားစေသူ ဖြစ်လေသည်။ အကယ်၍သာ ဘုရားသည် အမှုကိုပြုမည်ဆိုက၊ ဘယ်သတ္တဝါမှ မကောင်းမှုကို ပြုမည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော်၊ ဘုရားသည် ဖြူစင်၍ တရားရှိသောပုဂ္ဂိုလ် ဖြစ်တော်မူ သောကြောင့် သတ္တဝါ တစုံတယောက်အား မကောင်းမှုပြု၍ စေ့ဆော် တိုက်တွန်းမည်မဟုတ်ပေ။ သို့ဖြစ်၍ သတ္တဝါသည် မိမိ၏ကံကွက်ကို ပြုရာ၌လွတ်လပ်သလို၊ ဘုရားလည်းမိမိ၏ကံကွက်ကို ဆောင်ရွက်ရာ၌ လွတ်လပ်တော်မူသည်။

အမေး။ ။သတ္တဝါနှင့်ဈာသရဘုရား၏သရုပ်၊ဂုဏ်၊ကံ၊သဘာဝသည် ဘယ်လိုပါလဲ?

အဖြေ။ ။နှစ်ဦးစလုံးပင်-စေတန(=စေတသိက=ဆင်ခြင်တုံ တရားနှင့် ယှဉ်သော)သူများဖြစ်ကြသည်၊ သဘာဝမှာလည်း စင်ကြယ်၊ တည်မြဲ၍ တရားရှိပါသည်။ ထိုသော်ထာဝရဘုရား၏ဝတ္တုရား မှာ၊ မိမိဖန်ဆင်းသောကမ္ဘာကို၊ လုပ်ခြင်း၊ တည်ခြင်း၊ ဖျက်ခြင်း၊ အားလုံး သက်ရှိသက်မဲ့ နေလနက္ခတ်စသည်ကို နိယမ (=နည်းလမ်း)အတိုင်း စီမံထားရှိစေခြင်း၊ သတ္တဝါ တို့အား ကောင်းမှု၊ မကောင်းမှုအကျိုးတို့ကိုပေးခြင်းစသော တရားနှင့် ယှဉ်သော ကံကွက်တော်များဖြစ်သည်။ သတ္တဝါတို့မှာ၊ သားသမီး မွေးခြင်း၊မွေးမြူခြင်း နှုတ်မှုလက်မှုပညာစသော ကောင်းသော မကောင်းသော အလုပ်ကံကွက်များ ဖြစ်သည်၊ ဘုရားမှာ၊ အမြဲဘိသော ဉာဏ်တော်၊ ချမ်းသာသုခ၊ အဆုံးမရှိသောအားတော် စသော ဂုဏ်တော် ဘုန်းတော်များဖြစ်၍ သတ္တဝါတို့မှာကား-

ဣန္ဒြာဂ္နေသ ပြယတ္နသုခ ဒုက္ခ ဉာနာန္နတ္မနော လိင်္ဂမိတိ။
(နယာယ-သူ။ အ-အာ-၁၊ (သူ-၁၀။)

ပြာဏာပါနနိမေသောန္မေသမနော ဂတိန္ဒြိယာန္တရ ဝိကာရား သုခ ဒုခေန္ဒြာဂ္နေသော ပြယတ္နာသ္စာတ္မနော လိင်္ဂါနိ။

(ဝိသေသိက သူ-အ-၃၊အာ-၂၊သူ-၄။)

(အဘိဇ္ဈာ) အရာဝတ္ထုတို့ကို လိုချင်တောင့်တခြင်း၊ (ဒွေသ) ဆင်းရဲကို မလိုလားခြင်း၊ ရန်မူခြင်း ဒေါသ။ (ဝီရိယ) အားထုတ်ခြင်း၊ (သုခ) ချမ်းသာ၊ (ဒုခ) ဆင်းရဲ၊ (ဉာဏ) ပိုင်းခြားသိခြင်း၊ စသည့် တို့၏။ သို့သော် ဝိသေသတ္တ (ပြာဏ) ထွက်သက်၊ (အပါန) ဝင်သက်၊ (နိမေသ) မျက်တောင်ခတ်ခြင်း၊ (ဥမ္မေသ) မျက်စိကိုဖွင့်ခြင်း၊ (မန) ဆုံးဖြတ် တွေးတောခြင်း၊ မာနကြီးခြင်း၊ (ဂတိ) သွားခြင်း၊ (ဣန္ဒြိယ) ဣန္ဒြေ အားလုံးတို့ကို လှုပ်ရှားပြုမူစေခြင်း၊ (အန္တရဝိကာရ) အသွေးသွေးသော မွတ်သိပ် ဆာလောင်ခြင်း၊ ဝမ်းသာခြင်း၊ ပူဆွေးခြင်းစသည့်တို့နှင့် ယှဉ်သော ဂုဏ်တို့၌ သတ္တဝါသည် ဘုရားနှင့် ကွဲပြား ခြားနားခြင်းရှိ၏။ အသက်ပါ အပြုအမူတို့ဖြင့် သိရသည်။ အကြောင်းကား ဝိညဉ်သည် ထုထဲကြမ်း တန်းသော ရုပ်မဟုတ်ပေ။ ခန္ဓာကိုယ်ထဲတွင် ဝိညဉ်ရှိနေသရွေ့ ကာလ ပတ်လုံး အဆိုပါဂုဏ်များ၊ ထင်ရှားပေါ်လွင် နေသည်။ ခန္ဓာကိုယ်ကို စွန့်သွားပြီးသည့်နောက်၌ ထိုဂုဏ်များလည်း မရှိတော့ပေ။ အကြင်အရာ (ဝိညဉ်)ရှိခြင်းကြောင့် အကြင်အရာ (ဂုဏ်) သည် ရှိနေ၏၊ မရှိလျှင် မရှိ ဖြစ်၏။ ထိုဂုဏ်တို့သည် ထိုဝိညဉ်၏ ဥစ္စာပင်ဖြစ်၏။ မီးခွက်နှင့်နေမရှိလျှင် အလင်းလည်း မရှိသကဲ့သို့ပင် သတ္တဝါတို့နှင့်ဘုရားကိုလည်း ဂုဏ်တို့ဖြင့် သိရသည်။

အမေး။ ။ဘုရားသည် ကာလသုံးပါး(အတိတ်-အနာဂတ်-ပစ္စုပ္ပန်)ကို သိသူဖြစ်၍ အနာဂတ်၌ ဘာဖြစ်မည် ဆိုသည် ကိုလည်း သိတော် မူတတ်သည်။ ထိုဘုရား ဆုံးဖြတ် ထားသလိုပင် သတ္တဝါတို့ ပြုကြပေလိမ့်မည်။ ဒါကြောင့် သတ္တဝါသည် မလွတ်လပ်ပေ။ ထို့ပြင်ဘုရားသည် မိမိ၏ ဉာဏ်တော်ဖြင့် ဆုံးဖြတ် စီမံထားခဲ့သလို၊ သတ္တဝါများ ပြုကြသောကြောင့် ဘုရားသည် သတ္တဝါတို့အား အပြစ်ဒဏ်ကိုမပေးနိုင်ရာ။

အဖြေ။ ။ဈာလဝရဘုရားအား ကာလသုံးပါးကို သိတော်မူတတ်သူဟု ဆိုခြင်းသည် ဉာဏ်ပွဲခြင်းပင်ဖြစ်၏။ အကြောင်းကား-ဖြစ်ပြီး သောအရာတခု မရှိတော့ခြင်းကိုပင် အတိတ်ကာလ မဖြစ် သေးသော အရာတခု ဖြစ်လာခြင်းကို အနာဂတ်ကာလ ခေါ် သည်။ ဘယ့်နှယ်လဲ၊ ဘုရားအား ဖြစ်ပြီးရှိနေပြီးသောဉာဏ်

ဖြစ်လာသလော။ ဘုရားဉာဏ်သည်၊ အခါခပ်သိမ်း တမျိုးတည်းဖြစ်၍ မပေါက်မပြန့် တသမတ်တည်း အမြဲ တည်ရှိနေသည်။ အတိတ်၊ အနာဂတ်ကား သတ္တဝါတို့ အတွက်သာ ဖြစ်ပေ၏။ ထိုစကားမှန်၏၊ သတ္တဝါတို့၏ ကံအားလျော်စွာ ကာလသုံးပါးကို သိသောဉာဏ်သည် ဘုရား၌ရှိသည်မှန်၏။ ပကတိအားဖြင့်ကား မဟုတ်ပေ။ သတ္တဝါတို့လွတ်လပ်စွာ ပြုသလိုပင် ဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူ၏။ တနည်း ဘုရားသိထားသလိုပင် သတ္တဝါတို့ ပြုကြ၏။ တနည်း ဆိုရသော်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဉာဏ်တော်နှင့် အကျိုးအပြစ်ကို ပေးရာတွင် ဘုရားသည် လွတ်လပ်၍ သတ္တဝါသည် အချို့သော ပစ္စုပ္ပန် အနာဂတ်နှင့်ဆိုင်ရာ အမှုကို ပြုရာတွင် လွတ်လပ်၏။ ဘုရား၏အစ မရှိသော ဉာဏ်တော်ဖြင့် ကိစ္စ–ဉာဏ်ရှိသလိုပင်၊ အပြစ်ဒဏ် ပေးတတ်သော ဉာဏ်တော်သည်လည်း အနာဒိ(=အစမရှိ)ဖြစ်၏၊ ဤဉာဏ်တော် နှစ်ပါးလုံး မှန်ကန်၏။ တခါတရံ ကိစ္စ–ဉာဏ် မှန်၍ အပြစ်ဒဏ်ပေးဉာဏ်မှားခြင်း ဖြစ်နိုင်ခဲ့မှာလား? ထိုဖြစ်၍ ဤနေရာ၌ ဘာမှ အပြစ် အနာအဆာ မရှိတော့ချေ။

အမေး။ ။ဇီဝ · သရိရ (ကိုယ်၌) ခြားနားသော ဝိညာဉ်တော်လား သို့မဟုတ် ပရိသိန္နု (=အဆက်ပြတ်သလော)။

အဖြေ။ ။အဆက်ပြတ် (=ပရိသိန္နု)ဖြစ်၏။ အကယ်၍ အတ္တဝိညာဉ်သာ ရှိမည်ဆိုက၊ နိုးခြင်း အိပ်ခြင်း၊ အိပ်မက်မက်ခြင်း၊ သေခြင်း၊ မွေးခြင်း၊ ပေါင်းစပ်ခြင်း၊ ကွေကွင်းခြင်း၊ သွားခြင်း၊ လာခြင်း ဘယ်တော့မှမဖြစ်နိုင်ရာ။ ထိုဖြစ်၍ သတ္တဝါ၏သဘောမှာ အသိနည်းခြင်း၊ သိမ်မွေ့ခြင်းရှိ၍၊ ဘုရားသည်ကား၊ သိမ်မွေ့သည်ထက်မက သိမ်မွေ့ခြင်း၊ အဆုံးမရှိခြင်း၊ အားလုံးကို သိခြင်း၊ အားလုံး၌ပြန့်နှံ့ တည်ခြင်းသဘောရှိတော်မူသည်။ ထို့ကြောင့် သတ္တဝါနှင့် ဘုရားတို့ နှစ်ဦးမှာ၊ ပြန့်နှံ့၍ တည်သူ၊ ပြန့်နှံ့၍ တည်ရာ အမြင့်ဖြင့် ဆက်စပ်နေပါသည်။

အမေး။ ။အရာဝတ္ထုတစုရှိနေရာတွင် အခြားအရာဝတ္ထုတစုမရှိနိုင်ရာ၊ ထို့ကြောင့် သတ္တဝါနှင့်ဘုရား ပေါင်းယှဉ်ခြင်း အဆက်သာ ရှိ၍ ပြန့်နှံ့ခြင်း ပြန့်နှံ့ရာ မဖြစ်နိုင် မဟုတ်ပါလော။

အဖြေ။ ။ဤနည်းလမ်းကား၊ တူမျှသော အင်္ဂါရှိသော အရာတို့၌သာ ဖြစ်နိုင်၍၊ ကွဲပြားသော အင်္ဂါရှိရာတို့၌ မဖြစ်နိုင်ပါ။ ဥပမာ— သံတုံးသံခဲသည့် ထုထဲခက်မာ၍ မီးသည် နူးညံ့ သိမ်မွေ့၏၊ သို့ဖြစ်သောကြောင့် သံတွင်မီးအားသည်ပြန့်နှံ့တည်နေလျက် တချိန်တည်း အတူပေါင်းစပ်နေကြလေသည်။ ဤနည်းအတိုင်းပင် ခက်မာသောသတ္တဝါနှင့် သိမ်မွေ့သော ဘုရားသည် ပြန့်နှံ့တည်ရာ၊ ပြန့်နှံ့တည်နေသူ အဖြစ်ဖြင့်ဖြစ်နေကြလေသည်။ ဤဘုရားနှင့် သတ္တဝါ ဆက်စပ်သော နည်းနာအရ ဆည်းကပ်အပ်သူနှင့် ဆည်းကပ်သူ၊ မှီခိုအပ်သူနှင့် မှီခိုအားထားသူ၊ သခင်နှင့်ကျွန်၊ မင်းနှင့်ပြည်သူ၊ အဖနှင့်သား စသည်လည်း ဆက်စပ်ရာများ ဖြစ်ကုန်၏။

အမေး။ ။(N.P.)အကယ်၍ တခြားစီ တခြားစီ ဆိုလျှင်—

ပြဇ္ဉာနံ ဗြဟ္မ။ ၁။ အဟံ ဗြဟ္မာသ္မိ။ ၂။ တတ္တွမသိ။ ၃။ အယမာတ္မာ ဗြဟ္မ။ ၄။ အထက်ပါ ဝေဒကျမ်းလာ စကားများ အဓိပ္ပါယ် ကော ဘာလဲ?

အဖြေ။ ။ဤစကားတော်များဟာ၊ ဝေဒကျမ်းလာမဟုတ်ဘဲ၊ ဗြာဟ္မဏ ဂန္ထလာ စကားများသာဖြစ်သည်။ ဤစကားများကို၊ "မဟာဝါကျ"စကားတော်ကြီးများဟု ကျမ်းကောင်း ကျမ်းမှန်တို့တွင် မပြပါ။ အနက်ကား—အဟမ်–ငါသည်၊ ဗြဟ္မ- ဗြဟ္မာ၌၊ အသ္မိ- ဖြစ်ပေ၏။ ဤနေရာ၌- "မဉ္စား ကြောသန္တိ"=ပလ္လင် ညောင်စောင်းလည်းခေါ် ၏၊ဆိုသော ပုံမျိုးအတိုင်း၊ ပလ္လင် ညောင်စောင်းလည်း သက်မဲ့ အရာဝတ္ထုဖြစ်၍ အော်ခေါ်နိုင် သောသတ္တိ မရှိသောကြောင့်–ပလ္လင်ညောင်စောင်း ပေါ်တွင် နေသောလူက ခေါ်သည်ဟုဆိုရာရောက်၏။ ဤနည်း အတိုင်းပင် ယူဆပါလေ။ အားလုံးသော အရာဝတ္ထုတို့သည်၊ ဗြဟ္မ

နှံ့ပင် သက်ဝင်တည်နေကြပေသောကြောင့် လူသတ္တဝါကိုသား
ဖြပ္ပဏ္ဏ(=ဖြာပွန့်တည်နေသည့်)ဟုဆိုရာနှံ့ဘားထူးသလဲ?ဟု
တရံတယောက်က ဆိုငြားအံ့၊ အဖြေကား၊ အားလုံးသောအရာ
ဝတ္ထုတို့ရှိသည့် ဖြပ္ပာ(=ဗိဉာဉ်တော်)နှင့် ဆက်သွယ်တည်နေ
ကြသည်ကားမှန်၏၊ သို့သော်၊ တူမျှသော တရားသဘောနှင့်
ယှဉ်၍ အနီးဆုံးဖြစ်သူကား လူသတ္တဝါဖြစ်သလို အခြားအရာ
ဝတ္ထုများ မဖြစ်ချေ။ လူသတ္တဝါကို ဗိဉာဉ်တော်-အသိဉာဏ်
ရှိ၍၊ ဗိရဏ္ဏ(ဘုရားဘုံသို့ရောက်ရာနှံ့) ထိုသတ္တဝါသည် ဖြပ္ပ
(=ဗိဉာဏ်တော်)နှင့် ပေါင်းဆုံ၍ နေရလေသည်။ ထို့ကြောင့်
သတ္တဝါသည် ဖြပ္ပနှင့် အတူတကွ၊ "တဏ္ဍှာမရှိတော့ပါမီ"
နည်းဖြင့် ဖြပ္ပ (=ဘုရားဗိဉာဉ်တော်)၏ အပေါင်းအသင်း
ဖြစ်၏။ ဤနေရာတွင် သတ္တဝါနှင့် ဖြပ္ပသည် တပါးတည်း
မဟုတ်၊ တနည်းပုံဆောင် ပြရသော်၊ တရံတယောက်သော
သူက-"သူနှင့်ငါဟာအတူတူပါတဲ့၊ တသဘောတည်းပါတဲ့"၊
ဟု ဆိုသလို သတ္တဝါသည် သမာဓိ(ဈာန်)ဝင်စားလျက် ဘုရား
သခင်အား သဒ္ဓါစိတ်သက်ဝင် အာရုံပြုနေစဉ်၊ "ငါနှင့်ဘုရား
ဟာ၊ တသဘောတည်း-ဝါ-မဆန့်ကျင် သဘာဝချင်းတူသော
မိတ်ဆွေချင်း"ဟုဆိုနိုင်၏။ ဘုရားသခင်၏ ဂုဏ်၊ ကိစ္စ၊ သဘာ
ဝနှင့် အညီ ကျင့်ကြံသောသတ္တဝါသည်သာ၊ တူမျှသောတရား
သဘောအားဖြင့်၊ ဘုရားနှင့်တူမျှ ညီညွတ်သည်ဟု ဆိုနိုင်၏။

အမေး။ ။ကောင်းပါပြီ၊ အောက်ပါပုဒ်များကို ဘယ်လို ယူဆမလဲ၊
(တတ်) ဖြပ္ပသည် (တွံ) သင်သတ္တဝါပင်၊ (အသိ)ဖြစ်၏။ အို
သတ္တဝါ ! (တွမ်)သည်၊(တတ်)ထိုဖြပ္ပပင်၊(အသိ)ဖြစ်ပေ၏။

အဖြေ။ ။ခင်ဗျားဟာ၊"တတ်"ပုဒ်ကိုဘယ်လိုယူဆပါသလဲ?"ဖြပ္ပ"
ဖြပ္ပပုဒ် အဘွင့် ဘယ်ကယူပါသလဲ?

သဒေဝသောမျေဒမဂြအာသိဒေကမေဝါဒွိတီယံဖြပ္ပ။ဤပုဒ္ဒဝါကျမြင်
လား။ ခင်ဗျားဟာ ဤဆန္ဒောဂျူဉပနိသျဒကို မြင်ပင် မမြင်ဘူးသေးပါဘူး။
မြင်ဘူးခဲ့ပါချေင်၊ ထိုကျမ်းမှာ၊ ဖြပ္ပသဒ္ဒါပင်မပါပါ။ ဘာ့ကြောင့် ရသား

ပြောပါသလဲ။ သို့သော် ဆာမွေဝါဂျ ကျမ်း၌ကား- သဗေဝသော မျေဒမဂြ အာထိဒေကမေဝါ ဒွိတိယာမ်။ (ဆာ၁ ၊ ပြ-၆၊ ခံ-၂၊ မံ-၁။) ဤပုဒ်မျိုးသာရှိ၍ "ဖြဟ္မ" ဆိုသော ပုဒ် မပါမရှိပါ။

အမေး။ ။ဒီလိုဆိုရင်၊ ခင်ဗျားက ဒီပုဒ်ကို ဘယ်လိုယူဆပါသလဲ?

အဖြေ။ ။သ ယ ဇသော ကိမာ၊ ဇတဒါတမျ မိဒံ သဇ္ဇိတဘ္ဘ တျံသ
အာတမ္ဗာ တတွမသိ သွေတကေတော ဣတိ။
(ဆာ၁၀၊ ပြ-၆၊ ခံ-၈၊ မံ-၆-၇။)

ဘုရားသည်ထိအပ်သောပုဂ္ဂိုလ်မြတ်ဖြစ်၏၊ အလုံးထိမ်နွှ၍ အားလုံးသော ကမ္ဘာလောကနှင့် သတ္တဝါတို့၏ အတ္တ (=ဝိညာဉ်) လည်း ဖြစ်တော်မူ၏။ ထိုဘုရားသည်ပင် မှန်သောသဘော၊ မိမိပင် မိမိ၏ ဝိညာဉ် လည်းဖြစ်တော်မူပေ၏။ အို ! ချစ်သားသွေတကေတော။

ထဒါတွာကညဒ္ဒဗန္တယာမိ တွမသိ။=ထိုအားလုံးသောသူတို့၏ စိတ်အလိုကို သိတော်မူထတ်သော ဘုရားနှင့် သင် ယှဉ်နေ၏။ ဤအနက်သည်သာ ဥပနိသျှဒကျမ်းနှင့်လည်း ဆီလျော်လေသည်။ အကြောင်းကား—

ယ အာတွနိ တိဋ္ဌန္နာတ္မာနော'န္တရော ယမာတ္မာ န ဝေဒ ယသျာတ္မာ သရိရမ်၊ အာတ္မာနော'န္တရော ယမယတိ သ တ အာတ္မာ'န္တယာမျမြိတး။

ဤကား ဗြိဟဒါရဏျက ကျမ်းလာစကားဖြစ်၏။ ရသေ့ကြီးယာဉဝလ္က္ယကမိမိ၏ဇနီးဖြစ်သူ မိတြေယီအား ပြောသည်မှာ—အို မိတြေယီ ! အကြင်ဘုရားသည် အတ္တ-ဝါ-ဇီဝ=အသက်ဝိညာဉ်၌တည်နေ၍ ထိုဇီဝ၌ တခြားစီဖြစ်၏။ ထိုသို့ ပြန့်နှံ့တည်နေခြင်းကို မောဟဘက်ကြီးသော (သတ္တဝါ)တို့၏ ဝိညာဉ်သည် မသိရှာကြ။ ဘုရားသခင်၏ ဝိညာဉ်တော်သည်၊ သတ္တဝါတို့၏ ခန္ဓာ၌ အသက်ဝိညာဉ် တည်နေဘိသကဲ့သို့၊ အသက်ဝိညာဉ်တို့၌ ဘုရားသည်ပြန့်နှံ့နေတော်မူ၏။ ထိုပြန့်နှံ့နေသော အသက်ဝိညာဉ်နှင့် ခြားနားသည်ဖြစ်၍ ထိုဝိညာဉ်၏ ကုသိုလ် အကုသိုလ်တို့၏ သက်သေဖြစ်ထွက် ကောင်းကျိုး မကောင်းကျိုးကိုပေး၍၊ နည်းလမ်း စည်းမျဉ်းတွင်ထားတော်မူ၏။ ထိုမပျက်မစီး အမြဲ တည်နေသောသချင် (ဘုရား)သည်ပင်၊ သင်၏စိတ်အလိုကို သိတတ်သော အတ္တ-ဝါ- သင့်

ဝိညာဉ်အတွင်း၌လည်း မြန်နှံ့နေတော်မူသည်၊ ထိုဘုရားကို သင် သိလေလော့။

"ယ အာတ္တမ်" ပုဒ်အနက်ကို၊ သည့်မြင် အနက်တမျိုး ဘယ်သူက ပေးနိုင်အုံးမှာလဲ။ "အယမာတ္တာ ဗြဟ္မ" သမာဓိထုပ်နေသော ယောဂီ ပုဂ္ဂိုလ်သည် ဘုရားကို (အာရုံပြု၍) အထင်အရှားတွေ့မြင်ရသော အခါ ယောဂီက–"ငါတို့၏ အတွင်းသဏ္ဍာန်တွင် မြန်နှံ့နေသော ဗြဟ္မာသည်ပင် အားလုံး၌ မြန်နှံ့နေ၏"ဟုဆို၏။ထို့ကြောင့် ယခုခေတ်သစ် ဝေဒန္တဆရာတို့က၊ ဇီဝနှင့် အတ္တ (ဘုရား၏ ဝိညာဉ်တော်)ကို တပေါင်းတည်းတမျိုးတည်းပြုခြင်းသည် ဝေဒကျမ်းစာကို မတတ်မသိသောကြောင့်ဖြစ်၏။

စစမေး။   ။အနေ အာတ္တနာ ဇီဝေနာနု ပြဝိသျ နာမရူပေ ဗျာကရဝါဏိ။

(ဆာံ· ပြ· ၆၊ ခံ· ၃၊ မံ· ၂။)

တတ်ညြီဘွူါ တဖေဝါနုပြာဝိသတ်။ (တေတ်ရိယ· ဗြဟ္မာနု· အနု· ၆။)

ဘုရားသခင်က ဟောတော်မူသည်ကား– "ငါဘုရားသည် ကမ္ဘာနှင့်ခန္ဓာကိုယ်ကို ဖန်ဆင်းတော်မူ၍ ကမ္ဘာ၌ မြန်နှံ့လျက် အသက်ဝိညာဉ်ဖြစ်၍ ခန္ဓာကိုယ်တွင်းသို့ဝင်လျက်၊ နာမ် ရုပ်ကို ဘွင့်ဆိုပြတော့အံ့"။ဘုရားသည် ထိုကမ္ဘာနှင့်ခန္ဓာကို ဖန်ဆင်းလျက် မိမိကိုယ်တိုင်ပင် ဝင်နေသည်။ စသောသုတိကျမ်းလာ စကားတို့ကို၊ ဘယ်သူက အနက်တမျိုးပေးနိုင်မှာလဲ။

ခေခြေ။   ။သင်သည် ပဒ, ပဒတ္ထ,ဝါကျတ္ထကိုသာ၊ ကောင်းစွာသိသည့်မှန်က၊ ဒီလိုအကျိုးနဲ့အောင် လုပ်မှာမဟုတ်ဘူး။ ဤနေရာ၌ သိသင့်သည့်အချက်မှာ၊ ပဝေသ (=ဝင်ခြင်း)က တမျိုး၊ အနုပဝေသ (=နောက်မှဝင်ခြင်း) က၊ တမျိုးဖြစ်၍၊ ဘုရားသည် ဝင်အပ်သော ဝိညာဉ်တို့နှင့်တကွ၊ အနုပဝေသနည်းဖြင့် ဝေဒကျမ်းဖြင့် နာမ်ရုပ်အကြောင်းကို ပြတော်မူသည် ။၎င်းသည် ကိုယ်ခန္ဓာသို့ အသက်ဝိညာဉ်ကို သွင်းပေးပြီးနောက်၊ မိမိသည် ထိုဝိညာဉ်ထဲသို့၊ နောက်မှဝင်နေလေသည်။ အကယ်၍

သာ သင်သည် ''အနု'' သဇ္ဈါယုဒ်၏ အနက်ကို သိမည်ဆိုက၊ ဤသို့အနက်များကို ပေးမည်မဟုတ်။

အမေး။ ။''သော မယိ ဒေဝဒတ္တော ယ ဥဿုကာလေ ကာသျှံ ဖြိသွး သ ရှဒါနိ ဖြဝင် သမယေ မထုရာယာံ ဖြိသျတေ''။ အကြင်ဒေဝဒတ်ကို ကျွန်ုပ်သည် နွေဥတုတွင် ကာသိ (ဗာရာဏသီ)မြို့၌ မြင်ခဲ့၏၊ ထိုဒေဝဒတ္တကိုပင် မိုးဥတုတွင် မထုရာမြို့၌ မြင်ပါသည်။ ဤနေရာ၌ ကာသိတိုင်းနှင့် နွေဥတုကို ပယ်၍ ကိုယ်ခန္ဓာမျှကို ရည်ညွှန်းလျက်၊ ဒေဝဒတ်ကိုညွှန်ပြခြင်းဖြစ်သည်။ ထို့အတူ ဤ ''ဘာဂတျာဂလက္ခဏာ'' နည်းဖြင့် ဘုရားမှ မျက်ကွယ် ဒေသ၊ ကာလ၊ မာယာ၊ ဥပါဓိနှင့် သတ္တဝါတို့အသက် ဝိညာဉ်၏ ဤ ဒေသ၊ ကာလ၊ အဝိဇ္ဇာ အပ္ပညာဘာ (=အသိအမြင်နည်းခြင်း) ဥပါဓိကိုပယ်၍ စေတသိက် (ပိုင်ခြားသိရှိခြင်း)ကို ညွှန်ခြင်းဖြင့် တခုတည်းသော ''ဗြဟ္မ'' သည်ပင်၊ နှစ်ပါးစလုံး၌ ဖြစ်လေသည်။ ဤ ''ဘာဂတျာဂလက္ခဏာ=ဘာဂစ္စာဂလက္ခဏာ''=အချို့ကို ပယ်ထား၍ အချို့ကိုယူခြင်းနည်း)၊ ဥပမာဘုရား၏ သဗ္ဗညုတာ စသော ဂုဏ်နှင့် အပ္ပညုတာ စသော သတ္တဝါတို့၏ ဂုဏ်တို့ကိုပယ်၍ ပိုင်းခြားသိတတ်ခြင်းကိုသာ ယူမည်ဆိုက၊ ''အဒွေတ''(=နှစ်ခုမရှိ-တခုတည်း)ဖြစ်သည်ကို၊ ဘယ်လိုပြောလိုပါသေးသလဲ?

အဖြေ။ ။ပထမအချက်က၊ သင်သည် ဇီဝနှင့် ဗြဟ္မကို နိစ္စ=မြဲသည်ဟု အယူရှိသလော၊ အနိစ္စ=မမြဲဟုအယူရှိသလော။

အမေး။ ။ဤ နှစ်ပါးလုံးသည် ထပ်ဆင့်ခြင်း သဘော ရောက်သောကြောင့်၊ မမြဲဟုအယူရှိပါသည်။

အဖြေ။ ။ဤ ထပ်ဆင့်ခြင်း (ဥပါဓိ) ကို မြဲသည်ဟု ယူသလော မမြဲသည်ဟုယူသလော။

အမေး။ ။ကျွန်ုပ်၏ အယူမှာ—

ဇီဝေသော စ ဝိသုဒ္ဓါ ဝိဒ္ဓိဘေဒဿ တယောဿယေား၊ အဝိဇ္ဇာ တစ္စိတောယော်ဂး သဋ္ဌသွာကမနာဒယး။ ၁။

ကာယေဂျီ ပါဗိရယ် ဇီဝး ကာရဏောပါဗိမိသွေ့ရှူး၊ ကယိုကာရ ဏတဘ်ဟိတ္တွာ ပုဏ်ဗောဓောဝဘ်သျှတေး ၂။

ဤကား “သဓေ်ပသာရိမိက”နှင့်“သာရိမိကဘာသျှ” ကျမ်း၏ ကာရိကာဖြစ်၏၊ ငါတို့ဝေဒန္တဆရာတို့သည် ခြောက်ပါးသောဝတ္ထု— ၁—ဇီဝ၊ ၂—ဤဿရ၊ ၃—ဗြဟ္မ၊ ၄—ဇီဝနှင့် ဤဿရ ခြားနားခြင်း အထူး၊ ၅—အဝိဇ္ဇာ,အညာဏ၊ ၆—အဝိဇ္ဇာနှင့် စေတသိက်တရား ပေါင်းယှဉ်ခြင်းတို့ကို၊ အစမရှိဟုယူကြပါသည်။သို့သော်, ဗြဟ္မတပါးသည်ကား အနာဒိ=အစမရှိ၊ အနန္တ=အဆုံးမရှိသည်ဖြစ်၍ ကြွင်းသော ငါးပါးမှုကား၊ အစမရှိ အဆုံးရှိသည်၊“ဗြာကဘာဝ=Pronegation”နည်းအတိုင်း ဉာဏ်အလင်းမရသေးသရွေ့ ဤတရား ငါးပါးတို့သည် ရှိနေကြ၏၊ အစကိုမမြင်နိုင်သောကြောင့် အနာဒိခေါ်သည်၊ ဉာဏ်အလင်းကို ရပြီးသည့်နောက် ပျောက်ကွယ် သွားလေသည်၊ ထို့ကြောင့် “သာန္တ” အဆုံးရှိသည် = ပျက်တတ်သော သဘောတရားဟု ခေါ်သည်။

အဖြေ။ ။သင့်ဂါထာနှစ်ပုဒ်လုံးပင် မှားယွင်းနေပါသည်၊ အကြောင်းကို ပြရလျှင် အဝိဇ္ဇာနှင့်မယှဉ်ဘဲ ဇီဝရင်း၊ မာယာနှင့်မယှဉ်ဘဲ ဤဿရ ဘုရားသည်ရင်း၊ သင့် အယူအားဖြင့် မဖြစ်နိုင်ပါ။ ထို့ကြောင့် “တပ္ပိတောယော်ဂး” ဟု သင် ရေတွက်ပြသော ၆—ခုမြောက် ဆရာသည် မရှိနိုင်တော့ပါ။ အဘယ့်ကြောင့်ဆိုသော် ထို အဝိဇ္ဇာ၊ မာယာ၊ ဇီဝသည် ဤဿရဘုရား၌ ပါဝင် နေလေပြီ၊ ရင်းဖြင့် ဗြဟ္မနှင့် မာယာ ထို့ဖြင့် ဝိဇ္ဇာနှင့် ပေါင်းယှဉ်ခြင်းမှကင်း၍ ဤဿရဘုရားမဖြစ်နိုင်၊ တဖန် ဤဿရဘုရားအား အဝိဇ္ဇာ၊ ဗြဟ္မမှတခြားစီ ရေတွက်ခြင်းလည်း အချည်းနှီးပင် ဖြစ်၏၊ ထိုဖြစ်သောကြောင့် ဗြဟ္မနှင့် အဝိဇ္ဇာ နှစ်ပါးသာ၊ သင့် အယူအားဖြင့် ပြီးစီးနိုင်၏၊ ၆—ပါးကား မဖြစ်နိုင်ပါ။ ထို့အတူ သင်၏ ပထမ ကာရိယောပါဗိ၊ ကာရဏောပါဗိ နည်းဖြင့် ဇီဝနှင့် ဤဿရကို အခဏ္ဍ, နိစ္စ, သုဒ္ဓ, ဗုဒ္ဓ·မုတ္တ သဘာဝ· သစ္စဗျာပက

(=အားလုံး၌ပြန့်နှံ့တည်ခြင်း) ဂုဏ်ရှိသော ဖြပ္ပ၌ အညာဏ ကို ဖြီးစေမှ ဖြီးနိုင်ပေလိမ့်မည်။ ဆုံးဖြတ် နိုင်ပေလိမ့်မည်။ အကယ်၍ ထိုဘုရား၏ တဒေသ၌ မိမိ၌ ရှိရိုအားထား (အမှိ သဟဲ)ပြုခြင်း၊ မိမိအကျိုး၌ အစမရှိသော မသိမမြင်ခြင်းကို နေ ရာအိုင်းတွင် ယူဆမည်ဆိုက၊ အားလုံးသောဖြပ္ပသည် ပြုစင် ခြင်း မဖြစ်နိုင်ရာ။ ထိုမြင်ဒေသတခု၌ မသိမမြင်ဟု ယူဆပြန် လျှင် ဖြတ်တောက်ခြင်း(=ပရိဆိန္န)ဖြစ်၍ ထိုမှဤမှ သွားလာ နေရ ပေလိမ့်မည်။ ရောက်ရာဒေသ၌ ဖြပ္ပသည်၊ အသိဉာဏ် ကင်း၍ စွန့်လွှတ်ခဲ့သော ဒေသ၌ ဖြပ္ပသည် အသိဉာဏ် ရှိသည်ဖြစ်နေခဲ့လျှင်၊ မည်သည့်ဒေသ၌ ဖြပ္ပကိုမှ၊ အစမရှိ ပြုစင်သော ဉာဏ်နှင့်ယှဉ်သည်ဟု မဆိုနိုင်ရာ။ အသိဉာဏ် ကင်းသော နယ်နိမိတ်အတွင်း၌ ဖြပ္ပသည် အသိဉာဏ်ကင်း သည်ကို သိ၍၊ အတွင်းနှင့်အပြင်၌ ဖြပ္ပသည် အပိုင်းပိုင်း ဖြစ်သွားပေလိမ့်မည်။ အစိပ်အပိုင်းဖြစ်သွားလျှင်ကော၊ ဖြပ္ပ မှာ ဘာနစ်နာစရာ ရှိခဲ့မှာလဲ? ဆိုပြန်လျှင်လည်း၊ အခဏ္ဍ (=အပိုင်းပိုင်းမဟုတ်)ဆိုခြင်းသည် မှားပေလိမ့်မည်။အကယ် ၍ အပိုင်းအပိုင်းမဟုတ်ခဲ့လျှင်အသိဉာဏ် ကင်းမဲ့ခြင်း (=အ ညာဏ) မဟုတ်နိုင်၊ တနည်းဆိုရသော်, အသိဉာဏ်မှ ကင်းမဲ့ ခြင်း။ (ဝါ) ဖေါက်ပြန်သော ဉာဏ်သည်လည်း ဂုဏ်ပင် ဖြစ်၍၊ တခုခုသောအရာဝတ္ထု (=ဒဗ္ဗနှင့်အတူ အမြဲ ဆက် သွယ် နေပေလိမ့်မည်။ အကယ်၍ ဤအတိုင်းသာ ဆိုလျှင် "သမဝါယ-သမ္ဗန္ဓ" ဖြစ်ခြင်းကြောင့် အနိစ္စ ဘယ်တော့မှ မဖြစ်နိုင်ရာ။ ဥပမာအားဖြင့်, ခန္ဓာကိုယ် တနေရာတွင် အနာ ပေါက်ခြင်းကြောင့် နာကျင် ကိုက်ခဲခြင်းသည် တကိုယ်လုံး တွင် ပြန့်နှံ့. သွားဘိသကဲ့သို့ပင် တနေရာ၌ မသိခြင်း, သုခ, ဒုက္ခ စသော ကိလေသာတို့ကို တွေ့ထိ ခံစားရသောကြောင့် ဖြပ္ပအားလုံး၌လည်း ဒုက္ခ စသည် တွေ့ထိခံစားရ ပေရာ သည်။ ကာရိယောပါဓိ (=အတွင်းသဘာဝနှင့် ဥပါဓိ)နှင့် ယှဉ်ခြင်းကြောင့် ဖြပ္ပအိုဇီဝဟု ယူဆ ခဲ့လျှင် ဖြပ္ပသည် အားလုံး၌ ပြန့်နှံ့၍ တည်သလော၊ သို့မဟုတ် ဟိုတခု၊

ဒိတခုအားဖြင့် အပိုင်းပိုင်းဖြတ်(ပရိဆိန္န)သလောဟု ကွန်စိက မေးလိုပါသည်။ အကယ်၍ မြန်နှုန်း၍ တည်သည်၊ ဥပါဒိ သည်ကား ပရိဆိန္န တနည်း တဒေသန္တတည်၍ တခြားစီ တခြားစီ ဖြစ်သည်ဆိုလျှင် အတွင်းသဏ္ဍာန်သည် သွားလာ နေသည် ဟုတ် မဟုတ်?

အဖြေ။ ။သွားလာလှည့်ပတ်နေသည်။

အမေး။ ။အတွင်းသဏ္ဍာန်နှင့် အတူ ဖြပ္ပလည်း သွားလာ လှည့်ပတ် သည် ဟုတ် မဟုတ်။

အဖြေ။ ။မသွားမလာ၊ တည်မြဲနေသည်။

အမေး။ ။အတွင်းသဏ္ဍာန်သည် အကြင်အကြင် အရပ်ကို ခွန့်၍ ထိုထိုအရပ်၌ ဖြပ္ပသည် မသိခြင်းကင်း၍၊ အတွင်း သဏ္ဍာန် ရောက်ရာ၌ စင်ကြယ်သော ဖြပ္ပကား မသိတတ်ခြင်းနှင့် ယှဉ်သည် မဟုတ်ပါလော....ဤနည်းဖြင့် ဖြပ္ပသည် တခါ တခါ အသိဉာဏ်ရှိ၍ တခါ တခါ အသိဉာဏ် ကင်းမဲ့နေ ရာသည်။ ဤနည်းဖြင့် မောက္ခ(နိဗ္ဗာန်)နှင့် သံသရာနှောင်ဖွဲ့ နေခြင်းလည်း၊ ခန ခန ပြောင်းလွဲ ပေါက်ဖြန့် နေရာသည်။ တနည်း ဥပါဟရဏ်မှာ၊ တခြားတယောက်က မြင်ကြား သည်ကို တခြား တယောက်က မမှတ်မိနိုင်ဘိသကဲ့သို့ပင်၊ မနေ့က မြင်တွေ့ခဲ့သော အရာကို ယနေ့မှတ်မိတော့မည်မဟုတ် ချေ။ အဘယ့်ကြောင့်ဆိုသော်၊ မြင်ကြားသော ဒေသ ကာလ နှင့် တွေးတောသော ဒေသ ကာလ တခြားစီဖြစ်သောကြောင့် ပေတည်း။ အကယ်၍ ဖြပ္ပသည် တပါးတည်းဟု ဆိုခဲ့လျှင် သဗ္ဗညု ဘာ့ကြောင့် မဖြစ်သလဲ။

အကယ်၍ အတွင်းစိတ်သဏ္ဍာန်သည် အထူးထူး အပြားပြား ဆိုခဲ့လျှင်၊ ထိုဖြပ္ပလည်း အကွဲကွဲ အပြားပြား ဖြစ်သွားမည် ဖြစ်၍ အသိဉာဏ်မဖြစ်နိုင်ရာ။ အကယ်၍ ဖြပ္ပသက်သက်၊ အတွင်းသဏ္ဍာန်သက်သက်ကို အသိဉာဏ် မဖြစ်နိုင်၊ အတွင်း

သညာဏ်နှင့် စိတ်ဓာတ်အလင်းရောင်ကိုသာအသိဉာဏ် ဖြစ်နိုင်သည် ဆိုပြန်ပါကလည်း၊ စေတသိက်ကို သာလျှင် အတွင်းသညာဏ်ကြောင့် အသိဉာဏ်ဖြစ်သည် ဆိုပါမူ၊ ထိုမျက်စိဖြင့် အသိဉာဏ်နည်းပါးခြင်း ဘာ့ကြောင့်ဖြစ်ပါသလဲ? သို့ဖြစ်၍ ကာရကောပါဒိ, ကာရိယောပါဒိ ပေါင်းယှဉ် ခြင်းဖြင့် ဖြုပ္ပ, ဇီဝ,ရှုသာရလုပ်နိုင်မည်မဟုတ်ပေ။ သို့သော်, ရှုသာရအမည်သည့် ဖြုပ္ပပင်ဖြစ်၍၊ ဖြုပ္ပမှတပါးသော အနာဒိ၊ အနုပ္ပန္န, အမတ သချပဖြစ်သော ဇီဝ၏အမည်သည် ဇီဝပင် ဖြစ်၍။ အကယ်၍ သင်က၊ ဇီဝသည်စိတ်ဓာတ်အလင်းရောင်၏အမည်ပင် ဖြစ်သည်ဟု ဆိုပြားအံ့၊ ထိုဇီဝသည် အနိစ္စသဘောတရားဖြစ်၍ ပျက်စီးပျောက်ကွယ် သွားမည်ဆိုက၊ မောက္ခ(နိဗ္ဗာန်)ချမ်းသာကို ဘာလူက၊ ခံစားတော့မလဲ? ထို့ကြောင့် ဖြုပ္ပသည် ဇီဝ၊ ဇီဝသည်ဖြုပ္ပ ဘယ်တော့မှ မဖြစ်ဘူး၊ ယခုလဲ မဖြစ် နောင်ကိုလည်းဖြစ်မည်မဟုတ်။

အမေး။ ။ဒီလိုဆိုရင်—"သဒေဝ သောမျေဒမဂြ အာသိဒေကမေဝါ ဒွိတီယမ်" (ဆာန္ဒောဂျ·) နှစ်ခုမဟုတ်-ဆိုခြင်းသည် ဘယ်လို ပြီးစီးတော့မလဲ? ကျူပ်အယူမှာတော့၊ ဖြုပ္ပမှ တခြားတရံ တခုသော ဇာတ်တူ, ဇာတ်မတူသော အင်္ဂါအစိတ်အပိုင်း ခြားနားခြင်း မဖြစ်သောကြောင့်၊ ဖြုပ္ပတပါးသာ ရပါသည်။ ဇီဝသည် အခြားတခုသာ ဖြစ်သည်ဆိုက၊ တခုတည်း (=အဒွေတ)ဆိုခြင်းသည် ဖြစ်နိုင်တော့မလား။

အဖြေ။ ။ဤယုံမှားသံသယမှာ ကျရောက်ပြီး၊ဘာ့ကြောင့် ကြောက်နေရပါသလဲ? ဝိသေသယနှင့်ဝိသေသန ပညာဉာဏ်ကို ရယူပြီး၊ အကျိုးတရားဘယ်သို့ ဖြစ်နိုင်သည်ကိုလည်း ကြည့်ပါအုံး။ ကိုင်း! "ဗျာဝတ္တကံ ဝိသေသကာံ ဘဝတိတိ"=ဝိသေသနသည် ရွဲပြားစေတတ်သည်-ဟုဆိုပါတော့။ ဒါပြင်လည်း-"ပြဝတ္တကံ ဖြကာသကမပိ ဝိသေသကာံ ဘဝတိတိ" =ဝိသေသနသည်၊ ဖြစ်စေထင်လင်း စေတတ်သည်- ဆိုသောကြောင့် အဒွေတ (=နှစ်ခုမရှိ တခုတည်း) ဆိုသော ဝိသေသနသည် ဖြုပ္ပ၏

ဝိသေသနဖြစ်၏။ ဤနေရာ၌ ဗျာဝဋ္ဋကာ-တရားကား အဗွေဟဝဋ္ဋ (=အကြောင်များစွာသော ဇီဝစသော သဘော တရားတို့သည် ဖြပ္ပကို တခြားစီဖြစ်စေ၍ ဝိသေသန၏ ထင်ရှားစေသော သဘောတရားမှာ၊ ဖြပ္ပသည် တပါးတည်း ဖြစ်ပုံကို ပြ၏ "ဥပမာ—"အသို့နဂရေ အဗ္ဗိတီယော ဓနာဒ္ဓော ဓေဝဒတ္တ။ အသျာံ သေနာယာမ ဗှိတီယး သူရဝီရော ဝိကြမသိံဟး"=ဤမြို့ရွာ၌ပြိုင်ဘက်မရှိသောသူဌေးကား ဓေဝဒတ်ဖြစ်၍ စစ်တပ်တွင် ပြိုင်ဘက် မရှိသော သူရဲကောင်းကား ဝိကြမသိံဟဖြစ်၏"—ဟုဆိုရာ၌ဓေဝဒတ်နှင့်တူသော ဝါလား သည်ရင်း ဝိကြမသိံဟနှင့် တူသော သတ္တိကောင်းသည်ရင်း ဤမြို့မှာမရှိ၊ ထို့ထက်နဲသောဥစ္စာရှိသူ၊ နဲသောသတ္တိရှိသူကား ရှိသည်ဟု ဆိုရာရောက်၏။ ၎င်းဖြင့် ဝထေဝိမြေကြီး စသော သက်မဲ့အရာဝဋ္ဋ၊ တိရစ္ဆာန် သစ်ပင်စသည် ဖြစ်၏၊ ဤ အရာဝဋ္ဋတို့ကိုလည်း မပယ်နိုင်၊ ယခုပြအပ်သော ဥပမာပုံ အတိုင်း၊ ဖြပ္ပနှင့် တူမျှသော ဇီဝသည်မရှိ၊ အောက်တန်းကျ သော ဇီဝကားရှိသည်ဟုဆိုရာ ရောက်၏။ ဤပုံကို ထောက်၍ ဖြပ္ပသည် အခါခပ်သိမ်း တပါးတည်းဖြစ်၏။ ၎င်းပြင် ဇီဝ= အသက်ဝိညာဉ်နှင့် မဟာဘုတ်- ရုပ်ဓာတ်တို့ကား၊ အများ အပြားပင် ရှိကြကုန်၏။ ထိုဝိညာဉ်စသည်မှ ခွဲထုတ်ခါ ဖြပ္ပ၏ တပါးတည်းဖြစ်ပုံကို ပြဆိုခြင်းသည် အဗွေဟ-ဝါ-အဗ္ဗိတီယ ဝိသေသနဖြစ်၏။ ဤသို့ပြခြင်းကြောင့်၊ ဇီဝ-ဝါ-ရုပ်တရားနှင့် ဖန်ဆင်းထားသော ကမ္ဘာ လောကဓာတ်ကို မဟုတ်-မရှိဟု မပယ်နိုင်။ထင်ရှားရှိ၏ ၊ထိုသော်ဖြပ္ပနှင့်တန်းတူကားမဟုတ်။ ဤနည်းဖြင့် အဗွေဟ-သိဒ္ဓိ၊ ဗွေဟ-သိဒ္ဓိအယူ၌ ဘာမျှ အကျိုး မယုတ်နိုင်ပေ။ စိတ်မပူပါနှင့်၊ တွေးကြည့်ပါ၊ သိပါ။

အမေး။ ။ဖြပ္ပ၏ သတ်၊ စိတ်၊ အာနန္ဒ၊ ဇီဝ၏အတ္တိ၊ ဘာတိ, ဝိယရူပ၊ ဖြင့် တူမျှနေသည်ကို ဘာ့ကြောင့်ပယ်ပါသလဲ ?။

သတ်=အထင်အရှား၊ ထာဝရတည်ရှိနေခြင်း၊ စိတ်=ထင်လင်းစွာသိခြင်း၊အာနန္ဒ= ရွှင် လန်း ဝမ်းမြောက်ခြင်း။

အဖြေ။ ။နည်းနည်းတူရုံနှင့် လုံး၀ တူသည်ဟု မဆိုနိုင်ပါ။ ဥပမာ— သက်မဲ့ပထဝီသည် မြင်နိုင်သလို သက်မဲ့ဖြစ်သော ရေ မီး တို့လည်း မြင်နိုင်ပါသည်။ ဤမျှနှင့် မတူနိုင်သေးပါ။ ဤဆရာတို့နှင့် ဆန့်ကျင်ဘက် သဘောတရားတွေ၊ အနံ့၊ ရုံ့ရင်း၊ ကြမ်းတန်းခြင်း မာကြောခြင်းစသောပထဝီ၏ဂုဏ်နှင့်၊ရသာ၊ယိုစီးခြင်း၊ ပျော့ပျောင်းနူးညံ့ခြင်း စသော ရေ၏ဂုဏ်၊ အဆင်း လောင်ကျွမ်းစေတတ်ခြင်း စသော မီး၏ဂုဏ်တို့ကြောင့် တခုနှင့်တခု ကွဲပြားနေပါသေးသည်။တနည်းဥပမာ—လူနှင့်ပိုးမွှားတို့သည် မျက်စိဖြင့်ကြည့်၏၊ ပါးစပ်ဖြင့်စား၏၊ ခြေထောက်ဖြင့်သွား၏၊ သို့သော်၊ လူမှာခြေ ၂-ချောင်း၊ ပိုးမွှားတို့မှာ ခြေပေါင်းများစွာရှိခြင်းကြောင့် မတူနိုင်။ ထို့အတူပင်ဘုရားမှာ၊ အနန္တဉာဏ်တော်၊ စိတ်ချမ်းသာမှု၊ အားအစွမ်းတော်၊ ဖန်ဆင်းမှု၊ ယိုမွားမရှိမှု၊ အာလုံး၌ ပြန့်နှံ့တည်မှုတို့၌ ဇီ၀၏ နည်းသောဉာဏ်၊ နည်းသောခွန်အား၊နည်းသောသရုပ်၊အားလုံးသောသံသယနှင့် ပိုင်းခြားခြင်း စသောဂုဏ်တို့၌ ဖြပဠနှင့်ခြားနားသောကြောင့် ဘုရားနှင့် သတ္တ၀ါတို့သည် အတူတူမဖြစ်နိုင်ပါ အဘယ့်ကြောင့်ဆိုသော် ထိုဘုရား၏ သရုပ်သည် အထူးသိမ်မွေ့၍ သတ္တ၀ါတို့၏ သရုပ်သည် ရုံ့ရင်း ကြမ်းတန်းသော ကြောင့်လည်း ခြားနားမှု ရှိပါသည်။

အမေး။ ။အသေဝဒရမန္တ်ရဲ ကုရှတေ၊ အထတသျ ဘယံ ဘဝတိ ဒွိတီယာ ဗွဲဘယံ ဘဝတိ။ ဤကား ဗြိဟာဒါရညက ကျမ်းလာ စကားဖြစ်သည်။ အကြင်သူသည် ဇီ၀နှင့်ဖြပဠကို အနည်းငယ်သော်လည်း ခွဲခြမ်းခြင်းကိုပြု၏၊ ထိုသူအားကြောက်လန့်ခြင်း သည် ဖြစ်၏။ အကြောင်းကား အခြားတခုအားကြောက်၏။

အဖြေ။ ။ဤပုဒ်၏ဆိုလိုရင်းအဓိပ္ပါယ် ဒီလိုမဟုတ်ပါ။ သို့သော်၊အကြင်သတ္တ၀ါသည် ဘုရားကိုပယ်၏-၀ါ- တရံတခုသော ဒေသ၊ ကာလ၌ ပိုင်းခြားစေဘန်ထားသော ဘုရားကို ယုံကြည်၏၊ ၀ါ-ထိုဘုရား၏ အာဏာတော်၊ ဂုဏ၊ ကမ္မ၊ သဘာဝနှင့် ဆန့်ကျင်သည်ဖြစ်၏။ တနည်း အခြားသူ တရံတယောက်နှင့် ရန်ဘက်ပြုသောအခါတွင် ကြောက်ခြင်းဖြစ်၏ အကြောင်း

ကား--ဒုတိယအဆိုဉာဏ်--ဝါ-ဘုရားနှင့် ငါဘာမျှမသက်ဆိုင်၊ တနည်းဥပမာ-ငါ မင်းကိုဘာမဆင်ဘူး၊ မင်းငါ့ကိုဘာလုပ်နိုင်အုံးမှာလဲ ၊တနည်း၊ အခြားတရုံတယောက်ကား အကျိုးပဟုတ်အောင်ပြုအံ့၊ ဒုက္ခပေးအံ့၊ ထိုရာန်သူအား ကြောက်လန့်နေရအံ့၊ ဒိပြင် ဘာမှဆန့်ကျင်ဘက် မရှိခဲ့လျှင် သူတို့အတူတူဘဲ ဟု ပြောလေ့ရှိကြ၏။ ဥပမာ--ဒေဝဒတ္တ၊ ယဉ္ဉ ဒတ္တ မိသျကေ့ဒတ္တတို့သည် တသဘောတည်း--ဝါ--ဆန့်ကျင်ဘက်မရှိဟု ဆိုကြ၏။ ဆန့်ကျင်ဘက် မဖြစ်လျှင် ချမ်းသာခြင်း၊ ဆန့်ကျင်ဘက်ကြောင့် ဆင်းရဲခြင်းကိုရရှိခံစားရ၏။

အမေး။ ။ဇီဝနှင့်ပြဟ္မသည် အမြဲတန်းတူနေသလော၊ မတူသလော။

အဖြေ။ ။အထက်တွင် အချို့ဖြေခဲ့ပါပြီ။ သို့သော် သာဓမ္မျ- အနွယဘာဝအားဖြင့် တူခြင်းဖြစ်၏။ ဥပမာ-- အာကာသဓာတ်ဖြင့် မြင်နိုင်သော ဒဗ္ဗ-ဝတ္ထုတို့၏သက်မဲ့ဖြစ်ခြင်းကြောင့်၊ ထိုပြင် ဘယ်တော့ခါမှ၊ သီးခြားမနေခြင်းကြောင့် တပေါင်းတည်းဖြစ်၏။ ထို့ပြင် အာကာသ၏ ဝိဘု (=ရတ်ဝင်တတ်သော သဘော)။ သိမ်မွေ့ခြင်း၊ ရုပ်အဆင်းမရှိခြင်း၊ အဆုံးမရှိစသောဂုဏ်တို့နှင့် အထည်ကိုယ်ကောင် ဝတ္ထုတို့၏ အပိုင်းကိုခြားရှိခြင်း၊ မြင်နိုင်သောရုပ်ရှိခြင်းစသော ကွဲပြားခြင်းတို့ကြောင့် မတူပေ။ တနည်းဥပမာဆိုရလျှင်၊ ပထဝီစသော ဒဗ္ဗဝတ္ထုတို့သည်၊ အာကာသနှင့် ကင်း၍ ဘယ်ခါမှ မနေချေ။ အကြောင်းကား၊ အနွယမှကင်း၍ အထည်ဖြစ်တို့သည် မနေနိုင်။ ဗျတိရေကနည်းဖြင့် သရုပ်ခြားနားသဖြင့် ကွဲပြားခြင်းလည်းရှိ၏။ ထို့အတူ၊ ပြဟ္မသည် အားလုံး၌ ပြန့်နှံ့၍တည်သဖြင့် ဇီဝနှင့်ပထဝီစသော အရာဝတ္ထုတို့သည် ထိုပြဟ္မနှင့် တခြားစီမနေချေ။ သရုပ်အားဖြင့်ကား အတူတူလည်း မဟုတ်ချေ။ တနည်း ဥပမာရှာ၊ အိမ်မဆောက်မှီအချိန်၌၊ အရပ်ရပ်ရှိ သစ်,မြေ,သံ-စသော အရာတို့သည် အာကာသ၌ပင် ရှိနေကြ၏။ အိမ်ဆောက်ပြီး နောက်တွင်လည်း၊ အာကာသ၌ပင် ရှိနေကြ၏။ ထိုအိမ်ပျက်စီးပြီးသည့်နောက်၌လည်း အသီးသီး

သော အသုံးအဆောင် အရာဝတ္ထုတို့သည် ထိုအာကာသ၌ပင် ရှိနေကြ၏။ ဆိုလိုရင်းမှာ၊ ကာလသုံးပါးလုံး၌၊ အာကာသနှင့် မကင်းနိုင်ချေ။ သရုပ်အားဖြင့်ကား၊ မတွေ့ခဲ့၊ ယခုလည်းမတွေ့၊ နောင်ကိုလည်း တွေ့မည်မဟုတ်ချေ။ ဤနည်းအတိုင်း၊ ဇီဝနှင့် ကမ္ဘာလောက တခုလုံးရှိ အရာဝတ္ထု ဟူသမျှတို့သည် ပရမိဿရ ဘုရားသခင်၌ပင် ပြန့်နှံ့နေကြသဖြင့် ဘုရားနှင့် ကာလသုံးပါး၌ တခြားစီဖြစ်၍ သရုပ်ချင်းမတွေ့သောကြောင့် လည်း ထသဘောတည်း မဖြစ်ချေ။ ယခုကာလ ဝေဒန္တ ဆရာတို့၏ အမြင်မှာ၊ မျက်စိတဘက် ကန်းသော သူတို့ကဲ့သို့ အနွယတွင် ကျရောက်၍၊ ဗျတိရေကနည်းသဘောမှ လွတ်၍ ဆန့်ကျင်ဘက်အမြင် ဖြစ်နေကြ၏။ သဂုဏ, နိဂုဏ, အနွယ, ဗျတိရေက, သဓမ္မတာ, ဝိဓမ္မတာ, ဝိသေသနသဘောမှ ကင်းသော အရာဝတ္ထု တစုံတခုမျှ မရှိချေ။

အမေး။ ။ဘုရားသည် သဂုဏလော, နိဂုဏလော?။

အဖြေ။ ။နှစ်မျိုးနှစ်စားရှိပါသည်။

အမေး။ ။ဒါးအိမ်တခုတည်းမှာ၊ ဒါး(သံလျက်)နှစ်စင်း နေနိုင်မလား?။ အရာဝတ္ထုတခုတည်းမှာ၊ သဂုဏ, နိဂုဏနှစ်ပါးစလုံး၊ ဘယ်လို ရှိနေနိုင်မလဲ?။

အဖြေ။ ။ဥပမာ–သကြားခဲ အရာဝတ္ထုတွင် ချိုမြိန်စသော ဂုဏ်ရှိ၏။ ထိုသော် သကြားခဲ ကဲ့သို့ အသီးသီးစသောဂုဏ်ကား မရှိပေ။ ထို့အတူ သကြားခဲ၌ အလိုဆန္ဒစသော ဂုဏ် ကား ရှိ၏၊ ထိုသော် သကြားခဲ အရာဝတ္ထုကဲ့သို့ ချိုစသော ဂုဏ်ကားမရှိပေ။ ထို့ကြောင့်–"ယဒ်ဂုဏသဟ ဝတ္တမာနံ တတ္သဂုဏံ"၊ "ဂုဏေဘျောယန္နိဂ်တံပြိထဂ္ဘူတံ တန္နိဂ်ုဏံ" =ဂုဏ်တို့နှင့်တကွဖြစ်ခြင်းကို သဂုဏ၊ဂုဏ်တို့မှကင်းသည်ကို နိဂုဏခေါ်သည်။ မိမိတို့၏သဘာဝအတိုင်း ဂုဏ်တို့နှင့် တကွ ဖြစ်ခြင်း ရင်းမြစ် တခြားဆန့်ကျင်ဘက် ဂုဏ်တို့မှ ကင်းခြင်း ကြောင့်ပင် အားလုံးသောအရာဝတ္ထုတို့သည် သဂုဏ, နိဂုဏ

ဖြစ်ကုန်၏။ သက်သက်သဂုဏ–ဝါ–နိဂုဏ တပါးတည်းသာရှိသော အရာဝတ္ထုတစုံတခုမျှမရှိချေ။ ထို့သော်, အရာဝတ္ထုတခုတည်းတွင် သဂုဏ, နိဂုဏ နှစ်ပါးစလုံး ရှိစမြဲဖြစ်၏။ ဖြခဲ့သောပုံ ဥဒါဟာရဏ် အားလျော်စွာ၊ ပရမိဿရဘုရားသည်၊ မိမိ၏အနန္တ ဉာဏ်တော်, စွမ်းအားတော်စသော ဂုဏ်တော်တို့နှင့်တကွ ဖြစ်တော်မူသောကြောင့် သဂုဏခေါ်သည်။ ထို့ပြင် ရုပ်စသော သက်မဲ့၏ဂုဏ်၊ ဒေါသစသော သတ်ရှိသတ္တဝါတို့၏ဂုဏ်တို့မှ ကင်းစင်သောကြောင့် နိဂုဏဟု ခေါ်လေသည်။

အမေး။ ။လောကမှာ "နိရာကာရ"(=ပုံသဏ္ဌာန်မရှိသည်ကို) နိဂုဏ၊ "သာကာရ"(=ပုံသဏ္ဌာန်ရှိသည်ကို) သဂုဏဟု ခေါ်သဖြင့် ဘုရားသည်မမွေးဖွားသောအခါ နိဂုဏ၊ မွေးဖွားသောအခါ သဂုဏခေါ်သည်မဟုတ်ပါလော?။

အဖြေ။ ။ဤထင်မြင်ချက်တို့ကား၊ ဉာဏ်ခွဲသူတို့ အထင်သာဖြစ်သည်။ အတတ်ပညာမဲ့သော သူတို့မှာ၊ တိရစ္ဆာန်ကဲ့သို့၊ ထင်သလိုရေရွတ် ပြောဆိုတတ်သည်၊ ငန်းသန္နိပါတ် ဖမ်းစား ထားသော လူမမာများ ယောင်ယမ်း ပြောဆိုတတ်သလို ပညာဉာဏ်မရှိသူတို့၊ ထင်ရာ မြင်ရာ ပြောဆို ရေးသားချက်တို့ကို အချည်းနှီးဟု မှတ်သားထားရာသည်။

အမေး။ ။ဘုရားသည်၊ ရာဂရှိသလော၊ ရာဂကင်းသလော ?။

အဖြေ။ ။နှစ်ခုစလုံး မဟုတ်ပါ။ အကြောင်းကား၊ ရာဂဆိုသည်မှာ၊ မိမိနှင့် တခြားစီဖြစ်သော ကောင်းမြတ်သော အရာတို့၌သာ တပ်မက်ခြင်း ဖြစ်နိုင်လေရာ၊ ဘုရားနှင့်ကင်းသော၊ ဘုရားထက်မြတ်သောအရာ တပုံတရာမရှိချေ။ ဒါကြောင့်ရာဂမဖြစ်နိုင်ပါ။ ထို့ပြင် ရအပ်သော အရာကို စွန့်ပစ်ခြင်း ကိုပင် "ဝိတရာဂ" ခေါ်သောကြောင့်၊ ဘုရားသည်အားလုံး၌ ပြန့်နှံ့၍ တည်နေသဖြင့်၊ မည်သည့် အရာဝတ္ထုကိုမျှ မစွန့်ပစ်နိုင်။ ဒါကြောင့် "ဝိတရာဂ" လည်းမဟုတ်ချေ။

အမေး။ ။ထာဝရဘုရား၌ "ဆန္ဒ"(=အလိုဆန္ဒ) ရှိ မရှိ။

အဖြေ။ ။ထိုကဲ့သို့သော အလိုဆန္ဒမရှိပါ။ အကြောင်းကား—အလိုဆန္ဒ၊ ဆိုသည်မှာ၊ မရရှိသေးသော အရာ၊ ထူးမြတ်သော အရာ ရခြင်းကြောင့် ထူးကဲသော စည်းစိမ်ချမ်းသာကို ရရှိခံစား ရသောအရာတို့၌ လိုချင်သောဆန္ဒ ဖြစ်၏။ ဘုရားသခင်မှာ ကား မရသောအရာ၊ ထူးမြတ်သောအရာ၊ စည်းစိမ်အထူး ကို ပေးတတ်သောအရာဟူ၍ မရှိ။ အားလုံး ရပြီးသားဖြစ်၍ "လိုချင်ခြင်း"ဖြစ်စရာ အကြောင်းမရှိတော့ချေ။ ဆန္ဒကား မရှိ၊ "ဣက္ခဏ"ကား မရှိ၏။ ဣက္ခဏဆိုသည်မှာ အားလုံး သော အတတ်ပညာကို မြင်သိခြင်း၊ အားလုံးကိုဖန်ဆင်းခြင်း ကို ဣက္ခဏဟုခေါ်သည်။ ဤမျှသော အကျဉ်းသဘောပြဆို ရုံနှင့် ပညာရှိများသည်၊ အကျယ်ကို သိနိုင်ပေပြီ။

ယခု ထာဝရဘုရားနှင့်ပတ်သက်၍ အကျဉ်းမျှရေးသားပြဆိုပြီးလျှင် ဝေဒအကြောင်းကို ရေးသားပေတော့အံ့။

ယသ္မာဒြိစော အပါတက္ခန် ယဇုဿ္မာဒပါကသန်၊ သာမာနိ ယသျလောမာနျထ ဝင်္ဂိရ ဂိရသော မုခံ၊ သ္ကမ္ဘံ တံ ဗြူဟိ ကတမး သွိဒေဝသး။

(အထဝ်• ကာံ• ၁၀၊ ပြပါ• ၂၃၊ အနု• ၄၊ မံ• ၂၀)။

အကြင်ဘုရားမှ ရိဂ္ဂေဒ၊ ယဇုဝေဒ၊ သာမဝေဒ၊ အထဝဝေဒသည်ဖြစ် ပေါ်လာ၏၊ ထိုဘုရားသည် အဘယ်ဘုရားနည်း ?။

အဖြေ။ ။အားလုံးကို ဖြစ်ပွားစေ၍ တည်မြဲသောဘုရားပင် ဖြစ်ပေ၏။

သွယမ္ဘူယာံထာတထျတော ထာံန် ဗျဒဓာစ္ဆာသွတီဘျး သမာဘျး။

(ယဇု• အ• ၄၀၊ မံ•)။

အကြင်သတ္တ။ ။=မိမိအလိုလိုပွင့်တော်မူလာသော၊ အားလုံး၌ ပြန့်နှံ့၍ တည်သော၊ မြဲစင်သော၊ ကမ္ဘာ့အစဉ်အဆက်မှ ဆင်းသက်လာသော ရုပ် ရေပိုသဏ္ဌာန်မရှိသော ဘုရားသခင်သည် အစဉ်အဆက် ဆင်းသက်လာ

သော ဇီဝရုပ်ပေါင်း သတ္တဝါတို့အကျိုးအလို့ငှါ၊ စည်းကမ်းအားလျော်စွာ ဝေဒကျမ်းစာဖြင့် အားလုံးသော ပညာတို့ကို ပြဆိုတော်မူပေ၏။

အမေး။ ။ဘုရားကို ခင်ဗျားက နိရာကာရဟု ယူဆသလား၊ သာရကာ ဟု ယူဆသလား ?

အဖြေ။ ။နိရာကာရ ဟု ယူဆ၏။

အမေး။ ။အကာယ်၌ အခြင်းအရာပုံသဏ္ဌာန် (ကိုယ်အင်္ဂါ) မရှိဘူး ဆိုလျှင်၊ ပါးစပ်မရှိဘဲနှင့် ဝေဒကျမ်းကို၊ ဘယ်လိုရွတ်ဆိုဟော ပြောနိုင်မလဲ ? အကြောင်းကား– ဝဏ္ဏတို့ကို ရွတ်ဆိုရာ၌၊ တာလု စသောဌာန်၊ လျှာ၏ ပယတ် မရှိ ဖြစ်သင့်သည် မဟုတ်ပါလော ?

အဖြေ။ ။ဘုရားသည် အားလုံးသောစွမ်းအားနှင့် အားလုံး၌ ပြန့်နှံ့၍ တည်နေတော်မူသောကြောင့်၊ သက်ရှိသတ္တဝါတို့အား မိမိ ပြန့်နှံ့သက်ဝင် နေခြင်းကြောင့်၊ ဝေဒကျမ်းကို ဟောပြောရန် အတွက် ပါးစပ်စသည် မလိုပေ။ တနည်းကား၊ ပါးစပ်လျှာ ဖြင့် ဝဏ္ဏတို့ကိုရွတ်ဆိုခြင်းမှာ၊ မိမိမှတပါး အခြားသူတို့ကို သိစေခြင်းငှါ ပြုအပ်သည်၊ မိမိအတွက် ပြုစရာ မလိုပေ၊ အဘယ့်ကြောင့် ဆိုသော်၊ ပါးစပ်လျှာဖြင့် မရွတ်ဆိုဘဲနှင့် မိမိ၏စိတ်တွင် အကြီးအစည် အမျိုးမျိုး၊ အသံအမျိုးမျိုးဖြစ် ပေါ်နေ၏။ နားကိုပိတ်ပြီး နားထောင်ကြည့်ပါ၊ ပါးစပ်လျှာ တာလုစသောဌာန် မပါဘဲနှင့် အသံအမျိုးမျိုးကြားရပါလိမ့် မည်။ ဤနည်းအတိုင်းပင် သက်ရှိသတ္တဝါတို့အား၊ ၎င်းတို့၏ အတွင်းသဏ္ဌာန်တွင်းမှာ ပြန့်နှံ့ဝင်ရောက်၍၊ ဟောပြောတော် မူ၏။ သူတပါးအားပြောဆိုရာ၌သာ ရွတ်ဆိုရန် အရေးကြီး လေသည်။ ဘုရားသည် ပုံသဏ္ဌာန်မရှိ၊ အားလုံး၌ပြန့်နှံ့၍တည် နေခဲ့လျှင်၊ မိမိ၏ အားလုံးသော ဝေဒ-ပညာတို့ကို၊ ဇီဝ၌တည် နေသော သရုပ်အားဖြင့်ဇီဝ၌ထင်လင်းအောင် ပြုတော်မူသည်။ ထိုသူက တဖန် တခြားသူတို့အား၊ ပါးစပ်ဖြင့် ရွတ်ဆို၍ ကြားသိစေသောကြောင့် ဘုရား၌ဆိုခဲ့သော အပြစ်မရောက် နိုင်ပါ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်၏ အထွာ=ဝိညဉ်မှာ၊ အဘယ်အခါက၊ ဝေဒကို ထင်လင်းစေတော်မူခဲ့ပါသလဲ ?

အဂ္ဂေရိဂွေဒေါ ဝါယော ယဇုဗ္ဗေဒး သူယာတ္တာမဝေဒး။

(သတ· ၁၁၊ ၄၊ ၂၊ ၃။)

ပထမကမ္ဘာကိုဖန်ဆင်းစဉ်က၊ ဘုရားသခင်သည် အဂ္ဂိ=မီး, ဝါယု=လေ, အာဒိစ္စ=နေ, ထို့ဖြင့် အင်္ဂီရာမည်သော ရသေ့တို့၏ ဝိညဉ်၌ ဝေဒတကျမ်းစီ ထင်လင်းစေတော်မူခဲ့သည်။

အမေး။ ။ယော ဝဲ ဗြာဟ္မဏံ ဝိဒဓါတိ ပူဗ္ဗံ ယော ဝဲ ဝေဒံါသ္စ ပြဟိဏောတိ တသ္မဲ။ (သွေတာသ· အ· ၆၊ မံ·၁၈။)

ဤကား ဥပနိသျှဒကျမ်းလာ စကားဖြစ်၏၊ ဤစကား အလိုအားဖြင့် ဗြဟ္မာကြီး၏နှလုံးတွင် ဝေဒကို ဟောပြောတော်မူသည်။ ဒီလိုဆိုရင်၊ မီး ရသေ့စသည်၏ အထွာမှာဟောတော်မူသည်ဟု ဘာကြောင့်ဆိုပါသလဲ?

အဖြေ။ ။ဗြဟ္မာ၏ အထွာ၌ အဂ္ဂိစသည်ဖြင့် တည်စေတော်မူသည်၊ ဆိုတာကို မနုဆရာကြီးက ဘယ်လိုရေးခဲ့သလဲ ကြည့်ပါဦး။

အဂ္ဂိဝါယုရ ဝိဘျသ္တု ကြယံ ဗြဟ္မသနာတနမ်၊ ဒုဒေါဟ ယဇ္ဉ သိဒ္ဓျတ္ထမြိဂျုဖုး သာမ လက္ခဏာမ်။ (မနု·၁၊ ၂၃။)

အကြင်ဘုရားသခင်သည်၊ ကမ္ဘာဖန်ဆင်းစအခါက၊ လူတို့ကိုဖန်ဆင်းပြီးနောက် အဂ္ဂိ စသော ရသေ့ကြီးလေးယောက်မှ တဆင့် ဝေဒလေးပုံကို ဗြဟ္မာအား ရယူစေလေသည်၊ တဖန်ဗြဟ္မာကြီးသည် အဂ္ဂိ, ဝါယု, အာဒိစ္စ အင်္ဂီရာတို့ထံမှ၊ ရိဂွေဒ, ယဇု, သာမ, အထဝ ဝေဒတို့ကို ယူတော်မူသည်။

အမေး။ ။ဤလေးယောက်ကိုသာ၊ ဘုရားကဝေဒကို ပေးသည်၊ တခြားသူကို မပေးခဲ့ခြင်းဟာ၊ ဘုရား မျက်နှာလိုက်ရာ ကျတယ် မဟုတ်လား?

အဖြေ။ ။ထိုရသေ့ လေးပါးသာ၊ အားလုံးတို့ထက် စင်ကြယ်သော နှလုံးတော် ရှိသောကြောင့် ဖြူစင်သောပညာကို သူတို့ကိုသာ ပေးခြင်းဖြစ်၏။

အမေး။ ။တခြားတိုင်းပြည် ဘာသာစကားဖြင့် ဝေဒကို မဟောဘဲ၊ သက္ကတဘာသာစကားဖြင့်သာ၊ ဘာ့ကြောင့် ဟောပါသလဲ?

အဖြေ။ ။တိုင်းပြည်တပြည်၏ ဘာသာစကားအထူးနှင့်ဟောမည်ဆိုက၊ ဘုရားသည် မျက်နှာလိုက်ရာ ကျပါလိမ့်မည်၊ တပြည်၏ ဘာသာနှင့်ဟောလျှင်၊ အခြားတပြည်သားတို့ ဘတ်ရွတ် နား လည်ဘို့ရန် ခဲယဉ်းပေလိမ့်မည်၊ ထို့ကြောင့် ဘယ်တိုင်း ပြည်၏ ဘာသာမှ မဟုတ်သော သက္ကတဘာသာနှင့် ဟောခြင်း ဖြစ်၏။ ထို့ပြင် ဝေဒ-ဘာသာသည် အခြား ဘာသာတို့၏ အကြောင်းရင်းဖြစ်သောကြောင့်လည်း ထိုဘာသာနှင့် ဟောခဲ့ ပါသည်။ ဥပမာ—ဘုရား၏ ပထဝီစသော ဖန်ဆင်းမှု တို့သည်၊ အားလုံးသောတိုင်းပြည်၊တိုင်းပြည်သားတို့အတွက်၊တမျိုးတည်း ဖြစ်၍၊အားလုံးသောလက်မှု ပညာတို့၏ အကြောင်းရင်းဖြစ်ဘိ သကဲ့သို့၊ ဘုရားပညာ၏ ဘာသာသည်လည်း တမျိုးတည်း ဖြစ်သင့်လေသည်။ လူအမျိုးမျိုး ဘတ်ရွတ် သင်ကြားရာ၌ တမျိုးတည်း အားထုတ်ရသောကြောင့် ဘုရားမျက်နှာလိုက် ရာ မကျချေ၊ အားလုံးသော ဘာသာတို့၏ အကြောင်းရင်း လည်း ဖြစ်ပေသည်။

အမေး။ ။ဝေဒကိုဘုရားက စီရင်ခဲ့သလော၊ အခြားတဦးတယောက်က စီရင်ခြင်းကော မဖြစ်နိုင်လော၊ အထောက်သာဓကဘာလဲ?။

အဖြေ။ ။ဘုရားသည် ဖြူစင်ခြင်း,အားလုံးသောအတတ်ပညာကို တတ် သိခြင်း,ဖြူစင်သောဂုဏ်,ကံ,သဘောထားနှင့် ပြည့်စုံခြင်း, တရားသဖြင့် စီရင်ဆုံးဖြတ် တတ်ခြင်း, သနားတတ်ခြင်း စသော ဂုဏ်တော်တို့နှင့်ပြည့်စုံဘိသကဲ့သို့၊ အကြင် ကျမ်းဂန် တွင် ဘုရား၏ဂုဏ်, ကံ, သဘောထားတော်နှင့်လျော်သော စကားများပါရှိ၏၊ ထိုကျမ်းစာသည် ဘုရားသခင်စီရင်သော ကျမ်းစာဖြစ်၏၊ အခြားသောကျမ်းစာများကား မဟုတ်ချေ၊ အကြင် ကျမ်းစာတို့၌ ကမ္ဘာဖန်ဆင်းရေး အစီအစဉ်,မျက်မြင် သက်သေ သာဓက၊ သူတော်ကောင်းတို့၏ အကျင့်အာစာရ နှင့် မဆန့်ကျင်သော စကားတို့သည် ဘုရားဟော ဖြစ်၏၊

ရှုသသရဘုရား၌ ယုံမှားသံသယမှ ကင်းသော (မဖေါက်မပြန် သော)ဉာဏ်တော်ရှိဘိသကဲ့သို့၊ သံသယမှကင်းသော ဉာဏ် အားဖျော်စွာဆိုထားသောကျမ်းပါစကားသည် ဘုရားဟော ဖြစ်၏။ ဘုရားဖြစ်သကဲ့သို့ ရှင်းမြင် ကမ္ဘာ ဖန်ဆင်းသော အစီအစဉ် နိယာမ ဖြစ်သကဲ့သို့ ရှုသသရ, ကမ္ဘာဖန်ဆင်းသော ကိစ္စ, အကြောင်းရင်းနှင့် အသက်ရှိ သတ္တဝါတို့ကို ပြဆို ထားသော ကျမ်းစာသည် ဘုရားဟောဖြစ်၏။ အကြင်မျက်မြင် စသော သာဓကတို့သည် မူလအကြောင်းရင်းနှင့် မဆန့် ကျင်ဘဲ၊ သန့်ရှင်းစင်ကြယ်သော စိတ်နှလုံးနှင့် မဆန့်ကျင် လျှင် ဝေဒဖြစ်၏။ တခြားသော ဗိုက်ဗယ်(Bible), ကိုရာန် စသောကျမ်းစာတို့သည်ကား ဤသို့မဟုတ်ပေ။ ဤအကြောင်း နှင့် ပတ်သက်၍ အကျယ်ကို၊ ၁၃–၁၄–အခဏ်း ကဏ္ဍတွင် ဗိုက်ဗယ်နှင့် ကိုရာန်အခဏ်းတွင် ပြဆိုပါလိမ့်မည်။

အမေး။ ။ဝေဒသည် ဘုရားမှဖြစ်ပေါ်လာတို့မလိုပါ။ လူတို့သည် အစဉ် အတိုင်း အဘိဉာဏ်တိုးတက် ရင့်သန်လာပြီးနောက် ကျမ်းစာ တို့ကိုလည်း စီရင်ရေးသားလာကြပေလိမ့်မည်။

အဖြေ။ ။ဘယ်တော့မှ မစီရင်နိုင်။ အကြောင်းမရှိဘဲ အကျိုးမဖြစ်နိုင်ရာ။ ဥပမာ–တောသား လူရိုင်းတို့သည် ကမ္ဘာ ဖန်ဆင်းခြင်းကို မြင်တွေ့ နေရသော် ငြားလည်း၊ ပညာရှိ မဖြစ်နိုင်။ သင်ပြ ပေးမည့်ဆရာနှင့်တွေ့လျှင်ကား ဖြစ်နိုင်၏။ ယခုခေတ်မှာလည်း တဦးတယောက်ထံမှ၊ မသင်ယူဘဲနှင့် ပညာရှိ မဖြစ်နိုင်ကြ။ ဤနည်းအတိုင်းပင်၊ ကမ္ဘာဦးက၊ ရသေ့ကြီးများကို ဘုရားက ဝေဒပညာကို သင်မပေးခဲ့လျှင်၊ ထိုရသေ့ ဆရာကြီးတို့က တခြားသူတို့အား သင်မပေးခဲ့လျှင် လူအပေါင်းတို့သည်၊ ပညာ မဲ့သူတွေသာဖြစ်နေကြပေလိမ့်မည်။ ဥပမာ–မွေးခါစ ကလေး တယောက်အား၊ လူနှင့်မနီး ဆိတ်ငြိမ်သောနေရာ၊ တနည်း ပညာမဲ့သူ–ဝါ–တိရစ္ဆာန် တို့နှင့် အတူထားမည် ဆိုပါက ရင်းကလေးသည် အဖေါ်အပေါင်းများလိုပင်ဖြစ်ပေလိမ့်မည်။ သာဓကမှာ၊ အရှိုင်း "ဘီလ" စသော လူမျိုးများပေတည်း။

အိန္ဒိယနိုင်ငံမှ ပညာစာပေ မရောက်သေးရွေ့ ကာလပတ်လုံး အိဂျစ်,ယူနန်(ဂြိတ်ဣတလီစသည်)ဥရောပတိုက်စသောတိုင်း ပြည်ရှိ လူတို့မှာ၊ ဘယ်ပညာမှ မရှိခဲ့ပေ။ အင်္ဂလန်က ကိုလံဗတ် စသောသူတို့ အမေရိကသို့ မရောက်သေးရွေ့ကာလပတ်လုံး နှစ် ပေါင်းအထောင် အသိန်း ကုဋေများစွာတိုင်အောင် ပညာမဲ့သူ တွေသာ ဖြစ်ကြလေသည်။ တဖန် ပညာကောင်းကို သင်ယူရ ပြီးမှ ပညာရှိ ဖြစ်လာကြလေသည်။ ထို့အတူ ကမ္ဘာဦးက ဘုရားသခင်ထံတော်မှ အထက်ပညာတို့ကို သင်ယူ ရရှိခြင်း ကြောင့် အစဉ်အဆက် ပညာရှိ ဖြစ်လာကြလေသည်။

သ ပူဗေ်သာမပိ ဂုရူးကာလေနာန ဝစ္ဆေဒါတ်။
(ယောဂ· သူ· သမာဓိပါဒေ၊ သူ·၂၆။)

ဥပမာအားဖြင့် ယခုကာလ ငါတို့သည် ဆရာတို့ထံမှ သင်ယူခြင်း ကြောင့်သာ ပညာရှိ ဖြစ်ကြကုန်၏။ ထိုနည်းတူစွာ ဘုရားသည်လည်း ကမ္ဘာဦးက ပေါ်ပေါက်လာကြသော အဂ္ဂိ (=မီး) စသော ရသေ့တို့အား သင်ပေးသော ဆရာကြီးတဆူဖြစ်တော်မူ၏။ သတ္တဝါများသည် မိန်းမော တွေဝေသလို ကမ္ဘာမီး လောင်ပြီးနောက် အသိ ဉာဏ်မှ ကင်းသလို ဘုရားသခင်ကား မဖြစ်ချေ။ ထိုဘုရား၏ ဉာဏ်တော်ကား အမြဲနိစ္စ တည်မြဲသော ဉာဏ်တော် ဖြစ်ပေသည်။ ဒါကြောင့် အကြောင်းနိမိတ် မရှိဘဲ အကျိုးမဖြစ်နိုင်ဟု တထစ်ချ မှတ်သားထားရာသည်။

အမေး။ ။ ဝေဒကို သက္ကတဘာသာဖြင့် ပြဆိုခဲ့သည်ဆို၏၊ အဂ္ဂိစသော ရသေ့တို့သည် ထိုသက္ကတ ဘာသာကို မတတ်ကြဘဲလျက် ဝေဒ၏ အနက် အဓိပ္ပါယ်ကို ဘယ်လိုလုပ်ပြီး သိနိုင်ကြပါ သလဲ ?

အဖြေ။ ။ ဘုရားသခင် ကပင် သိစေတော် မူသည်။ တရား ရှိသော ယောဂီ ရသေ့ကြီးတို့သည် သိလိုသော အနက်အဓိပ္ပါယ်ကို အာရုံပြုလျက် (တောင့်တလျက်) ဈာန်ဖြင့် ဘုရား၏သရုပ်တွင် သမာဓိဝင်စားတိုင်း ဘုရားသခင်က တောင့်တ အပ်သော မန္တာန်တို့၏ အနက်ကို သိစေတော် မူသည်၊ များစွာသော

> သူတို့၏အထဲတွင် ဝေဒ၏ အနက်အဓိပ္ပါယ်၊ ထင်မြင်လာကြသောအခါ ထိုရသေ့ဆရာကြီးတို့သည် ထိုထိုသော အနက်တို့ကိုရင်း၊ ထိုထိုရသေ့ဆရာကြီးတို့၏ ရာဇဝင်သမိုင်းတို့ကိုရင်း၊ ရေးသားစီရင်ခဲ့ကြ လေသည်။ ထိုသူတို့၏ အမည်မှာ "ဗြာဟ္မဏ" တနည်း "ဗြဟ္မ" ထိုသူတို့က ဟောပြော ခွဲထွက်ကြားသော စာပေဖြစ်သောကြောင့် ဝေဒကို "ဗြာဟ္မဏ၊ ဝါဒြီ ဗြာဟ္မဏ ဂန္ထ"ဟု ခေါ်ဝေါ် ကြလေသည်။
>
> ၎င်းပြင်–ရိသဒယာ (မန္တြဗြိသူ့ယား) .....မန္တြ သံဗြာဒုး။ (နိရု. ၁၊ ၂၀။)

အကြွင်းအကြွင်း မန္တာန်၏အနက်ကို အကြွင်းအကြွင် ရသေ့သည် မြင်သိ၏။ မည်သူတဦးတယောက်မျှ မပြုဆိုမှီ ပထမအစ အကြွင်ရသေ့သည် ပြုဆိုရ၏၊ သူတပါးအား သင်ပေး၏။ ထို့ကြောင့် ဆရာဦး ဖြစ်သောကြောင့် အမှတ်တရဖြစ်စေခြင်းငှါ ထိုထိုမန္တာန်နှင့်အတူ ထိုရသေ့တို့၏ အမည်ကိုလည်း ပူးတွဲရေးသားထားလေသည်။ ထိုရသေ့ဆရာတို့အား မန္တာန်ကိုစီရင်ခဲ့သူဟု တဖုံတယောက်ကဆိုကြသော်၊ ထိုစကားကို အမှားဟု မှတ်သား ထားရာသည်၊ စင်စစ်မှာ ထိုရသေ့တို့သည် မန္တာန်၏ အနက်ကို ပြုဆိုသူမျှသာဖြစ်၍ မန္တာန်ကိုစီကုံး စီရင်သူကား မဟုတ်ပေ။

အမေး ။ ဝေဒဆိုတာ ဘာကျမ်းတွေလဲ ?

အဖြေ ။ ရိက, ယဇုး, သာမ, နှင့် အထဝ မန္တြ သံဟိတာများဖြစ်သည်၊ တခြားစာပေတို့ကား မဟုတ်ပေ။

အမေး ။ မန္တြဗြာဟ္မဏ ယောဂေဝဒနာမဓေယမ်။ ဤသို့ အစရှိသော ကာတျာယနး (ကစ္စာယန) စသော ကျမ်းပြုဆရာတို့ စီရင်ခဲ့သော ပတိညာသုတ်စသည်တို့ကို ဘယ်လိုအနက်ပေးမလဲ?

အဖြေ ။ သံဟိတာကျမ်း၏ အစကဏ္ဍ အဆုံးတွင် ဝေဒသဇ္ဈါ ပုဒ်ကို သနာတနဟု ရေးထားသည်။ ၎င်းပြင် ဗြာဟ္မဏကျမ်းစာ၏ အစ၊ ဝါ၊ ထခဏ်းကဏ္ဍ၏အဆုံးတွင် မည်သည့်နေရာမှာ ရေးမထားပါ။ ဒီပြင် နိရုတ္တိကျမ်းမှာလည်း–

ဇာတျာဒိ နိဂမော ဘဝတိ၊ ဇာတိ ဖြာပဋ္ဌာနမ်။
(နိရု. အ. ၅၊ ခံ. ၃၊ ၄။)
ဆနွော ဖြာပဋ္ဌာနာနိစ တဗ္ဗိသယာကာ၊
(အသ္ဋ္ဌာ. ၄၊ ၂၊ ၆၆။)

ဤကား ပါဏိနိ၏သုတ်ဖြစ်၏ ဤသုတ်ဖြင့်လည်း ဝေဒမန္တာန်အပိုင်းနှင့် ဖြာပဋ္ဌအဘွင့်အပိုင်းဖြစ်သည်ကို သိနိုင်ပေသည်။ ဤစကားနှင့်စပ်လျဉ်း၍ အကျယ်ကိုသိလိုပါလျှင်၊ ကျွန်ုပ်ရေးသားသော၊ "မိဇ္ဈေဒါဇိ ဘာသာဘူမိကာ" ၌ ကြည့်ယူပါလေ။ ထိုစာပေတွင် များစွာသောသာဓကတို့၌ ဆန့်ကျင်သောကြောင့် ဤပါဠိသည် ကစ္စာယနဆရာ၏ စကားမဟုတ်ကြောင်း ပြထားပါသည်။ အကြောင်းကား၊ အကယ်၍ အဆိုပါသုတ်ကို အမှန်ယူမည်ဆိုက၊ ဝေဒသည် အစဉ်အဆက် ရှေးပဝေသဏီကဝင် ဆင်းသက်လာခြင်း မဖြစ်နိုင်ရာ။ ထနည်းအကြောင်းမှာလည်း ဖြာပဋ္ဌကျမ်းစာတို့၌များစွာသောရသေ့ ရသေ့ကြီးနှင့် ဘုရင်မင်းများ၏ရာဇဝင်ကိုလည်းရေးထား၏၊ ရာဇဝင်သမိုင်းကို၊ ပုဂ္ဂိုလ်မွေးပြီးနောက်မှ ရေးသားရလေရာ၊ ထိုထိုစာပေတို့သည်လည်း ပုဂ္ဂိုလ်မွေးဖွားပြီး နောက်မှ ရေးသားစီရင်ရမြဲ ထုံးစံရှိပေသည်။ ဝေဒကျမ်းဂန်တို့၌ တစုံတယောက်သောပုဂ္ဂိုလ်၏ ရာဇဝင်မရှိပေ၊ ပညာကိုသိစေအပ်သော သဗ္ဗါပုဒ်တို့ကိုသာ သုံးစွဲထားပေသည်။ ပုဂ္ဂိုလ်အထူး တစုံတယောက်၏ အမည်နာမသို့မဟုတ် ဝတ္ထုများ ဝေဒ၌မရှိချေ။

အမေး။ ။ဝေဒ၏အဖိတ်အပိုင်း မည်မျှပါနည်း?

အဖြေ။ ။ထထောင့်တရာ နှစ်ဆယ့်ခုနစ် ဖြစ်ပါသည်။

အမေး။ ။ထိုအပိုင်းတို့ကို ဘယ်လိုခေါ်ပါသေးသလဲ?

အဖြေ။ ။အဘွင့်ဟု ခေါ်ပါသည်။

အမေး။ ။လောကမှာ ပညာရှိတို့သည် ဝေဒ၏ အင်္ဂါကိုပင် အဖိဝ် အပိုင်းဟု ယူဆကြသည် မဟုတ်ပါလော?

အဖြေ။ ။နည်းနည်းလောက် စဉ်းစားပါအုံးတော့လား၊ အကြောင်းကား– အဖိဝ်အပိုင်းဟူသမျှသည် အထထလာယနစသော ရသေ့တို့၏ အမည်ဖြင့် ထင်ရှားပါသည်၊ မဏ္ဍုဘ်ပဒိတာ

သည်ကား ဘုရား၏အမည်ဖြင့်ထင်ရှားပါသည်။ ဗေဒင်လေးပုံကို ဘုရားသခင် စီရင်သည်ဟု မှတ်ယူဘိသကဲ့သို့ပင်၊ အသလာယန စသော အစိတ်အပိုင်းတို့ကို ထိုသို့ရသေ့တို့၏ စီရင်သော စာပေဟု မှတ်ယူကြပါသည်။ အားလုံးသော အစိတ်အပိုင်းတို့၌ မူလမန္တြာန်တို့ကို အခြေပြု၍ ဘွင့်ဆိုထား၏။ ဥပမာ— တဲတ္တိရိယ အပိုင်း၌ "ဣသေတွေ့ာဇေ်တွေတိ" စသော မူလပုဒ်ကိုယူ၍ ဘွင့်ဆိုထားပေ၏။ ထို့ပြင် ဝေဒသံဟိတာတို့၌ မည်သည့်ပုဒ်ပါဌ်ကိုမျှ ဟူ၍ ဆိုထားခြင်းမရှိပေ။ သို့ဖြစ်၍ ဘုရားသခင် စီရင်တော်မူခဲ့သော လေးပါးသောဝေဒသည် မူလပင် မဖြစ်၍ အသလာယန စသော အကိုင်းအခက်တို့ကား ရသေ့တို့ စီရင်သော စာပေဖြစ်၏။ ဘုရားဟောမဟုတ်ပေ။ အကျယ်ကိုလိုလျှင် "ရိဂွေဒါဒိဘာသျဘူမိကာ"တွင်ကြည့်ယူပါ။ ဥပမာ— မိဘတို့သည် မိမိတို့၏ သားသမီးများအပေါ်တွင် မေတ္တာတရားထား၍ ကြီးပွားတိုးတက်ခြင်းကို လိုလားဘိသကဲ့သို့ပင်၊ ဘုရားသည် လူအားလုံးတို့အပေါ်၌ မေတ္တာထား၍ ဝေဒတို့ကို ပြတော်မူခဲ့လေသည်။ အကြွင်းဝေဒပညာ၏ အစွမ်းကြောင့်၊ လူတို့သည် အဝိဇ္ဇာမှောင်မဲကြီးထဲမှရင်း၊ သံသယဘုကြူဠ်မှရင်း၊ ထွက်မြောက်လျက် ဝိဇ္ဇာနှင့် လောကဓာတ်ပညာ တည်းဟူသော နေရောင်ကို ရယူသည်ဖြစ်၍ အသုံးခွင်လန်း ဝမ်းမြောက်စွာ နေရပြီးလျှင် အတတ်ပညာနှင့် ချမ်းသာသုခတို့ကို တိုးတက်အောင်လုပ်ဆောင်နိုင်ပါစေ ဆိုသော စေတနာနှင့် ပြတော်မူခဲ့ခြင်းဖြစ်၏။

အမေး။ ။ဝေဒသည် မြဲသလော မမြဲသလော?

အဖြေ။ ။မြဲပါသည်။ ဘုရားသခင်သည် မြဲသောကြောင့် ၎င်း၏ ဉာဏ်တော် စသည့် ဂုဏ်တို့သည်လည်း မြဲပါသည်။ နိစ္စရုဝ ဖြစ်သော အရာဝတ္ထု၏ ဂုဏ်, ကံ, သဘာဝသည်လည်း နိစ္စရုဝဖြစ်၍ မမြဲသောအရာတို့၏ ဂုဏ် ကံ သဘာဝတို့ကား မမြဲပေ။

အမေး။ ။ဒီစာအရိုက်လဲ မြင်သလား?

အဖြေ။ ။မမြင်ပါ၊ စာအရိုက်ကား စက္ကူနှင့် မှင်ဖြင့် လုပ်ထားသောအရာ သာဖြစ်၍ ဘယ်လိုမြင်နိုင်မလဲ? ထိုသော်- သဒ္ဒါပုဒ်, အနက်, သမ္ဗန္ဓတို့ကား မြင်ပါသည်။

အမေး။ ။ဘုရားသည် ထိုရသေ့တို့အား ဉာဏ်အလင်းကို ပေး၍ ထိုရသေ့တို့က ထိုဉာဏ်အစွမ်းဖြင့် ဝေဒကို စီရင်ပေလိမ့် မည်၊ မဟုတ်နိုင်ဘူးလား?

အဖြေ။ ။ဉာဏ်သည် ဒြေသျုမေ့မှုနှင့် ကင်း၍ မဖြစ်နိုင်ပါ။ ဂါယတြီ စသော ဆန်း, သဒ္ဒဓာဒိ, ဥဏ္ဏိဂ္ဂ အနုဒိဂ္ဂ စသော သဒ္ဒ၏ အသိဉာဏ်ဖြင့် ဂါယတြီ စသော ဆန်းတို့ကို စီကုံးရာ၌ သဗ္ဗညုတဉာဏ်တော်ကို မရဘဲနှင့် မည်သူမျှ အားလုံး သောဉာဏ်နှင့် ယှဉ်သော ကျမ်းဂန်ကို စီရင်နိုင်လိမ့်မည် မဟုတ်ချေ။ ဟုတ်၏၊ ဝေဒကို သင်ယူပြီးနောက်၊ ဗျာကရဏ်း, နိရုတ္တိ, ဆန်းစသော ကျမ်းဂန်တို့ကို၊ ရသေ့ဆရာကြီးတို့က ပညာစာပေကို ဖြန့်ဖြူးရန်အလို့ငှါ စီရင်ခဲ့လေသည်။ အကယ်၍ ဘုရားသခင်ကသာ ဝေဒကိုမပြခဲ့ပါမူ၊ မည်သူမျှကျမ်းစာ တပုံတရာကို စီရင်နိုင်မည်မဟုတ်ချေ။ သို့ဖြစ်၍ ဝေဒသည် ဘုရားဟောဖြစ်၏။ ဤဝေဒနှင့်အညီ အားလုံးသူတို့ လိုက်နာ ကျင့်ကြံကြရာသည်။ အကယ်၍ တရုံတယောက်က တရုံ တယောက်အား- "သင့်အယူဘာလဲ?" ဟု မေးမြန်းအံ့။ "ငါ့အယူက ဝေဒအယူဝါဒ" ထိုနည်း ဝေဒကျမ်းဂန်က ဆိုထားသလို လိုက်နာပါသည်ဟုဖြေပါ။

ဤမှနောက်၌ ကန္တာဖန်ဆင်းခြင်း အကြောင်းအရာကို ရေးပေအံ့။ ဤသည်ကား ဗုဒ္ဓဘာရဘုရားနှင့် ဝေဒအကြောင်းကို အကျဉ်းမျှရေးသား ခြင်းဖြစ်၏။ ၇။

ဤသည်ကား သိရိမဒ ဒယာနန္ဒ သုရဿတီသာမီစီရင် အပ်သော သစ္စတ္ထပကာသကျမ်း၌ ကောင်းသော ဘာသာ စကားဖြင့် တန်ဆာ ဆင်အပ်သော ဣဿရ ဝေဒ၏ အကြောင်းအရာ ဆိုင်ရာ ခုနစ်ခုမြောက်အခဏ်းကဏ္ဍ ပြီးဆုံးခြင်းသို့ရောက်သတည်း။

အခဌမခဏ်း

ဘုရားသခင်၌ ကမ္ဘာကို ဖန်ဆင်း,တည်နေ, ပျက်စီးစေပုံ အကြောင်း အရာတို့ကို ပြပေအံ့။

က္ကယ်ံ ဝိဩြိ'သို့ယ်ထံ အာ ဗူဘူ ဝ ယဒ်' ဝါ ဒဧ ယဒ်' ဝါ နှ၊ ယော ဍဘျာသွိ' ကျွ်းပ ရမေဏျော်မွက္ကိ အှက် ဝေ်ဒ္ဓယဒ်'' ဝါ န ဝေ'ဒ။၁။

ထမ အာသိဂ္ဂမ်သာ ဂ္ဂစမဖြေ့ ပြကေတံ သံလိယံ သဇ်'မာ ရှိဒမ်၊ တုန္တုယေနာ ဘွပိ ဟိတံ ယဒါသိဂ္ဂပ်သည္တာန္ဟိနာ ဇာံယတဲကါမ်။၂။ (ရိ·မံ·၁၀၊သူ·၁၂၉၊မံ·၇၊၃။)

ဟိရဏျဂဘ်း သမ်ဝတ္တ်ိတာဂြေ' ဘူတသျဇာတး ပတိရေက် အာသိတ်၊ သ ဒါ' ဓာရ ပြိထွိဝိ' ချာမုတေမဲ့ ကသ္မဲ' ဒေဝါယ် ဟဝိသာ် ဝိဒေမ။၃။(ရိ·မံ·၁၀၊သူ·၁၂၁၊မံ·၁၊)

ဝုရှသ ဧဝဒေ သဗ်' ယဘ္ဘုတံ' ယစ္စ ဘာ ဗျံမ်၊ ဥတာမြိ'ဘတွေ့ေသျ သာ်နော ယဒန္နေနာတိ ရောဟ် တိ။၄။ (ယရုး·အ·၃၁၊မံ·၂။)

ယတော ဝါ ဣမာနိ ဘူတာနိ ဇာယန္တေ့ ယေန ဇာတာနိ ဇီဝန္တိ၊ ယတ်ပြယန္တျ ဘိသံဝိသန္တိ တဒွိဇိညာသသွ တဒ်ြဗြဟ္မ။၅။(တဲတိရိယော ပနိ·ဘြိဂုဝလ္လိ·အနု·၁။)

ဟော(အင်္ဂ)=အိုလူ့ဘို့! အကြွင်းသူဖြင့် ဤအထူးထူး အပြားပြားသော ဖန်ဆင်းခြင်းသည် ဖြစ်ကုန်၏၊ အကြွင်သူသည် ဆောင်ခြင်း, ပျက်ခြင်း (ကမ္ဘာပျီးလောင်စေခြင်း)ကိုပြု၏၊ အကြွင်ကမ္ဘာ၏အရှင်သခင်ဖြစ်သော သူ၏ပြန့်နှံ့၍တည်နေရာ၌ ဤအားလုံးသော ကမ္ဘာ၏ ဖြစ်ခြင်း, တည်နေခြင်း,ပျက်စီးခြင်းသို့ ရောက်၏၊ ထိုသူကား ဘုရားသခင် ပေတည်း၊ ထိုဘုရားသခင်ကို သင်သိသည်ဖြစ်၍ အခြားသူတို့အား ဖန်ဆင်း သူဟု မမှတ်လေနှင့်။၁။

ဤကမ္ဘာလောကကြီးတခုလုံးသည်၊ မဖန်ဆင်းမီ ရှေ့အချိန်က၊ အမိုက်မှောင်အတိပြီး၍ ညည်းကဲ့သို့မဲမှောင် နေပြီးလျှင် ခွဲခြားသိနိုင်ရန် မသိုက်ချေ၊ အားလုံးသော လောကကြီးသည် ကောင်းကင်ပြင်သဘွယ် ဖြစ်၏၊

ထိုမျှသော အတိုင်းမသိသော ဘုရားသခင်၏ ရှေ့တော်တွင်ကား တမေ့သကဲ့သို့ ဖိတ်ဖုံးသေးနုတ် နေလေသည်။ ထိုမှနောက် ဘုရားသခင်သည် မိမိ၏ စွမ်းအားတော်ဖြင့် ထိုကမ္ဘာကို ကာရဏာရုပ် (အကြောင်းတရား) ဖြင့် ကာရိယရုပ် (အကျိုးတရား) ဖြစ်လာစေတော် မူလေသည် ။၂။

အိုလူတို့! အကြွင်းနေစသော တန်ခိုးကြီးသော အရာဝတ္ထု တို့၏ တည်ရာ၊ ယခုဖြစ်ပြီးသော ကမ္ဘာလောက၊ ဖြစ်လတ္တံ့သော ကမ္ဘာလောက၏နှစ်ပါးမရှိ တပါးတည်းသာလျှင် ဖြစ်တော်မူသော လောကသခင် ဘုရားရှင်သည်၊ ဤကမ္ဘာကြီး မဖြစ်ပေါ်မှီ ရှေးအတို့ကပင် ထင်ရှားရှိတော်မူခဲ့လေသည်။ အကြွင်ဘုရားသည်၊ ပထဝီမြေကြီးမှ အစပြု၍ နေ့အဆုံးရှိသော ကမ္ဘာကို ဖန်ဆင်းတော်မူ၏၊ ထိုဘုရားရှင်အား ချစ်ကြည်လေးမြတ်စွာဖြင့် ရှိသေခြင်းကိုပြုကြလော့။၃။

အိုလူတို့! အားလုံး၌ ပြီးမြောက်ကုံလုံသော ယောဂျ်ားမြတ် ဖြစ်တော်မူသော၊ ပျက်စီးခြင်းမှကင်းသော အကြောင်းရင်းဖြစ်တော်မူသော အသက်ဇီဝ၏ အရှင်သခင် ဖြစ်တော်မူသော၊ အကြွင်ပထဝီ စသော သက်မဲ့နှင့်သက်ရှိသတ္တဝါတို့မှ၊ ကင်းလွတ် စင်ကြယ်တော်မူသော၊ ထိုဘုရား သခင်သည်ပင် ဤအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်နှင့်ဆိုင်ရာ ကမ္ဘာကို ဖန်ဆင်းသူဖြစ်တော်မူပေ၏။၄။

အကြွင်ဘုရား၏ ဖန်ဆင်းခြင်းဖြင့် ဤအားလုံးသော ပထဝီစသော မဟာဘုတ်တို့ ဖြစ်ပေါ်လာကုန်၏၊ အကြွင်အရာ၌ ဇီဝ=ဝိဉာဉ်၊ ပါဏ= အသက်တို့သည် မှီငြမ်းတည်နေကုန်၏၊ ပျက်စီးကုန်၏၊ ထိုအရာကား "ဗြဟ္မ" ပင်တည်း၊ ထိုဗြဟ္မကို သိလို၊ နားလည် လိုသော ဆန္ဒပြုကြလော့။၅။

စန္ဒာချလျှ ယထား။ (သာရိုရိက-သူ·အ·၁၊ပါ·၁၊သု·၂။)

အကြွင်ဘုရားကြောင့် ကမ္ဘာ၏ဖြစ်ပေါ်၊တည်နေ၊ပျက်စီးခြင်းဖြစ်၏၊ ထိုဘုရား(ဗြဟ္မ)သာ သိထိုက် ထိအပ်သော ပုဂ္ဂိုလ်ဖြစ်၏။

မေး။ ။ဤကမ္ဘာလောကသည် ဘုရားသခင်မှ ပေါ်ထွက်ပွါးဖြစ်ပေါ်လာသလော၊ သို့မဟုတ် အခြား တပုံတခုမှ ဖြစ်ပေါ်လာသလော?

အဖြေ။ ။နိမိတ္တ-ကာရဏ ဘုရားသခင်မှ ဖြစ်ပေါ်လာ၏၊ ထိုသော် ထိုကမ္ဘာလောက၏ ဥပါဒါန-ကာရဏ ကား၊ ရုပ်တရားပင် ဖြစ်သည်။

အမေး။ ။ဘယ်နှယ်လဲ? ရုပ်ကို ဘုရားက လုပ်ထာ မဟုတ်ဘူးလား?

အဖြေ။ ။မဟုတ်ဘူး၊ ရုပ်ဟာ **အစမရှိပါ။**

အမေး။ ။အစဆိုတာ ဘာကိုခေါ်သလဲ၊ အဘယ် အဘယ် အရာဝတ္ထု များဟာ၊ **အစမရှိပါသလဲ?**

အဖြေ။ ။ဈာသရ ဘုရား, ဇီဝ (=အသက်ဝိညာဉ်) နှင့် ကမ္ဘာ၏ အကြောင်းရင်း(=ရုပ်) ဤသုံးပါးသည် **အစမရှိပါ။**

အမေး။ ။သာဓကက ဘာလဲ?

အဖြေ။ ။ဒွါ သုံ ပုဏ္ဏာ ညယုဇာ သခါ'ယာ သမ္ဘန္နံ ဖြကုဇ္ဇံ ပရိသ်သွ ဇာတေ တယော် ဝုစ္စပိပ္ပလံ သွဒွ ဝတ္ထ၂နံ သွန္နမျော အဘိစာ်က သိတိ။၁။

(ရိ-မံ-၁-သူ-၁၆၄၊မံ-၂၀။)

သာသွတိဘျး သမာ်ဘျး။၂။ (ယဇု-အ-၄၀၊မံ-၈။)

(ဒွါ)အကြောင်ပြုသွနှင့် ဇီဝ နှစ်ပါးသည် (သုပဏ္ဏာ) အသိဉာဏ်နှင့် စောင့်ရှောက်ခြင်းစသော ဂုဏ်တို့၌ တူမျှ၏။(သယုဇာ)မြဲနှံ့၍ တည်ရာ, မြဲနှံ့၍တည်သူ အဖြစ်ဖြင့် ယှဉ်၍ (သခါယာ)အချင်းချင်း မိတ်အဖြစ်ဖြင့် အစဉ်အဆက် ဆင်းသက်လာသော **အစမရှိဖြစ်၏။** (သမာနမ်) ထို့ အတူပင်၊(ဖြကုဇ္ဇမ်)အစမရှိအဖြစ်ရင်းနှင့်တူသောကာရဏ(=အကြောင်း) အခက်နှင့်တူသောကာရယ (အကျိုးတရား) နှင့်ယှဉ်သော အပင်သဘွယ် ဖြစ်၏။ တနည်းဆိုရသော်,ဤသဘောတရားတို့သည်၊ မာကြောထုထဲ၍၊ ကမ္ဘာပျက်သောအခါ၌ ကွဲပြား ထိမ်မွေ့ သွားတတ်၏။ ထိုသုံးခုမြောက် သော ဆရာသည့်လည်း **အစမရှိဖြစ်၏။** ဤသုံးပါးထုံး၏ ဂုဏ်, ကံမှု, သဘာဝတို့သည်လည်း **အစမရှိ(အနာဒိ) ဖြစ်ကုန်၏။** ဤဇီဝနှင့် ပြုသွ နှစ်ပါးတို့တွင် တပါးဖြစ်သောဇီဝသည် ဤသစ်ပင်သဘွယ် ဖြစ်သော သံသရာကြီး၌ ကောင်းမှုမကောင်းမှုတည်းဟူသောအသီး (အကျိုးတရား)

တို့ကို၊ (သွာခွတ္တံ) ကောင်းစွာ ခံစား စံစား၏။ ရင်းပြင် တပါးသော ဘုရားရှင်သည်၊ ကံတရား၏အကျိုးတို့ကို (အနုဘု) မခံစားမူ၍ အရပ်လေးမျက်နှာ -ဝါ-အတွင်း အပြင် အားလုံးသောနေရာတို့၌ ထွန်းလင်းနေတော်မူ၏။ ဇီဝနှင့် ရူသလရ၊ ရူသလရနှင့် ဇီဝ၊ ထို့ပြင် ဤ နှစ်ပါးနှင့် ချုပ်တရား ပေါင်းသုံးပါးတို့သည်၊ခြားနားကွဲပြားသော သဘောတရားရှိ၍ အစမရှိ ဖြစ်ကုန်၏။ ၁။

(သာသွတီ) အစမရှိဘဲ အစဉ်အဆက် ဆင်းသက်တည်မြဲသော ဇီဝ တည်းဟူသော လူအပေါင်းတို့အလို့ငှါ၊ ဘုရားရှင်သည် ဝေဒစာပေဖြင့် အားလုံးသော ပညာတို့ကို သိစေတော်မူခဲ့၏။ ၂။

အဇာမေကာံ လောဟိတသုက္လကြိဿျာံ ဗဟွီးပြဇား သြိ
ဇမာနာံ သွရူပါး၊ အဇောဟျေကော ဇုသမာဏော အနုသေတေ
ဇဟာတျေနာံ ဘုက္တဘောဂါ မဇော အနျး။

(သွေတာသွတရောပနိသဒ၊အ-၄၊မံ-၅။)

ဤကား ဥပနိသျဒလာ စကားဖြစ်သည်။ ချုပ်, ဇီဝနှင့် ဘုရား ဤ သုံးပါးသည် အဇ=မမွေးဘွား မည်သည့်အခါမှ ပဋိသန္ဓေ မနေမူ၍ ဤသုံးပါးလုံးပင် ကမ္ဘာလောကကြီး၏ အကြောင်းတရား ဖြစ်ကုန်၏။ သို့သော် ဤသုံးပါး၏အကြောင်း တစုံတခုမရှိချေ။ အစမရှိသော ဇီဝ သည် အစမရှိသောချုပ်ကို ခံစားလျက် ငြိတွယ်နေ၏။သို့သော် ဘုရားကား မငြိတွယ်,မခံစားချေ ရူသလရနှင့်ဇီဝ၏ လက္ခဏာကို ရူသလရ-အကြောင်း တွင်ပြခဲ့ပါပြီ။ ယခုပကတိသဘာဝ-ချုပ်ဓာတ်လက္ခဏာကို ရေးပါအံ့။

သတ္တွရဇသ္တမသံ သာမျာဝသ္ထာ ပြကြိတိး ပြကြိတေမ်ဟာန်
မဟတော အဟင်ကာရော အဟင်ကာရတ် ပဉ္စတန္မာတြာဏျုဘယ
မိန္ဒြိယံ ပဉ္စတန္မာတြေဘျး သ္ထူလဘူတာနိ ပုရုသ ဣတိ ပဉ္စဝိံသ
တိဂဏး။ (သာံချသူ-အ-၁၊သူ-၆၁။)

(သတ္တ) သုဒ္ဓ=စင်ကြယ်ခြင်း (ရဇ) မိဇ္ဈိမ=အလယ်တန်းစား၊(တမး) သက်မဲ့-ဝါ-အသိဉာဏ်ကင်းမဲ့ခြင်း၊ ဤသုံးပါးပေါင်းရ၍ ဖြစ်လာသော အရာအခဲကိုပင်၊ ချုပ်-ဝါ- မူလသဘောတရားဟု ခေါ်ဆိုအပ်၏၊ ထိုချုပ်မှ မဟတ္တတ္တ-ခေါ်-အသိဉာဏ် (ဗုဒ္ဓိ) ထိုအသိဉာဏ်မှ အဟင်ကာရ၊ ထိုအဟင်

ကရမှ ငါးပါးသော(တံမကြာ)ထိမ်းမွေ့သောချစ်ခါတ် ငါးပါး=ဆယ်ပါး သောရုန်ငြွေ၊ တဆယ့်တပါးမြောက်ဖြစ်သော စိတ်(=မနော) ငါးပါးသော ခါတ်တို့မှ ပထာဝီစသော ငါးပါးသောမဟာဘုတ်များ ပေါင်း ၂၄-ပါး။ ၂၅–ပါးမြောက်ကား"ပုရုသ"-ဝါ-ဇီဝနှင့် ဘုရားသခင်ဖြစ်၏။ ဤတရားတို့တွင် ပကတိ(ချစ်ခါတ်)သည်ကား၊ မဖေါက်မပြန်တတ်သော သဘောတရားရှိ၏။ ထို့ပြင် မဟတ္တတ္တ, အဟံကာရ, ထိုအတူငါးပါးသော ထိမ်းမွေ့သော မဟာဘုတ်တို့သည် ပကတိသဘောတရား၏ အကျိုးတရား(ကာရယ)ဖြစ်၍ ရုန်ငြွေ,စိတ်နှင့်ရုံ့ရင်းသော မဟာဘုတ်တို့၏ အကြောင်းတရားဖြစ်၏။ ပုရုသ(=ဇီဝ=ရုသာရ)မူကား တစုံတခု၏ ပကတိသဘာဝ ဥပါဒါန် အကြောင်းလည်းမဟုတ်၊ တစုံတခု၏ အကျိုးလည်း မဟုတ်ချေ။

အမေး။ ။သဒ္ဒေဝ သော္မျေဒမဂ္ဂ အာသိတ်။ ၁။ (ဆာန္ဒော-ပြ-၆၊၁-၊)
အသဒ္ဓါ ရုဒမဂ္ဂ အာသိတ်။ ၂ ။ တဲတ္တိရိယောပနိ- ဗြဟ္မာ နန္ဒဝ- အနု- ၇။)

အတဲ့ ဝေဒမဂ္ဂ အာသိတ်။၃။ (ဗြိဟာ-အ-၁၊ဗြာ-၄၊မံ-၁။)
ဗြဟ္မ ဝါ ရုဒမဂ္ဂ အာသိတ်။၄။(သတ-၁၁၊၁၊၁၁၊၁။)

ဤကားဥပနိသျှဒကျမ်းဂန်များတွင် လာသောစကားဖြစ်၏။ဆိုသေ-တကော်ဟု၊ဤကမ္ဘာလောကသည်၊ မပန်ဆင်းမှီအခါက၊ သတ်-၁၊ အသတ်-၂၊ အတ္တ-၃၊ ဗြဟ္မရူပ-၄၊ ဖြစ်လေသည်။ ထို့မှနောက်၌—

တဒဲကျြတ ဗဟုးသျာံ ပြဇာယေယေတိ၊ သော အကာမယတ ဗဟုး သျာံ ပြဇာယေယေတိ။ (တဲတ္တိရိယောပနိ- ဗြဟ္မာနန္ဒဝလ္လိ-၊ အနု- ၆။)

ထိုဘုရားသခင်သည်ပင်၊ မိမိအလိုဆန္ဒဖြင့်၊ ရုပ်များစွာ ဖြစ်သွားလေသည်။

သဗ္ဗံ ခလွိဒံ ဗြဟ္မနေဟ နာနာသ္တိ ကိဉ္စန။

ဤသည်လည်း ဥပနိသျှဒလာ စကားဖြစ်သည်။ — ဤကမ္ဘာသည်၊ အမှန်စင်စစ်အားဖြင့် ဗြဟ္မပင်ဖြစ်၏၊ ထိုကမ္ဘာ၌ အခြား အထူးထူး အပြားပြားသော အရာဝတ္ထု တစုံတခု မရှိချေ။ ထို့ကြောင့် အားလုံး ဗြဟ္မရုပ်ပင်ဖြစ်၏။

အမေး။ ။ဘာ့ကြောင့် ဒီစကားတော်များကို၊ ဖျက်သိမ်းရတာလဲ၊ (ဘာ့ကြောင့်ထည့် အနက်ပေးထားလဲ) ? ဆဲဒိ ဥပနိသျှဒကျမ်းများမှာပင်—

[ဝေမေဝခလု] သောမျောန္ဟေန သုဂေ်နာပေါ မူလမန္ဝိစ္ဆာဒ္ဘိ သောမျ သုဂေ်န တေဇောမူလမန္ဝိစ္ဆ တေဇသာ သောမျ သုဂေ်န သန္မူလမန္ဝိစ္ဆ သန္မူလား သောမျေမား သဗ်ါးပြဇား သဒါယတနား သတ်ပြတိဋ္ဌား၊

(ဆာန္ဒောဂျ ဥပနိ· ပြ· ၆၊ ခံ· ၈၊ မံ· ၄။)

ဒိုသေတကေတု ! အစာ — အာဟာရရုပ် ပထဝီ၏ အကျိုးတရားဖြင့် ရေဟူသော မူလအကြောင်းတရားကို သိလော့။ အကျိုးတရားဟူသော ရေဖြင့်၊ တေဇ (တေဇောဓာတ်) မူလအကြောင်းတရားကိုရှင်း၊ တေဇဟူသော အကျိုးတရားဖြင့် အမြဲနိစ္စတည်နေသော ပကတိသဘာဝဓာတ် အကြောင်းတရားကို သင်သိလော့။ ဤမှန်သော ပကတိသဘာဝဓာတ်သည်ပင်၊ ကမ္ဘာအားလုံး၏ တည်နေရာ အိမ်ကြီးသဘွယ် ဖြစ်၏။ ဤကမ္ဘာတစုလုံးသည်၊ မဖန်ဆင်းခင်က၊ "အသက်" ကဲ့သို့၊ ဇီဝတ္တ, ဖြပ္ဖ, ပကတိ သဘာဝဓာတ်၌ ရောနှော ရှိနေခဲ့လေသည်။ အဘာဝ (=မရှိ)ကား မဟုတ်ချေ။ ခင်ဗျား၏ (သဗ်ခလု·) ဆိုသော စကားမှာ၊ "ဖျက်လှည့် ဆရာသည်၊ ထိုမှ ဤမှ ကျောက်ခဲ အုတ်ခဲကို ရလျက် အိမ်ဆောက်သည်," ဆိုသော စကားပုံမျိုးဖြစ်နေသည်။ အဘယ်ကြောင့်ဟူမူ—

သဗ် ခလွိဒံ ဖြပ္ဖ တဇ္ဇလာနိတိ သာန္တ ဥပါသီတ။

(ဆာန္ဒောဂျ· ပြ· ၃၊ ခံ· ၁၄၊ မံ· ၁။)

နေဟ နာနာဿိ ကိဉ္စန။ (ကဌောပနိ၊ အ· ၂၊ ဝလ္လိ·၄၊မံ·၁၁။)

ခန္ဓာကိုယ်၏ လက်ခြေစသော အင်္ဂါတို့သည်၊ ကိုယ်ခန္ဓာနှင့် အတူ ရှိနေသရွေ့ ကာလပတ်လုံး၊ အသုံးဝင်၍ ကိုယ်နှင့်တခြားစီ ဖြစ်သွားသောအခါ အသုံးမကျဖြစ်ဘိသကဲ့သို့ပင် မူလစကား အစီအစဉ်နှင့် စပ်သော ဝါကျသည် အသုံးကျ၊ အဓိပ္ပါယ်ရှိ၍ စကားအစီအစဉ်မှ ကင်းလွတ်သော ဝါ— မဆိုင်သော စကားနှင့် ပေါင်းစပ်သော ဝါကျကား၊ အဓိပ္ပါယ်

လွဲချော်ကင်းလေသည်။ နားထောင်ပါအံ့။ ဤဝါကျ၏ အနက်ကား–
''အိုသူတော်ကောင်း! သင်သည် ဤဖြစ်ပျက်မှုကိုဆည်းကပ်ပါ၊ အကြောင်းဖြစ်ပျက်မှုဖြင့် ကမ္ဘာ၏ ပေါ်ပေါက်ခြင်း၊ တည်နေခြင်း အသက်ရှင်ခြင်းဖြစ်၏၊ အကြောင်းမှုတို့ထိ၏ပြုလုပ်ခြင်း ဆောင်ရွက်ခြင်းဖြင့် ဤကမ္ဘာသည် ထင်ရှားရှိ၍ ဖြစ်ပျက်၏ အပေါ်အပေါင်း ဖြစ်နေ၏၊ ထိုဖြစ်ပျက်မှုတပါး၊ အခြားတရုံတယောက်ကိုမှ မပူဇော် မဆည်းကပ်လေနှင့်။ ဤအသက်ရှိ၍, မခွဲခြမ်းနိုင်, မပြောင်းလွဲနိုင်သောဖြစ်ပျက်မှု (ဘုရား)သည်၊ အထူးထူးအပြားပြားသော အရာဝတ္ထုတို့နှင့် ရောနှောနေသည်မဟုတ်။ ထို့သော် ဤအားလုံးသောအရာဝတ္ထုတို့သည် ခြားနားသော အသွင်အပြင်ဖြင့်၊ ဘုရားကိုပင် အားထားတည်နေကြကုန်၏။

အမေး။ ။ကမ္ဘာလောက၏ အကြောင်းကာရဏကား မည်မျှပါနည်း?

အဖြေ။ ။သုံးပါး။ ၁-နိမိတ္တ၊ ၂-ဥပါဒါန်၊ ၃-သာဓာရဏ။ နိမိတ္တ–ကာရဏဆိုသည်မှာ၊ အကြောင်းသူ၏ပြုလုပ်မှုကြောင့် ထရုံတရာ ဖြစ်လာ၏၊ မပြုလျှင်ကားမဖြစ်။ မိမိကိုယ်တိုင်က ပြောင်းလွဲ ဖြစ်လာသည်ကားမဟုတ်ပေ။ ဥပါဒါန်–ကာရဏဆိုသည်မှာ၊ အကြောင်းအရာမှကင်း၍ တရုံတရာမဖြစ်နိုင်၊ ထိုအရာသည်ပင် ပြောင်းလွဲ ဖြစ်လာ၏, ပျက်ပြား သွား၏။ တတိယမြောက် သာဓာရဏ- ကာရဏ ဆိုသည်မှာ၊ တရုံတခုကို ဖန်ဆင်း ပြုလုပ်ရာ၌ အကူအညီ အထောက်အပံ့ပေးသော သာဓာရဏ နိမိတ်ကိုဆိုသည်။ နိမိတ္တ- ကာရဏ နှစ်ပါးအပြားရှိ၏၊ တခုကား– အားလုံးသော ဖန်ဆင်းမှုကို အကြောင်းတရားဖြင့် ပြုလုပ် ဖန်ဆင်းခြင်း, ဆောင်ထားခြင်း, ဖျက်ဆီးခြင်း၊ ထို့အတူ အားလုံးကို နည်းလမ်းအတိုင်း စီစဉ်ထားရှိခြင်း ဟူသော လိုရင်း နိမိတ္တ- ကာရဏသည်ကား၊ ဘုရားသခင် ပင်ဖြစ်၏။ အခြား တခုကား– ဘုရားသခင် ဖန်ဆင်းထား သော အရာတို့မှယူ၍ အသွင်အမျိုးမျိုး အားဖြင့် ပြုလုပ်သော သာဓာရဏ နိမိတ္တ-ကာရဏ ''ဇီဝ'' ဖြစ်၏။ ဥပါဒါန်ကာရဏ–ပကတိသဘာဝ (ရုပ်ဓာတ်) ၌ ကမ္ဘာအားလုံးကိုဖန်ဆင်း ရန် အသုံးအဆောင် ဖြစ်သော ပရမာဏု-မြူမှုန်၏၊ ထိုအမှုန်

သည့် သက်မဲ့အရာဝတ္ထု ဖြစ်သောကြောင့် မိမိအလိုလိုမဖြစ် ပေါ်နိုင် မပျက်နိုင်ချေ။ သို့သော် အခြားသူကပြုလျှင် ဖြစ်၏ ပျက်လျှင်ပျက်၏။ အချို့အချို့သောနေရာ၌ သက်မဲ့အရာဝတ္ထု၏ နိမိတ္တ- ကာရဏ (အကြောင်း)ကြောင့် သက်မဲ့အရာဝတ္ထု ဖြစ်ပေါ်ခြင်း ပျက်စီးခြင်းလည်းရှိပေ၏။ ဥပမာ–ဘုရားသခင် ကဖန်ဆင်းထားသော အသီးမျိုးစေ့သည် မြေကြီးပေါ်၌ကျ၍၊ ရေကိုရရှိသဖြင့် အပင်ပေါက်လာ၏။ မီး စသည်လောင်ကျွမ်း ခြင်းကြောင့် ပျက်စီးခြင်းသို့လည်း ရောက်ရ၏။ သို့သော်, ဤနည်းလမ်းအတိုင်း ဖြစ်ခြင်း,ပျက်ခြင်းကား၊ ဘုရားနှင့် ဇီဝ၏တာဝန်ဖြစ်၏။ အကြင်တစုံတခုသောအရာဝတ္ထုကို ပြုလုပ်သောအခါ၊ ဉာဏ်, ထိုးထွင်းသိမြင်ခြင်း, ခွန်အား, လက်နှင့် အထူးထူး အပြားပြားသော နည်းနာ၊ ထို့ပြင် အရပ်မျက်နှာ (=ဒိသာ), အချိန်ကာလ, အာကာသ ဟူသော သာဓာရဏ ကာရဏ၊ ဥပမာ–အိုးလုပ်သော အိုးထိန်းသယ်သည် နိမိတ္တ၊ မြေစိုင်မြေခဲသည် ဥပါဒါန၊ ဇုတ်ချောင်း၊ အိုးထိန်းစက်ဝိုင်း စသည့် သာမညနိမိတ္တ၊ ဒိသာ, ကာလ, အာကာသ, အလင်းရောင်, မျက်စိ, လက်, ဉာဏ်,ပြုလုပ်မှု စသည်ကား၊ နိမိတ္တ သာဓာရဏ -ဝါ- နိမိတ္တကာရဏလည်း ဖြစ်၏။ ဤသုံးပါးသောအကြောင်း=ကာရဏမှ ကင်း၍ မည်သည့်အရာဝတ္ထုမှ မဖြစ်နိုင်၊ မပျက်နိုင်ရာ။

အခမေး။ ။ခေတ်သစ်ဝေဒါန္တိတို့ကား၊ ဘုရားတဆူတည်းကို သာလျှင် ကမ္ဘာလောက၏ တခုတည်းသော နိမိတ္တ-ဥပါဒါန ကာရဏ ဟု ယူဆကြပါသည်။

ယထောဏ်နာဘိး သြဇ္ဇိဓတေဂြိဟ္ဟတေစ။ (မုဏ္ဍကောပနိ•မုံ•၁ ခံ•၁၊ မံ•၇။)

ဤသည်ကား ဥပနိသျှဒစကားဖြစ်သည်။ ဥပမာ– ပင့်ကူကောင်သည် ပြင်ပမှ တစုံတခုသော အရာဝတ္ထုကို မယူဘဲ၊ မိမိကိုယ်တွင်းမှ ချည်မျှင်ကိုထုတ်ခါ၊ ကွန်ရက်ပြုလုပ်ပြီးလျှင် မိမိကိုယ်တိုင် ထိုကွန်ရက်၌ ကစားပျော်ပါးနေဘိသကဲ့သို့ပင်၊ ဘုရားသခင်သည်လည်း၊ မိမိမှ ကမ္ဘာ

ကိုဖန်ဆင်း၍ မိမိပင်ဖန်ဆင်းသူဖြစ်ပြီးလျှင်၊ မိမိကိုယ်တိုင်ပင် ပျော်ပါး ကစားနေတော်မူသည်။ ထိုသို့ ဘုရားသည် ချစ်အသွင်အမျိုးမျိုး ပြောင်း၍ ကမ္ဘာ၏ အသွင်အမျိုးမျိုးကို ဆောင်လိုသော ဆန္ဒဖြစ်ပေါ်လာသည့် အဘိုင်း အမျိုးမျိုးဖြစ်ပေါ်လာလေတော့သည်၊ အဘယ့်ကြောင့်ဆိုသော်—

အာဒါဝန္တေ့စ ယန္နာသ္တိ ဝတ္တမာနေပိ တတ္တထာ။ (ဂေါဍပါဒိယ ကာရိကာ ဂါထာ-၃၁။)

ဤ မဏ္ဍူကျောပနိသျှဒ်၏အာဂမ္မကာရိကာ ဖြစ်၏။ အကြွင်းအရာသည့် ပထမကမရှိ၊ အဆုံးတွင်မရှိ၊ ယခုပစ္စုပ္ပန်တွင်လည်းမရှိ။ သို့သော်၊ ကမ္ဘာ မဖန်ဆင်းခင်က၊ ကမ္ဘာသည်မရှိ၊ ဘုရားကားရှိ၏။ ကမ္ဘာမီးလောင်ပြီး နောက်တွင် ကမ္ဘာလောက ရှိတော့မည်မဟုတ်၊ ဘုရားတသူသာကျန် ရှိတော့မည်။ ဤသို့ဆိုခဲ့လျှင် ယခုပစ္စုပ္ပန်ကာလ၌ ကမ္ဘာတခုလုံးသည် ဘုရားဘာ့ကြောင့်မဖြစ်ဘဲနေရမလဲ?

အဖြေ။ ။သင့်စကားအတိုင်းသာ၊ ကမ္ဘာ၏ဥပါဒါန— ကာရဏသည် ဘုရားဖြစ်ပါမူ၊ ထိုဘုရားသည်ဖေါက်ပြန်တတ်သော၊ အသွင် ပြောင်းသော၊ ပျက်တတ်သောဘုရားဖြစ်ပေရာသည်။ ဥပါဒါ န—ကာရဏ၏ ဂုဏ်၊ ကိစ္စ၊ သဘာဝသည် အကျိုးတရား၌ လည်း လာလေ့ဖြစ်လေ့ထုံးစံရှိ၏။

ကာရဏဂုဏပုဗ္ဗကားကာယျဂုဏောဒိဋ္ဌော။ (ဝဲသေသိကသူ·အ·၂၊ အာ· ၁၊ သူ·၂၄)။

ဥပါဒါန— ကာရဏနှင့်အလားတူစွာအကျိုး (=ကာရိယ)၌ ဂုဏ်များ ဖြစ်တုန်သည် ဆိုခဲ့လျှင် ဘုရားသည် သစ္စိဒါနန္ဒ (သတ်၊ စိတ၊ အာနန္ဒ) သတ်၊ မဖေါက်မပြန်တတ်၊ စိတ၊ ထိမြင်တတ်ခြင်း၊ အာနန္ဒ၊ သုခချမ်းသာနှင့် ပြည့်စုံခြင်းသဘောတရားရှိ၏။ ကမ္ဘာသည် ကာရိယသဘောဖြင့် ဖေါက် ပြန်တတ်၏၊ အသိဉာဏ်မရှိ၊ ချမ်းသာခြင်းမှကင်းမဲ့၏။ ဗြဟ္မသည် ဇာတိ ပဋိသန္ဓေတည်နေဖွားမြင်ခြင်းမရှိ(အဇ)၊ ကမ္ဘာကား ဖြစ်ထွန်းပေါ်ပေါက် လာ၏။ ဘုရားကား ပကတိမျက်စိဖြင့် မြင်နိုင်သောအရာမဟုတ်၊ ကမ္ဘာ ကား မြင်နိုင်၏။ ဘုရားသည် အပိုင်းအခြား အကန့်အသတ်မရှိ၊ ကမ္ဘာ ကား အပိုင်းအခြားရှိ၏။ အကယ်၍ ဘုရားမှ ပထပီစသော အကျိုးတရား

များဖြစ်လာသည်ဆိုပါက၊ ထိုပထဝီ၏ သက်မဲ့ စသော ဂုဏ်တို့သည်လည်း ဘုရား၌ရှိပေရာသည်။ ဘုရား၌ အသိဉာဏ် ရှိသလိုပင် ပထဝီ စသည်မှာလည်းရှိရာသည်။ ပင့်ကူကောင် ဥပမာသည် သင့်အားထောက်ခံခြင်းမဟုတ်ဘဲ ကန့်ကွက်ခြင်းသာ ဖြစ်၏။ အကြောင်းကို ဆိုသော်၊ သက်မဲ့ပိုးချည်မျှင် ဥပါဒါန်နှင့် ဇီဝိတ္တသည် နိမိတ္တ-ကာရဏာဖြစ်၏။ ၎င်းသည်လည်း ဘုရားသခင်၏ ဆန်းကြယ်သော ဖန်ဆင်းမှု တန်ခိုးသတ္တိပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်၊ အခြားသတ္တဝါတို့ ကိုယ်တွင်းမှ ၎င်းကဲ့သို့သော ချည်မျှင်မျိုး မဖြစ်ပွားနိုင်ခြင်းကြောင့် ပေတည်း။ ၎င်းနည်းအတိုင်းပင် ဖြန့်နှံ၍ တည်နေသောဘုရားသည်၊ မိမိအတွင်းရှိ ဖြန့်နှံတည်ရာဖြစ်သော ရုပ်နှင့် ပရမာဏုမြူ တည်းဟူသော အကြောင်းတရားဖြင့် ထူထဲသော ကမ္ဘာလောကကို ဖန်ဆင်းတော်မူလျက်၊ ပြင်ပတွင် ထူထဲ ရုန့်ရင်းသောရုပ်ကိုဆောင်၍ မိမိကိုယ်တိုင် ထိုရုပ်- သောကာ၌ ဖြန့်နှံခါ၊ ကြီးကြပ်စီမံလျက်၊ ချမ်းသာသုခကို ခံစား နေတော်မူသည်။ ဘုရားသခင်က၊ "ငါသည် ကမ္ဘာအားလုံးကို ဖန်ဆင်းခါ၊ ထင်ရှားစေအံ့" ဟု တွေးတောမှုလိုသောဆန္ဒ ဖြစ်တော်မူလေသည်။ တနည်းဆိုရသော်၊ ကမ္ဘာကြီး ဖြစ်ပေါ်လာမှသာ၊ သတ္တဝါတို့၏၊ စဉ်းစားမှု၊ အသိဉာဏ်၊ ဈာန်ဝင်စားခြင်း၊ ပောာပြော ပြသခြင်း၊ နာယူခြင်းတို့၌ ဘုရားသည် ထင်ရှားလာ၍ အလွန် ထူထဲရုန့်ရင်းသော အရာဝတ္ထုတို့နှင့် တကွ၊ ထင်ရှားဖြစ်ပေသည်။ ကမ္ဘာပျက်သော အခါ၌ကား၊ ဘုရားနှင့် သံသရာမှ ထွက်မြောက်ပြီးသော ပုဂ္ဂိုလ်တို့မှတပါး အခြားတစုံတယောက်မျှ မသိတော့ပေ။ ထိုဘာရိကာကား အမှားဖြစ်၏။ အကြောင်းကိုဆိုသော်၊ ကမ္ဘာဖန်ဆင်းစဉ်၌ရင်း၊ ပျက်စီးသောအခါ၌ရင်း၊ ကမ္ဘာသည် ထင်ရှား မရှိလေ။ ကမ္ဘာပျက်သည်ကစ၍ နောက်ထပ် မဖန်ဆင်းမှီ စပ်ကြားတွင် ကမ္ဘာ၏ အကြောင်းရင်း (ရုပ်ဓာတ်) သည်၊ သိမ်မွေ့သည်ဖြစ်၍ မထင်မရှား ရှိနေလေသည်။ အဘယ့်ကြောင့်ဆိုသော်—

တမ် အာသီတ္တမ်သာ ဂူဠမဂြေ။ (ရို. မံ. ၁၀၊ သူ. ၁၂၉၊ မံ. ၃။) ရိဂ္ဂေဒအဆိုဖြစ်၏။

အာသိဒိဒံ တမောဘူတ မပြဉာတမလက္ခဏမ်၊ အပြတကျံ မဝိဇ္ဇေယံ ပြသုပ္တမိဝ သဗ်ထး။ (မနု. ၁၊ ၅။)

ဤကမ္ဘာတခုလုံးသည် မဖန်ဆင်းမီက၊ ပျက်စီးနေစဉ် အမှောင်ထုအတွင်း၌ အမိုက်မှောင်အတိ ဖုံးလွှမ်းလျက် ရှိလေသည်။ ထိုအချိန်ကာလ၌၊ တစုံတယောက် မသိကောင်း၊ စဉ်းစားခြင်းငှါ မတတ်ကောင်း၊ ရှုမြင်ခြင်းဖြင့် သိနိုင်မြင်နိုင်လောက်သော ထင်ရှားသော အမှတ်အသားလည်း မရှိခဲ့၊ ရှိမည်လည်းမဟုတ်။ သို့သော်, ယခုပျက်မှောက်တွင်ကား၊ သိအပ်၏၊ ထင်ရှားသော အမှတ်သင်္ကေတနှင့် ယှဉ်သည်ဖြစ်၍ သိအပ်မြင်အပ်၏။ စည်းကမ်းအတိုင်း ရယူအပ်၏။ တဖန် ထိုကာရိကာ (အဘွင့်ဋီကာဆရာ)က၊ ယခုပဌမဖြန့်၌လည်း၊ ကမ္ဘာ၏အဘာဝ (=ပရမတ်အားဖြင့် ထင်ရှား မရှိ) ဟု ရေးခြင်းမှာ၊ လုံးဝယုတ္တိကင်းမဲ့၏၊ အကြောင်းကား ယုတ္တိသာကေဖြင့် သိသောအရာသည်၊ တလွဲတခြား မဖြစ်နိုင်ရာ။

အမေး။ ။ကမ္ဘာကို ဖန်ဆင်းရာ၌ ဘုရား၏ ရည်ရွယ်ချက် ဘာလဲ ?

အဖြေ။ ။မဖန်ဆင်းရာ၌ကား၊ ဘာရည်ရွယ်ချက်လဲ ?

အမေး။ ။အကယ်၍ မဖန်ဆင်းခဲ့သျှင် ဘုရားသခင်သည် သန္တိသုခချမ်းသာ၌ နေတော်မူရပြီးလျှင် သတ္တဝါတို့ အားလည်း ချမ်းသာခြင်း ဆင်းရဲခြင်း မဖြစ်ပေရာ။

အဖြေ။ ။ဤသည်ကား၊ လူပျင်း, လူဖျင်းတို့ စကားသာဖြစ်၏၊ လုံ့လဝီရိယ ရှိသူတို့ စကားမဟုတ်ချေ။ ထို့ပြင် သတ္တဝါတို့အား ကမ္ဘာပျက်ရာ၌ အဘယ်သို့သော သုခ, ဒုက္ခဖြစ်သလဲ ? ကမ္ဘာဖန်ဆင်းခြင်းဖြင့် ရအပ်သော သုခ, ဒုက္ခနှင့် နှိုင်းစာလျှင်၊ သုခချမ်းသာသည် အဆပေါင်းများစွာ ပိုလာ၏၊ ထို့ပြင် များစွာကုန်သော စိတ်နှလုံး ဖြူစင် မြင့်မြတ်သော သတ္တဝါတို့သည် သံသရာမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်ခါ မောက္ခ(=နိဗ္ဗာန်) ချမ်းသာကို ခံစားရလေသည်။ ကမ္ဘာပျက်စဉ်ကာလတွင် သတ္တဝါတို့သည် အိပ်ပျော်နေဘိသကဲ့သို့၊ မိန်းမောနေကြလေသည်။ ကမ္ဘာမပျက်မှီ ရှေ့[illegible]၌၊ သတ္တဝါတို့အား ကောင်းကျိုး မကောင်းကျိုးကို ဘု[illegible] အဘယ်ထို

ပေးနိုင်မလဲ၊ သတ္တဝါတို့ ဘာ့ကြောင့် ခံစားနိုင်တော့မလဲ၊ အကယ်၍ ထရုံဘဲဧယာကတ်က၊ "မျက်စိရှိခြင်း ရည်ရွယ်ချက်ဘာလဲ ?" သင့်အား မေးလာခြားအံ့၊ သင်က-"ကြည့်ဖို့ရန်" ဟု ဖြေပေလိမ့်မည်၊ ဗိလိုဆိုလျှင်, ဘုရားသခင်၌ ကမ္ဘာကို ဖန်ဆင်းရန်အတွက် ရှိထားသော အသိဉာဏ်, စွမ်းအားနှင့် တိမ့်တော်တို့၏ ရည်ရွယ်ချက်ဟာ ဘာလဲ? ကမ္ဘာကို မဖန်ဆင်းဘဲ နေတို့သလား ? မေးလျှင် သင်သည် တခြားဘာမှ ဖြေထက်တော့မည်မဟုတ်၊ ဘုရား၏ တရားရှိခြင်း, ဆောင်နိုင်ခြင်း, သနားတတ်ခြင်း စသော ဂုဏ်တို့သည်လည်း၊ ကမ္ဘာကို ဖန်ဆင်းပါမှ၊ ထင်ပေါ်အကျိုး ရှိနိုင်ပေလိမ့်မည်၊ ထို ဘုရား၏ အဆုံးမရှိသော စွမ်းအားသည်၊ ကမ္ဘာကိုဖန်ဆင်း, တည်နေ, ဖျက်သိမ်းခြင်းနှင့် တရားအတိုင်း စီမံဖန်တီးခြင်းကို ပြုပါမှ၊ အကျိုးများပေလိမ့်မည်၊ (စွမ်းအားရှိကျိုး နပ်ပေလိမ့်မည်)။ မျက်စိ၏ပကတိသဘာဝဂုဏ်သည် ကြည့်ခြင်း,မြင်ခြင်း ဖြစ်ဘိသကဲ့သို့ပင် ဘုရား၏ ပကတိ သဘာဝ ဂုဏ်သည်လည်း၊ ကမ္ဘာကို ဖန်ဆင်းခါ၊ အားလုံးသော သတ္တဝါတို့အား၊ မရေတွက်နိုင်သော အရာဝတ္ထု၊ အသုံးအဆောင်တို့ကိုပေးလျက်၊ ပရဟိတအကျိုးကို ဆောင်ခြင်းပင်ဖြစ်၏။

အမေး။ ။မျိုးစေ့သည် ပထမလော၊ အပင်သည် ပထမလော?

အဖြေ။ ။မျိုးစေ့ဗီဇသည် ပထမဖြစ်၏၊ အကြောင်းကား၊ ဗီဇ,ဟေတု, နိဒါန,နိမိတ္တ,ကာရဏ စသော ပုဒ်များ၏အနက်သည် အတူတူပင်ဖြစ်၏။ အကြောင်း = ကာရဏ၏ အမည် နာမသည် "ဗီဇ" ဖြစ်ခြင်းကြောင့်၊ အကျိုး = ကာရယမှ ရှေ့အတို့၌ဖြစ်ပေ၏။

အမေး။ ။ဘုရားသည် အဆုံးရုံသော စွမ်းအားနှင့် ပြည့်စုံသူ (=သဗ္ဗသတ္တိမာ) ဖြစ်သည်ဆိုပါက၊ ထိုဘုရားသည် အကြောင်း = ရုဏရထနှင့် ဗီဇ = အသက်ဝိညဉ်ကိုပါ ဖန်ဆင်းနိုင်သည်၊ အကယ်၍ မထုပ်နိုင်ဘူးဆိုပါက၊ သဗ္ဗသတ္တိမာ မဖြစ်နိုင်ရာ၊

အဖြေ။ ။သဗ္ဗညုတ္တိမာ = အသုံးရုံးသောစွမ်းအားနှင့် ပြည့်စုံသူဆိုသော ပုဒ်၏ အနက်အဓိပ္ပါယ်ကို အထက်ကလည်း ရေးခဲ့ပါပြီ။ သို့သော်, မဖြစ်နိုင်သော (အမှု) အရာကို ပြုခြင်းကိုပင် သဗ္ဗညုတ္တိမာ ဟု ခေါ်ရမှာလား။ အကြင် ထရုံထယောက်သည်၊ မဖြစ်နိုင်သောအမှုကို ထနည်း, အကြောင်းမရှိဘဲနှင့် အကျိုးတရားကို ပြုနိုင်သည်ဆိုပါလျှင်၊ အကြောင်းတရားမှ ကင်း၍ အခြားတပါးသောဘုရားကို ပြုလုပ်ခြင်း။ ၎င်းပြင် မိမိကိုယ်တိုင် သေခြင်း, အသိဉာဏ်ကင်းမဲ့သူ, ဆင်းရဲသူ, မတရားပြုကျင့်သူ, ညစ်ပတ်သူ, လူဆိုးသူဆိုး စသည်လည်း ဖြစ်နိုင်သည် ဟုတ်,မဟုတ်? အကြင်သဘာဝ နိယာမ တရားအားလျော်စွာ၊ ဥပမာအားဖြင့်- မီးသည် ပူခြင်း,ရေသည် အေးခြင်း, ပထဝီမြေကြီး စသော သက်မဲ့ဝတ္ထုတို့ကို ဆန့်ကျင်ဘက်ဖြစ်သောဂုဏ်ဖြင့် ဘုရားလည်းမပြုနိုင်။ ထို့ပြင်ထချက်မှာလည်း ဣဿရဘုရား၏စည်းမျဉ်း (နိယာမတရား) သည် မှန်၍ ပြည့်စုံသောကြောင့် ပြောင်းလွဲပြုပြင်ခြင်း မလုပ်နိုင်။ သို့ဖြစ်သောကြောင့်၊ သဗ္ဗညုတ္တိမာ ဆိုသော ပုဒ်၏အနက်ကား၊ ဘုရားသခင်သည် သူတပါး၏ အကူအညီကို မယူဘဲနှင့် မိမိ၏ အားလုံးသော ကိစ္စတော်တို့ကို၊ ပြီးစီးစေနိုင်တော်မူသည်။

အမေး။ ။ဘုရားမှာ၊ ရုပ်ရေအင်္ဂါ အခြင်းအရာ (သာကာရ) ရှိသလော (နိရာကာရ) ရုပ်ရေအင်္ဂါ မရှိလော။ အကယ်၍ ရုပ်ရေအင်္ဂါ မရှိဆိုပါက၊ လက်ခြေစသော အင်္ဂါမှကင်း၍ ကမ္ဘာကို ပြုလုပ်ဖန်ဆင်း နိုင်မည်မဟုတ်။ ရုပ်ရေအင်္ဂါ လက်ခြေရှိပါမူကား၊ အပြစ်မရှိပါ။

အဖြေ။ ။ဣဿရဘုရားမှာ၊လက်ခြေအင်္ဂါ ပုံသဏ္ဌာန်မရှိ၍ နိရာကာရ ဖြစ်ပါသည်။ အကယ်၍ သာကာရ=ကိုယ်ခန္ဓာရှိသည်ဆိုက၊ ထိုသူသည် ဘုရားမဟုတ်နိုင်။ အဘယ့်ကြောင့်ဆိုသော်, ထိုသူသည် ပိုင်းခြားသတ်မှတ်အပ်သော (အကန့်အသတ်ရှိသော) စွမ်းအားသတ္တိနှင့်ယှဉ်၍၊ ဒေသ, ကာလ, ဝတ္ထုတို့၌ အပိုင်း

အခြားရှိခြင်း၊ မွတ်သိပ်ဆာလောင်ခြင်း၊ ဗိုင်းပြတ်၊ ခြားနားခြင်း၊ ပူခြင်းအေးခြင်းဖျားနာခြင်း၊ နာကျင်ခြင်းနှင့်တကွ ဖြစ်ရပေလိမ့်မည်။ ထိုကဲ့သို့ဖြစ်လျှင် ဇီဝမှုကင်း၍ ရူပသရုဏ်ဂုဏ်ဘယ်တော့မှ မဖြစ်မရှိနိုင်ရာ။ ဥပမာ — သင်နှင့်ငါတို့သည် ကိုယ်ခန္ဓာကို ဆောင်သောသူများ (သာကာရ) ဖြစ်ခြင်းကြောင့်၊ ဩသရေကျာ၊ အကျေ၊ ပရမာကျာနှင့် မူလချုပ်ခါတ်ကို မပိုင်စိုးနိုင်သလို၊ ထိုချုန့်ရင်းသော ကိုယ်ခန္ဓာရှိသော ဘုရားသည်လည်း၊ ထိုသိမ်မွေ့လှသော အရာဝတ္ထုတို့ဖြင့် ဤချုန့်ရင်းသော ကမ္ဘာကြီးကို မဖန်ဆင်း မပြုလုပ်နိုင်ရာ။ ဘုရားသည် ဘုတချုပ်ပေါင်းဖြစ်သော ရှုမြှော် လက် ခြေစသော အင်္ဂါအစိပ်အပိုင်းမှ ကင်းတော်မူ၏၊ သို့သော်, သူ့မှာ အဆုံးမရှိသော သတ္တိစွမ်းအားရှိ၏၊ ထိုစွမ်းအားဖြင့် အသက်ဝိဉာဉ်နှင့် ချုပ်ခါတ်တို့က မပြုစွမ်းနိုင်သော ကိစ္စတို့ကို၊ ပြုတော်မူ၏။ ထိုဘုရားသည် ချုပ်ခါတ်ဆက်လည်း ပိုမိုသိမ်မွေ့၍၊ ထိုချုပ်၌ပြန့်နှံ့၍ တည်နေနိုင်ခြင်းကြောင့်သာ၊ ထိုချုပ်ခါတ်ကို ဖမ်းယူ၍ ကမ္ဘာလောကဖြစ်အောင် ပြုလုပ်တော်မူ၏။

အမေး။ ။ဥပမာ — လူစသော သတ္တဝါတို့၏ မိဘတို့သည် ချုပ်ရေအင်္ဂါရှိသောကြောင့် ထိုသူတို့၏ သားသမီးတို့မှာလည်း ချုပ်ရေအင်္ဂါရှိကြ၏။ အကယ်၍ မိဘတို့မှာ မရှိပါမူကား၊ သားသမီးတို့မှာလည်း ရှိမည်မဟုတ်။ ဤပုံဥပမာအတိုင်းပင် အကယ်၍ ဘုရားမှာ ချုပ်ရေအင်္ဂါမရှိ ဖြစ်ပါက၊ ၎င်းဘုရားက ပြုလုပ်ဖန်ဆင်းသော ကမ္ဘာသည်လည်း၊ ချုပ်ရေအင်္ဂါ အခြင်းအရာပုံသဏ္ဌာန်မရှိ (နိရာကာရ) ဖြစ်သင့်သည် မဟုတ်ပါလော ?

အဖြေ။ ။ဒီအမေးပုစ္ဆာဟာ၊ ခလေးကလေး အမေးမျိုး ဖြစ်ပါသည်။ အကြောင်းကား — ဘုရားသည် ကမ္ဘာ၏ ဥပါဒါန — ကာရဏမဟုတ်ဘဲ နိမိတ္တ — ကာရဏသာ ဖြစ်ကြောင်း ကျွန်ုပ်ပြောခဲ့ပါပြီ၊ အကြွင်းချုန့်ရင်းသော အရာသည်၊ ချုပ်ခါတ်နှင့် ပရမာကျာမြူဖြင့် ပြုလုပ်အပ်သော ကမ္ဘာလောက၏ ဥပါဒါနကာရဏဖြစ်၏။ ထိုအရာတို့သည် နိရာကာရ, တခုည်း, အရူပ

မဟုတ်ပေ။ သို့သော်, ဘုရားထက် ချွန်ရင်း — ထူထဲ၍ အခြားသော အကျိုးတရားဖြစ်သော အရာဝတ္ထုတို့ထက်ကား ထိမ်မွေ့သော အသွင်အပြင် ရှိကုန်၏။

အမေး။ ။ဘယ်လိုလဲ? အကြောင်းမှကင်း၍ ဘုရားသည် အကျိုးကို မပြုနိုင်ဘူးလား?

အဖြေ။ ။မပြုနိုင်ဘူး။ အကြောင်းကား၊ ထင်ရှားမရှိသော (အဘာဝ) သည်၊ ထင်ရှားရှိ၍၊ မဖြစ်နိုင်ပါ။ ဥပမာ— "ကျွန်ုပ်သည် အမြုံမ၏ သားနှင့်သို့းတို့ မင်္ဂလာဆောင်ကို မြင်ခဲ့ပါသည်၊ ထိုသူတို့သည် လူဦးချိုကို လုပ်သော လေးနှင့် ကောင်းကင်ပန်းကိုကုံးသော ပန်းကုံးကို ဝတ်ဆင်ထားကြ၍၊ တံလျှပ်တွင် ရေချိုးခါ ဂန္ဓဗ္ဗမြို့တွင် နေကြပါသည်။ ထိုမြို့တွင် မိုးယံသား တိမ်တိုက်မရှိဘဲ မိုးယံရွာ၍ မြေကြီးမရှိဘဲ ကောက်ပဲများ ဖြစ်ပွားပါသည်"– ဟု တရုတ်ယောက်က၊ ပုံတမ်းစကား ပြောဘိသကဲ့သို့၊ အကြောင်း မရှိဘဲ အကျိုး မဖြစ်နိုင်ချေ။ တနည်း ဥပမာဆိုရသော်, တရုတ်ယောက်က–"မမ မာတာ ပိတရော န ဗြဟ္မာဟ မေဝ မေဝစာတား၊ မမရခေ စိဂ္ဂါနာဗ္ဗိ ဝဒါမိ စ"၊ (=ကျွန်ုပ်သည် မိဘမရှိဘဲ၊ မိမိအလိုအလျောက် မွေးဘွားလာပါသည်၊ ကျွန်ုပ်၏ပါးစပ်တွင် လျှာမရှိဘဲနှင့် စကားပြောပါသည်)။ "တွင်းခေါင်း၌ ခြေမရှိဘဲ ထွက်လာသည်၊ ငါနှင့်သူတို့ဘယ်မှာမှမရှိဘဲနှင့် ငါတို့အားလုံးလာကြပါသည်" ဟု ဆိုခြားအံ့၊ ဤကဲ့သို့သောစကားတို့ကား၊ အချည်းစကားမျှသာဖြစ်၏။

အမေး။ ။အကယ်၍ အကြောင်းမှကင်း၍ အကျိုးမဖြစ်နိုင် ဆိုခဲ့လျှင်၊ အကြောင်း (=ကာရဏ)၏ အကြောင်းကား အဘယ်နည်း?

အဖြေ။ ။သက်သက် ကာရဏသဘောသာ ရှိသော အရာသည်၊ တရုံတခု၏အကျိုးမဖြစ်နိုင်။ တရုံတခု၏အကြောင်းနှင့် တရုံတခု၏အကျိုးသည်၊ တခြားစီဖြစ်၏။ ဥပမာ— ဝထပီဒိမိစသည်တို့၏အကြောင်း (=ကာရဏ) နှင့်ရေစသည်တို့၏ အကျိုး

သည်ဖြစ်၏၊ ထို့ကြောင့်, မူလ ကာရဏဖြစ်သော ရုပ်ဓာတ် ကား အစမရှိ– အနာဒိ ဖြစ်ပေသည်။

မူလေ မူလာဘာဝါဒ မူလံ မူလမ်။ (သံချုသု-အ-၁၊သု-၆၇)။ မူလ ၏မူလ (ဝါ) ကာရဏ၏ ကာရဏမရှိ၊ ဤနည်းဖြင့် အကာရဏသည် အားလုံးသောအကျိုး(ကာရယ) တို့၏ ကာရဏဖြစ်ပေသည်။ အကြောင်း ကား တရုံတခုသောအကျိုး၏အစပြုစဉ် ရွှေ့အဘို့၌ အကြောင်းသုံးပါး ရချိရှိလေသည်။ ဥပမာ– အဝတ်အထည် မရက်မှီ ရှေ့အဘို့၌ (၁) ရက်ကန်းသယ်၊ (၂) ခြည်၊ (၃) ရက်ကန်းစင် စသော အကြောင်းတို့ ကြောင့် အထည်အဝတ် ထည်းဟူသော အကျိုး ဖြစ်လာ လေသည်။ ထိုနည်းတူစွာ ကမ္ဘာမဖြစ်ပေါ်မှီက၊ ဘုရား,ရုပ်ဓာတ်,ကာလ,အကာသ နှင့် ဇီဝတို့၊ အစမရှိ အမြဲတန်း ထည်ရှိလာသောကြောင့် ဤလောက ခါတ်ကြီး ပေါ်ထွန်းလာရပေသည်။ အကယ်၍သာ၊ အဆိုပါအကြောင်း တရားတရုံတရာ မရှိခဲ့ဘူးဆိုပါက၊ ကမ္ဘာလောကလည်း မဖြစ်နိုင် မရှိ နိုင်ရာ။

အတြေ နာ ဋ္ဌိကာ အာဟုး,သုချ် ထတ္တ ဘာဝေါ ဗိနသျတိ ဝဋ္ဋုခမ် ထွာ၆္ခနာသသျူ၊၁။ (သံချုသု-အ-၁၊သု-၄၄)။

အဘာဝါဒ် ဘာဝေါတ္ပတ္တိနာ်ဒ္ဓ ပမြိရျ ပြာဒုဘာ်ဝါတ်။၂။

ဤသွရး ကာရဏံ ပုရုသ ကမ်ာဖလျဒသ်နာတ်။၃။

အနိမိတ္တတော ဘာဝေါပ္ပတ္တိး ကဏ္ဍက တိက္ချ ဏျာဒိဒသ် နာတ်။၄။

သဗ်မနိတျမုတ္ပတ္တိ ဗိနာသမ်ကတွာတ်။၅။

သဗ် နိတျံ ပဉ္စဘူတနိတျတွာတ်။ ၆။

သဗ် ပြိထဂ် ဘာဝလက္ခဏ်ပြိထကတွာတ်။ ၇။

သဗ်မဘာဝေါ ဘာဝေဿွိတရေတရာဘာဝသိဒ္ဓေး။ ၈။

(နျာယသု- အ- ၄၊ အာ- ၁)။

ဤနေရာ၌ နတ္ထိကဗိဒ္ဓိတို့က၊ "သုည"သည်ပင် အရာဝတ္ထုတပါး ဖြစ်သည်ဟု ဆိုကြ၏၊ မဖန်ဆင်းမီက၊ သုညရှိခဲ့၏၊ အဆုံးတွင် သုည

ဖြစ်မည်၊ အကြောင်းကိုဆိုသော်, ယခု ပစ္စုပ္ပန်တွင် ထင်ရှားရှိသော အရာဝတ္ထုတို့သည် (အဘာဝ) ပျောက်ကွယ်ပြီးချောင် သုညဖြစ်သွားပေလိမ့်မည်။

အဖြေ။ ။သုည, အာကာသ၊ မမြင်နိုင်သောအရာ၊ အဝကာသနှင့် ဗိန္ဒုကိုလည်း ခေါ်သည်၊ သုညသည်ကား သက်မဲ့အရာဝတ္ထုဖြစ်၏။ ဤသုည၌ အားလုံးသော အရာဝတ္ထုတို့သည်၊ မမြင်နိုင်။ ဥပမာ — ဗိန္ဒု(=အစက်ကလေး) တခုဖြင့် အရေးအကြောင်း, အရေးအကြောင်းတို့ဖြင့် ကွက်လပ် (အကျယ်အဝန်း) ဖြစ်ခြင်းကြောင့် မြေကြီးတောင်စသည် ဘုရား၏ ဖန်ဆင်းမှုကြောင့် ဖြစ်ကုန်၏။ ထို့ဖြင့် သုညကို သိသူကား သုည မဖြစ်ချေ။ ၁။

ဒုတိယနတ္ထိကဗိဋ္ဌိက — ထင်ရှားမရှိခြင်း (အဘာဝ) မှ ရှိခြင်း (ဘာဝ) ဖြစ်လာခြင်းကို ဆို၏။ ဥပမာ — ဗီဇမျိုးစေ့ကို မဖိုက်ဘဲနှင့် အညှောက်မထွက်နိုင်၊ သို့သော်, မျိုးစေ့ကို ခွဲဖိ၍ကြည့်လျှင် အညှောက်ကို မတွေ့ရ၊ အစက အညှောက် မတွေ့ရသဖြင့် ထင်ရှား မရှိသော အရာမှ ထင်ရှား ဖြစ်လာခြင်း (=အဘာဝမှ ဘာဝဖြစ်လာခြင်း) ဟု ယူဆလေသည်။

အဖြေ။ ။မျိုးစေ့ကို စေ့စွေးမြေ့စေသော အညှောက်သည်၊ ရှေးမဆွကပင် ထိုမျိုးစေ့၌ ရှိနေသောကြောင့်သာ၊ ထွက်လာနိုင်သည်၊ ပထမကပင် မရှိက၊ မည်သည့် အခါမှ မထွက် မပေါက်နိုင်ရာ။ ၂။

တတိယမြောက် နတ္ထိက၏ အဆိုမှာ — ကံ ကံ၏အကျိုးကား၊ လူက ကံကို ပြုခြင်းကြောင့် ရသည်မဟုတ်၊ များစွာသော ကံတို့၏အကျိုးအချည်းနှီး ဖြစ်သည်ကို တွေ့ရသည်၊ ထိုဖြစ်သောကြောင့် ကံတို့၏ အကျိုးတရားကို ရခြင်းသည် ဈာထာရဘုရား၏ လက်ထဲတွင် ရှိနေ၍၊ ဘုရားက ပေးလိုသော အကျိုးကိုပေး၏၊ မပေးလိုသည်ကိုမပေး၊ ဤကြောင့် ကံ၏အကျိုးကား၊ ဈာဿရ၏ လက်ထဲတွင် ရှိနေ၏။

အဖြေ။ ။အကယ်၍ ကံ၏အကျိုးသည် ဘုရားလက်တွင် ရှိသည် ဆိုပါက၊ ကံကို မပြုဘဲနှင့် အကျိုးဘာ့ကြောင့် မပေးပါသလဲ ?

သို့ဖြစ်၍ ပြုသလို အကျိုးကို ဘုရားက ပေးပါသည်။ ဤအကျိုးပေးသော အမှုမှ ဣဿရ လွတ်လပ်ခွင့် ရပါသည်။ ထင်သလို ကံ၏အကျိုးကို မပေးနိုင်ပါ။ သူကပြုသလိုသာ အကျိုးပေးပါသည်။ ၃။

စတုတ္ထမြောက် နတ္ထိကအဆိုမှာ — အကြောင်းနိမိတ် (=နိမိတ္တ-ကာရဏ)မှကင်း၍ အရာဝတ္ထုများ ဖြစ်ပေါ်လာသည်။ ဥပမာ — ဆူးဖြူပင် (ဗဒုလ) များ၏ ဆူးတို့သည် ချွန်ထက်၏ (အကြောင်းတရားက ချွန်ထက်သော ဆူးမရှိသော်လည်း ချွန်ထက်သည်ကို တွေ့ရ၏) ဤအချက်ကို ထောက်ဆခြင်းဖြင့်၊ ကမ္ဘာကို ဖန်ဆင်းတိုင်း ဖန်ဆင်းတိုင်း အစပထမ၌ ခန္ဓာကိုယ် စသော အရာဝတ္ထုတို့သည်၊ နိမိတ္တ-ကာရဏ မရှိဘဲ၊ ဖြစ်လာခဲ့လေသည်။

အဖြေ ။ အကြောင်းအရာမှ အရာဝတ္ထု ဖြစ်ပေါ်လာ၏, ထိုအရာသည်ပင် အကြောင်း နိမိတ် ဖြစ်၏။ ဆူးမရှိသော သစ်ပင်မှာ ဆူးဘာ့ကြောင့် မဖြစ်ပေါ်သလဲ?

ပဉ္စမမြောက် နတ္ထိက အဆိုမှာ— အားလုံးသောအရာတို့သည်၊ ဥပါဒ်-ဘင် (ဖြစ်လျှင်-ပျက်ခြဲ)ဖြစ်၍ အားလုံးအနိစ္စဖြစ်ကုန်၏။

သွေသာ ကာ ဓေ်န ပြဝကျာမိ ယဇ္ဇတ္တံ ဂြန္ထကောဋိဘိး၊ ဗြဟ္မသတျံ ဇဂန္မိထျာ ဇီဝေါ ဗြဟ္မဲဝနာပရး။

ဤကား ကျမ်းတစောင်လာစကားဖြစ်သည်၊ ခေတ်သစ် ဝေဒါန္တီတို့သည်၊ ပဉ္စမမြောက်မိန္တာဒိဋ္ဌိတို့၏ အတန်းစားထဲကဖြစ်ပေ၏၊သူတို့အဆိုက၊ ကုဋေမကသော ကျမ်းဂန်တို့အဆိုမှာ၊ "ဗြဟ္မသည် အမှန်၊ ကမ္ဘာသည် အလကား(=အနှစ်သာရမရှိ), ၎င်းဖြင် ဇီဝသည် ဗြဟ္မနှင့် မခြားနား တသားတည်း၊ တပေါင်းတည်းဖြစ်၏။

အဖြေ ။ အားလုံးသောအရာဝတ္ထုတို့၏ နိစ္စတည်ခြင်း သဘောသည် နိစ္စပင်ဖြစ်လျှင် အားလုံး အနိစ္စမဖြစ်နိုင်ပါ။

အမေး ။ အားလုံးတို့၏ မြဲခြင်းသည်လည်း မမြဲခြင်းပင် ဖြစ်သည်။ ဥပမာ—မီးသည် ထင်းတို့ကိုလောင်ကျွမ်း ပျက်ပြီးစေပြီးလျှင်

မိမိကိုယ်တိုင်လည်း ပျက်ပြီး ပျောက်ကွယ်သွား လေတော့သည်။

အဖြေ။ ။နည်းလမ်းတကျ ရရှိသောအရာကို ပစ္စုပ္ပန်ကာလ၌ အနိစ္စသဘောဟူ၍ အထူးသိမ်မွေ့သော ကာရဏ (=အကြောင်း) တို့ကို အနိစ္စဟုဆိုခြင်းသည် မဖြစ်နိုင်ပါ။ အကြောင်းဝေဒါနာတို့သည် ဖြစ်ပွားမှု ကမ္ဘာလောကဖြစ်ပေါ်လာသည်ဟု ယူဆကြပါလျှင် ဖြစ်ပွားသည့် မှန်သောကြောင့် သူ့ကိစ္စလည်း မမှန်မဖြစ်နိုင်ရာ။ အကြောင်းအိပ်မက်နှင့် ကြိုးကို မြွေထင်မှားသလိုဆိုလျှင်လည်း မဖြစ်နိုင်ရာ။ အကြောင်းကား, မှန်းဆတွေးတောခြင်း သည်ကား ဂုဏ်ဖြစ်၏၊ ဂုဏ်မှ ဖြစ်မဖြစ်နိုင်၊ ဂုဏ်သည် ဖြစ်နှင့်သီးခြားမနေနိုင်၊ တွေးတော ကြံဆသူသည် မရှိလျှင်၊ တွေးတောကြံဆမှုလည်း မရှိရပေမည်။ ထိုသို့မဟုတ်လျှင် ပုဂ္ဂိုလ်ကိုလည်း မရှိဟုယူဆပါလေ။ဥဒါဟရဏ်ကား၊ အိပ်မက်, မက်ခြင်းသည် မမြင် မကြားဘူး သည်ကိုမမြင်မက်ချေ။ အကြောင်းမှီးကြားနေသော ပစ္စုပ္ပန်ကာလ၌ ရရှိနေသော အရာကို တွေ့ရှိမြင်သိသောအခါ၌ ထိုအရာနှင့်ပွဲလမ်းမှုသည် ဝိညာဉ်၌ တည်နေသောကြောင့် အိပ်မက်တွင်မြင်ရလေသည်။ ဥပမာ— အိပ်ပျော် နေခြင်းကြောင့် မြင်ပအရာဝတ္ထုကို မသိမြင်သော် ငြားလည်း ထိုမြင်ပ အရာဝတ္ထုများထင်ရှား ရှိနေဘိသကဲ့သို့၊ ကမ္ဘာပျက်သော အခါ၌လည်း အကြောင်းဖြစ်သည့် ထင်ရှားရှိနေလေသည်။ မတွေ့ မကြုံဘဲနှင့် အိပ်မက်မြင်မက်မည်ဆိုက၊ ပရိသင်္ချေ– အကာန်းကိုလည်း ရုပ်အသွင်မြင်မက်ရာသည်။ ထို့ကြောင့် ထိုနေရာတွင် သူ၏အမှတ်သညာသာရှိ၏၊ မြင်ပတွင်ကား အရာဝတ္ထု အားလုံး ထင်ရှားရှိနေသည်သာတည်း။

အမေး။ ။နိုးနေစဉ် တွေ့မြင် ကြားသိရသော အရာသည် အိပ်မက်, ဂင်းနှစ်ပါးလုံးပင် အိပ်မောကျသောအခါ၌ ပျက်ပြားပျောက်ကွယ် (အနိစ္စ) ဖြစ်သွားသလိုပင်, နိုးနေစဉ် တွေ့မြင်ရသော အရာတို့ကိုလည်း၊ အိပ်မက် သဘွယ်ပင် မှတ်ယူ ရာသည် မဟုတ်ပါလော?

အဖြေ ။ ဒီလိုဘယ်တော့ခါမှ မယူဆနိုင်ပါ။ အကြောင်းကား၊ အိပ်မက်နှင့် အိပ်မောကျနေစဉ်တွင်၊ ပြင်ပအရာဝတ္ထုတို့ကို မသိရှိသာရှိ၍၊ ထိုအရာများ၊ ရှုချမရှိသည်ကား မဟုတ်ချေ။ ဥပမာ– တစုံတယောက်၏ နောက်ကျောဘက်တွင် အရာဝတ္ထုများစွာကို မမြင်ရသော်လည်း၊ မရှိကားမဟုတ်၊ ရှိသည်ပင် ဖြစ်ဘိသကဲ့သို့၊ အိပ်မက်နှင့် အိပ်မောကျခြင်း၌ ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် အထက်တွင် ပြခဲ့သည့်အတိုင်း၊ ဘုရား (ဖြပဓ္ဓ), ဇီဝ=ဝိညာဉ်နှင့် ကမ္ဘာ၏ ကာရဏ (ရှစ်တရား) သည် အစမရှိ မြဲသောနိစ္စတရားဖြစ်၍ ထိုတရားတို့သည်ပင် အမှန် (ဝါ) သစ္စဖြစ်ကုန်၏။ ၅။

ဆဋ္ဌမမြောက် ဒိဋ္ဌိ၏ အဆိုမှာ – မဟာဘုတ် ငါးပါးသည် မြဲသောကြောင့် ကမ္ဘာလည်း မြဲ၏ဟုဆို၏။

အဖြေ ။ ဤစကားမမှန်ပါ။ အကြောင်းကား၊ အရာဝတ္ထုတို့၏ ဖြစ်ခြင်းပျက်ခြင်း အကြောင်းရင်းကို မြင်တွေ့နေရပါသည်။ ထိုအားလုံးမြဲနေလျှင် ရုန့်ရင်းသော ကမ္ဘာအားလုံးနှင့် ခန္ဓာကိုယ်, အိုး,ခွက်, အဝတ်အထည်များ ဖြစ်-ပျက်နေသည်ကို မြင်နေရခြင်းဖြင့် ဤအကျိုး– ကာရယကို နိစ္စဟူ၍ မယူဆနိုင်ရာ။ ၆။

သတ္တမဒိဋ္ဌိဆရာအဆိုကား – ဘာမဆို တခြားစီ တခြားစီသာ ဖြစ်သည်၊ တခုတည်း တပေါင်းတည်း ဘာမျှမရှိ။ မြင်တွေ့ရသော အရာဝတ္ထုတိုင်းမှာ၊ အခြားအရာဝတ္ထု တစုံတခု မတွေ့ရ။

အဖြေ ။ အစိပ်အပိုင်းတို့၌ အင်္ဂါအစိပ်အပိုင်း၊ ပစ္စုပ္ပန်ကာလ၊ အာကာသ၊ ဘုရားနှင့် အမျိုးဇာတ်အားဖြင့် ပြားသောအရာဝတ္ထုတို့သည်၊ အပေါင်း၌ကား တခုတည်းသာဖြစ်၏။ ထိုအပေါင်းအစုမှ ခြားနားသောအရာ တစုံတရာမရှိချေ။ ထို့ကြောင့် အားလုံး တခြားစီမဟုတ်၊ သို့သော် သရုပ်အားဖြင့် တခြားစီ ဖြစ်၏။ တခြားစီဖြစ်သော အရာဝတ္ထုတို့၌ တခုတည်းသော အရာဝတ္ထုလည်းရှိ၏။ ၇။

အဠမမြောက် ဒိဋ္ဌိအဆိုမှာ – အားလုံးသော အရာဝတ္ထုတွင် တခုနှင့်တခုမတူ ;– မရှိခြင်း (=အဘာဝ) ဖြစ်သောကြောင့် အားလုံး အဘာဝချဉ်ပင် ဖြစ်သည်။ ဥပမာ–“အနဿောဂေါ၊ အဂေါရသွား။” = နွားမသည် မြင်းမဟုတ်၊ မြင်းသည် နွားမ မဟုတ် သောကြောင့် အားလုံးကို အဘာဝချဉ် မှတ်ယူသင့်၏။

အဖြေ။ ။အားလုံးသော အရာတို့၌ တခုနှင့်တခု ခြားနားကွဲပြားခြင်း ရှိသည်မှန်သော်လည်း၊ “ဂဝိဂေါရဿ အဿွာဘာဝရှပေါဝတ်ထ ဧဝ” = နွားမ၌ နွားမအဖြစ်၊ မြင်း၌ မြင်းအဖြစ် (ဘာဝ) ရှိသည်သာဖြစ်၍ အဘာဝ (မရှိ)ကား၊ ဘယ်တော့မှ မဖြစ်နိုင်ပါ။ အကြင်အရာဝတ္ထုတို့၌ ဖြစ်ခြင်း (=ဘာဝ) မရှိခဲ့လျှင်၊ တခုနှင့်တခုဆိုသော အသုံးမျိုးကို၊ ဘယ်မှာ သုံးနိုင်တော့မလဲ ?။ ၈၊

န၀မမြောက် ဒိဋ္ဌိအဆိုကား – သဘောတရား (သဘာဝ) ဖြင့် ကမ္ဘာကြီး ဖြစ်လာသည်၊ ဥပမာ, ရေနှင့်ကောက်ပဲ ပေါင်းစပ်ခါ ပုပ်သိုးလာခြင်းကြောင့် ပိုးမွှားခြင်ကောင်များ ပေါက်ပွားလာသည်။ မျိုးစေ့၊ မြေကြီး၊ ရေ ပေါင်းစပ်ခြင်းကြောင့် မြက်သစ်ပင် တောင်စသည် ဖြစ်ပေါ်လာသည်။ တနည်း ဥပမာ, သမုဒ္ဒရာတွင် လေတိုက်မှုကြောင့် လှိုင်းထ၏၊ လှိုင်းထကြွခြင်းကြောင့် ရေမြှုပ်ဖြစ်ပေါ်လာသည်။ ဆနွင်း,ထုံး, သံပုရာရည် ပေါင်းစပ်ခြင်းကြောင့် မာကြောသော ကျောက်ခဲဖြစ်လာသည်။ ထိုနည်းတူစွာ ကမ္ဘာတခုလုံးသည်၊ ဓာတ်သဘာဝတို့၏ဂုဏ်တို့ဖြင့် ဖြစ်ပေါ်လာခဲ့သည်။ ဤကမ္ဘာကို ဖန်ဆင်းသူ တစုံတယောက် မရှိချေ။

အဖြေ။ ။အကယ်၍သာဓာတ်သဘာဝကြောင့်ကမ္ဘာဖြစ်ပေါ်လာသည် ဆိုပါက၊ဘယ်တော့မှ ပျက်စီးခြင်း မဖြစ်ရာ။ ပျက်ခြင်းလည်း ဓာတ်သဘာဝကြောင့်ဟု ယူဆလျှင်၊ ဘယ်တော့မှ ဖြစ်တော့မည် မဟုတ်ချေ။ ထိုနှစ်ပါးစလုံးကို အရာဝတ္ထု တခုတည်းတွင် ယူဆမည် ဆိုပြန်က၊ ဖြစ်ခြင်းနှင့် ပျက်ခြင်း နှိုးယှဉ်သည်း ရှိတော့မည် မဟုတ်ချေ။ နိမိတ္တ – ကာရဏကြောင့်

ဖြစ်ခြင်း ပျက်ခြင်း ဖြစ်သည်ဟု ယူဆပြန်က၊ နိမိတ်ကို ဖြစ်သော ပျက်သော ဖြစ်တို့မှ တခြားစီဟု ယူရပေလိမ့်မည်။ ခဝတ်သဘာဝကြောင့် ဖြစ်ခြင်း ပျက်ခြင်း ဖြစ်ခဲ့လျှင် အခါ အားလျော်စွာ ဖြစ်ပျက်ခြင်း ဖြစ်နိုင်မည်မဟုတ်။ သဘာဝအား လျော်စွာ ဖြစ်သည်ဆိုပါက၊ ဤကမ္ဘာ၏ အနီးအပါးတွင် တခြား နေ လ စသောကမ္ဘာများ ဘာ့ကြောင့် မဖြစ်ပေါ်သ လဲ ? အကြွင် အကြွင် အရာဝတ္ထု၏ ပေါင်းယှဉ်ခြင်းကြောင့် အကြွင်အကြွင် အရာဝတ္ထုများ ဖြစ်ပေါ်လာသည်ဆိုက၊ ထိုထို အရာဝတ္ထုတို့သည် ဘုရားက ဖန်ဆင်းထားသော, မျိုးစေ့, ကောက်ပဲ, ရေ စသည် ပေါင်းယှဉ်ခြင်းကြောင့် မြက်, သစ် ပင်, ပိုးမွှား စသည် ပေါက်ပွား ဖြစ်ပေါ်လာ၏၊ ဘုရားမှ ကင်း၍ကား မဖြစ်ပါ။ တနည်း ဥပမာဆိုရလျှင် ဆန္ဒင်း,ထုံးနှင့် သံပုရာရည်တို့သည်၊ အဝေးအရပ်မှလာခါ၊ ပေါင်းစပ်ကြသည် မဟုတ်ဘဲ၊ တပုံတယောက်က ပေါင်းစပ် ရောနှော ပေးမှ ပေါင်းစပ်မိကြလေသည်၊ ထိုပေါင်းစပ်ရာမှာလည်း၊ သင့် လျော်အောင် ရောနှောပါမှ ကျောက်ခဲဖြစ်နိုင်သည်။ အချိန် အနည်းအများ၊ နည်းလမ်းမကျဘဲ ပေါင်းစပ်က၊ ကျောက်ခဲ မဖြစ်နိုင်သလို၊ ချပ်တရားနှင့် ပရမာဏုတို့ကို၊ ဉာဏ်, နည်းနာ အရ၊ ထာဝရဘုရားက နှောပေးခြင်း မပြုဘဲနှင့် ဤသက်မဲ့ အရာဝတ္ထုတို့သည်၊ အလိုအလျောက်, အသုံးဝင်သော အရာ ဝတ္ထုအသွေးတပုံတရာ မဖြစ်နိုင်ကုန်။ထိုဖြစ်သောကြောင့် မူလ သဘောတရားစသည်ကြောင့် ကမ္ဘာမဖြစ်ပေါ်နိုင်ဘဲ၊ ဘုရား က ဖန်ဆင်းပေးမှုကြောင့်သာ၊ ဖြစ်ပေါ်လာလေသည်။ ၉။

အမေး။ ။ဤကမ္ဘာကို ဖန်ဆင်းသူ ရှေးကလည်း မရှိဘူး, ယခုလည်း မရှိ၊ နောင်ကိုလည်း ရှိမည်မဟုတ်၊ အစမထင်သော ကာလ ကပင် ဖြစ်လာခဲ့၍ ဖြစ်လည်းမဖြစ်၊ ပျက်လည်းမပျက် ရှိမြဲ ရှိနေသည်။

အဖြေ။ ။ပြုသူ = ကတ္တား မရှိဘဲနှင့် တရုံတခုသော ကြိယာ (ဝါ) ကြိ ယာမှဖြစ်လာသော အရာဝတ္ထု၊ တစုံတခုမဖြစ်နိုင်။ အကြွင်

ပသာဒီ–မြေကြီးစသော အရာဝတ္ထုတို့၌၊ ပေါင်းယှဉ်မှုကြောင့် ပြုပြင်ဖန်ဆင်းခြင်းကို မြင်ရ၏၊ ထိုပြုပြင်ဖန်ဆင်းမှုသည်၊ အစမရှိသော ကာလကပင် ဆင်းသက်လာသည် မဟုတ်နိုင်၊ ပေါင်းယှဉ်ခြင်းကြောင့် ဖြစ်ပေါ်လာသောအရာသည်၊ မပေါင်းယှဉ်မီက၊ မရှိရာ၊ ကွေကွင်းပြီး နောက်၌လည်း ရှိမည်မဟုတ်ချေ၊ အကယ်ထင်၍၊ သင်သည် ဤစကားကို မယုံကြည်ခဲ့လျှင် အထူး မာကြောသော ကျောက်ခဲ၊ စိန်ကျောက်၊ သံမဏိ စသည်ကို ဖြတ်တောက် ထုခွဲ ခြေမှုန်း၊ ကြိုချက်ကြည့်ပါ၊ ဤအရာဝတ္ထုတို့၌ ပရမာဏု သီးခြားစီ ရှိ မရှိ သိပါလိမ့်မည်၊ အကယ်၍ တွေ့ရှိပါက၊ ထိုအရာတို့သည် အချိန်ကျရောက်သော အခါ၊ တခြားစီလည်း ရချဖြစ်ပေလိမ့်မည်။ ၁၀။

အမေး။ ။အစမရှိသော ဘုရား တဆူတယောက်မျှ မရှိပါ၊ သို့သော်၊ ယောဂအကျင့်ဖြင့် အင်္ဂါမာစသော ပုဂ္ဂလ – ဘုန်းတော် ဂုဏ်တော်ကို ရရှိပြီးလျှင် သဗ္ဗညုတစသော ဂုဏ်တော်နှင့် ပြည့်စုံသူ ပုဂ္ဂိုလ်တို့ကိုပင် ဘုရားဟုခေါ်သည် မဟုတ်ပါလော ?

အဖြေ။ ။အကယ်၍ ကမ္ဘာကိုဖန်ဆင်းသူ ထာဝရဘုရားသာမရှိခဲ့လျှင် မူလ အကြောင်းတရားဖြင့် ပြီးစီးအပ်သော သတ္တဝါတို့၏ တည်ရာ အခြေခံ ကမ္ဘာ,ခန္ဓာကိုယ်နှင့် ရုပ်ကြွေတို့၏ အင်္ဂါတို့သည် ဘယ်လိုဖြစ်လာပါသလဲ? ဤထာဝရ၏ အကူအညီမှ ကင်း၍ သတ္တဝါသည် မကျင့်နိုင်၊ မကျင့်နိုင်ခဲ့လျှင် ဘယ်လို သိဒ္ဓိ ပေါက်တော့ မလဲ? သတ္တဝါသည် ဘယ်လို ကျင့်၍ ဘယ်လိုပင် အထွဋ်အထိပ် ရောက်သည် ဖြစ်စေ၊ ထာဝရ၏ အစဉ်အဆက်က ဆင်းသက်ပါရှိလာသော အဆုံးမရှိသော အလိုလိုပြီးစီးနေသော သိဒ္ဓိနှင့် ထန်းတူကား၊ ဘယ်သတ္တဝါမှ မပြုနိုင်ပါ၊ အကြောင်းကား၊ သတ္တဝါတို့၏ အသိဉာဏ်သည် အထွဋ်အထိပ်သို့ ရောက်သည် ဆိုစေကာမူလည်း၊ သတ်မှတ်ပိုင်းခြားအပ်သော ဉာဏ်တော် စွမ်းအားတော်သာ ဖြစ်၍ အနန္တ (=အဆုံးမရှိသော) ဉာဏ်တော် စွမ်းအားတော်

ကား မဖြစ်နိုင်ချေ။ ယနေ့အထိ မည်သည့်ယောဂီမှ ထာဝရ ဖန်ဆင်းထားအပ်သော ဖန်ဆင်းမှု- အစီအစဉ်ကို ပြောင်းလွဲ ပြုပြင်နိုင်သည်မရှိသေးချေ။ ဥဒါဟရုဏ်အားဖြင့်၊ အစမထင် သော ထာဝရဘုရားသခင်သည်၊ မျက်စိဖြင့်ကြည့်ရန်၊ နားတို့ ဖြင့်နားထောင်ရန် စီမံထားခဲ့သော အစဉ်အလာကို ယောဂီ တစုံတယောက်မှ ပြောင်းလွဲနိုင်သည် မရှိသေးသောကြောင့် သတ္တဝါသည် ထာဝရဘုရား၊ ဘယ်တော့မှ မဖြစ်နိုင်ချေ။

အမေး။ ။ကပ်တိုင်း ကပ်တိုင်းတွင်၊ ထာဝရဘုရားသည် ကမ္ဘာကို၊ အသစ် အဆန်း၊ တမျိုးစီ တမျိုးစီ ဖန်ဆင်းပါ သလော၊ သို့မဟုတ် တမျိုးတည်းသာ ဖန်ဆင်းလေ့ရှိပါသလော ?

အဖြေ။ ။ယခုဖြစ်သလိုပင် ရှေးကလည်း ဖြစ်ခဲ့ပြီ၊ နောင်ကိုလည်း ဖြစ်မည် ကွဲပြားခြားနားခြင်း မဖြစ်နိုင်ပါ။

သူယ်ာစန္ဒြမသော်ဓာတာ ယထာ ပုဗ္ဗမကလ္ပယတ်၊ ဒိဝံစပြိထိဝိံ စာန္တရိက္ချ မထော သွး။ (ရို၊မံ-၁၀၊သူ-၁၉၀၊မံ-၃။)

(ဓာတာ) ထာဝရသည် ရှေးကပ်ကမ္ဘာက နေ့, လ, လျှပ်စစ်ဓာတ်, မြေကြီး, ကောင်းကင် စသည်တို့ကို ဖန်ဆင်းဘိ သကဲ့ သို့ပင်၊ ယခု လည်း ဖန်ဆင်းတော်မူ၏၊ နောင်ကိုလည်း ဖန်ဆင်းတော်မူလိမ့်မည်။ သို့ကြောင့် ဘုရား၏ကိစ္စ၌ မေ့လျော့ မှားယွင်းခြင်းမှ ကင်းစင်တော်မူ ခြင်းကြောင့် အခါခပ်သိမ်း တမျိုးတစားတည်းပင် ဖြစ်လေ့ရှိ၏။ အသိ ဉာဏ်နည်းသူ၊ အသိဉာဏ် ပျက်ပြား ဆုတ်ယုတ်သူတို့၏ ကိစ္စတို့၌သာ မေ့လျော့ မှားယွင်းခြင်းဖြစ်နိုင်၍ ဘုရား၏အမှုကိစ္စတို့၌ကား မှားယွင်း ခြင်းမဖြစ်နိုင်ချေ။

အမေး။ ။ကမ္ဘာဖန်ဆင်းခြင်းဆိုင်ရာ၌ ဝေဒ စသော ကျမ်းစာတို့တွင် ဗိဝါဒ ရှိမရှိ။

အဖြေ။ ။မရှိပါ။

အမေး။ ။အောက်ပါ၌ မရှိဘူးဆိုခဲ့လျှင်-

တဿ္မာဒွါ ဧတဿ္မာဒါတ္မန အာကာသး သမ္ဘူတး၊ အာကာသာ ဒွါယုး၊ ဝါယောရဂ္နိး အဂ္နေရာပး၊ အဒ္ဘျး ပြိထိဝီ၊ ပြိထိဝျာဒေဟာ

သမေယာ။ အောသဓိ ဘေဇ္ဇာအနူ့၊ အန္နာဒြေထား၊ ရေထားသ ပုရွား သဝါ ဒေသ ပုရွသော အန္နရသမယား။ (တဲတ္တိရိယောပနိ-ဖြပ္ပ္ဘာ နန္ဒ၀-အနူ-၁။)

ဤကား တဲတ္တိရိယ ဥပနိသျှဒလာ စကား ဖြစ်၏၊ ထိုဘုရားနှင့် ရုပ်တရားမှ အာကာသ ဩကာသ- တနည်း- အကြွင်းအကြောင်းရင်း= ကာရဏဖြစ်သောဖြစ် (ဝတ္ထု) များ၊ အနှံ့အပြား ဖြန့်နှံ့နေရာ၊ ထိုဖြစ် တို့ကို ရပေါင်းလိုက်လျှင် ဩကာသ ဖြစ်လာသလို ဖြစ်၏၊ စင်စစ်မှာ အာကာသ ကောင်းကင် ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းကား- ကောင်းကင်မှကင်း၍ ရုပ်ဓာတ်နှင့် ပရမာဏုမြူသည် ဘယ်မှာတည် နေနိုင်တော့မလဲ၊ အာကာသမှနောက် လေ၊ လေမှနောက် မီး၊ မီးမှ နောက်ရေ၊ ရေမှ နောက် ပထဝီ မြေကြီး၊ ပထဝီမှ ဆေး၊ ဆေးတို့မှ ကောက်ပဲ၊ ကောက်ပဲမှ သုက်သွေး၊ သုက်သွေးမှ ယောက်ျား-ဝါ- ခန္ဓာကိုယ်ဖြစ်လာသည်။ ဤနေရာ၌ အာကာသ စသော အစီအစဉ်အရ ဖြစ်လာပုံ ပြဆို ထားသည်။ ဆာန္ဒောဂျ၌ မီးစသည်၊ ဇဲ့တရေယ၌ ရေစသည်မှ ဖြစ်လာပုံပြထားသည်။ ဝေဒကျမ်းတို့၌ အချို့နေရာတွင် ဗုရုသ (=ဝိညာဏ်)၊ အချို့နေရာ၌ ဟိရညဂဗ္ဘ စသည်မှဖြစ်လာပုံ၊ ပီမဉ် သာ၌-ကံ၊ ဝဲသေသိက၌- ကာလ၊ နျာယ၌- ပရမာဏု၊ ယောဂ၌- ဗိန္ဒိ ယ၊ သံချ၌- ရုပ်တရား၊ ဝေဒါန္တ၌- ဗြဟ္မမှ ဖြစ်လာပုံ ဆိုထားသည်။ ဒီအတိုင်းဆိုရင်၊ ဘယ်ဟာကိုအမှန်၊ ဘယ်ဟာကို အမှား ယူရမှာလဲ?

အဖြေ။ ။ဤနေရာတွင် အားလုံးပင် အမှန်ဖြစ်ပါသည်။ အမှားတစုံတရာ မရှိပါ။ အမှားကတော့၊ တလွဲထင်မှားခြင်းသာ ဖြစ်ပါသည်။ အကြောင်းကား ထာဝရသည် နိမိတ္တ- ကာရဏ ဖြစ်၍ ရုပ်တရားကား ကမ္ဘာ၏ ဥပါဒါန- ကာရဏ ဖြစ်သည်။ ကမ္ဘာပျက်စီးလောင်ပြီးသည့်နောက်၌၊ အာကာသ စသော အစီ အစဉ်အားဖြင့်စွာ၊ အာကာသနှင့် လေထု မပျက်စီးဘဲ မီးဓာတ် စသည် ပျက်စီးသောအခါ၊ မီးဓာတ်စသော အစီ အစဉ်အားဖြင့်စွာ၊ မီးချွဲစပ်ဓာတ် မပျက်စီးသောအခါ၊ ရေ စသည့် အစီအစဉ် အားဖြင့်စွာ၊ ရှင်းပြရလေသည်။ တနည်းဆိုရသော်၊ ကမ္ဘာပျက်စဉ်၊ အကြွင်းအကြွင်းဓာတ်

တိုင်အောင် ပျက်စီး၏၊ ထိုထို ဓာတ်မှ စ၍ ဖန်ဆင်းရလေသည်၊ ပုရှသ (=ဝိညာဏ်) နှင့် ဟိရညဂဗ္ဘအကြောင်းကို ပထမအခဏ်းတွင် ရေးခဲ့ပါပြီ၊ ဤပုဒ်များကား၊ ထာဝရဘုရား၏ အမည်များ ဖြစ်၏၊ သို့သော်, ဆန့်ကျင်ဘက်ဆိုသည်ကား၊ အမှုတခု၌ အကြောင်းတခု တည်းတွင် ဆန့်ကျင်သောဝါဒဖြစ်ခြင်းကို ခေါ်ပါသည်၊ ကျမ်းစာ ခြောက်စောင်တွင် မဆန့်ကျင်သောဝါဒများကိုကြည့်ပါဦး၊

၁- မိမံ့သာန္တ—လောကတွင် ကံက စေ့ဆော်ခြင်း မပြုဘဲ၊ ဖြစ်သောကိစ္စတရုံတရာမရှိ၊

၂- ဝဲသေသိကန္တ— အချိန် (ကာလ) မကုန်ဘဲနှင့်၊ မဖြစ်နိုင်၊

၃- ဉာယန္တ— ဥပါဒါန-ကာရဏာမဖြစ်ဘဲနှင့်၊ ဘာမျှမဖြစ်နိုင်၊

၄- ယောဂန္တ— ဝိဇ္ဇာ,ဉာဏ်,ဝိစာရ မပြုဘဲနှင့် မဖြစ်နိုင်၊

၅- သံချန္တ— ဓာတ်များမပေါင်းဆုံဘဲနှင့် မဖြစ်နိုင်၊

၆- ဝေဒါန္တန္တ— ပြုသူမရှိက၊ ဘာအရာဝတ္ထုမှမဖြစ်လာနိုင်။

သို့ဖြစ်၍ ကမ္ဘာ ဖြစ်ပေါ်လာခြင်း၊ ဖန်ဆင်းခြင်း အကြောင်းတရားခြောက်ပါး ရှိသည်၊ ထိုခြောက်ပါး တို့ကို၊ တကျမ်း တကျမ်းတွင် တမျိုး တမျိုးစီ ပြဆိုထားရှိ လေသည်၊ ထို့ကြောင့် ထိုခြောက်ကျမ်းတို့တွင် အချင်းချင်း ဆန့်ကျင်ဘက် မရှိချေ၊ တနည်း ဥဒါဟရဏ်ပြရလျှင်၊ ယောကျ်ား ခြောက်ယောက် ရပေါင်း၍ အမိုးတခုကို ထမ်းခါ၊ တံတိုင်းပေါ်ထို့ ထင်ဘိသကဲ့သို့၊ ကမ္ဘာဖန်ဆင်းခြင်း အကြောင်းကို ကျမ်းပြုဆရာ ခြောက်ယောက် ရပေါင်းတျက် ရေးသားပြီးစီးစေလေသည်၊ တနည်း ဥပမာကား— အကန်းခြောက်ယောက်နှင့် မျက်စေ့မှုံသူ တယောက်တို့အား၊ တရုံတယောက်က ဆင်၏ကိုယ်အင်္ဂါ ၆-မျိုးကို ပြောပြထားရာ၊ အခြားတဦးက၊ ဆင်ဟာ ဘယ်ပုံလဲ ? ဟု မေးသောအခါ၊ အကန်းတယောက်က၊ "တိုင်လို"၊ အခြားတယောက်က "ဇကောလို"၊ တတိယလူက၊ "ကျည်ပွေ့လို"၊ စတုတ္ထလူက၊ "တံမြက်စည်းလို"၊ ပဉ္စမလူက၊ "ခုံမြင့်လို"၊ ဆဋ္ဌမလူက၊ "မဲမဲကြီး၊ တိုင်လေးလုံးပေါ်က ကျဲ့သိုလို အကောင်ကြီး"၊ ဟု အသီးသီး ပြေဆိုကြသလိုပင်၊ ရသေ့ဆရာကြီးများ မစိရင်သော ထက်ခေတ်စာပေနှင့် ပြာကြီတစာပေ

ကို သင်ကြားစေရင်ခါ၊ သေးနုပ်သော ဉာဏ်အမြင် ရှိသူတို့ ဖြစ်စေရင်သော သကတနှင့် ဘာသာစာပေတို့ကို ဘတ်ရှုလျက်၊ တဦးကို တဦးက၊ အဖြစ် ပြောဆိုပြီးလျှင် အလဟဿ ငြင်းခုံနေကြပေသည်။ ဤသူတို့၏ စကား သည် အခြားသော ပညာရှင်များ ယုံကြည်လိုက်နာလောက်သော စကား များ မဟုတ်ချေ။ အကြောင်းကား၊ အကန်းနောက်မှ အကန်းလိုက်လျှင် ချောက်ထဲကျ၍ ရှုံးခြင်းရဲ့ ပွေ့ကြိုရစမြဲဖြစ်၏။ ထို့အတူပင် ယခုကာလ၊ သေးနုပ်သော ပညာရှိသူ ကိုယ်ကျိုးကိုသာသိသူ၊ ဇိမ်ခံလိုသူတို့၏ ပြဓာတ်ကားလောက ကြီးကို ဖျက်ဆီးပေလိမ့်မည်။

အမေး။။ ။ကာရဏ(=အကြောင်း)မှကင်း၍ အကျိုး (=ကာရယ) မဖြစ် နိုင်ဘူးဆိုရင်၊ အကြောင်း၏ အကြောင်းကော၊ ဘာ့ကြောင့် မရှိရမလဲ ?

အဖြေ။ ။ချီးအားကြီးလှသော အစ်ကိုကြီးတို့ ! ကိုယ့်ဦးခေါင်းကလေးကို နဲ့နဲ့ကလေး အသုံးချပါအုံးတော့လား။ လောကမှာ အကြောင်းနှင့် အကျိုး နှစ်ပါးသာ ရှိပါသည်။ အကြောင်း သည် အကျိုးမဟုတ်၊ အကျိုးဖြစ်နေသရွေ့ ကာလပတ်လုံး အကြောင်း မဖြစ်နိုင်။ လူသည် ကမ္ဘာဖြစ်ပေါ်လာပုံ အခြင်း အရာကို၊ နည်းလမ်းတကျ မသိသရွေ့ ကာလပတ်လုံး၊ မှန်ကန် သော အသိဉာဏ်ကို မရနိုင်ချေ။

နိတျာယား သတ္တွရဇး တမသဝ် သာမျာဝဇ္ဇာယား ပြတြိ
တေဗ္ဗတ္တုန္နာန်ာ ပရမသုကျာမာဏာဝ် ပြိထက် ပြိဘင္ဂတ္တ်မာနာခဝ်
တတ်တွ်ပရမာဏုနဝ် ပြထမး သံယောဂါရမ္ဘး သံယောဂ ဗီသေ
သာဒဝဇ္ဇာန္တ်ရဘျ ဍ္ဍူလောကာရ မြာဏီး ပြိတိရူပတော။

အစမရှိ အမြဲထာဝရတည်သော သတ္တ,ရဇ,တမ ဂုဏ်တို့နှင့်ယှဉ်သော ဓာတ်သဘာဝ (ရုပ်ဓာတ်) မှ ပေါက်ပွား ဖြစ်ပေါ်လာသော အလွန် သိမ်မွေ့လှသော သီးခြားစီဖြစ်သည့် ဓာတ်သဘာဝတို့သည် ရှိကုန်၏၊ ထိုဓာတ်တို့ ပထမပေါင်းယှဉ်မှုကြောင့် အခြေအနေ အသွင်အပြင် ပြောင်း လွဲ လာပြီးလျှင်၊ သိမ်မွေ့သော အဖြစ်မှ ရုန့်ရင်း ထုထဲသော အသွင်သို့ ပြောင်းလွဲပြီး၊ ဆန်းကြယ်သော ရုပ်အသွင် ဖြစ်ပေါ်လာခြင်းကိုပင်၊ ကမ္ဘာဖြစ်ပေါ်လာသည်ဟု ခေါ်ဆိုလေသည်။

အကြွင်ပထမ ပေါင်းစည်းရာ၌ ပေါင်းယှဉ်သော ပေါင်းယှဉ်စေသော အရာသည်ဖြစ်၏၊ ပေါင်းယှဉ်ရာအစ ကွေကွင်းပျက်စီးရာ အဆုံးဖြစ်၍ ခွဲခြမ်း ဝေဘန်ခြင်း၌ မတတ်ကောင်းသော အရာကို ကာရဏ (=အကြောင်း) ခေါ်ဆို၍၊ ပေါင်းယှဉ်ပြီးနောက် ဖြစ်ပေါ်၍၊ ကွေကွင်းပျက်ပြားပြီးသည့်နောက် မရှိသောအရာကို ကာရယ (=အကျိုး) ခေါ်ဆိုအပ်လေသည်။ အကြွင်းသူသည်၊ အကြောင်း၏အကြောင်း၊ အကျိုး၏အကျိုး၊ ပြုသူ၏ပြုသူ၊ ရည်သန်ချက်၏ ရည်သန်ချက်၊ အကျိုးပြီးစီးခြင်း၏ အကျိုးပြီးစီးခြင်းကို ဆိုသူကား၊ မြင်ပါလျက်အကန်း ကြားပါလျက်နားပင်း၊ သိပါလျက် မိုက်မဲသူ တယောက်ပင် ဖြစ်ပေ၏။ မျက်စိ၏မျက်စိ၊ မီးခွက်၏မီးခွက်၊ နေ့၏နေ ဖြစ်နိုင်ပါ့မလား။ အကြွင်အကြောင်းကြောင့် ဖြစ်ပေါ်၏။ ထိုအရာကိုအကြောင်း၊ အကြွင် ဖြစ်ပေါ်အပ်သော အရာကိုအကျိုး၊ အကြွင်အကြောင်းကို အကျိုးဖြစ်အောင် လုပ်ပေးသူအားပြုသူ(=ဖန်ဆင်းသူ)ဟု ခေါ်ဆိုအပ်လေသည်။

> နာသတော ဝိဇ္ဇတေ ဘာဝေါနာဘာဝေါ ဝိဇ္ဇတေ သတး။
> ဥဘယောရပိ ဒြိဋ္ဌောန္တသ္တွနယောသ္တတွဒဿိဘိး။
> (ဘဂဝဒ်ဂီတာ၊ အ· ၂၊ ၁၆။)

အသတ် (=အမှန်ထင်ရှားမရှိသောအရာ) သည် ထင်ရှားမရှိ၊ အမှန်ထင်ရှားရှိသော (သတ်) သည်လည်း မရှိမဟုတ်နိုင်။ ဤနှစ်ပါးသော အဆုံးအဖြတ်ကို၊ ယောဂီပုဂ္ဂိုလ်များ ကောင်းစွာသိကြ၏။ တပါးသော ပါတီစွဲ, ဆိုဆုံးခက်သူ, သဘောထား ညစ်ပတ်သူ, ပညာဉာဏ် မရှိသူတို့၊ ဤအကြောင်းကို လွယ်လင့်တကူ အဘယ် သိနိုင်အံ့နည်း ? အကြောင်းသော်ကား၊ ပညာရှိ, သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံ၍၊ ကောင်းစွာ စဉ်းစားဆင်ခြင်ခြင်း မပြုသောသူသည်၊ အမြဲတမ်း သံသယ ထုကြီး၌ ထည်းဟူသော ပိုက်ကွန်၌ ငြိတွယ်နေရ၏။ အကြွင်သူတို့၏ အားလုံးသော အတတ်ပညာ အဆုံးအဖြတ်ကို သိနားလည်ကုန်၏၊ သိရန် ကြိုးစားအားထုတ်ကုန်၏၊ ထိုပြီးနောက်၊ အကောက်ဉာဏ် မထားဘဲ၊ အားလုံးသော သူတို့အားပြသကုန်၏။အကြောင်းမရှိဘဲနှင့် ကမ္ဘာဖြစ်ပေါ်လာသည်ဟု ယူဆသူတို့ကား ဘာမျှမရှိကြပေ၊ စသည်ဖြင့် သိရှိပြီး

တတ်သူ ယောဂျီးတို့အား၊ ရှိးမွှမ်းသာရစေါ်ပါပေ၏။ ကမ္ဘာဖန်ဆင်းမည့် အချိန်အခါ ရောက်လာသောအခါ၊ ထာဝရဘုရားသည် ထိုအလွန်သိမ်မွေ့လှသော အရာတို့ကို ရဆောင်းတော်မူသည်။ ထိုခါတ်သဘာဝတို့၏ ပထမအခြေအနေ၌၊ ၎င်းသိမ်မွေ့သော ရုပ်တရား၏အကြောင်းကြောင့် အနည်းငယ် ရုန့်ရင်းခြင်း ဖြစ်လာသည်ကိုပင်၊ "မဟာတွ"၊ ထိုထက် ရုန့်ရင်းခြင်းကို "အဟင်္ကာရ"၊ ထိုအဟင်္ကာရမှ ခြားသော ငါးပါးသော သိမ်မွေ့သော မဟာဘုတ်—နား၊ အရေ၊ မျက်စိ၊ လျှာ၊ နှာခေါင်း=ငါးပါးသော ဉာဏိန္ဒြေ။ လျှာ၊ လက်၊ ခြေ၊ အင်္ဂါစပ်၊ စားအိုးပေါက်=ငါးပါးသော ကမ္မိန္ဒြေ။ တဆယ့်တခုမြောက် — စိတ်တို့သည်၊ အနည်းငယ် ရုန့်ရင်း ဖြစ်ပေါ်လာကုန်၏။ ထိုပဉ္စတံမာတြာတို့မှ များစွာသော ရုန့်ရင်းထူထဲသော အခြေအနေသို့ ရောက်လာပြီးလျှင် အစဉ်အတိုင်း ငါးပါးသော ရုန့်ရင်း ထူထဲသော မဟာဘုတ်တို့ ဖြစ်ပေါ်လာကုန်သည်၊ ထိုမဟာဘုတ်တို့ကို သူသူငါငါ မြင်နိုင်တွေ့နိုင်ကြ၏။ ထိုမှတဖန် အထူးထူး အပြားပြားသော ဆေး၊ သစ်ပင်စသည်၊ ထိုမှတဖန် ကောက်ပဲ၊ ကောက်ပဲမှသုက်သွေး၊ သုက်သွေးမှ ကိုယ်ခန္ဓာဖြစ်လာ၏။ ထို့သော်၊ လက်မွန်အစ ပထမဖြစ်ပွားပေါ်ပေါက်လာရာ၌ကား၊ မေထုန် — သံဝါသဖြင့် ဖြစ်ပွားခြင်း မဟုတ်ချေ။

အဘယ့်ကြောင့်ဆိုသော်၊ ဘုရားသခင်က မိန်းမ ယောကျ်ား တို့၏ခန္ဓာကိုယ်ကို ဖန်ဆင်း၍ ထိုကိုယ်ကောင်၌ အသက်ဝိညာဉ်ကို ပေါင်းစပ်ပေးသောအခါမှ စ၍ မေထုန်— သံဝါသဖြင့် ပေါက်ပွားခြင်း ဖြစ်လာလေတော့သည်။ ခန္ဓာကိုယ်တွင် အသိဉာဏ်ဖြင့် ဖန်ဆင်းထားသည်ကို ကြည့်ပါ! ထိုဖန်ဆင်းမှုကိုကြည့်ပြီး၊ ပညာရှိကြီးတို့ပင် အံ့ဩကြသည်။ အတွင်း၌ အရိုးတို့၏ အဆက်၊ အကြောတို့ နှောင်ဖွဲ့ထားပုံ၊ အသားဖြင့် ထိမ်းကျုံထားပုံ၊ အရေဖြင့်ဖုံးထားပုံ၊ သရက်ရွက်၊ အသဲ၊ အဆုတ် စသောအသက်ရှူရှိက်သောအရာများ စီစဉ်ထားပုံ၊ အသက်သွင်းထားပုံ၊ ဦးခေါင်းစီစဉ်ထားပုံ၊ ဆံပင် မွေးညှင်း လက်သည်း ခြေသည်းများ ထုစ်ထားပုံ၊ အလွန်သိမ်မွေ့သော မျက်ကြောများ ကြေးနန်းကြိုး ကဲ့သို့ ဆက်သွယ်ထားပုံ၊ ဣန္ဒြေတို့၏ အဆက်အသွယ် အသွားအလာကို ထင်ရှားစေပုံ၊ အသက်ဝိညာဉ်၏ နိုးကြားနေစဉ်၊ အိပ်ပျော်နေစဉ်၊ အိပ်မက် မက်နေ

စည် ခံစားရန်အလို့ငှါ နေရာအထူး စီစဉ်သတ်မှတ် ထားပုံ၊ အားလုံးသော ဓာတ်သဘာဝတို့ကို ဝေဘန်ထားပုံ၊ စက်ယန္တရားသဘွယ် အင်္ဂါ အစိပ်အပိုင်းတို့ကို စည်းကမ်းတကျ နေရာချထားပုံ စသော အံ့ဩဘွယ်ကောင်းလှသော ဖန်ဆင်းခြင်းအမှုကို ထာဝရ ဘုရားမှတပါး အခြား မည်သူက ပြုနိုင်မလဲ? အထူးထူးအပြားပြားသောရတနာတို့ဖြင့် စီခြယ်အပ်သော မြေကြီး၊ အထူးထူး အပြားပြားသော ဗြောင်ပိန္နဲပင် စသော သစ်ပင်တို့၏ မျိုးစေ့တို့၌ အထူး ထိမ်မြှုပ်သော စီစဉ်ဖန်ဆင်းမှု၊ မရေတွက်နိုင်သော စိမ်း,ပြာ,ဝါဝင်း၊ ညိုမဲ ပြောက်ကျားသော အရောင်တို့ဖြင့် ပြီးသော အရွက်,အပွင့်,အသီး,အမြစ်,တို့ကို စီစဉ်ထားရှိမှု၊ ချို,ချဉ်,စပ်, ဖန်,ခါး,ငန်သော အရသာ တို့နှင့် မွှေးကြိုင်သော အနံ့နှင့် ပြည့်စုံသော အရွက်,အပွင့်,အသီး,ကောက်ပဲ,အဥ,အမြစ် စသည် ဖန်ဆင်းမှု၊ ကုဋေကုဋာမက များပြား လှသော နေ,လ စသော ကမ္ဘာများ ဖန်ဆင်းမှု၊ တည်နေစေမှု၊ သွားလာစေမှု စသည့်နည်းလမ်း အစီအစဉ်၌ ထားရှိမှု စသည်တို့ကို၊ ထာဝရဘုရားမှတပါး အခြား တစုံတယောက်မှ မပြုစွမ်းနိုင်ရာ။ တစုံတယောက်သည် အရာဝတ္ထုတစုံတခုကို ကြည့်သောအခါ အသိဉာဏ်နှစ်မျိုး ပေါ်လာလေသည်။ တခုကား အရာဝတ္ထု ရှိရင်းစွဲ အတိုင်း၊ အခြားတခုကား ထိုအရာကို ဖန်ဆင်းခြင်းကို ကြည့်ရှုစဉ်းစား၍ ဖန်ဆင်း သူ၏ ဉာဏ် အမြော် အမြင် ဖြစ်၏။ ဥပမာ— ယောက်ျားတယောက်သည် လှပသော လက်ဝတ်တန်ဆာကို တောထဲတွင် ရ၍ ထိုတန်ဆာသည် ရွှေဖြစ်ကြောင်းနှင့် လိမ္မာ ကျွမ်းကျင်သော ပန်းထိမ်ဆရာက လုပ်ကြောင်း ထိုသလိုပင်ဖြစ်၏။ ထိုဖြစ်သောကြောင့်၊ ဤထူးခြားဆန်းကြယ်သော ကမ္ဘာလောကဓာတ်ကြီး၌ အထူးထူး အပြားပြားသော စီမံဖန်ဆင်းမှုတို့သည်၊ ထာဝရဘုရားရှိကြောင်းကို ထင်ရှားစေလေသည်။

အမေး။ ။လူကို ပထမ ဖန်ဆင်းသလော၊ မြေကြီးကို ပထမ ဖန်ဆင်းသလော?

အဖြေ။ ။မြေကြီး စသည်ကို ပထမ ဖန်ဆင်းပါသည်။ အကြောင်းကား မြေကြီး စသည်မှတပါး၍ လူသတ္တဝါတို့ တည်နေ, အသက် မွေးခြင်းမဖြစ်နိုင်ချေ။

အမေး။ ။စ၍ ဖန်ဆင်း စဉ်က တဦး တည်းလော၊ အများ လော? သို့မဟုတ် ဘယ်ထုံးပါလဲ?

အဖြေ။ ။အများ ဖြစ်ပါသည်၊ အဘယ့်ကြောင့် ဆိုသော်, အကြွင်းသတ္တဝါတို့၏ကံသည် ဤကမ္ဘာ ဖန်ဆင်းရာတွင် ဖြစ်ရန်ရှိ၍၊ ထိုသတ္တဝါတို့အား ဘုရားက ကမ္ဘာအစတွင် ပေါက်ဖွားစေပါသည်။ "မနုဿျာ ရိသယသ္စယေ၊ တတောမနုဿျာ အဇာယန္တ" ဤကား ယဇုဝေဒ (ထိုဝေဒ၏ ဖြပ္ပဒာ) တွင်ရေးထားပါသည်၊ ဤသာဓကဖြင့် အစ၌ အရာ အထောင် မကများပြားလှသော လူများ ပေါက်ဖွားလာခဲ့လေသည်၊ ကမ္ဘာကိုကြည့်လျှင်လည်း လူဘို့သည် များစွာသော မိဘတို့၏ သားသမီးများ ဖြစ်ကြကြောင်းသေချာလေသည်၊

အမေး။ ။ဖန်ဆင်းအစအခါ၌ လူစသော သတ္တဝါ တို့သည်၊ ခလေးအရွယ်, လူပျိုအရွယ်, လူအိုအရွယ် တို့တွင် ဘယ်အရွယ်က စ၍ ဖန်ဆင်း ပါ သလဲ? တနည်း, အရွယ် သုံးပါးလုံးဖြင့် ဖန်ဆင်းပါသလား?

အဖြေ။ ။လူပျိုအပျိုအရွယ်၌ ဖန်ဆင်းပါသည်။ အကြောင်းကား၊ ခလေးအရွယ်သာဖန်ဆင်းမည်ဆိုပါက၊ ထိုခလေးကို မွေးမြူ စောင့်ရှောက်ရန် အခြားလူတယောက် လိုအပ်ပါပေမည်၊ လူအိုဖန်ဆင်းပြန်ကလည်း၊ မေထုန်-သံဝါသ ဖန်ဆင်းမှုမဖြစ်နိုင်ပါ၊ ထို့ကြောင့် လူပျိုအရွယ်ပင် စ၍ ဖန်ဆင်းခဲ့ပါသည်၊

အမေး။ ။ကမ္ဘာဖန်ဆင်းသော အစရှိမရှိ?

အဖြေ။ ။မရှိပါ။ ဥပမာ– နေ့မဖြစ်မှီ ညည့်၊ ညည့်မဖြစ်မှီ နေ့၊ နေ့မှနောက် ညည့်၊ ညည့်မှ နောက်နေ့အားဖြင့် အစဉ်အတိုင်းဖြစ်လာခဲ့သလိုပင် မဖန်ဆင်းမှီက ကမ္ဘာပျက်၊ ကမ္ဘာမပျက်မှီကဖန်ဆင်း၊ ဖန်ဆင်းသည့်နောက် ကမ္ဘာပျက်၊ ကမ္ဘာပျက်သည့်နောက် ဖန်ဆင်းခြင်းသည် အစဉ်အတိုင်း အစမရှိသောကာလကပင် သံသရာစက်ကြီး လည်လာသောကြောင့် အစ၊ ဝါ-အဆုံးဟူ၍မရှိပါ၊ သို့သော်,နေ့နှင့် ညည့်တို့၏ အစနှင့်

အဆုံး တွေ့ရသလိုပင် ဖန်ဆင်းခြင်းနှင့် ပျက်ခြင်း၏ အစနှင့် အဆုံးလည်း ဖြစ်နေ ပါသည်။ အကြောင်းကား– ထာဝရ ဘုရား၊ ဝိညာဉ်၊ ကမ္ဘာလောက၏ အကြောင်းရင်း သုံးပါးတို့ သည် သရုပ်အားဖြင့် အစမရှိသလို၊ ကမ္ဘာ၏ဖြစ်ခြင်း၊ တည် ခြင်း၊ ပျက်ခြင်း ရေစီးသည် အစမရှိသလို၊ မြစ်ချောင်း၏ ရေစီးသည် တခါတလေခမ်းခြောက်၍ တခါတလေ မိုးသက်ကျ လာသောအခါ တွေ့ရ၊ နွေဥတု ရောက်သောအခါ ရေမတွေ့ ရသလို၊ ရေစီးသဘွယ် မှတ်သားရာသည်။ တနည်း ဥပမာ– ဘုရားသခင်၏ ဂုဏ်၊ ကိစ္စ၊ သဘာဝသည် အစ မရှိ သလို၊ ထိုဘုရား၏ ကမ္ဘာဖန်ဆင်း၊ တည်နေ၊ ပျက်စီး ခြင်း သည် လည်း အစမရှိဖြစ်၏။ ဘုရား၏ဂုဏ်၊ ကိစ္စ၊ သဘာဝသည် အစနှင့်အဆုံး မရှိသလို၊ ၎င်း၏ ပြုအပ်သော ဝတ္တရားတို့မှာ လည်း အစအဆုံးမရှိပါ။

အမေး ။ထာဝရဘုရားသည်၊ အဘယ်သတ္တဝါအား လူ့ဘဝ၊အဘယ် သတ္တဝါအား ခြသေ့ စသော ရက်စက် ကြမ်းကြုတ်သော တိရစ္ဆာန်ဘဝ၊ အဘယ်သတ္တဝါအား သမင် နွားမ စသော ဘဝ၊ အဘယ်သတ္တဝါအား သစ်ပင် ပိုးမွှား စသော ဘဝကို ပေးပါသလဲ? ဤနည်းဖြင့် ဘုရားသည် မျက်နှာလိုက်ရာ ရောက်သည် မဟုတ်ပါလော?

အဖြေ ။မျက်နှာလိုက်ရာ မကျပါ။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါ တို့၏ ရှေးကမ္ဘာကပြုခဲ့သော ကံတရားအားလျော်စွာ စီမံခြင်း ကြောင့် ဖြစ်ပါသည်။ ကံတရားအတိုင်း မဟုတ်ဘဲ စီမံဖန်ဆင်း မည်ဆိုက၊ မျက်နှာလိုက်ရာ ကျနိုင်ပါသည်။

အမေး ။လူတို့အား ပထမ ဖန်ဆင်းရာ အရပ်ကား အဘယ်ပါနည်း ?

အဖြေ ။"တြိဝိဋ္ဌပ" အနက်ကား၊ "တိဗက်" ဖြစ်ပါသည်။

အမေး ။ပထမဖန်ဆင်းစဉ်က၊ လူတမျိုးတည်းပါလော ?

အဖြေ ။တမျိုးတည်း ဖြစ်ပါသည်။ ထို့နောက်၊ "ဝိဇာနီဟျာယျာန္ဓေ စ ဒဿဝး။" (၁၊ ၅၁၊ ၈) ဤကား ရိဂ္ဂဝေဒ၏ စကားဖြစ်၏။

မြတ်သောသူတို့ အမည်ကား အရိယ၊ ပညာရှိ၊ နတ် (ဒေဝ) ဖြစ်၍ လူရိုက်တို့ အမည်ကား ဒသျု -ဝါ- ထားမြ၊ လူရိုက် ခေါ်သောကြောင့် အရိယနှင့် ဒသျု အမည်နှစ်ပါး ဖြစ်လာ ပါသည်။ "ဥတ္တ သူခြေ ဥတ္တာဝယေ။" [အထဝဝေဒ-စကား တော်] အထက်ပါ နည်းအတိုင်း အရိယတို့တွင် ဗြာဟ္မဏ, ခတ္တိယ,ဝေဿ,သုဒ္ဒ, လေးပါးဖြစ်လာ၍ ဗြာဟ္မဏ ပညာရှိတို့ အမည်သည် အရိယ၊ ပညာမဲ့သူ လူရိုက်တို့ အမည်ကား သုဒ္ဒ- ဝါ- အနရိယ, အနာရိ အမည် တွင်လာခဲ့လေသည်။

အမေး။ ။ထိုသူတို့သည် ဤအရပ် (အိန္ဒိယ) သို့ ဘယ်လိုရောက်လာပါ သလဲ ?

အဖြေ။ ။အရိယနှင့်ဒသျု -ဝါ- ပညာရှိဝေဒနှင့် လူရိုက်အသုရတို့၌ အမြဲမပြတ် တိုက်ခိုက်ကြသောကြောင့် အရိယတို့သည် ကမ္ဘာ တွင် အကောင်းဆုံးဖြစ်သော ဤမဇ္ဈိမဒေသကိုသိ၍ ပြောင်း ရွှေ့လာရောက်ခါ အခြေတည်နေကြသည်ကို အကြောင်းပြု၍ ဤတိုင်းပြည်၏အမည်သည် "အရိယဝတ္တ" ဖြစ်လာပါသည်။

အမေး။ ။အရိယဝတ္တ(အိန္ဒိယ)၏အပိုင်းအခြားကား၊ဘယ်အထိပါလဲ ?

အဖြေ။ ။——အာသမုဒြါတ္တု ဝဲ ပူဗ်ါဒါသမုဒြါတ္တု ပတ္တိမာတ်၊
တယောရေဝါန္တရံ ဂိရျော်ရာယျာဝတ္တံ ဝိဒုဗုဓား။ ၁။
သရသွတိ ဒြိသဒွတျော ဒေဝနဒျော ယဒန္တရမ်၊
တံ ဒေဝနိမ္မိတံ ဒေသမာယျာဝတ္တံ ပြစက္ချတေ။
(မနူ. ၂၊ ၂၂၊ ၁၇။)

မြောက်ဘက်တွင် ဟိမဝန္တာတောင်၊ တောင်ဘက်တွင် ဝိန္ဓျာစလ တောင်တန်း (Vindhyachala), အရှေ့နှင့် အနောက်တွင် သမုဒ္ဒရာ။ ၁။ ထိုမှတပါး၊ အနောက်ဘက်၌ သူရဿတိ (အဋကနဒီ), အရှေ့ဘက်၌ ဒြိသဒွတိ (ဗြဟ္မပုတြ), မြစ်သည် နေပါပြည်၏ အရှေ့ဘက်ပိုင်းမှ စီးဆင်း ၍ ဗင်္ဂါအာသန်မှ အရှေ့ဘက်၊ မြန်မာပြည်မှ အနောက်ဘက်မှ တောင် ဘက်ပင်လယ် (ဘင်္ဂလားအော်) သို့ စီးဝင်၍ ဗြဟ္မပုတြဟု ခေါ်ကြ၏။ ထနည်း မြောက်ဘက်ရှိ တောင်တို့မှ စီးဆင်း၍ တောင်ဘက်ပင်လယ်

တွင် အဍုကနဒီသည့် ပေါင်းဆုံလာသည်။ ဟိမဝန္တာ အလယ်ဗဟိုမှ သည့် ရာမေလွှရအထိ၊ ဝိန္ဓျာစလတောင်အကြား ရှိရှိသမျှ ဒေသတို့ကို၊ အရိယဝတ္တဟု ခေါ်ခြင်းမှာ၊ ဤတိုင်းပြည်ကို သူတော်ကောင်း “ဒေဝ” နှင့် ပညာရှိများ ထည့်ထောင် နေထိုင်ခြင်းကြောင့် ဖြစ်၏။

အမေး။ ။ပထမအစ ဤတိုင်းပြည်၏ အမည်သည် အဘယ်နည်း၊ ဘာ လူမျိုးများ နေထိုင်ခဲ့ကြသနည်း ?

အဖြေ။ ။သည့်ထက်အလျှင်က၊ ဤတိုင်းပြည် အမည်နာမ တရုံတရာ မရှိဘူး၊ မည်သည့် လူမျိုးမှ မနေဘူးပါ၊ အကြောင်းကား၊ ကမ္ဘာဖန်ဆင်းပြီး များမကြာမီပင် အရိယလူမျိုးတို့သည် တိဗက်ပြည်မှ ဤတိုင်းပြည်သို့ တိုက်ရိုက် လာရောက် နေထိုင် ကြပါသည်။

အမေး။ ။ဤလူမျိုး (အရိယ)တို့သည် အိရာန်တိုင်းပြည်မှ လာကြသော ကြောင့် အရိယခေါ်သည်ဟု အချို့က ဆိုကြပါသည်၊ ဤသူတို့ မရောက်ခင်က၊ ဤတိုင်းပြည်တွင် လူရိုင်းများ ရှိနေကြ၍ ၎င်းတို့ကို အသူရာ -ဝါ- ဘီလူးခေါ်တွင်ကြသည်၊ အရိယတို့ သည် မိမိကို ဒေဝတာ (=နတ်)ဟု ခေါ်ကြ၍ ၎င်းတို့ စစ်ထိုး ကြသောအခါ ကျမ်းစာ (ဝေဒ) တို့၌ ဒေဝါသုရ - သင်္ဂါမ (=နတ်နှင့်အသူရာစစ်ပွဲ)ဟု သတ်မှတ်ထားကြသည်။

အဖြေ။ ။ဤစကားကား လုံးဝမှားပါသည်။ အကြောင်းသော်ကား—

ဝိဇာဒ်ိနိဟုတ္ထာယာံအနွေ့ စ ဒသုံဝေါ ဗပ္ပိသ္မံ တေ ရဋ္ဌယ္ယာ သာ
သံဒပြိတာန်။ (ရိ· မံ· ၁၊ သု· ၅၁၊ မံ· ဂ။)

ဥတ္တ သုမြေ ဥတ္တာယေ်။ (အထ၀· ကာံ· ၁၉၊ ၀· ၆၂။)

အရိယ၏အမည်သည် တရားရှိသော, ပညာရှိသော, ထွက်မြောက် ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ အမည်ဖြစ်၍၊ အဆိုပါ ပုဂ္ဂိုလ်တို့နှင့် ဆန့် ကျင်ဘက်ဖြစ်သော သူတို့ကို၊ ဒသျု -ဝါ- ထားပြ, လူဆိုး, တရားမရှိသူ, ပညာမဲ့သူဟုခေါ်၏။ ထနည်း—ဗြာဟ္မဏ, ခတ္တိယ, ဝေဿ, တို့ကို အရိယ ခေါ်၍ သုဒ္ဒကို အနရိယခေါ်၏။ ဝေဒက ဤသို့ဆိုထားပါလျှင် တိုင်းတပါး သားတို့၏ ထင်ရာပြောသည်ကို ပညာရှိများ ဘယ်တော့မှ မလိုက်နာနိုင်

ပါ။ ထို့ပြင် နတ်-အသူရာတို့စစ်ပွဲ၌ အိန္ဒိယသား အစ္စ(န)နှင့် ဒသရထမင်း စသည်တို့သည်၊ ထိုစစ်ပွဲတွင် အရိယတို့ကို ကယ်ဆယ်ရေး၊ အသူရာတို့ကို ခြေမှုန်းရေးတွင် ပါဝင်ကူညီကြလေသည်။ အဆိုပါ စကားဖြင့် အိန္ဒိယမှပြင်ပ ဟိမဝန္တာတောင်၏အရှေ့, အရှေ့တောင်ထောင့်, တောင်ဘက်, အနောက် တောင်ထောင့်, အနောက်ဘက်, အနောက် မြောက်ထောင့်, မြောက်, အရှေ့မြောက်ထောင့်တွင် တည်ရှိသော အရပ်ဒေသတို့၌ အသူရာများ နေထိုင်ကြကြောင်း တင်ရှားပေသည်။ အကြောင်းကို ဆိုသော်, ဟိမဝန္တာ အနီးအပါးရှိ အရိယတို့အား၊ မြီတက်တိုက်ခိုက်လာတိုင်း၊ ဤတိုင်းပြည်ရှိ မင်းတို့သည် ထိုအရိယတို့အား၊ ကူညီလာကြလေသည်။ ထို့ပြင် ရာမမင်းနှင့် တောင်ဘက်တွင် စစ်ထိုးကြသည့်ကား၊ နတ်-အသူရာ စစ်ပွဲမဟုတ်ဘဲ၊ ရာမ-ရာဝဏ -ဝါ- အရိယနှင့် ဘီလူးတို့ စစ်ပွဲ ခေါ်လေသည်။ သကတရာဇဝင် ကျမ်းစာတရုံတခုမှာမှ၊ အရိယတို့ အိရာန်ကလာ၍ ဤတိုင်းပြည်ရှိ တိုင်းရင်းသား လူရိုင်းတို့ကို တိုက်ထုတ်ခါ မင်းပြုကြသည်ဟု ရေးမထားပေ။ ဒီလိုဆိုရင် နိုင်ငံခြားသားတို့ ရေးသားချက်ကို၊ အသို့လိုက်နာနိုင်မလဲ။ ဗိပြင်လည်း–

> မ္လေစ္ဆဝါစသွာယ်ဝါစး သဗေ် တေ ဒသျဝး ြံာ်တား။
> (မနု· ၁၀၊ ၄၅။)
> မ္လေစ္ဆဒေသတ်သွတား ပရး။ (မနု· ၂၊ ၂၃။)

အရိယဝတ္တဒေသ (=အိန္ဒိယ) မှ ထပါးသောတိုင်းပြည်တို့ကို ဒသျု ဒေသ၊ မလေစ္ဆဒေသ (=တောင်သူ မိလက္ခု တိုင်းပြည်) ဟု ခေါ်သည်။ အထက်ပါ စကားဖြင့်လည်း၊ အိန္ဒိယတိုင်းပြည်မှ ပြင်ပ၊ အရှေ့၊ အရှေ့မြောက်ထောင့်,မြောက်ဘက်, အနောက်မြောက်ထောင့်, အနောက်ဘက်ရှိ တိုင်းပြည်တို့တွင် နေသောသူတို့အား ဒသျု,မလေစ္ဆ,အသုရခေါ်ကြောင်း ထင်ရှား လေသည်။ ၎င်းပြင် အနောက်တောင်ထောင့်, တောင်ဘက်, အရှေ့တောင်ထောင့်တွင်နေသော သူတို့ကို၊ရက္ခသ (=ဘီလူး ရက္ခိုက်) ခေါ်လေသည်။ ယခုအထိ အဗီဆီနီယာ– နီဂရိုလူမျိုးတို့သည်၊ကျမ်းဂန်တို့တွင် ပြဆိုထားသော ကြောက်မက်ဘွယ် ကောင်းသော ရုပ်ရေအဂါ ရှိသော ဘီလူးတို့နှင့် များစွာ တူနေသေးပေသည်။ ထို့ပြင် အိန္ဒိယမှ အောက်တူရှုတွင် နေသော သူတို့ကို နာဝ (=နဂါး) ၎င်းတို့ ဒေသကို

ပါထာလ (=နဂါးပြည်) ဟု ခေါ် ခြင်းမှာ၊ဗုဒ်းတို့ပြည်သည် အိန္ဒိယသား တို့၏ ခြေ–ဝါ- ခြေဖဝါးအောက်တွင် တည်ရှိနေသောကြောင့် ဖြစ်သည်။ ထိုနာဂ အနွယ်ဝင် မင်းတို့၏ ဥပေါလီ မည်သော နဂါးမကလေးနှင့် အဇ္ဇုနမင်းတို့၊ ထိမ်းမြားလက်ဆပ်ခဲ့လေသည်။ ထနည်း ဗွင့်ဆိုပြရမည် ဆိုသော်, ဥတ္တာကရာဇ်မင်းမှစ၍ ကောရဝ, ပဏ္ဍဝမင်းများတိုင်အောင် လောကတွင် အရိယတို့ စိုးမိုးခဲ့၍ ဝေဒကျမ်းစာတို့သည် အိန္ဒိယမှ ပြင်ပ တိုင်းပြည်တို့၌လည်း အနည်းနှင့်အများ ပြန့်နှံ့ထွန်းကားခဲ့ဘူးလေသည်။ ဤအခြင်းအရာနှင့်ပတ်သက်၍ သာဓကမှာ၊ ဖြပဋ္ဌာ၏သား ဝိရောဇ,ဝိရောဇ ၏သား မနု,မနု၏ မရိစိ စသော သားဆယ်ယောက်,ဗုဒ်းတို့၏ သွယံဘဝ စသော သားခုနစ်ယောက်, ထိုသူတို့၏သားဆက် ဥတ္တာကရာဇ် စသော မင်းတို့သည်ပင် ပထမအစ ဤအိန္ဒိယပြည်ကို တည်ထောင် စိုးမိုးခဲ့လေ သည်။ ယခုအခါမှာ၊ ကံအကြောင်း မကောင်းသဖြင့်၊ အရိယလူမျိုးတို့၏၊ မျှင်းရိခြင်း, ပေါ့ဆခြင်း, အချင်းချင်း မသင့်မြတ်ခြင်းကြောင့်၊ တခြား တိုင်းပြည်များကို စိုးမိုးအုပ်ချုပ်တို့ရန် မဆိုထားနှင့်၊ အိန္ဒိယမှာတောင် ပင်၊ အရိယတို့၏ တစေပါင်းတည်း လွတ်လပ်သော ကိုယ့်မင်းကိုယ့်ချင်း အေးရန်ကင်းသောပြည် မရှိတော့ချေ။ ရှိသမျှသော ပြည်နယ် တို့သည် တိုင်းတပါးသားတို့၏ ခြေဖဝါးအောက်တွင် ကြေမွ ချေမှုန်းခြင်း ခံနေရ တော့၏။ အနည်းငယ်သော ပြည်နယ်သာ လွတ်လပ်၏။ ဝိပတ္တိခေတ်ကြီး ကြိုက်လာသောအခါ၊ ပြည်သူလူထုတို့အား;အမျိုးမျိုးသော ဒုက္ခဆင်းရဲ တို့ကို ခံစားကြရလေသည်။ မည်သူက မည်မျှပင်ပြုစေကာမူ၊ ကိုယ့်မင်း ကိုယ့်ချင်းသာလျှင် ကောင်းမြတ်ချေသည်၊တနည်း,ကိုယ့်အယူ သူ့အယူ ကို မငဲ့ဘဲ၊ မိမိသူတပါးဟူ၍ မျက်နှာမလိုက်မူ၍ ပြည်သူလူထု အပေါ် တွင် မိဘကဲ့သို့ သနားကြင်နာ ဖြောင့်မတ်သော တရားဥပဒေ အရ အုပ်ချုပ်သော တိုင်းတပါးသားတို့ အစိုးရခြင်း သည်လည်း သုခ ချမ်းသာကို ကြွပ်ပြည့်ဒင်ပြည့်မပေးစွမ်းနိုင်ချေ၊ သို့သော်,ဘာသာ စာပေ အမျိုးမျိုး, သိကြားစိဖြစ်သော သခ်ဏ်းစာ၊ ဓလေ့ထုံးစံ အမျိုးမျိုးတို့၏ တခုနှင့်တခု ဆန့်ကျင်မှု ပပျောက်ရန် အလွန် ခဲယဉ်းလေသည်။ ဤသို့ မပပျောက်သရွေ့ ကာလပတ်လုံး၊ အချင်းချင်း ပြုအပ်သော ကျေးဇူး ဥပကာရနှင့် ရည်ရွယ်ချက် ပြည့်ဝုံနိုင်ရန် ခဲယဉ်းလေသည်။ သို့ဖြစ်၍ ဝေဒစသော ကျမ်းဂန်တို့တွင် ပြဆိုထားသောနည်းနာနှင့် ရာဇဝင်တို့ကို

လိုက်နာခြင်းသည်ပင် သူတော်ကောင်းတို့၏ ဝတ္တရားဖြစ်ပေသည်။

အမေး။ ။ဤကမ္ဘာလောကကြီး ဖြစ်ပေါ်လာသည်မှာ၊ အချိန်ကာလ မည်မျှကုန်လွန်ပါပြီလဲ?

အဖြေ။ ။ကုဋေ့တသိန်း, ကိုးသယ့်ခြောက်ကုဋေ၊ သိန်းပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ ကမ္ဘာ စ၍ ဖြစ်လာ သည်နှင့် ဝေဒ ဘာသာ ဖြန့်ပွားပေါ်ပေါက်လာသည့်ကာစ၍ ကာလကုန်လွန် ပါလေပြီ။ ဤအခြင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ် စီရင်အပ် သော "ဘူမိကာ" ကျမ်းတွင် အကျယ်တဝင့်ပြထားသည်ကို ကြည့်ပါ။ ဤကား ကမ္ဘာကိုဖန်ဆင်းခြင်းဖြစ်လာခြင်းနည်းနှာ အခြင်းအရာများ ဖြစ်၏။ ထို့ပြင်တပ၊ အားလုံးထက်သေး ငယ် သိမ်မွေ့၍ ခွဲခြမ်း စိပ်မွှာ ခြင်း၌ မထတ်ကောင်းသော အမှုံ့ကလေးကို ပရမာဏုခေါ်၍၊ ပရမာဏု ခြောက်ဆယ် ကို ပေါင်းစပ်လျှင် အဏုခေါ်သည်။ အဏုနှစ်ခုကို ဒွယဏု ကခေါ်၍လေပင်ဖြစ်သည်။ ၃ ဒွယဏုကပေါင်းလျှင်မီး၊ ၄ ဒွယ ဏုက ပေါင်းလျှင် ရေ၊ ၅ ဒွယဏုက ပေါင်းလျှင် ပထဝီ= မြေကြီး၊တနည်းကား၊၃ ဒွယဏုကကို တြသရေဏု၊ရင်း ၂ဆ ဖြစ်လာလျှင် ပထဝီစသော မြင်နိုင်သော အရာဝတ္ထုများဖြစ် လာလေသည်။ ဤနည်းဖြင့် အစဉ် အတိုင်း ပေါင်းစပ်၍ ဘုရားသည် ကမ္ဘာလောကကို စီမံဖန်ဆင်းခဲ့လေသည်။

အမေး။ ။ဤကမ္ဘာကြီးကို၊ အဘယ်သူ ထမ်းဆောင် ထားပါသလဲ? တချို့က၊ ပါးပျဉ်းတထောင်ရှိသော သေသနာဂ (=သေသ နဂါးကြီး)၏ ဦးခေါင်းပေါ်တွင် ပထဝီရှိနေသည်။ တယောက် က နွား၏ဦးချိုပေါ်မှာ၊ တယောက်က ဆိုသည်မှာ မည်သူ့ အပေါ်မှာမှ မဟုတ်။ တယောက်က၊ လေကို မှီနေသည်။ တယောက်က နေ၏ ဆွဲဆောင်မှု (=အာကဿနသတ္တိ) က ဆွဲထား၍ တည်နေသည်၊ တယောက်က ပထဝီသည် လေးလံ သောကြောင့် ကောင်းကင် လဟာပြင်တွင် အောက်သို့ကျ လာနေသည်ဟူ၍ အမျိုးမျိုး အဖုံဖုံ ပြောကြပါသည်၊ ဘယ့် စကားကို အမှန်ယူရမှာလဲ?

အဖြေ။ ။သေသနဂါး (=မြွေ) နှင့် ခွားလား၏ဦးချိုပေါ်တွင် တည်နေသည်ဟု ဆိုသော သူတို့ကို မြွေနှင့် ခွားလား၏ မိဘများ မွေးဖွားစဉ်က၊ဘယ်လူ့အပေါ်မှာလဲ? မြွေနှင့်ခွားတို့ကား ဘယ်လူ့အပေါ်မှာလဲ? ဟု မေးသင့်၏။ ခွားလားဆရာကြီး မိုဆလင်ကား ပါးစပ် ပိတ်သွားလိမ့်မည်။ သို့သော်, မြွေဆရာကတော့၊ မြွေဟာ လိပ်ပေါ်မှာ၊ လိပ်ဟာ ရေပေါ်မှာ၊ ရေမီး ပေါ်မှာ၊ မီးလေပေါ်မှာ၊ လေ ကောင်းကင်မှာ တည်နေသည်ဟုပြော ကောင်း ပြောပေ လိမ့်မည်။ ဒီအားလုံးဟာ ဘယ်လူ့အပေါ်မှာလဲ? ဟု မေးလျှင် ထာဝရ ဘုရား ပေါ်မှာဟု မုချ ဖြေပေ လိမ့်မည်။မြွေနှင့်ခွားလားဟာ ဘယ်လူ့သားလဲ? ဟုတယောက် ယောက်ကမေးရင်၊ မြွေဟာ ကဿပ က၊ ခွားဟာ ခွားမက၊ ကဿပဟာ မရိစိက၊ မရိစိဟာ မနုက၊ မနုဟာ ဗိရာဋ္ဌက၊ ဗိရာဋ္ဌဟာ ဗြဟ္မာ၏သား၊ ဗြဟ္မာစသူကား ကမ္ဘာဖန်ဆင်းရှင်ကဟု ဖြေလိမ့်မည်။ သေသနာဂ မမွေးမှီက၊ ငါးဆက်ကုန်လွန်လေပြီ။ ထိုငါးဆက် အတွင်းက ဘယ်လူက ထမ်းထားသလဲ? တနည်း ကဿပ မွေးစဉ်က ပထဝီ မြေကြီးဟာ ဘယ်လူ့အပေါ်မှာလဲ? လို့မေးလိုက်လျှင် တခါတည်း ပါးစပ်ပိတ်သွားပေလိမ့်မည်။

သို့မဟုတ်, အဖြေရှာမရလျှင် ရန်စပေလိမ့်မည်။ ဤပုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ "ကြွင်းသော အရာကို" သေသဟု ခေါ်သည်။ တရံတယောက်သော ပညာရှိက "သေသာဓာရာ ပြိထိဝီတျူတ္တမ်" = ကြွင်းသောအရာကို မှီ၍ ပထဝီ ရှိနေသည် ဆိုထားရာ၊ အခြားသူ တယောက်က ဆိုလိုရင်း အဓိပ္ပါယ်ကို မသိသဖြင့် မြွေဟု အတင်မှားခြင်း ဖြစ်လေသည်။ စင်စစ်မှာ၊ ထာဝရဘုရားသည် ကမ္ဘာဖြစ်ပေါ်ခြင်း ပျက်စီးခြင်းမှ ကြွင်းကျန်နေသောကြောင့် "သေသ"ဟုခေါ်၍ ထိုဘုရားကိုမှီ၍ ပထဝီ ရှိနေသည်ဆို၏—

သတျေနောတ္တဘိတာ ဘူမိ။ (၁၀၊ ၈၅၊ ၁။)

ဤကား ရိဂ္ဂေဒလာ ပါဠိဖြစ်၏။ (သတျ) ကာလသုံးပါးမှ လွတ်သော၊ မည်သည့် အခါမျှ မပျက်စီးသော ဘုရားသခင်သည် မြေကြီး, နေနှင့် အားလုံးသော လောကတို့ကို ဆောင်တော်မူသည်။

ဥက္ကာ ဒါဝရ ပြိုထိပ်မှတချက်၊ ဤသည့်လည်း ရှိတွေ့သော စကား ဖြစ်၏။ ဤ (ဥက္ကာ) ပုဒ်ကိုကြည့်၍ တရုတ်ယောက်က၊ ခွားလားကို ယူဆခြင်း ဖြစ်ပေလိမ့်မည်။ အကြောင်းသော်ကား ဥက္ကာသစ္စါသည် ခွားလားကိုလည်းခေါ်သည်။ သို့သော်, ဤမျှကြီးလေးသော ကမ္ဘာကြီး ကို ထမ်းထားနိုင်လောက်သော ခွန်အားဗလ ခွားလားမှာ ဘယ်လို ရှိနိုင် မလဲ ဆိုတာကို ဤလူမိုက်က မစဉ်းစားမိချေ။ ထို့ကြောင့် ဥက္ကာဆိုသည် ကား။ ရိုးယ်းရေဖြင့် ကမ္ဘာကို ဖြန်းပက် သွန်းလောင်းသော ဂုဏ်ကြောင့် နေကိုပင် ဥက္ကာဟု ခေါ်တွင်လေသည်။ ထိုနေသည် မိမိ၏ ဆွဲဆောင် တတ်သော အာကဋ္ဌနသတ္တိဖြင့် ကမ္ဘာကို ဆွဲဆောင် ထားလေသည်။ သို့သော်, နေစသော လောကဟ္ဒိကို ဆောင်ထားသောသူမှာ ထာဝရ ဘုရားမှတပါး အခြားတရုတ်ယောက် မရှိချေ။

အမေး။ ။ဤမျှ ကြီးကျယ်သော ကမ္ဘာလောကကြီးကို ဘုရားဟာ၊ ဘယ်လိုထမ်းဆောင် ထားနိုင်ပါသလဲ ?

အဖြေ။ ။ဥပမာ–အဆုံးအစမရှိသော ကောင်းကင်မြင့်တွင် ကြီးကျယ် သော ကမ္ဘာများ မပြောပလောက်သလို၊ (ဝါ) သမုဒ္ဒရာနှင့် နှိုင်းစာလျှင် ရေစက်တစက်မျှ မကြီးကျယ်သလို၊ အဆုံးမရှိ သော ဘုရား၏ ရှေ့တော်တွင် ဤမရေတွက်နိုင်သော လောက တို့သည် ပရမာဏုမြူမှုန့် ထပ်မှုန့်မျှပင် မရှိချေ။ ထိုဘုရားသည် အတွင်းအပြင် အားလုံးသော အရပ်ဒေသတို့၌ ပြန့်နှံ့နေတော် မူ၏၊ တနည်းကား–"ဝိဘုး ပြဇာသု" (ယဇု. ၃၂၊ ၀။)

ထိုဘုရားသည် အားလုံးသော တိုင်းသူပြည်သား လူအများ တို့၌ ပြန့်နှံ့ ထွန်းလင်းသည်ဖြစ်၍ အားလုံးကို ထမ်းဆောင် ထားတော်မူသည်။ အကယ်၍သာ၊ ခရစ်ယာန်၊ မိုဆလင်၊ ပူရာဏ်ကျမ်းဆရာတို့ ဝါဒအားလျော်စွာ ဘုရား၌ "ဝိဘုး" တန်ခိုးတော်သာ မရှိပါမူကား၊ ဤကမ္ဘာတခုလုံးကို ဘယ် နည်းနှင့်မှ မထမ်းဆောင်နိုင်ပေရာ။ ဤဝိဘုး တန်ခိုးတော်ကို မရရှိဘဲ၊ တဦးသည် အခြားတဦးကို မဆောင်နိုင်ပေရာ။ ဤပထဝီ,နေ,လ စသော လောကတို့သည် တခု၏ အာကဋ္ဌန သတ္တိဖြင့် အခြားတခုကို ဆွဲဆောင်ထားကြ သောကြောင့်

ဘုရားက ထမ်းဆောင်နေစရာ မလိုဟု တရုံတယောက်က ဆိုငြားအံ့။ထိုသူအား မြေကြားရန်မှာ—ကမ္ဘာလောကသည် အဆုံးမရှိသလော ? အဆုံးရှိသလော ? အကယ်၍ အဆုံး မရှိဟု မြေငြားအံ့၊ အခြင်းအရာ ပုံသဏ္ဌာန်ရှိသော အရာသည် အနန္တ (=အဆုံးမရှိ) ဘယ်တော့မှ မဖြစ်နိုင်ရာ။ အကယ်၍ အဆုံးရှိသည် ဆိုငြားအံ့၊ ထိုကမ္ဘာ၏အဆုံး (=နယ်နိမိတ်)မှ ပြင်ပတွင် အခြား ကမ္ဘာတခု မရှိနိုင်ရာ။ ဤသို့ဆိုလျှင် ထို နေရာ၌ အဘယ်ကမ္ဘာ၏ အာကာသနသတ္တိဖြင့် ဆွဲဆောင်ထား မလဲ ? ဥပမာ — သမင္ဂနှင့် ဗျဂ္ဂနည်း နှစ်နည်းရှိရာတွင်၊ အားလုံးကို ရပေါင်းထားသော အရအပေါင်း တခုကို သမင္ဂ ခေါ်၍၊ သီးခြားစီ၊ သစ်ပင်တပင်စီကို ဗျဂ္ဂခေါ်လေသည်။ ထို့အတူပင် အားလုံးသော လောကတို့ကို ပေါင်း၍ ကမ္ဘာ ကြီးတခုဟု ခေါ်ခဲ့လျှင် ထိုကမ္ဘာအားလုံးကို ဆောင်ထားသူ, ဆွဲငင်ထားသူကား၊ ဘုရားမှတပါး အခြား တရုံတယောက် မဖြစ်နိုင်ချေ။ ထို့ကြောင့် ကမ္ဘာတခုလုံးကို ဖန်ဆင်းသူပင် လျှင်—

သဒါဓာရ ပြိထိဝိံ ဖြာမှုတေမာမ်။ (ယဇု. ၁၃၊ ၄။)

အကြင် ပထဝီစသော အလင်းရောင်မှ ကင်းသော လောက, တခြား သော လောက၏ အရာဝတ္ထုများ၊ ထိုအတူ နေစသော အလင်းရောင် ရှိသော လောကနှင့် အရာဝတ္ထုတို့ကို ဖန်ဆင်းခြင်း ထမ်းဆောင်ခြင်းကို ဘုရားသခင်က ပြုတော်မူသည်။ အကြင် ဘုရားသခင်သည် အားလုံးတို့၌ ပြန့်နှံ့နေတော်မူ၏၊ ထိုဘုရားသည်ပင် အားလုံးသော ကမ္ဘာကို ပြုလုပ်သူ ဆောင်ထားသူ ဖြစ်တော်မူ၏။

အမေး။ ။ပထဝီစသော လောကတို့သည် လှည့်ပတ်သွားလာ နေကြသလော၊ သို့မဟုတ် တနေရာတည်းတွင် တည်နေကြသလော ?

အဖြေ။ ။သွားလာနေကြပါသည်။

အမေး။ ။များစွာသော လူတို့ အပြောမှာ၊ နေသည် သွား၍ ပထဝီ မြေကြီးကား မသွား၊ တချို့က မြေကြီးသွားသည် နေကား မသွားဟု ဆိုကြပါသည်။ ဘယ်ဟာ စကား မှန်ပါသလဲ ?

အစဖြ။ ။နှစ်ဦးစလုံးပင် တဝက်စီ မှားပါသည်။ ဝေဇ္ဇ ရေးထားပုံမှာ—

> အာယံ ဂေါး ပြိဿိ'ရကြမီဒသင်္ဒ္ဌ¯တရံ'ပုရးဗိတရံ'စ ပြယန္တ္တသွံ။
> (ယဇု· အ· ၃၊ မံ· ၆။)

အနက်ကား — ဤပထဝီသည် ရေနှင့်တကွ နေပတ်လည် လှည့်ပတ်နေသည်၊ ထို့ကြောင့် ပထဝီသွားလာ လှည့်ပတ်နေသည်။

> အာကြိဿ္ဌေန ရဇ်သာ ဝတ္တမာနော နိဝေသယန္တမြိတံမတ္တံ့စ၊
> ဟိရဏျယေန သဝိတာ ရထေနာ ဒေဝေါ ယာတိ ဘုဝနာနိ ပဿျန်။
> (ယဇု· အ· ၃၃၊ မံ· ၄၃။)

အကြင်(သဝိတာ) နေ မိုးစသည်ကို လုပ်သူ၊ အလင်းရောင်ရှိသော၊ တန်ခိုးတေဇော်ရှိသော၊ နှစ်လိုဘွယ်သော ရုပ်အဆင်းနှင့်တကွ ရှိနေသော၊ သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးတို့၌ အမြိတ်သုဓ္ဓါဘုတ်သဘွယ် မိုးရေ (ဝါ) ရောင်ခြည်တို့ဖြင့် အမြိတ်သုဓ္ဓါဘုတ်ကို ဝင်ရောက်စေလျက်၊ မြင်နိုင်သော ရုပ်ရေအဆင်းရှိသော အရာဝတ္ထုတို့ကို ပြလျက် အားလုံးသော လောကတို့နှင့်တကွ အာကာသနှသည့်ဂုဏ်ဖြင့် အတူရှိနေပြီးလျှင် မိမိ၏ နယ်နိမိတ် အတွင်းတွင် လှည့်ပတ်နေသည်၊ ထိုသော် လောကတစုံတခု၏ ပတ်လည်၌ကား မလှည့်လည်ချေ၊ ထို့အတူပင်လျှင် စကြဝဠာ တခုတခုတွင် နေတစင်းသည် ထွန်းလင်း စေတတ်သူ ဖြစ်၍ အခြားသော လောကတို့သည်ကား ထွန်းလင်းအပ်သော အရာများဖြစ်လေသည်၊ ဥဒါဟရဏ်ကား—

> ဒိဝိ သောမော အဓိ'ဖြိတား။(အထ·ကာဏ်·၁၄၊အနု·၁၊မံ·၁။)

လသည် နေဖြင့် ထွန်းလင်း တောက်ပတိသကဲ့သို့၊ ပထဝီ စသော လောကတို့သည်လည်း နေဖြင့်ပင် ထွန်းလင်းကြ ကုန်သည်၊ ထိုသော်, နေ့နှင့် ညဉ့်ကား အခါခပ်သိမ်း ရှိနေလေသည်၊ အကြောင်းသော်ကား၊ ပထဝီ စသော လောက တို့သည် လှည့်ပတ်၍နေ၏ ရှေ့တည့်တည့်သို့ ရောက်လာသော အစိတ်အပိုင်းသည် နေ့ဖြစ်၍ နောက်ဘက်ကျ နေသော (ဝါ) ကွယ်နေသော အစိတ် အပိုင်းသည် ညဉ့်ဖြစ်လေသည်၊ ထနည်း ဆိုရလျှင်၊ နေထွက်,နေဝင်,ညနေ,မွန်းတည့်,သန်းခေါင် စသော အချိန်ကာလ အစိတ်အပိုင်း တို့သည်၊ အတိုင်းတိုင်း အပြည်ပြည်တွင် အခါ

ခပ်ထိမ်း ထင်ရှားရှိလေသည်။ တနည်း, အိန္ဒိယတွင် နေထွက်သောအခါ၊ နဂါးပြည် (ဝါ) အမေရိကန်၌ နေဝင်ချိန် ဖြစ်သည်။ အိန္ဒိယတွင် နေဝင်သောအခါ၊ အမေရိကန်၌ နေထွက်လေသည်။ အိန္ဒိယ၌ မွန်းတည့် (ဝါ) သန်းခေါင် ချိန်တွင် နဂါးပြည် တွင် သန်းခေါင်နှင့် မွန်းတည့် ဖြစ်လေသည်။ နေသာသွား၍ ပထဝီ မသွားဆိုသူ အားလုံးတို့ကား၊ ပညာမဲ့သူများဖြစ်ကြသည်။ အကြောင်းကား၊ ဤသို့သာဖြစ်မည်ဆိုပါက၊ နှစ်ပေါင်း အထောင် များစွာသောနေ့၊ ညည့်ဖြစ်ရာသည်။ အဓိပ္ပါယ်ကား, နေ၏ အမည် (ဖြစ္စား)၊ ပထဝီကမ္ဘာမြေကြီးထက် အဆတထိန်းပိုကြီး၍ ကောသပေါင်း ကုဋေများစွာကွာဝေးလေသည်။ ဥပမာ— မုံညင်းစေ့ ရှေ့တွင် တောင်ကြီးလှည့်ပတ်မည်ဆိုက၊ အချိန်များစွာ ကြာမည်ဖြစ်၍ မုံညင်းစေ့သာ လှည့်ပတ်မည် ဆိုက မကြာသလို၊ ကမ္ဘာမြေကြီး လှည့်ပတ်သဖြင့် သင့်လျော်သော နေ့ညည့်ဖြစ်၍ နေကြီး လှည့်ပတ်မည် ဆိုက ဖြစ်မည် မဟုတ်ပေ။ နေကို မလှုပ်မရှားဘဲ တည်နေသည် ဆိုသူလည်း နက္ခတ်ပညာကို နားလည်သူ မဟုတ်ချေ။ အကြောင်းကား၊ အကယ်၍ သာ နေမလည်ပါက၊ တဆယ့်နှစ်ရာသီ (=ဒွါဒရာသီ) စက်သည်၊ တနေရာမှ တနေရာသို့ ရောက်မည် မဟုတ်ချေ။ နေလို ကြီးလေးသော အရာဝတ္ထုသည်၊ ကောင်းကင်ပြင်တွင် တနေရာတည်း၌ မလည်ဘဲ မနေနိုင်ရာ။ ဂျိုင်းဘာသာဝင်တို့ အလိုအရ၊ မြေကြီးသည် မလည်ဘဲ၊ အောက်သို့သာ ရွေ့လျော ကျဆင်းနေသည်၊ ဇမ္ဗူဒိပ်ကျွန်းတွင် နေ နှစ်စင်း လ နှစ်စင်းရှိသည်ဟု ဆိုခြင်းကား၊တကယ်ဘင်းသောက်၍ မူးနေသူများဖြစ်ကြ၏။ ဘာ့ကြောင့်လဲ? အောက်သို့သာ ရွေ့လျော ကျဆင်းနေမည်ဆိုက၊ ပတ်လည်လေဗိုင်း မရှိတော့ဘဲ၊ ပထဝီကြီး အစိပ်စိပ် အမွှာမွှာဖြစ်သွားရာသည်။ အနိမ့်ပိုင်းတွင် နေသောသူတို့အား လေမရရာ၊ အောက်ထူထူတွင် နေသူတို့အား လေပိုမို ရရာသည်။ လေအဟုန် တမျိုးတစားတည်းသာ ဖြစ်နေလေရာသည်။ နေ့,လ နှစ်စင်း ရှိမည်ဆိုက၊ လဆန်း လဆုတ် ပက္ခလည်း မရှိနိုင်ရာ။ ထိုဖြစ်၍ ပထဝီတခုအနီးတွင် လတစင်း ရှိ၍ များစွာသော ပထဝီ(လောက)တို့အလယ်တွင် နေတစင်းရှိလေသည်။

မေး။ ။နေလနှင့် ကြယ်တာရာ တို့ကား၊ ဘယ်လို အရာဝတ္ထုမျိုး ပါလဲ? ထိုနေလတာရာတို့၌ လူစသည် ရှိ မရှိ?

အဖြေ။ ။ဤသည်တို့ကား ပထဝီ (လောက) တွေဖြစ်၍၊ လူစသည်လည်း ရှိနေကြပါသည်။

ဧတေသု ဟိဒံ သဗ္ဗံ ဝသုံ ဟိတမေဝမေတေဟိဒံ သဗ္ဗံ ဝါသယန္တေ တဒျဒိဒံ သဗ္ဗံ ဝါသယန္တေ တသ္မာဒွသဝ ဣတိ။ (သတ-။ ကဉ်-၁၄၊ ပြ-၆၊ ဗြာ-၇၊ ကံ-၄။)

ပထဝီ,ရေ,မီး,လေ,အာကာသ,လ, နက္ခတ်တာရာ, နေတို့ကို "ဝသု" ဟု ခေါ်ခြင်းမှာ ဤပထဝီစသည်၌ အားလုံးသောအရာဝတ္ထုနှင့် လူစသော သတ္တဝါတို့ နေကြကုန်၏၊ ဤပထဝီစသည်ပင် အားလုံးတို့အား၊ တည်ထောင်နေထိုင်စေ၏။ "ဝါသ" နေထိုင်ရာ နေရာအိမ်သဘွယ် ဖြစ်သောကြောင့်၊ "ဝသု" ဟုခေါ်တွင်၏။ အကယ်၍ ပထဝီလိုပင် နေလနက္ခတ်တို့သည် ဝသုဖြစ်ခဲ့လျှင် သတ္တဝါများရှိနေရာ၌ ဘာ သံသယရှိစရာလိုတော့မှာလဲ? ဘုရားသခင်၏ ဤပထဝီ လောက ကလေး၌ လူသတ္တဝါစသည်တို့ဖြင့် ပြည့်နှက်နေခဲ့လျှင် ထိုနေလောကစသည့် လောကတို့ဟာ၊ သုညနေမှာလား? ဘုရားသခင်၏ကိစ္စဟူသည်ရှေ့ အကျိုးမဲ့မဟုတ်ခဲ့သော်, ဤမရေတွက် နိုင်သော လောကတို့တွင် လူသတ္တဝါ စသည် မရှိက၊ ဘယ်တော့မှ ပြီးမြောက်အောင်မြင်နိုင်တော့မည်မဟုတ်ချေ။ ထို့ဖြစ်သောကြောင့် အားလုံးသော လောကတို့၌ လူသတ္တဝါ စသည် ရှိကြသည်ချည်းဖြစ်၏။

အမေး။ ။ဤတိုင်းပြည်တွင် လူစသော သတ္တဝါတို့၏ လက်ခြေ အင်္ဂါ အသွင် အပြင် ဖြစ်သလို အခြား လောကတို့ မှာလည်း ဖြစ်မလား မဖြစ်ဘူးလား?

အဖြေ။ ။အသွင်အပြင်၌ အနည်းငယ် ကွဲပြား ခြားနားနိုင် ပါသည်။ ဥပမာ— ဤလောကတွင်၊ တရုပ်,နီဂရို,အင်္ဂလိယသား, ဥရောပတိုက်သားတို့၏ ကိုယ်အင်္ဂါ အနေအထား, အရောင်အဆင်း, ပုံသဏ္ဌာန် အနိုးငယ်စီ ခြားနားကြ သကဲ့သို့ပင်၊ အခြားသောလောကတို့မှာလည်း ခြားနားကြပါသည်။ထိုသော်,ဤလောကရှိ လူစသော သတ္တဝါတို့၏ အမျိုးဇာတ်ထိုပင်၊ ထိုထိုလောကမှာလည်း ဖန်ဆင်းထားပါသည်။ ဥပမာ— ခန္ဓာကိုယ်တွင်

အကြွင်အကြွင်နေရာတို့၌ မျက်စိ စသည့် အင်္ဂါများရှိနေသလို ပင်၊ ထိုထိုလောကတို့ မှာလည်း ရှိနေကြပါသည်။ အဘယ့် ကြောင့်ဆိုသော်—

သူယိ၁စ္စန္ဒြသော် ခ္ဓာဘာ ယ်ယာ ပုဗ်ခ်က လွယတ်၊ဒိဝံ'စပြြထိဝိ° စ၁န္တာရိကျွ မထော်သွ်း။ (ရိ.။မိံ.၁၀၊သူ.၁၉၀။)

(ခ၁ဏာ) ထ၁ဝရ ဘုရားသခင်သည် ရှေးကပ် ကမ္ဘာတွင် နေ,လ, နက္ခတ်ပြည့်,မြေကြီး, ကောင်းကင်ပြင်နှင့် ထိုလောကတို့၌ ချမ်းသာအထူး ကိုပေးတတ်သော အရာဝတ္ထု တို့ကို ဖန်ဆင်းဘိသကဲ့သို့၊ ဤကမ္ဘာ၌ လည်း ဖန်ဆင်းတော် မူသည်။ ထို့အတူ အခြားသော လောကတို့မှာ လည်း ဖန်ဆင်းထားတော်မူသည်၊ ဘာမှုမခြားနားချေ။

အမေး။ ။ဒီကမ္ဘာမှာ ဝေဒကျမ်း ပြန့်နှံ့ထွန်းလင်းသလို ထိုထိုလောက တို့မှာကော ထွန်းလင်းပါသလား?

အဖြေ။ ။ဒီဝေဒပင် ပြန့်နှံ့နေပါသည်။ဘုရင်မင်းတပါး၏ တရားဥပဒေ သည် နိုင်ငံတော်တဝှမ်းလုံး၌ ပြန့်နှံ့နေသလိုပင်၊မင်းအပေါင်း တို့ထက် မြတ်သော ရာဇရာဇိသရ ဖြစ်တော်မူသော ဘုရား သခင်၏ ဝေဒဥပဒေသည်လည်း၊မိမိသည် ဖန်ဆင်းအပ်သော ကမ္ဘာလောက၌ ပြန့်နှံ့၍ တမျိုးတစားတည်းဖြစ်လေသည်။

အမေး။ ။အကယ်၍ ဝိညာဉ်နှင့် ရုပ်တရားတို့သည် အစမရှိ အနာဒိ ဖြစ်၍ ဘုရားက ဖန်ဆင်းထားသော အရာများမဟုတ်ခဲ့လျှင်၊ ဘုရားသည် ဤအရာတို့ကို မပိုင်ဘဲ၊ လွတ်လပ်သော အရာ များသာ ဖြစ်သည့် မဟုတ်ပါလော ?

အဖြေ။ ။ဘခေတ်တည်းတွင် မင်းနှင့် ပြည်သူတို့ ဖြစ်၍ ပြည်သူကို မင်းကပိုင်သကဲ့သို့ပင် ဘုရား၏လက်အောက်တွင် ဝိညာဉ်နှင့် သက်မဲ့အရာများလည်း ဖြစ်ကုန်၏။ ဘုရားသည် အားလုံး သော ဖန်ဆင်းခြင်းကို ပြုသူ၊ သတ္တဝါတို့၏ ကံအကျိုးကို ပေးသူ၊ အားလုံးကို နည်းလမ်းတကျ စောင့်ရှောက်သူ၊ အဆုံး မရှိသော အနန္တ တန်ခိုးတော်နှင့် ပြည့်စုံသူ ဖြစ်ပါလျှင်၊

စွမ်းအားနည်းသူနှင့် သကဲ့ အရာဝတ္ထုတို့သည် ထိုဘုရား၏ လက်အောက်ခံ မဖြစ်ဘဲ နေနိုင်မလား ? ထိုကြောင့် သတ္တဝါသည် အမှုကိုပြုရာ၌ လွတ်လပ်သည် မှန်သော်လည်း၊ ထိုအမှု (=ကံ)၏ အကျိုးကို ခံစားရာ၌ မလွတ်လပ်ဘဲ ဘုရား၏ လက်အောက်ခံ ဖြစ်ပေသည်။ ထို့အတူ အားလုံးသော စွမ်းအားနှင့် ပြည့်စုံသော (=သဗ္ဗသတ္တိမာ) ဘုရားသည်, ဖန်ဆင်းခြင်း, ဖျက်ခြင်း, စောင့်ရှောက်ခြင်းကို ပြုတော်မူသည်။

ဤမှနောက်, ဝိဇ္ဇာ, အဝိဇ္ဇာ, ဗန္ဓ (=သံသရာ အနှောင်အဖွဲ့)နှင့် မောက္ခ (=သံသရာမှ ထွက်မြောက်ခြင်း) အကြောင်းအရာကို ရေးပေအံ့။ ဤကား ရှစ်ခုမြောက် အခဏ်း ပြီးဆုံးပါပြီ။ ၈။

ဤသည်ကား သိရိမဒ — ဒယာနန္ဒ သူရသတီသာမိသည် စီရင်အပ်သော သတ္တတ္ထပကာသကျမ်း၌၊ ကောင်းသော ဘာသာဖြင့် တန်ဆာဆင်အပ်သော ကဏ္ဍကို ဖန်ဆင်းခြင်း, တည်နေခြင်း, ဖျက်ခြင်းနှင့် ဆိုင်ရာဖြစ်သော ရှစ်ခုမြောက်အခဏ်း ပြီးဆုံးခြင်းသို့ ရောက်သတည်း။

နဝမခဏ်း

ထိုမှတပါး ဝိဇ္ဇာနှင့်အဝိဇ္ဇာ၊ ဗန္ဓနှင့်မောက္ခ အကြောင်းအရာကို ပြဆိုပေအံ့။

ဝိဒျံ စာဝိဒျံ စ ယသ္တဒွေဒေါဘယံ သဟ၊ အဝိဒျယာ မြတျုံ
တီတွာ ဝိဒျယာ မြတမသ္နုတေ။
ယဇု။ အ· ၄၀၊ မံ· ၁၄)။

အကြင်သူသည် ဝိဇ္ဇာနှင့် အဝိဇ္ဇာသချင်ကို အတူတကွသိ၍၊ ထိုသူသည် အဝိဇ္ဇာ -ဝါ- ကုသိုလ်မှုကိုပြု၍ သေခြင်းတရားကို လွန်မြောက်၍ ဝိဇ္ဇာ -ဝါ- မှန်သောဉာဏ်ဖြင့် မောက္ခ နိဗ္ဗာန်ကိုရ၏။ အဝိဇ္ဇာ၏ လက္ခဏာကား—

အနိတျာသုစိဒုးခါနာတ္မသု နိတျသုစိသုခါတ္မချာတိရဝိဇ္ဇာ။
(ပါတံ· ဒ· သာဓနပါဒေ၊ သူ· ၅)။

ဤကား ယောဂသုတ်လာ စကားဖြစ်၏။ — အကြင်သူသည် မမြဲသော သံသရာလောက၊ ခန္ဓာကိုယ်တို့၌ မြဲသည်ဟု ယူဆခြင်း၊ တနည်း၊ ဤ မျက်မြင်လောကသည် အမြဲတည်နေလိမ့်မည်၊ ရှေးကလည်း အမြဲတည် လာခဲ့ပြီ၊ ယောဂအားအစွမ်းဖြင့် ဤနတ်ခန္ဓာတို့သည် အမြဲနိုင် ရှိနေသည် စသည်ဖြင့် အမှားမြင်ခြင်းသည် အဝိဇ္ဇာတပါး၊ အသုစိ—မစင်ကြယ်သော မိန်းမစသည်တို့၌၎င်း၊ မုသားဆိုခြင်း၊ ခိုးဝှက်ခြင်းစသော မစင်ကြယ် သော အမှုတို့၌ စင်ကြယ်သည်ဟု မှတ်ယူခြင်းတပါး၊ ကာမရာဂ၌ အရေး လိုက်စားခြင်း ထည်းဟူသော ဒုက္ခဆင်းရဲကိုပင် သုခချမ်းသာဟု ယုံမှား ခြင်းတပါး၊ အနတ္တ၌ အတ္တဟု ထင်မှားခြင်းသည်းတပါး၊ ဤလေးပါး သော ထင်မှားခြင်းကိုပင် အဝိဇ္ဇာဟု ခေါ်သည်။ ဤထင်မှားခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော အနိစ္စ၌ အနိစ္စ၊ နိစ္စ၌ နိစ္စ၊ မစင်ကြယ်ခြင်း၌ မစင် ကြယ်၊ စင်ကြယ်ခြင်း၌ စင်ကြယ်သည်၊ ဒုက္ခ၌ ဒုက္ခ၊ သုခ၌ သုခ၊ အနတ္တ၌ အနတ္တ၊ အတ္တ၌ အတ္တဟု အမှန်သိခြင်းကို ဝိဇ္ဇာဟုခေါ်သည်။ တနည်း—

''ဝေဒ္တြိယထာဝတ္တတွ ပဒါတ်သမူဟံ ယယာသာဝိဇ္ဇာ, ယယာ တတွသွရူပံ န ဇာနာတိ ဘြမာဒနျသ္မိန္နနျံ နိုဈိနောတိ ယယာသာ အဝိဇ္ဇာ။

အကြွင် အရာဝတ္ထုတို့၏ မှန်သောသရုပ် (သဘော)ကို သိခြင်းကို ဝိဇ္ဇာခေါ်၍၊ အရာဝတ္ထုတို့၏ ပကတိသဘောတရားကို မသိဘဲ၊ အခြားထပါး ထင်မှား မြင်မှားခြင်းကို အဝိဇ္ဇာခေါ်သည်။ တနည်း ဆိုရသော်, ပုညကုသလ=ကုသိုလ်မှုနှင့် ဘုရား တရား ဆည်းကပ် ပူဇော်မှုတို့သည်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ, အပြုအမူ အထူးမျှသာဖြစ်၍၊ ဉာဏ် (ပညာ) အထူး မဟုတ်သောကြောင့် အဝိဇ္ဇာဟုခေါ်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် မန္တာန်၌ ပြခဲ့သည့်အတိုင်း၊ ဖြူစင်မြင့်မြတ်သော ကုသိုလ်မှုနှင့် ထာဝရဘုရားကို ဆည်းကပ်ပူဇော်မှုမှ ကင်း၍ သေခြင်း တည်းဟူသော ဆင်းရဲမှ မည်သူမျှ မလွတ်နိုင်။ တနည်းအားဖြင့် – ဖြူစင်သောအမှု၊ ဖြူစင်သော ပူဇော်မှု၊ ဖြူစင်သော ဉာဏ်ဖြင့်သာ ဝိမုတ္တိရသကို ရနိုင်၍၊ မဖြူစင်သော မုသားဆိုခြင်း စသောအမှု၊ ကျောက်တောင် ကျောက်ဆောင် ရုပ်ထု ဆင်းတုတို့ကို ပူဇော်ခြင်း၊ မှားသော ဉာဏ်အမြင်ဖြင့် သံသရာ အနှောင်အဖွဲ့ (ဗန္ဓ)၌ ကျရောက်ရသည်။ အလုပ်ကိစ္စ, ပူဇော်ခြင်း, အသိဉာဏ်နှင့် မည်သူမျှ မကောင်းနိုင်ပေသောကြောင့် တရားနှင့်လျော်သော မှန်သော စကားကို ဆိုခြင်း စသော ကံ(အမှု) တို့ကိုပြု၍ မုသားဆိုခြင်း စသော မကောင်းသော ကံ (အမှု)တို့ကို ပယ်စွန့်ခြင်းသည်ပင်၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းကောင်း လမ်းမှန်ဖြစ်ပေသည်။

အမေး။ ။ဝိမုတ္တိကို အဘယ်သူ မရသနည်း?

အဖြေ။ ။အနှောင်အဖွဲ့ ခံနေသူ။

အမေး။ ။အနှောင်အဖွဲ့ခံနေသူ ဘယ်သူလဲ?

အဖြေ။ ။မကောင်းမှုနှင့် အမြင်မှားခြင်း၌ မိနေသောသတ္တဝါဖြစ်သည်။

အမေး။ ။ဗန္ဓ (=အနှောင်အဖွဲ့)နှင့် မောက္ခ (=သံသရာမှလွတ်မြောက်ခြင်း) သည် သူ့သဘာဝအတိုင်းဖြစ်နေသလော? သို့မဟုတ် နိမိတ္တ=အခြားအကြောင်း တစုံတခုကြောင့် ဖြစ်နေသလော?

အဖြေ။ ။အခြားအကြောင်း (နိမိတ္တ) ကြောင့်ဖြစ်သည်၊ အကြောင်းကား၊ သူ့သဘာဝ အတိုင်းသာ ဖြစ်မည်ဆိုက၊ ဗန္ဓနှင့် မုတ္တိသည် ဘယ်တော့မှ ကုန်ဆုံးခြင်း၊ ပြောင်းလွှဲခြင်း ဖြစ်တော့မည်မဟုတ်။

အမေး။ ။နနိရောဓော နစောတ္ပတ္တိရ် ဝဗဒ္ဓေါ နစ သာဓကး၊ နမုမုက္ချုရ် ဝဲမုက္တ ဣတျေဝါ ပရမာထတာ။ (ဂေါဍပါဒိယ ကာရိကာ။ ပြ· ၂၊ကာ·၃၂။)

ဤဂါထာသည် မာဏ္ဍူကျောပ နိသျှဒကျမ်း အဘွင့် ဖြစ်၏၊ ဇီဝ (အသက်ဝိညာဉ်) သည် ဖြဟ္မဖြစ်သောကြောင့်၊ စင်စစ်အားဖြင့် ဇီဝသည် ချုပ်ငြိမ်းခြင်း၊ အကျွယ်ဆိုရသော်, ဘယ်တော့မှ အနှောင်အဖွဲ့မခံ၊ မွေးဖွားခြင်း၊ ပိတ်ဆို့ခြင်း ဆောက်တည် လွတ်မြောက်ခြင်းမရှိ၊ လွတ်မြောက် လိုသော ဆန္ဒမရှိ၊ ဘယ်တော့မှမလွတ်မြောက်၊ အကြောင်းပြရသော်, ပရမတ်အားဖြင့် နှောင်ဖွဲ့ခြင်းမဖြစ်နိုင်ခဲ့လျှင်၊ ဘယ်လိုလွတ် မြောက်ခုံးမှာလဲ?

အဖြေ။ ။ဤကား ခေတ်သစ်ဝေဒါန္တ ဆရာတို့ စကားသာဖြစ်၍ မမှန် ပါ၊ အဘယ့်ကြောင့်ဆိုသော်, ဇီဝ၏သဘာဝသည် နည်းငယ် တိုလျှသောကြောင့် အဖွဲ့အနှောင်မှ မကင်း၊ ခန္ဓာကိုယ်နှင့် တကွ မွေးဘွား ဖြစ်ပေါ်လာခြင်း၊ မကောင်းမှု အကျိုးတို့ကို ခံစားရသော အနှောင်အဖွဲ့ (=ဗန္ဓနှ) ၌ ကျရောက် ရခြင်း၊ ထိုအနှောင်အဖွဲ့မှ လွှတ်မြောက်ရန် အတွက် ကြိုးစားကျင့် ဆောင်ခြင်း၊ ဆင်းရဲမှ လွတ်မြောက် လိုခြင်း၊ သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်၍ အလုံးချမ်းသာသော ပရမိသာရ ဘုရားကို ကပ်ရောက်၍ ပီမုတ္တိရသကိုသည်း ခံစားရ၏။

အမေး။ ။ဤအားလုံးသောတရားတို့သည်ကား ခန္ဓာကိုယ်နှင့်စိတ်၏ ကိစ္စသာဖြစ်သည်၊ ဇီဝ၏အလုပ်မဟုတ်ချေ၊အကြောင်းကား၊ ဇီဝသည် ကုသိုလ် အကုသိုလ်မှ ကင်းသော သက်သေတဦး မျှသာဖြစ်သည်၊ အပူအအေးစသည်ကား ခန္ဓာကိုယ် စသည် တို့၏ အလုပ်သာဖြစ်၍၊ အတ္တ (=ဇီဝ=ဝိညာဉ်) သည်ကား၊ ဘယ်တရားနှင့်မျှ မစွမ်းငြိချေ၊

အဖြေ။ ။ခန္ဓာကိုယ်နှင့် အတွင်းစိတ်သည်ကား၊ အသိဉာဏ် ကင်းမဲ့ သဖြင့် အပူအအေး စသည်ကို ရရှိခံစားခြင်းမရှိပေ၊ သက်ရှိ

လူစသော သတ္တဝါတို့သာ ထိုအပူအအေးကို တွေ့ထိသော အခါ၊ ခံစားရသည်။ အသက် (=ပါဏ) သည်လည်း၊ အသိ ဉာဏ်ကင်းမဲ့၍ သူကိုယ်တိုင် မွတ်သိပ် ဆာလောင်ခြင်း မရှိပေ။ သို့သော်, အသက်ရှိသော သတ္တဝါ ကိုကား၊ မွတ်သိပ် ဆာလောင်ခြင်း ဖြစ်လေသည်။ ထို့အတူ စိတ်သည်လည်း အသိဉာဏ်ကင်းမဲ့၍ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း မဖြစ် နိုင်ပေ။ သို့သော်, ထိုစိတ်ဖြင့် သက်ရှိ သတ္တဝါ သည် ဝမ်းမြောက်- ဝမ်းနည်းခြင်း၊ သုခဒုက္ခကို ခံစား လေသည်။ ဥပမာ– ဗဟိဒ္ဓ ဖြစ်သော သောတ စသော ဣန္ဒြေတို့ဖြင့် ကောင်းသော မကောင်းသော အသံ (=သဒ္ဒါရုံ) တို့ကို ယူလျက်၊ သတ္တဝါ တို့သည် ချမ်းသာခြင်း ဆင်းရဲခြင်းဖြစ် သလိုပင် မနော,ဉာဏ်(=ဗုဒ္ဓိ) စိတ်သည်၊ ငါတည်းဟူသော မာန အဟံကာရဖြင့် ရည်မှန်းခြင်း၊ ယုံမှားသံသယ၊ ဆုံးဖြတ် ခြင်း၊ အောက်မေ့ သတိရခြင်း၊ မာန ထောင်လွှား ခြင်းကို ပြုသူသည် အဖြစ်ဒဏ်နှင့် ချီးမြှောက် ကော်ရော်ခြင်းကို လည်း ခံစားရ၏။တနည်း ဥဒါဟရဏ်မှာ–သန်လျက်ဖြင့်ခုတ် သတ်သူသည်သာ အပြစ်ခံရ၍ သန်လျက်ကား အပြစ်ပေးမခံ ရဘိသကဲ့သို့ပင်၊ ကိုယ်၏ ဣန္ဒြေဖြစ်သော စိတ်နှင့် အသက် ဖြင့်ပြုအပ်သော ကောင်းမှု မကောင်းမှုတို့ကို ပြုသော သတ္တဝါ သည် ချမ်းသာ ဆင်းရဲကို ခံစားစံစားရလေသည်။ဇီဝသည် ပြုအပ်သော ကံတို့၏ အသိသက်သေမဟုတ်၊ သို့သော်, ပြုသူ သည် ခံစားသူဖြစ်၏။ ကံတို့၏သက်သေကား၊ ၂–ဆူမရှိသော ဘုရားပင်ဖြစ်သည်။ ကံတရားကိုပြုသော သတ္တဝါသည်သာ၊ ကံတို့၌ တွယ်ကပ်နေ၏၊ ထိုဘုရားကား သက်သေ မဟုတ်။

ခမေး။ ။ဇီဝသည်ကား ပြုပွဲ၏ အရိပ်ဖြစ်၏၊ ဥပမာ– မှန်ကွဲခြင်း ကြောင့် ထိုအရိပ်ကို မထိခိုက်သလိုပင်၊အတွင်း စိတ်ခေတ်၌ ပြုပွဲ၏ အရိပ်ဖြစ်သော ဇီဝသည်၊ စိတ်ခေတ် ရှိနေသရွေ့ ကာလပတ်လုံး၊ တည်နေလေသည်။ အတွင်းစိတ် ချုပ်ငြိမ်း (ပျက်စီး) သွားသော အခါ ဇီဝသည်လည်း လွတ်မြောက် သွား၏။

အဖြေ။ ။ဒီစကားဟာ၊ ခလေးစကား ဖြစ်ပါသည်၊ အကြောင်းကား– အရိပ် ဆိုသည်ကား၊ ထင်ရှားရှိသော အရာဝတ္ထု၊ တခုခု၏ အရိပ်သည် ထင်ရှားရှိသောအရာ၌သာထင်ပေသည်၊ ဥပမာ– မျက်နှာနှင့် မှန်ကား အခြင်းအရာ ပုံသဏ္ဌာန် ထင်ရှားရှိသော အရာနှစ်ခုဖြစ်၍ ထိးခြားလည်းဖြစ်သည်၊ ထိးခြားပါ မဟုတ် လျှင်လည်း အရိပ် မပေါ်နိုင်ပေ၊ ဖြူသည် အခြင်းအရာ ပုံသဏ္ဌာန်မရှိဘဲ၊ အားလုံး၌ ပြန့်နှံ့၍ တည်နေသောကြောင့် ၎င်း၏အရိပ် မပေါ်နိုင်ပေ။

အမေး။ ။ကြည့်ပါ! နက်နဲ ကြည်လင်သော ရေ၌ ပုံသဏ္ဌာန် မရှိဘဲ ပြန့်နှံ့တည်နေသော ကောင်းကင်၏အရိပ်အရောင် ပေါ်နေဘိ သကဲ့သို့၊ ဖြူစင်သောစိတ်ဓာတ်၌ ဘုရား၏ အရိပ်အရောင်ပေါ် နေသောကြောင့် ၎င်းအရိပ်အရောင်ကိုပင် "စိတ္တာဘာသ" (=စိတ်-အရောင်အလင်း)ဟု ခေါ်သည်မဟုတ်ပါလော?

အဖြေ။ ။၎င်းစကားသည်လည်း ခလေးစကားမျှသာဖြစ်၏၊ အကြောင်း ကား၊ အာကာသ– ကောင်းကင်မှာ၊ အဆင်း သဏ္ဌာန် မရှိဆို လျှင် တရုတ်ယောက်သည် မျက်စိဖြင့် ဘယ်လိုမြင်နိုင်မလဲ?

အမေး။ ။အဲပါမှာ၊ ညိုပြာသောအရောင် မြင်တယ်မဟုတ်ဘူးလား ?

အဖြေ။ ။ပထဝီ, ရေ,နှင့် မီး၏အရောင်သုံးပါး တခုစီတခုစီ မြင်ခြင်း သာဖြစ်သည်၊ အညိုရောင်ကား မိုးယံးရွာစေတတ်သော ရေ အရောင်ဖြစ်သည်၊ အပြာရောင်မှာ မြေကြီးမှ မြေမှုန့်များ လွင့်ထက်ပြီး၊ လေထုတွင် လွင့်ပျံနေသော အရောင်ဖြစ်သည်၊ ဒီအရောင်တွေ၊ ရေနှင့်မှန်တွင် အရိပ်ထင်နေခြင်းမျှသာ ဖြစ် သည်၊ ပကတိ ကောင်းကင်၏ အရောင်အဆင်း ဘယ်တော့မှ မဟုတ်ချေ။

အမေး။ ။ဥပမာ– ဃဋာကာသ (=အိုးကောင်းကင်ဖြင့်), မဌာကာသ (=ပြာလဲ့သော ကောင်းကင်ဖြင့်), မေဃာကာသ (=မိုးတိမ်း– ကောင်းကင်ဖြင့်), မဟာဒါကာသ (=ကျယ်ဝန်း ပြန့်ပြောသော ကောင်းကင်ဖြင့်) စသည်ဖြင့် လောက အသုံးအနှုန်းအားဖြင့်

ခြားနား ခေါ်ဝေါ်ကြသကဲ့သို့ပင်၊ မြေပြင်မှာလည်း မြေပြင်ရွှေ နှင့် အနက္ခကရဏ အမည်ပညတ်ဖြင့် ရုပ်သဘာဝနှင့် ဇီဝဟု ခေါ်ဝေါ်ကြသည်။ အိုးစသည် ပျက်စီးကွယ်ပသွားသောအခါ ကောင်းကင်ဖြင့်ကြီးဟူ၍သာ ခေါ်ကြသည် မဟုတ်ပါလော ?

အမေး ။ဒီ စကားဟာလဲ၊ ပညာမဲ့သူတို့ စကားသာ ဖြစ်သည်၊ အကြောင်းကား ကောင်းကင်သည် ဘယ်တော့မှ ကွဲပြား သည်ဟူ၍ မရှိပေ။ လောကအသုံးအစွဲ အားဖြင့်လည်း ''ရေ အိုးယူခဲ့''စသည်သာ သုံးစွဲကြသည်၊ ''အိုး – ကောင်းကင်ယူ ခဲ့''ဟု မည်သူမှမဆိုပေ။ ဒါ့ကြောင့် ဒီစကားဟာ၊ မလျော်ပေ။

အမေး။ ။ဥပမာ – သမုဒ္ဒရာထဲတွင် ငါးနှင့်ပိုးမွှား၊ ကောင်းကင်ဖြင် တွင် ငှက်စသည် ပျံသန်းလှည့်လည်နေကြဘိသကဲ့သို့ပင် စိတ် ကောင်းကင်ဖြင် တည်းဟူသော မြေပြင်တွင် အားလုံးသော အရွတ္တသန္တာန် (မနော, ဗုဒ္ဓိ, စိတ်)များ လှည့်လည် နေကြ သည်။ ထိုအတွင်း စိတ်စသည်မှာ အသိဉာဏ် မရှိသော် လည်း၊ အားလုံး၌ ပြန့်နှံ့တည်သော ထာဝရဘုရား၏ တန်ခိုး ကြောင့်၊ မီးကြောင့် သံပူလာသလို၊ ငှက်များပျံသန်း နေသ လိုပင်၊ အာကာသနှင့် မြေပြင်ကား မလှုပ်မရှား မသွားမလာ ပေ။ ထို့အတူ ဇီဝကိုမြေပြင်ဟု ယူဆခြင်း၌ အပြစ်မရှိချေ။

အဖြေ ။သင့် ဥပမာလည်း မမှန်ပါ။ အကြောင်းသော်ကား အားလုံး၌ ပြန့်နှံ့တည်သော ဘုရားသည် အတွင်းသန္တာန်တွင် ထွန်း လင်းတောက်ပလျက် ဇီဝဖြစ်မည်ဆိုပါက၊ ထိုဇီဝ၌ သဗ္ဗညု စသော ဂုဏ်များဖြစ်မဖြစ်။ အကယ်၍ အဖုံးအအုပ်-အကာ အကွယ်ကြောင့် သဗ္ဗညုတဂုဏ် မရှိဘူးဆိုလျှင်၊ မြေပြင် သည် အကန့်အသတ်,အပိုင်းအခြား ရှိ-မရှိ။ အကယ်၍ အပိုင်း အခြား မရှိဘူးဆိုလျှင်၊ အကြား၌ မည်သူမှ ကန့်လန့်ကာ မချနိုင်ရာ။ ကန့်လန့်ကာမရှိလျှင် သဗ္ဗညုတဂုဏ် ဘာ့ ကြောင့် မရှိရမလဲ ? အကယ်တကယ့် မိမိ၏ မူလသဘောတရား ကို မေ့ပျောက်ခါ အတွင်းသန္တာန်နှင့် အတူသွားနေသည်၊ သဘာဝအားဖြင့်ကား မဟုတ်ဆိုအံ့၊ ကိုယ်တိုင် မသွားဘဲ၊

စိတ်စသည့် ပထမနေရာကိုစွန့်၍ ရှေ့သို့ တိုး၍တိုး၍သွားလျှင်၊ ထိုနေရာ၌ ဖြပ္ပသည်၊ သံသယတုက္ကြ၌ အသိဉာဏ် ကင်းမဲ့ခြင်း ဖြစ်သွားပေလိမ့်မည်။ ကျွန်ရစ်ခဲ့သော နေရာ၌ ဖြပ္ပသည် အသိဉာဏ်ရှိ၍၊ ဖြစ်စဉ်လွတ်မြောက် သွားပေလိမ့်မည်။ ဤနည်းဖြင့် နေရာတိုင်းတွင် ကမ္ဘာဦးက ဆင်းသက်လာသော ဖြပ္ပကို၊ အတွင်းသဏ္ဍာန်က ဖျက်ဆီး နေပေလိမ့်မည်။ သံသရာ-အနှောင်အဖွဲ့နှင့် ဝိမုတ္တိလည်း ခနခန ဖြစ်နေပေလိမ့်မည်။ သင်ပြဆိုသော သာဓကအတိုင်း ဖြစ်မည်ဆိုက၊ ဘယ်သတ္တဝါမှ ရှေးက တွေ့မြင်ခဲ့ဘူးသော အရာကို ပြန်မြောင်း သတိရတော့မည် မဟုတ်။ အကြောင်း ဆိုရသော်၊ ပထမ တွေ့မြင် ကြားသိခဲ့သော ဖြပ္ပသည် ယခု မဟုတ်တော့ပေ။ ထို့ကြောင့် ဖြပ္ပသည် ဇီဝ။ ဇီဝသည် ဖြပ္ပတမျိုးတည်း မဖြစ်နိုင်၊ အခါခပ်သိမ်း တခြားစီသာ ဖြစ်သည်။

အမေး။ ။ဤအားလုံးတို့သည်ကား၊ တင်စားခြင်း မျှသာ ဖြစ်သည်၊ တနည်း, အခြားအရာဝတ္ထု၊ တခုခု၌ အခြားဝတ္ထု၊ တခုခုကို တင်စားခြင်း -ဝါ- ယူဆခြင်းကိုပင် ခေါ်ပါသည်။ ဤနည်းအတိုင်း ကမ္ဘာလောကနှင့် လောကဓါတ်စုအားလုံးကို ဘုရား (ဖြပ္ပ) အပေါ်တွင် ထပ်ဆင့် တင်စားခြင်း နည်းဖြင့် တပည့်တို့၏ အသိဉာဏ်ကို ကူညီ အားပေးခြင်း ဖြစ်သည်။ စင်စစ်မှာကား အားလုံးပင် ဖြပ္ပဖြစ်၏။

အမေး။ ။*ထပ်ဆင့်ခြင်း ပြုသူကား မည်သူပါနည်း?

အဖြေ။ ။ဇီဝ။

အမေး။ ။ဇီဝသည် ဘယ်သူ့ကို ခေါ်ပါသလဲ?

အဖြေ။ ။အတွင်းသဏ္ဍာန်ပြုပြင်ပေးသော အသိဉာဏ်ကို။

အမေး။ ။အတွင်းသဏ္ဍာန် ပြုစီရင်သော အသိဉာဏ်သည် တခြားလား,သို့မဟုတ် ဖြပ္ပပင် ဖြစ်ပါသလား?

*ဤနေရာကစ၍မေးသူကား ကျမ်းပြုဆရာ၊ ဖြေသူကား, ခေတ်သစ်ဝေဒေါ ဖြစ်သည်။

အဖြေ။ ။ရုပ်းဖြပ္ပဖြစ်ပါသည်။

အမေး။ ။ဒီလိုဆိုလျှင်၊ ဖြပ္ပသည်ပင် မိမိ၌ ကမ္ဘာလောကကို အမှား ထင်ဆင့်ပါသလား။ (ငါသည်ပင် လောကဘဲဟု အမှားယူဆ သလား?)

အဖြေ။ ။ဟုတ်ကဲ့၊ဒီလိုမှတ်ယူခြင်းကြောင့် ဖြပ္ပမှာ ဘာအကျိုးယုတ် မလဲ?

အမေး။ ။အမှားယူဆခြင်းသည်၊ လွဲချော်မှားယွင်းခြင်းမဖြစ်ဘူးလား?

အဖြေ။ ။မဖြစ်ပါ။ အကြောင်းကား, မနော=စိတ်နှင့်နှုတ်ဖြင့် ပြောဆို ယူဆခြင်းဟူသရွေ့၊ အမှားချည်းဖြစ်ပါသည်။

အမေး။ ။ထိုဖန်၊ စိတ်နှုတ်ဖြင့် အမှားယူဆပြောဆိုသော၊ ဖြပ္ပသည်၊ အမြင်မှား အပြောမှားသောသူ ဖြစ် မဖြစ်?

အဖြေ။ ။ဖြစ်နိုင်သည်၊ သို့သော်,ကျွန်ုပ်တို့အလိုကိုဖြည့်စေပါသည်။

ဝါဒီ။ ။အမယ်လေး! အမြင်မှားတဲ့ ဝေဒါန္တဆရာတို့!! ခင်ဗျားတို့ ဟာ၊ သဘာဝကျတဲ့၊ အမှန်ကို လိုလားတဲ့၊ အမှန် စိတ်ကူးရှိ တဲ့ဘုရားသခင်ကို အကျင့်မှားတဲ့သူဖြစ်အောင် လုပ်ပစ်ထား ဘဲ။ဒါဟာ ခင်ဗျားရဲ့လမ်းမှား(အပါယ်ငရဲ)သွားမဲ့အကြောင်း မဟုတ်ဘူးလား? ဘယ်ဥပနိသျှဒ်သုတ်,ဘယ်ဝေဒမှာ ဘုရား သခင်ဟာ၊ မှားသောစိတ်ကူးမှားသောအယူ ရှိတယ်လို့ရေး ထားပါသလဲ? အဘယ့်ကြောင့် ဆိုသော်, "ခင်ဗျား စကား ဟာ ပုလိပ် အရာရှိကို သူခိုးက ဒဏ်ပေးတယ်" ဆိုတဲ့ စကားပုံလို ဖြစ်နေပါတယ်။ ပုလိပ်အရာရှိက သူခိုးကိုဒဏ် ပေးတယ်ဆိုရင်ဖြင့် သင့်မြတ် ပါတယ်။ သို့သော်, သူခိုးက ပုလိပ်ဝန်ထောက်ကို ဒဏ်ပေးတယ်ဆိုတာတော့၊ မလျော် ပါဘူး။ဒီနည်းအတိုင်း မိမိကိုယ်တိုင်စိတ်ကူးမှား၊အယူမှားပြီး၊ ကိုယ့်အပြစ်ကို ဘုရားပေါ်၊အချည်းနှီး ပုံနေတယ်။ ဖြပ္ပသည် အသိမှား၊ အယူမှား၊ အလုပ်မှားသူ ဖြစ်သည်ဆိုပါက၊ အဆုံး အစမရှိသော ဖြပ္ပအားလုံးလည်း၊ ဒီအတိုင်း ဖြစ်သွားလိမ့်

မည်။ အကြောင်းသော်ကား၊ ထိုဘုရားသည် ထသဘော တည်းဖြစ်၏။ မှန်သောသဘာဝ၊ မှန်သောစိတ်ကူး၊ အမှန် ပြောဆိုတတ်သူ၊ အမှန်ကို ပြုတတ်သူဖြစ်၏။ ဒိအဖြစ် အားလုံး ဟာ၊ ခင်ဗျားရဲ့ အဖြစ်သာဖြစ်၏။ ဘုရားအဖြစ် မဟုတ်ဘူး။ ခင်ဗျား ခေါ်ဝေါ်သမုတ်တဲ့ ပညာဆိုတာလဲ၊ ပညာမဟုတ်ပေ။ ခင်ဗျား၏၊ တခုအစား အခြားတခုကို ထင်စားခေါ်ခြင်းလဲ၊ အမှား။ ဘာ့ကြောင့် မှားသလဲဆိုရင်၊ မိမိသည် ဖြပဋ္ဌမဟုတ် ပါဘဲလျက်၊ ဖြပဋ္ဌဟူ၍ရင်း၊ ဖြပဋ္ဌကို ဇီဝဟု ယူဆခြင်းသည် အမြင်မှား မဟုတ်ပေဘူးလား။ အားလုံး၌ ပြန့်နှံ့တည်နေသော ဘုရားသည်၊ ပြတ်ခြင်း၊ အမြင် အသိ မှားခြင်း၊ သံသရာ အနှောင်အဖွဲ့(=ဗန္ဓ)၌ဘယ်တော့ မကျရောက်နိုင်။ အကြောင်း သော်ကား၊ အသိဉာဏ်ကင်းမဲ့၊ ပြတ်စဲခြင်း၊ ဒေသအတူး၌ တည်နေခြင်း၊ နည်းငယ်တိုလျှခြင်း၊ အသိဉာဏ်နဲ့ခြင်းကား၊ ဇီဝသာဖြစ်၍ သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူ၍ အားလုံးသော အရပ်၌ ပြန့်နှံ့ တည်နေတော်မူသော ဘုရား ကား၊ ဤသို့ မဖြစ်နိုင်ပေ။

ယခု သံသရာမှထွက်မြောက်ခြင်း (=မုတ္တိ)နှင့် သံသရာအနှောင်အဖွဲ့၌ မိနေသော (=ဗန္ဓ) အကြောင်းကို ပြဆိုပေအံ့။

အမေး။ ။မုတ္တိသည် ဘာကိုခေါ်ပါသလဲ ?

အဖြေ။ ။"မုဉ္စန္တိ ပြိထင် ဘာဝန္တိ ဇနာ ယသျာ သာ မုတ္တိး၊ အကြင် အရာ၌ လွတ်မြောက်သွားခြင်း ဖြစ်၏၊ ထိုလွတ်မြောက်ခြင်းကို ပင် မုတ္တိခေါ်၏။

အမေး။ ။အဘယ်မှ လွတ်မြောက်ခြင်းလဲ ?

အဖြေ။ ။အားလုံးသော သတ္တဝါတို့သည်၊ အကြင်အရာမှ လွတ်မြောက် လိုကြ၏။

အမေး။ ။အဘယ်အရာမှ လွတ်မြောက်လိုကြပါသလဲ ?

အဖြေ။ ။အကြင်အရာမှ လွတ်မြောက်လိုကြ၏။

အမေး ။ ။ အဘယ်မှ လွတ်မြောက်လိုကြပါသလဲ ?

အဖြေ ။ ။ ဒုက္ခဆင်းရဲမှ။

အမေး ။ ။ လွတ်မြောက်ပြီးနောက်၊ ဘာကိုရပြီး၊ ဘယ်မှာနေပါသလဲ ?

အဖြေ ။ ။ သုခချမ်းသာကိုရပြီး ဖြိုးမှာနေပါတယ်။

အမေး ။ ။ မုတ္တိနှင့်ဗန္ဓသည် အဘယ် အဘယ် အကြောင်းကြောင့် ဖြစ်ပါသလဲ ?

အဖြေ ။ ။ ဘုရားသခင်၏ အာဏာတော်ကို လိုက်နာခြင်း။ မကောင်းသောတရား၊ မကောင်းသောပညာ (အဝိဇ္ဇာ)၊ မကောင်းသောသူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ မကောင်းသော အပြုအမူ၊ မကောင်းသော အလေ့အလာတို့မှ ဖဲခွါရှောင်ကြဉ်နေခြင်း၊ မှန်သော စကားကို ဆိုခြင်း၊ ပရဟိတကို ဆောင်ခြင်း၊ ကောင်းမြတ် မှန်ကန်သော ပညာ ပျက်နှာမလိုက်ဘဲ တရားအတိုင်း သူတော်ကောင်း တရားတို့ကို တိုးပွားအောင်ပြုခြင်း၊ အထက်တွင် ပြဆိုခဲ့သော နည်းအတိုင်း ဘုရားသခင်အား ရှိခိုးပူဇော် ဆည်းကပ်ခြင်း၊ တနည်း — ယောဂအကျင့်ကို ကျင့်ဆောင်ခြင်း၊ အတတ်ပညာကို သင်ယူခြင်း၊ ပို့ချခြင်း၊ တရားသဖြင့် ကြိုးစားအားထုတ်၍ အသိဉာဏ်တိုးပွားအောင် ပြုခြင်း၊ အားလုံးထက် ကောင်းမြတ်သော နည်းနာတို့ကို လိုက်နာ ကျင့်ကြံခြင်း၊ ပြုသမျှကိစ္စတို့၌ မျက်နှာမလိုက်ဘဲ၊ တရားမျှတစွာ သာလျှင် ပြုလုပ်ခြင်း စသော အကျင့်တို့ဖြင့် သံသရာဒုက္ခမှ ထွက်မြောက်ခြင်း မုတ္တိကိုရ၏၊ ဤနည်းနှင့် ဆန့်ကျင်ဘက် ဖြစ်သော ဘုရားသခင်၏ အာဏာတော်ကို ဖီဆန်ခြင်းစသော အပြစ်တို့ကြောင့် သံသရာ အနှောင်အဖွဲ့တွင် နှောင်ဖွဲ့ခြင်း (=ဗန္ဓ)ကို ခံရလေသည်။

အမေး ။ ။ မုတ္တိ၌ ဇီဝသည် ပျောက်ကွယ် သွားသလား၊ ထင်ရှားပင် ရှိနေပါသလား?

အဖြေ ။ ။ ထင်ရှားရှိနေပါသည်။

အမေး။ ။ဘယ်မှာ ရှိနေပါသလဲ?

အဖြေ။ ။ဖြပ္ပမှာ။

အမေး။ ။ဖြပ္ပဘယ်မှာလဲ၊ ထိုလွတ်မြောက်ပြီးသောဇီဝသည် တနေရာတည်းမှာ နေသလား၊ သို့တည်းမဟုတ်၊ စိတ်ထင်တိုင်း အားလုံးသော နေရာအရပ်မှာ လှည့်လည် ကျက်စား နေပါသလား?

အဖြေ။ ။ဖြပ္ပသည် အားလုံးသော အရပ်ဒေသ၌ ပြန့်နှံ့ နေပါသဖြင့်၊ လွတ်မြောက် ပြီးသော ဇီဝသည်၊ ထိုဖြပ္ပ၌ အတားအဆီး အပိတ်အပင်မရှိဘဲ၊ အသိဉာဏ်၊ ရွှင်လန်း ဝမ်းမြောက်ခြင်း နှင့်တကွ၊ လွတ်လပ်စွာ လှည့်လည်နေပါသည်။

အမေး။ ။လွတ်မြောက်ပြီးသော ဇီဝမှာ၊ထုထဲ ရုံ့ရင်းသော ကိုယ် ရှိမရှိ ? (ရုပ်ကိုဆိုလိုသည်)။

အဖြေ။ ။မရှိပါ။

အမေး။ ။ဒီလိုရုပ် မရှိလျှင် ထိုဇီဝသည် ချမ်းသာသုခနှင့် ရွှင်မြူး ဝမ်းမြောက်ခြင်းကို အဘယ်သို့ခံစားပါသလဲ?

အဖြေ။ ။သူ (=ဇီဝ) မှာ၊ မှန်သောစိတ်ကူး စသော ပကတိသဘော တရားဖြစ်သော ဂုဏ်သတ္တိ စွမ်းအား အားလုံးရှိနေ၍ မဟာဘုတ်အရ ဖြစ်သော ရုံ့ရင်းသော ကိုယ်ကား မရှိပါ။ ဥဒါဟာရဏ်ကား—

ဒြိဿန် ဝေဒါဝြဲ ဘဝတိ, သွဿံသန် ထွတ္တဝတိ, ပသျံဆွက္ခုဘ်ဝတိ, ရသယန် ရသနာ ဘဝတိ, ဇိဃြန် ဃြာဏံ ဘဝတိ, မန္တာနော မနော ဘဝတိ, ဗောဓယန် ဗုဒ္ဓိ ဘဝတိ, စေတယံ သို့ တ္တ နှ ဝ ဏွ ဟ ကိုဝိါဏော အဟင်္ကာရော ဘဝတိ။ (သတပထ ကာ၁-၁၄။)

မောက္ခ* (=နိဗ္ဗာန်)၌ ခါတ်လေးပါး အရဖြစ်သော ကိုယ်-ဝါ- ရုပ်ခြွေ တို့သည် ဇီဝတ္တနှင့် အတူတကွ မရှိချေ။ သို့သော်, မိမိ၏ သဘာဝဂုဏ်

*ဗြာဟ္မဏဘာသာ မောက္ခ (=နိဗ္ဗာန်) ကား၊ အရှုပ်ဖြပ္ပဘဝုံမိအထိသာ ရောက်သည်။ (ဘာသာပြန်ဆရာ)။

တို့ကား ရှိလေသည်။ ကြားလိုသောအခါ နား(သောတ), တွေ့ထိလိုသော အခါ အရေ, ကြည့်မြင်လိုသောအခါ မျက်စေ့၊ အရသာအလို့ငှါ ရသာ ရည်၊ အနံ့အလို့ငှါ နှာခေါင်း,စိတ်ကူးသောအခါ စိတ်(=မနော)၊ အမှား အမှန် အဆိုးအကောင်း ဆုံးဖြတ်ရန် အသိဉာဏ် (=ဗုဒ္ဓိ), တွေးတော အောက်မေ့ရန်အလို့ငှါ စိတ် (=စိတ္တ) အဟံကာရ (=ငါတည်းဟူသော မာန) အလို့ငှါ အဟံကာရ ချုပ်စသည် မိမိ၏ ပကတိသတ္တိဖြင့် ဖြစ်ပေါ် လာလေသည်။ ဤအခြေအနေတွင် ထိုဇီဝ၏ ခန္ဓာသည်ကား၊ သက်သက် စိတ်ကူး - ခန္ဓာမျှသာဖြစ်သည် (=သက်ပ္ပသရီရ)။ ခန္ဓာကိုယ်ကိုမှီလျက် ဇာနေ္ဒြိယ်တို့ဖြင့် မိမိ၏ ကိစ္စတို့ကို ပြုဘိသကဲ့သို့ပင်၊ မုတ္တိ၌လည်း၊ ထိုဇီဝ သည် မိမိ၏ အစွမ်းသတ္တိဖြင့် အားလုံးသော သုခချမ်းသာတို့ကို ခံစား လေသည်။

အမေး။ ။ထိုထွက်မြောက်ပြီးသော ဇီဝ၏အစွမ်းသတ္တိသည် ဘယ်မျှ ရှိ၍ ဘယ်လို အမျိုးအစားပါလဲ ?

အဖြေ။ ။ပဓာနသတ္တိကား တပါးတည်းဖြစ်သည်။ သို့သော်, အသေး စိတ်ပြရလျှင် (၁) ခွန်အား, (၂) စွမ်းရည်သတ္တိ, (၃) ဆွဲ ဆောင်တတ်သော အာကဗ္ဗနသတ္တိ, (၄) နှိုးဆော်ခြင်း, (၅) လှုပ်ရှားခြင်း,(၆) ကြောက်ရွံ့စေခြင်း, (၇) ပိုင်းခြား သိမြင်တတ်သော သဘော, (၈) လှုပ်ရှားခြင်း, (၉) ရဲဝံ့ ခြင်း, (၁၀) ပြန်ပြောင်းအမှတ်ရခြင်း, (၁၁) ဆုံးဖြတ်တတ် ခြင်း, (၁၂) အလိုဆန္ဒ, (၁၃) ချစ်ခင်ခြင်း, (၁၄) မနာလို ခြင်း, မုန်းတီးခြင်း, (၁၅) ပေါင်းယှဉ်ခြင်း, (၁၆)ခွဲခြားခြင်း, (၁၇) ပေါင်းစပ်တတ်သောသတ္တိ, (၁၈) ခွဲခြမ်းတတ်သော သတ္တိ, (၁၉) ကြားတတ်ခြင်း, (၂၀) တွေ့ထိတတ်ခြင်း, (၂၁) မြင်တတ်ခြင်း, (၂၂) အရသာခံ စားတတ်ခြင်း, (၂၃)အနံ့နံတတ်ခြင်း, (၂၄)အသိဉာဏ်,စသည်ဖြင့် နှစ်ဆယ့် လေးပါးသော စွမ်းအားသတ္တိနှင့် ယှဉ်သော ဇီဝဖြစ်၏။ ဤ စွမ်းအားသတ္တိတို့ဖြင့် ဝိမုတ္တိ၌လည်း ဇီဝသည် သုခကိုခံစား ၏။ ဝိမုတ္တိ၌ဇီဝ ချုပ်ငြိမ်းသွားမည် ဆိုပါက၊ ဝိမုတ္တိ၏အရသာ (=ချမ်းသာသုခ)ကို ဘသူခံစားမလဲ ? ဇီဝ၏ပျက်စီးချုပ်ငြိမ်း

သွားခြင်းကိုပင် ဝိမုတ္တိဟု ထင်မြင်ယူဆ သူသည်ကား အလွန် ဖိုက်မဲသူဖြစ်၏၊ အကြောင်းကိုဆိုရသော်, လွတ်မြောက်ပြီး သောဇီဝ(=မုတ္တဇီဝ)သည် သံသရာဝဋ်ဆင်းရဲတို့မှ လွတ် မြောက်၍ သုခအပေါင်းနှင့် ပြည့်ရုံတော်မူသော အဆုံးမရှိ သော ဘုရားသခင်၌ ချမ်းသာကို ခံစားနေခြင်း ဖြစ်၏။ ဝေဒါန္တ–သာရီရိက သုတ္တန်ကိုကြည့်ပါ–

အဘာဝံ ဝါဒရိရာဟဟျေဝမ်။ (ဝေဒါန္တ ဒ. ၄၊ ၄၊ ၁၀။)

ဗျာသရသေ့၏ ဘခမည်းတော် ဝါဒရိသည်၊ မုတ္တိ (=နိဗ္ဗာန်)၌ ဇီဝ နှင့် အတူတကွ မနော ရှိနေသည်ဟု ယူဆသည်။ တနည်း, ဇီဝနှင့်မနော ချုပ်ငြိမ်းသည်ဟု ပရာသရက မယူဆပေ။ ထို့အတူပင်–

ဘာဝံ ဇဲမိနိ ဝိကလ္ပာမနနာတ်။ (ဝေဒါန္တ ဒ. ၄၊ ၄၊ ၁၁။)

ဂျိုင်းမိနိဆရာကြီးသည်၊ နိဗ္ဗာန်ရောက်ပြီးသော ယောဂီများ၌ မနော (စိတ်) သဘွယ် အလွန်သိမ်မွေ့သော ကိုယ်, ဣန္ဒြေနှင့်အသက် (=ပါဏ) လည်း ထင်ရှားရှိနေသည်ဟု ယူဆ၏။ မရှိဟု မယူဆ။

ဒွါဒသာဟဝဒုဘယဝိဓံ ဝါဒရာယဏောအတး။
(ဝေဒါန္တ ဒ. ၄၊ ၄၊ ၁၂။)

ဗျာသရသေ့ကြီးသည်၊ ဝိမုတ္တိ၌၊ ဘာဝ, အဘာဝ, (=ရှိခြင်း,မရှိခြင်း) နှစ်ပါးလုံးကို ယူဆသည်။ သန့်ရှင်းစင်ကြယ်သော စွမ်းအားသတ္တိနှင့် ပြည့်ရုံသော ဇီဝသည် ထင်ရှားရှိနေ၍၊ မစင်ကြယ်သော, မကောင်းမှု, ဆင်းရဲ,အသိဉာဏ် ကင်းမဲ့ခြင်း စသည်ကား မရှိဟု ယူဆသည်။

ယဒါ ပဉ္စာဝတိဋ္ဌန္တေ ဉာနာနိ မနသာ သဟ၊
ဗုဒ္ဓိသ္စ န ဝိစေဋ္ဌတေ၊တာမာဟု ပရမာံ ဂတိမ်။(ကဌောပ. အ. ၂၊ ဝ. ၆၊ မံ. ၁၀။)

ဤသည်ကား ဥပနိသျဒ ကျမ်းလာစကား ဖြစ်၏။ အကြင် အခါ စင်ကြယ်သောစိတ်(=မနော)နှင့် တကွသော ငါးပါးသောဣန္ဒြေတို့သည် ဇီဝနှင့် အတူတကွ ရှိနေကြ၏, အသိဉာဏ်(=ဗုဒ္ဓိ) သည် တည်ငြိမ်နေ၏၊ ထိုသို့ ရှိနေခြင်းကိုပင် မြတ်သောဂတိ–ဝါ–မောက္ခဟုခေါ်ထိုက်၏။

ယ အဇ္ဈတ္တအပဟတ ပါပ္ပဋိဝိဇ္ဇေရ ဝိဗြိတျု ဝိဇ္ဇောကော အဝိဇ္ဇာယ ဩဒြာအဝိပါသ: သတ္တုကာမ: သတ္တုသက်လွှ: သောအနေ့သွမျု: သဝိဇ္ဇ ဉာဏသိတဖျု: သဗ္ဗါသွ လောကာနာဇ္ဈေါတိ သဗ္ဗါသွ ကာမာန် ယဇ္ဇ မာတွာနမနူဝိဇျ ဝိဇ္ဇာနာတိတိ။ (ဆာန္တော·ပြ·ဂ ခံ·၇၊ မံ·၁။)

သ ဝါ ဌေသ ဌေတေန ဒ်ဝေန စကျုံသာ မနသဲတာန် ကာမာန်ပသျှိန် ရမတော။ ယ ဌေတေ ဖြ ဗ္ဗလောကေ တံ ဝါ ဌော် ဒေဝါ အာတွာ နမုပါ သတေ တသ္မာ တေသာံ သဗ္ဗေစ လောကာ အာဂ္ဂတာ: သဗ္ဗေစ ကာမာ: သ သဗ္ဗါသွ လောကာနာ ပွေါတိ သဗ္ဗါသွ ကာမာ ဆျုဇ္ဇ မာတွာန မနူဝိဇျ ဝိဇ္ဇာနာတိတိ။ (ဆာန္တော·ပြ·ဂ ခံ·၁၂၊ သံ·၅၊ ၆။)

မဃဝဇ္ဈတ်ျုဝါ ဣဒံ သဂီရ မာဇ္ဇံ ဖြတျုနာ တဒသျှာ အမြိတသျှာ သဂီရသျှာ တွမ်နော ဝိသ္မျာနမာတွော ဝဲ သသဂီရ: ဖြိယာဖြိယာ ဘျာဝ်နဲ ဝဲ သသဂီရသျှ သတ: ဖြိယာဖြိယာ ယောရပဟတိရသိတျှသဂီရံ ဝါ ဝသန္တံ နဖြိယာဖြိယေ ဩိသတ:။ (ဆာန္တော·ပြ·ဂ ခံ·၁၂၊ မံ·၁။)

အကြွင်ဘုရားသခင်သည် (အပဟတပါပ္မျှ) အားလုံးသော မကောင်းမှု– ဒေါ်ခြင်း, သေခြင်း, သောက, မွတ်သိပ် ဆာလောင်ခြင်းမှ ကင်း၍, ကောင်းသော အလိုဆန္ဒ, ကောင်းသောစိတ်ကူး ရှိတော်မူ၏၊ ထိုဘုရားအား ရှာဖွေခြင်း သိလိုခြင်း ပြုအပ်၏။ အကြွင်ဘုရားနှင့် ပေါင်းဆုံခြင်းဖြင့် ထွက်မြောက်ပြီးသောဇီဝ(=သတ္တဝါ) သည် အားလုံးသောလောကနှင့် အလိုရှိအပ် တောင့်တအပ်သော အလိုဆန္ဒ ပြည့်ဝခြင်း အကျိုးကို ခံစားရ၏။ အကြွင်သူသည် ဘုရားကိုသိ၍ မောက္ခ (=နိဗ္ဗာန်) ကို ရရာရကြောင်း အကျင့်ကောင်းနှင့် မိမိအား ပြုစင်အောင်ပြုရန် နားလည်၏။ ထိုဒိမုတ္တိရပြီးသော ဇီဝသည် ဖြူစင်သော ဒိဗ္ဗစက္ခု, ဒိဗ္ဗမနောဖြင့် ကိစ္စတို့ကို မြင်သိ ရရှိသည် ဖြစ်လျက် လှည့်လည် မွေ့လျော် နေ၏။ အကြွင်သတ္တဝါသည် ဤမြဟ္မလောက (=ဗြဟ္မာ့ဘုံမ)တနည်း, ဖူးမျှော်ထိုက်သောဘုရား၌ တည်သည်ဖြစ်၍ မောက္ခ ချမ်းသာကို ခံစား စံစား၏၊ ဤအားလုံးသော သတ္တဝါတို့၏ စိတ်အကြံကို သိထတ်သော ထိုဘုရားကို မောက္ခကို ရယူသော ပညာရှိများ ပူဇော်ဆည်းကပ်ကြကုန်၏။ ထိုသို့ ပူဇော်ဆည်းကပ်ခြင်းကြောင့် ထိုသတ္တဝါတို့အား၊ အားလုံးသော လောကနှင့် ဆန္ဒများ ပြည့်ဝရရှိစေကုန်၏။ တနည်းကား– ရည်ရွယ်သော လောက

တို့နှင့် တူသောအရာတို့ကို ရကုန်၏။ ၎င်းဖြင့် ထိုဝိမုတ္တိရပြီးသော သတ္တဝါတို့သည်, ရုံ့ရင်း ကြမ်းတမ်းသော ခန္ဓာကိုယ်ကိုစွန့်၍ စိတ်ကူးသော ခန္ဓာ -ဝါ- သိမ်မွေ့သောခန္ဓာဖြင့် ကောင်းကင်တွင် ဘုရုန်း၌ လှည့်လည်ကျက်စား နေကြကုန်၏။ အကြောင်းသော်ကား — မဟာဘုတ် အရဖြစ်သော ခန္ဓာကိုယ် ရှိသောသူသည်၊ သံသရာဝဋ်ဆင်းရဲမှ မကင်းလွတ်နိုင်ပေ။ ဥဒါဟရဏ်ကား — ပဇာပတိက၊ သိကြားမင်းအား ပြောသည်မှာ— အို မြတ်သော ပူဇော်အထူးကို ခံထိုက်သော ဥစ္စာဓနပြည့်ဝသော ယောက်ျားမြတ် ! ဤရုံ့ရင်းသော ခန္ဓာသည် သေခြင်းတရား (=မရဏမစ္စု) ရှိနေ၏။ ခြင်္သေ့မင်း၏ ခံတွင်း၌ရောက်နေသော ဆိတ်သတ္တဝါကဲ့သို့ပင်၊ ဤခန္ဓာသည် သေမင်း၏ ခံတွင်းတွင်ရှိနေ၏။ ဤခန္ဓာသည် သေခြင်းခန္ဓာမှ ကင်းသော ဇီဝါတ္တာ (=ဝိညာဏ်)၏ နေရာဌာနဖြစ်၏။ ထိုဖြစ်သောကြောင့် ဤဇီဝသည် ချမ်းသာ — ဆင်းရဲတို့နှင့် အမြဲငြိတွယ်နေ၏။ အကြောင်းကား — ခန္ဓာကိုယ်နှင့် တကွသော ဇီဝသည် သံသရာ-ချမ်းသာနှင့် ကင်းဝေးသည်ဖြစ်၏။ ထို့ပြင်ခန္ဓာမှကင်းသော ဝိမုတ္တိရပြီးသော ဝိညာဏ်သည်ကား၊ ဖြူပြွန်၍နေ၏။ ထိုဝိမုတ္တိရပြီးသော ဝိညာဏ်အား လောကသံသရာ၏ ချမ်းသာဆင်းရဲနှင့် မတွေ့ထိနိုင်ဘဲ၊ အမြဲချမ်းသာကို ခံစားနေရ၏။

အမေး။ ။သတ္တဝါသည် ဝိမုတ္တိကို ရပြီးသည့်နောက်၌၊ တဖန် ဇာတိ ဇရာ မရဏ တည်းဟူသော ဒုက္ခဆင်းရဲသို့ ပြန်လာသည် မလာ ? အကြောင်းကိုဆိုရသော်—

> နစ ပုနရာ ဝတ္တတေ နစ ပုနရာ ဝတ္တတေ ဣတိ။
> (ဥပနိသျှဒ၀စန – ဆာံ- ပြ- ၈၊ ခံ- ၁၅။)
>
> အနာဗြိတ္တိး သဗ္ဗါဒနာဗြိတ္တိး သဗ္ဗါတ်။
> (သာရီရိကသုတ္တံ- ၄၊ ၄၊ ၂၂။)
>
> ယဒ်ဂတွာ န နိဝတ္တန္တေ တဒ္ဓါမ ပရမံ မမ။
> (ဘဂဝဒ်ဂီတာ။)

အထက်ပါ ကျမ်းဂန်လာ စကားတို့ဖြင့် — လောကသံသရာသို့ တဖန် ပြန်မလာခြင်းသည်ပင် မုတ္တိ (=ဝိမုတ္တိ=မောက္ခ) ဖြစ်၏။

အဖြေ။ ။ဤစကား မမှန်ပါ။ ဝေဒက ဤစကားကို မြစ်တား (=ပယ်ထား)ပါသည်။

ကသျံန္နံ ကံထမသျုမြှတာံနှာံ မနှာံ မဟော စာရူ ဒွေဝသျု နာမ်၊ ကောဒနော်ံ မှုဟျာ အဒိ'တဒယ ပုနံဒီ'ါတ် ပိုတရံ'စ ဖြိုသေယံ မာတရံ'၊ ၁။

အဒွေစိုယံ ပြံထမသျာမြှတာနှာံ မနှာ မဟော စာရူ ဒေဝသျု နာမ်။ သနော်ံ မှုဟျာ အဒိ'တယေ ပုနံဒီ'ါတ် ပိုတရံစ ဖြိုသေယံ မာတရံစ။ ၂။ (ရိ·မံ·၁၊သူ·၂၄၊မံ·၁၊၂)။

ဏူဒါနိဒိဝ သဗ်တြ နာတျနော်ာဂနော်ဒ။ ၃။
(သာံချသူ· ၁၊၁၅၉)။)

အမေး။ ။ကျွန်ုပ်တို့သည် မည်သူ့အမည်ကို ဖြူစင်မြင့်မြတ်သည်ဟု သိရမလဲ ? ပျက်စီးခြင်းမှ ကင်းသော အရာဝတ္ထုတို့၏ အလယ်တွင် ထင်ရှားရှိနေသော အဘယ်နတ်သည် အခါခပ်သိမ်း ထွန်းလင်းနေ၍ ငါတို့အား ပိရုတ္တိချမ်းသာကို ခံစားစံစားစေပြီးလျှင် တဖန် ဤလောက၌ ဘဝသစ်ကိုပေး၍ မိဘတို့ကို တွေ့မြင်စေပါသလဲ?

အဖြေ။ ။ငါတို့သည်၊ ဤထွန်းလင်းသော သဘောရှိသော အစမရှိသော အခါခပ်သိမ်း သံသရာမှလွတ်မြောက်နေသော ဘုရားသခင်၏အမည်တော်ကို မြင့်မြတ်သည်ဟု သိရသည်။ အကြောင်း ဘုရားသည် ငါတို့အား မုတ္တိ၌ ချမ်းသာကို ခံစားစေပြီးလျှင် ပထဝီမြေကြီး၌ တဖန် မိဘတို့မေထုန်သံဝါသ ဆက်ဆံပေါင်းသင်းရာ၌ ဘဝသစ်ကို ပေး၍ မိဘတို့အား တွေ့မြင်စေတော်မူပေ၏။ ထိုဘုရားသခင်သည်ပင် မိရုတ္တိကို စီမံပေး၍ အားလုံးသော သတ္တဝါ တော တောင် ရေမြေ၏ အရှင်သခင် ဖြစ်တော်မူပေ၏။ ၂။

ယခု သံသရာအနှောင်အဖွဲ့၌မိနေသော, လွတ်မြောက်သော သတ္တဝါများ ရှိနေသလိုပင်၊ နောင်ကိုလည်း အခါခပ်သိမ်း ရှိနေလိမ့်မည်။ တခဲနက် (အမြဲတမ်း)သံသရာစက်ထဲ လည်နေသူ၊ အမြဲတမ်းလွတ်မြောက်သူဟူ၍ ဘယ်တော့မှမရှိချေ ။၃။

အမေး။ ။အနာလယန္တိ ပိမောက္ခော်ပဝတ်။

နိုး ခ စန္ဒြပြဗြဲဘွဲ့ ဓေါသ မိတ္တျာညာနာနာ ရတ္တနရောဗ္ဗရာ ပါဝေ တဒနုန္တိရာ ပါယာဒပဝတ်။ (ရှူဝယသူ-၁၊ ၂၂၊ ၂။)

အကြွင်းရက္ခဆင်းရဲတို့မှ၊ အကြွင်းမရှိသော (အကန့်အသတ် မရှိသော) ချုပ်ငြိမ်းခြင်းကိုပင်၊ ရုပ္ပိခေါ်သည်။ အကြောင်းကား, မိစ္ဆာဉာဏ်– အဝိဇ္ဇာ၊ လောဘ စသော အပြစ်ဒေါသ၊ တဏှာရာဂ စသော ပုတ်ညှဉ့်သော အကျင့်တရားများ၌ သက်ဝင်ခြင်း၊ မွေးဖွားခြင်းနှင့် ဒုက္ခဆင်းရဲအပေါင်းမှ ကင်းလွတ်ခြင်း၊ ရှေးရှေးက ဖြစ်လာသော ဝဋ်ဆင်းရဲတို့မှကင်းလွတ်ချုပ်ငြိမ်းခြင်းဖြစ်မှသာ၊ မောက္ခ (=နိဗ္ဗာန်)ရလေသည်။ ဤနိဗ္ဗာန်ကား အမြဲတည်ရှိနေလေသည်။

အဖြေ။ ။ဤနေရာ၌ "အတ္တနိ" သဒ္ဒါပုဒ်သည် "အကြွင်းမရှိ(=အကန့်အသတ်မရှိ ချုပ်ငြိမ်းခြင်း)" ဟု ဆိုလိုသည် မဟုတ်ပေ။ ဥဒါဟရဏ်ကား– "အတ္တနိ ဒုခ မတ္တနိ သုခံ စာသူဝဏ္ဏေ တေ" = ဤသူအား များသော ချမ်းသာဆင်းရဲ ဖြစ်သည်၊ ဆိုသလိုသာဖြစ်၏၊ ဤနေရာ၌လည်း ဤအနက် အဓိပ္ပါယ်ကို ယူဆရာသည်။

အမေး။ ။ရုပ္ပိမှ တဖန် သတ္တဝါသည် ပြန်လာသည် ဆိုပါချင်၊ ထိုသတ္တဝါသည် ထိုရုပ္ပိ၌ ဘယ်မျှကြာအောင်နေရပါသလဲ?

အဖြေ။ ။တေပြပ္ပလောကေ ဟ ပရန္တကာလေ ပရာမြိတာတ် ပရိ မုစ္စန္တိ သဗ္ဗေ။ (မုဏ္ဍကာ-၃၊ ခံ-၂၊ မံ-၆။)

ဤမုဏ္ဍက ဥပနိသျှဒလာ စကားဖြစ်သည်။ ထိုလွတ်မြောက်ပြီးသော သတ္တဝါတို့သည်၊ ပြပ္ပ၌ချမ်းသာကို ခံစားပြီးနောက်၊ တဖန် မဟာကပ် ကုန်ဆုံးပြီးနောက် ပိရုပ္ပိချမ်းသာကိုစွန့်၍၊ ဤသံသရာ လောကကြီးသို့ ပြန်လာ လေသည်။ အရေ အတွက်ကား– ၄၃ – သိန်း နှစ်သောင်းသော နှစ်ကို စတုယုဂ် ၁၊ စတုယုဂ် နှစ်ထောင်သည် အဟောရတ္တိ ၁၊ ဤကဲ့သို့သော အဟောရတ္တိ ၃၀–သည် ၁–လ၊ ဤထိုသော ၁၂–လသည် ၁–နှစ်၊ ဤကဲ့သို့သော နှစ်ပေါင်း ၁၀၀ – သည်၊ ၁–ပရန္တကာလ၊ ဤနည်းဖြင့် တွက်ချက်၍ ရုပ္ပိ၌ ခံစားနေရသော ကာလကို သိပါလေတော့။

အမေး။ ။ကျမ်းပြုဆရာအားလုံးနှင့် တလောကလုံးက၊ ဇာတိ–မရဏ တဖန်ပြန်၍ မဖြစ်ခြင်းကိုပင်၊ ရုဏ္ဍိ ခေါ်သည်ဟု ယူဆကြ သည့် မဟုတ်ပါလော?

အဖြေ။ ။ဒိစကား ကား ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ၊ အကြောင်းပြရ သော်, ပထမအချက်က–သတ္တဝါတို့၏ စွမ်းအားသတ္တိ ကိုယ် ခန္ဓာ စသော အရာဝတ္ထုနှင့် အကျင့်တရား တို့မှာ အပိုင်း အခြား ရှိနေသဖြင့်၊ အကျိုးတရားသည် အပိုင်းအခြား မရှိ သော (အနန္တ) ဘယ်လို ဖြစ်နိုင် ပါမလဲ။ အဆုံးမရှိသော ချမ်းသာကို ခံစားရန် အကန့်အသတ် မရှိသော အနန္တစွမ်း အား, ကံနှင့် အသုံးအဆောင် တို့သည် သတ္တဝါတို့တွင် မရှိ သောကြောင့် အဆုံးမရှိသော အနန္တ သုခကို မခံစားနိုင်၊ မမြဲသော နည်းနာ ကိုယ်၏ အကျိုး သည်လည်း မမြဲနိုင်ချေ။ သည့်ပြင်တချက်မှာလည်း၊ ရုဏ္ဍိမှ မည်သူတဦးတယောက်မျှ ပြန်မလာတော့ဘူး ဆိုလျှင်၊ လောကကြီးသည် သတ္တဝါတို့ မှ သုဉ်း (ဆိတ်) ၍ သံသာရ– ဥဗ္ဗေဒကဏ္ဍာ အဆက်ပြတ် သည် ဖြစ်သွားရာသည်။

အမေး။ ။ပိရုဏ္ဍိ ရသွားသလောက်ပင်၊ ထာဝရ ဘုရားသည် အသစ် ဖြစ်သော သတ္တဝါတို့ကို ဖန်ဆင်း ထားပေး သောကြောင့် လောကကြီး မဆိတ် (သုဉ်း)နိုင်ပါ။

အဖြေ။ ။ဒီအတိုင်းဆိုရင် ဇီဝ (=ဝိညာဏ်) သည်၊ အနိစ္စ ဖြစ်သွားပေ လိမ့်မည်၊ အကြောင်းသော်ကား– ဇာတိရှိလျှင် မရဏ ရှိမြဲ ဓမ္မတာဖြစ်၏။ သင့်စကား အတိုင်းသာ ဆိုက၊ ပိရုဏ္ဍိရပြီး သည့်နောက်၌လည်း အနိစ္စဖြစ်သွားပေလိမ့်မည်၊ ပိရုဏ္ဍိနေရာ ၌ လူ့ထွ ပြတ်ဆိပ်နေပေလိမ့်မည်၊အကြောင်းကား, ထိုနေရာ ၌ အဝင်များ၍ အထွက်နည်း သောကြောင့် အတိုး ဘက်က အတိုင်းအရှည်မရှိ ဖြစ်နေရာသည်။ ရင်းမြစ် ရကျွမရှိဘဲ၊ သုခ ဘာရှုမဖြစ်နိုင်၊ ဥပမာ– အစစ် မရှိလျှင် အချိုရှိတော့မလား။ အချိုမရှိလျှင် အစစ် အခါးကော ရှိတော့မှာလား။ အကြောင်း ကား, အရသာတခု၏ ဆန့်ကျင်ဘက် အရသာရှိမှ နှစ်ခုစလုံး

ကို သိရှိရသည်။ ဥပမာ–အရသာတမျိုးတည်းကိုသာ စားသုံးနေသောသူသည် ရသာအမျိုးမျိုးကို စားသုံးနေသူလောက် အကောင်းမတွေ့နိုင်ချေ။ သည့်ပြင်ထချက်ကလည်း ထာဝရဘုရားသည်၊ အဆုံးရှိသော သတ္တဝါတို့အား၊ အဆုံးမရှိသော အကျိုးကို ပေးမည်ဆိုပါက၊ ၎င်း၏စည်းမျဉ်း ပျက်ပြားသွားပေရာသည်။ အင်အားအလျောက် ဝန်ထုပ်ဝန်ပိုးကို ပေးကာ ထမ်းရွက်စေခြင်း သာလျှင် ပညာရှိတို့၏ အလုပ်ဖြစ်သည်။ ဥပမာ– အလေးချိန် တမောင်းသာ ထမ်းနိုင်သူအား ဆယ်မောင်း ထမ်းစေမည် ဆိုက၊ ထိုအထမ်းခိုင်း သူအား ကဲ့ရဲ့ခံရသလိုပင်၊ နည်းသောစွမ်းအား ဉာဏ်ပညာရှိသူ သတ္တဝါတို့အား၊ အဆုံးမရှိသော အနန္တသုခတည်းဟူသော ဝန်လေးကို ထင်ပေးခြင်းသည် ဘုရားအတွက် မသင့်လျော်ပါ။ အကယ်တန္တိ, ဘုရားသည် သတ္တဝါ အသစ်တို့ကို ဖန်ဆင်းပြုလုပ်သည် ဆိုပြန်ကလည်း၊ အကြွင်းအကြောင်းကြောင့် ဖန်ဆင်းဖြစ်ပေါ်ရ၏၊ ထိုအကြောင်းများ ထုန်ခန်းသွားပေလိမ့်မည်။ အကြောင်းသော်ကား, မည်မျှပင်ကြီးသော ဘဏ္ဍာတိုက်ကြီးဖြစ်စေကာမူလည်း၊ အဝင်မရှိဘဲ အထွက်သာ ရှိမည် ဆိုပါက။ တခါခါ ဒေဝါလီ ခံရပေလိမ့်မည်။ သို့ဖြစ်၍ ဝိမုတ္တိသို့သွားပြီး နောက်ထဖန် ပြန်လာသောအဆီအစဉ်သာ ကောင်းပါသည်။ အနည်းငယ်သော ထောင်ဗတ်ထက် ထသက်ထကျွန်းဗထ် –၀၇– သေဗထ်ကို သတ္တဝါတို့ သဘောကျမလား။ ထိုမုတ္တိမှ ပြန်မလာရတော့ဘူး ဆိုရင်၊ ထသက်ပန် ထောင်ဗထ်နှင့် ဗိုးစဉ်းမျှသာ ခြားနားရှိမုတ္တိ(=ထောင်)တွင် အလုပ်ကြမ်း မလုပ်ရခြင်းသာ ထူးပါသည်။ အမြဲတန်း ပြုတ်၍ ရောနှောသွားခြင်းသည် သမုဒ္ဒရာ ရေထဲ၌ နစ်မြုပ်သွားသလိုပင် ဖြစ်၏။

အမေး ။ ထာဝရဘုရားသည် သံသရာဝဋ်ဆင်းရဲ ဖုသမှုမှ အမြဲလွတ်မြောက် (=နိစ္စမုတ္တ) ငြိမ်းချမ်းသာအပေါင်းနှင့် ထုံးဝပြည့်စုံသူ ဖြစ်သိသကဲ့သို့ပင်၊ သတ္တဝါတို့သည်း အမြဲလွတ်

မြောက်ချမ်းသာ ရကြမည်ဆိုက၊ အဖြစ်တဝုံတရာ ရှိဖုံး မှာလား ?

အဖြေ။ ။ဘုရားသည် အနန္တသဘာဝ, အနန္တစွမ်းအား, အနန္တဂုဏ်, အနန္တကိစ္စနှင့် ပြည့်ဝုံသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ၎င်းသည် မည်သည့်အခါမှ အဝိဇ္ဇာမှောင်နှင့် ဆင်းရဲခြင်း အနှောင်အဖွဲ့၌ မကျရောက်ပါ။ ဇီဝသည် ဝိမုတ္တိ ရပြီးသည့် နောက်၌လည်း၊ သုဒ္ဓသစ္စပ, အပ္ပညု (=အသိပညာနည်းခြင်း)၊ အပိုင်းအခြား အကန့်အသတ်ရှိသော ဂုဏ်, ကိစ္စ, သဘာဝ ရှိပါသည်။ ထို့ကြောင့် ဘုရားသခင်နှင့် ထန်းတူ မည်သည့်အခါမျှ မဖြစ်နိုင်ပါ။

အမေး။ ။ဒီအတိုင်းသာဆိုရင်၊ မုတ္တိဟာလည်း၊ ဖြစ်ခြင်း, ပျက်ခြင်း (=ဇာတိ မရဏ) တရားနှင့် အတူတူပင် ဖြစ်၍၊ ထိုမုတ္တိအတွက် အပင်ပန်းခံ၍ ကျင့်ခြင်းသည် အချည်းနှီးပင်ဖြစ်သည် မဟုတ်ပါလော ?

အဖြေ။ ။မုတ္တိသည် ဇာတိ – မရဏ တရားနှင့် တန်းတူ မဟုတ်ပါ။ အကြောင်းသော်ကား, ကမ္ဘာဖြစ်ပေါ်-ပျက်စီးသော အကြိမ်ပေါင်း – ၃၆၀၀၀-တိုင်အောင် သတ္တဝါတို့သည် ဝိမုတ္တိချမ်းသာကို ခံစားနေရခြင်း၊ ဆင်းရဲဘာမျှမရှိခြင်းဟာ၊ နည်းတာလား ? ယနေ့ စား၏၊ နက်ဖြန် ထမင်းဆာပြန်၏၊ ဒီလို နက်ဖြန်ဆာမည့် အတွက်၊ ဘာလုပ်ကြိုးစားရှာဖွေနေသလဲ ? မွတ်သိပ်ဆာလောင်ခြင်း, အနည်းငယ်သော ဥစ္စာပစ္စည်း, လယ်ယာ ရိုယ်းမြေ, ဂုဏ်သိက္ခာ, သားမယားတို့အတွက် ကြိုးပမ်းရှာဖွေခဲ့လျှင်၊ ဝိမုတ္တိချမ်းသာအတွက် ဘာ့ကြောင့် မရှာဖွေဘဲ နေရမှာလဲ၊ သေမည်မလွဲဟု သိသော်လည်း ရှင်ရန် ကြိုးစားအားထုတ်သကဲ့သို့ပင်၊ ဝိမုတ္တိမှတဖန် ပြန်လာမည်ကိုသိသော်လည်း၊ ထိုဝိမုတ္တိချမ်းသာအတွက် နည်းလမ်းရှာဖွေ ကြိုးစားရန် အရေးကြီး၏။

အမေး။ ။မုတ္တိရရန် နည်းလမ်းဟာ ဘာလဲ ?

အဖြေ။ ။အချို့နည်းလမ်းကို အထက်က ရေးခဲ့ပါပြီ၊ ဆိုသော်, နည်းလမ်း အထူးသည်ကား – မဂ္ဂတိုလား သုတ္တိသည်၊ မုသား ဆိုခြင်းစသော မကောင်းကျိုး ပေးတတ်သော အမှုတို့ကို စွန့်လျက်၊ မှန်သောစကားကို ဆိုခြင်းစသော ကုသိုလ်မှုတို့ကို၊ ဆက်ဆက်ပြုရသည်။ ဒုက္ခဆင်းရဲကို ပယ်စွန့်လျက် သုခချမ်းသာကို ရယူလိုသော သုတ္တိသည်၊ အကုသိုလ်ကို စွန့်၍ ကုသိုလ်တရားကို ဆက်ဆက် ပွားများရသည်၊ အကြောင်းကား, ဒုက္ခ၏ မကောင်းသော အကျင့်တရားနှင့် သုခ၏ ကောင်းသော အကျင့်တရားသည် မူလအကြောင်းရင်း ဖြစ်၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်းကြောင့် အမှားနှင့်အမှန်, တရားနှင့်မတရား, ပြုအပ်သော ဝတ္တရားနှင့် မပြုအပ်သော ဝတ္တရားတို့ကို ပိုင်းခြားဝေဘန်ဆုံးဖြတ်ရသည်။ တခြားစီ တခြားစီ သိအားရသည်။ သတ္တဝါဘို့ ခန္ဓာ၏ ဓာတ်ငါးပါးကို ပိုင်းခြား သိသင့်သည်ကား–

၁ – “အန္နမယ,” အရေကစ၍ အရိုးအဆုံးရှိသော အရအပေါင်းသည် ပထဝီဓာတ်တည်း၊ ၂–“ပါဏမယ,” ကား၊ အသက် –ဝါ– အတွင်းမှအပြင်သို့ ရှူထုတ်သော ထွက်သက် (=အပါန)၊ အပြင်မှအတွင်းသို့ ရှိုက်ငင်ယူသော ဝင်သက် (=သမာန)၊ ချက်တွင်တည်၍ တကိုယ်လုံးသို့ ရသာရည်ကို ဖြန့်ဖြူးပို့ပေးသော (ဥဒါန)၊ လည်ချောင်း ရောက်နေသော အစာကို ဆွဲဆောင်၍ ခွန်အားဖြစ်စေသော (ဗျာန) ဤအသက်ဖြင့်ပင် တကိုယ်လုံးကို စေ့ဆော်အားပေးတတ်၏။ ၃–“မနောမယ,” မနော (=စိတ်) နှင့် အဒုတ္တကျ၊ အဟင်္ကာရ, ဝါက, ပါဒ, ပါဏိပါယု, ဥပဋ္ဌစသော ငါးပါးသော ကမ္မိန္ဒြေများ။ ၄–“ဝိညာဏမယ,” ဗုဒ္ဓိ, စိတ္တ, သောတ, တစော, စက္ခု=မျက်စိ, ဇိဝှါ=လျှာ,နှာခေါင်းစသော ငါးပါးသော ဉာဏိန္ဒြေ၊ ဤမှာဣန္ဒြေတို့ဖြင့် သတ္တဝါသည်, အသိဉာဏ်စသော အမှုတို့ကို ပြု၏။ ၅–“အာနန္ဒမယကောသ,” နှစ်သက်ဝမ်းမြောက်ခြင်း, အနည်းအများ ချမ်းသာခြင်းနှင့် တည်ရာအကြောင်းရင်းကား ရုပ်တရားဖြစ်၏၊ ဤသည်ကိုပင် “ငါးပါးသောကောသ” ဟု

ခေါ်၍ သတ္တဝါတို့သည်၊ အားလုံးသော အမှုကိစ္စ၊ ပူဇော် ဆည်းကပ်ခြင်း၊ ဉာဏ်နှင့်ဆိုင်ရာ ကိစ္စတို့ကို ပြုလုပ်ကြလေသည်။ သုံးပါးသော အခြေအနေကား – ''နိုးကြားခြင်း,'' ''အိပ်မက်ခြင်း,'' ''အိပ်ပျော်ခြင်း'' ဖြစ်၏။ ခန္ဓာသုံးမျိုးကား– ၁ - ''ရုပ်ရင်းသော ခန္ဓာ,'' မျက်စိဖြင့် မြင်ရသောကိုယ်။ ၂–ငါးပါးသောအသက် (=ပါဏ)၊ ငါးပါးသော ဉာဏ်ခြေ၊ ငါးပါးသော သိမ်မွေ့သောရုပ်ဓာတ်၊ မနောနှင့်ဗုဒ္ဓိ (=ဉာဏ်)၊ ဤဆယ့်ခုနစ်ပါးသော သိမ်မွေ့သော ရုပ်ဓာတ်တို့၏ အစုအပေါင်းကို၊ ''သုခုမသရီရ'' (သိမ်မွေ့သောကိုယ်) ခေါ်သည်။ ဤသုခုမသရီရသည်၊ ဇာတိ–မရဏ (=မွေး–သေ) သော အခါ၌လည်း၊ ဇီဝနှင့် အတူတကွ ရှိနေလေသည်။ ၎င်းတွင် ၂–ပါး အပြားရှိ၏–မဟာဘုတ်နှင့်ဆိုင်ရာ၊ ၎င်းဖြင့် ဒုတိယမြောက် ''သဘာဝိက'' ဇီဝ၏ ပကတိသဘာဝ ဂုဏ်ရှိ၏။ မဟာဘုတ် ကိုယ်သည်၊ မုတ္တိ၌လည်း ရှိနေ၍၊ ဇီဝ (=ဝိဉာဏ် = အသက်ဝိဉာဏ်သည်) ဤမဟာဘုတ် (=ရုပ်တရားကို) ခန္ဓာဖြင့် ဝိမုတ္တိ–သုခကို ခံစားစံစား၏။ တတိယမြောက် အကြောင်းတရား ဖြစ်သော အိပ်ပျော်နေသော အခြေအနေ သည်ကား၊ မဟာဘုတ် ရုပ်ဖြစ်၍ အားလုံးသော သတ္တဝါတို့အတွက် တသဘောတည်း တမျိုးတည်းသာဖြစ်၏။ စတုတ္ထမြောက် ''တုရိယသရီရ'' ဆိုသည်ကား သမာဓိဝင်စားခါ ထာဝရဘုရား၏ အာနန္ဒသရူပ (=ဘုရား၏ချမ်းသာ)၌ ပီတိဖြစ်နေသော ဇီဝဖြစ်သည်။ ဤသမာဓိအလုပ်ကြောင့် ဖြစ်ပေါ်လာသော စင်ကြယ်သော ကိုယ်၏အစွမ်းသတ္တိသည် ဝိမုတ္တိ၌လည်း၊ အထောက်အပံ့ကို ပေးနေလေသည်။ ဤအားလုံးသော ကောသ–အခြေအနေတို့မှ ဇီဝသည် လွတ်လပ်၏၊ အကြောင်းကား, လူသေသောအခါ ''ဇီဝ (=အသက်) ထွက်သွားပြီ''ဟု အားလုံးက ဆိုကြ၏။ ဤဇီဝကိုပင် အားလုံး၏ စေ့ဆော်အားပေးသူ၊ အားလုံးကို ဆောင်ကြဉ်းသူ၊ သက်သေ ပြုလုပ်သူ၊ ခံစားသူဟူ၍ ခေါ်ဝေါ်ကြ၏။ အကယ်၍ တစုံတယောက်က၊ ဇီဝသည် ပြုသူ၊ခံစား

သူမဟုတ်ဟု ဆိုခြင်းနှင့်၊ ထိုသူသည် ဉာဏ်မရှိသူ၊ ပိုင်းခြား ဝေဘန်တတ်သူ မဟုတ်ဟု ထိုရာ၏။ အကြောင်းသော်ကား၊ ဇီဝမှကင်း၍ ဤဓာတ်လေးပါး အစု ဖြစ်သော အသိဉာဏ်မှ ကင်းသော ကိုယ်သည် ဆင်းရဲ ချမ်းသာကို ခံစားခြင်း၊ ကုသိုလ် အကုသိုလ်ကိုပြုမှု ဘယ်အခါမှ မဖြစ်နိုင်ချေ။ ဟုတ်၏၊ ဤဇီဝနှင့် ပေါင်းသင်းခြင်းဖြင့် သတ္တဝါသည် ကောင်းမှု မကောင်းမှုကို ပြုသူနှင့် ချမ်းသာဆင်းရဲ တို့ကို ခံစားသူဖြစ်၏။ အကြင်အခါ ဣန္ဒြေတို့သည် အရာဝတ္ထုတို့နှင့်ငြိ၊ မနော (=စိတ်) သည် ဣန္ဒြေ တို့နှင့်ငြိ၊ အတ္တသည် စိတ်နှင့်ငြိ၊ အတူ တကွ ပေါင်းသင်းလျက် ပါဏ (=အသက်) တို့ကို၊ စေ့ဆော်၍ ကောင်းမှု မကောင်းမှု တို့၌ သက်ဝင် စေ၏၊ ထိုအခါမှသာ ဇီဝသည် ထင်ရှား လာလေသည်။ ထိုအချိန်တွင် အတွင်းမှ ဝမ်းမြောက် ရွှင်လန်းခြင်း၊ ရဲဝံ့ခြင်း၊ မကြောက်လန့်ခြင်း ဖြစ်ပေါ်လာ၏။ မကောင်းမှု ပြုရာ၌၊ ကြောက်လန့်ခြင်း ယုံမှားသံသယနှင့် ရှက်ခြင်းများ ဖြစ်ပေါ်လာ၏။ ဤသည်ကား၊ အားလုံးသော သတ္တဝါတို့၏ အဇ္ဈတ္တ သဏ္ဌာန်တွင် ကိန်းအောင်း နေတော်မူသော ဘုရားသခင်၏ အဆုံးမ ဩဝါဒ ဖြစ်ပေသည်။ ဤဩဝါဒ အတိုင်း လိုက်နာ ကျင့်ဆောင်သော သူတို့သာ၊ ဗိမုတ္တိချမ်းသာကို ခံစား စံစားရ၏။ ဆန့်ကျင်ဘက် ကျင့်ကြံသူတို့မှာကား၊ သံသရာ အနှောင်အဖွဲ့ဖြစ်သော ဒုက္ခဆင်းရဲကို ခံစားရ၏။

အခြားသော နည်းနာ သည်ကား— "ဝိရဂ" ဆိုသည်ကား၊ ခွဲခြမ်းဝေဘန် သိရှိယူဆတတ်သော ဝိဝေက–ဉာဏ်ဖြင့် အမှားနှင့်အမှန်ကို သိခါ အမှန်ကိုယူ၍ အမှားကို ပယ်ခြင်းသည် ဝိဝေက ဖြစ်၏။ မြေကြီးမှ အစပြု၍ ထာဝရ ဘုရားသခင်တိုင်အောင်သော ရှိရှိသမျှအရာဝတ္ထုတို့၏ ဂုဏ်,ကိစ္စ, သဘာဝကိုသိခါ၊ ထိုဘုရား၏ အာဏာတော်ကို စောင့်ထိ လိုက်နာ,ပူဇော် ဆည်းကပ်ခြင်းကို အသင့်ပြုလျက်၊ ဆန့်ကျင်ဘက်မပြုမူ၍ ကမ္ဘာဖန်ဆင်းမှု အားလုံး၌ အကျိုးတရားကို ရယူခံစားခြင်းကိုပင် ဝိဝေကခေါ်၏။

ထိုမှနောက်၊ တတိယမြောက် နည်းနာသည်ကား— "သင္ဂဟ သမ္ပတ္တိ" တနည်း, ခြောက်ပါးသော အမှုကို ပြုခြင်း၊

၁—"သမ" နည်းဖြင့် မိမိ၏ အတ္တနှင့် အချုပ်အတ္တ သဏ္ဍာန်ကိုမကောင်းမှု ဒုစရိုက်မှ ဖယ်ရှားလျက် ကောင်းမှု သုစရိုက်၌တည်စေခြင်း၊

၂—"ဒမ" နည်းဖြင့် သောတ စသော ဣန္ဒြေတို့နှင့် ခန္ဓာကိုယ်ကို ကာမရာဂလိုက်စားခြင်း စသော အမှုတို့မှ ဖယ်ရှားလျက် ဣန္ဒြေကို စောင့်စည်း ထိန်းသိမ်းခြင်းစသော ကောင်းမှုတို့တွင်တည်စေခြင်း၊

၃—"ဥပရတိ" နည်းဖြင့် လူယုတ်မာတို့နှင့် အမြဲဝေးစွာ ရှောင်ရှားနေခြင်း၊

၄—"တိတိက္ခာ" (=တိတိက္ခာ) နည်းဖြင့် လောကဓမ် တရားများ မည်မျှပင် ဖိစီး နှိပ်စက် စေကာမူလည်း၊ ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်းကို စွန့်လျက်၊ ဝိမုတ္တိကို ရစေနိုင်သော အကျင့်တရားတို့၌ အမြဲသက်ဝင် ကျင့်ကြံနေခြင်း၊

၅—"သဒ္ဓါ", အကြင် ဝေဒ စသော ကျမ်းမှန် ကျမ်းကောင်းနှင့် ထိုကျမ်းဂန် စာပေတို့ကို တတ်သိလိမ္မာသော တကယ်သူတော်ကောင်းပညာရှိ၊ တရားကောင်း တရားမှန်ကို ဟောပြောဆုံးမတတ်သော မုဋ္ဌိ ထိကြီးတို့၏ စကား၌ ယုံကြည်ခြင်း၊

၆—"သမာဓာန" တည်ကြည်သောစိတ် (=ဧကဂ္ဂတာစိတ်) ဤခြောက်ပါးကိုပေါင်း၍ သုံးခုမြောက် ဖြစ်သော "သာဓန" (=နည်းနာ) ဟုခေါ်အပ်၏။

စတုတ္ထမြောက် "မုမုက္ခုတွ" (=မုမုစုတ္တ), ဆာလောင် မွတ်သိပ်နေသော သူအား အစာရေစာမှတပါး အခြားတရုံတခုဖြင့် မတင်းတိမ်စေနိုင်သလိုပင်၊ ဝိမုတ္တိရနိုင်သော နည်းနာ အကျင့်မှတပါး အခြားတရုံတရာကိုမျှ မလိုလား မနှစ်သက်ခြင်း၊ ဤလေးပါးသော "သာဓန" = အကျင့်နည်းနာ၊ လေးပါးသော "အနုဗန္ဓ" အမိမှုါယ်ကား,သာဓနနည်းကို ကျင့်ဆောင်ပြီးသည့်နောက်၌ ပြုရသောတိစ္စများ၊ ဖြစ်ခဲ့သော လေးပါး

သောကျွင့်နည်း "သာဓန" နှင့်ယှဉ်သော ယောက်ျားသည်သာ၊ မောက္ခ (=နိဗ္ဗာန်) ကို ပိုင်ဆိုင်သူဖြစ်၏။

ဒုတိယ တပါးကား "သမ္ဗန္ဓ", ဖြဗ္ဗကို ရယူအပ်သော ဝိမုတ္တိ၏ သိအပ်သောတရားနှင့် ဝေဒစသော သိအပ်တတ်သော ကျမ်းစာ(ပဋိပါဒက) တို့ကို ကောင်းစွာသိသည်ဖြစ်၍ ယှဉ်စေခြင်း။

တတိယမြောက် "ဝိသယီ" အားလုံးသော ကျမ်းစာတို့၏ သိအပ်သော အကြောင်းအရာသတ္တုယ် ဖြဗ္ဗ၊ တနည်း,ကျမ်းဂန်အားလုံး၏ မူလ အကြောင်းအရာတို့မှာ၊ ဖြဗ္ဗ (=ထာဝရဘုရား)ကို သိစေသောသင်္ကေတ စာဖြစ်၏။ စတုတ္ထကား, "ပယောဇန", ဒုက္ခဆင်းရဲအပေါင်းမှ ကင်းလွတ်သည်ဖြစ်၍ ချမ်းသာအထူးကိုရခါ ဝိမုတ္တိ—သုခကို ရယူခြင်း၊ဤလေးပါးကို "အနုဗန္ဓ" ခေါ်သည်။

ထိုမှနောက် လေးပါးသော "သဝဏ" ဆိုသည်မှာ—

၁—"သဝဏ", တရုံတယောက်သော ပညာရှိက၊ တရားဓမ္မဟော ပြောခဲ့သော်, ငြိမ်သက် တည်ကြည်စွာ နားထောင်ခြင်း၊ အထူး အားဖြင့် "ဖြဗ္ဗဝိဇ္ဇာ" ကို အထူး နှလုံးသွင်း (အာရုံပိုက်) ၍ နားထောင်ရာသည်၊အကြောင်းကား, ဤဖြဗ္ဗဝိဇ္ဇာသည် အားလုံး သောပညာတို့ထက် သိမ်မွေ့နက်နဲ၏။

၂—"မနန", ဆိတ်ငြိမ်သော အရပ်၌ထိုင်လျက်၊ ကြားနာခဲ့ပြီးသော တရားတို့ကို စဉ်းစား ဝေဘန် ကြည့်ခြင်း၊ သက်သမကင်းသော အရာတို့ကို ထပ်မံစစ်ကြော မေးမြန်းခြင်းနှင့် လျော်သည်ထင်က ဟောပြောနေဆဲ အချိန်၌လည်း ဟောသူ—နာယူသူတို့ အချင်း ချင်း မေးမြန်း ဖြေကြားခြင်းပြုရာသည်။

၃—"နိဒိဓျာသန"(=နိဒိဓျာသန)နာယူ,စဉ်းစားပြီးနောက် သံသယ ကင်းရှင်းသွားပြီးသောအခါ၊ သမာဓိ ဝင်စားလျက်၊ ထိုစကား သည် ထင်သည့် အတိုင်း ဟုတ်မဟုတ်ကို ဈာနယောဂဝင်စား စမ်းသပ်ရာသည်။

၄—"သာက္ခာတကာရ" (=သက္ခိကာရ), အရာဝတ္ထုတို့၏ သရုပ်, ဂုဏ်, သဘာဝတို့ကို အသင့်သိမှတ်ခြင်းတို့ကိုပင် "သဝဏ စတုဋ္ဌယ" ဟုခေါ်၏။

အခါခပ်သိမ်း ထမောဂုဏ် (=အမျက်ထွက်ခြင်း, စိတ်ညစ်ညူးခြင်း၊ ပျင်းရိခြင်း၊ ပေါ့လျော့ မူးမေ့ခြင်းစသည်။)

ရဇောဂုဏ် (=ဣဿာမစ္ဆရိယ, ကာမစ္ဆန္ဒ, မာနကြီးခြင်း, ဝိခေပ= စိတ်ပျံ့လွင့်ခြင်းစသည်) တို့မှ ကင်းလွတ်သည် ဖြစ်၍ မှန်သောတရား= ငြိမ်သက်တည်ကြည်ခြင်း,ဖြူစင်ခြင်း,ဝိဇ္ဇာအတတ်နှင့် တွေးတောဆင်ခြင် တတ်သော ဂုဏ်တို့ကို ရယူရာသည်။ (မေတ္တာ) ချမ်းသာသော သူတို့၌ ချစ်ကြည်ခင်မင်မှု၊ (ကရုဏာ) ဆင်းရဲသော သူတို့၌ သနားကြင်နာမှု၊ (မုဒိတာ) ကောင်းမှုပြုသူတို့အတွက် ဝမ်းမြောက် သာရခေါ်မှု၊ (ဥပေက္ခာ) လူဆိုးသူဆိုးတို့၌ ရန်းခြင်း ချစ်ခြင်း မထားရှိမှု၊ နိဗ္ဗာန် လိုလားသော ပညာရှိ သူတော်ကောင်းတို့သည်၊ နေ့စဉ် အယုတ်ဆုံး နှစ်နာရီစီ၊ အတွင်း စိတ် စသော တရားတို့ကို ထင်ရှားမြင်သိသာအောင် ဈာန်ဝင်စားရမည်။ ကြည့်စမ်းပါ! ငါတို့သည် အသိဉာဏ်ရှိသူများ ဖြစ်ကြသည်ဟုယုံကြည် ပါ။ ဒါကြောင့် ကျွန်ုပ်တို့သည် အသိဉာဏ်ရ၍ မိမိ၏ စိတ်အခြေအနေ ကို သိမြင်ကြ၏။ စိတ်သည် ငြိမ်သက် တည်ကြည်ခြင်း ဂဏာမငြိမ်ခြင်း ဖြစ်သည်ကိုငင်း၊ ဝမ်းမြောက်ခြင်း, ဝမ်းနည်းခြင်း ဖြစ်သည်ကိုငင်း ကောင်းစွာ သိတတ်မြင်တတ်ကြ၏။ ထို့အတူပင် ရုပ္ပဓမ္မများနှင့် အသက် (=ပါဏ)ကို သိတတ်သူ၊ ရှေးက မြင်တွေ့ဘူးသော အရာတို့ကိုပြန်မြောက်း အမှတ်ရစေတတ်သူ၊ တချိန်တည်းတွင် များစွာသော အရာဝတ္ထုတို့ကို သိသူ၊ ဆောင်ခြင်း,ဆွဲဆောင်ခြင်းပြုတတ်သူ၊ အားလုံးနှင့် ကင်းလွတ်သူ လည်းဖြစ်ကုန်၏။ ထိုသိမြင်သော အရာတို့နှင့် တခြားစီသာ မဖြစ်ဘူး ဆိုရင်၊ လွတ်လပ်သော ပြုသူ (=ကတ္တား)၊ စေ့ဆော်သူ၊ ပိုးပိုင်သူ မဖြစ်နိုင် ပေရာ။

> အဝိဇ္ဇာ အသ္မိတာရာဂါ ဒွေသာ ဘိနိဝေသား ပဉ္စကလေသား။
> (ယောဂ·ပါဒ· ၂၊သု·၃။)

၅ါတရားတို့တွင် အဝိဇ္ဇာသဘောကို အထက်တွင်ပြခဲ့ပြီ။ သိုးခြားဖြစ် သော ပစ္စုပ္ပန်ဗုဒ္ဓိ (ဉာဏ်) ကို အတ္တမှ တခြားစီဖြစ်သည်ဟု မထိခြင်းကို "အသ္မိတာ" ခေါ်သည်။ ချမ်းသာ၌ တပ်နှစ်သက်ခြင်းသည် "ရာဂ"၊ ဆင်းရဲ၌ မနှစ်သက်ခြင်းသည် "ဒွေး·သ=ဒေါသ"၊ အားလုံးသော သတ်ရှိ သတ္တဝါတို့သည်၊ မဒိုမသေဘဲ၊ အမြဲ နေလို ကြခြင်း -ဝါ- သေခြင်းမှ

ကြောက်ရွံ့ခြင်း ကိုပင် "အဘိနိဝေသ" ခေါ်သည်။ ဤ ငါးပါး သော ကိလေသာတို့ကို ယောဂအကျင့်ဖြင့် ကင်းလွတ် စင်ကြယ် စေပြီးသျှင် ဖြပ္ပကို ရယူသည်ဖြစ်၍ ပိရတ္တိ တည်းဟူသော ထက်ဲ့ ချမ်းသာသုခကို ခံစား စံစားရာသည်။

မေး။ ။ခင်ဗျား ယူဆသောမုတ္တိ (=နိဗ္ဗာန်)ထို၊ တခြားသူများ မယူ ဆပ၊။ ကြည့်ပါ ! ဂျိုင်းဘာသာဝင်တို့မှာ မောက္ခ - ဘိလာ (=နိဗ္ဗာန်-ကျောက်ဖျာကြီး)၊ သိဝပုရသို့ သွားရောက်ခါ အေးအေး ဆေးဆေး ထိုင်နေရခြင်း။ ခရစ်ယာန်တို့မှာ လေးခုမြောက် သော ကောင်းကင်ဘုံမ်၊ ထိုဘုံမ်တွင် မင်္ဂလာဆောင်ခြင်း၊ တိုက်ခိုက်ခြင်း၊ တီးမှုတ်ကခုန်၊ အဝတ်အထည်များ ဝတ်စား ဆင်ယင်ခြင်း စသည်ဖြင့် ချမ်းသာကို ခံစားရခြင်း။ ထို့အတူ မဟာမေဒင် (=မိုဆလင်=ပသီ) ကုလားတို့မှာ၊ ခုနစ်ခုမြောက် ကောင်းကင်ဘုံမ်။ လက်ဝဲလမ်းသွားတို့မှာ သိရိပုရ။ မဟာ ဒေဝ ဂိုဏ်းဝင်တို့မှာ ကေလာသ(တောင်)။ ဝိဿနိုးဝါဒီတို့မှာ ဝေကုဏ္ဍ (=နတ်ပြည်)။ ဂေါကုလိယ ဝါဒီတို့မှာ ဂေါလော ကတို့သို့ သွားရောက်လျက်၊ လှပကောင်းမြတ်သော မိန်းမ၊ အစာအာဟာရ အဝတ်၊ နေထိုင်ရန် ဘုံမ်နန်းပြာသာဒ်တို့ကို ရ၍ နတ်ချမ်းသာကို ခံစားနေရခြင်းကိုပင် မုတ္တိခေါ်ကြပါ သည်။ ပုရာဏ်ဝါဒီတို့ကား(သာလောကျ) ထာဝရဘုရားဘုံမ် သို့ သွားရောက်နေထိုင်ရခြင်း။(သာနုဇ)တို့ကား၊ ညီငယ်ကဲ့သို့ ထာဝရဘုရားနှင့် အတူနေရခြင်း။ (သာရူပျ) ပုဇော်ဆည်း ကပ်သောနတ် (ဘုရား)၏ ရုပ်ရေနှင့် ထပ်တူဖြစ်နေရခြင်း။ (သာမီပျ) ကျေးကျွန်အစေခံလို ဘုရားနားမှာနေရခြင်း။ (သာ ယုဇ္ဇ) ဘုရားနှင့် ရောနှော ပေါင်းယှဉ်သွားခြင်း စသည့် လေးပါးသော မုတ္တိလည်း ယူမှတ်ကြပါသည်။ ဝေဒါန္တီတို့ မှုကား၊ ဘုရား (ဗြဟ္မ)၌ ရောနှောသွားခြင်းကိုပင် မောက္ခဟု ယူဆကြသည် မဟုတ်ပါလော ?

ဖြေ။ ။ဂျိုင်းဘာသာ အခဏ်း ၁၂-မှာ၊ ခရစ်ယာန်အခဏ်း ၁၃-မှာ၊ မိုဆလင်တို့အတွက် အခဏ်း ၁၄-မှာ၊ နိဗ္ဗာန်စသည့်

အကြောင်းအရာကို အကျယ်ဖြပါလိမ့်မည်။ လက်ဝဲလမ်းသွားတို့သည် "သိဒ္ဓိပုရ"သို့သွား၍ လကျ္ခမိနတ်သွီးကဲ့သို့သော အလွန်လှပသော မိန်းမများ၊ သေရည်သေရက်၊ အသားငါး ထမင်း အဖျော်ယမကာ၊ ကခုန်မြူးထူး၊ ကာမဂုဏ်ခံစားခြင်းတို့ကို ပြုကြရသည်ဟု ယုံကြည်ခြင်းသည်ကား၊ ဤလောကထက်ပို၍ မထူးလှပါ။ မဟာဒေဝနှင့် ဗိဿနိုးနတ်ကြီးကဲ့သို့သော ရုပ်ရေရှိသူတို့က၊ ပါရဝတီနှင့် လကျ္ခမိနတ်သွီးကဲ့သို့သော အဆင်းအင်္ဂါရှိသူ နတ်မိန်းမတို့နှင့် ကာမချမ်းသာခံစားခြင်း၌ ဤတိုင်းပြည်ရှိ ပိုက်ဆံဝါလား မဟာရာဇာ (စော်ဘွား)တို့ထက်သာခြင်း တချက်သာရှိသည်။ ထိုသာလွန်ခြင်းကား ထိုနတ်ဘုံမ်တွင် ရောဂါမဖြစ်ဘဲ၊ အမြဲ လူပျို အပျိုအရွယ်၌သာ တည်နေခြင်းဖြစ်၏။ ဤစကားလည်း မမှန်ပါ။ အကြောင်းကား–ဘောဂ (=စည်းစိမ်)ရှိလျှင် ရောဂ (=အနာ)လဲ ရှိစမြဲ။ အနာရောဂါရှိက၊ အိုခြင်းဇရာ တရားလည်း မချွတ်ရှိစမြဲဖြစ်သည်။ ပေါရာဏိကဝါဒီတို့အား ပြောသင့်သည်ကား, သင်တို့၏ လေးပါးသော နိဗ္ဗာန်သည် ပိုး မွှားတိရစ္ဆာန်တို့အား အလိုအလျောက် ရနေခြင်းပင်တည်း။ အကြောင်းသော်ကား, လောက အားလုံးတို့သည် ဘုရားသခင်၏ လောကတွေဖြစ်၍ ထိုလောက၌ပင် ဒိုပိုး မွှားတိရစ္ဆာန်တွေ နေကြခြင်းကြောင့် "သာလောကျ" မုတ္တိကို အလိုအလျောက် ရောက်နေကြ၏။ "သာမီပျ" မုတ္တိလည်း။ ဘုရားသည် အားလုံး၌ ပြန့်နှံ့နေတော်မူသောကြောင့် အားလုံးသော သတ္တဝါတို့သည် ထိုဘုရား အနီးအပါး၌ပင် ရှိနေကြသဖြင့် "သာမီပျ" မုတ္တိကိုလည်း အလိုအလျောက်ပင် ရရှိခံစားနေကြ၏။ "သာနုယ္ဇ" သတ္တဝါတို့သည် ဘုရားထက် အဘက်ဘက်က ငယ်၍ အသိဉာဏ် (=စေတသိက်) ရှိသဖြင့် ဘုရား၏ ညီအစ်ကိုချင်းလိုပင်ဖြစ်သောကြောင့် "သာနုယ္ဇ" မုတ္တိလည်း မကြိုးစားဘဲနှင့် ရနေကြပြန်၏။ အားလုံးသော သတ္တဝါတို့သည် အားလုံး၌ ပြန့်နှံ့၍တည်သော ဘုရား၌ ရောနှောပေါင်းစပ် နေသဖြင့်လည်း "သာယုဇ္ဇ" မုတ္တိကိုလည်း အလိုအလျောက် ရနေကြ

၏။ သည့်ဖြင့် သာမန်ဖြစ်သော နတ္ထိကတို့သည် သေပြီးသည် နောက် ခါတ်တွင် ခါတ်ပေါင်းစပ်သွားသော မုတ္တိ (နိဗ္ဗာန်) ကို ယုံကြည်ကြသည်မှာ၊ ဤမုတ္တိမျိုး ကိုကား ခွေးနှင့်မြည်း စသည်တို့လည်း ရနေကြသည်သာ ဖြစ်၏။ ဤသည်တို့ကား မုတ္တိ (=နိဗ္ဗာန်) များမဟုတ်ဘဲ၊ သံသရာ အနှောင်အဖွဲ့ တမျိုး သာဖြစ်ကုန်သည်။ အကြောင်းကို ဆိုရလျှင် ဤသူတို့သည် သိဝပုရ၊ မောက္ခသိလာ၊ စတုဗ္ဗတုံမ်၊ သဗ္ဗဏတုံမ်၊ သိရိပုရ၊ ကေလာသတောင်၊ နတ်ပြည်၊ ဂေါလောက (=နွားပြည်=နွား ဘုံမ်) တို့ကို ဒေသတခု၌ နေရာအထူးတခု ယူဆကြသဖြင့်၊ ဤလူတို့သည် ဤနေရာအထူး တခုခုနှင့် ကင်းကွာသွားလျှင်၊ ၎င်းတို့၏ နိဗ္ဗာန်လည်းလက်လွတ်သွားရာသည်။ ထိုဖြစ်သော ကြောင့် ကျောက် ၁၂-ခု အကြား၌ ပျက်စီးမြဲ ဝိတ်ဆီးနေ သလိုပင်၊ အနှောင်အဖွဲ့ အပိတ်အပင်၌ မိနေကြ ပေလိမ့် မည်။ မုတ္တိဆိုသည်ကား၊ အလိုရှိရာသို့၊ အတားအဆီး မရှိ ဟုည့်လည် ကျက်စားနိုင်ခြင်းဖြစ်၏။ ကြောက်ခြင်း၊ ယုံမှား ခြင်း၊ ဆင်းရဲခြင်းမရှိချေ။ မွေးဖွားခြင်း = ဇာတိကိုပင်ဖြစ် ပေါ်ခြင်း = ဥပါဒ်ခေါ်၍ သေခြင်း = မရဏကိုပင် ပျက်စီး ရွေ့လျောခြင်း = "ပြလယ"ခေါ်သည်။ သဗ္ဗဝါသည် အချိန် ရောက်က မွေးဖွားလာ၏။

အမေး။ ။မွေးဖွားခြင်းသည် တပါးတည်းလော အများလော?

အဖြေ။ ။အများ။

အမေး။ ။အများဆိုခဲ့လျှင်၊ ရှေးဘဝနှင့် သေခြင်းတို့ကို အဘယ့်ကြောင့် မမှတ်မိသလဲ?

အဖြေ။ ။သဗ္ဗဝါတို့သည် အသိဉာဏ် နည်းငယ် ကိုဝရ (=အပ္ပဉာ) ဖြစ်၍ ကာလသုံးပါးကို မသိမမြင်နိုင်။ ဒါ့ကြောင့် မမှတ်မိနိုင်။ ထို့ဖြင့် အကြင် မနောခါတ်ဖြင့် သိမှတ်၏၊ ထိုမနောခါတ် လည်း တကြိမ်တည်း၌ အသိဉာဏ် နှစ်ပါး မဖြစ်နိုင်။ ရှေ့ဘဝ ကိုထားပါဦးတော့။ ဤဘဝ၌ပင် မိုးသန္ဓေတည်၍၊ ကိုယ်အင်္ဂါ ဖြစ်ပေါ်လာပြီး၊ မွေးဖွားလာပြီး နောက်တွင် ငါးနှစ်သားအ

ရှုယ်တိုင်အောင်သောအဖြစ်အပျက်တို့ကို ဘာ့ကြောင့် မမှတ်မိနိုင်သလဲ? နိုးနေစဉ်နှင့် အိပ်မက်မက်နေစဉ် အထင်အရှား ထိမြင်ရသော အခြင်းအရာ တို့ကို ကောင်းစွာ အိပ်ပျော်မှိန်တွင် ဘာ့ကြောင့် အမှတ်မရနိုင် သလဲ? သင့်အား တရံတယောက်က အောက်ပါအတိုင်း မေးဆုံ–''၁၂ နှစ်အရင်က၊ ၁၃ နှစ်အဝင်၊ ငါးလမြောက်၊ ကိုးရက်နေ့၊ ၁၀ နာရီ ထိုးပြီး၊ တမိနစ်တွင် ခင်ဗျား ဘာလုပ်ခဲ့ ပါသလဲ?'' သင့်ပါးစပ်, လက်,နား,မျက်စိ,ကိုယ်သည် ဘယ်ဘက်သို့လှည့်ပြီး၊ ဘယ်လိုထားပါသလဲ? ဒီပြင်ထိုအခါက ဘာစိတ်ကူးနေပါ သလဲ?

ဒီဘဝ ဒီခန္ဓာမှာ ဒီလိုဆိုလျှင် ရှေးဘဝက အကြောင်းတို့ကို ပြန်ပြောင်း အမှတ်ရရာ၌ ယုံမှားရှိခြင်းသည် ခလေးစကားဖြစ်၏၊ ပြန်ပြောင်း အမှတ်မရခြင်းကြောင့်သာ သတ္တဝါသည် ချမ်းသာခြင်းကိုရ၏၊ ထိုသို့မဟုတ်ခဲ့လျှင် ဘဝအားလုံး၏ ဆင်းရဲရကွဲ့တို့ကို သိမြင်ခါ၊ စိတ်ညစ်ပြီး သေရုံသာရှိ၏၊ မည်သူဝင်ဖြစ်စေ ရှေးဘဝ နောက်ဘဝက အဖြစ်အပျက်တို့ကို သိလိုသော်လည်း မသိမမြင်နိုင်ခြင်း အကြောင်းရင်းကား၊ သတ္တဝါ၏ အသိဉာဏ်နှင့် သရုပ် (သဘာဝ)သည် နည်းငယ်တိုတျ၏၊ ဤသို့ (ကာလသုံးပါး) အဖြစ်အပျက်ကို သိခြင်းသည်ကား၊ဘုရား၏ အလုပ်သာ ဖြစ်၍ သတ္တဝါတို့အလုပ် မဟုတ်ပေ။

အမေး ။သတ္တဝါသည် ရှေ့ဘဝက အဖြစ်အပျက်ကို မသိဘဲ၊ ဘုရားသည် ၎င်းအား အပြစ်ဒဏ် ပေးခဲ့လျှင် ထိုသတ္တဝါသည် တိုးတက်ပြောင်းလွဲခြင်း မဖြစ်နိုင်ရာ၊ အကြောင်းသော်ကား၊ ငါသည် ဤမကောင်းမှုကို ပြုခဲ့မိသောကြောင့် ဤသို့ ခံစားရပါတကား–ဟု သိမှသာ ထိုမကောင်းမှုမှ လွတ်မြောက်နိုင်ရာသည် မဟုတ်ပါလော ?

အဖြေ ။သင်သည် ဉာဏ်ဘယ်မျှ အပြားရှိသည်ဟု ယူဆပါသလဲ ?

အမေး ။ပစ္စက္ခစသော ယုတ္တိသာဓကတို့အားဖြင့် ရှစ်ပါး၊

အဖြေ ။ဤအတိုင်းသာဆိုလျှင်၊ သင်သည် မွေးလာသည်က အစပြု၍, အခါခါ ဖြစ်ပျက်နေသော အရိုးရခြင်း၊ ညစ္စာပစ္စည်း၊ အသိ

ဉာဏ်၊ အတတ်ပညာ၊ ဆင်းရဲခြင်း၊ အသိဉာဏ်နဲ့ မိုက်မဲခြင်း စသည့် ချမ်းသာဆင်းရဲတို့ကို လောကတွင် ကြည့်ရှုပါ၊ ရှေ့ဘဝ အကြောင်းကို ဘာ့ကြောင့် တွေးတောသိရှိခြင်း မပြုပါသလဲ၊ ဥပမာ—ဆေးသွား မဟုတ်သူနှင့် ဆေးဆရာ တယောက်အား ရောဂါဖြစ်လာခဲ့သော်, ဆေးဆရာသည် ရောဂါ၏ အကြောင်းနိဒါန်းကိုသိ၍ သာမန်လူမှုကား မသိပေ၊ အကြောင်းသော်ကား, ဆေးဆရာသည် ဆေးပညာကို သင်ထား၏၊ လူသာမန်ကား မသင်ယူခဲ့ပေ၊ ထို့သော်, အဖျား စသော ရောဂါဖြစ်လာခဲ့သော်၊ ဆေးသွား မဟုတ်သူလည်း၊ တဂုံတရာ အစားအစာ ဥတုရာသီစသည် ဖေါက်ပြန်မှုကြောင့် ဖျားသည်ဟုသိ၏၊ ထိုနည်းအတူ လောကကြီး၌ ဆန်းကြယ်သော ဆင်းရဲချမ်းသာစသည့် ဆုတ်ယုတ်မှု တိုးတတ်မှုတို့ကို ကြည့်ပြီး၊ ရှေ့ဘဝ၏ အဖြစ်အပျက် အခြေအနေကိုလည်း၊ အနုမာနနည်းဖြင့် ဘာ့ကြောင့် သိအောင် မပြုပါသလဲ ? အကယ်၍ ရှေ့ဘဝကို မယုံကြည်ပါဘူး ဆိုပြန်လျှင် ဘုရားသည် မျက်နှာလိုက်ရာ ရောက်ပါသည်၊ အကြောင်းကား မကောင်းမှု မရှိဘဲနှင့် ဆင်းရဲခြင်း စသော ဒုက္ခ၊ ရှေ့က ဆည်းပူးခဲ့သော ကုသိုလ်မရှိဘဲနှင့် ရိုင်းရိုးခြင်း ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း၊ ရင်းမြင် အသိဉာဏ်ကင်းမဲ့ခြင်း အကျိုးကို ဘာ့ကြောင့် ပေးသလဲ ? ထို့ပြင် ရှေ့ဘဝက ပြုခဲ့သော ကုသိုလ် အကုသိုလ်အား လျော်စွာ ဆင်းရဲ ချမ်းသာကို ပေးခြင်းကြောင့် ဘုရားသည် စည်းကမ်းတကျ တရားမျှတစွာ ပြုသူအဖြစ် ရှိနေတော်မူ၏၊

အမေး ။ ။ တဘဝတည်း ဖြစ်လျှင်လည်း ဘုရားသည် တရားသဖြင့် စီရင်သူတပါး ဖြစ်နိုင်သည်၊ ဥပမာ — အားလုံးတို့ထက် သာလွန် မြင့်မြတ်သော မင်းမိုးရာဇာတို့၊ ပြုပြင်သမျှ တရားသည်သာဖြစ်၏၊ တနည်း ဥပမာမှာ ဥယျာဉ်မှူးသည် မိမိ၏ ဥယျာဉ်တွင် သစ်ပင် အကြီးအငယ်ကို စိုက်ပျိုး၏၊ တချို့ကို ဖုတ်နှုတ်ပစ်၏၊ တချို့ကိုကား ပြုစုစောင့်ရှောက်၏၊ ပိုင်ရှင်

သည့် ဝိဝိုင် အရာဝတ္ထုတို့ကို၊ အလိုရှိသလို ပြုနိုင်သည်၊ သူ့အပေါ်က တရားစီရင်၍ အပြစ်ဒဏ် ပေးမည့်သူ အခြား တစုံတယောက် မရှိချေ။ ဘုရားသည် တစုံတယောက်ကို ကြောက်စရာမလို။

အဖြေ ။ဘုရားသည် တရားသဖြင့် ပြုသင့် ပြုထိုက် သည့်ကို ပြု၏။ မတရား ဘယ်တော့မှ မပြု သောကြောင့် ပူဇော် အသုံးကို ခံထိုက်၍ ကြီးမြတ်တော်မူ၏။ တရားနှင့် ဆန့်ကျင်ဘက်ပြုသူကား ဘုရားမဟုတ်ပေ။ ဥပမာ—ဥယျာဉ်မှူးသည် စည်းကမ်းမဲ့ လူသွားလမ်းတွင်၎င်း နေရာမဟုတ်သော နေရာဌာနတွင်၎င်း သစ်ပင် စိုက်ခြင်း၊ မရုတ်ဖြတ်ထိုက် သည့်ကို ရုတ်ဖြတ်ခြင်း၊ မပြုရထိုက်သည့်ကို ပြုရကြီးပြင်းစေခြင်း၊ ပြုရထိုက်သည့်ကို မပြုရခြင်းကြောင့် အပြစ် ရှိသလိုပင်၊ အကြောင်း မဟုတ်ဘဲ ပြုမည် ဆိုက၊ ဘုရားအပြစ် ဖြစ်ပေလိမ့်မည်။ ဘုရားသည် တရား သဖြင့် ပြုတော်မူရ ပေလိမ့်မည်။ အကြောင်းကား, ထိုဘုရားသည်၊ ပင်ကိုယ်သဘော အားဖြင့် ပြုစင်၍ တရား သဖြင့်ပြုသူဖြစ်၏။ အကယ်၍သာ အရူးကဲ့သို့ အလုပ် လုပ်မည် ဆိုပါက၊ လောကလူ့ဘောင်၌ ဂုဏ်ရှိသော တရားသူကြီး ထက်လည်း သေးနုတ် ဂုဏ်ယုတ်သွားရာသည်။ လူ့လောကတွင် ထိုက်တန် ကောင်းမြတ်သော အမှုကို မပြုဘဲ နှင့် ဂုဏ် အကျော်အစော ပေးအပ်သူနှင့် ဆိုးသောအမှုကို မပြုဘဲနှင့် အပြစ်ပေးသောသူသည် အကဲ့ရဲ့ မခံရဘူးလား? သို့ဖြစ်သော ကြောင့် ဘုရားသခင်သည် မတရားမလုပ်ပေ။ မတရားအမှု မပြုသောကြောင့်လည်း မည်သူ့ကိုမျှ မကြောက်ပေ။

အမေး ။ဘုရားသည် ပထမအစကပင်၊ သတ္တဝါတဦးဦးအား ပေးရန် စိတ်ကူးထား သလောက် ပေး၏။ ပြုလိုသလောက် ပြုတော်မူ၏။

အဖြေ ။ထိုသို့ စဉ်းစားခြင်းကိုကား၊ သတ္တဝါတို့၏ ကံအားလျော်စွာ ပြုတော်မူသည်။ ထိုသို့မစဉ်းစားဘဲပြုပါက၊ ဘုရားကိုယ်တိုင် အပြစ်ရှိသူ၊ မတရားသူဖြစ်ရာသည်။

အမေး။ ။လူဆင်းရဲ လူချမ်းသာတို့မှာ၊ ချမ်းသာ ဆင်းရဲ အတူတူပင် ဖြစ်သည်။ လူချမ်းသာတို့မှာ၊ အကြောင့်ကြကြီး၍ လူဆင်းရဲတို့မှာ အကြောင့်ကြ နည်းသည်။ ဥပမာ– ကုန်သည်ကြီး တယောက်အား၊ ရုံးတော်မှာ ငွေထသိန်း-အမှုအခင်း ဖြစ်နေ၏။ ထိုသူသည် ပုဖြင်းသော ခွေးရာသီတွင် ထမ်းစင်တွင် ထိုင်လျက် ရုံးသို့သွား၏၊ ဈေးတန်းကို ဖြတ်သွား သည်ကို မြင်သော ညာဏ်ပညာကင်းမဲ့သူ လူအပေါင်းတို့က၊ "ကြည့်ကြပါ! ကုသိုလ် အကုသိုလ် အကျိုးကို !! တဦးကား ချမ်းသာစွာထမ်းစင်တွင် ထိုင်နေ၏၊ အခြားသူတို့ကား၊ ဘိနှစ်မစီးဘဲ နေပူကြီး ကြဲကြဲတွင် အောက်ရော အသက်ပါ အပူခံပြီး ထမ်းစင်ကို ထမ်းသွားနေကြ၏။ သို့သော်၊ ပညာရှိတို့ အသိအားဖြင့်ကား၊ ရုံးတော် နီးသာ သလောက် ကုန်သည်ကြီးအား အပိုးရိမ်လည်းကြီးမားလာ၏။ထမ်းသူတို့ကား၊ဝမ်းသာလာကြ၏။ ရုံးတော်သို့ ရောက်သောအခါ ကုန်သည်ကြီးမှာ၊ ရွှေနေဆီသွားရမလား ငွေမျိုးတို့ဆီ သွားရမလားဟု ဟိုတိုဒီဒီသွားရန် စိတ်ကူး၏၊ ယနေ့ ရှုံးမလား၊ နိုင်မလား၊ဘယ်လိုဖြစ်မည် မသိ စသည်ဖြင့် တွေးရာလေးပါးကို တွေးတောပိုးရိမ်လာ၏။ အထမ်းသွားတို့ကား၊ ဆေးလိပ်သောက်ခါ ရယ်မောပြောဆိုလျက်၊ အိပ်ပျော်သွားကြ၏။ တရားနိုင်သော်၊ သူဌေးမှာ အနည်းငယ် စိတ်ချမ်းသာမည် ဖြစ်သော်လည်း၊ တရားရှုံးခဲ့မူ၊ ၎င်းလူချမ်းသာကြီးမှာ၊ ဒုက္ခဆင်းရဲ တည်းဟူသော သမုဒ္ဒရာရေပြင်တွင် နစ်မြုပ်သွားရပေမည်။ အထမ်းသမားတို့မှာကား၊ ရှေးနည်းအတိုင်းပင် ရှိနေကြ၏။ ၎င်းနည်းအတိုင်းပင် ရှင်ဘုရင်သည် ဖွာပန်းညွှံသော ကော်ဇော(အခင်း)ပေါ်တွင် အိပ်သော်လည်း၊ အိပ်မပျော်နိုင်၊ အလုပ်ကြမ်းလုပ်သူ ကူလီတို့သည်ကား ကျွန်းကမ္ဘာဝင်ကျောက်ခဲ၊ မြေကြီးမညီမညွတ်သော နေရာမှာ အိပ်သော်လည်း ချက်ခြင်းပင် အိပ်ပျော်သွား၏။ ၎င်းနည်းအတိုင်းပင် မှတ်သားစေလိုပါသည်။

အဖြေ။ ။၎င်းအယူအဆကား၊ ညာဏ်နဲ့သူတို့ အယူသာဖြစ်သည်။ သူဌေးတယောက်အား "သင်သည် အထမ်းသမား ကူလီဖြစ်သွားပါ။

ကူလီအထမ်းသမားအား သင်သည် သူဌေးဖြစ်သွားပါ”–ဟု ဆိုလျှင် သူဌေးသည် ဘယ်တော့မှ ကူလီဖြစ်လိုမည် မဟုတ်။ ကူလီကား သူဌေးဖြစ်လိုသည်။ အကယ်၍သာ ချမ်းသာနှင့် ဆင်းရဲ တူမျှနမည် ဆိုပါက၊ မိမိတို့၏အဖြစ် အခြေအနေကို စွန့်၍ အနိမ့်အမြင့် ပြောင်းလွဲ ဖြစ်လိုကြမည် မဟုတ်ပေ။ ကြည့်ပါ ! သတ္တဝါတဦးသည် ပညာ၊ သီလရှိ၍၊ ကြက်သရေ အပေါင်းနှင့် ပြည့်စုံသော ဘုရင်၏ မိဖုယား ဝမ်းတိုက်တွင် ပဋိသန္ဓေနေ၏။ အခြားတဦးသည်ကား၊ အလွန်ဆင်းရဲသော မြက်ထမ်းရောင်းစားသူ မိန်းမ၏ဝမ်းတွင် ပဋိသန္ဓေ တည်နေ၏။ တဦးကား အမိဝမ်းတွင်းက အစပြု၍ အမြဲချမ်းသာမှုကို ရခဲ့၏၊ အခြားတဦးကား အရာရာတွင် ဆင်းရဲမှုကို ရရှိခံစား လာခဲ့ရ၏။ မွေးဖွားလာပြန်သော အခါတွင်လည်း၊ အမွှေးနံ့ တို့ဖြင့် ထုံအပ်သော ရေစင်ဖြင့် ရေချိုးခြင်း၊ နည်းနာအရ ချက်ကြိုးဖြတ်ခြင်း၊ နို့တိုက်ခြင်းစသည် သင့်တော်သော နည်း နာဖြင့်ပြု၏၊ နို့ဆာသောခါ နို့တွင် သကြား ကျောက် စသည် နှော၍ လုံလောက်အောင် ရှိရ၏၊ ထိုခလေး၏ ချမ်းသာ ရွှင်ပြရေးအတွက်၊ အစေအပါး ကစားစရာ၊ စီးစရာယာဉ် တွေနှင့် ကျောက်ပတ် ထင့်အပ်သော နေရာတွင် အလိုလိုက်ခါ မွေးမြူခြင်းကြောင့် ရွှင်ပျော်ဝမ်းမြောက်စွာနှင့် နေရ၏။ အခြား တဦးကား ချိုးရန်ရေပင်မရှိသော တောထဲတွင် မွေးဖွားလာ ရ၏၊ နို့စို့လို၍ ငိုလျှင် နို့အစား လက်သီး လက်ဝါးဖြင့် ရိုက်ပုတ်ခြင်းကို ခံရရှာ၏။ အထူး သနားဘွယ်ကောင်းအောင် ငိုကြွေးပါသော်လည်း ဘသူမှ မမေးမစမ်း။ သတ္တဝါတို့အား ကုသိုလ် အကုသိုလ် မရှိဘဲ ချမ်းသာဆင်းရဲ ဖြစ်ခဲ့လျှင် ဘုရားအပေါ်မှာ အပြစ်ဖြစ်သည်။ သည့်ပြင် တချက်မှာလည်း၊ ကံမပြုဘဲနှင့် ဆင်းရဲချမ်းသာကို ရမည်ဆိုက၊ ငရဲပြည် နတ်ပြည်လည်း မရှိသင့်။ အကြောင်းကား၊ ဘုရားသည် ယခု ဘဝမှာလည်း ကံထရေးမရှိဘဲ ချမ်းသာဆင်းရဲကို ပေးမည် ဆိုလျှင်၊ ထမလွန်ဘဝမှာလည်း ထင်သလို နတ်ပြည်ငရဲပြည် သို့ ပို့ပေလိမ့်မည်။ သည့်အတိုင်းဆိုလျှင် သတ္တဝါအားလုံး

မတရားသူတွေ ဖြစ်သွားပေလိမ့်မည်။ ယခုကြောင့်ဆိုသော်၊ တရားကိုကျင့်ခြင်း၏ အကျိုးအာနိသံကိုရရန် ယုံမှားသံသယ ရှိသောကြောင့်ပေတည်း။ ဘုရား ထင်သလို ပြုမှားဘဲဆိုပြီး၊ မကောင်းမှုကိုပြုရန် မကြောက်ရွံ့တော့ဘဲ၊ ထင်တိုင်း ပြုကြ မည်ဆိုက၊ လောကတွင် မကောင်းမှု တိုးတက်ခါ၊ ကောင်းမှု တွေ ဆုတ်ယုတ်သွားပေလိမ့်မည်။ ထို့ကြောင့် ရှေ့ဘဝက ပြုခဲ့သော ကောင်းမှု မကောင်းမှု အားလျော်စွာ ယခုဘဝ ယခုဘဝ -ဝါ- ရှေ့ဖြစ်သောဘဝ၏ ကံအားလျော်စွာ အနာ ဂတ်ဘဝ ဖြစ်ကုန်၏။

အမေး။ ။လူနှင့် အခြားတိရစ္ဆာန်တို့၏ ခန္ဓာ၌ ဇီဝ = ဝိညာဏ်သည်၊ တမျိုးတည်းလော၊ တခြားတမျိုးစီလော?

အဖြေ။ ။ဝိညာဏ်ကား တမျိုးတည်းသာဖြစ်သည်၊ သို့သော်၊ ကောင်းမှု မကောင်းမှု အားလျော်စွာ ညစ်ညူးခြင်း ဖြူစင်ခြင်းဖြစ်လေ သည်။

အမေး။ ။လူ၏ဝိညာဏ် တိရစ္ဆာန်မှာ၊ တိရစ္ဆာန်၏ဝိညာဏ် လူ၏ကိုယ် မှာ၊ မိန်းမ၏ဝိညာဏ် ယောကျ်ားမှာ၊ ယောကျ်ား၏ဝိညာဏ် မိန်းမကိုယ်မှာ သွားရောက်သည်၊ မသွားရောက်?

အဖြေ။ ။သွားလာပါသည်။ အကြောင်းကား မကောင်းကံ အားကြီး၍ ကောင်းမှု အားနည်းသောအခါ၊ လူ၏ဝိညာဏ်သည် တိရစ္ဆာန် စသော ယုတ်ညံ့သော ကိုယ်၌ရှင်း၊ မကောင်းကံ နည်း၍ ကောင်းမှု အားကြီးသော အခါ၊ ဒေဝ (=နတ်) သို့မဟုတ် သူတော်ကောင်း ပညာရှိတို့ကိုယ်ကို ရလေသည်။ ကောင်းမှု နှင့် မကောင်းမှု တူမျှသောအခါ သာမန်လူဘဝကိုရလေသည်။ ဤသို့ရရာ၌လည်း၊ ကောင်းမှု မကောင်းမှု၏ အယုတ်၊ အလတ်၊ အမြတ်သုံးပါး အားလျော်စွာ၊ လူတို့တွင်လည်း အယုတ်၊ အလတ်၊ အမြတ်ကိုယ်အင် ရှိသူများ ဖြစ်ကုန်သည်။ များသော မကောင်းကံ၏ အကျိုးကို တိရစ္ဆာန် စသောဘဝတို့၌ ခံစား ပြီးနောက်၊ ထူသိုက်ကံ၊ အကုသိုလ်ကံ ထပ်းတူ ဖြစ်လာ

သောအခါ လူ့ဘဝ ရလာ ပြန်သည်။ ထို့ပြင် ကုသိုလ်ကံ အကျိုးကို ခံစားပြီးနောက်၊ အလယ်အလတ်စား လူ့ဘဝသို့ ရောက်ပြန်လေသည်။ ခန္ဓာမှ ထွက်သွားခြင်းကိုပင် သေခြင်း (=မရဏ) ခေါ်၍ ခန္ဓာကိုယ်နှင့် ပေါင်းယှဉ်ခြင်းကို ဖွားခြင်း (=ဇာတိ) ဟုခေါ်ကြသည်။ ခန္ဓာကိုစွန့်ချိန်တွင် ယမာလယ (=ယမမင်း၏အိမ်), တနည်း၊ အာကာသ ကောင်းကင်ပြင်၌ လေထု၌ နေသည်။ အကြောင်းမှာ၊ "ယမေန ဝါယုနာ" = ယမအမည်ကား "လေ"–ဟု ဝေဒတွင်ဆိုထားသည်။ ဂရုဍ ပုရာဏ်ကျမ်းတွင် အထင်အားဖြင့် ပြဆိုရေးသား ထားသော "ယမ" (=သေမင်း) မျိုးကား မဟုတ်ချေ။ ဤအချက်နှင့်ပတ်သက်၍ အထူးပယ်ခြင်း၊ လက်ခံခြင်းကို အခဏ်း–၁၁–တွင် ပြပေအံ့။ ထို့မှနောက် "ဓမ္မရာဇ" –ဝါ– ပရမိဿရ ဘုရားသည်၊ ထိုသတ္တဝါ၏ ကုသိုလ်ကံ အကုသိုလ်ကံ အားလျော်စွာ ဘဝကို ပေးတော်မူ၏။ ၎င်းသည် လေ၊ အစာအာဟာရ၊ ရေ တနည်း ကိုယ်၏ အပေါက်ဖြင့် အခြားသူတို့ ခန္ဓာကိုယ် အတွင်းသို့ ဘုရား၏ စေ့ဆော်မှုဖြင့် ဝင်ရောက်၏။ ဝင်ပြီးနောက်၊ အစဉ်အတိုင်း သုက်သွေးသို့ ရောက်၍ ပဋိသန္ဓေယူခါ၊ ခန္ဓာကိုယ်ကို ဆောင်ယူ၍ ပြင်သို့ထွက်လာ (ဖွားလာ) သည်။ မိန်းမဖြစ်ထိုက်သော ကံရှိလျှင် မိန်းမကိုယ်၊ ယောကျ်ားဖြစ်ထိုက်သော ကံရှိလျှင် ယောကျ်ားကိုယ်မှာ ဝင်ရောက်သည်။ ပဋိသန္ဓေတည်သောခဏ၌ ယောကျ်ားနှင့် မိန်းမ၏ သုက်–နှင့်သွေး ဆတူဖြစ်နေလျှင် နပုံးဖြစ်သည်။ ဤနည်းဖြင့် အထူးထူးအပြားပြားသော ဇာတိ မရဏ တရား၌ သတ္တဝါတို့သည် ကျင်လည်ခံစားနေကြရ၍၊ မြင့်မြတ်သော အကျင့်တရားကို ကျင့်ကြံ ဉာဏ်အမြင်ရခါ မိရုတ္တိကိုမရသေးသရွေ့ ကာလပတ်လုံး ဤနည်းအတိုင်းပင် ကျင်လည် နေကြရလေသည်။ မြတ်သော အကျင့်ကို ကျင့်ခြင်းကြောင့် လူတို့တွင် မြတ်သော ဘဝကိုရ၍ မိရုတ္တိ၌ မဟာကပ် အဆုံးထိ၊ ဇာတိ မရဏ တည်းဟူသော ဆင်းရဲဒုက္ခတို့မှ ကင်းလွတ်သည်ဖြစ်၍ ချမ်းသာသုခကို ခံစားစံစားနေရ၏။

အမေး။ ။ပိမုတ္တိကို ထာဝတည်းနှင့် ရသလား၊ သို့မဟုတ် ဘဝပေါင်း များစွာ ကြာမှရသလား ?

အဖြေ။ ။ဘဝပေါင်းများစွာ ကြာပြီးမှ၊ အကြောင်းကိုဆိုရသော်—

ဘိဈတေ ဟြဒယ ဂြန္ထိ ဆိဒျန္တေ သဗ်ဗသံသယား၊ ကျီယန္တေ စာသျ
ကမ်မာဏိ တသ္မိန် ဒြိဿေ ပရာအဝရေ။
(မုဏ္ဍက· ၂၊ ခံ· ၂၊ မံ· ၈)။

ဤသတ္တဝါ၏ စိတ်နှလုံးတွင် ဖြစ်ပွားသော အဝိဇ္ဇာ တည်းဟူသော အနှောင်အဖွဲ့ ပြတ်သွား၍ အားလုံးသော သံသယ ကုန်ကြုံ၍ ဖြတ်စဲပြီးလျှင် မကောင်းမှုများ ကုန်ခန်းသွားသောအခါ၌ သာလျှင်၊ မိမိ၏ အတွင်း-အတွင်း အပြင်၌ ပြန့်နှံ့နေသော ထာဝရဘုရား၌ နေရ၏။

အမေး။ ။ပိမုတ္တိ၌ ထာဝရဘုရား၏ (ဝိဉာဏ်တွင်) အသက် ဇီဝသည် ရောနှောနေသလား၊ သို့မဟုတ် သီးခြားနေပါသလား ?

အဖြေ။ ။သီးခြားနေပါသည်၊ အကြောင်းကား၊ အကယ်တန့် ရော နှောသွားမည် ဆိုပါက၊ ပိမုတ္တိ၏ အရသာကို ဘယ်သူ ခံစား တော့မလဲ၊ ပိမုတ္တိ၏နည်းနာ အဖြာဖြာတို့သည်လည်း အချည်း နှီး ဖြစ်သွားရာသည်၊ သည့်ပြင် ပိမုတ္တိ မဟုတ်တော့ဘဲ၊ အသက်မီးလောင် (ကမ္ဘာမီးလောင်) သလို ကျသွားပါ လိမ့်မည်။ သတ္တဝါသည် ဘုရားသခင်၏ အာဏာတော်ကို လိုက်နာခြင်း၊ ကောင်းမှုပြုခြင်း၊ သူတော်ကောင်းနှင့် ပေါင်း သင်းဆက်ဆံခြင်း၊ ယောဂအကျင့်စသော အသက်တွင် ဖြစ်သော အကျင့်တရားတို့ကို ကျင့်ကြံခြင်း ပြုမှသာ၊ ပိမုတ္တိကို ရနိုင်သည်။

သတျံ ဉာန မနန္တံ ဗြဟ္မ ယော ဝေဒ နိဟိတံ ဂုဟာယာံ ပရမေ ဗျောမာန်၊ သောသ္နုတေ သဗ်ဗာန် ကာမန် သဟ ဗြဟ္မဏာ ဝိပဆိုတေတိ။ (တဲတ္တိရိ၊ အာနန္ဒဝလ္လိ၊ အနု· ၁)။

အကြွင်းသက်ရှိ သတ္တဝါသည် မိမိ၏ အသိဉာဏ် (ဗုဒ္ဓိ) နှင့် အတွင်း တည်ရှိသော မှန်သောဉာဏ်နှင့် အဆုံးမရှိသော ချမ်းသာသုခနှင့် ပြည့်စုံ

သော ဘုရားကို သိ၏, ထိုသတ္တဝါသည် ထိုမြိန့်နှံ့နေသော ဖြပ္ပ (ဗိညာဏ်တော်)၌ တည်သည်ဖြစ်၍ ထိုအဆုံးမရှိသော ပညာနှင့်ယှဉ်သော ဖြပ္ပနှင့်အတူ အားလုံးသော ချမ်းသာသုခတို့ကို ရ၏။ တနည်း ဆိုရသော်, အလိုရှိသော ချမ်းသာစည်းစိမ်ကို ရယူခံစားရ၏။ ဤသည်ကိုပင် မုတ္တိဟု ခေါ်၏။

အမေး။ ။ခန္ဓာကိုယ် မရှိဘဲနှင့် လောကသံသရာ၏ ချမ်းသာကို မခံစားနိုင်သလို ဗိမုတ္တိ၌ ခန္ဓာကိုယ် မရှိဘဲနှင့် ချမ်းသာကို ဘယ်လို ခံစားနိုင်မလဲ ?

အဖြေ။ ။ဤပြဿနာ၏ အဖြေကို အထက်တွင် ရေးခဲ့ပါပြီ၊ ဒိဗြင် နည်းနည်း နားထောင်ပါဦး—လောကီချမ်းသာကို ခန္ဓာကိုယ်ကိုမှီ၍ ခံစားရသလိုပင်၊ ဗိမုတ္တိ-သုခကိုလည်း ဘုရားသခင်ကိုမှီ၍ ခံစားရပါသည်။ ထိုသံသရာမှ ထွက်မြောက်ပြီးသော အသက်ဗိညာဏ်သည်၊ အဆုံးမရှိ မြိန့်နှံ့၍ဘည်သော ဘုရားသခင်၌ ထင်သလို သွားလာလှည့်လည်၏၊ စင်ကြယ်သော ဉာဏ်ဖြင့်၊ ဤလောကကြီးကို ကြည့်၏၊ အခြားသော အသက်ဗိညာဏ်တို့နှင့် တွေ့ဆုံ၏။ ကမ္ဘာဖန်ဆင်း ဖြစ်ပေါ်နေပုံတို့ကို အစဉ်အတိုင်း ကြည့်လျက်၊ အားလုံးသော လောက, လောကန္တရတို့သို့ လှည့်လည်ခါ၊ မိမိ၏ အသိဉာဏ် ရှေ့မှောက် ရောက်လာသော အရာဝတ္ထု ဟူသမျှကို ကြည့်၏။ အသိဉာဏ် ကျယ်ဝန်း တိုးတက် လာသလောက်ပင်၊ ချမ်းသာလည်း တိုးတက် ခံစားရ၏။ ဗိမုတ္တိ၌ အသက်ဗိညာဏ်သည်၊ သန့်ရှင်း စင်ကြယ်သောကြောင့်၊ အသိဉာဏ် ပြည့်စုံ၍ အနီးအပါးရှိ အရာဝတ္ထုတို့ကို၊ ဟုတ်တိုင်းမှန်ရာ သိ၏။ ဤချမ်းသာ အထူးကိုပင်၊ နတ်မြည်ဟူ၍၎င်း၊ တဏှာအာရုံတို့၌ ကပ်ငြိ၍ ဆင်းရဲ အထူးကို ခံစားရခြင်းကိုပင် ငရဲဟူ၍၎င်း ခေါ်ဝေါ် ကြ၏။ “သွား” သည် သုခ၏ အမည်ဖြစ်၏။ “သွားသုခံ ဂစ္ဆတိ ယတ္ထိန် သသွဂ်း” “အတော ဝိပရီတော ဒုခ ဘောဂေါ နရက ဣတိ”။ လောက၌ ရအပ်သော ချမ်းသာသည် သာမန် နတ်ပြည်ဖြစ်၍ ဘုရားကိုရ၍ ဖြစ်ပေါ်လာသော ချမ်းသာသည်

နတ်ပြည် အဝေးဖြစ်၍၊ သတ္တဝါ အားလုံးပင် ချမ်းသာကို လိုလား၍ ဒုက္ခဆင်းရဲကို မလိုသားကြချေ၊ သို့သော် မတရားကိုပယ်၍ တရားကို မကျင့်နိုင်သဖြင့် ကာလပတ်လုံး၊ ချမ်းသာကို မရနိုင်၊ ဆင်းရဲမှ မလွတ်နိုင်ရာ၊ အကြောင်းကား — ရေသောက်မြစ်သည် ဘယ်တော့မှ မပြတ်နိုင်၊ ဥပမာ—

ဆိန္နေမူလေ ဖြိကျော နသုတိ တထာ ပါပေကျွီတော ဒုးခံ နသုတိ၊ အမြစ်ပြတ်သွားခြင်းကြောင့် သစ်ပင် သေသွားဘိသကဲ့သို့၊ မကောင်းမှု ကင်းစင်သွားခြင်းကြောင့် ဆင်းရဲကင်းစင်သွား၏၊ ကောင်းမှု မကောင်းမှု၏ ဂတိအမျိုးမျိုးကို မနုသမုဘိကျမ်းမှာကြည့်ပါ—

မာနုသံ မနုသဲဝါယ မုပဘုင်တွေ့ သုဘာသုဘာမ်၊ ဝါစာ ဝါစာ ကြိတံ ကမ်ကာယေနဲ့ဝစ ကာ:ယိကာမ်၊၁၊

သရိရဇ်း ကမ်ဒေါသဲ ယိ်ာတိ ဿာဝရတာံ နရး၊ ဝါဗိကဲး ပက္ခိ မြိဂတာံ မာနသဲရ န္တိ့် ဇာတိတာမ်၊၂၊

ယော ယဒေသာံ ဂုဏော ဒေဟေ သာကလျေနာတိ ရိစ္ဆတော၊ သတာဒါ တန် ဂုဏပြာယံတံ ကရောတိ သမိုရိဏာမ်၊၃၊

သတ္တံ ဉာနံ တမောဉာနံ ရာဂသောံ ရဇးသမြိတာမ်၊ ဇတေဒ်ချာတ္တို မဒေတောသာံ သဗ်ဘုတာဩတ် ဝပုး၊၄၊

တတြ ယတ်ပြိတိသံယုတ္တံ ကိမ္ဓိဒါတ္တုနိ လက္ခယေတ်၊ ပြသာန္တံ မိဝသုဒ္ဓါဘံ သတ္တံ တဒုပမာရယေတ်၊၅၊

ယတ္တု ဒုးခ သမာယုက္တမပြိတိကရမာတ္တနး တဖြာဓောပြတိပံ ဝိဒျာတ် သတတံ ဟာရိ ဒေဟိနာမ်၊၆၊

ယတ္တု သျာနမောဟာ သံယုက္တမဗျက္တံ ဝိသယာတ္တကမ်၊အပြိတကျံ မဝိဒ္ဒေယံ တမဿုဒုပမာရယေတ်၊၇၊

ဝြေယာ ဏာမဝိ စဲတေသာံ ဂုဏာနာံ ယး ဖလောဒယး၊ အဂြျရော မဓ္ဓေါ ဇဃနျသ္စ တံ ပြဝက္ချာမျသေသတး၊၈၊

ဝေဒါဘျာသသ္တပေါဉာနံ သောံစမိန္ဒြိယ နိဂြဟး၊ ဓမ်ကြိယာတ္တ စိန္တာ စ သာတ္တိကံ ဂုဏလက္ခဏမ်၊၉၊

အာရမ္ဘရုစိတာ ဓဲယျံမသတ္ကာယျပရိဂြဟား ဝိသယော ပသေ
ဝါစာ ဇသြံ ရာဇသံ ဂုဏလက္ခဏမ်။ ၁၀။

လောဘား သွပ္နော ဓြိတိး ကြော်ယံ နာသ္တိကျံ ဘိန္နဝြိတ္တိတာ၊
ယာစိဿုတာ ပြမာဒသ္စ တာမသံ ဂုဏလက္ခဏမ်။ ၁၁။

ယတ်ကမ် ကြိတွာ ကုဝ်ံသ္စ ကရိသျံသ္စဝ လဇ္ဇတိ၊ တဇ္ဇေယံ
ဝိဒုသာ သဗ် တာမသံ ဂုဏလက္ခဏမ်။ ၁၂။

ယေနာသ္မိန်ကမ်ဏာ လောကေ ချာတိမိစ္ဆတိ ပုသ္ကလာမ်၊ နစ
သောစတျသမ္ပတ္တော် တဒွိဇ္ဇေယံတု ရာဇသမ်။ ၁၃။

ယတ်သဗ်ေဏေစ္ဆတိ ဉာတုံ ယန္န လဇ္ဇတိ စာစရန်၊ ယေန တုသျ
တိ စာတ္မာသျ တတ်သတွ ဂုဏလက္ခဏမ်။ ၁၄။

တမသော လက္ခဏမ် ကာမော ရဇသတွတ္ထ ဥစျတေ၊ သတွ
သျ လက္ခဏမ် ဓမ်း ြသဲ့သျမေသာံ ယထောတ္တရမ်။ ၁၅။

(မနူ၊အ-၁၂။ဂါထာ-၈၊၉၊၂၅-၃၃၊၃၅-၃၈။)

အနက်သော်ကား– လူသည် ဤနည်းဖြင့် မိမိ၏ အမြတ်၊ အလတ်၊ အယုတ်ဖြစ်သော သဘောတရားကို သိသည်ဖြစ်၍ အမြတ် ဖြစ်သော သဘောတရားကိုယူ၍၊ အလတ်နှင့်အယုတ်ကိုပယ်ရာသည်။ ဤသတ္တဝါသည် စိတ်ဖြင့် ကောင်းမှု မကောင်းမှုကိုပြု၏၊ ထိုသူအား စိတ်နှုတ်ဖြင့် ပြုအပ်သော အကျိုးကို နှုတ်ဖြင့်၊ ကိုယ်ဖြင့်ပြုအပ်သော အကျိုးကိုကိုယ်ဖြင့်၊ ဆင်းရဲချမ်းသာကိုခံစားရ၏။ ၁။

အကြွင် ယောကျ်ားသည် (လူသည်) ကိုယ်ဖြင့်ခိုးခြင်း၊ သူတပါး၏ မယားကို ပြစ်မှားခြင်း၊ သူတော်ကောင်းတို့အား သတ်ဖြတ် ညှဉ်းဆဲခြင်း စသော မကောင်းမှုတို့ကိုပြု၏၊ ထိုသူအား သစ်ပင်စသော သက်မဲ့ဘဝတို့ကို ရရှိခံစားရ၏။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှုကြောင့် ငှက်၊ သားသမင် စသည်၊ စိတ်ဖြင့်ပြုအပ်သော မကောင်းမှုကြောင့် နွန်းစဏ္ဍား စသော ဘဝကို ရရှိခံစားရ၏။ ၂။

ဓမ္မာကိုယ်၌ အကြွင်ဂုဏ်တို့သည် အထူးတိုးပွားဖြစ်ပေါ်၏၊ ထိုဂုဏ်သည်ပင် ဤသတ္တဝါကို မိမိကဲ့သို့ ဖြစ်စေ၏။ ၃။

အတ္တပိညာဏ်၌ အသိညာဏ်ဖြစ်ပေါ်သောအခါ၊ သတောဂုဏ်၊ အသိညာဏ်ကင်းမဲ့သောအခါ တမောဂုဏ်၊ ရာဂဒေါသ ဖြစ်သောအခါ ရဇောဂုဏ်ဟု သိအပ်၏။ ဤသုံးပါးသောဂုဏ်တို့သည်၊ လောကရှိ အရာဝတ္ထုဟူသမျှ၌ တည်ရှိနေလေသည်။ ၄။

အတ္တပိညာဏ်၌ ဝိဘိသောမနုဿ စိတ်သည် ကြည်လင် ချယ်ဝန်းသော သမုဒ္ဒရာ သဘွယ် စင်ကြယ်သော သဘောတရားနှင့် ယှဉ်၍ ဖြစ်သော အခါ သတောဂုဏ် ပဓာနဖြစ်၏၊ ရဇောဂုဏ်နှင့် တမောဂုဏ်သည် ပဓာနမဟုတ်ဟု ဝေဘန်သိရှိအပ်၏။ ၅။

အတ္တပိညာဏ်နှင့်စိတ်သည်၊ ဆင်းရဲနှင့်ယှဉ်၍ မကြည်မသာ၊ ကာမအာရုံတို့၌ ဟိုဟိုဒီဒီ ပျံ့လွင့်နေသောအခါ ရဇောဂုဏ်သည် ပဓာနဖြစ်၏၊ သတောဂုဏ်နှင့် တမောဂုဏ်တို့ကား၊ ပဓာနမဟုတ်ဟုမှတ်သင့်၏။ ၆။

မောဟ (ဝါ) လောကအရာဝတ္ထုတို့၌ ကပ်ငြိသောအတ္တနှင့် စိတ်ရှိနေသောအခါပင်း၊ အတ္တနှင့်စိတ်တွင်ဝေဘန်တတ်သော ညာဏ်မရှိဘဲ၊ အာရုံတရားတို့၌ ကပ်ငြိခါ၊ မစဉ်းစား မဆင်ခြင်တတ်သောအခါ၌ပင်း၊ တမောဂုဏ် ပဓာနဖြစ်၏၊ သတောနှင့်ရဇောဂုဏ်ကား ပဓာနမဟုတ်။ ၇။

ယခု ဤဂုဏ်သုံးပါး တို့ကြောင့် အယုတ်၊ အလတ်၊ အမြတ်သုံးပါး အပြားရှိသော အကျိုးတရားတို့ ဖြစ်ပေါ်ပုံသဘောကို ပြပေအံ့ ။ ၈။

အကြင် ဝေဒကျမ်းစာတို့ကို လေ့လာခြင်း၊ တရားကျင့်ခြင်း၊ အသိညာဏ် တိုးပွားခြင်း၊ ဖြူစင်မြင့်မြတ်လိုခြင်း၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ တရားအလုပ်နှင့် အတ္တကို ကြိုးစည်ခြင်း၊ (ဘာဝနာပွားခြင်း) တို့သည် သတောဂုဏ်၏ လက္ခဏာဖြစ်၏။ ၉။

အကြင်အခါ ရဇောဂုဏ် ဖြစ်ပေါ်လာ၍ သတောနှင့် တမောဂုဏ်တို့ ပျောက်ကွယ်သွားသောအခါ၊ အစတွင် နှစ်သက်ခြင်း၊ မငြိမ်သက်ခြင်း၊ မကောင်းသော အမှုတို့ကိုပြု၍၊ အမြဲတန်း အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားမက်မောနေ၏၊ ထိုအခါ ရဇောဂုဏ်သည် ကဲလွန်ဖြစ်ပေါ်နေသည်ဟု မှတ်သင့်၏။ ၁၀။

တမောဂုဏ် ဖြစ်ပေါ်လာ၍ အခြားဂုဏ်နှစ်ပါး ပျောက်ကွယ်နေသောအခါ လောဘလွန်ကဲ၍ အလုသိုယ် အားလုံး၏ အကြောင်းမူလ တိုးပွားလာ၍၊ အပျင်းအရှိပ် လွန်ကဲ၍၊ စိတ်ချောက်ချား၏ ရှုံ့ ရင်ကြမ်းတမ်း၏၊

နဂ္ဂိက (ဝါ) ဝေဒနှင့် ဘုရားနှင့် ယုံကြည်ခြင်း ရှိသေခြင်း ကင်းမဲ့၏၊ စိတ်၌ အာရုံအမျိုးမျိုး ဖြစ်ပေါ်၏၊ ကောင်းတာမကျ၊ အကျင့်ဆိုးတို့၌ သက်ဝင်၏။ ထိုလက္ခဏာမျိုး ဖြစ်ပေါ်လာလျှင် တမောဂုဏ်၏ လက္ခဏာဟု ပညာရှင်များ သိသင့်၏။ ၁၁။

အကြင်အခါ မိမိ၏စိတ်သည် ပြုံးပြုံးအစ်သော ကိစ္စ၌ရှက်ခြင်း၊ သံသယ ဂုဏ်ကြီးဖြစ်ခြင်း၊ ကြောက်လန့်ခြင်းဖြစ်၏၊ ထိုအခါ ငါ၌ တမောဂုဏ် လွှမ်းကဲနေသည်ဟု သိသင့်၏။ ၁၂။

အကြင်အမှုဖြင့် သတ္တဝါသည် လောက၌ အလွန်ထင်ပေါ် ကျော်စော ခြင်းကို အလိုရှိ၏၊ ဆင်းရဲသော်လည်း ချီးကျူးသိဆိုတတ်သော၊ ဂီတ ဆရာတို့အား၊ မလှူမပေးဘဲမနေ။ ထိုအခါ ငါ၌ ရဇောဂုဏ် လွှမ်းကဲနေ သည်ဟု သိအပ်၏။ ၁၃။

အကြင်အခါ လူ၏စိတ်၌ အားလုံးကို သိလိုသောဆန္ဒ ဖြစ်ပေါ်ရာ၏၊ ကောင်းသောဂုဏ်တို့ကို ခံယူရာ၏၊ ကောင်းမှုတို့ကို ပြုရာ၌ ရှက်ခြင်းမရှိ၊ စိတ်ကိုကြည်လင်စေတတ်သော ကောင်းမှုတို့၌ နှစ်သက်ခြင်း ဖြစ်ရာ၏၊ ထိုအချိန်အတန့်၌၊ ငါ၌ သတ္တောဂုဏ် လွှမ်းကဲနေသည်ဟု သိအပ်၏။ ၁၄။

တမောဂုဏ်၏ လက္ခဏာကား ကာမ၊ ရဇောဂုဏ်၏ လက္ခဏာကား၊ ဥစ္စာဓန ရခေါင်းလိုသော ဆန္ဒ၊ သတ္တောဂုဏ်၏ လက္ခဏာကား၊ တရား ကျင့်ခြင်းဖြစ်၏။ သို့သော်, တမောဂုဏ်ထက် ရဇောဂုဏ်၊ ရဇောဂုဏ် ထက် သတ္တောဂုဏ်သည် ပိုမိုမြင့်မြတ်၏။ ၁၅။

ယခု သတ္တဝါတို့သည် အကြင်အကြင် ဂုဏ်ဖြင့် အကြင်အကြင် ဂတိ (ဘဝ)ကို ရကြ၏၊ ထိုထိုဘဝ (ဂတိ)ကို ရှေ့၌ ပြပေအံ့။

ဒေဝတွံ သာတ္တွိကာယာန္တိ မနုဿျတွဉ္စ ရာဇသား၊ တိယ်က်တွံ တာမသာ နိတျမိတျေသာ တြိဝိဓာ ဂတိး။ ၁။

သ္ထာဝရား ကြိမိကီဋာသ္စ မတ္သျား သပ်ါသ္စ ကစ္ဆပါး၊ ပသဝသ္စ မြိဂါသ္စဝ ဇဃန္နျာ တာမသီ ဂတိး။ ၂။

ဟသ္တိနသ္စ တုရင်္ဂါသ္စ သူဒြါ မ္လေစ္ဆာသ္စ ဂရ်ဟိတား၊ သိံဟာ ဗျာဃြာ ဝရာဟာသ္စ မဓျမာ တာမသီ ဂတိး။ ၃။

စာရဏာသ္စ သုပဏ္ဏာသ္စ ပုရုသာသ္စဝ ဒါမ္ဘိကား၊ ရက္ခှာံသိစ
ပိသာစာသ္စ တာမသီ သုတ္တမာ ဂတိး။ ၄။
ဈလ္လာ မလ္လာ နဋာသ္စဝ ပုရုသား သဿြဝြိတ္တယး၊ ဒျူတပါန
ပြသက္တာသ္စ ဇဃန္ယာ ရာဇသီ ဂတိး။ ၅။
ရာဇာနး က္ၡတြိယာသ္စဝ ရာဉာံစဝ ပုရောဟိတား၊ ဝါဒယုဒ္ဓ
ပြဓာနာသ္စ မဇ္ဈမာ ရာဇသီ ဂတိး။ ၆။
ဂန္ဓဗ္ဗာ ဂုဟျကာ ယက္ခာ ဝိဗုဓာနုစရာသ္စယေ၊ တထဲဝါပ္သရသး
သဗ္ဗာ ရာဇသီ သုတ္တမာ ဂတိး။ ၇။
တာပသာ ယတယော ဝိပြာ ယေစ ဝဲမာနိကာ ဂဏား၊ နက္ခတြာ
ဏိစ ဒဲတျာသ္စ ပြထမာ သာတွိကီ ဂတိး။ ၈။
ယဇွာန ရိသယော ဒေဝါ ဝေဒါ ဇျောတီံသိ ဝတ္သရား၊ ပိတရသ္စဝ
သာဓျာသ္စ ဒွိတီယာ သာတွိကီ ဂတိး။ ၉။
ဗြဟ္မာ ဝိသွသြိဇော ဓမ္မော မဟာနဗျက္တမေဝစ၊ ဥတ္တမာံ သာတွိကီ
မေတာံ ဂတိမာဟုမ်နီသိဏး။ ၁၀။
ဣန္ဒြိယာဏာံ ပြသံဂေန ဓမ်သျာသေဝနေနစ၊ ပါပါန်သံယာန္တိ
သံသာရာန် ဝိဒွါံသော နရာဓမား။ ၁၁။
(မနု•အ• ၁၂၊ ဂါထာ• ၄၀၊ ၄၂-၅၀၊ ၅၂။)။

သတောဂုဏ်ရှိသော သူသည် နတ် (ဒေဝ) တနည်း ပညာရှိ, ရဇောဂုဏ်ရှိသော သူသည် အလယ်အလတ်လူ, တမောဂုဏ်ရှိသော သူသည်ကား ယုတ်ညံ့သော ဘဝကို ရကုန်၏။ ၁။

တမောဂုဏ် လွန်ကဲသောသူသည် သက်မဲ့သစ်ပင်, ပိုးမွှား, ငါး, မြွေ, လိပ်, သားတိရစ္ဆာန်နှင့် သမင်ဘဝကို ရကြကုန်၏။ ၂။

အလယ်အလတ် တမောဂုဏ် ရှိသူတို့သည်၊ ဆင်, မြင်း, ခေတ်ညံ့သူ, တောင်သူမိလက္ခု, ယုတ်ညံ့စက်ဆုပ်ဖွယ်သော အမှုကိုလုပ်သူ, ခြင်္သေ့, ကျား, ဝက် ဘဝကို ရကြကုန်၏။ ၃။

အမြတ်တမောဂုဏ် ရှိသူတို့ကား၊ (စာရဏ) ကချေသည်ကဲ့ထွက် သူတပါးတို့အား ချီးမွမ်းသီဆိုတတ်သူ၊ လှသောငှက်၊ ကိုယ့်ကိုယ်ကိုကိုယ် ချီးမွမ်းတတ်သူ၊ သူတပါးတို့အား ညှဉ်းဆဲတတ်သောဘီလူး၊ မြေဘုတ်၊ သေရက်ကြီးသူ ညစ်ပတ်သူ ဖြစ်ကုန်၏။ ၄။

မြတ်သော ရစောဂုဏ် ရှိသူတို့ကား၊ သူသတ်ယောက်ျား၊ လွှေထိုး သမား၊ ဘားကစားသူ ဖြစ်ကုန်၏။ လက်နက်ကိုင် သူရဲကောင်း သေ သောက်ကြူးသူတို့ကား၊ ယုတ်သော ရစောဂုဏ် ရှိသူတို့ ဖြစ်ကုန်၏။ ၅။

အလယ်အလတ် ရစောဂုဏ် ရှိသူတို့ကား၊ မင်း (ခတ္တိယ)၊ မင်း၏ ပုရောဟိတ်၊ စကားပြောကောင်းသူ၊ သိတမန်စေ၊ ရွှေနေ။ စစ်သူကြီး ဘဝကို ရကြကုန်၏။ ၆။

မြတ်သော ရစောဂုဏ် ရှိသူတို့ကား၊ ဂန္ဓဗ္ဗ (သဘင်သည်)၊ တီးမှုတ် တတ်သူ၊ ယက္ခ (=ဥစ္စာကြွယ်ဝသူ)၊ ပညာရှိတို့အား ဆည်းကပ်သူ၊ အပ္ပသရာ (=ချစ်ရေအဆင်း လှသောမိန်းမ) ဘဝကို ရကြကုန်၏။ ၇။

တာပသ၊ ရသေ့ ရဟန်း၊ ဝေဒကိုတတ်သူ၊ ဝေဒင်ဆရာ၊ ဒွန်အားကြီး သူတို့ကား၊ ပထမ သတ္တောဂုဏ်၏ အကျိုးအာနိသင်ပင် ဖြစ်ကုန်၏။ ၈။

အလယ်အလတ် သတ္တောဂုဏ်နှင့်ယှဉ်၍ အမှုကို ပြုသူတို့ကား၊ ယဇ် ပူဇော်သူ၊ ဝေဒ၏ အနက်အဓိပ္ပါယ်ကို သိသူ၊ ပညာရှိ၊ ဝေဒလောကဓာတ် စသောပညာ၊ အခါကာလကို သိမြင်တတ်သူ၊ စောင့်ရှောက်တတ်သူ၊ ဉာဏ်ကောင်းသူ၊ ပူဇော်ထိုက်သော ဆရာဘဝကို ရကြကုန်၏။ ၉။

မြတ်သောသတ္တောဂုဏ်နှင့်ယှဉ်၍ မြင့်မြတ်သောအမှုကို ပြုသူတို့ကား ဗြဟ္မာ, ဝေဒကိုတတ်ကျွမ်းသူ၊ ကမ္ဘာကို ဖန်ဆင်းခြင်းပညာကို တတ်သိ ၍ အထူးထူးအပြားပြားသော ယဇ်စသည်ကိုလုပ်တတ်သူ၊ တရားရှိ၍ အမြတ်ဆုံးသော ဉာဏ်နှင့် ယှဉ်ခါ၊ လောကဓာတ် ပညာ အားလုံးကို တတ်မြောက်ပြီးသည့်နောက်၊ လောကဓာတ်သဘာဝအားလုံးကို နိုင်နင်း သူများ ဖြစ်လာကြကုန်၏*။၁၀။

စက္ခုစသော ဣန္ဒြေတို့၏ အလိုသို့လိုက်၍ ကာမဂုဏ် ကြူးသူတို့ သည်၊ သူတော်ကောင်းတရားကို စွန့်ပယ်လျက်၊ မသူတော်တို့တရားကို ပြုသော လူမိုက်တို့သည်၊ လူတို့တွင် ယုတ်ညံ့သောဘဝ၊ ဆိုးဝါးသော ဆင်းရဲဒုက္ခဖြင့် ပြွမ်းသောဘဝကို ရကြကုန်၏။၁၁။

---

*ဤကား ဓယာနန္ဒ၏အလိုတည်း။ အခြားဆရာတို့ကကား၊ ထာဝရဘုရားဘဝကိုရခြင်း ဟုဆိုကြသည်။ (ဘာသာပြန်ဆရာ)။

ဤနည်းအားဖြင့် သဘော၊ ရဇော၊ တမောဂုဏ်နှင့် ယှဉ်သော အမှုတို့ကို သဗ္ဗညုဂါမျုိး ပြုလုပ် ကျင့်ကြံကြသည့် အားထုတ်စွာ၊ ဆိုင်ရာ အကျိုးအာနိသင်တို့ကို ရရှိခံစားကြရလေန်၏။ သီသရာမှထွက်မြောက်သောသူတို့ကား၊ ထိုဂုဏ်သုံးပါးမှ လွန်မြောက်၍ မဟာယောဂီဖြစ်လေန် လျက် ဝိမုတ္တိကိုရရန် ကျင့်ကြံ အားထုတ် ရာသည်၊ အကြောင်းကိုဆို ရသော်—

ယောဂသုတ္တ ဗြဟ္မနိရောဓး ၁။ (ပါ-၁၊ ၂။)

တဒါဒြဿုး သွရူပေအဝဿာနမ်။ ၂။ (ပါ-၁၊ ၃။)

ဤကား ယောဂကျမ်း ပတဉ္စလိ၏ သုတ်ဖြစ်၏။ ရှေ့တို့သည် ရဇော ဂုဏ် တမောဂုဏ်နှင့် ယှဉ်သော အမှုတို့၌ စိတ်ကို တားဆီးလျက်၊ စင်ကြယ်သော သတောဂုဏ်နှင့်ယှဉ်သော အမှုတို့၌လည်း စိတ်ကိုတား ဆီးလျက်, စင်ကြယ်သော သတောဂုဏ်နှင့် ယှဉ်စေပြီးသည့်နောက် အတိုင်း၌၊ ဧကဂ္ဂတာ (စိတ်ကို ငြိမ်သက် တည်ကြည် စေပြီးလျှင်) ထဆို သောဘုရား (=ထာဝရဘုရား) နှင့် ထရား၌ စိတ်ကို တည်နေအောင် ပြုခြင်းကိုပင် "နိရုဒ္ဓ" ခေါ်သည်။၁။

စိတ်ဧကဂ္ဂတာ ကျသောအခါ၊ အားလုံးကို မြင်တတ်သော ဈာသရ ဘုရား၏ သရုပ်၌ အသက်ဝိဉာဏ် (ဇီဝတ္တ)တည်နေလေသည်။(တနည်း, စိတ်တွင် ဘုရားကို မြင်နေလေသည်။)။၂။ ဤသို့စသော အကျင့်တရား တို့ကို ဝိမုတ္တိအလို့ငှါ ကျင့်ရာသည်၊ ထို့ပြင်လည်း—

အသ ဗြဟ္မဝိဓ ဒုးခါတျန္တ နိဗြတ္တိရတျန္တ ပုရုသာဿ။

ဤကား သာံချ၏၊ ၁၊၁။ သုတ်ဖြစ်၏။ ခန္ဓာကိုယ်နှင့်စပ်သောဆင်းရဲ၊ အခြားသော သူတို့ကြောင့် ဖြစ်သော ဆင်းရဲ၊ အပူအအေး လွန်ကဲမှု၊ စိတ်၏ချောက်ချားခြင်းကြောင့် ဖြစ်သောဆင်းရဲ၊ † ဤသုံးပါးသောဆင်းရဲ

---

† အဓျာတ္တိက၊ ကိုယ်ခန္ဓာ၌ ဖြစ်သောဆင်းရဲ၊ အာဓိဘူတိက— ဝေတ်သဘာဝကြောင့် ဖြစ်သော ဆင်းရဲ၊ အာဓိဒေဝိက—နတ်ရုံးတစ္ဆေတို့ကြောင့် ဖြစ်သော ဆင်းရဲ၊ သုံးပါးတည်း။ (ဒယာနန္ဒကား၊ စုံးနတ်ကိုမယုံသူဖြစ်၍ စိတ်ချောက်ချားခြင်းကြောင့်ဖြစ်သော ဆင်းရဲ) ဟု အနက်ဖွင့်ပေးထားသည်။ (ဘာသာပြန်ဆရာ)။

ထိုကိုပယ်ရှက် ဝိမုတ္တိရယူခြင်းသည်ကား၊ လွန်ကဲသောဝိရိယပင်တည်း။ ဤမှနောက် ကောင်းသော မကောင်းသော အကျင့်အာစာရနှင့် စားအပ် မစားအပ်သော အစာအာဟာရအကြောင်းကို ရေးသားပေအံ့။ ၏

ဤကား သိရိမဒ္ဒ ဓယာနန္ဒ သူရသတိ အရှင် စီရင်အပ်သော သဒ္ဒတ္ထပကာသကျမ်း၌ ကောင်းသော ဘာသာဖြင့် တန်ဆာ ဆင်အပ်သော ဝိဇ္ဇာ- အဝိဇ္ဇာ၊ ဗန္ဓ- မောက္ခ အကြောင်းဆိုင်ရာ အခန်းကဏ္ဍ ကိုးခုမြောက်၊ ပြီးပြည့်စုံသတည်း။ ၏

ဒသမခဏ်း

ထိုမှတပါး ကောင်းသောအကျင့် မကောင်းသောအကျင့် အာစာရနှင့် စားအပ် မစားအပ်သော အကြောင်းအရာကို ပြဆိုပေတော့အံ့။

ယခုတရားနှင့်ယှဉ်သော အမှုကိစ္စတို့ ပြုလုပ်ကျင့်ကြံခြင်း၊ သီလ စောင့်ခြင်း၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်း၊ မှန်ကန် ကောင်းမြတ်သော အတတ်ပညာကို ရယူရန် လိုလားခြင်း စသော အကျင့်တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဆိုးသော အကျင့်တရားတို့ကို ရေးပေအံ့။

ပိဠွတ္တိး သေဝိတး သဒ္ဒိဘိ ဒိန္နိတွမ်ခွေသရာဂိဘိး၊ ကြိဗ္ဗသေနာဘျ ဉာတော ယောဓမ်ဥတ္တိနှိ မောဓတေ။ ၁။

ကာမာတ္တတာ နပြသတ္တာ နစဲဝေဟာဉ္ဉျ ကာမတာ၊ ကာမျောဟိ ဝေဒါမိဂမး ကမ်ယောဂသွ ဝဲဒိကး။ ၂။

သံကလ္ပမူလး ကာမောဝဲ ယညး သံကလ္ပသမ္ဘဝါး၊ ဗြတာနိ ယမဓမ်ာသ္စ သဗေ်ွ သံကလ္ပဇား သ္မြိတား။ ၃။

အကာမသျ ကြိယာ ကာစိန် ဒြိသျတေနေဟ ကဟ်ိစိတ်၊ ယဒျဒ္ဓိ ကုရုတေ ကိဉ္စိတ်၊ တတ္တတ္ကာမသျ စေဋ္ဌိတမ်။ ၄။

ဝေဒေါအခိလော ဓမ်မူလံ သ္မြိတိသိလေစ တဒွိဒါမ်၊ အာစာရ ၑ္စဲဝ သာဓူနာ မာတ္မနသ္တုဋ္ဌိရေဝစ။ ၅။

သဗ်ံတု သမဝေက္ချေဒံ၊ နိခိလံ ဉာနစက္ခုသာ၊ ၑြုတိပြာမာဏျတော ဝိဒွါန်၊ သွဓမ်ေ နိဝိသေတဝဲ။ ၆။

ၑြုတိသ္မြိတျုဒိတံ ဓမ်မနုတိဋ္ဌန်ဟိ မာနဝး၊ ဣဟ ကီတ္တိမဝါပ္နောတိ၊ ပြေတျ စာနုတ္တမံ သုခမ်။ ၇။

ယောအဝမနျေတ တေမူလေ၊ ဟေတုသာသ္တြာ ၑြယာဒ္ဒွိဇး၊ သသာဓုဘိဗ်ဟိဋ္ဌာယော်၊ နာသ္တိကော ဝေဒနိန္ဒကး။ ၈။

ဝေဒး သ္မြိတိး သဒါစာရး၊ သွသျစ ပြိယမာတ္မနး၊ ဧတစ္စတုရ္ဗိဓံ ပြာဟုး၊ သာက္ချာဒ္ဓမ်သျ လက္ချဏမ်။ ၉။

အထိကာမေသု သတ္တာနံ၊ မေဉနံ ဝိဒိယတေ၊ မေဓိဇိဥသမာနာ
နံ၊ ဖြမာထံ ပရမံ ဩပြတိ။ ၁၀။

ဝဒိကဲး ကမ်ဘီး ပုဏျ၊ နီးသကာဒိ ဇန္တုနာမ်၊ ကာယျံး သရိ
သံညာရေး၊ ပါဝန်း ဗြဲတျုးစပာဝ။ ၁၁။

ကောသာန္တုး သောဒုးသ ဝသေ်၊ ဖြာပဥ္စာဗာသျု ဝိဒိယတေ။
ရာဇနူဗန္ဓောန္နိ ဂြိဝ်သေ၊ ဝဲသျုသျု ဧယမိးက ထတး။ ၁၂။

(မနု. အ. ၂၊ ဂါထာ. ၁၊ ၄၊ ၆၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၂၆၊ ၆၅။)

ရာဂဒေါသကင်းသော ပညာရှိတို့ အမြဲဆည်းကပ်အပ်သော၊ စိတ်
(ဝါ) အတ္တဗြိုင့်ပြုအပ်သော ဝတ္တရားဟုသိအပ်သော တရားကိုသာ လျှင်
ယုံကြည် လိုက်နာအပ်၊ ပြုအပ်သော တရားဟု လူတို့ အမြဲတွဲ မှတ်ထား
ရာသည်။ ၁။

အကြောင်းကို ဆိုရသော်၊ ဤသံသရာလောကကြီး၌ အလွန်အလို
ကြီးခြင်း၊ အလွန်အလိုဆန္ဒ နည်းခြင်းသည်ကား၊ မမြတ်ချေ။ အကြောင်း
သော်ကား၊ ဝေဒဉာဏ်နှင့် ဝေဒ၌ ပြဆိုအပ်သော အမှုတို့သည်၊ လိုချင်
တောင့်တသော ဆန္ဒဖြင့်သာ၊ ပြီးပြည့်စုံကုန်၏။ ၂။

အကြွင်ထစုံတယောက်က၊ ကျွန်ုပ်မှာ လိုချင်ခြင်းဆန္ဒ လုံးဝမရှိပါဟု
ဆိုငြားအံ့၊ ဘယ်တော့မှ မဖြစ်နိုင် ပေရာ။ အကြောင်းကား အားလုံး
သော လိုချင်တောင့်တခြင်း (ဝါ) ယဇ်၊ မှန်သော စကားကို ဆိုခြင်း
စသော အဓိဋ္ဌာန်၊ တရားနည်းလမ်း (ကျင့်စဉ်) စသော တရားတို့သည်၊
ရည်မှန်း တောင့်တချက်ဖြင့်သာ ဖြစ်နိုင်၏။ ၃။

နည်းမှာလည်း၊ အကြွင် လက်၊ ခြေ၊ မျက်စေ့၊ စိတ်တို့သည်လည်း၊
ပြုလိုသော ဆန္ဒကြောင့်သာ၊ သွားလာလှုပ်ရှား ကြည့်ရှုခြင်း စသော
ကိစ္စတို့ကို ပြုအပ်၏။ ဆန္ဒမရှိပါမူကား၊ မျက်စေ့ကို ဖွင့်ခြင်း ပိတ်ခြင်း
ကိစ္စပင် ဖြစ်နိုင်စရာ အကြောင်း မရှိတော့ချေ။ ၄။

သို့ဖြစ်သောကြောင့် အားလုံးသောဝေဒ၊ မနုသမုတိကျမ်း ၊ရှေ့ဆရာ
ရသေ့ကြီးတို့စီရင်ခဲ့သော ကျမ်းဂန် စာပေများ၊ သူတော်ကောင်းတို့၏
အကျင့်အာစာရ၊ တနည်း–မိမိတို့ စိတ်နှလုံးတွင် နှစ်သက်ခြင်းဖြစ်သော

(၀ါ) ထရုခုကိုပြုရာ၌ သံသယ ကုက္ကုစ္စ၊ ကြောက်ခြင်း ရှက်ခြင်းမဖြစ်သောအမှုအကြိုကို ပြုလုပ်ကျင့်ကြံရာသည်။ ကြည့်ပါဦး! မုသားပြောရန်၊ ခိုးရန် ကြံစည်သည်နှင့် တပြိုင်နက်, စိတ်တွင်ကြောက်ခြင်း ယုံမှားခြင်း၊ ရှက်ခြင်း မုချဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ဤကဲ့သို့သောအမှုကိစ္စမျိုးကို မပြုအပ် မပြုသင့်ချေ။၅။

လူတို့သည် အားလုံးသောကျမ်းဂန်၊ဝေဒ သူတော်ကောင်းတို့အကျင့်အာစာရ၊ မိမိ၏စိတ်နှင့် မဆန့်ကျင်သော ဉာဏ်မျက်စိဖြင့် ကောင်းစွာကြည့်ရှုဆင်ခြင်၍ သုတိကျမ်းစာနှင့်ကိုက်ညီ နှက်သက်သော တရား၌ သက်ဝင်ရာသည်။၆။

အကြောင်းသော်ကား၊ဝေဒကျမ်းလာ တရားနှင့် ဝေဒနှင့်မဆန့်ကျင်သော သုတိကျမ်းလာတရားကို စောင့်ထိန်းကျင့်ကြံသောသူသည် ယခုဘဝ၌ အကျော်အစော ခံရ၍ ထမလွန် ဘဝမှာလည်း အမြတ်ဆုံးသောချမ်းသာကို ရ၏။၇။

သုတိကား ဝေဒကိုခေါ်၍၊ သမုတိကား ဓမ္မသတ္တ (တရားကျမ်းစာ) ကိုခေါ်ကုန်သည်။ ဤကျမ်းစာတို့ဖြင့် ပြုအပ်, မပြုအပ်သော ဝတ္တရားတို့ကို ဆုံးဖြတ်ရာသည်။ ဝေဒနှင့် ကိုက်ညီသော ကျမ်းစာကိုမရှိမသေပြုသူအား၊ သူတော်ကောင်း တို့မှ၊ ဇာတ်မှ ထုတ်ပယ် ပစ်ရာသည်။ အကြောင်းကား– ဝေဒကို ကဲ့ရဲ့သူအား“နတ္ထိက”ဟု ခေါ်၏။၈။

ထို့ကြောင့်၊ ဝေဒ၊ သမုတိ၊ သူတော်ကောင်းတို့၏ အကျင့်တရား၊ မိမိ၏ဉာဏ်နှင့် မဆန့်ကျင်သော နှစ်လိုဖွယ်သော အကျင့်အာစာရ၊ ဤလေးပါးသည်၊ တရား၏ လက္ခဏာဖြစ်ကုန်၏။၉။

ထိုသော်, ဥစ္စာပစ္စည်းကို လိုလားသော လောဘနှင့် ကာမဂုဏ်၌ ငြိတွယ် ယစ်မူးခြင်းမှ ကင်းလွတ်သော သူတို့သာလျှင် တရားဉာဏ်ကို ရနိုင်၏၊တရားကို သိလိုသော အလိုဆန္ဒရှိပါမူ၊ ဝေဒသာလျှင် မြတ်သော အထောက်အထား ဖြစ်ပေ၏။၁၀။

သို့ဖြစ်သောကြောင့်၊ ဝေဒကျမ်းလာ ကုသိုလ်တည်းဟူသော အမှုကိစ္စတို့ဖြင့် ဗြာဟ္မဏ(=ပုဏ္ဏား), ခတ္တိယ(=မင်းမျိုး), ဝေသ(=ကုန်သည်မျိုး)တို့သည်၊ မိမိတို့၏သားသမီးတို့ကို၊ နိသေက (=ပဋိသန္ဓေ ပေးသော

အခါ ပြုကြသောအမှုကိစ္စတမျိုး) ကိုပြုကြစေရာသည်၊ ထိုအမှုကိစ္စသည်ကား၊ ပစ္စုပ္ပန်-တမလွန် နှစ်တန်သော ဘဝတို့၌၊ ပြည့်စင် မြင့်မြတ်စေတတ်၏၊ ၁၁၊

ပုဏ္ဏားတို့မှာ၊ တဆယ့်ခြောက်နှစ်၊ ခတ္တိယတို့မှာ နှစ်ဆယ့်နှစ်နှစ်၊ ကုန်သည်တို့မှာ နှစ်ဆယ့်လေးနှစ်တွင် ဆံချရာသည်၊ တနည်း, ခေါင်းရိတ် (ဆံချ) သော အမှုကို ပြုပြီးသည့် နောက်အခါ၌၊ ဦးစွန်းဖုတ်မျှသာ ထားရှိပြီးလျှင်၊ အခြား ဆံမုတ်ဆိတ် စသည်တို့ကို၊ အမြဲသုတ်သင်ရာသည်၊ တနည်း—ဆံပင်မုတ်ဆိတ်တို့ကို ဘယ်တော့မှမထားရာ၊ အေးလွန်းသော ဒေသမှာကား၊ အလိုရှိသလောက် ထားနိုင်သည့်၊ အလွန်ပူသော ဒေသမှာကား၊ ဦးစွန်းဖုတ်ကိုပါ ရိတ်ဖြတ်ပစ် ရာသည်၊ အကြောင်းသော်ကား၊ ဦးခေါင်းတွင် ဆံပင်ရှိခြင်းကြောင့် အပူဓာတ် တိုးပြီးလျှင်၊ ညှာဏ်ထိုင်းစေတတ်လေသည်၊ မုတ်ဆိတ်ကြွင်စွယ် ထားရှိခြင်းကြောင့်၊ စားသောက်ရာတွင် အနှောင့်အရှက်တခု ဖြစ်ပြီးလျှင်၊ မစင်ကြယ်သော အစာ အာဟာရတို့သည် ထိုမုတ်ဆိတ် ကြွင်စွယ်၌ ကပ်နေတတ်လေသည်၊ ၁၂၊

ရှုန္တိယာဏာံ ဝိစရဏာံ၊ ဝိသယေသွ ပဟာရိသု၊
သံယမေ ယတ္တမာတိဋ္ဌေတ်၊ ဝိဒွါန် ယန္တေဝ ဝါဇိနာမ်၊ ၁၊
ရှုန္တိယာဏာံ ပြသင်္ဂေန၊ ဒေါသမြိစ္ဆတျ သံသယမ်၊
သန္နိယမျတု တာနျေဝ၊ တတး သိဒ္ဓိံ နိယစ္ဆတိ၊ ၂၊
နဇာတုကာမး ကာမာနာမ်၊ ဥပဘောဂေန သာမျတိ၊
ဟဝိသာ ကြိဿဝတ္မေဝ၊ ဘုယ ဧဝါဘိဝဍ္ဎတေ၊ ၃၊
ဝေဒါသ်တျာဂသ္စ ယညာသ္စ၊ နိယမာသ္စ တပါံသိစ၊
နဝိပြဒုဋ္ဌဘာဝသျ၊ သိဒ္ဓိံ ဂစ္ဆန္တိ ကာဟိစိတ်၊ ၄၊
ဝသေ ကြိတွေန္ဒြိယဂြာမံ၊ သံယမျစ မနသ္တထာ၊
သဗ်ါန် သံသာ ဓယေဒတ်ာ၊ နာကျိဏွန် ယောဂတသ္တနုမ်၊ ၅၊
ဒြုတွာ သပြိဿွာစ ဒြိဿွာစ၊ ဘုတွာ ဃြာတွာစ ယောနရး၊
နပြိဿျတိ ဂလာယတိ၊ ဝါသ ဝိဇ္ဇေယော ဇိတေန္ဒြိယး၊ ၆၊
နာပြိသွး ကဘျဒ်ပြုယာန္နု၊ စာဇ္ဇာယေန ပြိဿ္တး၊

ဓာနန္ဒပိဟိ မေဓာဝီ၊ ဓဥဝဋ္ဋောဘက အာစရေတ်။ ၇။
ပိဋ္ဌံ ဗန္ဓုဝ်ယား ကမ်ိ၊ ပိဍျာ ဘဝတိ ပဋ္ဌမိ၊
ဇောဒန္ဒိ မာနူဍ္ဍဘနာဒိ၊ ဂဒိယော ယဏျုဂုတ္တရမ်။ ၈။
အဍော ဘဝတိ ဝဲဗာလး၊ ပိဏာ ဘဝတိ မန္ဒြဒး၊
အဍဲ့ ပဟိ ဗာလမိဘျာပဟုး၊ ပိထေဝေျပတု မန္ဒြဒမ်။ ၉။
နဟာဘယန္နံ ပလိတဲန္နံ ပိဋ္ဌေဘ ဗန္ဓုဘိး၊
ဒိသယသ္ဂူကြိဒေ ခမ်ိ၊ ယောဘူစာနး သဒေ့ာမဟာန်။ ၁၀။
ပိပြာဏာ ဉာနဓော ဓယဲသ္ဂယံ၊ ဏျုတြိယာဏာန္တုံ ပိယိထး၊
ဝဲသျာနံ ခာနူခနတး၊ သူဂြါဏာမေဝ ဓန္ဓတး။ ၁၁။
နဓေနပြိဒ္ဓေါ ဘဝတိ၊ ယေနာဘျူ ပလိတ် ဘိဒုး၊
ယောဝဲယုဝါပျဒိယာနဥတ္တံ၊ ဒေဝါ ညူပိရ် ပိဒုး။ ၁၂။
ယထာ ကာဘူမယော ဟဋ္ဌိ၊ ယထာ ဓမ်မယောဗြိဝး၊
ယသူ ပိဒြော့နဒိယာန သဗြာယဋ္ဌေနာမ ပိဘြတိ။ ၁၃။
အပင်ိ သယဲဝ ဘုတာနံ၊ ကာယင် ဗြဲယောဒူသာသနမ်၊
ဝါကဲ့ဝ မရရာ ညူကျုဏာ၊ ပြဝယောဍ္ဌာ ခမ်ိဒိန္ဓုဏာ။ ၁၄။
(မနု· အ· ၂၊ ဂါထာ· ၈၈၊ ၉၃၊ ၉၄၊ ၉၇၊ ၁၀၀၊ ၉၈၊ ၁၁၀၊ ၁၃၆၊ ၁၅၃-၁၅၇၊ ၁၅၉။)

လူတို့၏ ဝတ္ထုများမှာ၊ စိတ်ကိုဆွဲဆောင်တတ်သော အာရုံငါးပါးတို့၌ သက်ဝင်စေတတ်သော ဣန္ဒြေတို့ကို တားဆီး၍ အားထုတ် ရာသည်။ ဥပမာ— မြင်းထိန်းသည် မြင်းကိုတားဆီး၍ လမ်းကောင်းသို့သွားစေသလို၊ ဣန္ဒြေတို့ကို၊ နိုင်နင်းအောင်ပြုခါ၊ မကောင်းမှုမှလွှဲထွက် ကောင်းမှုတည်းဟူသော လမ်း၌ သွားစေရာသည်။ ၁။

အကြောင်းသော်ကား၊ ဣန္ဒြေတို့ကို အာရုံငါးပါး၌ ကပ်ငြိစေလျက်၊ မတရားသော လမ်းသို့ လိုက်စေခဲ့လျှင်၊ လူသည် မချွတ်ကျ အပြစ် ဒေါသရောက်တတ်၏၊ ဤဣန္ဒြေတို့ကို နိုင်နင်း၍ တရား၌ သက်ဝင်စေလျှင် လိုအပ်သော ပြီးမြောက်အောင်မြင်ခြင်းကိုရ၏။ ၂။

မီး၌ ထင်းနှင့် ဆီဥ ထောပတ်ကိုလောင်းလျှင် မီးပွားလာသလို ကာမ စည်းစိမ်ကို ခံစားခြင်းဖြင့် ကာမရာဂ မငြိမ်းနိုင်ဘဲ၊ ပွားသာပွားလာ တတ်၏။ ထို့ကြောင့် လူတို့သည်၊ ကာမစည်းစိမ်၌ မည်သည့်အခါမှ တပ်မက်ခြင်း မဖြစ်ရာ။ ၃။

ဣန္ဒြေကို လုံခြုံအောင် စောင့်ထိန်းခြင်း မပြုနိုင်သော ယောကျ်ားကို “ဝိပရုဒ္ဓ” ဟု ခေါ်သည်။ ထိုသူပြုခြင်းကြောင့် ဝေဒညုတ်, စာဂ(စွန့်ကြဲ ခြင်း), ယဇ်,နည်းနာစည်းကမ်း၊ တရားအကျင့်များ ပြီးစီးခြင်း မဖြစ်နိုင် ချေ။ ဣန္ဒြေကို စောင့်စည်း နိုင်သော ပုဂ္ဂိုလ်တို့သာ၊ အောင်မြင်နိုင် လေသည်။ ၄။

ထို့ကြောင့် ငါးပါးသောကမ္မိန္ဒြိယ၊ ငါးပါးသောဉာဏိန္ဒြိယ၊ တဆယ့် တပါးမြောက်ဖြစ်သော စိတ်ကို၊ ထိန်းသိမ်းလျက်၊ လျောက်ပတ်သော အာဟာရ စားသောက် နေထိုင်ခြင်း ယောဂအကျင့်ကို ကျင့်ခြင်းဖြင့် ခန္ဓာကိုယ်ကို စောင့်ရှောက်ခါ၊ အားလုံးသော အကျိုးတရားတို့ကို ပြီးစီး ပြည့်စုံစေရာသည်။ ၅။

ဇိတိန္ဒြိယ (=ဣန္ဒြေကို စောင့်ထိန်းနိုင်နင်းသူ) ဆိုသည်ကား၊ ချီးမွမ်း ခြင်းကို ကြား၍ ဝမ်းမြောက်ခြင်း မရှိသူ၊ ကဲ့ရဲ့ခြင်းကို ကြား၍ စိတ် မကောင်းမဖြစ်သူ၊ ကောင်းသောအတွေ့အထိ (=ဖဿ) ကြောင့် သုခ မဖြစ်သူ၊ မကောင်းသော အတွေ့အထိကြောင့် ဒုက္ခမဖြစ်သူ၊ လှပသော အဆင်းကို မြင်၍ ဝမ်းသာ ရွှင်ပြုခြင်း မဖြစ်သူ၊ ဆိုးဝါး (မလှပ)သော အဆင်းကို မြင်၍ မနှစ်သက်ခြင်း မဖြစ်သူ၊ မွန်မြတ်သော အစာအာဟာ ကို စားရ၍ ဝမ်းသာအားရခြင်း မဖြစ်သူ၊ မကောင်းသော အစား အစာကို စားရ၍ စိတ်ဆင်းရဲခြင်းမဖြစ်သူ၊ ကောင်းမြတ် မွှေးကြိုင်သော အနံ့၌ နှစ်သက်ခြင်း မဖြစ်သူ၊ မကောင်းသော အနံ့၌ မနှစ်သက် မဖြစ် သူများဖြစ်ကုန်၏။ ၆။

မမေးဘဲနှင့်၊ တနည်း မတရားသဖြင့် လိမ်လည် မေးစမ်းသူတို့အား၊ ဘာတခုမှ အဖြေမပေးရာ၊ ထိုသူတို့ရှေ့တွင် ပညာရှိသည် သက်မဲ့ အရာ [illegible]ကဲ့သို့ တိတ်ဆိတ်စွာနေရာ၏။ ဟုတ်၏၊ မစဉ်းလဲ မကောက် ကျစ်ဘဲ တကယ်နာခံလိုသောသူတို့အား၊ မမေးဘဲနှင့်လည်း တရား ဟောရာသည်။ ၇။

(၁) ဥစ္စာ၊ (၂) မိတ်ဆွေ၊ ဆွေမျိုး၊ (၃) အသက်အရွယ် ကြီးခြင်း၊ (၄) ကောင်းမှု၊ (၅) မြတ်သောပညာ၊ ဤငါးပါးကား အရိုအသေခံရသော ဌာနများဖြစ်ကုန်သည်၊ ထို့သော်, ဥစ္စာထက် ဆွေမျိုးသားချင်းက ပိုမြတ်၏၊ ဆွေမျိုးထက် အသက်ကြီးခြင်းက ပိုမြတ်၏၊ အသက်အရွယ်ထက် မြတ်သော ကောင်းမှုကပိုမြတ်၏၊ ကောင်းမှုထက် မြင့်မြင့်မြတ်သော ပညာရှိကိုသည် ပိုရိုသေးစား ရှိသေအပ်ပေသည်။ ၈။

အကြောင်းကိုပြရလျှင်၊ အသက်အရာပင် ကြီးမြင့်သည် ဖြစ်စေကာမူ လည်း၊ ပညာမဲ့ပါမူ ခလေးသဘွယ်ပင်ဖြစ်၏၊ ပညာပေးသော ကလေး ကိုကား သက်ကြီးသဘွယ် အရိုအသေ ပေးရာသည်၊ အားလုံးသော ကျမ်းဂန်ကို တတ်သိသော ပညာရှိတို့က၊ ဉာဏ်ပညာ မရှိသူကို ခလေး ဟူ၍၎င်း၊ ပညာရှိကို ဘခင်ဟူ၍၎င်း ခေါ်ဝေါ်ကြကုန်၏။ ၉။

အသက်ကြီးခြင်း၊ ဆံပင်ဖြူခြင်း၊ ပိုက်ဆံရှိခြင်း၊ ဆွေအား မျိုးအား ကြီးခြင်းကြောင့် သက်ကြီးမဖြစ်ချေ၊ ထို့သော်, ရသေ့ရဟန်း သူတော် ကောင်းတို့အလိုအားဖြင့်၊ ပညာဉာဏ် ကြီးသူတို့ကိုသာ၊ သက်ကြီးဟု ခေါ်ဝေါ်အပ်၏။ ၁၀။

ဗြာဟ္မဏ (ပုဏ္ဏား)သည် ပညာဉာဏ်ဖြင့်၊ ခတ္တိယသည် ခွန်အားဖြင့်၊ ကုန်သည်သည် စပါးဆန်ရေ ဥစ္စာခေဖြင့်၊ ဓာတ်ညွံ့သည် အသက်ကြီး ခြင်းဖြင့်၊ လူအိုလူကြီး ဖြစ်ကုန်၏။ ၁၁။

ဦးခေါင်း၌ ဆံပင်ဖြူခြင်းကြောင့် လူအိုမဖြစ်၊ ထို့သော်, ပညာရှိသော လူပျိုကိုပင်၊ ပညာရှိတို့က လူကြီးဟု သိမှတ်ယူကြကုန်၏။ ၁၂။

ပညာမတတ်သောသူသည်၊ သစ်သားကို ထုလုပ်ထားသော ဆင်ရုပ်, သားရေကို ချုပ်လုပ်ထားသော သမင်ရုပ်ကဲ့သို့ပင် လောက၌ ပညာမဲ့သူ သည် လူဟုခေါ်တွင်ရုံမျှသာ ဖြစ်၏။ ၁၃။

ထို့ကြောင့် အတတ်ပညာ သင်ယူတတ်မြောက်ပြီးသော ပညာရှိသည် သူတော်ကောင်းဖြစ်လျက်, ဖြေရှုခြင်းမရှိဘဲ၊ အားလုံးသော သတ္တဝါတို့၏ အကျိုးစီးပွားကို ဖြစ်စေတတ်သော အရေးစုကြွေဝါဒကို ပေးရာသည့်၊ တရားဓမ္မ ပေါ်ဖြစ်ရာ၌ နူးညံ့ပြေပြစ်သော စကားကိုဆိုရာသည့်၊ မှန်သော

တရားစကားဖြင့် တရားကို တိုးတက်အောင်၊ မတရားကို ပျက်ပြားအောင် ပြုတတ်သော ယောက်ျားမြတ်ကိုသာ၊ ချီးကျူးသာရခေါ်ရာ၏။ ၁၄။

နေ့စဉ် ရေချိုးခြင်း၊ အဝတ်၊ အစာအာဟာရ၊ သောက်ရေ၊ နေရာ ထိုင်ခင်းများ အားလုံးကို သန့်ပြန့်စွာ ထားရသည်၊ ဤအရာဝတ္ထုများ သန့်ရှင်းစင်ကြယ်မှုကြောင့် စိတ်၏စင်ကြယ်မှု၊ ကျန်းမာမှုကိုရ၍ လုံ့လ ဝိရိယ တိုးပွားလာ၏။ မစင်အညစ်အကြေးနှင့် အပုပ်နံ့ စင်ကြယ်သွား လောက်ရုံသာ၊ ကျင်ကြီး ကျင်ငယ် စွန့်ရသည်။

အာစာရး ပြထမောဓမ်း ဩတ္တျော်ဘွား သွာတ်ဝေစ။

(မနု· ၁၊ ၁၀၈။)

အကြင်မှန်သောစကားကိုဆိုခြင်း စသောကိစ္စကို ပြုလုပ်ကျင့်ဆောင် ရန်မှာ၊ ဝေဒနှင့်သမုတိ ကျမ်းစာတို့တွင် ပြအပ်သော အကျင့်များဖြစ်၏။

မာနော်ဝမီး ဝိတရုံ မောတမ္မာတရမ်။

(ယဇု· ၁၆၊ ၁၅။)

အာစာယျိဥပနယမာနော ဖြဟ္မစာရိဏံ မိစ္ဆတေ။

(အထ·ကာ· ၁၁၊ ၀· ၁၅။)

မာတြ်ဒေဝေါ ဘဝ၊ ပိတြ်ဒေဝေါ ဘဝ၊ အာစာယျဒေဝေါ ဘဝ၊ အတိထိဒေဝေါ ဘဝ၊

(တဲတ္တိရိယာရဏျကော။ ပြ· ၇၊ အနု· ၁၁။)

အမိ၊ အဖ၊ အာစရိယ (ဆရာ)၊ ဧည့်သည်အား ဆည်းကပ်ခြင်းသည် နတ်ကိုပူဇော်သည့်မည်၏။ လောက၏ အကျိုးစီးပွား ဖြစ်စေတတ်သော အလုပ်တို့ကို ပြုအပ်၍၊ အကျိုးယုတ်မည့် အလုပ်တို့ကို ပယ်စွန့်ပစ်ခြင်း ပင် လူတို့၏ ပဓာန ဝတ္တရားဖြစ်၏။ နတ္ထိက၊ ကာမရာဂ အားကြီးသူ၊ သစ္စာ မရှိသူ၊ မသားဆိုတတ်သူ၊ ကိုယ့်အကျိုးကိုသာငဲ့တတ်သူ၊ လိမ်လှည့်တတ် သူ၊ စဉ်းလဲကောက်ကျစ်သူ၊ စသော လူမိုက်တို့နှင့် ဘယ်တော့မှ မပေါင်း သင်းရာ။ မှန်သောစကားကို ဆိုတတ်သူ၊ တရားရှိသူ၊ ပရဟိတ အကျိုးကို ဆောင်လိုသူ၊ သူတော်ကောင်းတို့နှင့် အခါခပ်သိမ်း ပေါင်းသင်းဆက်ဆံ ခြင်းပင် မြတ်သော အကျင့်တရား ဖြစ်၏။

၁၈ မေး။ ။အရိယာဝတ္တဒေသ (=အိန္ဒိယ) သားတို့သည် တိုင်းတပါးသို့ သွားလျှင်၊ အကျင့်တရား ပျက်ပြားသည် မပျက်ပြား ?

၁၈ ဖြေ။ ။ဤစကား မမှန်ပါ။ အဖျားတွင် ဗဟိဒ္ဓ စင်ကြယ်၍ မှန်သောစကားကို ဆိုခြင်း စသော အကျင့်ကောင်းကို ကျင့်ဆောင်သောသူသည် ဘယ်မှာနေနေ ကျင့်မြဲကျင့်၍ ဘယ်တော့ခါမှ အကျင့်တရား ပျက်ပြားလိမ့်မည်မဟုတ်။ အိန္ဒိယမှာ နေလျက်လည်း အကျင့်ဆိုကိုး ကျင့်သောသူကို မတရားကျင့်သူ ခေါ်ဝေါ်လိမ့်မည်။ ဤသို့သာဖြစ်မည်ဆိုက—

မေရောပဟ်ရေ သုံခွေဝသေ့ ဝဲဒိ ဟဲမဝတံ ထထား၊ ကြမေဏဲဝ ဗျုတ်ကြမျ ဘာရတံ ဝသ်မာသဒတ်။ သဒေသံ ဝိဗိခါန်ပသျံဘို့န ဟုဏာ နိုသေပိတာန်။ (အ· ၃၂၄။)

ဤဂါထာကား၊ မဟာဘာရတ–သန္တိပဗ္ဗ–မောက္ခဓမ္မ၌၊ ဗျာသ–သုကသံဝါဒအခဏ်းတွင်ရှိ၏။ အခါတပါး ဗျာသရသေ့သည် မိမိ၏သား သုကနှင့် တပည့်များပါ၊ ပါတာလ်(=နဂါးပြည်) ယခုအခါ အမေရိက ကျွန်းခေါ်သော ပြည်တွင် နေလေရာ၊ သုကာစရိယက မိမိ၏ ဘခင်အား၊ အတ္တဝိဇ္ဇာ(=အတ္တ–ပညာ)သည်၊ ဒီလောက်ဘဲလား၊ အပြင် ရှိပါသေးသလား ? ဟုမေး၏။ ဗျာသသည် သိလျက်နှင့်ပင် ထိုပြဿနာကို မဖြေတော့ဘဲနေ၏၊ အဘယ့်ကြောင့်ဆိုသော်၊ ထိုအတ္တနှင့် စပ်လျဉ်း၍ ပေါ်ပြီးဖြစ်သောကြောင့်တည်း။ အခြားသက်သေ သာဓကအလို့ငှါ မိမိ၏သား သုကအား ပြောသည်မှာ၊ အိုချစ်သား! သင်သည် မိထိလာမြို့သို့သွားခါ၊ ဤပြဿနာကို ဇနကမင်းကို မေးလေ။ ထိုမင်းက ထိုက်သင့်သော အဖြေကိုပေးလိမ့်မည်။ ဘခင်၏ စကားကို ကြား၍ သုကာစရိယသည်၊ နဂါးပြည်မှ မိထိလာမြို့သို့ သွားလေသည်။ပထမ မြင့်မိရ်တောင် တနည်း–ဟိမဝန္တာ အရှေ့ မြောက်ထောင့်၊ မြောက်၊ အနောက် မြောက်ထောင့် ကျသော "ဟရိဝသ်" (=ဟရိဝသ) ပြည်သို့ရောက်လေသည်၊ဟရိပုဒ်ကို မျောက်ဟု အနက်ပေး၊ ယခုကာလတိုင် ထိုတိုင်းပြည်သားတို့၏ မျက်နှာသည် နီမြန်းသောအဆင်းရှိ၍ မျောက်မျက်ဖိ ကဲ့သို့ ဖြားသော မျက်စိ ရှိကြ၏။ ၎င်းတိုင်းပြည်တို့ကို သကဏ ဘာသာ၌ "ဟရိဝသ" ခေါ်၍ ယခုကာ

လ "ယုရိုဝ်" (ဥရောပတိုက်)ခေါ်ကြသည်။ဥရောပတိုက်ကို လှည့်လည်ကြည့်ရှုပြီးနောက်၊ "ရေဝတီ"(ဂျူး) သို့မဟုတ် "ဟုဏ်း"ပြည့်ရောက်လေသည်၊ ထိုမှတဖန် "ဗိန်" (=ဘရုတ်ပြည်) ကိုဖြတ်ခါ ဟိမဝန္တာတောင်၊ ၎င်းမှ မိတ်ထိလာပြည်သို့ လာလေသည်။ ကြိသျှဏာနှင့် အဇ္ဇုန တို့သည်၊ "အာသတရီ"* (=သီးသဘော်) စီးခါ နဂါးပြည်သို့ သွားပြီးလျှင်၊ မဟာရာဇာယုဓိဋ္ဌိရ၏ ယဇ်ပွဲသို့၊ နဂါးပြည်မှ ဥဒ္ဒါလကရသေ့ကြီးကိုပင့်လာခဲ့ လေသည်၊ မိတရဋ္ဌ မင်းသည် ဂန္ဓာရပြည် (ယခုကာလ-ကံဓာရခေါ်သည်) ဘုရင်၏ သမီးတော်နှင့် လက်ဆက်တော်မူသည်၊မာဒြီ (=မဒ္ဒီ) ပဏ္ဍုမင်း၏ကြင်ရာ မိဖုယားသည်၊ "ဧရာန်" ပြည် ဘုရင်၏ သမီးတော်ဖြစ်သည်။ အဇ္ဇုန မင်းသားသည် ယခုကာလ "အမေရိက" ခေါ်သော နဂါးပြည် ဘုရင်၏ သမီးတော်-ဥလောပီနှင့် လက်ထပ်လေသည်၊အဘယ်၍ တိုင်းတပါးသို့မသွားပါမူ၊ဤသို့သော အကြောင်းစကားများဖြစ်ပေါ်နိုင်မလား။ မနုသမ္မတိကျမ်းတွင် သမုဒ္ဒရာ၌သွားလာသော လှေသဘော်ပေါ်တွင် ဆိပ်ကမ်းခွန်ကောက်ရန် ရေးသားထားရှိခြင်းဖြင့်လည်း တိုင်းတပါးသို့ သွားလာကြခြင်းကြောင့် ရေးထား၏။ ယုဓိဋ္ဌိရဘုရင်လည်းယဇ်ပွဲကြီးလုပ်သောအခါ၊ကမ္ဘာတဝှမ်းလုံး၌ မင်းအပေါင်းတို့ကို ပင့်ဖိတ်ရန်အလို့ငှါ၊ ဘိမ၊ အဇ္ဇုန၊ နကုလ၊ သဟာဒေဝ မင်းသားတို့သည် အရပ်လေးမျက်နှာသို့ သွားကြကြောင်း ဆိုထားသည်။ တိုင်းတပါးသို့သွားခြင်းကြောင့် အပြစ်ဖြစ်မည်ဆိုက၊ ဘယ်တော့ခါမှ မသွားရာ၊ ပထမ အိန္ဒိယသားတို့သည် ကုန်ကူးရန်၊ နိုင်ငံရေးကိစ္စ၊ လှည့်လည်ကြည့်ရှုရန် တကမ္ဘာလုံးသို့ သွားလာကြ လေသည်။ ယခုခေတ်တွင် ထိခြင်း ကိုင်ခြင်း၊ တရားပျက်ခြင်းဖြစ်ရန် သံသယ ရှိကြခြင်းကား၊ မသူတော်တို့လှည့်စားခြင်း၊ အသိဉာဏ် နည်းခြင်း ကြောင့်သာ ဖြစ်ပေ၏။ တိုင်းတပါးသို့သွားရန် မတွန့်တိုသော သူတို့သည်၊ တိုင်းတပါးသားတို့၏ အမျိုးမျိုးသော ပေါင်းသင်းဆက်ဆံရေး၊ ဓလေ့ထုံးစံ၊ နည်းနာတို့ကို မြင်သိကြရ၍ မိမိ၏ တိုင်းပြည့်နိုင်ငံနှင့် ဆက်ဆံ ပေါင်းသင်းရေးကို တိုးတက်စေလျက်၊ သတ္တိ ဗျတ္တိ တိုးပွားလာပြီးလျှင် ကောင်းသောနည်းနာကိုလက်ခံ၍ မကောင်းသော နည်းနာ အလေ့အလာကို ပယ်ခြင်းကြောင့် အသုံးတိုးတက် ကြီးပွားခြင်းကို ရရှိကြလေသည်။ ကောင်းပြီ ! ယုတ်ညံ့ ဆိုးဝါးသော မိလက္ခု (=ဇာတ်ညံ့) မှပေါက်ပွား လာသော

ဖြည့်တန်ဆာမတို့နှင့် ပေါင်းဖော် ခြင်းဖြင့် အကျင့်တရား မပျက်ဘဲ၊ တိုင်းတပါးသား လူကြီး လူကောင်း များနှင့် ပေါင်းသင်းဆက်ဆံရာ၌ ထိခြင်း အပြစ်ဒေါသယူဆမလား!!! ဓါဟာ သက်သက် ဦးနှောက် မရှိ သူတို့ ပြောစကား မျှသာဖြစ်သည်၊ ထိုစကား မှန်၏၊ အသား အသွေးနှင့် သေရည် သေရက် သောက်စားသူ တို့၏ ခန္ဓာကိုယ်နှင့် သုက်သွေး တို့သည်၊ မကောင်းသော အနံ့အသက်ဖြင့် မစင်ကြယ် ဖြစ်တတ်သောကြောင့် ထိုကဲ့သို့သော သူတို့နှင့် ဆက်ဆံခြင်းကြောင့် မကောင်းသော အလေ့အကျင့် သက်ဝင်လာတတ်သည်ကား မှန်၏၊ သို့သော် ထိုသူတို့ထံမှ ကောင်းသောလေ့၊ ကောင်းသော ဂုဏ်တို့ကို ခံယူခြင်း၌ ဘာမျှအပြစ်မရှိ၊ လူတို့၏ သေအရက် သောက်စားခြင်း စသော မကောင်းသော စရိုက်တို့ကို ပယ်၍ ကောင်းသော ဂုဏ်တို့ကို ခံယူနည်းခိုးခြင်း၌ ဘာမျှ အကျိုးယုတ်စရာ အကြောင်းမရှိချေ၊ ထိုတိုင်း တပါးသားတို့ကို ကြည့်မြင်ခြင်း၊ ထိကိုင်ခြင်း၌ အပြစ်ဖြစ်သည်ဟု ယူဆ ခဲ့လျှင် ထိုသူတို့နှင့် ဘယ်တော့မှ စစ်မပြိုင်နိုင်ရာ၊ စစ်တိုက်ရာတွင် တဘက်သားတို့ကိုမြင်ရ ကိုင်တွယ်ရမည် မလွဲချေ၊ သူတော်ကောင်းတို့ အဘို့မှာ၊ ရာဂ ဒေါသ၊ မတရားမှု၊ မုသားဆိုခြင်း စသည်တို့ စွန့်ပယ် လျက်၊ ရန်မမူခြင်း၊ ချစ်ခင်ခြင်း၊ ပရဟိတ စသည်တို့ ဆောင်ခြင်းသည် ပင် မြတ်သောအကျင့် ဖြစ်ပေ၏၊ တရားသည် ငါတို့၏ အတ္တနှင့် ဝိညာဉ်ရေး တို့တွင် တည်ရှိနေ၍၊ ငါတို့ ကောင်းမှုကို ပြုနေလျှင် တိုင်းတပါးသို့ သွားလာခြင်းကြောင့် ဘာအပြစ်မျှ မဖြစ်နိုင်ပေရာ၊ အပြစ်ကား မကောင်း မှုကို ပြုမှဖြစ်၏။ ဟုတ်၏၊ ဝေဒ၏တရားကို အမှန်ယူ၍ မှားသော ဘာသာ တရားတို့ကို ပယ်ပစ်ရန် လေ့လာတတ်မြောက် ထားရပေမည်၊ တိုင်း တပါးကို မအုပ်ချုပ်ဘဲ၊ ရောင်းဝယ် ဖောက်ကားခြင်း မပြုဘဲနှင့် မိမိ တိုင်းပြည်ကြီး တိုးတက်ကြီးပွားခြင်း ဘယ်တော့ ဖြစ်နိုင်မလဲ ? တိုင်းရင်းသားတို့သည် မိမိတို့ တိုင်းပြည်တွင်း၌သာ ဆက်ဆံရောင်းဝယ် ဖေါက်ကားကြစဉ်၊ တိုင်းတပါးသားတို့၊ ရို့ တိုင်းပြည်တွင်းသို့ လာရောက် ရောင်းဝယ်ခြင်း အုပ်ချုပ်ခြင်း ပြုနေကြမည် ဆိုပါက၊ ဆင်းရဲနွမ်းပါး ခြင်း အတိဒုက္ခများခြင်းမှ တပါး အခြားတရုံတရာ မဖြစ်နိုင်တော့ချေ၊ ဘာသာရေး ဘန်းပြပြီး ညာစားနေကြသော လူလိမ်လူညာတို့က၊ လူထု အား၊ အတတ်ပညာသင်ပေးခြင်း၊ တိုင်းတပါးသို့ သွားလာရန် အခွင့်

ပေးခြင်း၊ ဖြုမည်ဆိုက၊ လူထုသည် လိမ္မာပါးနပ် လာပြီးလျှင် ငါတို့၏ အလိမ်တည်းဟူသော ပိုက်ကွန်ထွင် မမိတော့ဘဲ၊ ငါတို့ အသက်မွေးမှုနှင့် ဂုဏ်ပုဒ်နိမ့် ပျက်စီးသွားလိမ့်မည် ဆိုတာကို သိကြသောကြောင့် တိုင်းတပါးတို့အား ထိကိုင်ခြင်းနှင့် စားသောက်ခြင်းတို့၌ အတားအဆီး ပေးခြင်းမှာ၊ တိုင်းတပါးသို့ မသွားအောင် ညတ်ဆင်ခြင်းသာ ဖြစ်၏။ ဟုတ်၏။ အသားအသွေးနှင့် အရက်သေစာကို မည်သည့်အခါမှ မစား မသောက်ရာ။ စစ်မြေပြင်၌ မီးဖိုကို သန့်ရှင်းစွာ (မြေညက်)ဖြင့် လိမ်းကျံ၍ ချက်ပြုတ်စားသောက်ခြင်းသည် စစ်ရှုံးခြင်း၏ အကြောင်းရင်း တပါး ဖြစ်သည်ဟု ပညာရှိတို့ ဆုံးဖြတ်ကြသည် မဟုတ်ပါလော ? ခတ္တိယတို့ အဘို့မှာ၊ စစ်မြေပြင်၌ လက်တဖက်ဖြင့် အစာရေစာကို စားသောက်ရင်း၊ မြေချင်, မြင်း, ဆင်တို့ စီးသွားရင်း အခြားလက်တဖက်ဖြင့် ရန်သူတို့ အား တိုက်ခိုက်သတ်ဖြတ် သွားခြင်းသည်ပင်၊ အောင်နိုင်သွားခြင်းသည် ပင် သူခဲကောင်းတို့၏ ကိုယ်ကျင့်တရားဖြစ်၍ စစ်ရှုံးခြင်းကား မတရား ခြင်းဖြစ်သည်။ ဤညတ် မွဲခြင်းဖြင့် ဤသူတို့သည်၊ စဖို (ခုံလောက်) ကို သုတ်သင်ရင်း၊ တားဆီးပိတ်ပင်ရင်း၊ အားလုံးသော လွတ်လပ်မှု၊ ချမ်းသာမှု၊ စီးပွားဥစ္စာ၊ တိုင်းပြည်၊ အတတ်ပညာနှင့် လုံ့လဝိရိယ ကိုပါ၊ ဆေးကြောခါ၊ လက်ပေါ်-လက်တင်ပြီး၊ ထိုင်နေကြတော့သည်။ ထရံတခုရလျှင်ကား ချက်ပြုတ် စားသောက်လိုကြ၏။ သို့သော် အလို မပြည့်ဘဲ၊ အိန္ဒိယတနိုင်ငံလုံးကို ဆေးကြောခါ ဖျက်ဆီးပစ်ကြလေပြီ။ ဤစကားမှန်၏။ ချက်ပြုတ်စားသောက်သော နေရာကို ဆေးကြောသုတ်သင်ခြင်း၊လိမ်းကျံခြင်း၊ တံမြက်မှည်းခြင်း၊ အမှိုက်သရိုက်ကို စွန့်ပစ်ခြင်း မှုချဖြိုရာသည်။ မိုးဆလင်နှင့် ခရစ်ယာန်တို့ကဲ့သို့၊ ညစ်ပတ်သော စဖို ဆောင် လုပ်မထားရာ။

အမေး။ ။ "သခရိ"နှင့် "နိခရိ" ဆိုတာဘာလဲ ?

အဖြေ။ ။ရေစသည်၌ ကောက်ပဲကို ချက်ပြုတ်သော အစာအာဟာရကို "သခရိ"ခေါ်၍ နွားနို့ ထောပတ် စသည်၌ ချက်ပြုတ်သော အစာအာဟာရကို "နိခရိ" ခေါ်သည်။ ဤသည်လည်း လူလိမ်ကြီးတို့၊ စတွင်စီမံချက် ဖြစ်သည်။ နို့ထောပတ် အများကြီးပါတဲ့ အစားအစာဟာ၊ စားရာမှာ အရသာရှိ၍ ဝမ်းတွင်းမှာ

လည်း အခါမျိုးများ ဖြစ်ပွားသောကြောင့်၊ ညှက်ဆင်းခြင်း ရှိသာ ဖြစ်သည်။ ထိုသို့ မဟုတ်ပါမူကား၊ မိုး ထို့မဟုတ် အခါ ကာလအားလျော်စွာ ရင့်ကျက်သော အစာသည် အကျက်ဖြစ်၍၊ ဘိုသို့မကျက်သော အစာသည် အစိမ်းဖြစ်၏။ အကျက်သာစား၊ အစိမ်းမစားရ ဆိုခြင်းလည်း နေရာဌာနတိုင်း၌ မလျော်ပါ။ အကြောင်းကို ဆိုရသော်, ကုလားပဲ စသည်ကို အစိမ်းလည်း စားအပ်သောကြောင့်ပေတည်း။

အမေး။ ။ပုဏ္ဏားတို့သည် မိမိလက်ဖြင့် ချက်စားရမလား ? သို့မဟုတ် ဇာတ်နိမ့်သူတို့ ချက်သော အစာကို စားရမလား ?

အဖြေ။ ။ဇာတ်ညံ့ချက်သည်ကို စားရမည်။ အကြောင်းကား ပုဏ္ဏား, ခတ္တိယ, ဝေသ, ဇာတ်ဝင်ယောကျ်ား မိန်းမတို့မှာ၊ အတတ်ပညာ သင်ပေးခြင်း၊ တိုင်းပြည့်အုပ်ချုပ်ခြင်း၊ ကျွဲ နွားတို့ကို မွေးမြူခြင်း၊ ကုန်ကူးခြင်း၊ လယ်ယာလုပ်ခြင်းတို့၌ သက်ဝင်နေရာသည်။ ဇာတ်နိမ့်သူတို့ အိုးခွက်နှင့် ၎င်းတို့အိမ်တွင် ချက်သော အစားအစာတို့ကို၊ ဥပါဒ်အန္တရာယ် ကျရောက်သော အခါမှတပါး အခြားအခါကာလတို့၌ မစားအပ်ကြောင်းသာဓကို နားထောင်ပါဦး—

အာယာ်ာမိဿိတာဝါ သူဒြါး သံသ္ကတ္တာရးသျုး။
(အာပဿမ္ဗဓမ်သူတြ၊ ပြပါဌကႉ ၂။ ပဋလ–၂၊ ခံႉ ၂၊ သူႉ ၄။)

ဤကား အာပထမ္ဗ၏ သုတ်ဖြစ်သည်၊ အရိယာတို့အိမ်တွင် သုဒ္ဒ (ဝါ) ညှက်မွဲသော ယောကျ်ား မိန်းမများ၊ ချက်ပြုတ်လုပ်ကိုင်ရာသည်။ သို့သော် ထိုသူတို့သည်၊ ခန္ဓာကိုယ်နှင့် အဝတ်ကို သန့်သန့် ပြန့်ပြန့်ထားရာသည်၊ အရိယာတို့အိမ်တွင် ထမင်းချက်သောအခါ၊ ပါးစပ်ကို ပိတ်၍ ချက်ရာသည်၊ အကြောင်းကား ၎င်းတို့၏ ပါးစပ်မှ ထွက်သော တံတွေးနှင့် လေသည် အစားအစာ၌ မကျရ။ ရှစ်ရက်မြောက်တွင် ဆံ မုတ်ဆိတ်ရိတ်ခြင်း လက်သည်းလှီးခြင်းပြုရာသည်၊ ရေချိုးပြီးမှ ချက်ပြုတ်ရာသည်၊ အရိယာတို့ကို ကျွေးပြီးမှ မိမိစားရာသည်။

အမေး။ ။ဇာတ်ညွှန့်ကို လက်ဖြင့်ထိသော ကျက်ပြီးသော အစာကို စားရာ၌ အပြစ်ရှိခဲ့လျှင် ၎င်းတို့လက်ဖြင့် ချက်ပြုတ်သော အစာကို ဘယ်လို စားနိုင်မလဲ ?

အဖြေ။ ။ဒီစကားဟာ၊ မုခမင္ဂလဒီပနီ (=ထင်ရာပြောသော အလကား စကား)မျှဖြစ်၍ မမှန်ပါ။ အကြောင်းသော်ကား၊ သကာ၊ သကြား၊ ထောပတ်၊ နို့၊ ဂျုံမှုန့်၊ ဟင်းရွက်၊ သစ်သီး၊ သစ်ဥကို စားသုံးသမျှသော သူတို့သည်၊ တလောကလုံး၏ လက်ဖြင့် ချက်အပ်သော မသန့်စင်သော အစာကို စားပြီးသား ဖြစ်လေပြီ။ အကြောင်းကား၊ ဇာတ်ညွှန့်၊ သားရေနယ်သမား၊ မယ်တယ်ကုလား၊ မိဆလင်၊ ခရစ်ယာန်စသော သူတို့သည်၊ လယ်ထဲမှ ကြံပင်ကို ခုတ်ဖြတ်သိုးနွား၌၊ ကြိတ်၍ အရည်ကို ထုတ်ယူကြသည်၊ ကျင်ကြီး ကျင်ငယ်ဖြင့် ရောပွမ်း ထိကိုင်သော လက်တို့ကို မဆေးကြောဘဲ၊ ကိုင်တွယ်ချိမလျက်၊ တချို့ တဝက် သောက်ပြီးသော ကြံရည်ကို လောင်းထည့်ကြလေသည်။ ကြံရည်ကို ချက်ပြုတ်စဉ် အခါ၌၊ ထိုအရည်တွင် မှိုများလည်း ထည့်လုပ်စားကြသည်။ သကြားချက်လုပ်သော အခါ၊ ကျင်ကြီး ကျင်ငယ် နောက်ချေး၊ မြေမှုန့်ကပ်နေသော ဘိနပ်ဖြင့် နင်းနယ်ကြိတ်ချေခြင်းလည်း ပြုကြသည် နွားနို့၌ ဗိမိဇ္ဇိမ်ရှိ မသန့်သော ရေအိုးမှ ရေကိုလည်း လောင်းထည့်ကြသည် ထိုကဲ့သို့သော အိုးခွက်တို့တွင် ထောပတ် စသည်ကိုလည်း ထည့်ထားကြသည်၊ ဂျုံမှုန့်ကြိတ်သောအခါ၊ ထိုမသန့်စင်သော လက်ဖြင့် ကိုင်တွယ်ခြင်း ပြုကြ၍ ချွေးစက် ချွေးပေါက်များလည်း ထိုဂျုံမှုန့် ထဲသို့ ကျရောက် လေသည်။ ထို့အတူ သစ်သီး သစ်ဥတို့ မှာလည်း ဒီအတိုင်းပင် ဖြစ်လေသည်၊ အဆိုပါ အရာဝတ္ထု တို့ကို စားသုံးသူးက အားလုံးသော သူတို့လက်မှ စားပြီးပြီဟု အောက်မေ့ရာသည်။

အမေး။ ။အသီး၊အဥ၊ အဖုနှင့် အရည်တို့နှ၌ မဖြင် (=ဒိဋ္ဌမဟုတ်)လျှင်၊ အပြစ်မရှိ မဟုတ်ဘူးလား ?

အမေဖြေ။ ။အောင်မယ်! တယ်ဟုတ်ပါလား!! မှန်၏၊ ဒီလိုသာ အဖြေ
မပေးရင်၊ မြေမှုန့်၊ မီးရို ပြာမှုန့်ကို စားနေမလား။ သကာ၊
သကြားတို့ဟာ ချိုတယ်၊ နို့ထောပတ် တို့ဟာ အားတိုးစေ
တယ် ဓါ့ကြောင့် ပရိယာယ် လုပ်ရတာပေါ့။ ကောင်းပြီ'
မျက်စိနှင့် မမြင်ရရင်၊ အပြစ်မရှိဘူး ဆိုရင်၊ မယ်တယ်နှင့်
မူဆလင်က၊ ထမြားနေရာမှာ၊ မိမိလက်နှင့် ချက်ပြုတ် ယူလာ
ခဲ့ရင်၊ ခင်ဗျားစားမလား မစားဘူးလား? မစားဘူးလို့ ဆိုခဲ့
ရင်၊ မမြင်ရာမှာလဲ အပြစ်ရှိတယ် မဟုတ်လား။ ထိုစကား
မှန်၏။ မူဆလင် ခရစ်ယာန်စသော အရက်သောက် အသား
စား သူတို့လက်မှ စားခဲ့လျှင်၊ အရိယတို့ကိုလည်း ထိုအရက်
အသား စသော အစာရေစာတို့ကြောင့် ဖြစ်သော အပြစ်
သည် နောက်မှ လိုက်လာတတ်သည်၊ ထို့သော် အရိယတို့
အချင်းချင်း အစာတမျိုးတည်း စားရာ၌ အပြစ် မမြင်ပါ။
စိတ်သဘောချင်း မတူသေး၍၊ အရှုံးအမြတ် ချမ်းသာ ဆင်းရဲ
တို့၌၊ တူမျှစွာ ခံစံလိုသော စိတ်ထား မရှိသေး၍ကာလပတ်
လုံး၊ လူတမျိုး ကြီးပွား တိုးတက်တို့ရန် အလွန် ခဲယဉ်း၏။
ထို့သော် အစားအသောက် တခုတည်း တူမျှရုံနှင့် တိုးတက်
ခြင်း မဖြစ်နိုင်သေး၊ မကောင်းသော အကျင့်အာစာရကိုပယ်
၍ ကောင်းသော အကျင့်ကို မကျင့်ပါက၊ တိုးတက်မည့်
အစား၊ ဆုတ်ယုတ်ခြင်းသာ ဖြစ်ပေလိမ့်မည်။ တိုင်းတပါး
သားတို့ အိန္ဒိယနိုင်ငံကို အုပ်စိုးခြင်း အကြောင်းရင်းမှာလည်း
အချင်းချင်း မညီညွတ်မှု၊ သဘော ကွဲလွဲမှု၊ ဗြဟ္မစရိယကို
မကျင့်မှု၊ အတတ်ပညာမသင်မှု၊ သင်မပေးမှု၊ အရွယ် မရောက်
ခင်က လက်ထပ်မှု၊ အာရုံငါးပါးကို လိုက်စားမှု၊ မုသား
စသော ဒုစရိုက်၊ ဝေဒပညာ မပြန့်ပွားမှု စသော မကောင်း
မှုများ ဖြစ်၏။ ညီအစ်ကိုချင်း မိုက်ရန် ဖြစ်သော အခါ၊
သုံးယောက်မြောက် (တခြားတိုင်းတပါးသား)က လာရောက်
၍ ခိုသမားမိ လုပ်လာ၏။ သင်တို့သည် လွန်ခဲ့သော နှစ်ပေါင်း
ငါးထောင်က ဖြစ်ပွားခဲ့သော မဟာဘာရတ— စစ်ပွဲကြီး
အကြောင်းကို မေ့ကုန်ကြပြီလား? မဟာဘာရတ စစ်ပွဲ

၌ အားလုံးသော သူကို့သည့်၊ မိမိတို့ ယာဉ်များ ပေါ်တွင် စားကြသောက်ကြလေသည့်အချင်းချင်းမညီညွတ်မှုကြောင့်၊ ကောရဗ္ဗ၊ ပဏ္ဍဝ၊ ယာဒဝ အမျိုးအနွယ်များ ပျက်စီးကုန်ကြရလေပြီ။ ယခုတိုင်လည်း ထိုမညီညွတ်မှုသည် နောက်မှ တကောက်ကောက် လိုက်နေသေး၏။ ဤမညီညွတ်မှုတည်းဟူသော ဘီလူးကြီးသည်၊ ဘယ်အထိ လိုက်နေအုံး မှာလဲ? သို့မဟုတ်, အရိယာတို့အား၊ အားလုံးသော ချမ်းသာစည်းစိမ်တို့မှ၊ ခွဲခွါထုတ်၊ ဆင်းရဲခြင်း တည်းဟူသော သမုဒ္ဒရာထဲမှာ၊ နှစ်မြှုပ် သတ်ပစ်အုံးမှာလား ? ထိုမိုက်မဲသော ဒုယောဓနမင်း၊ အနွယ်အဆက်ကို သတ်ဖြတ်သူ၊ အမိ တိုင်းပြည်ကို ဆုံးရှုံးစေခဲ့သူ၊ လူယုတ်မာ၏ လမ်းကို အရိယာတို့ ယခုတိုင် လိုက်ခါ၊ ဆင်းရဲကို ပွားအောင် ပြုနေကြသေး၏။ ဤနိုင်ငံရေး ရောဂါကြီးသည် ငါတို့အရိယ လူမျိုးတို့မှ ကင်းစင်ပျောက်ပျက်စေရန် ဘုရားသခင် မစတော်မူပါ။ စားအပ်, မစားအပ်သော အစာအာဟာရမှာ၊ တရားကျမ်းစာ အလို အားဖြင့် တမျိုး၊ ဆေးကျမ်း အလို အားဖြင့် တမျိုး၊ ပေါင်း နှစ်မျိုး နှစ်စားရှိပေသည်။ တရားကျမ်းစာ အလိုမှာ—

အဘက္ချာဏိ ဒွိဇာတီနာမ မေဓ္ဓပြဘဝါဏိ စ။ (မနု·၅၊၅။)

"ဒွိဇ"ဖြာပဏ္ဍာ ခတ္တိယ၊ဝေဿ၊သုဒ္ဒတို့သည်၊ မသန့်သော ကျင်ကြီးကျင်ငယ် စသည်နှင့်ရောနှော ပေါက်ရောက် လာသော ဟင်းရွက်၊ ဟင်းသီး၊ သစ်ဥတို့ကို မစားရာ။

ဝဇ္ဇယေန မဓုမံသံစ။ (မနု· ၂၊ ၁၇၇။)

အထူးထူး အပြားပြားသော ဘိန်း၊ဘင်း၊ကဇော်၊စသောသူရာစသည်။

ဗုဒ္ဓိံ လုမ္ပတိယဒ္ဒြဗျံ မဒကာရီ တဒုစ္စတေ။
(သာရင်္ဂဓရ၊ အ· ၄၊ ဂါထာ· ၂၁။)

ဉာဏ်ကို ထိုင်းစေတတ်သော အရာဝတ္ထု ဟူသမျှကို ဘယ်ခါမဆို ရှောင်ရှားရာသည်။ ပုပ်သိုး၍ မကောင်းသော အနံ့အသက်တို့ဖြင့် ထုံအပ်သော ကောက်ပဲ စပါး ဆန်၊ ကောင်းစွာမချက်၊ မကျက်သောအစာ၊

အရက်အသားကို အမြဲသောက်စား၍ ထိုအရက်အသား၏ အစွမ်းဖြင့် ဖြည့်နှက်နေသော ခန္ဓာကိုယ်ရှိသည့် တောင်သူမိလက္ခာတို့ထက်မှ အစား အစာကိုလည်းမစားရ၊ ကျေးဇူးများစေသော တိရစ္ဆာန်တို့ကို သတ်ဖြတ်ခြင်း, အကျယ်ကိုဆိုရလျှင်၊ နွားမတကောင်၏ ကိုယ်ခန္ဓာမှ နို့ထောပတ်၊ နွားလား နွားမများပေါက်ပွားသောကြောင့် တဆက်တွင် -၄၇၅၆၀၀-သော လူတို့အား ချမ်းသာသုခကို ပေးတတ်သည်။ ဤကဲ့သို့သော သားတိရစ္ဆာန်တို့ကို မသတ်အပ်၊ မသတ်စေရာ၊ တနည်း ဥပမာ-တချို့ နွားမမှာ တနေ့လျှင် ဆီယာ -၂၀- နို့ထွက်၏၊ တချို့မှာ ၂- ဆီယာ ထွက်၏၊ ဖျမ်းမျှကြားနှင့်ဆိုလျှင်၊ နွားမတကောင်မှာ တနေ့လျှင် ၁၁-ဆီယာ နို့ထွက်၏။ တချို့သည် ၁၈-လ၊ တချို့သည် ၆-လ အထိ နို့ကိုပေး၏။ ဖျမ်းမျှကြား တွက်လိုက်လျှင် ၁၂-လ နို့ပေး၏။ ဤနည်းဖြင့် နွားမတကောင် တသက်ပေးသော နို့ဖြင့်၊ ၂၄၉၆၀-သော လူများ တကြိမ်တည်းတွင် ရောင့်ရဲနိုင်လေသည်။ နွားမတကောင်လျှင် နွားမကလေး ၆-ကောင်နှင့် အထီးကလေး ၆-ကောင်မွေး၏၊ ထိုတွင် ၂-ကောင် သေသွားအုံးတော့၊ ၁၀-ကောင် ကျန်သေးသည်။ ထိုသားသမီးတို့တွင် နွားမကလေး ငါးကောင်၏ တသက်လုံးပေးသော နို့ချိုဖြင့် လူပေါင်း ၁၂၄၈၀၀-သော လူများသောက်စား ရောင့်ရဲနိုင်လေသည်။ ကျန်သော နွားထီးငါးကောင်သည်၊ တသက်တွင် ကောက်ပဲအချိန် (မောင်း-၅၀၀၀) ထက်မနဲ ဖြစ်ပွားစေနိုင်လေသည်။ ထိုကောက်ပဲ (ဆန်)ကို လူတယောက်လျှင်၊ ၂-ပေါင်စီ စားအုံးတော့၊ လူနှစ်သိန်းခွဲ ရောင့်ရဲနိုင်လေသည်။ နို့နှင့် ကောက်ပဲ ဆန်ရေကို ပေါင်းလိုက်လျှင်၊ ၃၇၄၈၀၀-သော လူတို့ ရောင့်ရဲတင်းတိမ်နိုင်လေသည်။ ၂-ခုပေါင်း၍ နွားမတကောင်၏ တဆက်တွင်၊ ၄၇၅၆၀၀-သော လူများ တကြိမ် စားသုံးတင်းတိမ်ရလေသည်။ တဆက်ပြီးတဆက် တွက်ကြည့်မည် ဆိုပါက၊ မရေမတွက်နိုင်သော လူသတ္တဝါများ စားသောက် ဝပြောနိုင်လေသည်။ သည့်မှ တပါးလည်း နွားထီးသည်၊ လှည်းကို ဆွဲဆောင်ခြင်း အလုပ်ဖြင့် လူတို့၏ ကျေးဇူးရှင်ကြီး ဖြစ်လေသည်။ နွားမသည် နို့အရာ၌ ကျေးဇူးရှင်ကြီး ဖြစ်သည်။ နွားထီးသည် ကျေးဇူးရှိသလိုပင် ကျွဲထီးများလည်း ကျေးဇူးရှိလေသည်။ သို့သော်, နွားနို့ ထောပတ်ဖြင့် ဉာဏ် (ဦးနှောက်)ကောင်းစေသလောက်၊ ကျွဲနို့ဖြင့် မကောင်းပေ။ ထို့ကြောင့် အရိယတို့သည်၊ နွားမကိုပင်၊ ပဓာန

ကျေးဇူးရှင်အဖြစ် ရေတွက် သတ်မှတ်ခဲ့ကြလေသည်။ အခြားပညာရှိတို့လည်း၊ ဤအတိုင်းပင် သိရှိကြပေလိမ့်မည်။ ဆိတ်မ၏ နို့ဖြင့်လည်း ၂၅ ၊ ၂၀- သော လူတို့ကို မွေးကျွေးနိုင်သည်၊ ထို့အတူ ဆင်, မြင်း, ကုလားအုတ်, သိုး, လား စသည်တို့ဖြင့်လည်း ကျေးဇူး ဥပကာရ ဖြစ်လေသည်။ ဆိုခဲ့သော သားတိရစ္ဆာန်တို့အား သတ်ဖြတ်သူတို့သည် လူအားလုံးကို သတ်ဖြတ်သည်မည်၏။ ကြည့်ပါ ! အရိယာတို့ အရပ်ပိုး စဉ်က ကျေးဇူး အထူးများသော နွားမစသည့် တိရစ္ဆာန်တို့ကို မသတ်ဖြတ်ရပေ။ ထိုစဉ်အခါက၊ အိန္ဒိယနှင့် အခြားတိုင်းပြည် နိုင်ငံတို့တွင်၊ လူတို့သည် ချမ်းသာအေးမြစွာနှင့် နေထိုင်ကြရလေသည်၊ အကြောင်းကား၊ နို့ သောပတ် နွားလားစသော တိရစ္ဆာန် ပေါများသောကြောင့် စပါး ဆန်ရေ များပြားစွာ ဖြစ်ပွားလေသည်။ တိုင်းတပါးသား၊ အသားစား တို့ ဤတိုင်းပြည်သို့ ရောက်လာကြပြီးလျှင် နွားမစသည်ကို သတ်ဖြတ် စားသောက် သေအရက်သောက်သူတို့ ပိုးမိုးအုပ်ချုပ်လာစဉ်က အစ ပြု၍ အစဉ်အတိုင်း အရိယာတို့ ဆင်းရဲဒုက္ခ တိုးတက်လာလေတော့သည်၊ အဘယ့်ကြောင့်ဆိုသော်—

နဒေ့ဇူ မူလေ နဲ၀ ဖလံ နပုဿမ်း။ (စာဏကျ၊ အ· ၁၀၊ ၁၃။)

သစ်ပင်၏ ရေသောက်မြစ်ကို ဖြတ်တောက်လိုက်က၊ အသီး အပွင့် ဘယ်ကဖြစ်လာတော့မှာလဲ။

အမေး။ ။ဘလူမှ မသတ်ဖြတ်တော့ဘူးဆိုရင်၊ ကျားစသော သားရဲ တိရစ္ဆာန်များ တိုးပွားခါ၊ နွားမ စသည်ကို ဘမ်းစားပေလိမ့်မည်။ သင်တို့၏ လုံးပမ်းမှု အချည်းနှီး ဖြစ်သွားမည် မဟုတ်ဘူးလား ?

အဖြေ။ ။ဤသည်ကား မင်း သူရဲကောင်းတို့ ဝတ္တရားဖြစ်၍၊ အကျိုး ယုတ်စေတတ်သော တိရစ္ဆာန်နှင့် လူဆိုး လူမိုက် တို့ကို အပြစ်ပေး၊ သတ်ဖြတ် စီရင်ကြပေလိမ့်မည်။

အမေး။ ။ဒါလိုဆိုရင် အသားကို လွှင့်ပစ်ရမလား ?

အဖြေ။ ။လွှင့်ပစ်လိုက ပစ်စေ၊ သို့မဟုတ် ခွေး စသော အသားစား တိရစ္ဆာန်တို့ကို ကျွေးစေ၊ သို့မဟုတ် အသားစား သောလူ

တရုံတယောက် စားမည့် ဆိုကလည်း လောကကို မနှစ်နာ စေနိုင်ရာ၊ သို့သော် ထိုလူ၏ သဘောသဘာဝသည် အသား စားပြီး၊ သတ်ဖြတ်တတ်သောသူ ဖြစ်နိုင်သည်။ သတ်ဖြတ် ခိုးဝှက် လိမ်လည်ခြင်းဖြင့် ရသော အရာဝတ္ထုတို့ကို စားသုံး သမျှသည် မစားအပ်သော အစာဖြစ်၍ မသတ် မဖြတ်ဘဲ တရားသဖြင့် ရအပ်သော အရာဝတ္ထု တို့ကို စားသုံးသမျှ သည် စားအပ်သော အစာ ဖြစ်သည်။ အကြွင်အရာဝတ္ထုဖြင့် ကျန်းမာရေး၊ ရောဂါပျောက်ကင်းရေး၊ သတ္တိ ဖျတ္တိတိုးပွား ရေး၊ အသက်ရှည်ရေးကို ဖြစ်စေတတ်သော ကောက်ပဲ ဆန် စသည်၊ သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ နို့၊ ထောပတ်၊ အချိုစသည် တို့ကို အဆိုက်အလျောက် ချက်ပြုတ် မွည့်ရင့်အောင် ပြုပြီး၊ အခါအားလျော်စွာ ဆင်ခြင် တိုင်းထွာ စားသောက်ပါက၊ အားလုံးပင် စားအပ်သော အစားအစာတွေ ဖြစ်ပေ၏။ မိမိ၏ ဓာတ်သဘာဝနှင့် ဆန့်ကျင်သော အရာအားလုံးကို ပယ်စွန့် ခြင်းနှင့် လျော်ကန်သော အရာဟူသမျှကို စားသောက်ခြင်း သည် စားအပ်သော အစာဖြစ်၏။

အမေး။ ။အတူတကွ စားသောက်ရာ၌ အပြစ်ရှိ မရှိ ?

အဖြေ။ ။အပြစ်ရှိပါသည်၊ အကြောင်းကား တယောက်နှင့်တယောက် သည် စိတ်သဘောချင်း ဓာတ်သဘာဝချင်း တူသည်မဟုတ် ပေ။ နူနာ စသော ကူးစက်တတ်သော ရောဂါရှိသူနှင့် အတူ စားခဲ့လျှင် လူကောင်း၏ သွေးလည်း ပျက်စီး တတ်သော ကြောင့်၊ အခြားသော သူများနှင့် အတူ စားသောက် ရာ၌ အကျိုး ယုတ်ခြင်းသာ ဖြစ်၍၊ အကျိုး ထူးသည် မရှိချေ။ ထို့ကြောင့်—

နောစ္ဆိဋ္ဌံ ကဿစိ ဒဒျာန္နာဒျာစ္စဲဝ တထာန္တရာ၊ န စဲဝါတျ ရှနံ ကုယ်ျာန္န စောစ္ဆိဋ္ဌ ကွစိဒ္ဗြဇေတ်။ (မနု။ ၂၅၆။)

မည်သူ့ကိုမျှ မိမိ၏ စားကြွင်းကို မပေးရာ၊ တယောက်ယောက်စား သောက်သည့် အထဲတွင် မိမိဝင်မစားရာ၊ ပို၍လည်း မစားရာ၊ ထမင်း စားပြီးနောက် လက် ပါးစပ်ကို မဆေးကြောဘဲ၊ ဟိုဟိုဒီဒီမသွားရာ။

[illegible]မေး။ ။"ဂုရောရုန္တိသွာ ဘောဇနမ်၊" ဆိုသော ဝါကျ၏ အနက် ဘာလဲ ?

[illegible]ဖြေ။ ။ဤဝါကျ၏ အနက်ကား၊ ဆရာစားပြီးသည့်နောက် သိုးသန့်ထားရှိသော ထမင်းဟင်းကို တပည့်ကနောက်မှစားရာသည် ဟု ဆိုလိုသည်၊ တနည်း၊ဆရာကိုကျွေးပြီးမှ၊ တပည့်နောက်မှ စားရမည် ဆိုခြင်းဖြစ်သည်။

[illegible]မေး။ ။အကယ်၍ "စားကြွင်း"ကို မစားအပ်ဆိုခဲ့လျှင်၊ ပျားကောင်တို့၏ စားကြွင်းဖြစ်သော ပျားရည်၊ နွားကလေး၏စားကြွင်းဖြစ်သော နို့နှင့် လူသည် ပထမ ထမင်းတလုပ် နှိုက်စားပြီးနောက် ကျန်နေသော ထမင်းလည်း စားကြွင်းပင်ဖြစ်၍ နောက်ထပ် မစားသင့်ပေ။

[illegible]ဖြေ။ ။ပျားရည်သည် အမည်မျှသာ စားကြွင်းဖြစ်သည်၊ သို့သော် ဆေးဝါးတို့၏ရသာရည်ဖြစ်၍ သုံးဆောင်အပ်သော အရာဖြစ်သည် နို့သည်လည်း နွားကလေးသည် အဖြင်ပသို့ စီးယိုထွက်လာသော နို့ကိုသာ ရိုသည်၊ နို့သီး နို့အုံတွင်း၌ နို့ကို ရှိနိုင်သည် မဟုတ်သောကြောင့် နို့သည် စားကြွင်း မဟုတ်ပေ။ သို့သော် နွားကလေး နို့ပြီးနောက် နို့အုံ နို့သီးကို ရေဖြင့် ဆေးကြောပြီးလျှင် သန့်ပြန့်သော ဒိုးခွက်တွင် ညှစ်ယူသင့်၏၊ ထို့ပြင် တချက်မှာလည်း မိမိ၏ စားကြွင်းသည် မိမိအား ဖေါက်ပြန်စေခြင်း မပြုပေ။ ကြည့်ပါ ! ဓမ္မတာသဘောအားဖြင့် အခြားသူ၏ စားကြွင်းကို မည်သူမျှ မစားရာ၊ ဥပမာ ဆိုသော်၊ မိမိ၏ ပါးစပ်၊ နှာခေါင်း၊ နား၊ မျက်စိ၊ ဝမ်း၊ အင်္ဂါစာတ်တို့မှ ယိုထွက်သော ကျင်ကြီး ကျင်ငယ်တို့ကို ထိကိုင်ရာ၌ မရွံ့ရှာကြဘဲ၊ တခြားသူတို့၏ ကျင်ကြီး ကျင်ငယ်ကိုကား ရွံရှာစက်ဆုပ်ခြင်း ဖြစ်လေ့ရှိလေသည်၊ သို့ဖြစ်၍ ဤစက်ဆုပ်ခြင်း မစက်ဆုပ်ခြင်း သဘောတရားသည်၊ လောကဓလေ့နှင့် ဆန့်ကျင်သည် မဟုတ်သည့်မှာ၊ ထင်ရှား၏၊ ထို့ဖြစ်သောကြောင့် အခြားတစုံတယောက်သောသူ၏ စားကြွင်းကို မစားအပ်။

အမေး။ ။ကောင်းပြီ ! လင်မယားပင် စားကြွင်း မစားအပ်ဘူးလား ?

အဖြေ။ ။မစားအပ်ပါ။ အကြောင်းကား၊ သူတို့၏ ခန္ဓာကိုယ် သဘာဝ
လည်း တခြားစီဖြစ်သည်။

အမေး။ ။ပြောစမ်းပါခင်ဗျား ! လူမှန်သမျှ၏လက်ဖြင့် ချက်ပြုတ်သော
အစာကို စားရာမှာ၊ ဘာအပြစ်ရှိသလဲ ? အကြောင်းကား
ဗြာဟ္မဏ (ပုဏ္ဏား) က အစပြု၍ စဏ္ဍာလအဆုံး၊ အားလုံး
သော သူတို့ကိုယ်တွင် အရိုး အသား အရေ ရှိကြသည်။
ပုဏ္ဏား၏ ကိုယ်တွင်ရှိသော သွေးလိုပင် စဏ္ဍာလကိုယ်မှာ
လည်းရှိသည်။ ဒီလိုဆိုရင် လူမှန်သမျှ ချက်သော အစာကို
စားရာ၌ ဘာအပြစ် ရှိအုံးမှာလဲ ?

အဖြေ။ ။အပြစ်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော်, မြင့်စင်မြင့်မြတ်
သော အစာအာဟာရကို စားသုံးခြင်းကြောင့် ပုဏ္ဏားပုဏ္ဏေးမ
တို့၏ ကိုယ်တွင် မကောင်းသော အနံ့အသက် ထည်းဟူသော
အပြစ်မှကင်းသော သုက်သွေးများ ဖြစ်ပွားသလို၊ စဏ္ဍာလ
နှင့် စဏ္ဍာလမိန်းမတို့မှာ မရှိပေ။ စဏ္ဍာလ၏ ကိုယ်ခန္ဓာသည်
မစင်ကြယ်သော အကာရမြိုဖြင့် ပြည့်နှက်နေ၍ ပုဏ္ဏားတို့
ကိုယ်မှာကား မရှိလေသောကြောင့် ပုဏ္ဏားစသော မြတ်သော
အမျိုးဝင်တို့ လက်မှစား၍၊ စဏ္ဍာလစသော ယုတ်ညံ့သော
မယ်တယ်, သားရေနယ်သမား စသည်တို့ လက်မှမစားရာ။
ကောင်းပြီ ! အရေဖြင့် ဖုံးလွှမ်းသော ခန္ဓာကိုယ်သည်၊ အမိ၊
ယောက္ခမ (အမ)၊ နှမ၊ ထွေး၊ ချွေးမတို့မှာ ရှိသကဲ့သို့ပင်၊ မိမိ၏
မယားမှာလည်း ရှိသည်ဟု သင့်အား တစုံတယောက်က
မေးငြားအံ့၊ ဒီလိုဆိုရင်၊ သင်ဟာ အမိစသော မိန်းမတို့ကို
လည်း၊ ကိုယ်မယားလိုဘဲ၊ ကျင့်ကြံဆက်ဆွယ်မှာလား ?
ဒီလိုမေးလာ ပြောလာရင်၊ သင်ဟာ ရှက်ပြီး၊ တိတ်တိတ်နေ
မှာဘဲ။ တနည်း ဥပမာပြရလျှင်၊ မွှန်မြတ်သော အစားအစာကို
လက် ပါးစပ်ဖြင့် စားအပ်သလို မကောင်းသော အစာကို
လည်း စားအပ်သည်ဟုဆိုလျှင်၊ သင်သည် အညစ်အကြေးကို
လည်း စားမလား။ ဘယ့်နှယ်လဲ ဒီလိုလုပ်လဲ ရှိအုံးမှာလား ?

အမေး။ ။ခွားချေး (နောက်ချေး) ဖြင့် စမိုကို လိမ်းကျံလျှင်၊ မိမိ၏ ချေးဖြင့် ဘာ့ကြောင့် မလိမ်းကျံသလဲ ? ခွားချေး စမိုသဲ ရောက်သျှင် စမို (မီးမို) သည် ဘာ့ကြောင့် မစင်ကြယ် ဖြစ်မသွားလဲ ?

အဖြေ။ ။ခွားချေးသည် လူ့ချေးလောက် မနံစော်၊ နောက်ချေးသည် စည်းကပ်ပျော့ပြောင်းသဖြင့် ရှပ်တရက် ကွာကျခြင်းမဖြစ်။ အဝတ်အထည်ကိုလည်း ညစ်ပတ်ပေတေစေခြင်းမရှိ၊ မြေကြီး မြေမှုန့်ဖြင့် ညစ်ပတ်ပေရေသလို၊ ခွားချေးခြောက်ဖြင့် မပေ ရေပေ။ ခွားချေးနှင့် မြေညက်လိမ်းကျံသော နေရာသည်၊ ကြည့်၍လည်းကောင်းသည်။ ချက်သောနေရာ၌ စားသောက် ခြင်းကြောင့် ထောပတ်၊ အချို စားကြွင်းများလည်း ကျ၍ ညစ်ပတ်သောကြောင့်၊ ယင်ကောင် ပိုးမွှား စသည် လာကြ သည်။ ထိုချက်ပြုတ်စားသောက်ရာ နေရာကို၊ တံမြက်လှည်း ခြင်း လိမ်းကျံခြင်း မပြုပါက၊ နောက်ဖေး အိမ်သာ သဘွယ် ဖြစ်နေပေလိမ့်မည်။ ဒါ့ကြောင့် နေ့စဉ် နေ့တိုင်း မြေညက်၊ နောက်ချေး၊ တံမြက်စည်း လှည်းခြင်းဖြင့် သန့်ပြန့်အောင်ပြု ရသည်။ အကယ်၍ အရှဲတိုက် သမံတလင်းဆိုပါက၊ ရေဖြင့် ဆေးကြော သုတ်သင် ရသည်။ ဤသို့ ပြုခြင်းဖြင့် ဖြစ်ခဲ့သော အဖြစ်ဒေါသများ ကင်းစင်သွားလေသည်။ ဥပမာ–"မိယံကျီ" မှူဆလင် လူကြီးမင်း၏ စမိုတွင် မီးသွေး၊ မီးမိုဖြာ၊ ထင်း၊ အိုးကွဲ၊ မစင်ကြယ်သော (မဆေးကြောသော) ပန်းကန်ပြား၊ အမဲရိုး၊ ခြေထောက်ရိုးများ ဟိုဟိုဒီဒီ ကြဲပြန့် ရှိနေကြသည်။ ယင်ကောင်တွေကတော့၊ ပြောစရာမလိုတော့ပါဘူး။ အကယ် ၍ လူကြီး လူကောင်း တယောက် ဝင်ထိုင်မည် ဆိုက၊ နေမ ကောင်း ဖြစ်လာနိုင် လောက်အောင် အမြင် ဆိုးလှသည်။ မကောင်းသော အနံ့အသက်ဖြင့် ထုံသော နေရာလိုပင် ထင်ရ လေသည်။ "သင်သည် နောက်ချေးဖြင့် စမိုကို သုတ်လိမ်း ရာ၌ အမြစ်မြင်ခဲ့လျှင်၊ မီးမိုတွင် နောက်ချေးခြောက်ကို မီးရှို့ ခြင်း၊ ထိုမီးဖြင့် တမာကူ (ဟုတ်ကာ) သောက်ခြင်း၊ အိမ်နံရံ

၌ လိမ်းကျံခြင်း စသည်ဖြင့် မှုဆလင်လူကြီး၏ စေ့ (မီးရှို) လည်း ပျက်စီးသွားမည်မှာ မလွဲချေ"။

အမေး။ ။စမိုတွင် ထိုင်၍ စားရမလား၊ အမြင့်ပမှာ စားရမလား ?

အဖြေ။ ။နှစ်လိုဘွယ် ကောင်းသော နေရာမှာ စားရသည်။ ထိုသော် အရေးကြီးသော စစ်မြေပြင်မှာကား၊ မြင်းစသော စီးတော် ယာဉ်ပေါ်တွင်ငှင်း၊လမ်းသွားရင်းပင် စားရသည်။

အမေး။ ။မိမိလက်မှသာ စားရမလား၊ သူတပါးလက်မှလည်း စားရ မလား ?

အဖြေ။ ။အရိယာတို့၌ သန့်ရှင်းသောနည်းဖြင့် ချက်ပြုတ်မည်ဆိုပါက၊ အားလုံးသော အရိယာတို့နှင့်အတူ စားသော်လည်း အကျိုး မယုတ်ပါ။ အကြောင်းကား ပုဏ္ဏား စသော ဇာတ်ဝင် တို့သည် ထမင်းချက် စမိုဆောင်ကို သုတ်သင်၊ ဖိုးခွက် ဆေးကြောသုတ်သင်သော ကိစ္စတို့နှင့် အလုပ်ရှုတ်နေကြရ မည်ဆိုပါက၊ အတတ်ပညာ စသော မြတ်သော ဂုဏ်အင်္ဂါ များ ဘယ်တော့မှ မတိုးပွားနိုင်ရာ။ ကြည့်ပါ! ယုဗိဋ္ဌိရမင်း ၏ ယဇ်ပွဲ၌တွင် တလောကလုံးမှ မင်းများ ရသေ့ရဟန်းကြီး များ ကြွရောက်လျက်၊ စမိုးဆောင်မှာပင် စားသုံး ကြလေ သည်။ ခရစ်ယာန် မှုဆလင် စသော ဘာသာတူ,ဘာသာခြား များ၊ ပြန့်ပွားလာပြီးလျှင် အချင်းချင်း ခိုက်ရန် အတိုက်အခံ များ ဖြစ်လာပြီးနောက်၊ ၎င်းတို့သည် အရက်နှင့် အသား အသွေး စားရန် ဝန်ခံကြသော အချိန်ကာလ၌၊ အစားအစာ၌ အရှုတ်အထွေး ဖြစ်လာကြလေသည်။ ကြည့်ပါ! ကာဗုလ၊ ကန္ဒာရ၊ အီရန်၊ အမေရိကား၊ ဥရောပတိုက် စသော တိုင်းပြည် ရှင်ဘုရင်များ၏ သမီးတော်၊ ဂါန္ဓာရီ၊ မာဒြီ၊ ဥလောပီ စသည် တို့နှင့် အိန္ဒိယပြည်၏ မင်းများ လက်ဆက်ကြလေသည်။ သကု နိ စသူတို့ ကောရဗ ပဏ္ဍဝမင်း တို့နှင့်အတူ စားသောက်ကြ လေသည်။ ဘာမှ ဆန့်ကျင်ဘက် မပြုကြပေ။ အကြောင်း သော်ကား၊ ထိုစဉ်အခါက၊ တလောကလုံးတွင် ဝေဒဘာသာ

တပါးသော ထွန်းကားနေသောကြောင့်ပေတည်း၊ ထိုဘာသာကိုပင် လူသားအားလုံး ယုံကြည် လိုက်နာကြ လေသည်၊ တဦးသည် တဦး၏ သုခ ဝုဏ္ဏကို ကိုယ်ချင်းစာ တရားထားကြသောကြောင့် တလောကလုံး ချမ်းသာ မြဲကြလေသည်၊ ယခုအခါမူကား၊ ဘာသာဝါဒ အမျိုးမျိုး ထွန်းကားလာခြင်းကြောင့် အထူးဆင်းရဲခြင်း၊ မသင့်တင့်ခြင်းဖြစ်လာခဲ့လေပြီ၊ ဤမသင့်တင့်ခြင်းကို တားဆီး ဝိတ်ပင်ရန် ကိစ္စမှာ ပညာရှိတို့ တိုရွက်ပင်ဖြစ်သည်၊ မမှန်သောအယူဝါဒများ အမြစ်ပျက်စီး တိမ်ကောသွားအောင် ဘုရားသခင်သည်၊ အားလုံးသော လူဘို့၏ စိတ်တွင် မှန်သော အယူဝါဒ တည်းဟူသော အမြစ် (အတက်ကလေး)ကို မျိုးထောင်ပေးပါလော့၊ ဤအမှု၌ အားလုံးသော ပညာရှိတို့သည်၊ တွေးတော ဆင်ခြင်လျက်၊ မသင့်မြတ် မနာလိုသော သဘောတရားကို ပယ်ဖျောက်ခါ၊ ချမ်းသာသုခကို ဘိုးပွားအောင် အားထုတ်ရာသည်၊

ဤသည်ကား ဓုစရိုက် သုစရိုက်နှင့် စားအပ် မစားအပ်သော အကြောင်းအရာကို အနည်းငယ်မျှ ရေးသားပြဆိုခြင်း ဖြစ်သည်၊ ဤကျမ်း၌ရှေ့ (ပထမ) ပိုင်းသည်၊ ဤဆယ်ခုမြောက် အခန်းဖြင့် ပြီးဆုံးပါပြီ၊ ဤအခန်းတို့တွင် အယူဝါဒကို ပယ်ခြင်း ယူခြင်းကို မရေးခဲ့ခြင်းအကြောင်းရင်းမှာ၊ လူတို့သည် အမှားနှင့် အမှန်ကို စဉ်းစားဝေဘန် သိရှိနိုင်လောက်သော စွမ်းအား မရှိသေးသည်ရှေ့ ကာလပတ်လုံး ရှုပ်ရင်းသော သိမ်မွေ့နက်နဲသော ပယ်ချခြင်း၏ ရည်ရွယ်ချက်ကို မသိနိုင်ပေရာ၊ သို့ဖြစ်ပါသောကြောင့် ပထမအစ အားလုံးတို့အား၊ မှန်သော အဆုံးအမကြီးဝါဒကို ပေးပြီးနောက်မှ၊ နောက် (ဒုတိယ) လေးခန်းတို့၌၊ အထူးအားဖြင့် ပယ်ခြင်း – ယူခြင်းကို ရေးပေအံ့၊ ဤလေးခန်းတို့တွင်၊ ပထမအခန်း၌ ဆိန္ဓုသဘာသာဝါဒ၊ ဒုတိယအခန်း၌ ဂျိန်းဘာသာဝါဒ၊ တတိယအခန်း၌ ခရစ်ယာန်ဝါဒ၊ စတုတ္ထအခန်း၌ မိုဆလင်ဘာသာဝါဒတို့ကို ပယ်ခြင်း၊ ယူခြင်း အကြောင်းကို ရေးပေအံ့၊ ထို့နောက် တဆယ့်လေးခန်း အဆုံးတွင်၊ မိမိ၏ အယူဝါဒကိုလည်း ပြပေအံ့၊ ပယ်ခြင်း ယူခြင်း အထူးကို သိလိုသူတို့သည် ဤလေးခန်းတွင် ကြည့်ကြ

စေလိုသည်၊ ထိုသော် သာမန်အားဖြင့် အချို့အချို့ နေရာတွင် ဖြစ်ခဲ့သော ဆယ်ခဏ်းမှာလည်း အနည်းငယ် ပယ်ခြင်း ယူခြင်းကို ပြုခဲ့၏။ ဤထဆယ့် လေးခဏ်းကို၊ မျက်နှာမလိုက်ဘဲ၊ တရားသဖြင့် ကြည့်ရှုမှတ်သားသော သူတို့၏စိတ်၌ မှန်သော အလင်းရောင်ကို ရပြီးလျှင် ဝမ်းမြောက်ခြင်း ဖြစ်လာပေလိမ့်မည်။ ဆိုရှုမ္ဗခက်သော သဘောထားနှင့် ဖုထသာတရား ဖြင့် ကြည့်ရှုနားထောင်သော သူတို့သည်ကား ဤကျမ်းစာ၏ ဆိုလိုရင်း သဘောသွားကို၊ ခိုဝေဖျော်စွာ နားလည်ရန် အလွန်ခဲယဉ်း ပေရာသည်။ ထို့ကြောင့် ကောင်းမြတ်သော မနသိကာရဖြင့် မစဉ်းစားသော သူတို့ သည် ဤကျမ်း၏ ဆိုလိုရင်း သဘောကို မရရှိဘဲ၊ ရေတွင် နှစ်မွှမ်းငုပ်လျှိုး နေသလို ဖြစ်နေပေလိမ့်မည်။ ပညာရှိတို့ သဘောမှာ၊ အမှား – အမှန်ကို ဝေဘန်ဆုံးဖြတ်၍၊ အမှန်ကိုယူ၊ အမှားကို ပစ်ပယ်လျက်၊ အလွန် အားရ နှစ်သက်ခြင်း ဖြစ်ကုန်သည်။ ထိုကဲ့သို့သော ဂုဏ်ကျေးဇူးကို သိထတ် ယူတတ်သော ယောကျ်ားတို့သည်သာ၊ ပညာရှိဖြစ်၍ မေ့၊ အဏ္ဏ၊ ကာမ၊ မောက္ခတည်းဟူသော အကျိုးအာနိသင်ကို ရသည်ဖြစ်လျက်၊ ရွှင်လန်း ဝမ်းမြောက်ကြကုန်သည်။ ၁၀။

ဤသည်ကား သိရှိမဥ္စယာနန္ဒ သူရဿတီ အရှင်သည် စီရင်အပ်သော သဠ္ဌဏ္ဏပကာသကျမ်း၌ ကောင်းသော ဘာသာဖြင့် တန်းဆာဆင်အပ်သော ကောင်းသောအကျင့် မကောင်းသောအကျင့်၊ စားအပ်သောအစာ မစားအပ် သောအစာ ဆိုင်ရာ ဆယ်ရှမြောက် အခဏ်းက ပြသည့် အပြီးသို့ ရောက်သတည်း။ ၁၀။

ရွှေ့ခိုင်၊ ပြီးပါပြီ။

ကျမ်းပြုသရော၏ဝါဒ

အားလုံးသော လူ့ဘုံ၏ ဝါဒ, တနည်း နိုင်ငံတော်တခုလုံး၏ ဘာသာတရား၊ အကြွင်ဘာသာတရားကို အခါခပ်သိမ်း လူအားလုံးတို့ လိုက်နာကျင့်ကြံပြီး၊ ကျင့်ကြံဆဲ၊ ကျင့်ကြံလတ္တံ့ဖြစ်၏၊ ထိုတရားခမ္မ (ဝါဒ) ကို သနန္တနအစဉ် အဆက် ဆင်းသက်လာခဲ့သော နိစ္စဓုဝ မြဲသောဘာသာတရား ဟုခေါ်သည်။ ထိုဝါဒနှင့် ဆန့်ကျင်သူ တစုံတယောက်မျှမရှိရာ အကယ်တန္တိ အမြင်မှန်မရသူ တစုံတယောက် (ဝါ) ထိုးခြားဘာသာဝါဒ တခုခု၏ လှည့်စားခြင်းကြောင့်၊ အမှားဟု ထင်မြင်ယူဆခဲ့လျှင် ၎င်း၏ ယူဆချက်ကို မည်သည့်ပညာရှိ ပုဂ္ဂိုလ်ကမျှ၊ လက်ခံမည်မဟုတ်ချေ။ ထိုသော် အကျင့်တရားနှင့် ပြည့်စုံသူ၊ အမှန်ကို လိုက်နာသူ၊ အမှန်ကိုပြောတတ်သူ၊ အမှန်ကိုလုပ်တတ်သူ၊ ပရဟိတကို ဆောင်တတ်သူ၊ မျက်နှာမလိုက်တတ်သူ၊ ပညာရှိတို့က ယုံကြည်လိုက်နာသော ဘာသာဝါဒသာလျှင် လူခပ်သိမ်းတို့ လိုက်နာယုံကြည်အပ်၍ ပညာရှိတို့ မယုံကြည်မလိုက်နာသော ဘာသာဝါဒသည်ကား ယုတ္တိမရှိသော ဝါဒမွေတရားဖြစ်လေသည်။ ယခုအကြွင်ဝေဒစသော မှန်သောကျမ်းစာများနှင့် ဖြပဿကအစ ပြု၍ ဓဲဒိနိမုနိ (ကျွင်းမိနိမုနိ) အဆုံးရှိသော ရသေ့ကြီးများ ယုံကြည်အပ်သော ဣသရစသော အရာဝတ္ထုအားလုံးကို ကျွန်ုပ်ကိုယ်တိုင် လိုက်နာယုံကြည်သည့်အတိုင်း အားလုံးသောပညာရှင်တို့ ရှေးမှောက်၌ ထင်စွာပြပေအံ့။ ကျွန်ုပ်သည် ကာလသုံးပါး၌ လူအားလုံးတို့ တသမတ်တည်း လိုက်နာအပ် လိုက်နာထိုက်သော အရာကိုသာ လိုက်နာ ယုံကြည်အပ်သည်ဟု အယူရှိပါသည်။ ကျွန်ုပ်မှာ အသစ် အဆန်းဖြစ်သော အယူအဆ ဘာသာဝါဒ တစုံတရာကို ထည့်သွင်းရန် ရည်ရွယ်ချက် လုံးဝမရှိပါ။ ထိုသော် အမှန်တရားကို လိုက်နာခြင်း, လိုက်နာစေခြင်း၊ မမှန်သော တရားကို စွန့်ပယ်ခြင်း, စွန့်ပယ်စေခြင်းကိုသာ ကျွန်ုပ်လိုလားပါသည် အကယ်၍သာ ကျွန်ုပ်သည် မျက်နှာလိုက်တတ်သူ ဖြစ်ပါမူကား အိန္ဒိယရှိ ဘာသာဝါဒ ဂိုဏ်းဂဏ တခုခုကို လိုက်မည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ

နှင့် အခြားတိုင်းပြည်များ၌ မတရားသော အလေ့အလာ အကျင့်အာစာရ တို့ကို လိုက်နာ၍ တရားသော အလေ့အလာ အကျင့်အာစာရတို့ကို ပယ်စွန့်ခြင်းပြုလည်းမပြု ပြုလည်းမပြုလိုပါ။ အကြောင်းသော်ကား ဤသို့ ပြုခြင်းသည် လူ့ဝတ္တရားနှင့် ဆန့်ကျင်ဘက် ဖြစ်ပေသည်။ လူဆိုသည် မှာ၊ ဆင်ခြင်တုံတရားရှိသည် ဖြစ်၍ မိမိသို့ပင် အခြားသောသူတို့၏ ချမ်းသာဆင်းရဲ အကျိုးများ မများကို သိတတ်ပြီးလျှင် မတရားပြုတတ် သော စွမ်းအားရှိသူကိုလည်း မကြောက်ရ တရားရှိသော စွမ်းအားနည်း သူကိုလည်း ကြောက်ရွံ့ရာသည် ဤမျှသာမဟုတ်သေး အလွန်အား နည်း၍ ဂုဏ်မှကင်းသော သူတော်ကောင်းတို့အား စွမ်းအားရှိသရွေ့ စောင့်ရှောက်ကူညီခြင်း အကျိုးဖြစ်ထွန်းစေခြင်း မေတ္တာတရား ထားခြင်း ကိုပြုရာသည်။ မသူတော်သည် ဂုဏ်ပကာသန စွမ်းအားနှင့်ပြည့်စုံသော စကြဝတေးမင်းပင် ဖြစ်လင့်ကစား၊ ခုခံတိုက်ခိုက်ခြင်း၊ အကျိုးယုတ် စေခြင်း ရှုံ့မုန်းခြင်းကို အခါခပ်သိမ်း ပြုရာသည်။ တနည်းဆိုရသော် စွမ်းအားရှိသရွေ့ မသူတော်တို့ အင်အားကို ဆုတ်ယုတ်စေ၍ သူတော် သူမြတ်တို့၏ အင်အားကို တိုးပွားအောင် ပြုရာသည်။ ဤသို့ပြုရာ၌ အလွန် ကြီးလေးသော ဒုက္ခဆင်းရဲကို ခံစားရသည်ဖြစ်၍ အသက်ပင် သေသည် ဖြစ်စေ ဤလူ့ဝတ္တရားကို မည်သည့်အခါမှ မစွန့်ရာ။ ဤအခြင်းအရာနှင့် စပ်လျဉ်း၍ မဟာရာဇာ ဘတြိဟရိ စသော ပုဂ္ဂိုလ်များ စီရင်ခဲ့သော ဂါထာများကို ရေးသားပေါ်ပြပါအံ့။

နိန္ဒန္တု၊ နီတိနိပုဏာ, ယဒိဝါ သ္တုဝန္တု၊, လက္ခ္မီး သမာဝိ
ရှတု ဂစ္ဆတုဝါ ယထေဋ္ဌမ် အဒျဲဝ ဝါ မရဏမသ္တု၊ ယုဂါန္တ
ရေဝါ, နျာယျာတ္ပထး ပြဝိစလန္တိ ပဒံ နဓီရား။ ၁ ။ ဘတြိဟရိ။
နဇာတု ကာမာန္န ဘယာန္န လောဘာဒ် ဓမ် တျဇေဇ္ဇီဝိတသျာပိ
ဟေတော၊ ဓမ္မော နိတျး သုခဒုးခေ တွနိတျေ၊ ဇီဝေါ နိတျော
ဟေတုရသျ တွနိတျး။ ၂။ မဟာဘာရတေ၊ ကော ဝေ သုပြတိဋ္ဌမော်
နိခနေ ပျုရုယာတိယး၊ သရိရေန သခံနာသံ သဗ်မနျုဋ္ဌိ ဂန္တတိ။ ၃။

မနူး။ ။သးတချမေဝ ဓယာတော နှာဗြိတ် သတော့နဲ့ ပန္တျာ ဗိတးတော ဒေဝယာနုး၊ ယေနှာကြဗ်ံ ထတြိဳသယော ဟျာ ပ္တိကာမာ ယတြ ထဠ္ဌတူဘျု ပရမ်ံ နိုခါနမ်း၄။ နဟိ သတျ တွ ရော ဓမျော နှာဗြိတာ တွာတကာံ ပရမ်၊ နဟိ သတျာ တွဲ့ ညန် တသွာတ်သတျံ သမာစ ရေတ်။ ၅။ ဥ·နိ။

ဤပြဆိုအပ်သော ပုဂ္ဂိုလ်တို့၏ ဆိုလိုရင်း အဓိပ္ပါယ်အားလျော်စွာ လူအားလုံးတို့ စဉ်းစား ဆုံးဖြတ်တိုက်ပေသည်။ ယခုကျွန်ုပ်သည် မိမိယုံကြည် လိုက်နာသော အကြောင်းအရာတို့ကို အသီးသီး အကျဉ်း သင်္ခေပအားဖြင့် ပြဆိုပါမည်။ ထိုအရာတို့၏ အထူးဖွင့်ဆိုချက်တို့ကို ဆိုင်ရာအခန်းတို့တွင် ရေးသားခဲ့ပါပြီ၊ ၎င်းတို့တွင်—

၁ ပထမ "ဈာသရ" အကြင်ဈာသရ၏ ဖြပ္ဘ, ပရမာတ္တာ စသော အမည်နာမများဖြစ်ကုန်၏၊ သစ္စိဒါနန္ဒ စသော လက္ခဏာတို့ဖြင့် ယှဉ်၏၊ ဂုဏ်, ကမ္မ, သဘာဝတို့သည် ဖြူစင်ကုန်၏၊ အကြင် ဈာသရ (ဘုရား)သည်၊ သဗ္ဗညူ,နိရာကာရ (ပုံသဏ္ဌာန်မရှိ), သဗ္ဗဗျာပက=အားလုံး၌ ပြန့်နှံ့၍ တည်၏၊ အဇန္မာ=မွေးဖွားခြင်း ဇာတိတရားမှ ကင်း၏၊ အနန္တ=အဆုံးအစမရှိ၊ သဗ္ဗသတ္တိမာ= အားလုံးသော စွမ်းအားသတ္တိနှင့် ပြည့်စုံတော်မူ၏၊ သနာတန် ၏၊ တရားသဖြင့်ပြုမူ စီရင်တတ်၏၊ အားလုံးသော ကမ္ဘာလော ကကို ဖန်ဆင်းသူ ဆောင်ကြဉ်းသူ, ဖျက်သူဖြစ်၏၊ အားလုံး သော သတ္တဝါတို့ကို ကံအားလျော်စွာ မှန်သော နည်းနာဥပဒေ အားလျော်စွာ အကျိုးကို ပေးတတ်ခြင်း စသော လက္ခဏာတို့ ဖြင့် ပြည့်စုံတော်မူ၏ ထိုဘုရားကို ပရမိဿရ ဘုရားဟု ယုံကြည် ပါသည်။

၂ လေးပုံသော "ဝေဒ" (ဝိဇ္ဇာဓမ္မနှင့် ယှဉ်သော ဈာသရဘုရား စီရင်သော သံဟိတာမန္တန် အပိုင်း)ကို မဖေါက်မပြန် ပကာတိ

မှန်ကန်သော သာဓကဟု ယုံကြည်ပါသည်။ ထိုဝေဒ သံဟိတာတို့သည် ပင်ကိုယ်က မှန်ပြီးဖြစ်သောကြောင့် အခြားကျမ်းဂန် တစုံတရာ၏ ယုတ္တိသာဓက (ပမာဏ)ကို မလိုအပ်ပေ။ ဥပမာ– နေနှင့် မီးရောင်သည် မိမိ၏ ပကတိ သဘာဝကိုယ်တိုင်က လင်းစေသော သတ္တိရှိသည့်အလျောက် ပထဝီစသည်ကို လင်းစေဘိသကဲ့သို့ပင် ဝေဒလေးပုံ ဖြစ်ချေသည်။ ဗေဒင်လေးပုံ၏ ဖြာပွားသော ခြောက်ပါးသောအင်္ဂါ ခြောက်ပါးသောအင်္ဂါငယ် (ဥပါင်္ဂ), လေးပါးသော အနုဝေဒ (ဥပဝေဒ), ၁၁၂၇-ပါးသော ဝေဒကိုဏ်းများ၊ ဤသာခါ=ကိုဏ်းများ ကျမ်းစာများသည်ကား၊ မူလဝေဒကျမ်းများ၏ အဖွင့်အဖွဲ့ကထာများ အဖြစ်ဖြင့် ဖြာပွားစသော ရသေ့ကြီးတို့ စီရင်ခဲ့သော ကျမ်းများဖြစ်ကုန်၏။ ဝေဒတို့နှင့် ကိုက်ညီသောကြောင့် အမှန်ဟု ယူဆပါ၏။ ဝေဒနှင့် ဆန့်ကျင်သော စကားတို့ကိုမူ အမှားဟုယူဆပါသည်။

၃ ကိုယ့်ဘက် သူ့ဘက် ငဲ့ကွက်မျက်နှာ လိုက်ခြင်းမှ ကင်းခြင်း တရားမျှတခြင်း မှန်သောစကားကို ဆိုခြင်းစသော ထာဝရဘုရား၏ ဝေဒနှင့် မဆန့်ကျင်သော အမိန့်အာဏာတော်များကို "ဓမ္မ" တရားဟူ၍၎င်း၊ ငဲ့ကွက်မျက်နှာ လိုက်တတ်ခြင်း တရားမမျှတခြင်း မမှန်သောစကားကို ဆိုခြင်းစသော ဝေဒနှင့် ဆန့်ကျင်သော စကားတို့ကို "အဓမ္မ" မတရားဟူ၍၎င်း မှတ်သူယုံကြည်ပါသည်။

၄ အကြင် ဣစ္ဆာ၊ ဒေါသ၊ သုခ၊ ဒုက္ခ၊ ဉာဏ စသောဂုဏ်တို့နှင့် ယှဉ်သောနည်းသော အသိဉာဏ်ကိုပင် "ဇီဝ" အသက်ဝိညာဏ် (တိ)သတ္တဝါဟု အယူရှိပါသည်။

၅ ဇီဝနှင့် ဘုရားသခင်သည် သဘာဝချင်း မတူခြင်းဖြင့် ခြားနား၍ ပြန့်နှံ့အပ်သော အရာနှင့် ပြန့်နှံ့တတ်သော အရာသည်သဘာဝ ခြင်း တူခြင်းဖြင့် မခြားနား။ ထိုနည်းသော်ကား ဥပမာဆိုရ

လျှင်, အာကာသ ကောင်းကင်နှင့် ထင်ရှားရှိသော ဗဇ္ဇသည် ဘယ်တော့မှ မခြားနားဘူး၊ ယခုလည်း မခြားနား၊ နောင်ကိုလည်း ခြားနားလိမ့်မည် မဟုတ်ချေ၊ တခုထည်းလည်း မဖြစ်ဘူး၊ ယခုလည်း မဖြစ်၊ နောင်ကိုလည်း ဖြစ်မည် မဟုတ်ချေ၊ ဤနည်းအတိုင်းပင် ပရမိဿရဘုရားနှင့် ဇီဝ (အသက်ဝိညာဏ်ရှိသော သတ္တဝါကို ဖြန့်နှံ့အပ်သောသူ၊ ဖြန့်နှံ့ထက်သော ဆည်းကပ်အပ်, ဆည်းကပ်ထက်သောသူ, ဘခင်နှင့် သားစသော အဆက်အသွယ် ဟူ၍ ယုံကြည်ပါသည်။

၆ အစမရှိသော အရာကား သုံးပါးဖြစ်၍ ထပါးသည်ကား ဣဿရ၊ နှစ်ခုမြောက်ဇီဝ၊ သုံးခုမြောက် ပကတိချုပ်မာတ် (ဝါ) ကမ္ဘာ၏ အကြောင်းမူလဖြစ်သည်၊ ဤသုံးပါးကိုပင် နိစ္စဟူ၍လည်း ခေါ်၍ ၎င်း၏ ဂုဏ၊ ကမ္မ၊ သဘာဝတို့လည်း နိစ္စ (မြဲသည်) ဖြစ်၏။

၇ "အယဉ်ဖြင့် အစမရှိ"၊ ပေါင်းယှဉ်ခြင်းဖြင့် အကြောင်းဗဇ္ဇ၊ ဂုဏ၊ ကမ္မတို့သည် ဖြစ်ပေါ်လာ၏၊ ကွေကွင်းသွားပြီးနောက် ထိုဗဇ္ဇစသော တရားများ မရှိတော့ချေ၊ သို့သော် အကြောင်းအရာဖြင့် ပထမ ပေါင်းစပ်မိ၏၊ထိုသတ္တိသည် ထိုတရားတို့၌ အစမရှိ(အနာဒိ) ဖြစ်၏၊ ထိုသတ္တိဖြင့်ပင် နောက်ထပ်လည်း ပေါင်းယှဉ်ခြင်း ကွေကွင်းခြင်း ဖြစ်လိမ့်မည်၊ ဤတရားသုံးပါးကို ယှဉ်း (အယဉ်ဖြင့် အနာဒိ)ဟု ယုံကြည်ပါသည်။

၈ "ဖန်ဆင်းခြင်း" ဆိုသည်ကား အသီးသီးသော အရာဝတ္ထုတို့သည် နည်းလမ်းအတိုင်း ပေါင်းယှဉ်ထျက် ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်လာခြင်းကို ဆိုလိုပါသည်။

၉ "ကမ္ဘာကို ဖန်ဆင်းခြင်း၏ ပယောဇန ရည်ရွယ်ချက်ကား ဣဿရဘုရား၏ ဖန်ဆင်းနိုင်သော အရည်အချင်းဖြစ်သည့် ဂုဏ၊

ကမ္ဘ၊ သဘာဝတရားများ ရှိကျိုးနပ်ခြင်းဖြစ်၏။ ဥဒါဟာရုဏ်ကား၊ ထရုံထယောက်သည် အခြားသူ ထယောက်အား၊ မျက်စေ့ဟာ ဘာ့အတွက်လဲ ? ဟု မေးပြီးနှင့်၊ "ကြည့်ရန်" ဟု ဖြေပေလိမ့်မည်၊ ထိုနည်းတူစွာ ကမ္ဘာကို ဖန်ဆင်းနိုင်သော ဘုရားသခင်၏ စွမ်းအားသတ္တိ ရှိခြင်း အကျိုးသည်လည်း ဖန်ဆင်းခြင်းနှင့်ပင် တည်နေ၏၊ ထို့ပြင် သတ္တဝါတို့၏ ကံအားလျော်စွာ ခံစား စံစားခြင်းစသော ကိစ္စများလည်း ဖြစ်လေသည်။

၁၀ "ဖန်ဆင်းခြင်းနှင့် ပြုသူ=ကတ္တား" ရှိ၏၊ ကမ္ဘာလောကကို ဖန်ဆင်းသူသည် အထက်တွင် ဖြစ်ခဲ့သော ဘုရားသခင်သည် ပင်တည်း၊ အကြောင်းကား ဖန်ဆင်းပုံကို ကြည့်ခြင်းဖြင့်ဝင်း သက်မဲ့အရာဝတ္ထုတို့၌ မိမိအလိုအလျောက် နည်းလမ်းတကျ မျိုးစေ့စသော သရုပ်ဖြစ်ပေါ်လာနိုင်ရန် စွမ်းအားသတ္တိ မရှိခြင်းကို ကြည့်ခြင်းဖြင့်ဝင်း ပြုလုပ်ဖန်တီးပေးသူ မုချရှိ၏၊

၁၁ "ဗန္ဓ" သန္နိမိတ္တက တနည်း အဝိဇ္ဇာ တည်းဟူသော နိမိတ်ကြောင့် ဖြစ်၏။ ဘုရားသခင်မှ တပါး အခြား တရုံတရာကို ပူဇော်ဆည်းကပ်ခြင်း၊ အဝိဇ္ဇာစသော အားလုံးသော မကောင်းမှုတို့သည် မကောင်းကျိုးကို ပေးတတ်သော တရားများဖြစ်၍ မခံစားလိုသော်လည်း ခံစားရသောကြောင့် "ဗန္ဓ" ဟု ခေါ်လေသည်၊

၁၂ "မုတ္တိ" တနည်းသော်ကား အားလုံးသော ဒုက္ခဆင်းရဲတို့မှ ထွက်မြောက်၍ အနှောင်အဖွဲ့မှ ကင်းသည်ဖြစ်၍ အားလုံး၌ ပြန့်နှံ့၍တည်သော ဘုရားသခင်နှင့် ထိုဘုရား ဖန်ဆင်းထားအပ်သော ကမ္ဘာလောက အားလုံး၌ မိမိအလိုဆန္ဒအားလျော်စွာ လှည့်လည်နေရခြင်း၊ သတ်မှတ်အပ်သော ကာလအပိုင်းအခြား ကုန်ဆုံးသည်တိုင်အောင် ဝိမုတ္တိရသကို ခံစားပြီးနောက်, တဖန် သံသရာ (လူ့လောက) သို့ ပြန်လာခြင်းကို ဆိုလိုသည်။

၁၃ "ဝိမုတ္တိရရန် နည်းလမ်း" ဗုဒ္ဓဆရာဥပဒေသနာ တရားကို မှီသော် ဆည်းကပ်ခြင်း၊ တနည်း ယောဂအကျင့်ကို ကျင့်ခြင်း၊ တရားကို နှလုံးသွင်းခြင်း၊ ဖြူစင်စွာရှိအကျင့်ဖြင့် အတတ်ပညာကို ရယူခြင်း၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်း၊ မှန်သော အတတ်ပညာ၊ ကောင်းသောနှလုံးသွင်းခြင်း၊ တို့ ဝီရိယစသည် ဖြစ်ကုန်၏။

၁၄ "အတ္ထ" အကျိုးစီးပွား ဆိုသည်ကား၊ တရားသဖြင့် ရှာဖွေရရှိအပ်သော စီးပွားဖြစ်၏။ မတရားမှုဖြင့် ရအပ်သော စီးပွားကို "အနတ္ထ"ဟုခေါ်၏။

၁၅ "ကာမ"ဆိုသည်ကား တရားနှင့် ညီစွာစီးပွား ရယူအပ်သည်ကို ဆိုလို၏။

၁၆ "အမျိုးဇာတ်"ကို ဂုဏ်နှင့်ကံ (အလုပ်) အားလျော်စွာ ခွဲခြား ယူဆပါသည်။

၁၇ "ရာဇာ=မင်း" ဆိုသည်မှာ၊ ဖြူစင်မြင့်မြတ်သော ဂုဏ၊ ကမ္မ၊ သဘာဝဖြင့် ထင်လင်းသည်ဖြစ်၍ မျက်နှာမလိုက်ဘဲ နည်းမှန် လမ်းမှန်ကို လိုက်နာကျင့်ကြံခြင်း၊ တိုင်းနေပြည်သူတို့အား ဖခင် သဘွယ် ပြုမူဆက်ဆံခြင်း ၎င်းပြင် ပြည်သူတို့အား မိမိ၏ ရင်သွေးသဘွယ် မှတ်ယူလျက် ၎င်းတို့ချမ်းသာသုခနှင့် တိုးတက် ရေးကို အခါခပ်သိမ်း အားထုတ်ဆောင်ရွက်ရသည်။

၁၈ "ပဇာ=ပြည်သူလူထု" ဆိုသည်မှာ ပဝိတ္တမြင့်မြတ် ဖြူစင်သော ဂုဏ ကမ္မ သဘာဝကို ဆောင်သည်ဖြစ်၍ မျက်နှာ မလိုက်ဘဲ အမှန်တရား နည်းလမ်းကို ကျင့်ကြံ လိုက်နာခြင်းဖြင့် ပြည်ရှင်မင်း နှင့် ပြည်သူလူထုတို့၏ တိုးတက်ရေးကို လိုလားသည်ဖြစ်၍ မင်းကို မပုန်ကန်ဘဲ မင်းနှင့် သားဘိုးသဘွယ် ဆက်ဆံရသည်။

၁၉ "န္တာယကာရီ = တရားရှိသူ မှန်ရာကိုပြုတတ်သူ" ဆိုသည်မှာ ဆင်ခြင်တုံတရားဖြင့် အမှားကို ပယ်ကာ အမှန်ကို လက်ခံလျက် မတရားသူတို့ကို ပယ်ရှား၍ တရားသူတို့ကို တိုးပွားစေရာသည်။ ဝိမိကဲ့သို့ ကိုယ်ချင်းစာတရား ထားခါ လူအားလုံးတို့၏ ချမ်းသာ စီးပွားကို လိုလားရာသည်။

၂၀ "ဒေဝ=နတ်" ဆိုသည်မှာ ပညာရှိကိုခေါ်၍ ပညာမဲ့သူတို့ကို "အသူရာ" ပါပမကောင်းမှု ပြုတတ်သူကို "ရက္ခသဘီလူး" ထိုဖြင့် အနာစာရီ အကျင့်တရား မဲ့သူတို့ကို "ပိသာစ=မြေဘုတ် ကြွပ်ကောင်" ဟုခေါ်သည်။

၂၁ ဖြူအစ်သော ပညာရှိ၊ မိခင်၊ ဘခင်၊ ဆရာသမား၊ ဧည့်သည်၊ မှန်ရာ ကိုပြုတတ်သူ ဘုရင်မင်း၊ သူတော်ကောင်း ပတိဗတ္တာ လင့်ဝတ် နှင့် ပြည့်စုံသော မိန်းမများ လင်ကိုဆည်းကပ်ခြင်း တို့ကိုပင် "ဒေဝပူဇာ=နတ်ဘုရားကို ပူဇော်ခြင်း"ဟု ခေါ်သည်။ ၎င်းနှင့် ဆန့်ကျင်ဘက် ပူဇော် ဆည်းကပ်ခြင်းတို့ကို "အဒေဝပူဇာ" ခေါ်သည်။ ဖြူအစ်သော ပညာရှိ မိခင် ဘခင် စသော သူတို့၏ နာမ်-ရုပ် တို့ကို ပူဇော်အစ် ပူဇော်ထိုက်၍ ဤမှတပါး အခြားသော ကျောက်ဆင်းတု စသော သက်မဲ့ ရုပ်ထုဆင်းတုတို့ကို လုံးဝ မပူဇော်အစ်ဟု အယူရှိပါသည်။

၂၂ "ပညာ" ဆိုသည်ကား အတတ်ပညာ၊ ယဉ်ကျေးမှု၊အကျင့်တရား ရှိမှု၊ ဆုခြေတို့ကို စောင့်ထိန်းနိုင်မှု စသည် တိုးပွား၍ အဝိဇ္ဇာ စသော အဖြစ်ဒေါသများ ကင်းစင် သွားခြင်းကိုပင်"ပညာ အဆုံး အမ"ဟု ခေါ်သည်။

၂၃ "ပုရာဏ်ကျမ်း" ဖြူပတ္တာစသော ရသေ့ကြီးများ စီရင်ခဲ့သော ဖွေတာရေယ စသောဖြူပတ္တာ ကျမ်းများကိုသာ ပုရာဏ် ဆိုတိဟာ

သ=ရာဇဝင် ကပ္ပကျမ်း ဂါထာကျမ်း နာရာသံသိကျမ်းဟု အယူရှိ၍ အခြားသာဂဝတ စသော ကျမ်းတို့ကို မယုံကြည်ပါ။

၂၄ “ တိတ္ထ = ဘုရားဖူးရာ ဌာန ” ရေကူးသံသရာ ဝဲဩဃမှ ထွက်မြောက်စေတတ်သော အကြင်မှန်သော စကားကို ဆိုခြင်း အတတ်ပညာသင်ခြင်း၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း ယမစသော ယောဂ အကျင့်တို့ကို ကျင့်ခြင်း လုံ့လဝီရိယ ဗိန္ဒာဒါန=အတတ်ပညာကို သင်ပေးခြင်းစသော ကောင်းမြတ်သော အလုပ်တို့ကိုသာ ဘုရားဖူးရာဌာနဟု မှတ်ယူပါ၍ အခြားသော မြစ်ရေကုန်းမြေတို့ကို မယူပါ။

၂၅ “ဝိရိယသည် ကံထက်ကြီးမား၏”။ရှေးဆောင်းအခပ်သော ကံအကျိုးတရားသည် လုံ့လဝီရိယပြုမှ ဖြစ်ပေါ်ခံစားရသည်။ ဘယ်အရာမဆို လုံ့လဝီရိယ အားထျော်စွာ တိုးပွားဆုတ်ယုတ်ခြင်း ဖြစ်သောကြောင့် လုံ့လဝီရိယသည် နှုံးစာ=ကံထက် ပိုမိုကြီးမား၏။

၂၆ “လူ” ဟူသမျှသည် အားလုံးသူတို့နှင့် ကိုယ်ချင်းစာတရား ထားခါ ချမ်းသာ၊ ဆင်းရဲ၊ အကျိုးစီးပွား ဆုတ်ယုတ်ခြင်း တိုးတက်ခြင်းတို့၌ ဆက်ဆံခြင်းကို “သေဋ္ဌ=အမြတ်”ဟု ယူဆ၍ ၎င်းနှင့် ဆန့်ကျင်ဘက်ကိုကား “အယုတ်”ဟု ယူဆပါသည်။

၂၇ “ထုံးတမ်းစဉ်လာ အားထျော်စွာ တသက်တာတွင် လူတို့ပြုအပ်သော ဝတ္တရား” ဆိုသည်ကား၊ မွေးသည်မှ သေသည်အထိ ခေါင်းရိတ် နားထွင်းမင်္ဂလာစသော ၁၆-ပါးသော ဝတ္တရားတို့ဖြင့် ခန္ဓာကိုယ် စိတ်နှင့် အတ္တ (ဝိညာဏ်) ဖြူစင်မြင့်မြတ်စေတတ်သော အလုပ် ကိစ္စတို့ကိုသာ ပြုအပ်သော ဝတ္တရားဟု ယူဆပါ၍ မီးသင်္ဂြိုဟ်ပြီးသည့်နောက်သေလူအတွက်ဘာမှမပြုသင့်ထော့ချေ။

၂၈ “ယညယဇ်” ဆိုသည်မှာ၊ ပညာရှိများကို ဆည်းကပ်ရှိသေခြင်း၊ လက်မှုပညာ၊ အရာဝတ္ထု၊ ဆေးပင် သစ်ပင်တို့ကို ရသာယန

နည်းအားဖြင့် ပြုလုပ် အသုံးချတတ်သော ပညာ၊ နှုတ်မှုပညာ စာပေစသော မြင့်မြတ်သော အတတ်ပညာတို့ကို သင်ပေးခြင်း၊ လေ၊ ရေ၊ မိုးဃ်း၊ ဆေးပင် ဝါးပင်တို့ကို သန့်ရှင်း စင်ကြယ်စေ၍ အားလုံးသော သတ္တဝါတို့အား ချမ်းသာစေတတ်သော "အဂ္ဂိဟောတ = မီးပူဇော်ခြင်း" စသည်ကို မြတ်သော ယဇ်ဟု ယူဆပါသည်။

၂၉ "အရိယာ"သူတော်ကောင်း၊ "ဒဿျု"လူဆိုးဟု အယူရှိပါသည်။

၃၀ "အရိယဝတ္တ=ဒေသ"၊ အရိယတို့ တိုင်းပြည်ဟု ဇမ္ဗူဒိပ်ကို ခေါ်ခြင်းမှာ၊ ကမ္ဘာစ၍ ဖန်ဆင်းစဉ်က အစပြု၍ ဤတိုင်းပြည်တွင် အရိယတို့ နေထိုင်လာကြလေသည်။ သို့သော် နယ်နိမိတ် အကျယ်အဝန်းသည်ကား၊ မြောက်ဘက်၌ ဟိမဝန္တာတောင်၊ တောင်ဘက်၌ ဝိန်ချာစလ (ဝိန္ဓျာစလ) တောင်တန်း။ အနောက်ဘက်၌ အဇူကမြစ်၊ အရှေ့ဘက်၌ ဗြဟ္မပုတြမြစ် ဖြစ်သည်။ ဤလေးပါးသော နိမိတ်အတွင်းရှိ တိုင်းပြည်အားလုံးကို "အရိယဝတ္တ"ဟု ခေါ်သည်။ ဤတိုင်းပြည်၌ အမြဲနေသူတို့ကိုလည်း အရိယဟု ခေါ်သည်။

၃၁ "အာစရိယ = ဆရာ"။ ဝေဒကျမ်းကြီးကျမ်းငယ် အားလုံးကို သင်ပြသူ, ကောင်းသော အကျင့်ကို ယူစေ၍, မကောင်းသော အကျင့်ကို စွန့်ပယ်စေသော အရာကို, "အာစရိယ"ဟု ခေါ်သည်။

၃၂ "သိဿ=တပည့်"။ ဆိုသည်ကား၊ မှန်ကန်ကောင်းမြတ်သော အဆုံးမဩဝါဒနှင့် အတတ်ပညာကို သင်ယူနိုင်သော အရည်အချင်းရှိသည့် သူတော်ကောင်း၊ သင်ယူလိုသော စေတနာ သဒ္ဒါတရားရှိ၍ ဆရာကို ချစ်မြတ်နိုးသောသူကို တပည့်ဟု ခေါ်သည်။

၃၃ "ဂုရု" ဆိုသည်မှာ မိဘနှင့် အမှန်တရားကို ယူစေပြီးလျှင် အမှားကို စွန့်ပယ်စေတတ်သော သူတို့သည်လည်း ဂုရု = ဆရာပင် ဖြစ်ကုန်သည်။

၃၄ "ပုရောဟိတ်" ဆိုသည်ကား ပစ္စည်းလေးပါး တကာ တကာမ တို့အား အကျိုးတရားကို ဖြစ်စေတတ်သော အမှန်တရား ဥပဒေသကို ဟောပြောသူကို ခေါ်သည်။

၃၅ "ဥပဇ္ဈာယ်" ဆရာဆိုသည်မှာ၊ ဝေဒ တကျွမ်းတဖွဲ့ သို့မဟုတ် အင်္ဂါစုံ သင်ပြပေးသူ ဖြစ်သည်။

၃၆ "ယဉ်ကျေးမှု" ဆိုသည်မှာ၊ အကျင့်သီလ ဗြဟ္မစရိယဖြင့် အတတ်ပညာကို သင်ယူပြီးလျှင် ပစ္စက္ခ = မျက်မြင် သက်သေ သာဓကတို့ဖြင့် အမှားအမှန်ကို ဝေဘန်ဆုံးဖြတ်၍ အမှန်ကိုယူ၊ အမှားကို ပယ်ခြင်းသည်ပင် ယဉ်ကျေးမှု ဖြစ်သောကြောင့် ထိုယဉ်ကျေးမှုကို ကျင့်သုံးသူအား မြတ်သူ ယဉ်ကျေးသူဟု ခေါ်သည်။

၃၇ ပစ္စက္ခစသော ရှစ်ပါးသော "ပမာဏ=သာဓကယုတ္တိ"ကိုလည်း ယုံကြည်ပါသည်။

၃၈ "အာပ္တ = သူတော်ကောင်း = ရဟန္တာ" ဆိုသည်ကား၊ မှန်ကန် ကောင်းမြတ်သော စကားကို ဆိုတတ်သူ၊ တရားစောင့်သူ၊ လူ ခပ်သိမ်းတို့ ချမ်းသာရေးအတွက် အားထုတ်သူကို ခေါ်သည်။

၃၉ "ပရိက္ခာ=စမ်းသပ် စစ်ဆေးခြင်းကား" ငါးပါး အပြားရှိ၏၊ ပထမ — ဣသရထုရား၏ ဂုဏ၊ ကမ္မ၊ သဘာဝနှင့် ဝေဒပညာ၊ ဒုတိယ—ပစ္စက္ခစသော ရှစ်ပါးသော ပမာဏ၊ တတိယ—ဖန်ဆင်းပုံ အစီအစဉ်၊ စတုတ္ထ—သူတော်ကောင်းတို့၏ အပြုအမူ၊ ပဉ္စမ—မိမိအတ္တ = ဝိညာဏ်၏ စင်ကြယ်သော ပညာဉာဏ် စသော

စစ်ဆေးခြင်းတို့ဖြင့် စစ်ဆေးဝေဘန်၍ အမှားနှင့် အမှန်ကို ဆုံးဖြတ်ပြီးလျှင် အမှားကိုပယ်၍ အမှန်ကို လက်ခံရာသည်။

၄၀ "ပရောပကာရ=ပရဟိတ"သူတပါးအကျိုးကို ဆောင်ရွက်ခြင်း ဆိုသည်မှာ၊ လူခပ်သိမ်းတို့၏ ဒုစရိုက် ဒုရာစာရ ယုတ်သော အကျင့် တည်းဟူသော ဒုက္ခဆင်းရဲ ပျောက်၍ သုစရိုက်တည်းဟူ သော သဒ္ဓာစာရဖြင့် မြတ်သော အကျင့်နှင့် သုခချမ်းသာ ပွားတိုးအောင် ပြုခြင်းကို ဆိုလိုပါသည်။

၄၁ "လွတ်လပ်ခြင်း" "မလွတ်လပ်ခြင်း" သက်ရှိသတ္တဝါသည် မိမိ၏ အမှုကိစ္စကို ပြုလုပ်ရာ၌ လွတ်လပ်၍ ကောင်းကျိုး,မကောင်း ကျိုးကို ခံစားရာ၌ကား၊ ထာဝရဘုရား၏ အစီအရင်မှ မလွတ် လပ်သလိုပင်၊ ဈာသာရ ဘုရားသည် မိမိ၏ မှန်သော အကျင့် အာစာရ စသည်တို့ကို ကျင့်ကြံရာ၌ လွတ်လပ်သည်။

၄၂ "သဂ္ဂ=နတ်ပြည်"ဆိုသည်ကား၊ ထူးကဲသော ချမ်းသာစည်းစိမ် ကို ခံစားရခြင်းနှင့် ထိုစည်းစိမ် အသုံးအဆောင်တို့ကို ရရှိခြင်း ဖြစ်သည်။

၄၃ "နရက=ငရဲပြည်" ဆိုသည်ကား၊ ဆင်းရဲအထူးကို ခံစားရခြင်း နှင့် ဆင်းရဲအထူး၏ အသုံးအဆောင်တို့ကို ရရှိခြင်းပင် ဖြစ်သည်။

၄၄ "ဇာတိ = မွေးဖွားခြင်း" ဆိုသည်မှာ၊ ခန္ဓာကိုယ်ကို ဆောင်၍ ဖြစ်ပေါ်လာခြင်း ဖြစ်၍ ပုဗ္ဗ၊ ပရ၊ မဇ္ဈ၊ အပြားအားဖြင့် သုံးပါး လုံးကို ယုံကြည်ပါသည်။

၄၅ သရီရ၏သံယောဂ = ခန္ဓာကိုယ်နှင့် ပေါင်းယှဉ်ခြင်းကို "ဇာတိ" ခေါ်၍ ကွေကွင်းခြင်းကို "မစ္စု=သေခြင်း"ဟု ခေါ်သည်။

၄၆ "ဝိဝါဟ = မင်္ဂလာဆောင်ခြင်း" ဆိုသည်မှာ၊ ထုံးတမ်းနည်းနာ အား လျော်စွာ မိမိ၏ ဆန္ဒအတိုင်း ပါဏိဂဟဏ လက်ဆက်ခြင်း ကို ခေါ်သည်။

၄၇ "နိယောဂ=သားဆုပန်ခြင်း= သားဖေါက်ခြင်း" ဆိုသည်ကား၊ မင်္ဂလာဆောင်ပြီးနောက်၊ လင်သေသွားခြင်း စသော လင်နှင့် ကွဲကွာခြင်းတို့၌၎င်း၊ သို့မဟုတ် နပုံသက = ထိုင်သေခြင်း စသော ရောဂါကပ်ရောက်ရာ၌ မိန်းမသည်၎င်း၊ သားအနွယ် ရာယ် ဆိုက်ရောက်ရာ၌ ယောကျ်ားသည်၎င်း မိမိနှင့်ဇာတ်တူ သို့မဟုတ် ဇာတ်မြင့်သူ အခြားမိန်းမ ယောကျ်ားနှင့် သားဖေါက်ခြင်း ဖြစ်သည်။

၄၈ "ဠုတိ"ဘုရားဂုဏ်တော်ကို ရွတ်ဆိုနာယူခြင်းနှင့် ဉာဏ်အလင်း ကို ရခြင်းတို့၌ ပီတိတည်းဟူသော အကျိုးအာနိသင် စသည်တို့ ကို ရလေသည်။

၄၉ "ပဏ္ဏနာ = ဆုတောင်းခြင်း" ၊မိမိ၏ စွမ်းအားထက်ပို၍ ဘုရားနှင့် ပေါင်းဆုံခြင်းဖြင့် ရအပ်သော ပညာဉာဏ်အထူးကို ဘုရားထံမှ တောင်းခံခြင်း ဖြစ်၏။ ဤပဏ္ဏနာ၏ အကျိုးကား၊ မာန်မာန ယုတ်လျော့ခြင်း စသည်ဖြစ်၏။

၅၀ "ဥပါသနာ = ဆည်းကပ်ခြင်း" ဆိုသည်ကား၊ ဘုရား၏ ဂုဏ၊ ကမ္မ၊ သဘာဝသည် ပဝိတ္တဖြူစင်သလို၊ မိမိကိုလည်း ဖြူစင်အောင် ပြုခြင်း၊ ဘုရားသည် သဗ္ဗဗျာပက အားလုံး၌ ထွန်းလင်း (ပြန့်နှံ့) တတ်သူ ဖြစ်၏၊ မိမိသည် ပြန့်နှံ့အပ်သော (ဝါ)ဘုရား၏ တည်ရာ ဌာန ဖြစ်သည်ဟု ဆိသည်ဖြစ်၍၎င်း၊ ဘုရားသည် ငါ့အနီးတွင် ရှိ၍ ငါသည် ဘုရား၏ အနီးတွင် ရှိသည်ဟူသော ယောဂ အဘျာ သ အကျင့်စဉ်ဖြင့် ဘုရားကို မြင်လာ ထင်လာအောင် အားထုတ် ခြင်းကိုပင် ဆည်းကပ်ခြင်းဟု ခေါ်သည်။ ဤအကျိုးကား ဉာဏ် တိုးတက်ခြင်း စသည်တို့ ဖြစ်ကုန်၏။

၅၁ "သဂုဏနိဂုဏ ဠုတိ ပဏ္ဏနောပါသနာ = ဂုဏ်တော်နှင့် တကွ ဂုဏ်တော်မှ အပ၊ ဘုရားဂုဏ်တော်ကို ရွတ်ဆို ဆုတောင်း

ဆည်းကပ်ခြင်း'' ဆိုသည်မှာ၊ ဘုရား၌ ရှိသော ဂုဏ်တော်တို့နှင့် တကွ၊ ရှင်းပြင် မရှိသော ဂုဏ်တော်နှင့် တခြားစီ ယုံမှတ်၍၊ ဖွဲ့ဆို ချီးကျူးခြင်းကို သဂုဏနိဂုဏဥပတိ၊ ကောင်းမြတ်သော ဂုဏ်တော်တို့ကို ရယူလိုသော ဆန္ဒနှင့် အပြစ်ဒေါသတို့ကို ပယ်ဖျောက်စေခြင်း အလို့ငှါ ဘုရား၏ အကူအညီကို လိုလားခြင်းကို၊ သဂုဏ နိဂုဏ ပဏ္ဏနာ၊ အားလုံးသော ဂုဏ်တော်တို့နှင့် တကွ၊ အားလုံးသော အပြစ်ဒေါသမှ အပ၊ ဘုရားကို မှတ်ယူလျက် မိမိ၏ အတ္တဝိညာဏ်ကို ထိုဘုရားအား (ဝါ) ဘုရား၏ အာဏာတော်အား အပ်နှင်းခြင်း (လှူခြင်း) သည့်ပင် သဂုဏနိဂုဏ–ဥပါသနာဖြစ်၏။

ဤသည်ကား မိမိ (ကျမ်းပြုဆရာသာမိဒယာနန္ဒ)၏ ယုံကြည်ချက်ဝါဒကို ပြလိုက်ပါပြီ။ အကျယ်ကိုမူ ဤသတ္တဿပကာသကျမ်း၏ ဒုတိယအခဏ်းတွင်၎င်း၊ ရိဂွေဒါဒိ ဘာသျဘူမိကာ စသော ကျမ်းဂန်တို့၌လည်း ရေးထားပါလေပြီ။ တနည်းသော်ကား၊ လူခပ်သိမ်းတို့ မျက်မှောက်၌ လိုက်နာအပ်သော စကား (ဝါဒ)တို့ကို လိုက်နာပါ၏။ ဥဒါဟရဏ်ကား မှန်သောစကားကို ဆိုခြင်းသည် လူခပ်သိမ်းတို့ မျက်မှောက်၌ ကောင်းမြတ်၍ မုသားဆိုခြင်းသည်ကား မကောင်းမြတ်ဟူသော အယူဝါဒတို့ကို လိုက်နာဝန်ခံပါသည်။ ထို့ပြင်ဘာသာ ဝါဒဂိုဏ်းဂဏ အချင်းချင်း ဆန့်ကျင်ဘက် ငြင်းခုံဝိဝါဒဖြစ်ခြင်းကို ကျွန်ုပ်မနှစ်သက်ပါ။ အကြောင်းသော်ကား – ဤဘာသာဝါဒီတို့သည်ပင် မိမိ၏ဝါဒကို ဖြန့်ပြူးလျက် လူအပေါင်းတို့ကို ဆွဲဆောင်ပြီးလျှင် အချင်းချင်း ရန်သူဖြစ်အောင် လုပ်ထားလေသည်။ ဤနည်းလမ်းကို ပယ်လျက် အားလုံးသော အမှန်တရားကို ဖြန့်ပြူး၍ အားလုံးသော လူတို့အား ဝါဒတခုတည်း ဖြစ်စေ၍၊ မနာလို မုန်းတီးခြင်းကိုပယ်လျက် အချင်းချင်း ခိုင်မြဲသော ချစ်ကြည်ခြင်းကို ပြု၍ လူအပေါင်းတို့အား ချမ်းသာ စည်းစိမ်ရောက်စေ ရစေခြင်းသာ ကျွန်ုပ်၏ ဆိုလိုရင်းနှင့် အားထုတ်ခြင်း ဖြစ်ပါသည်။ အားလုံးသော

စွမ်းအားနှင့် ပြည့်စုံတော်မူသော မြတ်ဘုရား၏ ကရုဏာတော် အကူအညီနှင့် သူတော်ကောင်းတို့၏ ကိုယ်ချင်းစာ တရားဖြင့် "ဤအယူဝါဒသည် လောကတခုလုံးတွင် ဆောလျင်စွာ ပြန့်နှံ့ပါစေသား"။ ဤနည်းဖြင့် လူခပ်သိမ်းတို့သည် လွယ်လင့်တကူ သူတော်ကောင်း တရား အလို့ငှါ ကာမမောက္ခကို ပြီးပြည့်စုံစေလျက် အခါခပ်သိမ်း တိုးတက်ရှင်လန်း ဝမ်းမြောက်နိုင်သည် ဖြစ်ပါစေ။ ဤသည်ပင် ကျွန်ုပ်၏ ပဓာန ရည်သန်ချက် ဖြစ်ပါသည်။

အလမတိပိဋ္ဌကရေဏာ ဗုဒ္ဓိမစ္စယေျှသု။

ဥုံမ် သန္ဒော မိတြွဲး သံဝရုဏား၊ သန္ဒော ဘဝတွယျိမာ။ သန္ဒော ဣန္ဒြော ဗြိဟသ္ပတိး၊ သန္ဒော ဗိဿ္ဏု ရုရုကြမး။ နမော ဗြဟ္မဏော၊ နမသ္တေ ဝါယော၊ တွမေဝ ပြတျက္ခံ ဗြဟ္မာသိ၊ တွမေဝ ပြတျက္ခံ ဗြဟ္မာဝဒိဿာမိ၊ ရိတမဝဒိဿာမိ၊ သတျမဝဒိဿာမိ၊ တန္မာမာဝိတ်၊ တဒွက္တာရ မာဝိတ်၊ အာဝိန္မာမ်၊ အာဝိဒွက္တာရမ်၊ ဥုံမ် သာန္တိး သာန္တိး သာန္တိး။

ဤသည်ကား ဿိရိပရမ ဟံသပရိဗ္ဗာဇကာစရိယဖြစ်၍ ပညာဉာဏ်ကြီးမားသော ဿိရိပိရဇာနန္ဒ သရသွတီသာမိ၏ တပည့်ဖြစ်သော ဿိရိမဒ္ဒယာနန္ဒ သရသွတီသာမိသည် ရေးသားစီရင်အပ်သော မိမိ၏ယုံကြည်သော အယူဝါဒနှင့် တကွသော သာဓကယုတ္တိတို့နှင့် ပြည့်စုံသော ကောင်းသော ဘာသာဖြင့် တန်ဆာဆင်အပ်သော ဤ သစ္စတ္ထ ပကာသကျမ်းသည် ပြီးဆုံးခြင်းသို့ ရောက်သတည်း။